http://www.linhtet.com



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

**နိုင်ငံရေး ဦးတည်ချက် ၄ ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် ၄ ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် ၄ ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

http://www.linhtet.com

## **အဏ္ဏဝါစိုးမိုး** ၏ ထွက်ပြီးစာအုပ်များ

၁။ ပန်းပန်မှ နန်းဆန်တော့သည်
၂။ ပျားတစ်စက်
၃။ အဏ္ဏဝါစိုးမိုး ဝတ္ထုတိုများ
၄။ ဒုက္ခရသ ဝတ္ထုတိုများ
၅။ ချစ်ခရီးက ရှည်နေဦးမည်
၆။ နှုတ်ဆက်ခဲ့ပါတယ် စင်ကာပူ
၇။ ဟီးဟီးဟားဟား မော်တော်ကား
၈။ ခရီးဆောင် ဟာသများ
၉။ တို့ရွာက မဏိစန္ဒာ
၁၀။ မဖြူတုတ်တို့အကြောင်း
၁၁။ အဏ္ဏဝါခရီးသည်

ပင်လယ်ပျော်ကြီး

http://www.linhtet.com

အဏ္ဏဝါစာပေ
အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊
(၁၆/၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၇၈၆၆၀၊ ၀၉၅၁-၆၆၄၁၂

http://www.linhtet.com


ပုံနှိပ်မှတ်တမ်း

◆ **ပင်လယ်ပျော်ကြီး**
◆ **အဏ္ဏဝါစိုးမိုး**

စာမူခွင့်ပြုချက် ◆ ၄၀၁ ၅၈၄ ၀၆ ၁၂
မျက်နှာဖုံးခွင့်ပြုချက် ◆ ၄၀၀ ၀၃၈ ၀၁ ၀၇
အကြိမ် ◆ ပထမအကြိမ်
မတ် ၂၀၀၇ ခုနှစ်၊
အုပ်ရေ ◆ ၅၀၀
တန်ဖိုး ◆ ၄၅၀၀ ကျပ်

မျက်နှာဖုံး ပန်းချီ ဒီဇိုင်း ◆ James
ကွန်ပျူတာစာစီ၊ စာမျက်နှာဖွဲ့ ◆ ***KZ*AW** DTP
ဖလင် ◆ **AZ**
စာအုပ်ချုပ် ◆ ကိုမြင့်

ထုတ်ဝေသူ ◆ ဦးစိုးမြင့် (အဏ္ဏဝါစာပေ)
အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း
၁၆/၃ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်သူ ◆ ဦးကျော်ဌေး၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်
၄၆၇၊ အင်းတော်လမ်း၊ ၆၄ ရပ်ကွက်၊
စက်မှုဇုန်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့။

http://www.linhtet.com

အဏ္ဏဝါစိုးမိုး

# ပင်လယ်ပျော်ကြီး

[ သင်္ဘောသားလုပ်သက် ၁၈ နှစ် အတွေ့အကြုံများ ]

အဏ္ဏဝါစာပေ
အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊
(၁၆/၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၇၈၆၆၀၊ ၀၉၅၁-၆၆၄၁၂

http://www.linhtet.com

www.linhtet.com

# မာတိကာ


စာရေးသူ၏ အမှာစာ ... ၁၇

## ၁။ မောင်ကြီးမပြန်နိုင်

ကုက္ကလောင်တောင်ကိုလှည့်ခါမှ ... ၂၁
တောက္ကျွမ်းသည့်မုဆိုးမှမာ စင်ကာပူမှာ ... ၂၃
ရှီးယားရုံးအောက်က လက်ဖက်ရည်ဆိုင် ... ၂၆
မီးစာလည်းကျွမ်း ဆီလည်းခန်းနေသည့် မစ္စတာအန်း ... ၂၉
သားလိုက်မုဆိုး တောကိုတိုးသို့ ... ၃၃

## ၂။ စင်ကာပူကထွက်စေ

မုန်းရစ်လေဦး စင်ကာပူ ... ၅၀
ထွက်တော်မူနန်းကခွာတယ် ... ၅၁
အဏ္ဏဝါခရီးသည်ကြီး၏ ကုန်းလမ်းခရီး ... ၅၄
ဝန်ပိုင်ငှက်ကြီးနှင့် တင်ကျီးငှက်မ ... ၅၇
ပြန်မပြောချင်သည့် သံယောဇဉ်အကြောင်း ... ၆၄

http://www.linhtet.com



ခုတင်ကိုထောင် စောင်ကိုကာပါလို့ ... ၇၀
တောပြောင်းလာသည့် ကျားနှစ်ကောင် ... ၇၄

## ၃။ ဟတ်ကျိုင်မှ စင်ကာပူသို့

ပြည်တော်ဝင် ဆင်တော်ကအသင့် ... ၈၃
ဂွတ်ဘိုင်ဟတ်ကျိုင် ... ၈၆
ပြောင်းပြန်စီးသည့် လေယာဉ်ခရီး ... ၈၉
စင်ကာပူလောက်တော့ ရယ်တာပေါ့ ... ၉၂
သဘောကောင်းသည့် မိတ်ဟောင်းဆွေဟောင်းများ ... ၉၅
မြန်မာ့ရေနံအရာရှိအသုဘ ... ၉၈
ကုမ္ပဏီမန်နေဂျာ ကိုအဏ္ဏဝါ ... ၁၀၁

## ၄။ တိုမိုကုမ္ပဏီ၏သင်္ဘောသား ကိုအဏ္ဏဝါ

စင်ကာပူမှ အိုဆာကာသို့ ... ၁၀၇
သတိလစ်ပြီးလဲကျသော ကပ္ပိတန် ... ၁၁၀
ဂျပန်မှ တရုတ်(တိုင်ပေ)သို့ ... ၁၁၅
တရုတ်(တိုင်ပေ)မှ စင်ကာပူသို့ ... ၁၂၀
စင်ကာပူမှ ဘုံဘေသို့ ... ၁၂၃
ဘုံဘေက မိုင်ပေါင်းကုဋေ ... ၁၂၇
တိုမို(၇၅)က အပြောင်းအလဲများ ... ၁၃၀

## ၅။ ကြုံရဆုံရ တိုမိုသင်္ဘောသားဘဝ

ဘုံဘေမှ စင်ကာပူသို့ ... ၁၃၈
ကပ္ပိတန်ဦးနီ ရောက်လာခြင်း ... ၁၄၀
အလုပ်နှင့်ပတ်သက်ပြီး ကြီးမားသောသင်ခန်းစာ ... ၁၄၂

http://www.linhtet.com



ကိုယ့်ဘက်မှာရှိနေသေးတဲ့ကံတရား ... ၁၄၅
သံဖြူဇရပ်ဒေါသနှင့် ဟီရိုရှီးမားမျက်ရည် ... ၁၄၈
အိုကာမိုတိုမှ ဦးနီးသို့ ... ၁၅၉
မြန်မာနိုင်ငံက သတင်းဆိုး ... ၁၆၂

## ၆။ ဆရာများတဲ့ ကိုအဏ္ဏဝါ

ဘုံဘေမြို့က ဆင်ဂူ ... ၁၆၅
ကပ္ပိတန်ဦးနီးမှ ဦးသိန်းဇံသို့ ... ၁၇၀
ဂျပန်မှ ပါကစ္စတန်သို့ ... ၁၇၃
စိတ်တိုသော ဆရာနှင့် ကိုအဏ္ဏဝါ ... ၁၇၆
ကိုအဏ္ဏဝါ၏ ဆရာရဲ့ နောက်ဆုံးနေ့များ ... ၁၈၀
ကံမကောင်းသည့် ဆရာ ... ၁၈၂
အလုပ်ပြုတ်သွားသည့် ကပ္ပိတန် ... ၁၈၆

## ၇။ တိုမိုမှာ ကိုအဏ္ဏဝါ၏ နောက်ဆုံးနေ့များ

ကိုအဏ္ဏဝါ၏ ဆင္ဂမပြောက်ဆရာ ... ၁၉၃
မြေပြင်မှာ ခြေတင်ခွင့်မရသည့် တိုင်းပြည် ... ၁၉၇
ထမင်းမစားရသည့် သင်္ဘောသားဘဝ ... ၁၉၈
အီရန်နှင့်အီရတ် စစ်ပွဲကြားက သင်္ဘောသား ... ၂၀၀
ဂျက်တိုက်လေယာဉ်တောင်ပံအောက်က ကုန်တင်သင်္ဘောများ ... ၂၀၃
ခြောက်လအတွင်း မြေမနင်းရသော သင်္ဘောသားများ ... ၂၀၅

## ၈။ နှုတ်ဆက်ခဲ့ပါတယ် တိုမို

တိုမို(၈၅) လူ အပြောင်းအလဲများ ... ၂၀၇
ရက်ပေါင်း ကိုးဆယ်သာ လိုတော့သည် ... ၂၀၉
ရက်ပေါင်း ခြောက်ဆယ်သာ လိုတော့သည် ... ၂၁၀

http://www.linhtet.com



ရက်ပေါင်း သုံးဆယ်သာ လိုတော့သည် ... ၂၁၂
တိုမိုကုမ္ပဏီက ကိုအဏ္ဏဝါကို အဝါကတ်ပြခြင်း ... ၂၁၅
ကိုအဏ္ဏဝါ အလုပ်ပြုတ်ခြင်း ... ၂၁၉
အပြန်လမ်းမှာ ပန်းခဲ့သည် ... ၂၂၀

## ၉။ ဂရိလိုင်း သင်္ဘောသားကြီး ကိုအဏ္ဏဝါ

အိမ်ပိုင်ရာပိုင် ဖြစ်လာသည့် ကိုအဏ္ဏဝါ ... ၂၃၁
တိုမိုကပြန်ခေါ် နီး မျှော်ကိုးမိဖြစ်အင် ... ၂၃၃
ကြောင်အိုပမာ ကြွက်ကိုရှာသည့် ကိုအဏ္ဏဝါ ... ၂၃၇
ပိုသီးတိုးစ် သင်္ဘောသားကြီး ကိုအဏ္ဏဝါ ... ၂၄၂
MV. EVPO KETTY အတွက် ခရီးထွက်ခြင်း ... ၂၄၆
ခေါင်းဆောင်မဟုတ်သည့် အကြီးအကဲ ကိုအဏ္ဏဝါ ... ၂၄၈
ပြင်သစ်နိုင်ငံ၏ အကျဉ်းသားများ ... ၂၅၂

## ၁၀။ MV. EVPO KETTY

အထွေထွေကုန်တင်သင်္ဘောကြီး အက်ပိုကေတီ ... ၂၅၇
တစ်လေ့တည်း စီးပြီး တစ်ခရီးတည်း သွားသူများ ... ၂၆၁
သင်္ဘောကြီးဖြင့် အဏ္ဏဝါခရီး စပြီ ... ၂၆၅
ပျောက်သောသူတွေနှင့် ပြန်တွေ့ခြင်း ... ၂၆၆
နော်မစ်ဒီကမ်းခြေက အရှည်ဆုံးနေ့များ ... ၂၇၂
ပြင်သစ်မှ မော်ရိကိုသို့ ... ၂၇၆
ထိပ်တန်းလူျိဝှက်ကြေးနန်းတစ်စောင် ... ၂၇၉

## ၁၁။ ဂရိလိုင်းအရသာများ

ဆီးရီးယားနိုင်ငံက ခရစ္စမတ်နေ့ ... ၂၈၃
ဟက်ပီးနယူးယီးယား ဆီးရီးယား ... ၂၈၈

အဏ္ဏဝါစာပေ

http://www.linhtet.com



တွေ့ကြဆုံကြ ခွဲခွာကြသည် ... ၂၉၁
လူသစ်တွေနှင့်ထွက်ခွာသည့် တောင်အမေရိကခရီး ... ၂၉၃
ဥရုဂွေးမှာ ပျော်စရာ ... ၂၉၇
ပျော်လိုက်ကြတာ မွန်တီဗီဒီယိုမှာ ... ၃၀၂
ဥရုဂွေးမှ အာဂျင်တီးနားသို့ ... ၃၀၉
ရီဆားရီးရိုးမှ ပြူနိုအေရီမြို့ကြီးသို့ ... ၃၁၄
အစွကိုအကနှင့် မြန်မာ့ကြေးစည်သံ ... ၃၁၉

## ၁၂။ အမေရိကတစ်ခွင် ခရီးနှင်ပြီ

အာဂျင်တီးနားမှ ကျူးဘားသို့ ... ၃၃၅
ဦးမောင်ဟန် ကျူးဘားမှာ ကျန်နေခဲ့ခြင်း ... ၃၃၈
ကျူးဘားမှ အမေရိကန်သို့ ... ၃၄၃
အမေရိကန်မှ ဒိုမီနီကန် ကျွန်းနိုင်ငံသို့ ... ၃၄၈
ဒိုမီနီကန်မှာ ရက်တွေကြာသော် ... ၃၅၉
ဒိုမီနီကန်မှ အမေရိကန် နယူးအော်လင်းသို့ ... ၃၆၇
ပြင်သစ်ရပ်ကွက်ထဲက ဗာဗောင်းလမ်းမကြီး ... ၃၇၀
အမေရိကန်မှ ဗင်နီဇွဲလားသို့ ... ၃၇၈
ဗင်နီဇွဲလားမှာ ရက်တွေကြာ ... ၃၈၀
ဗင်နီဇွဲလားမှ အမေရိကန်သို့ ... ၃၈၆
အမေရိကန်မှ ချီလီနိုင်ငံသို့ ... ၃၉၀
ပနားမားတူးမြောင်း ... ၃၉၃
သင်္ဘောကြီးတွေကို တောင်ပေါ်တက်ခိုင်းသော တူးမြောင်း ... ၃၉၆

## ၁၃။ ပိုသီးတိုးကုမ္ပဏီကို နှုတ်ဆက်နေသောနေ့ရက်များ

ပျာယာခတ်သွားသော ကပ္ပိတန် ... ၄၀၁
သင်္ဘောသားဘိုနီ၏ ပြုတ်စော်နံသောနေ့များ ... ၄၀၅

အဏ္ဏဝါစာပေ

http://www.linhtet.com



ချီလီမှ ကိုစတာရီကာသို့ ... ၄၀၉
ဘိုနီ အလုပ်ပြုတ်ခြင်း ... ၄၁၅
ကိုလံဘီယာနိုင်ငံမှာ ပျော်စရာ ... ၄၂၇
ကိုလံဘီယာမှ ဘာလ်တီမိုးသို့ ... ၄၃၅
ဝါရှင်တန်ဒီစီရောက် သင်္ဘောသား ကိုအဏ္ဏဝါ ... ၄၄၂
ကိုအဏ္ဏဝါ ရွာပြန်တော့မည် ... ၄၅၁

## ၁၄။ ကိုအဏ္ဏဝါ ရွာပြန်ပြီ

ပြုတ်စော်နံသော ကပ္ပီတန် ... ၄၅၇
သင်္ဘောပေါ်က အရာရှိရွေးပွဲ ... ၄၆၁
ကနေဒါမှ အယ်လ်ဂျီးရီးယားသို့ ... ၄၆၃
ကပ္ပီတန် အလုပ်ပြုတ်သွားခြင်း ... ၄၆၅
ရွာအပြန် ဟန်မကျဖြစ်ရသည် ... ၄၆၉
အင်္ဂလိပ်လိုရေးသည့် ရည်းစားစာ ... ၄၇၂
လူအကြောင်း မပေါင်းတော့မှသိ ... ၄၇၇
ကိုအဏ္ဏဝါ အိမ်ကို ပြန်ရောက်ပြီ ... ၄၈၄

## ၁၅။ အမောမပြယ်သည့် အဏ္ဏဝါခရီးသည်

အဖေ့သွေးများသော အဏ္ဏဝါမိသားစု ... ၄၉၃
အလုပ်တွေ ရှုပ်ပွေများပုံက ... ၄၉၅
ဇနီးမယားနှင့် သမီးသား ထားခဲ့ပြီးထွက်စေ ... ၄၉၇
ရန်ကုန်/ဘန်ကောက်/ဒက္ကာ/ဘုံဘေ/အေသင် ... ၅၀၄

## ၁၆။ ဒုတိယမ္ပိဂရိသင်္ဘောသား ကိုအဏ္ဏဝါ

နဟာရွှန်းကုမ္ပဏီ ... ၅၁၁
အက္ခရိုပိုလစ်တောင်ပေါ်က ပါသီနွန် နတ်ဘုရားကျောင်း ... ၅၁၅

http://www.linhtet.com



MV. SESHORSE/ELFK9 ... ၅၂၃
ဂရိနိုင်ငံမှ ဂါနာနိုင်ငံသို့ ... ၅၂၈
ဂါနာမှာ ကိုအဏ္ဏဝါ နားရင်းအုပ်ခံရခြင်း ... ၅၃၃
ရယကရုံးရောက် ကိုအဏ္ဏဝါ ... ၅၄၃

## ၁၇။ ရေမြင်းပေါ်က တိုက်ပွဲအစ

ဂါနာမှ ဗိုင်ယာသို့ ... ၅၄၉
ပျော်စရာလေး စတိုးဝေး ... ၅၅၁
အရှည်ကြီးနှင့် ပိုက်ပူတို့၏ အပြန်ခရီး ... ၅၅၆
ဗိုင်ယာမှ တိုဂိုသို့ ... ၅၆၀
တိုဂိုမှ ပြင်သစ်သို့ ... ၅၆၃
နွားကွဲကျားဆွဲ ဖြစ်ရခြင်း ... ၅၆၅
ပြင်သစ်မှ အမေရိကန်သို့ ... ၅၆၇

## ၁၈။ သူပုန်မထမီနေ့ရက်များ

ဘယ်ဆီကိုမှန်း လမ်းဘယ်မမြင် ... ၅၇၇
နယူးဖောင်လန်မှ နယူးအော်လင်သို့ ... ၅၈၁
အမေရိကန်မှ မော်ရိုကိုသို့ ... ၅၈၃
မော်ရိုကိုက မြေမျိုသွားသောမြို့ ... ၅၈၉
မော်ရိုကိုမှ ပြင်သစ်သို့ ... ၅၉၇
ပြင်သစ်မှ အာဖရိကတိုက်သို့ ... ၆၀၅

## ၁၉။ သူပုန်ထကြပြီ

အိုင်ဗရီကိုစ်ဆိုသော အာဖရိကနိုင်ငံ ... ၆၁၂
ဝိတိုရိယပြောပြသည့် အဖြူအမည်းဇာတ်လမ်း ... ၆၁၃
အိုင်ဗရီကိုစ်မှ ကွန်ဂိုသို့ ... ၆၁၉

http://www.linhtet.com



ကွန်ဂိုမှ ပြင်သစ်သို့ ... ၆၂၃
သင်္ဘောပေါ်က တိုက်ပွဲ ... ၆၂၇
သူပုန်ထကြခြင်း ... ၆၃၃

## ၂၀။ မုန်တိုင်းစဲသော နေ့ရက်များ

ဓားကိုဆွဲလို့ ရှေ့ကတက်ခဲ့သည် ... ၆၄၃
ဖျာလိပ်သွားရသော ဆရာနှင့်တပည့် ... ၆၄၅
သူပုန်ခေါင်းဆောင်ရွေးပွဲ ... ၆၅၄
သူရဲကောင်းအိမ်အပြန် ဘယ်လ်ဂျီယံ ... ၆၅၉
ဥရောပမှ အာရှသို့ ... ၆၆၅
ဘယ်လ်ဂျီယံမှ မလေးရှားသို့ ... ၆၆၈

## ၂၁။ ကမ္ဘာပတ်သည့် အဏ္ဏဝါခရီးသည်

မလေးရှားမှာ ရောက်နေသည့်ရွှေများ ... ၆၈၁
လူသစ်နှင့် လူဟောင်း အပြောင်းအလဲ ... ၆၈၆
စင်ကာပူမှ ဟောင်ကောင်သို့ ... ၆၈၉
ဟောင်ကောင်မှ ကနေဒါသို့ ... ၆၉၂
ကနေဒါမှ ပင်နီဇွဲလားသို့ ... ၆၉၅
ပင်နီဇွဲလားနိုင်ငံမှာ ပြဿနာ ... ၇၀၃
ပင်နီဇွဲလားမှ ကိုရာဆောင်းကျွန်းသို့ ... ၇၁၁
ကိုရာဆောင်းဆိုသော ကျွန်းကလေး ... ၇၁၃

## ၂၂။ မမေ့နိုင်သည့် အတွေ့အကြုံ

ကိုရာဆောင်းမှ ကျူးဘားသို့ ... ၇၁၉
ကျူးဘားနိုင်ငံမှာ ပြဿနာ ... ၇၂၁
ကျူးဘားနိုင်ငံက သကြားအညီပြဿနာ ... ၇၂၂

http://www.linhtet.com




ကိုအဏ္ဏဝါ၏ ရဲဘော်စိတ် ... ၇၂၅
ဟာဖားနားမှာ ဆီရေရိုက္ခာဝယ်ခြင်း ... ၇၃၁
သင်္ဘောအောက်က ကြောက်စရာအသံကြီး ... ၇၃၂
ညံ့တော်ကြီး အဏ္ဏဝါ ... ၇၃၄


## ၂၃။ ပြည်တွင်း အရေးအခင်းနှင့် ပြည်ပက သပိတ်


တရုတ်ပြည်မှာ ရက်တွေကြာ ... ၇၄၃
မဟာတံတိုင်းကြီးပေါ်က မြင်ရသော မြန်မာပြည် ... ၇၄၆
အင်္ဂလိပ်လို ရေးထားသော မြန်မာရာဇဝင် ... ၇၅၂
ရာဇဝင်အပေါ် တုံ့ပြန်ချက် ... ၇၅၄
တရုတ်ပြည်မှ ဂျပန်သို့ ... ၇၅၆


## ၂၄။ ကိုအဏ္ဏဝါတို့ ရွာပြန်ပြီ


တရုတ်ပြည်သင်္ဘောသားများလက်သို့ လွှဲပြောင်းပေးခြင်း ... ၇၅၉
တိုကျိုယားမားမှ ဖူကူယိုးကားသို့ ... ၇၆၁
ကိုအဏ္ဏဝါ၏ ကျန်းမာရေးနှင့် အဝေးပြေးကား ... ၇၆၂
ခွဲခွာနှုတ်ဆက် လွမ်းရေးခက်သည် ... ၇၆၆
ဖူကူယိုးကား၊ တိုကျို၊ မနီလာ ... ၇၆၈


## ၂၅။ ခေတ္တနားမည် အဏ္ဏဝါခရီးသည်


မနီလာ၊ ဘန်ကောက်၊ ရန်ကုန် ... ၇၇၃
ကိုအဏ္ဏဝါ ရွာပြန်ရောက်ပြီ ... ၇၇၇
အဏ္ဏဝါခရီး မပြီးဆုံးသေးပါ ... ၇၈၀


❐

www.linhtet.com

# စာရေးသူ၏ အမှာစာ

၂၀၀၄ ခုနှစ်မှာ 'အဏ္ဏဝါခရီးသည်' စာအုပ်ကို ရေးစဉ်က အဏ္ဏဝါခရီးသည် (ပ) (ဒု) (တ) စသည်ဖြင့် ငါးအုပ်ခန့် ရေးရန် ရည်ရွယ်ခဲ့ပါသည်။ ကျွန်တော်၏ သင်္ဘောသားလုပ်သက် ၁၈ နှစ် အတွင်းမှာ သင်္ဘောကုမ္ပဏီ ခုနစ်ခု၊ သင်္ဘော ၁၃ စီးတွင် အမှုထမ်းရင်း နိုင်ငံပေါင်း ၆၅ နိုင်ငံကို ရောက်ဖူးခဲ့သည်။ ဆိပ်ကမ်းမြို့ကြီးပေါင်း ၁၀၀ ကျော်ကို ရောက်ဖူးခဲ့သည်။ ဤမျှ ရှည်လျား များပြားသော အတွေ့အကြုံတွေကို မခြွင်းမချန် စဉ်ဆက်မပြတ် ရေးမည်ဆိုလျှင် နှစ်လက်မခန့် ထူသော ဆယ်ချီးဆိုက် စာအုပ်ကြီး ငါးအုပ်လောက် ရေးမှ ပြီးပြည့်စုံမည်ဖြစ်သည်။

၂၀၀၅ ခုနှစ်မှာ ထွက်လာသော 'အဏ္ဏဝါခရီးသည်' စာအုပ်သည် ကျွန်တော်၏ သင်္ဘောသား လုပ်သက် ၁၈ နှစ်နှင့် အမှုထမ်းခဲ့သည့် သင်္ဘော ၁၃ စီး ထဲက အမှုထမ်းသက် တစ်နှစ်ကျော်နှင့် သင်္ဘော တစ်စီးမျှသာ ရှိပါသေးသည်။

ကျန်သည့် နှစ်တွေနှင့် သင်္ဘောတွေဖြင့် ကမ္ဘာပတ်ခဲ့သည့် အကြောင်းတွေကို ဆက်လက် ရေးသားရမည်ဖြစ်ရာ စာဖတ်သူတွေ အတွက် စဉ်းစားရတော့သည်။ 'အဏ္ဏဝါခရီးသည်' ပထမတွဲလို့ အမည်

http://www.linhtet.com



တပ်လိုက်လျှင် ဒုတိယတွဲက ဘယ်တော့ ထွက်မလဲ၊ မထွက်နိုင်မီ စာရေးဆရာ လေဖြတ်သွားလျှင်၊ သေသွားလျှင် ဘယ်လိုလုပ်မလဲ ဆိုတာအထိ တွေးနိုင်သည်ဟု သတိရလိုက်ပါသည်။

စာအုပ် ထုတ်ဝေရေးနှင့် ပတ်သက်ပြီး အတွေ့အကြုံ ရင့်ကျက်ကြီးမားသည့် စာပေ မိတ်ဆွေတွေကလည်း 'အဏ္ဏဝါခရီးသည်' (ပ)၊ (ဒု)၊ (တ) ဆိုပြီး မလုပ်ရန် အကြံပေးကြသည်။ စာအုပ်ပေါင်း ငါးအုပ် ခြောက်အုပ်ဆိုလျှင်လည်း မကောင်းသည့်အတွက် သုံးအုပ်ဖြင့် အပြီးသတ်နိုင်အောင် စီစဉ်ပါဟု အကြံပေးကြသည်။ သုံးအုပ်ကိုလည်း နာမည်မတူအောင် စီစဉ်ပါဟု အကြံပေးကြပါသည်။ ကျွန်တော်ကလည်း သဘောတူ လက်ခံလိုက်ပါသည်။

ချစ်ခင်လေးစားရပါသော စာဖတ်သူ၏ လက်ထဲတွင် ရောက်ရှိနေသည့် ဤစာအုပ် 'ပင်လယ်ပျော်ကြီး' သည် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလက ထုတ်ဝေခဲ့သည့် 'အဏ္ဏဝါခရီးသည်'၏ အဆက်ဖြစ်ပါသည်။ 'အဏ္ဏဝါခရီးသည်' ဒုတိယတွဲလို့ ပြောလျှင်လည်း မှန်ပါသည်။

ဤစာအုပ် 'ပင်လယ်ပျော်ကြီး' ကို ပထမဦးဆုံး သင်္ဘော ရောင်းလိုက်လို့ ကျွန်တော် အလုပ်ပြုတ်ပြီး နောက်ထပ် အလုပ်တစ်ခု ရှာရန် စင်ကာပူနိုင်ငံကို ပြန်ဝင်လာသည့် အကြောင်းက စပါသည်။ အလုပ်ရလို့ ဟိုမိုကုမ္ပဏီမှာ တစ်နှစ်လုပ်ပြီး မြန်မာပြည်ကို ပြန်သည်။ တစ်နှစ်ခန့်နားပြီး ဂရိလိုင်းဖြစ်သည့် ပိုသီးတိုး ကုမ္ပဏီကို လိုက်သည်။ တစ်နှစ်ကျော် အမှုထမ်းပြီး အိမ်ပြန်နားသည်။ ခေတ္တ နားပြီး ဂရိလိုင်းဖြစ်သည့် နဲဗာရှန်း ကုမ္ပဏီကို လိုက်သည်။ တစ်နှစ်ကျော်ကျော် အမှုထမ်းခဲ့သည်။ မြန်မာပြည်မှာ ၁၉၈၈ အရေးအခင်းကြီးပြီးတော့မှ မြန်မာပြည်ကို ပြန်ရောက်လာခဲ့သည်။ ဤ 'ပင်လယ်ပျော်ကြီး' စာအုပ်ပါ အကြောင်းအရာများ ဒီမှာ ဆုံးပါသည်။

ဤ 'ပင်လယ်ပျော်ကြီး' စာအုပ်တွင် ဟိုမိုကုမ္ပဏီပိုင် ဟိုမို-၈၅ သင်္ဘော၊ ပိုသီးတိုး ကုမ္ပဏီပိုင် အက်ပိုကစ်တီ သင်္ဘောနှင့် နဲဗာရှန်း ကုမ္ပဏီပိုင် ဆီးဟော့စ် သင်္ဘောတို့တွင် လေးနှစ်ကျော်ကျော် အမှုထမ်း

http://www.linhtet.com



ရင်း ရောက်ခဲ့ဖူးသည့် နိုင်ငံတွေမှာ ကြုံတွေ့ ဖြစ်ပျက်ခဲ့သည့် အကြောင်းတွေကို ရေးထားပါသည်။

'အဏ္ဏဝါခရီးသည်' မှ 'ပင်လယ်ပျော်ကြီး' အထိ သင်္ဘောသားလုပ်သက် ခုနစ်နှစ်မျှနှင့် သင်္ဘော လေးစီးသာ ရှိသေးသည့်အတွက် ဆက်လက်ရေးသားရဦးမည်ဖြစ်သည်။ ကျန်သေးသည့် သင်္ဘောသားလုပ်သက် ၁၀ နှစ်ခန့်နှင့် သင်္ဘောကိုးစီးမှာ အမှုထမ်းရင်း ရောက်ခဲ့သည့် နိုင်ငံတွေနှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာတွေကို 'အိုပယ်ကြီး၏ နောက်ဆုံးနေ့များ' အမည်ဖြင့် ရေးသားနေပြီဖြစ်ကြောင်း အသိပေးပါသည်။

**သင်္ဘောသားများကို ချစ်ပြီး**
**စာဖတ်သူများကို လေးစားသော**

**အဏ္ဏဝါစိုးမိုး**

http://www.linhtet.com

www.linhtet.com

# [ ၁ ]
# မောင်ကြီး မပြန်နိုင်

ကိုအဏ္ဏဝါသည် ဒုတိယအကြိမ် အလုပ်ရှာရန် စင်ကာပူကို ပြန်ရောက်လာပြီး ဆရာမကြီး မစ္စကယ်ရ်အေးရဲ့ အိမ်မှာ ခိုလှုံနေသည်။ တရုတ်ပြည်မှာ သင်္ဘော ရောင်းခဲ့ပြီး ဟောင်ကောင်ကနေ တစ်ဆင့် စင်ကာပူကို ဝင်လာခဲ့ခြင်း ဖြစ်သည်။ စင်ကာပူမှာ သင်္ဘောသားပွဲစားခေတ် ကုန်သလိုဖြစ်နေလို့ မစ္စတာအန်းရဲ့ အိမ်ကလည်း ပိတ်ထားပြီးဖြစ်သည်။ ကိုအဏ္ဏဝါသည် အလုပ်လက်မဲ့ မဖြစ်မီမှာ ဆရာမကြီး၏ မော်တော်ကား ကုမ္ပဏီ (ဟင်လေး အင်ဂျင်စီ)မှ ကားတစ်စီ ဝယ်ထားပြီး ဖြစ်သည်။ ဆရာမကြီးဆီက ကားဝယ်ထားသည့် အဆက်အနွယ်ဖြင့် ဆရာမကြီးနဲ့ ပတ်သက်ဆက်နွယ်လို့ ရနေသည်။  စင်ကာပူမှာ နေစရာ မရှိတော့သည့် အခါ ဆရာမကြီး အိမ်မှာ ဝင်ရောက် ခိုလှုံပြီး နောက်ထပ် အလုပ် တစ်ခုကို ရှာနေသည်။

## ကုက္ကလောင် တောင်ကိုလှည့်ခါမှ

ကိုအဏ္ဏဝါသည် သင်္ဘော ရောင်းလိုက်လို့ အလုပ် လက်မဲ့ဖြစ်သွားသော်လည်း ကားတစ်စီး ဝယ်ပြီးပြီ ဖြစ်သည်။ သင်္ဘောသား

http://www.linhtet.com



လုပ်သက်မှတ်တမ်း စာအုပ်(စီဒီစီ) အစစ်မှာလည်း လုပ်သက် တစ်နှစ် ရနေပြီ ဖြစ်သည်။ လက်ထဲမှာလည်း စုမိဆောင်းမိသည့် အမေရိကန် ဒေါ်လာ တစ်ထောင်ခန့် ရှိနေသည်။ စင်ကာပူမှာ ဒုက္ခ ခံပြီး အလုပ် ဆက်မရှာဘဲ မြန်မာပြည်ကို ပြန်မည်ဆိုလျှင် ပြန်လို့ ရနိုင်သည်။

(ကုက္ကလောင် မြောက်ကိုလှည့်ခါမှ ပြန်ခဲ့မယ် ရွှေညာသူရဲ့ ငွေရှာသူ မအေး) ဆိုသည့် ရှေးခေတ် အညာလှေထိုးသား လွမ်းချင်းတစ်ပုဒ်ကို သတိရမိသည်။ အောက်ပြည်အောက်ရွာကို အရောင်းအဝယ်ဖြင့် ရောက်နေသည့် လှေထိုးသားကြီးသည် အညာမှာ ရှိသည့် ကိုယ့်အိမ် ကိုယ့်ရာကို ပြန်ချင်လှပြီ ဖြစ်သော်လည်း တောင်လေ မတိုက်သေးလို့ အောက်ပြည်အောက်ရွာမှာပဲ မိသားစုကို လွမ်းတရင်း စိတ်ကို ဖြေနေရင်း အော်ဆိုသည့် လွမ်းချင်းဖြစ်သည်။

ကုက္ကလောင် (အဘိဓာန်မှာ ကုက္ကလံဟု ရေးထားသည်) ဆိုတာ လေတိုက်ရာ အရပ်ကို သိနိုင်ရန် လှေသမ္ဗန်တွေရဲ့ ရွက်တိုင်ထိပ်မှာ စိုက်ထူထားသည့် အလံဖြူလေးကို ခေါ်သည်။ တောင်လေတိုက်မှ ကုက္ကလံလေးသည် မြောက်ဘက်ကို လှည့်သွားမည် ဖြစ်သည်။ ဒီတော့မှ အညာလှေကြီးကို ရွက်လွှင့်ပြီး အညာကို ဆန်တက်နိုင်မည် ဖြစ်သည်။

နိုင်ငံခြား လှေထိုးသား ကိုအဏ္ဏဝါကတော့ အာရှတိုက် မြောက်ပိုင်းက နိုင်ငံတွေ အပါအဝင် ဥရောပနှင့် အမေရိက နိုင်ငံတွေမှာ ငွေရှာရမှာဖြစ်လို့ ကုက္ကလောင်ကလေး တောင်ဘက်ကို လှည့်တော့မှ အောက်ပြည် အောက်ရွာ မြန်မာပြည်ကို ပြန်နိုင်တော့မည် ဖြစ်သည်။ သင်္ဘောသား မဖြစ်မီက မြန်မာပြည်မှာ တင်ခဲ့သည့် စားကြွေးတွေ ကျေသွားပြီဖြစ်သော်လည်း ကားရောင်းလို့ရသည့် ပိုက်ဆံက အိမ်ဝယ် လိုက်လျှင် ကုန်သွားမည်ဖြစ်သည်။ ကျူးကျော် ရပ်ကွက်ထဲက သူများ အိမ်နောက်ဖေးမှာ အဖီဆွဲယ်နေသည့် ဘဝက လွတ်ပြီးလျှင်တောင် တီဗွီ၊ ဗွီဒီယိုနဲ့ မော်တော်ကားနဲ့ လူတန်းစေ့ နေနိုင်ဖို့အတွက် ကိုအဏ္ဏဝါ နိုင်ငံခြားမှာ ဆက်နေရဦးမည် ဖြစ်သည်။

သင်္ဘောသား လုပ်သက်မှတ်တမ်း (စီဒီစီ)အစစ်မှာ အမှန်အကန် လုပ်သက် နှစ်နှစ် သို့မဟုတ် သုံးနှစ်လောက် ရပြီးမှသာ မြန်မာပြည်ကို

http://www.linhtet.com



ပြန်သင့်သည်။ နောက်တစ်ခါ အလုပ်ရပြီး နောက်တစ်ခေါက် နိုင်ငံခြားကို ပြန်ထွက်နိုင်ဖို့အတွက် ကိုယ့်ဘက်က အစစ ပြည့်စုံနေဖို့ လိုသည်။ သင်္ဘောကြီး ရွက်တိုင်ထိပ်က ကုက္ကလံ (ကိုအဏ္ဏဝါတို့ ရခိုင်ဒေသအခေါ် ကုက္ကလောင်) တောင်ကို လှည့်ခါမှ ငွေရှာနေသူ မောင်ကြီး ပြန်ခဲ့တော့ မယ် ချစ်သည်းဇနီး မဖြူတုတ်နှင့် ချစ်သမီးလေးတွေ ဖြစ်သည့် အာပြဲ၊ နှပ်ချီးတွဲ၊ မိကဲလေးတို့ရေလို့ လွမ်းတရင်း ဆရာမကြီး အိမ်မှာ ခိုလှုံနေသည်။

## တောကျွမ်းသည့် မုဆိုးပမာ စင်ကာပူမှာ

၂၈-၆-၁၉၈၃ နေ့၊ နံနက်စောစောပင် အိပ်ရာက နိုးနေသည်။ အိပ်နေမကျသည့် ဆရာမကြီးအိမ်မှာ အိပ်ရလို့ ဖြစ်မည်။ တစ်ညလုံး ကြက်အိပ်ကြက်နိုး ဖြစ်နေခဲ့သည်။ ဘယ်လူး ညာလှိမ့်ဖြင့် အိပ်ပျော်သွားလိုက်၊ ပြန်နိုးလာလိုက် ဖြစ်နေခဲ့သည်။ စင်ကာပူမှာ အလုပ် လက်မဲ့ဘဝနဲ့ ရောက်နေပေမဲ့ ဘာပူစရာ လိုသလဲလို့ ကိုယ့်ကိုယ်ကိုယ် အားပေးနေပေမဲ့ မသိစိတ်က စိုးရိမ်သောက ဖြစ်နေဟန်တူသည်။ ကောင်းစွာ အိပ်မပျော် ဖြစ်နေခဲ့သည်။



http://www.linhtet.com



နံနက် ၆ နာရီ ထိုးပြီ ဖြစ်လို့ ဆရာမကြီးရဲ့ ဘုရားရှိခိုးသံကို ကြားနေရသည်။ ဆရာမကြီးသည် ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ဖြစ်သည်။ သူ ကိုးကွယ်သည့် ဘုရားကို ရှိခိုးနေခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာ ကိုးကွယ်သည့် သဘော်သားတွေကိုလည်း ဗုဒ္ဓဂေါတမကို ရှိခိုးရန် ကြိမ်လုံးပြပြီး တိုက်တွန်းသည်။ ဆရာမကြီးသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ကို ရောက်တော့ ဗုဒ္ဓစွယ်တော်ကို သွားဖူးသည်ဟု သိရသည်။ ကိုလံဘိုက ဆရာတော် စင်ကာပူကို ကြွလာလျှင် ဆရာမကြီးအိမ်မှာ တည်းသည်ဟု ကြားဖူးသည်။

ဆရာမကြီးတောင် အိပ်ရာကနိုးပြီးလို့ ဘုရားရှိခိုးနေသံ ကြားကြသောအခါ အိမ်မှာ နေသူအားလုံး အိပ်ရာက ထကြရသည်။ မနေ့က ရေချိန်လွန်သွားလို့ အိပ်ရာက မထချင်သူတွေလည်း မနေရဲလို့ မျက်စိကို ပွတ်ပြီး ထကြရသည်။ ကော်ဖီဖျော်ရန် ရေနွေး တည်သူတည်၊ ဘုရား ပန်းဝယ်ရန်နှင့် ညနေစာ အတွက် ချက်ပြုတ်ရန် ဈေးသွားသူသွား လုပ်ကြရသည်။

နံနက် ရှစ်နာရီမှာ ကော်ဖီသောက် ဈေးပြန်သမားတွေ ဝယ်လာသည့် မုန့်ကိုစား၊ ခဏတစ်ဖြုတ် နားကြသည်။ ရုံးတက်ရန် ဝတ်စုံသစ်ဖြင့် သူ့ အခန်းတွင်းမှ ထွက်လာသည့် ဆရာမကြီးအတွက် ကော်ဖီနှင့် မုန့်ကို အသင့် ပြုလုပ်ထားရသည်။ ဆရာမကြီး သူ့ ကုလားထိုင်မှာ ထိုင်ပြီဆိုတာနဲ့ ကော်ဖီခွက်နှင့် မုန့်ကို ယူလာပေးရသည်။ ဆရာမကြီးက ဖိလစ်ပိုင် သမ္မတကတော် အီမယ်လ်ဒါ မားကို့စ် ထိုင်သည့် ကုလားထိုင်နှင့် တူသည့် ကနုတ်ပန်းဖော် ခေါင်းဆောင်းပါသည့် ကုလားထိုင်ကြီးမှာ ထိုင်သည်။ နံနက်စာ (ဘရိတ်ဖတ်) စားပြီးသူတွေက ဆရာမကြီးပြောလာမည့် စကားတွေကို နားထောင်ရန် ဆရာမကြီးရှေ့က ကြမ်းပြင်ပေါ်မှာ မယ်ကျို့ သို့မဟုတ် တင်ပျဉ်ခွေ ထိုင်ပြီး နားထောင်နေကြသည်။

"ကျော်စိုး မနေ့က ငါ သွားခိုင်းတဲ့ နေရာ သွားသလား"

"သွားပါတယ် ဆရာမကြီး မန်နေဂျာနဲ့ တွေ့ခဲ့ပါတယ်"

"ဘာပြောလဲ"

"ဒီလကုန်လောက်မှ ဖြစ်မယ်လို့ ပြောပါတယ်"

"ဒီလကုန်ဆိုတာ နက်ဖြန် သန်ဘက်ပေါ့ဟဲ့၊ ဒီနေ့ပဲ နှစ်ဆယ့် ရှစ်ရက် ရှိနေပြီ"

"ဒီလကုန်ပြီးလို့ နောက်လဆန်းမှာ ဖြစ်မယ်လို့ ပြောတာပါ ဆရာမကြီး"

"စကားပြောတာ ရှုပ်နေတာပဲ မအေ…"

ကဲ ဘယ့်နှယ်ရှိရောလဲ၊ အပျိုကြီးတွေနဲ့ စကားပြောရာမှာ ကျွမ်းကျင်မှု မရှိတဲ့အကောင် အခဲခံရတာ နည်းတောင် နည်းသေးတယ် ဟု တွေးနေကြသည်။

"ဟိုကောင် ဇော်မြင့် ပနားမား လိုင်စင် လုပ်ခိုင်းထားတာ ပြီး ပလား"

"ဒီနေ့ရမယ် ဆရာမကြီး"

"ဖေသန်းမောင်က ရှိဖ်အော်ဖစ်ဆာ လုပ်ရဲလား"

"မလုပ်ရဲဘူး၊ ဆရာမကြီး၊ ကျွန်တော် ဆစ်ကင်းမိတ်နဲ့ပဲ ပြန် တက်မယ်"

"သောက်ဖြစ်ကလည်း မစုံဘူး"

ဆရာမကြီး ပြောသည့် ရှိဖ်အော်ဖစ်ဆာဆိုတာ ကုန်းပတ် ပထမ အရာရှိ ဖြစ်သည်။ ကပ္ပိတန်ပြီးလျှင် လစာ အများဆုံး ရသူ ဖြစ်သည်။ တာဝန် အကြီးဆုံး အရာရှိ ဖြစ်သည်။ ပြဿနာ တစ်စုံတစ်ရာကြောင့် ကပ္ပိတန် အလုပ်ဖြုတ် ခံရပြီဆိုလျှင် ရာပြုတ်လေ့ရှိသူ ဖြစ်သည်။ ဖေသန်းမောင် ပြောသည့် ဆစ်ကင်းမိတ်ဆိုတာ ဒုတိယ ကုန်းပတ် အရာရှိ ဖြစ်သည်။ မြေပုံ (ရေပုံ) ပေါ်မှာ သင်္ဘောသွားမည့် လမ်းကြောင်း တွက်ချက် ရေးဆွဲပြီး ငြိမ့်နေလို့ရသည့် ရာထူးဖြစ်သည်။

"ခင်မောင်သိန်း နှင့် ဒီနေ့ ဘယ်သွားမလဲ"

"ဘယ်မှ မသွားဘူး ဆရာမကြီး"

"ဘယ်မှ မသွားဘဲ အိမ်မှာ ဘာလုပ်နေမှာလဲ၊ ပီအိုင်အယ်လ်က မစ္စတာလင်း ဆီသွား ငါ လွှတ်လိုက်တယ် ပြော"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

http://www.linhtet.com



"စိုးမြင့် နင့်ကား တင်ပို့ဖို့ အဆင်သင့် ဖြစ်နေပြီ။ နင်ကရော သဘော်ာရရင် တက်တော့မလား၊ စင်ကာပူဒေါ်လာ တစ်ထောင့်သုံးရာ ဆိုရင် လုပ်မလား"

ဒီတစ်ခါ မေးတာ ကိုအဏ္ဏဝါကို ဖြစ်သည်။ ကိုအဏ္ဏဝါ သူ့ဆီက ဝယ်သည့်ကားကို သဘော်ာတင်တော့မည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါကို သဘော်ာပြန်လိုက်တော့မလားဟု မေးခြင်း ဖြစ်သည်။ စင်ကာပူဒေါ်လာ ၁၃၀၀ ဆိုတာ အမေရိကန် ဒေါ်လာ ၆၅၀ ခန့် ဖြစ်သည်။ အလုပ်ရှားပါးစ ပြုနေပြီ ဖြစ်သည့်ကာလမှာ လုပ်ပျော်သည်။

"လုပ်ပါ့မယ် ဆရာမကြီး"

နံနက် ၈-နာရီခွဲမှာ ညီလာခံစဲသည်။ အားလုံး အိမ်က ထွက်ကြရသည်။ ဆရာမကြီးလည်း ရုံးသွားတော့မည် ဖြစ်သည်။ ကိုအဏ္ဏဝါလည်း ဆရာမကြီးနှင့်အတူ အိမ်က ထွက်လာခဲ့သည်။ ကုမ္ပဏီဟောင်းရဲ့ အေဂျင်စီရုံး ဂိုလ်ဒင်းစီတီးကို သွားသည်။ အိမ်ကစာ သုံးစောင်ရခဲ့သည်။ နောက်ထပ် အလုပ်ကလေး ဘာလေး အခွင့်အရေး ပေါ်လျှင် ပြောပါဦးဟု ရုံးအုပ် အပျိုကြီးကို တိုးတိုး ကပ်ပြောခဲ့သည်။

အပျိုကြီးရဲ့ ရုံးက ပြန်ထွက်လာခဲ့ပြီး စင်ကာပူရဲ့ ရုံးတွေရှိရာ နေရာကို သွားသည်။ လက်ထဲမှာ ရှိနေသည့် ဟောင်ကောင်ဒေါ်လာ တွေကို စင်ကာပူဒေါ်လာဖြင့် လဲပစ်လိုက်သည်။ စင်ကာပူ ဒေါ်လာ ၁၂၀၀-လောက်ရသည်။ ဘဏ်စာအုပ်ထဲကို ဒေါ်လာ ၂၀၀၀ ထပ်ဖြည့်လိုက်သည်။

## ရှီးယားရုံးအောက်က လက်ဖက်ရည်ဆိုင်

မိမိ အလုပ် ရရှိရေးအတွက် ကူညီခဲ့ဖူးသည့် ဖာအိစ် ကုမ္ပဏီကို သွားပြီး မျက်နှာ ပြထားလိုက်သည်။ ဆရာမကြီး အိမ်ဖုန်းနံပါတ်ကို ပေးထားခဲ့သည်။ မြန်မာသဘော်ာသားတွေ ထိုင်သည့် ရှီးယားရုံးအောက်က လက်ဖက်ရည်ဆိုင်ကို ခဏ ဝင်ထိုင်သည်။ သိသူ၊ မသိသူတွေနဲ့သာ တွေ့သည်။ ကော်ဖီတစ်ခွက် မှာသောက်ပြီး ထိုင်နေသည်။ စင်ကာပူရယ်

http://www.linhtet.com



သဘော်သားရယ်၊ ဒီနေရာလေးရယ် ဆက်နွှယ်ပတ်သက်နေခဲ့တာ ဘယ်လောက်တောင် ကြာပြီမသိဟု တွေးနေမိသည်။ ကိုအဏ္ဏဝါသည် ၁၉၈၂-ခုနှစ် ဆန်းပိုင်းမှ သဘော်လိုက်သူ ဖြစ်လို့ စင်ကာပူကို ရောက်တာ နောက်ကျသည်။ မြန်မာသဘော်သားတွေနှင့် ဒီနေရာလေးတို့ ဘယ်အချိန်ကစပြီး ပေါင်းဖက်ဆက်နွှယ် မိခဲ့ကြသည်ကို မသိ ဖြစ်နေသည်။

ဒီနေရာလေးသည် စင်ကာပူမြို့ရဲ့ အရှေ့တောင် ယွန်းယွန်းက တဲလွတ်အာရေ လမ်းထဲမှာရှိသည်။ ဆင်းရဲသားရပ်ကွက်ထဲက နှစ်ထပ်တိုက်တစ်လုံးရဲ့ အပေါ်ထပ်မှာ သဘော်သား အလုပ်ပွဲစား၊ မစ္စတာရှီးယားက ရုံးခန်းဖွင့်ထားသည်။ ဆင်းရဲသား ရပ်ကွက်ဖြစ်သော်လည်း စင်ကာပူမြို့၏ ရုံးပေါင်းစုံ တည်ရှိရာနေရာနှင့် ကပ်လျက် တည်ရှိသဖြင့် သွားရေးလာရေး အဆင်ပြေသည်။ အလုပ်ရှာနေသူများ ခြေကုတ်ယူစတည်းချလို့ ကောင်းသော နေရာလေးဖြစ်သည်။ ပွဲစားရုံး အောက်မှာရှိသည့် လက်ဖက်ရည်ဆိုင်ကလည်း အစုံရနိုင်သည်။ လက်ဖက်ရည်၊ ကော်ဖီအပြင်၊ ဘီယာ၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ခေါက်ဆွဲပြုတ်၊ ကြာဆံပြုတ်၊ အသုပ်စုံ ရနိုင်သည်။ ဒါတွေက ဘရိတ်ဖတ်လို့ ခေါ်သည့် နံနက်စာတွေ ဖြစ်သည်။ လန့်ချ်လို့ ခေါ်သည့် နေ့လယ်စာအတွက် အသားကင်၊ အခေါက်ကင်၊ ဘဲကင်နှင့် ထမင်းဖြူ၊ ထမင်းကြော်၊ ထမင်းပေါင်းတွေ ရနိုင်လို့ ဒီဆိုင်လေးမှာ ထိုင်ကြရတာ အဆင်ပြေသည်။

ဒီဆိုင်မှာ ပိုင်ရှင် သုံးဦး ရှိသည်။ လက်ဖက်ရည်၊ ကော်ဖီနှင့် ဘီယာကို တရုတ်ကလေးက ရောင်းသည်။ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲပြုတ်နှင့် ကြာဆံကြော်၊ ကြာဆံပြုတ်ကို တရုတ်မကြီး တစ်ယောက်က ရောင်းသည်။ ထမင်းကြော်၊ ထမင်းပေါင်းနှင့် အသားကင်၊ အခေါက်ကင်တွေကို တရုတ်ကြီး လင်မယားက ရောင်းသည်။ သုံးဦးစပ်ပြီး တစ်ခန်းလုံးကို ငှားထားတာ ဖြစ်မည်။ မြန်မာ သဘော်သား အများစုနှင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင် သဘော်သားတွေ ထိုင်သည့် ဆိုင်ဖြစ်လို့ လက်ဖက်ရည်၊ ကော်ဖီနှင့် ဘီယာ ရောင်းသည့် တရုတ်ကလေးက အရောင်းရဆုံး ဖြစ်နေသည်။

http://www.linhtet.com



တရုတ်ကလေးသည် ဘာသာစကားမျိုးစုံကို တစ်လုံးစ၊ နှစ်လုံးစ ပြောတတ်နေသည်။ မြန်မာစကားဆိုလျှင် (သူငယ်ချင်း နေကောင်းလား၊ မလာတာကြာပြီပါလား၊ ပြန်တော့မလိုလား) စသည်ဖြင့် ပြောတတ်သည့် အပြင် (ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်ငယ် ပင်လယ်ကူးတတ်တယ်) ဆိုသည့် မေဆွိ၏သီချင်း တစ်လုံး နှစ်လုံးကိုတောင် ဆိုတတ်သည်။ မည်သည့် သင်္ဘောကုမ္ပဏီက မည်သည့် ရာထူးအဆင့် သင်္ဘောသား အလိုရှိသည် ဆိုတာကို သတင်းပေးနိုင်သည်။ ဝင်လာသည့် တယ်လီဖုန်း ခေါ်သံတွေကို သူက နားထောင်ပြီး မှတ်သားထားသည်။ သင်္ဘောသား တွေကို ပြန်ပြောသည်။ ဆိုင်ထဲက တယ်လီဖုန်းမြည်တိုင်း သူကပြေးကိုင် ပြီး မြန်မာတွေအတွက်ဆိုလျှင် (ဆူမိရှိလား၊ ကျော်တိန်းရှိလား၊ မိညောင် ရှိလား၊ ခွေးကျိုးကြီး ရှိလား) စသည်ဖြင့် အော်မေးတတ်သည်။ (စိုးမြင့် ရှိလား၊ ကျော်သိန်းရှိလား၊ မင်းအောင်ရှိလား၊ ကိုအေးချိုကြီး ရှိလား) စသည်ဖြင့် အော်ခေါ်ပေးခြင်း ဖြစ်သည်။ တစ်ဖက်က ဖုန်းခေါ်သူတွေ သည် သင်္ဘောကုမ္ပဏီတွေက နိုင်ငံခြားသားတွေ ဖြစ်သလို မြန်မာသင်္ဘော သား အချင်းချင်း မေးမြန်းစုံစမ်းတာလည်း ဖြစ်နိုင်သည်။ တရုတ်ကလေး ကတော့ သူကြားသည့်အတိုင်း ပြန်အော်ခေါ်ခြင်း ဖြစ်သည်။

စင်ကာပူကို အလုပ်ရှာဖို့ဖြစ်စေ၊ သင်္ဘောဖြင့် လမ်းကြုံလို့ ဝင်လာသူ ဖြစ်စေ၊ မြန်မာ သင်္ဘောသားတိုင်းသည် ဒီနေရာကို ရောက် လာလေ့ရှိသည်။ မြန်မာသင်္ဘောသားတိုင်း ဆိုသည့် စကားကို ခြွင်းချက် ထားစရာ တစ်ခုတော့ရှိသည်။ ကြယ်ငါးပွင့်လိုင်းက မြန်မာသင်္ဘောသား တွေကတော့ ဒီနေရာကို လာကြမည်ဟု မထင်ပါ။ သူတို့နှင့် ဒီနေရာ ဘာမျှ မပတ်သက်၍ လာစရာ အကြောင်းမရှိဟု ထင်ပါသည်။ ကြယ် ငါးပွင့် သင်္ဘောသားတွေ အားလုံး သွားသည့် နေရာက တရုတ်တန်းဈေး နှင့် တန်ဂျုန်ပလာယားဈေးက တရုတ်ကလေးရဲ့ ကုန်မျိုးစုံဆိုင် ဖြစ်သည်။ မြန်မာပြည်မှာ ပြန်ရောင်းလို့ ကိုက်သည့် ပစ္စည်းမျိုးစုံ အကုန် ရနိုင်သည်။

ကိုအဏ္ဏဝါကတော့ ဘယ်အရပ်ကပဲလာလာ၊ စင်ကာပူကို ရောက်လာပြီဆိုလျှင် စင်ကာပူမှာ လုပ်စရာ ကိုင်စရာ ကိစ္စ ဝိစ္စတွေ

http://www.linhtet.com



လုပ်ကိုင်ပြီးတာနဲ့ ဒီနေရာလေးကို အရောက်ပြေးလာပြီး အနားယူသည်။ မိတ်ဟောင်း ဆွေဟောင်းတွေကို လာရှာသည်။ တွေ့လျှင် အတူ သောက်စားကြပြီး ရေးဟောင်းနှောင်းဖြစ်တွေ ပြောပြီး ဘဝအမောတွေ ဖြေသည်။ သောကဖြင့် ရင်ခုန် မွန်းကျပ်ခဲ့ရသည့် ကာလတွေကို ဒီနေရာလေးမှာပဲ ထိုင်ပြီး ကျော်ဖြတ်ခဲ့တာတွေကို ပြန်လည် အမှတ်ရ နေမိသည်။

## မီးစာလည်းကျွမ်း ဆီလည်းခန်းနေသည့် မစ္စတာအန်း

ကိုအဏ္ဏဝါသည် တရုတ်ကလေးဆီက ကျားတံဆိပ် ဘီယာတစ်လုံး မှာသောက်ရင်း သိဟောင်း ကျွမ်းဟောင်းတွေကို မျှော်နေမိသည်။ လက်ပွမ်းတတီး ရင်းနှီးခင်မင်သူ တစ်ယောက်မျှ မလာ၍ ထိုင်ရတာ ပျင်းလာသည်။ ပေါင်းဟောင်းသင်းဟောင်း လူဟောင်းတွေ တစ်ယောက်မျှ မတွေ့ရတာဟာ သင်္ဘောထွက်နေကြလို့လည်း ဖြစ်နိုင်သည်။ ငွေကြေးအတန်အသင့် စုမိဆောင်းမိကြလို့ အမိနိုင်ငံ မြန်မာပြည်ကို ပြန်သွားကြတာလည်း ဖြစ်နိုင်သည်။ ငါကတော့ မပြန်နိုင်သေးပါကလားဟု တွေးမိသည်။

တစ်နှစ်ကျော်မျှ ဒီနေရာလေးနှင့် ကင်းကွာနေသည့် ကာလမှာ အပြောင်းအလဲတွေ ဖြစ်နေသည်။ ယခင်တုန်းကလောက် မစည်ကားတော့တာကို တွေ့ရသည်။ စင်ကာပူမှာ လစာကောင်းကောင်း ရနေသည့် လူဟောင်းတွေထဲက တချို့သည် သင်္ဘောနားသည့် အချိန်မှာ စင်ကာပူကို ပြန်မလာကြတော့ဘဲ ဘန်ကောက်မှာ သွားပျော်နေကြသည်။ မလေးရှား နိုင်ငံက ပို့ကလင် ဆိုသည့်မြို့မှာ သွားပျော်နေကြသည်။

တချို့ကတော့ ဖောရိန်းဂိုးဝိန်းလို့ ခေါ်သည့် ဥရောပနှင့် အမေရိကသွား သင်္ဘောကြီးတွေကို မလိုက်ကြတော့ဘဲ ဟုမ်းထရိတ်လို့ ခေါ်သည့် ဟိုနား၊ ဒီနား သွားသည့် သင်္ဘောလေးတွေမှာ လစာနည်းနည်းဖြင့် လိုက်နေကြသည်။ လစာ နည်းသော်လည်း မှောင်ခိုကုန် ကူးပြီး ထောနေကြသည်။ စင်ကာပူ၊ ဟောင်ကောင်က ပစ္စည်းတွေကို ဈေးပေါပေါဖြင့် ဝယ်သည်။ အင်ဒိုနီးရှား၊ မလေးရှား၊ ယိုးဒယား၊ ဘင်္ဂလားဒေ့ရှ်၊

http://www.linhtet.com



မြန်မာ၊ အိန္ဒိယနိုင်ငံတွေမှာ ထက်ဝက်ခေါက်ချိုး အမြတ်တင်ပြီး ပြန်ရောင်းသည်။ များများရင်းနိုင်လျှင် များများမြတ်သည်။ စင်ကာပူ ဒေါ်လာ ၉၀၀ မျှသော လစာကို ထုတ်ဖို့ မေ့တောင်နေသည်ဟု ဆိုသည်။ ဆိပ်ကမ်းတစ်ခုမှာ အပျော်မယား တစ်ယောက်စီ ထားနိုင်သည့် ဘဝဖြင့် ငြိမ့်နေကြပြီဟု သိရသည်။

သိဟောင်းကျွမ်းဟောင်တွေနဲ့ မတွေ့သည့်အခါ တရုတ်ကလေး ဆိုင်မှာ ထိုင်ရတာ ပျင်းလာသည်။ ကိုအဏ္ဏဝါသည် သူ့ကျေးဇူးရှင် ပွဲစား မစ္စတာအန်းကို သတိရလာသည်။ မစ္စတာအန်းသည်လည်း သူ့ခေတ်နှင့်သူ အဆက်အသွယ် ကောင်းခဲ့သူဖြစ်သည်။ မိမိကို အလုပ် ရှာပေးခဲ့သူ ဖြစ်သည်။ သူ့ကို ပေးစရာ ရှိသည့် ကြွေးတွေအားလုံး ကို လည်း ဆပ်ပြီးဖြစ်လို့ ဝင်နိုင် ထွက်နိုင်သည့် အခြေအနေမှာ ရှိသည်။ မိမိ၏ လက်ရှိ အခြေအနေသည် အလုပ်လက်မဲ့ ဖြစ်နေလို့ အလုပ်တစ်ခု အမြန်ဆုံး ရရှိရန် ကူညီနိုင်သူတိုင်းကို မျက်နှာ ပြထားသင့်သည်ဟု ထင်သည်။ မစ္စတာအန်းမှာလည်း သူ့အဆက်နှင့်သူ ရှိလို့ မစ္စတာအန်းကို သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြထားမည်ဟု ဆုံးဖြတ်လိုက်သည်။

တရုတ်ကလေးဆိုင်ရှိရာ တဲလွတ်အာရေနှင့် မစ္စတာအန်း၏ ရုံးခန်းရှိရာ ပီးပဲလ်ပတ်ခ်သည် လမ်းလျှောက်သွားလို့ရသည့် အကွာအဝေး မှာရှိသဖြင့် စင်ကာပူအလွမ်းပြေ လမ်းလျှောက်သွားလိုက်သည်။ ပီးပဲလ် ပတ်ခ်မဟာဈေးကြီးရဲ့ မြေညီထပ်အောက်က ဘေ့စ်မင့်လို့ခေါ်သည့် မြေအောက်ထပ်မှာ ရှိသည့် မစ္စတာအန်း၏ ရုံးခန်းကို သွားသည်။ အနီရောင် အောက်ခံမှာ ရွှေရောင်စာလုံးဖြင့် ရေးထားသည့် (ကွပ်ကင်း မရိမ်း ကုမ္ပဏီ) ဆိုသည့် စာလုံးတွေက အတော် မှိန်နေပြီ ဖြစ်သည်။ ကိုအဏ္ဏဝါ စင်ကာပူ ရောက်ခါစက အတော် ပြောင်ပြောင်ရောင်ရောင် ရှိခဲ့သေးသည်။ တရုတ်ရိုးရာ ယုံကြည်ချက်အရ လာဘ်ကောင်းအောင် ရောင်းပန်းဝယ်ပန်း ကောင်းအောင် အမွေးတိုင်မှိုင်းမီးခိုးဖြင့် ဆိုင်ဘုတ် ကို မှိုင်းတိုက်ရလွန်းလို့ ဆိုင်းဘုတ် အနီရောင်ဟာ အညိုရောင် ဖြစ်နေ သည်။ ရွှေရောင်စာလုံးတွေက ကြေးနီရောင် ဖြစ်နေသည်။

http://www.linhtet.com



ဆိုင်းဘုတ် အောက်တည့်တည့်က ရုံးခန်းတံခါးကို ခပ်ဖွဖွ သုံးချက်ခေါက်ပြီး အသာ တွန်းဖွင့်လိုက်သည်။ ဆယ်ပေပတ်လည်မျှသာ ကျယ်သည့် ရုံးခန်းထဲက တစ်လုံးတည်းသာ ရှိတော့သည့် စားပွဲနောက်က ကုလားထိုင်မှာ ထိုင်ပြီး အိပ်ငိုက်နေသော မစ္စတာအန်းကို တွေ့ရသည်။ အလုပ်အကိုင် မကောင်းတော့လို့ အခြေအရံ နည်းပါးနေရုံသာမက ပတ်သတ်ချင်သူ ဆက်သွယ်ချင်သူ မရှိ ဖြစ်နေဟန်တူသည်။ ဒီလို အချိန်မှာ ကိုအဏ္ဏဝါ ရောက်လာလို့ အံ့သြ ဝမ်းသာသွားသည့် လက္ခဏာ တွေ့ရသည်။ ဝတ်စားထားပုံကအစ ညှိုးညှိုးမှိန်မှိန် ဖြစ်နေသည်။ သူ့ရဲ့ ရွှေခေတ်လို့ ခေါ်ရမည့် ကာလတုန်းက ဝတ်ဆင်ခဲ့သည့် အမေရိကန် ဒေါ်လာ ငါးထောင်လောက်တန်သည့် ရိုးလက်စ်နာရီနဲ့ ငါးကျပ်သား လောက်ရှိသည့် ရွှေလက်ပတ်ကြိုးကြီးတို့ မရှိတော့တာကို သတိပြုမိသည်။

"ကောင်းသော နေ့လယ်ခင်းပါ မစ္စတာအန်း"

ကိုအဏ္ဏဝါက နှုတ်ဆက်လိုက်တော့ ခေါင်းညိတ်ပြသည်။ ယဉ်ကျေးမှုအရတောင် တုံ့ပြန်အသံထွက်ပြီး နှုတ်မဆက်ချင်တော့အောင် စိတ်ဓာတ်ကျနေပုံ တွေ့ရသည်။ စီးပွားကျလာသောအခါ အကြမ်းစား ပုထုဇဉ်တို့၏ သဘာဝအတိုင်း စိတ်ဓာတ်ပါ ကျသွားတာ ဖြစ်မည်။ လောကဓံတရား ရှစ်ပါးကို မြင်တတ်သည့် အသိပညာနှင့် မမြဲသော အနတ္တသဘာဝကို ရှုမြင်နိုင်စွမ်းသော လောကုတ္တရာ ဉာဏ်သည် မစ္စတာ အန်းမှာ ရှိဖို့မဆိုထားနဲ့ ကြားတောင်ကြားဖူးဟန် မတူဟု ယူဆရသည်။

"နေကောင်းပါရဲ့လား"

ခေါင်းညိတ်ပြပြန်သည်။ စကားပြောချင်ပုံမရ ဖြစ်နေသည်။ ဘယ်သူနဲ့မျှ မတွေ့ချင်ဘဲ တစ်ယောက်တည်း နေချင်သည့် လက္ခဏာ တွေ့ရသည်။ စိတ်ဓာတ်သည် အဝီစိ ရောက်အောင် ကျနေသည့်သဘော ဖြစ်သည်။ ဒီအခြေအနေကို ရောက်အောင် ခေတ်စနစ်က ပြောင်းလဲ ပစ်ခဲ့သလို သူကိုယ်တိုင် လုပ်တာလည်း ပါသည်။

မြန်မာနိုင်ငံက သင်္ဘောသားလောကမှာ ပွဲစားလိုင်းတွေကို ပိတ် ပစ်လိုက်လို့ ခန့်စာအတု ရထားပြီးသူတွေ ထောင်နဲ့ချီပြီး မထွက်နိုင်ဘဲ

http://www.linhtet.com



ပိတ်မိနေကြသည်။ အဲ့ဒီခွင် ပျက်သွားသည့်အတွက် မစ္စတာအန်းကို ထိခိုက်စေခဲ့သည်။ ကမ္ဘာနဲ့အဝန်းမှာ သင်္ဘောလုပ်ငန်း ကျဆင်းစ ပြုလာ တာကလည်း အကြောင်းတစ်ခု ဖြစ်နေသည်။ ကျန်တာတွေကတော့ သူကိုယ်တိုင်ကြောင့် ဖြစ်သည်။ မယားငယ် ယူသည်။ မြင်းလောင်း သည်။ ငွေလိုလာသည့်အခါ လုပ်ငန်းအပေါ်မှာ မရိုးသားမှု၊ မသမာမှု တွေ လုပ်မိသည်။ မျှဝေ စားရမည့် ပွဲခကို သူ တစ်ယောက်တည်း အုပ်ထည့်လိုက်တာမျိုးတွေ လုပ်လာသောအခါ ဒီခွင်မှာ လုပ်စားလို့ အဆင်မပြေ ဖြစ်လာတော့သည်။ အကူအပံ့ ပြုနိုင်သည့် မိတ်ကောင်း ဆွေကောင်းတွေက သူ့ကို ရှောင်ပြေးကုန်ကြတော့သည်။

"ကျွန်တော် တမြန်နေ့ညက စင်ကာပူကို ပြန်ရောက်တယ်။ ဟောင်ကောင်က လာတာ၊ မြန်မာပြည်ကို မပြန်သေးဘူး၊ အလုပ်ထပ်ရှာ နေတယ်၊ ကားတော့ ဝယ်လိုက်ပြီ၊ ဆရာမကြီးဆီကပဲ ဝယ်လိုက်တယ်၊ အလုပ်ကလေး ဘာလေး ရှိရင်ပြောပါဦး၊ လောလောဆယ် ဆရာမကြီး အိမ်မှာပဲ နေတယ်၊ စင်ကာပူမှာ နေထိုင်ခွင့် နှစ်ပတ်ရထားတယ်၊ အခု တလော အလုပ်အကိုင်တွေ ဘယ်လိုနေလဲ"

ခေါင်းကို ဖြည်းဖြည်း ခါပြသည်။ အလုပ်အကိုင် မကောင်းဘူး ဆိုသည့်သဘော ဖြစ်သည်။ ကိုအဏ္ဏဝါပြောသည့် စကားတွေအများကြီး ကို မျက်စိမှေးပြီး နားထောင်နေသည်။ ကိုအဏ္ဏဝါ ပြောသမျှ မေးသမျှ တွေကို ခေါင်းညိတ် ခေါင်းခါ နှစ်မျိုးဖြင့် တုံ့ပြန်သည်။ အလုပ်အကိုင် မကောင်းသော်လည်း အလုပ် တစ်ခုတလေများ ပေါ်လာလေမလား ဆိုသည့် မျှော်လင့်ချက်ဖြင့် ငှားရမ်းထားဆဲဖြစ်သည့် ရုံးခန်းလေးထဲမှာ ကျောင်းဆိုးကြောင်စောင့် ပုံစံမျိုးဖြင့် ငိုက်မျဉ်းနေခြင်း ဖြစ်မည်။ မစ္စတာ အန်းက ရုံးခန်းနံရံက နာရီကို မော့ကြည့်ပြီး ပြောသည်။

"စိုးမြင့် နင် သွားစရာရှိတာ သွားတော့၊ ငါ တစ်စုံတစ်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတယ်၊ သူ လာတော့မယ်"

သူ ပြောသည့် တစ်စုံတစ်ယောက်ဆိုတာ အကျိုးတူ ပူးပေါင်း ဆောင်ရွက်မည့် စီးပွားရေးသမားတော့ မဖြစ်နိုင်ဟု တွေးမိသည်။ တရား

http://www.linhtet.com



ဝင် ကွာရှင်းခွင့် တောင်းသည့် မယားငယ် ဖြစ်နိုင်သည်။ စင်ကာပူမှာ ဒီကိစ္စမျိုး ဖြစ်လာပြီဆိုလျှင် အမျိုးသမီးကို ဒေါ်လာ သိန်းနဲ့ချီပြီး ပေးရသည်။ ခြုံတစ်ပြားတောင် ရှိဟန် မတူတော့သည့် မစ္စတာအန်း ဘယ်လို စခန်းသွားမလဲ မသိလို့ တွေးမိပြီး သနားမိသည်။

"အလုပ်ကလေး အကိုင်လေး ပေါ်ရင် ပြောပါဦးနော၊ ကျွန်တော် ဆရာမကြီး အိမ်မှာ ရှိပါတယ်"

"ကောင်းပါပြီ၊ စိတ်ချပါ"

ကိုအဏ္ဏဝါ ထိုင်ရာမှ ထလိုက်သည်။ မစ္စတာအန်းကို အမူအရာ ဖြင့် နှုတ်ဆက်ပြီး သူ့ ရုံးခန်းမှ ပြန်ထွက်လာခဲ့ပါသည်။ မစ္စတာအန်း သည် မိမိ၏ နောက်ကျောကို စိုက်ကြည့်နေလိမ့်မည်ဆိုတာကို လှည့် မကြည့်ဘဲ သိနေသည်။

## သားလိုက်မှဆိုး တောကိုတိုးသို့

ကိုအဏ္ဏဝါသည် စင်ကာပူမှာ နေထိုင်ခွင့် ၁၄-ရက် ရထားတာ ဘာလိုလိုနဲ့ တစ်ဝက်ကျိုးတော့မည် ဖြစ်သည်။ အလုပ်က ဘယ်နေမှန်း မသိသေး ဖြစ်နေသည်။ နေထိုင်ခွင့် ကုန်လို့မှ အလုပ် မရလျှင် ဘာလုပ် မလဲ ဆိုသည့် မေးခွန်းကို ဖြေရမည် ဖြစ်သည်။ ကိုယ့်ဟာကိုယ် လုပ်ချင် တာလုပ်၊ စင်ကာပူက ထွက်ခွာပေးရမှာကတော့ သေချာသည်။ စင်ကာပူ က ထွက်ပြီး ဘယ်ကို သွားမလဲ၊ စင်ကာပူကို ဘယ်လို ပုံစံနဲ့ ပြန်ဝင်ပြီး အလုပ် ရှာမလဲဆိုတာတွေကို တွေးပြီး ပူနေရပြီ ဖြစ်သည်။

၃၀-၆-၈၃ နေ့၊ နံနက်ပိုင်း ရုံးချိန်မှာ PIL (ပစိဖိတ် အင်တာ နေရှင်နယ် လိုင်း) ရုံးကို ရောက်သွားသည်။ အလုပ် ခေါ်နေသည်ဟု သတင်း ကြားလို့ သွားခြင်း ဖြစ်သည်။ သင်္ဘောသားရေးရာ မန်နေဂျာ မစ္စတာလင်းကို ဝင်တွေ့သည်။ မစ္စတာလင်းက နက်ဖြန် လူရွေးပွဲရှိသည် လာခဲ့ပါဟု ဆိုသည်။ မစ္စတာလင်း၏ ရုံးခန်းက ပြန်ထွက်လာသော အခါ သူငယ်ချင်း ထွန်းလွင်နဲ့ တွေ့သည်။ အကြံ တူနေခြင်း ဖြစ်သည်။ ထွန်းလွင်မှာ အလုပ် ရှိသော်လည်း လစာနည်း၍ နောက်ထပ် အလုပ်

http://www.linhtet.com



ရှာနေခြင်း ဖြစ်သည်။ နက်ဖြန် လူရွေးပွဲကို ထွန်းလွင်လည်း ဝင်မည်ဟု သိရသည်။

၁-၇-၈၃ နေ့သည် သောကြာနေ့ ဖြစ်သည်။ စင်ကာပူ နိုင်ငံသားတို့သည် သောကြာနေ့မှာ စိတ်လှုပ်ရှား နေတတ်ကြသည်။ တနင်္လာနေ့မှစ၍ သေလုမြောပါး အလုပ်လုပ်ခဲ့ကြသည်။ စိတ်တင်းကျပ်စွာ လုပ်ငန်းခွင် ဝင်ခဲ့ကြရသည်။ နက်ဖြန်ကစပြီး နှစ်ရက် အနားယူကြ ရတော့မည် ဆိုသည့် အတွေးဖြင့် သောကြာနေ့မှာ စိတ်လှုပ်ရှား နေကြလေ့ ရှိသည်။ စနေနေ့ နေ့တစ်ဝက်နှင့် တနင်္ဂနွေနေ့ကို စောင့်မျှော် နေကြသူတွေ ဖြစ်သည်။ အလုပ်ကို အလုပ်နှင့်တူအောင် လုပ်ကြရသော နိုင်ငံဖြစ်သည်။ လုပ်ငန်းခွင်မှာ ညာနေလို့ မရ၊ အချဉ်ထုပ်ဖောက်စားရင်း ဝတ္ထုစာအုပ်ဖတ်နေလို့ မရ၊ စုထိုင်ဝိုင်းဖွဲ့ပြီး စကားပြောနေလို့ မရ။ ဆာတဲ့အချိန်မှာ ထမင်းချိုင့် ဖွင့်ပြီး စားနေလို့ မရ၊ လန့်ချ်တိုင်းခေါ် နေ့လယ်စာ စားချိန် ၁၂-နာရီတိတိကို သတ်မှတ်ထားသည်။ ရုံးချိန်မှာ မည်သည့် ဧည့်သည်ကိုမျှ လက်ခံ တွေ့ဆုံပြီး စကား မပြောရ။ နံနက် ၉-နာရီ တိတိမှာ လုပ်ငန်းခွင်ကို ရောက်ကြရမည် ဆိုသည့် တင်းကျပ်သည့် စည်းကမ်းတွေကြောင့် စနေနှင့် တနင်္ဂနွေနေ့ကို စောင့်မျှော်နေကြသူတွေ ဖြစ်သည်။

ကိုအဏ္ဏဝါသည် သောကြာနေ့မှာ ပြုလုပ်သည့် လူရွေးပွဲ (အင်တာဗျူး)ကို ဝင်ရန် PIL ရုံးကို သွားသည်။ မြန်မာသင်္ဘောသားတွေက မှန်ကြောင်လို့ နာမည်ပေးထားသည့် တရုတ် (အထက်တန်းစာရေး) ဆီမှာ စာရင်းပေးကြရသည်။ မျက်မှန်ထူထူ တပ်ထားလို့ မှန်ကြောင်လို့ ခေါ်ကြခြင်းဖြစ်သည်။ သင်္ဘောသားတွေဆီက လာဘ်ငွေ ယူတတ်သူဟု နာမည်ကြီးသူ ဖြစ်သည်။ သင်္ဘောသား ရာထူး အဆင့်မျိုးစုံ အတွက် လူရွေးပွဲ လုပ်နေဟန်တူသည်။ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ မောလ်ဒိုက်ကုလားနှင့် ဂါနာနိုင်ငံက ကပ္ပလီတောင် အင်တာဗျူး ဝင်ရန် စာရင်းပေးနေတာ တွေ့ရသည်။ မှန်ကြောင်ဆီမှာ စာရင်းသွင်းပြီးတာနဲ့ မန်နေဂျာကို သွားတွေ့ရသည်။

ကိုအဏ္ဏဝါ၏ အလှည့်မှာ မှန်ကြောင် မေးတာတွေကို အလျင်ဖြေရသည်။ အမည်၊ လူမျိုး၊ အသက်၊ ရာထူးအဆင့်၊ စီဒီစီ နံပါတ်၊

http://www.linhtet.com



ပတ်စ်ပို့စ် နံပါတ်နှင့် ခာတ်ပုံ နှစ်ပုံ တို့ကို ပေးရသည်။ ကိုမှန်ကြောင်၏ အင်္ဂလိပ်စကား အသံထွက် ဆိုးရွားလွန်းလို့ မနည်း နားထောင်ရသည်။ အားလုံး ပေးပြီးသောအခါ မှန်ကြောင်က ကိုအဏ္ဏဝါကို တစ်စုံတစ်ခု ပြောသည်။ ကိုအဏ္ဏဝါရဲ့ နားထဲမှာ ပါပတ်လို့ ကြားလိုက်သည်။ ကိုအဏ္ဏဝါက နားမလည်လို့ ပြန်မေးတော့ မှန်ကြောင် စိတ်တိုပြီး ပြန်အော်သည်။

"ကမိယာ ပါပတ်လား…"

ကိုအဏ္ဏဝါ လန့်ကြောင် ကြောင်နေသည်။ ဘာပြန်ပြောရမှန်း မသိမီ ကိုအဏ္ဏဝါ၏ လက်ထဲက ပတ်စ်ပို့ စာအုပ်ကို မှန်ကြောင်က ဆွဲယူပြီး ပြောသည်။

"ဒီးစ်အိစ်ပါပတ်လား..၊ ယူဒုန့်နိုးလား.."

အခုမှ ကိုအဏ္ဏဝါနားလည်တော့သည်။ စောစောက သူပြောလိုက်သည့် (ကမိယာပါပတ်) ဆိုတာ (Give me your passport)လို့ ပြောခြင်းဖြစ်သည်။ (ဒီးစ်ပါပတ်) နှင့် (ယူဒုန့်နိုး) ဆိုတာက (This is passport) လို့ ပြောခြင်း ဖြစ်သည်။ (You don't know?) လို့ မေးခြင်းဖြစ်သည်။ (လား) ဆိုတာက ဘာမျှ အဓိပ္ပာယ် မရှိသည့် စင်ကာပူ အင်္ဂလိပ် စကား၏ နောက်တွဲ သမ္ဗန္ဓပုဒ် ဖြစ်သည်။

မှန်ကြောင်ရဲ့ အင်္ဂလိပ်စကားကို ကြားရတော့ မနှစ်က အလုပ်မရမီမှာ ကြုံခဲ့ရတာကို သွားသတိရသည်။ မနှစ်က အလုပ် ရှာနေစဉ် မြန်မာတွေကို ရဲက လိုက်ဖမ်းလို့ ပွဲစားအိမ်မှာ မနေရဲတာနဲ့ သူငယ်ချင်း မောင်ဝင်းရဲ့ သင်္ဘောမှာ သွားရောက်ခိုလှုံခဲ့ရသည်။ မောင်ဝင်းရဲ့ သင်္ဘောက သင်္ဘောကျင်းမှာ လွန်းတင် ပြင်ဆင်နေသည်။ တစ်နေ့မှာ မောင်ဝင်းနှင့်အတူ သင်္ဘောကျင်းမှ မြို့တွင်းကို သွားကြရန် ဂျူရောင်းတာမီနယ်လို့ ခေါ်သည့် ကားကြီးဂိတ်မှာ ကားစောင့်နေကြသည်။

မိမိတို့ စီးချင်သည့် ကားကြီး မထွက်မီ ပိုက်ဆံ အကြွေစေ့ လိုက်လဲသည်။ မြို့ထဲက မိမိတို့ သွားမည် နေရာကို ပြား ၆၀ သာ ပေးရသည်။ ကျပ်တန် ပေးလိုက်လျှင် ပြန်မအမ်းတော့လို့ အကြွေစေ့ လိုက်လဲကြခြင်း ဖြစ်သည်။ ကားဂိတ်က အချိုအချဉ်နှင့် တိုလီမိုလီ

http://www.linhtet.com



ရောင်းသည့်ဆိုင် ကလေးကို သွားပြီး အကြွေစေ့ လဲပေးရန် ကျပ်တန် ပေးလိုက်သည်။ ဆိုင်ရှင်ကလေးမက တစ်စုံတစ်ခု ပြန်ပြောသည်။

"ဘိုင်စံသိန်းလား.."

ကိုအဏ္ဏဝါ နားမလည်၍ မောင်ဝင်းကို ကြည့်လိုက်သည်။ မောင်ဝင်းလည်း နားလည်ဟန် မတူ၍ အကြွေစေ့ လဲပေးပါရန် ထပ်ပြောမိသည်။ ကလေးမက လေသံမြင့်ပြီး ထပ်ပြောသည်။

"ယူဘိုင် စံသိန်းလား..."

အခုတစ်ခါ ပြောတာမှာ (ယူ)တစ်လုံး ပိုပါလာလို့ နည်းနည်းတော့ နားလည်သလို ဖြစ်လာသည်။ (နင်ဟာ ဘိုင်ကျနေတဲ့ စံသိန်းဆိုတဲ့လူ မဟုတ်လား)လို့ မေးတာများလားလို့တောင် ထင်လိုက်မိသည်။ မောင်ဝင်းက သဘောပေါက် နားလည်သွားသည်။

"ယူဘိုင်း ဆန်းမ်သိန်းလို့ ပြောနေတာဗျ၊ သကြားလုံးဖြစ်ဖြစ် ချော့ကလက်ဖြစ်ဖြစ် တစ်ခု ဝယ်လိုက်၊ ခင်ဗျား လိုချင်သလောက် အကြွေစေ့ ပြန်အမ်းလိမ့်မယ်"

ရှင် တစ်ခုခုကို ဝယ်ပါ (You buy something) လို့ ပြောတာကို နားလည်မှု လွဲမှားပြီး ဘိုင်ကျနေတဲ့ ဦးစံသိန်း ဖြစ်တော့မလို့ သီသီလေး လိုတော့သည်။ အတော် ဆိုးရွားသည့် အင်္ဂလိပ် အသံထွက် ဖြစ်သည်။ ဒါပေမဲ့ သူတို့က မြန်မာဆိုလျှင် အထင်သေးချင် သေးသည်။

ကိုအဏ္ဏဝါသည် လူတွေ့ အစစ်ဆေးခံရန် အတွက် မှန်ကြောင်၏ နောက်က လိုက်ပါပြီး အခန်းတစ်ခု အတွင်းကို ဝင်ရသည်။ အခန်းထဲမှာ မစ္စတာလင်းနှင့် သင်္ဘောကပ္ပိတန်လို့ ယူဆရသည့် ကုလား တစ်ယောက်တို့ ထိုင်နေကြသည်။ ကိုအဏ္ဏဝါ၏ စီဒီစီကို ကြည့်ကြသည်။ ကိုအဏ္ဏဝါသည် လုပ်သက်မှတ်တမ်းတွေ အများကြီး ပါသည့် စီဒီစီ အတုကို မပြတော့ဘဲ လုပ်သက်တစ်နှစ်ကျော်သာ ရှိသည့် စီဒီစီ အစစ်ကို ပြပြီး အင်တာဗျူး ဝင်ခြင်း ဖြစ်သည်။ လုပ်သက်နည်းလို့ မကြိုက်သည့် သဘော တွေ့ရသည်။ လိုအပ်လျှင် ဆက်သွယ်ပါမည်ဟု ပြောပြီး နှစ်သိမ့်

http://www.linhtet.com



လွှတ်လိုက်ပါသည်။ အလုပ်မရဘူးဆိုတာ ချက်ချင်း သိလိုက်ပါသည်။

ကိုအဏ္ဏဝါသည် စိတ်ပျက်လက်ပျက်ဖြင့် ပီအိုင်အယ်လ်ရုံးမှ ပြန်ထွက်လာခဲ့သည်။ ဘယ်သွားရမှန်း မသိသောအခါ ထုံးစံအတိုင်း ရှီးယားရုံး အောက်က လက်ဖက်ရည်ဆိုင်ကို ရောက်သွားသည်။ လက်ဖက်ရည်ဆိုင်မှာ လူတွေ များသော်လည်း ကိုယ်နဲ့ရင်းနှီး ကျွမ်းဝင်သူ ခင်မောင်ဝင်း တစ်ယောက်ပဲ တွေ့သည်။ ခင်မောင်ဝင်းနှင့်အတူ ဘီယာ သောက်ကြသည်။ နည်းနည်းမူးလာတော့ ခင်မောင်ဝင်းက ဖောက်လာသည်။ ဂေလင်းကို သွားပြီး ကဲကြရအောင်လို့ လုပ်လာသည်။ ကဲဒါလောက်တောင်ရှိလှတာ သွားကွာဆိုပြီး သွားကြသည်။ ဂေလင်း သို့မဟုတ် ဂေလမ်းသည် ညအိပ်တည်းခိုခန်းတွေရှိသော အရပ်ဖြစ်သည်။ မြန်မာ သင်္ဘောသားတိုင်း သိသောအရပ် ဖြစ်သည်။ အိမ်နံပါတ်-၃၇ မှာ တစ်နေ့လုံး ဘီယာ သောက်နေခဲ့ကြသည်။ ခင်မောင်ဝင်းက နက်ဖြန်နံနက်စောစော သင်္ဘောထွက်ရမည် ဖြစ်လို့ သူ့သင်္ဘောကို ပြန်သွားသည်။ ကိုအဏ္ဏဝါကတော့ မာမီကြီးရဲ့ အိမ်မှာပဲ လေးဒေါ်လာပေးပြီး အိပ်လိုက်သည်။

၂-၇-၈၃ နေ့နံနက်မှာ မာမီကြီးအိမ်က ထွက်လာပြီး ဘယ်သွားရမှန်း မသိတော့ ထုံးစံအတိုင်း ရှီးယားရုံးအောက်က လက်ဖက်ရည်ဆိုင်ကိုပဲ ရောက်သွားသည်။ ကော်ဖီတစ်ခွက် မှာသောက်ရင်း ဒီနေ့ ဘယ်သွားပြီး ဘာလုပ်ရလျှင် ကောင်းမလဲ စဉ်းစားနေမိသည်။ ကိုအဏ္ဏဝါကို အလုပ် ခန့်ဖူးသည့် မစ္စတာ အပ္ပဒူလာကို သတိရလာသည်။ မလေးရှား အင်တာနေရှင်နယ် (MISC) ကုမ္ပဏီမှ မန်နေဂျာ ဖြစ်သည်။

ယမန်နှစ်က ကိုအဏ္ဏဝါ အလုပ်ရှာနေစဉ် မစ္စတာအပ္ပဒူလာနှင့် တွေ့ခဲ့သည်။ မစ္စတာ အပ္ပဒူလာက ကိုအဏ္ဏဝါကို ကွာလာလမ်ပူသို့ သွားခိုင်းသည်။ ကွာလာလမ်ပူက အမ်အိုင်အစ်စီ ရုံးချုပ်မှာ အင်တာဗျူး သွားဝင်ပါဟု ပြောသည်။ မစ္စတာအန်းက မသွားသင့်ကြောင်း ပြောသဖြင့် မသွားဘဲ နေခဲ့သည်။ အခုတစ်ခါ အလုပ်လက်မဲ့ ဖြစ်နေပြန်သော အခါ

http://www.linhtet.com



မစ္စတာ အပ္ပဒူလာကို သွားတွေ့မည်ဟု ဆုံးဖြတ်လိုက်ပြီး သူ့ရုံး ရှိရာ အင်တာနေရှင်နယ် ပလာဇာကို သွားသည်။

၁၉၈၃-ခုနှစ်က စင်ကာပူနိုင်ငံမှာ အမြင့်ဆုံး အဆောက်အအုံဖြစ်သည့် အင်တာနေရှင်နယ် ပလာဇာ အဆောက်အအုံကြီးသည် အထပ်ပေါင်း လေးဆယ်ကျော် ရှိသည်။ ရုံးပေါင်း သုံးရာခန့် ရှိမည်ဟု ယူဆရသည်။ သင်္ဘော ကုမ္ပဏီ အတော်များများသည် ဒီအဆောက်အအုံကြီးမှာ ရှိသည်။ မြန်မာပြည်မှာ တစ်ခေတ်တစ်ခါက နာမည်ကြီးခဲ့သည့် မော်လ်ဒစ်လိုင်းသည်လည်း ဒီအဆောက်အအုံကြီးမှာပင် ရှိသည်။ ၂၂ထပ်က မစ္စတာ အပ္ပဒူလာ၏ ရုံးကို ရောက်တော့ မစ္စတာအပ္ပဒူလာ မရှိတော့ပါဟု ပြောသည်။ ဘယ်ရောက်သွားလဲလို့ မေးကြည့်တော့ တခြား ကုမ္ပဏီကို ပြောင်းသွားသည်ဟု ပြောသည်။ ဘယ်ကို ပြောင်း သွားသလဲဆိုတာ မမေးတော့ဘဲ ပြန်လာခဲ့သည်။

အင်တာနေရှင်နယ် ပလာဇာရုံးကြီးနဲ့ မြားတစ်ပစ်အကွာမှာ ရှိတဲ့ ရှီးယားရုံးအောက်က လက်ဖက်ရည်ဆိုင်ကိုပဲ ပြန်သွားသည်။ စင်ကာပူမှာ တခြား သွားစရာနေရာလည်း မရှိလို့ ဒီနေရာကိုပဲ သွားရသည်။ လည်ဝယ်သူ၊ လိမ္မာပါးနပ်သူတွေကတော့ ဒီနေရာမျိုးကို မလာဘဲ ရှောင်ကြသည်။ ဒီနေရာသည် မျက်နှာသိ ဒုက္ခသည်နှင့် တွေ့နိုင်သော နေရာဖြစ်သည်။ တွေ့ပြီဆိုလျှင် ကျွေးမွေး ရရုံသာမက ငွေကြေးပါ ထောက်ပံ့ရလေ့ရှိသည်။

ကိုအဏ္ဏဝါကတော့ စင်ကာပူကို ရောက်တိုင်း ဒီနေရာကို သွားသည်။ အလုပ်လက်မဲ့ဘဝဖြင့် ရင်ခုန်မောပမ်းခဲ့ရသည့် ဒီနေရာလေးကို အလွမ်းပြေ လာကြည့်ခဲ့သည်။ ဘဝတူ ဒုက္ခသည်တွေကို နိုင်သလောက် ကျွေးမွေး ထောက်ပံ့ခဲ့သည်။ ကိုအဏ္ဏဝါ ဆင်ပေါ် ရောက်နေစဉ် ကလည်း ဆင်စီးပြီး ဒီနေရာလေးကို လာခဲ့သည်။ အခု ဆင်ပေါ်က ကျပြီးတော့လည်း ခြေလျင်ခရီးဖြင့် ဒီနေရာလေးကို နေ့စဉ်လာသည်။ မျက်နှာသိနှင့် အပေါင်းအသင်း သူငယ်ချင်းကို ရှာသည်။ ရှာတော့ တွေ့ပါသည်။

http://www.linhtet.com



ကိုကျော်သိန်းနှင့် ကျော်စိန်တို့ကို တွေ့သည်။ ကိုကျော်သိန်းက တော့ တပ်မတော်ရေတပ်မှာ အတူ အမှုထမ်းခဲ့သူ ဖြစ်သည်။ ကျော်စိန် ကတော့ စင်ကာပူ ရောက်မှ ခင်မင်သူ ဖြစ်သည်။ နှစ်ယောက်လုံး အာအို (R/O) တွေ ဖြစ်သည်။ ကိုကျော်သိန်းသည် လစာကောင်းသည့် အလုပ်ကို မရနိုင်သေး ဖြစ်နေသည်။ အလုပ်ရလိုက် လစာမကြိုက်လို့ ပြန်ထွက်လိုက် ဖြစ်နေသည်။ အခုလည်း တပ်ခ်ဘုတ်လို့ခေါ်သည့် ဆွဲသင်္ဘောလေး တစ်စီးမှာ ယာယီဝင်လုပ်နေသည်ဟု ပြောသည်။ လစာ မကောင်းဘူး ဆိုသည့်သဘော ဖြစ်သည်။ ကျော်စိန်ကတော့ အလုပ်ရှာ နေဆဲဟုသိရသည်။ အတူစားကြသောက်ကြသည်။ ကိုအဏ္ဏဝါက အလုပ် လက်မဲ့ ဖြစ်နေသော်လည်း ကားဝယ်ပြီးပြီ လက်ထဲမှာ ငွေနဲ့ကြေးနဲ့ ဆိုတာကို သိနေသည့် ကိုကျော်သိန်းက အထာနပ်သည်။ ကိုအဏ္ဏဝါ ကို နင်ပဲရှင်းလိုက်ပါ ဆိုသည့် အမူအရာ ပြသည်။ လက်ဖက်ရည်ဆိုင် စားသောက်ဆိုင်မှာ ဝိုင်းထိုင်ကြပြီဆိုလျှင် ကုန်ကျစရိတ်ကို သူပေးနိုးနိုး ငါပေးနိုးနိုးဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အိတ်ထဲက ပိုက်ဆံကို နှိုက်တော့မယောင် လုပ်တာမျိုးကို ရှက်သည့် ကိုအဏ္ဏဝါက ဦးခင်လျှင်ခင် ထုတ်ပေးလိုက်သည်။

အဲဒီလို မနေတတ် မထိုင်တတ်၊ မပါးနပ်မှုတွေကြောင့် ကိုအဏ္ဏဝါ မှာ အကုန်အကျတွေ များသည်။ မနေ့ကအထိ အိတ်ထဲမှာ ဒေါ်လာ တစ်ရာကျော် ရှိခဲ့သည်။ အခု နှစ်ဒေါ်လာသာ ရှိတော့သည်။ ရုံးဆင်းချိန် နီးပြီးဖြစ်လို့ (PIL) က ဆရာဦးစောဖေကို သွားတွေ့ဦးမည်ဟု ပြောပြီး ကိုကျော်သိန်းတို့နဲ့ လမ်းခွဲခဲ့ပါသည်။ ဆိုင်ထဲက ထွက်ခါနီးမှာ ကိုကျော်သိန်းက ပြောသည်။

"သွားမနေပါနဲ့ စိုးကြီးရာ၊ ကိုစောဖေကလည်း အားမကိုး လောက်ပါဘူး"

သူက ဦးစောဖေနဲ့ ပိုပြီး ရင်းနှီးသူ ဖြစ်သည်။ ဦးစောဖေဆီကို ဘယ်နှကြိမ် သွားပြီးပြီလည်း မသိဟု တွေးမိသည်။ ဦးစောဖေသည် တပ်မတော် ရေတပ်ကထွက်ပြီး (PIL) မှာ ရေဒီယို ဆက်သွယ်ရေး အင်ဂျင်နီယာ ဝင်လုပ်နေသည်။ ကိုအဏ္ဏဝါတို့ ရေတပ်ကို ဝင်သည့်အချိန်

http://www.linhtet.com



မှာ ဦးစောဖေက တပ်ကထွက်သွားပြီး ဖြစ်သည်။ ကိုကျော်သိန်းကတော့ ဦးစောဖေကို တပ်ထဲမှာ မြင်ဖူးတွေ့ဖူးလိုက်သည်။ ပီအိုင်အယ်လ် ကုမ္ပဏီမှာ အလုပ် ရဖို့အတွက် ဦးစောဖေ၏ အကူအညီလေးများ ရမလား ဆိုသည့် မျှော်လင့်ချက်ဖြင့် ဦးစောဖေကို တွေ့ဖို့ သူ့ရုံးစားပွဲကို သွားသည်။

ဦးစောဖေကို သူ့စားပွဲမှာ အဆင်သင့် တွေ့ပါသည်။ အသားဖြူဖြူ၊ ရွှေရောင်ကိုင်း မျက်မှန် ထူထူတပ်ထားတော့ ဖြုန်းခနဲ ကြည့်လိုက်လျှင် ထိုင်းဘုရင် ဘူမိဘောနဲ့ပင် ခပ်ဆင်ဆင် တူသယောင် ထင်လိုက်မိသည်။ သဘောကောင်းတာ တွေ့ရသည်။ သူတတ်နိုင်လျှင် ကူညီချင်သည့် မျက်နှာ အမူအရာ တွေ့ရသည်။ ဆရာဦးစောဖေက ကိုအဏ္ဏဝါကို မသိသည့်အတွက် ရေတပ်ထွက် ဆက်သွယ်ရေး ရဲဘော်ဟောင်း ဖြစ်ကြောင်းပြောပြီး မိတ်ဆက်ရသည်။ ရေတပ် ဆက်သွယ်ရေးတပ်က သူတို့ခေတ် ရဲဘော်ရဲဘက်ကြီးတွေရဲ့ အကြောင်းတွေ ပြောပြီး ရင်းနှီးမှု ရယူရသည်။ ကိုအဏ္ဏဝါက အလုပ်ရရှိရေးအတွက် ကူညီနိုင်ပါက ကူညီပါရန် ပြောသည်။ ဆရာဦးစောဖေက တနင်္လာနေ့ကျလျှင် မစ္စတာလင်းနဲ့ လာတွေ့ပါဟု ပြောသည်။ ကိုအဏ္ဏဝါ ပြန်တော့မယ်လို့ နှုတ်ဆက်သည့်အခါ ဦးစောဖေက ပြောသည်။

"မင်းတို့ တခြား ကုမ္ပဏီတွေမှာ သွားလုပ်ကြပါကွာ၊ ဒီကုမ္ပဏီကို မလာကြနဲ့၊ ဒီကုမ္ပဏီက မကောင်းဘူးကွ"

သူကိုယ်တိုင် လုပ်နေသည့် ကုမ္ပဏီကို မကောင်းဘူးလို့ ပြောတာဟာ အမှန်ပြောတာ ဖြစ်မည်ဟု တွေးမိသည်။ ကိုအဏ္ဏဝါကို စေတနာနဲ့ ပြောတာဖြစ်မည်ဟု ယုံကြည်သည်။ ဘာတွေကြောင့် မကောင်းဘူးလို့တော့ မပြော၍ မသိဖြစ်သွားသည်။

၃-၇-၈၃ နေ့သည် တနင်္ဂနွေနေ့ ဖြစ်လို့ ဆရာမကြီး ကိုယ်တိုင်လည်း အိမ်မှာ ရှိနေသည်။ ကိုအဏ္ဏဝါလည်း ဘယ်ကိုမျှ မသွားတော့ဘဲ အိမ်မှာပဲ အိပ်နေသည်။ အလုပ်မရှိလို့ စိတ်ညစ်နေပေမဲ့ ခန္ဓာကိုယ်ကြီးက ဝလာနေတာကို သိနေသည်။ ဝမ်းချုပ်ပြီး သွေးတိုးနေသည်။ အထိုင်အထ မသွက် ဖြစ်နေသည်။ လက်ချောင်းတွေ တင်းပြီး ဆုပ်လို့ မကောင်း

http://www.linhtet.com



ဖြစ်နေသည်။ နေ့လယ်က အိပ်ထားတော့ ညကျတော့ တော်တော်နဲ့ အိပ်လို့မပျော် ဖြစ်နေသည်။ အလုပ်မရမီ စင်ကာပူမှာ နေထိုင်ခွင့် ရက်ကုန်ဆုံးပါက ဘာလုပ်ရမလဲလို့ တွေးရင်း ည ၁၂-နာရီ ကျော်မှ အိပ်ပျော်သွားသည်။

၄-၇-၈၃ နေ့သည် တနင်္လာနေ့ ဖြစ်လို့ စင်ကာပူသည် လုပ်ငန်းခွင် ဝင်ရန်အတွက် ထမ်းပိုးတင်ခံရသည့် နွားပျင်းကြီးလို့ ဖြစ်နေသည်။ စနေနှင့် တနင်္ဂနွေ နှစ်ရက် နားခဲ့ပြီးလို့ ရုံးတွေ အသီးသီးကို ပြန်လာကြသည့် ရုံးလုပ်သားတွေ၏ လှုပ်ရှားနေကြပုံတွေဟာ ငြီးငွေ့စရာ ကောင်းနေသည်။ စက်ရုပ်ဆန်နေကြတာ တွေ့ရသည်။

ဂိုးလ်ဒင်းမိုင်း တာဝါကို သွားသည်။ ထရိတ်မား ကုမ္ပဏီမှာ လျှောက်လွှာတင်သည်။ လက်ခံထားလိုက်သည်။ မနှစ်က စီဒီစီ အတုဖြင့် လျှောက်လွှာတင်ဖို့ လာစဉ်က ဒီအဆောက်အအုံကြီးရဲ့ ဓာတ်လှေကားထဲမှာ တွေ့ဆုံပြီး မိတ်ဆွေဖြစ်ခဲ့ကြသည့် မစ္စတာ ရေမွှန်တိုးသည် ဒီအဆောက်အအုံကြီးမှာပင် ရှိနေသေးသည်။ ရေမွှန်ကို ဝင်နှုတ်ဆက်သည်။ ရုံးချိန်ကြီး ဖြစ်နေလို့ ရေမွှန်က ကိုအဏ္ဏဝါကို ကြာကြာ လက်ခံပြီး စကားမပြောချင် ဖြစ်နေတာကို သတိထားမိသည်။ စကားစ ဖြတ်ပြီး နှုတ်ဆက်ထွက်ခွာလာခဲ့သည်။ ရေမွှန်က လန့်ချ်တိုင်း (နေ့လယ်စာစားချိန်)မှာ ပြန်လာခဲ့ပါလား၊ ထမင်းစားရင်း စကားပြောရအောင်ဟုဆိုသည်။ သူ ကျွေးပါမည်ဟုဆိုသည်။ ကိုအဏ္ဏဝါက သွားစရာ ကိစ္စရှိသေးလို့ နောက်တွေ့ကြမည်ဟု ပြောပြီး ပြန်လာခဲ့သည်။ ရေမွှန်သည် ဖားရုပ်တံဆိပ် စပို့ရှပ် ကုမ္ပဏီ၏ အရောင်း မန်နေဂျာ ဖြစ်သည်။ မိကျောင်းတံဆိပ် (ခရိုကိုဒိုင်း)ကို အသေအလဲ လိုက်ပြိုင်နေရသော ကုမ္ပဏီဖြစ်သည်။

ဝမ်ဟပ်ကွန်ပလက်လို့ ခေါ်ကြသည့် အဆောက်အအုံကြီးကို သွားသည်။ ရှစ်ထပ်ကို ဓာတ်လှေကားဖြင့် တက်သွားသည်။ အခန်း (၀၈-၅၅)က ပုဂ္ဂိုလ်တစ်ယောက်ကို သွားရှာသည်။ စင်ကာပူမှာ နေထိုင်နိုင်ခွင့် (စတေးပါမစ်) ကို ရက်တိုးပေးရန် ကူညီနိုင်သူ ပွဲစားဖြစ်သည်။ အပြင်သွားနေ၍ မတွေ့ခဲ့ရဘဲ ပြန်ခဲ့ရသည်။

http://www.linhtet.com



ချာတာဘဏ်မှာ ဒေါ်လာ ၂၀၀ ထုတ်သည်။ ၅၉၁၂ ဒေါ်လာ (စင်ကာပူ ဒေါ်လာ) သာ ကျန်တော့သည်။ ရင်ခုန်နေရပြီ ဖြစ်သည်။ သောကြာနေ့က ဆရာဦးစောဖေ၏ အကြံပေးချက်အရ (PIL) ရုံးကို သွားပြီး မစ္စတာလင်းကို သွားတွေ့သည်။ ဘာမျှ မထူး၊ မရေမရာ စကားတွေ ပြောပြီး နှစ်သိမ့်လွှတ်လိုက်သည်။ ပဲခူးလမ်းမှာ ရှိသည့် ဆရာမကြီးရဲ့ အိမ်ကိုပြန်ပြီး အနားယူသည်။ မုဆိုးအို သားကောင် ရှာသလို ပင်ပန်းလှပါလားဟု သက်မကြီး ချလိုက်ပါသည်။

၅-၇-၁၉၈၃ ခုနှစ်၊ အင်္ဂါနေ့သည် ကိုအဏ္ဏဝါ၏ ကံကြမ္မာ အလှည့်အပြောင်းဖြစ်မည့် အစ,နေ့လို့တောင် ပြောလို့ရသည်။ စင်ကာပူ နိုင်ငံက ဂိုလ်ဒင်းမိုင်းတာဝါ အဆောက်အအုံကြီးမှာပဲ ရှိသည့် တိုမို ကုမ္ပဏီမှာ သင်္ဘောသားရေးရာ မန်နေဂျာ လုပ်နေသည့် ဦးမောင်မောင် ဆက်သည် ကိုအဏ္ဏဝါ၏ ဆရာ ဒုတိယဗိုလ်မှူးကြီး လင်းသိန်းမောင်၏ ဦးလေးလား၊ အစ်ကိုလားမသိ၊ ဆွေမျိုးအရင်းကြီး ဖြစ်သည်။ ဗိုလ်မှူးကြီး လင်းသိန်းမောင်၏ တပည့်အရင်း ခေါက်ခေါက်ကြီး ဖြစ်ကြောင်း အထောက်အထားတွေ တင်ပြပြီး ဦးမောင်မောင်ဆက်ကို အကူအညီ တောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

ဂိုးလ်ဒင်းမိုင်း တာဝါ အဆောက်အအုံကြီးရှိ တိုမိုရုံးကို ရောက် တော့ ဦးမောင်မောင်ဆက်နဲ့ တွေ့ပါသည်။ တပ်မတော် ရေတပ်က ထွက်သူ ဖြစ်ကြောင်း၊ ဗိုလ်မှူးကြီး လင်းသိန်းမောင်သည် မိမိ၏ တပ်မှူး ဖြစ်ကြောင်း၊ ဗိုလ်မှူးကြီး၏ လက်ကသုံးတောင်းဝှေးအဖြစ် ခြောက်နှစ် တိတိ အတူအမှုထမ်းခဲ့ကြောင်း၊ စင်ကာပူကို ရောက်လျှင် အန်ကယ် ဆက်ကို သွားတွေ့ရန် ဗိုလ်မှူးကြီးက အမိန့်ရှိလိုက်ကြောင်း စသည်ဖြင့် ဟုတ်တာတွေရော၊ မဟုတ်တာတွေပါ ပြောတော့သည်။ ဦးမောင်မောင် ဆက်က သူ့ကို အမြဲဆက်သွယ်ရန် ပြောပြီး ဖုန်းနံပါတ်-၂၉၆၈၃၁၁ကို ပေးပါသည်။ ဆရာမကြီး မစ္စကယ်ရ်အေးရဲ့ အိမ်မှာ တည်းခိုနေကြောင်း ပြောပြီး ပြန်ခဲ့ပါသည်။

တိုမိုရုံးက ပြန်ထွက်လာပြီး ဘယ်သွားရမှန်းမသိ ဖြစ်နေသည်။ သွားစရာ မရှိတော့ ထုံးစံတိုင်း ရှီးယားရုံးအောက်က လက်ဖက်ရည်ဆိုင်

http://www.linhtet.com



ကိုပဲ ရောက်သွားသည်။ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ကော်ဖီတစ်ခွက်မှာသောက်နေစဉ် အင်ဒိုနီးရှား သို့မဟုတ် မလေးရှားလို့ ထင်ရသည့် အသက်လေးဆယ်ခန့်အရွယ် ယောကျ်ားတစ်ယောက်နှင့် အသက်သုံးဆယ်ရှစ်နှစ်ခန့် အရွယ် အသားဖြူဖြူ ရုပ်ဖြောင့်ဖြောင့် အမျိုးသမီးတစ်ယောက်ဆိုင်ထဲ ဝင်လာပြီး ဆိုင်ထဲမှာ ထိုင်နေသူတွေရဲ့ မျက်နှာကိုလိုက်ကြည့်နေသည်။

အမျိုးသမီးသည် မလေးတရုတ်မတွေ ချောပုံမျိုး ချောသည်။ အရုပ်အမောင်း ကောင်းသည်။ ကိုယ်လုံးကိုယ်ပေါက်လည်း လှသည်။ ဂျင်းဘောင်းဘီကျပ်ကျပ်နှင့် တီရှပ်အဖြူကို ဝတ်ဆင်ထားသည့်အတွက် သူ့ရဲ့ ကိုယ်ကာယအလှက ကြွတက်ပြီး အဖုအထစ်တွေက ပေါ်လွင်နေသည်။ ဘောင်းဘီ နောက်အိတ်မှာ ထည့်ထားသည့် စီးကရက်ဘူးကိုထုတ်ယူလိုက်သည်။ ဘူးထဲက စီးကရက် တစ်လိပ် ဆွဲထုတ်ပြီး နှုတ်ခမ်းနီရဲရဲမှာ ခဲလိုက်သည်နှင့် တစ်ပြိုင်နက် သူနှင့်အတူ ပါလာသူအမျိုးသားက မီးခြစ်ကို ဖြောက်ခနဲ ခြစ်ပေးပြီး မီးညှိပေးလိုက်သည်။ စီးကရက်ကို ဟန်ပါပါဖွာပြီး ရုပ်ရှင်မင်းသမီးကြီး တင်တင်မူရဲ့ အိုက်တင်ဖြင့် မီးခိုး မှုတ်ထုတ်လိုက်သည်။ ကိုအဏ္ဏဝါ ထိုင်နေသည့် စားပွဲနှင့်လက်တစ်ကမ်းအကွာမှာ လာရပ်ပြီး စတိုင်ထုတ်နေ၍ ကြည့်ကောင်းလှသည်။ အမျိုးသမီးက သူ့ကို ဝိုင်းကြည့်နေသူတွေကို ပြန်ကြည့်ပြီးမေးသည်။

"ရှင်တို့အထဲမှာ ရေဒီယိုဆက်သွယ်ရေး အရာရှိ ပါသလား"

ကိုအဏ္ဏဝါက ကော်ဖီတစ်ကျိုက် ငုံ့သောက်ရင်း လက်ထောင်ပြလိုက်သည်။ အမျိုးသမီးသည် အလွန် ရဲတင်းသော အမူအရာဖြင့် ကိုအဏ္ဏဝါ ထိုင်နေသည့် စားပွဲမှာ ဝင်ထိုင်သည်။ သူ ဝင်ထိုင်တော့ သူ့လူပါ လာထိုင်သည်။ ကိုအဏ္ဏဝါကို လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးသဖြင့် ကိုအဏ္ဏဝါကလည်း လက်ဆွဲ နှုတ်ဆက်လိုက်ပါသည်။ သူ့လူနှင့်လည်း မိတ်ဆက်ပေးပါသည်။ အမျိုးသမီးက သူသည် သင်္ဘောပိုင်ရှင်ဟု ပြောပါသည်။ သူ့လူက သူ့သင်္ဘော၏ ကပ္ပိတန်ဟု ဆိုပါသည်။ ကိုအဏ္ဏဝါကို အလုပ်စကား ပြောသည်။

http://www.linhtet.com



"ရှင့် စီဒီစီ ခဏပြပါ"

ကိုအဏ္ဏဝါမှာ စီဒီစီအတုနှင့် အစစ်နှစ်မျိုး ရှိနေသည်။ အစစ်က ရေယာဉ်လုပ်သက် တစ်နှစ်နှင့် သုံးလသာ ရှိသည်။ အတုကတော့ လုပ်သက် ဆယ်နှစ်ကျော် ရှိသည်။ အထင်ကြီး ခံချင်တာနဲ့ အတုကို ထုတ်ပြလိုက်သည်။ အမျိုးသမီးက စာအုပ်ကို ဆွဲယူကြည့်ပြီး သူ့ကပ္ပိတန်၏ လက်ကို ကမ်းပေးလိုက်သည်။ ကပ္ပိတန်က ယူကြည့်ပြီး သူ့ပိုင်ရှင်ကို တစ်စုံတစ်ခု ပြောသည်။ မလေးဘာသာ စကားဖြင့် ပြောလို့ ကိုအဏ္ဏဝါ နားမလည် ဖြစ်နေသည်။ ဒီပုဂ္ဂိုလ်ဟာ သမ္ဗာရင့် ဝါရင့်ကြီး ဖြစ်လို့ တို့ပေးနိုင်မည့် လစာဖြင့် လုပ်မယ်မထင်ဘူးလို့ ပြောဟန်တူသည်။ အမျိုးသမီးကလည်း ကိစ္စမရှိ မေးကြည့်တာပေါ့ဆိုသည့် ပုံစံဖြင့် မေးသည်။

"လစာ ဘယ်လောက်ရမှ လုပ်မှာလဲ"

"ခင်ဗျားတို့ကရော အများဆုံး ဘယ်လောက်ပေးနိုင်မလဲ"

"စင်ကာပူ ဒေါ်လာခြောက်ရာ အများဆုံး ခုနှစ်ရာဆိုပါတော့။ လစာက မကောင်းပေမဲ့ အကြံအဖန် ရှိတယ်။ သင်္ဘောက စင်ကာပူနဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်ကိုပဲပုံမှန် သွားတယ်။ နှစ်ပတ်တစ်ကြိမ် စင်ကာပူကို ပြန်ရောက်မယ်"

ကိုအဏ္ဏဝါ ခေါင်းခါလိုက်သည်။ အကြံအဖန်ရှိတယ်ဆိုတဲ့ စကားကြောင့်ပင် ခေါင်းခါလိုက်ခြင်း ဖြစ်သည်။ ဒီအမျိုးသမီးသည် တကယ့်မှောင်ခို လက်ကြီးသမားဆိုတာကို သိလိုက်သည်။ ကမ္ဘောဒီးယားနိုင်ငံရှိ အင်ကာဝပ်ဘုရားကျောင်း အပါအဝင် နေရာဒေသ အသီးသီးက ရှေးဟောင်းပစ္စည်း အမျိုးမျိုးတွေကို ခိုးဝယ်ပြီး စင်ကာပူမှာ ပြန်ရောင်းနေသည့် မှောင်ခိုဂိုဏ်းက သင်္ဘောဖြစ်မည်ဟု တွေးလိုက်မိသည်။ အဲဒါမျိုးကို ဆိပ်ကမ်းအာဏာပိုင် အဖွဲ့က ဖမ်းမိသွားပါက ထောင်ကျနိုင်သည်။

ကိုအဏ္ဏဝါနှင့် အမျိုးသမီးတို့စကား ပြောနေကြတာကို မသိမသာ နားထောင်နေကြသည့် အလုပ်လက်မဲ့တွေထဲက တစ်ယောက်က သူလုပ်မယ်ဆိုပြီး ဝင်ပြောသဖြင့် သူတို့ချင်း ချိတ်မိသွားကြသည်။ အလုပ်ရှင်

http://www.linhtet.com



နှင့် အလုပ်သမား အသစ်တို့ ဆိုင်ထဲက အတူထွက်ခွာသွားကြသည်။ သူတို့နောက်ကျောကို ကြည့်ပြီး ကိုအဏ္ဏဝါ ပြုံးလိုက်မိသည်။

၆-၇-၈၃ နေ့နံနက်မှာ ဦးမောင်မောင်ဆက်ကို ဖုန်းဆက်ပြီး နှုတ်ဆက်စကား ပြောသည်။ နှုတ်ဆက်တယ်ဆိုတာထက် အလုပ်ကိစ္စ အတွက် သတိပေးခြင်းဖြစ်သည်။ ဦးမောင်မောင်ဆက်ကလည်း သူ့ကို နေ့စဉ်ဖုန်းဆက်ရန် ပြောထားလို့ ဆက်လိုက်ခြင်း ဖြစ်သည်။

"မင်္ဂလာ နံနက်ပါ အန်ကယ်ဆက်၊ ကျွန်တော်စိုးမြင့်ပါ။ ဗိုလ်မှူးကြီး လင်းသိန်းမောင်ရဲ့ တပည့် စိုးမြင့်ပါ။ ဘာများ ထူးလဲလို့ သိချင်လို့ပါ"

ကိုအဏ္ဏဝါသည် အရည်အချင်း မရှိရုံသာမက ကျောထောက် နောက်ခံလည်း မကောင်းသူ ဖြစ်သည်။ ကျောထောက်နောက်ခံ မရှိသူ ဖြစ်လို့ ရှိစုမဲ့စု ကျောထောက်နောက်ခံလေးတွေကို ဖော်ထုတ်ပြောနေ ရသူ ဖြစ်သည်။ တပည့် မွေးနိုင်သူ မဟုတ်လို့ ဆရာတွေ အများကြီးကို မွေးထားရသူ ဖြစ်သည်။ ဦးမောင်မောင်ဆက်ကလည်း ဗိုလ်မှူးကြီး လင်းသိန်းမောင်၏ မျက်နှာဖြင့် ကိုအဏ္ဏဝါကို ဦးစားပေး ဆက်ဆံသည်။

"စိုးမြင့် နင့်မှာ မွန်ရိုးဗီးယားလက်မှတ် ရှိလား"

"မရှိဘူး အန်ကယ်၊ ပနားမားပဲ ရှိတယ်"

"မရှိရင် လုပ်ထားလိုက်၊ လုပ်ပြီးရင် ငါ့ကိုပြော"

"ဟုတ်ကဲ့ပါ အန်ကယ်"

မွန်ရိုးဗီးယားဆိုတာ လိုက်ဘေးရီးယားနိုင်ငံက ထုတ်ပေးသည့် လက်မှတ်ကို ပြောခြင်းဖြစ်သည်။ လိုက်ဘေးရီးယားနိုင်ငံမှာ မှတ်ပုံတင် ထားသည့် သင်္ဘောကို တက်ရမည်ဆိုပါက လိုမည် ဖြစ်သည်။

လိုက်ဘေးရီးယားနိုင်ငံ ကောင်ဆယ်လိပ်ရုံးကို သွားသည်။ လိုက် ဘေးရီးယား လက်မှတ် လုပ်လိုကြောင်း ပြောသည်။ ပုံစံစာရွက်တွေ ဖြည့်ပြီး ဓာတ်ပုံကပ်ရသည်။ အမေရိကန် အိက်စ်ပရစ်ဘဏ်မှာ ချလံဖြင့် ငွေသွင်းရသည်။ အမေရိကန်ဒေါ်လာ တစ်ရာသွင်းရသည့် တစ်စောင် နှင့် ၃၅ ဒေါ်လာ သွင်းရသည့် တစ်စောင်၊ စုစုပေါင်း နှစ်စောင်သွင်း ရတာက ၁၃၅ ဒေါ်လာ ကုန်သွားသည်။

http://www.linhtet.com



နိုထရီပတ်ပလိတ် (ဝတ်လုံတော်ရမင်း) တစ်ယောက်ဆီမှာ လက်မှတ်ထိုးရသည်။ ဆေးစစ်ရသည်။ ဒီနေ့တစ်နေ့တည်း အမေရိကန်ဒေါ်လာ ၃၈၀ ခန့် ကုန်သွားသည်။ ဘဝရုန်းကန်မှုတွေမှာ ရင်းနှီးမြှုပ်နှံမှုဆိုတာ ရှိစမြဲပေပဲလို့သာ ဖြေရတော့သည်။ မိမိမှာ ပနားမားလက်မှတ်ရှိထားပြီး ဖြစ်သည်။ ယခု လိုက်ဘောရီးယား လက်မှတ်ပါ ရှိပြီဆိုလျှင် မည်သည့် သင်္ဘောကို မဆို တက်လို့ရပြီ ဖြစ်သည်။ အစစ ပြည့်စုံအောင် လုပ်ထားရသည့်သဘော ဖြစ်သည်။

၇-၇-၈၃ နေ့မှာ အလုပ်ရှာထွက်မလို့ အဝတ်အစား လဲနေစဉ် ဆရာမကြီးရဲ့အိမ်ကို ဆရာမင်းအေးချမ်း ရောက်လာသည်။ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းကြီးမို့ ကြည့်ကောင်းသူ ဖြစ်သည်။ စက်မှုတက္ကသိုလ်မှာ ကျောင်းဆရာ လုပ်ခဲ့ပြီးမှ အလုပ်က ထွက်ပြီး သင်္ဘော လိုက်သူ ဖြစ်သည်။ သင်္ဘောသား အင်ဂျင်နီယာ တော်တော်များများဟာ သူ့တပည့်တွေ ဖြစ်သည်။ သူကိုယ်တိုင်ကတော့ ဒုတိယ အင်ဂျင်နီယာ ရာထူးဖြင့် သင်္ဘောလိုက်နေသည်။ သင်္ဘောတစ်စီးက ဆင်းလာပြီး ရန်ကုန်ကလာမည့် သူ့ဇနီးကို စင်ကာပူက စောင့်နေခြင်း ဖြစ်သည်။ သူ့ဇနီး ရောက်လာလျှင် ဘန်ကောက်ကို အတူသွားပြီး ဘုရားဖူးကြမည် ဖြစ်သည်။ ဘန်ကောက်ကနေ ရန်ကုန်ကို ပြန်မည်ဟု ဆိုသည်။

ဆရာမင်းအေးချမ်းနှင့်အတူ ဆရာမကြီးအိမ်က ထွက်လာခဲ့ကြသည်။ နှစ်ယောက်တွဲပြီး မြို့ပတ်ကြသည်။ ရုံးပေါက်စေ့ဝင်ပြီး မေးသည်။ သင်္ဘောကုမ္ပဏီတိုင်းက လက်ခါပြပြီး ကန်တော့ဆွမ်း လောင်းကြပါသည်။ ဂိုးလ်ဒင်းမိုင်းတာဝါက ထရိတ်မားကုမ္ပဏီမှာ လူလိုသလိုလို သတင်းရလို့ နှစ်ယောက်သား တိုင်စီငှားပြီး သွားကြပြန်သည်။ ထရိတ်မားရုံးက ဧည့်ခံအမျိုးသမီး (ရီဆက်ပ်ရှင်းနစ်)က လောလောဆယ် လူမလိုသေးပါရှင်ဟု ယဉ်ယဉ်ကျေးကျေး ပြောပါသည်။ ကိုအဏ္ဏဝါနှင့် ဆရာမင်းအေးချမ်းတို့က တိုင်ပင်ထားသည့်အလား ဝါးခနဲရယ်လိုက်မိကြသည်။ ဧည့်ကြိုအမျိုးသမီးသည် မျက်နှာ မည်းခနဲ ဖြစ်သွားပြီး ကိုအဏ္ဏဝါတို့ နှစ်ယောက်ကို ခါးလက်ထောက်ပြီး ဟောက်ပါလေတော့သည်။

"ကျွန်မ ပြောတဲ့ စကားထဲမှာ ဘာများ ရယ်စရာပါလို့လဲ"

ကိုအဏ္ဏဝါတို့ နှစ်ယောက်သည် ပြုံးစိစိဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာပြန်ပြောရမှန်း မသိ ဖြစ်နေကြသည်။ ငါတို့ မှားသွားပြီဆိုတာကိုတော့ သိလိုက်ကြသည်။ အင်္ဂလိပ်စကားကို လိပ်ပတ်လည်အောင် ပြောတတ်သည့် ဆရာမင်းအေးချမ်းက တောင်းပန်သည့် အမူအရာဖြင့် (နိုး နိုး နိုး ယူအာနွတ်ဖန်နီး၊ ဝီအာဖန်နီး) လို့ အစချီပြီး အမျိုးသမီး ကျေနပ်အောင် ရှင်းပြရတော့သည်။ ဒီနေ့တစ်နေ့လုံး တစ်ရုံးဝင် တစ်ရုံးထွက်ဖြင့် အလုပ်ရှာ ထွက်ခဲ့ကြတာ ဘယ်နေရာမှာမှ အဆင်မပြေ ဖြစ်လာလို့ မိမိတို့ ကံကြမ္မာရဲ့ ရယ်စရာကောင်းတာကို တွေးမိပြီး ရယ်မိတာ ဖြစ်ကြောင်း ရှင်းပြတော့မှ ကျေနပ်သွားသည်။ အိုကေလို့ ပြောပြီး ပြန်ထိုင်သွားသည်။

ဆရာမင်းအေးချမ်းနှင့်အတူ နေ့လယ်စာ စားကြပြီး လိုက်ဘေးရီးယား ကောင်ဆယ်လိတ်ကို သွားကြသည်။ လိုက်ဘေးရီးယား လက်မှတ်ရသည်။ ဆီးမင်းဘုတ်အတွက် ဆယ်ဒေါ်လာ သွင်းရပြန်သည်။ လိုက်ဘေးရီးယား လိုင်စင်အတွက် စုစုပေါင်း ဒေါ်လာ ၄၀၀ လောက် ကုန်ကျသွားပြီး ဖြစ်သည်။ ဘယ်ဆက်သွားရမှန်း မသိတော့ ဆရာမင်းအေးချမ်းနှင့်အတူ အာရပ်စထရီ ရောက်သွားကြတော့သည်။ ကောင်မလေးတွေ လျှောက်ကြည့်ပြီး ညစာအတူ စားကြသည်။

ညအိပ်ခါနီးကျတော့ အလုပ်ရှာဖွေရာတွင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို လည်းကောင်း၊ လိုက်ဘေးရီးယား လက်မှတ်ရပြီးတာကိုလည်းကောင်း၊ ဆရာမကြီးကို အစီရင်ခံရသည်။ ဆရာမကြီးက ဇက်ကြောတက်သည်။ နောက်ကြောတက်သည်ဆို၍ ကိုအဏ္ဏဝါက တံတောင်ဖြင့် ထောက်ပေးရသည်။ သာကေတမှာနေတဲ့ အမေကိုတောင် ဒီလိုတစ်ခါမျှ နင်းနှိပ်မပေးဖူးဘူး၊ စင်ကာပူမှာ အလုပ်မရှိ အကိုင်မရှိဘဲ သူ့အိမ်မှာ ကပ်နေရတော့ လုပ်ပေးရတော့မှာပေါ့ဟု တွေးနေမိသည်။

❐

http://www.linhtet.com

## [ ၂ ]
## စင်ကာပူက ထွက်စေ

စင်ကာပူနိုင်ငံ လူဝင်မှု ကြီးကြပ်ရေးနှင့် မြန်မာသင်္ဘောသားတွေ ပြဿနာတက်နေပြီဆိုသည့် သတင်းထွက်လာသည်။ မြန်မာ သင်္ဘောသားတွေသည် သူတို့၏ ပတ်စ်ပို့တွေမှာ စင်ကာပူ အဝင်အထွက် သင်္ကေတတွေကို မင်ဖျက်ဆေးဖြင့် ဖျက်ပြီး စင်ကာပူကို တစ်ခါမျှ မရောက် ဖူးသေးသည့် လူရိုးလူအဟန် ဆောင်ကြသည်ဟု သိရသည်။ စင်ကာပူကို ဂရီးဂရီး ဝင်လိုက် ထွက်လိုက် လုပ်နေတဲ့ ဒီမျက်နှာတွေကို လူဝင်မှုကြီးကြပ်ရေးက မှတ်မိနေပါလျက် မရောက်ဖူးပါဟု ငြင်းသည်။ အခုမှ ရောက်လာသည့် အသစ်ကလေးပါဟု လိမ်သည်။ လူဝင်မှု အရာရှိက မသင်္ကာလို့ ကွန်ပျူတာနှင့် တိုက်ဆိုင် စစ်ဆေးကြည့်တော့မှ အလိမ်ပေါ်သည်။ လူဝင်မှု ကြီးကြပ်ရေး ဌာနက စိတ်ဆိုးပြီး မြန်မာသင်္ဘောသားတွေ့ရဲ့ ပတ်စ်ပို့မှတ်တမ်းတွေကို ကွန်ပျူတာ ဖိုင်တွဲထဲက ဖျက်ထုတ် (ဝိုက်အောက်) ပစ်လိုက်သည်။ အစက ပြန်စမည်ဆိုပြီး စင်ကာပူမှာ နေထိုင်ခွင့် သက်တမ်း လာတိုးသည့် မြန်မာသင်္ဘောသားတိုင်းကို ဆက်လက်နေထိုင်ခွင့် မပြုဘဲ မောင်းထုတ်နေသည် ဆိုသည့် သတင်းရသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



## မုန်းရစ်လေဦး စင်ကာပူ

ကိုအဏ္ဏဝါသည် ၂၇-၆-၈၃ နေ့မှာ စင်ကာပူကို ရောက်သည်။ နေထိုင်ခွင့် ၁၄ ရက် ရခဲ့သည်။ မနက်ဖြန် ၁၀-၇-၈၃ ဆိုလျှင် နေထိုင်ခွင့် ကုန်ဆုံးမည် ဖြစ်သည်။ စင်ကာပူမှာ ဆက်လက် နေထိုင်ခွင့် လျှောက်ထားရန် လူဝင်မှု ကြီးကြပ်ရေး ရုံးကြီးကို သွားသည်။ ဘုတ်ကွေးမှာ ရှိသည့် သံတံတား အဖြူကြီးကို ဖြတ်လိုက်သည်နှင့် လူဝင်မှုပွဲစား စင်ကာပူ လူလည်တစ်ယောက်က (စတေး သက်တမ်းတိုးမလို့လား) လို့ လာမေးသည်။ ဟုတ်ပါတယ်လို့ ပြောလိုက်သည်။ သူ၏ နိုင်ငံသားကတ်ကို ထုတ်ပေးသည်။

"ရော့ ငါ့ရဲ့မှတ်ပုံတင်၊ မင်းကိုငါ အာမခံတယ်၊ ရုံးထဲကို ဝင်သွား၊ ကောင်တာပေါ်က ပုံစံစာရွက်မှာ ရေးဖြည့်၊ အာမခံသူဆိုတဲ့ နေရာမှာ ငါ့နာမည်ရေးပြီး လျှောက်၊ မှတ်ပုံတင်ငှားခ ဒေါ်လာ တစ်ဆယ်ပေးပါ"

"သက်တမ်းတိုးလို့ ရမလား"

"အဲဒါတော့ ငါ မသိဘူး၊ မင်းအတွက် ငါ အာမခံတယ်"

အာမခံသူ မရှိလျှင် မရတာကတော့ သေချာသည်။ အာမခံသူ ရှိသော်လည်း ရမည်၊ မရဘူးဆိုတာ မသေချာသေး ဖြစ်နေသည်။ ငွေ တစ်ဆယ်ကတော့ ပေးလိုက်ရပြီ ဖြစ်သည်။ အာမခံပေးသူသည် နောက်ထပ် ရောက်လာမည့် မြန်မာ သင်္ဘောသားတွေကို မျှော်နေတာ တွေ့ရသည်။ လက်ထဲမှာလည်း နိုင်ငံသားကတ်ပြားတွေ တစ်ထပ်ကြီး ကိုင်ထားတာတွေ့ရသည်။ မြန်မာ ဆယ်ယောက်ကို အာမခံပေးလျှင် ဒေါ်လာတစ်ရာ ရမည်ဖြစ်သည်။ အတော်ကောင်းသည့် ဝင်ငွေဖြစ်သည်။ စင်ကာပူမှာ တစ်နေ့ကို ဆယ်ဒေါ်လာရဖို့ဆိုတာ မလွယ်ကူသော နိုင်ငံ ဖြစ်သည်။

ကိုအဏ္ဏဝါသည် ပုံစံဖြည့်ပြီး တင်လိုက်သည်။ လူဝင်မှု အရာရှိသည် ကိုအဏ္ဏဝါ၏ လျှောက်လွှာနှင့် အာမခံသူ၏ ကတ်ပြားကို ဆွဲယူသည်။ ဖတ်တောင်မကြည့်ဘဲ တံဆိပ်တုံး ထုသည်။ ကိုအဏ္ဏဝါကို ပြန်ပေးသည်။ တံဆိပ်တုံးအနီးကြီး ထုသည့်နေရာကို ကြည့်လိုက်တော့

http://www.linhtet.com



လျှောက်လွှာကို ပယ်သည် (Reject) ဆိုပြီး ထုလိုက်သည်။ ကိုအဏ္ဏဝါရဲ့ မျက်နှာကို မကြည့်ဘဲ ပြောသည်။

"မနက်ဖြန် တနင်္ဂနွေနေ့ ညသန်းခေါင်မတိုင်မီ ၁၂-နာရီ ထက်နောက်မကျစေဘဲ စင်ကာပူနိုင်ငံက ထွက်သွားပါ"

ကျောတစ်ရာ ရင်တစ်ရာ ဒဏ်တပ်၍ မြိုင်ရပ်ကို နှင်စေလို့ အမိန့်တော် မှတ်ခြင်း ခံရသည့် ရာဇဝတ်သားလို ခံစားလိုက်ရသည်။ ကိုအဏ္ဏဝါသည် လျှောက်လွှာစာရွက်ကို ကိုင်ပြီး ငိုင်သွားသည်။ လူဝင်မှု အရာရှိ၏ မျက်နှာကို မော့ကြည့်လိုက်သည်။ မေတ္တာ ကရုဏာ ရှိမည့် ရုပ်မျိုးဆိုလျှင် အသနား ခံကြည့်မလို ရည်ရွယ်သည်။ ကိုအဏ္ဏဝါကို ကြည့်ဖော်တောင် မရဘဲ သူ့အလုပ်ကိုပဲ ငုံ့လုပ်နေသည်။ သူ့စားပွဲပေါ်မှာလည်း ထုစရာ တံဆိပ်တုံးက ခွင့်မပြု (Reject) ဆိုသည့် တစ်တုံးသာ ရှိသည်။ မြန်မာမှန်သမျှ လာတဲ့လူတိုင်းကို ဒီတုံးနဲ့ပဲ ထုမည် ဆိုတဲ့ သဘော ဖြစ်သည်။

## ထွက်တော်မူ နန်းကန္ဒာတယ်

မိမိခေတ္တရောက်ရှိနေသည့် နိုင်ငံက မောင်းထုတ်ခံရသည့် နိုင်ငံခြားသား တစ်ယောက်၏ ဝေဒနာကို ကိုယ်တိုင်ခံစားရတော့မှ အတော်အခံရခက်ပါလားဟု သိတော့သည်။ ဝမ်းနည်းသလိုလို မခံချင်သလိုလို တစ်မျိုးကြီး ဖြစ်နေသည်။ လူဝင်မှုရုံးကြီးထဲက ထွက်လာခဲ့သည်။

သံတံတားဖြူကြီးထိပ်က စားသောက်ဆိုင်တန်းတွေနားမှာ အင်ဒိုနီရှားလူမျိုး ဒုတိယအရာရှိ ဖရယ်ဒီနဲ့တွေ့သည်။ ဖရယ်ဒီသည် ကိုအဏ္ဏဝါနှင့် အတူ စင်ကာပူကို ဝင်လာခဲ့သူ ဖြစ်သည်။ သူလည်း အလုပ်ရှာနေသည်ဟု သိရသည်။ အလုပ်တွေ ရသော်လည်း လစာနည်း၍ မလုပ်သေးဘဲ ဆက်ရှာနေဆဲဟု သိရသည်။ သူ၏ စတေးကိစ္စ (စင်ကာပူမှာ နေခွင့်)ကို မေးကြည့်ရာ ပြဿနာမရှိပါဟု ပြောသည်။ သူသည် အာဆီယံအဖွဲ့ဝင် နိုင်ငံသားဖြစ်လို့ စင်ကာပူမှာ နေချင်သလောက် နေလို့ရသည်ဟု ဆိုပါသည်။

http://www.linhtet.com



ဖရယ်ဒီနှင့်အတူ နီးရာစားပွဲတစ်လုံးမှာ ဝင်ထိုင်ပြီး ဘီယာသောက်ရင်း စကား ပြောကြသည်။ သူက သင်္ဘောသားကလပ်မှာ တစ်နေ့နှစ်ဒေါ်လာ ပေးပြီး နေသည်ဟု ပြောသည်။ တရုတ်ပြည်မှာ ရောင်းပစ်ခဲ့သည့် သင်္ဘောမှာ ကိုအဏ္ဏဝါနှင့် အတူ ၉-လသာ လုပ်လိုက်ရသူဖြစ်သည်။ ပိုက်ဆံနည်းနေသေးလို့ အိမ်မပြန်နိုင်သေးဟု ဆိုသည်။ ပိုက်ဆံနည်းတာလည်း မပြောနဲ့၊ ရောက်လေရာအရပ်မှာ အတော်ကဲသူဖြစ်သည်။ ကိုအဏ္ဏဝါနှင့် မိန်းမလုဘက်ဖြစ်သည်။ ဘန်ကောက်မှာ သင်္ဘောပေါ် တက်လာသည့် ကောင်မချောချောမှန်သမျှကို သူ့အခန်းထဲ ခေါ်သွင်းထားသူဖြစ်သည်။ သူ မကြိုက်တဲ့ ဟာတွေကိုသာ ကိုအဏ္ဏဝါတို့ကို ပေးသည်။ အကျင့်ယုတ်သူ ဖြစ်သည်။

"သူငယ်ချင်းကတော့ ပြဿနာမရှိဘူး၊ ကိုယ်ကတော့ နက်ဖြန်ညနေမှာ စင်ကာပူက ထွက်ပေးရတော့မယ်ကွာ၊ ဘယ်သွားရမလဲ မသိဘူး"

"ဘန်ကောက်ကိုသွားပေါ့၊ အဲဒီမှာ တစ်ပတ်ဆယ်ရက်လောက်နေပြီး ပြန်ဝင်ပေါ့"

"ပိုက်ဆံကုန်တာပေါ့ သူငယ်ချင်းရာ"

"သတ်မိတ်ဂျော်နွန့်လင်ကရော ဘယ်လိုလဲ"

"ကျော်ညွန့်လွင်လည်း စင်ကာပူက ထွက်ပေးရမယ်၊ ဒီနေ့ပဲ ရထားနဲ့ ဘန်ကောက်ကိုသွားမယ် ပြောတယ်။ ငါတော့ ဘန်ကောက်အထိ မသွားတော့ဘူးကွာ"

ဒုတိယအရာရှိ ဖရယ်ဒီသည် သူ့လုပ်ဖော်ကိုင်ဖက် တတိယ အရာရှိ ကျော်ညွန့်လွင်ကို သတိတရ မေးရှာပါသည်။ တစ်လှေတည်း စီးပြီး တစ်ခရီးတည်း သွားခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်လို့ အောက်မေ့ဟန်တူပါသည်။ ကိုအဏ္ဏဝါသည် ဘဏ်ကိုပြေးပြီး ဒေါ်လာ-၂၀၀၀ ထုတ်သည်။ ခရီးထွက်ရန် အသင့်ပြင်ခြင်း ဖြစ်သည်။

ဘဝတွေ ဘဝတွေ၊ ကိုအဏ္ဏဝါသည် မဆီမဆိုင် ဘဝတွေအကြောင်းကို လှစ်ခနဲ သတိရလိုက်သည်။ ဖရယ်ဒီက အာဆီယံအဖွဲ့ဝင်နိုင်ငံသား ဖြစ်လို့ စင်ကာပူမှာ နေချင်သလောက် နေလို့ရသည်။ ကျော်ညွန့်လွင်က လူပျိုလူလွတ်ဖြစ်လို့ ပိုက်ဆံကုန်မှာကို မကြောက်ဘဲ ဘန်

http://www.linhtet.com



ကောက်ကိုလည်း သွားရဲသည်။ မနီလာကိုလည်း သွားဝံ့သည်။ ကိုအဏ္ဏဝါကတော့ အာဆီယံအဖွဲ့ဝင် နိုင်ငံသားလည်း မဟုတ်၊ မယားနှင့် သားသမီးတွေကလည်း ရှိလို့ ဘယ်ကိုသွားရမှန်း မသိဖြစ်နေသည်။

ဆရာမကြီးအိမ်ကို ပြန်ရောက်တော့ ကိုခင်မောင်သိန်းနှင့် ကျော်ညွှန့်လွင်တို့ ဘန်ကောက်ကို သွားကြမယ်ဆိုပြီး၊ ဘူတာရုံကို ဆင်းဖို့ ပြင်ဆင် နေကြတာ တွေ့ရသည်။ ကိုအဏ္ဏဝါက မိမိပါ လိုက်မယ်ဆိုပြီး ဘူတာရုံကို လိုက်သွားသည်။ ကိုအဏ္ဏဝါအတွက် ရထားလက်မှတ် မရနိုင်တော့ဘူးဟု ဆိုသည် ခရီးသည်တွေ များလွန်း၍ တစ်ရက် ကြိုလုပ်ရမည်ဟု ဆိုသည်။ ရထားဖြင့် သွားချင်လျှင် နက်ဖြန်မှ သွားလို့ရတော့မည် ဖြစ်သည်။ ကိုအဏ္ဏဝါ ဘူတာရုံမှ အိမ်ကို ပြန်လာခဲ့ပါသည်။ ဆရာမကြီးက ကိုအဏ္ဏဝါကို အကြံပေးသည်။ ဘန်ကောက်အထိ တက်မသွားဘဲ မလေးရှားနှင့် ထိုင်းနိုင်ငံ နယ်စပ်က ဟတ်ကျိုင်ဆိုသည့် နယ်စပ်မြို့အထိသာ ကားဖြင့်သွားရန် အကြံပေးသည်။ ဟတ်ကျိုင်မြို့မှာ ဒီအိမ်က သွားတဲ့ အကောင်တွေနဲ့ တွေ့မှာပဲဟု ပြောသေးသည်။

၁၀-၇-၁၉၈၃ နေ့သည် တနင်္ဂနွေနေ့ ဖြစ်လို့ စင်ကာပူသည် ခြောက်ကပ်ကပ်လို ဖြစ်နေသည်။ စီးပွားရေးမြို့နိုင်ငံဖြစ်လို့ ရုံးတွေဖွင့်သည့် နေ့တွေမှာသာ စိုစိုပြည်ပြည် ရှိသည်ဟု ထင်ရသည်။ ညနေ ၃-နာရီမှာ ကိုအဏ္ဏဝါ အိမ်ကထွက်သည်။ ခရီးဆောင်အိတ် သေးသေး တစ်လုံးကို လွယ်သည်။ အတာချီကေ့စ်လို့ ခေါ်ကြသည့် ဂျိမ်းစဘွန်းအိတ်ကို လက်မှာ ဆွဲသည်။ ကင်မရာကို လည်မှာဆွဲပြီး ရှေ့တည့်တည့်မှာ ထားသည်။ ပထမဆုံး ရောက်လာသည့် တိုင်စီပေါ် တက်လိုက်သည်။

ဂိုးလ်ဒင်းမိုင်း တာဝါကိုသွားသည်။ ဆန်နီတိုး အဝေးပြေးကားကြီး လက်မှတ် ဖြတ်လိုက်သည်။ ကိုအဏ္ဏဝါနှင့် ဘေးချင်းကပ် ထိုင်ခုံက ခရီးသည် အမျိုးသမီး ဖြစ်နေသည်။ အသက် ၃၈ နှစ် သို့မဟုတ် ၄၀ ခန့် ဖြစ်မည်။ ရုပ်ကလည်း သိပ်ပြီး မဆိုး၊ ပြင်တတ်ဆင်တတ်တော့ ကြည့်ကောင်းနေသည်။ စားရက်ကြုံလို့ ထမင်းပွဲရှေ့မှာ ဟပ်ထိုးလဲပြန်ပြီဟု တွေးလိုက်မိသည်။ အမျိုးသမီးက ကိုအဏ္ဏဝါကို ပြုံးပြပြီး ဘယ်အထိ သွားမှာလဲဟု မေးသည်။

http://www.linhtet.com



"ဟတ်ကျိုင်အထိပါပဲ"

"သြော် ဟုတ်လား၊ နက်ဖြန်မနက်စောစော ရောက်သွားမယ်"

"ဟုတ်လား၊ ရောက်တဲ့အချိန် ဆင်းကျန်ခဲ့မှာပေါ့ဗျာ၊ ဒီကရော ဘယ်အထိလဲ"

"ကျွန်မက ဘန်ကောက်အထိ တက်မှာပါ။ နောက်အပတ် တနင်္ဂနွေဆိုရင် ပြန်ဆင်းလာမယ်။ ဒီမှာ ဈေးဝယ်ပြီး ဘန်ကောက်ပြန်မယ်။ ဒါထက် ကျေးဇူးပြုပြီး ဒီအိတ်ကို ရှင့်ထိုင်ခုံအောက်မှာ ထားပါရစေနော်"

"ဘာတွေလဲဗျ၊ မူးယစ်ဆေးဝါးတွေလား"

"အို ကြံကြီးစည်ရာ ဘန်ကောက်မှာ ပြန်ရောင်းလို့ ကိုက်တဲ့ပစ္စည်းလေးတွေပါ"

လက်စသတ်တော့ ရန်ကုန်ကိုပြန်မည့် မော်လမြိုင်မှောင်ခိုမနဲ့ တစ်ခုံတည်း ထိုင်မိလျက်သား ဖြစ်နေပြီဆိုတာ သိလိုက်ပါသည်။ ညနေ ၄-နာရီ တိတိမှာ ဘတ်စ်ကားကြီး စတင် ထွက်ခွာပါသည်။

## အဏ္ဏဝါ ခရီးသည်ကြီး၏ ကုန်းလမ်းခရီး

စင်ကာပူနိုင်ငံ(မြို့)သည် သေးသေးလေးဖြစ်သည်။ မြို့၏ အရှေ့ဘက် အစပ်မှာ ရှိသည့် ဂိုးလ်ဒင်းမိုင်းတာဝါကားဂိတ်မှ ထွက်လာသော အဝေးပြေး ဘတ်စ်ကားကြီးသည် တစ်နာရီသာသာခန့် မောင်းပြီးသောအခါ စင်ကာပူမြို့၏ အနောက်ဘက်မှာရှိသည့် ဂျဟိုး တံတားကြီးကို ရောက်သွားပါသည်။ ဂျဟိုးတံတားကြီးသည် စင်ကာပူနှင့် မလေးရှားနိုင်ငံ နယ်ခြားမြစ်ကို ဖြတ်ထိုးထားသော တံတားကြီး ဖြစ်သည်။

တံတားကြီးကို ဘတ်စ်ကားကြီး ဖြတ်ကျော်ပြီးသောအခါ မလေးရှား နိုင်ငံအတွင်းကို ဝင်တော့မည်ဖြစ်၍ လူဝင်မှု ကြီးကြပ်ရေး ဂိတ်မှာ ဘတ်စ်ကားကြီး ရပ်လိုက်ပါသည်။ ဘတ်စ်ကားကြီးပေါ်က ခရီးသည်တွေ အားလုံး ဆင်းပြီး လူဝင်မှု ကြီးကြပ်ရေးဂိတ် ရုံးမှာ နိုင်ငံကူးလက်မှတ်တွေ ပြကြရသည်။ နိုင်ငံကူးလက်မှတ်တွေပြရန် ယောက်ျား

http://www.linhtet.com



မိန်းမ အားလုံး တန်းစီကြရသည်။ ကိုအဏ္ဏဝါလည်း အများနှင့် ရောပြီး တန်းစီပါသည်။ နိုင်ငံကူး လက်မှတ် (ပတ်စ်ပို့) စာအုပ်ကလေးကို ကိုင်ထားသည်။

နိုင်ငံကူးလက်မှတ်တွေကို တစ်ခုချင်း စစ်ဆေးပြီး ခရီးသည်၏ မျက်နှာကို ကြည့်လေ့ရှိသော အရာရှိသည် အရှေ့တိုင်းသား အချင်းချင်း ကြည့်ပုံနှင့် အနောက်နိုင်ငံက မျက်နှာဖြူတွေကို ကြည့်ပုံချင်း မတူတာကို သတိပြုမိသည်။ ဥရောပနှင့် အမေရိကတိုက်သားတွေကို မျက်နှာချိုသွေးသည့် အကြည့်ဖြင့် ကြည့်သည်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာ နိုင်ငံသားတွေကို လေသံမာမာဖြင့် စကားပြောသည်။ သူတို့ အာဆီယံ အဖွဲ့ဝင် နိုင်ငံချင်းဖြစ်သည့် ထိုင်းနိုင်ငံသားတွေကိုပင် ခပ်မာမာစကား ပြောတာတွေ့ရသည်။

အာဆီယံအဖွဲ့ဝင် မဟုတ်သေးသည့် မြန်မာနိုင်ငံသား ကိုအဏ္ဏဝါ၏ အလှည့်တွင် လူဝင်မှု စစ်ဆေးရေးအရာရှိ၏ မျက်နှာသည် ချိုသာ ပျော့ပျောင်းသွားတာကို အံ့သြဖွယ်ရာ တွေ့ရသည်။ ကိုအဏ္ဏဝါ ဝတ်ဆင် ထားတာကလည်း အပျံစား ဖြစ်နေသည်။ ဘောင်းဘီအဖြူ ခါးပတ်အဖြူ ဖိနပ်ကလည်း အဖြူ၊ စပို့ရှပ် အင်္ကျီနှင့် ဦးထုပ်ကလည်း အဖြူဆိုတော့ တစ်ကိုယ်လုံး ဖွေးဖြူနေသည်။ တောသား ကိုအဏ္ဏဝါသည် နိုင်ငံခြားမှာ တစ်နှစ်ကျော် ကြာပြီမို့ အသားတွေကလည်း ဖြူနေသည်။ ယူအစ်အေ ရေးဘင် နေကာမျက်မှန်ကို တပ်ထားသည်။ နီကွန်ကင်မရာကို လွယ် ထားသည်။ ဆမ်ဆိုနိုက် အတာချီကေစ့်ကို လက်မှာ ဆွဲထားသည်။ နိုင်ငံကူး လက်မှတ်ကလည်း အနီရောင် ဖြစ်နေသည့်အတွက် ဂျပန် လူမျိုး ကမ္ဘာလှည့် ခရီးသည်လို့ ထင်သွားဟန် တူသည်။ ပြုံးချိုစွာ မေးသည်။

"ဂျပန် လူမျိုးပါလား ခင်ဗျာ"

လူဝင်မှု စစ်ဆေးရေး အရာရှိသည် ကိုအဏ္ဏဝါ၏ နိုင်ငံကူး လက်မှတ်ကို လှန်ကြည့်နေရာမှ မသင်္ကာဖြစ်လာပြီး စာအုပ်ကလေး၏ အဖုံးက ရွှေရောင်ဖြင့် ရေးထားသည့် စာတွေကို ဖတ်သည်။ ကိုအဏ္ဏဝါက ရက်စ်၊ နိုး မဖြေရသေးမီမှာပင် မြန်မာလူမျိုးဆိုတာကို သိသွားလေတော့

http://www.linhtet.com



သည်။ နိုင်ငံကူး လက်မှတ်မှာ ရေးထားသည့် (ဆိုရှယ်လစ် ရီပတ်ပလစ် အော့ဖ် ယူနီယံ အော့ဖ်ဘားမား) ဆိုတဲ့ စာလုံးတွေကို တွေ့သွားလို့ သရဲသဘက်ကို တွေ့သလို လန့်ဖျပ်သွားသည်။

"အို ဟိုး လက်စသတ်တော့ ခင်ဗျားက မြန်မာလူမျိုးကိုး၊ ဘေးထွက် ရပ်နေလိုက်စမ်း"

ကိုအဏ္ဏဝါကို ဘေးထွက်ရပ်ခိုင်းသည်။ ကိုအဏ္ဏဝါ၏ နိုင်ငံကူး လက်မှတ်ကိုလည်း ဘေးပစ်ချထားလိုက်သည်။ ကိုအဏ္ဏဝါ၏ နောက်က ရပ်နေသူတွေရဲ့ နိုင်ငံကူး လက်မှတ်တွေကို ဆက်လက်စစ်ဆေးသည်။ အားလုံးကို စစ်ဆေးပြီးသွားတော့မှ ကိုအဏ္ဏဝါ တစ်ယောက်တည်းကို ပယ်ပယ်နယ်နယ် စစ်မေးတော့သည်။

"ခင်ဗျား ဘယ်ကိုသွားမလဲ"

"ဘန်ကောက်ကိုပါ ခင်ဗျာ"

"ထိုင်းနိုင်ငံ ပြည်ဝင်ခွင့် ဗီဇာလည်း မပါပါလား"

"ဒီကိစ္စက ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ကျွန်တော်နဲ့ ထိုင်းနိုင်ငံရဲ့ ပြဿနာပါ"

"မလေးရှား နိုင်ငံဝင်ခွင့် ဗီဇာလည်း မပါဘူး"

"ကျွန်တော် မလေးရှားကိုဝင်ဖို့ ဆန္ဒ မရှိပါဘူး၊ ထိုင်းနိုင်ငံကို သွားနေတာပါ"

"ဘာပဲဖြစ်ဖြစ် မလေးရှားနိုင်ငံကို ဖြတ်သန်းသွားရမှာ ဖြစ်တဲ့ အတွက် မလေးရှားနိုင်ငံ ဝင်ခွင့်ဗီဇာပါရမှာပေါ့"

"ဝမ်းနည်းပါတယ်၊ အဲဒါ ကျွန်တော်မသိဘူး၊ ကျွန်တော် ဘာလုပ် ရမလဲ"

မြန်မာလူမျိုးမို့ တမင်ညစ်နေတယ်ဆိုတာကို သိလို့ ကိုအဏ္ဏဝါ ကလည်း ပေကတ်ကတ်လုပ်နေခြင်း ဖြစ်သည်။ ပတ်စ်ပို့စာအုပ်ထဲမှာ တစ်ဆယ်တန် တစ်ရွက်ညှပ်ပေးလိုက်လျှင် အဆင်ပြေတယ် ဆိုတာ သိလျက်နှင့် တမင်လုပ်နေခြင်း ဖြစ်သည်။ ဗီဇာမပါလို့ဆိုပြီး စင်ကာပူ နိုင်ငံအတွင်း ပြန်သွင်းလို့ မရဘူးဆိုတာကို သိနေသည့် ကိုအဏ္ဏဝါက ပေကတ်ကတ်လုပ်နေတော့ စိတ်ညစ်သွားဟန် တူသည်။ ကိုအဏ္ဏဝါ၏

http://www.linhtet.com



ပတ်စ်ပို့မှာ ပြည်ဝင်ခွင့် တံဆိပ်တုံးကို ဒုန်းခနဲ အသံမြည်အောင် ဆောင့်ထု ပြီး ပစ်ပေးသည်။

"ရော့ ဒီတစ်ခါတော့ ခွင့်ပြုလိုက်မယ်၊ နောက်တစ်ခါဆိုရင် ဖမ်းချုပ်မယ်"

"ဟုတ်၊ ကျေးဇူး ကမ္ဘာ"

အဝေးပြေး ဘတ်စ်ကားကြီးကလည်း ခရီးသည်တစ်ယောက် ကျန်နေသေးလို့ စောင့်နေရသည်။ စိတ်မရှည်တော့လို့ ဟွန်းသံအတို တစ်ချက်ကို ပွမ်ခနဲ မဝံ့မရဲတီးသည်။ လူဝင်မှု အရာရှိသည် ကိုအဏ္ဏဝါ ကို ဆက်ပြီး ညစ်နေလို့မရတော့သည့်အတွက် လွှတ်ပေးလိုက်ရတာ ဖြစ်သည်။ ညနေ ၆-နာရီ ထိုးနေပြီ ဖြစ်လို့ နောက်ကျနေပြီဖြစ်သည်။ ပီနန်ကျွန်း၏ တည့်တည့်မှာ ရှိသည့် ဘာတာဝပ်ကို ညသန်းခေါင် မတိုင်မီ ရောက်ဖို့လိုအပ်နေသည်။

ကိုအဏ္ဏဝါ ကားပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် ကားကြီး ဘီးလိမ့်ပြီး ထွက်တော့သည်။ ကိုအဏ္ဏဝါနှင့် ထိုင်ခုံချင်းကပ်နေသည့် ခရီးသွားဖော် ယိုးဒယားမက ဘာဖြစ်လို့ကြာနေတာလဲဟု မေးသည်။

"ဗီဇာမပါလို့တဲ့ဗျာ၊ မြန်မာလူမျိုးမို့ ကြောက်မယ်ထင်ပြီး ဖြဲ ခြောက်တာပါ"

"အဲဒါမျိုးချည်းပဲ၊ သိပ်ယုတ်မာတာ၊ ကျွန်မတို့က အမြဲ သွားနေ တာ သိတာပေါ့"

ယိုးဒယား မှောင်ခိုမသည် ကိုအဏ္ဏဝါကို မျက်နှာလိုအားရ အားပေး စကားပြောသည်။ သူ့မှောင်ခို ပစ္စည်း တချို့ကလည်း ကိုအဏ္ဏဝါ ရဲ့ ထိုင်ခုံအောက်မှာ ထိုးထည့်ထားတာမို့ ကိုအဏ္ဏဝါကို မျက်နှာလုပ် တာလည်း ဖြစ်နိုင်သည်။

## ဝန်ပိုင့်ကြီးနှင့် တင်ကျီးငှက်မ

ကိုအဏ္ဏဝါတို့ကို တင်ဆောင်လာသည့် ဘတ်စ်ကားကြီးသည် ဂျဟိုးဗာရူးမြို့ကြီးကို ဖြတ်မောင်းနေသည်။ ယိုးဒယားမ၏ ပြောပြချက်

http://www.linhtet.com



အရ ည ၁၂-နာရီမှာ ပီနန်ကျွန်းနဲ့ တည့်တည့်က ဘာတာဝပ်ကို ရောက်မည်။ အဲဒီမှာ အဆာပြေစားကြမည်။ ကျန်းမာရေးအတွက် အပေါ့ အလေး သွားကြမည်။ ည ၁-နာရီမှာ ဘာတာဝပ်က ဆက်ထွက်မည်။ မလေးရှားနှင့် ထိုင်းနယ်စပ်ကို မိုးလင်းတာနဲ့ ရောက်ပြီဟု ဆိုသည်။

"ရှင်က ဘန်ကောက်အထိ မလိုက်တော့ဘူးလား"

"မလိုက်တော့ဘူး၊ ဟတ်ကျိုင်မှာပဲ ဆင်းတော့မယ်"

"ဘာဖြစ်လို့လဲ"

"ဘန်ကောက်အထိ သွားရင်း စရိတ်စက ပိုကုန်မှာပေါ့ဗျာ၊ တည်းခိုအိမ်ကလည်း မရှိဘူး မဟုတ်လား၊ စားစရိတ်၊ နေစရိတ် ထောင်းတော့မှာပေါ့"

"လိုက်ခဲ့ပါ၊ ရှင့် ပိုက်ဆံတစ်ပြားမှ ကုန်စရာ မလိုဘူး၊ ကျွန်မ အိမ်မှာတည်းပါ"

ကိုအဏ္ဏဝါရဲ့ အဲဒီလို လုပ်ပေါက်တွေကြောင့် သူ့မယား မဖြူတုတ်နဲ့ မတည့်တာ ဖြစ်သည်။ မဖြူတုတ်သာ အနားမှာရှိလျှင် ပေါင်တွင်းသားကို လိမ်ဆွဲမှာ သေချာသည်။ ဟတ်ကျိုင်မှာ ဆင်းကျန်ရစ်တော့လည်း တည်းအိမ် ခိုအိမ်မရှိလို့ ဟိုတယ်မှာပဲ တည်းရမည်ဖြစ်သည်။ သက်သက် နှာသံပေးပြီး ညုတာ ဖြစ်သည်။ ကားလက်မှတ်ကလည်း ဟတ်ကျိုင် အထိသာ ဖြတ်ခဲ့သည်။ ဟတ်ကျိုင်မှာ လုပ်ဖော်ကိုင်ဖက် သင်္ဘောသား သူငယ်ချင်းတွေနှင့် အတူ နေမည်ဖြစ်လို့ ဘန်ကောက်အထိ သွားရန် ဆန္ဒမရှိပါလို့ ပြောလိုက်လျှင် ကိစ္စပြီးသည်။ အခုတော့ ပြောပုံက တစ်မျိုးလေး ဖြစ်နေသည်။ ဟိုအမျိုးသမီးဆီက ဘယ်လို လေသံမျိုး ထွက်လာမလဲဆိုတာ သိချင်လို့ ချူသည့် လေသံ ဖြစ်နေသည်။ ဟို အမျိုးသမီးကလည်း လမ်းပေါ်မှာ နေသည့် မှောင်ခိုကုန်သည်ပဲ၊ ဘယ်ညှို့ လိမ့်မလဲ၊ ကိုအဏ္ဏဝါရဲ့ လေသံက ဘာကို ရည်ရွယ်တယ် ဆိုတာကို သိလို့ ပွင့်ပွင့်လင်းလင်း ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။

သူက ဖိတ်ခေါ်လို့ လိုက်သွားတာက အကြောင်းမဟုတ်၊ သူက ဘာမှန်း မသိရသေး။ လင် ရှိသလား၊ မရှိဘူးလား။ အသာမိကလား၊ သာမိကလား၊ ခွဲခြားပြီး သိဖို့လိုသေးသည်။ ဒီကိစ္စကိုလည်း ပေါ်တင်ကြီး

http://www.linhtet.com



မေးလျှင် တစ်မျိုး ထင်နိုင်သည်။ ရိုင်းရာကျမည်။ တဲ့တိုးကြီး မမေးဘဲ စကားပရိယာယ် ဥပါယ်တံမျဉ်ဖြင့် သိအောင်လုပ်တာ ကောင်းသည်ဟု သတိရလိုက်သည်။

"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားနဲ့အတူ စင်ကာပူက လာပြီး ခင်ဗျား အိမ်မှာ လိုက်တည်းတယ်ဆိုပြီးတော့ ခင်ဗျားရဲ့ အမျိုးသားက တစ်မျိုး မြင်ပြီး အဆိုးထင်နေပါဦးမယ်"

"ကျွန်မမှာ လင်လည်း မရှိဘူး၊ သားသမီးလည်း မရှိဘူး၊ တစ်ယောက်တည်း နေတာ"

ကိုအဏ္ဏဝါ မျက်လုံးပြူးပြီး ကြက်သီးထသွားသည်။ ဘန်ကောက်အထိ လိုက်သွားနိုင်လျှင် ကိစ္စက ပြီးနေပြီဖြစ်သည်။ သူ့အိမ်မှာ သူနှင့် အတူနေ၊ အတူစားပြီး အတူအိပ်လို့တောင် ရနေပြီ ဖြစ်သည်။ စားရကံကြုံလို့ မုတ်ဆိတ် ပျားစွဲခြင်း ဖြစ်သည်။ အသက်အရွယ်ကတော့ ကိုအဏ္ဏဝါနှင့် သက်တူရွယ်တူလောက်သာ ဖြစ်မည်။ သူက နည်းနည်း ငယ်နိုင်သည်။ ၃၈ သို့မဟုတ် ၃၉ လောက် ဖြစ်နိုင်သည်။ ကိုအဏ္ဏဝါက ၄၀ ပြည့်ပြီး ဖြစ်သည်။ ရုပ်ရည် ရူပကာယကို သေသေချာချာ သိနိုင်အောင် မသိမသာ လှည့်ကြည့်မိသည်။ မရပ်မနား ပြေးသွားနေသည့် ဘတ်စ်ကားကြီးရဲ့ မှန်ပြူတင်းမှ တစ်ချက်တစ်ချက် လက်ခနဲ လက်ခနဲ ဝင်ဝင်လာသည့် မီးရောင်ဖြင့် သူ့မျက်နှာကို ကြည့်ရသည်။ မီးရောင် အလင်းမှာ ဝင်းခနဲ ဝင်းခနဲ ပေါ်ပေါ်လာသည့် သူ့မျက်နှာ အကျအနနှင့် အလှက မဆိုးဘူးဆိုတာကို သတိထားမိသည်။ ဒီအသက်အရွယ်အထိ လင်သား မရှိဘဲ တစ်ယောက်တည်း နေတာဟာ ဘာကြောင့်လဲ၊ ကြိုက်မည့်သူ၊ ယူမည့်သူ မရှိလို့လား၊ လင်ရပြီးမှ လွတ်လွတ်လပ်လပ် ဖြစ်နေသည့် မုဆိုးမလား၊ တစ်ခုလပ်လား စဉ်းစားနေမိသည်။

"တစ်ယောက်တည်းနေပြီး ကိုယ်ဝမ်းစာ ကိုယ်ရှာစား နေရတာဆိုတော့ မိန်းမသား တစ်ယောက်အနေနဲ့ အားငယ်မှာပေါ့နော်"

"အားငယ်တာပေါ့ရှင်၊ သတ္တိတွေ မွေးရတော့တာပေါ့၊ အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် ရုန်းကန်ရတာ မလွယ်ပါဘူးရှင်ရယ်"

http://www.linhtet.com



"အမျိုးသမီး တစ်ယောက်အနေနဲ့ ဘန်ကောက်မှာ လုပ်ကိုင်စားရတာ သိပ်မခက်ဘူးလို့ ထင်တာပဲ။ သင်္ဘောတွေပေါ် တက်ပြီး သက်သောင့်သက်သာ ပိုက်ဆံ ရှာနေကြတာ တွေ့ဖူးတယ်"

ကိုအဏ္ဏဝါသည် စကားပြောလျှင် ကိုယ်လိုချင်တဲ့ ဘက်ကို ဖောင်းပေး မြောင်းသွယ်ပြီး ပြောလေ့ရှိသည်။ ယခုလည်း ဒီအမျိုးသမီးကို ပြောရာတွင် ရိုးရိုးသားသား စီးပွားရှာရတာ မလွယ်လျှင် ပြည့်တန်ဆာ လုပ်စားပါလားလို့ မပြောရုံတစ်မယ် ပြောလိုက်ခြင်း ဖြစ်သည်။ အမျိုးသမီးကလည်း ဒါကို သဘောပေါက်သည်။ စိတ်မဆိုးသည့်အပြင် အလိုက်သင့် ပြန်ဖြေသည်။

"အဲဒီ အလုပ်ကလည်း အသက် သုံးဆယ်လောက် အထိပဲ လုပ်စားလို့ ကောင်းတယ်၊ သုံးဆယ်ကျော်လာရင် ဖောက်သည် မရချင်တော့ဘူး၊ ကျွန်မတို့ အသက်အရွယ်နဲ့ လုပ်စားလို့ မဖြစ်တော့ဘူး"

ကိုအဏ္ဏဝါ သက်မကြီး ချလိုက်သည်။ တော်ပါသေးရဲ့ဟု တွေးမိသည်။ ရောင်းသူ ဝယ်သူ အသံတူသွားသည်။ စောစောကတော့ လန့်နေသည်။ မဖွယ်မရာ အောက်တန်းကျတဲ့ စကားကို ပြောတယ်ဆိုပြီး ရှင်လူကြီး လူကောင်းမှ ဟုတ်ရဲ့လားလို့ မေးမလားထင်ပြီး လန့်နေခြင်း ဖြစ်သည်။

သူလည်း အသက်သုံးဆယ် မပြည့်မီက နိုင်ငံခြားသင်္ဘောကြီးတွေပေါ်တက်သည့် အလုပ်ကို လုပ်ခဲ့သေးဟန်တူသည်။ အသက်သုံးဆယ်ကျော်လာသောအခါ ဘန်ကောက်ခွင်မှာ လုပ်ကိုင်စားလို့ မကောင်းတော့တာနဲ့ စင်ကာပူကို ဆင်းပြီး အမျိုးမျိုး လုပ်စားနေတာ ဖြစ်မည်ဟု တွေးမိသည်။

စင်ကာပူရှိ သင်္ဘောသားလောကမှာ ယင်ကောင် ဖမ်းမယ်၊ ဖားရိုက်မယ် ဆိုသည့်စကား ရှိသည်။ ယင်ကောင်ဖမ်းချင်လျှင် အန်တီန်းက ဘီယာဂါးဒင်းကို သွားကြသည်။ ဖားရိုက်ချင်လျှင် အောချာ့ဒ်ရုတ်က အောချာ့ဒ်စင်တာရှေ့ကို သွားကြသည်။ ယင်ကောင်ဖမ်းတယ် ဆိုတာ ယိုးဒယားမတွေကို ခေါ်ချင်လျှင်လို့ ပြောတာဖြစ်သည်။ ဖားရိုက်တယ် ဆိုတာ ဖိလစ်ပိုင်မတွေကို ခေါ်ချင်လျှင်လို့ ပြောခြင်း ဖြစ်သည်။ ယင်

http://www.linhtet.com



ကောင်တွေရော ဖားတွေပါ အသက် သုံးဆယ်ကျော်တွေ ဖြစ်သည်။ အနှိပ်ခန်းတွေနှင့် အတန်းတွေမှာ အသက်ကြီးလာလို့ ရုပ်ပြ မလှသူတွေ စင်ကာပူကို ရောက်လာကြခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါနှင့် အတူ ခရီးသွားနေသည့် အမျိုးသမီးတို့လို လေးဆယ်ဝန်းကျင် ဖြစ်လာသူတွေကတော့ စင်ကာပူမှာလည်း လူသုံးနည်းလာသည့်အတွက် အရောင်းအဝယ် လုပ်ကိုင်စားကြရတော့သည်။

"အခုလို အရောင်းအဝယ် လုပ်စားတော့ အဆင်ပြေရဲ့လား"

"အဆင်ပြေတယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ နားလည်မှုတွေ လုပ်ရတာပဲ"

သူ ပြောပြသည့် နားလည်မှုဆိုတာ ရက်စက်လွန်းသည်။ နိုင်ငံကူး လက်မှတ်အတုကြီးဖြင့် ခရီးသွားနေတာကို ထိုင်းရဲတွေက သိနေသည်။ အကောက်ခွန်မဲ့ မှောင်ခိုပစ္စည်းတွေ ဝယ်လာပြီး ထိုင်းနိုင်ငံ အတွင်း သွင်းနေတာကိုလည်း သိနေကြသည်။ သိနေကြတော့ တောင်းသမျှ ပေးရသည်။ ငွေကို လိုချင်တယ်ဆိုလျှင် ငွေကို ပေးရသည်။ လူကို လိုချင်တယ်ဆိုလျှင် လူကို ပေးရသည်။ သူတို့ လိုချင်တာကို မပေးလျှင် ဘဝ ပျက်သွားနိုင်သည်။ အမှန်အတိုင်း ပြောရလျှင် ဘဝက ပျက်ပြီးသား ဖြစ်သည်။ အသက် မသေအောင် အဆင်ပြေသလို မီးစင်ကြည့် က,နေရခြင်း ဖြစ်သည်ဟု ဆိုပါသည်။

"ဘဝတစ်ခု ရှင်သန်မှုအတွက် ရုန်းကန် လှုပ်ရှားရတာ မလွယ်ဘူးနော်"

" ဟုတ်ပါ့ ဒါထက် စကားမစပ် ဒီကရော ဘာအလုပ် လုပ်ပါလဲ ရှင်"

ကိုအဏ္ဏဝါ ပြုံးလိုက်မိသည်။ မြန်မာလူမျိုး ဖြစ်နေသည့်အတွက် သတိထားပြီး ဖြေကြားရတော့မည် ဖြစ်သည်။ စီးပွားရေး လုပ်ငန်းရှင်ကြီးပါ၊ စီးပွားရေး လုပ်ငန်းကိစ္စနဲ့ ခရီးသွားနေတာပါလို့ ပြောလျှင် ယုံမည် မဟုတ်၍ အမှန်အတိုင်း ပြောမှဖြစ်မည်။ အမှန်အတိုင်း ပြောဖို့ ပင်စဉ်းစားရမည် ဖြစ်သည်။ တချို့ နိုင်ငံသူတွေက သင်္ဘောသားကို

http://www.linhtet.com



နှာခေါင်းရှုံ့ကြသည်။ ဂျပန်မတွေဆိုလျှင် သင်္ဘောသားကို အဖက်လုပ်ပြီး စကားပင် မပြောချင်သည့်ပုံ တွေ့ရသည်။

ကိုအဏ္ဏဝါသည် စင်ကာပူစာတိုက်ကြီးက မလေးမ တစ်ယောက်နှင့် ခင်မင်နေခဲ့ဖူးသည်။ မလေးလူမျိုးဖြစ်လို့ ကုလားချော ချောသည်။ ကိုအဏ္ဏဝါက မြန်မာပြည်ကို ပစ္စည်းပို့တိုင်း စာထည့်တိုင်း အဲဒီ မလေးအမျိုးသမီးရဲ့ ကောင်တာကပဲ ပို့သည်။ အဲဒီလို ခင်မင်နေကြခြင်းဖြစ်သည်။ အမှန်အတိုင်း ဝန်ခံရလျှင် အဲဒီ မလေးရဲ့ အလှက ကိုအဏ္ဏဝါကို ညှို့ခေါ်ထားခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါက နေ့လယ်စာ ကျွေးပါရစေလို့ ပြောတာကို လိုက်စားတော့မည့် အခြေအနေကို ရောက်နေသည်။ ဒီအခြေအနေမှာ ကိုအဏ္ဏဝါဟာ သင်္ဘောသားဆိုတာကို သိသွားလေ သည်။ အဲဒီအချိန်ကစပြီး ကိုအဏ္ဏဝါကို ခပ်တည်တည် ဆက်ဆံလေ တော့သည်။ အထင်မကြီးသည့်သဘော ဖြစ်သည်။

ဒီအမျိုးသမီးကတော့ ထိုင်းနိုင်ငံသူဖြစ်လို့ မြန်မာသင်္ဘောသားကို အထင်သေးမည် မဟုတ်ဟု တွေးမိသည်။ ထိုင်းသင်္ဘောသားတွေကို ယူထားသည့် အမျိုးသမီးတွေလည်း ရှိနေသည်။ အမှန်အတိုင်း ပြောလို့ ရသည်ဟု တွေးမိသည်။

"ကျွန်တော်က သင်္ဘောသားပါ၊ စင်ကာပူက စတေးရှောင်လာတာပါ"

"ဟုတ်လား၊ သင်္ဘောသားဆိုတော့ ဟန်ကျတာပေါ့"

"ဒီလိုပါပဲ၊ သင်္ဘောသားလည်း အန္တရာယ်ကြားမှာ ပင်ပင် ပန်းပန်း လုပ်စားရတာပါပဲ၊ မုန်တိုင်းကြားမှာ လှိုင်းဒဏ် လေဒဏ် ခံပြီး သက်စွန့်ဆံဖျား လုပ်စားရတာပါပဲ"

လူသားတို့ အသက်ရှင် ရပ်တည်နိုင်ဖို့အတွက် ရုန်းကန် လှုပ်ရှားကြရပုံတွေကို တင်ကျီးတစ်ဝမ်း၊ ဖျိုင်းတစ်ဝမ်းလို့ တင်စားပြီး ပြောကြားလေ့ရှိသည်။ တစ်ဝမ်းတစ်ခါးအတွက် ရှာစားရတာချင်း တူသော်လည်း တင်ကျီးငှက်သည် ရေထဲမှာ အကြာကြီး ငုပ်ပြီး အစာ ရှာရသည်။ မွန်းကျပ် ပင်ပန်းလွန်းလှသည်။ ရေငုပ်ပြီး အစာရှာနေစဉ် ငါးမန်းလို

http://www.linhtet.com



အသားစား ရေသတ္တဝါနဲ့ တွေ့ပါက အစားခံလိုက်ရတော့သည်။ ပင်ပန်းသလို အန္တရာယ်လည်း များလှပါသည်။ ကိုအဏ္ဏဝါနှင့် အတူ ခရီးသွားနေသည့် ထိုင်းမှောင်ခို အမျိုးသမီး၏ ဘဝသည် တင်ကျီးငှက်မနဲ့ တူနေသည်။

တင်ကျီးငှက်နှင့် ဗျိုင်းငှက်တို့သည် ငါးရှာစားရတာချင်း တူသော်လည်း ဗျိုင်းသည် ရေစီးရေလာကောင်းသည့် ကတွတ်ပေါက်က စောင့်ပြီး ငါးတွေကို ဖမ်းစားသည်။ သက်သောင့်သက်သာ ရှိလှသည်။ အရသာရှိသည့် ငါးကိုတောင် ရွေးပြီး စားနိုင်သေးသည်။

ဝန်ပိုငှက်သည်လည်း ငါး စားသည်။ မိမိ ဝမ်းဝအောင် စားရသည့်အပြင် သိုက်မြုံထဲမှာ ကျန်ခဲ့ကြသည့် မိသားစု စားဖို့အတွက်လည်း နှုတ်သီးကြီး အောက်က တွဲလောင်းကျနေသည့် အရေပြားအိတ်ကြီးထဲမှာ ပြည့်အောင် စုဆောင်း ရှာဖွေရသည်။ ဝန်ပိုငှက်သည် ငါးကို ဖမ်းရာတွင် တင်ကျီးငှက်၊ ဗျိုင်းငှက်တို့နှင့် မတူ တစ်မူထူးပြီး နာကျင်ပင်ပန်းသည်။ ငါးကို ရှာရန် ရေပြင်အထက် အမြင့်မှ ဝဲပျံနေရသည်။ ရေထဲမှာ ငါးကို မြင်သည်နှင့် တစ်ပြိုင်နက် အတောင်ကို ချုပ်ပြီး ရေထဲကို ခေါင်းစိုက် ချလိုက်ရသည်။ အုန်းခနဲ အသံမြည်သွားတဲ့အထိ အရှိန်ပြင်းစွာ ဦးဇောက်ထိုး ချရပါသည်။ နာကျင် ပင်ပန်းလှပါသည်။ ကိုအဏ္ဏဝါ၏ ဘဝသည် ဝန်ပိုငှက်ကြီးနဲ့ တူပါသည်။

သဘော်သား ဝန်ပိုငှက်ကြီး ကိုအဏ္ဏဝါနှင့် ယိုးဒယား မှောင်ခိုမယ် တင်ကျီးငှက်မတို့ တစ်ကားတည်း စီးပြီး တစ်ခရီးတည်း အတူသွားနေကြပါသည်။ ဝန်ပိုငှက်ကြီးကလည်း မြန်မာပြည် သိုက်မြုံထဲမှာ ကျန်နေခဲ့သည့် မိသားစုအတွက် နှုတ်သီးအောက်က စလုတ်ကြီးထဲမှာ အထုပ်ကြီး စုဆောင်းမိအောင် ကြိုးစား ရုန်းကန်နေရသည်။ တင်ကျီးငှက်မကလည်း နယ်စပ်ဂိတ်ကို ဖြတ်သန်းတဲ့အခါ ငါးမန်းတွေ၊ ကဏန်းတွေ၊ အောက်တိုပတ်စ်တွေလို အစာကို အမိဖမ်းပြီး အစားကြမ်းတဲ့ ရန်သူကြီးတွေနဲ့ တွေ့ရ၊ ကြုံရ ဆက်ဆံရဦးမည့် အရေးကို တွေးပူနေပေလိမ့်မည်။

http://www.linhtet.com



## ပြန်မပြောချင်သည့် သံယောဇဉ်အကြောင်း

ဘတ်စ်ကားကြီးသည် ဂျဟိုးဗာရူးမြို့ကြီးက ထွက်ပြီးနောက် တောရွာကလေးတွေကို ဖြတ်သေးသည်။ တောရွာကလေးတွေ ဆိုသော်လည်း ချမ်းသာသည့် နိုင်ငံ၏ တောရွာကလေးတွေဖြစ်လို့ အဆင့်မြင့်သည်။ လျှပ်စစ်မီးတွေ လင်းနေသည်။ စားသောက်ဆိုင်တွေ၊ စတိုးဆိုင်တွေ၊ ဓာတ်ဆီ၊ ဒီဇယ် ဝယ်ထည့်လို့ရသည့် ပန့်စတေရှင်တွေ ရှိနေတာတွေ့ရသည်။

ည ၁၀-နာရီလောက်ကစပြီး တောလမ်းခရီး နှင်နေတာကို သတိထားမိသည်။ ရွာတွေ၊ အိမ်တွေကို မတွေ့တော့ဘဲ တောကြီးတွေ၊ သစ်ပင်ကြီးတွေ၊ တောင့်ကပ်ပျောပင်တွေနှင့် ကိုအဏ္ဏဝါတို့ ရခိုင်ဒေသ တောတွေ တောင်တွေမှာ ပေါက်သည့် အပင်မျိုးတွေကို ကားမီးကြီး ထိုးမိသည့် နေရာတိုင်းမှာ တွေ့ရသည်။ ညဥ့်နက်လာပြီဖြစ်လို့ အစာရှာထွက်လာကြသည့် တောရိုင်းတိရစ္ဆာန် တစ်ကောင်တလေ ကားလမ်းဖြတ်ပြေးတာကို ကားမီးရောင်ဖြင့် မြင်လိုက်ရသည်။ အီကွေတာ သစ်တောကြီးကို ဖြတ်ဖောက်ထားသည့် လမ်းဖြစ်လို့ ကျား၊ သမင်၊ ချေ၊ တောဝက် စသည့် သားရဲတိရစ္ဆာန်တွေ အစုံ ရှိနိုင်သည့် တောလမ်းဖြစ်သည်။ ဒီတော့မှ ကိုအဏ္ဏဝါ သတိရလာသည်။ ငါသည် မလေးရှားနိုင်ငံကို တောင်ဘက်အစွန်းမှ မြောက်ဘက်အစွန်းသို့ ရောက်အောင် အလျားလိုက် ခရီးနှင်နေတာပါလားဟု သတိရလိုက်ပါသည်။

ညဥ့်နက်လာတော့ ကိုအဏ္ဏဝါရော ဘေးထိုင်ခုံက အမျိုးသမီးပါ အိပ်ငိုက်လာကြသည်။ ကိုအဏ္ဏဝါကတော့ အိပ်ငိုက်ရုံသာမက ဗိုက်ပါဆာလာသည်။ အမျိုးသမီးသည် အိပ်ငိုက်ပြီး ကိုအဏ္ဏဝါဘက်ကို ယိုင်ယိုင်လာတတ်သည်။ ယိုင်လာတော့ အမျိုးသမီး၏ မျက်နှာသည် ကိုအဏ္ဏဝါ၏ ပခုံးမှာ လာ လာထိသည်။ လာ လာထိတိုင်း ပြန်ပြန်ခွာသွားသော်လည်း တစ်ခါတလေမှာတော့ ပြန်ခွာ မသွားဘဲ ကြာကြာလေး မှီနေတတ်သည်။ ကြာကြာလေး မှီနေသည့် အချိန်မှာ သူ့ဆီကရသည့် မွှေးရနံ့ကြောင့် ကိုအဏ္ဏဝါကို ရင်ခုန်စေပါသည်။ ရင်ခုန်တာဟာ အချစ်ရဲ့

http://www.linhtet.com



နိဒါန်းလို့ ပြောသံ ကြားဖူးသည်။ သံယောဇဉ်လေးတွေ တွယ်မိပြီဟု ထင်သည်။

ကိုအဏ္ဏဝါလည်း တစ်ချက်တစ်ချက် ငိုက်သွားသည်။ ငိုက်သွားသည့် အချိန်မှာ အမျိုးသမီးဘက်ကို ယိုင်သွားပြီး ပခုံးချင်း တိုက်မိသွားသည်။ ပခုံးချင်း ထိခွင့်ရသည့် အတွက် အိပ်ငိုက်ချင်ယောင် ဆောင်တဲ့ အခါလည်း ရှိသည်။ အမျိုးသမီးက ကိုအဏ္ဏဝါ အိပ်ချင်လျှင် ထိုင်ခုံကို နောက်လှန်ချပြီး အိပ်ပါလားဟု ပြောသည်။ ကိုအဏ္ဏဝါက ထိုင်ခုံကို ဘယ်လို နောက်လှန်ရမှန်း မသိလို့ မလှန်ဘဲ မတ်မတ် ထိုင်နေရခြင်း ဖြစ်သည်။

"ကဲ ရှင် မလှန်တတ်ရင် ကျွန်မ လှန်ပေးမယ်"

အမျိုးသမီးက ကိုအဏ္ဏဝါရဲ့ ထိုင်ခုံ လက်တန်းမှာရှိသည့် ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ထိုင်ခုံနောက်မှီသည် နောက်ဘက်သို့ ဖြည်းဖြည်း လန်ကျသွားပါသည်။ ဒီဘတ်စ်ကားကြီးများသည် ခရီးဝေး သွားရာတွင် အဆင်ပြေအောင် လုပ်ထားသော ကားကြီးများ ဖြစ်သည်ဟု ဆိုပါသည်။ ကားကြီးရဲ့ နောက်မှာ မျက်နှာသစ်ရန် ကြွေခွက်နှင့် အိမ်သာသေးသေးလေး တစ်ခု ပါသည်ဟု ဆိုသည်။

"ကျေးဇူးတင်ပါတယ်၊ နည်းနည်း မှိန်းလိုက်ဦးမယ်"

ကိုအဏ္ဏဝါက နောက်လှန်ချထားသည့် ထိုင်ခုံမှာ မှီချပြီး မှိန်းလိုက်သည်။ ဒါပေမဲ့ သတိဖြင့် မှိန်းခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါ၏ ခရီးဆောင် လက်ဆွဲအိတ် (အတာချီကေ့စ်) ထဲမှာ အမေရိကန်ဒေါ်လာ တစ်ထောင်နှင့် စင်ကာပူဒေါ်လာ ငါးရာကျော် ရှိနေသည်။ ဘေးနားက မှောင်ခိုမကို ပစ်ယုံပြီး စိတ်ချလက်ချ အိပ်လို့မဖြစ်၊ အိတ်ကိုဆွဲပြီး တစ်နေရာမှာ ဆင်းကျန်ခဲ့လျှင် ဒုက္ခရောက်မည်ဖြစ်၍ သတိဖြင့် မှိန်းလိုက်လာခြင်း ဖြစ်သည်။

ကိုအဏ္ဏဝါသည် သတိဖြင့် မှိန်းနေလျက်မှ အိပ်ပျော် သွားခဲ့သည်။ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသည်ကို မသိလိုက်ပါ။ ဘေးနားက အမျိုးသမီးက လှုပ်နှိုးမှ နိုးတော့သည်။

"ထ ထ ဘာတာဝပ်ကို ရောက်ပြီ"

http://www.linhtet.com



"ဟင် ဘာတာဝပ်တောင် ရောက်နေပြီလား၊ ကွာလာလမ်ပူ မရောက်သေးဘူးလား"

"ကွာလာလမ်ပူကို ကျော်လာခဲ့ပြီ၊ ခဏပဲ ရပ်ခဲ့တယ်။ ရှင်အိပ်ပျော်နေလို့ မနိုးတာ"

ကိုအဏ္ဏဝါတို့ စီးလာသည့် ဘတ်စ်ကားကြီးသည် မီးတွေ ထိန်လင်းနေသည့် စားသောက်ဆိုင်ကြီး တစ်ဆိုင် ရှေ့မှာ တခြား လိုင်းကားတွေနှင့် အတူ ရပ်ထားပြီး ဖြစ်နေတာ တွေ့လိုက်ရသည်။ ကိုအဏ္ဏဝါ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ညသန်းခေါင် ၁-နာရီထိုးတော့မည် ဖြစ်သည်။ မိမိရဲ့ အတာချီကွေ့စ်နှင့် ကင်မရာကအစ ပြည့်ပြည့်စုံစုံ ရှိနေလို့ ဘေးက အမျိုးသမီးကို ယုံသွားသည်။

"တပို့တပါး သွားရင်း တစ်ခုခု ဆင်းစားပါလား"

"ကောင်းသားပဲ"

ဒီနေရာကို ဘာတာဝပ်လို့ ခေါ်သည်ဟု ဆိုသည်။ ပီနန်ကျွန်းကို လှမ်းမြင်နေရသည်။ ပီနန်ကျွန်းသည်လည်း စီးပွားရေး တိုးတက်ကောင်းမွန်နေတာ ဖြစ်မည်။ လျှပ်စစ်မီးတွေ ထိန်လင်းနေတာ မြင်ရသည်။ ပြည်မကြီးနှင့် ကျွန်းကို ပြေးဆွဲနေသည့် ဖယ်ရီဘုတ်တွေ ဝင်လိုက်ထွက်လိုက် လုပ်နေတာမြင်ရသည်။ ဪ... ချမ်းသာလိုက်တဲ့ တိုင်းပြည်ဟု တွေးမိသည်။ နိုင်ငံကို ခေါင်းဆောင်နေသူက တော်သည်။ အရည်အချင်း ရှိသည်။ ဒီတော့ အရှေ့တောင်အာရှမှာ ချမ်းသာသည့် နိုင်ငံ ဖြစ်လာသည်။

ကိုအဏ္ဏဝါရော အမျိုးသမီးပါ ကားပေါ်က ဆင်းကြသည်။ ကိုအဏ္ဏဝါက (ဂျင့်)လို့ အင်္ဂလိပ်လို့ ရေးထားသည့် အမျိုးသား ကိုယ်လက် သန့်စင်ခန်းကို ဝင်သည်။ အမျိုးသမီးကလည်း (လေဒီ)လို့ ရေးထားသည့် အခန်းကို ဝင်သွားသည်။ ကိုအဏ္ဏဝါက ကိစ္စပြီးတော့ အမျိုးသမီး ကိုယ်လက် သန့်စင်ခန်းရှေ့က ရပ်စောင့်နေသည်။ အတော်လေးကြာမှ အမျိုးသမီးက သန့်စင်ခန်းမှ ထွက်လာသည်။ ဝင်သွားတုန်းကလို ကပိုကရို မဟုတ်တော့ဘဲ ပြင်ဆင်ဖြီးလိမ်းလာသည်။ နှုတ်ခမ်းနီ ပြန်ဆိုးလာသည်။ ပိုပြီး လှသွားသည်ဟု ထင်မိသည်။ စားသောက်ဆိုင်က

http://www.linhtet.com



မီးရောင် ထိန်ထိန်အောက်မှာ ထိုင်လျှင် ကိုအဏ္ဏဝါ၏ အမြင် လှအောင် တမင် ပြင်ဆင် ဖြီးလိမ်းလာတာ ဖြစ်မည်။

ကိုအဏ္ဏဝါက ကြက်ပေါင်ကြော်နှင့် ထမင်းကြော် တစ်ပွဲ မှာစားသည်။ အမျိုးသမီးကို ကြိုက်တာ မှာစားပါ၊ ကျွန်တော် ဒကာခံပါ့မယ် လို့ ပြောလိုက်သည်။ အမျိုးသမီးက သူ့လွယ်အိတ်ထဲက အသင့် စားလို့ ရသည့် ခေါက်ဆွဲကြော်ဘူးလေးကို ထုတ်ပြီး စားသည်။ စီးပွားရှာနေသူ ဖြစ်လို့ အကုန်အကျ သက်သာအောင် စီမံကိန်းနဲ့ နေသူဖြစ်မည်ဟု တွေးမိသည်။ ကိုအဏ္ဏဝါ မှာစားသည့် ထမင်းကြော်သည် ဝင်းဂိတ် (မလေးရှားပိုက်ဆံ) တစ်ဆယ် ဖြစ်၍ အမေရိကန် ဒေါ်လာ ၂.၅၀ လောက် ဖြစ်နေသည်။ သူလို မှောင်ခို အမျိုးသမီး ဘယ်စားနိုင်မလဲ။ ကိုအဏ္ဏဝါက ကျွေးပါမည် ဆိုတာတောင် မစားရက် ဖြစ်နေလို့ သနားမိသေးသည်။ အဲဒီလို သနားတာက ဇာတ်လမ်း စတာပဲလို့ တွေးမိသည်။

"ဆန်နီတိုး ပါဆင်ဂျာ ဝီဂိုးလား"

ကိုအဏ္ဏဝါတို့ စီးလာသည့် ဘတ်စ်ကားကြီးကို မောင်းသည့် စင်ကာပူ ယာဉ်မောင်းက ခရီးသည်တွေကို အော်ပြောသည့် စကားဖြစ်သည်။ ဆန်နီတိုးဆိုတာ ကားလိုင်းနာမည်ဖြစ်သည်။ ပါဆင်ဂျာဆိုတာ ခရီးသည်တွေလို့ ပြောခြင်းဖြစ်သည်။ ဝီဂိုးဆိုတာ ကျွန်ုပ်တို့ သွားကြမယ် လို့ ပြောတာဖြစ်သည်။ လားဆိုတာကတော့ အများသိကြသည့်အတိုင်း စင်ကာပူအင်္ဂလိပ် စကား၏ နောက်ဆက် သမ္ဗန္ဓပုဒ် ဖြစ်သည်။ ကမ္ဘာမှာ မရှိသည့် အင်္ဂလိပ်စကား ဖြစ်သည်။

ညသန်းခေါင် ၂-နာရီထိုးမှာ ဘာတာဝပ်က ပြန်ထွက်သည်။ မလေးရှားနှင့် ထိုင်းနယ်စပ်ထိအောင် မရပ်မနား တောက်လျှောက် မောင်းတော့မည်ဟု သိရသည်။ ခရီးသည်တွေအားလုံး အိမ်သာ တက်ပြီး ကြပြီ၊ စားသောက်ပြီးကြပြီ ဖြစ်လို့ မျက်ကြောတွေ စင်းလာကြသည်။ ကားကြီးကလည်း ပုခက်လွှဲပေးပြီး ချော့သိပ်နေသလို တငြိမ့်ငြိမ့် ဖြစ်နေသည်။ ခရီးသည် အားလုံး အိပ်ငိုက်ကုန်ကြသည်။ ကိုအဏ္ဏဝါ၏ ခရီးဖော် အမျိုးသမီးသည်လည်း အိပ်ငိုက်နေပြီ ဖြစ်သည်။

http://www.linhtet.com



ဒီအမျိုးသမီးသည် သူ့ဘဝနှင့်သူ ပင်ပန်း မွန်းကျပ်စွာ လုပ်စား နေရသော်လည်း ရိုးသားသည်။ နားလည်မှု ရှိသည်။ နာမည်ကိုတောင် မသိသည့် အမျိုးသမီး အပေါ်မှာ သံယောဇဉ် ဖြစ်နေမိသည်။ ကိုယ် လက် သန့်စင်ခန်း ဝင်ပြီး ပြန်လည် ခြယ်သထား၍ မွေးကြိုင်လှပ နေသည်။ မွေးကြိုင် လှပနေသည့် မျက်နှာလေး အိပ်ငိုက်ပြီး ယိုင်လာ တော့ ကိုအဏ္ဏဝါက ဖမ်းထိန်းပြီး ပခုံးမှာ မှီထားလိုက်သည်။ ကိုအဏ္ဏဝါ ရဲ့ ပခုံးမှာ ဦးခေါင်းမှီပြီး အိပ်နေပြီဆိုတော့ ရှေ့ကို ငိုက်ကျမသွားအောင် ကိုအဏ္ဏဝါက သူ့နဖူးကို လက်ဝါးဖြင့် ထိန်းထားရသည်။ ဒီတော့လည်း သံယောဇဉ်လေးတွေ ဖြစ်ကုန်တော့သည်။

ကိုအဏ္ဏဝါသည် ဒီအမျိုးသမီးနှင့်အတူ ဘန်ကောက်အထိ လိုက် သွားပြီး သူ့အိမ်မှာ တစ်ပတ်ဆယ်ရက် အတူနေလို့ ရနေပြီ ဖြစ်သည်။ ကိုအဏ္ဏဝါကလည်း စင်ကာပူအစိုးရက မောင်းထုတ်လို့ စတေး ရှောင်လာ တာဖြစ်သည်။ ဘယ်သွားရမှန်း မသိဘဲ ခြေဦးတည့်ရာ ထွက်လာခြင်း ဖြစ်သည်။ ဘတ်စ်ကား လက်မှတ်က ယိုးဒယားနိုင်ငံ ဟတ်ကျိုင်အထိ သာ ဖြတ်လာခဲ့သော်လည်း ဘန်ကောက်ကို ဆက်လိုက်မည် ဆိုပါက ဟတ်ကျိုင်ဂိတ်မှာ ငွေထပ်သွင်းလိုက်ရုံသာ ဖြစ်သည်။ တိုင်းပြီး ရက်တဲ့ ပက္ကလာ မိုးရွာတာနဲ့ အခန့်သင့် ဖြစ်နေသည်။

သင်္ဘောသားနှင့် ထိုင်းနိုင်ငံသူတို့ရဲ့ သံယောဇဉ် ဇာတ်လမ်း တစ်ပုဒ်ကို သတိရလာသည်။ ချင်းမိုင်သူ(ဇင်းမယ်သူ) ချောချော တစ်ယောက်နှင့် သံယောဇဉ် တွယ်မိကြသည့် မြန်မာ သင်္ဘောသား အရာရှိလေး တစ်ယောက်တို့၏ ကြေကွဲဖွယ် ဇာတ်လမ်း ဖြစ်သည်။

သင်္ဘောသား အရာရှိလေးသည် သင်္ဘောပေါ် တက်ပြီး ပိုက်ဆံ ရှာသည့် ဇင်းမယ်သူလေးကို အပျော် ခေါ်မိရာမှ တကယ် ချစ်သွားပြီး တရားဝင် လက်ထပ်ယူပါမည်ဟု ပူစာတော့သည်။ ကလေးမက သဘော မတူလို့ ငြင်းသေးသည်။

"စဉ်းစားပါဦး မောင်ရယ်၊ ကျွန်မက မကောင်းတာ လုပ်စားတဲ့ အပျော်တမ်း မိန်းကလေးပါ။ မောင်က တက်လမ်းရှိတဲ့ အရာရှိပါ။ မောင် နောင်တ ရလိမ့်မယ်နော်၊ စိတ်ကူးမယဉ်ချင်ပါနဲ့။ ကိုယ့်ဘဝနဲ့ ကိုယ် အခုလိုပဲ နေကြတာ ကောင်းပါတယ်"

http://www.linhtet.com



"အချစ်နဲ့သာ ထာဝရ အတူနေရမယ်ဆိုရင် အရာရာတိုင်းကို စွန့်လွှတ်ဖို့ မောင် ဆုံးဖြတ်ပြီးပါပြီ။ အချစ်နဲ့ ခွဲနေရတဲ့ အချိန်တွေဟာ မောင် ငရဲခံနေရတယ်ဆိုတာ နားလည်ပေးပါနော်"

သင်္ဘောသားကို ဘယ်လိုမှ ပြောမရသည့်အတွက် သူ့ အလိုကို လိုက်လျောလိုက်ရသည်။ တရားဝင် လက်ထပ်လိုက်ကြသည်။ သင်္ဘောသားကလည်း သင်္ဘော မလိုက်တော့ဘဲ သင်္ဘောပေါ်က ဆင်းကျန်ခဲ့သည်။ ကောင်မလေးကိုလည်း အလုပ် လုပ်စားခွင့် မပြုတော့သည့်အတွက် ဝင်ငွေမရှိ ဖြစ်သွားကြတော့သည်။ ရှိတာလေး ထိုင်စားလို့ ကုန်သွားသောအခါ ချင်းမိုင်က ကောင်မလေး မိဘတွေ ရှိရာကို သွားကြသည်။ ကောင်မလေးရဲ့ မိဘတွေက ဆင်းဆင်းရဲရဲ လယ်လုပ်စား နေကြတာ တွေ့ရသည်။

ယောက္ခမ မိဘရဲ့ လက်ငုတ် လယ်ယာလုပ်ငန်းကို ဝင်ကူလုပ်ရ တော့သည်။ သင်္ဘောသား အရာရှိက လယ်ထွန်သည်။ ကောင်မလေးက ဗိုက်တစ်လုံးနဲ့ ကောက်စိုက်ရသည်။ ကြာလာတော့ အချစ်နဲ့ သံယောဇဉ်ရဲ့ ဒဏ်ကို မခံနိုင်တော့လို့ ကောင်မလေးကို ကလေးတစ်ယောက်နဲ့ ထားရစ်ခဲ့ပြီး မြန်မာပြည်ကို တောလမ်းက ပြန်ဝင်ခဲ့ရသည်ဟု ကြားဖူးသည်။ ဒီကြောင်းတွေက ကိုအဏ္ဏဝါတို့ နေထိုင်ခဲ့သည့် စင်ကာပူက ပွဲစားအိမ်မှာ ပြောပြောပြီး ရယ်နေကြတာ ကြားဖူးခဲ့ခြင်း ဖြစ်သည်။

ကိုအဏ္ဏဝါကတော့ လယ်လည်းမထွန်တတ်၊ ဇနီး မဖြူတုတ်နှင့် သမီးလေးတွေကလည်း ရှိနေလို့ သံယောဇဉ် တွယ်လို့ မဖြစ်ဟု သတိရ သွားသည်။

၁၁-၇-၁၉၈၃ နံနက် ၉နာရီမှာ မလေးရှားနှင့် ယိုးဒယားနယ်စပ် ဂိတ်ကို ရောက်သည်။ ခရီးသည်တွေအားလုံး ကားပေါ်က ဆင်းကြရ ပြန်သည်။ နယ်ခြားမျဉ်း သတ်မှတ်ထားပုံကို တွေ့ရသည်။ ဆယ်ပေမျှ သာ အကွာအဝေးရှိသော သံဆန်ခါ နှစ်ထပ်ကာပြီး နယ်ခြားသတ်မှတ် ထားသည်။ ကားကြီးတွေ မောင်းဝင်သွားနိုင်အောင် ဂိတ်တံခါးကြီးက ဖွင့်ထားသည့်အတွက် ကလေးတွေ ပြေးဆော့ရင်း ဟိုဘက်မှ ဒီဘက် ဝင်ထွက်နေတာတွေ့ရသည်။ ခရီးသည်တွေ၏ ပတ်စ်ပို့တွေကို ထိုင်းရဲက

http://www.linhtet.com



စစ်ဆေးပြီးသောအခါ ကားပေါ်ပြန်တက်ကြပြီး ခရီးဆက်ထွက်ခဲ့ကြပါသည်။

"ဘယ်လိုလဲ၊ ရဲနဲ့ အကောက်အခွန်က ဘာမှ မလုပ်ဘူးလား"

"မလုပ်ပါဘူး၊ နည်းနည်းပါးပါး ပေးလိုက်တယ်၊ ဒီဂိတ်က ပြဿနာ သိပ်မရှိဘူး၊ ဘန်ကောက်အဝင် ဂိတ်မှာ အဆင်ပြေအောင် လုပ်ရတယ်"

"ဟတ်ကျိုင်ကို ဘယ်အချိန်ရောက်မလဲ"

"တော်ကြာနေ ရောက်တော့မယ်၊ ဟတ်ကျိုင်မှာပဲဆင်းမလား၊ ဘန်ကောက်အထိ မလိုက်တော့ဘူးလား"

"မလိုက်တော့ပါဘူးဗျာ၊ ဟတ်ကျိုင်မှာ သူငယ်ချင်းတွေနဲ့ ဆုံဖို့ ချိန်းထားတယ်"

"ကောင်းပါပြီရှင် နှုတ်ဆက်ခဲ့ပါတယ်"

အမျိုးသမီးက ကိုအဏ္ဏဝါကို လက်ကမ်းပေးလို့ လက်ဆွဲနှုတ်ဆက် လိုက်ပါသည်။ ကံကောင်းပါစေလို့ သူ့အတွက် ဆုတောင်းပေးလိုက်ပါသည်။ နံနက် ၁၀-နာရီတွင် ဟတ်ကျိုင်မြို့ကို ရောက်ပြီး ကိုအဏ္ဏဝါ ကားကြီး ပေါ်က ဆင်းလိုက်ပါသည်။

ဒီနေရာမှာ တင်ပြစရာ တစ်ခု ရှိပါသည်။ ကိုအဏ္ဏဝါနှင့် ခရီးဖော် အမျိုးသမီးတို့ အချင်းချင်း အင်္ဂလိပ်လို ပြောကြပါသည်။ ကိုအဏ္ဏဝါက သင်္ဘောသား အင်္ဂလိပ်စကား (ဘရုတ်ကင်း အင်္ဂလိပ်)ဖြင့် ပြောသည်။ ထိုင်းမှောင်ခို အမျိုးသမီးကလည်း စင်ကာပူ အင်္ဂလိပ်စကား (လား အင်္ဂလိပ်)ဖြင့် ပြောသည်။ ဘဲထီးနှင့် ကြက်မ အချင်းချင်း နားလည်ပြီး ဟန်ကျနေခဲ့ကြသည်။

## ခုတင်ကိုထောင် စောင်ကိုကာပါလို့

ဟတ်ကျိုင်ကို ရောက်ပြီဆိုတော့ ဟိုတယ် တစ်ခုခုမှာ တည်းခိုရတော့မည် ဖြစ်သည်။ ဘယ်ဟိုတယ်ကို သွားရလျှင် ကောင်းမလဲ စဉ်းစားသည်။ စင်ကာပူက ထွက်မလာမီက စုံစမ်းသိရှိခဲ့တာက၊ မြန်မာ

http://www.linhtet.com



သဘော်သား အများစုသည် ပစိဖိတ်ဟိုတယ်မှာ တည်းခိုနေကြသည်ဟု သိခဲ့သည်။ ပစိဖိတ် ဟိုတယ်ကိုပဲ သွားမည်ဟု စိတ်ဆုံးဖြတ်ပြီး တိုင်စီကို မောင်းခိုင်းလိုက်သည်။

ပစိဖိတ်ဟိုတယ်သည် ကြယ်ငါးပွင့် အဆင့်မီအောင် ဆောက်လုပ်ထားသော ဟိုတယ်ဖြစ်သည်။ မြေညီထပ်မှာ ဧည့်ကြိုခန်း၊ နားနေခန်း၊ စားသောက်ခန်း၊ အလှပြင်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ အနှိပ်ခန်းတွေ ရှိနေတာ တွေ့ရသည်။ ရီဆက်ပ်ရှင် (ဧည့်ကြို) ကောင်တာက အမျိုးသမီးက အခန်းလွတ် မရှိတော့လို့ ဝမ်းနည်းကြောင်း ပြောသည်။ ဟိုတယ်တစ်ခုလုံးမှာ မြန်မာ သဘော်သားတွေဖြင့် ပြည့်နေသည်ဟု ဆိုပါသည်။

"ကျွန်တော်အတွက် သီးသန့်အခန်း မလိုပါဘူး၊ မြန်မာအချင်းချင်း စုပေါင်းနေလို့ ရပါတယ်၊ အဆင်ပြေအောင် လုပ်ပေးပါဗျာ"

"သီးသန့်ခန်း တစ်ခန်းမှ မရှိဘူး၊ မြန်မာအချင်းချင်း စုပေါင်းနေပါရစေဆိုလို့ တစ်ခန်းမှာ ငါးယောက်၊ ခြောက်ယောက် စုပေါင်းနေကြတယ်။ စင်ကာပူက မြန်မာသဘော်သားတွေ အကုန်လုံး ဟတ်ကျိုင်ကို ရောက်လာကြတယ်။ ကျွန်မ ဘာလုပ်ပေးရမလဲ"

ကျွန်မ ဘာလုပ်ပေးရမလဲလို့ မေးလာပြီဖြစ်လို့ သူလုပ်ပေးနိုင်တာကို မေတ္တာရပ်ခံကြည့်မည်ဟု စိတ်ကူးရလာသည်။ ဆရာမကြီး အိမ်ကကောင်တွေ ဘယ်အခန်းမှာ နေသလဲသိချင်လို့ ဧည့်စာရင်း စာအုပ်ကို တောင်းကြည့်သည်။

"ဧည့်စာရင်းနဲ့ အခန်းမှတ်တမ်းစာအုပ် ခဏပေးစမ်းပါ"

အပြည်ပြည်ဆိုင်ရာ ဟိုတယ်စည်းကမ်းအရ ကြည့်ပိုင်ခွင့် မရှိ၊ ပြပိုင်ခွင့် မရှိသော စာအုပ်ဖြစ်သည်။ ပြပိုင်ခွင့် မရှိသော ဧည့်မှတ်တမ်းစာအုပ်ကို ပြသည်။ ကြည့်ပိုင်ခွင့် မရှိသော ကိုအဏ္ဏဝါကလည်း ကြည့်သည်။ အခန်းနံပါတ် ၅၀၁မှာ နေကြသည့် ကျော်စိုးနှင့် အပေါင်းအပါ နှစ်ယောက်တို့၏ ဓာတ်ပုံတွေကို ကြည့်ချင်လို့ ပတ်စ်ပို့တွေကို ခဏပြပါ ဆိုတော့သည်။ ပတ်စ်ပို့တွေကို ထုတ်ပြပါသည်။ စင်ကာပူက ဆရာမကြီး မစ္စကယ်ရ်အေး အိမ်မှာ ကိုအဏ္ဏဝါနှင့် အတူနေကြသည့်

http://www.linhtet.com



ထူကြီး၊ ဖထီးနှင့် ဘိုးတော်တို့ ဖြစ်နေသည်။ ကိုအဏ္ဏဝါ ဝမ်းသာသွားသည်။

"ကျွန်တော် သူတို့နဲ့ အတူနေလို့ရတယ်"

"သူတို့က မှာထားတယ်။ သူတို့ အခန်းကို သူတို့ သဘောမတူဘဲ နောက်ထပ် လူ မသွင်းပါနဲ့လို့ ပြောထားပါတယ်ရှင်၊ ဝမ်းနည်းပါတယ်"

"သွားစမ်းပါ ဒီကောင်တွေဟာ ကျွန်တော့် သူငယ်ချင်းတွေပါ။ ကျွန်တော့်ကို လက်မခံလို့ ရမလား၊ ရော့ ပတ်စ်ပို့၊ ကျွန်တော် အဲဒီအခန်းမှာ နေမယ်"

ကိုအဏ္ဏဝါက သူ့နိုင်ငံကူး လက်မှတ်ကို ကောင်တာပေါ် ပစ်တင်ခဲ့ပြီး ဟိုတယ် အပေါ်ထပ်ကို တက်ရန် ဓာတ်လှေကား ခလုတ်ကို နှိပ်လိုက်တော့သည်။ ဧည့်ကြိုကောင်တာက ကလေးမတွေ ဘာမျှ မပြောနိုင်ဘဲ ငေးကြည့် နေကြသည်။

ပဉ္စမထပ်က အခန်းနံပါတ် ၅၀၁ ကို ရောက်သွားတော့ ထူကြီး၊ ဖထီးနှင့် ဘိုးတော်တို့ကို ကောင်မလေးတွေနှင့်အတူ စားသောက်နေကြတာ တွေ့ရသည်။ ထူကြီးဆိုတာ မျက်နှာမှာ ဝက်ခြံတွေနဲ့ ထူအမ်းအမ်းဖြစ်နေလို့ ထူကြီးလို့ခေါ်သည်။ ဖထီးဆိုတာက ကရင်လူမျိုးမို့ ခေါ်သည်။ ဘိုးတော်ဆိုတာက ဘုရား တရား ကြည်ညိုပြီး ပုတီးကို လည်မှာ ဆွဲထားလို့ ဘိုးတော်လို့ ခေါ်သည်။ သူတို့က ကိုအဏ္ဏဝါကို မြင်တော့ အံ့သြ ဝမ်းသာသွားကြသည်။

"ဟေ့ ကိုစိုးကြီး ခင်ဗျား ဘယ်တုန်းက ရောက်လဲ"

"အခုပဲ ရောက်တယ်၊ အခန်းမရလို့ ခင်ဗျားတို့နဲ့ နေမလို့ လာတာ"

"ဟာ ရတယ်၊ အမျိုးသမီး ခေါ်ဦးမလား ဖုန်းဆက် ခေါ်လို့ ရတယ်"

"နေပါဦးဗျာ ခရီးပန်းလာလို့ အိပ်ပါရစေဦး"

မခေါ်ဘူး၊ ဒါမျိုးကို ဝါသနာ မပါဘူးလို့ ပြောလိုက်လျှင် ကိစ္စပြီးသည်။ အခုတော့ နေပါဦးတဲ့၊ ခရီးပန်းလာလို့ အိပ်ဦးမည်ဟု ဆိုသည်။ အပန်းပြေသွားလျှင် ခေါ်မည်ဆိုသည့် သဘော ဖြစ်သည်။

http://www.linhtet.com



"အိပ်ချင်အိပ်ပေါ့ဗျာ၊ စောစောခေါ်ထားလိုက်တော့ ခင်ဗျားအိပ်နေ တုန်း နှိပ်နယ်ပေးဖော် ရတာပေါ့၊ နောက်လည်း ခေါ်ရမှာပဲ မဟုတ်လား"

အခန်းထဲမှာ ရောက်နေသည့် ကောင်မလေး တစ်ယောက်က သူ့သူငယ်ချင်းထဲက ရုပ်ချောပြီး သဘောကောင်းသူကို ခေါ်လိုက်မည်ဟု ပြောသည်။ ကိုအဏ္ဏဝါက လက်ကာပြပြီး ခဏနေပါဦးဟု တောင်းပန် ထားရသည်။ ထူကြီးက မြန်မာစကား ပြောတတ်သည့် ရှမ်းမ မကြင်သိန်း ကို ခေါ်ဟု အကြံပေးသည်။ မကြင်သိန်းသည် ဆင်ဖာဟိုတယ်မှာ နေသည်ဟု ပြောသည်။

"နေပါဦး ဒီအခန်းဟာ နှစ်ယောက်ခန်း၊ ခင်ဗျားတို့ သုံးယောက် ဘယ်လို အိပ်ကြလဲ"

"ခုတင်ပေါ်မှာ မအိပ်ကြဘူး၊ ခုတင် နှစ်လုံးကို ထောင်ပြီးကာ လိုက်တော့ သုံးခန်းဖြစ်သွားတယ်၊ ကြမ်းခင်းမှာ စောင်ခင်းပြီး အိပ်ကြ တယ်"

"ဒီနေ့ည ကျွန်တော်လည်း ဒီအခန်းမှာ အိပ်မယ်ဆိုတော့ ဘယ်လို လုပ်ကြမလဲ"

"လွယ်ပါတယ်၊ ခင်ဗျားအတွက် စောင်ကာပေးမှာပေါ့၊ မျက်စိ တော့ မှိတ်ထားပေါ့ဗျာ"

အဲဒီညက သူတို့ ခြေရင်းမှာ ကိုအဏ္ဏဝါအတွက် စောင်ကာပြီး အခန်းဖွဲ့ပေးသည်။ ခင်းရန် ကာရန် စောင် မလုံလောက်သဖြင့် ဟိုတယ် က တာဝန်ရှိသူ ထံမှာ တောင်းသည်။ ဟိုတယ်ကလည်း ပေးပါသည်။ ချည်ဖို့ လိုအပ်သည့် ကြိုးလေးတွေပါ ပေးပါသည်။ ကမ္ဘာမှာ ဒါလောက် သဘောကောင်းသည့် ဟိုတယ်ရှိမည် မထင်။ ကိုအဏ္ဏဝါလည်း ဒီတစ်ခါ သာ ကြုံဖူးပါသည်။ ကိုအဏ္ဏဝါက ခရီးပန်းလာလို့ တစ်နေ့လုံး အိပ် သည်။ ညနေ မိုးချုပ်မှ အိပ်ရာက နိုးလာသည်။

ကိုအဏ္ဏဝါ အိပ်ရာက နိုးလာတော့ ကောင်မလေးတွေ ငါး ယောက်လောက် ဝိုင်းထိုင်နေတာ တွေ့ရသည်။ စားစရာ သောက်စရာ တွေ ဝယ်ထားပြီး ကိုအဏ္ဏဝါ နိုးလာမှ စားသောက်ကြရန် စောင့်နေခြင်း ဖြစ်သည်။

http://www.linhtet.com



"အစ်ကို နိုးပြီလား"

ကောင်မလေးတွေထဲက တစ်ယောက်က ရှမ်းသံဝဲဝဲဖြင့် မြန်မာစကား ပြောလိုက်လို့ ကိုအဏ္ဏဝါ အံ့သြသွားသည်။ မြန်မာစကား ပြောတတ်သည့် မကြင်သိန်းဆိုတာ သူပဲဖြစ်ရမည်ဟု အတပ်သိလိုက်သည်။ ဘယ်လိုကြောင့် မြန်မာစကား ပြောတတ်သလဲလို့ မေးကြည့်တော့ တာချီလိတ်ကဟု ဖြေသည်။ ဆယ်နှစ်သမီး အရွယ်လောက်က ထိုင်းနိုင်ငံကို ရောက်နေတာဖြစ်လို့ မြန်မာစကားကို ကျွမ်းကျင်စွာ မပြောတတ်ဟု သိရသည်။ ကိုအဏ္ဏဝါကို ဆေးပေးမီးယူ လုပ်ပေးရန် ကျေးဇူးရှင် ထူကြီးတို့က တယ်လီဖုန်း ဆက်ပြီး ခေါ်ထားတာဟု သိရသည်။

ကိုအဏ္ဏဝါ ရေချိုးလိုက်သည်။ ထူကြီးတို့ ဝယ်ထားတာလား၊ ကောင်မလေးတွေ ဝယ်ထားတာလား မသိရသည့် ထမင်းတွေ ဟင်းတွေကို ဝင်စားလိုက်သည်။ ကောင်မလေးတွေသည် အင်္ဂလိပ်စကားလည်း မတတ်၊ မြန်မာစကားလည်း မတတ်ဘဲ၊ မြန်မာ သင်္ဘောသားတွေနဲ့ အလုပ်ဖြစ်နေကြသည်။ အင်္ဂလိပ်စကားလည်း ကောင်းကောင်း မပြော တတ်၊ ထိုင်းစကားလည်း မတတ်သည့် ကိုအဏ္ဏဝါနဲ့ အဆင်ပြေအောင် ဆိုပြီး မြန်မာစကား မတောက်တခေါက် ပြောတတ်သည့် မကြင်သိန်းကို ထူကြီးက စီစဉ်ပေးထားတာဟု သိရသည်။ ကျေးဇူးရှင်ကြီး အသက်ရှည်ပါစေဟု ဆုတောင်းပေးလိုက်ပါသည်။

## တောပြောင်းလာသည့် ကျားနှစ်ကောင်

၁၂-၇-၁၉၈၃ နေ့ နံနက်မှာ ထူကြီး၊ ဖထီးနှင့် ဘိုးတော်တို့ ဟတ်ကျိုင်မှ ပြန်လည် ထွက်ခွာသွားကြသည်။ ဘန်ကောက်ကို သွားသလား၊ ကွာလာလမ်ပူကို သွားသလားမသိလိုက် ဖြစ်သွားသည်။ သူတို့ ပြန်သွားကြတော့ ကောင်မလေးတွေလည်း သူတို့အိမ်တွေကို ပြန်သွားကြသည်။ သူတို့နှင့် အတူ မကြင်သိန်းပါ ပြန်သွားသည်။ သူ နေထိုင်သည့် ဆင်ဖာဟိုတယ်၏ ဖုန်းနံပါတ်ကို ပေးထားခဲ့သည်။

http://www.linhtet.com



အဲ့ဒီနေ့ နံနက် ၉ နာရီခွဲလောက်မှာ ဒုတိယအရာရှိ ဖေသန်းမောင်နှင့် တတိယအရာရှိ ဇော်မြင့်တို့ ရောက်လာကြပြန်သည်။ သူတို့သည်လည်း စင်ကာပူက ဆရာမကြီး မစ္စကယ်ရ်အေးရဲ့ အိမ်မှာ ကိုအဏ္ဏဝါနှင့် အတူ နေခဲ့ကြသူတွေ ဖြစ်သည်။ စင်ကာပူမှာ နေထိုင်ခွင့်ရက်ကုန်ဆုံးသည့် အကောင်တွေ နေ့စဉ် တဖွဲဖွဲ ရောက်လာ နေကြတာဖြစ်သည်။ ထူကြီးတို့ ဖထီးတို့ ဘိုးတော်တို့ နေရာမှာ အစားဝင်လာသလိုဖြစ်သွားသည်။ သူတို့ ရောက်လာပြီး မကြာမီပင် ကောင်မလေးတွေ သုံး လေးယောက် အခန်းထဲ ရောက်လာသည်။ ကြိုက်တာယူပါ ဆိုသည့် သဘောဖြစ်သည်။ ဧည့်သည် ရောက်လာတိုင်း ဟိုတယ်က စီစဉ်ပေးသည်ဟု သိရသည်။ အတော်နိပ်သည့် ဟိုတယ်ဖြစ်သည်။

ဖေသန်းမောင်နှင့် ဇော်မြင့် ရောက်လာတော့ အခန်းထဲမှာ ပိုမိုစည်ကားသွားသည်။ ဆင်ဖာဟိုတယ်မှာ နေသည့် မကြင်သိန်းကလည်း ဝတ်ကောင်းစားလှဖြင့် ဖြီးလိမ်းပြင်ဆင်ပြီး ရောက်လာပြန်သည်။ ကောင်မလေးတွေက ဒစ္စကို ကပွဲသွားချင်သည်ဆိုလို့ ဖေသန်းမောင်က လိုက်ပို့မည်ဟု ဆိုသည်။ ဖေသန်းမောင်သည် ထိုင်းဘာသာစကားကို အတော် ကျွမ်းကျင်စွာ ပြောနိုင်တာ တွေ့ရသည်။ အင်္ဂလိပ်စကား မပြောတတ်သည့် ကောင်မလေးတွေပါနေလို့ ဖေသန်းမောင် ရှိတာ အဆင်ပြေသည်။

(EMPRESS) ဟိုတယ်ကို သွားကြသည်။ ဟိုတယ်က ဒစ္စကို ခန်းမထဲမှာ ကကြ ခုန်ကြ၊ ပျော်မြူးကြသည်။ ကောင်မလေးတွေသည် ဒီလို ဟိုတယ်ခန်းမထဲကို သူတို့စရိတ်ဖြင့် မလာနိုင်ကြဟု သိရသည်။ မြန်မာ သင်္ဘောသားတွေရဲ့ စရိတ်ဖြင့် ဒစ္စကို ခန်းမထဲ ဝင်ပြီး ကခွင့်ရသောအခါ အရမ်းပျော်ကြသည်။ သူတို့၏ ဘဝသည် ယတြာချေသည့် အခါ လွှတ်သည့် စာကလေးတွေနဲ့ တူသည်။ ယတြာချေလိုသူက သူ့အကျိုးအတွက် ဝယ်ယူပြီး လွတ်လပ်ခွင့် ရအောင် လွှတ်ပေးလိုက်သည်။ သို့သော် မကြာမီ ထိုစာကလေးတွေသည် ရောင်းသူ၏ သံဆန်ခါလှောင်အိမ်ထဲ ပြန်ရောက်သွားမည် ဖြစ်သည်။

http://www.linhtet.com



ညသန်းခေါင် ၂-နာရီကျော်မှ ဟိုတယ်ကို ပြန်ရောက်ကြသည်။ အတော်ပင်ပန်းလာကြသည့် အပြင် မူးပြဲလာကြလို့ ဟိုတယ်ရောက်သည်နှင့် လှဲချပြီး အိပ်လိုက်ကြတော့သည်။ ယောကျ်ားသုံးယောက်နှင့် မိန်းမလေးယောက်ဖြစ်နေ၍ ခုတင် မထောင်၊ စောင် မကာတော့ဘဲ တိုးဝှေ့ပူးကပ် အိပ်လိုက်ကြသည်။ ခေါင်းချလိုက်သည်နှင့် တရှုးရှုးဖြင့် အိပ်ပျော်သွားကြတာက ကောင်မလေးတွေ ဖြစ်သည်။ လူငယ် သင်္ဘောသားတွေ ဖြစ်သည့် ဖေသန်းမောင်နှင့် ဇော်မြင့်တို့လည်း မကြာမီ ဟောက်သံ ထွက်လာပြီး အိပ်ပျော်သွားကြပြန်သည်။ တောင်တွေးမြောက်တွေးဖြင့် ဖြန်းခနဲ အိပ်မပျော်တာက ကိုအဏ္ဏဝါ ဖြစ်သည်။

ကိုအဏ္ဏဝါသည် သူ့ဘဝနှင့် သူ့စရိုက်ကို ပြန်လည် သုံးသပ်နေခြင်းဖြစ်သည်။ ကိုအဏ္ဏဝါ၏ ဘဝက ဖြတ်သန်းရမှု ကြမ်းတမ်းနေးကွေးသည်။ ငယ်စဉ်က ပညာမသင်ခဲ့ရလို့ အသက် ၁၆ နှစ်သားလောက်အထိသာ သေစာရှင်စာ ရေးတတ်ဖတ်တတ်သည့် အဆင့်သာရှိခဲ့သည်။ အသက် ၁၇ နှစ်သားအရွယ်မှာ ကိုရင်ဘဝဖြင့် ရန်ကုန်ကို ရောက်လာပြီး အလွတ် ပညာသင်ကျောင်း တက်၍ အင်္ဂလိပ်စာကို စတင် သင်ကြားခဲ့ရသည်။ ၁၉၆၂-ခုနှစ်မှာ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်ပြီး ရေတပ်မတော်ထဲ ဝင်သည်။ ရေတပ်သား ရဲဘော်ဘဝဖြင့် ၁၄နှစ် ကြာခဲ့သည်။ ၁၉၇၅- ခုနှစ်မှာ တပ်မတော်မှ အငြိမ်းစားယူပြီး သင်္ဘောသားဖြစ်အောင် ကြိုးစားခဲ့တာ ၇-နှစ်ကြာသည်။

သင်္ဘောသား ဖြစ်လာသည့်အခါ ဘဝနာကြွေးတွေကို ရက်တိုတိုဖြင့် ဆပ်နိုင်အောင် လိမ္မာမယ်လို့ ဆုံးဖြတ်ပြီး သတိဖြင့် သွားလာ နေထိုင်စားသောက်ခဲ့သည်။ ဒါပေမဲ့ အဖော်ကောင်းလျှင် အဝီစိငရဲအထိ လိုက်သွားချင်သည့် စရိုက်ကြောင့် သတိလက်လွတ် ဖြစ်ဖြစ်သွားခဲ့သည်။ အာရုံ ခံစားမှုတွေကို မရှောင်နိုင်လို့ ပွဲတိုင်းကို ဝင်နွှဲခဲ့သည်။ အခုလည်း သောက်တာ၊ စားတာနှင့် ကောင်မလေးတွေကို ခေါ်ထားတာ စရိတ်စက မနည်းဘူး ကျမည်။ ကောင်မလေးတွေ၏ ညကြေးကပင် တစ်နေ့ကို ဘတ်သုံးရာ (အမေရိကန် ဆယ်ဒေါ်လာခန့်) ရှင်းကြရမည်။ ဒစ္စကိုကလပ်မှာ သောက်ကြ စားကြတာတွေကို ကုန်သမျှ စုစုပေါင်းရှင်းရမည်

http://www.linhtet.com



ဖြစ်လို့ တစ်ယောက်ကို ဒေါ်လာ ၅၀ လောက်တော့ ကုန်ရတော့မှာပဲဟု တွေးပြီး တော်တော်နဲ့ အိပ်လို့ မပျော် ဖြစ်နေခဲ့သည်။

၁၃-၇-၁၉၈၃ နေ့ နံနက်မှာ ကိုအဏ္ဏဝါပဲ အိပ်ရာက နိုးလာသည်။ ဖေသန်းမောင်နှင့် ဇော်မြင့်တို့ မှုန်ဟောက်ပြီး အိပ်ပျော်နေကြဆဲ ဖြစ်သည်။ ကောင်မလေးတွေလည်း စောင်တွေခြုံပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နေကြသည်။ နာရီကို ကြည့်လိုက်တော့ ၈-နာရီ ကျော်နေပြီ ဖြစ်သည်။ ကောင်မလေးတွေက ညမင်းသမီးတွေ ဖြစ်သည်။ နေ့ဘက်မှာ အိပ်ကြမည် ဖြစ်သည်။ ပြည့်တန်ဆာမနှင့် ဇာတ်မင်းသမီးသည် အအိပ်ကြီးသည်။ အအိပ်မက်သည်ဟု ကြားဖူးသည်။ နိုးနေသည့် ကိုအဏ္ဏဝါ တောင်စဉ်းစား၊ မြောက်စဉ်းစား ဖြစ်နေစဉ် အခန်းထဲက တယ်လီဖုန်း မြည်လာလို့ ကောက်ကိုင်ပြီး နားထောင်လိုက်သည်။ ဟိုတယ် ဧည့်ကြိုကောင်တာက ခေါ်တာ ဖြစ်သည်။

"ဟလို အခန်းနံပါတ် ၅၀၁ ကပါ"

"ဟလို ၅၀၁၊ စင်ကာပူက ဖုန်းခေါ်နေတယ်"

"ကောင်းပါပြီ၊ နားထောင်နေတယ်လို့ ပြောလိုက်ပါ"

စင်ကာပူက ဖုန်းခေါ်တယ်ဆိုတော့ အံ့ဩသွားသည်။ ဘယ်သူက ဘယ်သူ့အတွက် စကားပြောချင်တာပါလိမ့်ဟု စဉ်းစားနေစဉ် တစ်ဖက်က အသံထွက်လာသည်။

"အခုပြောနေတာ ဘယ်သူလဲ ဟေ့"

စင်ကာပူက လေသံမာမာဖြင့် မေးသူမှာ ဆရာမကြီး မစ္စကယ်ရ်အေး ဖြစ်သည်။ ကိုအဏ္ဏဝါ ကမန်းကတန်း ပြန်ဖြေလိုက်သည်။

"ကျွန်တော်ပါ ဆရာမကြီး၊ စိုးမြင့်ပါ"

"ဘယ်စိုးမြင့်လဲ၊ အဏ္ဏဝါ စိုးမြင့်လား"

"ဟုတ်ပါတယ် ဆရာမကြီး"

"ဖေသန်းမောင်နဲ့ ဇော်မြင့် အဲဒီကို ရောက်လာသလား"

"ဟုတ်ကဲ့ ရောက်လာပါတယ် ဆရာမကြီး၊ အိပ်နေကြပါတယ်"

"ဇော်မြင့်ကို နှိုးလိုက်စမ်း၊ ငါ စကား ပြောချင်တယ်"

"ဟုတ် ဟုတ်"

http://www.linhtet.com



ကောင်မလေးတွေ ကြားမှာ မွန်ဟောက်ပြီး အိပ်ပျော်နေသော ဇော်မြင့်ကို ကမန်းကတန်း လှုပ်နှိုးလိုက်ရသည်။ ဇော်မြင့် ပြူးတူး ပြဲတဲ နိုးထလာသည်။

"ဟော့ကောင် စင်ကာပူက ဆရာမကြီး စကားပြောမလို့တဲ့ ရော့"

ကိုအဏ္ဏဝါက ဇော်မြင့်ကို တယ်လီဖုန်း ကမ်းပေးလိုက်သည်။ ဇော်မြင့်သည် ဆရာမကြီး ဆိုသည့် အသံကို ကြားတယ်ဆိုလျှင်ပဲ (ဟာ ပြဿနာပဲ၊ သောက်ကျိုးတော့ နည်းပြီ) လို့ တိုးတိုး ရေရွတ်ပြီး တယ်လီဖုန်း ကိုင်သည်။

"ဟလို ကျ ကျ ကျွန်တော် ဇော်မြင့် ပြောနေပါတယ် ဆရာမ ကြီး"

"နင့်ကို ကွာလာလမ်ပူက မစ္စတာဝေါင်းရဲ့ အိမ်မှာ နေခိုင်းထား တာ မဟုတ်လား၊ ဘာကိစ္စ ဟတ်ကျိုင်ကို ရောက်နေရတာလဲဟင် မအေ…"

"ဒီနေ့ ပြန်မှာပါ ဆရာမကြီး"

"မလိုချင်ဘူး နက်ဖြန် မနက် ၉ နာရီမှာ ငါ့ရုံးကို အရောက် ပြန်လာခဲ့"

"သန်ဘက်ခါ အရောက် လာခဲ့ပါ့မယ် ဆရာမကြီး"

"ငါ့ကို ဈေးမဆစ်နဲ့ မနက်ဖြန် ၉ နာရီမှာ ငါ့ရှေ့ကို ရောက်မလာ ရင် နင်နဲ့ငါ တွေ့မယ်"

"ဟုတ် ဟုတ် ဟလို ဟလို"

စင်ကာပူက ဖုန်းချသွားသည်။ ဇော်မြင့် တယ်လီဖုန်း ပြောတာနဲ့ အိပ်နေသူတွေ အကုန်နိုးကုန်သည်။ စင်ကာပူက ပြောသည့် ဆရာမကြီး ကလည်း စိတ်ဆိုး၊ မာန်ဆိုးဖြင့် အော်ပြောနေသည့် အတွက် တယ်လီ ဖုန်းခွက်ထဲက လျှံထွက်ပြီး ဘေးကလူတွေပါ ကြားနေရသည်။ ဇော်မြင့် လည်း အိပ်ချင်စိတ်တွေ ပျောက်သွားပြီဟု ယူဆရသည်။

"မင်းကို ကွာလာလမ်ပူမှာ နေခိုင်းထားတယ်ဆိုတာ ဘာ အတွက်လဲ"

http://www.linhtet.com



"ကျွန်တော်က ဟောင်ကောင်မှာ သင်္ဘော သွားတက်ရမယ်။ ကျွန်တော် တက်ရမယ့် သင်္ဘောက ဟောင်ကောင်ကို လာနေပြီ။ ဟောင်ကောင်က ကျွန်တော့်ကို ခေါ်မယ့် ကြေးနန်းကို စောင့်နေတာ၊ အခု ကြေးနန်း ဝင်လာပြီနဲ့ တူပါတယ်"

"ကြေးနန်း ဝင်လာရင် ချက်ချင်း သွားနိုင်အောင် နီးနီးနားနား နေခိုင်းထားတာ ဖြစ်မှာပေါ့၊ အဲဒါကို သိလျက်နဲ့ မင်းက ယိုးဒယားအထိ ရောက်လာတာကတော့ လွန်တာပေါ့"

"မနက်ဖြန်မနက် ၉ နာရီမှာ သူ့ရုံးခန်းကို အရောက် သွားဖို့ မလွယ်ဘူး"

"မလွယ်ဘူးဆိုပြီး မသွားဘဲ နေလို့ ရမလား"

ဖေသန်းမောင်ပါ နိုးလာပြီဖြစ်လို့ ဘယ်လို လုပ်ကြရင် ကောင်းမလဲ တိုင်ပင်ကြသည်။ သူတို့ နှစ်ယောက်စလုံး သင်္ဘောကုမ္ပဏီတွေက အလုပ် ခန့်ထားပြီးသူတွေ ဖြစ်သည်။ ဘယ်နေ့မှာ ဘယ်နိုင်ငံ ဆိပ်ကမ်းကို သွားပြီး သင်္ဘောတက်ပါဆိုသည့် ကြေးနန်းကို စောင့်နေသူတွေ ဖြစ်သည်။ ကြေးနန်းဝင်လာလျှင် စင်ကာပူကို အမြန်ဆုံး ပြန်လာနိုင်အောင် နီးနီးနားနားဖြစ်သည့် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူက မစ္စတာဝေါင်းအိမ်မှာ နေခိုင်းထားခဲ့ခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်ကို စင်ကာပူ လူဝင်မှု ဌာနက မောင်းထုတ်လိုက်လို့ စင်ကာပူက ထွက်လာခဲ့ကြပြီး ကွာလာလမ်ပူက မစ္စတာဝေါင်းရဲ့အိမ်မှာ တစ်ရက်သာ နေခဲ့ကြသည်။ ဆရာမကြီးအိမ်က ကောင်တွေ အကုန်လုံး ယိုးဒယားနိုင်ငံ ဟတ်ကျိုင်မြို့မှာ ရောက်နေတယ်ဆိုတာ သိနေကြတော့ ပျော်လို့ ဆိုပြီး ဟတ်ကျိုင်ကို ရောက်လာသူတွေ ဖြစ်သည်။

"လုပ်ပါဦး၊ အကြံပေးပါဦး"

"မင်း ဘာမှ စဉ်းစား မနေနဲ့၊ အခုချက်ချင်း ဘန်ကောက်ကိုသွားပေတော့၊ လိုင်းကား မရှိတော့ရင် တိုင်စီ ငှားသွား ဘန်ကောက်က ဒီနေ့ည ထွက်မယ့် လေယာဉ် မီရင်မီ၊ မမီရင် နက်ဖြန်မနက် အစောဆုံး ထွက်တဲ့ လေယာဉ်နဲ့ လစ်ပေတော့"

http://www.linhtet.com



“ဟုတ်တယ်၊ ဒီနည်းပဲ ရှိတော့တယ်”

တခြားနည်း မရှိတော့ဘူး ဆိုသည့်အတွက် စောင်ခြုံထဲကထွက်ပြီး ဘောင်းဘီ ကောက်ဝတ်ရတော့သည်။ စရိတ်စက အကုန်အကျများမည်ဖြစ်၍ ဝိုင်းဝန်းကူညီ ထောက်ပံ့လိုက်ကြရသည်။ မျက်နှာ မသစ်၊ သွား ကောင်မကိုတောင် နှုတ်မဆက်ခဲ့နိုင်တော့ဘဲ ဟိုတယ် အောက်ထပ်ကို ပြေးဆင်း သွားလေတော့သည်။ သေချင်လို့ တောပြောင်းလာသည့် ကျားနှစ်ကောင်မှာ ဖေသန်းမောင် တစ်ကောင် ဟတ်ကျိုင်မှာ ကျန်နေခဲ့သေးသည်။

❐

http://www.linhtet.com

# [ ၃ ]
# ဟတ်ကျိုင်မှ စင်ကာပူသို့

ဇော်မြင့် ပြန်ပြေးသွားသည့်နေ့မှာပဲ ဆရာမကြီး အိမ်မှာ နေကြသည့် လက်ကျန်တွေထဲက နှစ်ယောက် ရောက်လာကြပြန်သည်။ သူတို့ နှစ်ယောက်သည် အရေးပါသည့် ဇာတ်ကောင်တွေ မဟုတ်သည့် အပြင် သူတို့ နှစ်ယောက်နှင့် ပတ်သတ်ပြီး ပြောစရာ ရှိနေ၍ သူတို့၏ နာမည် တွေကို မဖော်ပြဘဲထားမှ သင့်တော်မည် ဖြစ်သည်။

သူတို့ နှစ်ယောက်လုံးသည် စက်မှုတက္ကသိုလ်က ဘွဲ့ရခဲ့ကြသည့် အင်ဂျင်နီယာ အရာရှိတွေ ဖြစ်သည်။ သူတို့ နှစ်ယောက်အနက် တစ် ယောက်က အသားဖြူပြီး အရုပ်အမောင်း ကောင်းသော်လည်း မျက်နှာ က မဲ့ခွက်ခွက် ဖြစ်နေသည်။ သူ့ရုပ်ကို သူ မှန်ထဲမှာ ကြည့်ပြီး ဒီဘဝမှာ မိန်းမ ရနိုင်ပါတော့မလားလို့ တွေးပြီး စိတ်အားငယ်နေသူဟု ယူဆရ သည်။ သူတို့ နှစ်ယောက်အတွက် ဟိုတယ်က စီစဉ် ပို့လွှတ်လိုက်သည့် ကောင်မလေး နှစ်ယောက်ကတော့ ငယ်လည်းငယ် ချောလည်းချောကြ ပါသည်။ သူတို့ကလည်း ကောင်မလေးတွေကို မြင်လျှင်မြင်ချင်း ကြိုက် သွားကြပြီး တစ်ယောက် တစ်ကောင် ခေါ်လိုက်ကြသည်။ မဲ့ခွက်ခွက် ဆရာက ဝမ်းသာအားရ ပြောသည်။

http://www.linhtet.com



"ကျွန်တော် ဒီကောင်မလေးကို တရားဝင် လက်ထပ် ယူလိုက်ချင်တယ်ဗျာ"

မဲ့ခွက်ခွက်က သူ့ကောင်မလေးကို ဖက်ထားရင်း ပြောလိုက်သည့် စကားကြောင့် အံ့သြသွားကြသည်။ ပြည့်တန်ဆာမကို တရားဝင် လက်ထပ် ယူချင်ပါသည်လို့ ပြောသည့် သဘော်သား အရာရှိသည် စိတ် အခြေအနေ ပုံမှန်မှ ဟုတ်ပါသေးရဲ့လားဟု တွေးကြရတော့သည်။ ကိုအဏ္ဏဝါက ငေါက်ပြော,ပြောလိုက်သည်။

"မင်း ရူးသွားပြီလား"

"မရူးပါဘူး အစ်ကိုကြီး၊ ကျွန်တော့် ရပ်ရည်နဲ့ မြန်မာပြည်မှာ ဒီလို ငယ်ငယ်ချောချောလေး ရနိုင်ဖို့ မလွယ်လို့ပါ"

သူ့ အကြောင်းနှင့် သူကတော့ ဟုတ်နေသည်။ အသက် လေးဆယ် ပြည့်ခါနီး အထိ လူပျိုကြီး ဘဝဖြင့် နေရဆဲဖြစ်သည်။ အခု သူ့ ရင်ခွင်ထဲမှာ ရောက်နေသည့် ကောင်မလေးက ငယ်ငယ်၊ ချောချော၊ ဖြောင့်ဖြောင့်၊ တောင့်တောင့်လေး ဖြစ်သည်။ သူနှင့်အတူ စင်ကာပူက လာသူက တောင်းပန်ရင်း အားပေးစကား ပြောသည်။

"မြန်မာပြည်မှာ မိန်းမ မရနိုင်တော့ဘူး ထင်ပြီး ယိုးဒယား ပြည့်တန်ဆာမကိုတော့ မယူပါနဲ့ သူငယ်ချင်းရယ်၊ မြန်မာပြည် ပြန်ရောက်ရင် ငါ့ နှမကို ယူပါ"

"မိန်းမ မရနိုင်ရင် တစ်သက်လုံး လူပျိုကြီး ဘဝနဲ့ပဲ နေလိုက်တော့မယ် သူငယ်ချင်း။ နင့်နှမကိုတော့ မယူဘူး။ ဒီကောင်မလေးကို ယူရင် တစ်ယောက်ပဲ ရှာကျွေးရမယ်၊ နင့်နှမကို ယူရင် နင်တို့ တစ်ဆွေလုံး တစ်မျိုးလုံးကို ရှာကျွေးရမယ်၊ ကန်တော့်ပါသေးရဲ့ သူငယ်ချင်းရယ်"

ကန်တော့ဆွမ်း လောင်းလိုက်လို့ နှမပေးချင်သူ လက်လျှော့သွားသည်။ ဒီအခန်းမှာ လေးယောက် ဖြစ်သွားပြန်ပြီမို့ ခုတင်ကို ထောင်၊ စောင်ကို ကာရံဖြင့် မလုံလောက် ဖြစ်နေသည်။ အခန်း နံပါတ်-၅၀၇ မှာ ဧည့်သည် မရှိတော့ဘူးလို့ သိရသည့်အတွက် ကိုအဏ္ဏဝါ-၅၀၇ ကို ပြောင်းရွှေ့သည်။ အခန်း-၅၀၁ မှာ ဖေသန်းမောင်နှင့် ဟိုနှစ်ကောင် ကျန်နေခဲ့သည်။

http://www.linhtet.com



## ပြည်တော်ဝင် ဆင်တော်ကအသင့်

ကိုအဏ္ဏဝါသည် ဟတ်ကျိုင်ကို ရောက်နေတာ နည်းနည်း ကြာသွားပြီ ဖြစ်လို့ စင်ကာပူကို ဖုန်းခေါ်ပြီး အန်ကယ် ဦးမောင်မောင်ဆက်နဲ့ စကားပြောသည်။ ဦးမောင်မောင်ဆက်သည် တိုမို သင်္ဘောကုမ္ပဏီက သင်္ဘောသားရေးရာ မန်နေဂျာ ဖြစ်သည်။ တိုမိုကုမ္ပဏီမှာ ကိုအဏ္ဏဝါ အလုပ်လျှောက်ထားခဲ့သည့် ကိစ္စနဲ့ ပတ်သက်ပြီး မေးကြည့်သည်။

"အန်ကယ်ဆက် ကျွန်တော် စိုးမြင့်ပါ ဟတ်ကျိုင်က ပြောနေပါတယ်"

"ဘယ် စိုးမြင့်လဲကွ"

"ဗိုလ်မှူးကြီး လင်းသိန်းမောင်ရဲ့ တပည့် စိုးမြင့်လေ၊ မှတ်မိပြီလား မသိဘူး"

ဦးမောင်မောင်ဆက်သည် ရေတပ်က ဗိုလ်မှူးကြီး လင်းသိန်းမောင်ရဲ့ ဦးလေးလား၊ အစ်ကိုလား မသိ တော်စပ်သည့် ဆွေမျိုးအရင်းကြီး ဖြစ်သည်။ ကိုအဏ္ဏဝါက ဗိုလ်မှူးကြီး လင်းသိန်းမောင်ရဲ့ တပည့် အရင်းကြီးပါလို့ ပြောပြီး အလုပ် လျှောက်ထားခဲ့တာ ဖြစ်သည်။ ကိုအဏ္ဏဝါမှာ တပည့် မရှိပါ၊ ဆရာတွေသာ ရှိပါသည်။ ဗိုလ်မှူးကြီး လင်းသိန်းမောင်သည် ကိုအဏ္ဏဝါ၏ ဆရာတွေ ထဲက ဆရာကြီး တစ်ယောက် ဖြစ်သည်။ ဗိုလ်မှူးကြီးက ရေတပ်ဆက်သွယ်ရေး တပ်၏ တပ်မှူး ဖြစ်သည်။ ကိုအဏ္ဏဝါက ရေတပ်က ဆက်သွယ်ရေး ရဲဘော် ဖြစ်သည်။ ဗိုလ်မှူးကြီးနဲ့ မိမိတို့ရဲ့ ခင်မင်မှု အစဉ်အလာကို ဟုတ်မှန်တာထက် ပိုမိုချဲ့ကား ပြောပြပြီး ဦးမောင်မောင်ဆက်ဆီကို ဝင်ကပ်ခဲ့ခြင်း ဖြစ်သည်။

"အင်း...ဘာဖြစ်လဲ"

"ကျွန်တော် အလုပ် လျှောက်ထားတာလေး သိချင်လို့ပါ အန်ကယ်"

"မင်း ငါ့ကို တစ်နေ့တစ်ခါ ဆက်သွယ်ပါ"

"ဟုတ် ဟုတ် ဟုတ်ကဲ့ပါ အန်ကယ်"

http://www.linhtet.com



ဦးမောင်မောင်ဆက် ဖုန်းချသွားသည်။ ကိုအဏ္ဏဝါ အရမ်းဝမ်းသာသွားသည်။ တိုမို သင်္ဘောကုမ္ပဏီမှာ အလုပ်ရတော့မည် ဆိုသည့်သဘောဖြစ်သည်။ ဦးမောင်မောင်ဆက်ကို နေ့စဉ် ဆက်သွယ်နိုင်ရေးအတွက် စင်ကာပူကို ပြန်သွားတာ အကောင်းဆုံး ဖြစ်မည်။ ဟတ်ကျိုင်ကနေ စင်ကာပူကို လှမ်းခေါ်နေလျှင် ကုန်ကျစရိတ် များမည် ဖြစ်သည်။

ကိုအဏ္ဏဝါ ပြောင်းရွှေ့နေသည့်အခန်းမှာ ကိုအဏ္ဏဝါ တစ်ယောက်တည်း ဖြစ်နေ၍ ကိုခင်မောင်သိန်း ရောက်လာသည်။ နှစ်ယောက် တစ်ခန်းဖြစ်သွားသည်။ စင်ကာပူက မြန်မာသင်္ဘောသားတွေ တစ်နေ့ ကို တစ်ယောက်၊ နှစ်ယောက် ဆိုသလို နေ့စဉ် ရောက်လာနေကြသည်။

၁၄-၇-၁၉၈၃ နေ့မှာ ဖေသန်းမောင်၊ တရုတ်ကြီး သန်းဝင်း၊ ခင်မောင်သိန်း၊ ဝင်းနိုင်နှင့် ကိုကြူးတို့ မြို့ထဲ လျှောက်လည်ကြသည်။ ကိုအဏ္ဏဝါကို လိုက်ခဲ့ပါလားဟု ခေါ်သည်။ မလိုက်တော့ဘဲ ဟိုတယ်မှာ တစ်ယောက်တည်း ကျန်နေခဲ့သည်။ အဲဒီညက ကိုခင်မာင်သိန်းလည်း ဟိုတယ်ကို ပြန်မအိပ်လို့ ကိုအဏ္ဏဝါ တစ်ယောက်တည်း အိပ်လိုက်ရသည်။

၁၅-ရက်နေ့ ညနေမှာ ဖေသန်းမောင်နှင့် ကိုကြူးတို့ ဟတ်ကျိုင်မှ စင်ကာပူကို ထွက်ခွာသွားကြသည်။ မနေ့က မြို့ထဲမှာ လျှောက်လည်နေကြစဉ် စင်ကာပူကို ဖုန်းဆက်ပြီး ဆရာမကြီး မစ္စကယ်ရ်အေးနဲ့ စကားပြောကြသည်ဟု သိရသည်။ ဆရာမကြီးက နင်တို့ နှစ်ယောက် အလုပ်ရပြီ စင်ကာပူကို အမြန်ဆုံး ပြန်လာခဲ့လို့ ခေါ်သည့်အတွက် ကမန်းကတန်း ပြန်သွားကြတာ ဖြစ်သည်။

၁၃-ရက်နေ့ မနက်က ဆရာမကြီး ပြန်ခေါ်လို့ ဘောင်းဘီကြယ်သီးတောင် မတပ်နိုင်ဘဲ ဟိုတယ်ပေါ်က ပြေးဆင်းသွားတဲ့ ဇော်မြင့်ကတော့ ၁၄-ရက်နေ့ မနက် ၁၂-နာရီလောက်မှာ စင်ကာပူကနေ ဟတ်ကျိုင်ကို ဖုန်းခေါ်ပြီး ဘော်ဒါတွေနဲ့ စကားပြောသည်။ အဘွားကြီးနဲ့ အိုကေလားလို့ မေးကြည့်တော့ ဝမ်းသာအားရ ဖြေသည်။

"အိုကေပါတယ်၊ နာရီဝက်လောက် အဆဲခံလိုက်ရတယ်၊ ပြီးသွားပြီ"

http://www.linhtet.com



"ဘယ်လိုပုံစံနဲ့ စင်ကာပူကို ရောက်သွားလဲ ပြောစမ်းပါဦး"

"ဟတ်ကျိုင်ကနေ ကားတစ်စီး စင်းလုံးငှားပြီး ဘန်ကောက်ကို ရောက်သွားတယ်၊ လေယာဉ် မမီတော့လို့ ဘန်ကောက်မှာ တစ်ညအိပ်လိုက် ရတယ်။ ဒီနေ့မနက် အစောကြီး ထွက်တဲ့လေယာဉ်နဲ့ စင်ကာပူကို ရောက်လာတယ်။ အဘွားကြီးရဲ့ ရုံးခန်းကို ၉-နာရီတိတိပဲ ရောက်သွားတယ်"

"အချိန်မီ ရောက်လာတာတောင် အဆဲခံရသလား"

"ကွာလာလမ်ပူမှာ နေခိုင်းထားတာ ဟတ်ကျိုင်ကို ရောက်သွားရသလားဆိုပြီး ဆဲတာပါ"

"ဘာကိစ္စ ပြန်ခေါ်တာတဲ့လဲ"

"နက်ဖြန်မနက် ၉-နာရီ ဖလိုက်နဲ့ ဟောင်ကောင်ကို လစ်ရမယ်လေ"

သူက တယ်လီဖုန်းထဲက ရယ်ရယ်မောမော ပြောနေသော်လည်း ကြားရသည့် ကိုအဏ္ဏဝါတို့မှာ သူ့အစား ရင်မောကြရသည်။ ဇော်မြင့်သည် ရေတပ် အရာရှိကြီး တစ်ယောက်၏ သားဖြစ်သည်။ ရေတပ်သံယောဇဉ်ဖြင့် ရေတပ်ထွက် ကိုအဏ္ဏဝါကို ရှိသေသည်။ ခင်မင်သည်။ ကိုအဏ္ဏဝါထက် နှစ်နှစ်လောက် စောပြီး နိုင်ငံခြားကို ရောက်နေသူဖြစ်သည်။

(၁၉၈၇-ခုနှစ်လောက်မှာ ကိုအဏ္ဏဝါနှင့် ဇော်မြင့်တို့ ဗိုလ်အောင်ကျော်လမ်းက သဘော်သားရုံး ရှေ့မှာ တွေ့ကြသည်။ မြန်မာပြည်ကို ပြန်ရောက်လာတာ မကြာသေးလို့ အသားတွေ ဖြူဖွေးနေသည်။ သူ့အဖေက ပြောသတဲ့ ငါ့သားလေး နိုင်ငံခြားမှာ ၇-နှစ် နေပြီး ပြန်လာတာ ဒိုင်နာကား တစ်စီး ပါလာတယ်၊ မဆိုးဘူး ငါ့သားလေး တော်တယ်လို့ ပြောသတဲ့။ တစ်ပြားမှ ပါမလာဘဲ ပြန်လာမှာဟု မျှော်လင့်ထားခဲ့ဟန်တူသည်။ သူ့အမေကတော့ ကျုပ်သားလေး မသေမပျောက် ပြန်ရောက်လာတာပဲ ဝမ်းသာလှပါပြီလို့ ပြောသတဲ့။ **ဤကားစကားချပ်**)

၁၆-ရက်နေ့မှာ ကိုအဏ္ဏဝါသည် အခန်း-၅၀၇မှ ကိုခင်မောင်သိန်းနှင့် မောင်ဝင်းနိုင်တို့ရှိရာ အခန်း- ၅၀၅ကို ပြောင်းရွှေ့နေထိုင်သည်။

http://www.linhtet.com



မနက်ဖြန် စင်ကာပူကို ပြန်ကြတော့မည် ဖြစ်လို့ ဟတ်ကျိုင်မြို့ကို လျှောက်လည်ကြသည်။ ရုပ်ရှင် ဝင်ကြည့်ကြသည်။ ဟတ်ကျိုင်သည် နယ်စပ်မြို့ ဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်စပြုနေတာ တွေ့ရသည်။ အဆောက်အအုံတွေ ကြီးမားခေတ်မီနေပြီဆိုတာ တွေ့ရသည်။ လိုင်းဆွဲနေသည့် ဘတ်စ်ကားကြီးတွေ၊ ဆလွန်းတိုင်စီတွေ၊ တုတ်တုတ်လို့ ခေါ်ကြသည့် သုံးဘီးကားတွေဖြင့် စည်ကားနေသည်။

ဟိုတယ် ပြန်ရောက်ပြီး အခန်း-၅၀၅တွင် ကိုခင်မောင်သိန်း၊ မောင်ဝင်းနိုင် တို့နှင့်အတူ အနားယူကြသည်။ မနက်ဖြန်တွင် သူတို့လည်း ကိုအဏ္ဏဝါနှင့် အတူ စင်ကာပူကို ပြန်ကြမည် ဖြစ်၍ အိပ်ရေးဝအောင် အိပ်ကြမည်ဆိုပြီး ကောင်မလေးတွေကို မောင်းထုတ်လိုက်ကြသည်။ သူ့အကြောင်း ကိုယ့်အကြောင်းတွေ မေးကြပြောကြသည်။ တစ်ယောက်အကြောင်း တစ်ယောက် သိကြတော့မှ မောင်ဝင်းနိုင်နှင့် ကိုအဏ္ဏဝါတို့ဟာ ရပ်ဆွေရပ်မျိုးတွေ ဖြစ်နေကြသည်။

မြန်မာပြည် လွတ်လပ်ရေး ရပြီးစက ရန်ကုန်မြို့မှာ ထင်ရှားတဲ့ ပွဲစားကြီးတွေ ရှိခဲ့သည်။ အဲဒီ ပွဲစားကြီးတွေထဲမှာ ရှားရှားပါးပါး သံတွဲမြို့သား ပွဲစားကြီး ဦးပုဆိုတာ ရှိခဲ့သည်။ မောင်ဝင်းနိုင်သည် ပွဲစားကြီး ဦးပု၏ မြေးဟု သိရသည်။ ကိုအဏ္ဏဝါတို့ ရခိုင်ဒေသက ကုန်သည်တွေ ရန်ကုန်မြို့ကို အရောင်းအဝယ်ဖြင့် လာလျှင် ပွဲစားကြီး ဦးပု၏ တိုက်မှာ တည်းကြရသည်။ ကိုအဏ္ဏဝါ ရန်ကုန်မြို့ကို ရောက်စက ကိုအဏ္ဏဝါတို့ ရွာက ကုန်သည်တွေ ရောက်နေသည်ဆို၍ ပွဲစားကြီး ဦးပုရဲ့ တိုက်မှာ သွားတွေ့ခဲ့ရတာကို မှတ်မိနေသေးသည်။ မောင်ဝင်းနိုင်က ရခိုင်ဆိုသော်လည်း ရန်ကုန်မှာ မွေးတာဟု သိရသည်။ သူက သံတွဲမျိုး၊ ကိုအဏ္ဏဝါက ဂွမြို့နယ်မျိုးဖြစ်လို့ ရပ်ဆွေ ရပ်မျိုးလို့ ပြောလို့ရသည်။

## ဂွတ်ဘိုင် ဟတ်ကျိုင်

၁၇-၇-၁၉၈၃ နေ့သည် တနင်္ဂနွေနေ့ ဖြစ်လို့ ပစိဖိတ် ဟိုတယ်မှာ အနည်းငယ် ခြောက်ကပ်နေသလို ထင်မိသည်။ ဧည့်သည် အဝင်

http://www.linhtet.com



အထွက် နည်းနေသည်။ မြန်မာ သင်္ဘောသားတွေလည်း အဝင် နည်းသွားသည်။ စင်ကာပူက မောင်းထုတ်တာ ကုန်သလောက် ဖြစ်သွားဟန်တူသည်။ တချို့ကလည်း ဟတ်ကျိုင်အထိ မလာကြဘဲ မလေးရှားနိုင်ငံ ကွာလာလမ်ပူနှင့် ဆိပ်ကမ်းမြို့ ဖြစ်သည့် ပို့ကလင်မှာ နေခဲ့ကြသည်။ တချို့ကလည်း ဟတ်ကျိုင်မှာ မဆင်းဘဲ ဘန်ကောက်အထိ တက်သွားကြသည်။ ကိုအဏ္ဏဝါတို့လို ကြေးတွက်နေသည့် ဘိုင်ကောင်တွေကတော့ အကုန်အကျ သက်သာသည့် ဟတ်ကျိုင်မှာ စတည်းချကြသည်။

ဟိုတယ်ခ ခြောက်ရက်စာ၊ ကောင်မလေး ခေါ်ထားခ သုံးရက်စာ၊ တယ်လီဖုန်း သုံးကြိမ် ဆက်ခ၊ စုစုပေါင်း ဘတ်-၂၀၀၀ကျော် (အမေရိကန် ဒေါ်လာ-၁၀၀ ခန့်) ရှင်းလိုက်ရသည်။ ဟတ်ကျိုင်က မထွက်ခွာမီ စင်ကာပူကို ဖုန်းခေါ်ဖို့ သတိရလာသည်။ တနင်္ဂနွေနေ့ ဖြစ်လို့ အန်ကယ် ဦးမောင်မောင်ဆက်၏ အိမ်ကို ခေါ်လိုက်သည်။

"အန်ကယ် ကျွန်တော် ဒီနေ့ ဟတ်ကျိုင်က ပြန်လာမယ်၊ မနက်ဖြန် စင်ကာပူကို ရောက်မယ်"

"အေး…စင်ကာပူရောက်ရင် ငါ့ဆီ ဖုန်းဆက်လိုက်"

"ဟုတ်ကဲ့ပါ"

တိုမိုသင်္ဘော ကုမ္ပဏီမှာ အလုပ်ရမှာ သေချာသလောက် ဖြစ်သွား၍ ကိုအဏ္ဏဝါ စိတ်ချမ်းသာ သွားသည်။ တိုမို ကုမ္ပဏီသည် မြန်မာပြည်မှာ နာမည်ကြီး သင်္ဘောလိုင်း စာရင်းမှာ ပါနေသည်။ တိုမိုမှာ အလုပ်ရသွားပြီဆိုလျှင် မြန်မာပြည်က သင်္ဘောသား မယား မဖြူတုတ်တို့ ရင်ကော့ပြီး လစာထုတ်ဖို့ သွားလို့ရပြီ ဖြစ်သည်။ တိုမို သင်္ဘောသား လစာ ထုတ်ရက်မှာ သင်္ဘောသား မယားအချင်းချင်း စိန်နားကပ်အကြီး ပြိုင်ကြရာမှာ အဖြူတုတ် ရှုံးမှာ သေချာသည်။ မဖြူတုတ်ရဲ့ နားမှာ သူ့အမေ ဆင်ပေးလိုက်သည့် ကျောက်ဖြူ နားကပ်ကလေးတောင် ကိုအဏ္ဏဝါ ဖြုတ်ရောင်းခဲ့လို့ ဟောင်းလောင်း ဖြစ်နေခဲ့တာ ကြာပြီ ဖြစ်သည်။

ဟိုတယ် ထုံးစံအရ နေ့လယ် ၁၂-နာရီ မကျော်မီ အခန်း ပြန်အပ်လိုက်ကြသည်။ ကိုခင်မောင်သိန်း၊ မောင်ဝင်းနိုင်တို့နှင့် အတူ ဟိုတယ်မှ

http://www.linhtet.com



အဝေးပြေး ကားကြီးဂိတ်ကို တိုင်စီဖြင့် ထွက်ခဲ့ကြသည်။ အဝေးပြေးဂိတ်မှာ ရှိသည့် ဘတ်စ်ကားလိုင်း မျိုးစုံ အနက်မှ အစောဆုံး စင်ကာပူကို ထွက်မည့် ကားလိုင်းမှ လက်မှတ် ဖြတ်လိုက်ကြသည်။

နေ့လယ် ၂-နာရီတွင် ဟတ်ကျိုင်မှ ဘတ်စ်ကားကြီး စီးပြီး ပြန်ခဲ့ကြသည်။ အလာတုန်းက လမ်းအတိုင်း ပြန်ခြင်းဖြစ်သော်လည်း နေ့ခင်းဖြစ်၍ မြင်ကွင်းတွေက ဆန်းသစ်သလို ဖြစ်နေသည်။ အလာတုန်းက နံနက်စောစောဖြစ်၍ မြင်ကွင်းတွေ မကြည်မလင် ဖြစ်ခဲ့ဟန်တူသည်။ အခုတော့ မြင်ကွင်းတွေက လင်းလင်းရှင်းရှင်းမို့ လမ်းဘေးဝဲယာကို ကြည့်ပြီး စီးလိုက်လာခဲ့သည်။

မြို့ပြမြင်ကွင်းတွေကို တရိပ်ရိပ် ဖြတ်ကျော်သည်။ ကျေးလက်ရှုခင်းတွေကို တိုးဝင်သည်။ ကွင်းစပ်နှင့် ခင်တန်းလေးတွေကို ကွေ့ပတ်ပြီး မကြာမီပင် ယိုးဒယားနှင့် မလေးရှား နယ်စပ်ကို ရောက်လို့ ကားကြီးပေါ်က ဆင်းကြရသည်။ ထိုင်းနိုင်ငံမှ မလေးရှားနိုင်ငံကို ဝင်ရတော့မည် ဖြစ်လို့ နိုင်ငံကူးလက်မှတ်တွေမှာ တံဆိပ်တုံး ထုကြရသည်။

ညနေ ၄-နာရီတွင် နယ်စပ် စစ်ဆေးရေး ဂိတ်မှ ကားကြီး ဆက်လက် ထွက်ခွာသည်။ နယ်စပ်ဒေသ ဖြစ်သည့်အတွက် မြင်ကွင်းတွေက ထိုင်းနှင့် မလေးရှား သိသိသာသာ ခြားနားမှု မရှိသေးတာ တွေ့ရသည်။ မလေးရှားဘက်မှာလည်း ထိုင်းဘက်က အဆောက်အအုံတွေလို ခေါင်စောက်စောက်မှာ စုလစ်မွန်းချွန်တွေ တပ်ဆင်ထားတာ တွေ့ရသည်။ ယဉ်ကျေးမှု ပတ်သက်ဆက်နွှယ် ရောယှက်မှုသဘော ဖြစ်မည်။

ည ၈-နာရီ ထိုးသည့်အခါ ညစာစားကြရန် မြို့တစ်မြို့ရဲ့ ကားကြီးဂိတ်မှာ ရပ်ပေးသည်။ ခရီးသည်များ ကျန်းမာရေးအတွက် လည်းကောင်း ကိုယ်လက်သန့်စင်ရန်အတွက် လည်းကောင်း၊ ကားပေါ်က အားလုံး ဆင်းကြသည်။ အလာတုန်းက ကြုံခဲ့သည့် မှောင်ခိုမယ်များ တွေ့ဦးမလားလို့ ခရီးသည်တွေကြားမှာ လိုက်ကြည့်မိသေးသည်။ မတွေ့တော့ပါ။ သူလည်း သူ့ဘဝနှင့် သူ လှုပ်ရှားနေမည် ဖြစ်၍ ပြန်လည်ဆုံစည်း ဖို့ဆိုတာ မလွယ်တော့ပါဟု သိလိုက်ပါသည်။

http://www.linhtet.com



ကိုခင်မောင်သိန်း၊ မောင်ဝင်းနိုင်နှင့် ကိုအဏ္ဏဝါတို့ ထမင်းကြော် တစ်ယောက်တစ်ပွဲစီ စားလိုက်ကြသည်။ ရေသန့်ဘူးဆိုတာ မကြား ဖူးသေးလို့ ကိုကာကိုလာ တစ်ယောက်တစ်ဘူး သောက်ပြီး ကားပေါ် ပြန်တက်ကြသည်။ လူစုံသည်နှင့် ကားကြီး စထွက်သည့်အခါ ည ၉- နာရီတိတိ ဖြစ်သည်။ မြို့တော် ကွာလာလမ်ပူ ရောက်အောင် တောက် လျှောက် မရပ်မနား မောင်းတော့မည်ဟု သိရသည်။

## ပြောင်းပြန်စီးသည့် လေယာဉ်ခရီး

ကိုအဏ္ဏဝါသည် စင်ကာပူက ဟတ်ကျိုင်ကို လာခဲ့စဉ်တုန်းက ဘတ်စ်ကားကြီး ပေါ်မှာ သိပ်ပြီး အိပ်မငိုက်ဘဲ စီးလာနိုင်ခဲ့သည်။ အခုတော့ ဗိုက်တင်းနေသည့်အပြင် ကားကြီးက ငြိမ့်ပြီး ပုခက်လွှဲသိပ် သလို ဖြစ်နေသည့်အတွက် အိပ်ငိုက်လာသည်။ စင်ကာပူကလာစဉ်တုန်း က ဘေးချင်းကပ်ခုံမှာ မွေးနေသည့် မောင်ခိုမနှင့် စကားတွေ အဆက် မပြတ် ပြောလာခဲ့ကြလို့ မအိပ်ချင်တာလည်း ဖြစ်နိုင်သည်။ အခုတော့ သင်္ဘောသားချင်း ဘေးချင်းကပ်ထိုင်နေရလို့ အိပ်ငိုက်လာတာ ဖြစ်နိုင် သည်။

ပီနန်ကျွန်းနှင့် တစ်ဖက်ကမ်းမှာရှိသည့် ဘာတာဝပ်ကို ရောက်ပြီး ခေတ္တ ရပ်တာကိုတောင် မသိလိုက်ဖြစ်သွားကြသည်။ ထိုင်ခုံတွေပေါ်မှာ ထိုင်လျက်အိပ်ပြီး စီးလိုက်ကြသည်။ ကားကြီးရပ်နေပြီး ဆူဆူညံညံ အသံတွေ ကြားလို့ မျက်စိ ဖွင့်ကြည့်လိုက်တော့ မြို့တော် ကွာလာလမ်ပူ ကို ရောက်နေပြီ ဖြစ်သည်။ နာရီ ကြည့်လိုက်တော့ မိုးလင်းခါနီး ငါးနာရီ ထိုးပြီဖြစ်သည်။ ကိုအဏ္ဏဝါတို့ သုံးယောက်လုံး ကားကြီးပေါ်က ဆင်းလိုက်ကြပါသည်။

ကိုအဏ္ဏဝါတို့ သုံးယောက်သည် စင်ကာပူကို ဘတ်စ်ကား စီးပြီး ဝင်ခွင့်ရှိသူများ မဟုတ်လို့ ကွာလာလမ်ပူမှ လေယာဉ်ဖြင့် ဝင်ကြရမည် ဖြစ်သည်။ ၁၉၈၃-ခုနှစ်ကုန်ပိုင်း ကာလတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံ မဟုတ်သည့် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံသားများသည်

http://www.linhtet.com



စင်ကာပူကို ဘတ်စ်ကားဖြင့် ဝင်လာပါက ဝင်ခွင့်မပေးဘဲ ပြန်မောင်းထုတ်တာ ခံကြရသည်။ လေယာဉ်ဖြင့် ခမ်းခမ်းနားနား ဝင်လာပါက ဝင်ခွင့်ပြုပါသည်။ လေယာဉ်ဖြင့် ဝင်ရာမှာတောင် စင်ကာပူ လေကြောင်းပိုင် လေယာဉ်ကို စီးပြီးလာလျှင် ပိုပြီး မျက်နှာသာပေးခံရသည်။

ကိုခင်မောင်သိန်းနှင့် မောင်ဝင်းနိုင်တို့က စင်ကာပူ အဲယားလိုင်း လေယာဉ်ဖြင့် စင်ကာပူကို ဝင်ကြမည် ဖြစ်သည်။ ဘတ်စ်ကား ဂိတ်မှ ကွာလာလမ်ပူ နိုင်ငံတကာ လေဆိပ်ကြီးသို့ တိုင်စီဖြင့် သွားကြသည်။ လေဆိပ်ရောက်သောအခါ ကိုခင်မောင်သိန်းနှင့် မောင်ဝင်းနိုင်တို့က စင်ကာပူ အဲယားလိုင်း လေယာဉ်လက်မှတ် ဝယ်ကြသည်။ ကိုအဏ္ဏဝါသာ မဝယ်ဖြစ်သေးဘဲ အကြံထုတ်နေသည်။

ကိုအဏ္ဏဝါ၏ ပထမသင်္ဘော ရောင်းလိုက်လို့ အလုပ် ရှာရန် ဟောင်ကောင်က စင်ကာပူကို ဝင်လာခဲ့စဉ်က လေဆိပ်မှာ ပြရန်ဝယ်လာသည့် ရီတမ်းတိကစ် (အပြန်အထွက် လေယာဉ်လက်မှတ်) တစ်စောင် ကိုအဏ္ဏဝါ၏ အတာချီကေ့စ် (ဂျိမ်းစ်ဘွန်းအိတ်)ထဲမှာ ရှိနေသည်။ စင်ကာပူကို လေယာဉ်ဖြင့် ဝင်လာသည့် ဆင်းရဲသည့် နိုင်ငံက ခရီးသည်တွေ (အထူးသဖြင့် မြန်မာသင်္ဘောသားတွေ) လေဆိပ်မှာ ရီတမ်းတိကစ်ကို ပြကြရသည်။ စင်ကာပူက ပြန်ထွက်သွားပါမည်ဆိုသည့် သဘောဖြစ်သည်။

ကိုအဏ္ဏဝါမှာ ရှိနေသည့် အပြန် လေယာဉ်လက်မှတ်သည် စင်ကာပူမှ ကွာလာလမ်ပူကို သွားနိုင်သည့် လက်မှတ် ဖြစ်သည်။ ယခုအခါမှာ ကိုအဏ္ဏဝါသည် ကွာလာလမ်ပူမှ စင်ကာပူကို သွားရမည်ဖြစ်၍ လေယာဉ်လက်မှတ်က ပြောင်းပြန်ကြီး ဖြစ်နေသည်။

အဲဒါထက် ပိုဆိုးတာက ကိုအဏ္ဏဝါမှာ ရှိနေသည့် လေယာဉ်လက်မှတ်သည် စင်ကာပူ အဲယားလိုင်း လက်မှတ် မဟုတ်ဘဲ (ကာသေ့ပစိဖိတ်) ဟောင်ကောင် လေကြောင်းက ဝယ်လာခဲ့သော လက်မှတ်ဖြစ်နေသည်။ ယခု စင်ကာပူကို လေယာဉ်ဖြင့် ဝင်ရမည့်ကိစ္စမှာ စင်ကာပူ လေကြောင်းလိုင်းပိုင် လေယာဉ်လက်မှတ်ဖြင့် ဝင်နိုင်လျှင် အကောင်းဆုံး

http://www.linhtet.com



ဖြစ်သည်။ ကိုအဏ္ဏဝါမှာ ရှိနေသည့် လက်မှတ်သည် လေကြောင်းလိုင်း မတူသည့်အပြင် ခရီးစဉ်ကလည်း ပြောင်းပြန်ကြီး ဖြစ်နေသည်။

ကိုအဏ္ဏဝါ ဘာလုပ်ရမှန်း မသိလို့ စဉ်းစားနေစဉ်မှာပင် ကိုခင်မောင်သိန်းနှင့် မောင်ဝင်းနိုင်တို့က လက်မှတ်ဖြတ်နေကြပြီ ဖြစ်သည်။ နံနက် ၉-နာရီတွင် ထွက်မည့် စင်ကာပူ လေကြောင်းလိုင်းပိုင် လေယာဉ်ဖြင့် လိုက်ကြတော့မည် ဖြစ်သည်။ ကိုအဏ္ဏဝါက သူ့ အိတ်ထဲက လေယာဉ် လက်မှတ်ကို ထုတ်ယူပြီး စင်ကာပူ လေကြောင်းလိုင်းက လက်မှတ်ရောင်း စာရေးမကို ပြကြည့်သည်။

''ကျွန်တော့်ရဲ့ ဒီလေယာဉ်လက်မှတ်ကို သုံးချင်ပါတယ်၊ ရပါ မလားခင်ဗျာ''

''ဘယ်ကို သွားမလို့လဲ''

''စင်ကာပူကိုပါပဲ''

အရောင်းစာရေးမသည် ကိုအဏ္ဏဝါ ကမ်းပေးသည့် လေယာဉ်လက်မှတ်ကို ဆွဲယူကြည့်သည်။ လက်မှတ်က ဟောင်ကောင်လေကြောင်းလိုင်း (ကာသေ့ပစိဖိတ်) က လက်မှတ်ဖြစ်နေသည်။ ခရီးစဉ်က စင်ကာပူမှ ကွာလာလမ်ပူသို့ ဖြစ်နေသည်။ စာရေးမသည် သူ့ရှေ့က ကွန်ပျူတာကို နှိပ်ပြီး အင်တာနက်ကို ချိတ်ဆက်လိုက်သည်။ အင်တာနက် ကွန်ရက်ထဲက ကာသေ့ပစိဖိတ် လေကြောင်းလိုင်းကို ဆက်သွယ်ပြီး ကိုအဏ္ဏဝါ၏ လေယာဉ်လက်မှတ်ကို စစ်ဆေးသည်။

ကိုအဏ္ဏ၏ လေယာဉ်လက်မှတ် မှန်ကန်ကြောင်း တွေ့ရှိသည်နှင့် တစ်ပြိုင်နက်၊ ကိုအဏ္ဏဝါသည် ကာသေ့ပစိဖိတ် လေယာဉ်ကို စီးပြီး စင်ကာပူမှ ကွာလာလမ်ပူသို့ မသွားလိုတော့ဘဲ၊ စင်ကာပူ လေကြောင်းလိုင်းပိုင် လေယာဉ်ဖြင့် ကွာလာလမ်ပူမှ စင်ကာပူသို့ သွားလိုကြောင်း အင်တာနက်မှ ပြောလိုက်သည်။ ကာသေ့ပစိဖိတ်မှ ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက် ကိုအဏ္ဏဝါ၏ လေယာဉ်လက်မှတ် တန်ဖိုးကို ကာသေ့ပစိဖိတ်လေကြောင်းလိုင်း ငွေစာရင်းမှ ဆွဲထုတ်ပြီး စင်ကာပူလေကြောင်းလိုင်း ငွေစာရင်းသို့ သွင်းလိုက်တော့သည်။ အချိန်အားဖြင့် စုစုပေါင်း ငါးမိနစ်ခန့်သာ ကြာသည်။

http://www.linhtet.com



"အိုကေ၊ မစ္စတာစိုး ရပါတယ်"

"ကျေးဇူးကမ္ဘာပါ ကလေးမရယ်"

ခမ်းနားလှပသည့် ကွာလာလမ်ပူ နိုင်ငံတကာ လေဆိပ်ကြီးထဲက အခွန်လွတ် စျေးဆိုင်တွေကို လျှောက်ကြည့်ကြသည်။ စီးကရက်နှင့် အရက်အမျိုးမျိုး ရောင်းသည့်ဆိုင်၊ ရေမွှေးနှင့် အလှကုန်ပစ္စည်း အမျိုးမျိုး ရောင်းသည့်ဆိုင်၊ အဝတ်အထည် အမျိုးမျိုးနှင့် အမှတ်တရ ပစ္စည်း (ဆူဗီးနီးယား) ရောင်းသည့် ဆိုင်တွေကို လျှောက်ကြည့်ကြသည်။ နေရာ တကာမှာ ချိတ်ဆွဲထားသည့် ဇရာမ ရုပ်မြင်သံကြား ပုံးကြီးတွေမှာ ကမ္ဘာအရပ်ရပ်သို့ ထွက်ခွာမည့် လေယာဉ်ခရီးစဉ်တွေနှင့် ဆင်းသက်လာ မည့် လေယာဉ်တွေရဲ့ အချိန်တွေကို ဖော်ပြထားသည်။ ကိုအဏ္ဏဝါကို စီးရမည့် လေယာဉ်သည် နံနက် ၉-နာရီ တိတိတွင် ထွက်မည်ဟု ဖော်ပြထားသည်။

နံနက် ၉-နာရီမှာ ကိုခင်မောင်သိန်း၊ မောင်ဝင်းနိုင်တို့နှင့် အတူ စင်ကာပူလေကြောင်း ခရီးစဉ်အမှတ် (SQ 103) ဖြင့် အဲယားဘတ်စ် လေယာဉ်ကြီးကို စီးပြီး ကွာလာလမ်ပူက ထွက်ခွာခဲ့ကြပါသည်။

## စင်ကာပူလောက်တော့ ရယ်တာပေါ့

ကွာလာလမ်ပူနှင့် စင်ကာပူသည် လေယာဉ် ပျံသန်းချိန် ၄၅ မိနစ်မျှသာ ကြာမည်ဖြစ်သည်။ လေယာဉ်ကြီးသည် အမြင့်ကို ပျံမတက် တော့ပဲ လိုအပ်သည့် အမြင့်မှ တအိအိ ပျံသန်းနေသည်။ အောက်က ပင်လယ်ပြင်ကြီးနှင့် တောတောင်တွေကို မြင်နေရသည်။ မကြာမီမှာပင် စင်ကာပူနိုင်ငံ ချန်ဂီးနိုင်ငံတကာ လေဆိပ်ကို ရောက်တော့မည် ဖြစ်သည်။

လွန်ခဲ့သည့်ရက် သတ္တပတ်က စင်ကာပူက မောင်းထုတ်လို့ နောက်ဖေးပေါက်က ကုပ်ကုပ်ကလေး ထွက်ပြေးခဲ့သော ကိုအဏ္ဏဝါ သည် ဒီနေ့ ၁၈-၇-၁၉၈၃ နံနက်မှာ လေယာဉ်ကြီး စီးကာ ပြန်ဝင်လာခဲ့ ပြီသည်။ လေဆိပ်မှာ ဘာတွေဖြစ်ဦးမလဲ မသိဟုတွေးနေမိသည်။ ပူတော့ မပူပါ။ လေယာဉ်ဖြင့် ဝင်လာသူကို နေထိုင်ခွင့်ပါမစ် အနည်းဆုံး ခုနစ်

http://www.linhtet.com



ရက်တော့ ပေးရမည် ဖြစ်သည်။ ခုနစ်ရက် နေထိုင်ခွင့် ရလျှင် ကိုအဏ္ဏဝါတို့ကတော့ အေးဆေးပဲ၊ ခုနစ်ရက်အတွင်း တိုမိုမှာ အလုပ်ရနိုင်သည်။ အလုပ်ရလျှင် တိုမိုကုမ္ပဏီက စပွန်ဆာ (တာဝန်ယူ) လုပ်ပေးမည်ဖြစ်၍ ပူစရာ မလိုတော့ဟု တွေးနေမိသည်။

ကိုအဏ္ဏဝါ တွေးတောနေစဉ်မှာပင် စင်ကာပူ လေဆိပ်ကို လေယာဉ် ဆင်းသက်သည်။ ဘိုးရင်း-၇၄၇ နီးပါးလောက် ကြီးသည့် အဲယားဘတ်စ် လေယာဉ်ကြီး ဖြစ်၍ လေယာဉ်ကွင်း အဆောက်အအုံကြီး အနီးကိုကပ်ပြီး ပြွန်လုံးစကြံနံကြီးမှ အောက်ကို ဆင်းကြရသည်။ ပြွန်လုံးစကြံနံကြီးထဲက ထွက်လိုက်တော့ လေယာဉ်ကွင်း အဆောက်အအုံရဲ့ ပထမထပ်ကို ရောက်နေသည်။ မြေညီထပ်ကို ဆင်းပြီး လူဝင်မှုကြီးကြပ်ရေး ဂိတ်ပေါက်တွေမှာ တန်းစီကြရသည်။

ကိုအဏ္ဏဝါတို့ သုံးယောက်သည် စင်ကာပူ အတွေ့အကြုံများနေသူတွေဖြစ်လို့ လူစုခွဲပြီး တန်းစီလိုက်ကြသည်။ ယနေ့သည် တနင်္လာနေ့ ဖြစ်လို့ လေယာဉ် အဝင်အထွက်တွေများသည်။ နိုင်ငံတကာက လာကြသည့် လေယာဉ်ကြီးများ ငါးမိနစ်လျှင် တစ်စီးနှုန်းဖြင့် အတက်အဆင်း လုပ်နေကြသည်။ လူဝင်မှု ကြီးကြပ်ရေးကောင်တာ ငါးခုလောက် တစ်ပြိုင်နက်တည်း ဖွင့်ထားသည်။ စင်ကာပူနိုင်ငံသားများသာ ဆိုသည့် ကောင်တာမှာသာ လူနည်းသည်။ တခြား လိုင်းတွေမှာ တန်းစီသူတွေ များနေသည်။ ကိုအဏ္ဏဝါတို့ သုံးယောက်သည် လူနည်းသည့် လိုင်းတွေကို ရွေးပြီး တစ်ယောက်တစ်လိုင်း ဝင်စီလိုက်ကြသည်။

စင်ကာပူ လူဝင်မှု အရာရှိများသည် ဥရောပနှင့် အမေရိက ခရီးသည် (မျက်နှာဖြူတွေကို) အစစ်အဆေး အမေးအမြန်း မရှိ ဝင်ခွင့်ပြုသော်လည်း အာရှတိုက်သားတွေထဲက ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မြန်မာနှင့် လာအို နိုင်ငံသားတွေလို ဆင်းရဲသည့်နိုင်ငံတွေက ခရီးသည်တွေကို ပြည်ဝင်ခွင့် မပြုမီ ပယ်ပယ်နယ်နယ် စစ်ဆေးပြီး နေထိုင်ခွင့် နည်းနည်းသာ ပေးလေ့ရှိသည်။ မျက်နှာဖြူတွေအားလုံး နေထိုင်ခွင့် တစ်လစီ ရကြသော်လည်း ကိုအဏ္ဏဝါတို့လို လူတွေကို အများဆုံး ၁၄-ရက်သာ ပေးလေ့ရှိသည်။

http://www.linhtet.com



ကိုအဏ္ဏဝါ၏ အလှည့်မှာ လူဝင်မှု ကြီးကြပ်ရေး အရာရှိသည် ကိုအဏ္ဏဝါ၏ နိုင်ငံကူးလက်မှတ်ကို တစ်ရွက်ချင်း လှန်ဖတ်သည်။ ၂၇-၆-၈၃ နေ့က ဟောင်ကောင်မှ စင်ကာပူကို ရောက်လာပြီး ၁၀-၇-၈၃ နေ့မှာ စင်ကာပူက ဘတ်စ်ကားဖြင့် ပြန်ထွက်သွားသည်။ ၁၁-ရက်နေ့မှာ ထိုင်းနိုင်ငံကို ရောက်သွားသည်။ ၁၈-ရက်နေ့မှာ မလေးရှား နိုင်ငံကို ရောက်လာသည်။ ယခု တစ်ဖန် ကွာလာလမ်ပူမှ လေယာဉ်ဖြင့် စင်ကာပူကို ဝင်လာသူ ဖြစ်သည်။ ခေသူတော့ မဟုတ်ဟု တွေးမိဟန် တူသည်။ ကိုအဏ္ဏဝါကို မျက်ခွံ လှန်ကြည့်သည်။ သူရဲ့ လူဆိုးစာရင်း ဖိုင်ထဲက အလိုရှိနေသူများ စာရင်းမှာ ပါ,မပါ ကြည့်လိုက်သေးသည်။ ပြီးတော့မှ အထင်သေးသည့် မေးခွန်းတွေ မေးတော့သည်။

"စင်ကာပူမှာ ဘာကိစ္စ ရှိပါသလဲ"

ဒီမေးခွန်းသည် ဆင်းရဲတဲ့ နိုင်ငံက ခရီးသည်တွေကို မေးလေ့ ရှိသော မေးခွန်းဖြစ်သည်။ မဖြေတတ်လျှင် ပြဿနာတတ်နိုင်သည်။ အလုပ်ရှာဖို့ လာပါတယ်လို့ပြောလျှင် ပြည်ဝင်ခွင့် မပြုဘဲ လေဆိပ်က လှည့်ပြန်ရမည် ဖြစ်သည်။ မရောက်ဖူးလို့ အလည်လာတာပါဆိုသည့် စကားမျိုးကတော့ အဲဒီအခါက မြန်မာလူမျိုးတွေ ပြောကောင်းသည့် စကားမဟုတ်လို့ ပြောလို့မဖြစ်၊ ပိုပြီး အရစ်ရှည်သွားမည် ဖြစ်သည်။ ပိုက်ဆံ ဘယ်လောက်ပါသလဲဆိုတဲ့ အောက်တန်းကျသည့် မေးခွန်းမျိုး အမေးခံရနိုင်သည်။ ကိုအဏ္ဏဝါကတော့ ခပ်တည်တည်ပဲ ရင်ကော့ပြီး ဖြေသည်။

"ဘာရယ်လို့ မဟုတ်ပါဘူး၊ ဈေးဝယ်ရင်း၊ အနားယူရင်၊ ဗကေးရှင်း ဆိုပါတော့"

ကိုအဏ္ဏဝါ၏ ပြောဟန်နှင့် အမူအရာကြောင့် အတော်အမြင် ကတ်သွားပုံရသည်။ ပိုက်ဆံဘယ်လောက် ပါသလဲဆိုတဲ့ မေးခွန်းကို မေးရမှာ ခက်နေပုံရသည်။ တစ်နှစ်ကျော်အတွင်းမှာ စင်ကာပူ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ ယိုးဒယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်ကိုရီးယား၊ အိန္ဒိယနှင့် တရုတ်ပြည်တို့ကို ဝင်ထွက်သွားခဲ့သည့် အထောက်အထား တွေကို နိုင်ငံကူးလက်မှတ်မှာ တွေ့နေရသည့်အတွက် မြန်မာလူမျိုးထဲက

http://www.linhtet.com



ထူးထူးဆန်းဆန်း ကမ္ဘာပတ်နေသည့် သန်းကြွယ်သူဌေးလို့ ထင်သွားဟန် တူသည်။ မျက်စောင်း တစ်ချက် ထိုးကြည့်ပြီး မကျေမနပ်ဖြင့်ပင် နေထိုင်ခွင့် ပါမစ် ၁၄-ရက်ကို မသထာရေစာ သဘောမျိုး ပေးလိုက်ပါသည်။

## သဘောကောင်းသည့် မိတ်ဟောင်း ဆွေဟောင်းများ

ကိုအဏ္ဏဝါသည် လေဆိပ်ကထွက်ပြီးနောက် ကိုခင်မောင်သိန်း၊ မောင်ဝင်းနိုင်တို့နှင့် လမ်းခွဲလိုက်သည်။ ကိုခင်မောင်သိန်းသည် ကိုအဏ္ဏဝါနှင့်အတူ ဆရာမကြီးရဲ့အိမ်မှာ နေသူဖြစ်သည်။ မောင်ဝင်းနိုင်ကတော့ ပွဲစား မစ္စတာရှီးယားရဲ့ အိမ်မှာ နေသည်ဟု ထင်သည်။ ဆရာမကြီးရဲ့အိမ်ကို ညနေကျမှ လာခဲ့မည်ဟု ကိုခင်မောင်သိန်းကို မှာလိုက်ပြီး လမ်းခွဲလိုက်သည်။

ကိုအဏ္ဏဝါသည် အိပ်ရေးပျက်ပြီး ခရီးပန်းနေသော်လည်း စတည်းချမည့် ဆရာမကြီးရဲ့ အိမ်ကို မပြန်သေးဘဲ ကုမ္ပဏီဟောင်းရုံးကို သွားသည်။ ကုမ္ပဏီဟောင်းရုံး (ဂိုးလ်ဒင်းစီတီး)သည် ကိုလံဘိုကုတ်အဆောက်အအုံမှာ ရှိသည်။ မဖြူတုတ် ထံမှ စာများ ရောက်နေမလား ဆိုသည့်အတွေးဖြင့် သွားကြည့်ခြင်းဖြစ်သည်။

ရုံးအုပ် အပျိုကြီး မစ္စလိုက ကိုအဏ္ဏဝါကို မြင်တော့ တအံ့တသြဖြစ်နေသည်။ မန်နေဂျာ မစ္စတာလီကလည်း သူ့အလုပ်စားပွဲရှိရာ မှန်ခန်းထဲက ထွက်လာပြီး ကိုအဏ္ဏဝါကို အောက်မေ့တမ်းတ နှုတ်ဆက်ကြသည်။ ကိုအဏ္ဏဝါ၏ဇနီး မဖြူတုတ်ထံမှ ရောက်နေသော စာတစ်စောင်ကို ထုတ်ပေးသည်။

"စိုးမြင့် နင် ဘယ်ပျောက်နေတာလဲ"

"စင်ကာပူက မောင်းထုတ်လို့ ယိုးဒယားကို ထွက်ပြေးရတယ်လေ"

"ဟုတ်လား၊ ဘယ်နေ့က စင်ကာပူကို ပြန်ရောက်လဲ"

"အခုပဲ လေဆိပ်က တန်းလာတာ"

http://www.linhtet.com



"ဟုတ်လား၊ ငါတို့က နင် မြန်မာပြည် ပြန်သွားပြီလို့ ထင်နေတာ"

"ဘယ်ပြန်နိုင်ဦးမလဲ၊ အလုပ်တစ်ခု ထပ်ရှာရဦးမယ်လေ၊ နောက်နှစ်လောက်မှ ပြန်နိုင်မယ်၊ စုထားတဲ့ ပိုက်ဆံက ကားဝယ်လိုက်လို့ ကုန်ပြီလေ"

"အခု ဘယ်မှာနေလဲ၊ တယ်လီဖုန်းနံပါတ် ပေးထားလေ"

ကိုအဏ္ဏဝါသည် ဆရာမကြီးအိမ် တယ်လီဖုန်း နံပါတ်ကို ပေးလိုက်သည်။ အလုပ်အကိုင် ပေါ်လျှင် အလုပ် ခေါ်ပေးမည့် မိတ်ဟောင်း ဆွေဟောင်း၊ မိတ်ကောင်း ဆွေကောင်းတွေ ဖြစ်သည်။ တစ်နှစ်ကျော် ပေါင်းသင်း လာခဲ့ကြပြီး ဖြစ်သည့်အတွက် ကိုအဏ္ဏဝါကို ခင်မင်နေကြသည်။ တယ်လီဖုန်း နံပါတ် တောင်းခြင်းသည် စကားစ ဖြတ်ပြီး ကိုအဏ္ဏဝါကို ပြန်စေချင်သည့် သဘောလည်း ပါသည်။

စင်ကာပူ၏ တနင်္လာနေ့သည် အလွန် အလုပ်များသောနေ့ ဖြစ်သည်။ ရုံးဝန်ထမ်း တစ်ယောက်သည် ရုံးချိန်မှာ ဘယ်ဧည့်သည်ကိုမှ စကားလက်ခံ ပြောလေ့ မရှိပါ။ ကိုအဏ္ဏဝါကို အလွန် ခင်မင်လို့သာ မန်နေဂျာ မစ္စတာလီ ကိုယ်တိုင်မှန်ခန်းထဲက ထွက်လာပြီး ကိုအဏ္ဏဝါကို နှုတ်ဆက်ခြင်းဖြစ်သည်။ သို့သော် ရုံးစည်းကမ်းအရ အလုပ်နှင့် မပတ်သက်သော ဧည့်သည်ကို ရုံးခန်းထဲမှာ ကြာကြာ ဧည့်ခံစကား ပြောလိုခြင်း မရှိသဖြင့် ပြန်စေချင်ခြင်း ဖြစ်သည်။

"ကျွန်တော့်ကို ဆက်သွယ်ချင်ရင် ညဘက် ရှစ်နာရီ နောက်ပိုင်း ခေါ်တာသေချာတယ်"

"ကောင်းပါပြီ"

မစ္စတာလီက ကိုအဏ္ဏဝါ ပေးသည့် တယ်လီဖုန်း နံပါတ်ကို ရေးမှတ်ပြီး သူ့ရုံးခန်းထဲ ပြန်ဝင်သွားတော့သည်။ ငါတို့ အလုပ်လုပ်တော့မည်ဆိုသည့် သဘောဖြစ်သည်။ နင်လည်း ပြန်သင့်ပြီ ဆိုသည့်သဘော ဖြစ်သည်။ ရုံးအုပ် အပျိုကြီး မစ္စလိုကတော့ အားကျိုးအားနာဖြင့် ကိုအဏ္ဏဝါကို ဖိတ်ခေါ်သည်။

"နေ့လယ်စာ ငါနဲ့ လာစားပါလား"

"မစားတော့ပါဘူး၊ သိပ်လည်း မဆာပါဘူး"

http://www.linhtet.com



"ဘာလဲ ပိုက်ဆံမရှိလို့လား၊ ငါ ကျွေးမှာပါ၊ စကားပြောလို့ရတာ ပေါ့"

အပျိုကြီးသည် ကိုအဏ္ဏဝါကို အတော်ခင်သည်။ အေးအေးဆေးဆေး စကားပြောနေချင်ပုံ ရသည်။ ရုံးချိန်အတွင်း ရုံးခန်းထဲမှာ မည်သူကိုမျှ ဧည့်ခံ စကား မပြောရ ဆိုသည့် စင်ကာပူ၏ စည်းကမ်းကို လိုက်နာရမည် ဖြစ်သည်။ ဧည့်သည်နှင့် ကြာကြာ စကားပြောချင်လျှင် လန့်ချ် တိုင်းမ်လို့ ခေါ်သည့် နေ့လယ်စာ စားချိန်မှာ ဖုထ်စင်တာလို့ ခေါ်သည့် စားသောက်ဆိုင်မှာ ထိုင်ပြီး စားရင်းသောက်ရင်း ပြောကြသည်။ နေ့လယ် ၁၂-နာရီမှ ၂-နာရီအထိ လန့်ချ် တိုင်းမ် သတ်မှတ်ထားသည်။ ၁-နာရီ ၄၅-မိနစ်မှာ စကားဝိုင်း သိမ်းရသည်။ စင်ကာပူ ရုံးဝန်ထမ်းတို့သည် ၂-နာရီ တိတိမှာ အလုပ်စားပွဲမှာ ထိုင်နေပြီးသားဖြစ်ရပါမည်။ ဝန်ထမ်းတိုင်း တိတိကျကျ လိုက်နာကြရသော စည်းကမ်း ဖြစ်သည်။

ကိုအဏ္ဏဝါသည် အပျိုကြီးနှင့် အတူထိုင်ပြီး စားချင်သောက်ချင်ပါသည်။ စကားပြောချင်ပါသည်။ သို့သော် အိပ်ရေးပျက်လာလို့ အိပ်ချင်နေသည်။ စင်ကာပူနိုင်ငံသူ အပျိုကြီးနှင့် အင်္ဂလိပ်လို ပြောရမည်ဖြစ်လို့ သူ့လို သွက်လက် ကျွမ်းကျင်စွာ မပြောတတ်သည့်အတွက် အကြာကြီး အတူထိုင်ပြီး စကား မပြောရဲ ဖြစ်နေသည်။ အခုလို တွေ့တုန်းကြုံခိုက် သာကြောင်းမာကြောင်း လောက်ကိုသာ ကိုအဏ္ဏဝါ ပြောတတ်သည်။ မယ်ဘွဲ့မောင်ဘွဲ့နှင့် နင်ပဲငဆ အကြောက်အကန် ပြောရမည့် ကိစ္စတွေမှာ ကိုအဏ္ဏဝါ စကား မပြောတတ်လို့ တချို့ ခွင်တွေကို မိလျက်သားနဲ့ လက်လွှတ်လိုက်ရတာမျိုးတွေ ရှိသည်။ အခုကိစ္စမှာလည်း ကိုအဏ္ဏဝါဘက်က ခွင်ဖျက်ပြီး လက်လွှတ်ရမည့်ကိန်း ဖြစ်သည်။

"ညက တစ်ညလုံး ကားစီးလာတာ၊ တစ်ရေးမှ မအိပ်ရသေးဘူး၊ နောက်မှ တွေ့ကြတာပေါ့၊ စင်ကာပူမှာ ကြာဦးမှာပါ"

"အိုကေ၊ နောက်မှ တွေ့ကြမယ်"

နောက်မှ တွေ့မယ်ဆိုရင် အခု ပြန်တော့လို့ ပြောသည့် သဘော ဖြစ်သည်။ အခုလောက်ကြာအောင် စကားလက်ခံ ပြောနေတာတောင်

http://www.linhtet.com



လွန်လှပြီ ဖြစ်သည်။ မိတ်ဟောင်း ဆွေဟောင်း၊ မိတ်ကောင်း ဆွေကောင်းတွေ ရုံးမှ ပြန်ခဲ့ပါသည်။

ကိုလံဘိုကုတ်ကနေ လမ်လျှောက်ပြီး ပြန်လာခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးရုံးကြီးနားက ဘုတ်ကွေးမှာ နေ့လယ်စာ စားရင် ဇနီးမဖြူတုတ်ထံမှ စာကို ဖတ်သည်။ ၅-၇-၈၃ နေ့စွဲဖြင့် ရေးထည့်လိုက်သော စာဖြစ်သည်။ ကားဝယ်သည့် ဘောက်ချာ (အင်းဗွိုက်စ်) ရောက်ပြီ ဖြစ်ကြောင်း၊ မိသားစုအားလုံး နေကောင်းကြကြောင်း၊ ရောက်လာသည့်ကားကို ရောင်းပြီးပါက အိမ်ဝယ်ရမည်ဖြစ်ကြောင်း ဒါမှ သူများ အိမ်နောက်ဖေးမှာ အဖီဆွယ် နေရသည့် ဘဝမှ အမြန်ဆုံး လွတ်မည်ဖြစ်ကြောင်း ပိုက်ဆံ များများရအောင် ထပ်ရှာပြီးမှ ပြန်လာစေလိုကြောင်း ရေးထားသည်။ ကိုအဏ္ဏဝါကို ချစ်တဲ့အကြောင်း သတိရ အောက်မေ့နေတဲ့ အကြောင်း တစ်လုံးမျှ မပါ။ စာရဲ့ကျောဘက်မှာများ ရေးထားသလားလို့ လှန်ကြည့်တော့လည်း မတွေ့၊ အရက်တွေ အလွန်အကျွံ သောက်မနေနဲ့ဆိုတဲ့ စာတစ်ကြောင်းသာ တွေ့သည်။

နေ့လယ်စာ စားပြီးတော့ ဆရာမကြီးရဲ့ ရုံးကို သွားပြီး မျက်နှာပြသည်။ ဟတ်ကျိုင်က ဒီနေ့ပဲ ကိုခင်မောင်သိန်းနှင့်အတူ ပြန်လာခဲ့ ကြောင်း ပြောပြလိုက်သည်။ အိမ်ပြန် အနားယူသည်။

## မြန်မာရေနံ အရာရှိ၏ အသုဘ

၁၉-၇-၁၉၈၃ အင်္ဂါနေ့သည် စင်ကာပူရောက် ကိုအဏ္ဏဝါ၏ ဘဝမှာ မှတ်မှတ်ရရ ဖြစ်ရသော နေ့တစ်နေ့ ဖြစ်သည်။ နံနက် ၉-နာရီမှာ အတာချီကေ့စ် (ဂျိန်းစ်ဘွန်းအိတ်)ကို ဆွဲပြီး ဆရာမကြီးအိမ်က ထွက်လာခဲ့သည်။ (TANHEING BUILDING) မှာ ရှိသည့် (FAREAST) ကုမ္ပဏီကို သွားသည်။ ဖားအိစ်ကုမ္ပဏီသည် ကိုအဏ္ဏဝါကို ပထမဦးဆုံး အလုပ်ရှာပေးခဲ့သည့် ကုမ္ပဏီဖြစ်သည်။ ကိုအဏ္ဏဝါက မိမိ၏ လက်ရှိ အခြေအနေကို ရှင်းပြလိုက်သည်။ အခွင့်အရေးပေါ်လျှင် ချက်ချင်း အကြောင်းကြားပါမည်ဟု ကတိပေးပါသည်။ မန်နေဂျာကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

http://www.linhtet.com



ဘဏ်ကိုသွားပြီး ဒေါ်လာ-၂၀၀၀ ပြန်သွင်းလိုက်သည်။ ပိုက်ဆံတွေ အများကြီးကိုကိုင်ပြီး လျှောက်သွားနေတာ အန္တရာယ်များ၍ ငွေစုစာအုပ်ထဲ ပြန်သွင်းထားလိုက်သည်။

အန်ကယ် ဦးမောင်မောင်ဆက်ကို ဖုန်းဆက်ပြီး သတင်းပို့သည်။ သူ့ဆီကို နေ့စဉ် ဆက်သွယ်ဖို့ ပြောထားတာ မနေ့က ဆက်သွယ်ဖို့ မေ့သွားသည့်အကြောင်း တောင်းပန်လိုက်သည်။ အန်ကယ်ဆက်က အခုချက်ချင်း သူ့ရုံးခန်းကို လာခဲ့ဟုပြောသည်။ တိုင်စီ တစ်စီး တား လိုက်ပြီး ဂိုးလ်ဒင်းမိုင်းတာဝါကို မောင်းခိုင်းလိုက်သည်။

မြန်မာသင်္ဘောသား လောကမှာ အလွန်ကျော်ကြား လူသိများသည့် တိုမိုဲ သင်္ဘောကုမ္ပဏီသည် ဂိုးလ်ဒင်းမိုင်းတာဝါ အဆောက်အအုံမှာ ရှိသည်။ တိုမိုရုံးကို ရောက်သွားတော့ ဦးမောင်မောင်ဆက်က ကိုအဏ္ဏဝါ၏ စာမေးပွဲ အောင်လက်မှတ်တွေကို ကြည့်သည်။ သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် (စီဒီစီ) ကို ကြည့်သည်။ ကိုအဏ္ဏဝါ၏ သင်္ဘောသား လုပ်သက်မှတ်တမ်းမှာ လုပ်သက်တစ်နှစ်နှင့် သုံးလသာ ရှိသော်လည်း လက်ခံသည်။ ဦးမောင်မောင်ဆက်ကို စီဒီစီအတုကြီးကို မပြရဲလို့ အစစ်ကို ပြလိုက်ခြင်း ဖြစ်သည်။ ဦးမောင်မောင်ဆက်သည် မြန်မာသင်္ဘောသားတွေ အကြောင်းကို နှောကျေအောင် သိထားသူ ဖြစ်သည်။ ဒီပုဂ္ဂိုလ်မျိုးကို မလိမ်ရဲလို့ အမှန်အကန်ဖြင့် ဝင်ခြင်း ဖြစ်သည်။

ဦးမောင်မောင်ဆက်က ကိုအဏ္ဏဝါ၏ ပတ်စ်ပို့ကို သိမ်းထားလိုက်သည်။ ဓာတ်ပုံနှစ်ပုံပါ ကူးပေးခဲ့ရသည်။ နက်ဖြန် ပြန်လာပါဟု ပြောသည်။ ဒီအပတ်ထဲမှာ သင်္ဘော တက်ရမည်ဟု ပြောသည်။ ကိုအဏ္ဏဝါ ဝမ်းသာ သွားသည်။

အိမ်ပြန်ပြီး အနားယူသည်။ အလုပ် ရှာစရာ မလိုတော့လို့ စိတ်အေးသွားရပြီ ဖြစ်သည်။ ညစာစားပြီးတော့ ဆရာမကြီးက ကျော်စိုး (ထူကြီး) ဦးဆောင်သည့် နာရေးကူညီမှု အုပ်စုကို အသုဘအိမ်မှာ သွားအိပ်ကြရမည်ဟု အမိန့်ပေးသည်။ ဘယ်သူ့ အသုဘလဲဟုမေးကြည့်တော့ ဘီပီကုမ္ပဏီ (ဗြိတက်ရှ် ပက်ထရိုလီယံ) မှာ အလုပ် လုပ်နေသည့် မြန်မာအလုပ်သမား တစ်ယောက် အသုဘဟု ဆိုသည်။ အားငယ်နေကြ

သည့် ကျန်ရစ်သူ မိသားစုကို မြန်မာအချင်းချင်း အားပေးသည့် အနေဖြင့် သွားစောင့် အိပ်ပေးရမည်ဟု သိရသည်။

တိုင်စီဖြင့် သွားကြရသည်။ စင်ကာပူက ဘယ်နေရာ ဘယ်ရပ်ကွက်ဆိုတာ မမှတ်မိတော့သော်လည်း တိုက်ခန်းတစ်ခု၏ အပေါ်ထပ်ကို သွားကြရတာသာ မှတ်မိတော့သည်။ နာရေးကူညီမှု အဖွဲ့ခေါင်းဆောင် ကျော်စိုး (ထူကြီး) ဆီမှာ လိပ်စာပါသည့်အတွက် တန်းတန်းမတ်မတ် ရောက်သွားကြခြင်း ဖြစ်သည်။ ထူကြီးကလည်း စင်ကာပူ ငကျွမ်းကြီး ဖြစ်သည်။ မျက်နှာကို အဝတ်ဖြင့်စည်းပြီး စင်ကာပူတစ်မြို့လုံး လှည့်ပတ်ခေါ်သွား၊ ရောက်တဲ့နေရာမှာ မျက်နှာမှာ စည်းထားသည့် အဝတ်ကို ဖြေပေးပြီး ဒီနေရာ ဘယ်နေရာလဲလို့ မေး၊ ဒက်ထိ မှန်အောင်ဖြေနိုင်သူ ဖြစ်သည်။

အသုဘအိမ် ရောက်သွားတော့ ကျန်ရစ်သူ မိသားစုနှင့်အတူ ဧည့်ခန်းမှာ ထိုင်နေသည့် ဦးအောင်သူရိန်ကို တွေ့လိုက်ရလို့ ကိုအဏ္ဏဝါ အံ့သြသွားသည်။ ဦးအောင်သူရိန်ကလည်း ကိုအဏ္ဏဝါကို မြင်တော့ တအံ့တသြ ဖြစ်သွားသည်။ ကိုအဏ္ဏဝါသည် တပ်မတော် (ရေတပ်)က ထွက်ပြီး မြန်မာကမ်းလွန် ရေနံရှာဖွေရေး ဌာနတွင် ခြောက်နှစ်မျှ အမှုထမ်းခဲ့သေးသည်။ ဦးအောင်သူရိန်သည် ကိုအဏ္ဏဝါတို့ ဌာနက အရာရှိဖြစ်သည်။ ကိုအဏ္ဏဝါ ရေနံရှာဖွေရေးက ထွက်ပြီး သင်္ဘောလိုက်သောအခါ ဦးအောင်သူရိန်သည် မြန်မာရေနံမှာ ကျန်နေခဲ့သေး သည်။ ဘယ်အချိန်က အလုပ်ထွက်ပြီး စင်ကာပူကို ရောက်နေပါလိမ့်ဟု အံ့သြသွားခြင်းဖြစ်သည်။

"ဘယ်လိုကနေ ဘယ်လို ရောက်လာတာလဲ"

"ဦးစိုးမြင့်ကရော ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ"

ကိုအဏ္ဏဝါက သူ ရောက်လာပုံကို အကျယ်တဝင့် ရှင်းပြလိုက်သည်။ ဦးအောင်သူရိန်ကလည်း သူ စင်ကာပူကို ရောက်ပြီး ဘီပီမှာ အလုပ် လုပ်နေပုံကို ပြောပြသည်။ ကိုအဏ္ဏဝါ သက်မကြီး ချလိုက်မိသည်။ ပညာတတ်တွေ လူတော်တွေ နိုင်ငံခြားထွက်ပြီး သူများနိုင်ငံကို အလုပ်အကျွေး ပြုနေကြပြီလားဟု တွေးမိပြီး စိတ်မသက်မသာ ဖြစ်သွားပါသည်။

http://www.linhtet.com



"အခုဆုံးသွားတာ ဘယ်သူလဲ"

"ဦးအောင်လွင်လေ၊ ဦးစိုးမြင့် မသိဘူးလား"

"နာမည်တော့ ကြားဖူးတယ်၊ မမြင်ဖူးဘူး၊ ဘယ်ဌာနကလဲ"

"ပရိဒတ်ရှင်းကလေ၊ ဦးစိုးမြင့်နဲ့ တစ်ဝဲတွေမှာ မဆုံဖူးဘူး ထင်တယ်"

"မဆုံဖူးဘူး ခင်ဗျာ"

"ဒါကြောင့် မသိတာပေါ့"

ကိုအဏ္ဏဝါသည် မြန်မာ့ကမ်းလွန် ရေနံရှာဖွေရေးမှာ ဝင်လုပ်ခဲ့သူ ဖြစ်သည်။ ဖော်ကာဖရင်းရှက် လေယာဉ်နှင့် ရဟတ်ယာဉ်ကိုစီးပြီး ကမ်းလွန် ရေနံအစမ်းတွင်းမှာ အလုပ်ဆင်းခဲ့သူ ဖြစ်သည်။ ဦးအောင်လွင်တို့ ရေနံရှာသည့် ကုန်းတွင်းက အစမ်းတွင်းတွေမှာ လုပ်ဖူးသူ မဟုတ်လို့ ဦးအောင်လွင်နဲ့ မဆုံဖူးခြင်း ဖြစ်သည်။

ကွယ်လွန်သူ ဦးအောင်လွင်၏ ကျန်ရစ်သူ ဇနီးနှင့် သားသမီး လေးတွေကို ကြည့်ပြီး သနားမိပါသည်။ သူများနိုင်ငံမှာ မျက်စိသူငယ် နားသူငယ်ဖြင့် ယောင်လည်လည် ဖြစ်နေကြသည်ကို အားပေးစကားတွေ ပြောပေးနေရသည်။ ကုမ္ပဏီကပေးမည့် ရသင့်ရထိုက်သည့် အခွင့်အရေး လေးတွေကို ရယူပြီးပါက မြန်မာပြည်သို့ ဦးအောင်လွင်မပါဘဲ ပြန်ကြရ တော့မည် ဖြစ်သည်။ သူတို့ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲ ဖြစ်နေမိပါသည်။

## ကုမ္ပဏီမန်နေဂျာ ကိုအဏ္ဏဝါ

၂၀-၇-၈၃ နေ့သည်လည်း စင်ကာပူရောက် ကိုအဏ္ဏဝါ၏ အတွေ့အကြုံတွေထဲမှာ ထူးခြားသော နေ့တစ်နေ့ ဖြစ်သည်။ နံနက် ရုံးဖွင့်ချိန်မှာ တိုမိုကုမ္ပဏီရုံးကို သွားသည်။ ဦးမောင်မောင်ဆက်ကို မျက်နှာပြသည်။ အန်ကယ်ဆက်က ကိုအဏ္ဏဝါကို တိုမို-၈၅ သင်္ဘောကို သွားတက်ရမည်ဟု ပြောသည်။ ၂၃-ရက်နေ့မှာ ဂျပန်နိုင်ငံ အိုကာဆာ

http://www.linhtet.com



မြို့ကို သွားပြီး သင်္ဘောတက်ရမည်ဟု ပြောသည်။ မြန်မာ ကပ္ပီတန် ဂျွန်ထင်အောင်နှင့် အတူ သွားကြရမည်ဟု ပြောသည်။

အလုပ်အကိုင် အဆင်ပြေပြီဖြစ်လို့ ကိုအဏ္ဏဝါ စိတ်အေး လက်အေး ဖြစ်သွားသည်။ ဆရာမကြီးရဲ့ အိမ်ကို ပြန်ပြီး အနားယူသည်။ အလုပ်ရပြီဖြစ်ကြောင်း ဆရာမကြီးကို အသိပေးလိုက်သည်။ ဆရာမကြီး ပို့လိုက်သည့် ကားဝယ်ဘောက်ချာ (အင်းဗွိုက်စ်) ရန်ကုန်ရောက်သွားပြီဖြစ်ကြောင်း ပြောပြလိုက်သည်။

ဆရာမကြီးရဲ့အိမ်မှာ အိပ်စက် အနားယူကြမလို့ လှဲလျောင်းနေကြစဉ် ည-၁၀ နာရီမှာ တယ်လီဖုန်း ခေါ်သံတစ်ခု မြည်လာသည်။ တယ်လီဖုန်းကို ဘယ်သူမှ မကိုင်ဘဲထားကြသည်။ တယ်လီဖုန်းကလည်း အဆက်မပြတ် မြည်နေသည်။ ဆရာမကြီး၏ အမိန့်မရလို့ ဘယ်သူမျှ မကိုင်ရဲ ဖြစ်နေကြသည်။ ည-၁၀ နာရီနောက်ပိုင်း ဝင်လာသော တယ်လီဖုန်းကို မည်သူမျှ မကိုင်ရ၊ ကိုင်တဲ့အကောင် ငါ့နဲ့ တွေ့မယ်ဆိုတဲ့ ဆရာမကြီးရဲ့ ပြောစကားကြောင့် ဘယ်သူမျှ မကိုင်ရဲ ဖြစ်နေကြသည်။ တယ်လီဖုန်းကလည်း အဆက်မပြတ် မြည်နေသည်။ ဆရာမကြီးတောင် မနေနိုင် ဖြစ်သွားဟန်တူသည်။

"ဟဲ့ တယ်လီဖုန်း ဒါလောက် မြည်နေတာ မကြားကြဘူးလား၊ နင်တို့ နားတွေ ပင်းနေကြပြီလား၊ နင်တို့ နားတွေထဲမှာ ဘာထိုးထားလို့ မကြားကြတာလဲဟဲ့"

ကဲ မခက်လားလို့ နားထောင်မိလျှင်လည်း အပြစ် ဖြစ်ဦးမည်။ နားမထောင်တော့လည်း အပြစ်က မလွတ်၊ ဒီတော့မှပဲ တယ်လီဖုန်းနဲ့ နီးတဲ့သူက ပြေးကိုင်ပြီး နားထောင်လိုက်သည်။

"ဟလို"

"        "

"ဟုတ်ပါတယ် ခင်ဗျာ"

"        "

"ဘယ်သူလို့ ပြောရမလဲ ခင်ဗျာ"

"        "

http://www.linhtet.com



"ဟုတ်ကဲ့ ခဏကိုင်ထားပါနော်"

တယ်လီဖုန်းကိုင်သူသည် ဆရာမကြီးကို သတင်းသွားပို့သည်။ ဆရာမကြီးသည် သူ့ အခန်းထဲက ထွက်လာပြီး တယ်လီဖုန်းကို ကိုင်သည်။ လေသံမာမာဖြင့် စကားပြောသည်။

"ဝင်းကြိုင် ဆိုတာ ဘယ် ဝင်းကြိုင်လဲဟေ့၊ ရန်ကုန် ဝင်းကြိုင်လား၊ သာကေတ ဝင်းကြိုင်လား"

" "

"ဩော်၊ သာကေတ ဝင်းကြိုင်လား၊ ရန်ကုန် ပြန်သွားတုန်းက ငါ့ကြွေးတွေ ဆပ်မသွားဘူး မဟုတ်လား၊ အခု ဒုက္ခရောက်နေတော့ ငါ့ကို သတိရတယ်ပေါ့ ဟုတ်လား"

" "

"စောင့်နေ ငါ လူတစ်ယောက် လွှတ်လိုက်မယ်"

ဆရာမကြီးသည် တယ်လီဖုန်း ချလိုက်ပြီး သူ့ အခန်းတွင်း ပြန်ဝင်သွားသည်။ အခန်းတွင်းမှ လက်နှိပ်စက်ရိုက်သံ တဖြောက် ဖြောက် ထွက်လာသည်။ လက်နှိပ်စက်ရိုက်သံ ရပ်သွားပြီး မကြာမီ ပြန်ထွက်လာသည်။ လက်ထဲမှာ စာအိတ်တစ်အိတ် ကိုင်လာသည်။

"စိုးမြင့်၊ ဝင်းကြိုင်ဟာ နင့်သူငယ်ချင်း မဟုတ်လား"

ကိုအဏ္ဏဝါကို ကြည့်ပြီး မေးသည်။ ဟုတ်ပါသည်။ ဝင်းကြိုင်သည် ကိုအဏ္ဏဝါ၏ သူငယ်ချင်း ဖြစ်သည်။ သဘောသား မဖြစ်မီ ပဝေသဏီလို့ ဆိုရမည့် ကုန်သွယ်ရေးခေတ်၊ ပါတီကောင်စီ ခေတ်ကတည်းက သောက်ဖော်စားဖက် သူငယ်ချင်း ဖြစ်သည်။

"ဟုတ်ပါတယ် ဆရာမကြီး"

"ရော့ ဒီစာကို ယူသွား၊ လေဆိပ်ကိုသွားပြီး လူဝင်မှု ဌာနမှာ ဒီစာကို ပြပြီး ဝင်းကြိုင်ကို ခေါ်ထုတ်လာခဲ့"

"ဟုတ်"

ကိုအဏ္ဏဝါ အဝတ်အစားလဲသည်။ လူရိုသေ ရှင်ရိုသေ ဖြစ်အောင် နက္ကတိုင်တွေ ဘာတွေ စည်းသည်။ အမေရိကန်နိုင်ငံလုပ် ဆင်မ်ဆိုနိုက် အတာချီကေ့စ်ထဲမှာ ဆရာမကြီး ပေးတဲ့ စာကို ထည့်ပြီး အိမ်ပေါ်က

http://www.linhtet.com



ဆင်းလာခဲ့သည်။ ပထမဦးဆုံး ရောက်လာသည့် တိုင်စီဖြင့် ရှန်ဂီး နိုင်ငံတကာလေဆိပ်ကို ထွက်လာခဲ့သည်။ နာရီကြည့်လိုက်တော့ ည- ၁၁ နာရီ ထိုးပြီဖြစ်သည်။

ကိုအဏ္ဏဝါသည် ဆရာမကြီး ပေးလိုက်သည့် စာကို ထုတ်ယူပြီး တိုင်စီပေါ်မှာ ဖတ်သွားသည်။ စာအိတ်က ဖွင့်ထားသည်။ ဆရာမကြီး၏ ကုမ္ပဏီနာမည် ခေါင်းစီး (ကယ်ရယ်ရ်လိုင်း ပီတီအီး လီမိတစ်) ပါသည့် စာရေးစက္ကူ ပေါ်မှာ အင်္ဂလိပ်လို ရေးထားသည်။ သက်ဆိုင်ရာသို့ဟု လိပ်မူပြီး အောက်ပါအတိုင်း ရေးထားသည်။

(ယခု စာယူလာသူမှာ ကျွန်ုပ်တို့ ကုမ္ပဏီမှ မန်နေဂျာ ဖြစ်ပါသည်။ စင်ကာပူလေဆိပ်သို့ ရောက်ရှိလာသူ ရေဒီယို ဆက်သွယ်ရေး အရာရှိ ဦးဝင်းကြိုင်သည် ကျွန်ုပ်တို့ ကုမ္ပဏီပိုင် သင်္ဘောတစ်စီးတွင် တက်ရောက် အမှုထမ်းမည်ဖြစ်၍ ပြည်ဝင်ခွင့် ပြုပါရန် မေတ္တာ ရပ်ခံပါသည်။ မစ္စ ကယ်ရ်အေး၊ မန်နေဂျင်း ဒါရိုက်တာ၊ ကယ်ရယ်ရ်လိုင်း ပီဘီအီး လီမိတစ် စင်ကာပူ) ဟူ၍ ဖြစ်သည်။

ကိုအဏ္ဏဝါသည် သူ့ကိုယ်သူ သင်္ဘောကုမ္ပဏီ တစ်ခု၏ မန်နေဂျာဟု သိသွားသောအခါ တိုင်စီပေါ်မှာ ခါးဆန့်ထိုင်ပြီး နက္ကတိုင်ကို နေသားတကျ ဖြစ်အောင် ပြုပြင်လိုက်သည်။ အဟမ်းလို့ အသံထွက်အောင် ချောင်းဟန့်လိုက်သည့်အတွက် တိုင်စီမောင်းသမားတောင် လန့်သွားသည်။ တိုင်စီသမားက ကိုအဏ္ဏဝါကို ဘယ်သွားမလဲဟု မေးသည်။ လေဆိပ်ကို သွားမယ်ဆိုတာသိသော်လည်း ကိုယ်တိုင် လေယာဉ်စီးပြီး ခရီးသွားမလား၊ သူများကို သွားကြိုတာလား သိချင်လို့ မေးခြင်းဖြစ်သည်။

ကိုအဏ္ဏဝါ ကိုယ်တိုင် လေယာဉ်စီးပြီး ခရီးသွားမည်ဆိုလျှင် ဒီပါချာလို့ ခေါ်သည့် ပြည်ပထွက်ခွာမည့် ခရီးသည်များ ဝင်ရမည့်အပေါက်ကို ပို့ပေးရမည် ဖြစ်သည်။ သူများကို သွားကြိုမည်ဆိုလျှင် အရိုက်ဗယ်လ်လို့ ခေါ်သည့် ရောက်လာသည့် ခရီးသည်များ ထွက်ရမည့် အပေါက်ကို ပို့ပေးရမည် ဖြစ်သည်။ စင်ကာပူလေဆိပ်သည် ဒိုမစ်စတစ်လို့ခေါ်သည့် ပြည်တွင်းခရီးစဉ် မရှိသော ကမ္ဘာပေါ်က တစ်ခုတည်းသော နိုင်ငံ

http://www.linhtet.com



ဖြစ်သည်။ ကိုအဏ္ဏဝါက ခရီးသည်ကြိုဖို့ လာတာဖြစ်လို့ အရိုက်ဗယ်လ်လို့ ပြောလိုက်သည်။ ကား ဆရာသည် လေဆိပ်ကြီး၏ မြေညီထပ်ကို မောင်းဝင်သွားသည်။

တိုင်စီပေါ်ကဆင်းပြီး မှန်းခန်းကြီးထဲကို ဝင်လိုက်တယ်ဆိုလျှင်ပဲ လူဝင်မှု ကြီးကြပ်ရေး အရာရှိတွေ အနီးမှာ ရပ်နေသည့် ကိုဝင်းကြိုင်ကို တွေ့လိုက်ရပါသည်။ ကိုဝင်းကြိုင်သည် ရှိုးနဲ့ စမိုးနဲ့ ရင်ကော့ပြီး ဝင်လာသည့် ကိုအဏ္ဏဝါကို မြင်လိုက်တယ်ဆိုလျှင် မျက်နှာ ဝင်းထိန်သွားသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးကို မြင်လိုက်ရသည့် ရဝန်ဒါနိုင်ငံက ဒုက္ခသည်လို ပျော်သွားပုံရသည်။ ကိုအဏ္ဏဝါ မဟုတ်ဘဲ တခြားလူ တစ်ယောက်ကသာ လာကယ်သည် ဆိုလျှင် တောင်ဒါလောက် ဝမ်းသာမည် မဟုတ်၊ သူ့ကိုလာပြီး ကယ်ထုတ်သူမှာ ကိုအဏ္ဏဝါ ကိုယ်တိုင် ဖြစ်နေလို့ အရမ်းအံ့သြ ဝမ်းသာသွားပုံရသည်။

ကိုအဏ္ဏဝါက လူဝင်မှု ကြီးကြပ်ရေး ကောင်တာစားပွဲပေါ်မှာ အတာချီကေ့စ်ကို တင်လိုက်ပြီး ဖြောင်းခနဲ အသံမြည်အောင် ဖွင့်လိုက်သည်။ အထဲက စာအိတ်အဖြူကို ထုတ်ယူပြီး အရာရှိကို ကမ်းပေးလိုက်သည်။ လူဝင်မှု အရာရှိက စာအိတ်ကို ဆွဲယူပြီး ဖွင့်ဖတ်သည်။

"လူကြီးမင်းက မန်နေဂျာလား"

"ဟုတ်ပါတယ်"

အနားမှာရပ်ပြီး နားထောင်နေသည့် ဝင်းကြိုင်က ရယ်ချင်လို့ အံကြိတ်ထားတာကို သတိပြုမိသည်။ စင်ကာပူမှာ ရွှေတွေ (မြန်မာတွေ) အခုလိုပဲ အင်ထုပြီး အင်္ဂလိ လုပ်နေကြတာက မဆန်းသလို ဖြစ်နေသည်။ လူဝင်မှု အရာရှိက ကိုဝင်းကြိုင်ကို လွှတ်ပေးလိုက်ရပြီး ကိုအဏ္ဏဝါ နောက်ကို လိုက်ခွင့်ပြုလိုက်ပါသည်။

❐

[ ၄ ]

## တိုမိုကုမ္ပဏီ၏ သင်္ဘောသား ကိုအဏ္ဏဝါ

၂၁-ရက်နေ့တွင် တိုမို သင်္ဘောကုမ္ပဏီရုံးရှိရာ ဂိုးလ်ဒင်းမိုင်းတာဝါကို သွားသည်။ ဦးမောင်မောင်ဆက်ကို သွားတွေ့သည်။ တိုမို ကုမ္ပဏီ၏ သင်္ဘောသား ဖြစ်သွားပြီဖြစ်လို့ ထမင်းစရိတ် စင်ကာပူ ဒေါ်လာ-၅၀ ထုတ်ပေးသည်။ ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ သွားပြီး သင်္ဘော တက်ရမည်ဟု ပြောသည်။ နက်ဖြန် ရုံးကို လာခဲ့ပါဦးဟု ပြောသည်။

### စင်ကာပူမှ အိုဆာကာသို့

၂၂-ရက်နေ့ တိုမိုရုံးကို ရောက်သွားတော့ ကိုအဏ္ဏဝါနှင့်အတူ သင်္ဘောသွားတက်ရမည့် ကပ္ပိတန် ဂျွန်ထင်အောင်ကို ပထမဦးဆုံးအကြိမ် မြင်ဖူးသည်။ ဦးမောင်မောင်ဆက်က မိတ်ဆက်ပေးလို့ လက်ဆွဲ နှုတ်ဆက်ကြသည်။ နက်ဖြန်နံနက် ၉-နာရီတွင် သူ တည်းခိုနေသည့် လိုင်းရင်းစီတီးဟိုတယ်သို့ လာရန် ကပ္ပိတန်က ပြောသည်။ နံနက် ၁၁-နာရီခွဲတွင် လေယာဉ် စီးကြရမည်ဟု ပြောသည်။

http://www.linhtet.com



နက်ဖြန် ဂျပန်သို့ သွားရတော့မည် ဖြစ်လို့ အထုပ်အပိုး ပြင်ရန် အိမ်ကို ပြန်သည်။ အိမ်ကို မသွားသေးဘဲ ရှီးယားရုံး အောက်က လက်ဖက်ရည်ဆိုင်ကို သွားသည်။ ကိုဝင်းကြိုင် ရောက်နေတာ တွေ့ရသည်။ ခင်မောင်ဝင်းလည်း ရောက်လာပြန်သဖြင့် ဘီယာ သောက်ကြသည်။ အလုပ်ရလို့ နက်ဖြန် ဂျပန်ကို သွားတော့မည့် ကိုအဏ္ဏဝါက ဒကာခံရသည်။ ကိုဝင်းကြိုင်က အလုပ်ရှာရန်အတွက် ၂၀-ရက်နေ့ကမှ စင်ကာပူကို ရောက်လာသူဖြစ်သည်။ ခင်မောင်ဝင်းက ပီအိုင်အယ်လ် သင်္ဘော (ကိုတာပါဝီးရား)က အလုပ် ထွက်လာသူ ဖြစ်သည်။ နှစ်ယောက်လုံး အလုပ်လက်မဲ့တွေ ဖြစ်လို့ ကိုအဏ္ဏဝါက ဘီယာတိုက်ရသည့်အပြင် တစ်ယောက်ကို ဒေါ်လာ-၅၀စီ မုန့်ဖိုး ပေးခဲ့ရသေးသည်။

၂၃-ရက်နေ့ နံနက် ၈-နာရီတွင် ဆရာမကြီးကို ကန်တော့သည်။ ဆရာမကြီးအိမ်မှာ နေကြသည့် ဒုက္ခသည်တွေ စားရေးသောက်ရေး အတွက် အလှူငွေ ဒေါ်လာ-၅၀ အလှူထည့်ခဲ့သည်။ အလုပ်လက်မဲ့ ရဲဘော် ရဲဘက်တွေကို နှုတ်ဆက်ပြီး ဆရာမကြီးအိမ်က ထွက်လာခဲ့သည်။

ကိုအဏ္ဏဝါမှာ ကြိုးလေးဖြင့် ဆွဲယူသွားလို့ရသည့် ဘီးတပ် သေတ္တာငယ် တစ်လုံး၊ အတာချီကေ့စ်၊ ရေဒီယိုကက်ဆက်၊ ကင်မရာ တို့ဖြင့် တိုးလို့တွဲလောင်း ဖြစ်နေသည်။ တိုင်စီခေါ်လိုက်သည်။ တိုင်စီ သမားက လေဆိပ်ကိုလားဟု မေးသည်။ လိုင်းရင်းစီတီး ဟိုတယ်ကိုလို့ ပြောလိုက်သည်။ အိမ်က မောင်းချလို့ ဟိုတယ်ကို ပြောင်းရွှေ့နေရမည့် ငနဲလို့ ထင်သွားဟန် တူသည်။ ကိုဝင်းကြိုင်က သူလိုက်ပို့မည် ဆိုပြီး တိုင်စီပေါ် တက်လိုက်လာသည်။

ဟိုတယ်ရောက်တော့ ကပ္ပိတန်ဂျွန်ထင်အောင် အသင့်စောင့်နေတာတွေ့ရသည်။ မကြာမီ ဦးမောင်မောင်ဆက်ပါ ရောက်လာသည်။ ကိုဝင်းကြိုင်က ကိုအဏ္ဏဝါကို နှုတ်ဆက်ပြီး ဟိုတယ်မှ လှည့်ပြန်သွားသည်။ ဦးမောင်မောင်ဆက်က ဦးဆောင်ပြီး လေဆိပ်ကို သွားကြသည်။ လေဆိပ်တွင် လုပ်ဆောင်ဖွယ်ရာ ကိစ္စတွေကို ဦးမောင်မောင်ဆက်က လုပ်သွားသည်။ ဟောင်ကောင်လေကြောင်းလိုင်း (ကာသေ့ပစိဖိတ်)

http://www.linhtet.com



လေယာဉ်လက်မှတ် တစ်ယောက် တစ်စောင်စီ ပေးသည်။ စင်ကာပူ၊ ဟောင်ကောင်၊ ဂျပန် (အိုဆာကာ) ခရီးစဉ်ဖြင့် သွားရမည် ဖြစ်သည်။

လေယာဉ်ပေါ် တက်ချိန် ၁၁-နာရီ ဖြစ်၍ ၁၀ နာရီ ၄၅ မိနစ်တွင် ဦးမောင်မောင်ဆက်က ကပ္ပိတန်နှင့် ကိုအဏ္ဏဝါ တို့ကို နှုတ်ဆက်ပြီး ပြန်သွားသည်။ နံနက် ၁၁-နာရီ မိနစ် ၄၀ တွင် ကာသေ့ပစိဖိတ်လေကြောင်းပိုင် ဘိုးရင်း-၇၄၇ လေယာဉ်ကြီးဖြင့် စင်ကာပူက ထွက်ခွာသည်။

ညနေ ၃-နာရီတွင် ဟောင်ကောင်ကို ရောက်သွားသည်။ လေယာဉ်မပြောင်းရလို့ လေယာဉ်ပေါ်မှာ ထိုင်နေကြရသည်။ ခရီးသည်အတင်အချ လုပ်ပြီး ညနေ ၄-နာရီမှာ ဟောင်ကောင်မှ ထွက်သည်။ ည ၈-နာရီတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့ကို ရောက်သည်။

ကိုအဏ္ဏဝါ၏ သင်္ဘောသားဘဝမှာ ဂျပန်နိုင်ငံကို ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်သည်။ အိုဆာကာမြို့ကြီးကို ညဘက်မှာ လေယာဉ်ပေါ်က မြင်ရသည့် မြင်ကွင်းက ရင်သပ်ရှုမောစရာ ဖြစ်သည်။ ပျဉ်းကတိုး မီးကျည်ခဲကို ပန်းပဲဖိုထဲထည့်ပြီး ဖိုဆွဲထားသလို တဖွားဖွား တရဲရဲ တောက်ထွန်းလင်းထိန်နေသည့် နီယွန်းမီး အလင်းရောင်တွေက မီးရှူးမီးပန်းတွေ ပစ်လွှတ်နေသလို ထင်မှတ်ရသည်။ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ အရောင်အမျိုးမျိုး ပြောင်းသွားလိုက် ဖြစ်နေကြသည့် မီးရောင်စုံ ဆိုင်းဘုတ်ကြော်ငြာကြီးတွေက ကြည့်မဝ ရှုမဝ ဖြစ်နေသည်။

အိုဆာကာလေဆိပ် (လေဆိပ်အဟောင်း)ကို ရောက်တော့ ဧည့်ကြိုဆိုနေသူတွေထဲမှာ (ဂျွန်ထင်အောင်+စိုးမြင့်)လို့ အင်္ဂလိပ်လို ရေးထားသည့် စာရွက်ကို ကိုင်ပြီး စောင့်နေသူ တစ်ဦးကို တွေ့ရသည်။ ကပ္ပိတန်က အနားကပ်သွားပြီး ရင်ဘတ်ကို ပုတ်ပြလိုက်တော့ အိုကေလို့ ပြောပြီး သူ့နောက်က လိုက်ခဲ့ရန် ခေါ်သွားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်တွေကို ထိုလူကပင် ဆောင်ရွက်သွားသည်။ ထိုပုဂ္ဂိုလ်သည် အင်္ဂလိပ်လို သွက်လက်စွာ မပြောနိုင်တာကို သတိထားမိသည်။ စကား သိပ်မပြောဘဲ အလုပ်ပဲ လုပ်သွားသည်။ ကိုအဏ္ဏဝါတို့ကလည်း ဂျပန်စကား တစ်လုံးမှ မတတ်

http://www.linhtet.com



လို့ စကား မပြောဘဲ သူခေါ်ရာ နောက်ကို လိုက်ခဲ့ကြရသည်။ အိုဆာကာမှာ တစ်ညတာတည်းခို အနားယူရန်အတွက် အိရှိဘာရှိ (ISHIBA-SHI) ဟိုတယ်ကို ပို့ပစ်ခဲ့ပြီး ထိုပုဂ္ဂိုလ် ပျောက်သွားလေတော့သည်။ ကပ္ပီတန်နှင့် ကိုအဏ္ဏဝါတို့ ဟိုတယ်မှာ တစ်ယောက် တစ်ခန်းစီ နေကြရသည်။

## သတိလစ်ပြီး လဲကျသွားသော ကပ္ပီတန်

ကိုအဏ္ဏဝါနှင့် ကပ္ပီတန်တို့ ဟိုတယ်မှာ တစ်ယောက် တစ်ခန်းစီ နေကြသော်လည်း အခန်းချင်း ကပ်လျက် ဖြစ်နေသည်။ ညစာ အတူစားကြပြီး စောစောပင် အိပ်ရာဝင်လိုက်ကြသည်။ ဇူလိုင်လသည် ဂျပန်နိုင်ငံ၏ နွေရာသီဖြစ်လို့ အခန်းတွင်းမှာ လေအေးစက် မောင်းပြီး အိပ်ရသည်။

ကိုအဏ္ဏဝါ၏ ဘဝမှာ ပထမဦးဆုံးအကြိမ် ရောက်ဖူးသည့် ဂျပန်နိုင်ငံဖြစ်သည်။ ရုပ်မြင်သံကြားမှာ ပြသနေတာတွေက ကြည့်ချင်စရာတွေချည်း ဖြစ်နေသည်။ ကိုအဏ္ဏဝါသည် ခုတင်ပေါ်ကနေပြီး အိပ်လျက်ကြည့်နေသည်။ ကြည့်နေရင်း အိပ်ပျော်သွားသည်။ အိပ်ရာက တစ်ရေးနိုးလာတော့လည်း ရုပ်မြင်သံကြား အစီအစဉ်တွေကတော့ မပြီးနိုင် မစီးနိုင်၊ တစ်မျိုးပြီး တစ်မျိုး လာနေဆဲ ဖြစ်သည်။ တစ်ညလုံး လွှင့်ထုတ် နေခြင်းဖြစ်သည်။ ကိုအဏ္ဏဝါ ဆက်ကြည့်နေရင်း ပြန်လည် အိပ်ပျော် သွားသည်။

၂၄-၇-၈၃ နေ့၊ နံနက် ၅-နာရီခွဲ လောက်မှာ ကိုအဏ္ဏဝါ၏ အိပ်ခန်းတံခါးကို တစ်စုံတစ်ယောက် လာခေါက်နေလို့ အိပ်ရာက ကမန်းကတန်းထပြီး တံခါး ထဖွင့်လိုက်သည်။ ကပ္ပီတန်ဖြစ်နေသည်။ ကပ္ပီတန်သည် ဝတ်စုံပြည့်ဖြင့် ခရီးဆက်သွားရန် အသင့်ဖြစ်နေတာ တွေ့ရသည်။

"ဂွတ်မောနင်း ကပ္ပီတန်"

"မောနင်း မောနင်း၊ ကျွန်တော်တို့ ဘရိတ်ဖတ် စောစော စားပြီး ဘူတာရုံကို ဆင်းရမယ်၊ မျက်နှာသစ်ပြီး အဝတ်အစား လဲတော့၊ ၇-နာရီ ခွဲမှာ ရထား ထွက်မယ်"

http://www.linhtet.com



"ဟုတ်ကဲ့ပါ ဆရာ"

"ညက တစ်ညလုံး ကျွန်တော် သတိလစ်ပြီး ကြမ်းပြင်မှာ လဲကျနေခဲ့တယ်။ အခုလေးတင် သတိပြန်ရလာပြီး အဝတ်အစား ကောက်ဝတ်လာတာ"

"ဟာ ဘာဖြစ်တာလဲ ဆရာ"

"ကျွန်တော့်မှာ လည်ပင်းအရိုးကျည်းပေါင်းတက် ရောဂါရှိတယ်။ လည်ပင်းလှည့်လိုက်လို့ အဆင်မသင့်ရင် အာရုံကြော ထိသွားပြီး သတိလစ် သွားတယ်။ အဝတ်အစားတွေ အကုန်ချွတ်ပြီး ညဝတ် အင်္ကျီရှည် ဝတ်မလို့ နောက်လှည့်လိုက်တာမှာ လဲကျသွားတာ၊ အဲယားကွန်း အခန်းထဲမှာ တစ်ညလုံး ကိုယ်လုံးတီး လဲကျပြီး သတိမေ့မြော နေတာ ကံကောင်းလို့ လေမဖြတ်တာ"

"ဟာ အတော် ကံကောင်းတာပဲ"

ကိုအဏ္ဏဝါ ကမန်းကတန်း မျက်နှာသစ်သည်။ အဝတ်အစား လဲသည်။ သေတ္တာနှင့် ရေဒီယို ကက်ဆက်ကိုပါ တစ်ပါတည်း ယူပြီး အခန်းတွင်းမှ အပြီး ထွက်လာခဲ့သည်။ ကပ္ပိတန်ကလည်း သူ့သေတ္တာနှင့် ကက်ဆက်ကလေးကို ဆွဲပြီး အခန်းမှ ထွက်ကြသည်။ ဟိုတယ် အောက်ထပ်ကို ဆင်းပြီး နံနက်စာ စားကြသည်။

နံနက် ၆-နာရီတွင် အီရှိဘာရှိ ဟိုတယ်မှ အပြီး ထွက်ခွာခဲ့ကြသည်။ ဟိုတယ်က ခေါ်ပေးသည့် တိုင်စီဖြင့် အိုဆာကာ ဘူတာရုံကြီးသို့ သွားကြသည်။ တစ်ညလုံး သတိလစ်ပြီး ကြမ်းခင်းမှာ လဲကျနေခဲ့သည့် ကပ္ပိတန်သည် ဘာမှ မဖြစ်ခဲ့သလို လန်းဆန်းနေတာ တွေ့ရသည်။ ဘယ်လို ရောဂါမျိုးပါလိမ့်ဟု တွေးနေမိပါသည်။ ကပ္ပိတန်ဂျွန်ထင်အောင်သည် အရုပ်အမောင်း ကောင်းပြီး ယောကျ်ားပီသသည့် ရုပ်လက္ခဏာ ရှိသူ ဖြစ်သည်။ အသားအရေနှင့် ရုပ်ဆင်းရူပါ ကျက်သရေရှိသူ ဖြစ်လို့ လူချောလို့တောင် ပြောလို့ရသည်။

နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရောက်လာသည့် ကျည်ဆန်ရထားကို တက်စီးကြသည်။ ကပ္ပိတန်သည် သင်္ဘောသား အတွေ့အကြုံနှင့် နိုင်ငံတကာ အတွေ့အကြုံ များစွာရှိသူ ဖြစ်လို့ ဘူတာရုံမှာ ငွေလဲခြင်း

http://www.linhtet.com



လက်မှတ်ဝယ်ခြင်းတွေကို စက်ကိရိယာဖြင့် ကျွမ်းကျင်စွာ လုပ်သွားသည်။ ကိုအဏ္ဏဝါ တစ်ယောက်တည်းသာ ခရီးသွားရမည်ဆိုပါက ရှုးသွားနိုင်သည်။ အင်္ဂလိပ်စကား သုံးမရသော ခရီးဖြစ်သည်။

"အာအိုကြီး ရထားပေါ်မှာ တွန်းလှည်းနဲ့ တွန်းရောင်းတဲ့ အရက်၊ ဘီယာနဲ့ အစားအသောက်တွေကို ဝယ်မစားနဲ့နော်၊ ကျွန်တော်တို့မှာ ဂျပန်ပိုက်ဆံ ယန်း မရှိဘူး၊ ဒေါ်လာနဲ့ မရောင်းဘူး၊ နောက်ပြီး သတိထားရမှာက ရထားက အရမ်းမြန်တယ်။ ဘူတာရုံမှာ ရပ်တာ တစ်မိနစ်လောက်ပဲ ကြာတယ်၊ တံခါးပွင့်တာနဲ့ ချက်ချင်း ဆင်းနိုင်အောင် ပစ္စည်းတွေ အသင့်လုပ်ထား၊ ဆင်းတာနောက်ကျနေရင် ပါသွားလိမ့်မယ်"

"ကျွန်တော်တို့က ဘယ်ကို သွားရမှာလဲ ဆရာ"

"မီဟားရား ဆိုတဲ့မြို့ကို သွားရမယ်၊ ၉-နာရီခွဲမှာ ရောက်မယ်။ ဟိုနံရံပေါ်က ဘူတာစဉ် ဇယားကိုကြည့်၊ မီးလင်းနေတဲ့ ဘူတာတာဟာ အခုရပ်မယ့် ဘူတာပဲ၊ မီဟားရားဆိုတဲ့ မီးလေး လင်းလာရင် အသင့်လုပ်ထားပေတော့၊ ကျွန်တော်လည်း သတိပေးပါ့မယ်"

ကျည်ဆန်ရထားသည် ရိပ်ခနဲ ရိပ်ခနဲ ပြေးနေသည်။ ရထားလမ်းဘေးက မြင်းကွင်းတွေကို ဓာတ်ပုံရိုက်လို့ မရ ဖြစ်နေသည်။ တစ်နာရီကို မိုင် ၁၀၀ နှုန်းလောက် မြန်နေသည့် အတွက် မီဟားရား ဆိုသည့်မြို့သည် အိုဆာကာမှ မိုင်-၂၀၀ လောက် ဝေးသလို ဖြစ်နေသည်။ ရထားသည် တောတွေကို ဖြတ်သည်။ တစ်ခါတလေ လယ်ကွင်းတွေကို ဖြတ်သည်။ မြို့ကြီးကြီးတွေကို ဖြတ်သောအခါ ကောင်းကင်က သွားတာကို သတိပြုမိသည်။ ရထားလမ်းသည် လူနေရပ်ဝန်းနဲ့ ဝေးသည့်အရပ်မှာ ရှိသည် ဆိုတာကို သတိပြုမိသည်။

နံနက် ၉-နာရီခွဲတိတိတွင် မီဟားရား (MIHARA) ဘူတာကို ရောက်သည်။ ရထားတံခါး ပွင့်တာနဲ့ တစ်ပြိုင်နက် နှစ်ယောက်သား ပြေးဆင်းလိုက်ကြသည်။ သင်္ဘောပိုင်ရှင်၏ ဒေသကိုယ်စားလှယ် လာကြိုနေသည်။ ဒေသကိုယ်စားလှယ်ကလည်း အင်္ဂလိပ်စကား ကျွမ်းကျင်စွာ မပြောတတ်လို့ စကား သိပ်မပြောကြဘဲ သင်္ဘောရှိရာ နေရာကို ရောက်သွားကြသည်။

http://www.linhtet.com



မီဟားရား လွန်းကျင်းမှာ တိုမိုကုမ္ပဏီပိုင် သင်္ဘော နှစ်စီး လွန်းတင် ပြင်ဆင်နေတာတွေ့ရသည်။ တိုမို-၈၁ နှင့် တိုမို-၈၅ တို့ ဖြစ်သည်။ ကိုအဏ္ဏဝါတို့ တက်ရမည့် သင်္ဘောက တိုမို-၈၅ ဖြစ်သည်။ တိုမို-၈၁က ပြုပြင်ပြီး ဖြစ်လို့ အခုပဲ လွန်းကျင်းက ဆင်ပြီး သွားတော့မည်ဟု သိရသည်။

တိုမို-၈၁က အာအိုသည် မြန်မာလူမျိုးဆိုတာ သိရလို့ ကိုအဏ္ဏဝါ ဝမ်းသာသွားသည်။ စက် ကိုင်ပုံကိုင်နည်း သင်းပြပေးပါရန် မေတ္တာရပ်ခံမည်ဟု သတိရလိုက်သည်။ မိမိတက်ရမည့် သင်္ဘော ၈၅ ကို မသွားသေးဘဲ ၈၁-ကို အလျင် တက်သွားလိုက်သည်။ အာအို ကိုစောတင်ဦးနဲ့ တွေ့ရသည်။ လူကိုယ်တိုင်ကို တစ်ခါမျှ မမြင်ဖူးသော်လည်း နာမည်ကို ကြားဖူးနေတာ ကြာပြီဖြစ်သည်။ သူ့ညီ စောအာသာနဲ့ ကိုအဏ္ဏဝါတို့ မြန်မာ့ရေနံမှာ အတူအမှုထမ်းခဲ့ကြဖူးသည်။ ကိုစောတင်ဦးက အားပေးစကား ပြောသည်။

“မစိုးရိမ်ပါနဲ့ လွယ်ပါတယ်၊ ဒီသင်္ဘော နှစ်စီးက စက်တွေက အတူတူပဲ၊ တစ်ပုံစံတည်း”

ဝါယာလက်စက်က ဂျေအာစီ အမျိုးအစား ဖြစ်သည်။ ၇၅၀-ဝပ် ရှိသည်။ ရေဒီယို တယ်လီဖုန်း ပြောလို့ရသည်။ သင်္ဘောသား စကားအရ ပြောရလျှင် အာတီ ပြောလို့ရသည့် စက်တွေ ဖြစ်သည်။ ကိုစောတင်ဦးက သင်္ဘော ထွက်တော့မည်ဖြစ်လို့ စက် ကိုင်တွယ်ပုံကို အပြေးအလွှား ပြသသည်။ ကမန်းကတန်း ပြတာရယ်၊ စိုးရိမ်စိတ်ရယ်ကြောင့် ဘာမှတ်သားရမှန်း မသိလို့ ဘာမျှ မမှတ်မိ ဖြစ်သွားသည်။ ကိုစောတင်ဦးကို ကျေးဇူးတင်ကြောင်း ပြောပြီး မိမိ တက်ရမည့် သင်္ဘော တိုမို-၈၅ ကို ကူးသွားလိုက်ပါသည်။

လွန်းတင်ထားသည့် သင်္ဘောပေါ်ကို တက်ရန် ကရိန်းဖြင့် ဆွဲမ,မည့် သံခြင်းကြီး ထဲကို ဝင်လိုက်ရသည်။ ကိုအဏ္ဏဝါ၏ သေတ္တာနှင့် ကက်ဆက်ကတော့ ကပ္ပိတန်နှင့်အတူ သင်္ဘောပေါ်ကို ရောက်နှင့်ပြီး ဖြစ်သည်။ သံခြင်းကြီးကို ကရိန်းဖြင့် ဆွဲမ,ယူသွားသည့်အတွက် ကိုအဏ္ဏဝါ လေထဲ မြောက်ပါသွားသည်။ အလုပ် မလုပ်တတ်မှာ စိုးလို့

http://www.linhtet.com



ကြောက်နေရတဲ့ အထဲမှာ လေထဲမြောက်တက်သွားလို့ အသည်းထဲ အေးသွားသည်။ သင်္ဘောပေါ်ရောက်တော့ ကိုအဏ္ဏဝါကို အလုပ် လွှဲပြောင်းပေးမည့် ဂျပန် အာအိုက အသင့် စောင့်နေသည်။ သူသည် နေ့လယ် ၁၂-နာရီ ထွက်မည့် ရထားဖြင့် လိုက်ပါရန် အသင့်ပြင်ထား သည်ဟု ဆိုပါသည်။ ကိုအဏ္ဏဝါကို ရေဒီယိုစက်ခန်းထဲသို့ ဦးဆောင် ခေါ်သွားပြီး အလုပ်တွေ လွှဲပါတော့သည်။

"အာအိုစန် ဒီည တစ်ညလောက် သင်္ဘောမှာ အိပ်လို့မဖြစ်ဘူးလား"

"မဖြစ်ဘူး၊ နေ့လယ် ၁၂-နာရီ ရထားနဲ့ အိုဆာကာကို ပြန်ဖို့ လက်မှတ်ဖြတ်ပြီးပြီ"

"စက်ကိုင်ပုံကိုင်နည်း လက်တွေ့ လုပ်ပြပါလား"

"သဘောလောက်ပဲ ပြနိုင်မယ်၊ လက်တွေ့ လုပ်မပြနိုင်ပါဘူး၊ ဂျပန်နိုင်ငံရဲ့ ဆိပ်ကမ်းမှာ ဝါယာလစ်စက် အသုံးပြုခွင့် မရှိဘူး၊ အလွန် တင်းကျပ်စွာ တားမြစ်ထားပါတယ်"

ကိုအဏ္ဏဝါ အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ ဒီကိစ္စကို သင်္ဘောသား အချင်းချင်းသာ သိရှိ ခံစား နားလည်နိုင်သော သောကဝေဒနာ ဖြစ်သည်။ ကိုအဏ္ဏဝါမှာ ဆရာလည်း မရှိ၊ တပည့်လည်း မရှိ၊ ကိုယ့်အလုပ်ကို ကိုယ် မလုပ်တတ်လျှင် ကိုယ့်ပြဿနာ ကိုယ်ရှင်း ရမည် ဖြစ်သည်။ ကပ္ပိတန်ကတော့ အာအို အလုပ်ကို မလုပ်တတ်ဘူးလို့ သင်္ဘောကုမ္ပဏီကို သတင်းပို့လိုက်မည် ဖြစ်သည်။ နောက်ရောက်မည့် ဆိပ်ကမ်းမှ အိပ်ရာလိပ်ပြီး ပြန်ရမည်ဖြစ်သည်။ သင်္ဘောသား ဘဝမှာ အလွန်ရှက်စရာကောင်းသည့် ကိစ္စဖြစ်သည်။ ဂျပန်အာအို ကမန်းကတန်း ပြသွားတာကို အတင်းလိုက်ရေး မှတ်ထားလိုက်ရသည်။ တိုမို-စ၅ သင်္ဘော၏ ရေဒီယို စတေရှင်ကို ချို့ယွင်းမှုမရှိ၊ ကောင်းမွန်သည့် အခြေအနေဖြင့် လက်ခံရရှိပါကြောင်း လက်မှတ်ရေးထိုး ပေးလိုက်ရသည်။ အဲဒီနေ့ နေ့လယ်မှာပဲ ဂျပန် ကပ္ပိတန် အာကီယားမားနှင့် ဂျပန်အာအိုတို့ သင်္ဘောပေါ်က ဆင်းသွားကြပါသည်။ ကိုအဏ္ဏဝါ ကတော့

http://www.linhtet.com



လွန်းကျင်း တင်ထားသည့် သင်္ဘောပေါ်က ရေဒီယို စက်ခန်း ထဲမှာ ပျာယာခတ်ပြီး ကျန်နေခဲ့ပါသည်။

၂၅-၁၇-၈၃ နေ့မှာ ကပ္ပီတန် ဂျွန်ထင်အောင် ဆေးခန်းသွားပြသည်။ ဂျပန်ဆရာဝန်က ကပ္ပီတန် ဂျွန်ထင်အောင်သည် သင်္ဘောလိုက်ရန်မသင့်ဟု ဆေးစာအုပ်မှာ မှတ်ချက် ရေးလိုက်သည်။ ကပ္ပီတန်သည် ကိုအဏ္ဏဝါကို သူ့အခန်းသို့ခေါ်ပြီး ပြောသည်။

"အာအိုကြီး ကျွန်တော် စင်ကာပူကို ပြန်ရတော့မယ်ဗျာ"

"ဟာ ဘာဖြစ်လို့လဲ ဆရာ"

"ကျွန်တော့် ရောဂါဟာ သင်္ဘောလိုက်လို့ မရတော့ဘူးလို့ ဂျပန်ဆရာဝန်က ဆေးမှတ်တမ်း စာအုပ်မှာ မှတ်ချက် ရေးလိုက်တယ်"

"ဟာ ဖြစ်မှဖြစ်ရလေ ဆရာရယ်"

"ဘယ်တတ်နိုင်မလဲဗျာ၊ ကံပေါ့လေ၊ ကျွန်တော် အခုပဲ ပြန်မယ်၊ အာအိုကြီးကို နှုတ်ဆက်ခဲ့ပါတယ်၊ အာအိုကြီး ကံကောင်းပါစေ"

"ဆရာလည်း ကံကောင်းပါစေလို့ ဆုတောင်းပါတယ်"

ကပ္ပီတန် ဂျွန်ထင်အောင် ပြန်သွားသည်။ မနေ့ကမှ သင်္ဘောက ဆင်းသွားသည့် ဂျပန်ကပ္ပီတန် အာကီယားမား ပြန်ရောက်လာသည်။ ကိုအဏ္ဏဝါက သူ့ဆရာပြန်သွားရလို့ ဝမ်းနည်းနေသည်။ ဂျပန် သတ်မိတ် (ဂျပန်လူမျိုး တတိယအရာရှိ) က သူ့ဆရာ ပြန်ရောက်လာလို့ ဝမ်းသာသွားသည်။ သင်္ဘောသားဘဝရဲ့ ဖြစ်ပျက်သံသရာကို မြင်ပြီး တရားသံဝေဂ ရမိပါသည်။

## ဂျပန်မှ တရုတ်(တိုင်ပေ)သို့

၂၅-ရက်နေ့ နေ့လယ် ရေတက်ချိန်တွင် သင်္ဘော လွန်းတင်ထားရာမှ ဆင်းသည်။ ရေလုံလွန်းကျင်း ဖြစ်လို့ ရေတက်လာချိန်မှာ ရေသွင်းပြီး လွန်းကျင်းမှထွက်သည်။ လွန်းကျင်းမှ ထွက်ပြီးသည်နှင့် ဘယ်ကိုမှန်းမသိ ဆက်လက် ခုတ်မောင်းတော့သည်။ ခုတ်မောင်းနေစဉ် ကပ္ပီတန်က ကြေးနန်းပို့စရာတွေ လာပေးမည်ထင်၍ စောင့်နေခဲ့သည်။ ကြေးနန်းတွေ

http://www.linhtet.com



လာပေးလျှင် ဘယ်လို ပုံစံဖြင့် ဘယ်ကို ပို့ရမလဲဆိုတာ တွေးပြီး ရင်ခုန်နေသည်။




တိုမို(၈၅)ရောက် ကိုအဏ္ဏဝါ

သင်္ဘော ခုတ်မောင်းနေစဉ် သုံးနာရီကြာပြီးသောအခါ မိဇူရှီးမား ဆိုသည့် ဆိပ်ကမ်းမြို့ကို ရောက်သည်။ မီဟားရားဆိပ်ကမ်းမှ မီဇူရှီးမား ရောက်သည်အထိ ကြေးနန်းတစ်စောင်မှ မပို့ရဘဲ ရင်ခုန်စွာ စောင့်စား နေရဆဲ ဖြစ်သည်။ ကုမ္ပဏီအသစ်၊ သင်္ဘောအသစ်မှာ အလုပ် စတင် လုပ်ရတော့မည်ဖြစ်လို့ စိတ်လှုပ်ရှားနေသည်။ အလုပ် မလုပ်ရသေး၊ မအောင်မြင်သေးလို့ စိုးရိမ်သောက ဖြစ်နေသည်။ သင်္ဘော အသစ်က ဝါယာလက် စက်အသစ်ကို လေ့လာ မှတ်သား ထားသလောက်ဖြင့် လက်တွေ့ စမ်းသပ် ကြည့်ချင်နေသည်။ ကြေးနန်း တစ်စောင်လောက် ထွက်သွားအောင် ပို့နိုင်ပြီးမှသာ စိတ်အေးရမည် ဖြစ်သည်။

မီဇူရှီးမား ဆိပ်ကမ်းတွင် အင်ဂျင်ဝိုင် အကောင်းစားတွေ တင်သည်။ အခုမှ သတိရလို့ ပြောရဦးမည်။ ကိုအဏ္ဏဝါ အခု ရောက်ရှိနေ သည့် သင်္ဘောတိုမို-၈၅ သည် တင်ကာလို့ ခေါ်ကြသည့် ဆီတင်သင်္ဘော

သေးသေးလေးဖြစ်သည်။ တန်ချိန်-၅၀၀၀ မျှသာရှိသည်။ တိုမိုကုမ္ပဏီက သင်္ဘောတွေအားလုံးသည် တင်ကာတွေချည်း ဖြစ်သည်။ မြန်မာသင်္ဘောသား လောကမှာ ထင်ပေါ်ကျော်ကြား လူကြိုက်များသော ကုမ္ပဏီဖြစ်သည်။ လစာသိပ်ပြီး မကောင်းသော်လည်း ခိုင်မာသေချာသော ကုမ္ပဏီဖြစ်လို့ ရန်ကုန်က ကိုယ်စားလှယ် ဦးဇော်မြင့်တို့ အလွန် ဂုဏ်တက်နေသော ကာလဖြစ်သည်။

ညနေစာ စားပြီး မိုးချုပ်မှ ကပ္ပိတန်က ကြေးနန်း သုံးစောင်လာပေးသည်။ ကြေးနန်း သုံးစောင်၏ အကြောင်းအရာ (စာကိုယ်)က တစ်မျိုးတည်း ဖြစ်သည်။ လိပ်စာကတော့ သုံးနေရာကို ပို့ပေးရမည်ဖြစ်သည်။ သမ္မာရင့် ဝါရင့် အာအို တစ်ယောက် အဖို့တော့ ဒီကိစ္စသည် အလွန် လွယ်ကူသော ကိစ္စဖြစ်သည်။ လိပ်စာ မတူသော်လည်း အကြောင်းအရာ (စာကိုယ်) တူသော ကြေးနန်း သုံးစောင်လုံးကို ဂျပန်နိုင်ငံ၏ အဓိက ရေဒီယိုစတေရှင်ကြီး ဖြစ်သည့် ရှိုရီးရေဒီယို စတေရှင်သို့ ပို့လိုက်လျှင် ကိစ္စပြီးပြီ ဖြစ်သည်။ ရေဒီယိုစတေရှင်က သက်ဆိုင်ရာ လိပ်စာသို့ သူ့နည်းဖြင့်သူ ပို့လိုက်မည် ဖြစ်သည်။

ကိုအဏ္ဏဝါသည် သမ္မာရင့်ဝါရင့် မဟုတ်သော်လည်း ကြားဖူးနား၀ ရှိတာလေးရယ်၊ ကြံဆတွေးတောတာလေးရယ် ပေါင်းစပ်ပြီး ကြေးနန်း သုံးစောင်ကို ရှိုရီးရေဒီယိုသို့ ပို့ရန် ဆုံးဖြတ်လိုက်သည်။ ကြေးနန်းကို ပို့ရန် ပြင်ဆင်သည်။ နေ့စွဲ၊ အမှတ်စဉ် စတာတွေ ထည့်သည်။ စာလုံးအရေအတွက် ထည့်သည်။ အသင့် ပြုလုပ်ပြီးသောအခါ ဘုရားရှင်ကို အာရုံပြု၍ ဝါယာလက် စက်ကြီးကို လက်အုပ်ချီပြီး ဆုတောင်းသည်။ အစစအရာရာ ချောချောမောမော ဖြစ်ပါစေဘုရားဟု ဆုတောင်းသည်။

ဘုရား ရှိခိုးပြီးသောအခါ ၇၅၀ အောက်ပို့ ဝပ်အားရှိသည့် ဂျေအာစီ အမျိုးအစား ဝါယာလက်စက်ကို ခလုတ် ဖွင့်လိုက်သည်။ စက်သည် ၁၂-မီဂါဟတ်မှာ အသံညှိထားတာ တွေ့ရသည်။ မရွှေ့ရဲ မပြောင်းရဲသေး၍ ၁၂-မီဂါဟတ်ကပင် ရှိုရီးရေဒီယိုကို ခေါ်လိုက်သည်။ ရှိုရီးရေဒီယိုကလည်း ချက်ချင်းပြန်ထူးပြီး အသံအကျယ်ကြီး ကြားပါသည်

http://www.linhtet.com



ဟု ဖြေသည်။ ကိုအဏ္ဏဝါ ထခုန်လုမတတ် ဝမ်းသာသွားသည်။ ကြေးနန်း ပို့စရာ သုံးစောင်ရှိကြောင်း ပြောပြီး သူ သတ်မှတ်ပေးသည့် လေလှိုင်းကို ပြောင်းနားထောင်သည်။ မိမိ အလုပ်လုပ်သည့် လေလှိုင်းမှ ကြေးနန်း သုံးစောင်ကို ပို့ပစ်လိုက်သည်။ ရှုရှီးရေဒီယိုက မိမိ ကြေးနန်းတွေ အားလုံးကို ရပါပြီလို့ အကြောင်းပြန်သောအခါ ကိုအဏ္ဏဝါက အောင်ပြီကွ လို့ လက်ခမောင်း ခတ်လိုက်သည်။ အမှန်ဆိုလျှင် ဂျပန်ဆိပ်ကမ်းမှ ဂျပန်ရေဒီယိုကို ကြေးနန်း ပို့တာဟာ မီဂါဟတ် ၄/၆ အထိချပြီး ပို့သင့်သည်။ စက်ကို မကလိရဲသေးလို့ ၁၂-မီဂါဟတ်ကပင် ဆော်ပစ် လိုက်ခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကိုအဏ္ဏဝါ၏ ဒုတိယ တိုက်ပွဲအစမှာ အောင်ပွဲ ရသွားပြီ ဖြစ်သည်။

၂၆-ရက်နေ့ နံနက်တွင် ဆိပ်ကမ်းတစ်ခုကို ပြောင်းပြီး ဆီတင် ပြန်သည်။ ဂျပန်နိုင်ငံလုပ် အင်ဂျင်ဝိုင် အကောင်းစားတွေကို တင်ခြင်း ဖြစ်သည်။ သင်္ဘောသည် သူ့အလုပ်ကို သူ လုပ်နေသလို ကိုအဏ္ဏဝါက လည်း သူ့အလုပ်ကို သူ့လုပ်နေသည်။ အလုပ်နှင့် ပတ်သတ်သည့် အောင်မြင်မှုတွေ၊ တွေ့ရှိချက်တွေကို ရေးမှတ်သည်။ ဝါယာလက်စက်ကို ဖွင့်ပြီး မိဂါဟတ်တိုင်းမှာ ပါဝါအောက်ပို့ ထွက်မထွက် စမ်းသပ်သည်။ အားလုံး အိုကေသည်ဆိုတာ သိသွားသောအခါ ကိုအဏ္ဏဝါ အရမ်းပျော် သွားသည်။ စက်ကို ကိုင်တွယ်တတ်ပြီဆိုလျှင် ပြီးပြီ ဖြစ်သည်။ ကျန်တာ တွေက ယခင်သင်္ဘောတုန်းက အတွေ့အကြုံတွေနဲ့ အတူတူပဲ ဖြစ်သည်။

ည ၈-နာရီတွင် မီဇူရှီးမားမှ ထွက်ခွာသည်။ ထိုင်ဝမ်ကျွန်းသို့ သွားနေပြီဟု သိရသည်။ ဂျပန်မှ တရုတ်(တိုင်ပေ)သို့ သွားနေပြီ ဖြစ်လို့ ကပ္ပိတန်ဆီက ပို့စရာ ကြေးနန်းများ လာမလားလို့ စိတ်စောစွာ စောင့် နေမိသည်။ ည ၁၀-နာရီထိုးသည်အထိ ဘာကြေးနန်းမျှ လာမပေး သောအခါ ဘုရားရှိခိုးပြီး အိပ်ရာဝင်လိုက်ပါသည်။ ဂျပန် ကပ္ပိတန် သည် အင်္ဂလိပ် စကား ကောင်းစွာ မပြောတတ်သည့် အတွက် မြန်မာ သင်္ဘောသားတွေနဲ့ ဆက်ဆံရာတွင် မလိုအပ်ဘဲ စကား မပြောသဖြင့် တစ်မျိုး စိတ်ချမ်းသာသည်။ ကိုအဏ္ဏဝါကလည်း လိုအပ်ပါက အင်္ဂလိပ်

http://www.linhtet.com



စကားကို ကြိုးစားပြီး ဖျစ်ညှစ်ပြောနေရသူတွေ ဖြစ်သည်။ ဖြစ်နိုင်လျှင် မပြောဘဲ နေချင်သည်။

တိုမိုသင်္ဘောပေါ်က မြန်မာ သင်္ဘောသားတွေဆိုမှ သူတို့နာမည်တွေကို ပြောဖို့သတိရလာသည်။ တိုမို-၈၅ သင်္ဘောပေါ်ကို ကိုအဏ္ဏဝါ ရောက်သွားသည့်အချိန်မှာ ကပ္ပိတန်က ဂျပန်လူမျိုး တာဒါဆီအာကီယားမား၊ ကုန်းပတ်ပထမ အရာရှိက ကိုမြင့်သိန်း (ယခု ကပ္ပိတန် ဦးမြင့်သိန်း)၊ ဒုတိယ အရာရှိက ဘိုဘိုအောင် (ယခု ကပ္ပိတန် ဦးဘိုဘိုအောင်)၊ တတိယ အရာရှိက ဂျပန်လူမျိုး ကီဟိရှိရို ဆုမတ်ဆု၊ အင်ဂျင်နီယာချုပ်က ကိုစိုင်းကျော်မင်း၊ ဒုတိယ အင်ဂျင်နီယာက ကိုဟုတ်ရီ (ယခု အင်ဂျင်နီယာချုပ်)၊ တတိယ အင်ဂျင်နီယာက ကိုမင်းသူ (ယခု အင်ဂျင်နီယာချုပ်)၊ အလုပ်သင် အင်ဂျင်နီယာလေးတွေရဲ့ နာမည်တွေကို မေ့ကုန်သည်။ မြင်းခြံ ဇော်ဝင်း၊ မုံရွာ ဇော်ဝင်း၊ ပုသိမ် ဇော်ဝင်းဆိုပြီး။ ဇော်ဝင်း သုံးယောက်ရှိသည်။ ရုပ်ရှင် ဒါရိုက်တာ ဦးကြီးမြင့်၏သား နာမည်ကို မေ့နေသည်။ ကျော်ခိုင်ဟု ထင်သည်။

သင်္ဘောသားခေါင်း (ဘိုဆင်)၏ နာမည်ကို မသိလိုက်၊ မကြာမီ ကိုသော်သော်အောင် ရောက်လာသည်။ တက်မကိုင် နှစ်ယောက်အနက် ကိုမြင့်သန်းကိုသာ မှတ်မိတော့သည်။ အလုပ်သင် (ကဒက်) တွေကိုလည်း နာမည်စုံအောင် မရတော့ပါ။ သိန်းဝင်းလှိုင် (ယခု ကပ္ပိတန်)၊ မင်းအောင် (ယခု ဘာဖြစ်နေသည် မသိ)၊ မိုးကျော်ဝေ(ယခု ပထမ အရာရှိ)၊ ရဲထွေး (ယခု ပထမ အရာရှိ) တို့လောက်ကိုသာ မှတ်မိတော့သည်။

ထမင်းချက်က ကိုစိုးဝင်းဦး (ကွယ်လွန်)၊ ဒု ထမင်းချက်က ကိုအုန်းမြင့်၊ အရာရှိ စားပွဲထိုးက ကိုသိန်းလင်း၊ သင်္ဘောသား စားပွဲထိုးက ကိုအောင်မျိုးခင်တို့ ဖြစ်သည်။ တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားခဲ့ကြသည့် သူငယ်ချင်းတချို့၏ နာမည်တွေကို မေ့ကုန်သည့် အတွက် တောင်းပန်ပါသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



## တရုတ်(တိုင်ပေ)မှ စင်ကာပူသို့

ဂျပန်မှ တရုတ်(တိုင်ပေ)သို့ သွားသော ရေလမ်းခရီးသည် ကိုအဏ္ဏဝါ သွားနေကျဖြစ်သည့် ကိုရီးယားမှ စင်ကာပူ ခရီးနှင့် အတူတူ ဖြစ်သည့် အတွက် မိုးလေဝသ သတင်းယူခြင်း၊ ရေကြောင်းဆိုင်ရာ အန္တရာယ် သတင်းယူခြင်းတို့သည် အတူတူပင် ဖြစ်သည်။ ကိုအဏ္ဏဝါ အတွက် အေးဆေးပဲ ဖြစ်သွားသည်။



ထိုင်ဝမ်ကျွန်း ကော့ရှုန်းမြို့ရောက် တိုမို(၈၅)နှင့် ကိုအဏ္ဏဝါ

၃၀-၇-၈၃ နေ့ နံနက်မှာ တရုတ်(တိုင်ပေ)၏ ဆိပ်ကမ်းမြို့ ဖြစ်သည့် ကော့ရှုန်းကို ရောက်သည်။ မြန်မာသင်္ဘောသားတွေ ဖြစ်၍ ကမ်းပေါ်တက်ပြီး လည်ပတ်ခွင့် မရတော့ဘူးလိုလို သတင်းထွက်လာသေးသည်။ နေ့လယ်လောက် ရောက်တော့မှ ကမ်းတက် လည်ပတ်ခွင့် လက်မှတ်တွေ လာပေးသည်။ တစ်ခါမျှ မရောက်ဘူးသည့် တိုင်းပြည်ဖြစ်သည့်အပြင် သင်္ဘောသားအားလုံး အလုပ်များနေကြသဖြင့် ဘယ်သူမှ ကမ်းပေါ်တက်မလည်ကြသဖြင့် ကိုအဏ္ဏဝါလည်း သင်္ဘောပေါ်မှာပင် နေလိုက်ပါသည်။

http://www.linhtet.com



ကော့ရှုန်းဆိတ်ကမ်းမှာ အင်ဂျင်ဝိုင် အကောင်းစားတွေ ထပ်တင်သည်။ ဒီအင်ဂျင်ဝိုင်တွေကို ဘယ်ကို ပို့ပေးရမည်ဆိုတာကို မသိရသေး၊ ကပ္ပိတန်ကတော့ သိမည်ဖြစ်သည်။ ကပ္ပိတန်နှင့် ကိုအဏ္ဏဝါတို့က အလုပ်သဘောအရ မေးထူးခေါ်ပြော အဆင့်သာ ရင်းနှီး၍ မမေးရဲ ဖြစ်နေသည်။ ဂျပန်နှင့် တရုတ်(တိုင်ပေ) တို့သည် ရေနံစိမ်း ထွက်သော နိုင်ငံတွေ မဟုတ်။ ရေနံထွက်သည့် နိုင်ငံတွေက ရေနံစိမ်းတွေကို ဝယ်ယူပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ချောဆီမျိုးစုံ ပြုလုပ်ပြီး ရေနံထွက်သည့် နိုင်ငံ တွေကို ပြန်ရောင်းပြီး ချမ်းသာနေကြသည်။ နည်းပညာ တတ်ကျွမ်းမှု၏ တန်ဖိုး ဖြစ်သည်။

၃၁-ရက်နေ့ နံနက် ၁၀-နာရီမှာ တရုတ်(တိုင်ပေ) ကော့ရှုန်းမြို့ ဆိပ်ကမ်းမှ ပြန်ထွက်ခဲ့ပါသည်။ သင်္ဘောထွက်ပြီး မကြာမီ ကပ္ပိတန်က ကြေးနန်း တစ်စောင် လာပေးသည်။ စင်ကာပူရုံး အတွက် ဖြစ်သည်။ စင်ကာပူကို တိုက်ရိုက်ခေါ် ပို့ပစ်လိုက်သည်။ ကိုအဏ္ဏဝါသည် ဒုတိယ သင်္ဘောမှာ အလုပ်အကိုင် အဆင်ပြေသွားပြီ ဖြစ်သည်။ အဲဒါ ငါကွလို့ ကျိတ်ပြီး ကြိမ်းဝါးလိုက်သေးသည်။ စင်ကာပူကို ပို့လိုက်သည့် ကြေးနန်း စာမှာ ချောဆီ စုစုပေါင်း တန်ချိန် ဘယ်ရွေ့ဘယ်မျှ တင်ပြီး တရုတ်(တိုင်ပေ)မှ ထွက်လာပြီ ဖြစ်ကြောင်း၊ စင်ကာပူကို ဩဂုတ်လ (၅)ရက်နေ့ ညနေ ရောက်မည် ဖြစ်ကြောင်းသာ ပါသည်။

တရုတ်(တိုင်ပေ)မှ ထွက်လာခဲ့ပြီး တောင်တရုတ်ပင်လယ်ကို ဖြတ်ကျော်နေသည်။ တောင်တရုတ် ပင်လယ်သည် ကိုအဏ္ဏဝါနှင့် ရင်းနှီးပြီးဖြစ်သည်။ ဒီခွင်မှာ တစ်နှစ်ကျော်ကျော် ကျင်လည်ခဲ့ပြီး ဖြစ်လို့ ကိုအဏ္ဏဝါ ကျွမ်းသည့် အရပ်လို့တောင် ပြောလို့ရသည်။ ရာသီဥတုကလည်း သာယာကောင်းမွန်နေသည်။ တောင်တရုတ်ပင်လယ်၏ သဘာဝအတိုင်း လှိုင်းအိကလေးတွေတော့ ရှိနေသည်။ ဒါလောက် ကတော့ စားကောင်း သောက်ကောင်း အဆင့်သာ ရှိသည်။

၃-၈-၈၃ နေ့မှာ စင်ကာပူက ကြေးနန်း တစ်စောင် ဖမ်းယူရရှိသည်။ ဒီသင်္ဘောကို ဝယ်လိုသူက သင်္ဘောကို စစ်ဆေး ကြည့်ရှုမည် ဖြစ်၍ အားလုံး ကောင်းမွန်နေအောင် ဆောင်ရွက်ထားပါ ဆိုသည့်

http://www.linhtet.com



ကြေးနန်း ဖြစ်သည်။ စင်ကာပူကို ရောက်လျှင် သင်္ဘော ဝယ်လိုသူက သင်္ဘောပေါ် တက်ပြီး စစ်ဆေးမည်ဟု ဆိုသည်။ ဒုက္ခပါပဲဟု ကိုအဏ္ဏဝါ ညည်းတွား လိုက်မိသည်။ သင်္ဘောပေါ် ရောက်တာ ဆယ်ရက်တောင် မပြည့်သေးမီ သင်္ဘော ရောင်းမည်ဆိုသည့် သတင်းကို ကြားသိရသည်။ အတော် စိတ်ထိခိုက်သွားသည်။

၅-ရက်နေ့ ည ၁၀-နာရီတွင် စင်ကာပူကို ရောက်သည်။ အရှေ့ဘက် ကျောက်ချရပ်မှာ ကျောက်ချသည်။ ကုမ္ပဏီရုံးက တာဝန်ရှိသူတွေ ရောက်လာသည့် အသံတွေကို ကြားနေရသည်။ ကိုအဏ္ဏဝါက အိပ်ခန်းထဲမှ နားစွင့်နေသည်။ ကပ္ပီတန်က ကြေးနန်းခေါ်ပို့ခိုင်းမလား၊ တစ်စုံတစ်ယောက်က ခေါ်မလား အခန်းတံခါး ဖွင့်ထားပြီး နားစွင့်နေသည်။ ကုမ္ပဏီရုံးက တာဝန်ရှိသူတွေ ပြန်သွားသည့် မော်တော်ဘုတ်သံကို ကြားလိုက်ရသည်။ ည-၁၂နာရီ အထိ ဘာမျှ မထူးသောအခါ အခန်းတံခါး ပိတ်ပြီး အိပ်ပစ်လိုက်သည်။ ပို့စရာရှိသည့် ကြေးနန်းတွေကို ရုံးက ပို့ရန် ယူသွားတာ ဖြစ်မည်ဟု တွေးမိသည်။

၆-ရက်နေ့ နံနက်တွင် သင်္ဘောသား ကြိုပို့ ဖယ်ရီဘုတ် ရောက်လာလို့ ကိုအဏ္ဏဝါ ကမ်းပေါ်တက်ရန် လိုက်ပါသွားသည်။ ယနေ့သည် စနေနေ့ဖြစ်လို့ စင်ကာပူမှာ နေ့တစ်ဝက်သာ ရုံးတက်ကြမည် ဖြစ်သည်။ ကိုအဏ္ဏဝါသည် စာတိုက်ကြီးကို ပြေးပြီး စာတွေထည့်သည်။ သဃ်န်းကျွန်းမှာ နေသည့် ချစ်ဇနီး မဖြူတုတ်၊ သာကေတမှာ နေကြသည့် အဖေနှင့် အမေ၊ သင်္ဘောသားဖြစ်ချင်နေသည့် သူငယ်ချင်း ကိုတင်ကြည်၊ ကိုကျော်နိုင်နှင့် မောင်မြင့်သိန်းတို့ ဆီကို စာတွေ တစ်စောင်စီ ထည့်လိုက်သည်။

ကိုအဏ္ဏဝါ အလုပ်လုပ်ခဲ့သည့် ကုမ္ပဏီ အဟောင်းက ရုံးကို သွားသည်။ စာတွေဘာတွေ ရောက်နေမလားဆိုသည့် ရည်ရွယ်ချက်နှင့် ရုံးအဖွဲ့သားတွေကို အောက်မေ့လို့ အလွမ်းပြေသွားတာလည်း ပါသည်။ ကိုအဏ္ဏဝါကို မြင်တော့ ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ အခု ဘယ်ကုမ္ပဏီမှာ လုပ်နေလဲ၊ လစာ ဘယ်လောက်ရလဲ စသည်ဖြင့်

http://www.linhtet.com



မေးကြသည်။ မဖြူတုတ် ထံမှ ရေးပို့ထားသည့် စာနှစ်စောင် ရခဲ့သည်။ စင်ကာပူ၏ ထုံးစံအတိုင်း ရုံးချိန်မှာ တော်ရုံတန်ရုံ ဧည့်သည်ကို အချိန်ကုန်ခံပြီး စကားလက်ခံ ပြောချင်ပုံ မရသည့်အတွက် အားလုံးကို နှုတ်ဆက်ပြီး ပြန်ခဲ့ပါသည်။

စင်ကာပူ၏ နေ့တစ်ဝက် ရုံးဖွင့်ချိန်မှာ ဘယ်သွားရမှန်း မသိတော့ ဂေလင်းမှာရှိသည့် ပွဲစားမစ္စရှီးယား၏ အိမ်ကို သွားသည်။ အလုပ်လက်မဲ့ မြန်မာ သင်္ဘောသားတွေနှင့်အတူ ကိုကျော်သိန်းနှင့် ခင်မောင်ဝင်း တို့ကို သွားတွေ့သည်။ သူတို့နှင့်အတူ နေ့လယ်စာ စားသည်။ ညနေ ၄-နာရီမှာ သင်္ဘောကို ပြန်ခဲ့သည်။ ညနေ ၅-နာရီမှာ စင်ကာပူမှ သင်္ဘော ထွက်သည်။

## စင်ကာပူမှ ဘုံဘေသို့

ကိုအဏ္ဏဝါသည် သင်္ဘောထွက်တော့မည် ဖြစ်၍ မိမိ၏ ရုံးခန်းထဲမှာ အလုပ်များနေသည်။ သင်္ဘောသား တချို့ အပြောင်းအလဲ ဖြစ်သွားတာကို မသိလိုက် ဖြစ်သွားသည်။ လက်လှမ်းမီရာကို မေးစမ်းကြည့်တော့မှ ထိပ်ပိုင်းက စပြီး အပြောင်းအလဲ ဖြစ်သွားပြီဆိုတာ သိလိုက်ရသည်။ ကပ္ပိတန် အာကီယားမား နေရာမှာ ဂျပန်ကပ္ပိတန် အဘိုးကြီး ယာမာမိုတို ရောက်နေသည်။ တတိယ အရာရှိ ကီအိရှိရှိ ဆုမတ်ဆု နေရာမှာ ကိုခင်မောင်မင်း ရောက်နေသည်။ ကိုခင်မောင်မင်းသည် ကုမ္ပဏီ ဒါရိုက်တာ ဦးစိုးအောင်၏ တူဖြစ်သည်။ မာစတာ လက်မှတ် ရှိသူဟု သိရသည်။

ကပ္ပိတန်အသစ်ဖြင့် ခရီးအသစ်ကို ထွက်ခွာလာပြီ ဖြစ်လို့ ကြေးနန်းတွေ ဘယ်ကို ပို့ရမလဲဆိုတဲ့ စိတ်ဖြင့် မအိပ်ဘဲ စောင့်နေသည်။ ည ၁၀-နာရီ ထိုးသည့်အထိ ဘာကြေးနန်းမှ လာမပေးသောအခါ ဘုရားရှိခိုးပြီး အိပ်ရာဝင်သည်။

၆-၈-၈၃ မှာ မလက္ကာ ရေလက်ကြားမှာ ခုတ်မောင်းနေတာတွေ့ရသည်။ တက်မစင်က ဖုန်းဆက်ခေါ်လို့ ကိုအဏ္ဏဝါ တက်သွားသည်။

http://www.linhtet.com



ဂျပန်ကပ္ပိတန် အဘိုးကြီး ယာမာမိုတိုကို ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။



ဒုတိယ အင်ဂျင်နီယာ ဟုပ်ရီ
ပထမ အရာရှိမြင့်သိန်း၊ ပထမ အရာရှိ ကိုအောင်ကြည်၊

"ဂွတ်ဒ်မောနင်း ကပ္ပိတန်စန်"

"ဂွတ်သမောလင်း ဂွတ်သမောလင်း ရေဒီယို အော်ဖစ်ဆာ၊ ပလိးဆင်း ဒီ မစ်ဆိတ်ချ်"

"ယက်ဆား"

အင်္ဂလိပ်စကားကို အတော်အားယူပြီး ပြောတာတွေ့ရသည်။ ကြေးနန်းစာ လေးစောင် ကမ်းပေးပြီး (ကျေးဇူးပြု၍ ဒီကြေးနန်းကို ပို့ပေးပါ) ဟု ပြောသည်။ မလိုအပ်ဘဲ စကားတစ်ခွန်းမှ မပြောဟု သိရသည်။ ကောင်းသည်။ ကိုအဏ္ဏဝါက အဲဒါမျိုးကို ကြိုက်သည်။ ယက်ဆား ဟု တစ်ခွန်းပဲ ပြောပြီး သူ့လက်ထဲက ကြေးနန်းစာရွက်တွေ ကို လှမ်းယူ လှည့်ပြန်လာခဲ့သည်။ ကြေနန်း လေးစောင်လုံးသည် အိန္ဒိယ နိုင်ငံသို့ ပို့ရမည့် ကြေးနန်းတွေဖြစ်လို့ ဘုံဘေ ရေဒီယို (VWB) ကို

http://www.linhtet.com



ခေါ်ကြည့်သည်။ လုံး၀ ပြန်မထူး။ မဒရပ် ရေဒီယို (VWM) ကို ခေါ်ကြည့်ရာ ပြန်ထူးသည့်အတွက် ကြေးနန်း လေးစောင်လုံးကို ပို့ပစ်လိုက်သည်။ ကြေးနန်းပို့ခ ဈေးနှုန်းကလည်း အတော်သက်သာတာ တွေ့ရသည်။

၈-ရက်နေ့မှာ ဘင်္ဂလားပင်လယ်အော်ကို ကျော်ဖြတ်နေစဉ် တိုမို-၈၁ က အာအိုစောတင်ဦးနဲ့ အဆက်အသွယ်ရပြီး စကားပြောနေကြ သည်။ စောတင်ဦးနှင့် ဂျပန်နိုင်ငံ မီဟားရား လွန်းကျင်းမှာ လူကိုယ်တိုင် တွေ့လိုက်ပြီး ယခု လေလှိုင်းထဲမှာ တွေ့ပြီး စကားပြောဖြစ်ကြသည်။

စောတင်ဦးနှင့် စကားပြောကြစဉ် (S6CF) ဆိုသည့် အခေါ် သညာဖြင့် သင်္ဘောတစ်စီးက ကြားဖြတ်ဝင်လာပြီး စကားပြောသည်။ ဘယ်သူများလဲ အောက်မေ့ပါတယ်။ ကိုအဏ္ဏဝါရဲ့ ကျေးဇူးရှင်ကြီး ဦးစောမိုက်ကယ်ဒီး ဖြစ်နေသည်။ ဝမ်းသာအားရဖြင့် စကားတွေ အများ ကြီး ပြောကြသည်။ သူက သီရိလင်္ကာဘက်မှ စင်ကာပူကို သွားနေတာ ဟု သိရသည်။ ဘုံဘေရေဒီယို စတေရှင်၏ စရိုက်နှင့် အထာတွေကို ပြောပြလို့ မှတ်သားထားလိုက်ရသည်။ နှစ်နာရီ တစ်ကြိမ်သာ အလုပ် လုပ်သည်ဟု သိရသည်။

၁၁-ရက်နေ့မှာ သီရိလင်္ကာကျွန်းကို လှမ်းမြင်နေရသည်။ ကျွန်း နှင့် အတော်နီးသည့် နေရာမှ ခုတ်မောင်းနေလို့ အိမ်ရာအဆောက်အအုံ တွေကိုတောင် မြင်နေရသည်။ စောတင်ဦးသည်လည်း စူးအက်တူးမြောင်း ဘက်ကို ဦးတည်သွားနေ၍ တစ်စီးကို တစ်စီး မမြင်ရသော်လည်း အဆက်အသွယ် ရနေသည်။ အိန္ဒိယ သမုဒ္ဒရာရဲ့ ရေကြောင်း အန္တရာယ် သတင်း မရသေးဆိုလို့ ကိုအဏ္ဏဝါက ပို့ပေးလိုက်ရသည်။ အာအို သမ္ဘာရင့်ဝါရင့်ကြီးကို ကူညီလိုက်ရလို့ ကိုအဏ္ဏဝါ သိက္ခာတက်သွား သည်။

၁၃-ရက်နေ့သည် ဘုံဘေကို ရောက်ရန် နှစ်ရက်သာ လိုတော့ သည်။ လှိုင်းအတော်ကြီးလို့ သင်္ဘောသား အားလုံး လှိုင်းမူးနေကြသည်။ ချက်ထားသည့်ထမင်းတွေကို စားမည့်သူ မရှိဖြစ်နေသည်။ ဂျပန်ကပ္ပီတန်

http://www.linhtet.com



ကြီးသည် အချိန်မှန် ထမင်းလာစားသည်။ ဂျော်ကီဦးထုပ်ကလေးကို ဆောင်းပြီး ထမင်းစားခန်းထဲကို ဖြည်းဖြည်း ဝင်လာသည်။ ထမင်းစားခန်းထဲမှာ ရှိနေသူတွေကို ဦးညွှတ်အလေးပြုသည်။ ဆောင်းလာသည့် ဦးထုပ်ကို ယာလက်ဖြင့် ချွတ်သည်။ ထမင်းစားခန်း နံရံက ချိတ်မှာ ချိတ်သည်။ သူ နေ့စဉ် ထိုင်သည့် နေရာမှာ ထိုင်သည်။ ရှေ့တည့်တည့်ကို ကြည့်ပြီး ခါးဆန့်ထိုင်သည်။ လက်နှစ်ဖက်ကို ပေါင်ပေါ်မှာ တန်းနေအောင် တင်ထားသည်။ ဂျပန်ရုပ်ရှင်ကားတွေထဲက ဆာမူရိုင်းကြီးနဲ့ တူသည်။ ဘယ်သူ့ကိုမျှ စကားမပြောဘဲ စားပွဲထိုး လာချပေးသည့် အစာကို စားသည်။ စားပြီးလျှင် ထိုင်ရာမှ မတ်မတ်ထသည်။ အားလုံးကို ဦးညွှတ်အလေးပြုသည်။ နံရံမှာ ချိတ်ထားသည့် ဂျော်ကီဦးထုပ်ကို အသာဖြုတ်ယူပြီး ဆောင်းသည်။ ထမင်းစားခန်းမှ ဖြည်းဖြည်း ထွက်ခွာသွားသည်။ နေ့စဉ် ဒီပုံစံအတိုင်း လုပ်သည်။

ကြေးနန်းတွေဘာတွေ ဝင်လာလို့ သူ့အခန်းကို သွားပေးလျှင် သတိထားရသည်။ အခန်းတံခါး အမြဲဖွင့်ထားသော်လည်း တံခါးခေါက်ပြီးမှ ဝင်ရသည်။ သူ့ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ဆာမူရိုင်း စတိုင်ဖြင့် မျက်စိမှိတ်ပြီး တင်ပျဉ်ခွေ ထိုင်နေသည်။ တံခါး ခေါက်လိုက်တာနဲ့ တစ်ပြိုင်နက် "ဟိုက်"လို့ အသံပြုပြီး မတ်တတ်ထရပ်သည်။ ကြေးနန်းစာရွက်ကို ပေးလိုက်လျှင် ဦးညွှတ်ပြီး လက်ခံယူသည်။

အိတ်နှစ်ဖက်ပါသော အင်္ကျီ လက်ရှည်ကို အမြဲ ဝတ်သည်။ အိတ်လေးလုံးပါသော ဘောင်းဘီရှည်ပွပွကို နေ့စဉ်ဝတ်သည်။ သူ့အင်္ကျီအိတ်နှင့် ဘောင်းဘီအိတ်တွေထဲမှာ ကမ္ဘာ့သမုဒ္ဒရာမြေပုံ၊ မှန်ဘီလူးအသေး၊ မှန်ပြောင်းအသေး၊ သံလိုက်အိမ်မြှောင်အသေး၊ လက်သည်းညှပ်နှင့် နားဖာကလော်ကအစ အစုံပါသည့် မောင်းချဓား၊ ခဲတံအတို၊ ဂျပန်အင်္ဂလိပ် အဘိဓာန်အသေးလေး၊ မှတ်စုစာအုပ်အသေးလေးနှင့် ပုံပြ အဘိဓာန်အထိ ပါသည်။

ပုံပြ အဘိဓာန်သည် ရုက္ခဗေဒနှင့် သတ္တဗေဒ အဘိဓာန်ဖြစ်သည်။ စားလို့ရသည့် အသီးအရွက်နှင့် သားငါးတို့ကို ပုံနှင့်တကွ ပြထားသည်။ မစားကောင်းသည့် အသီးအရွက်နှင့် သားငါးတွေကိုလည်း ပုံနှင့်တကွ

http://www.linhtet.com



ပြထားသည်။ သင်္ဘောပျက်ပြီး လူမရှိ သူမရှိသည့် ကျွန်းပေါ်ကို ရောက်သွားလျှင် သူ့အတွက်ကတော့ အေးဆေးပဲဆိုသည့် သဘောဖြစ်သည်။

## ဘုံဘေက မိုင်ပေါင်း ကုဋေ

၁၅-ရက်နေ့နံနက်၊ ကိုအဏ္ဏဝါ အိပ်ရာက နိုးလာသောအခါ ဘုံဘေက ကျောက်ချ ရပ်ဝန်းမှာ ကျောက်ချထားပြီး ဖြစ်နေတာ တွေ့ရသည်။ နေမြင့်လာလို့ နှင်းပွဲပြီး မြင်ကွင်း ကျယ်လာသောအခါ ကျောက်ချ ရပ်ဝန်းမှာ ကျောက်ချ ရပ်နားနေကြသည့် သင်္ဘောအစီး ၂၀ လောက် ရှိတာ တွေ့ရသည်။ သင်္ဘော အမျိုးအစားပေါင်းကလည်း စုံသည်။ ကုန်သေတ္တာတင် သင်္ဘော၊ အထွေထွေကုန်တင် သင်္ဘော၊ အမှုန့်အဆံတင် သင်္ဘော၊ အရည်အငွေ့တင် သင်္ဘောစုံသည်။

သင်္ဘောတွေ ဆိပ်ကမ်းကပ်ခွင့် ရရှိရေးအတွက် နားလည်မှု အပေးအယူ လုပ်ကြရသည်ဟု သိရသည်။ နားလည်မှု ကိစ္စ မပြီးမချင်း ကျောက်ချ နေကြရသည်ဟု ဆိုပါသည်။ ဘုံဘေဆိပ်ကမ်းကို မမြင်ရသည့် အကွာအဝေးမှာ ကျောက်ချနေကြရသဖြင့် လှိုင်းလှုပ်တိုင်း သင်္ဘောတွေ လှုးလိမ့်နေသည်။ စက္ကူလှေလေးတွေကို ရေဇလုံထဲမှာ ထည့်ပြီး ရေဆော့သလို ဖြစ်နေသည်။ သင်္ဘောသားတွေအားလုံး လှိုင်းမူးသည့် ဒဏ်ကို ခံနေကြရသည်။ သင်္ဘောကပ်ခွင့် မရကြလို့ သင်္ဘောအသီးသီးမှာ ရှိသည့် သင်္ဘောသားတွေ စိတ်တိုနေကြသည်။ (VHF) ၏ အပြည်ပြည်ဆိုင်ရာ လေလှိုင်း ချန်နယ်-၁၆မှ အယုတ္တ အနတ္တတွေ အော်ဆဲ နေသူလည်း ရှိသည်။

(VHF CH-16) သည် အရေးပေါ်နှင့် ဘေးဒုက္ခ အန္တရာယ် အတွက် ခေါ်ရန် သက်သက်ထားသော လေလှိုင်းဖြစ်သည်။ အဲဒီ လေလှိုင်းမှာ အချင်းချင်း ခေါ်ပြီးပါက တခြား သင့်တော်ရာ လေလှိုင်းကို ပြောင်းပြီး စကား ပြောကြရသည်။ ဒီစည်းကမ်းကို အမေရိကန်နှင့် ဥရောပမှာသာ လိုက်နာကြပြီး အိန္ဒိယဆိပ်ကမ်းမှာ လိုက်နာစရာ မလိုဘဲ စည်းပျက်ကမ်းပျက် လုပ်နေကြခြင်း ဖြစ်သည်။

http://www.linhtet.com



မြန်မာကလည်း (ခပေါင်း ဒူးယားရှိလား) အော်သည်။ အင်ဒိုနီးရှားကလည်း (ဂူရာ ဂူရမ်း) အော်သည်။ ဖိလစ်ပိုင်ကလည်း (ပါပါရမ်း ပါဆုပ်) အော်သည်။ ဂရိကလည်း (ဟိုးလားဂရိ ရေးဂိုးအမီဂို) ဟု အော်သည်။ အပြည်ပြည်ဆိုင်ရာ သင်္ဘောသား မျိုးစုံတို့၏ အသံတွေ ကြားနေရသည်။ လူမျိုးတူ တစ်ယောက်က ပြန်ထူးပါက အချင်းချင်း ညှိပြီး လေလှိုင်းတစ်ခုကို ပြောင်းပြီး စကားပြောကြသည်။ နာမည် ဘယ်လို ခေါ်သလဲ၊ ဘာရာထူး အဆင့်လဲ၊ ဘာကုမ္ပဏီလဲ အပြန်အလှန် မေးကြဖြေကြသည်။ ရန်ကုန်က ဘယ်တုန်းက ထွက်လာသလဲ၊ ဘယ်တော့ ပြန်မလဲ စသည်ဖြင့် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်သွားတော့သည်။

ဘုံဘေမြို့ကို ရောက်နေပါလျက် ဆိပ်ကမ်းကပ်ခွင့် မရသည့်အတွက် စိတ်တို နေကြသည်။ သင်္ဘောသားဆိုတာ ရေထဲမှာချည်း နေရသူတွေဖြစ်လို့ နိုင်ငံတစ်နိုင်ငံကို ရောက်လျှင် မြေကြီးကို အမြန်ဆုံး နင်းချင်သည်။ ဝါသနာပါရာ နေရာအသီးသီးကို သွားချင်ကြသည်။ ဘုံဘေမြို့ကြီးမှာ နီပေါမ ချောချောလေးတွေ ရှိတာကို သိနေကြသည့် သင်္ဘောသားတွေက ကမ်းပေါ်ကို တက်ချင်လှပြီ ဖြစ်သည်။ နီးလျက်နှင့် ဝေးနေ၍ မခံချိ မခံသာ ဖြစ်နေကြသည်။ နောက်ထပ် ဘယ်လောက်ကြာအောင် ဝေးနေဦးမှာလဲ ဆိုသည့်သဘောဖြင့် အဆိုတော် ဖြူသီ၏ မိုင်ပေါင်းကုဋေ သီချင်းကို အပြည်ပြည်ဆိုင်ရာ အရေးပေါ်လေလှိုင်း ချန်နယ်-၁၆ မှ လွှင့်ပေးနေသူလည်း ရှိသည်။

ဒီကိစ္စနှင့် ပတ်သက်ပြီး ဘုံဘေဆိပ်ကမ်း အာဏာပိုင် အဖွဲ့က သိဟန် ကြားဟန်မတူ၍ ဘာမျှ မပြောသော်လည်း ကျောက်ချထားသည့် သင်္ဘောတွေက ကန့်ကွက်သူလည်း ရှိသည်။ ထောက်ခံသူလည်း ရှိသည်။ စည်းကမ်းရှိသည့် တိုင်းပြည်က ဖြစ်ဟန်တူသည့် သင်္ဘောတစ်စီးက ဘိုသံပါပါဖြင့် တားမြစ်သည်။

"ဟေး စတော့ပ် ယူအာမြူးဇစ်၊ သစ်အစ်အင်မာဂျင်စီ ကောလင်း ချန်နယ်"

http://www.linhtet.com



"ဖတ်ခ်ယူ ရုပ်ဒ်အပ်"

ဘိုသံပါပါပြောသူက (ဟေး မင်းရဲ့သီချင်းကို ရပ်ပါ၊ ဒါဟာ အရေးပေါ် ခေါ်ဖို့ထားတဲ့ လေလှိုင်းဖြစ်တယ်) လို့ပြောသည်။ နောက်တစ်ယောက်က ညစ်ညစ်ပတ်ပတ်ဆဲပြီး (နင့်ပါးစပ် ပိတ်ထား) ဟု အော်ပြောသည်။ သီချင်းကို ဆက်ဖွင့်ပါလို့ ထောက်ခံသည့် သဘောဖြစ်သည်။ ဖြူသီရဲ့ မိုင်ပေါင်းကုဋေကို အသံလွှင့်ပေးသူ ခေတ္တ ရပ်သွားသည်။ ရပ်သွားတော့မှ မြန်မာအသံ တစ်သံ ထွက်လာသည်။

"တစ်ခွေလုံး ဆုံးအောင် ဖွင့်ပေးပါဗျို့"

"ဂိုး ဟက်ဒ် မိုင်ဖရင်း ကယ်ရီးအွန်"

မြန်မာကလည်း တစ်ခွေလုံး ဆုံးအောင် ဖွင့်ပါဟု ပြောသည်။ ဘိုသံဖြင့် တစ်ယောက်ကလည်း (ဆက်လုပ်ပါဟု) အားပေးသည်။ သီချင်းဖွင့်သူသည် မိုင်းပေါင်းကုဋေသီချင်း ဆုံးအောင်သာမက ရွှေကျေးတမာ၊ အိန္ဒိယဘုရားဖူး သီချင်းတွေကိုပါ ဆက်ဖွင့်ပါတော့သည်။

၁၆-ရက်နေ့ နံနက်တွင် ကိုအဏ္ဏဝါ၏ အခန်းက တယ်လီဖုန်း မြည်လာသည်။ တက်မ,စင်က ဆက်တာ ဖြစ်သည်။ ကိုအဏ္ဏဝါ၏ သူငယ်ချင်း အာအိုတစ်ယောက်က စကားပြောချင်သည်ဆို၍ တက်မ,စင်ကို တက်သွားသည်။ ရေဒီယို တယ်လီဖုန်းကို နားထောင်လိုက်တော့ ကိုဝင်းကြိုင် ဖြစ်နေသည်။ ကိုဝင်းကြိုင်ဆိုတာ သာကေတ ဝင်းကြိုင် ဖြစ်သည်။ ကိုအဏ္ဏဝါ၏ သူငယ်ချင်း ဖြစ်သည်။ ၂၀-၇-၈၃ နေ့ ညမိုးချုပ်မှ စင်ကာပူ လေဆိပ်မှာ လူဝင်မှု ကြီးကြပ်ရေးက ပြည်ဝင်ခွင့် မပေးလို့ ကိုအဏ္ဏဝါက သင်္ဘော ကုမ္ပဏီ မန်နေဂျာ ဟန်ဆောင်ပြီး ခေါ်ထုတ်ခဲ့ရသူ ဖြစ်သည်။ သူလည်း သင်္ဘောတစ်စီးမှာ အလုပ်ရပြီး ဘုံဘေအနီး ရောက်လာစဥ် မြန်မာတွေ အသံကြားလို့ ခပေါင်း ဒူးယား ခေါ်ကြည့်ရာမှ တိုမို-၈၅ သင်္ဘောနဲ့ အဆက်ရပြီး ကိုအဏ္ဏဝါကို စကားပြောခြင်း ဖြစ်သည်။ သူငယ်ချင်း နှစ်ယောက် တွေ့ကြတော့ ဝမ်းသာပြီး စကားတွေ အများကြီး ပြောလိုက်ကြသည်။

http://www.linhtet.com



## တိုမိ-၇၅ က အပြောင်းအလဲများ

၁၈-ရက်နေ့ နံနက်စောစောမှာ ကျောက်ချနေရာမှ ထွက်ခွာသည်။ ဘုံဘေမြို့ ဆိပ်ကမ်းနှင့် အဝေးကြီးမှာ ရှိသည့် ဆီတင်၊ ဆီချ ဂျယ်တီ တစ်ခုမှာ သွားကပ်သည်။ ဆီချနေစဉ် ဒေသကိုယ်စားလှယ်နှင့် အတူ ကုန်းပတ် ပထမအရာရှိ ကိုအောင်ကြည် (ယခု ကပ္ပိတန်) စင်ကာပူက ရောက်လာသည်။ လက်ရှိ ပထမအရာရှိ ကိုမြင့်သိန်း၏ လူစားလာသည်ဟု သိရသည်။ ကိုမြင့်သိန်းက ဘယ်တော့ ပြန်ရမည် ဆိုတာ မသိရသေးဟု ဆိုသည်။ သင်္ဘောပေါ်မှာ ပထမအရာရှိ နှစ်ယောက် ဖြစ်နေလို့ ကိုအောင်ကြည်က ဧည့်သည်လို ဖြစ်နေသည်။



အင်ဂျင်နီယာချုပ် စိုင်းကျော်မင်း၊ ဒုတိယအင်ဂျင်နီယာ ဟုပ်ရီ၊ နောက်ခိုင်းထိုင်နေသူများမှာ ကာဒက် မင်းအောင်၊ ပထမအရာရှိ ကိုအောင်ကြည်နှင့် ကိုအဏ္ဏဝါ တို့ဖြစ်သည်။

ကိုအဏ္ဏဝါကတော့ တစ်ခါမျှ မရောက်ဖူးသေးသည့် ဘုံဘေမြို့ကို ရောက်လို့ ကမ်းကပ်တယ် ဆိုရင်ပဲ ကမ်းပေါ် တက်လည်ရန် အဖော်

http://www.linhtet.com



ရှာသည်။ တတိယအရာရှိ ကိုခင်မောင်မင်းနှင့် ဒုတိယ အင်ဂျင်နီယာ ကိုဟုတ်ရီတို့ ကမ်းပေါ်တက် လည်ကြမည် ဆိုသောအခါ ကိုအဏ္ဏဝါ လိုက်ပါသွားသည်။ ကြိုတင်လစာငွေအဖြစ် အိန္ဒိယ ပိုက်ဆံ ရူပီး-၂၅၀ ထုတ်ယူသည်။ ဒီနေ့တော့ အမြည်းအစမ်းသဘော လိုက်သွားခြင်း ဖြစ်သည်။



ကုန်းပတ် ပထမအရာရှိမြင့်သိန်း၊ ကိုအဏ္ဏဝါ၊
ကိုအောင်ကြည်၊ ကာဒက်မင်းအောင်

မက်ကင်နွမ် မက်ကင်ဇီလို့ ခေါ်သည့် နိုင်ငံတကာ သင်္ဘောသား ရေးရာ ရုံးရဲ့ ဆေးခန်းမှာ ဆေးဝင်စစ်ကြသည်။ ကိုအဏ္ဏဝါ သွေးတိုးချိန် ကြည့်သည်။ ပုံမှန်ဟု ဆရာဝန်က ပြောသည်။ ဝမ်းသာ သွားသည်။ စိတ်ချလက်ချ ကဲလို့ရသည် ဆိုသည့်အတွေး ဝင်သွားသည်။ ဒီနေ့တော့ ဘုံဘေမြို့ကို အမြည်းအစမ်းသာဖြစ်လို့ ဘတ်စ်ကား ပတ်စီးကြပြီး ညနေစောင်းမှာ သင်္ဘောကို ပြန်ခဲ့ကြသည်။

၂၀-ရက်နေ့မှာ ထမင်းချက် ကိုစိုးဝင်းဦးနှင့် အတူ ဘုံဘေမြို့ထဲ လျှောက်လည်ကြသည်။ ဒီနေရာမှာ ကိုစိုးဝင်းဦး အကြောင်းကို ပြောပြ

http://www.linhtet.com



ချင်သည်။ ၁၉၈၀-ခုနှစ် ဝန်းကျင်ကာလက ကိုအဏ္ဏဝါတို့နှင့် အတူ သင်္ဘောသား ဖြစ်အောင် ကြိုးစားရင်း လမ်းဘေး ပလက်ဖောင်းပေါ်မှာ အတူထိုင်ခဲ့သူ ဖြစ်သည်။ အဲဒီတုန်းက သူက စားပွဲထိုးချုပ်ရာထူးဖြင့် သင်္ဘောတက်ရန် ကြိုးစားနေခဲ့သူ ဖြစ်သည်။ အခု သူနဲ့ ကိုအဏ္ဏဝါတို့ ဒီသင်္ဘောမှာ ပြန်တွေ့ကြတော့ သူက ထမင်းချက်ချုပ် ဖြစ်နေသည်။ ကိုအဏ္ဏဝါနှင့် သူငယ်ချင်းနှစ်ယောက် ပြန်တွဲမိကြခြင်း ဖြစ်သည်။ ပြန်တွဲမိကြတဲ့အခါ သူက မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေ ထားသည့်အတွက် နိုင်ငံခြားသားနဲ့ တူနေသည်။

သူက နိုင်ငံခြားသားနှင့်တူလို့ နိုင်ငံခြားသားဟန် ဆောင်ခဲ့သည့် အကြောင်း တစ်ခုကို သူက ပြောပြဖူးသည်။ တိုမို-၈၅ သင်္ဘောသည် ဆီပို့ရန်အတွက် မြန်မာပြည်ကို တစ်ခေါက် ဝင်သွားခဲ့သည်ဟု ဆိုပါသည်။ ရေကြောင်းပြ မတက်မီ သီလဝါမှာ ကျောက်ချထားသည်။ ဆိပ်ကြီး၊ ခနောင်တို၊ ပါဒကြီး စသည် ရွာတွေက ရွာသားတွေ လက်လှော်လှေ ကလေးတွေနဲ့ ရောက်လာကြပြီး ကြက်၊ ဘဲ၊ ဆိတ်၊ ဝက်တွေကို လာရောင်းကြသည်ဟု ဆိုပါသည်။ စီးကရက်၊ ဘီယာ၊ အရက်၊ ကက်ဆက်၊ တီဗွီ စသည်တို့ကို ဝယ်သည်။ အလဲအလှယ်လည်း လုပ်သည်။

အဲဒီရွာသားတွေထဲမှာ အင်္ဂလိပ်လို ပြောတတ်သည့် ကြယ်ငါးပွင့် လိုင်းထွက် သင်္ဘောသားဟောင်းတွေ ပါသည်ဟုဆိုပါသည်။ လှေကလေး တွေပေါ်က သင်္ဘောကြီးပေါ်ကို မော့ကြည့်ပြီး အင်္ဂလိပ်လို လှမ်းပြောနေကြသည်ဟု ဆိုပါသည်။ သင်္ဘောကြီးပေါ်က အောက်ကို ငုံ့ကြည့်ပြီး ဈေးဆစ်နေသူ မြန်မာသင်္ဘောသားတွေကလည်း နိုင်ငံခြားသားတွေလို့ အထင် ခံရအောင် အင်္ဂလိပ်လို ပြန်ပြောပြီး ဈေးဆစ်နေကြသည်ဟု ဆိုပါသည်။ ကိုစိုးဝင်းဦးကလည်း မုတ်ဆိတ်တွေ ပါးရမ်းတွေနဲ့ ဘောင်းဘီ တို အဖြူနဲ့ ဘိုလိုချည်း မှုတ်နေတော့ ဖိလစ်ပိုင်တွေလား၊ အင်ဒိုနီးရှား တွေလား ထင်ပြီး လှေတွေပေါ်က ဈေးသည်တွေကလည်း ဘိုလို မနိုင် မနင်း မှုတ်နေကြရသည်ဟု ဆိုပါသည်။

အဲဒီ အချိန်မှာ စားပွဲထိုး ကိုသောင်းရွှေကြီးက လုံချည်ဝတ်ပြီး ထွက်လာသည်။ မိတ်တွေ ယားလို့ တဗျင်းဗျင်းကုတ်ပြီး ထွက်လာသည်။

http://www.linhtet.com



သူလည်း နိုင်ငံခြားသား ဟန်ဆောင်နေကြသည့် ဘောင်းဘီဝတ် မြန်မာတွေနှင့် အတူရောပြီး အောက်က ဈေးရောင်းသည့် လှေကလေးတွေကို ငုံ့ကြည့်နေသည်။ အဲဒီ အချိန်မှာ အောက်က လှေကလေးပေါ်က တစ်ယောက်က လှမ်းအော် ခေါ်လိုက်သည်။

"ဟေ့ကောင် သောင်းရွှေ"

"ဟာ ဟေ့ကောင်"

"မင်း ဒီသင်္ဘောမှာ ရောက်နေလား၊ မြန်မာ ဘယ်နှယောက်ပါလဲ"

"နင့်မေကလွှား ဒီသင်္ဘောမှာ တစ်စီးလုံး မြန်မာတွေချည်းပဲ"

ဒီတော့မှ နိုင်ငံခြားသားဟန် ဆောင်နေကြသည့် မြန်မာ သင်္ဘောသားတွေ ရှက်ပြီး ထွက်ပြေးကုန်ကြသည်ဟု ဆိုပါသည်။ ကိုသောင်းရွှေကြီးကလည်း ကြယ်ငါးပွင့်လိုင်းက ထွက်ပြီး နိုင်ငံခြား သင်္ဘော လိုက်နေသူ ဖြစ်သည်။ သူငယ်ချင်း နှစ်ယောက် ပြန်တွေ့ကြခြင်း ဖြစ်သည်။

ကိုစိုးဝင်းဦးနှင့် ကိုအဏ္ဏဝါတို့ ဘတ်စ်ကား စီးပြီး ဘုံဘေမြို့ကြီးကို လျှောက်လည်ကြသည်။ အမေရိကန် ဒေါ်လာတွေကို ရူးပီးငွေနှင့် လဲသုံးသည့်အတွက် အလွန် ဈေးသက်သာသော တိုင်းပြည်ဟု ထင်မိသည်။ တစ်ဒေါ်လာကို ၁၁-ရူပီ ရသည်။ တစ်ရူပီ ပေးပြီး ဘတ်စ်ကား စီးလျှင် တစ်မြို့လုံး နှံ့အောင်စီးလို့ရသည်။ တိုင်စီသမားကတော့ နိုင်ငံခြားသားဆိုလျှင် ရိတ်သည်။ ကမ်းနားဟိုတယ် ပေါ်တီကို အောက်မှာ ကျားထိုးနေကြသည့် ဆိုက္ကားသမားတွေနဲ့ အတော်တူသည်။ နိုင်ငံခြားသားက ရွှေတိဂုံဘုရားသွားချင်တာကို ဘုရားလမ်းက မသွားဘဲ ကြည့်မြင်တိုင်က ပတ်နင်းတာမျိုး လုပ်သည်။ တိုင်စီ မစီးရဲ ဖြစ်နေသည်။ ဘတ်စ်ကားကိုပဲ နံပါတ် မှတ်ပြီး စီးကြသည်။

ဘုံဘေသင်္ဘောဆိပ်က ဂိတ်တူ အိန္ဒိယလို့ ခေါ်ကြသည့် မုခ်ဦးကြီးရှေ့မှာ အမှတ်တရ ဓာတ်ပုံရိုက်သည်။ ဝေလမင်းသား အိန္ဒိယကို ကြွလာစဉ်က ကြိုဆိုရန် ဆောက်လုပ်ခဲ့သည့် မုခ်ဦးကြီး ဖြစ်သည်။ အိပ်ခန်းပေါင်း တစ်ရာကျော်ရှိသည့် ကမ္ဘာကျော် တာချ်မဟာ ဟိုတယ်

http://www.linhtet.com



ကြီးရှေ့မှာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ဘုံဘေမြို့ကို သိပ်မကျွမ်းသေးလို့ ဟိုနေရာ ဒီနေရာတွေကို မသွားသေးဘဲ သင်္ဘောကို ပြန်ခဲ့ကြသည်။

ဒီနေ့ညနေမှာပဲ ဆိပ်ကမ်းမှ ပြန်ခွာပြီး ရေလယ်မှာ ကျောက်ချရပြန်သည်။ သင်္ဘောမှာ သတင်းတွေ အမျိုးမျိုး ထွက်နေသည်။ ပထမအရာရှိ ကိုမြင့်သိန်းအစား ရောက်လာသည့် ကိုအောင်ကြည်ပါ စင်ကာပူကို ပြန်ရမလိုလို သတင်းထွက်လာသည်။ ဘာတွေမှန်းမသိ ဖြစ်နေသည်။

၂၆-ရက်နေ့မှာ ဘုံဘေမြို့နှင့် အနီးဆုံး နေရာမှာ ကပ်သည်။ ဆီချသည်။ ကုန်းပတ် ပထမအရာရှိနှင့် ဒုတိယ အင်ဂျင်နီယာ ကိုဟုတ်ရီတို့ အင်္ဂလန်ကို သွားကြရမည်ဖြစ်လို့ သင်္ဘောက ဆင်းသွားကြသည်။ နေ့လယ်လောက်မှာ ဒုတိယ အင်ဂျင်နီယာ ကိုသော်တာဌေး သင်္ဘောကို ရောက်လာသည်။ ကိုသော်တာဌေးနှင့်အတူ မဖြူတုတ်ထံမှ စာတစ်စောင် ပါလာသည်။ သာကြောင်းမာကြောင်းသာ ဖြစ်သည်။ ချစ်တဲ့အကြောင်း၊ လွမ်းနေရတဲ့အကြောင်း တစ်လုံးမျှ မပါ။ ရှင့်ဟာရှင် နိုင်ငံခြားမှာ လုပ်ချင်တာသာ လုပ်၊ လစာ မှန်မှန်ပို့၊ ပြန်လာလို့ ကားပါလာရင် တော်ပြီဆိုသည့် သဘော ဖြစ်သည်။

၂၇-ရက်နေ့မှာ ဧည့်သည်အရာရှိ ကိုအောင်ကြည်နှင့် အလုပ်သင်အင်ဂျင်နီယာ အေးကျော်အောင်တို့ သင်္ဘောက ဆင်းပြီး စင်ကာပူကို ပြန်သွားကြသည်။ နေ့လယ်တွင် ကိုအောင်ကြည်အစား ကုန်းပတ် ပထမအရာရှိ ပန်ချာပီ ကုလားကြီး မစ္စတာ ဆမ်ဘီဆင်း သင်္ဘောတက်လာသည်။ မစ္စတာ ဆမ်ဘီဆင်းက သင်္ဘောပေါ် ရောက်တယ်ဆိုရင်ပဲ ကိုအဏ္ဏဝါကို တရင်းတနှီး လာနှုတ်ဆက်သည်။ သူ့လိုပဲ မုတ်ဆိတ်မွေးပါးသိုင်းမွေးတွေ ထားသည့် ကိုစိုးဝင်းဦးကိုလည်း တရင်းတနှီး နှုတ်ဆက်သည်။

ဒီနေ့သည် ဘုံဘေမှာ နောက်ဆုံးနေ့ဟု သိရသည်။ နက်ဖြန်သင်္ဘော ထွက်တော့မည် ဖြစ်၍ ကိုစိုးဝင်းဦးနှင့် အတူ မြို့ထဲထွက်ကြသည်။ အလွန်နာမည်ကြီးသည့် ကမာရီ ပူရား ရပ်ကွက်ကြီးထဲ ရောက်

http://www.linhtet.com



သွားကြသည်။ စနေနေ့ ဖြစ်၍ ရပ်ကွက်ကြီးထဲမှာ အထူး စည်းကား နေသည်။ နိုင်ငံတကာက လာကြသည့် ကမ္ဘာလှည့် ခရီးသည်တွေ သဘော်သားတွေဖြင့် ပြည့်နေသည်။

သူတောင်းစားလေးတွေကလည်း နိုင်ငံခြားသားရဲ့ ဘောင်းဘီကို ဆွဲပြီး လိုက်တောင်းနေသည်။ ဘာဘူ မိရ် နီးပါပါ၊ နီးမာမာလို့ အော်ပြီး တောက်လျှောက် လိုက်နေသည်။ (ဦးရယ် ကျွန်တော့်မှာ၊ ကျွန်မမှာ အဖေ မရှိ၊ အမေ မရှိလို့ပါ) ဟူ၍လည်းကောင်း၊ ဘာဘူ မိရ် ဘဆတ် နိမ်းဟေး၊ ခါနာ နိမ်းဟေး (ဦးရယ် ကျွန်တော်မှာ၊ ကျွန်မမှာ ပိုက်ဆံမရှိလို့ ထမင်း မစားရပါဘူး) ဟူ၍လည်းကောင်း ငိုပြီး လိုက်နေသည်။ ဘောင်းဘီ ကို ဆွဲထားသည်။ စိတ်မရှည်လို့ ကလေးလက်ကို ဆွဲဖြုတ်လိုက်လျှင် ကလေးက လက်ကလေးကို ဆတ်ဆတ်ခါ နာသယောင် ပြုပြီး အော်ငို ပါသည်။ နာတယ် နာတယ်လို့ အော်သေးဟန်တူသည်။ ကလေးကို နိုင်ငံခြားသားက ရိုက်ပါတယ်ဆိုပြီး လမ်းထဲက လူကြီးတွေ ဝိုင်းအုံလာ ကြသည်။ မရိုက်ပါဘူး ပြော၍မရ၊ ရိုက်ပါတယ်၊ ငါ မြင်တယ်ဆိုသူ ရောက်လာသည်။ ငါးဒေါ်လာလောက် ပေးလိုက်မှ ကိစ္စပြီးသွားသည်။

ကမာရီပူရား ရပ်ကွက်ကြီးထဲက ပြည့်တန်ဆာတန်းကြီးက ရှည်လျားလှသည်။ ပြည့်တန်ဆာရှိတဲ့ အိမ်တွေကို နံပါတ်တပ်ထားပုံက ဆန်းသစ်နေသည်။ ၀၀၁ ကစပြီး ၀၀၉ အထိ တစ်တန်း ရှိသည်။ ၀၁၀ ကစပြီး ၀၂၀ အထိက တစ်တန်း ရှိသည်။ ၁၀၀ အထိ ရှိသည်ဟု နှံ့နှံ့စပ်စပ် ရောက်ဖူးသူတွေက ပြောလို့ သိရသည်။ တိုက်ခန်းလေးတွေရဲ့ အပေါ်ထပ် ဧည့်ခန်းမှာ အလှပြပြီး ဝိုင်းထိုင် နေကြသည်။ အားလုံး လောက် နီးပါးဟာ နီပေါမလေးတွေ ဖြစ်နေသည်။ မြန်မာလိုလို တရုတ် လိုလို ပုံစံဖြင့် ချောကြတာ တွေ့ရသည်။

ကိုအဏ္ဏဝါနှင့် ကိုစိုးဝင်းဦးတို့သည် ဗဟုသုတ (အဆင့်မြင့် လေ့လာရေး) အဖြစ် အိမ်နံပါတ် ၀၀၁ က စတက်ကြည့် ကြသည်။ ဈေးနှုန်းက ညှိထားသလို တစ်သံတည်း ထွက်နေတာ တွေ့ရသည်။ ရူပီး-၃၀ ဖြစ်သည်။ ငွေလဲနှုန်း တစ်ဒေါ်လာကို ၁၁-ရူပီး ဖြစ်လို့

http://www.linhtet.com



နှစ်ဒေါ်လာနဲ့ ဆင့်-၇၀ လောက်သာ ကျသည်။ ဘန်ကောက်ထက်ပင် များစွာသက်သာသည်။ ကမ္ဘာပေါ်မှာ ဈေးအပေါဆုံးလို့တောင် ပြောနိုင်သည်။ တစ်အိမ်ပြီး တစ်အိမ် လေ့လာကြည့်သည့် ကိုအဏ္ဏဝါတို့ နှစ်ယောက်သည် ၀၀၇ အရောက်မှာ လက်မြှောက်လိုက်ကြသည်။

❐

http://www.linhtet.com

# [ ၅ ]
# ကြုံရဆုံရ တိုမို သင်္ဘောသားဘဝ

ကိုအဏ္ဏဝါသည် တိုမိုကုမ္ပဏီမှာ အလုပ် လုပ်ရတာဟာ ယခင် ဟောင်ကောင် ကုမ္ပဏီမှာ လုပ်ခဲ့သလို မပျော်ဘူးဆိုတာကို သတိပြုမိသည်။ သင်္ဘောပေါ်ရောက်တော့ သူငယ်ချင်း ကိုစိုးဝင်းဦးနဲ့ တွေ့လို့ အားတက်သလို ရှိခဲ့သည်။ လူကြီးလူကောင်း ဆန်သည့် အင်ဂျင်နီယာချုပ် စိုင်းကျော်မင်းလို ပုဂ္ဂိုလ်မျိုးတစ်ယောက် သင်္ဘောပေါ်မှာ ရှိနေလို့ စိတ်ချမ်းသာသည်။ အလုပ်သင် (ကဒတ်)ကလေးတွေ၊ အလုပ်သင် အင်ဂျင်နီယာ (ဂျေအီး)လေးတွေ သဘောကောင်းကြလို့ နေလို့ထိုင်လို့တော့ ကောင်းပါသည်။ သို့သော် တစ်စုံတစ်ယောက်က မိမိကို စောင့်ကြည့်နေသည်ဆိုသည့် သံသယစိတ်၊ စိုးရိမ်စိတ်ဖြင့် အသက်ရှူ မဝဘဲ နေခဲ့ရသည်။ ဒီနေ့ စကားပြော များလျှင် အဲဒီစကားသည် နောက်နေ့မှာ ကုမ္ပဏီရုံးကို ရောက်သွားပြီလို့ ကြားဖူးနေသည့် အတွက် ကြောက်စိတ်ဖြင့် အလုပ် လုပ်နေခဲ့ရသလို ဖြစ်နေခဲ့သည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



## ကပ္ပီတန် ဦးနီ ရောက်လာခြင်း

၅-ရက်နေ့သည် တနင်္လာနေ့ဖြစ်လို့ စင်ကာပူ၏ ပြန်လည်နိုးထသောနေ့ ဖြစ်သည်။ စနေနေ့ တစ်ဝက်နှင့် တနင်္ဂနွေ တစ်နေ့လုံး စိတ်ရောကိုယ်ပါ အနားယူခဲ့ကြပြီးလို့ လုပ်ငန်းခွင် အသီးသီးသို့ ပြန်ဝင်ကြသောနေ့ဖြစ်သည်။ စင်ကာပူမှာ ရှိနေကြသည့် သင်္ဘောသားတွေသည်လည်း ကမ်းပေါ်တက်ပြီး ဈေးဝယ်ကြ၊ သွားချင်ရာ သွားကြမည့်နေ့ဖြစ်သည်။ အလုပ် မရှိသေးလို့ အလုပ် ရှာနေကြသည့် သင်္ဘောသားတွေသည်လည်း မစ္စတာရှီးယား၏ ရုံးအောက်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြမည့်နေ့ ဖြစ်သည်။ ကိုအဏ္ဏဝါသည် ဂျပန်ကပ္ပီတန်ကြီးထံမှ ဒေါ်လာတစ်ရာ ထုတ်ယူပြီး ကိုးနာရီခွဲမှာ ရောက်လာသည့် ဖယ်ရီဘုတ်ဖြင့် ကမ်းပေါ် တက်လာခဲ့သည်။ ယခင်လုပ်ခဲ့သည့် ကုမ္ပဏီ အဟောင်းရဲ့ အေဂျင့်ရုံးကို သွားပြီး စာရောက်နေသလား မေးသည်။ ရုံးအဖွဲ့သား



ထမင်းချက် ကိုစိုးဝင်းဦးနှင့် ကိုအဏ္ဏဝါတို့
ရောက်ရာအရပ်မှာ အတူလျှောက်လည်ကြသည်။

http://www.linhtet.com



## ဘုံဘေမှ စင်ကာပူသို့

၂၈-၈-၈၃ နေ့ နံနက် ၁၀-နာရီတွင် ဘုံဘေမှ ပြန်လည်ထွက်ခွာလာခဲ့သည်။ ဘုံဘေမြို့သည် အိန္ဒိယတိုက်ငယ်၏ အနောက်ဘက်ခြမ်းတွင် ရှိ၍ အာရေဗီယံ ပင်လယ်ကို ဖြတ်မောင်းနေသည်။ ရာသီဥတုသာယာ ကောင်းမွန် နေသော်လည်း အာရေဗီယံ ပင်လယ်၏ သဘာဝအရ လှိုင်းအိကလေးတွေ ရှိနေသည်။ တိုမို-၈၅ သင်္ဘောသည် တန်ချိန်-၅၀၀၀ မျှသာ ရှိသော သင်္ဘောသေးသေးလေး ဖြစ်လို့ လှိုင်းအိတွေကြားမှာပင် လူးလိမ့်နေသည်။

ကုန်းပတ် ပထမအရာရှိ မစ္စတာ ဆမ်ဘီဆင်းသည် သပ်ရပ်စွာဝတ်စားပြီး လူတောသူတော သွားရမှသာ ပန်ချာပီ ခေါင်းပေါင်းကိုလုပ သေသပ်စွာ ပေါင်းသည်။ သာမန်အချိန်မှာ အလုပ်လုပ်နေပြီဆိုလျှင်ခေါင်းပေါင်း မပေါင်းသောကြောင့် သျှောင်ပေစုးလေးဖြင့် နေသည်။ ဖြုန်းခနဲ ကြည့်လိုက်လျှင် ဘိုးတော်လိုလို ရသေ့လိုလို ပုံစံမျိုး ဖြစ်နေသည်။ ကိုအဏ္ဏဝါကို အတော် ခင်သည်။ ကိုအဏ္ဏဝါကလည်း ခင်ခင်မင်မင် ရှိရှိသေသေ ဆက်ဆံသည်။

၁-၉-၈၃နေ့၊ ၁၂-နာရီမှာ ၀၅ မြောက်နှင့် ၈၅ အရှေ့ လတ္တီတွဒ်၊ လောင်ဂျီတွဒ်တွင် ရောက်နေသည်။ ရာသီဥတု သာယာ ကောင်းမွန်နေသည်။ ကိုအဏ္ဏဝါသည် ဒီသင်္ဘောပေါ်က စက်တွေကို ကျွမ်းကျင်စွာကိုင်တွယ် အသုံးပြုတတ်နေပြီ ဖြစ်လို့ အလုပ်နဲ့ ပတ်သက်ပြီး သောကမရှိ ဖြစ်နေသည်။ မိုးလေဝသ သတင်းကို မဒရပ်မှ ယူသည်။ ဒီလမ်းခရီးကို ယခင် သင်္ဘောဖြင့် သွားခဲ့ဖူးပြီဖြစ်လို့ ရေကြောင်းအန္တရာယ် သတိပေးကြေညာချက် ကြေးနန်းနှင့် မိုးလေဝသ ကြေးနန်းတွေကို ဘယ်ကယူရမယ်ဆိုတာ သိနေလို့ စိတ်အေးလက်အေး ဖြစ်နေသည်။

စင်ကာပူကို ၄-ရက်နေ့ နံနက်တွင် ရောက်မည်ဟု သိရသည်။ ၄-ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်လို့ စင်ကာပူရောက်လျှင် စာထည့် ခြင်း၊ ငွေလွှဲခြင်း၊ ငွေသွင်း ငွေထုတ် လုပ်ခြင်း ကိစ္စတွေ ဘာမျှ လုပ်လို့ရမည်မဟုတ်။ ကိုအဏ္ဏဝါမှာ ယခင် သင်္ဘောမှာတုန်းကလို သူ့ဇနီးမဖြူတုတ်ဆီကို ငွေပို့စရာ မလိုတော့ဘူး ဖြစ်နေသည်။ တိုမို ကုမ္ပဏီသည်

http://www.linhtet.com



ရန်ကုန်က သင်္ဘောသားရုံးမှာ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ ဖြစ်လို့ လစဉ် မိသားစုလစာ ထုတ်ပေးသော ကုမ္ပဏီဖြစ်သည်။ အလုပ် တစ်ခု လုပ်စရာမလို ဖြစ်သွားသည်။

ဒီသင်္ဘောသည် စင်ကာပူကို သွားနေသော်လည်း စင်ကာပူကို ရောက်လျှင် ဘာလုပ်မည်၊ ဘယ်ကို ဆက်သွားမည်ဆိုတာ မသိရသေး ဖြစ်နေသည်။ စင်ကာပူကို ရောက်လျှင် လောင်စာဆီ၊ ရေချိုနှင့် အစား အသောက်တွေ ဖြည့်တင်းရမှာကတော့ သေချာသည်။ စင်ကာပူ၊ ဘန် ကောက်၊ တရုတ်(တိုင်ပေ)၊ ဂျပန် ပုံမှန်ခရီးစဉ်ဖြင့် တစ်နှစ်လောက် ဆက်တိုက် ဆွဲရမလိုလို အသံ ထွက်နေသည်။ ဒီသတင်း အမှန် ဖြစ်ပါစေလို့ ဆုတောင်း နေရတော့သည်။

ကိုအဏ္ဏဝါသည် ရရာ အလုပ်ကို ဝင်လုပ်ရသည့်အတွက် ဆီတင် သင်္ဘောမှာ ဝင်လုပ်နေရခြင်း ဖြစ်သည်။ ဆီတင် သင်္ဘော၏ သဘာဝ အတိုင်း ရောက်လေရာ နိုင်ငံ၏ လူသူ မနီးသည့် အရပ်မှာ ကပ်ပြီး ဆီတင်ဆီချ လုပ်ရသည်။ ကံမကောင်းလျှင် စစ်ဖြစ်နေသည့် ပင်လယ် ကွေ့ထဲကို ရောက်သွားနိုင်သေးသည်။ ပင်လယ်ကွေ့မှာ အီရန်နှင့် အီရတ် တို့ စစ်ဖြစ်နေသည်။ တိုမို ကုမ္ပဏီပိုင် သင်္ဘောတစ်စီးသည် ဟောမုတ် ရေလက်ကြားကို ဖြတ်ကျော်ပြီး ပင်လယ်ကွေ့ထဲ ဝင်သွားစဉ် ဘယ်က ပစ်လိုက်မှန်း မသိသည့် ဒုံးကျည်တစ်စင်း ထိမှန်သွားသည်။ ကံကောင်း ထောက်မလို့ ဒုံးကျည်က မပေါက်ကွဲဘဲ သင်္ဘောဘေးမှာ တန်းလန်းကြီး စိုက်ဝင်နေသည်။ ဒုံးကျည်တန်းလန်းကြီးဖြင့် စင်ကာပူမှာ လွန်းတင် ပြင်ဆင်ရန် ပြန်လှည့်မောင်းခဲ့ရသည်ဟု ကြားဖူးနေ၍ လန့်နေသည်။

၄-၉-၈၃နေ့ ည ၉-နာရီမှာ စင်ကာပူကို ရောက်သည်။ ကုမ္ပဏီရုံးက အရာရှိတွေ ရောက်လာသည့် အသံတွေကို အခန်းထဲမှ ကြားနေရသည်။ မိုးချုပ်နေပြီဖြစ်လို့ ကမ်းပေါ် တက်ဖို့လည်း မဖြစ်နိုင် တော့သည့်အတွက် အခန်းအောင်းနေသည်။ တစ်စုံတစ်ယောက်က အခန်းတံခါး လာခေါက်ပြီး အိမ်ကလာသည့် စာတွေဘာတွေများ လာပေး မလားလို့ နားစွင့်ပြီး မျှော်နေမိသေးသည်။ ဘာစာမျှ မလာလို့ အိပ်ပျော် သွားသည်။

http://www.linhtet.com



တွေကို နှုတ်ဆက်သည်။ ၁-၈-၈၃ နေ့စွဲဖြင့် ရေးပို့ထားသည့် မောင်မြင့်သိန်း၏ စာတစ်စောင် ရခဲ့သည်။

ဆရာမကြီး မစ္စကယ်ရ်အေးရဲ့ ရုံးကို သွားသည်။ ဦးစောမိုက်ကယ်ဒီး ရန်ကုန်ကို ပြန်သွားပြီဖြစ်ကြောင်း သိခဲ့ရသည်။ ဦးစောမိုက်ကယ်ဒီးသည် ကိုအဏ္ဏဝါကို နိုင်ငံခြားသို့ ခေါ်ထုတ်ခဲ့သည့် ကျေးဇူးရှင်ဖြစ်သည်။ သူ၏ ပထမခေါက်ဖြစ်သည့် သင်္ဘောသားဘဝကို ခေတ္တရပ်နားလိုက်ပြီ ဖြစ်သည်။ ကိုအဏ္ဏဝါကတော့ မနားနိုင်သေး၊ ရှာရဦးမည်ဖြစ်သည်။ ဆရာမကြီးအိမ်မှာ ခေတ္တအပ်ထားခဲ့သည့် ပစ္စည်းတွေကို ယူပြီး ည ၁၁-နာရီ ဖယ်ရီခေါက်ဖြင့် သင်္ဘောကို ပြန်သည်။

၆-ရက်နေ့ နံနက် ၈-နာရီမှာ ရောက်လာသည့် ဖယ်ရီဘုတ်မှာ အေးဂျင့်နှင့်အတူ ကပ္ပိတန် ဦးနီ ပါလာသည်။ ဂျပန် ကပ္ပိတန်ကြီးကို လွှဲပြောင်းယူမည်ဟု သိရသည်။ ဦးနီသည် ရန်ကုန် ဆိပ်ကမ်း အာဏာပိုင်အဖွဲ့မှာ ရာထူးကြီးကြီး လုပ်ခဲ့သည်ဟု သိရသည်။ သိသူတွေပြောတာက ကပ္ပိတန် ဦးနီသည် အမ်အေ(MA) မရိန်း အဆစ္စတင့်ဟု ပြောကြသည်။ အိန္ဒိယနိုင်ငံရှိ ဒါဂျီလင် ရေကြောင်းသိပ္ပံကျောင်းဆင်းဟု သိရသည်။ ခေသူ မဟုတ်ပါလားဟု သတိထားလိုက်မိသည် သင်္ဘောပေါ်မှာ ရှိနေသည့် ဘုံဘေကုလားကြီး မစ္စတာဆမ်ဘီဆင်းနဲ့ တွဲမိကြပြီပေါ့လို့လည်း တွေးမိသည်။

ဒီနေ့သင်္ဘောထွက်မည်ဆို၍ ဘယ်မှမသွားဝံ့ကြဘဲ အသင့်ပြင်နေကြရသည်။ ဘယ်ကို သွားမည်ဆိုတာကိုလည်း ဘယ်သူမှ မသိကြဖြစ်နေသည်။ ညနေ ၄-နာရီကျော်မှ ဒီနေ့ သင်္ဘော မထွက်ဖြစ်တော့ဘူးဟု သိကြရသည်။ သင်္ဘော မထွက်ဘူးဆိုတော့ ဘယ်ရမလဲ ကိုအဏ္ဏဝါတို့ကတော့ သင်္ဘောပေါ်မှာ မနေဘူးဆိုပြီး ကမ်းတက်ဖို့ပြင်သည်။ ပထမအရာရှိ ကုလားကြီး ဆမ်ဘီဆင်းကလည်း သူလည်း လိုက်မည်ဟု ဆိုသည်။ ကုလားကြီးက ကက်ဆက်တစ်လုံး ဝယ်ချင်သည်ဆို၍ ဆင်မလင်း တာဝါမှာ လိုက်ဝယ်ပေးလိုက်သည်။ မိမိအတွက်လည်း တိုတိုထွာထွာ လိုတာလေးတွေ ဝယ်ပြီး ည-၁၀ နာရီတွင် သင်္ဘောကို ပြန်ခဲ့သည်။

http://www.linhtet.com





ဘုံဘေမြို့က တပ်ဂျ်မဟာ ဟိုတယ် ရှေ့မှာ ကိုအဏ္ဏဝါ

၇-ရက်နေ့မှာလည်း သင်္ဘော မထွက်ဖြစ်သေးဟု သိရလို့ ကိုအဏ္ဏဝါ ပျော်နေသည်။ စင်ကာပူဆိုတာ ကိုအဏ္ဏဝါရဲ့ မွေးရပ်မြေလို ဖြစ်နေသည်။ စင်ကာပူရေပြင်မှာ သင်္ဘောကျောက်ချ ထားလို့ကတော့ ကိုအဏ္ဏဝါက သင်္ဘောပေါ်မှာ မနေနိုင်၊ ကိုစိုးဝင်းဦး၊ ဒု-ထမင်းချက် ကိုအုန်းမြင့်တို့နှင့်အတူ ကုန်းပေါ် တက်ကြပြန်သည်။ ကိုအုန်းမြင့်၏ လေယာဉ်လက်မှတ် တစ်စောင်ကို ဆက်လက်ရှုန်သန်နေအောင် သက်တမ်းတိုးရေး ကိစ္စ လိုက်လံဆောင်ရွက်ပေးသည်။ မြို့ထဲလျှောက်လည် ပြီး ည ၁၀-နာရီမှာ ပြန်သည်။

## အလုပ်နှင့် ပတ်သက်ပြီး ကြီးမားသော သင်ခန်းစာ

၈-ရက်နေ့ နံနက်မှာ စင်ကာပူမှ သင်္ဘောထွက်သည်။ ဂျပန်နိုင်ငံ ယိုကိုင်ချိ (YOKAICHI) ဆိုသော ဆိပ်ကမ်းကို သွားပါ။ ဖြည်းဖြည်း မောင်းသွားပါ။ စင်ကာပူနှင့် ဂျပန်နိုင်ငံ ချိုရှီ ရေဒီယိုကို ဂရုစိုက်ပြီး

http://www.linhtet.com



နားထောင်သွားပါ ဆိုသည့် ညွှန်ကြားချက်ဖြင့် ထွက်ခွာလာခြင်း ဖြစ်သည်။ မသေချာ၊ မရေရာသည့် ခရီးဆိုတာ သေချာသည်။ အချိန်မရွေး အပြောင်းအလဲ ဖြစ်နိုင်သည့်သဘော ဖြစ်သည်။ ကိုအဏ္ဏဝါအတွက် အလွန် အရေးကြီးသည့် ခရီးဖြစ်သည်။ သိပ်ပြီး တာဝန်ကြီးနေပြီ ဖြစ်သည်။

ကိုအဏ္ဏဝါသည် တပ်မတော်က လေ့ကျင့်ပေးလိုက်သည့် တာဝန်သိမှု စိတ်ဓာတ်ဖြင့် အလုပ်ကို ဂရုတစိုက် လုပ်သည်။ မိမိကြောင့် ကုမ္ပဏီ နစ်နာမှု မရှိအောင်၊ မိမိလည်း နာမည် မပျက်အောင် အထူးကြိုးစား လုပ်ကိုင်သည်။ စင်ကာပူ ရေဒီယို၏ ထုတ်လွှင့်မည့် ကြေးနန်းစာရင်းတွင် မိမိ သင်္ဘော၏ အမည် ပါ,မပါကို ဂရုစိုက်ပြီး နားထောင်



ဘုံဘေမြို့ကောင်မှာ ကိုအဏ္ဏဝါ

http://www.linhtet.com



သည်။ ဂျပန်က ချိုရှီ ရေဒီယိုကိုလည်း နားထောင်သည်။ ဘယ်မှာမှ မိမိအတွက် ကြေးနန်း မရှိ၍ စိတ်အေးသွားသည်။ ဂျပန် ဘက်သို့ ဦးတည်ပြီး ဖြည်းဖြည်း မောင်းနေသည်။

၉-ရက်နေ့မှာလည်း မထူး၊ ၁၀-ရက်နေ့မှာလည်း မထူးသော အခါ ကိုအဏ္ဏဝါ ပေါ့လာသည်။ ဒီနေ့လည်း ဘာမျှထူးမှာ မဟုတ်ပါဘူး ဆိုသည့် အသိ ဝင်လာသည်။ ၁၁-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်လို့ ရုံးတွေ ပိတ်ကြမည် ဖြစ်သည်။ ဘာမျှ မထူးမှာ သေချာသည်ဟု ယုံကြည် သည်။

၁၂-ရက်နေ့သည် တနင်္လာနေ့ ဖြစ်လို့ ရုံးချိန်မှာ အထူး ဂရုစိုက် နားထောင်နေရသည်။ သို့သော် ရုံးချိန်သာ ကုန်သွားသည်။ ဘယ်ကမျှ ညွှန်ကြားချက် မရလို့ ဘာမျှ မထူးတော့ပါဘူး ထင်တယ်ဆိုပြီး ကိုအဏ္ဏဝါ ပေါ့ဆချင်သလိုလို ဖြစ်လာသည်။ ၅-ရက်လုံးလုံး နေ့ညမပြတ် စောင့်ကြပ် နားထောင်နေပါသော်လည်း ဘာမျှမထူး၍ ဒီနေ့ညတော့ ည၉နက်ပိုင်း အချိန်မှာ ရေဒီယို နားမထောင်တော့ဘဲ စောစော အိပ်ရာ ဝင်လိုက်ပါသည်။ အိပ်ရာသာ ဝင်ခဲ့သော်လည်း အိပ်လို့ မပျော်ဘဲ ဝဲဘက် အောက်မျက်ခမ်းတွေ အဆက်မပြတ် လှုပ်ရှားနေခဲ့သည်။

၁၃-ရက်နေ့တွင် သင်္ဘောသည် တိုင်ဝမ်ကျွန်းအနီးသို့ ရောက်နေ ပြီဖြစ်သည်။ ကိုအဏ္ဏဝါသည် မနေ့ညက ကောင်းစွာ အိပ်မပျော်ခဲ့သည့် အတွက် အိပ်ရာက မထနိုင်ဘဲ နံနက် ၁၀-နာရီအထိ အိပ်နေခဲ့သည်။ အိပ်ရာက ထပြီး ၁၀-နာရီခွဲမှာ ထုတ်လွှင့်သည့် စင်ကာပူ၏ ပို့လွှင့်မည့် ကြေးနန်းစာရင်း အသံလွှင့်ချက်ကို နားထောင်ကြည့်ရာ ကိုအဏ္ဏဝါ၏ သင်္ဘော တိုမို-၈၅ နာမည် ပါနေတာ ကြားလိုက်ရပါတော့သည်။ ခေါင်းနပန်းကြီးသွားသည်။ ဝါယာလက်စက်ကို ချက်ချင်းဖွင့်ပြီး စင်ကာပူ ကို ဆက်သွယ်လိုက်သည်။

စင်ကာပူ ရေဒီယိုစတေရှင်က ကိုအဏ္ဏဝါအတွက် ကြေးနန်း နှစ်စောင် ရှိကြောင်း ဖမ်းယူရန် အသင့်ဖြစ်ပြီလားဟု မေးပါသည်။ ကိုအဏ္ဏဝါက အသင့်ဖြစ်ပြီလို့ ပြောလိုက်တော့ အောက်ပါ ကြေးနန်း နှစ်စောင်ကို ပို့ပေးသည်။

http://www.linhtet.com



(၁) ဤကြေးနန်းကို ရရှိသည့်နှင့် တစ်ပြိုင်နက် ရောက်ရာအရပ်မှာ ရပ်နေပါ။
(၂) ဖိလစ်ပိုင် နိုင်ငံမှာ ကုန်တင်ရမည်ဖြစ်၍ ပတန်ဂတ်စ်ဆိပ်ကမ်းကို ဦးတည် ခုတ်မောင်းပါ။

ပထမကြေးနန်း၏ နေ့စွဲနှင့် အချိန်နာရီကို ကြည့်လိုက်တော့ ကိုအဏ္ဏဝါ ခေါင်းနပန်းကြီးရုံသာမက ကြောက်ပြီး ကြက်သီးမွေးညင်း ထသွားသည်။ မနေ့က ညနေ ၄-နာရီ ကတည်းက ရေးပို့ထားသော ကြေးနန်း ဖြစ်နေသည်။ အလွန်အရေးကြီးသည့် အမြန် ကြေးနန်းကို ၁၈-နာရီလုံးလုံး နောက်ကျပြီးမှ ဖမ်းယူ ရရှိနိုင်ခဲ့သည်။

ဒုတိယကြေးနန်းအရ ဖိလစ်ပိုင် နိုင်ငံတွင် ကုန်တင်ရမည် ဖြစ်သည်။ သင်္ဘောသည် ဖိလစ်ပိုင်နိုင်ငံကို လွန်လာခဲ့ရုံ သာမက တရုတ် (တိုင်ပေ)ကိုပင် ရောက်တော့မည် ဖြစ်သည်။ နောက်ကြောင်းပြန်ပြီး မောင်းရတော့မည် ဖြစ်သည်။ သင်္ဘောကုမ္ပဏီအတွက် အလွန် နစ်နာသော ကိစ္စအတွက် တာဝန်ရှိသူမှာ ကိုအဏ္ဏဝါ ဖြစ်သည်။ အလုပ်ပြုတ်မည့်ကိန်း ဖြစ်သည်။ အလုပ် မပြုတ်မီ ဂျပန်ကပ္ပိတန်ကြီး မစ္စတာ အိုကာမိုတိုနဲ့ ဘယ်လို ရင်ဆိုင်ရမလဲ ဆိုတာကို တွေးပြီး ကြောက်နေရတော့သည်။ မနေ့ညက အိပ်ရာဝင်ချိန်မှာ အိပ်လို့မပျော်ဘဲ ဝဲဘက်အောက်မျက်ခမ်း လှုပ်နေခဲ့တာဟာ ဒီကိစ္စအတွက် နိမိတ်ပြ သတိပေးတာပဲလို့ တွေးမိသည်။ အသက်ကို ဝအောင် ဆွဲရှူပြီး ကပ္ပိတန်ကြီးနဲ့ ရင်ဆိုင်ရန် တက်မစင်ကို တက်ခဲ့ပါသည်။

## ကိုယ့်ဘက်မှာ ရှိနေသေးတဲ့ ကံတရား

ကိုအဏ္ဏဝါသည် ညှိုးငယ်နွမ်းချသော မျက်နှာဖြင့် ဂျပန်ကပ္ပိတန်ကြီးရှေ့မှာ ရပ်လိုက်သည်။ ကြေးနန်းနှစ်စောင်ကို လက်နှစ်ဖက်ဖြင့် ကိုင်ပြီး ရိုရိုသေသေ ပေးလိုက်သည်။ ကပ္ပိတန်ကြီးသည် ကြေးနန်း နှစ်စောင်လုံးကို ဖတ်ပြီးသောအခါ ကိုအဏ္ဏဝါကို စူးစူးရဲရဲ ကြည့်ပြီး အော်ပြောတော့သည်။

"နောက်ကျသွားပြီ၊ သိပ်ပြီး နောက်ကျသွားပြီ"

http://www.linhtet.com



ကိုအဏ္ဏဝါက ဘာမျှမပြောဘဲ ခေါင်းငုံ့ထားသောအခါ ကိုအဏ္ဏဝါကို သနားသွားဟန်တူသည်။ ထွက်နေသည့် ဒေါသကို တစ်ဝက်ပြန်သွင်းလိုက်ပြီး မေးသည်။

"ဒီကိစ္စ ဘယ်သူ တာဝန်ယူမလဲ"

"ကျွန်တော့်မှာ တာဝန်ရှိပါတယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

ကိုအဏ္ဏဝါက တောင်းပန်လိုက်သောအခါ ဘာမျှ ဆက်မပြောတော့ဘဲ သင်္ဘောကို လာရာလမ်းသို့ ပြန်လှည့်ရန် အမိန့်ပေးလိုက်တော့သည်။ ဖိလစ်ပိုင်နိုင်ငံ ပတန်ဂတ်စ်ကို ရောက်အောင် ၁၀-နာရီ လောက်ကြာအောင် ပြန်မောင်းရတော့မည် ဖြစ်သည်။

သင်္ဘောတစ်စီး၏ တစ်နာရီ ခုတ်မောင်းခ ကုန်ကျစရိတ်သည် ဒေါ်လာ တစ်ထောင် ဖြစ်သည်ဆိုလျှင် ကိုအဏ္ဏဝါ၏ ပေါ့ဆမှုကြောင့် ကုမ္ပဏီမှာ ဒေါ်လာ-၂၀၀၀၀/ ထိခိုက် နစ်နာသွားပြီ ဖြစ်သည်။ မလိုအပ်ဘဲ ၁၀-နာရီ ကြာအောင် မောင်းလာခဲ့ပြီး ဖြစ်သည်။ လာခဲ့သည့် လမ်းအတိုင်း ၁၀-နာရီ ကြာအောင် ပြန်မောင်းရတော့မည် ဖြစ်လို့ နာရီ ၂၀-အတွက် ကုန်ကျစရိတ် ထိခိုက် နစ်နာသွားပြီး ဖြစ်သည်။ ဒီကိစ္စအတွက် ကိုအဏ္ဏဝါ အလုပ်ပြုတ်နိုင်သည်။ ကပ္ပိတန်သည် ကုမ္ပဏီ ကို တင်ပြရတော့မည် ဖြစ်သည်။

ကိုအဏ္ဏဝါသည် အကြီးအကျယ် ကြောက်သွားပြီ ဖြစ်သည်။ သင်ခန်းစာ ကြီးကြီးမားမား ရသွားပြီ ဖြစ်သည်။ နောင်အခါမှာ ဘယ်တော့မှ ပေါ့ပေါ့ဆဆ မလုပ်ရဲ ဖြစ်သွားသည်။ တက်မစင်က ဆင်းလာပြီး ရေဒီယို စက်ခန်းထဲ ဝင်သည်။ စင်ကာပူ ရေဒီယိုကို နားထောင်သည်။ စင်ကာပူ ရေဒီယို၏ ကြေးနန်းပို့မည့် စာရင်းမှာ ကိုအဏ္ဏဝါ၏ တိုမို-၈၅ နာမည် ပါနေပြန်သည်။ ကိုအဏ္ဏဝါ ကြက်သီးမွေးညင်း ထသွားပြန်သည်။ ခြေတုန်လက်တုန်ဖြင့် မော့စ်ကီးခေါက်ပြီး စင်ကာပူကို ဆက်သွယ်လိုက်သည်။

စင်ကာပူက ကြေးနန်းရှိတယ်၊ ဖမ်းယူဖို့ အသင့်ဖြစ်ပြီလားလို့ မေးသည်။ ဒုက္ခပဲ၊ နောက်ထပ်လာမည့် ကြေးနန်းသည် ဘယ်လောက်

http://www.linhtet.com



အရေးကြီးသည့် ကြေးနန်းများ ဖြစ်နေပြီလဲ။ ပတန်ဂတ်စ်ကို အမြန်ဆုံး ရောက်အောင် သွားပါဆိုသည့် ကြေးနန်းမျိုးဆိုလျှင်တော့ အလုပ်ပြုတ်ဖို့ သေချာသလောက် ဖြစ်သွားပြီဟု တွေးမိသည်။ အသင့်ဖြစ်ပါပြီ ပို့ပါဟု ပြောလိုက်ရသည်။ စင်ကာပူက ကြေးနန်းစပြီး ပို့နေစဉ်မှာ သင်္ဘော နောက်ကြောင်း ပြန်လှည့်နေသည့် အမိန့်ပေးသံကို ကြားနေရသည်။ သင်္ဘောသည် နောက်ကြောင်းပြန်ရမည့် ဦးတည်လမ်းကြောင်းကို ယူမိပြီ ဖြစ်သည်။

ဒီအချိန်မှာပဲ ကိုအဏ္ဏဝါသည် စင်ကာပူက ပို့ပေးနေသည့် ကြေးနန်းကို ဖမ်းရင်း ဖတ်နေသည်။ ကြေးနန်းကို အစအဆုံး ရသောအခါ အချောတောင် ပြန်မရေးတော့ဘဲ၊ အကြမ်း စာရွက်ကြီးကို ကိုင်ပြီး တက်မစင်ကို ပြေးတက်သွားသည်။ သင်္ဘောကို အမိန့်ပေး မောင်းနှင်နေသည့် ကပ္ပိတန်ကြီး အိုကာမိုတိုကို အော်ပြောလိုက်သည်။

"ကပ္ပိတန်၊ ကပ္ပိတန် ဒီမှာ နောက်ထပ် ကြေးနန်း တစ်စောင် ဝင်လာပြန်ပြီး၊ ဖတ်ကြည့်ပါဦး ဟီး ဟီး"

ကပ္ပိတန်ကြီးသည် ကိုအဏ္ဏဝါ၏ လက်ထဲက စာရွက်ကို ဆွဲယူပြီး အသံထွက်ဖတ်သည်။ တက်မစင်မှာ တာဝန်ကျ နေကြသည့် တက်မကိုင် သင်္ဘောသားနှင့် အရာရှိတွေကလည်း နားထောင်နေကြသည်။

"ဖိလစ်ပိုင်နိုင်ငံ ပတန်ဂတ်စ်မှာ ကုန်တင်မည့် အစီအစဉ် ဖျက်သိမ်းသည်။ ဂျပန်နိုင်ငံ မိဇူရှီးမား ဆိပ်ကမ်းသို့ ဆက်သွားပါ"

ကိုအဏ္ဏဝါက ပြုံးပြီး လက်ခမောင်း ခတ်လိုက်သည်။ မြန်မာ အရာရှိတွေနှင့် သင်္ဘောသားတွေက ဝမ်းသာကြသည်။ တစ်ခါမျှ မရယ်မပြုံးသည့် ဂျပန် ကပ္ပိတန်ကြီးသည် ပြုံးပြီး ကိုအဏ္ဏဝါ၏ ပခုံးကို ပုတ်သည်။ အထူး ကြိုးစားပြီး ပြောရသည့် အင်္ဂလိပ် စကားဖြင့် ပြောသည်။

"ရေဒီယို အော်ဖစ်ဆာ ခင်ဗျား သိပ်တော်တယ်၊ သင်္ဘောကုမ္ပဏီ က လူတွေဟာ အရူးတွေကွ၊ ငါ့ကိုပါ အရူး လုပ်တယ်"

ကပ္ပိတန်သည် သူ့သင်္ဘောကို မူလလမ်းကြောင်းသို့ ပြန်လည် ဦးတည်ရန် အမိန့်ပေးလိုက်သည်။ ဂျပန်နိုင်ငံ၊ မိဇူရှီးမားသို့ ခုတ်မောင်းရန်

http://www.linhtet.com



ဖြစ်သည်။ ကိုအဏ္ဏဝါ၏ ပေါ့ဆမှုကြောင့် နောက်နေ့မှ မရှိဘဲ အတော် ခရီးရောက်သွားခဲ့ပါသည်။

## သံဖြူဇရပ်ဒေါ်သနှင့် ဟီရိုရှီးမား မျက်ရည်

၁၄-ရက်နေ့က စပြီး စင်ကာပူ ရေဒီယိုကို အဆက်မပြတ် နားထောင်သည်။ ဂျပန် ကျွန်းတွေနား ရောက်လာပြီ ဖြစ်လို့ ဂျပန်က ချီရှီရေဒီယိုကိုလည်း နားထောင်သည်။ မိမိ ဆက်သွယ်ရမည့် ရေဒီယိုကို ဂရုစိုက်ပြီး နားမထောင်မိခြင်း၏ အကျိုးကို ကောင်းကောင်း သိသွားပြီ ဖြစ်သည့် ကိုအဏ္ဏဝါသည် အထူး ဝီရိယ ကောင်းနေသည်။



ကိုအဏ္ဏဝါနှင့် ကိုစိုးဝင်းဦး

၁၅-ရက်နေ့မှာ ဂျပန်ကျွန်းတွေထဲကို ဝင်နေပြီ ဖြစ်သည်။ ဂျပန် ရေဒီယို စတေရှင်မှာ ကိုအဏ္ဏဝါအတွက် ဘာကြေးနန်းမျှ မရှိသော်လည်း

http://www.linhtet.com



စင်ကာပူ ရေဒီယို စတေရှင်မှာ ကြေးနန်း ရှိနေပြန်သည်။ စင်ကာပူက ကြေးနန်းကို ဖမ်းယူလိုက်သည်။ ကြေးနန်းက အောက်ပါအတိုင်း ဖြစ်သည်။



ဒုထမင်းချက် အုန်းမြင့်၊ ထမင်းချက် ကိုစိုးဝင်းဦးနှင့် စားပွဲထိုး အောင်မျိုးခင်

(ပင်လယ်ကွေ့ ချာတာ ဝင်ရမည် ဖြစ်၍ မတ်ဆူယားမားမြို့ရှိ ယိုကို သင်္ဘောကျင်းတွင် ဆီချ မော်နီတာ (OIL DISCHARGE MORNITOR) တပ်ဆင်မည်။ တပ်ဆင်ပြီးပါက ယိုကိုင်ရှီတွင် ဆီတင်၍ ပင်လယ်ကွေ့သို့ သွားရမည်) ဟု ဖြစ်သည်။

ကိုအဏ္ဏဝါ ပျော်သွားသည်။ လောလောဆယ် သင်္ဘော မရောင်း ဖြစ်သေးတာ သေချာသွားပြီ ဖြစ်လို့ ပျော်သွားခြင်း ဖြစ်သည်။ သို့သော် ပင်လယ်ကွေ့သို့ သွားရမည်ဆိုသည့်အတွက် နည်းနည်းတော့ လန့်သွား

http://www.linhtet.com



သည်။ ပင်လယ်ကွေ့မှာ အီရန်နှင့် အီရတ်တို့ စစ်ဖြစ်နေကြသည်။ ပင်လယ်ကွေ့ထဲကို ဝင်လာသည့် သင်္ဘောတွေကို မကြာခဏ မှားယွင်း ပစ်ခတ်နေကြသည်။




အကီစာဆာကီရွာကလေးရဲ့ဘူတာရုံမှာ
ကိုအဏ္ဏဝါ၊ ကဒက် မင်းအောင်နှင့် ဒုတိယအရာရှိ ဘိုဘိုအောင်

၁၆-ရက်နေ့တွင် မတ်ဆုယားမားမြို့ကို ရောက်သည်။ အာကီ ဆာဇာကီရွာကလေး အနီးရှိ ယိုကို သင်္ဘောကျင်းအနီးမှာ ကျောက်ချ သည်။ ယိုကိုသင်္ဘောကျင်းသည် ရေလုံသင်္ဘောကျင်းဖြစ်လို့ နက်ဖြန် ရေတက်ချိန်မှ လွှန်းကျင်းသို့ ဝင်ရမည်ဟု သိရသည်။

http://www.linhtet.com



၁၇-ရက်နေ့ နံနက်မှာ လွှန်းကျင်းကို ဝင်သည်။ သင်္ဘော လွှန်းတင် ပြီးသောအခါ ကိုအဏ္ဏဝါမှာ ဘာအလုပ်မှ မရှိတော့လို့ ကင်မရာ တစ်လုံးဖြင့် လျှောက်လည်တော့သည်။ ပထမ အရာရှိ ကုလားကြီး မစ္စတာဆမ်ဘီဆင်း၊ ကိုစိုးဝင်းဦးတို့နှင့်အတူ အာကီဆာဇာကီ ရွာကလေး ထဲ လျှောက်လည်သည်။ ရွာဦးထိပ်က ဇင်ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း ကလေးကို သွားကြည့်ကြသည်။ တောင်ကုန်းပေါ်က ဘုန်းကြီးကျောင်း ကလေးသည် လူတစ်ယောက်မျှ မရှိသည့်အလား တိတ်ဆိတ်ငြိမ်သက် နေသည်။ ကျောင်းကလေးရဲ့ ပရိဝုဏ်ကို ပြောင်နေအောင် တံမြက်စည်း လှည်းထားသဖြင့် ဘုန်းကြီး သို့မဟုတ် ကပ္ပိယ ရှိတာ သေချာသည်။ ကိုအဏ္ဏဝါတို့ လူစု စကားကျယ်ကျယ် ပြောသံကြားတော့ တစ်နေရာက လူတစ်ယောက် ထွက်လာပြီး လက်ဟန်ခြေဟန်ဖြင့် တားမြစ်သည်။ သူ့ဆရာ ဘုန်းကြီး တရားထိုင်နေတယ်၊ မဆူပါနဲ့ဆိုသည့် အဓိပ္ပာယ်



တောင်ပေါ်က
ဇင်ဗုဒ္ဓဘာသာ
ကျောင်းကလေး

http://www.linhtet.com





ဂျပန်မှာ သချိုင်းပါ မကျန်အောင်သွားလည်သော ကိုအဏ္ဏဝါ

ပါသည့် အမူအရာ လုပ်ပြသည်။ ကိုအဏ္ဏဝါတို့ လူစု ပါးစပ် ပိတ်သွားကြသည်။ မနေဝံ့တော့လို့ တောင်ပေါ်က ပြန်ဆင်း လာခဲ့ကြသည်။



မစ္စတာဆမ်ဘီးနှင့် ကိုစိုးဝင်းဦး

http://www.linhtet.com



ကြောက်စရာ မဟာ ဇကေစာ စရဏ ပုဂ္ဂိုလ်တွေပါလားဟု တွေးလိုက်မိပါသည်။



မစ္စတာဆမ်ဘီဆင်းနှင့် ကိုအဏ္ဏဝါ

၁၈-ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်လို့ ဒုတိယ အရာရှိ ဘိုဘိုအောင်၊ တတိယ အရာရှိကို ခင်မောင်မင်းတို့နှင့် အတူ လျှောက်လည်ကြသည်။ အာကီဆာဇာကီ ရွာကလေးရဲ့ ဘူတာရုံကလေးမှ ရထားစီးပြီး မီဟားရားဆိုတဲ့ မြို့ကို သွားလည်ကြသည်။ ဓာတ်ပုံတွေ ရိုက်ကြသည်။ နှစ်ပေါင်းများစွာ ကတည်းက ရောက်ဖူးချင်နေခဲ့တဲ့ ဂျပန်နိုင်ငံ၊ တောရွာပါ မကျန်အောင် လျှောက်လည်မဟဲ့ဆိုတဲ့ စိတ်ဖြင့် သွားလို့ရသမျှ သွားပစ်လိုက်သည်။



ကဒက်မင်းအောင်၊ ဒုတိယအရာရှိ ဘိုဘိုအောင်၊
တတိယအရာရှိ ခင်မောင်မင်း

နောက်နေ့တွေမှာလည်း အာကီဆာဇာကီ ရွာကလေးထဲကို သွားလည်သည်။ ကပ္ပိတန် ဦးနီ၊ ကုလားကြီး ဆမ်ဘီဆင်းတို့နှင့် အတူ မီဟားရားမြို့ကို သွားလည်ပြန်သည်။ ကိုအဏ္ဏဝါက ရောက်ဖူးပြီးသူ ဖြစ်လို့ လမ်းပြပုံစံဖြင့် လိုက်ပါသွားရခြင်း ဖြစ်သည်။ သင်္ဘောမှာ မနေဘဲ လျှောက်သွားနေတတ်သည့် ကိုအဏ္ဏဝါကို ကိုခင်မောင်မင်းက အဖော်ညှိသည်။

"အာအိုကြီး ဟီရိုရှီးမားမြို့ကို သွားလည်ကြမယ်၊ လိုက်မယ် မဟုတ်လား"

"လိုက်မယ်၊ ဘယ်လောက်ဝေးလဲ"

"ဘယ်လောက်ဝေးသလဲတော့ မသိဘူး၊ ကျည်ဆန်ရထားနဲ့ သွားရမှာ၊ မနက်သွား ညနေပြန်လို့ ရပါတယ်"

"သွားမယ်၊ လိုက်မယ်"

http://www.linhtet.com



၂၂-ရက်နေ့ မနက်မှာ တကယ် သွားကြတော့မယ် ဆိုတော့ ကိုအဏ္ဏဝါနဲ့ ကိုခင်မောင်မင်း နှစ်ယောက်တည်းသာ သွားဖြစ်သည်။ မီဟားရားမြို့မှ နံနက် ရှစ်နာရီတွင် ကျည်ဆန်ရထားကို စီးပြီး ဟီရိုရှီးမား မြို့ကို သွားကြသည်။ ရထားခ ယန်း ၈၀၀ ထင်ပြီး ဝယ်ခဲ့မိသည်။ ဟီရိုရှီးမား ရောက်တော့ ဂိတ်ပေါက်က ထွက်မရ ဖြစ်နေတော့သည်။ ဂိတ်ဖွင့်ပေးရန် လက်မှတ်ကလေးကို အပေါက်ထဲ ထိုးသွင်းလိုက်တိုင်း ပြန်ကန်ထွက်လာသည်။ ကိုအဏ္ဏဝါနှင့် ခင်မောင်မင်းကို ဘူတာရုံ အပြင်ဘက်ကို ထွက်လို့ မရတော့ဘဲ ဘူတာရုံထဲက ပလက်ဖောင်းမှာပဲ ရပ်နေကြရတော့သည်။



ကဒက် မင်းအောင်၊ တတိယအရာရှိ ခင်မောင်မင်း၊ ကိုအဏ္ဏဝါ

ဘယ်သူ့ကို အကူအညီ တောင်းရမှန်း မသိ ဖြစ်နေသည်။ ရဲသားတစ်ယောက်ကို တွေ့လို့ လက်ဟန်ခြေဟန်ဖြင့် ပြောပြသည်။ ရဲသားကလည်း ဘယ်အရပ်က လာခဲ့ကြတာလဲဆိုတာကို လက်ဟန်ခြေဟန်ဖြင့် မေးသည်။ မြေပုံကို ထောက်ပြပြီး မီဟားရားမြို့က လာခဲ့ကြတာပါလို့

http://www.linhtet.com



ပြန်ပြောလိုက်သည်။ ရဲသားက လက်ခါခါ ခြေခါခါဖြင့် မရဘူးလို့ ပြန်ပြောသည်။ နောက်ထပ် ယန်း ၂၀၀-တန် လက်မှတ် တစ်ယောက် တစ်စောင်စီ ဝယ်ပါဟု ပြောသည်။ သူ ပြောသလို လက်မှတ် ဝယ်ပြီး ထွက်ပေါက်ထဲကို ထိုးသွင်းလိုက်တော့မှ တံခါးပွင့်သွားသည်။ ဂျပန်မှာက လက်မှတ် ရောင်းသူလည်း မရှိ၊ မသိလို့ မေးတော့လည်း အင်္ဂလိပ်လို့ ပြောတတ်သူ မရှိလို့ အတော် ဒုက္ခရောက်သည်။ နေရာတကာမှာ စက်ကိရိယာတွေကို သုံးတာဟာ တစ်ခါတလေမှာ လူတွေအတွက် အခက်တွေ့ရသည်။

ဘူတာရုံအပြင်ရောက်တော့ တိုင်စီတစ်စီး ခေါ်လိုက်သည်။ တိုင်စီ သမားကလည်း အင်္ဂလိပ်လို ပြောလို့ မရသည့်အတွက် လက်ဟန် ခြေဟန်ကိုပဲ အားကိုးကြရသည်။ ဟီရိုရှီးမား မီမိုရီရယ်ပက်ခ်လို့ ပြော လိုက်တော့ နားလည်သွားပါသည်။ ဟီရိုရှီးမားမြို့ကို လာကြသည့်



ကိုခင်မောင်မင်းနှင့် ကိုအဏ္ဏဝါတို့
ကျည်ဆန်ရထားကိုစီးပြီး ဟီရိုရှီးမားကို သွားခဲ့ကြသည်

http://www.linhtet.com



နိုင်ငံခြားသား ဧည့်သည် မှန်သမျှ အဏုမြူဗုံး ကျ သည့်နေရာကိုပဲ သွားမှာပဲ ဆိုတာ သိထားဟန် တူ သည်။ အဏုမြူဗုံး ကျခဲ့ သည့် နေရာမှာ အမှတ် တရ ပြုလုပ်ထားသည့် ဥယျာဉ်ကြီးနှင့် ပြတိုက် ရှိရာကို မောင်းချ သွား တော့သည်။

ဥယျာဉ်ကြီးအတွင်း ကို ဝင်ရောက်သွား တယ် ဆိုလျှင်ပဲ လွမ်းသူ ပန်းခွေ တွေ၊ ပန်းခြင်းတွေ၊ ပန်း စည်းတွေဖြင့် ဝင်းရံထား သည့် တောင်ကုန်းလေး တစ်ခုကို တွေ့ရသည်။



အဏုမြူဗုံးဒဏ်ကို ကြံ့ကြံ့ခံခဲ့သည့် ကမ္ဘာကျော် အဆောက်အအုံ

တောင်ကုန်းလေးကို သံတိုင် နိမ့်နိမ့်လေးတွေ စိုက်ပြီး ဝန်းခတ်ထား သည်။ ဝန်းထရံမှာ ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ကလေးမှာ (နာမည်ပင် မသိလိုက်သူတို့၏ အလောင်းတွေကို စုပုံပြီး မြှုပ်နှံထားသည့် နေရာ) ဟု ရေးသားထားသည်။

ဥယျာဉ်ကြီးအတွင်း တစ်နေရာမှာတော့ စီကိုနာရီ ကုမ္ပဏီက တည်ဆောက်ထားသည့် နာရီစင်ကြီးကို တွေ့ရသည်။ နှစ်စဉ် ဩဂုတ်လ (၆) ရက်၊ နံနက် ၈-နာရီ ၁၅ မိနစ် ရောက်တိုင်း လွမ်းဆွေး ကြေကွဲဖွယ် သံစုံတီးပါသည်ဟု ရေးထားသည်။ အဏုမြူဗုံး ကျခဲ့သည့် နေရာနှင့် ကိုက် ၃၀၀ အကွာမှာ တချို့တစ်ဝက် ပျက်စီးပြီး ထီးတည်းကြီး ကျန်နေသည့် အဆောက်အအုံကိုလည်း လှမ်းမြင်နေရသည်။

http://www.linhtet.com



ပြတိုက်ကြီးထဲကို ဝင်ကြေး ယန်း ၂၀၀ ပေးရသည်။ ဝင်လာသူ တိုင်းကို အသံသွင်းထားသည့် ကက်ဆက်အသေးလေး တစ်လုံးစီ ပေးပါသည်။ ဂျပန်လို နားမလည်လျှင် အင်္ဂလိပ်လို နားထောင်နိုင်သည်။ ပြတိုက်ကြီး၏ အခန်းတိုင်းမှာ ပြသထားသည့် ပြကွက်တွေကို ရှင်းပြ ပေးနေသည်။



အဏုမြူဗုံး ကျသည့်နေရာမှာ ကိုအဏ္ဏဝါ

အဏုမြူဗုံး မကျမီက ဟီရိုရှီးမားမြို့ပုံကို ရုပ်လုံးရုပ်ကြွပုံဖြင့် ပြသထားသည်။ ၁၉၄၅-ခုနှစ်၊ ဩဂုတ်လ ၆-ရက်၊ နံနက် ၈-နာရီ ၁၅-မိနစ်မှာ အဏုမြူဗုံး ကျပြီးနောက်၊ မြို့ကြီး တစ်မြို့လုံး ပြောင် သလင်း ခါသွားပုံကိုပါ ရုပ်လုံးရုပ်ကြွ ပုံစံငယ်များဖြင့် ပြသထားသည်။ အဏုမြူဗုံးဒဏ် ခံလိုက်ကြရသည့် မိသားစုပုံတွေကို မြင်ရတော့ ကိုအဏ္ဏဝါ မျက်ရည်စို့လာသည်။

ကိုအဏ္ဏဝါသည် ဂျပန်ခေတ်မှာ မွေးဖွားခဲ့သူဖြစ်လို့ ဖက်ဆစ်ဂျပန်တွေကို အလွန် ကြောက်ခဲ့မုန်းခဲ့သည်။ ချွေးတပ် အဆွဲခံရပြီး သံဖြူဇရပ်သို့ အပို့ခံရသည့် ဆွေမျိုးတွေအတွက် ဒေါသ ထွက်ခဲ့သည်။ အဲဒီဒေါသတွေသည် ဟီရိုရှီးမား ပြတိုက်ကြီး အတွင်းမှာ ကျခဲ့သည့် မျက်ရည်များတွင် မျောပါသွားတော့သည်။ (၁၉၈၅-ခု၊ ဩဂုတ်လထုတ်၊ စစ်ပြန်မဂ္ဂဇင်း၊ စာ-၁၁၆ မှာ ဖတ်နိုင်ပါသည်။)

## အိုကာမိုတိုမှ ဦးနီသို့

၂၅-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ ရေပြည့်ချိန်မှာ လွန်းကျင်းမှ ဆင်းသည်။ ဂျပန် ပင်လယ်ပြင်မှာ မုန်တိုင်းတစ်ခု ဖြစ်ပေါ်နေ၍ လွန်းကျင်းမှ ဆင်းသည်နှင့် သင်္ဘော လှုပ်ခါ လူးလိမ့်နေသည်။ ဂျပန်ကပ္ပိတန်က မိုးလေဝသ သတင်းကို တစ်နေ့ လေးကြိမ် ဖမ်းပေးပါဟု မေတ္တာရပ်ခံသည်။ ကိုအဏ္ဏဝါ အထူး ဂရုစိုက်နေရသည်။

၂၆-ရက်နေ့မှာ နာဂိုယာမြို့ အနီးက ယိုကိုင်ရှီး ဆိပ်ကမ်းသို့ ရောက်ပြီး အင်ဂျင်ဝိုင်တွေ တင်သည်။ ဆီတင်တာကလည်း အလွန်မြန်သည်။ ညနေဘက်တွင် ဆီတင်ပြီးလို့ သင်္ဘောပြန်ထွက်ရသည်။ မုန်တိုင်းဒဏ်ကြောင့် သင်္ဘော လူးလိမ့်နေသည်။

၂၇-ရက်နေ့မှာတော့ တိုင်ဖုန်း မုန်တိုင်းကို ကြောက်ပြီး အိဇုမိဆာနိုဆိုသည့် မြို့လေးနားမှာ ခိုပြီး ကျောက်ချ ရပ်နားလိုက်ရတော့သည်။ ဂျပန်နိုင်ငံ မြို့တစ်မြို့မှာ မုန်တိုင်းဒဏ်ကြောင့် အပျက်အစီးအတော် များတာကို ရုပ်မြင်သံကြားမှာ မြင်နေရသည်။ တောင်တွေပြိုကျသည်။ လမ်းတွေ ပွဲကျပြီး ရေထဲမျောပါသွားတာ မြင်တွေ့ရသည်။

၂၉-ရက် နေ့တွင် မုန်တိုင်း စဲသွားသည်။ အီဇုမိဆာနိုမှ နံနက်-၆ နာရီမှာ ကျောက်ဖော်ပြီး ဆက်ထွက်သည်။ မီဇူရှိမားမြို့ကို နေ့လယ်မှာ ရောက်သွားသည်။ မီဇူရှိမားမြို့တွင် အင်ဂျင်ဝိုင် အကောင်းစားတွေ ဆက်တင်သည်။ နက်ဖြန်မှ သင်္ဘော ထွက်မည်ဆို၍ မီဇူရှီးမားမြို့ထဲကို လျှောက်လည်သည်။ မိဆုဘီရှိကားတွေ ထုတ်လုပ်နေသည့်

http://www.linhtet.com



စက်ရုံကြီးကို မြင်ခဲ့ရသည်။ မော်တော်ကား တံခါးတွေချည်း လုပ်နေသည့် နေရာကို အဝေးက လှမ်းမြင်နေရသည်။ နောက်တစ် နေရာမှာ ဘောနစ် (စက်အဖုံး)တွေချည်း လုပ်နေတာ တွေ့ရပြန်သည်။ စက်ရုံကြီးကို တစ်ပတ်ပြည့်အောင် လှည့်ကြည့်ကြမယ်ဆိုပြီး ပတ်လမ်းအတိုင်း လျှောက် ကြည့်မိတာ ငါးပါးမက သံဃာစင်ပါ မှောက်ပါလေတော့သည်။

စက်ရုံကြီးသည် ကြီးလွန်းသည့်အတွက် ပတ်လို့ မဆုံးနိုင် ဖြစ်နေ တော့သည်။ နောက်ကြောင်းပြန်လို့လည်း မထူးတော့သည့်အတွက် လမ်းဆုံးအောင် ဆက်ပတ်လိုက်ကြတာ ငါးနာရီလောက် ကြာသွားသည်။ မှတ်လောက်သားလောက် ဖြစ်သွားသည်။ စက်ရုံကြီးသည် မြို့အပြင်က သဘော်ဆိပ်အနီးမှာ ဖြစ်လို့ တိုင်စီတွေလည်း တစ်စီးမှ မလာသော အရပ် ဖြစ်သည်။ ကိုယ့်ခြေထောက်ကိုပဲ အားကိုးပြီး လျှောက်လိုက်ကြ တာ သေလုမြောပါး ဖြစ်ခဲ့ရပါသည်။



ကပ္ပိတန်ဦးနီ၏ ပါတီပွဲမှာ ဘေဘီမြင့်သန်း၊ ကိုအဏ္ဏဝါ၊ ဘိုဆင် သော်သော်အောင်၊ ကဒက် မိုးကျော်ဝေတို့ ပျော်နေကြပုံ

http://www.linhtet.com



၃၀-ရက်နေ့ နံနက် ၈-နာရီတွင် မီဇူရှီမားမှ သင်္ဘောထွက်သည့် အခါ ဆိပ်ခံဖောတံတားပေါ်မှ လက်ပြနှုတ်ဆက်ပြီး ကျန်နေခဲ့သော ဂျပန်ကပ္ပိတန်ကြီး အိုကာမိုတိုကို တွေ့လိုက်ရပါတော့သည်။ ကိုအဏ္ဏဝါ သည် သင်္ဘောကုန်းပတ်ပေါ်မှ ရပ်ပြီး အလေးပြုလိုက်ရာ ဂျပန်ကပ္ပိတန် ကြီးက ပြန်ပြီး အလေးပြုပါသည်။ မစ္စတာ အိုကာမိုတိုသည် ဂျပန်ရေတပ် က အငြိမ်းစားယူပြီး သင်္ဘောလိုက်နေသူဟု သိရသည်။ ကိုအဏ္ဏဝါက လည်း မြန်မာရေတပ်က အငြိမ်းစားယူပြီး သင်္ဘောလိုက်နေသူ ဖြစ်လို့ ရေတပ်သားအချင်းချင်း နှုတ်ဆက်နည်းဖြင့် နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။ ကပ္ပိတန်ဦးနီ၏ တိုက်ရိုက်အုပ်ချုပ်မှု (ကွမ်မန်း)ဖြင့် သင်္ဘော ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။



ကိုစိုးဝင်းဦးနှင့် မစ္စတာဆမ်ဘီဆင်း

၁-၁၀-၈၃ နေ့သည် စနေနေ့ ဖြစ်သည့်အပြင် ကပ္ပိတန် ဦးနီ၏ ရာထူးရသည့် အထိမ်းအမှတ် ပါတီပေးသည့် နေ့လည်း ဖြစ်သည်။ မြန်မာကပ္ပိတန်နှင့် မြန်မာသင်္ဘောသားတွေ အတူတွဲပြီး အလုပ် လုပ်ရမည်ဆိုသည့် သဘောဖြင့် ပါတီပွဲမှာ ပျော်ပျော်ပါးပါး သောက်စား ကြသည်။ ကုန်းပတ် ပထမအရာရှိ တစ်ဦးသာ အိန္ဒိယနိုင်ငံသား ဖြစ်နေသည်။ ကုလားကြီး ဆမ်ဘီဆင်းကလည်း မြန်မာတွေကြားထဲ

http://www.linhtet.com



တစ်ယောက်တည်းနေရလို့ မြန်မာ သင်္ဘောသားတွေနှင့် သင့်မြတ်အောင် နေသည်။ အထူးသဖြင့် ကိုအဏ္ဏဝါကို အထူး ခင်မင်သည်။

## မြန်မာနိုင်ငံက သတင်းဆိုး

ကိုအဏ္ဏဝါတို့ သင်္ဘောသည် တောင်တရုတ်ပင်လယ်ကို ဖြတ်ကျော်နေပြီ ဖြစ်သည်။ သင်္ဘောပေါ်မှာ တင်လာသည့် အင်ဂျင်ဝိုင်တွေကို ဘယ်ကို သွားပို့ရမလဲလို့ ကပ္ပိတန်ကို မေးကြည့်သည်။ ဘုံဘေကို သွားပို့ရမယ်လို့ အကြမ်းဖျင်း သိထားကြောင်းသာ ဖြေသည်။ စင်ကာပူကို ရောက်တော့မှ တိတိကျကျ သိရမည်ဟု ပြောသည်။

၇-ရက်နေ့မှာ စင်ကာပူရုံးက ပို့သည့် ကြေးနန်းတစ်စောင် ဝင်လာသည်။ စက်အမြန်နှုန်းမြင့်ပြီး စင်ကာပူကို ရောက်အောင် လာပါဟူ၍ ဖြစ်သည်။ ဘာကိစ္စများ အရေးကြီးလို့ပါလိမ့်ဟု တွေးကြရတော့သည်။ ဂျပန်မှာ မုန်တိုင်းဝင်ခိုတာ နှစ်ရက်လောက် ကြာသွားသည့်အတွက် ရက်စားကျေအောင် မြန်မြန်လာပါဟု ပြောတာလည်း ဖြစ်နိုင်သည်ဟု တွေးကြရတော့သည်။

၉-ရက်နေ့မှာ စင်ကာပူကို ရောက်သည်။ ဆီ၊ ရေ၊ ရိက္ခာ ဖြည့်သည်။ ကုမ္ပဏီရုံးက လူကြီးတွေ သင်္ဘောကို ရောက်လာကြပြီး ကပ္ပိတန်နှင့် စကားပြောကြတာ တွေ့ရသည်။ ဘုံဘေကို အမြန်ဆုံး ရောက်အောင် သွားခိုင်းသည်ဟု သိရသည်။ သင်္ဘော ဝယ်မည့်သူသည် ဘုံဘေမှာ စောင့်နေသည်ဟု သိရသည်။ သင်္ဘောပေါ်ကို တက်ရောက်ကြည့်ရှုသည့်အခါ လိုချင်စဖွယ်ဖြစ်အောင် အစစ လှပသန့်ရှင်းအောင် ဆောင်ရွက်ထားဖို့ ညွှန်ကြားသည်ဟု သိရသည်။ သင်္ဘောကို ရောင်းချင်နေပြီ ဖြစ်သည်။

စင်ကာပူကို ရောက်သော်လည်း ဒီနေ့ညနေပင် သင်္ဘောပြန်ထွက်မည် ဖြစ်၍ ဘယ်သူမျှ ကမ်းပေါ်မတက်ကြရဘဲ သင်္ဘောမှာပင် နေကြရသည်။ လုပ်စရာ ရှိတာတွေ လုပ်နေကြရသည်။ ညနေ ၆-နာရီခွဲမှာ စင်ကာပူမှ ထွက်ခွာလာခဲ့ပါသည်။

http://www.linhtet.com



၁၀-ရက်နေ့တွင် မလက္ကာ ရေလက်ကြားကို ဖြတ်ကျော်နေသည်။ ကိုအဏ္ဏဝါသည် အလုပ် အားသည့် အချိန်တွေမှာ နိုင်ငံတကာက လွှင့်ထုတ်နေသည့် ရေဒီယို အသံလွှင့်ချက်တွေကို ဖမ်းယူ နားထောင်လေ့ ရှိသည်။ ဘီဘီစီ၊ ဗွီအိုအေနှင့် ရေဒီယို သြစတေးလျ အသံလွှင့်ချက်တွေမှာ ဘားမား၊ ဆော့သ်ကိုရီးယား၊ ချန်ဒူးဝှမ်ဆိုသည့် အသံတွေကို မကြာခဏ ကြားနေရသည်။ မြန်မာပြည်မှာ တစ်ခုခု ဖြစ်နေပြီဆိုတာ သေချာပြီလို့ နားလည်လိုက်သည်။ အင်္ဂလိပ် အသံလွှင့်ချက်တွေ ဖြစ်လို့ နားမလည် ဖြစ်နေသည်။

မြန်မာစံတော်ချိန် ညနေ ၆-နာရီမှာ လွှင့်သည့် ဗွီအိုအေ အသံလွှင့် အစီအစဉ်ကို ဖမ်းပြီး နားထောင်ကြည့်တော့မှ အထိတ်တလန့် ဖြစ်ရတော့သည်။ ယနေ့ ၁၀-၁၀-၈၃ နံနက်တွင် အာဇာနည်ကုန်းမှာ ဗုံးပေါက်လို့ တောင်ကိုရီးယားနိုင်ငံက အကြီးအကဲတွေ သေဆုံးကုန်ကြောင်း သိရတော့သည်။ အမေရိကန်နိုင်ငံကတော့ မြောက်ကိုရီးယားရဲ့ လက်ချက် ဖြစ်တယ်လို့ စွပ်စွဲကြောင်း အသံလွှင့် ကြေညာသွားသည်။

ကိုအဏ္ဏဝါသည် သတင်းထူး သတင်းဦးကို သင်္ဘောပေါ်ရှိ သင်္ဘောသားတွေ အားလုံးကို တစ်ဆင့်ဖောက်သည်ချ ပြောပြလိုက်သည်။ အားလုံး အံ့သြကုန်ကြသည်။ မိမိတို့နိုင်ငံ၏ လုံခြုံမှု လျော့ရဲ အားနည်းတာကို နိုင်ငံတကာက သိသွားပြီ ဖြစ်သည့်အတွက် ရှက်ဖွယ်လိလိ ဖြစ်ရပြီဟု စိတ်မကောင်း ဖြစ်ကုန်ကြသည်။ ဒီသတင်း၏ နောက်ဆက်တွဲ ဖြစ်ရပ်တွေကို နေ့စဉ် နားထောင်ပြီး သင်္ဘောသားတွေ သိအောင် ပြန်ပြောပြ ပေးနေရသည်။ ပုဇွန်တောင် ချောင်းထဲမှာ ဖမ်းမိသည့် မြောက်ကိုရီးယား သူလျှို သတင်းတွေကိုလည်း ပြောပြပေးရသည်။ ဂြိုဟ်တု ရုပ်မြင်သံကြား သတင်းမှာလည်း မသင်္ကာဖွယ်ရာ သင်္ဘောတစ်စီးရဲ့ ပုံကို အဆက်မပြတ် ထုတ်လွှင့်ပြသနေသည်။

သင်္ဘောသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရဲ့ အပြင်ဘက်မှာ ကျောက်ချထားသည်။ အဖြူရောင် ဖြစ်သည်။ အမေရိကန် ဂြိုဟ်တုက အဲဒီ သင်္ဘောကို စက္ကန့်မလပ် စောင့်ကြည့်နေသည်။ ဒီသင်္ဘောသည်

http://www.linhtet.com



လွန်ခဲ့သည့် ငါးရက်လောက်က မြန်မာပြည်က ထွက်ခွာလာပြီး တစ်စုံတစ်ယောက်ကို စောင့်နေသည့် ပုံဖြင့် ကျောက်ချထားနေတာ ဖြစ်သည်ဟု ဆိုသည်။

ဘင်္ဂလား ပင်လယ်ကြီးကို ဖြတ်ကျော်နေစဉ်မှာတော့ နိုင်ငံတကာက လွှင့်ထုတ်နေသည် ဂြိုဟ်တု သတင်းတွေကို နေ့စဉ် နားထောင်နေရတော့သည်။ ကွမ်းခြံကုန်းဘက်မှာ နောက်ထပ် ဖမ်းမိသည့် မြောက်ကိုရီးယား သူလျှိုတစ်ယောက် အကြောင်းကိုလည်း ကြားသိရသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောသည် သီရိလင်္ကာအနီးကို ရောက်သောအခါ မြောက်ကိုရီးယား သင်္ဘောကို တွေ့လိုတွေ့ငြား ရှာကြည့်သေးသည်။ မတွေ့တော့ပါ၊ ထွက်ခွာသွားပြီဟု ယူဆရသည်။

❐

[ ၆ ]

## ဆရာများတဲ့ ကိုအဏ္ဏဝါ

ကိုအဏ္ဏဝါသည် ဘုံဘေကို ဒုတိယအခေါက် ရောက်တော့မည် ဖြစ်သည်။ ဘုံဘေရေဒီယို စတေရှင်၏ အထာလေးတွေကို သိထားပြီး ဖြစ်သည်။ အင်္ဂလိပ် လက်အောက်မှာ နှစ်ပေါင်း တစ်ရာကျော် နေခဲ့ရလို့ စရိုက် ကောင်း အလေ့အကျင့်ကောင်းတွေ ရှိခဲ့ဖူးသော်လည်း လွတ်လပ်ရေး ရပြီး နှစ်ပေါင်း ၅၀မျှ ကြာလာသောအခါ အင်္ဂလိပ်က လေ့ကျင့် ပေးခဲ့သည့် ဝန်ထမ်းကောင်း စရိုက်တွေ တဖြည်းဖြည်း ပျောက်ကုန်ကြသည်။ မျိုးဆက်သစ် လူတွေက စရိုက်ပျက်ပြီး ဆက်လက်မထိန်းသိမ်း ကြတာ လည်း ဖြစ်နိုင်သည်။ ဘုံဘေရေဒီယို စတေရှင်သည် နှစ်နာရီမှာ တစ်ခါ သာ အလုပ်,လုပ်တော့သည်။ ကျန်တဲ့အချိန်တွေမှာ သေရေးရှင်ရေးပင် ဖြစ်စေဦးတော့ ဘုံဘေရေဒီယိုကို ခေါ်ပြီး အကူအညီ တောင်းလို့ကတော့ ပြန်မထူးတာ သေချာသည်။

### ဘုံဘေမြို့က ဆင်ဂူ

၁၇-ရက်နေ့ ညနေ သုံးနာရီတွင် ဘုံဘေကို ရောက်သွားသည်။ လောလောဆယ် ဆိပ်ကမ်းကပ်ခွင့် မရသေးလို့ ကျောက်ချနေရသည်။

http://www.linhtet.com



ဘုံဘေမှာ ဆိပ်ကမ်း ကပ်ခွင့် ရရှိရေးသည် နားလည်မှုတွေနဲ့ ဆက်စပ်နေသည်။ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က တာဝန်ရှိသူအတွက် ဘာလက်ဆောင်ပစ္စည်း ပါလာပါတယ် ဆိုတာကို ရေဒီယို တယ်လီဖုန်းဖြင့် လှမ်းပြောထားလိုက်ရသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောအတွက် တစ်ပန်းသာတာက ပထမကုန်းပတ်အရာရှိသည် ဘုံဘေမြို့သား ကုလားကြီး ဖြစ်နေလို့ သူတို့ဘာသာစကားဖြင့် ပြောနိုင်သည့်အတွက် ဖြစ်သည်။ ကပ္ပိတန် ဦးနီသည်လည်း ဒါဂျီလင်တွင် ရေကြောင်းသိပ္ပံ ကျောင်းတက်ခဲ့သူ ဖြစ်လို့ကုန်းပတ် ပထမအရာရှိ ကုလားကြီးနဲ့ အဖွဲ့ကျနေတော့သည်။ ဘာပဲဖြစ်ဖြစ် ဘုံဘေဆိပ်ကမ်းနှင့် သင်္ဘောတို့ အပေးအယူ ရှိရသည်။ ဒီတစ်ခေါက်အတွက် စင်ကာပူရုံးက ဒင်နာဆက် (ရှစ်ယောက်စား၊ ထမင်းစား ပန်းကန်နှင့် ဟင်းစားပန်းကန်တွေ) တစ်စုံနှင့် တယ်လီဖုန်းလှလှလေး တစ်လုံး ပါလာတာတွေ့ရသည်။

၁၈-ရက် နေ့မှာ အင်ဒရာဒေါက်ကို ဝင်ကပ်သည်။ ဆီ တစ်ဝက်ချရမည်ဟု သိရသည်။ သင်္ဘော ဆိပ်ကမ်း ကပ်ပြီးလျှင် အလုပ် မရှိတော့သည့် ကိုအဏ္ဏဝါကတော့ လျှောက်လည်တော့သည်။ သင်္ဘောကိုလာပြီး လက်ဆောင်ပစ္စည်း လာယူသည့် အဂျင့်ကားဖြင့် မြို့ထဲလိုက်သွားသည်။ အက်ဒ်မယ်ရယ် ဟိုတယ်မှာ ဒေါ်လာနှင့် ရူပီး လဲသည်။ ကိုယ့်ဘာသာ လိုင်းကားစီးပြီး သင်္ဘောကို ပြန်သည်။

နေ့လယ်စာ စားပြီး ကိုစိုးဝင်းဦးနှင့်အတူ ထွက်ကြပြန်သည်။ မြို့လယ်ကောင်က ဝေလမင်းသား ပြတိုက်ကြီးကို ဝင်ကြည့်ကြသည်။ ပြတိုက်ထဲမှာ မြန်မာပြည်က ပစ္စည်းတွေလို့ ယူဆရသည့် ရွှေထည်ပစ္စည်းတွေကို မြင်ခဲ့သည်။ ရွှေချည်ထိုး ပစ္စည်းတွေနှင့် မြန်မာ ငှက်ကြီးတောင်ခမ်းကိုလည်း တွေ့ခဲ့သည်။

ညနေစောင်းလာတော့ ထုံးစံအတိုင်း ကမာရီပူရား ရပ်ကွက်ထဲရောက်သွားကြပြန်သည်။ နိုင်ငံတကာက လာကြသည့် သင်္ဘောသားတွေနှင့် ကမ္ဘာလှည့် ခရီးသည်တွေ ဝင်ထွက် သွားလာနေတာ တွေ့ရသည်။ ပျော်ပါးဖို့ လာသူတွေရှိသလို ဗဟုသုတရှာဖို့ လာသူတွေလည်း

http://www.linhtet.com



ရှိသည်။ ဒီရပ်ကွက်ထဲမှာ လူမှုဘဝမျိုးစုံကို တွေ့နိုင်သည်။ အတန်းကြီးကို နှံ့အောင် လျှောက်ကြည့်ပြီး ညနေမိုးချုပ်မှ သင်္ဘောကို ပြန်ခဲ့ကြသည်။

၁၉-ရက်နေ့သည် ကိုအဏ္ဏဝါ၏ လုပ်သက် သုံးလပြည့်သော နေ့ဖြစ်သည်။ အင်ဒရာဒေါက်မှ ပီယာပေါင်ဟု ခေါ်သော ရေနံချက်စက်ရုံ ဆိပ်ကမ်းကို ရွှေ့ပြီး ဆီချသည်။ ကိုအဏ္ဏဝါ၏ ကိုယ်ပေါ်မှာ အင်ပြင်ဟု ခေါ်သော ယားဖုယားပိမ့်တွေ ပေါ်လာသည်။ ခင်မင်သူတွေက နောက်ပြောင်ကြသည်။ ရောဂါတွေ လက္ခဏာ ပြပြီဟု ဆိုကြသည်။ ဘယ်မှ မသွားဘဲ သင်္ဘောမှာပဲ ငြိမ်ကုပ်နေရသည်။

၂၀-ရက်နေ့မှာ ယားဖုတွေ သက်သာသွားသော်လည်း ကပ္ပိတန်ကို ပြောပြီး ဆေးခန်းသွားသည်။ မက္ကင်နွန် မက္ကင်ဇီလို့ ခေါ်သည့် အဆောက်အအုံကြီးမှာ ဆရာဝန်နှင့် ပြသည်။ ဆီး၊ သွေး စစ်သည်။ သွေးတိုး ၉၀/၁၃၀ ရှိသည်။ အိပ်ရာ မသန့်လို့ ဖြစ်တာဟု ပြောသည်။



ဘုံဘေမြို့က ဂိတ်ဝေးတူ အိန္ဒိယ မုဒ်ဦးကြီးရှေ့မှာ ကိုအဏ္ဏဝါ

http://www.linhtet.com



ကိုစိုးဝင်ဦးနှင့် အတူ ဆင်လိုင်ဂူလို့ ခေါ်သည့် အယ်လီဖင်တာကေ့ဗ်ကို သွားလည်ကြသည်။ ဘုံဘေမြို့ကို အင်္ဂလန်က ဝေလမင်းသားကြွရောက်လာစဉ်က ကြိုဆိုခဲ့ကြသည့် မုခ်ဦးကြီး (ဂိတ်ဝေးအော့ဗ်အိန္ဒိယ)မှ မော်တော်လေးဖြင့် ထွက်ခွာကြရသည်။ ၄၅-မိနစ်လောက်ကြာအောင် မော်တော်စီးပြီး သွားကြရသည်။ ဆင်လိုဏ်ဂူသည် ပင်လယ်ထဲက ကျွန်းလေး တစ်ကျွန်း ပေါ်မှာ ရှိသည်။



ဘုံဘေဆင်လှိုင်ဂူရောက် ကိုအဏ္ဏဝါ

ကျွန်းကလေးမှာ မော်တော်လေး ဆိုက်ကပ်လိုက်ပြီး ကျောက်သား လှေကားကြီးဖြင့် တောင်ပေါ်ကို တက်ကြရသည်။ တောင်ပေါ်ကို တက်ရာတွင် ကုန်းကြောင်းလျှောက်တက်လို့လည်း ရသည်။ ကျိုက်ထီးရိုး တက်သလို အထမ်းသမား ငှားလို့လည်းရသည်။ ကိုအဏ္ဏဝါနှင့် ကိုစိုးဝင်းဦးတို့ကတော့ ကုန်းကြောင်းလျှောက်ပြီး တက်ခဲ့ကြသည်။

တောင်ပေါ် ရောက်သွားတော့ သဘာဝ ကျောက်တုံးကြီးကို ထွင်းဖောက် ထုဆစ်ပြီး ပြုလုပ်ထားသည့် လိုဏ်ဂူကြီးကို တွေ့ရသည်။

http://www.linhtet.com





ဘုံဘေဆင်လှိုင်ဂူရောက် ကိုစိုးဝင်းဦး

လိုဏ်ဂူကြီးထဲမှာ အေဒီ-၇ ရာစုက ထုဆစ်ခဲ့သည့် ဟိန္ဒူဘုရား ရုပ်တုတွေကို တွေ့ရသည်။ လိုဏ်ဂူကြီးထဲမှာ သဘာဝအတိုင်း အလင်းရောင် ရအောင် သုံးဖက် မျက်နှာစာ ဖွင့်ထားသည့် ထောက်တိုင်လုံးကြီးများဖြင့် အလှအပ ပြုလုပ်ထားတာတွေ့ရသည်။ ဗိသုကာ လက်ရာသည် ရောမလက်ရာဆန်တာ တွေ့ရသည်။

ကိုအဏ္ဏဝါနှင့် ကိုစိုးဝင်းဦးတို့သည် ဝေးလံသည့် ခရီးကို ခိုးပြီး လာခဲ့ရသူတွေ ဖြစ်လို့ ဘုံဘေကို အချိန်မီ ပြန်ရောက်ဖို့ လိုသည့်အတွက် ဆင်ဂူရှိရာ ကျွန်းကလေးမှ စောစော ပြန်ခဲ့ကြပါသည်။

(ဘုံဘေမြို့က ဆင်လိုဏ်ဂူ အကြောင်းကို ၁၉၉၉-ခုနှစ်၊ မတ်လ ထုတ်၊ လပြည့်ဝန်း မဂ္ဂဇင်းမှာ ပြည့်ပြည့်စုံစုံ ရေးထားပါသည်။)

အဏ္ဏဝါစာပေ

http://www.linhtet.com





ကမ္ဘာလှည့်ခရီးသည်တွေကို ရှင်းပြပေးနေသည့် အမျိုးသမီးကြီး

## ကပ္ပိတန် ဦးသိန်းဇံသို့

၂၁-ရက်နေ့တွင် ဘုံဘေမှ သင်္ဘော ပြန်ထွက်ခွာသည်။ သင်္ဘော မထွက်မီလေးတင် စာတစ်စောင်ရေးပြီး အေးဂျင့်ကို ပေးထားခဲ့သည်။ စာက သူငယ်ချင်း ကိုဝင်းကြိုင်အတွက် ဖြစ်သည်။ စာအိတ်ထဲမှာ စတိုင်းလပ်စ်ပင်လို့ ခေါ်သည့် အပ်ချောင်းလေး အချောင်း ၂၀ တိတိ ထည့်ပေးလိုက်သည်။ ဒီအပ်ကလေးတွေသည် မိုးလေဝသတင်းကို ဖက်စ် ဖြင့် ဖမ်းယူရာတွင် အရေးတကြီး လိုအပ်သည့် အပ်ချောင်းလေးတွေ ဖြစ်သည်။ ကိုဝင်းကြိုင်နဲ့ အဆက်အသွယ်ရလို့ စကားပြောကြစဉ်က ဒီအပ်ကလေးတွေ ဘယ်မှာမှ ဝယ်လို့မရဘူး ဖြစ်နေတယ်လို့ ပြော တာနဲ့ ပို့ပေးလိုက်ခြင်း ဖြစ်သည်။ စာယူသွားသည့် အေးဂျင့်ကိုလည်း သေသေချာချာ မှာလိုက်သည်။ မှတ်ပုံတင်စာဖြင့် ဂရုတစိုက် ပို့ရန် မှာလိုက်သည်။

http://www.linhtet.com



၂၃-ရက်နေ့မှာ သီရိလင်္ကာကျွန်းက ကိုလံဘိုမြို့အနီး ရောက်တော့ ကိုဝင်းကြိုင်ကို လေလှိုင်း ၁၂၄၅၂ မှာ ခပေါင်းဒူးယား ခေါ်ကြည့်ရာ ကိုဝင်းကြိုင်က ပြန်ထူးသည်။ သူသည် မနေ့က ကိုလံဘိုက ထွက်လာခဲ့သည်ဟု ဆိုပါသည်။ အင်္ဂလန်ကို သွားနေသည်ဟု ဆိုသည်။ စူးအက်တူးမြောင်းကို ဝင်တော့မည်ဟု ပြောသည်။ သူ လိုချင်သည့် အပ်ကလေးတွေ ပို့လိုက်ပြီဖြစ်ကြောင်း ပြောလိုက်သည်။

၂၄-ရက်နေ့မှာ အိန္ဒိယ သမုဒ္ဒရာကြီးကို ဖြတ်နေစဉ် ဆန့်ကျင်ဘက်မှ လာနေသည့် သင်္ဘောတစ်စီးကို တွေ့သဖြင့် မှန်ပြောင်းဖြင့် ကြည့်လိုက်ရာ ပီအိုင်အယ်လ်လိုင်းမှ သင်္ဘော (ကိုတာဂျာတီ) ဖြစ်သည်။ ပီအိုင်အယ်လ် သင်္ဘောဆိုလျှင် အာအိုဟာ မြန်မာလူမျိုးပဲဆိုပြီး ဗွီအိပ်ချ်အက်ဖ်ဖြင့် လှမ်းခေါ်လိုက်သည်။ ကိုတာဂျာတီ သင်္ဘောက ပြန်ထူးသည်။ အာအို ဘယ်သူလဲလို့ မေးတော့ စိုးမြင့်ဟု ပြောသည်။ စိုးမြင့်ကို ခေါ်ပေးပါဆိုတော့ ခေါ်ပေးပါသည်။

သင်္ဘောသား အာအိုတွေထဲမှာ စိုးမြင့်တွေ တော်တော်များများ ရှိသည်။ မနဲလေး လေသံဖြင့် စကားပြောသူကို (မနဲလေး စိုးမြင့်)၊ သွားခေါသူကို (သခေါ စိုးမြင့်)၊ ထိပ်ပြောင်သူကို (ထိပ်ပြောင် စိုးမြင့်)ဟု ခေါ်ကြသည်။ ကိုအဏ္ဏဝါ၏ အမည်လည်း စိုးမြင့်ဖြစ်သည့် အပြင် ထိပ်ပြောင်သည့်အတွက် ထိပ်ပြောင် စိုးမြင့်ဟု ခေါ်ကြသည်။ ယခု ခေါ်ခိုင်းထားသည့် စိုးမြင့်သည် မနဲလေးလား၊ သခေါလား မသိရသေး ဖြစ်နေသည်။

ကိုစိုးမြင့် လေလှိုင်းပေါ် တက်လာပြီး စကား ပြောသောအခါ မနဲလေးအသံ မထွက်သည့်အတွက် သခေါစိုးမြင့်ပဲ ဖြစ်ရမည်ဟု ထင်လိုက်သည်။ မေးရမှာ အားနာသည့်အတွက် မမေးတော့ဘဲ သာကြောင်း မာကြောင်းဘဲ ပြောလိုက်ပါသည်။ သူက အာဖရိကကို သွားနေသည်ဟု ပြောသွားသည်။ မိမိက ဘုံဘေကလာပြီး စင်ကာပူကို သွားနေကြောင်း ပြောလိုက်သည်။ ၁၉၈၃-ခုနှစ်၊ အောက်တိုဘာ ၂၄ ရက် နေ့က အိန္ဒိယ သမုဒ္ဒရာထဲမှာ ရောက်နေသည့် ကိုတာဂျာတီ

http://www.linhtet.com



သင်္ဘောပေါ်က စိုးမြင့်သည် မနဲ့လေးလား၊ သခေါ်လားဆိုတာ ဒီစာအုပ်ကို ဖတ်ပြီး သူတို့ဟာသူတို့ ဆုံးဖြတ်ကြလိမ့်မည်။

၂၇-ရက်နေ့မှာ မလက္ကာ ရေလက်ကြားကို ဝင်သည်။ စင်ကာပူရုံးက ကြေးနန်းတစ်စောင် ရသည်။ စင်ကာပူကို ရောက်လျှင် ကပ္ပိတန်ဦးနီ သင်္ဘောက ဆင်းရမည်။ နောက် သင်္ဘော တစ်စီးကို သွားပြီး တာဝန် ထမ်းဆောင်ရမည်။ ဒီသင်္ဘောကို ကပ္ပိတန် ဦးသိန်းဇံ ပြန်လာမည်။ အလွှဲအပြောင်း လုပ်ရန် အစစ အသင့် ပြုလုပ်ထားပါ ဆိုသည့် ကြေးနန်း ဖြစ်သည်။

ကိုအဏ္ဏဝါ ကြေးနန်းကို ဖတ်ပြီး စိတ်မကောင်းဖြစ်သွားသည်။ ဆရာသမား အသစ်နဲ့ ဆက်ဆံရေး အသားကျ အဆင်ပြေမယ် ကြံခါရှိသေးသည် နောက်ဆရာသမား အသစ်နဲ့ ဆက်ဆံရေး အသစ် တည်ဆောက်ရဦးမည်ဆိုသည့် အတွေးဝင်လာလို့ စိတ်ညစ်သွားတာဖြစ်သည်။ ကြေးနန်းကို ဆရာဦးနီ၏ လက်သို့ ထည့်လိုက်တော့ ဆရာ ဦးနီလည်း စိတ်ညစ်သွားသည်။ ဒီသင်္ဘောမှာ အထာကျ၊ အသားကျခါစ ရှိသေးသည် နောက်သင်္ဘော တစ်စီးကို ပြောင်းရဦးမည် ဆိုလို့ စိတ်ညစ် သွားခြင်း ဖြစ်သည်။ ဘာများတတ်နိုင်မှာလဲ၊ သင်္ဘောသားဆိုတာ လွှတ်တဲ့နေရာသွား၊ ခိုင်းတာ လုပ်ရသည်ချည်း ဖြစ်သည်။

၂၈-ရက်နေ့ ညနေတွင် စင်ကာပူကို ရောက်သည်။ တိုမိုကုမ္ပဏီရုံးမှ မစ္စတာအိုမာ သင်္ဘောကို ရောက်လာပြီး ကပ္ပိတန်၏ ရုံးခန်းထဲကို ဝင်သွားတာကို တွေ့လိုက်သည်။ မစ္စတာအိုမာ အပြန်တွင် ကိုအုန်းမြင့်နှင့် အတူ လိုက်သွားကြသည်။ မြို့ထဲမှာ လိုချင်တာလေးတွေ ဝယ်ပြီး ညစာ စားကြသည်။ ကိုအုန်းမြင့်နှင့်အတူ ဆရာမကြီး မစ္စကယ်ရဲ့အအေးအိမ်မှာ အိပ်လိုက်ကြသည်။

ဆရာမကြီးဆီက မိုက်ကယ်၏စာကို ရသည်။ မိုက်ကယ်က သူ့အတွက် လိုအပ်သည့် ကားဖိုးငွေကို ပေးလိုက်ပါဟု ရေးထားသည်။ စင်ကာပူဒေါ်လာ-၅၀၀ ပထမအရစ်အဖြစ် ပေးလိုက်သည်။ မိုက်ကယ်ဆိုတာ ကိုအဏ္ဏဝါကို နိုင်ငံခြားသို့ ခေါ်ထုတ်ခဲ့သည့် ကျေးဇူးရှင် ဦးစော

http://www.linhtet.com



မိုက်ကယ်ဒီး ဖြစ်သည်။ မိုက်ကယ်အတွက် လိုသမျှကို ပေးပါမည်ဟု ဆရာမကြီးကို ပြောလိုက်သည်။

၂၉-ရက်နေ့မှာ ကိုအုန်းမြင့်၏ လေယာဉ်လက်မှတ်ကိစ္စအတွက် လေကြောင်းလိုင်းကုမ္ပဏီတစ်ခုကို သွားကြသည်။ လေယာဉ်လက်မှတ်ကို လျှော့ဈေးဖြင့် ပြန်အမ်းရန် သို့မဟုတ် သက်တမ်းတိုးပေးရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ လေယာဉ်ကုမ္ပဏီက ကိုအဏ္ဏဝါတို့ကို ဘာလူမျိုးတွေလဲဟု မေးသည်။ မြန်မာလူမျိုးတွေပါလို့ ပြောလိုက်တော့ ပခုံးတွန့်ပြသည်။ ကြောက်သွားတာလား၊ ရွံ့သွားတာလား တစ်ခုခု ဖြစ်နိုင်သည်။ အာဇာနည်ကုန်းမှာ ဗုံးပေါက်သည့် ကိစ္စက ပူပူနွေးနွေး ဖြစ်နေ၍ ပခုံးတွန့်သွားခြင်း ဖြစ်တယ် ဆိုတာကို သဘောပေါက်လိုက်သည်။

နေ့လယ် ဖယ်ရီဘုတ်ဖြင့် သင်္ဘောသို့ ပြန်ခဲ့ကြသည်။ သင်္ဘောရောက်သောအခါ ဆရာဦးနီ သင်္ဘောက ဆင်းသွားပြီး ကပ္ပိတန်ဦးသိန်းဇံ သင်္ဘောပေါ်ရောက်နေတာ တွေ့လိုက်ရသည်။ ဦးသိန်းဇံသည် ကုမ္ပဏီကို အတော်ပိုင်သည်ဟု ယူဆရသည်။ ဒီသင်္ဘောက ဆင်းသွားပြီး ဒီသင်္ဘောကို ပြန်တက်လာခြင်း ဖြစ်သည်။ ညဘက်တွင် ကိုအဏ္ဏဝါ၏ ရုံးခန်းကိုလာပြီး မိတ်ဆက်စကား ပြောသည်။ မြန်မာ ကြယ်ငါးပွင့်လိုင်းမှ လာသူဖြစ်လို့ အရည်အချင်း ပြည့်ဝသော ကပ္ပိတန်ဆိုတာ သေချာသည်။

## ဂျပန်မှ ပါကစ္စတန်သို့

၃၀-ရက်နေ့တွင် ကပ္ပိတန်ဦးသိန်းဇံ၏ အုပ်ချုပ်မှုဖြင့် စင်ကာပူမှ ထွက်ခွာသည်။ ဂျပန်နိုင်ငံ မက်ဆုယားမားသို့ သွားရမည်ဟု သိသည်။ မက်ဆုယားမားတွင် စက်သုံးဆီတင်ပြီး ပါကစ္စတန်နိုင်ငံကို သွားရမည်ဟု အကြမ်းဖျင်း သိရသည်။

၁-၁-၈၃ နေ့နံနက်တွင် ဗီယက်နမ်အနီးကို ရောက်နေသည်။ ဂျပန်မှ လာသော တိုမို-၈၁ နှင့် မျက်နှာချင်းဆိုင် ဆုံကြသည်။ ကုမ္ပဏီတစ်ခုတည်းပိုင် သင်္ဘောနှစ်စီး မမျှော်လင့်ဘဲ ဆုံကြရုံသာမက၊ တိုမို-

http://www.linhtet.com



၈၁ သင်္ဘောသည် မကြာသေးမီရက်ကမှ ဦးသိန်းဇံ ဆင်းလာခဲ့သော သင်္ဘောလည်း ဖြစ်သည်။ သင်္ဘောနှစ်စီးသည် တစ်စီးနှင့်တစ်စီး အလွမ်းပြေ နှုတ်ဆက်သည့်အနေဖြင့် စက်ဝန်းပုံကွေ့ဝိုက်မောင်းနှင်ပြီး နှုတ်ဆက်ကြသည်။ ရာသီဥတုကလည်း သာယာနေ၍ အချင်းချင်း လက်ပြနှုတ်ဆက်ကြသည်။

၄-ရက်နေ့တွင် အဏ္ဏဝါသည် ရေဒီယိုခန်းထဲမှာ ထိုင်ပြီး အသံဖမ်းစက်ကို ဖွင့်နားထောင်နေသည်။ အချိန်းအချက်လုပ်ထားသည့် အချိန်မှာ ကိုဝင်းကြိုင်သည် ၁၆ မီဂါဟတ်မှ အာတီဖြင့် တက်လာသည်။ ကိုအဏ္ဏဝါကို ခေါ်သည်။ ကိုအဏ္ဏဝါကလည်း ပြန်ထူးလိုက်သည်။ ကိုဝင်းကြိုင်သည် တောင်တရုတ် ပင်လယ်ထဲမှာ ရောက်နေသည့် ကိုအဏ္ဏဝါကို အင်္ဂလန်က ခေါ်နေခြင်း ဖြစ်သည်။ စကားတွေ တဝကြီး ပြောလိုက်ကြသည်။ ဇူလိုင်လ (၇) ရက်နေ့က စင်ကာပူ လေဆိပ်မှာ ဒုက္ခ ရောက်နေသော သူ့ကို သင်္ဘောကုမ္ပဏီတစ်ခုရဲ့ မန်နေဂျာ ဟန်ဆောင်ပြီး ခေါ်ထုတ်ပေးခဲ့သည့် ကိုအဏ္ဏဝါကို အတော်ကျေးဇူး တင်နေသည်။

ကိုဝင်းကြိုင်နဲ့ စကားပြောပြီးတော့ နိုင်ငံခြား အသံလွှင့်ချက်တွေကို ဖမ်းယူပြီး မြန်မာပြည် သတင်းတွေကို နားထောင်သည်။ မြန်မာနိုင်ငံက မြောက်ကိုရီးယားနိုင်ငံနှင့် သံတမန် အဆက်အသွယ် ဖြတ်ကြောင်း ဘီဘီစီက ကြေညာသွားတာ ကြားလိုက်ရသည်။

၉-ရက်နေ့ နံနက်တွင် ဂျပန်နိုင်ငံ မက်ဆုယာားမားကို ရောက်သည်။ အင်ဂျင်ဝိုင်ဟု ယူဆရသည့် စက်သုံးဆီတွေ တင်သည်။ ဘယ်လိုကုန်ပစ္စည်းတွေကို တင်တယ် ချတယ် ဆိုတာကို စိတ်မဝင်စားနိုင်ဖြစ်နေသည်။ တင်ချင်တဲ့ ပစ္စည်းကိုတင်၊ ပို့ခိုင်းတဲ့ နေရာ သွားပို့၊ အချိန်တွေ မြန်မြန်ကုန်ဖို့ အရေးကြီးသည်။ အချိန်တန်လျှင် အိမ်ပြန်ရမည် ဖြစ်သည်။

၁၀-ရက်နေ့တွင် မက်ဆုယာားမားမှ ထွက်သည်။ ညနေ ခြောက်နာရီတွင် မီဇူရှီးမားသို့ ရောက်သည်။ စက်သုံးဆီ တင်ပြန်သည်။ ဟိုမှာ နည်းနည်း၊ ဒီမှာ နည်းနည်းစီ ကောက်သင်းကောက် လိုက်ကောက်ပြီး

http://www.linhtet.com



ကုန်တင်တာကို ဘယ်ဆေးစုသလို လိုက်စုနေရဟန် တူသည်။ နောက်နေ့ နံနက်တွင် မီဇူရီးမားမှ ထွက်ပြန်သည်။

၁၁-ရက်နေ့တွင် အိုဆာကာကို ရောက်ပြီး ကျောက်ချနေသည်။ ကပ္ပိတန် ဦးသိန်းဇံက တက်မစင်မှ အဏ္ဏဝါကို ဖုန်းဆက်ခေါ်သည်။ ကြေးနန်းပို့စရာရှိလို့ ခေါ်တယ်ထင်ပြီး တက်သွားသည်။ သင်္ဘောက အသံချဲ့စက် ပျက်လို့ ပြုပြင်ပေးပါဟု ပြောသည်။ ကိုအဏ္ဏဝါ စိတ်ညစ်သွားသည်။ နိုင်ငံခြားသင်္ဘောလိုင်းမှာ ဒီကိစ္စသည် လျှပ်စစ် အင်ဂျင်နီယာ၏ အလုပ်ဖြစ်သည်။ ဦးသိန်းဇံသည် ကြယ်ငါးပွင့် ပုံစံဖြင့် အမိန့်ပေးနေပြီ ဆိုတာကို သတိထားလိုက်မိသည်။

ကိုအဏ္ဏဝါသည် စမ်းတဝါးဝါးဖြင့် စမ်းသပ်ပြုပြင်ရာ မြောင်းတည့်ပြီး ပြန်ကောင်းသွားသည်။ မိုက္ကရိုဖုန်းကြိုး တပ်သည့် ဆော့ကစ်မှာ ဝါယာတစ်ချောင်းပြုတ်နေတာ တွေ့ရလို့ ပြန်တပ်ပေးလိုက်တာနဲ့ ကောင်းသွားသည်။ ကိုအဏ္ဏဝါလည်း အမှတ်တက်သွားသည်။ ညစာ မစားမီ ပထမ အရာရှိက ဖုန်းဆက်ခေါ်လို့ သူ့ အခန်းကို သွားရပြန်သည်။ အဲဒီမှာ ကပ္ပိတန် ဦးသိန်းဇံပါ ရောက်နေပြီး ဘီယာ သောက်နေကြသည်။ ကိုအဏ္ဏဝါကို ဘီယာသောက်ဖို့ ဖိတ်ခြင်းဖြစ်သည်။ ပိုမို ရင်းနှီးမှု ရှိအောင် လုပ်သလို ကိုအဏ္ဏဝါ၏ အောင်မြင်မှုအတွက် ဆုချတာလည်း ဖြစ်နိုင်သည်။

၁၂-ရက်နေ့တွင် အိုဆာကာ ဆိပ်ကမ်းကို ဝင်ကပ်ပြီး စက်သုံးဆီ တင်သည်။ ဆီတန်ချိန်-၅၀၀၀ ခန့် ရအောင် လိုက်စုနေရခြင်း ဖြစ်သည်။ အိုဆာကာမှာ ၁၂-နာရီလောက် ကြာမည်ဆို၍ ကိုအဏ္ဏဝါကတော့ မြို့ထဲ လျှောက်လည် ပစ်လိုက်သည်။ ည ၈-နာရီတွင် အိုဆာကာမှ ထွက်ပြန်သည်။ သင်္ဘော မောင်းတာ ဘာမှတောင် မကြာလိုက် ည ၁၂-နာရီမှာ ယိုကိုဟားမားသို့ ရောက်နေတော့သည်။

၁၃-ရက်နေ့ နံနက်မှာ အိပ်ရာက ထလာတော့ နေရောင်အောက်မှာ ဖူဂျီယာမာ မီးတောင်ကြီးကို လှမ်းမြင်နေရသည်။ သင်္ဘောမှာ ထမင်းမစားတော့ဘဲ ကိုစိုးဝင်းဦးနှင့် အတူ ယိုကိုဟားမား မြို့ထဲ လျှောက်လည်ကြသည်။ လှလိုက်တဲ့မြို့ကြီးတွေ စည်းကားလိုက်တဲ့ မြို့ကြီးတွေလို့သာ

http://www.linhtet.com






ဂျပန်နိုင်ငံ ယိုကိုဟားမားရောက် ကိုအဏ္ဏဝါ

ပြောနိုင်ပါတော့သည်။ ပစ္စည်းတွေက ဈေးကြီးလွန်းလို့ ကိုအဏ္ဏဝါတို့ အနားတောင် မကပ်နိုင် ဖြစ်နေသည်။ ညနေ သုံးနာရီတွင် ယိုကိုဟားမား က ထွက်ခွာလာခဲ့ပါသည်။ ပါကစ္စတန် နိုင်ငံသို့ သွားမည်ဟု သိရသည်။

## စိတ်တိုသော ဆရာနှင့် ကိုအဏ္ဏဝါ

ဂျပန်ကထွက်လာပြီး ရက်သတ္တပတ် ကြာသည့်အခါ တောင်တရုတ် ပင်လယ်ထဲကို ရောက်နေသည်။ ရာသီဥတု သာယာကောင်းမွန်နေသည်။ တောင်တရုတ်ပင်လယ်၏ သဘာဝအတိုင်း လှိုင်းအိကလေးများသာ ရှိသည်။ တောင်တရုတ်ပင်လယ်သည် မနက်နှင့် ညနေ မတူ တတ်သဖြင့် သတိထားနေရသည်။ မိုးလေဝသ သတင်းကို ဟောင်ကောင်မှ တစ်နေ့ နှစ်ကြိမ် ဖမ်းပေးနေရသည်။

၂၅-ရက်နေ့ နံနက်မှာ စင်ကာပူကို ရောက်သည်။ ကိုအဏ္ဏဝါ၏ ချစ်ဇနီး မဖြူတုတ်ထံမှ စာနှစ်စောင်နှင့် ဦးမိုက်ကယ်ဒီး၊ မောင်မြင့်သိန်း၊

http://www.linhtet.com



ကိုဝင်းကြိုင်တို့ထံမှ စာတစ်စောင်စီ ရသည်။ မဖြူတုတ်၏ စာမှာ ကိုအဏ္ဏဝါ ပို့လိုက်သည့် မော်တော်ကား ရန်ကုန်ဆိပ်ကမ်းကို ရောက်နေပြီ ဖြစ်ကြောင်း ပါသည်။ ၁၈-ရက်နေ့တွင် ထုတ်ယူနိုင်ရန် စီစဉ်ကြောင်း ရေးထားသည်။

ဦးစောမိုက်ကယ်ဒီး၏ စာမှာတော့ သူ့ကားဖိုးငွေ လိုတာကို စိုက်သွင်းပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ရေးထားသည်။ မောင်မြင့်သိန်းရဲ့ စာထဲမှာတော့ သူ့ကို ခေါ်မထုတ်နိုင်သေးသည့်အတွက် အပြစ်တင် ရေးသားထားသည်။ ကိုဝင်းကြိုင်ရဲ့ စာထဲမှာတော့ ဘုံဘေက ပို့လိုက်တဲ့ အပ်ချောင်းလေးတွေ (စတိုင်းလပ်စ်ပင်) ရလို့ ကျေးဇူးတင်ကြောင်း ရေးထားသည်။

ကိုအဏ္ဏဝါသည် စင်ကာပူကို ရောက်လျှင် ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ရောက်သလို ပျော်သွားလေ့ရှိသည်။ သင်္ဘောမှာ မနေတော့ဘဲ အေးဂျင့်ဘုတ် အပြန်မှာ ကမ်းပေါ်ကို လိုက်သွားသည်။ ကပ္ပီတန်က သူ့ကို အသိ မပေးဘဲ ကိုအဏ္ဏဝါ ကမ်းပေါ်တက်သွားသည့် အတွက် စိတ်ဆိုးသည်ဟု သိရသည်။ ဒါသည်လည်း ကြယ်ငါးပွင့်လိုင်းကလာသည့် မြန်မာ ကပ္ပီတန်တို့၏ အထာ ဖြစ်နိုင်သည်။

ကိုအဏ္ဏဝါသည် ဘဏ်က ငွေထုတ်ပြီး ဦးမိုက်ကယ်၏ ကားဖိုး လက်ကျန်ငွေ ဒေါ်လာ-၁၀၀၀ ကို ဆရာမကြီး မစ္စကယ်ရ်အေးကို သွားပေးလိုက်သည်။ စာတိုက်ကြီးမှ စာတွေထည့်ခဲ့ပြီး ညနေ ၅-နာရီ ခေါက် ဖယ်ရီဘုတ်ဖြင့် သင်္ဘောကို ပြန်ခဲ့သည်။

ကပ္ပီတန်သည်လည်း ကုမ္ပဏီရုံးကို ရောက်ခဲ့သည်ဟု ပြောသည်။ မိမိ၏လစာကို တိုးပေးပါရန် မေတ္တာရပ်ခံခဲ့သေးသည်ဟု ပြောသည်။ ကပ္ပီတန်သည် အလွန်စိတ်တိုသူ ဖြစ်သော်လည်း စိတ်ကောင်းရှိတာလေး က ချစ်စရာ ကောင်းသည်။

၂၆-ရက်နေ့တွင် စင်ကာပူက ထွက်သည်။ ပါကစ္စတန်နိုင်ငံ ကရာချိမြို့သို့ သွားနေပြီဟု သိရသည်။ မလက္ကာ ရေလက်ကြားကို ဖြတ်သည်။ ဘင်္ဂလား ပင်လယ်အော်ကို ငါးရက်ခန့် ဖြတ်ကျော်ပြီး သီရိလင်္ကာကျွန်းကို ပတ်သည်။ ရာသီဥတုက သင့်ပါသည်။ ကိုအဏ္ဏဝါ

http://www.linhtet.com



လည်း အလုပ်အကိုင် ကျွမ်းကျင်နေပြီ ဖြစ်လို့ လုပ်ဖော်ကိုင်ဖက်တွေနှင့် သင့်တင့်အောင် နေဖို့သာ လိုတော့သည်။ ကပ္ပိတန်သည် စိတ်ကောင်းနှလုံးကောင်း ရှိသူဖြစ်သော်လည်း စိတ်တိုတတ်သူ ဖြစ်လို့ သတိဖြင့် ပြောဆို ဆက်ဆံနေရသည်။

၅-၁၂-၈၃ နေ့ နံနက်တွင် ပါကစ္စတန်နိုင်ငံ ကရာချိမြို့ကို ရောက်ပြီး ကျောက်ချသည်။ နေ့လယ် ၂-နာရီမှာ ဆိပ်ကမ်း ကပ်ခွင့်ရသည်။ စင်ကာပူရုံးက တရုတ် တစ်ယောက် သင်္ဘောကို ရောက်လာသည်။ ကရာချိမှာ ကြုံတွေ့ရမည့် ကုန်တင် ကုန်ချ ပြဿနာတွေကို သိထားလို့ လိုအပ်သည်များကို ကူညီဖြေရှင်းပေးရန် ရောက်လာသူဖြစ်သည်။

ကိုအဏ္ဏဝါကတော့ တစ်ခါမှ မရောက်ဖူးသေးသည့် ပါကစ္စတန်နိုင်ငံကို ခြေချဖူးတယ် ရှိအောင် ညစာစားပြီးတာနဲ့ လျှောက်လည်ပတ်လိုက်သည်။ ကရာချိမြို့သည် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမြို့ဖြစ်လို့ နိုင်ငံတကာက လာကြသည့် သင်္ဘောသား လူမျိုးပေါင်းစုံတို့ကို မြို့ထဲမှာ တွေ့ရသည်။ အာရပ်နိုင်ငံတွေနှင့် နီးကပ်နေပြီဖြစ်လို့ အာရပ်လူမျိုးတွေ အများအပြား တွေ့ရသည်။ ကုလားအုတ်တွေကလည်း မြို့ထဲမှာ သွားလာနေတာ တွေ့ရသည်။ လမ်းပေါ်မှာ အီးပါချသွားသေးသည်။

ကရာချိမြို့သည် အာရပ်နိုင်ငံတွေလို ဖြစ်နေသည့်အတွက် စင်ကာပူ၊ ဟောင်ကောင်နှင့် ကိုရီးယားတို့လို၊ အိန္ဒိယလို ပျော်စရာ မကောင်း ဖြစ်နေသည်။ သူတို့ ကိုးကွယ်သည့် ဘာသာတရား၏ တင်းကျပ်သည့် ဥပဒေတွေကြောင့် သင်္ဘောသားတွေ အတွက်တော့ ပျင်းစရာကြီး ဖြစ်နေသည်။ ဘီယာ၊ အရက် ရောင်းသည့်ဆိုင် မတွေ့ရဘဲ ကြက်ကင်ရောင်းသည့် ဆိုင်တွေကိုသာ နေရာ အနှံ့မှာ တွေ့ရသည်။ ဒီနေရာမျိုးကတော့ ကိုအဏ္ဏဝါတို့နဲ့ သိပ်မကိုက် ဖြစ်နေသည်။

ကရာချိမြို့ဟာ ပျော်စရာ မကောင်းသော်လည်း နောက်နေ့မှာ အင်ဂျင်နီယာချုပ် စိုင်းကျော်မင်း၊ ကိုစိုးဝင်းဦး၊ ကိုအုန်းမြင့်တို့နှင့်အတူ မြို့ထဲလိုက်ပြန်သည်။ ရောက်ဖူးတယ်ရှိအောင် မြို့ထဲလျှောက်သွားကြပြီး ဟင်းသီးဟင်းရွက်တွေ ဝယ်ပြီး ပြန်ခဲ့ကြသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



၇-ရက်နေ့မှာ စင်ကာပူက လာသည့် ရုံးအဖွဲ့သား တရုတ် စင်ကာပူကို ပြန်သွားသည်။ သူနှင့် စာတွေ ပေးလိုက်ကြသည်။ နံနက် ၈-နာရီတွင် ကရာချိမှ သင်္ဘော ထွက်လာခဲ့သည်။ ၁၆-ရက်နေ့မှာ စင်ကာပူကို ရောက်မည်ဖြစ်သည်။ အင်ဂျင်နီယာချုပ် စိုင်းကျော်မင်းသည် စင်ကာပူရောက်လျှင် သင်္ဘောက ဆင်းတော့မည်ဖြစ်လို့ ကိုအဏ္ဏဝါအိမ် အတွက် ပေးချင်တာရှိလျှင် ယူသွားပေးပါမည်ဆို၍ ဂျပန် ပြက္ခဒိန် တစ်လိပ် ပေးလိုက်ရန် အသင့်ပြင်ထားသည်။

၁၆-ရက်နေ့မှာ စင်ကာပူကို ဝင်ရန် ချဉ်းကပ်နေစဉ် ယက်ဖုန်း ကုမ္ပဏီပိုင် သင်္ဘောတစ်စီးမှာ ရောက်နေသည့် အာအိုကျော်လွင်နဲ့ ရေဒီယို တယ်လီဖုန်း အဆက်အသွယ်ရသည်။ ကျော်လွင်သည်လည်း အလုပ်မရ မီက ကိုယ်အဏ္ဏဝါနှင့် အတူ ပွဲစားအိမ်မှာ တောင်တွေး မြောက်တွေးဖြင့် ငေါင်ငေးငေး နေခဲ့ရသူဖြစ်သည်။ သူနှင့် ကိုအဏ္ဏဝါတို့ ပြန်တွေ့ကြတော့ စကားပြောဖြစ်ကြသည်။

အဲ့ဒီလို စကားပြောနေတော့ တက်မစင်မှာ ရှိသည့် ရေဒီယို တယ်လီဖုန်း အသံဖမ်းစက်မှာ သွားပြီး အနှောင့်အယှက် ဖြစ်နေသည်။ ဆိပ်ကမ်းကို ဝင်နေသည့် အချိန်ဖြစ်လို့ ရေကြောင်းပြ တက်ရန် ရေဒီယို နားထောင်နေရသည့် အချိန်ဖြစ်သည်။ တစ်နည်းပြောရလျှင် တက်မစင် မှာရှိနေသည့် တာဝန်ကျ အရာရှိနှင့် ကပ္ပိတန်အတွက် အလွန်အရေးကြီး နေသည့်အချိန် ဖြစ်သည်။ ကပ္ပိတန်သည် ကိုအဏ္ဏဝါ၏ အခန်းကို ဖုန်းဆက်ပြီး ဟောက်ပါလေတော့သည်။

"အာအို ခင်ဗျားကိစ္စက ဘယ်လောက် အရေးကြီးနေလို့လဲ၊ အခု ချက်ချင်း စက်ပိတ်လိုက်ပါ။ သောက်လုပ်မရှိတိုင်း သောက်စကား များနေတာပဲ"

သူ ပြောချင်တာ ပြောပြီး တယ်လီဖုန်းချသွားသည်။ ကပ္ပိတန်နှင့် ကိုအဏ္ဏဝါတို့သည် သက်တူရွယ်တူတွေ ဖြစ်သည်။ တစ်ဦးကို တစ်ဦး လေးစားသမှုဖြင့် အကျိုးသင့် အကြောင်းသင့် ပြောပြီး ရပ်ခိုင်းသင့်သည် ဟု ထင်ပါသည်။ အထက်နှင့် အောက် ဆက်ဆံရာတွင် ကြယ်ငါးပွင့်

http://www.linhtet.com



လှိုင်း ဉည့်ကြီးပါနေ၍ အထက်စီး လေသံဖြင့် ဟောက်သွားလေသည်။ ကိုအဏ္ဏဝါ စိတ်မကောင်း ဖြစ်မိသည်။

ဒီနေ့မှာပင် စင်ကာပူ ဆိပ်ကမ်းကို သင်္ဘောဝင်ကပ်စဉ် ကုန်းပတ် ပထမအရာရှိ ကုလားကြီး မစ္စတာဆမ်ဘီဆင်းမ်နှင့် ကပ္ပိတန်တို့ စကားများကြသည်ဟု သိရသည်။ မစ္စတာ ဆမ်ဘီသည် ကိုအဏ္ဏဝါ၏ အခန်းကို ရောက်လာပြီး အဖြစ်အပျက်ကို ပြောပြသည်။ သူသည် ဒီကပ္ပိတန်နှင့်အတူ တွဲပြီး အလုပ် မလုပ်နိုင်တော့ဘူးလို့ လာပြောသွားသည်။

## ကိုအဏ္ဏဝါ၏ဆရာရဲ့ နောက်ဆုံး နေ့များ

စင်ကာပူရောက်တော့ အင်ဂျင်နီယာချုပ် စိုင်းကျော်မင်းသည် သင်္ဘောက ဆင်းသွားသည်။ စိုင်းကျော်မင်းအစား ကိုဖုန်းအောင် ရောက်လာသည်။ ကိုအဏ္ဏဝါလည်း သင်္ဘောပေါ်မှာ မနေချင်လို့ ကမ်းပေါ်တက်လာခဲ့သည်။ ကိုစိုးဝင်းဦးနှင့် အတူ စင်ကာပူမြို့ထဲ လျှောက်သွားနေကြသည်။ ပွဲစား မစ္စတာရှီးယား အိမ်ကိုဝင်သည်။ မိမိနှင့် သိပ်ပြီး မရင်းနှီးသည့် မြန်မာ သင်္ဘောသားတွေနဲ့သာ တွေ့သည်။ ဂေလင်း-၃၇ ကို ဆက်သွားကြသည်။ မိတ်ဟောင်းဆွေဟောင်း တချို့ကို တွေ့သည်။ ညမအိပ်ခဲ့တော့ဘဲ ည ၁၂-နာရီ ဖယ်ရီခေါက်ဖြင့် သင်္ဘောကို ပြန်ခဲ့သည်။

၁၇-ရက်နေ့မှာ ကုလားကြီး ဆမ်ဘီက ကိုအဏ္ဏဝါကို လာနှုတ်ဆက်သည်။ သူသည် စင်ကာပူမှာ ဆင်းကျန်ရစ်တော့မည်ဟု ပြောသည်။

"နှုတ်ဆက်ခဲ့ပါတယ် သူငယ်ချင်း"

"ဝွဒ်ဘိုင် ဆာ၊ ကံကောင်းပါစေ"

"မနေ့က ငါ ရုံးကို သွားပြောလိုက်တယ်၊ မင်းကိုလည်း ဆဲတယ်လို့ ပြောပစ်ခဲ့တယ်"

"ဟာ လုပ်ပြန်ပြီ၊ အဲဒါ သူ အလုပ် မပြုတ်ဘူး၊ ကျွန်တော် ပြုတ်မှာဗျ"

"မစိုးရိမ်ပါနဲ့ကွာ၊ သွားတော့မယ်"

http://www.linhtet.com





ကုန်းပတ် ပထမအရာရှိ မစ္စတာဆမ်ဘီးဆင်း နှင့် ကိုအဏ္ဏဝါ

ကိုအဏ္ဏဝါကို လက်ဆွဲနှုတ်ဆက်သွားသည်။ ကပ္ပိတန်ကိုတော့ နှုတ်တောင် ဆက်မသွားဟု သိရသည်။ ည ၁၂-နာရီမှာ စင်ကာပူမှ သင်္ဘောထွက်ပါသည်။ လောလောဆယ် ကုန်းပတ် ပထမအရာရှိ မရှိလို့ ပထမအရာရှိ တာဝန်ကို ဒုတိယအရာရှိ ဘိုဘိုအောင်က တာဝန် ယူရသည်။ မစ္စတာ ဆမ်ဘီဆင်းသည် တိုမိုရိုးကို သွားပြီး ကပ္ပိတန်၏ နှိပ်ကွပ်ပုံတွေကို ပြောတော့မှာ သေချာသည်။

၂၄-၁၂-၈၃နေ့သည် ဒီသင်္ဘောမှာ ကိုအဏ္ဏဝါ၏ လုပ်သက် ငါးလပြည့်နေ့ဖြစ်သည်။ ခရစ္စမတ် အကြိုညဖြစ်လို့ အနည်းအပါး သောက်ကြစားကြသည်။ ကပ္ပိတန်က ကိုအဏ္ဏဝါကို ဖော်ဖော်ရွေရွေ ဆက်ဆံလာသဖြင့် ကိုအဏ္ဏဝါကလည်း အလိုက်သင့် တုံ့ပြန်လိုက်ရသည်။ စောစောပိုင်းက တင်းတင်းမာမာ ဆက်ဆံခဲ့ရ၍ ဒဏ်ရာက အနာမကျက် ဖြစ်နေသည်။

http://www.linhtet.com



၂၈-ရက်နေ့မှာ မတ်ဆုယားမားကို ရောက်ပြီး ကျောက်ချသည်။ ညနေဘက်မှာ ဆိပ်ကမ်းကပ်ပြီး ဆီချသည်။ ရာသီဥတု အေးလွန်းလို့ သင်္ဘောပေါ်မှာပဲ နေရသည်။ တစ်ညလုံး ဆီချနေသည်။ ဆီတင်သင်္ဘောတွေ ကုန်တင်ကုန်ချ လုပ်သည့် နေရာတွေသည် လူနေရပ်ကွက်တွေနဲ့ ဝေးသည့် နေရာတွေဖြစ်လို့ လျှောက်လည်ဖို့ မလွယ်သော နေရာတွေဖြစ်သည်။

၂၉-ရက်နေ့တွင် မတ်ဆုယားမားမှ ထွက်ခွာလာပြီး ညနေ သုံးနာရီလောက်တွင် မီဟားယားကို ရောက်သည်။ ကိုယို လွန်းကျင်းကို ဝင်ပြီး ပြုပြင်ရန် ရှိတာတွေကို ပြုပြင်မည်ဟု သိရသည်။

၃၀-ရက်နေ့မှာ သင်္ဘော လွန်းတင်သည်။ ကုန်းပတ် ပထမ အရာရှိ ကိုမျိုးကျော် ရောက်လာသည်။ ယာယီ တာဝန်ယူထားသည့် ဘိုဘိုအောင် ထံမှ တာဝန် လွှဲပြောင်းလက်ခံသည်။ ညဘက်မှာ ရုပ်မြင်သံကြား အစီအစဉ်တစ်ခုမှ ကမ္ဘာ့သတင်းတွေကို ကြည့်နေသည်။

## ကံမကောင်းသည့်ဆရာ

၃၁-ရက်နေ့တွင် သင်္ဘောပေါ်က ဆင်းပေးကြရသည်။ သင်္ဘော လွန်းတင်ထားပြီဖြစ်လို့ သင်္ဘောကျင်းထဲရှိ အိပ်ဆောင်တွေမှာ သွားနေကြရသည်။ ထမင်းနှင့် ဟင်းကိုလည်း သင်္ဘောပေါ်မှာ ချက်ခွင့်မရတော့လို့ အဆောင်က လျှပ်စစ်မီးဖိုမှာ ချက်ကြရသည်။

ထမင်းချက် ကိုအုန်းမြင့်၊ စားပွဲထိုး ကိုအောင်မျိုးခင်တို့နှင့် အတူ မီးဟားရားမြို့ထဲ လျှောက်လည်ကြသည်။ လိုချင်တာလေးတွေ ဝယ်သည်။ ကိုအဏ္ဏဝါ အထူးလိုချင်နေတာက ၁၉၈၄-ခုနှစ် အတွက် နေ့စဉ် ဒိုင်ယာယီ တစ်အုပ်ဝယ်ရန်အတွက် မြို့ထဲကို ထွက်လာခဲ့ခြင်း

http://www.linhtet.com



ဖြစ်သည်။ နက်ဖြန်ဆိုလျှင် နှစ်ဆန်းတော့မည် ဖြစ်လို့ ရေးစရာ မှတ်စရာ လိုမည်ဖြစ်သည်။

၁-၁-၁၉၈၄ ခုနှစ်တွင် ကိုအဏ္ဏဝါသည် ဂျပန်နိုင်ငံ မီဟားယား မြို့ ဆိပ်ကမ်းရှိ ကိုယိုသင်္ဘောကျင်းမှာ တိုမို-၈၅ သင်္ဘောနှင့် အတူ ရှိနေခဲ့ပါသည်။ ကံကောင်းသော နှစ်သစ်ဖြစ်ပါစေဟု ဆုတောင်းနေမိ သည်။ နှစ်သစ်ကူးမှာ ကံမကောင်းတာက ကိုအဏ္ဏဝါ၏ ဆရာဖြစ်သည်။

၆-ရက်နေ့မှာ လွှန်းကျင်းပေါ်က ဆင်းပြီး ဆိပ်ခံတံတား နံပါတ် သုံးမှာ ကပ်သည်။ အပေါ်ပိုင်းနှင့် စက်ခန်းအတွင်း ပြုပြင်စရာတွေ ကျန်သေးလို့ ဆက်လက်ပြုပြင်နေသည်။ ညနေ ၅-နာရီလောက်မှာ သင်္ဘော၏ နောက်ပိုင်းရှိ ပန့်ရွှန်း (Pump Room) မှ မီးထလောင် တော့သည်။ အချိန်မီ ဝိုင်းဝန်းငြိမ်းသတ်လိုက်လို့ မီးငြိမ်း သွားသော်လည်း အပျက်အစီး တချို့ ဖြစ်သွားပြန်သည်။ အဲဒီ ပန့်ရွှန်းထဲမှာ အလုပ်လုပ်



ဒုထမင်းချက် အုန်းမြင့်နှင့် စားပွဲထိုး အောင်မျိုးခင်တို့
ဂျပန်မှာ ရထားဖြင့်လျှောက်လည်နေကြပုံ

http://www.linhtet.com



နေသည့် သင်္ဘောကျင်း အလုပ်သမား တစ်ယောက် သတိလစ်သွားလို့ ဆေးရုံကို တင်လိုက်ရသည်။

ဒီကိစ္စနှင့်ပတ်သက်ပြီး ကပ္ပိတန်က သူ့မှာတာဝန်ရှိသည့် အတွက် အလုပ်မှထွက်ခွင့် ပြုပါရန် စင်ကာပူရုံးကို ဖုန်းဆက်ပြောလိုက်သည်။ သင်္ဘော စင်ကာပူကို ပြန်ရောက်မှ အလုပ်မှ အနားယူပါဟု စင်ကာပူ ရုံးက ပြန်ပြောသည်။ ကပ္ပိတန်က သဘောတူလိုက်ပါသည်။

၈-ရက်နေ့တွင် လိုအပ်သည့် ပြင်ဆင်မှုများ ပြီးသွားလို့ မီဟားယားမှ ပြန်လည်ထွက်ခွာလာခဲ့သည်။ မိဇုရှီးမားသို့ ရောက်သည်။ အင်ဂျင်ဝိုင် အကောင်းစားတွေ တင်သည်။ ၉-ရက်နေ့တွင် မိဇုရှီးမားမှ ထွက်သည်။ ၁၀-ရက်နေ့ ညသန်းခေါင်မှာ ယိုကိုဟားမားကို ရောက် သည်။ ဝင်ကပ်ခွင့် မရသေးလို့ ကျောက်ချပြီး စောင့်နေရသည်။ ၁၁- ရက်နေ့တွင် ဆီတင် ဆိပ်ခံတံတားတစ်ခုကို ကပ်ပြီး ဆီတင်သည်။ ကုန်အပြည့် တင်မည်ဖြစ်၍ နှစ်ရက်လောက် ကြာမည်ဟု သိရသည်။

၁၂-ရက်နေ့ နံနက်ခြောက်နာရီမှာ ယိုကိုဟားမားမှ ထွက်ခွာလာ ခဲ့ပါသည်။ စင်ကာပူသို့ ၂၁-ရက်နေ့တွင် ရောက်မည်ဟု ကြေးနန်းပို့ လိုက်သည်။ ကပ္ပိတန်သည် စင်ကာပူကို ရောက်လျှင် သင်္ဘောကဆင်း တော့မည်ဖြစ်လို့ အထုပ်အပိုး ပြင်နေပြီ ဖြစ်သည်။ ၂၁-ရက်နေ့အထိ ရရှိမည့် လစာကိုပါ တွက်ချက်နေသည်။ သင်္ဘောမီးလောင်သည့် ကိစ္စ၊ လက်အောက် ငယ်သားတွေနဲ့ အငြိအတင် ဖြစ်ရသည့် ကိစ္စတွေအတွက် စိတ်မကောင်း ဖြစ်နေသည်။ လက်အောက် ငယ်သားတွေ အားလုံးက သူ့ကိုကြောက်ပြီး တရင်းတနှီး မနေကြဘဲ ဝေးဝေးကရှောင်ပြီး ပတ်ပြေး နေကြတယ်ဆိုတာကို သိနေသည့်အတွက် သင်္ဘောပေါ်မှာ နေရတာ မပျော်ဖြစ်နေဟန် တူသည်။

၂၁-နေ့ည ၁၁-နာရီတွင် စင်ကာပူကို ရောက်သည်။ အရှေ့ဘက် ကျောက်ချရပ်ကွက်မှာ ကျောက်ချသည်။ နေ့လယ်က အရက်နှင့် ဘီယာ

http://www.linhtet.com



သောက်ကြရင်း ဘိုဆင်သော်သော်အောင်နှင့် တတိယ အရာရှိ ဇင်အောင်မြင့်တို့ ထိုးလု ကြိတ်လုနီးပါး ဖြစ်သွားကြတာကို ပြန်လည် မြင်ယောင်နေသည်။ တစ်လှေတည်းစီးပြီး တစ်ခရီးတည် သွားနေကြသည့် သူငယ်ချင်းတွေ ဖြစ်ပါလျက် စိတ်အခန့်မသင့်သည့်အခါ ထိုးမည် ကြိတ်မည်ဖြစ်ခဲ့ကြသည်။ အခု သင်္ဘောကျောက်ချနေပြီဖြစ်လို့ ပဲ့ပိုင်းမှာ အတူတွဲပြီးအလုပ် လုပ်နေကြတာ မြင်ရတော့ ပြုံးလိုက်မိပါသည်။

(ဒီနေရာမှာ တတိယအရာရှိ ဇင်အောင်မြင့် သင်္ဘောပေါ်ရောက်လာသည့်နေ့ရက်ကို ပြောဖို့ မေ့ကျန်ခဲ့တာကို သတိရလာသည်။ သင်္ဘောက ဆင်းသွားပြီဖြစ်သည့် ခင်မောင်မင်းနေရာကို ရောက်လာသူဖြစ်လို့ ၂၅-၁-၈၄ နေ့၊ စင်ကာပူရောက်စဉ်မှာပင် သင်္ဘောကို ရောက်ခဲ့သည်ဟု ထင်သည်။)

၂၂-ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်သည့် အပြင် သင်္ဘောပြန်ထွက်ရမည့်နေ့ ဖြစ်လို့ ကပ္ပီတန်အတွက် လူစားကိစ္စ မရေမရာ ဖြစ်နေ



ဘိုဆင်သော်သော်အောင်

သည်။ ရုံးကလာသည် အိုမာကလည်း သူဘာမျှမသိပါဟု ဆိုသည်။ ရုံးကလည်း ပိတ်ထားသည်။ ကပ္ပိတန်သည် သင်္ဘောကုမ္ပဏီက တာဝန်ရှိသူထံ ဖုန်းဆက်မေးရာ လူ စားမရသေးလို့ ဆက်လုပ်ပါဦးဟု အကြောင်း ပြန်သည်။ သင်္ဘောသည် ကရာချိကို သွားရမည်ဖြစ်လို့ ကရာချိကိုရောက်မှ လူစားလာလိမ့်မည်ဟု ပြောသည်ဟု သိရသည်။ ကပ္ပိတန် စိတ်မကောင်း ဖြစ်သွားသည်။ အထုပ်အပိုး ပြင်ထားတာ အလကားဖြစ်သွားသည်။ အတော်ခံပြင်းနေပုံ ရသည်။ ညနေ ၆-နာရီတွင် စင်ကာပူမှ ပြန်လည် ထွက်ခွာလာခဲ့သည်။

ကရာချိကို ရောက်လျှင် သင်္ဘောကဆင်းကြမည့်လူတွေထဲမှာ ဒုတိယအရာရှိ ဘိုဘိုအောင်၊ တတိယ အင်ဂျင်နီယာ ကိုမင်းသူနှင့် ကပ္ပိတန် ဦးသိန်းဇံတို့ ဖြစ်သည်။ ကရာချိကို မြန်မြန်ရောက်ချင်လို့ စက်အမြန်နှုန်းကို မသိမသာ တင်မောင်းနေသည်။

## အလုပ်ပြုတ်သွားသည့် ကပ္ပိတန်

၂၄-ရက်နေ့မှာ ကိုစိုးဝင်းဦးက ပါတီပေးသည်။ ဒု ထမင်းချက်ရာထူးမှ စဖိုမှူးကြီး (ချိကုတ်) ရာထူးတိုးမြှင့်ခြင်း ခံရသည့်အတွက် ပါတီပေးခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါလည်း ဒီသင်္ဘောပေါ်မှာ လုပ်သက် ခြောက်လတင်းတင်းပြည့်သော နေ့ဖြစ်လို့ အမှတ်တရ ပျော်ပျော်ပါးပါး သောက်စားကြသည်။ ကရာချိကို ရောက်လျှင် သင်္ဘောက ဆင်းကြမည့်သူတွေကို နှုတ်ဆက်သည့်ပွဲကလေးလို ဖြစ်သွားသည်။ စိတ်တိုနေသည့် ကပ္ပိတန်ကို အားပေးစကားတွေ ပြောပြီး ပျော်အောင်လုပ်ကြသည့် ပွဲလည်း ဖြစ်သည်။

၃၁-ရက်နေ့မှာ ပါကစ္စတန်နိုင်ငံ ကရာချိကို ရောက်သည်။ ဆိပ်ကမ်းကပ်ခွင့် မရသေးလို့ ကျောက်ချနေရသည်။ အချိန်တန်လို့ အိမ်ပြန်ကြမည့်သူတွေကတော့ အထုပ်တပြင်ပြင်၊ ဖင်တကြွကြွဖြစ်နေကြသည်။ အချိန်တန်ရုံသာမက အချိန်လွန်နေကြလို့ ပြန်ချင်လှပြီ ဖြစ်

http://www.linhtet.com



သည်။ အခုအချိန်အထိ စင်ကာပူရုံးက ဘာကြေးနန်းမှ မလာသေးလို့ ကိုအဏ္ဏဝါကို တမေးတည်း မေးနေကြသည်။

၃-၂-၈၄ နေ့မှာ ဆိပ်ကမ်းကပ်ခွင့်ရသည်။ စင်ကာပူ ရုံးက မစ္စတာဖရန့်ရောက်လာပြီး ကုန်ချရေး ကိစ္စကြီးကြပ်ဆောင်ရွက်သည်။ မစ္စတာဖရန့်က လူစားလဲမည့် ကိစ္စကို သူဘာမျှ မသိပါဟု ပြောသော အခါ ကပ္ပိတန် စိတ်ဆိုးတော့သည်။ အိမ်ပြန်ချင်သူအားလုံး စိတ်ဓာတ်ကျ သွားကြသည်။ ဒီကိစ္စအတွက် ဘာအစီအစဉ်မျှ မရှိသေးတာ သေချာ သလို ဖြစ်နေသည်။ မစ္စတာဖရန့်က သူသည် သင်္ဘောသားရေးရာ ဌာနက မဟုတ်လို့ သင်္ဘောသား အပြောင်းအလဲ ကိစ္စကို မသိတာပါဟု ဆိုသည်။ သူသည် ကုန်တင်ကုန်ချနှင့် ကုန်ရရှိရေးတို့ကိုသာ သိပါသည်



ကိုစိုးဝင်းဦး ရာထူးတက်လို့ ပါတီပေးသည့်ပွဲမှာ ပျော်နေကြပုံ၊
ကိုစိုးဝင်းဦး၊ ပထမအရာရှိ ကိုမျိုးကျော်၊ ကိုအဏ္ဏဝါ

http://www.linhtet.com





အေတီမြင့်သန်း၊ ကိုအဏ္ဏဝါ၊ ကိုစိုးဝင်းဦး၊ ဘိုဆင်သော်သော်အောင်၊
ပထမအရာရှိ ကိုမျိုးကျော်

ဟု ဆိုသည်။ ပြန်ချင်သူတွေက မျှော်လင့်ချက်ကလေး ရှိသေးတယ်လို့ ထင်ကြသည်။ ကပ္ပိတန်ကတော့ လုံးဝမယုံဘဲ မကျေမနပ် ဖြစ်နေတော့သည်။

၅-ရက်နေ့မှာ ဆီချပြီးလို့ ကရာချီဆိပ်ကမ်းမှ ထွက်ခဲ့သည်။ မစ္စတာဖရန့်လည်း စင်ကာပူကို ပြန်သွားသည်။ ကရာချီက ထွက်ပြီး ဘယ်ကိုသွားရမှန်း မသိသေးလို့ ပင်လယ်ထဲမှာ မျောနေရသည်။ စင်ကာပူက ဝင်လာမည့် ကြေးနန်းကို မျှော်နေရသည်။ ကိုအဏ္ဏဝါ သတိကြီးစွာထားပြီး အလုပ်လုပ်နေရသည်။ စင်ကာပူ ရေဒီယိုကို အချိန်ပြည့် နားထောင်နေရတော့သည်။

၈-ရက်နေ့မှာ စင်ကာပူရုံးက ကြေးနန်းတစ်စောင် ဝင်လာသည်။ တောင်ယီမင်နိုင်ငံ အေဒင်မြို့သို့ သွားပါဆိုသည့် ကြေးနန်း ဖြစ်သည်။ အေဒင်မြို့သည် ပင်လယ်နီ အဝင်အဝတွင် ရှိသည်။ ပုံမှန်နှုန်းဖြင့်

http://www.linhtet.com



မောင်းသွားပါက ၁၃-ရက်နေ့မှာ ရောက်သွားမည် ဖြစ်သည်။ အေဒင်မြို့ကို ရောက်လျှင် ပြန်ချင်သူတွေအတွက် လူစားတွေ လာလိမ့်မည်ဟု မျှော်လင့်ကြပြန်သည်။

၁၂-ရက်နေ့မှာ စင်ကာပူရုံးက ကြေးနန်းတစ်စောင် ပြန်ဝင်လာသည်။ ကပ္ပိတန် အပါအဝင် ပြန်ချင်သူများ အားလုံးသည် သင်္ဘော စင်ကာပူကို ပြန်ရောက်မှသာ သင်္ဘောက ဆင်းကြရမည်။ ယခုလော လောဆယ် လူစားလဲမပေးနိုင်သေးပါ ဟူ၍ ဖြစ်ပါသည်။

ကပ္ပိတန် ဦးသိန်းဇံ အကြီးအကျယ် စိတ်ဆိုးတော့သည်။ ပင်ကို စိတ်ဓာတ်ကလည်း စိတ်တိုတတ်သူဖြစ်လို့ မချုပ်တည်းနိုင် ဖြစ်သွား



လုပ်သက်ပြည့်၍ အိမ်ပြန်ချင်နေသည့်
တတိယအင်ဂျင်နီယာ ကိုမင်းသူ

တော့သည်။ ချက်ချင်းပင် ကြေးနန်းရေးပြီး ကိုအဏ္ဏဝါကို ပို့ခိုင်းပါသည်။ သူရေးသည့် ကြေးနန်းမူရင်းက အောက်ပါအတိုင်း ဖြစ်သည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



(Master will S/off arrival Aden. otherwise you sail your vessel without Master. why don't you keep your promise.)

ကိုအဏ္ဏဝါသည် သူ့ဆရာကို မဝံ့မရဲကြည့်ပြီး ပြောသည်။

"ဒီကြေးနန်းသာ ရုံးကို ရောက်သွားလို့ကတော့ အကြီးအကျယ် စိတ်ဆိုးကြတော့ မှာပဲ"

"ဆိုးပေစေဗျာ၊ ကျွန်တော် ဂရုမစိုက်ဘူး"

သူ ရေးပေးလို့ ကိုအဏ္ဏဝါ ပို့လိုက်ရသည့် ကြေးနန်းစာ၏ အဓိပ္ပာယ်သည် အတော်ခက်ထန် မာကျောသည်။ (အေဒင်ဆိပ်ကမ်းကို ရောက်လျှင် ကပ္ပီတန် သင်္ဘောကဆင်းမည်။ မဆင်းရလို့ကတော့ ခင်ဗျား ရဲ့သင်္ဘောကို ကပ္ပီတန်မပါဘဲ မောင်းပေတော့၊ ခင်ဗျား ဘာကြောင့် ကတိမတည်တာလဲ) ဟု မေးခွန်းထုတ်လိုက်သေးသည်။ ဆိတ်နှင့် ဆင် လယ်ပြင်မှာ တွေ့ကြပြီလို့ နားလည်လိုက်ပါသည်။

၁၃-ရက် နေ့သည် တနင်္လာနေ့ ဖြစ်သည်။ စင်ကာပူက သင်္ဘောကုမ္ပဏီရုံး ဖွင့်သည့်အချိန်မှာတော့ ဆရာဦးသိန်းဇံ ပို့လိုက်သည့် ကြေးနန်းကို ဖတ်ပြီး အကြီးအကျယ် ဒေါသပုန်ထနေကြတော့မည် ဆိုတာသေချာသည်။ ဘယ်လိုစကားလုံးတွေကို သုံးပြီး တုံ့ပြန်ကြေးနန်း ပို့ရမလဲဆိုတာ စဉ်းစားနေကြဟန် တူသည်။ ၁၃-ရက်နေ့ တစ်နေ့လုံး အကြောင်းမပြန်ဘဲ နေခဲ့သည်။

၁၄-နေ့ နံနက်မှာတော့ ကပ္ပီတန်နှင့် ကိုအဏ္ဏဝါတို့ မျှော်နေသည့် ကြေးနန်း ဝင်လာပါတော့သည်။ ထင်ထားတာထက် ပိုမိုပြင်းထန်သည့် စကားလုံးတွေကိုသုံးပြီး ကပ္ပီတန်ကို အလုပ်ဖြုတ်ပစ်သည့် ကြေးနန်း ဖြစ်သည်။ ကြေးနန်းစာ မူရင်းက အောက်ပါအတိုင်း ဖြစ်သည်။

(Master S/off arrival Aden. Your service no longer required in TOMOE co. you must go back direct to Rangoon. Take your salary balance from ship cash.)

http://www.linhtet.com



ကပ္ပိတန်သည် အလုပ်ပြုတ်သွားတာကို ဝမ်းမနည်းသော်လည်း ကြေးနန်းစာထဲမှာ ရေးထားသည့် အင်္ဂလိပ်စာ အသုံးအနှုန်းတွေကြောင့် မခံမရပ်နိုင် ဖြစ်နေသည်။ တာဝန်ရှိသူနှင့် မျက်နှာချင်း ဆိုင်မိလို့ကတော့ ပေါက်ပေါက်ကွဲကွဲ ဖြစ်မှာမို့ ဆွဲရလွဲရမည့် အခြေအနေ ဖြစ်သည်။

၁၅-ရက်နေ့မှာ တောင်ယီမင်နိုင်ငံ အေဒင်မြို့ဆိပ်ကမ်းကို ဝင်ကပ်ပြီး ဆီတင်သည်။ ပင်လယ်နီထဲကို ဝင်လာသည့် (PIL) လိုင်းက သင်္ဘော (KOTA MURNI) ကိုမြင်၍ လှမ်းခေါ်ပြီး စကားပြောသည်။ (R/O) ကိုထွန်းဖုံနှင့် တတိယ အရာရှိ ကျော်ညွန့်လွင်တို့နှင့် စကားပြောလိုက်ရသည်။ ကျော်ညွန့်လွင်သည် ကိုအဏ္ဏဝါနှင့် အတူ ပထမ သင်္ဘောမှာ အမှုထမ်းခဲ့သူ ဖြစ်သည်။

ကပ္ပိတန်၏လူစား ဦးအောင်ဆက် (ကပ္ပိတန် အောင်ဆက်) ဒီနေ့ လာမည်ဆို၍ မျှော်နေကြသည်။ ကပ္ပိတန် အောင်ဆက်သည် စင်ကာပူရုံးက သင်္ဘောသားရေးရာ မန်နေဂျာ ဦးမောင်မောင်ဆက်၏ ညီတော်သူဖြစ်သည်။ အရေးပေါ် တစ်နေရာက ဆွဲခေါ်ပြီး ဒီသင်္ဘောကို စေလွှတ်လိုက်သူ ဖြစ်သည်။ ကပ္ပိတန် ဦးသိန်းဖုံသည် အထုပ်အပိုးတွေ ပြင်ပြီး ကိုအဏ္ဏဝါ၏ ရုံးခန်းမှာ စကားလာပြောနေသည်။

"ဒီကုမ္ပဏီက ပြုတ်တဲ့အတွက် ဝမ်းမနည်းပါဘူးဗျာ၊ အခြား ကုမ္ပဏီသွားပြီး ဘိုဆင်လုပ်မယ်"

ဘိုဆင်ဆိုတာ အရာရှိမဟုတ်၊ ကုန်းပတ် သင်္ဘောသား ခေါင်း ဆောင် ဖြစ်သည်။ စစ်တပ်မှာဆိုလျှင်တော့ အရာခံဗိုလ်အဆင့် ရာထူးဖြစ် သည်။ မခံမရပ်နိုင်ဖြစ်လွန်းလို့ ပြောသောစကားဖြစ်သည်။ သူရေးလိုက် သည့် ကြေးနန်းကလည်း တင်းမာသည်။ ဆိတ်က ဆင်ကိုသွားပြီး နားရွက်ကို တံတွေးဆွတ်လိုက်ခြင်း ဖြစ်သည်။ ဟိုက ပြန်ရေးလိုက်သည့် ကြေးနန်း၏ အဓိပ္ပာယ်က သူ့ထက် အဆတစ်ရာမက ပြင်းထန်သည်။ သင်၏ အမှုထမ်းခြင်းကို တိုမိုကုမ္ပဏီက မလိုချင်တော့လို့ သင့်ကို အလုပ်ဖြုတ်လိုက်သည်။ သင်္ဘောပိုင် ပိုက်ဆံမှ သင်၏လစာကို ထုတ်ယူ ပြီး ရန်ကုန်ကို တိုက်ရိုက်ပြန်ရမည် ဟူ၍ ဖြစ်သည်။

http://www.linhtet.com



တိုမိုကုမ္ပဏီက သင်္ဘောသားများသည် မည်သည့်နိုင်ငံကပင် ပြန်သည်ဖြစ်စေ၊ စင်ကာပူကိုဝင်ပြီးမှ မြန်မာပြည်ကို ပြန်ကြရသည်။ ကပ္ပိတန် ဦးသိန်းဇံကိုတော့ ရန်ကုန်ကို တိုက်ရိုက်ပြန်ရမည်ဟု အမိန့်ချလိုက်သည်။ နင့်မျက်နှာကို မကြည့်ချင်ဘူး ဆိုသည့် သဘောဖြစ်သည်။

ညနေ့ မိုးချုပ်ခါနီးမှ ကပ္ပိတန် ဦးအောင်ဆက် ရောက်လာသည်။ ကမန်းကတန်း အလွှဲအပြောင်း လုပ်ကြပြီး ဦးသိန်းဇံ သင်္ဘောက ဆင်းသွားပါသည်။ ကိုအဏ္ဏဝါက သူ့ဆရာကို လက်ဆွဲ နှုတ်ဆက်ပြီး ကံကောင်းပါစေ (ဂွဒ်လပ်ခ်) လို့ ပြောလိုက်တော့ သိုင်းကျူးလို့ ပြောသွားသည်။

❒

[ ၇ ]

# တိုမိုမှာ ကိုအဏ္ဏဝါ၏ နောက်ဆုံးနေ့များ

ကပ္ပီတန် ဦးသိန်းဇံ ပြန်သွားသည့် နေ့မှာပင် အေဒင်ဆိပ်ကမ်းမှ ထွက်ပြီး ဆူဒန်နိုင်ငံကို ထွက်ခွာလာခဲ့သည်။ အေဒင်မှ ထွက်လာပြီး ပင်လယ်နီထဲသို့ ဝင်လာပြီဖြစ်လို့ လှိုင်းလေငြိမ်သက်မလား အောက်မေ့ပါတယ်၊ ဒီမှာလည်း လှိုင်းရှိနေတာကို တွေ့ရသည်။ သင်္ဘောက သေးတော့ လှိုင်းလုံးသေးသေးလေးတွေကြောင့်လည်း လူးလိမ့်နေသည်။

## ကိုအဏ္ဏဝါ၏ ဆဌမမြောက်ဆရာ

ကပ္ပီတန် အောင်ဆက်သည် တိုမိုကုမ္ပဏီမှာ ကိုအဏ္ဏဝါ၏ ဆဌမမြောက်ဆရာ ဖြစ်သည်။ သင်္ဘောတစ်စီးတည်းပေါ်မှာ တစ်နှစ်အတွင်း ကပ္ပီတန် ခြောက်ယောက်နှင့် နေခဲ့ရသည့် ကိုအဏ္ဏဝါသည် တိုမိုကုမ္ပဏီနှင့် ပဋ္ဌာန်းဆက်မပါလို့ ပြောရမည်ဖြစ်သည်။ တိုမိုကုမ္ပဏီမှာ ကိုအဏ္ဏဝါ ကြာကြာ မခံဘူးဆိုတာကို အလိုလို ကြိုသိသလို ဖြစ်နေသည်။ ဆဌမမြောက်နှင့် နောက်ဆုံး ကပ္ပီတန်ဖြစ်သည့် ဦးအောင်ဆက်သည် ကိုအဏ္ဏဝါနှင့် သိပ်ပြီး တရင်းတနှီး မဆက်ဆံဘဲ ခပ်ခွာခွာနေသည့်

http://www.linhtet.com



အတွက် တစ်ယောက်နှင့် တစ်ယောက် သံယောဇဉ် နည်းသလို ဖြစ်နေသည်။

တိုမိုကုမ္ပဏီ အရာရှိနှင့် သင်္ဘောသားတိုင်းသည် ဦးအောင်ဆက်နှင့် ရင်းနှီးခင်မင်လိုကြသည်။ အဘယ်ကြောင့်ဆိုသော် ဦးအောင်ဆက်သည် ကုမ္ပဏီက သင်္ဘောသားရေးရာ မန်နေဂျာ ဦးမောင်မောင်ဆက်၏ညီ ဖြစ်နေသောကြောင့် ဖြစ်သည်။ ကိုအဏ္ဏဝါကတော့ သင်္ဘော တစ်စီးတည်းပေါ်မှာ အတူနေရပါလျက် ကပ္ပီတန် အောင်ဆက်နှင့် ရင်းနှီးခွင့်မရသည့်အတွက် တစ်ပန်းရှုံးနေသည်။ တစ်နည်းပြောရလျှင် တိုမိုကုမ္ပဏီမှာ ကိုအဏ္ဏဝါ၏ နေဝင်ချိန်၊ ဇာတ်သိမ်းပိုင်းကို စပြီလို့ ပြောနိုင်သည်။

၁၈-ရက်နေ့မှာ ဆူဒန်နိုင်ငံ၏ ဆိပ်ကမ်းမြို့ဖြစ်သည့် ပို့ဆူဒန်ကို ရောက်သော်လည်း ဆိပ်ကမ်းကပ်ခွင့် မရသေးလို့ သင်္ဘောကို စက်ရပ်ပြီး မျှောထားရသည်။ ဆူဒန်နိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အတော် နိမ့်ကျနေသည့် အချိန် ဖြစ်သည်။ သင်္ဘောတစ်စီး ဆိပ်ကမ်းကပ်ခွင့် ရရှိရေးကအစ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းနဲ့ နားလည်မှုရှိမှ ဖြစ်သည်။ ကပ္ပီတန်ကလည်း အသစ်ဖြစ်လို့ အထာမညက်သေးသည့်အတွက် အထစ်အငေါ့လေးတွေ ဖြစ်နေသည်။

ဦးအောင်ဆက်သည် သဘောကောင်းသူ ဖြစ်သည်။ ပထမအင်ဂျင်နီယာ ကိုသော်တာဌေးနှင့်အတူ ညနေတိုင်း ဝိုင်းဖွဲ့လေ့ ရှိသည့် ယမကာဝိုင်းမှာ ပါဝင်ရန် ကိုအဏ္ဏဝါကို ခေါ်ပါသည်။ ကိုအဏ္ဏဝါက ကျန်းမာရေးကို အကြောင်းပြပြီး အရက်မသောက်ဘဲ နေသည်။ အဓိကအကြောင်းကတော့ စီးပွားရေးကြောင့် ဖြစ်သည်။ သူက တိုက်တာတွေကိုချည်း နေ့စဉ်သောက်နေ၍ မသင့်တော်ပါ၊ ကိုယ့်အလှည့်ဆိုတာလည်း ရှိရမည် ဖြစ်သည်။ အဲဒီအလှည့်ရဲ့ ကုန်ကျစရိတ် မတတ်နိုင်လို့ သူတို့နှင့် အပေါင်းဘဲ ခပ်ခွာခွာနေသောအခါ တဖြည်းဖြည်း ကင်းကွာနေတော့သည်။ ကိုယ်ရှိတဲ့ နေရာကို သူမလာ၊ သူရှိတဲ့ နေရာကို ကိုယ်က မသွားခြင်းဖြင့် ခင်မင်ရင်းနှီးမှု ယိုယွင်းကျဆင်း သွားလေတော့သည်။

၁၉-ရက်နေ့မှာ တိုမိုကုမ္ပဏီပိုင် သင်္ဘောတစ်စီးဖြစ်သည့် တိုမို-၁၀၃ နဲ့ အဆက်အသွယ် ရသည်။ ဆက်သွယ်ရေးအရာရှိ ယူဂျင်းဒင်းနစ်

http://www.linhtet.com



နဲ့စကား ပြောလိုက်ရသည်။ ကပ္ပိတန် ဦးနီနှင့် ပထမအရာရှိ မစ္စတာ ဆမ်ဘီဆင်းမ်တို့ အဲဒီ သင်္ဘောမှာ ရောက်နေကြသည်။ သူတို့ကိုလည်း ရေဒီယို တယ်လီဖုန်းဖြင့် နှုတ်ဆက်စကား ပြောလိုက်ရသည်။ သူတို့ သင်္ဘောသည် နက်ဖြန်ဆိုလျှင် ဆော်ဒီနိုင်ငံ ဂျဒါး ဆိပ်ကမ်းကို ရောက်မည်ဟု ပြောသည်။ ဒီနေ့သည် တိုမိုကုမ္ပဏီမှာ ကိုအဏ္ဏဝါ၏ လုပ်သက် ခုနစ်လ ပြည့်သော နေ့ဖြစ်သည်။

၂၀-ရက်နေ့မှာ ဆိပ်ကမ်း ကပ်ခွင့် ရသည်။ ပို့ဆူဒန်မြို့၏ ဗဟုသုတတွေကို မြည်းစမ်းကြည့်လို၍ အင်ဂျင်နီယာချုပ် ကိုဖုန်းအောင်၊ ထမင်းချက် ကိုစိုးဝင်းဦး၊ ဘိုဆင် သော်သော်အောင်၊ တက်မကိုင် ကိုမြင့်သန်း တို့နှင့်အတူ မြို့ထဲ လျှောက်လည်ကြသည်။ သဲကန္တာရထဲမှာ တည်ဆောက်ထားသည့် မြို့ဖြစ်လို့ ခြောက်ကပ်ကပ်ကြီး ဖြစ်နေသည်။ ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် တံလျှပ်တွေက တဖွေးဖွေးနှင့် စွန်ပလွံပင်တွေကိုသာ တွေ့ရသည်။

ဈေးထဲကို ရောက်သွားကြသည်။ ဈေးထဲမှာ ဈေးရောင်း၊ ဈေးဝယ်တွေနှင့်အတူ စွန့်ပစ်ထားသည့် အညစ်အကြေးတွေနှင့် အမှိုက်တွေကို လာစားနေကြသည့် ခွေးလေ၊ ခွေးလွင့်တွေနှင့် ကျွဲနွားတွေကို တွေ့ရသည်။ ဈေးမှာ အရိပ်ရအောင် စိုက်ထားသည့် ဗန်ဒါပင်က အရွက်တွေကို ချူးပြီး စားကြတာလား၊ ကုန်ထုပ်ပစ္စည်း အဖြစ် သုံးကြတာလားမသိ၊ တစ်ရွက်မျှ မရှိတော့ဘဲ တုံးတိတိ ဖြစ်နေသည်။ ဆိတ်တစ်အုပ်သည် မြေပြင်ပေါ်မှာ စားစရာ မြက်ပင် မရှိလို့ ထနောင်းပင်လို စူးပင်ရဲ့ ထိပ်ဖျားကို ရောက်အောင် တက်စားနေကြတာကို မြင်ခဲ့ရသည်။ အဲဒီလို ဆိတ်အုပ်ကြီး သစ်ပင်ထိပ်ဖျားပေါ် တက်စားနေပုံကို ဓာတ်ပုံရိုက်ပြီး ပို့စကတ် ထုတ်ရောင်းတာ တွေခဲ့ရသည်။

ယောက်ျားနှင့်မိန်းမ အတော်များများသည် အပေါ်ပိုင်း ဗလာဖြင့် သွားလာနေကြတာ မြင်ခဲ့ရသည်။ အမျိုးသမီးတွေကတော့ အအိုတွေ ဖြစ်ဖွယ်ရှိသည်။ ယောက်ျားတွေကတော့ ပူလွန်းသည့်ဒေသဖြစ်လို့ လူပျို ရော လူအိုပါ အင်္ကျီဗလာဖြင့် နေကြတာ တွေ့ရသည်။ ဈေးထဲမှာတော့ ချမ်းသာသူလို့ ယူဆရသည့် ဆန်ကုန်သည်ကြီးတွေက ဆန်ပုံကြီးဘေးမှာ

http://www.linhtet.com



ယပ်ခပ်ပြီး ထိုင်နေကြသည်။ ဆန်ပုံပေါ်မှာ ယင်ကောင်မည်းမည်းကြီးတွေက အုံခဲပြီး နားနေကြသည်။ ယင်ကောင် အသေးတွေကတော့ စားစရာ မရှိလို့ ကလေးတွေရဲ့ မျက်စိက ထွက်နေတဲ့ မျက်ချေးတွေကို ထွက်စား နေကြသည်။

မြို့ထဲမှာ လည်ပြီးကြသောအခါ မြို့ပြင်ကို ထွက်လည်ကြသည်။ မြို့ပြင်က ကွင်းပြင်ကြီးထဲမှာ မဏ္ဍပ်ကြီးတွေထိုးပြီး အတန်းကြီး လုပ်ထားသည်။ ကိုယ့်အခန်းလေးတွေနဲ့ ကိုယ် သီးသန့်ဖြစ်အောင် အဝတ် (လိုက်ကာ)တွေဖြင့် ကာထားကြသည်။ တစ်ခန်းမှာ တစ်ယောက်သာ ရှိသည်။ အသားအရောင်က မည်းပြောင်ပြီး အနံ့က ကျွဲမစော်နံနေသည်။ ကွင်းပြင်ကြီးထဲက နေပူကျဲကျဲအောက်မှာ ချွေးသံ တရွှဲရွှဲဖြင့် ဇွဲ့သည် မျှော်နေကြသည်။ လေပူတစ်ချက် ဝေ့လိုက်တိုင်း သဲတွေ ဖုန်တွေ ပါလာသဖြင့် မျက်စိမှိတ်ထားကြရသည်။ ဩော် စင်ကာပူ၊ ဘန်ကောက်၊ ဟောင်ကောင်၊ ကိုရီးယားတို့နဲ့များ တခြားစီပါလားဟု တွေးမိပြီး ကြောက်လည်းကြောက်၊ ရွံ့လည်းရွံ့ကြသဖြင့် အလုပ်မဖြစ်ဘဲ လှည့်ပြန်ခဲ့ကြပါသည်။

၂၁-ရက်နေ့တွင် ဆူဒန်နိုင်ငံမှ ပြန်ထွက်လာခဲ့သည်။ အေဒင်သို့ ပြန်သွားနေသည်ဟု သိရသည်။ ကပ္ပီတန်အောင်ဆက်သည် ကိုအဏ္ဏဝါကို အလုပ်သဘောအရသာ ဆက်ဆံသည်။ တရင်းတနှီး မရှိလှဘဲ ခပ်စိမ်းစိမ်းနေသည်။ ကြေးနန်း ပို့စရာရှိလျှင် လာပေးသည်။ ဝင်လာသည့် ကြေးနန်းကို သွားပေးလျှင် ယူထားလိုက်သည်။ မယ်ဖွဲ့ မောင်ဖွဲ့ ဘာတစ်ခုမျှ မပြောဘဲ ဘာသိဘာသာ နေသည်။ ဒီလို ဖြစ်နေခြင်းသည် ကိုအဏ္ဏဝါအတွက် မကောင်းသည့် လက္ခဏာဖြစ်သည်။

အမှန်တော့ ကပ္ပီတန်အောင်ဆက်သည် သဘောကောင်းသူဖြစ်သည်။ ငယ်စဉ်ကပင် နိုင်ငံခြားမှာ အနေများလို့ မြန်မာရိုးရာ လူမှု ဆက်ဆံရေးကို သိပ်ပြီး မကျွမ်းသလို ဖြစ်နေသည်။ စာဖတ်လျှင်လည်း အင်္ဂလိပ် စာအုပ်တွေကိုပဲ ဖတ်သည်။ ၂၄-နာရီလုံး ဘောင်းဘီရှည်ကို ဝတ်ပြီး ခြေအိတ်စွပ်ထားသည်။ ညတောင် ဘောင်းဘီ ဝတ်ပြီး အိပ်သည်ဟု

http://www.linhtet.com



ယူဆရသည်။ အသက် ၄၀-ကျော်သည်အထိ လူပျိုကြီး ဖြစ်နေလို့ ယမကာကိုသာ အဖော်ပြုပြီး ပျော်ပျော်နေတာ တွေ့ရသည်။

## မြေပြင်မှာ ခြေတင်ခွင့် မရသည့်တိုင်းပြည်

၂၄-ရက်နေ့သည် တိုမီ-၈၅ သင်္ဘောပေါ်မှာ ကိုအဏ္ဏဝါ၏ လုပ်သက် ခုနစ်လပြည့်သောနေ့ ဖြစ်သည်။ တစ်နှစ်ပြည့်အောင် လုပ်ခွင့် ရမည်ဆိုလျှင် နောက်ထပ် ငါးလ လုပ်ရဦးမည် ဖြစ်သည်။ ဒီနေ့မှာပဲ တောင်ယီမင်နိုင်ငံ အေဒင်မြို့ကို ပြန်ရောက်သည်။ အေဒင်မှာ လောင်စာဆီ တင်ပြီး ဆူဒန်နိုင်ငံကိုပဲ ပြန်သွားရဦးမည်ဟု သိရသည်။ အတော်ပျင်းရိငြီးငွေ့စရာ ကောင်းသည့် သင်္ဘောသားဘဝ ဖြစ်သည်။ ကိုအဏ္ဏဝါ၏ ပထမဦးဆုံး သင်္ဘော (မင်ကျုန်း)မှာ နေခဲ့ရတဲ့ ဘဝနဲ့တော့ နတ်ပြည်နဲ့ ငရဲလို ကွာချင်တိုင်း ကွာနေတော့သည်။

၂၆-ရက်နေ့မှာ အေဒင်က ပြန်ထွက်သည်။ ၂၈-ရက်နေ့မှာ ပို့ဆူဒန် ဆိပ်ကမ်းကပ်ခွင့်ရသည်။ ၂၉-ရက်နေ့မှာ ပို့ဆူဒန်မြို့ထဲ လျှောက်လည်သည်။ ကွင်းပြင်ထဲက ကျွဲမတွေဆီကိုတော့ သွားဖို့ စိတ်တောင် မကူးမိကြဘဲ ဈေးထဲမှာ လိုချင်တာတွေ လျှောက်ဝယ်ကြသည်။ အမေရိကန် ၁၀-ဒေါ်လာကို သူတို့ နိုင်ငံသုံးငွေ (ဆူဒန်ပေါင်) နှင့် လဲရာ ဆူဒန် ၂၁-ပေါင် ရသည်။ ၂၁-ပေါင်ဆိုတာ သူတို့လူမျိုးတွေ အတွက်တော့ စားမကုန် သောက်မကုန်သော ငွေဖြစ်သည်။

ဈေးထဲမှာ ဝယ်ချင်စရာ ဘာမျှ မတွေ့လို့ စွန်ပလွံယိုတွေ ဝယ်သည်။ ကြက်အရှင်တွေ ရောင်းနေတာ တွေ့လို့ သင်္ဘောကျလျှင် သတ်စားမည်ဆိုပြီး ကြက်အရှင် တစ်ကောင် ဝယ်လာခဲ့သည်။ သင်္ဘောရောက်တော့ ကိုယ်တိုင် ကြက်မသတ်သော်လည်း ထမင်းချက်ကို သတ်ခိုင်းလိုက်မိသည်။ ကြက်သား လတ်လတ်ဆက်ဆက် ဟင်းဖြင့် ထမင်းစားလို့ အတော်မြိန်သည်။

စင်ကာပူက ရေဒီယိုစတေရှင် (9VG) မှာ မိမိအတွက် ကြေးနန်း သုံးစောင်ရှိနေသည် ဆို၍ ကြေးနန်း ဖမ်းယူမည်ဆိုပြီး ဝါယာလက်

http://www.linhtet.com



စက် ဖွင့်လိုက်ရာ အသံလွှင့်စက် ပျက်နေပါလေတော့သည်။ အကြီးအကျယ် ကြောက်လန့် တုန်လှုပ်သွားသည်။ အမြဲတမ်း ကောင်းနေခဲ့သော ဝါယာလက်စက်သည် ကြက်အရှင်ကို သတ်စားမိသည့် နေ့မှာ ပျက်နေတာ တွေ့ရသည်။ အကုသိုလ်အမှု ပြုမိ၍ သမ္မာဒေဝ နတ်တွေက သတိပေးတာ ဖြစ်မှာပဲလို့ ထင်လိုက်မိသည်။ နောင် ဘယ်တော့မှ မလုပ်တော့ပါဟု ဆုံးဖြတ်လိုက်သည်။ မိမိ တက်သလောက် မှတ်သလောက် ပညာလေးဖြင့် အသံ လွှင့်စက်ကို ပြုပြင်ရာ အသင့်အတင့် ပြန်ကောင်းသွားသည်။ အောက်ပို့ အပြည့် မထွက်လို့ စင်ကာပူက တိုးတိုးလေးပဲ ကြားရသည်ဟု ပြောသည်။ စင်ကာပူက ကြေးနန်း သုံးစောင်ကို ယူလိုက်နိုင်သည်။ ကြေးနန်းစာအရ ပင်လယ်ကွေ့ထဲမှာ တိုင်းမ်ချာတာ ခြောက်လ ဝင်ရမည်ဟု ပါရှိသည်။

ဆူဒန်ဆိပ်ကမ်းမှ ထွက်ခွာလာပြီး ဆော်ဒီအာရေဗျ နိုင်ငံ ဂျဒါးကို သွားနေသည်။ ဘာသာရေးအရ အလွန်တင်းကျပ်သည့် တိုင်းပြည်ကို သွားနေပြီ ဖြစ်လို့ အရက်၊ ဘီယာနှင့် အပြာစာအုပ်၊ အပြာခေတ်ပုံတွေ အားလုံးကို အခန်းတစ်ခုအတွင်း ထည့်ပြီး သော့ခတ်ရသည်။ မိမိအခန်းတွင်းက သောက်လက်စ အရက်ပုလင်းကိုလည်း လုံခြုံသည့် နေရာမှာ ဝှက်ထားရသည်။ ရှာတွေ့လို့ ရှိလျှင် ပိုင်ရှင်မဲ့အဖြစ် သိမ်းယူသွားပါစေ ဆိုသည့် သဘော စီစဉ်ကြရသည်။

ဆိပ်ကမ်းသို့ ကပ်ပြီးနောက် ရောက်ဖူးတယ်ရှိအောင် သင်္ဘောအောက်ကို ဆင်းမည်လုပ်တော့ မဆင်းရဟုဆိုသည်။ သန့်ရှင်းသည့် မြေပေါ်ကို မစင်ကြယ်သူတို့၏ ခြေမချရဟု သိရသည်။ ဆော်ဒီနိုင်ငံကို ရောက်ဖူးခဲ့သော်လည်း မြေပေါ်ကို ခြေမချခဲ့ရ ဖြစ်ခဲ့ပါသည်။

## ထမင်းမစားရသည့် သင်္ဘောသားဘဝ

၁-၃-၈၄ နေ့ ညနေ ၅-နာရီတွင် ဆော်ဒီအာရေဗျနိုင်ငံ ဂျဒါး ဆိပ်ကမ်းမှ ပြန်လည် ထွက်ခွာခဲ့ပါသည်။ ဆိပ်ကမ်းက ထွက်သည်နှင့် တစ်ပြိုင်နက် လှိုင်းနှင့်လေကြောင့် သင်္ဘော လူးလိမ့်နေသည်။ ပင်လယ်

http://www.linhtet.com



နီသည် ကမ္ဘာ့မြေပုံထဲမှာ ကျဉ်းကျဉ်းလေး တွေ့ရသော်လည်း ဒီဘက်ကမ်း ဆူဒန်နိုင်ငံနှင့် ဟိုဘက်ကမ်း ဆော်ဒီနိုင်ငံကို တစ်နေ့နှင့် တစ်ည မောင်းရသည်။ လှိုင်းကလည်း အမြဲရှိသည်။

၄-ရက်နေ့မှာ တောင်ယီမင်နိုင်ငံ အေဒင်မြို့ကို ရောက်ပြီး လောင်စာဆီတွေ တင်သည်။ အတော် ပျင်းစရာကောင်းသော သင်္ဘောသားဘဝ ဖြစ်သည်။ အေဒင်မြို့ကို အခေါက်ခေါက် အခါခါ ရောက်ဖူးပြီး ဖြစ်သည်။ ပျော်စရာ ဘာမျှမရှိသော ခြောက်ကပ်ကပ်နိုင်ငံ ဖြစ်သည်။ ကမ်းပေါ်တက်တော့လည်း တမာပင်၊ စွန်ပလွံပင်နှင့် ကျောက်တောင်ကြီးတွေ၊ မျက်စိတစ်ဆုံး မြင်နေရသော သဲကန္တာရကြီးတွေကိုသာ တွေ့ရသည်။ အသက် ၇၀-ခန့်ရှိသည့် လုံခြုံရေးအဘိုးကြီး တစ်ယောက်က လွမ်းလွမ်းဆွေးဆွေး ပြောဖူးတာကို မှတ်မိနေသည်။

"သားရေ တို့များငယ်ငယ်က အင်္ဂလိပ် လက်အောက်မှာ နေခဲ့ရတာ၊ ယီမင်နိုင်ငံရဲ့ ဟောဒီ ဆိပ်ကမ်းမြို့ အေဒင်ဆိုတာ စည်ကားလိုက်တာကွယ်၊ စူးအက်တူးမြောင်းကို ဖြတ်ဖို့အတွက် ပင်လယ်နီထဲ ဝင်လာတဲ့ သင်္ဘောတွေအားလုံး ဒီဆိပ်ကမ်းမှာ ဆီ၊ ရေ ရိက္ခာ ဖြည့်ကြတယ်။ တိုင်းပြည်လည်း ချမ်းသာတယ်၊ ပြည်သူတွေလည်း စားဝတ်နေရေး ပြေလည်ကြတယ်။ လွတ်လပ်ရေး ရပြီးတဲ့ အချိန်ကစပြီး တိုင်းပြည်လည်း တောင်ယီမင်နဲ့ မြောက်ယီမင်ဆိုပြီး နှစ်ခြမ်း ကွဲတယ်၊ တိုင်းပြည်လည်း စီးပွားရေး ကျဆင်းသွားတယ်၊ အခုတော့ မြင်တဲ့အတိုင်းပဲ"

မြင်ခဲ့ရတာကတော့ မွဲခြောက်နေသည်။ အဆောက်အအုံ နံရံတွေမှာ ကွမ်းတံတွေးနဲ့ သေးကွက်တွေ၊ ချေးလေချေးလွင့်တွေ၊ လေပူတွေ တိုက်နေတဲ့ ဟင်းလင်းပြင် သဲကန္တာရကြီးတွေ၊ ကျောက်တောင် မည်းမည်းကြီးတွေ၊ မြေပြင်မှာ စားစရာ မရှိလို့ သစ်ပင်ကို ချိတ်တက်နေတဲ့ ဆိတ်တွေ၊ ဝင်ငွေနဲ့ ထွက်ငွေ မမျှမတ ဖြစ်နေတဲ့ လူတစ်ယောက် မောင်းယူလာတဲ့ သိုးတစ်အုပ်သည် လှုပ်လီလှုပ်လဲ့ လမ်းလျှောက် လာနေကြတာ မြင်ရသည်။

၆-ရက်နေ့ နံနက်မှာ တောင်ယီမင်နိုင်ငံ အေဒင်ဆိပ်ကမ်းက ထွက်သည်။ မြောက်ယီမင်နိုင်ငံ ဟော်ဒိုက်ဒါးသို့ သွားနေသည်။ ဆူဒန်

http://www.linhtet.com



နိုင်ငံမှာ ကြက်အရှင် တစ်ကောင်ကို ဝယ်ပြီး သတ်စားမိသည့်နေ့က စပြီး ဝါယာလက်စက်သည် တစ်နေ့တစ်မျိုး ဒုက္ခပေးနေလို့ စိတ်ညစ်နေသည်။ သင်္ဘောမှာလည်း ရိက္ခာ ပြတ်လုပြီ ဖြစ်လို့ အစားအသောက် အတော် ညံ့နေသည်။

ညနေဘက်မှာ ခပေါင်း ဒူးယား ခေါ်ကြည့်သည်။ ထရိုတ်မား ကုမ္ပဏီပိုင် သင်္ဘောတစ်စီးမှာ ရောက်နေသည့် အာအိုသစ်လွင်ဖေနဲ့ စကားပြောလိုက်ရသည်။ သစ်လွင်ဖေသည် ကိုအဏ္ဏဝါနှင့်အတူ မြန်မာ့ရေနံမှာ နေ့စားဝင်လုပ်ခဲ့သူ ဖြစ်သည်။ လေလှိုင်းပေါ်မှာ မြန်မာတွေ စကားပြောနေကြသံ ကြားတော့ ပီအိုင်အယ်လ် သင်္ဘောက တတိယအရာရှိ မြင့်စိုးပါ ဝင်ပြောသည်။ ကိုအဏ္ဏဝါတို့ ရခိုင်ဒေသက ဆပ်သွားရှာသား အင်ဂျင်နီယာ မောင်ဘမြင့်လည်း အဲဒီသင်္ဘောမှာ ရောက်နေလို့ စကားပြောလိုက်ရသည်။ တစ်ဦးကို တစ်ဦး မမြင်ရသော်လည်း စကားပြောလိုက်ရလို့ ဝမ်းသာမိသည်။

၇-ရက်နေ့ နံနက်မှာ မြောက်ယီမင်နိုင်ငံ ဟော်ဒိုက်ဒါးကို ရောက်ပြီး ဆီတွေချသည်။ တစ်နေ့လုံး ကုန်ချနေသည်။ ကမ်းပေါ်တက်ခွင့် မရသည့်အတွက် မြောက်ယီမင်နိုင်ငံ ဆိုတာကို ရောက်သာရောက်ဖူးသည် မြေကို မနင်းခဲ့ရလို့ အတော်ပျင်းစရာကောင်းသော သင်္ဘောသားဘဝ ဖြစ်သည်။ ညနေ မိုးချုပ်တော့မှ ကုန်ချလို့ ပြီးသည်။ ပြီးသည်နှင့် ဆိပ်ကမ်းက ပြန်ထွက်သည်။ ယောင်ယီမင် နိုင်ငံ အေဒင်ကို ပြန်သွားနေသည်။ နှစ်ခြမ်းကွဲနေသည့် နိုင်ငံကို ဟိုဘက်ကူးလိုက် ဒီဘက်ကူးလိုက် လုပ်နေခြင်း ဖြစ်သည်။

၈-ရက်နေ့မှာ ဟော်ဒိုက်ဒါးမှ ပြန်ထွက်သည်။ ၉-ရက်နေ့မှာ တောင်ယီမင်နိုင်ငံ အေဒင်ကို ပြန်ရောက်ပြီး ဆိပ်ကမ်းကပ်သည်။ သင်္ဘောပေါ်မှာ ဆန်၊ ဆီ၊ သားငါးတွေ ကုန်တော့မည် ဖြစ်လို့ မြို့ထဲထွက်ပြီး ဈေးဝယ်ကြရသည်။ အင်ဂျင်နီယာချုပ် ကိုဖုန်းအောင်၊ ထမင်းချက် ကိုစိုးဝင်းဦး၊ စားပွဲထိုး ကိုအောင်မျိုးခင်တို့နှင့်အတူ ဈေးထဲ သွားပြီး အသီးအရွက်နှင့် သားငါးတွေကို ဈေးကြီးပေး ဝယ်ကြရသည်။

http://www.linhtet.com



၁၀-ရက်နေ့မှာ အေဒင်က ထွက်သည်။ ၁၁-ရက်နေ့မှာ ဟော်ဒိုက်ဒါးကို ရောက်ပြန်သည်။ ၁၂-ရက်နေ့မှာ ပြန်ထွက်သည်။ တောင်ယီမင်နှင့် မြောက်ယီမင်ကို ကူးချည်သန်းချည်လုပ်ရင်း သင်္ဘောမှာ ဆန်ကုန်သွားလေတော့သည်။ သင်္ဘောသားတွေ ထမင်း မစားရဘဲ ခေါက်ဆွဲခြောက် အထုပ်ကလေးတွေကို ပြုတ်စားကြရသည်။

## အီရန်နှင့် အီရတ်စစ်ပွဲကြားက သင်္ဘောသား

မြောက်ယီမင်မြို့တော် ဟော်ဒိုက်ဒါးကို အကြိမ်ကြိမ် အခေါက်ခေါက် ရောက်သော်လည်း ဆီတင်၊ ဆီချ လုပ်သည့်နေရာနှင့် မြို့ဆိပ်က သိပ်ဝေးလွန်းလို့ ကမ်းပေါ်ကို မတက်ရ ဖြစ်နေသည်။ မြောက်ယီမင်နိုင်ငံကို ရောက်ဖူးတယ်ဆိုတဲ့ နာမည်သာ အဖက်တင်သည်။

၁၄-ရက်နေ့မှာ အေဒင်ကိုရောက်ပြီး ဆီတင်သည်။ အချိန်မရလို့ ဆန်နှင့် ဟင်းဝယ်ဖို့ အဆင်မပြေ ဖြစ်ရပြန်သည်။ ခေါက်ဆွဲပြုတ်ကိုပဲ ဆက်စားနေကြရသည်။ ညနေ ၅-နာရီမှာ အေဒင်မှ ထွက်ပြန်သည်။ ဆီတင်သင်္ဘော၏ သဘာဝအတိုင်း ကုန်တင်ကုန်ချ သိပ်မြန်သည်။ ဆိပ်ကမ်းတစ်ခုမှာ အလွန်ဆုံးကြာလျှင် တစ်ရက်သာ ဖြစ်သည်။ ကွန်တိန်နာ သင်္ဘောဆိုလျှင် နာရီပိုင်းသာ ကြာသည်။ နောင်ဆိုလျှင် ဆီတင်သင်္ဘောနှင့် ကွန်တိန်နာ သင်္ဘောဆိုလျှင် ဘယ်တော့မှ မလိုက်တော့ဘူးလို့ စဉ်းစားထားသည်။ အထွေထွေ ကုန်တင်သင်္ဘောတွေဟာ ဆိပ်ကမ်းမှာ တစ်ပတ်ဆယ်ရက် ကြာအောင် နေကြရသည်။ အဲဒါမျိုးမှ ကိုအဏ္ဏဝါရဲ့ စရိုက်နဲ့ ကိုက်သည်။

၁၆-ရက်နေ့ နံနက်မှာ မူခါလာ (MUKALLA) ဆိုသည့် ဆိပ်ကမ်းသို့ ရောက်သည်။ မူခါလာသည် ဘယ်နိုင်ငံက ပိုင်တဲ့ဆိပ်ကမ်းဆိုတာကိုတောင် စိတ်မဝင်စားတော့လို့ မေးလည်းမမေး ကမ်းလည်းတက်ခွင့် မရဘဲ ရေလယ်က ဘွိုင်မှာချည်ထားသည်။ ရေထဲမှာ မြှုပ်ထားသည့် ပိုက်ပျော့ကြီးကို ရေထဲက ဆွဲဖော်ပြီး သင်္ဘောက ပိုက်ခေါင်းနဲ့

http://www.linhtet.com



ဆက်ပြီး ဆီတင် ဆီချ လုပ်သည်။ အတော် စိတ်ပျက် ငြီးငွေ့စရာ ကောင်းသည့် သင်္ဘောသားဘဝ ဖြစ်သည်။

နေ့လယ်ဘက်တွင် ပီအိုင်အယ်လ်သင်္ဘော (KOTA SIAM) မှ အာအိုကိုစိန်လွင်နှင့် မြန်မာသင်္ဘောသားတွေ ကိုအဏ္ဏဝါတို့ သင်္ဘောကို လာလည်ကြသည်။ သူတို့လာတော့ ဧည့်ခံရင်း သတင်းတွေ ဖလှယ်ကြသည်။ ဘာမျှပျော်စရာမကောင်းသည့် သင်္ဘောဖြစ်လို့ သူတို့လည်း ကြာကြာ မနေကြဘဲ ပြန်သွားကြသည်။

၁၇-ရက်နေ့ နံနက်မှာ အသက်ကယ်လှေချပြီး ကိုတာဆလင်းကို သွားလည်သည်။ မိမိတို့ သင်္ဘောမှာ ထမင်းမစားရဘူးဆိုလို့ ကိုစိန်လွင်က ထမင်းစားသွားပါလားဟု ပြောသည်။ ရှက်လည်းရှက်သည်၊ သူများသင်္ဘောမှာ ကြာကြာမနေချင်တာလည်း ပါသည်။ ထမင်းစားချိန်မှာ ပြန်လာခဲ့ပါသည်။ ညနေ ၅-နာရီမှာ မူခါလာဆိပ်ကမ်းမှ ထွက်ခွာခဲ့ပါသည်။ ပင်လယ်ကွေ့ထဲမှာရှိသည့် အဘူဒါဘီ (ABU-DHABI) သို့ သွားနေသည်ဟု ကပ္ပိတန်က ပြောသည်။

အဘူဒါဘီသည် အီရန်နှင့်အီရတ် စစ်ဖြစ်နေသည့် ပင်လယ်ကွေ့ထဲမှာ ရှိသည်။ ယခု ရောက်နေသည့် ပင်လယ်နီက ထွက်ပြီး ဟော်မုဒ်ရေလက်ကြားကို ဖြတ်၍ ပင်လယ်ကွေ့ထဲကို ဝင်ရမည်ဖြစ်သည်။ ဟော်မုဒ်ရေလက်ကြားကို ဝင်လာသည့် သင်္ဘောတွေကို အီရန်က မကြာခဏ မှားယွင်း ပစ်ခတ်နေသည်။ ကိုအဏ္ဏဝါ ယခုလုပ်နေသည့် တိုမိုကုမ္ပဏီပိုင် သင်္ဘောတစ်စီးကိုလည်း ဒုံးကျည် ထိဖူးသည်။ ဒုံးကျည်က မပေါက်ဘဲ သင်္ဘောဘေးမှာ တန်းလန်းကြီး စိုက်ဝင်နေလို့ အဲဒီ တန်းလန်း ကြီးနဲ့ပဲ စင်ကာပူကို လွန်းတင်ဖို့ ပြန်သွားခဲ့ရသည်ဟု ကြားဖူးသည်။

၁၉-ရက် နေ့သည် ကိုအဏ္ဏဝါ တိုမိုကုမ္ပဏီမှာ သင်္ဘောသား အဖြစ် စာရင်းဝင်တာ ရှစ်လပြည့်သော နေ့ဖြစ်သည်။ ဒီနေ့မှာပဲ အန္တရာယ် စက်ကွင်းဖြစ်သည့် စစ်မြေပြင်ကို စတင်ဝင်သည်။ အိုမင် ပင်လယ်ကွေ့ကို ဝင်နေပြီ ဖြစ်သည်။ ဟောမုဒ်ရေလက်ကြားကို ဖြတ်တော့မည်ဖြစ်လို့ ခေတ္တရပ်စောင့် နေကြရသည်။ သင်္ဘောတွေ ရှေ့နောက် တန်းစီပြီး အုပ်စုဖွဲ့ ဝင်ကြရမည်ဟု သိရသည်။

http://www.linhtet.com



ကပ္ပိတန်အောင်ဆက်သည် အင်္ဂလန်မှာ အကြာကြီး နေခဲ့သူ ဖြစ်လို့ အင်္ဂလိပ်လို အပြောကောင်းသည်။ အိုမင်မှာ အခြေစိုက်ပြီး ကုန်တင်သင်္ဘောတွေကို စောင့်ရှောက်ပေးနေသည့် အမေရိကန် စစ်သင်္ဘောက တာဝန်ရှိသူနှင့် အင်္ဂလိပ်လို ပြောပြီး ညွှန်ကြားချက် ရယူနေသည်။ သင်္ဘော ၅-စီး တစ်အုပ်စုစီ ဖွဲ့ပြီး အုပ်စုလိုက် ဟော်မုဒ် ရေလက်ကြားကို ဖြတ်ကြရမည်ဟု သိရသည်။

## ဂျက်တိုက်လေယာဉ် တောင်ပံအောက်က ကုန်တင်သင်္ဘောများ

ကပ္ပိတန်သည် အမေရိကန် စစ်သင်္ဘောက ညွှန်ကြားနေသည့် အတိုင်း မိမိ၏ သင်္ဘောအုပ်စုတွင် ပါဝင်သည့် သင်္ဘော လေးစီးနှင့်အတူ ဟောမုဒ် ရေလက်ကြားကို ဖြတ်ရန် တာစူနေသည်။ အမေရိကန် စစ်သင်္ဘောက ညွှန်ကြားချက် ပေးနေသည့် အသံကိုသာ ကြားနေရသည်။ ဘယ်နေရာက ပြောနေမှန်း မသိလို့ မှန်ပြောင်းဖြင့် လိုက်ကြည့်သော်လည်း မတွေ့ဖြစ်နေသည်။ အမေရိကန်စစ်သင်္ဘောက သင်္ဘောတွေ သွားကြရမည့် လမ်းကြောင်းကို တိတိကျကျ သတ်မှတ်ပေးနေသည်။ သင်္ဘော တစ်စီးချင်း၏ နာမည်တွေကိုခေါ်ပြီး ရှေ့နောက် တန်းစီ စေသည်။

တိုမို-၈၅ လို့ခေါ်သံကြားသည်နှင့် ပြန်ထူးပြီး သူညွှန်ကြားသည့် ရေလမ်းကြောင်းအတိုင်း ခုတ်မောင်းရသည်။ ပင်လယ်ကွေ့ထဲကို ဝင်ကြမည့် သင်္ဘော ၅-စီး အုပ်စုမှာ ကိုအဏ္ဏဝါတို့ သင်္ဘောက စတုတ္ထနေရာက ဝင်ရသည်။ ရှေ့နောက် တန်းစီထားသည့် သင်္ဘောတွေ တစ်စီးနှင့် တစ်စီး အကွာအဝေးဟာ ဓာတ်တိုင်တစ်တိုင်လောက်စီသာ ကွာသည်။ နေရာ ယူပြီးသောအခါမှာ မိမိရဲ့ ရှေ့က တတိယသင်္ဘောနှင့် နောက်က ပဉ္စမ သင်္ဘောတွေကို မြင်နေရသည်။ အိုမင်နိုင်ငံ ကမ်းခြေကို ကပ်ပြီး ခုတ်မောင်း ဝင်ကြရသည်။ သင်္ဘောတွေ တန်းစီပြီး တဖြည်းဖြည်း ခုတ်မောင်း နေသည့်အပေါ်က ဂျက်တိုက်လေယာဉ်တွေ ဝေါခနဲ ဝေါခနဲ ဖြတ်ပျံသွားကြသည်။ ကြက်ကလေးတွေကို စွန်ချီ၊ သိမ်းကုပ်မှာ စိုးလို့ ကြက်မကြီးက အတောင်ဖြင့် အုပ်မိုးထားသည့် ပုံစံမျိုး ဖြစ်နေသည်။

http://www.linhtet.com



အက်ဖ်-၁၆ (F16) အမျိုးအစား ဂျက်တိုက်လေယာဉ်တွေသည် ကုန် သင်္ဘောတွေပေါ်က အလျားလိုက်လည်းကောင်း၊ ကန့်လန့်ဖြတ်၍ လည်းကောင်း ဝေါခနဲ၊ ဝေါခနဲ ဖြတ်ပျံ သွားကြသည်။ တစ်နာရီ ကျော်ကျော် မောင်းဝင်ပြီးသောအခါ မိမိ သွားလိုရာကို လွတ်လပ်စွာ သွားလို့ ရပြီဖြစ်ကြောင်း အမေရိကန် စစ်သင်္ဘောက သင်္ဘောတွေ အားလုံးကို ပြောသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောသည် အဘူဒါဘီသို့ သွားရမည် ဖြစ်သည်။ ည ၁၀-နာရီတွင် ရေနံချက်စက်ရုံတစ်ခု အနီးမှာ ရှိသည့် (RUWAIS) ဆိုသော နေရာတွင် ကျောက်ချရပ်နားသည်။

သင်္ဘောကတော့ ကျောက်ချပြီးပြီ ဘာဆက်လုပ်ရမည် မသိလို့ စင်ကာပူက ညွှန်ကြားချက်ကို စောင့်နေကြရသည်။ ဒီလို အခြေအနေမှာ ကိုအဏ္ဏဝါရဲ့ အလုပ်က အရေးပါလာသည်။ စင်ကာပူ ရေဒီယိုကို နာရီ မလပ် နားထောင်နေရသည်။ သင်္ဘောသားတွေ အားလုံး အလုပ် နားနေကြသဖြင့် ပင်လယ်ကွေ့ထဲရှိ နိုင်ငံတွေက လွှင့်ထုတ်နေသော ရုပ်သံ အစီအစဉ်တွေကို ကြည့်နေကြသည်။ အိုမင်နိုင်ငံက လွှင့်ထုတ် သည့် သတင်းမှာ ကုန်တင်သင်္ဘောတွေ ဟောမုဒ် ရေလက်ကြားကို ဖြတ်နေကြပုံကို ထုတ်လွှင့်ပြသည်။ အမေရိကန် စစ်သင်္ဘောတစ်စီးက ရှေ့က ဦးဆောင်ပြီး မောင်းနေသည်။ ကုန်တင်သင်္ဘောတွေက တန်းစီပြီး နောက်က လိုက်နေကြသည်။ ကုန်တင်သင်္ဘောတွေရဲ့ နောက်ဆုံးက အမေရိကန် စစ်သင်္ဘောတစ်စီး လိုက်ပါစောင့်ရှောက်နေပုံကို ဘေးတိုက် အမြင်မှ လည်းကောင်း၊ ကောင်းကင်မှ လည်းကောင်း ရုပ်ရှင်ရိုက်ပြသည်။ ကိုအဏ္ဏဝါတို့ သင်္ဘော တိုမို-၈၅ ကို မြင်လိုက်သည်နှင့် (ဟောဟိုမှာ ငါတို့သင်္ဘော ငါတို့ သင်္ဘော) ဟု ဝိုင်းအော်ကြသည်။

စင်ကာပူက ဝင်လာသည့် ကြေးနန်းအရ (RUWAIS) က ရေနံချက် စက်ရုံမှာ လေယာဉ်ဆီတွေ တင်ပြီး အဘူဒါဘီ လေဆိပ်ကို သွားပို့ ရမည်ဟု ဆိုသည်။ အဲဒီလို ကူသယ်၊ ခေါက်သယ် (၆)လတိတိ လုပ်ရမည်ဟု ဆိုသည်။ ဆိုလိုတာကတော့ ခြောက်လတိတိ မြေမနင်းရ တော့ဘဲ ရေထဲမှာပဲ နေကြရတော့မည်ဆိုသည့် သဘော ဖြစ်သည်။ သင်္ဘောသားတွေအားလုံး စိတ်ပျက်သွားကြသည်။ ပျော်စရာ မကောင်း သည့် သင်္ဘောမှာ စိတ်ပျက်စရာ အလုပ်ကို လုပ်ကြရတော့မည် ဖြစ်သည်။

http://www.linhtet.com



## ခြောက်လအတွင်း မြေမနင်းရသော သင်္ဘောသားများ

၂၄-ရက်နေ့သည် တိုမို-၈၅ သင်္ဘောပေါ်မှာ ကိုအဏ္ဏဝါ ရှစ်လပြည့်သော နေ့ဖြစ်သည်။ တစ်နှစ်ပြည့်အောင် လုပ်ရမည်ဖြစ်လို့ လေးလကျန်သေးသည်။ စီးပွားရေးအရ တွက်ခြေမကိုက်သေးလို့ တစ်နှစ်ပြည့်အောင် ဆက်နေရမည် ဖြစ်သော်လည်း ဒီသင်္ဘောမှာ မနေချင်၊ အိမ်ပြန်ချင်လှပြီ ဖြစ်သည်။ သုံးနှစ်တစ်ကြိမ် ကားတစ်စီး သွင်းရသောခေတ်ဖြစ်လို့ နောက်ကားတစ်စီး သွင်းလို့ ရတဲ့အထိ နေမည်ဆိုလျှင် တစ်နှစ်ပြည့်ပြီး နောက်ထပ် သုံးလလောက် ဆက်နေရဦးမည် ဖြစ်သည်။

နောက်ထပ် ကားတစ်စီး တင်သွင်းခွင့် ရရေးအတွက် နိုင်ငံခြားမှာ နောက်ထပ်သုံးလမဟုတ် ခြောက်လလည်း နေနိုင်ပါသည်။ သို့သော် ဒီသင်္ဘောမှာတော့ မနေချင်တော့ဘူး ဖြစ်နေသည်။ လစဉ် နိုင်ငံခြားငွေဖြင့် လစာ ရလို့သာ လုပ်နေရသော်လည်း မနှစ်က ဟောင်ကောင် သင်္ဘောမှာ လုပ်ခဲ့ရတုန်းကလို မပျော်ပိုက်ဖြစ်နေသည်။ အိမ်ကိုပြန်လျှင် ပြန်၊ မပြန်လျှင် သင်္ဘောပြောင်းချင်နေသည်။ လုပ်ငန်းသဘာဝကိုလည်း မကြိုက်၊ အရာရှိချင်းချင်း ဆက်ဆံရေးကိုလည်း မကြိုက်ဖြစ်နေသည်။ အောက်ခြေအဆင့်ကတော့ ကိုအဏ္ဏဝါကို ခင်မင်ကြပါသည်။

၂၅-ရက်နေ့သည် တိုမို-၈၅ သင်္ဘော ပင်လယ်ကွေ့ချာတာ စတင်ဝင်ရသော နေ့ဖြစ်သည်။ ယနေ့မှစ၍ ခြောက်လအတွင်းမှာ မြေမနင်းရဟု စာချုပ်စာတန်းဖြင့် အသိပေးလိုက်သော နေ့ဟု ဆိုနိုင်သည်။ သင်္ဘောသည် ကျောက်ချထားရာမှ ရေနံချက်စက်ရုံကို ဝင်ကပ်၊ လေယာဉ်ဆီတွေတင်ပြီး အဘူဒါဘီ လေယာဉ်ကွင်းကို ပို့၊ ပြန်လာ၊ ဒီနေရာမှာ ပြန်ပြီး ကျောက်ချ၊ ရေနံချက်စက်ရုံက ခေါ်လျှင်သွား၊ ဆီတင်ပြီး လေယာဉ်ကွင်းပို့ စသည်ဖြင့် ခြောက်လတိတိ နေရမည် ဖြစ်သည်။

၂၇-ရက်နေ့မှာ ရေနံချက်စက်ရုံက သင်္ဘောကပ်ရန် ဖုန်းဆက်ခေါ်လို့ သွားကပ်ပြီး ဆီတင်သည်။ ခြောက်လအတွင်းမှာ ရေနံချက်စက်ရုံနှင့် လေယာဉ်ကွင်း ကူသယ်ခေါက်သယ် လုပ်ရမည့် လုပ်ငန်း စပြီဟု သိလိုက်သည်။ ရေနံချက်စက်ရုံ၏ ဆိပ်ခံတံတားတွင် ဝင်ကပ်တော့မည်ဖြစ်လို့ ကင်မရာတွေ အားလုံးကို စတိုထဲ ထည့်ပြီး သော့ခတ်ကြရသည်။

http://www.linhtet.com



ဆေးလိပ်မသောက်ကြရရုံသာမက၊ လေအေးပေးစက်နှင့် လေမှုတ်စက် (အဲယားကွန်းနဲ့ ဘလိုဝါ) တွေပါ ပိတ်ထားရမည်ဆိုလို အလွန်ပူအိုက်တဲ့ တိုင်းပြည်မှာ ငရဲခံနေရသလို ဖြစ်နေသည်။ ဒီဝင်္ဂကမြန်မြန် ကျွတ်ချင်နေပြီ ဖြစ်သည်။

၂၈-ရက်နေ့မှာ ရေနံချက်စက်ရုံမှ ထွက်သည်။ ၁၀-နာရီ ကြာအောင် ခုတ်မောင်းပြီးသောအခါ အဘူဒါဘီ လေဆိပ်ကို ရောက်သည်။ လေဆိပ် ဆိပ်ခံတံတားကို ကပ်ခွင့်မရသေးလို့ ကျောက်ချပြီး စောင့်နေရသည်။ ကမ်းကိုမမြင်ရသော နေရာမှာ ကျောက်ချထားတာ တွေ့ရသည်။

၃၀-ရက်နေ့မှာ ဆန်၊ ဆီ၊ ဆား၊ သားငါးနှင့် အသီးအရွက်တွေ တင်ဆောင်လာသည့် မော်တော် (တပ်ဘုတ်) တစ်စီး သင်္ဘောဘေးမှာ လာကပ်သည်။ ထမင်းမစားရတာ တစ်ပတ်ခန့် ရှိပြီဖြစ်သည်။ ခေါက်ဆွဲထုပ်ကလေးတွေကိုချည်း ပြုတ်စားနေခဲ့ကြရသည်။ ဒီနေ့တော့ ထမင်းစားကြရတော့မည် ဖြစ်သည်။

၁-၄-၈၄ နေ့ ညနေမှာ လေယာဉ်ကွင်းက ဆိပ်ခံဖောတံတားကိုဝင်ကပ်ပြီး လေယာဉ်ဆီတွေချသည်။ ဆီချတာ ၁၀-နာရီ ကြာမည်ဟု သိရသည်။ နက်ဖြန်ညနေလောက်မှ လေယာဉ်ကွင်းမှ ပြန်ထွက်ရမည် ဖြစ်သည်။ ဆီချပြီးလျှင် ၁၀-နာရီကြာအောင် ခုတ်မောင်းပြီး ရေနံချက်စက်ရုံကို ပြန်သွားရမည် ဖြစ်သည်။ အတော်ပျင်းစရာ ကောင်းသည့် ဘဝ ဖြစ်သည်။

၄-၄-၈၄ သည် ကိုအဏ္ဏဝါ နိုင်ငံခြားကို ရောက်နေတာ နှစ်,နှစ်တိတိ ပြည့်သောနေ့ ဖြစ်သည်။ စားဝတ်နေရေးအတွက် အသက်ကြီးမှ မိသားစုနဲ့ ခွဲခွာလာခဲ့တာ နှစ်နှစ်တောင် ပြည့်ပါရောလားဟု တွေးမိသည်။ ကိုအဏ္ဏဝါ၏ အသက်-၄၂ ရှိသွားပြီ ဖြစ်သည်။ လူဘဝ အခုမှ စသည်ဆိုသော်လည်း သင်္ဘောလိုက်ဖို့ မကောင်းတော့သည့်အရွယ် ဖြစ်သည်။

❐

http://www.linhtet.com

[ ၈ ]

## နှုတ်ဆက်ခဲ့ပါတယ် တိုမို

ကိုအဏ္ဏဝါ၏ ဒုတိယ သင်္ဘောဖြစ်သည့် တိုမို-၈၅ သည် ကိုအဏ္ဏဝါ အပေါ်မှာ သိပ်ပြီး နွေးထွေးမှု မရှိဘူးလို့ ခံစားနေရသဖြင့် တိုမို-၈၅ ကို သိပ်ပြီး သံယောဇဉ်မရှိ ဖြစ်နေသည်။ သူ့ကို နှုတ်ဆက်ပြီး ထွက်ခွာသွားရမည့်ရက်ဟာ မကြာတော့ဘူးလို့ အလိုလို သိနေသည်။ ဒီသင်္ဘောမှာ လူ အပြောင်းအလဲတွေ ဖြစ်တော့မည့်ဆိုသည့် သတင်းကလည်း ထွက်လာနေသည်။ ပြန်ချင်လို့ တက်မစင်ကနေ အော် အော်နေသည့် ဒုတိယအရာရှိ ဘိုဘိုအောင်တို့က ထိပ်ဆုံးက ပြန်ရမည် ဖြစ်သည်။ မိမိကိုလည်း သင်္ဘောက ဆွဲချသွားမလား မသိလို့ နားစွင့်နေရသည်။

### တိုမို-၈၅ က လူအပြောင်းအလဲများ

၅-၄-၈၄ နေ့မှာ ကြေးနန်း တစ်စောင် ဖမ်းယူ ရရှိသည်။ ကိုအဏ္ဏဝါသည် ကြေးနန်းစာကို စတင်ဖမ်းနေစဉ် (အောက်ပါ သင်္ဘောသားများ သင်္ဘောမှ ဆင်းကြရမည်) ဟု အစချီပြီး သင်္ဘောသားတွေရဲ့ နာမည်တွေကို ဆက်ဖမ်းရသည်။ မိမိ နာမည်များ ပါမလားဆိုတဲ့ အတွေးနဲ့

http://www.linhtet.com



ကြေးနန်း ဖမ်းနေသည့် ကိုအဏ္ဏဝါ၏ လက်တွေ တုန်နေသည်။ လက်တုန်တာက သင်္ဘောက ဆင်းရမှာကို ကြောက်လို့တုန်တာလည်း မဟုတ်၊ ပြန်ရတော့မည်ဆိုပြီး ဝမ်းသာလို့ တုန်တာလည်း မဟုတ်၊ ဘာကြောင့်မှန်း မသိ စိတ်လှုပ်ရှားပြီး ကြေးနန်းဖမ်းနေသည့် လက်တွေ တုန်နေခြင်း ဖြစ်သည်။

ကြေးနန်းဆုံးသွားတော့မှ ကိုအဏ္ဏဝါ သက်မကြီး ချလိုက်သည်။ ပြန်ရမည့်သူတွေက ဒုတိယအရာရှိ ဘိုဘိုအောင်၊ တတိယအင်ဂျင်နီယာ ကိုမင်းသူ၊ အလုပ်သင် အင်ဂျင်နီယာ ဇော်ဝင်း (ပုသိမ်ဇော်ဝင်းလို့လည်း ခေါ်သည်။ အ,ထစ် ဇော်ဝင်းလို့လည်း ခေါ်သည်။) တို့သာ ဖြစ်သည်။ ကိုအဏ္ဏဝါ၏ နာမည်မပါသေးလို့ တော်ပါသေးရဲ့ သက်မကြီး ချလိုက်ခြင်း ဖြစ်သည်။

လုပ်သက်ပြည့်ကြရုံသာမက ကျော်လွန်နေသူတွေ ဖြစ်လို့ အိမ်ပြန်ပစ္စည်းတွေ တနင့်တပိုးဖြင့် အိမ်ပြန်ကြမည် ဖြစ်သည်။ အဘူဒါဘီမှ စင်ကာပူ၊ စင်ကာပူမှ ဘန်ကောက်၊ ဘန်ကောက်မှ ရန်ကုန် ခရီးစဉ်ဖြင့် ပြန်ကြရမည်ဖြစ်လို့ ခရီးအရှည်ကြီးကို လေယာဉ်စီးပြီး ပြန်ကြမည် ဖြစ်သည်။ မည်သူ့ ဆောင်ပါးကိုမျှ ယူသွား မပေးနိုင်ပါဟု ကြေညာထားကြသည်။ ကိုအဏ္ဏဝါမှာ သမီးလေးတွေအတွက် ပေးလိုက်ချင်သည့် ခေါက်ထီးလေး သုံးလက်ကို ပြန်သိမ်းထားလိုက်ရသည်။

၈-ရက်နေ့မှာ အဘူဒါဘီလေဆိပ်ကို ရောက်ပြီး ကျောက်ချသည်။ တိုမိုသင်္ဘောတွေ အချင်းချင်း စကားပြောဖို့ ချိန်းဆိုထားသည့် ရေဒီယို လေလှိုင်းနှင့် အချိန်မှာ စောင့်ပြီး နားထောင်သည်။ တိုမို-(၃၂၅) မှ အာအို ဗစ်တာ အောင်ဂန်းနှင့် စကားပြောလိုက်ရသည်။ ဗစ်တာသည်လည်း ကိုအဏ္ဏဝါလိုပင် ရေတပ်က ထွက်တာ ဖြစ်သည်။ တပ်ထဲမှာ နေခဲ့ကြတုန်းကတော့ သိပ်ပြီး မရင်းနှီးခဲ့ကြ။ သူက တပ်ကြပ်၊ ကိုအဏ္ဏဝါက ရဲဘော်ဖြစ်လို့ အလှမ်းဝေးနေခဲ့ကြသည်။

ဒီနေ့ပဲ သင်္ဘောသားအသစ်တွေ ရောက်လာကြသည်။ တတိယအင်ဂျင်နီယာ ကိုထွန်းခင်၊ အလုပ်သင် အင်ဂျင်နီယာ ဇော်ဝင်းနှင့် အလုပ်သင် ကဒက် ဇော်ဝင်းတို့ ရောက်လာကြသည်။ ဒီနေ့ညနေမှာပဲ

http://www.linhtet.com



ဒုတိယအရာရှိ ဘိုဘိုအောင်၊ တတိယအရာရှိ ကိုမင်းသူနှင့် အလုပ်သင် အင်ဂျင်နီယာ ဇော်ဝင်းတို့ ပြန်သွားကြသည်။

၁၀-ရက်နေ့မှာ အလုပ်သင် အင်ဂျင်နီယာ ဇော်ဝင်း (မြင်းခြံ ဇော်ဝင်း) နေမကောင်းလို့ အဘူဒါဘီမှာ ဆရာဝန်နဲ့ ပြသည်။ သင်္ဘော က ဆင်းရမည် ထင်၍ လမ်းစရိတ်အဖြစ် ၁၆-ဒေါ်လာ ကူညီလိုက်သည်။ ဆရာဝန်က သင်္ဘောကဆင်းရန် မလိုဟုဆိုသဖြင့် သင်္ဘောကို ပြန်ရောက် လာသည်။ ကိုအဏ္ဏဝါ ကူညီလိုက်သည့် ပိုက်ဆံကို ပြန်ပေးပါသည်။

## ရက်ပေါင်း ကိုးဆယ်သာ လိုတော့သည်

အလွန် ပျင်းစရာ ကောင်းသော အရပ်၊ အလွန် ငြီးငွေ့စရာ ကောင်းသော ခရီးစဉ်၊ ပျော်စရာ မကောင်းသော သင်္ဘောမှာ အမှုထမ်း နေတာ ကိုးလ ရှိသွားပြီ ဖြစ်သည်။ ကိုအဏ္ဏဝါ၏ လုပ်သက် တစ်နှစ် ပြည့်ဖို့ ရက်ပေါင်း ကိုးဆယ်မျှသာ လိုတော့သည်။ ၁၉-ရက်နေ့မှာ ကိုအဏ္ဏဝါ၏ လုပ်သက် ကိုးလ ပြည့်မည် ဖြစ်သည်။

ပင်လယ်ကွေ့ထဲကို ဝင်လာသည့် မြန်မာ သင်္ဘောသားတွေက (ခပေါင်း၊ ဒူးယား) ခေါ်သည်။ ခပေါင်း ဒူယားရှိပါသလားဟု မေးလေ့ရှိ သည်။ မြန်မာလူမျိုး ရှိသလား၊ ကြားလျှင် ပြန်ထူးပါဆိုသည့် သင်္ကေတ ဖြစ်သည်။ တချို့က ခပေါင်း ဒူးယား သာမက၊ ရေခဲရေ၊ ကွမ်းယာ ရှိသလားလို့ မေးလာကြသည်။ ကြားသည့် မြန်မာ သင်္ဘောသားက ရှိပါတယ်၊ ဘယ်ကို သွားမလဲလို့ မေးပြီး စကား ပြောကြသည်။ ဘယ်ကို သွားမလဲလို့ မေးတာဟာ ခင်ဗျားတို့ သင်္ဘော ဘယ်ကို သွားမလို့လဲလို့ မေးတာ မဟုတ်ပါ။ ရေဒီယို လေလှိုင်း ချန်နယ် ဘယ်လောက်ကို သွားမလဲလို့ မေးခြင်းဖြစ်သည်။ ချန်နယ်-၁၆/၁၂ တို့မှာ မေးထူးခေါ်ပြော ပဲ လုပ်ခွင့်ရှိသည်။ အကြာကြီး စကားပြောမည်ဆိုလျှင် မိမိ ကြိုက်ရာ တခြား ချန်နယ်တစ်ခုကို ပြောင်းပြီး ပြောကြရသည်။

၂၀-ရက်နေ့ ညနေမှာ ခပေါင်း ဒူးယား ခေါ်သံကြားလို့ ပြန်ထူး သည်။ ပီအိုင်အယ်လ် ကုမ္ပဏီပိုင်သင်္ဘော ကိုတာ မူလီယား (KOTA

http://www.linhtet.com



MULIA) မှ အာအို ဝီလျှံထွန်းနဲ့ စကားပြောလိုက်ရသည်။ ဝီလျှံသည် ကိုအဏ္ဏဝါကို စကားလက်ခံ ပြောနေရသော်လည်း ကိုအဏ္ဏဝါကို ရင်းရင်းနှီးနှီး မသိဟု ယူဆရသည်။ ကိုအဏ္ဏဝါ၏ နာမည်နဲ့လူနဲ့ မဟပ်မိဘဲ ဆက်စပ်ပုံဖော်လို့မရ ဖြစ်နေဟန် တူသည်။ ကိုအဏ္ဏဝါကတော့ သမ္ဘာရင့် ဝါရင့် သင်္ဘောသား ဝီလျှံကို သိပါသည်။ ကိုအဏ္ဏဝါ သင်္ဘောသား မဖြစ်မီက သင်္ဘောသားဖြစ်အောင် ကူညီပါလို့တောင် အကူအညီတောင်းဖူးသည်။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မြန်မာချင်း တွေ့ကြတော့ ဘယ်က လာလို့ ဘယ်ကို သွားမလဲ မေးသည်။ အဆင်ပြေသလား၊ မပြေဘူးလား မေးသည်။ နောက်ဆုံး နှုတ်ဆက်ပြီး သူ့လမ်းသူသွား၊ ကိုယ့်လမ်း ကိုယ်သွားကြတော့သည်။

၂၇-ရက်နေ့ နံနက်၊ အိပ်ရာက မထသေးမီ၊ အလုပ်သင် (စီနီယာကဒက်) သိန်းဝင်းလှိုင် (အခုတော့ အိစ်ဝင်း ကုမ္ပဏီမှာ စီနီယာ ကပ္ပိတန်ဖြစ်နေပြီ)က လာနှိုးသည်။ တိုမိုး-(၃၂၅)က အာအို ဇစ်တာအောင်ဂန်းက စကားပြောချင်သည်ဟုဆို၍ အိပ်ရာက ထလိုက်သွားသည်။ ဇစ်တာနဲ့ စကားပြောလိုက်ရသည်။ ဇစ်တာသည် ကိုအဏ္ဏဝါနှင့်အတူ တပ်မတော်ရေတပ်မှာ အမှုထမ်းခဲ့ဖူးသူ ဖြစ်သည်။ သူတို့ သင်္ဘောသည် (RUWAIS) မှာ ဆီတင်ပြီး ပါကစ္စတန်နိုင်ငံ ကရာချိကို သွားမည်ဟု သိရသည်။

ကိုအဏ္ဏဝါ၏ တိုမိုးသင်္ဘောသားဘဝ၊ ပျင်းရိငြီးငွေ့စရာ ကောင်းသော ဘဝသည် ရေနံချက်စက်ရုံနှင့် လေဆိပ် ကူးချည်သန်းချည် လုပ်ရင်း မြေမနင်းရဘဲ ဧပြီလ ကုန်သွားသည်။ ရက်တွေ လတွေ မြန်မြန် ကုန်ပါစေလို့ ဆုတောင်းနေမိသည်။

## ရက်ပေါင်း ခြောက်ဆယ်သာလိုတော့သည်

မိမိသည် တိုမိုးသင်္ဘောကုမ္ပဏီမှာ ကံထရိုက် တစ်နှစ်ပြည့်ပါက အလိုအလျောက် အလုပ်ပြုတ်လိမ့်မည်ဟု စိတ်က အလိုလို သိနေသည်။ လုပ်သက် တစ်နှစ်ပြည့်ရန်ကလည်း ရက်ပေါင်း ခြောက်ဆယ်သာ

http://www.linhtet.com



လိုတော့သည်။ မိမိကို တိုမိုကုမ္ပဏီက အလုပ် မဖြုတ်ပါက မိမိသည် တိုမိုကုမ္ပဏီမှာ ဆက်၍ ဆက်၍ လုပ်နေရန် ဆန္ဒတော့ ရှိပါသည်။ မိမိသည် အသက်ကြီးမှ သင်္ဘောသား ဖြစ်လာသူ ဖြစ်၍ လူငယ်တွေလို ဟိုခုန်ဒီကူး လုပ်လိုသည့် ဆန္ဒမရှိတော့လို့ မိမိကို လိုလိုချင်ချင် လက်ခံထားသည့် ကုမ္ပဏီမှာ အေးဆေးစွာ နေလိုသည့် သဘောဖြစ်သည်။ တိုမိုကုမ္ပဏီသည် လစာနည်းသည့် ကုမ္ပဏီ ဖြစ်သော်လည်း မြန်မာပြည်က ထိပ်တန်း စာရင်းဝင် သင်္ဘော ကုမ္ပဏီဖြစ်လို့ အာမခံချက် ရှိသည် စိတ်ချရသည်။

မြန်မာ သင်္ဘောသားတွေကို အလုပ်ခန့်နေသည့် နိုင်ငံခြား သင်္ဘောကုမ္ပဏီ အရေအတွက်က လက်ချိုးရေတွက်လို့ ရသည်။ အိုးရှင်းရှက်ပင်း၊ ပီအိုင်အယ်လ်၊ မောလ်ဒစ်၊ ဟန်ချားတစ်၊ တိုမို၊ မရိန်နာ၊ ယူရေးရှား၊ ဟောင်ကောင်အိုင်လင်း၊ ချာရှင်းမရိမ်း၊ ဖူဂျီ၊ ဂျိုးဇက်ရောက် စသည်ဖြင့် အနည်းအကျဉ်းသာ ရှိသည်။ အဲဒီ အနည်းအကျဉ်းထဲမှာ တိုမိုက ခိုင်မာသည်။ အာမခံချက်ရှိသည်။ တိုမိုမှာ လုပ်နေတယ်ဆိုတဲ့ စကားကို သင်္ဘောသား မယားတွေ ဂုဏ်ယူစွာ ပြောနိုင်သည့် ကုမ္ပဏီ ဖြစ်သည်။ ကိုအဏ္ဏဝါ၏ ဇနီး မဖြူတုတ်တောင် သင်္ဘောသား မယား အချင်းချင်း တွေ့လျှင် (အမျိုးသားက တိုမိုမှာ လုပ်နေတယ်လေ)လို့ ပြောပြီး ရင်ကော့ လမ်းလျှောက်တတ်နေပြီလို့ သတင်းရသည်။

မြန်မာ သင်္ဘောသားလောက သမိုင်းမှာ မှတ်တမ်းတင်ရမည့် သတင်း တစ်ပုဒ်ထွက်ပေါ်လာသည်။ သင်္ဘောသားများ သုံးနှစ်တစ်စီး မော်တော်ကား တင်သွင်းနေရာမှ၊ ယခုအခါ တစ်နှစ်တစ်စီး တင်သွင်းခွင့် ပြုလိုက်သည်ဆိုသည့် သတင်းဖြစ်သည်။

သို့သော် ၁၁-၁၁-၁၉၈၃ မတိုင်မီက မော်တော်ကား တင်သွင်းထားသူများကတော့ သုံးနှစ်ပြည့်အောင် စောင့်ကြရမည်ဟု သိရသည်။ ကိုအဏ္ဏဝါလည်း စောင့်ရမည့် အထဲတွင် ပါသွားသည်။

http://www.linhtet.com



၁၃-၅-၈၄ နေ့မှာ တိုမိုသင်္ဘောအုပ်စုနဲ့ သတ်မှတ်ထားသည့် အချိန်၊ သတ်မှတ်ထားသည့် လေလှိုင်းမှာ အဆက်အသွယ် လုပ်သည်။ တိုမို-(၈၁)နှင့် အဆက်အသွယ်ရသည့်အတွက် ပထမအရာရှိ ကုလားကြီး ဆမ်ဘီဆင်းနှင့် စကားပြောလိုက်ရသည်။ ကုလားကြီးသည် ကပ္ပိတန် ဦးသိန်းဇံနှင့် အတူ မနေလို၍ ကိုအဏ္ဏဝါတို့ သင်္ဘော တိုမို-(၈၅)မှ ဆင်းသွားခဲ့သူ ဖြစ်သည်။ သူ့ဆရာ ကပ္ပိတန် ဦးနီနဲ့ ပြန်တွေ့နေကြခြင်းဖြစ်သည်။ မစ္စတာဆမ်ဘီးဆင်းသည် ကိုအဏ္ဏဝါကို အတော်ခင်သည်။ ဦးသိန်းဇံ တိုမိုက ပြုတ်သွားရခြင်းသည် မစ္စတာ ဆမ်ဘီး၏ ပယောဂ အနည်းအပါး ပါနိုင်သည်။ မစ္စတာဆမ်ဘီးသည် တိုမို-(၈၅)က ဆင်းသွားပြီးနောက် သင်္ဘောပိုင်ရှင် ဖြစ်သည့် ဂျပန်မကြီး မဒမ်စိုးအောင်ကို သွားတိုင်သည်ဟု သိရသည်။

၁၉-ရက်နေ့သည် ကိုအဏ္ဏဝါ၏ လုပ်သက် တိုမိုကုမ္ပဏီမှာ ၁၀ လပြည့်သောနေ့ ဖြစ်သည်။ အာဘူဒါဘီ နိုင်ငံရှိ ရေနံချက်စက်ရုံနှင့် လေဆိပ်ကို ကူးချည်သန်းချည် လုပ်နေရဆဲဖြစ်သည်။ ကုန်တင် ကုန်ချမလုပ်ရသည့် အချိန်မှာ ရေလယ်မှာ ကျောက်ချထားသည်။ ဘယ်ကိုကြည့်လိုက် ကြည့်လိုက် ရေပြင်ကျယ်ကြီးရယ်၊ တံလျှပ်တွေ တလှုပ်လှုပ်လှိုင်းထနေသည့် သဲကန္တာရကြီးရယ်ကိုပဲ မြင်နေရသည်။ ပျင်းရိငြီးငွေ့စရာ ကောင်းလိုက်သည့် သင်္ဘောသားဘဝဟု တွေးမိသည်။ သင်္ဘောပေါ်မှာ စားလိုက်၊ အိပ်လိုက်၊ စာရေးစာဖတ်လိုက်ဖြင့် ၁၉၈၄-ခုနှစ်၏ မေလ ကုန်သွားခဲ့သည်။

## ရက်ပေါင်းသုံးဆယ်သာ လိုတော့သည်

ဇွန်လ ၁-ရက်နေ့မှာ တိုမိုသင်္ဘော အုပ်စုနဲ့ အဆက်အသွယ် လုပ်တော့ သတင်းထူးတစ်ခု ကြားရသည်။ တိုမို-(၈၁)သည် ရန်ကုန်မြို့ကို သွားနေသည်ဆိုသည့် သတင်းဖြစ်သည်။ အဲဒီ သင်္ဘောက မြန်မာ

http://www.linhtet.com



သင်္ဘောသားတွေ ကံကောင်းတာပဲလို့ တွေးမိသည်။ ကပ္ပိတန်က ဦးနီ ဖြစ်သည်။ အဲဒီ သင်္ဘောမှာ အိန္ဒိယ ကုလားကြီး မစ္စတာဆမ်ဘီဆင်း တစ်ယောက်သာ နိုင်ငံခြားသား ပါသည်။ ကျန်တာအားလုံး မြန်မာတွေ ချည်း ဖြစ်သည်။ မြန်မာ သင်္ဘောသားတွေ ဖြစ်လို့ ကိုယ့်တိုင်းပြည်ကို ပြန်ရောက်ကြလို့ ကံကောင်းကြသည်ဟု တွေးမိခြင်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ကိုအဏ္ဏဝါတို့လို ကိုယ့်တိုင်းပြည်နဲ့ နှစ်,နှစ် လောက် ကွဲကွာနေသူအဖို့တော့ ခဏတစ်ဖြုတ်ဖြစ်ဖြစ် ပြန်ရောက် သွားတယ်ဆိုလျှင် ကံကောင်းသည်ဟု ဆိုရမည် ဖြစ်သည်။

၂-နှစ်ရက်နေ့သည် စနေနေ့ဖြစ်သည်။ ကိုအဏ္ဏဝါကို နိုင်ငံခြား သို့ ခေါ်ထုတ်သည့် ဦးစောမိုက်ကယ်ဒီး၏သား စောဝေဘယ်လ်ဒီးသည် ဦးနော ဘုရားရှိခိုးကျောင်းမှာ မင်္ဂလာဆောင်သည်ဟု သတင်းရရှိသည်။ ဝေဘယ်လ်ဒီးသည် ဖူဂျီကုမ္ပဏီပိုင် သင်္ဘောတစ်စီးမှာ အလုပ်သင် အရာ ရှိအဖြစ် သင်္ဘောလိုက်နေသူ ဖြစ်သည်။ ဝေဘယ်လ်ဒီးက သူ့အဖေ မိုက်ကယ်ဒီးကို နိုင်ငံခြားသို့ ခေါ်ထုတ်သည်။ မိုက်ကယ်ကယ်ဒီးက ကိုအဏ္ဏဝါကို ခေါ်ထုတ်သည်။ ကိုအဏ္ဏဝါ၏ ကျေးဇူးရှင်သားအဖ ဖြစ်သည်။

၁၃-ရက်နေ့မှာ ရိက္ခာ အစို အခြောက်နှင့် အသီးအရွက်တွေ သင်္ဘောကို ရောက်လာ၍ ဝိုင်းကူသယ်သည်။ ထမင်းနှင့် ဟင်း စားရ တော့မည်ဆိုပြီး ပျော်သွားသည်။ ဒီတိုင်းပြည်မှာ ဘီယာနှင့် အရက် မသောက်ရတာက ပြဿနာ ဖြစ်နေသည်။

၁၄-ရက်နေ့သည် ကံကောင်းသည့်နေ့လို့တောင် ပြောလို့ရသည်။ နေမကောင်းဖြစ်သည့် သင်္ဘောသားနှစ်ယောက် ဆေးခန်းသွားပြရန်ရှိလို့ အသက်ကယ် လှေကလေးဖြင့် အဘူဒါဘီမြို့ကို သွားကြသည်။ ကိုအဏ္ဏဝါက ရောက်ဖူးတယ်ရှိအောင်ဆိုပြီး လိုက်သွားသည်။ မြို့ကြီးက ကြီးမားသော်လည်း မစည်ကားဘဲ ခြောက်ကပ်ကပ်ဖြစ်နေသည်။ ရမ္မဒမ် ခေါ် ဥပုသ်လဖြစ်လို့ ပိုဆိုးသည်။ တစ်နေ့ကို ရှစ်ကြိမ် ဘုရား ရှိခိုးကြ

http://www.linhtet.com



သည်။ ဗလီက အော်လိုက်သည့် အသံကြီး ထွက်လာတိုင်း လမ်းပေါ်မှာ ရပ်နေကြရသည်။ လမ်းပေါ်မှာ သွားလာနေသည့် အမျိုးသမီး တစ်ယောက်တလေ တွေ့သည်။ ဒီနိုင်ငံက မဟုတ်ဘဲ ပါကစ္စတန်က အလုပ် လာလုပ်နေကြသည့် ပါကစ္စတန် အမျိုးသမီးတွေ ဖြစ်နေသည်။ ကိုအဏ္ဏဝါက အိန္ဒိယနိုင်ငံသူလားလို့ မေးကြည့်တော့၊ မဟုတ်ဘူး၊ ပါကစ္စတန်ကဟု ဖြေသည်။ ကိုအဏ္ဏဝါကိုလည်း ဖိလစ်ပိုင်ကလားလို့ မေးသည်။ မဟုတ်ဘူး မြန်မာပါလို့ ပြန်ဖြေတော့ အံ့သြသွားသည်။ မြန်မာ လူမျိုးတစ်ယောက်ကို ဒီလိုနေရာမှာ လာတွေ့ရလို့ အံ့သြသွားတာ ဖြစ်မည်။ ပစ္စည်းအားလုံး ဈေးကြီးသည့် နိုင်ငံဖြစ်လို့ ဘာမျှ မဝယ်နိုင်ဘဲ သင်္ဘောကို ပြန်ခဲ့ရသည်။

၁၉-ရက်နေ့သည် တိုမိုကုမ္ပဏီမှာ ကိုအဏ္ဏဝါ၏ လုပ်သက် ၁၁ လ ပြည့်သောနေ့ဖြစ်သည်။ ပျင်းစရာကောင်းသည့် နိုင်ငံ၏ ပူလောင်သော ရာသီဥတုကြောင့် သင်္ဘောပေါ်က အခန်းထဲမှာ မနေနိုင်လို့ အခန်းပြင် ထွက်နေရသည်။ သင်္ဘောဦးပိုင်းသွားပြီး ရေနွေးကြမ်း သောက်နေသည်။ ရေနံချက်စက်ရုံရဲ့ ဆိပ်ခံဇောတံတားမှာ ကပ်ပြီး ဆီတင်နေစဉ်ဖြစ်လို့ ကြီးမားသည့် စက်ရုံကြီးကို ကြည့်ပြီးရေနွေးကြမ်း သောက်နေသည်။

ရေနံချက်စက်ရုံ အစောင့်စစ်သား တစ်ယောက်သည် လွယ်ထားသည့် သေနတ်ကို ဖြုတ်ကိုင်ပြီး အသင့်အနေအထားဖြင့် ကိုအဏ္ဏဝါဆီကို ခပ်သုတ်သုတ် လျှောက်လာသည်။ ကိုအဏ္ဏဝါကို သေနတ်ဖြင့် ထိုးချိန်ပြီး တစ်စုံတစ်ခု ပြောသည်။ ရေနွေးကြမ်း သောက်နေတာကို ဝီစကီသောက် နေတယ်ထင်ပြီး ပစ်သတ်ရန် လာခြင်းဖြစ်သည်။ ကိုအဏ္ဏဝါက မတ်တတ်ရပ်ပြီး အော်ပြောလိုက်သည်။

"ကိုယ့်လူ ဒါအရက် မဟုတ်ဘူး၊ ရေနွေးကြမ်းကွ"

အစောင့်စစ်သားသည် အင်္ဂလိပ်လိုပြောသည့် ကိုအဏ္ဏဝါ၏ စကားကို နားလည်၍လား၊ နားမလည်၍လားမသိ၊ လက်ဟန်ခြေဟန်ဖြင့်

http://www.linhtet.com



တစ်စုံတစ်ခု ပြန်ပြောသည်။ သူ ဆိုလိုတာကို နားလည်သည့် ပထမ အရာရှိ ကိုမျိုးကျော်က ကိုအဏ္ဏဝါကို လှမ်းအော်ပြောသည်။

“အာအိုကြီး အပြင်မှာ ထွက်သောက်နေတာကို မကြည့်ချင်ဘူးလို့ ပြောနေတာ ဖြစ်မယ်ဗျ”

ကိုမျိုးကျော် ပြောတာဖြစ်နိုင်သည်။ ရမ္မဒမ် ဥပုသ်လဖြစ်လို့ အစောင့်စစ်သားကတော့ တံတွေးတောင် မမျိုဘဲနေသော အခါသမယ ဖြစ်သည်။ အရက်ဘဲဖြစ်ဖြစ်၊ ရေပဲဖြစ်ဖြစ် လူမြင်ကွင်းမှာ မသောက်ရ ဆိုသည့် သဘောဖြစ်သည်။ ကိုအဏ္ဏဝါ အတော်စိတ်ညစ်သွားသည်။ ဘာတတ်နိုင်မှာလဲ၊ သူ့တိုင်းပြည်မှာ သူ့စည်းကမ်းအတိုင်း နေရတော့မှာ ပေါ့လို့ ဖြေလိုက်ရတော့သည်။

၂၄-ရက် နေ့သည် တိုမို-(၈၅) သင်္ဘောပေါ်ကို ရောက်တာ ၁၁ လ ပြည့်သောနေ့ ဖြစ်သည်။ ၁၂-လပြည့်ရန် ရက်ပေါင်း ၃၀-သာ လိုတော့သည်။ ၁၂-လပြည့်လျှင် ကိုအဏ္ဏဝါ၏ လုပ်သက် တစ်နှစ် ပြည့်ပြီဖြစ်လို့ အလုပ်ပြုတ်လိမ့်မည်ဟု စိတ်ကထင်နေသည်။

## တိုမိုကုမ္ပဏီက ကိုအဏ္ဏဝါကို အဝါကတ်ပြခြင်း

ကိုအဏ္ဏဝါ၏ အလုပ်အကိုင် တည်မြဲရေးသည် ကြိုးတန်းပေါ်မှာ လမ်းလျှောက်နေသလို မသေမချာ၊ မရေမရာဘဲ အတိမ်းအစောင်း မခံ သည့် အခြေအနေ ဖြစ်နေသည်။ ကိုယ့်ဘက်က အစစ အသင့်ပြင်ထား ရတော့မည့် အခြေအနေ ဖြစ်နေသည်။

အလုပ်သင် အင်ဂျင်နီယာ ကိုဉာဏ်ဝင်းသည် ကျန်းမာရေး မကောင်းလို့ အိမ်ပြန်တော့မည် ဆိုသည့်အခါ နေရှင်နယ် ရုပ်မြင်သံကြား စက်တစ်လုံး ဝယ်သွားပေးပါရန် မေတ္တာရပ်ခံ ထားလိုက်သည်။ ကိုဉာဏ်ဝင်းကလည်း ယူသွားပေးပါမည်ဟု ကတိပေးသည်။ စိတ်တွေ နောက်နေသည်။ မရှင်မပျ ဖြစ်နေသည်။ အလုပ်မှာ မပျော် ဖြစ်နေသည်။

http://www.linhtet.com



၂၂-ရက်နေ့မှာ တက်မစင် တာဝန်ကျ ကဒက်က ကိုအဏ္ဏဝါ၏ အခန်းကို ဖုန်းဆက်သည်။ ရေတပ်က ထွက်သည့် ဗိုလ်မှူးအောင်ဘက စကားပြောချင်သည်ဟု ဆိုသည်။ ကိုအဏ္ဏဝါ တက်မစင်ပေါ်ကို ပြေးတက်သွားသည်။ မိမိ ဒီသင်္ဘောမှာရှိနေတယ်ဆိုတာကို ဗိုလ်မှူးအောင်ဘ ဘယ်လို သိသလဲလို့ မေးကြည့်တော့ ခပေါင်း ဒူးယား ခေါ်သံကြားလို့ ပြန်ထူးရာမှ အဆက်ရပြီး စကားပြောကြသည်ဟု ဆိုသည်။ ဗိုလ်မှူး အောင်ဘက ရေတပ်ထွက်တဲ့သူများ ရှိပါသလားမေးလို့ အာအိုကြီး ဦးစိုးမြင့် ရှိကြောင်း ပြောလိုက်သည်ဟု ဆိုပါသည်။ ကိုအဏ္ဏဝါ တယ်လီဖုန်း ကိုင်ပြီး ဗိုလ်မှူးကို ဆက်သွယ်လိုက်သည်။

"မင်္ဂလာပါ ဗိုလ်မှူး ကျွန်တော် တပ်ကြပ်ဆက်သွယ်ရေး စိုးမြင့်ပါ"

"မင်္ဂလာပါကွာ၊ နာမည်နဲ့ လူနဲ့ မဟပ်မိဘူး ဖြစ်နေတယ်ကွ၊ မြင်လျှင်တော့ သိမှာပဲ"

သူကတော့ ကိုအဏ္ဏဝါကို သိချင်မှ သိမည်။ ကိုအဏ္ဏဝါကတော့ သူ့ကို သိပါသည်။ ရေတပ်က ထွက်တဲ့သူ မှန်သမျှ ဗိုလ်မှူးအောင်ဘကို သိကြသည်။ ၁၉၆၈-ခု နှစ်တစ်ဝိုက်က မှောင်ခိုလှေတွေကို ဖမ်းတဲ့နေရာမှာ နာမည်ကြီးခဲ့သည်။ ကုန်းမှာဇေယျ၊ ရေမှာ အောင်ဘလို့ ဆိုရိုးစကား တောင် ရှိခဲ့သည်။ ဘာကြောင့်မှန်းတော့ မသိ၊ ဗိုလ်မှူးအောင်ဘကို လူသိများသည်။ ကိုအဏ္ဏဝါလည်း သိပါသည်။

၁၉၆၈-ခုနှစ်က၊ ကိုအဏ္ဏဝါသည် ရေတပ်သား ဘဝဖြင့် ရေတပ် ဌာနချုပ်က လွှင့်ထုတ်သော ကြေးနန်းတစ်စောင်ကို ဖမ်းခဲ့ဖူးသည်။ ကိုအဏ္ဏဝါ၏ သင်္ဘောက ရေယာဉ်မှူး ဗိုလ်ကြီး ခင်မောင်အေးနှင့် ဗိုလ်ကြီးအောင်ဘတို့ ရာထူးတိုးမြှင့်သည့် ကြေးနန်းဖြစ်သည်။ အဲဒီနေ့မှာပဲ သူတို့ နှစ်ယောက်လုံး ဗိုလ်ကြီးတွေဘဝမှ ဗိုလ်မှူးတွေ ဖြစ်သွားကြလို့ ပခုံးပေါ်မှာ ဗိုလ်မှူး ရာထူးတံဆိပ်တွေ ပြောင်းတပ်ခဲ့ကြတာကို မှတ်မိနေသည်။ အဲဒီတုန်းက ကိုအဏ္ဏဝါတို့ ရေတပ်သင်္ဘောရော၊ ဗိုလ်မှူး အောင်ဘရဲ့ သင်္ဘောပါ မြိတ်မြို့ကို အခြေစိုက်ပြီး ပင်လယ်ပြင် လုံခြုံရေး

http://www.linhtet.com



ကင်းလှည့် နေကြရသည့် အချိန်ဖြစ်သည်။ အချိန်တွေ ကြာခဲ့ပြီဖြစ်လို့ ဗိုလ်မှူးတောင် မေ့လောက်ပြီထင်သည်။

"ဗိုလ်မှူး အခု ဘယ်ကုမ္ပဏီမှာ လုပ်နေလဲ"

"ပီအိုင်အယ်လ်မှာ ကွ"

"ဘာနဲ့လိုက်နေလဲ၊ မာစတာလား"

"သတ်မိတ်ပါကွာ"

ရေတပ်က ထွက်တဲ့ ဗိုလ်မှူးတွေမှာ မာစတာ လက်မှတ်တွေ ရှိသည်။ နိုင်ငံခြား သင်္ဘောတွေမှာ ကပ္ပီတန်လုပ်လို့ ရသည်။ ကပ္ပီတန် သာစိန်တို့ အဲဒီ လက်မှတ်နဲ့ ကပ္ပီတန် လုပ်နေသည်ဟု သိရသည်။ ဗိုလ်မှူးအောင်ဘကတော့ သတ်မိတ် (ကုန်းပတ် တတိယ အရာရှိ) လုပ်နေသည်ဟု ဆိုသည်။

"ဗိုလ်မှူးဟိုတုန်းကလိုပဲ လက်သွက်တုန်းပဲလား"

"အေးကွ၊ ဟိုနေ့က ဖိလစ်ပိုင် တစ်ယောက်ကို ဆွဲထိုးပစ်လိုက်တယ်၊ ငါ့ ဘိုဆင်ကို လာရစ်နေလို့ တီးပစ်လိုက်တယ်"

"ကောင်းတယ်၊ ကောင်းတယ်၊ ဆော်ပစ်"

ဗိုလ်မှူးအောင်ဘသည် အင်္ဂလန်ရေတပ် သင်တန်းကျောင်း ဒတ်သ်မောက်က ဆင်းသူ ဖြစ်သည်။ ထစ်ခနဲဆိုလျှင် လက်ပါလာ တတ်သူ ဖြစ်လို့ တပ်ထဲမှာ မကြာခဏ အရေးယူခံခဲ့ရသူ ဖြစ်သည်။ အခုတော့ တစ်ဦးကို တစ်ဦး မမြင်ရသည့် ပင်လယ်ထဲမှာ စကားတွေ ဝအောင် ပြောကြပြီး နှုတ်ဆက်လိုက်ကြသည်။

၂၈-ရက်နေ့မှာ အဘူဒါဘီ ရောက်ပြီး ကျောက်ချသည်။ နေ မကောင်းသည့် အလုပ်သင် အင်ဂျင်နီယာကို ဉာဏ်ဝင်း ဒီနေ့သင်္ဘောက ဆင်းတော့မည်ဖြစ်လို့ နေရှင်နယ် ရုပ်မြင်သံကြားစက် တစ်လုံး ဝယ်ရန် စင်ကာပူ ဒေါ်လာ-၁၀၆၆/-ပေးလိုက်သည်။ ကိုဉာဏ်ဝင်း ဘာရောဂါ ဖြစ်တာလဲလို့ မေးကြည့်သည်။ သူ့ကျောကုန်းက ဖုကြီး တစ်ခုကို လှန်ပြသည်။

"ဒီဖုကြီးက နာတယ်ကိုက်တယ်၊ ကင်ဆာဖြစ်မှာ ကြောက်လို့ ပြန်တာပါ"

http://www.linhtet.com



"ဟာ စိုးရိမ်စရာပဲ၊ ဂရုစိုက်နော်"

"ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ ဒီဖုကြီးက တမင် မွေးထားတာ၊ အခုလိုပဲ ပျင်းစရာကောင်းတဲ့ သင်္ဘောမျိုးမှာ မနေချင်တော့ဘူးဆိုရင် ဒီဖုကြီးကို ထုတ်ပြပြီး အိမ်ပြန်တာပဲ"

"ဟာ ဟန်ကျတယ်ဟေ့၊ အဲဒီဖုကြီးကို ဆေးမကုနဲ့၊ မွေးထား"

ကိုဉာဏ်ဝင်းကို ဘုတ်ကလေး တစ်စီးက လာခေါ်သွားသည်။ အဘူဒါဘီကနေ စင်ကာပူကို လေယာဉ်စီးရမည် ဖြစ်သည်။ စင်ကာပူရုံးကို ရောက်လျှင် သူ့ဖုကြီးကို ပြပြီး နာတဲ့အကြောင်း၊ ကိုက်တဲ့အကြောင်း ပြောဦးမည် ဖြစ်သည်။ သူ့ လစာတွေ ထုတ်ပြီး ရန်ကုန်ကို ပြန်မည် ဖြစ်သည်။ (ကိုဉာဏ်ဝင်းသည် ကင်ဆာရောဂါဖြင့် မသေဘဲ၊ အိစ်ဝင်း ကုမ္ပဏီမှာ အင်ဂျင်နီယာချုပ် ဖြစ်နေသည်။ **ဤကား စကားချပ်**)

၁၉၈၄-ခုနှစ်၊ ဇူလိုင်လဆန်းမှာ စိတ်ညစ်စရာ သတင်းတွေကို ကြားရသည်။ ဇူလိုင်လ ၇-ရက်နေ့မှာ တိုမိုရုံးက မစ္စတာအိုမာ ကွယ်လွန်ကြောင်း ကြေးနန်းရသည်။ မစ္စတာအိုမာသည် စင်ကာပူတရုတ်လူမျိုး ဖြစ်သည်။ မြန်မာ သင်္ဘောသားတွေ အပေါ်မှာ နားလည်မှု ရှိသော ပုဂ္ဂိုလ် ဖြစ်သည်။ တိုမိုကုမ္ပဏီမှာ သက်တမ်းနုသေးသည့် ကိုအဏ္ဏဝါလို ပုဂ္ဂိုလ်ကိုတောင် တလေးတစား ဆက်ဆံခဲ့သူ ဖြစ်သည်။ နာရေး ကူညီမှု အလှူငွေ စင်ကာပူ ဒေါ်လာ-၂၀ ထည့်ဝင်လိုက်သည်။

ဇူလိုင်လ ၁၄-ရက်နေ့ ညနေစာ စားနေစဉ်မှာ ကပ္ပိတန်က ကိုအဏ္ဏဝါကို သတိပေးစကား ပြောသည်။ အာအို သင်္ဘောက ဆင်းရ လိမ့်မည် ဖြစ်ကြောင်း ပြောသည်။ ထင်ကြေး ပေးသူဟာ ကပ္ပိတန် ကိုယ်တိုင် ဖြစ်နေသည့်အတွက် ဒီထက်သေချာတာ ဘာရှိဦးမလဲဟု တွေးမိသည်။ မိမိ သင်္ဘောပေါ်မှာ ရှိနေသည့်အတွက် ကပ္ပိတန် စိတ်မလွတ်မလပ် ဖြစ်နေတာကို ရိပ်စားမိခဲ့တာ ကြာပြီဖြစ်သည်။ မိမိ သင်္ဘောပေါ်က ဆင်းသွားပြီး သူနဲ့ ကီးကိုက်သူ ရောက်လာမှ သူလည်း စိတ်လက် ပေါ့ပါးစွာဖြင့် နေနိုင်မည် ဖြစ်သည်။ စင်ကာပူရုံးက သင်္ဘောသားရေးရာ မန်နေဂျာ ဦးမောင်မောင်ဆက်ကလည်း သူ့အစ်ကို

http://www.linhtet.com



ဖြစ်နေသည်။ ကပ္ပိတန်သည် ကိုအဏ္ဏဝါကို အဝါကတ် ပြလိုက်ခြင်း ဖြစ်တယ်ဆိုတာကို သိလိုက်ပါသည်။

## ကိုအဏ္ဏဝါ အလုပ်ပြုတ်ခြင်း

ဇူလိုင်လ ၂၄-ရက်နေ့သည် တိုမို-(၈၅)သင်္ဘောမှာ ကိုအဏ္ဏဝါ၏ လုပ်သက် တစ်နှစ်ပြည့်သော နေ့ဖြစ်သည်။ တစ်နှစ်ပြည့်ပြီ ဖြစ်သည့်အတွက် မိမိက ဆက်လုပ်ချင်ပါသည် ဆိုသော်လည်း ကုမ္ပဏီက မကြိုက်တော့သည့်အတွက် သင်္ဘောပေါ်က ဆွဲချလိုက်လျှင် ကံထရိုက် စာချုပ်အရ သင်္ဘောသားဘက်က ဘာမျှ ပြောပိုင်ခွင့် မရှိလို့ သင်္ဘောပေါ်က ဆင်းပေးရမည် ဖြစ်သည်။ ကိုအဏ္ဏဝါသည် စင်ကာပူရုံးက လာမည့် ကြေးနန်းကို စောင့်မျှော်နေရတော့သည်။

ဇူလိုင်လ ၂၆-ရက်နေ့မှာ တက်မစင်ပေါ်ကို တက်ပြီး ကုန်းပတ်ပထမအရာရှိ ကိုမျိုးကျော်နှင့် ထွေရာလေးပါး စကားပြောနေကြသည်။ ကိုအဏ္ဏဝါက မိမိ အလုပ်ပြုတ်လိမ့်မည် ထင်ကြောင်း ပြောပြသည်။ ကိုမျိုးကျော်က တိတိကျကျ သိထားသည့်အလား ကိုအဏ္ဏဝါကို ပြုံးပြီး ကြည့်နေသည်။ ပြုတ်မှာ သေချာတာပေါ့ဆိုသည့် သဘော ဖြစ်သည်။ ကိုမျိုးကျော်သည် ကိုအဏ္ဏဝါကို အလွန်ခင်သည်။ သူ့အဖေကလည်း ဆက်သွယ်ရေး အရာရှိဖြစ်လို့ ကိုအဏ္ဏဝါကို သံယောဇဉ်ရှိသည်။ ကိုမျိုးကျော်က ပြောသည်။

"အာအိုကြီး မနက် ၈-နာရီမှာ အိပ်ရာက မထတာကို ကပ္ပိတန်က မကြိုက်ဘူး"

"အိပ်ရာက ထပြီး ကျွန်တော်က ဘာလုပ်နေရမှာလဲ သင်္ဘောက သွားနေတာလည်း မဟုတ်၊ အမြဲတမ်း ကျောက်ချထားတာ၊ ကျွန်တော့် အခန်းထဲမှာ တံခါးပိတ်ပြီး နေတာကို အိပ်နေတယ်လို့ ထင်တာ၊ ကျွန်တော် ဘာတတ်နိုင်မှာလဲဗျာ၊ မအိပ်ပါဘူးဆိုတာ သူသိအောင် သူ့ရှေ့မှာ လာရပ်နေရမှာလား"

http://www.linhtet.com



"အဲဒါတော့ မပြောတတ်ဘူး၊ သူ ကိုယ်တိုင်က စမတ်ကျကျ နေတော့ သူများကိုလည်း သူ့လိုပဲ နေစေချင်တာပေါ့ဗျာ"

ကိုအောင်ဆက်သည် အင်္ဂလန်မှာ အနေကြာသူ ဖြစ်သည့်အပြင် အင်္ဂလန် သင်တန်းဆင်းဖြစ်လို့ စည်းကမ်းနှင့် ပတ်သက်လာလျှင် တိတိကျကျ လုပ်ချင်သူဖြစ်သည်။ ကိုအဏ္ဏဝါသည်လည်း တပ်မတော် ရေတပ်ထွက်ဖြစ်လို့ စည်းကမ်းကို လိုက်နာတတ်သူ ဖြစ်သည်။ သို့သော် သူ့လောက် မလိုက်နာနိုင်လို့ သူ မကျေနပ်တာ ဖြစ်လိမ့်မည်ဟု တွေးမိသည်။

ဇူလိုင်လ ၂၇-ရက်နေ့မှာတော့ ကိုအဏ္ဏဝါ မျှော်နေသည့် ကြေးနန်း ဝင်လာပါတော့သည်။ အင်ဂျင်နီယာချုပ် ကိုဖုန်းအောင်၊ ဒုတိယ အင်ဂျင်နီယာ သော်တာဌေး၊ ဘိုဆင် သော်သော်အောင်၊ J/E ဇော်ဝင်း(မြင်းခြံ)၊ စားပွဲထိုး အောင်မျိုးခင်နှင့် ကိုအဏ္ဏဝါတို့ သင်္ဘောက ဆင်းကြရမည်ဟု ကြေးနန်းမှာ ပါရှိသည်။ ကိုအဏ္ဏဝါမှအပ အခြားလူတွေက သူတို့ဆန္ဒဖြင့် အိမ်ပြန်ချင်လို့ ပြန်ကြခြင်းဖြစ်သည်။ ကိုအဏ္ဏဝါ တစ်ယောက်သာ မိမိဆန္ဒမပါဘဲ သင်္ဘောပေါ်က ဆွဲချခံရခြင်း ဖြစ်သည်။ မိမိက ပြန်ပါရစေလို့ ပန်ကြားလွှာ မတင်ဘဲ ပြန်ခိုင်းတာဟာ သင်္ဘောသား ဘဝမှာ အလုပ်ပြုတ်တာ ဖြစ်သည်။ ရှက်တတ်သူ ဆိုပါက ရှက်စရာကောင်းသော ကိစ္စဖြစ်သည်။ ဒါပေမဲ့ ကိုအဏ္ဏဝါ မရှက်ပါ။ သင်္ဘောသား အားလုံးက ကိုအဏ္ဏဝါကို ခင်မင်ကြသည်။ ကိုအဏ္ဏဝါရဲ့ ဘဝကို အဆုံးအဖြတ် ပေးနိုင်သူနှင့် ကိုအဏ္ဏဝါတို့ရဲ့ အပေးအယူ မတည့်ခြင်းကြောင့် ဖြစ်ရတာဆိုတာကို ရိပ်မိကြသည်။

## အပြန်လမ်းမှာ ပန်းခဲ့သည်

ဩဂုတ်လ သုံးရက်နေ့ နံနက် ခုနစ်နာရီမှာ အာအို ဦးစောရန်ကီး နှင့် အဖွဲ့ သင်္ဘောကို ရောက်လာကြသည်။ ဦးစောရန်ကီးသည် ကိုအဏ္ဏဝါ၏ ဆရာဖြစ်ခဲ့ဖူးသည်။ ကိုအဏ္ဏဝါ အာအိုစာမေးပွဲ ဖြေရန် ကျောင်းတက်စဉ်က ဦးစောရန်ကီးသည်တို့ စုပေါင်း ဖွင့်ထားသည့်

http://www.linhtet.com



ကျောင်းမှာ တက်ခဲ့ဖူးသည်။ ဦးစောရန်ကီးကို ကိုအဏ္ဏဝါက ဆရာလို့ ခေါ်ပြီး ကြိုဆိုလိုက်ပါသည်။ ထုံးတမ်းစဉ်လာအရ တိုမို-(၈၅) သင်္ဘောရဲ့ ရေဒီယိုစတေရှင်ကို ဦးစောရန်ကီးအား စနစ်တကျ လွှဲပြောင်းပေးလိုက်ပါသည်။

ဦးစောရန်ကီး ယူဆောင်လာသည့် စင်ကာပူက ရုံးစာတွေထဲမှာ ကိုအဏ္ဏဝါအတွက် စာတစ်စောင် ပါလာသည်။ ၂၄-၇-၁၉၈၄ နေ့မှစ၍ ကိုအဏ္ဏဝါ၏ မူရင်းလစာတွင် နှစ်တိုးအဖြစ် စင်ကာပူ ဒေါ်လာ-၈၀ ထပ်တိုးပေးကြောင်း လစာတိုးမြင့်သည့်စာ ဖြစ်သည်။ ကိုအဏ္ဏဝါ ပြုံးလိုက်မိပါသည်။ ကုမ္ပဏီအုပ်ချုပ်ရေး အဖွဲ့နှင့် သင်္ဘောသား ရေးရာ စီမံခန့်ခွဲသူကြားမှာ အချိတ်အဆက် မမိဘဲ တစ်ခုခု မှားနေပြီ ဆိုတာကို သိလိုက်ပါသည်။ ကိုအဏ္ဏဝါ၏ အရည်အချင်းနှင့် အကျင့်စာရိတ္တကို ကုမ္ပဏီက ငြင်းပယ်စရာအကြောင်း မရှိသော်လည်း ကိုအဏ္ဏဝါကို အလုပ်ခန့်ခဲ့သည့် သင်္ဘောသားရေးရာ ဌာနက ကိုအဏ္ဏဝါကို သဘောမကျလို့ အလုပ် ဖြုတ်လိုက်တယ်ဆိုတာ သေချာနေပြီဖြစ်သည်။ ဘာကြောင့် သဘောမကျပါလိမ့်ဟု စဉ်းစားမရ ဖြစ်ခဲ့ပါသည်။



အင်ဂျင်ကဒက် ပုသိမ်ဇော်ဝင်း၊ အောင်ခိုင်၊ နာမည်မေ့၊
ဒုတိယအင်ဂျင်နီယာ သော်တာဋ္ဌေး၊ အင်ဂျင်ကဒက် မြင်းခြံဇော်ဝင်း၊
ဉာဏ်ဝင်း

http://www.linhtet.com



ဩဂုတ်လ သုံးရက်နေ့ နံနက်ရှစ်နာရီမှာ C/E ကိုဖုန်းအောင်၊ 2/E သော်တာဌေး၊ J/E ဇော်ဝင်း(မြင်းခြံ)၊ ဘိုဆင် သော်သော်အောင်၊ စားပွဲထိုး အောင်မျိုးခင်နှင့် ကိုအဏ္ဏဝါတို့ တိုမို-(၈၅) သင်္ဘောပေါ်က ဆင်းခဲ့ကြပါသည်။ ကိုအဏ္ဏဝါကို သင်္ဘောသားတွေက လာရောက်နှုတ်ဆက်ကြသည်။ ကိုစိုးဝင်ဦး(ထမင်းချက်)က သေတ္တာ တွေ ဝိုင်းသယ်ပေးသည်။ သင်္ဘော ကျောက်ချထားရာ နေရာမှ မော်တော်လေးဖြင့် ထွက်ခွာခဲ့ကြပါသည်။ အဘူဒါဘီ လေဆိပ်ကို သွားရမည်ဟု ထင်ခဲ့မိသည်။



ကိုအဏ္ဏဝါကို အလွန်ခင်သည့် ကိုစိုးဝင်းဦး

အဘူဒါဘီမှာ ကျောက်ချထားသည့် နေရာမှ ငါးနာရီကြာအောင် မော်တော်ဘုတ်စီးပြီးသော်လည်း လေဆိပ်ကို မရောက်သေးလို့ ဘယ်ကိုများ ခေါ်သွားနေပါလိမ့်ဟု တွေးရတော့သည်။ မော်တော်ဘုတ်ကလည်း အမြန်ယာဉ် (စပီဘုတ်) ဖြစ်လို့ အတော်မြန်သည်။ တစ်နာရီကို မိုင်-၂၀ လောက်ပြေးနေသည်။ မိုင်-၁၀၀ ကျော်အောင် မောင်းပြီးတော့မှ

http://www.linhtet.com



နေ့လယ်-၁၂ နာရီခွဲတွင် ဂျူဘိုင်း (DUBAI) ကို ရောက်သည်။ ဂျူဘိုင်းမှ စင်ကာပူကို လေယာဉ်စီးရမည် ဖြစ်သည်။

ဂျူဘိုင်းဆိပ်ကမ်းက အစောင့်တွေနှင့် အကောက်ခွန် အရာရှိတွေသည် ကိုအဏ္ဏဝါတို့လူစုကို သင်္ဘောသားတွေလို့ သိတတ်တယ်ဆိုလျှင်ပဲ သေတ္တာတွေကို သဲကြီးမဲကြီး မွှေနှောက်ရှာဖွေ ပါလေတော့သည်။ လက်နက်၊ မူးယစ်ဆေးဝါးနှင့် တရားမဝင် မှောင်ခိုပစ္စည်း ရှာတာမဟုတ်၊ ညစ်ညမ်း ဓာတ်ပုံတွေ တွေ့လိုတွေ့ငြား လိုချင်လို့ ရှာကြတာ ဖြစ်သည်။ ဘယ်သူ့ဆီက မှန်းတော့မသိ အပြာစာအုပ် သုံးလေးအုပ် ရှာဖွေတွေ့ရှိသည်။ အပြာစာအုပ်တွေ ရတယ်ဆိုလျှင်ဘဲ ရှာဖွေခြင်း အလုပ်ကို ရပ်လိုက်ကြတော့သည်။ သင်္ဘောသားတွေကို ကြိမ်းမောင်းလိုက်သေးသည်။

"မင်းတို့ကို သေဒဏ်အထိ ပေးလို့ရတယ်၊ နားလည်လား"

သင်္ဘောသားတွေကို ကြိမ်းမောင်းနေစဉ်မှာပင် သူတို့အချင်းချင်း အပြာစာအုပ် ဝေစု မတည့်လို့ သတ်ကြပုတ်ကြမလို ဖြစ်နေကြသည်။ အရာရှိဆိုသူက တစ်အုပ်ဖြောင်လိုက်တာကို သိသူက မေးလား စစ်လား



ဂျူဘိုင်းမြို့က ဟိုတယ်ခန်းမှာ
အနားယူနေသည့် ကိုအဏ္ဏဝါ

http://www.linhtet.com



လုပ်နေတာကို ကြားလိုက်ရသည်။

ဂျူဘိုင်းမြို့ထဲက PHOENNICIA ဟိုတယ်မှာ နေရာချထားပေးခြင်း ခံရသည်။ ကိုအဏ္ဏဝါတို့ အဖွဲ့ခေါင်းဆောင်က C/E ကိုဖုန်းအောင် ဖြစ်သည်။ နေရာနေခင်းနှင့် အစားအသောက်က ကုမ္ပဏီစရိတ် ဖြစ်သော်လည်း ဘီယာ၊ အရက် သောက်ပါက ကိုယ့်စရိတ်ဖြင့် သောက်ကြပါဟု ညွှန်ကြားသည်။ ဘယ်သူမှ မသောက်ကြဘဲ မြို့ထဲ လျှောက်လည်ကြသည်။ လျှောက်လည်ကြပြီး မောမောဖြင့် ဟိုတယ် ပြန်အိပ်ကြသည်။



ဂျူဘိုင်းမြို့က Phoennicia ဟိုတယ်ရှေ့မှာ ကိုအဏ္ဏဝါ

ဩဂုတ်လ ၄-ရက်နေ့၊ နံနက် ၄-နာရီတွင် အိပ်ရာက ထကြရသည်။ ဟိုတယ်မှ လေဆိပ်သို့ ကြိုပို့ကား ရောက်လာသဖြင့် လေဆိပ်ကို လိုက်သွားကြရသည်။ ဂျူဘိုင်း လေဆိပ်မှာ ကိုသော်တာဌေး ၏ ဂေါက်အိတ်ကြီးက ပြဿနာ ဖြစ်နေသည်။ ကိုသော်တာဌေးက သူ့ဂေါက်အိတ်ကြီးကို လွယ်ပြီး လေယာဉ်ပေါ် တက်ဖို့ စီစဉ်သည်။ လေယာဉ်က လက်မခံ၊ သေတ္တာတွေနှင့်အတူ ထည့်ရန်ပြောသည်။ သေတ္တာတွေနှင့် အတူထည့်ပါက အလေးချိန်အတိုင်း အဖိုးအခ ပေးရမည် ဖြစ်သည်။ အားကစားပစ္စည်းဖြစ်လို့ အခွန်အခ ကင်းလွတ်ခွင့် ရှိကြောင်း အငြင်းပွားကြသည်။ နောက်ဆုံးမှာ ကိုသော်တာဌေးက အနိုင်ရသွားသည်။

နံနက် ၅-နာရီ ၅-မိနစ်တွင် စင်ကာပူ လေကြောင်း (SQ-27) ဖြင့် ဂျူဘိုင်းလေဆိပ်မှ ထွက်ခွာကြသည်။ ဒေသ စံတော်ချိန် နံနက် ၉နာရီ ၄၅မိနစ်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုလေဆိပ်ကို ရောက်သည်။ ကိုအဏ္ဏဝါတို့ မရောက်မီ တစ်ရက်က လေဆိပ်မှာ ဗုံးပေါက်ထားလို့ ထရန်စစ် ခရီးသည်တွေ လေယာဉ်ပေါ်က မဆင်းရဟု ကြေညာသည်။ လေယာဉ်ပေါ်မှာ အကြာကြီး ထိုင်နေကြရသည်။ လေယာဉ်မှန် ပြတင်းမှ လေဆိပ်ကို ချောင်းကြည့်နေကြရသည်။ လေယာဉ် ဆီဖြည့်နေတာကို မြင်နေရသည်။

ကိုလံဘိုက စင်ကာပူကို လိုက်မည့် ခရီးသည်တွေ တက်မလာမီ လေယာဉ်ပေါ်က ခရီးသည်တွေကို နေ့လယ်စာ ကျွေးသည်။ နေ့လယ် ၁-နာရီတွင် ကိုလံဘိုက ထွက်သည်။ စင်ကာပူကို ညနေ ၆-နာရီ ၂၀-မိနစ်တွင် ရောက်သည်။ လိုင်းရင်းစီတီးဟိုတယ်တွင် တည်းခို ကြသည်။

၅-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်လို့ ရုံးတွေပိတ်သည်။ နံနက် ၈-နာရီတွင် လိုင်းရင်းစီတီးဟိုတယ်မှ တိုမိုကုမ္ပဏီက ငှားထားသည့် ရိစ်ဂါးဒင်း အိမ်ကိုပြောင်းရွှေ့ခဲ့ကြသည်။ ဆရာမကြီး မစ္စကယ်ရ်အေးကို သွားရောက် နှုတ်ဆက်သည်။ ဆရာမကြီးက ကိုအဏ္ဏဝါကို ချီးကျူး

http://www.linhtet.com



သည်။ ဆုံးမစကား ပြောသည်။ အလုပ်အကိုင် ရှားနေပြီ ဖြစ်လို့ တိုမိုမှာ စွဲစွဲမြဲမြဲ လုပ်ဖို့ အကြံပေးသည်။

၆-ရက်နေ့မှာ တိုမိုရုံးကို သွားကြသည်။ လစာ လက်ကျန်ငွေ စာရင်းတွေ တွက်ကြသည်။ လက်မှတ် ထိုးခိုင်းသည့် နေရာမှာ ထိုးကြရသည်။ နက်ဖြန် နံနက် ရုံးဖွင့်ချိန်ကျမှ ပိုက်ဆံတွေ လာထုတ်ပါဟု ပြောသည်။ ဦးမောင်မောင်ဆက်ကို တိုးတိုးကပ်ပြီး ပြောသည်။

"အန်ကယ်ဆက် ကျွန်တော် တိုမိုကို ပြန်လာချင်ပါတယ်"

"မင်း အလုပ် မလုပ်ဘဲ အိပ် အိပ်နေတယ်ဆို"

ကိုအဏ္ဏဝါ အံ့သြသွားသည်။ သင်္ဘောမှာ ရှိစဉ်က ကုန်းပတ် ပထမအရာရှိ ကိုမျိုးကျော် ပြောဖူးတာကို သွားပြီး သတိရသည်။ ၈-နာရီမှာ အိပ်ရာက မထတာကို ကပ္ပိတန်က မကြိုက်ဘူးလို့ ပြောဖူးသည်။ လူမရောက်မီ တိုင်ချက်က ရောက်နှင့်ပြီကိုးလို့ နားလည်လိုက်ပါသည်။ ညီဖြစ်သူ ကပ္ပိတန်က အစ်ကိုဖြစ်သူ မန်နေဂျာကို သတင်းပို့ထားပြီး ဖြစ်လို့ ကိုအဏ္ဏဝါ အလုပ်ပြုတ်တာ နောက်တောင်ကျသေးသည်ဟု သိလိုက်ပါသည်။ ကျောက်ချထားသည့် သင်္ဘောပေါ်မှာ ဘာဂျူတီမှ မရှိလို့ ကိုယ့်အခန်းထဲမှာ စာရေးစာဖတ် လုပ်နေတာကို အိပ်နေတယ်လို့ စွဲချက်တင်သည့်အတွက် ဘယ်လို လျှောက်လဲရမလဲ မသိ ဖြစ်သွားသည်။ ကံအကြောင်းပဲလို့သာ သဘောထားလိုက်ပါတော့သည်။

၇-ရက်နေ့မှာ တိုမိုရုံးသွားသည်။ လစာ ချက်လက်မှတ် ရသည်။ လစာ စင်ကာပူ ဒေါ်လာ ၆၃၁၄.၄၈ ရသည်။ လုပ်သက်ဆုကြေး (ဘော့နပ်စ်) ဒေါ်လာ ၆၀၆/- ရသည်။ ကိုအဏ္ဏဝါကို တိုမို ကုမ္ပဏီက သဘောကျသော်လည်း ဦးမောင်မောင်ဆက်နှင့် ကပ္ပိတန် အောင်ဆက်က မကြိုက်ဘူးဆိုတာ သေချာသလောက် ဖြစ်သွားသည်။ ကုမ္ပဏီက ဘောနပ်စ်တောင် ပေးတယ်ဆိုတော့ ဘာအပြစ်အနာမှ မရှိလို့ ဆုကြေးပေးခြင်း ဖြစ်သည်။ ဒါပေ့လေ၊ သင်္ဘောသားရေးရာ မန်နေဂျာက မကြိုက်ဘူးဆိုတော့လည်း အလုပ်ပြုတ်ပြီပေါ့လို့သာ ဖြေလိုက်ရတော့သည်။

http://www.linhtet.com



၈-ရက်နေ့မှာ ကိုဖုန်းအောင်၊ ကိုသော်တာငွေး၊ ကိုဇော်ဝင်း (မြင်းခြံ)၊ ကိုသော်သော်အောင်နှင့် အောင်မျိုးခင်တို့ စင်ကာပူမှ ရန်ကုန်ကို ပြန်ကြသည်။ ကိုအဏ္ဏဝါကတော့ တိုမိုကုမ္ပဏီကို စင်ကာပူက အလုပ်ဝင်သူဖြစ်လို့ စင်ကာပူကို ပြန်ခေါ်ပြီးလျှင် တိုမိုကုမ္ပဏီ၏ တာဝန်ပြီးဆုံးပြီ ဖြစ်သည်။ ရန်ကုန်ကို ပြန်လိုက မိမိစရိတ်ဖြင့် ပြန်ရမည်ဖြစ်သည်။ တိုမိုရုံးကို သွားပြီး စာရေးမ နိုရာကို လေယာဉ်လက်မှတ်ဖိုးပိုက်ဆံ စင်ကာပူ ဒေါ်လာ-၄၉၇ ဒေါ်လာ ပေးလိုက်သည်။ နိုရာက စင်ကာပူမှာ ကိုအဏ္ဏဝါ ၁၄ ရက် နေလို့ရအောင် စတေး ဆောင်ရွက်ပေးသည်။ စာရေးမ နိုရာသည် ကိုအဏ္ဏဝါ အလုပ်ပြုတ်လာတာကို သိတောင် မသိဟု ယူဆရသည်။ (၁၄ ရက် ပြည့်အောင် မနေတော့ဘူး နိုရာရေ... ကိုယ် ပြန်တော့မယ်ကွယ်)လို့ ပြောလိုက်ပါသည်။ နိုရာသည် စင်ကာပူနိုင်ငံသူ မလေးတရုတ်မ ချောချောလေး ဖြစ်သည်။ မြန်မာသင်္ဘောသားတွေ ဝိုင်းပိုးခြင်းကို ခံရသူဖြစ်သည်။

၁၁-ရက်နေ့မှာ တိုမိုရုံးကို သွားသည်။ လေယာဉ်လက်မှတ်နှင့် ပတ်စ်ပို့ယူသည်။ ကပ္ပိတန်ဦးနီနဲ့ တွေ့သည်။ ကပ္ပိတန် ဦးနီသည် ကိုအဏ္ဏဝါနှင့်အတူ နှစ်လလောက် လုပ်ဖူးသည်။ အခုတော့ တိုမို-(၈၁)မှာ ရောက်နေသည်။ ကိုအဏ္ဏဝါ ရန်ကုန်ကို ပြန်တော့မည်ဆိုတော့ သူ့ဇနီး အတွက် ဆူပရာဒင် အားဆေးနှစ်ဘူး ဝယ်သွားပေးရန် ဒေါ်လာ-၃၀ ထုတ်ပေးသည်။ ဦးမောင်မောင်ဆက်ကို နှုတ်ဆက်သည်။ နက်ဖြန်မနက်မှာ ရန်ကုန်ကို ပြန်တော့မည်ဖြစ်ကြောင်း ပြောလိုက်သည်။ နက်ဖြန်မနက် လေဆိပ်ကို လာခဲ့မည်ဟု ပြောသည်။ မိမိကို လေဆိပ်အထိ လိုက်ပို့မည့်တာဝန် ရှိသူပါလားဟု ထင်လိုက်မိသည်။

၁၂-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ စင်ကာပူသည် အနည်းငယ် တိတ်ဆိတ်ခြောက်ကပ်နေသည်။ ကိုအဏ္ဏဝါ ပြန်တော့မည်ဆိုလို့ ဝမ်းနည်းနေသလားလို့တောင် ထင်မိသည်။ လွန်ခဲ့သည့် ၂-နှစ်၊ ၁၉၈၂-ခုနှစ်၊ ဧပြီလ ၄-ရက်နေ့က ကြောက်ကြောက်လန့်လန့်ဖြင့် စင်ကာပူနိုင်ငံကို ရောက်လာခဲ့ပုံကို ပြန်လည် အမှတ်ရလာသည်။ မိသားစု စားဝတ်နေရေးအတွက် ဘဝ တိုးတက်ရာ တိုးတက်ကြောင်း

http://www.linhtet.com



အတွက် သူများနိုင်ငံတွေမှာ ၂-နှစ်ကျော် နေခဲ့ပြီးလို့ ကိုအဏ္ဏဝါ အိမ်ကို ပြန်တော့မည်ဆိုပြီး စင်ကာပူနိုင်ငံ၏ ရှန်ဂီးနိုင်ငံတကာ လေဆိပ်ကြီးကို ရောက်လာခဲ့ပါသည်။

ကိုအဏ္ဏဝါရောက်ပြီး မကြာမီပင် ဦးမောင်မောင်ဆက် တိုင်စီဖြင့် ရောက်လာသည်။ ကိုအဏ္ဏဝါကို လာရောက်နှုတ်ဆက်ခြင်း ဖြစ်သည်။ ဦးမောင်မောင်ဆက်သည် ကိုအဏ္ဏဝါ၏ ကျေးဇူးရှင်ဖြစ်သည်။ ကိုအဏ္ဏဝါကို တိုမိုမှာ အလုပ်ခန့်ပေးသည်။ တိုမို-(၈၅)ကို သွားတက်မလို့ ဂျပန်နိုင်ငံ အိုဆာကာမြို့ကို သွားတော့မည်ဆိုတော့ ၂၂-၇-၁၉၈၃ နေ့မှာ ဂိုးလ်ဒင်းမိုင်းတာဝါ မြေညီထပ်က စားသောက်ဆိုင်မှာ ကိုအဏ္ဏဝါကို နေ့လယ်စာ ကျွေးသည်။ ဂျူဘိုင်းက ပြန်ရောက်ပြီး နောက်နေ့ဖြစ်သည့် ၇-၈-၈၄ နေ့မှာလည်း သင်္ဘောက ဆင်းလာကြသည့် ကိုအဏ္ဏဝါ အပါအဝင် သင်္ဘောသားတွေကို သူ့အိမ်မှာ ညစာ ဖိတ်ကျွေးသည်။ သူ့ဇနီးနှင့် သင်္ဘောသားတွေကို မိတ်ဆက်ပေးသည်။ ဦးမောင်မောင်ဆက်သည် ကိုအဏ္ဏဝါ၏ မျက်နှာကို မကြာခဏ ကြည့်တာကို သတိထားမိသည်။ အခုလည်း ကိုအဏ္ဏဝါကို တလေးတစား အလေးထားပြီး လေဆိပ်အထိ လိုက်ပို့ရှာပါသည်။ ကိုအဏ္ဏဝါ၏ ဆရာ ဗိုလ်မှူးကြီး လင်းသိန်းမောင်၏ မျက်နှာကြောင့် ဖြစ်လိမ့်မည်ဟု ထင်မိသည်။ ဦးမောင်မောင်ဆက်နှင့် ဗိုလ်မှူးကြီး လင်းသိန်းမောင်က ညီအစ်ကို ဖြစ်သည်။ ကိုအဏ္ဏဝါက တပ်မတော် ရေတပ်မှာ အမှုထမ်းခဲ့စဉ်က ဗိုလ်မှူးကြီး၏ တပည့်ရင်း ဖြစ်ခဲ့ဖူးသည်။ ဦးမောင်မောင်ဆက်ကို ကျေးဇူးတင်လွန်းလို့ လေယာဉ်ပေါ် တက်ခါနီးမှာ ဒူးတုပ် ထိုင်ချပြီး ရှိခိုး ကန်တော့လိုက်ပါသည်။

ဦးမောင်မောင်ဆက်နှင့် ကိုအဏ္ဏဝါတို့ စကားပြောနေကြစဉ် ရေတပ်ဗိုလ်မှူးဟောင်း ဟန်ထွန်းအောင် လေဆိပ်ကို ရောက်လာသည်။ သူလည်း မလေးရှား သင်္ဘောလိုင်း သေးသေး တစ်ခုမှာ ကပ္ပိတန် လုပ်နေသည်ဟု ပြောသည်။ ရေတပ်မှာတုန်းက သူက ဗိုလ်မှူး၊ ကိုအဏ္ဏဝါ တပ်ကြပ်ဖြစ်လို့ သူက ကိုအဏ္ဏဝါကို မသိသော်လည်း ကိုအဏ္ဏဝါက သူ့ကို သိပါသည်။ လေဆိပ်ကို ဘာလာလုပ်တာလဲလို့

http://www.linhtet.com



မေးကြည့်တော့ အသိ သင်္ဘောသား တစ်ယောက်ကို လိုက်ပို့တာဟု ဆိုပါသည်။ စင်ကာပူမှ မြန်မာနိုင်ငံကို သွားမည့် လေယာဉ်ထွက်တော့ မည် ဖြစ်လို့ ခရီးသည်တွေ လေယာဉ်ပေါ်တက်ကြရန် (ဘို့ဒ်ဒင်) ခေါ်သံ ထွက်ပေါ် လာသည်။ သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး ကိုအဏ္ဏဝါ လေယာဉ်ပေါ် တက်ခဲ့ပါသည်။

နေ့လယ် ၁-နာရီ ၁၅-မိနစ်တွင် လေယာဉ် ထွက်ခွာပါသည်။ လွန်ခဲ့သည့် နှစ်နှစ်ကျော်က အလာခရီးမှာ ကြောက်စိတ်ဖြင့် ရင်ခုန်ခဲ့ ရသည်။ အခုအပြန်ခရီးမှာ ဘာကြောင့်မှန်းမသိ ကိုအဏ္ဏဝါရဲ့ စိတ်တွေ မရွှင်မလန်းဘဲ မောပန်းနွမ်းနယ်နေသည်။ ၂-နှစ်ကျော် ကွဲကွာနေသည့် ဇနီးနှင့်သမီးလေးတွေကို တွေ့ရတော့မည် ဆိုသည့်အသိကြောင့် ပျော် သလိုလို ရှိသော်လည်း၊ တိုမိုကုမ္ပဏီက ငါ့ အလုပ်ပြုတ်ပြီး ပြန်လာတာ ပါလား ဆိုသည့် အသိကြောင့် ရာနှုန်းပြည့် မပျော်နိုင်ဘဲ မွန်းကျပ်မော ပန်းနေပါသည်။

ဒေသစံတော်ချိန် ညနေ ၃-နာရီ ၁၀-မိနစ် မှာ ရန်ကုန် မင်္ဂလာဒုံ လေဆိပ်ကို ရောက်ပါသည်။ ကိုအဏ္ဏဝါ၏ သမီးလေးတွေက တို့အဖေ ကြီး ပြန်လာပြီဟေ့ဆိုသည့် ပြုံးပျော်ခြင်းများဖြင့် ကိုအဏ္ဏဝါကို ကြိုဆို ကြသည်။ ကိုအဏ္ဏဝါ၏ဇနီး မဖြူတုတ်ကတော့ နောင်ရိုးတိုက်ပွဲက အောင်ပွဲခံပြီး ပြန်လာသည့် ဘုရင်နောင်ကို သူ့မိဖုရားက ကြိုဆိုသည့် မျက်နှာမျိုးဖြင့် ကြိုဆိုနေသည်။

❐

[ ၉ ]

# ဂရိလိုင်း သင်္ဘောသားကြီး ကိုအဏ္ဏဝါ

နိုင်ငံခြားသင်္ဘောလိုက်ရာမှ ပထမခေါက် ပြန်ရောက်လာသည့် ကိုအဏ္ဏဝါမှာ သင်္ဘောသားရေးရာ အလုပ်တွေ အတော်များသည်။ စီဒီစီ၊ ပတ်စ်ပို့ ပြန်အပ်ရသည်။ ဝင်ငွေလစာစာရင်းကို ပြုစုပြီး တရားဝင်ဖြစ်အောင် လုပ်ရသည်။ နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေး ဘဏ်မှာ ဘဏ်စာရင်း ဖွင့်ရသည်။ နောက်ဆုံးမှာ ပတ်စ်ပို့ ပြန်လျှောက်ရေး လုပ်ရသည်။ အရေးအကြီးဆုံးက နောက်ထပ် အလုပ်တစ်ခု ရရှိပြီး နိုင်ငံခြားကို ဒုတိယ အကြိမ် ပြန်သွားနိုင်ရေး ဖြစ်သည်။

## အိမ်ပိုင်ရာပိုင် ဖြစ်လာသည့် သင်္ဘောသား ကိုအဏ္ဏဝါ

၁၉၈၄-ခုနှစ်၊ ဩဂုတ်လ တစ်လလုံးသည် ကိုအဏ္ဏဝါအဖို့ သင်္ဘောသားရေးရာ အလုပ်တွေဖြင့် အချိန်ကုန်သွားခဲ့သည်။ စက်တင်ဘာလထဲ ရောက်လာသောအခါ အိမ်တစ်လုံး ဝယ်ယူရေးအတွက် ဆောင်ရွက်ရပြန်သည်။ ၁၉၈၂-ခုနှစ်က ကိုအဏ္ဏဝါ သင်္ဘောတက်သွားသောအခါ ဇနီးမဖြူတုတ်နှင့် သမီးလေးတွေကို သူများ အိမ်နောက်ဖေးမှာ

http://www.linhtet.com



အဖီလေးဆွယ်ပြီး နေခိုင်းထားခဲ့သည်။ အိမ်မကြီး ပိုင်ရှင်က မဖြူတုတ်ရဲ့ အစ်ကို အရင်းဖြစ်လို့ အိမ်လခ မပေးရသော်လည်း ကျူးကျော်ရပ်ကွက်၏ နောက်တိုး မိသားစုအဖြစ် သတ်မှတ် ခံထားရသဖြင့် ကုန်ဝယ် စာအုပ် မရ ဖြစ်နေသည်။ ကုန်ဝယ်စာအုပ် မရတော့ မဖြူတုတ်မှာ ဆန်ကို အပြင်ဈေးဖြင့် ဝယ်စားနေရသည်။ အိမ်တစ်လုံး အမြန်ဝယ်ပြီး ဒီရပ်ကွက်ထဲက ထွက်မှ ဖြစ်မည်။ ဒါတောင် သာကေတက ပုံစံ-၁၀ ယူပြီး အိမ်ထောင်ပြောင်း မိသားစု လုပ်မှ ရမည်ဟု သိရသည်။

စက်တင်ဘာလထဲ ရောက်လာတော့ ကိုအဏ္ဏဝါ၏ သမီးအငယ်မ ကျူရှင်တက်နေသည့် အိမ်အနီးမှာ အိမ်တစ်လုံး ရောင်းမည် ဆို၍ ကိုအဏ္ဏဝါနှင့် မဖြူတုတ်တို့ သွားကြည့်ကြသည်။ အိမ်ရောင်းမည် ဆိုင်းဘုတ် ချိတ်ထားတာ တွေ့ရသည်။ အိမ်ရှင်အဘိုးကြီးနဲ့ တိုက်ရိုက်တွေ့သည်။ ရောင်းမည်ဟု ဆိုသည်။ သို့သော် နောက်အပတ် စနေနေ့ကျမှ တိကျသည့် အဖြေကို ပေးနိုင်မည်ဟု ဆိုသည်။ ပထမ ဝယ်လိုသည့် ဆရာဝန် တစ်ယောက်က ငွေမပြည့်လို့ သူ့မိဘတွေ ဆီမှာ သွားတောင်းနေဆဲဟု ဆိုသည်။ မည်သို့ပင် ဖြစ်စေ၊ နောက်အပတ် စနေနေ့အထိ စောင့်လို့မှ အဲဒီဆရာဝန် မလာဘူးဆိုလျှင် ကိုအဏ္ဏဝါကို ရောင်းမည်ဟု ဆိုသည်။ ကိုအဏ္ဏဝါ စောင့်နေလိုက်သည်။

နောက်အပတ် စနေနေ့ ညနေမှာ ကိုအဏ္ဏဝါနှင့် မဖြူတုတ်တို့ သွားကြပြန်သည်။ အိမ်ရှင် အဘိုးကြီးက ကိုအဏ္ဏဝါကို ပြောသည်။

"ဟို ဆရာဝန် ဒီနေ့အထိ မလာဘူးဗျ၊ ခင်ဗျားနဲ့ ထိုက်တယ်ထင်တယ်၊ အိမ်ထဲ ဝင်ကြည့်ပါ၊ ကြိုက်တယ်ဆိုရင် ဈေးစကား ပြောကြတာပေါ့"

"အစ်ကိုကြီးက ဘယ်လောက် ခေါ်ထားလဲ"

"တစ်သိန်းနှစ်သောင်း အတိပါ"

"အလျှော့အတင်း မရှိတော့ဘူးလား"

"မလျှော့ဘူး၊ သီတင်းကျွတ်ရင် ထပ်တင်ဦးမယ်"

ယခုဝါတွင်းဖြစ်သည်။ သီတင်းကျွတ်ရန် တစ်လကျော်သာ ကျန်တော့သည်။ ယခု ဝယ်ပြီး စရန်သတ်ထားမှ ၁၂၀,၀၀၀/- ဖြင့် ရမည်။

http://www.linhtet.com



သီတင်းကျွတ်လျှင် နောက်ထပ် တစ်သောင်းလောက် ထပ်တက်သွားနိုင်သည်။ ကိုအဏ္ဏဝါမှာ ကားရောင်းထားသည့် ငွေ ၁၄၀,၀၀၀/- ရှိနေသည်။ ကိုအဏ္ဏဝါနှင့် မဖြူတုတ်တို့ အိမ်ထဲ ဝင်ကြည့်သည်။ အပေါ်ထပ်ကို တက်ကြည့်သည်။

လမ်းမကြီးပေါ်က ပေ-၂၀၊ ပေ-၆၀ မြေပေါ်မှာ ဆောက်ထားသည့် တစ်ထပ်တိုက်ခံ အိမ်ဖြစ်သည်။ အပေါ်ထပ်က ပျဉ်ထောင်ကာ၊ သွပ်မိုးဖြစ်သည်။ အာစီတိုင် မဟုတ်သော်လည်း ငါးပတ်လည် ပျဉ်းကတိုး တိုင်တွေဖြင့် ဆောက်ထားသည့် အိမ်ဖြစ်သည်။ သက်တမ်း ဆယ်နှစ်မျှသာ ရှိသေးသည်။ ကိုအဏ္ဏဝါက လက်သမား မျက်စိဖြင့် ကြည့်ပြီး အိမ်ကို ကြိုက်သည်။ မဖြူတုတ်ကတော့ ကျောင်း နီးသည်၊ ဈေး နီးသည် ဆိုပြီး ကြိုက်သည်။ ကိုအဏ္ဏဝါက ဈေးမဆစ်တော့ဘဲ အိမ်ရောင်းမည် ဆိုင်းဘုတ်ကို ဖြုတ်ခိုင်းလိုက်တော့သည်။ အိမ် ဝယ်ဖြစ်သွားသည်။

## တိုမိုက ပြန်ခေါ်နိုး မျှော်ကိုးမိ ဖြစ်အင်

သင်္ဘောသားကြီး ကိုအဏ္ဏဝါမှာ အိမ်နဲ့ရာနဲ့ ဖြစ်သွားပြီ ဖြစ်လို့ လူနေမှုအဆင့် တိုးမြင့်သည့်အနေဖြင့် သတင်းစာတစ်စောင် နေ့စဉ် မှာယူဖတ်ရှုသည်။ ၁-၁၁-၈၄ နေ့မှ စပြီး ကြေးမုံသတင်းစာ တစ်စောင် နေ့စဉ် မှာယူ ဖတ်ရှုသည်။ သတင်းစာ စတင် ရရှိသည့် နေ့မှာပင် အိန္ဒိယ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ လုပ်ကြံ ခံရကြောင်း သတင်းကို ဖတ်ရှုရသည်။

နိုဝင်ဘာလဆန်းက ပြုလုပ်သည့် အစည်းအဝေး ဆုံးဖြတ်ချက်အရ ကိုအဏ္ဏဝါ၏ နိုင်ငံကူး လက်မှတ်ကို နောက်ထပ် ငါးနှစ် သက်တမ်းတိုးခွင့် ပြုကြောင်း သိရသည်။ နိုင်ငံကူး လက်မှတ် အသင့် ဖြစ်ပြီဖြစ်ကြောင်း တိုမိုကုမ္ပဏီ၏ ဒေသကိုယ်စားလှယ် ဦးဇော်မြင့်ကို ၉-၁၁-၈၄ နေ့မှာ သွားပြောလိုက်သည်။ ဦးဇော်မြင့်က ဘာမျှမပြောဘဲ ဝတ်ကျေတန်းကျေ ခေါင်းညိတ်သည်။ ဘယ်လလောက်မှာ ဖြစ်နိုင်

http://www.linhtet.com



ကြောင်း ပြောသင့်သည်ဟု ထင်သည်။ သို့သော် ဦးဇော်မြင့်က သူများ တွေကိုသာ အလိုက်သင့် စကားလက်ခံ ပြောသော်လည်း ကိုအဏ္ဏဝါကို ကျတော့ တိုမို သဘော်သားဟောင်း တစ်ယောက်ကို ဆက်ဆံပုံမျိုး မဆက်ဆံဘဲ ခပ်စိန်းစိန်းကြီး ဖြစ်နေတာကို သတိထားမိသည်။

မိမိသည် တိုမိုကုမ္ပဏီရဲ့ သဘော်သားဟောင်း တစ်ယောက် ဖြစ်သည်။ သဘော်ကုမ္ပဏီက မိမိ၏ တစ်နှစ်တာ တာဝန်ထမ်းဆောင် ခြင်းကို နှစ်ခြိုက်သဘောကျလို့ နှစ်တိုး ဒေါ်လာ ၈၀ ပင် ခွင့်ပြုပြီး ဖြစ်သည်။ စင်ကာပူက ထွက်ခွာခါနီးမှာ ရုံးအဖွဲ့သားတွေ အားလုံးကို နှုတ်ဆက်သည်။ ဦးမောင်မောင်ဆက်မှ အပ ရုံးအဖွဲ့သားတွေ အားလုံးက ကိုအဏ္ဏဝါကို ဝမ်းသာအာရ နှုတ်ဆက်ကြသည်။ နောက်တစ်ကြိမ် သဘော် ပြန်လာတက်ရန် ကြိုဆိုကြောင်း ပြောခဲ့ကြသည်။

ကိုအဏ္ဏဝါ မြန်မာပြည်ကို ပြန်ရောက် ပြီးနောက် ၄-ရက် မြောက်နေ့ဖြစ်သည့် ၁၆-၈-၈၄ နေ့မှာ ဦးဇော်မြင့်အိမ်ကို သွားခဲ့သည်။ ဂေါက်ရိုက်သည့် ဦးဇော်မြင့်အတွက် စပို့ရှပ် အကောင်းစား တစ်ထည် လက်ဆောင် ပေးခဲ့သေးသည်။ မိမိဘက်က ဘာများ အမှားအယွင်း ရှိပါလိမ့်ဟု တွေးမိသည်။ မိမိ ဘက်ကတော့ ဘာမျှ အမှားအယွင်း မရှိဟု ထင်သည်။ ဦးဇော်မြင့်သည် တခြား တိုမို သဘော်သားတွေလို မိမိကို တရင်းတနှီး မဆက်ဆံတာ ဘာကြောင့်ပါလိမ့်ဟု တွေးလို့မရ ဖြစ်နေသည်။ ယခင်က မရင်းနှီးခဲ့သော်လည်း ယခုအခါ မိမိသည်လည်း တိုမို သဘော်သားဟောင်း တစ်ဦး ဖြစ်နေပါလျက် မိမိကို ခပ်စိန်းစိန်း ဆက်ဆံနေသည်မှာ အကြောင်းတစ်ခုတော့ ရှိနေပြီလို့ သိလိုက်ပါသည်။

တိုမို သဘော် ကုမ္ပဏီ၏ ဒေသကိုယ်စားလှယ် ဦးဇော်မြင့်နှင့် ကိုအဏ္ဏဝါတို့သည် လုံးဝ မရင်းနှီးခဲ့ဖူးသည့်အတွက် ရန်ငြိုးရန်စ မရှိခဲ့တာလည်း သေချာပါသည်။ အငြိုးအတေး မရှိခဲ့တာလည်း သေချာ ပါသည်။ ရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ၊ အလုပ်သဘောအရ ဖော်ဖော်ရွေရွေ ဆက်ဆံရမည် ဖြစ်သည်။ မိမိမှအပဖြစ်သည့် တခြား သဘော်သားဟောင်းတွေကိုတော့ ဖော်ဖော်ရွေရွေ တရင်းတနှီး ဆက်ဆံ

http://www.linhtet.com



ပြီး ကိုအဏ္ဏဝါကို ကျတော့ နှုတ်ဆက်စကားပြောပင် လုပ်ဖော် မရလို့ အံ့ဩမိသည်။ ဘာကြောင့်ပါလိမ့်ဟု စဉ်းစားမရ ဖြစ်နေခဲ့သည်။

ကိုအဏ္ဏဝါသည် တိုမိုသင်္ဘောပေါ်က မိမိဆန္ဒဖြင့် ဆင်းလာခဲ့သူ မဟုတ်၊ အတင်းအဓမ္မ ဆွဲချခံလိုက်ရလို့ ဆင်းလာခဲ့ရသူ ဖြစ်သည်။ တစ်နည်းပြောရလျှင် အလုပ်ပြုတ်လာခဲ့သူ ဖြစ်သည်။ ပြုတ်သည့်ပုံသဏ္ဌာန်ကလည်း ကုမ္ပဏီက မသိဘဲ ဦးမောင်မောင်ဆက်က ဖြုတ်လိုက်လို့ ပြုတ်လာခဲ့သည့်ပုံလို ဖြစ်နေသည်။ ဖြစ်နိုင်ခြေ ရှိသည့် အကြောင်းတွေကို ပြန်စဉ်းစားသည်။ နံနက် ၈-နာရီမှာ အိပ်ရာက မထတာကို ကပ္ပိတန်က မကြိုက်ဘူးလို့ ပြောခဲ့သည့် ကိုမျိုးကျော်၏ စကား၊ အာအို ပြန်ရလိမ့်မယ် ထင်တယ်လို့ ပြောခဲ့သည့် ကပ္ပိတန် အောင်ဆက်၏ စကား၊ မင်း အိပ်အိပ်နေတယ်ဆိုလို့ မေးခဲ့သည့် ဦးမောင်မောင်ဆက်၏ စကားတွေကို ဆက်စပ် စဉ်းစားကြည့်တော့မှ ဦးဇော်မြင့်သည် စင်ကာပူက ဦးမောင်မောင်ဆက်၏ ညွှန်ကြားချက်ကို ရထားပြီး ဖြစ်မည်ဟု တွေးမိပါသည်။

၁၄-၁-၁၉၈၅ နေ့မှာ အလွန်ညှိုးငယ်သည့် မျက်နှာဖြင့် ဦးဇော်မြင့် အိမ်ကို သွားပြန်သည်။ ကိုအဏ္ဏဝါနှင့် ရာထူးအဆင့် တူသည့် ကိုမောင်ချို ၁၆-ရက်နေ့မှာ နိုင်ငံခြားကို သွားဖို့အတွက် စာရွက်စာတမ်းတွေ လုပ်နေတာ တွေ့ခဲ့ရသည်။ ၂၄-ရက်နေ့မှာ ရှေ့မျက်နှာ နောက်ထားပြီး အောက်ကျခံသည့် မျက်နှာဖြင့် ဦးဇော်မြင့် အိမ်ကို သွားပြန်သည်။ ကိုအဏ္ဏဝါရဲ့ ရာထူးမျိုးဖြင့် သင်္ဘောလိုက်နေသည့် ကိုမောင်မောင် ၂၇-ရက်နေ့မှာ နိုင်ငံခြားထွက်မလို့ စာရွက်စာတမ်းတွေ လုပ်နေတာ တွေ့ခဲ့ရပြန်သည်။

၁၉၈၅-ခုနှစ်၊ မတ်လ အလယ်လောက်အထိ ဦးဇော်မြင့်အိမ်ကို ၁၅-ခေါက်တိတိ သွားခဲ့သည်။ ၂၇-၃-၈၅ နေ့မှာ အာအို မောင်မောင်ဦး ထွက်သွားပြန်သည်။ ကိုအဏ္ဏဝါ၏ အလှည့်ကတော့ ဘာသံမျှ မကြား ဖြစ်နေသည်။ ကိုအဏ္ဏဝါ စိတ်ဓာတ်ကျနေပြီ ဖြစ်သည်။ ဘာကြောင့် မိမိကို တိုမိုက ပြန်မခေါ်လာလဲဆိုတာ စဉ်းစားလို့ မရ ဖြစ်နေသည်။

http://www.linhtet.com



၂၂-၄-၈၅ နေ့မှာ သူငယ်ချင်း ကိုလွင်နဲ့ သင်္ဘောသားရုံးရှေ့မှာ တွေ့ကြသည်။ ကိုလွင်သည် လစာ သိပ်မကောင်းသည့် ဟောင်ကောင် အိုင်လင်း ကုမ္ပဏီမှာ လိုက်နေသူ ဖြစ်သည်။ ကိုအဏ္ဏဝါက တိုမိုပြန် ဖြစ်လို့ ရင်ကော့ပြီး ဂုဏ်ယူနေသူ ဖြစ်သည်။ ကိုလွင်က ကိုအဏ္ဏဝါကို ပခုံးပုတ်ပြီး ပြောသည်။

"ကိုယ့်လူ တိုမိုကို ပြန်လိုက်ဖို့ မျှော်မနေနဲ့၊ ကျွန်တော် ဦးအေးနဲ့ တွေ့လို့ ခင်ဗျားအကြောင်း သိခဲ့ပြီးပြီ၊ ဦးမောင်မောင်ဆက်က ခင်ဗျားကို မကြိုက်လို့ ဖြုတ်ပစ်လိုက်တာတဲ့"

ဦးအေးဆိုတာ တိုမိုမှာ လိုက်နေသည့် ပီအမ်ဂျီ ပထမတန်း လက်မှတ်ရ အာအို ဖြစ်သည်။ ကိုအဏ္ဏဝါတို့ကို စာမေးပွဲ စစ်ဆေးခဲ့သူ ဖြစ်သည်။ ဦးအေး ပြောသည့် စကားဆိုလျှင် အမှန် ဖြစ်ပေလိမ့်မည်။ ဦးမောင်မောင်ဆက်သည် မိမိကို ဘာကြောင့် မကြိုက်ပါလိမ့်ဟု တွေးမရ ဖြစ်နေသည်။ မိမိကို အလုပ်ခန့်ပြီးနောက် မိမိဂျပန်ကို သွားခါနီးမှာ မိမိကို နှစ်ယောက်ချင်း တွေ့ပြီး နေ့လယ်စာ ကျွေးခဲ့သည်။ တိုမို(၈၅) သင်္ဘောကို တက်ရန် သွားသည့်နေ့မှာ လေဆိပ်ကို လိုက်ပို့ခဲ့သည်။ တိုမို-(၈၅) သင်္ဘောက ပြန်ဆင်းလာလို့ စင်ကာပူကို ရောက်သည့်အခါ သူ့အိမ်မှာ ညစာ ကျွေးခဲ့သည်။ စင်ကာပူက ရန်ကုန်ကို ပြန်မည့်နေ့မှာ လည်း တလေးတစား အလေးထားပြီး လေဆိပ်အထိ လိုက်ပို့ခဲ့သေး သည်။ ဤမျှ ဂရုတစိုက် ရှိခဲ့ပြီးမှ မိမိကို မကြိုက်ဆိုသည်မှာ ဘာကြောင့် ပါလိမ့်ဟု စဉ်းစားမရ ဖြစ်ရသည်။

မေလဆန်းမှာ ဗိုလ်မှူးကြီး လင်းသိန်းမောင် နိုင်ငံခြားသွားသည်။ စင်ကာပူကို ဝင်သည်။ ဗိုလ်မှူးကြီး ပြန်လာသောအခါ ကိုအဏ္ဏဝါ အတွက် သတင်းထူး ပါလာသည်။ ဦးမောင်မောင်ဆက်က မကြိုက်လို့ တိုမိုက ပြန်ခေါ်မည် မဟုတ်ကြောင်း၊ တခြား လိုင်းမှာ လိုက်ရန်သာ ပြောလိုက်ကြောင်း သိရသည်။ ဒါထက်သေချာတာ မရှိတော့လို တိုမိုကို လက်လျှော့လိုက်ရတော့သည်။

သင်္ဘောသားရုံးရှေ့မှာ ကိုသော်တာငွေးနဲ့ တွေ့သည်။ ကိုအဏ္ဏဝါ က မိမိရဲ့ အဖြစ်ကို ပြောပြသည်။ ကိုသော်တာငွေးက ကိုအဏ္ဏဝါကို

http://www.linhtet.com



နားလည်မှု မရှိသူ ဖြစ်ကြောင်း ပြစ်တင်ပြောဆိုသည်။ နားလည်မှု မရှိသူလို့ အပြောခံရတော့မှ ကိုအဏ္ဏဝါ နားလည်သွားတော့သည်။ ဟုတ်ပေသားပဲဟု နားလည်သွားသည့်အခါမှာတော့ နောက်ကျခဲ့ပေပြီ။ တုံးလိုက်တဲ့ မောင်အဏ္ဏဝါဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိသည်။

## ကြောင်အိုပမာ ကြွက်ကိုရှာသည့် ကိုအဏ္ဏဝါ

တိုမိုက မိမိကို ပြန်မခေါ်တော့ဘူးလို့ သိသွားသည့် ကိုအဏ္ဏဝါသည် သင်္ဘောလိုင်း တစ်ခုခုမှာ အလုပ်တစ်ခု ပြန်ရနိုင်ရေးအတွက် ကြိုးစား လှုပ်ရှားရတော့သည်။ နိုင်ငံခြားပြန် အလုပ်လက်မဲ့ သင်္ဘောသားများ စာရင်းစာအုပ်ကြီးမှာလည်း ရေးသွင်းထားလိုက်သည်။ ရန်ကုန်မြို့တွင်းရှိ သင်္ဘောလိုင်း မျိုးစုံတို့တွင် လျှောက်လွှာတင်သည်။

ရေတပ်က ထွက်သည့် ဆရာကြီး တစ်ယောက် ကိုင်သည့် လိုင်းကို သွားလျှောက်သည်။ ကိုအဏ္ဏဝါကလည်း ရေတပ်က ထွက်သူ ဖြစ်လို့ ရေတပ် သံယောဇဉ်လေးဖြင့် ဦးစားပေး စဉ်းစားလိမ့်မည် ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါသည်။ ဆရာကြီးက ကိုအဏ္ဏဝါရဲ့ စာရွက်စာတမ်းတွေကို ဝတ်ကျေတမ်းကျေ လက်ခံထားလိုက်သည်။ ကိုအဏ္ဏဝါက မိမိလည်း ရေတပ်ထွက်ဖြစ်ကြောင်း သိအောင် ဖော်ထုတ်လိုက်သည်။

"ကျွန်တော်တို့ တပ်ထဲဝင်တော့ ဆရာထွက်သွားပါပြီ၊ ဆရာတို့ နာမည်တွေကို ကြားသာကြားဖူးလိုက်ပါတယ် မမြင်ဖူးလိုက်ဘူး"

"မင်းတို့ ဆက်သွယ်ရေးတပ်မှာ ငါ သဘောကျတဲ့သူ တစ်ယောက် နှစ်ယောက်လောက်ပဲ ရှိတယ်၊ အဲဒီ အထဲမှာ မင်း မပါဘူး"

ကိုအဏ္ဏဝါ၏ ကြိုးပမ်းမှုသည် ပထမအဆင့်မှာပင် ပက်လက်လန်ကျသွားသည်။ တင်ထားသည့် လျှောက်လွှာ စာရွက်တွေကတော့ ဝိဿာချိန်နဲ့ ရောင်းမည့် စာရွက်တွေထဲမှာ ပါသွားတော့မှာ ဖြစ်သည်။ ကြိုက်တာ မကြိုက်တာကတော့ သူ့ကိစ္စ၊ လျှောက်ကြည့်ရမှာကတော့ ကိုယ့်အလုပ်လို့ သဘောထားလိုက်ရတော့သည်။ ရေတပ်ကထွက်သည့် ကိုအဏ္ဏဝါ၏ သူငယ်ချင်း တစ်ယောက်ကတော့ (ကျွန်တော်ကြိုက်တဲ့

အထဲမှာလည်း ခင်ဗျား မပါဘူး) လို့ အင်္ဂလိပ်လို ပြန်ပြောပစ်ခဲ့သည်ဟု သိရသည်။ ကိုအဏ္ဏဝါကတော့ အဲဒီလိုလည်း မပြောရဲ၊ အင်္ဂလိပ်လိုလည်း မပြောတတ်တော့ ခေါင်းငုံ့ခံပြီး ပြန်လှည့်ခဲ့ရသည်။ အဲဒီ ဆရာကြီးသည် အင်္ဂလိပ်လို ကျွမ်းကျင်စွာ ပြောနိုင်သူတွေကို အလွန် အထင်ကြီးသည်ဟု သိရသည်။ သူ ကိုယ်တိုင်ကလည်း အင်္ဂလိပ်လို ကျွမ်းကျင်စွာ ပြောနိုင်သူ ဖြစ်သည်။

သူ အင်္ဂလိပ်လို ပြောတတ်တာ သတိရတော့မှ ကိုအဏ္ဏဝါတို့ အာအိုု စာမေးပွဲဖြေစဉ်က သူနဲ့ ထိပ်တိုက်တွေ့ခဲ့ရတာ တစ်ခုကို သွားပြီး သတိရမိသည်။ အဲဒီတုန်းက သူက စာမေးပွဲ စစ်ဆေးရေးမှူး ဖြစ်သည်။ ရေးဖြေနှင့် နှုတ်မေး အားလုံးကို အင်္ဂလိပ်လို မေးသည်။ အင်္ဂလိပ်လို ဖြေရသည်။ ရေးဖြေ မေးခွန်းတွေက အကြောင်း မဟုတ်သော်လည်း နှုတ်မေးတွေကို ဖြေရသည့်နေရာမှာ အင်္ဂလိပ် စကားကို နားမလည်သည့် ကိုအဏ္ဏဝါ ဒုက္ခရောက်တော့သည်။ မေးခွန်း တစ်ခုကို အမှတ် ၂၀ နှုန်းဖြင့် မေးခွန်း ၅-ခု မေးမည် ဖြစ်သည်။ နှုတ်မေးကို သူကိုယ်တိုင် မေးသည်။ ကိုအဏ္ဏဝါက မျက်နှာချို သွေးပြီး မိတ်ဆက်သည်။

"ကျွန် ကျွန်တော်လည်း ဆရာ့လိုပဲ တပ်မတော် ရေတပ်က ထွက်တဲ့ ရဲဘော်ပါဆရာ"

"ဟေ့ကောင် ဆွေမျိုး လာစပ်မနေနဲ့၊ ဒါစာမေးပွဲ စစ်နေတာကွ"

"ကျွန်တော် မေးခွန်းကို နားလည်ရင် ဖြေတတ်မယ်ထင်တယ် ဆရာ၊ ကျွန်တော့်ကို မြန်မာလို မေးပေးပါဆရာ"

"မရဘူး၊ ဒါဟာ အပြည်ပြည်ဆိုင်ရာ ရေဒီယို ဆက်သွယ်ရေး အရာရှိ စာမေးပွဲကွ၊ ငါဟာ အင်္ဂလန်မှာလည်း စာမေးပွဲ စစ်ခဲ့တာပဲ၊ အင်္ဂလိပ်စကားက လွဲလို့ ဘယ်လို ဘာသာ စကားနဲ့မှ မေးခွင့် ဖြေခွင့် မရှိဘူး၊ မင်း မဖြေနိုင်ရင် ရှုံးမှာပဲ"

သူ မေးသည့် မေးခွန်း ငါးခုလုံးကို မဖြေနိုင်လို့ အဲဒီ နှစ်က ကိုအဏ္ဏဝါ စာမေးပွဲ ကျခဲ့ပါသည်။ သူ့အပြစ် မဟုတ်ပါ၊ သူ တော် သလောက် ကိုအဏ္ဏဝါ ညံ့လို့ ကျခဲ့ရတာ ဖြစ်သည်။ သူ့ဘက်က

http://www.linhtet.com



အားနည်းချက်ကတော့ မြန်မာအချင်းချင်း ညှာတာမှု မထားလိုခြင်းလေး တစ်ခုသာ ပြောစရာ ဖြစ်နေသည်။

အဲဒီ ဆရာကြီးရဲ့ ကုမ္ပဏီမှာ အဆင်မပြေတော့ တခြား ကုမ္ပဏီ မျိုးစုံမှာ လျှောက်လွှာတွေ တင်သည်။ အတော်သေချာသည်။ လူလိုနေသည်ဆိုသည့် ယူရေးရှား ကုမ္ပဏီကို လျှောက်သည်။ လျှောက်လွှာတင်တယ်ဆိုတာ အကုန်အကျတွေ ရှိသည်။ ဖိုတိုကော်ပီယာ မပေါ်သေးသည့်ခေတ်ဖြစ်လို့ စာရွက်တွေ အထပ်လိုက် လက်နှိပ်စက်ဖြင့် ရိုက်ရသည်။ ဓာတ်ပုံတွေ ကပ်ရသည်။ လျှောက်လွှာ တစ်စောင်ဆိုလျှင် ၁၀၀ိ/ ၁၅၀ိ ခန့် (အဲဒီခေတ်က) ကုန်သည်။

၂၀-၅-၁၉၈၅ မှာ ယူရေးရှား ကုမ္ပဏီကို လျှောက်လွှာတင်သည်။ တာဝန်ရှိသူ ဦးအောင်မြင့်က လက်မှတ်ထိုးပေးသည်။ စာတိုက်က ပို့လိုက်ပါဟု ဆိုသည်။ စာတိုက်က ပို့တာကလည်း နိုင်ငံခြားကို ပို့ရတာ ဖြစ်လို့ ကုန်ကျစရိတ် ရှိပြန်သည်။ စာအိတ် အထူကြီးကို ပို့လိုက်သည့် နေ့ကစပြီး ဘာသတင်းမျှ မရတာ ဒီနေ့အထိ ဖြစ်သည်။

၂၉-ရက်နေ့မှာ ဒိုင်ယာ ကုမ္ပဏီက လူရွေးပွဲရှိလို့ ဝင်ရောက်အရွေးခံသည်။ နိုင်ငံခြားသား တစ်ယောက်က လာရွေးတာ ဖြစ်သည်။ ကိုအဏ္ဏဝါ၏ သင်္ဘောသား လုပ်သက် မှတ်တမ်းစာအုပ်ကို ကြည့်သည်။ ကိုအဏ္ဏဝါ၏ မျက်နှာကို ကြည့်သည်။ မေးခွန်း တစ်ခုကို မေးသည်။

"ပိုတေးရုပ် ရေဒီယို စတေရှင်နဲ့ အလုပ် လုပ်ဖူးပါသလား"

ကိုအဏ္ဏဝါ စိုးရိမ်သွားသည်။ ပိုတေးရုပ် ရေဒီယို စတေရှင်သည် အင်္ဂလန်က စတေရှင်ဖြစ်သည်။ အာအိုတွေကြောက်လန့်သည့် စတေရှင်ဖြစ်သည်။ စည်းစနစ်ကြီးသည်။ ထူးခြားသည့် ပုံစံဖြင့် အလုပ်လုပ်သည်။ ကိုအဏ္ဏဝါလည်း ကြောက်သည်။ တစ်ခါမျှ မလုပ်ဖူးသေးလို့ ရိုးသားစွာပင် ဖြေလိုက်သည်။

"ကျွန်တော် မလုပ်ဖူးသေးပါ ခင်ဗျာ"

"အိုကေ အပြင်ထွက်စောင့်နေပါ"

အပြင်ထွက်စောင့်နေပါဆိုတာ ယဉ်ယဉ်ကျေးကျေး မောင်းထုတ်လိုက်တာဖြစ်သည်။ မင်းကို မကြိုက်ဘူးလို့ ပြောလိုက်ခြင်း ဖြစ်သည်။

http://www.linhtet.com



သင်္ဘောသားရုံးကလည်း တရားမျှတမှု ရှိအောင် နိုင်ငံခြားသွား ကို လွတ်လွတ်လပ်လပ် ကိုယ်တိုင် ရွေးခိုင်းထားခြင်း ဖြစ်သည်။ ဘာပဲ ပြောပြော ကိုအဏ္ဏဝါကတော့ သဘောကျသည်။ မယ်သီတာကို လိုချင် သည့် ဒဿဂီရိ အရှုံးမျိုးဖြင့် နောက်ကောက်ကျပြီး လှည့်ပြန်ခဲ့ပါသည်။

ကိုအဏ္ဏဝါသည် ကုမ္ပဏီမျိုးစုံကို လျှောက်လွှာတင်သည်။ လျှောက်လွှာမလို၊ လူကိုယ်တိုင် သွားပြီး မျက်နှာပြရသည့် ကုမ္ပဏီတွေ ကိုလည်း လူကိုယ်တိုင် သွားပြီး မျက်နှာပြသည်။ ကိုအဏ္ဏဝါရဲ့ ရာထူးမျိုး တွေ ချေးပေါ သေးပေါ ပေါနေသည့် ခေတ်မှာ အလုပ်လျှောက်ရတာ အတော် မျက်နှာငယ်ရသည်။ ဖူဂျီကုမ္ပဏီက ဦးဘသန်း၊ ဟန်ချားတစ်က ဦးအောင်နိုင်၊ ဟောင်ကောင်အိုင်လင်းက ကိုစံဝင်းတို့ကို မျက်နှာ သွားပြ ထားရသည်။ အခုအချိန်အထိတော့ ဘယ်ကမျှ မျက်စတောင် ပစ်ဖော် မရသေး ဖြစ်နေသည်။

ကိုအဏ္ဏဝါသာ အလုပ် မရနိုင်သေးသော်လည်း ကိုအဏ္ဏဝါရဲ့ သူငယ်ချင်း ကိုလွင်တို့ကျတော့လည်း အလုပ်ကပေါသည်။ လုပ်ချင်တာ ကို ရွေးပြီး လုပ်နေရသလို ဖြစ်နေသည်။ ကိုလွင်သည် ဟောင်ကောင် အိုင်လင်း ကုမ္ပဏီက ပြန်လာသူ ဖြစ်သည်။ ဟောင်ကောင် အိုင်လင်း ကို ပြန်မလိုက်ချင်တော့လို့ ဟန်ချားတစ် ကုမ္ပဏီကို လျှောက်သည်။ ဟန်ချားတစ် ကိုယ်စားလှယ် ဦးအောင်နိုင်က ကိုလွင်ကို ကြိုက်လို့ ရွေးလိုက်သည်။ ကုမ္ပဏီရုံးမှာတောင် အလုပ် ဆင်းနေရပြီ ဖြစ်သည်။ နိုင်ငံခြား သွားရမည့်နေ့ကို စောင့်နေရသည်။ ကိုအဏ္ဏဝါကလည်း ကိုလွင်၏ အဆက်အသွယ်ဖြင့် ဦးအောင်နိုင်ကို မျက်နှာချိုသွေးပြီး ကိုလွင်ပြီးလျှင် မိမိကို စဉ်းစားပေးပါရန် မေတ္တာရပ်ခံထားသည်။

၈-၈-၈၅ နေ့မှာတော့ ဦးအောင်နိုင်က ကိုလွင် နိုင်ငံခြား ထွက် ရမည့် ကိစ္စနဲ့ ပတ်သက်ပြီး တစ်စုံတစ်ခု ပြောခိုင်းလို့ ကိုလွင် နေထိုင်ရာ ကမာရွတ်၊ သုခလမ်း နေအိမ်ကို သွားရသည်။ ကိုလွင်သည် ဒီအပတ်ထဲ မှာပင် နိုင်ငံခြား ထွက်ရတော့မည် ဖြစ်လို့ နက်ဖြန် ရုံးကို စောစောလာရန်

http://www.linhtet.com



ကိစ္စဖြစ်သည်။ ကိုလွင်နဲ့ စကားပြောနေစဉ်မှာပင် ဟောင်ကောင်အိုင်လင်း ကုမ္ပဏီက ကိုစံဝင်းနှင့် ကိုသန့်စင်တို့ကား ရောက်လာသည်။ ကိုလွင်ရော ကိုအဏ္ဏဝါပါ ထိတ်ထိတ်ပြာပြာ ဖြစ်သွားကြသည်။ ကိုလွင်သည် ဟောင်ကောင် အိုင်လင်းက လူဟောင်းဖြစ်သည်။ ကိုစံဝင်း မသိအောင် ဟန်ချားတစ်မှာ လျှောက်ထားခြင်း ဖြစ်သည်။ ဟန်ချားတစ်ကလည်း မကြာမီ ခေါ်တော့မည်ဖြစ်သည်။ ကိုအဏ္ဏဝါက ဒီအကြောင်း လာပြောနေခြင်းဖြစ်သည်။ ကိုစံဝင်း၊ ကိုသန့်ဇင်၊ ကိုလွင်နှင့် ကိုအဏ္ဏဝါတို့သည် တပ်မတော် ရေတပ်တွင် အတူ အမှုထမ်းခဲ့ကြသည့် သူငယ်ချင်းတွေဖြစ်သည်။ ကိုလွင်သည် ကိုစံဝင်း မသိအောင် ဟန်ချားတစ်မှာ လျှောက်ထားတာကို ကိုအဏ္ဏဝါက သိလျက်နဲ့ ဖုံးဖိအားပေး လုပ်နေတာ သိသွားပါက စိတ်ဆိုးကြမည် ဖြစ်သည်။ ကိုလွင်က ကိုအဏ္ဏဝါကို သူ့အမေရဲ့ အခန်းထဲမှာ ဝင်ပုန်းနေရန် အတင်း တွန်းလွှတ်သည်။ ကိုအဏ္ဏဝါမှာ သူ့အမေ အိပ်သည့် ခုတင်ခြေရင်းက ထဘီတန်း အောက်မှာ ဝင်ပုန်းနေရသည်။ အိမ်ရှေ့ ဧည့်ခန်းက သူတို့ ပြောနေသည့် စကားတွေကို ကြားနေရသည်။

"ကိုလွင် အားလုံး အသင့်ဘဲ မဟုတ်လား၊ သန်ဘက်ခါ ထွက်ရမယ်"

"ရပါတယ်၊ အသင့်ပါပဲ"

"ခင်ဗျား ကက်ဆက်ကြီး ကျွန်တော့် ပြန်ရောင်းခဲ့ဗျာ"

သူတို့အချင်းချင်း အဆင်ပြေနေကြသည်။ ကက်ဆက် လိုချင်သူလည်း ရသွားသည်။ ကိုအဏ္ဏဝါမှာတော့ တမာရွက်ပြုတ်စော် နံသည့် ထဘီတွေ အောက်မှာ ပုနေရသည်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး နက်ဖြန် ဦးအောင်နိုင်နှင့် တွေ့လျှင် ဘယ်လို ပြောရပါ့မလဲဟု တွေးပူနေမိသည်။ ကိုစံဝင်းတို့ ပြန်သွားကြတော့မှ ကိုအဏ္ဏဝါလည်း ထဘီတန်း အောက်က ထွက်ပြီး အသက်ဝအောင် ရှူရတော့သည်။

http://www.linhtet.com



၁၀-၈-၈၅ နေ့မှာ ကိုလွင်သည် ဟောင်ကောင်အိုင်လင်း သင်္ဘော တစ်စီးကို တက်ရန် မြန်မာပြည်က ထွက်ခွာသွားသည်။ နံနက် ၄နာရီ ကပင် အိပ်ရာကထပြီး ကိုတင်ဖေ၏ တိုင်စီကို သွားငှားသည်။ ကမာရွတ်ကို သွားသည်။ ကိုလွင်နှင့် သူ့မိသားစုကို လေဆိပ်သို့ လိုက်ပို့ သည်။ အရာရာကို အေးအေးပေ့ါပေ့ါ လုပ်တတ်သော ကိုလွင်သည် နိုင်ငံခြားကို သွားရာမှာပင် ကျွတ်ကျွတ်အိတ်ကို လက်ဆွဲပြီး လေယာဉ် ပေါ် တက်သွားတာ တွေ့ရသည်။

ကိုလွင် နိုင်ငံခြားသို့ ထွက်သွားပြီဖြစ်ကြောင်းကို နောက်နေ့မှာ ဟန်ရှားတစ် ကိုယ်စားလှယ် ဦးအောင်နိုင်ကို သွားပြောသည်။ ကိုလွင် မရှိတော့လို့ ကိုလွင့်ရဲ့အစား မိမိကိုများ ရွေးမလားဆိုသည့် မျှော်လင့် ချက်လည်း ပါသည်။ ဦးအောင်နိုင် အကြီးအကျယ် စိတ်ဆိုးတော့သည်။

"ဟာဗျာ ခင်ဗျားတို့ ရေတပ်က ထွက်တဲ့လူတွေကိုတော့ သတိ ထားရတော့မယ်၊ ခင်ဗျားလည်း စိတ်ချရမည့်သူ မဟုတ်ဘူး၊ ဆောရီးပဲ ဗျာ"

ဆောရီးပဲဆိုတော့ ဝမ်းနည်းပါတယ်လို့ ပြောခြင်းဖြစ်သည်။ ခင်ဗျားကိုလည်း မယုံလို့ မလိုချင်ဘူးလို့ ပြောလိုက်ခြင်း ဖြစ်သည်။ ကြောင်အိုကြီး ဗိုက်ဆာလို့ ကြွက်ကို ရှာသလို စားဝတ်နေရေး အတွက် အလုပ်ရှာနေသည့် ကိုအဏ္ဏဝါ ဒီတစ်ခါလည်း နောက်လန်ကျခဲ့ရ ပြန်ပြီ ဖြစ်သည်။

## ပိုသီးတိုးစ် သင်္ဘောသားကြီး ကိုအဏ္ဏဝါ

အပ္ပဲပွဲ ဝင်နွှဲလိုက်သမျှ နောက်ကောက်ကျသော ကိုအဏ္ဏဝါသည် ဖွဲမလျှော့ဘဲ ဆက်လက် ကြိုးစားနေသည်။ ဖြစ်နိုင်ခြေရှိသည့် သင်္ဘော ကုမ္ပဏီတွေကို သွားပြီး မျက်နှာပြသည်။ အနံ့ပေးထားသည့် ပွဲစားတွေ ကို မျက်နှာချိုသွေးသည်။ ဖူဂျီကုမ္ပဏီကလည်း ရှေ့လလောက် ဖြစ်နိုင်

http://www.linhtet.com



သည်၊ နောက်လလောက် ဖြစ်နိုင်သည်လို့သာ ပြောနေသည်။ ဘာမျှ ဖြစ်မလာသေး၊ သာကေတမှာ နေသည့် ရေတပ်ထွက် ကိုချစ်ကြည်က လည်း သူ လုပ်နေသည့် ကုမ္ပဏီက အာအို လိုချင်ကြောင်း ပြောလို့ ကိုချစ်ကြည်ရဲ့ အိမ်ကိုလည်း တစ်ပတ်တစ်ခါလောက် သွားနေရသည်။ သူငယ်ချင်း ကိုလွင်ရဲ့မိတ်ဆွေ ဟိန်းဟိန်းဆိုသူ လူငယ်က ဆွယ်လို့ ကိုချစ်ကြည်နဲ့ ဆက်မိနေတာ ဖြစ်သည်။ ကိုအဏ္ဏဝါသည် ရေငတ်သူ ရေရှာနေသည့်ပမာ အလုပ်ရှာနေသော်လည်း ၁၉၈၅-ခုနှစ် အောက်တိုဘာ လဆန်း လောက်အထိ ဘာမျှမထူး ဖြစ်နေသည်။

၁၁-၁၀-၈၅ နေ့ ရန်ကုန်မြို့တွင် လှည့်ပတ်ပြီး အလုပ်ရှာနေရာမှ အိမ်ပြန်ရောက်လာသော ကိုအဏ္ဏဝါအတွက် သတင်းတစ်ခုက ကြိုဆိုနေသည်။ အိမ်ရှေ့က အောင်ဆေးခန်းကို တယ်လီဖုန်းလာသည်ဟု ဆိုသည်။ အကြောင်းရှိလျှင် ကိုအဏ္ဏဝါကို ဆက်သွယ်ရန် ပေးထားသော အနီးဆုံး တယ်လီဖုန်း ဖြစ်သည်။ အလုပ်အတွက် အရေးကြီးလို့ သင်္ဘောသားရုံးသို့ အမြန်လာရန် ခေါ်ကြောင်း သိရသည်။ နက်ဖြန်သည် စနေနေ့ဖြစ်လို့ ၁၄-ရက်နေ့ကျမှ သွားရတော့မည် ဖြစ်သည်။

၁၄-ရက်နေ့မှာ သင်္ဘောသားရုံး သွားပြီး ဦးအောင်ခင် (လက်ထောက် ညွှန်ကြားရေးမှူး) ကို ဝင်တွေ့သည်။ ဦးအောင်ခင်က ကိုအဏ္ဏဝါကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ခိုင်းကောင်းမည့်ရုပ် ဟုတ်မဟုတ် ကြည့်တာ ဖြစ်သည်။ အမေရိကန် တောင်ပိုင်းသား သူဌေးကြီးက ဝယ်ယူမည့် ကပ္ပလီကျွန်ကို ကြည့်ပုံမျိုး ဖြစ်နေသည်။ ကိုအဏ္ဏဝါကလည်း ထမင်းပဲ ကျွေးပါ၊ ခိုင်းတာ လုပ်ပါမည်ဆိုသည့် အမူအရာ ပြလိုက်သည်။ သဘော ကျသွားဟန်တူသည်။ သူ့ကို မကြာခဏ လာရောက်တွေ့ဆုံရန် ပြောသည်။

၃၀-ရက်နေ့မှာတော့ အိမ်ရှေ့ဆေးခန်းက မိမိအတွက် ဖုန်းလာနေသည်ဟု လာပြောလို့ လိုက်သွားပြီး နားထောင်သည်။ တစ်ဖက်က ပြောနေသူမှာ ပုဏ္ဏား မြင့်ဝေခေါ် မိတ်ဆွေကြီး ကိုမြင့်ဝေ ဖြစ်နေသည်။ ကိုမြင့်ဝေသည် ကိုအဏ္ဏဝါနှင့်အတူ တပ်မတော်ရေတပ်မှာ အမှုထမ်းခဲ့ဖူးသူ ဖြစ်သည်။ အရေးကြီး ပုဂ္ဂိုလ်၏ ပြည်တွင်းခရီးစဉ်တွေမှာ

http://www.linhtet.com



လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ရန် အတူလိုက်ပါခဲ့ဖူးသူလည်း ဖြစ်သည်။ ကိုအဏ္ဏဝါကို အတော်ခင်သည်။ အင်ဂျင်နီယာ ရာထူးဖြင့် သင်္ဘော လိုက်နေသူ ဖြစ်သည်။

"ကိုစိုးကြီး ပိုသီးတိုးစ် ကုမ္ပဏီအတွက် အာအိုတစ်ယောက် လိုနေတယ်။ ခင်ဗျားကို ဦးအောင်ခင်က ခေါ်ခိုင်းတယ်၊ အခု လာခဲ့"

ကိုအဏ္ဏဝါသည် လေးဘီးကား ငှားပြီး သင်္ဘောသားရုံးကို သွားသည်။ ဦးအောင်ခင်က ကိုအဏ္ဏဝါကို ကြည့်ပြီး ရီသည်။

"ဘယ်လိုလဲ မောင်ရင့်ကို ပင့်ရလှချည်လား"

သင်္ဘောသားရုံးက လက်ထောက်ညွှန်ကြားရေးမှူး အဆင့်ရှိသူက (မောင်ရင့်ကို ပင့်ရလှချည်လား၊ ခေါ်ရလှချည်လား) လို့ ရီသွဲ့သွဲ့ ပြောခံရခြင်းသည် ကောင်းသော လက္ခဏာ မဟုတ်၊ ဒီလောက် အလုပ်အကိုင် ရှားပါးနေတဲ့ အချိန်မှာ အလုပ်ပေးဖို့ ခေါ်တဲ့သူက ဒီလို ပြောယူရလောက်အောင် မိမိက ဈေးကိုင်နေသည့်သဘော ဖြစ်နေသည်။ အနူးအညွတ် တောင်းပန်လိုက်ပါသည်။

"ဆရာ ခေါ်တာကို ကျွန်တော် မသိလို့ပါ ဆရာ၊ အခု သိလျှင် သိချင်း လာခဲ့တာပါ"

ဦးအောင်ခင်နှင့် ဦးစိုးလွင်တို့က ကိုအဏ္ဏဝါရဲ့ စာမေးပွဲ အောင်လက်မှတ်နှင့် စီဒီစီကို ကြည့်သည်။ အခြား လိုအပ်သည့် စာရွက်စာတမ်းများ တောင်းလို့ ပေးလိုက်ရသည်။ သင်္ဘောသားရုံးနှင့် အမြဲ ဆက်သွယ်နေရန် ပြောသည်။

ကိုအဏ္ဏဝါသည် ဉစ္စာရင်လို ဉစ္စာရင်ခဲဆိုသလို မိမိက အလုပ်လိုချင်သူဖြစ်လို့ သင်္ဘောသားရုံးကို နေ့စဉ်သွားပြီး ဦးအောင်ခင်ကို မျက်နှာပြသည်။ ဂရိသင်္ဘောလိုင်းဖြစ်သည့် ပိုသီးတိုးစ် ကုမ္ပဏီကို မိမိနှင့် ပတ်သက်သည့် အကြောင်းအရာများ ပို့ထားကြောင်း ပြောသည်။ နေ့စဉ် လာပြီး သူ့ကို ဆက်သွယ်မေးမြန်းရန် ပြောသည်။

၁-၁၁-၈၅ နေ့မှာတော့ သင်္ဘောသားရုံးရှေ့ ရောက်သည်နှင့် ကိုမြင့်ဝေက ပြေးထွက်လာပြီး လက်မ ထောင်ပြသည်။ ပိုသီးတိုးစ်

http://www.linhtet.com



ကုမ္ပဏီက ကိုအဏ္ဏဝါကို ရွေးလိုက်ပြီ ဖြစ်ကြောင်း ပြောသည်။ ဦးအောင်ခင်က ကိုအဏ္ဏဝါကို ကြေးနန်းထုတ်ပြသည်။ ပိုသီးတိုးစ် ကုမ္ပဏီက ကိုအဏ္ဏဝါကို ရွေးလိုက်ကြောင်း ရေးထားသည့် ကြေးနန်းဖြစ်သည်။ ရိုးရိုးသင်္ဘောသား လေးယောက် ရွေးရဦးမည်ဟု ဆိုသည်။ စောင့်ရဦးမည် ဖြစ်သည်။

၃-ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ ကိုအဏ္ဏဝါ၏ အိမ်ရှေ့အိမ်က ဦးကျော်က ရုပ်မြင်သံကြား ဝယ်ချင်သည်ဆိုလို့ မြို့ထဲ လိုက်သွားပြီး ကူညီဝယ်ပေးသည်။ ပိုက်ဆံလိုသည်ဆိုလို့ ၂၅၀၀ိ/- ကူညီလိုက်သေးသည်။ ၁၀၀ိ/တန်နှင့် ၅၀ိ/တန်တွေချည်း ပေးချေခဲ့ကြသည်။ တီဗွီကြီးကို သယ်ပြီး အိမ်ပြန်ခဲ့ကြသည်။ နေ့လယ် တစ်နာရီလောက်မှ အိမ်ကိုပြန်ရောက်ကြသည်။

ကိုအဏ္ဏဝါကို ဂရိနိုင်ငံရှိ ပိုသီးတိုးစ် သင်္ဘောကုမ္ပဏီက ရွေးထားပြီး ဖြစ်သော်လည်း ဘယ်နေ့မှာ နိုင်ငံခြားကို သွားရမည်ဆိုတာ မသိရသေး ဖြစ်နေသည်။ သင်္ဘောသား ကိစ္စတွေကို ဆောင်ရွက်ပေးနေသည့် အဇန်ဘိုင်၏ ပြောပြချက်အရ ပြင်သစ်နိုင်ငံ၊ မာဆေးမြို့ကို သွားပြီး အက်ပိုကစ်တီ အမည်ရှိ သင်္ဘောကို သွားတက်ရမည်ဟု ပြောသည်။

၁၅-ရက်နေ့မှာ သင်္ဘောသားရုံးကို သွားပြီး ဦးအောင်ခင်ကို ဝင်တွေ့ နှုတ်ဆက်သည်။ ကိုအဏ္ဏဝါ သွားတက်ရမည့် သင်္ဘောအတွက် တက်မကိုင် တစ်ယောက်နှင့် စားပွဲထိုး တစ်ယောက်တို့ကို အမြန်စေလွှတ်ပေးပါဆိုလို့ မနေ့က လွှတ်လိုက်ကြောင်း၊ ရန်ကုန်က ထွက်သွားကြောင်း ဘန်ကောက်ကလည်း လေယာဉ်ပေါ် တက်သွားတာ သေချာကြောင်း၊ သို့သော် ဂရိနိုင်ငံ အသင်မြို့ကို လေယာဉ်ဆင်းသက်သည့်အခါ ပါမလာပါဟု ယခုပင် ကြေးနန်း ဝင်လာကြောင်း ပြောပါသည်။ အံ့သြစရာဖြစ်နေသည်။ ဦးအောင်ခင်က မှတ်ချက်ချ ပြောဆိုသည်။

"ဘန်ကောက်က လေယာဉ်ပေါ် တက်သွားတာ သေချာတယ်ဗျ၊ ဒီလေယာဉ်ဟာ အေသင်ကို တိုက်ရိုက် ပျံသန်းသွားတာ၊ ဒီကောင်

http://www.linhtet.com



နှစ်ကောင် ပါမလာဘူး ဆိုတာ စဉ်းစားစရာ ဖြစ်နေတယ်။ လမ်းမှာ ခုန်ချ ကျန်ခဲ့တာတော့ မဖြစ်နိုင်ဘူး”

ကိုအဏ္ဏဝါလည်း မစဉ်းစားတတ်အောင် ဖြစ်သွားသည်။ သွားခါနီးမှ အနှောင့်အယှက် တစ်ခုများ ဖြစ်လာလေမလားလို့ စိုးရိမ်သွားသည်။ ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ ကိုအဏ္ဏဝါသည် ပိုသီးတိုးစ်သင်္ဘောကုမ္ပဏီ၏ သင်္ဘောသား စာရင်းဝင်နေပြီ ဖြစ်သည်။ ဦးအောင်ခင် သင်္ဘောသားရုံးကို နေ့စဉ်လာဖို့လိုကြောင်း ပြောသည်။ ကိုအဏ္ဏဝါက လည်း လာပါမည်ဟု ပြောလိုက်ပါသည်။

## MV. EVPO KETTY အတွက် ခရီးထွက်ခြင်း

၁၆-ရက်နေ့သည် စနေနေ့ ဖြစ်သော်လည်း ဦးစိုးလွင်ရော ဦးအောင်ခင်ပါ အလုပ်ဆင်းကြသည်။ နိုင်ငံခြားထွက်မည့် သင်္ဘောသားတွေကိစ္စ ဆောင်ရွက် ပေးနေကြသည်။ ကိုအဏ္ဏဝါတို့ အုပ်စုအတွက် လေယာဉ်လက်မှတ် မဖြတ်ရသေးဟု ဆိုသည်။ တနင်္လာနေ့ နံနက်မှာ စောစောလာခဲ့ကြရန် ပြောသည်။ ကိုအဏ္ဏဝါနှင့် အတူ သွားကြရမည့် သင်္ဘောသား စာရင်း မိတ္တူ တစ်စောင် ကိုအဏ္ဏဝါကို ပေးသည်။

ကိုအဏ္ဏဝါက ခရီးသွား အဖွဲ့ခေါင်းဆောင်ဖြစ်သည်။ ဘိုဆင် ဦးမောင်ဟန်၊ တက်မကိုင် ရွှေထွန်း၊ အေးကို၊ ဝင်းအောင်၊ ဝမ်ရှိန်၊ ဆီလောင်း ခင်မောင်ဌေးတို့ဖြစ်သည်။ တက်မကိုင် ဘိုနီခေါ် စိန်ကြည်နှင့် စားပွဲထိုး အောင်သိန်းတို့သည် ၁၄-ရက်နေ့ကပင် ရန်ကုန်က ထွက်သွားခဲ့ကြသော်လည်း ယနေ့အထိ ဂရိနိုင်ငံ အေသင်မြို့ကို မရောက်သေးဟု သိရသည်။ ဘယ်တိုင်းပြည်ကို ရောက်သွားကြမှန်း မသိ ဖြစ်နေဆဲပင် ရှိသေးသည်။ တနင်္လာနေ့မှာ စောစောလာခဲ့ပါမည်ဟု ပြောပြီး သင်္ဘောသားရုံးက ပြန်ခဲ့ပါသည်။

၁၈-ရက်နေ့၊ နံနက် ၈-နာရီကပင် ရုံးကို ရောက်သွားသည်။ ကိုအဏ္ဏဝါနှင့်အတူ သွားကြရမည်ဖြစ်သည့် ဘိုဆင် ဦးမောင်ဟန်တို့ပါ

http://www.linhtet.com



ရောက်လာကြသည်။ အတူသွားရမည့်သူတွေကို ဒီနေ့မှ တွေ့ဖူးမြင်ဖူး တော့သည်။ တက်မကိုင် ဝမ်ရှိန်သည် ကိုအဏ္ဏဝါနှင့်အတူ တပ်မတော် ရေတပ်တွင် အမှုထမ်းခဲ့ဖူးသူဖြစ်သည်။ ရွှေထွန်းသည်လည်း ရေတပ် ထွက် ရဲဘော်ဟောင်းဟု သိရသည်။ ကိုအဏ္ဏဝါထက် များစွာ နောက်ကျ ပြီးမှ တပ်ထဲကို ဝင်လာသူတွေဖြစ်လို့ သူတို့ကို သိပ်ပြီး မရင်းနှီး ဖြစ် နေသည်။ ဝမ်ရှိန်ကတော့ ၁၉၆၅-ခုနှစ်လောက်မှာ ကိုအဏ္ဏဝါနှင့်အတူ ရခိုင် ရေတပ်စခန်း (စစ်တွေ)မှာ အတူနေခဲ့ဖူးလို့ ခင်နေကြသည်။

နံနက် ၁၀-နာရီလောက်မှာ ဦးအောင်ခင်နဲ့ တွေ့ရသည်။ ဦးစိုးလွင်လည်း ရောက်လာသည်။ လေယာဉ်လက်မှတ်တွေ ရပြီဖြစ်လို့ ယနေ့ပင် ထွက်ကြရမည်ဟု ပြောသည်။ ညနေ-၆ နာရီ လေဆိပ် အရောက် လာကြရန် ပြောသည်။ လေယာဉ်လက်မှတ် ခုနစ်စောင်၊ ပတ်စ်ပို့ ခုနစ်အုပ်၊ စီဒီစီ ခုနစ်အုပ်တို့ကို အေးဂျင့် ဦးအဇန်ဘိုင်လက်သို့ ပေးအပ်သည်။ အခုအချိန်ကစပြီး အဇန်ဘိုင်၏ ညွှန်ကြားချက်များ အတိုင်း လိုက်နာရန်ပြောသည်။ အဇန်ဘိုင်က သူ့နောက်ကို လိုက်ခဲ့ကြ ရန် ပြောသည်။ သဘော်သားရုံး ရှေ့က ပလက်ဖောင်းပေါ်ကို ခေါ်လာ သည်။ အားလုံးနားထောင်ကြပါလို့ ပြောသည်။

“ဒီနေ့ညနေ ခြောက်နာရီအရောက် လေဆိပ်ကို လာပါ၊ အဲဒီမှာ ကျွန်တော်ရှိမယ်၊ ရေဒီယိုအော်ဖစ်ဆာက ဦးဆောင်ပြီး သွားရမယ်၊ ခရီးစဉ်က ရန်ကုန်က ထွက်ပြီး၊ ဒက္ကာ (ဘင်္ဂလားဒေ့ရှ်)၊ ဘုံဘေ (အိန္ဒိယ) အေသင် (ဂရိ)၊ ရောမ (အီတလီ)၊ မာဆေး (ပြင်သစ်) အထိ သွားကြ ရမယ်၊ ထရန်စစ်တွေမှာ လေယာဉ် အပြောင်းအလဲ ရှိနိုင်တယ်။ ရေဒီယို အော်ဖစ်ဆာက ဦးဆောင် လုပ်ကိုင်သွားပါ၊ လေဆိပ်ဝင်ကြေးနဲ့ အထွေ ထွေ ကုန်ကျစရိတ် တစ်ယောက်ကို ၇၀၀/-ကျတယ် ပေးပါ”

အခိက ပြောချင်တာက ၇၀၀/-ကိစ္စဖြစ်မည်။ ခုနစ်ယောက်ဆိုက ၄၉၀၀/-ရမည်ဖြစ်သည်။ သူ့အိမ်က လေဆိပ်ကို သွားတာမှာ ဘတ်စ် ကား စီးပြီး သွားမှာ သေချာသည်။ လမ်းစရိတ် တစ်ကျပ်သာ ကုန်မည် ဖြစ်သည်။ သူတောင်းသလောက် ၇၀၀/-ကို ပေးလိုက်ကြသည်။ ဒီနေ့

http://www.linhtet.com



ညနေ ခရီး ထွက်ကြရမည်ဖြစ်လို့ အထုပ်အပိုးပြင်ဖို့ အိမ်ကို ပြန်ပြေးကြရသည်။ အခုပင်-၁၂ နာရီ ထိုးတော့မည် ဖြစ်သည်။

ကိုအဏ္ဏဝါမှာ ဇနီးမဖြူတုတ်က ကိုယ်ဝန်အရင့်အမာနဲ့မို့ အပြေးအလွှား လုပ်ကိုင်မပေးနိုင် ဖြစ်နေသည်။ အရေးကြီးသည့် စာရွက်စာတမ်းမှ အပ၊ အဝတ်အစားတွေကို ဖြစ်သလို ကောက်ထည့်ရတော့သည်။ ကိုအဏ္ဏဝါ အဖို့တော့ စာရွက်စာတမ်းတွေနှင့်အတူ အရေးကြီးတာက ဓာတ်ကြေ လေသက်ရန်အတွက် တေဆေးတွေကို ပုလင်းတစ်လုံးအပြည့်ထည့်ယူသွားနိုင်ရေး ဖြစ်သည်။

မဖြူတုတ်ကလည်း ဗိုက်ပုံးအင်္ကျီတွေထဲက သစ်သစ်လွင်လွင်ကို ဝတ်သည်။ သမီးလေးတွေကိုလည်း သင့်ရာတော်ရာ ဝတ်စေသည်။ သာကေတမှာ နေသည့် အမေကိုတောင် နှုတ်မဆက်နိုင်တော့ဘဲ၊ အတူနေသည့် မဖြူတုတ်ရဲ့အမေကိုသာ ဦးချကန်တော့ပြီး လေဆိပ်ကို ထွက်ခဲ့ပါသည်။

လေဆိပ်မှာ အဇန်ဘိုင်က ရောက်နှင့်နေသည်။ အတူသွားကြမည့် သင်္ဘောသားတွေလည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ လူစုံတော့ လုပ်စရာရှိတာတွေကို ဇယ်စက်သလို တစ်ခုပြီး တစ်ခု အဇန်ဘိုင်က လုပ်သွားသည်။ အားလုံး ပြီးသွားသည်။ ၇၀၀ိ/-တန်သည်ဟု တွေးမိသည်။

## ခေါင်းဆောင်မဟုတ်သည့် အကြီးအကဲ ကိုအဏ္ဏဝါ

ကိုအဏ္ဏဝါ အပါအဝင် သင်္ဘောသား ခုနစ်ယောက်တို့၏ စီဒီစီ၊ ပတ်စ်ပို့နှင့် လေယာဉ်လက်မှတ်၊ လေယာဉ်ပေါ်တက်ခွင့်ကတ် (ဘုတ်ဒင်းပတ်စ်) တို့ကို အဇန်ဘိုင်က တစ်ယောက်ချင်း ထုတ်ပေးသည်။ လေယာဉ်လက်မှတ်က ဘင်္ဂလားဒေ့ရှ် လေကြောင်း (ဘီမန်း)ပိုင် အဲယား ဘတ်စ်လေယာဉ်ဖြင့် သွားကြရမည် ဖြစ်သည်။ ည ၈-နာရီခွဲတွင် လေယာဉ်ထွက်ခွာမည်ဟု လေယာဉ်လက်မှတ်မှာ ရေးထားသည်။ ညနေ ၇နာရီ

http://www.linhtet.com



လောက်မှာ ကိုအဏ္ဏဝါတို့ လူစုကို ထားခဲ့ပြီး အဇန်ဘိုင် လေဆိပ်က ပြန်သွားသည်။

ည ၈-နာရီတွင် လေယာဉ်ပေါ် တက်ကြရန် (ဘုတ်ဒင်း) ခေါ်သည်။ မိသားစုတွေနဲ့ ခွဲခွာကြရတော့မည်ဖြစ်လို့ သားမယားတွေကို အပြီးအပိုင် နှုတ်ဆက်ကြသည်။ ကလေးတွေက လေဆိပ်ရဲ့ လသာဆောင်ပေါ်ကို ပြေးတက်သွားကြသည်။ အမေတွေကလည်း ခပ်သုတ်သုတ် လိုက်ပါသွားကြသည်။ မဖြူတုတ်လည်း ဗိုက်ကြီး တကားကားဖြင့် တက်လိုက်သွားသည်။ ကိုအဏ္ဏဝါတို့ လူစုကတော့ လေဆိပ်၏ ပြည်ပထွက်ခွာခန်း (ဒီပါချာလောင့်ချ်)လို့ ခေါ်သည့် အခန်းတွင်း ဝင်လိုက်ကြသည်။

ည ၈နာရီ ၁၅မိနစ်တွင် လေယာဉ်ပေါ် တက်ကြရန် (ဘုတ်ဒင်း) ခေါ်ပါသည်။ ကိုအဏ္ဏဝါတို့ အုပ်စုသည် ရှေ့နောက်တန်းစီလျက် တစုတစည်း ထိုင်ခုံနေရာ ရကြသည်။ အီကော်နော်မီကလပ်စ်လို့ခေါ်သည့် ဈေးအပေါဆုံး နေရာမှာ ထိုင်ကြရသည်။ ဆေးလိပ်သောက်ခွင့် မရှိသည့် နေရာဖြစ်သည်။ ဆေးလိပ်မသောက်တတ်သည့် ကိုအဏ္ဏဝါကတော့ သဘောကျသည်။ ဘင်္ဂါလီ ကုလားမ လေယာဉ်မယ်တွေ ပျားပန်းခတ်မျှ အလုပ်များနေကြတာ တွေ့ရသည်။

ညနေ ၈ နာရီ ၄၅ မိနစ်တွင် အဲယား ဘတ်စ် လေယာဉ်ကြီး မင်္ဂလာဒုံလေဆိပ်က ထွက်ခွာပါသည်။ လေယာဉ်ကြီးသည် အရှေ့မှ အနောက်ကို သွားနေသဖြင့် နာရီ (အချိန်) တွေ နောက်ပြန်ဆုတ်နေသည်။ ကိုအဏ္ဏဝါ၏ လက်ပတ်နာရီကို မရွှေ့ဘဲထားသဖြင့် မြန်မာစံတော်ချိန် အတိုင်းပဲ ရှိနေသည်။ ည ၁၀ နာရီ ၁၅ မိနစ် (ဘင်္ဂလားဒေ့ရှ်အချိန် ၉-နာရီခွဲ) တွင် မြို့တော် ဒက္ကာလေဆိပ်ကို ရောက်သွားပါသည်။ ဒီလေယာဉ်၏ ခရီးစဉ် ပြီးဆုံးပြီဖြစ်လို့ ခရီးသည်အားလုံး ဆင်းကြရန် ကြေညာသည်။ ကိုအဏ္ဏဝါတို့ လူစု ဆင်းလိုက်ကြသည်။

ဒက္ကာလေဆိပ်သည် မင်္ဂလာဒုံ လေဆိပ်ထက် များစွာ အဆင့်မြင့်တာကို သတိထားမိသည်။ ကိုအဏ္ဏဝါတို့လူစုသည် ပြင်သစ်နိုင်ငံအထိ သွားကြရမည့်သူတွေ ဖြစ်လို့ ဘာတွေဆက်လုပ်ရမလဲ ဆိုတာ သိရအောင်

http://www.linhtet.com



ထရန်စစ်ကောင်တာကို သွားကြရသည်။ ကောင်တာမှာ ထိုင်နေကြသည့် ကုလားမတွေထဲက အချောဆုံးကိုရွေးပြီး နှုတ်ဆက်သည်။ ကိုအဏ္ဏဝါက မိမိတို့ ခုနစ်ယောက်သည် ခရီးမဆုံးသေးကြောင်း၊ ဘာဆက်လုပ်ရမလဲ ဟု မေးသည်။ ကုလားမက လေယာဉ်လက်မှတ်တွေကို တောင်းလို့ ပေးလိုက်သည်။ ဒီအချိန်အထိ ကိုအဏ္ဏဝါသည် ခရီးသွားအဖွဲ့၏ ခေါင်းဆောင်လည်း ခေါင်းဆောင်၊ အကြီးအကဲလည်း အကြီးအကဲ ဖြစ်နေသေးသည်။

ကုလားမသည် လေယာဉ်လက်မှတ် ခုနစ်စောင်ကို စစ်ဆေးပြီးနောက် ကိုအဏ္ဏဝါကို စကားတွေ အများကြီး ပြောသည်။ ကိုအဏ္ဏဝါ တစ်လုံးမျှ နားမလည်သည့်အတွက် ပြုံးသာ တက်တော့သည်။ သူ ပြောနေတာတွေဟာ အင်္ဂလိပ် စကားတွေ ဆိုတာတော့ သိသည်။ ကုလားသံဖြင့် ပြောသော အင်္ဂလိပ်စကားဖြစ်လို့ ဘာမျှ နားမလည် ဖြစ်နေသည်။ နားမလည်လို့ မဖြစ် အလွန်အရေးကြီးသည့် ကိစ္စဖြစ်သည်။ သင်္ဘောသား ခုနစ်ယောက်တို့၏ ကံကြမ္မာသည် ကိုအဏ္ဏဝါ၏ ခေါင်းဆောင်နိုင်မှု အပေါ်တွင် မူတည်နေသည်။ ၁၄-ရက်နေ့က ထွက်သွားခဲ့ကြသည့် ဘိုနီနှင့် အောင်သိန်းတို့ ဘယ်တိုင်းပြည် ရောက်သွားကြတယ်ဆိုတာ မသိရသေး ဖြစ်နေသည်။ အခုတစ်ခါ ခုနစ်ယောက်တွဲကြီး ပျောက်သွား ပြန်ပြီဆိုလျှင် ပြောစရာဖြစ်တော့မည် ဖြစ်သည်။

ကိုအဏ္ဏဝါ ကြံရာမရ ဖြစ်နေစဉ် အကြံတစ်ခု ရလိုက်သည်။ ကိုအဏ္ဏဝါရဲ့ အဖွဲ့မှာပါသည့် သင်္ဘောသားခေါင်း (ဘိုဆင်) ဦးမောင်ဟန်သည် ကုလားလူမျိုး ဖြစ်သည်။ ကုလားစကားတော့ တတ်မှာပဲလို့ တွေးမိပြီး ဦးမောင်ဟန်ကို အကူအညီ တောင်းရသည်။ ဦးမောင်ဟန်က ကုလားမကို ဘင်္ဂါလီစကားဖြင့် မှုတ်တော့သည်။ ဟန်ကျသည်။ သိမ်ကြီးဈေးနားက နို့ဈေးမှာ ထောက်ကြန့်ကရောက်လာတဲ့ အရက်ပုံး ဖွင့်ရောင်းလိုက်သလား အောက်မေ့ရသည်။ နှစ်ယောက်သား အပြန်အလှန် ပြောနေကြတာ နားထောင်လို့ အတော်ကောင်းသည်။ မကြာမီ ကိစ္စအားလုံးပြီးသွားသည်။

http://www.linhtet.com



ကုလားမ ပြောသည့် စကားတွေကို ဦးမောင်ဟန် ပြန်ရှင်းပြလို့ သိရသည်။ ကိုအဏ္ဏဝါတို့ လူစုသည် ဥရောပသို့ သွားမည့် လေယာဉ်-ဘိုးရင်း ၇၄၇ လေယာဉ်ကြီးကို ပြောင်းစီးကြရမည်ဟု ဆိုသည်။ အိန္ဒိယ ဂရိနှင့် အီတလီအထိ လေယာဉ်လက်မှတ် အသစ် လုပ်ပေးမည်ဟု ဆိုသည်။ အီတလီနိုင်ငံ ရောမမြို့ကို ရောက်တဲ့အထိ သေတ္တာတွေ ထုတ်ယူစရာ မလိုအောင် ဆောင်ရွက် ပေးလိုက်မည်ဟု ဆိုသည်။ အီတလီမှ ပြင်သစ်ကို သွားရန် အဲယားဖရန့် လေယာဉ် ပြောင်းစီးရမည် ဖြစ်လို့ ရောမမြို့လေဆိပ်ကို ရောက်မှ သေတ္တာတွေကို ထုတ်ယူကြပါဟု ပြောနေကြောင်း သိရပါတော့သည်။ ဒါကြောင့် စကားတွေ အများကြီး ပြောနေတာကိုးဟု သဘောပေါက်တော့သည်။

ဦးမောင်ဟန်က သူသည် ကုလားစကား သုံးမျိုးလောက် ပြောတတ်သည်ဟု ဆိုပါသည်။ ဂရိစကား၊ အီတာလျံစကား၊ စပိန်စကားနှင့် ပြင်သစ် စကားတွေကိုလည်း ပြောတတ်ပါသည်ဟု ဆိုသည်။ အရှေ့တိုင်းက မလေးစကား၊ တရုတ်စကားနှင့် ဂျပန်စကားတွေကိုလည်း အလုပ်ဖြစ်ရုံလောက် တတ်ပါသည်ဟု ဆိုသည်။ ကြယ်ငါးပွင့်လိုင်းကို ပြည်သူပိုင် မသိမ်းမီ ဟိုရှေးပဝေသဏီ ဖြစ်သည့် အင်ဒါဆင်လိုင်း လက်ထက်ကတည်းက သင်္ဘောလိုက်နေခဲ့သူ ဖြစ်လို့ အင်္ဂလိပ်စကား ပြောရာမှာတော့ လူကိုသာ မမြင်ရလျှင် အင်္ဂလန်က ချားလ်မင်းသား ကိုယ်တိုင် ပြောနေသလားဟု ထင်ရလောက်အောင် လေယူလေသိမ်း ကောင်းပါသည်ဟု ဆိုသည်။

ဦးမောင်ဟန် ပြောသော စကားကို ကြားတော့ ကိုအဏ္ဏဝါ ဖျားသွားသည်။ ရှေ့ဆက်သွားရမည့် ခရီးကလည်း ကုလားပြည်၊ ဂရိနိုင်ငံ အီတလီနှင့် ပြင်သစ်နိုင်ငံတွေ ဖြစ်လို့ ကိုအဏ္ဏဝါ၏ အရည်အချင်းဖြင့် ခေါင်းဆောင် လုပ်သွားလို့ မဖြစ်နိုင်ဘူးဆိုတာ သေချာသွားသည်။ ကိုအဏ္ဏဝါသည် ရာထူးကြီးလို့ ခေါင်းဆောင်ဖြစ်နေသော်လည်း အရည်အချင်း ပြည့်မီသူ မဟုတ်လို့ ခရီးစဉ် ပြီးဆုံးသည်အထိ ခေါင်းဆောင် လုပ်ပါရန် ဦးမောင်ဟန်ကို တာဝန်ပေးလိုက်ပါတော့သည်။ တစ်ချိန်တည်းမှာပင် ခေါင်းဆောင်နှင့် အကြီးအကဲဆိုတာကို ခွဲခြားပြီး သိလိုက်ပါသည်။

http://www.linhtet.com



## ပြင်သစ်နိုင်ငံ၏ အကျဉ်းသားများ

ဒက္ကာလေဆိပ်မှာ နှစ်နာရီလောက် ကြာသွားပါသည်။ ကိုအဏ္ဏဝါရဲ့ လက်ကနာရီအရ၊ ည ၁၂-နာရီခွဲ (ဘင်္ဂလားဒေ့ရှ်အချိန် ၁၁-နာရီ) မှာ ဘိုးရင်း ၇၄၇ လေယာဉ်ကြီးဖြင့် ဘင်္ဂလားဒေ့ရှ်မှ ထွက်ခွာကြပါသည်။ ဆာဒီဝတ် ဘင်္ဂါလီ လေယာဉ်မယ်တွေ ပျားပန်းခတ်သလို အလုပ်လုပ်နေကြတာ တွေ့ရသည်။ ဘင်္ဂလာဒေ့ရှ်နိုင်ငံက ဘီမန်းလေကြောင်းပိုင် လေယာဉ်ကြီးက ကြီးမားခမ်းနား လိုက်တာဟု တွေးနေမိသည်။ တို့နိုင်ငံပိုင် လေယာဉ်တွေ ဒီလိုခမ်းနားကြီးမားအောင် ကြိုးစားကြရဦးမည်ဟု တွေးနေမိပါသည်။

မြန်မာစံတော်ချိန် အရဆိုလျှင် ၁၉-ရက်နေ့နံနက် ဖြစ်သည်။ ဒက္ကာမှ ထွက်ခွာလာပြီး ၂-နာရီ ၃၅-မိနစ်ကြာပြီးသောအခါ အိန္ဒိယနိုင်ငံ ဘုံဘေလေဆိပ်ကို ရောက်သည်။ နံနက် ၃-နာရီ (ဘုံဘေအချိန် ၂-နာရီ) တိတိတွင် ရောက်သည်။ လေယာဉ်ရပ်နားတာကြာမည်။ ခရီးသည် အတင်အချ ရှိမည်ဆိုလို့ ခရီးသည်တွေ လေယာဉ်ပေါ်က ဆင်းနိုင် ကြောင်း ကြေညာသည်။ လေယာဉ်ပေါ်က ဆင်းကြပြီး လေဆိပ် အဆောက်အအုံထဲ လျှောက်ကြည့်ကြသည်။

ဘုံဘေလေဆိပ်ရဲ့ ခမ်းနားကြီးကျယ်ပုံကလည်း အံ့သြလောက်ပါပေသည်။ မင်္ဂလာဒုံလေဆိပ်နဲ့ နှိုင်းယှဉ်ကြည့်မိလို့လည်း ဖြစ်နိုင်သည်။ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ သန့်ရှင်းသပ်ရပ်လှပါသည်။ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးဖြစ်လို့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် အဆင့်အတန်း မြင့်မြင့် ပြုလုပ်ထားတာဖြစ်မည်ဟု တွေးမိသည်။ အချိန်မရွေ့ရသေးသည့် ကိုအဏ္ဏဝါ၏ လက်က နာရီအရ နံနက် ၄-နာရီ ၁၀-မိနစ် (ဒေသစံတော်ချိန် ၃-နာရီ ၁၀-မိနစ်) မှာ ဘုံဘေမှ ထွက်ခွာပါသည်။

အိန္ဒိယနိုင်ငံ ဘုံဘေမြို့မှ ဂရိနိုင်ငံ အေသင်မြို့သို့ လေယာဉ်ပျံသန်းချိန် ၇-နာရီ ကြာမည်ဟု သိရသည်။ ကုလားစကား တတ်သည့် ဦးမောင်ဟန်သည် နာမည်နဲ့လိုက်အောင် ဟန်ကျနေသည်။ လေယာဉ်

http://www.linhtet.com



မယ် ကုလားမတွေကို ညှုလိုက်၊ အရက်မျိုးစုံကို တစ်ခွက်ပြီး တစ်ခွက် တောင်းသောက်လိုက် လုပ်နေသည်။ ကိုအဏ္ဏဝါကတော့ အိပ်ချင်လို့ မျက်နှာတည့်တည့်က မီးကို ပိတ်မလို့ ခလုတ်နှိပ်လိုက်တာ၊ ဘာခလုတ်ကို သွားနှိပ်မိသည် မသိ၊ လေယာဉ်မယ် ပြေးလာပြီး ဘာကူညီရမလဲလို့ မေးသည်။ လေယာဉ်မယ်ခေါ်သည့် ခလုတ်ကို သွားနှိပ်မိဟန်တူသည်။ မီးပိတ်ချင်တယ် ပြောတော့ လေယာဉ်မယ်က ပိတ်ပေးသွားသည်။

ကိုအဏ္ဏဝါတို့ စီးနင်းလိုက်ပါလာသည့် လေယာဉ်ကြီးသည် အရှေ့အရပ်မှ အနောက်အရပ်သို့ ဦးတည်ပျံသန်းနေသဖြင့် နာရီတွေ နောက်ပြန်ဆုတ်နေသည်။ အမှောင်ထုထဲသို့ တိုးဝင်သလို ဖြစ်နေသည်။ မိုးမလင်းနိုင် ဖြစ်နေသည်။ ခရီးသည်တွေကို ပြသနေသည့် ရုပ်ရှင်ပိတ်ကားပေါ်က နာရီသည် လေယာဉ်ရောက်ရှိနေသည့် ဒေသစံတော်ချိန်ကို ပြနေသဖြင့် ဂဏန်းတွေ တိုးတိုးမလာဘဲ လျော့လျော့လာနေသည်။ ညတာရှည်လွန်းသဖြင့် အအိပ်မက်သူအတွက် ဟန်ကျသည်။

၁၉-ရက်နေ့ ဒေသစံတော်ချိန် နံနက် ၆-နာရီခွဲ (မြန်မာပြည်မှာ ၁၁-နာရီ) ဂရိနိုင်ငံ အေသင်မြို့ လေဆိပ်ကို ရောက်သည်။ အေသင်လေဆိပ်မှာ ခရီးသည် အဆင်းအတက် ရှိမည်။ ကုန်တင်ကုန်ချ ရှိမည်။ ဆီဖြည့်မည်ဖြစ်၍ ကြာမည်ဟုဆိုသည်။ ခရီးသည်များအားလုံး လေယာဉ်ပေါ်က ဆင်းကြရသည်။ လေဆိပ်အဆောက်အအုံထဲမှာ နားနေကြရသည်။ ဗိုက်ဆာလာကြသဖြင့် လေဆိပ်အတွင်းရှိ စားသောက်ဆိုင်က ဟမ်ဘာဂါ/ဆင်းဒွက်ချ်နှင့် ကိုကာကိုလာတို့ဖြင့် ဝမ်းမီးကို ငြိမ်းစေလိုက်ရသည်။ နေ့လယ် ၁၂-နာရီမှာ ခရီးသည်များ လေယာဉ်ပေါ် ပြန်တက်ကြရန် အသံချဲ့စက်က ကြေညာသည်။ ရုပ်မြင်သံကြားက စာတန်းထိုးပြီး မျက်တောင်ခတ်ပြနေသည်။ နေ့လယ် ၁၂-နာရီခွဲ (မြန်မာပြည်မှာ ညနေ ၅-နာရီ)မှာ အေသင်မှ ထွက်ခွာပါသည်။

လေယာဉ်ကြီး အတွင်းမှာ ပေးထားသည့် လေအေးစက်သည် ဘယ်အချိန်က ရပ်သွားသည်မသိ၊ အပြင်က ရာသီဥတုက အေးလာပြီဖြစ်လို့ လေယာဉ်ကြီးထဲမှာ လေအေးစက်ပေးစရာ မလိုတော့ဘဲ အေးနေ

http://www.linhtet.com



တာကို သတိထားမိသည်။ ကိုအဏ္ဏဝါတို့ ရှေ့တည့်တည့်က ရုပ်ရှင်ပိတ်ကား ပေါ်မှာလည်း ကိုအဏ္ဏဝါတို့ စီးလာသည့် လေယာဉ်ကြီး၏ ခရီးစဉ်ကို ကမ္ဘာမြေပုံပေါ်မှာ ပြထားသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဒက္ကာမြို့က စထွက်လာခဲ့သည့်အတိုင်း မျဉ်းကြောင်းအနီဖြင့် ဆွဲပြထားသည်။

အတော် ဝေးသည်ခရီးကို နာရီပေါင်းများစွာ လေယာဉ်စီးပြီး လာခဲ့ကြတာ ဖြစ်သည်။ မနေ့ကည ၈-နာရီ ၄၅-မိနစ်က စပြီး လေယာဉ်စီးခဲ့တာဖြစ်သည်။ ဒီနေ့ညနေ ခြောက်နာရီလောက်အထိ လေယာဉ်ပေါ်မှာပဲ ရှိသေးသည်။ ကိုအဏ္ဏဝါသည် သူ့လက်မှာ ပတ်ထား သည့် နာရီကို မြန်မာစံတော်ချိန်အတိုင်းပဲ မရွှေ့ဘဲ ထားသည်။ လေယာဉ် ကြီးသည် အီတလီနိုင်ငံ ရောမမြို့ လေဆိပ်ကို ဆင်းတော့မည် ဖြစ် ကြောင်း အချက်ပြနေသည်။ လေယာဉ်ကြီးသည် ဒက္ကာမြို့က ထွက်ပြီး အိန္ဒိယကျွန်းစွယ်ကို ဖြတ်ခဲ့သည်။ အာရေဗီယံ ပင်လယ် ဖြတ်ခဲ့သည်။ ယခု မြေထဲပင်လယ်ကို ဖြတ်ခဲ့ပြီးလို့ မူဆိုလိုနီရဲ့ စစ်ဖိနပ် ခြေထောက်ကြီးလို့ ခေါ်ကြသည့် အီတလီ နိုင်ငံကို ဆင်းသက်တော့မည် ဖြစ်သည်။

အီတလီနိုင်ငံ၊ ရောမမြို့တော်၏ ဒေသစံတော်ချိန် နေ့လယ် တစ်နာရီ (မြန်မာ ညနေ ၅-နာရီခွဲ) မှာ ရောမမြို့ လေဆိပ်ကို ရောက်သည်။ ကိုအဏ္ဏဝါတို့ စီးလိုက်လာသည့် ဘီမန်းလေကြောင်းလိုင်း ခရီးစဉ်အရ ပြင်သစ်နိုင်ငံကို မသွားသည့်အတွက် ကိုအဏ္ဏဝါတို့ အုပ်စု အီတလီမှာ လေယာဉ်ပေါ်က ဆင်းကြရသည်။ ဒီလေယာဉ်ကြီးသည် အီတလီမှ ဟော်လန်နိုင်ငံ အမ်စတာဒမ်သို့ ဆက်လက် ပျံသန်းမည် ဖြစ်သည်။ ကိုအဏ္ဏဝါတို့ လေယာဉ်ပေါ်က ဆင်းကြသည်။ ခရီးဆောင် သေတ္တာတွေ ထုတ်ယူရေး ဆောင်ရွက်ကြသည်။ ဦးမောင်ဟန်၏ ဦးဆောင်မှုဖြင့် အားလုံး အဆင်ပြေပါသည်။

ရောမမြို့ စံတော်ချိန် ညနေ ၃-နာရီ ၃၅-မိနစ်တွင် အဲယားဖရန့် လေကြောင်းလိုင်းပိုင် လေယာဉ်ကို ပြောင်းစီးပြီး အီတလီမှ ထွက်ခွာကြသည်။ ပြင်သစ်နိုင်ငံ မာဆေးမြို့ကို ညနေ-၅နာရီမှာ ရောက်သွားပါသည်။ အဲဒီမှာ ပြင်သစ် လူဝင်မှုကြီးကြပ်ရေးက ကိုအဏ္ဏဝါတို့ ခုနစ်ယောက်

http://www.linhtet.com



ကို ဗီဇာမပါလို့ဆိုပြီး လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ ဖမ်းဆီးလိုက်တော့သည်။

အဖွဲ့ခေါင်းဆောင် ဦးမောင်ဟန်က လူဝင်မှုကြီးကြပ်ရေး အရာရှိကို ပြင်သစ်ဘာသာ စကားဖြင့် နှုတ်ဆက်သည်။ ဒီမြို့ ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့ သင်္ဘောတစ်စီးကို တက်ရန်လာသည့် သင်္ဘောသားများ ဖြစ်ကြောင်း ပြောပြသည်။ သူတို့ပြောနေကြတာထဲမှာ ခရီးသွားမိန့်စာရွက်စာတမ်း (တရားဖဲလိမ်း ဒေါက်ကျူမင့်) ဆိုသည့်စကားပါနေသဖြင့် ကိုအဏ္ဏဝါက သူ့အတာချီကေ့စ်ထဲက စာရွက်တစ်ရွက်ကို ထုတ်ပြလိုက်သည်။ မြန်မာနိုင်ငံ သင်္ဘောသား အလုပ်အကိုင် ရှာဖွေရေးရုံးက လိုအပ်လျှင် သုံးဖို့ ရေးပေးလိုက်သည့် (တူဟွမ်းအက်ဒ်မေကွန်ဆမ်း) ခေါင်းစဉ်ပါ စာရွက်ဖြစ်သည်။ ယခု လာသူများသည် ပြင်သစ်နိုင်ငံ မာဆေးမြို့ ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားသည့် သင်္ဘောကို တက်ရန် လာသူများဖြစ်သည်။ ပုံ/ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ သင်္ဘောသား အလုပ်အကိုင် ရှာဖွေရေးရုံး၊ ရန်ကုန်မြို့၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဟု ပါရှိသည်။

လူဝင်မှုကြီးကြပ်ရေး အရာရှိသည် ကိုအဏ္ဏဝါ ကမ်းပေးသည့် စာရွက်ကို လှမ်းယူပြီး ဂရုတစိုက် ဖတ်နေသည်။ ကိုအဏ္ဏဝါက ကဲ မင်းတို့ ဘာတတ်နိုင်သေးလဲ ဆိုသည့်ဟန်ဖြင့် ရင်ကော့နေပြလိုက်သည်။ စာကိုဖတ်ပြီးသောအခါ လူဝင်မှု အရာရှိသည် ကိုအဏ္ဏဝါကို မော့ကြည့်သည်။ ကိုအဏ္ဏဝါက မျက်စပစ်ပြလိုက်သည်။ ကဲ ကိုယ့်လူ ဘာပြောချင်သေးလဲ ဆိုသည့် အမူအရာ ပြလိုက်သည်။ လူဝင်မှု အရာရှိသည် ကိုအဏ္ဏဝါကို ဘာမျှ မပြောဘဲ ကိုင်ထားသည့်စာရွက်ကို ခေါက်လိုက်သည်။ နှစ်ခေါက်ဖြစ်သွားသည်။ နောက်တစ်ချိုး ခေါက်လိုက်ပြန်သည်။ လေးခေါက်ဖြစ်သွားသည်။ ပြီးတော့မှ ဖြည်းဖြည်းလေး ဆုတ်ဖြဲပစ်လိုက်သည်။ ဦးမောင်ဟန်နှင့် ကိုအဏ္ဏဝါတို့ကို တစ်လှည့်စီ ကြည့်ပြီး ပြောသည်။

"အခုအချိန်ကစပြီး ခင်ဗျားတို့ကို ဖမ်းဆီးလိုက်ပြီ"

http://www.linhtet.com



ပြောပြီးသည်နှင့် ဆုတ်ဖြဲထားသည့် စာရွက်အပိုင်းအစလေးတွေကို နီးရာအမှိုက်ပုံးထဲ ပစ်ထည့်လိုက်သည်။ လေဆိပ် အဆောက်အအုံထဲက တစ်နေရာမှာ စုထိုင်နေကြရန် အမိန့်ပေးသည်။

❐

http://www.linhtet.com

# [ ၁၁ ]
# MV. EVPO KETTY

ကိုအဏ္ဏဝါနှင့် အပေါင်းပါ သင်္ဘောသား ခြောက်ယောက်၊ စုစုပေါင်း ခုနစ်ယောက်တို့သည် ပြင်သစ်နိုင်ငံ မာဆေးမြို့ လေဆိပ်မှာ အဖမ်းခံနေရပြီ ဖြစ်သည်။ သင်္ဘောကုမ္ပဏီက မသိလို့ မြန်မာ သင်္ဘောသား ခုနစ်ယောက်တို့ ပြင်သစ်နိုင်ငံကို ရောက်မလာပါဟု ရန်ကုန်ကို အကြောင်း ကြားလိုက်လျှင် ဒုက္ခပဲဟု တွေးနေမိသည်။ ကိုအဏ္ဏဝါတို့ ထက် နှစ်ရက်စောပြီး ထွက်သွားခဲ့သည့် ဘိုနီနှင့် အောင်သိန်းတို့၏ ကံကြမ္မာကလည်း ဘာမှန်း မသိရသေး ဖြစ်နေသည်။

## အထွေထွေ ကုန်တင်သင်္ဘောကြီး အက်ပိုကေတီ

ကဲဘာလုပ်ကြလျှင် ကောင်းလဲဟု တွေးတောရင်း ထိုင်ငိုင်နေကြသည်။ ပဲရစ်က မြန်မာသံရုံးကို ဖုန်းဆက်ပြီး အကူအညီတောင်းရလျှင် ကောင်းမလား စဉ်းစားကြသည်။ ဖြစ်မှာမဟုတ်ပါဘူးလို့ တွေးမိပြီး ဘာမှ မလုပ်ဘဲ ထိုင်ငိုင်နေကြသည်။ လူဝင်မှုကိစ္စ မပြတ်သည့် အတွက် အကောက်ခွန်ကိစ္စ ဘာမှ မလုပ်ရသေး ဖြစ်နေသည်။ ခရီးဆောင်

http://www.linhtet.com



သေတ္တာတွေကတော့ လေယာဉ်ထဲက ထွက်လာပြီး ဖြစ်သည်။ ကူညီ ဖြေရှင်းပေးမည့်သူ မရှိပါက အချုပ်ထဲ ဝင်ရတော့မည် ဖြစ်သည်။

ကိုအဏ္ဏဝါတို့လူစု ထိုင်နေရာသို့ ပြင်သစ်လူမျိုး တစ်ယောက် ရောက်လာသည်။ အဖွဲ့ခေါင်းဆောင် ကိုအဏ္ဏဝါကို (ရေဒီယိုအော်ဖစ်ဆာလား) ဟု လာမေးသည်။ ကိုအဏ္ဏဝါက ခေါင်းညိတ်ပြလိုက်သည်။ ထိုပုဂ္ဂိုလ်က ကိုအဏ္ဏဝါတို့ အားလုံး သူ့နောက်ကို လိုက်ခဲ့ကြရန် ခေါ်သည်။ ထိုပုဂ္ဂိုလ်သည် အင်္ဂလိပ်စကား သိပ်မပြောနိုင်ဘူး ဆိုတာကို ရိပ်စားမိလိုက်သည်။ သူ့နောက်ကို လိုက်ခဲ့ပါဆိုတာ ဘယ်ကိုလဲ၊ အပြင်ကိုလား၊ အချုပ်ထဲကိုလား ဆိုတာ မေးလို့မရ ဖြစ်နေသည်။



ပိုသီးတိုးကုမ္ပဏီပိုင် သင်္ဘောကြီး အက်ပိုကေတီ

ထိုပုဂ္ဂိုလ်သည် တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ စကားပြောပြီး အကောက်ခွန်ဌာနကို ခေါ်သွားသည်။ အကောက်ခွန်အရာရှိတွေက ကိုအဏ္ဏဝါတို့ရဲ့ ခရီးဆောင်သေတ္တာတွေ အိတ်တွေကို ကြည့်ရှုစစ်ဆေးသည်။ ဒီအခြေအနေကို ကြည့်ခြင်းဖြင့် လူဝင်မှု ကိစ္စတွေ ပြီးသွားပြီဟု ယူဆရသည်။ ဒါဆိုလျှင် ဒီပုဂ္ဂိုလ်က ဘာလဲ၊ ဘယ်သူလဲ၊ ဦးမောင်ဟန်ကို မေးခိုင်းရသည်။ ဦးမောင်ဟန်က ပြင်သစ် ဘာသာစကားဖြင့် မေးစမ်းကြည့်သည်။

http://www.linhtet.com



ဒီတော့မှ ရှင်းသွားသည်။ ဒီပုဂ္ဂိုလ်သည် အငှားယာဉ်မောင်းသည့် ဒရိုင်ဘာဟု သိရသည်။ သဘော်ကုမ္ပဏီက ကိုအဏ္ဏဝါတို့ လူစုကို ကြိုဖို့ လွှတ်လိုက်တာဟု ဆိုသည်။ ထိုပုဂ္ဂိုလ်သည် ကိုအဏ္ဏဝါတို့ လူစုကို အာမခံကြေးအဖြစ် တစ်ယောက်ကို ဖရန့်-၆၀ စီ ပေးပြီး ရွေးထုတ်ခဲ့ရတာဟု ဆိုသည်။

ကိုအဏ္ဏဝါ၏ ခရီးဆောင်အိတ်ကို စစ်ဆေးသည့် အကောက်ခွန်အရာရှိသည် ကိုအဏ္ဏဝါရဲ့ အိတ်ထဲက ပလတ်စတစ်ဖြင့် ထုပ်ထားသည့် တေဆေးထုပ်ကြီးကို ကြည့်ပြီး မျက်လုံးပြူးနေသည်။ တေဆေးထုပ်ကြီးက ဘိန်းစိမ်းတုံးကြီးနဲ့ တူနေသည်။ အရပ်ပုလို ခွာမြင့်မြင့် ရှူးဖိနပ်ကို စီးထားသည့် အေးကို ကိုလည်း မသင်္ကာသည့် မျက်စိဖြင့် ကြည့်နေသည်။ ပြင်သစ်နိုင်ငံက မာဆေးမြို့သည် မူးယစ်ဆေးဝါးဂိုဏ်းတွေကို မျက်စိ ဒေါက်ထောက် ကြည့်နေသော မြို့ဖြစ်သည်။

ကိုအဏ္ဏဝါရဲ့ တေဆေးထုပ်ကြီးကို ဖြဲကြည့်ပြီး ဓားဖြင့် တစ်ကော်ကော်ယူသွားသည်။ အေးကို၏ ဒေါက်မြင့် ရှူးဖိနပ်ကြီးကိုလည်း ချွတ်ခိုင်းပြီး သိမ်းယူသွားသည်။ ဘာလုပ်မလို့လဲ မသိဆိုပြီး စောင့်နေကြရသည်။ မကြာမီ အချိန်အတွင်းမှာ အေးကို၏ ရှူးဖိနပ် ပြန်ရောက်လာသော်လည်း ဖနောင့်နေရာမှာ အပေါက် သုံးပေါက် ဖောက်ထားတာ တွေ့ရသည်။ မသင်္ကာလို့ လွန်စူးဖြင့် ဖောက်ပြီး စစ်ဆေးထားတာ ဖြစ်သည်။ ကိုအဏ္ဏဝါ၏ တေဆေးတွေကိုလည်း ဓာတ်ခွဲခန်း တင်ပြီး စစ်ဆေးတာဟု ယူဆရသည်။ ဓာတ်ခွဲခန်း အဖြေက မန်ကျည်းမှည့်၊ ထန်းလျက်၊ ပွေးကိုင်း၊ အလိုကျူ၊ ပျားရည်၊ ကြွေပုပ်၊ လိပ်ကျောက်စူး၊ စမုံမျိုး ငါးပါးတွေကို တွေ့သွားလို့ စိတ်ညစ်သွားကြမှာ သေချာသည်။ အကောက်ခွန်အရာရှိက ကိုအဏ္ဏဝါကို မေးသည်။

"လူကြီးမင်းရဲ့ အထုပ်ထဲက ပစ္စည်းက ဘာပစ္စည်းပါလဲ ခင်ဗျ"

"ဝမ်းနုတ်ဆေးပါ ခင်ဗျာ"

"ဝမ်းနုတ်ဆေး၊ အလိုဘုရားရေ"

ကိုအဏ္ဏဝါသည် ဓာတ်ကြေလေသက်ဆေးကို အင်္ဂလိပ်လို မပြောတတ်လို့ ဝမ်းနုတ်ဆေး (PURGATIVE) လို့ ပြောလိုက်မိသည်။

http://www.linhtet.com



အကောက်ခွန် အရာရှိသည် တစ်ပိဿာလောက်ရှိသည့် ဝမ်းနှုတ်ဆေး အတုံးကြီးကို ကြည့်ပြီး မျက်လုံးပြူးနေသည်။ ဒီလောက်များတဲ့ ဝမ်းနှုတ်ဆေးတုံးကြီးကို ဘယ်လို စားပါလိမ့်ဟု တွေးနေဟန်တူသည်။ ကိုအဏ္ဏဝါကို မေးသည်။

"တစ်ခါစားရင် ဘယ်နှဂရမ် စားရပါသလဲ ခင်ဗျာ"

"လိုက်ချီးသီး အရွယ်လောက် မအိပ်မီ စားပါတယ်ခင်ဗျာ"

ကိုအဏ္ဏဝါသည် ကွမ်းသီးလုံး အရွယ်လောက်လို့ ပြောချင်သော်လည်း ကွမ်းသီးကို အင်္ဂလိပ်လို မသိသည့်အတွက် လိုက်ချီးသီးလို့ ပြောလိုက်ရသည်။ အုန်းသီးကိုသာ အင်္ဂလိပ်လိုသိသည်။ အုန်းသီးလုံး လောက်လို့ ပြောလိုက်လို့ကတော့ အကောက်ခွန် အရာရှိ လန့်ပြီး သတိလစ် သွားနိုင်သည်။

ကိစ္စအားလုံး ပြီးသွားသောအခါ အငှားယာဉ်နှစ်စီးဖြင့် လေဆိပ်မှ ထွက်ခွာခဲ့ကြသည်။ မာဆေးမြို့၏ ကမ်းနားလမ်း တစ်လျှောက် မောင်းနေသည်။ မြေထဲပင်လယ်ထဲက ဆိပ်ကမ်းမြို့ဖြစ်လို့ သင်္ဘော၊ မော်တော်ဘုတ်၊ ရွက်လှေမျိုးစုံတို့သည် အလှူအိမ်မှာ ဖိနပ်တွေ ချွတ်ထားသလို ပြွတ်ကျပ်ညပ်နေကြသည်။ နိုင်ငံတကာ မူးယစ်ဆေးဝါးဂိုဏ်းကြီးတွေ ဝင်ထွက်လှုပ်ရှားကြသည့် ဆိပ်ကမ်းမြို့ကြီးဖြစ်လို့ ပုံစံအမျိုးမျိုးဖြင့် ရုပ်ဖျက်ပြီး စောင့်ကြည့်နေကြသည့် စုံထောက်တွေကလည်း နေရာတကာမှာ ရှိနေမှာသေချာသည်။

ကိုအဏ္ဏဝါတို့ကို တင်ဆောင်လာသည့် အငှားယဉ် နှစ်စီးသည် သင်္ဘောဆိပ် ဝင်းထဲကို မောင်းဝင်လာပြီး ဇရာမ ကုန်တင်သင်္ဘောကြီး တစ်စီး၏ ဘေးမှာ ရပ်လိုက်သည်။ သင်္ဘောကြီး၏ ဦးပိုင်းက ဘေးမှာ (MV.EVPO KETTY) တို့ စာလုံးအဖြူဖြင့် ရေးထားသည်။ ကုန်ထည့်ပေါက် ငါးပေါက်ရှိသည်။ အလျားပေ ၁၀၀ ခန့် ရှိသည်။ တန်ချိန် ၁၂၀၀၀ ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

http://www.linhtet.com



## တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားသူများ

ကိုအဏ္ဏဝါတို့ လူစုသည် ကိုယ့်အထုပ်ကလေးတွေ ကိုယ်ဆွဲပြီး သင်္ဘောကြီးပေါ်ကို တက်သွားကြသည်။ ကိုအဏ္ဏဝါသည် ခေါင်းဆောင်လည်းဖြစ်၊ အကြီးအကဲလည်း ဖြစ်သည့်အလျောက် ခရီးသွားအဖွဲ့ကို ဦးဆောင်ပြီး ကပ္ပိတန်ကို သွားတွေ့သည်။ ကိုယ့်လူတွေကို ကပ္ပိတန်နဲ့ မိတ်ဆက်ပေးသည်။ ကပ္ပိတန်က အားလုံးကို ကြိုဆိုကြောင်း ပြောသည်။ ကပ္ပိတန်သည် အိန္ဒိယလူမျိုးဖြစ်သည်။ ကိုအဏ္ဏဝါထက် ငါးနှစ်ခန့် ကြီးသည်ဟု ထင်ရသည်။ သဘောကောင်းမည်ဟုလည်း ထင်ရသည်။

ကိုအဏ္ဏဝါသည် သီရိလင်္ကာ ကုလားကြီးထံမှ တာဝန်လွှဲပြောင်းလက်ခံယူရသည်။ ကုလားကြီးသည် အသက် ခြောက်ဆယ်ခန့် ရှိပြီဟု ထင်ရသည်။ သူ့လစာကို ကုမ္ပဏီက လျှော့လိုက်သည့်အပြင် ကပ္ပိတန်နှင့်လည်း သိပ်ပြီး အဆင်မပြေသည့်အတွက် အလုပ်က ထွက်တာဟု ဆိုသည်။ သီရိလင်္ကာနှင့် အိန္ဒိယတို့သည် နိုင်ငံရေးအရလည်း သိပ်ပြီး အဆင်မပြေသည့် အချိန်ဖြစ်နေသည်။ အိန္ဒိယ ကပ္ပိတန်က အမိန့်ပေးတာတွေကို သီရိလင်္ကာ အာအိုက ကလန်ကဆန် လုပ်တာတွေလည်း ရှိခဲ့သည်ဟု သိရသည်။

သီရိလင်္ကာ ကုလားကြီးက ကိုအဏ္ဏဝါကို တာဝန်လွှဲပြောင်းရင်း စကားတွေ ပြောနေသည်။ သူသည် ဒီကုမ္ပဏီမှာ အလုပ်လုပ်တာ ကြာပြီဟု ဆိုသည်။ သူ့သားနှင့် သမက်တို့လည်း ဒီကုမ္ပဏီမှာ အလုပ်သွင်းပေးထားပြီး ဖြစ်သည်။ မူလက သူ၏လစာသည် အမေရိကန်ဒေါ်လာ ၁၆၀၀/- ရခဲ့သည်။ ကုမ္ပဏီက လစာ ၁၈၀၀/-စား ဂရိလူမျိုး အာအိုကို အလုပ်ဖြုတ်ပြီး သူကို ၁၆၀၀/-ဖြင့် အလုပ်ခန့်ခဲ့တာ ဖြစ်သည်။ သူ့ထက် ပိုမိုဆင်းရဲသော ဘင်္ဂလားဒေ့ရှ် အာအိုကို ၁၅၀၀/-ဖြင့် ခန့်ပြန်သည်။ သူ့ကိုလည်း ၁၅၀၀/-ပဲ ပေးတော့သည်။ နောက်များ မကြာမီ ဂါနာလူမျိုး အာအိုကို ၁၃၀၀/-ဖြင့် ခန့်ပြန်သည်။ သူ့ကိုလည်း ၁၃၀၀/-ဘဲ ပေးတော့သည်။ မကြာမီ မောလ်ဒစ်ကုလားတွေကို ၁၁၀၀/-ဖြင့် ခန့်ပြန်သည်။ အဲဒီအချိန်မှာ မြန်မာ အာအိုတွေကိုလည်း ၁၁၀၀/-ဖြင့်ပင် ခန့်သည်။ သူ့ကိုလည်း ၁၁၀၀/-ပဲ ပေးတော့သည်။ ယခုတော့



ကပ္ပိတန် ဂျူးဇစ်မာတင်နှင့်
ကုန်းပတ် ပထမအရာရှိ ဖနန်ဒစ်ရှူးဗတ်ဂျိုးဇစ်

၉၀၀/-အထိ လျော့လိုက်လို့ မလုပ်တော့ဘူးဆိုပြီး ထွက်လိုက်တာပဲ၊ သင်္ဘော မလိုက်ရလည်း အကြောင်းမဟုတ်တော့ပါဟု ဆိုသည်။

"ကျွန်တော့် သားတွေရော၊ သမက်တွေပါ ဒီကုမ္ပဏီမှာ အရာရှိတွေ ဖြစ်နေကြပြီ၊ ကျွန်တော်မှာ ကိုလံဘိုမှာ ဆံပင်ညှပ်ဆိုင်နဲ့ အလှပြင်ဆိုင် ဖွင့်ထားပြီးပြီ၊ ကျွန်တော့် မိန်းမကိုယ်တိုင် ဆိုင်ထိုင်တယ်။ ဘာမှ ပူစရာ မလိုတော့ဘူး၊ ဩော်…ဒါထက် စကားမစပ်၊ ကိုယ့်လူ လစာ ဘယ်လောက်ရလဲ"

ကိုအဏ္ဏဝါ ဘာဖြေရမှန်း မသိ ဖြစ်သွားသည်။ ကိုအဏ္ဏဝါမှာ လစာ နှစ်မျိုး ရရှိကြောင်း လက်မှတ်ထိုးထားရသည်။ အမှန် တကယ် ရရှိသည့် လစာနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့ (ITF)က မေးလျှင် ပြဖို့ လိမ်ထားသည့် လစာတို့ ဖြစ်သည်။ အမှန်တကယ်

http://www.linhtet.com



ရတာက ၈၅၀/- ဖြစ်သည်။ လိမ်ထားတာက ၁၆၀၀/-ကြီးများတောင် ဖြစ်သည်။ ဒီကုလားကြီးကို လိမ်လို့ရမည် မဟုတ်လို့ အမှန်အတိုင်း ပြောလိုက်ရသည်။

"ကျွန်တော့်လစာ အမေရိကန်ဒေါ်လာ ၈၅၀/-ပဲ ရပါတယ် ခင်ဗျာ"

"အိုး မိုင်ဂေါ့ဒ်၊ ဒါကြောင့် ငါ အလုပ်ပြုတ်တာကိုး"

သီရိလင်္ကာ ကုလားကြီးသည် ကိုအဏ္ဏဝါကို သနားသည့် အကြည့်ဖြင့် ကြည့်ပြီး စုပ်တသပ်သပ် ဖြစ်နေသည်။ သနားလျှင်လည်း သနား၊ သောက်မြင် ကတ်လိုလျှင်လည်း ကတ်ပေတော့၊ မတတ်နိုင်ပြီ။ ကိုယ့်အကြောင်းနဲ့ကိုယ်၊ သူ့အကြောင်းနှင့်သူ ဖြစ်သည်။ လစာ ၆၀၀/- မျှသာ ရသည့် တိုမိုကုမ္ပဏီက ပြန်မခေါ်လို့ တစ်နှစ်လောက် အလုပ်မရှိ အကိုင်မရှိ ဖြစ်နေခဲ့သည်။ အခု ၈၅၀/- ပေးသည့် အလုပ်ကို လက်မခံဘဲ ဖင်ခေါင်းကျယ်နေလို့ မဖြစ်ဟု တွေးမိသည်။



အက်ပိုကက်တီသင်္ဘောမှာ အတူအမှုထမ်းခဲ့ကြသည့်
အရာရှိနှင့် သင်္ဘောသားများ

http://www.linhtet.com



သီရိလင်္ကာကုလားကြီးသည် ဝါယာလက်စက် ကိုင်တွယ် အသုံးပြုပုံကို စေတနာထားပြီး သင်ကြားပေးခဲ့သည်။ တစ်ည အတူအိပ်ကြပြီး နောက်နေ့မှာ အိန္ဒိယသင်္ဘောသား လေးယောက်နှင့်အတူ သူ့တိုင်းပြည်ကို ပြန်သွားသည်။

ကိုအဏ္ဏဝါနှင့်အတူ တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားကြရမည့် သူများမှာ ကပ္ပိတန်က အိန္ဒိယလူမျိုး မစ္စတာ ဂျိုးဇစ်မာတင် ဖြစ်သည်။ မြန်မာပြည်က ကပ္ပိတန် ဦးနီနှင့် ဒါဂျီလင်မှာအတူ ကျောင်းတက်ခဲ့သူ ဖြစ်သည်။ ကုန်းပတ် ပထမအရာရှိက အိန္ဒိယကုလား၊ ဒုတိယအရာရှိက ကိုအဏ္ဏဝါ၏ သူငယ်ချင်း ရေတပ်ထွက် ကိုညွန့်စိန်၊ တတိယအရာရှိ အိန္ဒိယ ကုလား ဖနန့်ဒစ် ပီတာ၊ အင်ဂျင်နီယာချုပ်က ဘင်္ဂလားဒေ့ချ် ကုလားကြီး ဒတ်စ် ဂုပ္ပတား၊ သူ့ဇနီး ရာနာ၊ ဒုတိယ အင်ဂျင်နီယာက ဂရိလူမျိုး (ကုမ္ပဏီ၏ လူယုံတော်) တတိယ အင်ဂျင်နီ ယာက အိန္ဒိယကုလား၊ လျှပ်စစ်အင်ဂျင်နီယာက အိန္ဒိယကုလား၊ ဖစ်တာက ကိုမျိုးသန့်၊ စတုတ္ထ အင်ဂျင်နီယာက ကိုကျော်ဆွေ၊ အလုပ် သင် အင်ဂျင်နီယာတွေက ရဲထွန်း၊ မောင်မောင်လွင် ဆီလောင်းက ခင်မောင်ဌေး၊ ဘိုဆင်က ဦးမောင်ဟန်၊ အေဘီအေးကို၊ ဝင်းအောင်၊ ရွှေထွန်း၊ ဘိုနီ၊ ကုလားကဒက် နှစ်ယောက်၊ (ရှရပ်ဘာဆင်နှင့် နောက် တစ်ယောက်)၊ ထမင်းချက်က ကုလား၊ ဒု ထမင်းချက်က မောင်ဝင်း၊ အရာရှိ စားပွဲထိုးက အောင်သိန်း၊ သင်္ဘောသား စားပွဲထိုးက သိန်းလင်း တို့ ဖြစ်သည်။

ကိုအဏ္ဏဝါက အင်္ဂလိပ်စကား မပြောချင်သည့်အပြင် အင်ဂျင်နီယာချုပ်၏ ဇနီး အမျိုးသမီး ရှိနေသည့်အတွက် အရာရှိ ထမင်းစားခန်းမှာ မစားဘဲ ရိုးရိုးသင်္ဘောသား စားသောက်ခန်းမှာ ထမင်းစားသည်။ ကပ္ပိတန်က မကြိုက်ဘူးဆိုလို့ အရာရှိ စားသောက်ခန်းမှာ သွားစားရသည်။ ကိုညွန့်စိန်နှင့် ကိုကျော်ဆွေတို့ကတော့ သင်္ဘောသား စားသောက်ခန်းမှာပဲ စားကြသည်။

http://www.linhtet.com



## သင်္ဘောကြီးဖြင့် အဏ္ဏဝါခရီး စပြီ

၂၀-၁၁-၈၅ နေ့ ညနေမှာ သီရိလင်္ကာ အာအိုကြီးနှင့်အတူ အိန္ဒိယ သင်္ဘောသား လေးယောက်တို့ သင်္ဘောက ဆင်းသွားကြသည်။ ရေဒီယို ဆက်သွယ်ရေး ရုံးခန်းထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ပြီဆို တော့ အလုပ်နဲ့ ပတ်သက်တာတွေကို စတင် ကိုင်တွယ် ရတော့သည်။ ကုလားကြီး လုပ်ထားခဲ့သည့် အလုပ်တွေ လက်စမသတ်ဘဲ တိုးလိုး တန်းလန်း ထားပစ်ခဲ့တာတွေ တွေ့ရသည်။ ရေဒီယို ဆက်သွယ်ရေး မှတ်တမ်း (Log Book) ကိုလည်း မရေးဘဲထားတာ တစ်လခန့်ရှိပြီ ဆိုတာ စစ်ဆေး တွေ့ရှိရသည်။ မိမိ လက်ထက်က စပြီး စနစ်တကျ ခရီးဆက်လို့ ရအောင် ပြင်ဆင်ထားလိုက်သည်။

ပြင်သစ်နိုင်ငံ မာဆေးမြို့သည် မြေထဲပင်လယ် အတွင်းရှိ ဆိပ်ကမ်းမြို့ ဖြစ်သည်။ ကုန်တင် သင်္ဘောများ အဝင်အထွက် အလွန် များသော ဆိပ်ကမ်းဖြစ်သည်။ နိုင်ငံတကာ မူးယစ်ဆေးဝါးဂိုဏ်းကြီးများ ခိုအောင်းရာမြို့ကြီးအဖြစ် ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးသည်။ ကိုအဏ္ဏဝါ သည် မာဆေးမြို့ကြီးထဲကို လှည့်ပတ် သွားကြည့်ချင်သော်လည်း အေးလွန်းသည့်အပြင် စိတ်မအား လူမအားဖြစ်နေ၍ ဘယ်မှ မသွားဘဲ သင်္ဘောမှာပင် နေသည်။ အလုပ်နှင့် ပတ်သက်ပြီး အဆင်မှ ပြေပါ့မလား ဆိုသည့် စိတ်ဖြင့် ရင်ထဲမှာ သောကလည်း ရှိနေသည်။ သင်္ဘောထွက်ပြီး ကြေးနန်းတွေ ပို့ပြီး ဖမ်းမိပြီးမှ စိတ်အေးရမည် ဖြစ်သည်။

၂၃-ရက်နေ့မှာ သင်္ဘော ထွက်မည်ဟု သိရ၍ တစ်နေကုန် အသင့်ပြင်ထားသည်။ ကုန်ချနေဆဲ တွေ့ရသည်။ ညနေမိုးချုပ်သည် အထိ ဘာမျှ ထူးခြားမှု မရှိသောကြောင့် အိပ်ရာဝင်အိပ်လိုက်သည်။ စိုးရိမ်စိတ်ကြောင့် ကောင်းစွာအိပ်မပျော် ဖြစ်နေသည်။ အိပ်ပျော်သလိုလို၊ မပျော်သလိုလို ဖြစ်နေစဉ်မှာ အိပ်ခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက်နေလို့ တံခါးဖွင့်ပေးလိုက်သည်။ ကပ္ပီတန် ကိုယ်တိုင် ဖြစ်နေ သည်။ ကြေးနန်းပို့ရန် လာနှိုးခြင်း ဖြစ်သည်။

နာရီကြည့်လိုက်တော့ ည ၂-နာရီ ထိုးနေပြီ ဖြစ်သည်။ ၂၄-ရက်နေ့ကို ရောက်နေပြီဖြစ်လို့ ၂၄-ရက် နေ့စွဲ တပ်ပြီး ပို့ရမည့် ကြေးနန်း

http://www.linhtet.com



ဖြစ်သည်။ သင်္ဘောကြီးကလည်း စက်ကုန်ဖွင့်မောင်းနေတာ တွေ့ရသည်။ မာဆေးမြို့ ဆိပ်ကမ်းက ဘယ်အချိန် ထွက်မှန်းတောင် မသိလိုက် ဖြစ်သွားသည်။ ကြေးနန်းစာက သင်္ဘောကုမ္ပဏီရုံးရှိရာ ဂရိနိုင်ငံ ပီးရေ့စ် (PIRAEUS) မြို့ကို လိပ်မူထားသည်။ ကြေးနန်းစာပါ အကြောင်းအရာက မာဆေးမှထွက်ပြီး ဒန်းကတ် (DUNKIRK) မြို့ကို ၂၉-ရက်နေ့ ရောက်မည် ဆိုသည့်အကြောင်း ရေးထားသည်။

ကိုအဏ္ဏဝါသည် တိုက်ပွဲဝင်ရတော့မည့် စစ်သည်တော် တစ်ယောက်ကဲ့သို့ သတ္တိ မွေးလိုက်သည်။ မျက်နှာသစ်လိုက်သည်။ ဘုရားရှိခိုးလိုက်သည်။ အလုပ်အကိုင် အဆင်ပြေရန် ဆုတောင်းလိုက်သည်။ အကြိမ်ကြိမ် စမ်းသပ်ပြီး ဖြစ်သည့် ဝါယာလစ်စက်ကြီးကို မဖွင့်မီ လက်အုပ်ချီပြီး ဆိုင်ရာပိုင်ရာတွေကို အကူအညီ တောင်းလိုက်သည်။ ပြီးတော့မှ စက်ကိုဖွင့်သည်။ အသင့်ဖြစ်သည်နှင့် အေသင်ရေဒီယို (SVA) ကို ခေါ်လိုက်သည်။ အေသင်ရေဒီယိုက ချက်ချင်းပြန်ထူးသည်။ ဝမ်းသာသွားသည်။ ကြေးနန်းကို လွယ်ကူစွာပင် ပို့လိုက်သည်။ အောင်ပြီကွလို စိတ်ထဲက အော်လိုက်မိသည်။

ကိုအဏ္ဏဝါသည် ပိုသီးတိုးသင်္ဘော ကုမ္ပဏီမှာ တာထွက်ကောင်းသွားပြီ ဖြစ်သည်။ အေသင်ရေဒီယိုနှင့် အလုပ်လုပ်ဖူးပြီ ဖြစ်သော်လည်း ဥရောပမှာ နာမည်ကြီးလွန်းပြီး အာအိုတိုင်း ကြောက်ကြသည့် အင်္ဂလန်က ပေါ့တေးရှပ် ရေဒီယို (GKB) နှင့် အလုပ် မလုပ်ရသေးလို့ သောကမအေး ဖြစ်နေရသေးသည်။ ဒီသင်္ဘောမှာ လုပ်နေသရွေ့ တစ်နေ့မဟုတ် တစ်နေ့ (GKB) စတေရှင်နှင့် အလုပ်လုပ်ရမှာကတော့ သေချာသည်။ လာမည့်ဘေးကို ပြေးတွေ့လိုက်ချင်သည်။ စိုးရိမ်စိတ်ဖြင့် စောင့်နေရတာ ရင်မောသည်။

## ပျောက်သော သူတွေနှင့် ပြန်တွေ့ခြင်း

ကိုအဏ္ဏဝါသည် အက်ပိုကေတီ သင်္ဘောကြီးပေါ် ရောက်ပြီးလို့ စိတ်ငြိမ်သွားပြီ ဆိုသည့်အခါ၊ အလုပ်အကိုင်လည်း အဆင်ပြေသွားပြီ

http://www.linhtet.com



ဖြစ်လို့ အထိုက်အလျောက် သောကအေးသွားသောအခါ၊ သင်္ဘောမှာရှိသည့် လုပ်ဖော်ကိုင်ဖက်တွေကို တရင်းတနှီး နှုတ်ဆက်သည်။ မြန်မာရော နိုင်ငံခြားသားပါမကျန် တွေ့သူတိုင်းကို ပြုံးပြ၊ နှုတ်ဆက်စကားပြောလုပ်သည်။ ကိုအဏ္ဏဝါတို့ထက် လေးရက်စောပြီး ရန်ကုန်က ထွက်သွားကြသည့် တက်မကိုင် ကိုဘိုနီခေါ် စိန်ကြည်နှင့် စားပွဲထိုးအောင်သိန်းတို့ကို သင်္ဘောပေါ်ရောက်နေနှင့်ကြတာ တွေ့ရလို့ စိတ်ဝင်တစား နှုတ်ဆက်သည်။



(နောက်) ဘိုနီ၊ ကိုအဏ္ဏဝါ၊ ရွှေထွန်း၊ ဝင်းအောင်
(ရှေ့) အေးကို၊ အောင်သိန်း၊ မောင်မောင်လွင်

"မင်းတို့နှစ်ယောက်က ဘယ်လိုဖြစ်တာလဲ၊ ဘန်ကောက်ကနေ လေယာဉ်ပေါ် တက်သွားပေမဲ့ အေသင်ကို ရောက်မလာဘူးဆိုတဲ့ ကိစ္စပြောပြစမ်းပါဦး"

ဘိုနီရော အောင်သိန်းပါ တခွိခွိဖြင့် ရယ်နေကြသည်။ အောင်သိန်းက ဘိုနီကို လက်ညှိုးထိုးပြပြီး ပြောသည်။

http://www.linhtet.com



"ဒီမှာလေ၊ ကျွန်တော့်ဆရာ လူလည်လုပ်တာ၊ လေယာဉ်မယ် ကြေညာတာကို နားလည်သလိုလိုနဲ့ လေယာဉ်ပေါ်က မဆင်းဘဲနေလို့ ဟော်လန်နိုင်ငံ အမ်စတာဒန်အထိ ပါသွားခဲ့ကြတယ်"

"အလို ဘုရားရေ"

ကိုအဏ္ဏဝါ ဘုရားတလိုက်မိသည်။ သူတို့ ပြောပြတာကို နားထောင်သည်။ သူတို့သည် နိုဝင်ဘာလ ၁၄-ရက်နေ့ နံနက်မှာ ရန်ကုန်က ထွက်သွားခဲ့ကြသည်။ ထိုနေ့ညနေမှာပင် ထိုင်းအဲယားဝေး လေယာဉ်ဖြင့် ဘန်ကောက်မှ ထွက်ခွာခဲ့ကြသည်။ လေယာဉ်ထွက်ပြီးလို့ လေယာဉ်မယ်တွေက အစားအသောက်တွေ ချပေးတယ်ဆိုလျှင်ပဲ အရက် အကောင်းစားတွေကို တစ်ခွက်ပြီးတစ်ခွက် တောင်းသောက် ကြတော့သည်ဟု ဆိုပါသည်။ နှစ်ယောက်လုံး မူးနေကြသည်။

၁၅-ရက်နေ့ နံနက်မှာ ဂရိနိုင်ငံ အေသင်လေဆိပ်ကို ရောက်ပြီး ဆင်းသက်တော့မည့် အချိန်မှာ လေယာဉ်မယ်က ကြေညာသည်။

"ကျေးဇူးပြု၍ နားဆင်ပါရှင် ဂရိနိုင်ငံ အေသင်လေဆိပ်ကို မကြာမီ ဆင်းသက်ပါတော့မယ်၊ အေသင်မှာ ဆင်းမည့် ခရီးသည်များ မိမိတို့ရဲ့ ခရီးဆောင်အိတ်များကို ဂရုစိုက်ပြီး ယူဆောင်သွားကြပါရှင်၊ လေယာဉ်ဟာ ဟော်လန်နိုင်ငံ အမ်စတာတာဒန်ကို ဆက်လက်ထွက်ခွာ မည် ဖြစ်သည့်အတွက် အမ်စတာဒန်ကို သွားမည့် ခရီးသည်များ လေယာဉ်ပေါ်က မဆင်းကြရန် မေတ္တာရပ်ခံပါသည်ရှင်"

အဲဒီလိုကြေညာသည့်အခါ ဘိုနီနှင့် အောင်သိန်းတို့သည် အရက်မူး ပြီး မှိန်းနေကြသည်။ ကြားနေရသည့် အင်္ဂလိပ်စကားတွေကို နားမလည် တာလည်း ပါသည်။ သဘော်သား နှစ်ယောက်မှာ ဘိုနီက တက်မကိုင်၊ အောင်သိန်းက စားပွဲထိုးဖြစ်လို့ ဘိုနီက ရာထူးကြီးသလို ဖြစ်နေသည်။ တစ်လမ်းလုံး ဆရာကြီး လုပ်လာခဲ့သည်ဟု ဆိုပါသည်။ အမှန်တော့ အောင်သိန်းသည် စားပွဲထိုးဖြစ်လို့ အင်္ဂလိပ်စကားကို ဘိုနီထက် ပိုပြီး သွက်လက်စွာ ပြောနိုင်သည်။ နားလည်နိုင်စွမ်းရှိသည်။ ဒါပေမဲ့ ဘိုနီက ငါ ရာထူးကြီးတယ်ဆိုပြီး ဆရာကြီး လုပ်လာခဲ့သည်ဟု ဆိုသည်။ နှစ်ယောက်တည်းရှိသည့် တပ်မှာ သူက ဗိုလ်လုပ်လာခဲ့သည်။

http://www.linhtet.com



အဲဒီမှာ ဖြစ်ချင်တော့ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ခု ဖြစ်ခဲ့သည်။ လေယာဉ်ကြီး မြေပြင်ကို ဆင်းလိုက်တော့ လေယာဉ်ဘီးနှင့် လေယာဉ်ကွင်းမြေကြီး ထိတွေ့သည့် အချိန်မှာ ဒုန်းခနဲ တစ်ချက်မြည်ပြီး လောယာဉ်ကြီး အနည်းငယ် ဆောင့်လိုက်သလို ဖြစ်သွားသည်။ လေယာဉ်ကြီး ဆောင့်လိုက်သည့်အချိန်မှာ အထူးတန်းက ခရီးသည် အဘိုးကြီး တစ်ယောက် နှလုံးသွေး ရပ်ပြီး သတိလစ်သွားသည်။ လေယာဉ်ပေါ်မှာ ပါလာသည့် ဆရာဝန် ပြေးလာပြီး စမ်းသပ်သည့် အချိန်မှာ အသက် မရှိတော့တာကို တွေ့ရသည်။

လေယာဉ်ပေါ်ပါ ခရီးသည်တွေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ ခရီးသည်တွေအားလုံး လေယာဉ်ပေါ်က မဆင်းကြရန် မေတ္တာရပ်ခံထားသည်။ ရဲတွေရောက်လာပြီး စစ်ဆေးသည်။ အလောင်းကို အဝတ်ဖြင့် ပတ်ထုပ်ပြီး လေယာဉ်၏ နောက်ပေါက်မှ ချယူသွားသည်။ ဒီတော့မှ အေသင်မှာ ဆင်းမည့်ခရီးသည်များ ဆင်းနိုင်ပါပြီဟု ကြေညာသည်။ အဲဒီအချိန်မှာ ဘိုနီနှင့် အောင်သိန်းတို့သည် လေယာဉ်ပေါ်က မဆင်းဘဲ ဘိန်းရှူထားသူတွေလို ဆက်မှိန်းနေကြသည်။

ခရီးသည်တစ်ယောက် လေယာဉ်ပေါ်မှာ သေသွားခြင်းသည် လေယာဉ်ကုမ္ပဏီအတွက် အကုသိုလ်ဝင်ခြင်းဖြစ်သည်။ အသက်အာမခံ လျော်ကြေး ပေးရတော့မည် ဖြစ်သည်။ ဒီလိုလျော်ကြေးမျိုးကို စိတ်နှလုံး မသာမယာဖြင့် ပေးကြလေ့ရှိသည်။

ခရီးသည် အမျိုးသမီးတစ်ယောက် လေယာဉ်ပေါ်မှာ ကလေး မီးဖွားလျှင်မူ ကံကောင်းသည်ဆိုပြီး ဝမ်းသာအားရဖြင့် ကလေး၏မိခင်ကို ဂုဏ်ပြုဆုငွေတွေ ဝမ်းမြောက်ဝမ်းသာ ပေးလေ့ရှိသည်။ တချို့ လေယာဉ်ကုမ္ပဏီတွေကဆိုလျှင် အဲဒီကလေး အသက်ရှည်နေသရွေ့ သူတို့ ကုမ္ပဏီပိုင် လေယာဉ်ကို အခမဲ့ စီးခွင့်လက်မှတ် ထုတ်ပေးလိုက်သေးသည်။

လူသေအလောင်းကြီးကိုလည်း သယ်ယူသွားပြီးပြီ၊ အေသင်မှာ ဆင်းကြမည့် ခရီးသည်တွေလည်း ဆင်းသွားကြပြီ ဆိုသည့်အခါ လေယာဉ်ကြီးသည် သူ၏ ခရီးစဉ်ကို ဆက်ရန်အတွက် လေယာဉ်ပြေး

http://www.linhtet.com



လမ်းပေါ်မှာ နေရာယူနေပြီ ဖြစ်သည်။ ဒီအခြေအနေမှာ အောင်သိန်းသည် မှိန်းနေရာမှ နိုးလာပြီး သူ့ဆရာ ဘိုနီကိုမေးသည်။

"ဟော့ကောင် ဘိုနီ၊ ငါတို့ ဆင်းရမယ့် လေဆိပ်က အေသင်လို့ ပြောတယ်ကွ၊ အခုလေယာဉ်က ဘယ်သွားမလဲ မသိဘူး၊ မိုးပေါ်ကို ပျံတက်တော့မယ်ကွ"

"အသာနေစမ်းပါကွာ သူ့ဟာသူ ဘယ်သွားသွား အိပ်နေစမ်းပါ"

"ဟော့ကောင် ဘိုနီ၊ လေယာဉ် မိုးပေါ်ကို ပျံတက်သွားပြီကွ"

"နေစမ်းပါကွာ၊ တစ်ပတ်ပျံပြီး ပြန်ဆင်းမယ်နဲ့တူပါတယ်"

အောင်သိန်းသည် သူ့ဆရာဘိုနီကို ဘာမျှမမေးတော့ဘဲ ဘိုနီလိုပဲ မှိန်းနေလိုက်သည်။ စိတ်က မသက်သာ ဖြစ်နေသည်။ လေယာဉ်သည် မြင့်သည်ထက် မြင့်လာပြီး စက်ကုန်ဖွင့် ပျံသန်းနေပြီ ဖြစ်သည်။ ခရီးသည်တွေကို သတင်းစာ၊ အဖျော်ယမကာ လိုက်ပေးနေသည့် လေယာဉ်မယ်ကို လက်ယပ်ခေါ်ယူလိုက်သည်။ ထိုင်းလေယာဉ်မယ်က ချစ်စရာ အပြုံးလေးဖြင့် အနားကို ရောက်လာသည်။

"ကျွန်မ ဘာများ ကူညီပေးရမလဲရှင့်"

"ကျေးဇူးတင်ပါတယ်၊ ဒါထက်စကားမစပ် အခု ကျွန်တော်တို့ ဘယ်ကို သွားနေတာလဲ"

"ဟော်လန်နိုင်ငံ အမ်စတာဒန်ကိုပါရှင်"

"ဂရိနိုင်ငံ အေသင်မြို့ကို မသွားတော့ဘူးလား"

"မသွားတော့ပါဘူးရှင်၊ အမ်စတာဒန်ကနေ လန်ဒန်ကို သွားမှာပါ"

"ကျွန်တော်တို့က အေသင်ကို သွားချင်တာ"

"ဘာပြောတယ်"

ချစ်စရာ ကောင်းလှသည့် ထိုင်းလေယာဉ်မယ်သည် သရဲ တစ်ကောင်ကို တွေ့သည့်အလား မျက်လုံးပြူးပြီး အောင်သိန်းကို ကြည့်သည်။ အောင်သိန်းရဲ့ လေယာဉ်လက်မှတ်ကို တောင်းသည်။

"ရှင့် လေယာဉ်လက်မှတ်ကို ပြစမ်းပါ"

http://www.linhtet.com



အောင်သိန်းက သူ့ လေယာဉ်လက်မှတ်ကို ထုတ်ပေးလိုက်ပြီး ဘိန်းမှန်းသလို မှိန်းနေသည့် ဘိုနီ၏ လက်မှတ်ကိုလည်း တောင်းပေးလိုက်သည်။ လေယာဉ်မယ်သည် အောင်သိန်းနှင့် ဘိုနီတို့၏ လက်မှတ်နှစ်စောင်ကိုကြည့်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ လေယာဉ်လက်မှတ်တွေကို အောင်သိန်းရဲ့ လက်ထဲ ထိုးထည့်ပေးခဲ့ပြီး လေယာဉ်ဦးပိုင်းကို ပြေးသွားလေတော့သည်။

မကြာမီပင် ထိုလေယာဉ်မယ်နှင့် အတူ လေယာဉ်မှူးကြီးတို့ အပြေးအလွှား ရောက်လာကြသည်။ လေယာဉ်မှူးကြီးသည် မျက်နှာဖြူလူမျိုး ထိပ်ပြောင်ကြီးဖြစ်သည်။ အောင်သိန်း၏ လက်ထဲက လေယာဉ်လက်မှတ် နှစ်စောင်ကို ဆွဲယူကြည့်လိုက်သည်။ လေယာဉ်မှူးကြီးသည် သူ့နဖူးပြောင်ကြီးကို ဖြန်းခနဲ မြည်အောင် ရိုက်ပြီး ထိုင်ခုံအလွတ် တစ်ခုပေါ်ကို ဖင်ထိုင်ကြသွားပါတော့သည်။

"အိုး မိုင်ဂေါ့ဒ်"

လေယာဉ်မှူးကြီးသည် အောင်သိန်းနှင့် မူးပြီး မှိန်းနေသည့် ဘိုနီတို့ကို တောတွင်းက ဖမ်းယူလာသည့် မျောက်နှစ်ကောင်ကို ကြည့်သည့်အလား ကြည့်နေပါသည်။ အောင်သိန်းကို မေးသည်။

"အေသင်မှာ ဘာကြောင့် မဆင်းခဲ့တာလဲ"

"အေသင်ကို မရောက်သေးဘူး ထင်လို့ပါ ခင်ဗျာ"

"ငါ့နှယ် သေလိုက်ပါတော့ကွာ"

လေယာဉ်မှူးကြီးသည် ခေါင်းတခါခါ လည်တယမ်းယမ်းဖြင့် လေယာဉ်ဦးပိုင်း အခန်းကို ပြန်သွားလေတော့သည်။ စိတ်ပျက်သွားဟန်တူသည်။ လေယာဉ်ပေါ်မှာ လူသေတာ၊ ကလေးမွေးဖွားတာဟာ သူနှင့်ဘာမျှ မဆိုင်သော်လည်း ခရီးသည်တစ်ယောက် လေယာဉ်ပေါ်မှာ အပိုပါလာတာဟာ သူ့တာဝန် ဖြစ်သွားတော့သည်။ ဒီခရီးသည်နှစ်ယောက်ကို အေသင်ကို ပြန်ပို့နိုင်ရေးအတွက် သူ ဆောင်ရွက်ပေးရတော့မည် ဖြစ်သည်။ သူ့ကိုယ်ပိုင် ငွေကြေးစိုက်ထုတ်၍ စရိတ်လုပ်ပြီး ပြန်ပို့ပေးသည့်ကိန်း ဆိုက်သွားနိုင်ပါသည်။ လေယာဉ် ကုမ္ပဏီက သူ့ကို ကြိမ်းမောင်းတော့မည် ဖြစ်သည်။

http://www.linhtet.com



ဟော်လန်နိုင်ငံ အမ်စတာဒန် လေဆိပ်ကို ရောက်သောအခါ အောင်သိန်းနှင့် ဘိုနီကို ရဲအစောင့်အရှောက်ဖြင့် လေယာဉ်ပေါ်က ခေါ်ချသွားသည်။ လေဆိပ်ထဲမှာ ထိုင်ခိုင်းထားသည်။ အဲဒီနေ့ တစ်နေ့လုံး၊ တစ်ညလုံး လေဆိပ်ထဲမှာ ထိုင်နေရသည်။ နောက်နေ့ နံနက်မှာ ထွက်သည့် လေယာဉ်တစ်စီးပေါ် တင်ပေးလိုက်လို့ အေသင်ကို ပြန် ရောက်လာခြင်းဖြစ်သည်။

## နော်မန်ဒီ ကမ်းခြေက အရှည်ဆုံး နေ့များ

ပြင်သစ်နိုင်ငံ မာဆေးမြို့က ထွက်လာသော ကိုအဏ္ဏဝါတို့ သင်္ဘောကြီးသည် မြေထဲပင်လယ် ဝင်ပေါက်ဖြစ်သည့် ဂျီဘရော်လ်တာကိုဖြတ်သည်။ မြောက်စူးစူးကို ထောင်တက်ပြီး ဘက်စ်ကေး ပင်လယ်



ပြင်သစ်နိုင်ငံဒန်းကာတ်မြို့ ၉-၁၂-၈၅

http://www.linhtet.com



အော် (Bay of Biscay) ကို ဖြတ်နေသည်။ ဘက်စ်ကေးလို့ ကြားဖူးနေတာ ကြာပြီ ဖြစ်သည်။ သင်္ဘောသန်ျှိုင်းလို့ နာမည်ကြီး သည်။ ဆယ့်နှစ်ရာသီလုံး လှိုင်းကြီးနေသည့် နေရာဖြစ်သည်။ မုန်တိုင်း အသေးလေးတွေ တိုက်ခတ်နေတတ်သည်။ သင်္ဘောသား တချို့ လှိုင်းမူး နေကြသည်။

၂၉-ရက်နေ့ ညနေမှာ ပြင်သစ်နိုင်ငံ ဒန်းကတ်မြို့ကို ရောက် သည်။ နိုဝင်ဘာလဖြစ်လို့ ဆောင်းရာသီက ကြိုဆိုနေသည်။ အေးလွန်း လို့ အပြင်ကို မထွက်ရဲ ဖြစ်နေသည်။ သင်္ဘောအခန်းတွေ ထဲမှာ အနွေးဓာတ် လွှတ်ထားသည်။ အေသင် ရေဒီယိုကို နားထောင်ကြည့် သည်။ မိမိ အတွက် ကြေးနန်း မရှိဘူးဆိုတာ သိရသည်။ ပေါ့တေးရှပ် ရေဒီယို (GKB)ကို နားထောင်ကြည့်တော့ ခေါင်းနပန်း ကြီးသွားသည်။ (GKB) မှာ မိမိအတွက် ကြေးနန်း ရှိနေသည်။ အလွန် နာမည်ကြီးပြီး အာအိုတိုင်း ကြောက်သည့် ရေဒီယို စတေရှင်နဲ့ အလုပ် လုပ်ရတော့မည် ဆိုသည့် အသိကြောင့် ခေါင်းနပန်း ကြီးသွားခြင်း ဖြစ်သည်။

ပေါ့တေးရှပ် ရေဒီယိုသည် ဂျီကေဘီ ဝမ်း (GKB 1) ဟု အဆက်မပြတ် အသံထွက်နေသည်။ ငါးမိနစ်ခန့် ကြာသောအခါ ဂျီကေဘီ တူး (GKB 2) ဟု အသံ ထွက်လာပြန်သည်။ ငါးမိနစ်ခန့် ကြာသောအခါ (GKB 3 )4/5/6/ စသည်ဖြင့် ငါးမိနစ် တစ်ခါ ပြောင်းသွားသည်။ ဒီသဘောကို နားလည်ဖို့ လိုသည်။ ဒါဟာ သူ နားထောင်နေသည့် ကောလင်းချန်နယ် (Calling Channel) ကို ပြောနေခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါမှာ ကောလင်းချန်နယ် ၅ နှင့် ၆ သာ ရှိသည်။ အသံလွှင့်စက်ကို ဖွင့်ပြီး ကောလင်းချန်နယ် ၅ မှာ အသင့် စောင့်နေရသည်။ (GKB 5) လို့ အသံထွက် လာတာနဲ့ လှမ်းခေါ်လိုက်လျှင် တစ်ခါ ခေါ်ရုံမျှဖြင့် ပြန်ထူးပါသည်။ သူ့ဆီမှာ မိမိအတွက် ကြေးနန်း ရှိနေသည့်အတွက် သူ နားထောင်ခိုင်းသည့် လေလှိုင်းကို နားထောင်လိုက်ရုံသာ ဖြစ်သည်။ အဲဒီ လေလှိုင်းမှ မိမိ အတွက် ကြေးနန်းကို ပို့ပေးပါသည်။ မိမိမှာ ပို့စရာ ကြေးနန်းရှိလျှင်လည်း တစ်ခါတည်း ဖမ်းယူသွားပါသည်။

http://www.linhtet.com



အင်္ဂလန်က ပေါ့တေးရှပ် ရေဒီယိုသည် အလုပ် မလုပ်ဖူးခင်က ကြောက်နေခဲ့သော်လည်း နဖူးတွေ့ ဒူးတွေ့ လုပ်ကြည့်သည့်အခါ အလွန် အလုပ် လုပ်လို့ကောင်းသော ရေဒီယို စတေရှင်ဆိုတာ တွေ့ရသည်။ ကိုအဏ္ဏဝါ လက်ခမောင်း ခတ်လိုက်သည်။ ငါကွဟု ကြုံးဝါးလိုက်သည်။ အာအိုလောကမှာ ငါဟာ လက်မ ထောင်နိုင်တဲ့သူ ဖြစ်ပြီကွလို့ ကြွေး ကြော်လိုက်သည်။

ဒန်းကတ်ဆိပ်ကမ်းမှာ အိတ်သွပ်ထားသည့် သင်္ဘောတွေ တင်နေ သည်။ ရာသီဥတုက အေးလွန်းသည်၊ မိုးရွာသလို အရည်ပျော် ကျနေ သော ဆီးနှင်းတွေကြောင့် ကုန်တင်တာ ရပ်ထားရသည်။ ဆိပ်ကမ်း အလုပ်သမားတွေ ဆန္ဒပြလို့ ကုန်မတင်ဘဲ ရပ်ထားရသည့် နေ့တွေလည်း ရှိသည်။ ဒန်းကတ်ဆိပ်ကမ်းမှာ ရှိနေစဉ် သင်္ဘော ကုမ္ပဏီက သင်္ဘော သားရေးရာ မန်နေဂျာ ကပ္ပိတန်ဖူးရို့စ် (FUROS) သင်္ဘောကို ရောက် လာသည်။ ဂရိမှ ပြင်သစ်ကို ကားမောင်းပြီး လာသည်ဟု သိရသည်။

သင်္ဘော ကုမ္ပဏီက မန်နေဂျာ သင်္ဘောပေါ်ကို ရောက်နေတော့ အရာရှိများအားလုံး အရာရှိ ထမင်းစားခန်းမှာ လာစားကြရမည်ဟု ကပ္ပိတန်က အမိန့်ထုတ်သည်။ ကိုအဏ္ဏဝါက အစကတည်းက အရာရှိ စားသောက်ခန်းမှာ စားနေသူ ဖြစ်သည်။ ဒုတိယအရာရှိ ကိုညွန့်စိန်နှင့် စတုတ္ထ အင်ဂျင်နီယာ ကိုကျော်ဆွေတို့သာ ရိုးရိုးသင်္ဘောသား စားသောက် ခန်းမှာ စားနေခဲ့ကြသည်။ ဒီနေ့တော့ သူတို့လည်း ဝတ်ကောင်းစားလှ ဝတ်ပြီး အရာရှိ စားသောက်ခန်းမှာ လာစားကြသည်။ ဂရိ မန်နေဂျာ ရှေ့မှာ ကုလားအရာရှိတွေ ပြာလောင်ခတ် နေကြသည်။ အင်္ဂလိပ် စကားတွေ ဖောင်လောက်အောင် ပြောနေကြသည်။ အင်္ဂလိပ်စကား ပြောရမှာ ကြောက်သည့် ကိုအဏ္ဏဝါတို့ မြန်မာအရာရှိတွေက ခေါင်းငုံ့ပြီး ထမင်းကိုသာ ဖိတွယ်နေကြသည်။ မန်နေဂျာက ကိုအဏ္ဏဝါကို ကြည့်ပြီး ပြောသည်။

"ရေဒီယို အော်ဖစ်ဆာ၊ စကားလေး ဘာလေး ပြောပါဦး၊ ဘာကြောင့် ခေါင်းငုံ့ထားရတာလဲ၊ စကားပြောပါ၊ နားထောင်ရတာပေါ့"

"ပြောစရာ စကား မရှိလို့ပါ ခင်ဗျာ"

http://www.linhtet.com



"ဒါထက် စကားမစပ် ခင်ဗျားလစာ ဘယ်လောက်ရလဲ"

"အလို ဘုရားရေ၊ ကျွန်တော့် လစာ ဘယ်လောက်ဆိုတာ မန်နေဂျာ သိရမှာပေါ့"

"ဝမ်းနည်းပါတယ် ကျွန်တော်မေ့နေပြီ၊ ကျွန်တော်တို့ ကုမ္ပဏီမှာက လူမျိုးအလိုက် လစာ ပေးတာ မတူဘူး။ ဖိလစ်ပိုင် လူမျိုးက လစာ များတယ်၊ မြန်မာကို ဘယ်လောက်ပေးလဲ မေ့နေတယ်"

ကိုအဏ္ဏဝါသည် ရင်နာစွာပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။ အလုပ် လုပ်ရတာချင်း အတူတူမှာ မြန်မာသင်္ဘောသားများကျတော့ လစာ လျှော့ပေးသည်ဆိုလို့ ရင်နာသွားခြင်း ဖြစ်သည်။ မိမိ ရရှိသည့် လစာအမှန်ကို ပြောလိုက်ပါသည်။

"ကျွန်တော့်လစာဟာ အမေရိကန်ဒေါ်လာ ရှစ်ရာ့ငါးဆယ်ပါ ခင်ဗျာ"

ဒီတစ်ခါ ခေါင်းတဆတ်ဆတ် ညိတ်နေတာ မန်နေဂျာ ဖြစ်သည်။ သူပေးထားသည့် လစာကို သတိရသွားတာ ဖြစ်မည်။ ဒါတောင် အိုင်တီအက်ဖ် (ITF) အတွက် လိမ်ထားရသည့် လစာ-၁၆၀၀ အကြောင်းကို ကိုအဏ္ဏဝါက ထည့်မပြောဘဲ ထားလိုက်ပါသည်။ မပြောသော်လည်း သူကိုယ်တိုင် လုပ်ထားသည့် ကိစ္စဖြစ်လို့ သူသိနေတာ သေချာသည်။

"မင်းတို့ နိုင်ငံကို ငါလာပြီး သင်္ဘောသား ရွေးတုန်းက မင်းလို ရာထူးမျိုးကို ဒေါ်လာ ၁၆၀၀-ပေးဖို့ ကမ်းလှမ်းတော့ သူတို့က ခေါင်းခါတယ်၊ ငါက နည်းလို့လားဆိုတော့ မဟုတ်ဘူး များလို့တဲ့၊ အဲဒါနဲ့ ၁၅၀၀/ ၁၃၀၀/ ၁၂၀၀/ ၁၁၀၀ အထိ သူတို့ ခေါင်းခါတုန်းပဲ၊ ငါစိုးရိမ်လာတာနဲ့ အပြတ်ပြောလိုက်တယ်။ ၁၁၀၀ မှ လက်မခံဘူးဆို လျှင်တော့ ခင်ဗျားတို့ဆီက လူကို မခေါ်တော့ဘူးဆိုတော့မှ ၁၁၀၀ ကို သဘောတူလိုက်ကြတယ်။ အဲဒီမှာ ငါ မှတ်မိတယ်။ ဝင်းဟန်တို့ကို ငါ ရွေးခဲ့တယ်"

သူ ပြောသည့် ဦးဝင်းဟန်သည် ပိုသီးတိုး ကုမ္ပဏီ၏ မြန်မာပြည်ဆိုင်ရာ သင်္ဘောသား ကိုယ်စားလှယ် လုပ်ခဲ့သူ ဖြစ်သည်။ လစာ ၁၁၀၀ စား ၁၀မှ ၉၀၀ သို့ လျှော့ချ ခံရသောအခါ သင်္ဘော မလိုက်တော့ ဘဲ

http://www.linhtet.com



ကုမ္ပဏီ ကိုယ်စားလှယ် လုပ်နေခဲ့သူ ဖြစ်သည်။ ဦးဝင်းဟန် ကွယ်လွန်သွားလို့ သင်္ဘောသား အလုပ်အကိုင်ရုံးက ပြန်ကိုင်သောအခါမှ ကိုအဏ္ဏဝါတို့ အလုပ်ရခဲ့တာ ဖြစ်သည်။

ဒီဇင်ဘာ ၄-ရက်နေ့မှာ မန်နေဂျာ ကပ္ပိတန်ဖူးရှိ့စ် ဒန်းကတ်မှ ပြန်သွားသည်။ မန်နေဂျာ ပြန်သွားပြီဆိုတော့ ကိုအဏ္ဏဝါလည်း သင်္ဘောမှာ မနေတော့ဘဲ မြို့ထဲ လျှောက်လည်သည်။ အုတွေ အသည်းတွေ တုန်အောင် အေးနေသည့် ရာသီဥတုရဲ့ နှင်းဖွေးဖွေးတွေ အောက်မှာ ကိုအဏ္ဏဝါ တစ်ယောက်တည်း လျှောက်နေသည်။ မခံသာအောင် အေးခဲထုံကျဉ်လာပြီဆိုလျှင် နီးရာ ဘားဆိုင်ထဲ ပြေးဝင်ပြီး ဝီစကီ နှစ်ပက်လောက် မော့သောက်သည်။ ပြီးလျှင် ဆက်လျှောက်သည်။

ဒန်းကတ်မြို့လယ်ကောင် တစ်နေရာမှာ ပြင်သစ် စစ်သား ကြေးရုပ်တစ်ခု တွေ့သည်။ ကြေးရုပ်ရဲ့ အောက်ခံခုံမှာ ပြင်သစ်နှင့် အင်္ဂလိပ်နှစ်ဘာသာဖြင့် စာတွေ ရေးထားသည်။ ၁၉၄၄-ခုနှစ်၊ ဇွန်လ ၈- ရက်နေ့က နော်မန်ဒီ တိုက်ပွဲမှာ ကျဆုံးသွားသော ပြင်သစ်စစ်သားတွေ ကို ဂုဏ်ပြု ထုလုပ်ထားသည့် ကြေးရုပ်ဟု ရေးထားသည်။

ကိုအဏ္ဏဝါတို့ငယ်ငယ်၊ လူပျိုဘဝတုန်းက ကြည့်ခဲ့ဖူးသည့် ရုပ်ရှင်ကားကြီး လောင်ဂစ်ဒေး (Longest Day) ကို ပြန်လည် သတိရလာသည်။ ဂျာမန်ကို တိုက်ရန် အတွက် မဟာမိတ်တပ်တွေ နော်မန်ဒီ ကမ်းခြေကို အလုံးအရင်းဖြင့် တက်ပြီး ထိုးစစ် ဆင်ခံတာကို မြင်ယောင်လာသည်။

## ပြင်သစ်မှ မော်ရိုကို သို့

ပြင်သစ်နိုင်ငံ ဒန်းကတ်မြို့မှာ ကုန်တင်တာကြာနေသည်။ နှင်းမိုးတွေ အဆက်မပြတ် ရွာချနေလို့ ကုန်တင်တာ ရပ်ထားရသည်။ ကုန်တင်ကုန်ချ အလုပ်သမားတွေ သပိတ်မှောက်၊ ဆန္ဒပြကြလို့ ကုန်တင်တာ ရပ်ထားရသည် စသည်ဖြင့် ရက်တွေ ကြာနေသည်။ မြန်မာသင်္ဘောသား ကိုအဏ္ဏဝါ၏ နှလုံးသား အဘိဓာန်မှာ အလုပ်သမားသပိတ် ဆိုသည့်

http://www.linhtet.com



ဝေါဟာရ စကားလုံး ပျောက်နေတာ အတော်ကြာပြီပါလားလို့ သတိရလိုက်ပါသည်။ ရသင့်ရထိုက်သည့် အခွင့်အရေးကို မရလို့ တရားသဖြင့် တောင်းဆိုသည့် လက်နက်မဲ့ တိုက်ပွဲ ဆိုတာကို ရေးရေးမှတ်မိလာသည်။

ပြင်သစ်နိုင်ငံ ဒန်းကတ်မြို့က မထွက်နိုင်သေးတော့ ကိုအဏ္ဏဝါက မြို့ထဲကို နေ့စဉ် ထွက်လည်သည်။ နှစ်ပေါင်းများစွာကတည်းက ငါ ကြားဖူးနေသည့် နော်မန်ဒီ ကမ်းခြေ၊ ဒန်းကတ်မြို့ ဆိုတာတွေကို ဝအောင်ကြည့်မယ်ကွာ ဆိုသည့် အတွေးဖြင့် ချမ်းချမ်းအေးအေးထဲမှာ အနွေးထည် အထပ်ထပ်ဝတ်ပြီး ထွက်သည်။ မြို့ထဲလျှောက်ကြည့်သည်။ နှင်းမှုန်တွေထဲမှာ တစ်ယောက်တည်း လျှောက်သွားနေသည့် ကိုအဏ္ဏဝါသည် လူထူးလူဆန်းလို ဖြစ်နေသည်။ အေးလွန်းလို့ မြို့ကြီး တစ်မြို့လုံး တိတ်ဆိတ်နေသည်။ လမ်းတွေပေါ်မှာ လူသွားလူလာ မရှိသလောက် ရှင်းနေသည်။ နှင်းခဲသင်ဖြူး ခင်းထားသည့်လမ်းပေါ်မှာ တစ်ခါတလေ မောင်းသွားသည့် ကားတစ်စီးတလေကို တွေ့ရတာက လွဲလို့ ပကတိ တိတ်ဆိတ်နေသည်။ ဆိုးရွားသည့် ဆောင်းဒဏ်ကို အနွေးဓာတ်ပေးထားသည့် အဆောက်အအုံတွေထဲမှာ နေရင်း ခုခံနေကြသည်။ လမ်းပေါ်မှာ လျှောက်သွားနေသည့် ကိုအဏ္ဏဝါကတော့ အူထဲအသည်းထဲ တုန်အောင် အေးလာပြီ၊ ထုံကျဉ်လာပြီဆိုလျှင် နီးရာဘားဆိုင်ကို ပြေးဝင်ပြီး ဝီစကီ နှစ်ပက်လောက် သောက်ပစ်လိုက်သည်။

ဘားဆိုင်ထဲက အနွေးဓာတ်နှင့် ဗိုက်ထဲရောက်သွားသည့် ဝီစကီ အနွေးဓာတ်ကြောင့် နေသာထိုင်သာ ဖြစ်သွားပြီဆိုလျှင် ဆက်လျှောက်သည်။ ပြင်သစ်ပိုက်ဆံ ဖရန့်တွေ ကုန်ပြီဆိုလျှင် နီးရာဘဏ်ကိုဝင်ပြီး ပိုက်ဆံဝယ်သည်။ အမေရိကန် တစ်ဒေါ်လာ ပေးလျှင် ပြင်သစ်ပိုက်ဆံ ဖရန့် ၇.၇၅ လောက်ရသည်။ ပြင်သစ်ပြည်ကို ရောက်ခိုက်မှာ အမှတ်တရ အဖြစ် ရေမွှေး တစ်ပုလင်း ဝယ်မည်ဟု စိတ်ကူးရသည်။

ပြင်သစ်နိုင်ငံမှာ ရေမွှေးလုပ်ငန်းဟာ ပုသိမ်မှာ ဟာလဝါ လုပ်သကဲ့သို့ လည်းကောင်း၊ မန္တလေးမှာ ထိုးမုန့် လုပ်သကဲ့သို့ လည်းကောင်း၊ ညောင်ဦးမှာ ပုန်းရည်ကြီး လုပ်သကဲ့သို့ လည်းကောင်း အိမ်တိုင်းက လုပ်နေကြသည်။ အမေရိကန် ဆယ်ဒေါ်လာ ပေးလျှင် လေးပုလင်း ရသည့်

http://www.linhtet.com



အပေါစား ရေမွှေးတွေ ရှိသလို တစ်ပုလင်းကို ဆယ်ဒေါ်လာ ပေးရသည့် ရေမွှေးတွေလည်း ရှိသည်။

ကိုအဏ္ဏဝါသည် ရေမွှေးအရောင်းဆိုင်ကို ဝင်ပြီး ဖရန့် ၆၀ တန် ရေမွှေး တစ်ပုလင်း ဝယ်သည်။ ငွေပေး ပစ္စည်းယူ လုပ်ခါနီးမှာ ရေမွှေးရောင်းသူ အမျိုးသမီးသည် ကိုအဏ္ဏဝါကို တစ်စုံတစ်ခု မေးသည်။ ကိုအဏ္ဏဝါ ဘာမျှ နားမလည်ပါ၊ နားမလည်ဘဲ ခေါင်းညိတ်လိုက်မိသည်။ အမျိုးသမီးသည် ရေမွှေးပုလင်းကို မပေးတော့ဘဲ ပြန်သိမ်းယူ သွားလေတော့သည်။

ကိုအဏ္ဏဝါ နားမလည်နိုင်အောင် ဖြစ်သွားသည်။ ဘယ်လို ဖြစ်တာပါလိမ့်ဟု တွေးမိသည်။ ပြင်သစ်နိုင်ငံသည် အင်္ဂလန်နှင့် ခဲတစ်ပစ် မျှသာ ဝေးသော်လည်း အင်္ဂလိပ်စကား မပြောလို့ ခက်နေသည်။ တွေ့သမျှ လူကို ပြင်သစ်လိုပဲ စကားပြောသည်။ မအူမလည် ကိုအဏ္ဏဝါ ကလည်း နားမလည်ဘဲ ခေါင်းညိတ်လိုက်မိသည်။ ပိုက်ဆံပေး ပြီးခါမှ ပစ္စည်းကို မပေးဘဲ ပြန်သိမ်းသွားတာ ဘာသဘောလဲဟု စဉ်းစားနေရ တော့သည်။ နာရီဝက်ခန့် ကြာပြီးမှ ဈေးရောင်းသည့် အမျိုးသမီး ပြန်ထွက် လာသည်။

ကိုအဏ္ဏဝါ ဝယ်ထားသည့် ရေမွှေးပုလင်းလေးကို ငွေရောင် ပန်းစက္ကူ လှလှလေးဖြင့် ပတ်ပြီး ဖဲပြားအဝါလေးဖြင့် ပန်းပွင့်ဖော်ပြီး ပတ်ထားသည်။ ငွေဗန်းလေးပေါ်မှာ တင်ယူလာပြီး တရိုတသေ ပေးပါ သည်။ ဒီတော့မှ ကိုအဏ္ဏဝါ သဘောပေါက်တော့သည်။ သူ မေးတာဟာ (နှင့်ချစ်သူကို လက်ဆောင်ပေးမလို့လား)လို့ မေးတာ ဖြစ်ပေလိမ့်မည်။ ကိုအဏ္ဏဝါသည် နားမလည်ဘဲ ရမ်းပြီး ခေါင်းညိတ်လိုက်မိသည်။ အတော် အလိုက်သိတဲ့ တိုင်းပြည်ပဲကိုးဟု တွေးလိုက်မိသည်။

ဒီဇင်ဘာ ၁၂-နေ့ကျမှ ဒန်းကတ်က ပြန်ထွက်နိုင်သည်။ သင်္ဘော ကြီးသည် သကြားအိတ်တွေ အပြည့် တင်ထားလို့ ဝပ်နေသည်။ သင်္ဘော ထွက်ပြီးလို့ အတော့်ကိုကြာတော့မှ ည ၁၂-နာရီမှာ ကပ္ပိတန်က ကိုအဏ္ဏဝါ၏ အိပ်ခန်းတံခါးကို လာခေါက်ပြီး ကြေးနန်း ပို့ခိုင်းသည်။ ကြေးနန်းစာပါ အကြောင်းအရာအရ မော်ရိုကိုနိုင်ငံ ဆီယူးတား (CEUTA) ဆိပ်ကမ်းကို ဝင်ပြီး လောင်စာဆီ ဖြည့်မည်ဟု သိရသည်။

http://www.linhtet.com



## ထိပ်တန်းလျှို့ဝှက် ကြေးနန်း တစ်စောင်

ကိုအဏ္ဏဝါသည် သူ အလွန်ကြောက်ခဲ့သည့် ပေါ့တေးရုပ် ရေဒီယို စတေရှင် (GKB) ကို အလွန် သဘောကျနေသည်။ အလုပ် လုပ်လို့ အလွန် ကောင်းသည့် ရေဒီယို စတေရှင်ဖြစ်ကြောင်း သိရှိသွားပြီ ဖြစ်သည်။ ကမ္ဘာမှာ အကောင်းဆုံးလို့တောင် ပြောလိုက်ချင်သည်။ တိကျသည်။ စည်းကမ်း ကြီးသည်။ ၂၄-နာရီလုံး နိုးကြားစွာ စောင့်နားထောင်ပြီး အလုပ် လုပ်နေကြသည်။

အင်္ဂလိပ် ရေလက်ကြားက ထွက်ပြီး ဘတ်စ်ကေး ပင်လယ်အော်ကို ဖြတ်နေသည်။ ဘတ်စ်ကေး ပင်လယ်၏ သဘာဝအတိုင်း လှိုင်းရှိနေသည်။ သင်္ဘောကြီးက ကုန်အပြည့် ထည့်ထားလို့ လှုပ်တာနည်းနည်းသက်သာ နေသည်။ တစ်နေ့လုံးနှင့် တစ်ညလုံး လှိုင်းမူးသည့် ဒဏ်ကို ခံနေကြရသည်။

၁၅-ရက်နေ့ကျမှ လှိုင်းလေငြိမ်သွားသည်။ တက်မစင်ပေါ် တက်ပြီး သင်္ဘော တည်နေရာကို မြေပုံပေါ်မှာ ကြည့်လိုက်တော့ ပေါ်တူဂီ ကမ်းခြေကို ချဉ်းကပ်ပြီး မောင်းနေတာ တွေ့ရသည်။ ရာသီဥတု သာယာနေလို့ နေ့လယ် တစ်ရေးတစ်မော အိပ်မည် လုပ်နေစဉ်မှာ ကိုအဏ္ဏဝါ၏ အခန်းကို ကပ္ပိတန် ရောက်လာပြီး ကြေးနန်း တစ်စောင် ပို့ရန် လာပေးသည်။

"ရေဒီယို အော်ဖစ်ဆာ၊ ဒီကြေးနန်ဟာ ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်တယ်။ ဒီကြေးနန်းပါ အကြောင်းအရာတွေကို လုံးဝ မပေါက်ကြားစေနဲ့"

"ကပ္ပိတန် ခင်ဗျာ၊ ဘယ်ကြေးနန်းပါ အကြောင်းအရာမျှ ကျွန်တော့် ဆီက မပေါက်ကြားစေရပါဘူး၊ ဒါဟာ အာအိုတိုင်း လိုက်နာရတဲ့ စည်းကမ်းပါ ခင်ဗျာ"

"သိပ်ကောင်းတယ်၊ ကျေးဇူးပဲ"

ကပ္ပိတန် ပြန်ထွက်သွားတော့မှ ကြေးနန်းစာပါ အကြောင်းအရာကို ဖတ်ကြည့်သည်။ ဂရိလူမျိုး ဒုတိယ အင်ဂျင်နီယာကို မော်ရိုကို ရောက်လျှင် အလုပ်ဖြုတ်ပစ်ပါဟု မေတ္တာရပ်ခံသည့် ကြေးနန်းဖြစ်သည်။

http://www.linhtet.com



အလုပ်ဖြုတ်ရန် အကြောင်းပြသည့် အချက်တွေက အသေးအဖွဲတွေ ဖြစ်သည်။ သူ့အတွက် သောက်ရေသန့် ဝယ်မပေးလို့ မကျေနပ်သည့် ကိစ္စ၊ မျက်နှာသုတ်ပဝါ တစ်ပတ်တထည် လဲမပေးလို့ မကျေနပ်သည့် ကိစ္စတွေကို ဖြည့်ဆည်းဆောင်ရွက် မပေးနိုင်လျှင် သူ့ကို အလုပ်မှ နုတ်ထွက်ခွင့်ပြုရန် တောင်းဆိုကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ဒီကိစ္စသည် ကုလား အင်ဂျင်နီယာချုပ်၏ ပယောဂ မကင်းဟု ယူဆရသည်။ ကုလားကြီးသည် သူ့လက်အောက်က ဂရိအင်ဂျင်နီယာကို ခိုင်းစေရာတွင် အခက်အခဲ ရှိနေလို့ ဂရိလူမျိုး နေရာမှာ အခြားလူမျိုး အင်ဂျင်နီယာနဲ့ အစားထိုးချင်နေတာ ကြာပြီ ဖြစ်သည်။ ကပ္ပိတန်ကို တွန်းတိုက် လုပ်နေခဲ့သည်ဟု သတင်း ကြားသိရသည်။

ကိုအဏ္ဏဝါသည် ထိုကြေးနန်းကို အင်္ဂလန်မှ တစ်ဆင့် အေသင် ကို ပို့လိုက်သည်။ ဒီအကြောင်းကိုလည်း မိမိ ပါးစပ်က တစ်ခွန်းတစ်ပါဒ မျှ မထွက်ရအောင် အထူး သတိထားသည်။

၁၇-ရက်နေ့မှာ ကိုအဏ္ဏဝါ အိပ်ရာက ထလာတော့ ဆိပ်ကမ်း တစ်ခုမှာ ဝင်ကပ်ဖို့ လုပ်နေတာ တွေ့ရသည်။ နာရီ ကြည့်လိုက်တော့ နံနက် ၇-နာရီခွဲပဲ ရှိသေးသည်။ လှမ်းမြင်နေရသည့် ဆိပ်ကမ်း မြင်ကွင်း ကြောင့် အတော်အသင့် အဆင့်အတန်း ရှိသည့် နိုင်ငံဆိုတာ ခန့်မှန်းလို့ ရသည်။ မော်ရိုကို နိုင်ငံ ဆီယူးတားမြို့ ဆိပ်ကမ်းပဲ ဖြစ်ရမည်ဟု တွေးလိုက်ပါသည်။

ဆိပ်ကမ်း ကပ်ပြီး မကြာမီ ဒေသကိုယ်စားလှယ် ရောက်လာ သည်။ ဆီ၊ ရေ၊ ရိက္ခာ ဖြည့်ရေး အစီအစဉ် လာပြောခြင်း ဖြစ်သည်။ ဒေသ ကိုယ်စားလှယ်နှင့်အတူ ကြေးနန်း တစ်စောင် ပါလာသည်။ ကြေးနန်းစာက ဂရိလူမျိုး ဒုတိယ အင်ဂျင်နီယာအတွက် ဖြစ်သည်။ ကြေးနန်းစာပါ အကြောင်းအရာကို မဖတ်လိုက်ရသော်လည်း ခန့်မှန်းလို့ ရသည်။ သင်သည် ဒီကြေးနန်းကို ဖတ်ပြီးပါက သင်္ဘောမှ ဆင်းပြီး မော်ရိုကိုမှာ ကျန်ခဲ့ပါဆိုသည့် အကြောင်းဖြစ်မည်။ အလုပ်က ဖြုတ်လိုက် ခြင်း ဖြစ်သည်။

http://www.linhtet.com



ဂရိ ဒုတိယ အင်ဂျင်နီယာသည် သင်္ဘောက ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် သင်္ဘောပေါ်က ဆင်းသွားခဲ့သည်။ သင်္ဘောပေါ်ကို တက်လာတုန်းကလည်း အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် တက်လာခဲ့သူ ဖြစ်သည်ဟု ကိုညွှန့်စိန်က ပြောပြသည်။ ပညာအားကိုးဖြင့် လုပ်စားနေသော တကယ့် သင်္ဘောသား ဖြစ်သည်။ ဟန်ပန်မရှိ၊ ရုပ်ဝတ္ထု ပစ္စည်းတွေ အပေါ်မှာ လိုချင်တပ်မက်သည့် စိတ်မရှိ၊ လိုချင်တာထက် လိုအပ်တာကိုသာ ဦးစားပေးသူ ဖြစ်သည်။ သို့သော် သင်္ဘောသား တစ်ယောက်၏ ရသင့် ရထိုက်သည့် အခွင့်အရေး ကို မရလျှင်မူ အလုပ်ထွက်မည်ဆိုသည့် လူမျိုး ဖြစ်သည်။

❐

[ ၁၁ ]

# ဂရိလိုင်း အရသာများ

မော်ရိုကိုနိုင်ငံသည် ဥရောပ အသွင်ကို ဆောင်နေသော အာရပ်နိုင်ငံ ဖြစ်သည်။ တောင်ပိုင်းက အာရပ်နိုင်ငံတွေ ဖြစ်သည့် ဆော်ဒီတို့၊ အီရန်တို့လို မူဆလင်ဘာသာရေး အယူသီးသည့် နိုင်ငံမဟုတ်တာ တွေ့ရသည်။ အမျိုးသမီးတွေ ခေတ်ဆန်ဆန် ဝတ်စားပြီး လွတ်လွတ်လပ်လပ် သွား လာနေကြတာတွေ တွေ့ရသည်။ ဆိပ်ကမ်း အလုပ်သမားတွေလည်း ဂျင်းဘောင်းဘီ ဝတ်ထားတာ တွေ့ရသည်။

## ဆီးရီးယား နိုင်ငံက ခရစ္စမတ်နေ့

ကိုအဏ္ဏဝါသည် မော်ရိုကို နိုင်ငံရောက်ခိုက်မှာ ဆီယူးတားမြို့ပေါ် တက်လည်သည်။ တက်မကိုင် ကိုရွှေထွန်းနှင့် ဘိုနီတို့ကို အဖော်အဖြစ် ခေါ်သွားသည်။ အာရပ်နိုင်ငံ ဆိုသော်လည်း စပိန်စကား ပြောသည်။ ပြင်သစ်စကားကို ပြောလျှင် အများစုက နားလည်ကြသည်။ အင်္ဂလိပ် စကားကတော့ သိပ်ပြီး အသုံးမတည့် ဖြစ်နေတာ တွေ့ရသည်။

ကိုအဏ္ဏဝါတို့ လူစုသည် မြို့ထဲမှာ ကုန်းကြောင်းလျှောက်နေကြ သည်။ မူဆလင် နိုင်ငံဆိုသော်လည်း အရက်ဆိုင်တွေနှင့် ပြည့်တန်ဆာ

http://www.linhtet.com



တန်း ရှိသည်။ အရက်ဆိုင်တွေမှာ မည်သူမဆို လွတ်လွတ်လပ်လပ် ဝယ်သောက်လို့ ရသည်။ စပိန်နှင့် ပြင်သစ် ယဉ်ကျေးမှု သြဇာ လွှမ်းမိုး နေတာကို သတိပြုမိသည်။ အဆောက်အအုံတွေ၏ ဗိသုကာ လက်ရာ တွေသည်ပင် ဥရောပ လက်ရာတွေ ဖြစ်နေသည်။



မော်ရိုကိုနိုင်ငံ ဆီယူးတားမြို့

ပန်းခြံတွေမှာ အေးအေးဆေးဆေး လာရောက်ပြီး အပန်းဖြေ အနားယူ နေသူတွေကို တွေ့ရသည်။ ဦးခေါင်းမှာ ပဝါ အုပ်ထားသည့် အမျိုးသမီး တစ်ယောက်တလေ တွေ့သည်။ အများစုကတော့ ဥရောပ စတိုင်ဖြစ်သည့် ဘောင်းဘီရှည်၊ ဂါဝန်၊ စကတ်တွေ ဝတ်ပြီး လွတ်လွတ် လပ်လပ် သွားလာနေကြတာ တွေ့ရသည်။

တိုမို-(၈၅) သင်္ဘောဖြင့် ကိုအဏ္ဏဝါ ရောက်ဖူးခဲ့သည့် အာရပ်နိုင်ငံ တချို့မှာ အမျိုးသမီးကို တွေ့ချင်လို့တောင် မြင်ခွင့်မရ ဖြစ်နေသည်။ ဘာသာရေးနှင့် ရိုးရာ ယဉ်ကျေးမှုအရ အမျိုးသမီးတွေ အိမ်တွင်းပုန်း ကြရသည်။ မော်ရိုကိုမှာတော့ ရပ်မြင်သံကြားမှာ အမျိုးသမီးလှလှပုံတွေ

http://www.linhtet.com



မကြာခဏ ပေါ်လာတာ တွေ့ရသည်။ ဘုရင်မင်းမြတ်နှင့် မိဖုရား ချောချောတို့၏ ပုံကို မကြာခဏ ဖော်ပြတာလည်း တွေ့ရသည်။ နိုင်ငံ ဥသျှောင်ကို အရိုအသေ ပြုကြခြင်း ဖြစ်သည်။

ကိုအဏ္ဏဝါသည် မော်ရိုကိုရောက် အမှတ်တရအဖြစ် ရွှေနားကွပ် ယွန်းလင်ပန်း နှစ်ချပ် ဝယ်ပြီး သင်္ဘောကို ပြန်ခဲ့သည်။ ည ၈-နာရီမှာ မော်ရိုကိုနိုင်ငံ ဆီယူးတားမြို့မှ ပြန်ထွက်ခဲ့ပါသည်။

၁၉-ရက်နေ့သည် သင်္ဘောပေါ်ရောက်တာ တစ်လပြည့်သော နေ့ ဖြစ်သည်။ အလုပ်အကိုင် အားလုံး အဆင်ပြေနေသည်။ သင်္ဘော ပေါ်မှာ ရှိသည့် နိုင်ငံခြားသား ကုလားတွေနှင့်လည်း အဆင်ပြေနေသည်။ ကပ္ပိတန် ဖိလစ်မာတင်သည် လူကြီးလူကောင်း ဖြစ်သည့်အပြင် နာယက ဂုဏ်ဖြင့် ပြည့်စုံသူ ဖြစ်လို့ ကိုအဏ္ဏဝါ စိတ်ချမ်းသာနေသည်။

၂၁-ရက်နေ့မှာ ပုံမှန်အတိုင်း ဂျူတီ ဝင်နေသည်။ သင်္ဘောသည် မြေထဲပင်လယ်ကို အလျားလိုက် ခုတ်မောင်းနေသည်။ မြေထဲ ပင်လယ် သည် သင်္ဘောတွေ ဆုံသောနေရာ ဖြစ်သည်။ စူးအက်တူးမြောင်းကို ဝင်မည့် သင်္ဘောတွေနှင့် ထွက်လာကြသည့် သင်္ဘောတွေ တစ်စီးကို တစ်စီး မြင်နေရလောက်အောင် နီးနီးကပ်ကပ် ဖြတ်သွား ဖြတ်လာ လုပ်ကြရသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောသည် အနောက်မှ အရှေ့ကို သွားနေသည်။ အနောက်မှ အရှေ့ကို လာနေသည့် သင်္ဘော တစ်စီးကို တွေ့ရသည်။ စူးအက်တူးမြောင်းက ထွက်လာပြီး ဂျီဘရော်လတာ ဘက်ကို သွားနေသည်။ သင်္ဘောနာမည်ကို ဖတ်မရဖြစ်နေသည်။ ထုံးစံ အတိုင်း (ငါရဲ့ ယာဘက်က အနောက်ဘက်ကို သွားနေတဲ့ သင်္ဘော၊ အက်ပိုကေတီ ခေါ်တယ် ကြားပါသလား) ဟု လှမ်းခေါ်လိုက်သည်။

"ကြားပါတယ် အက်ပိုကေတီရေ၊ ပြောပါ"

ပြန်ဖြေသည့် သူ၏ အင်္ဂလိပ် စကားပြောသံသည် မြန်မာလေသံ ဖြစ်နေသည်။ တက်မစင်မှာ တာဝန်ကျချိန်အရ တတိယ ကုန်းပတ် အရာရှိ၏ တာဝန်ချိန် ဖြစ်သည်။

"ခင်ဗျားတို့ သင်္ဘောမှာ မြန်မာသင်္ဘောသားတွေများ ပါသလား ဗျာ"

http://www.linhtet.com



"ဟာ ပါတာပေါ့ဗျာ၊ ကျွန်တော်လည်း မြန်မာပဲ"

မြန်မာချင်း တွေ့ကြပြီဆိုတော့ မြန်မာလိုပဲ ပြောကြတော့သည်။ အားရပါးရ ရှိလှသည်။ သိချင်တာတွေ မေးကြ ဖြေကြသည်။

"အာအိုက ဘာ လူမျိုးလဲ ညီလေးရေ"

"အနိုပ်သည်လည်း ရွှေပါပဲ၊ မီးရထားက ထွက်တဲ့ ဦးအေးမင်းပါ"

"ဟာ ကိုအေးမင်းကို ခေါ်ပေးစမ်းပါဗျာ၊ ကျွန်တော် စကားပြောချင်ပါတယ်"

မီးရထား ရုံပိုင်ဘဝမှ သင်္ဘောသား အာအို ဖြစ်လာသော ကိုအေးမင်းနှင့် ကိုအဏ္ဏဝါတို့ ခင်မင်ရင်းနှီးသည်။ သင်္ဘောသား မဖြစ်မီ သင်္ဘောသားဖြစ်ဖို့ ကြိုးစားနေကြစဉ်က ပလက်ဖောင်းပေါ်မှာ အတူထိုင်ပြီး သင်္ဘောသားဘဝကို စိတ်ကူးယဉ်ခဲ့ကြသူတွေ ဖြစ်သည်။ ရေဒီယို အသံဖမ်းစက်မှ ကိုအေးမင်းရဲ့ အသံ ထွက်ပေါ်လာသည်။

"ကျွန်တော် အေးမင်းပါ ခင်ဗျာ"

"ကောင်းသောနံနက်ခင်းပါ ကိုအေးမင်း၊ ကျွန်တော် စိုးမြင့်ပါ"

"ဘယ်စိုးမြင့်လဲ မသိဘူး"

"ရေတပ်က ထွက်တဲ့ ထိပ်ပြောင် စိုးမြင့်ပါဗျာ"

"ဟာ ကိုစိုးမြင့် မင်္ဂလာပါဗျာ"

မိတ်ဆွေနှစ်ယောက် တွေ့ကြတော့ ရှေးဟောင်း နှောင်းဖြစ်တွေ ပြောကြသည်။ သိချင်တာတွေ မေးကြ ဖြေကြသည်။ ပြောလို့ အားရတော့မှ ကိုယ်လမ်းကိုယ် သွားကြတော့သည်။

၂၄-ရက်နေ့မှာ ဆီးရီးယားနိုင်ငံ လာတာကီးယား (LATTA-KIA) မြို့ကို ရောက်ပြီး ကျောက်ချသည်။ မိမိတို့ သင်္ဘော ရောက်ရှိလာကြောင်း ကြေးနန်း ပို့မလို့ ဝါယာလက်ဖြင့် ခေါ်သည်။ လုံးဝ ပြန်မထူး၊ ဒီဆိပ်ကမ်းမှာ ဝါယာလက် စတေရှင်တော့ ရှိသည်။ အလုပ်မလုပ်ဘဲနေတာ ဖြစ်သည်။ ဆီရီးယားနိုင်ငံကို ရောက်နေသော်လည်း ဆီးရီးယား အတွက် ကြေးနန်းကို အင်္ဂလန်က တစ်ဆင့် ပို့လိုက်ရတော့သည်။

http://www.linhtet.com



ယနေ့သည် ခရစ္စမတ် အကြိုနေ့ ဖြစ်သည်။ သင်္ဘောမှာ သောက်ပွဲ၊ ပျော်ပွဲတွေ လုပ်ကြသည်။ ပျော်ကြသည်။ ကိုညွှန့်စိန်က စန်တာကလော့ ဝတ်စုံကြီး ဝတ်ပြီး သင်္ဘောသား အခန်းတွေကို လိုက်ပြီး အလှူခံတာ ဒေါ်လာ တစ်ရာလောက် ရသည်။ ဘွန်းစတိုက ဘီယာ၊ အရက်တွေ ဝယ်ပြီး သောက်ကြ စားကြသည်။ အစွမ်းကုန် ပျော်ကြသည်။

အပျော်လွန်ပြီး ကိုကျော်ဆွေနှင့် ကိုမျိုးသန့်တို့ ရန်ဖြစ်ကြတော့သည်။ ကိုကျော်ဆွေက စတုတ္ထ အင်ဂျင်နီယာ၊ ကိုမျိုးသန့်က စက်ကိရိယာ တပ်ဆင်သူ (ဖစ်တာ) ဖြစ်သည်။ အလုပ်နှင့် ပတ်သက်ပြီး စက်ခန်းထဲမှာ အစာမကျေသည့် ကိစ္စတွေသည် မူးလာသည့်အခါ ငြိကြတော့သည်။ ထိုးမယ် ကြိတ်မယ်အထိ ဖြစ်လာကြသည်။ ကိုညွှန့်စိန်က လည်း စန်တာကလော့ ဝတ်စုံဖြင့် ကိုကျော်ဆွေကို ဆွဲသည်။ ကိုအဏ္ဏဝါကလည်း ကိုမျိုးသန့်ကို ဆွဲရသည်။

ညသန်းခေါင် ကျော်နေပြီ ဖြစ်သည်။ ရန်ဖြစ်ပြီး ဆဲဆိုအော်ဟစ်နေကြသဖြင့် ကပ္ပိတန် အိပ်လို့ မရတော့ဘဲ သူ့အခန်းထဲက ထွက်လာသည်။ အားလုံးကို သိမ်းကျုံး ဆူတော့သည်။

"ဘာဖြစ်နေကြတာလဲ၊ ဒီနေ့ဟာ မင်္ဂလာရှိတဲ့ နေ့ကွ၊ မေရီ ခရစ္စမတ်ကွ၊ မင်းတို့ နားမလည်ဘူးလား၊ ကိုယ့်အခန်း ကိုယ်ဝင်အိပ်ကြတော့"

ဒီတော့မှပဲ အားလုံး ငြိမ်သွားကြပြီး ကိုယ့်အခန်း ကိုယ်ပြန်ပြီး အိပ်ကြတော့သည်။ ကိုယ့်အခန်း ကိုယ် မပြန်တတ်တော့သည့် ဘိုနီ တစ်ယောက်ကတော့ ထမင်းစားခန်းမှာ အိပ်ပျော်သွားတော့သည်။

နောက်နေ့ (၂၅-ရက်နေ့)သည် ခရစ္စမတ်နေ့ဖြစ်လို့ ကပ္ပိတန်က ဦးဆောင်ပြီး ဆိုကြ၊ တီးကြ၊ ကခုန် ပျော်မြူးကြသည်။ သောက်ကြ၊ စားကြသည်။ ထမင်းချက် နှစ်ယောက်၏ အထူးလက်ရာ အမြည်းတွေဖြင့် စားမကုန် သောက်မကုန် ဖြစ်နေသည်။ သင်္ဘောပေါ်မှာ တစ်ဦးတည်းသော အမျိုးသမီးဖြစ်သည့် ကုလားမ ရာနာကို ဝိုင်းဝန်းလက်ဆွဲ နှုတ်ဆက်ကြသည်။ ရာနာကလည်း ချစ်စရာ အပြုံးဖြင့် လက်ဆွဲ နှုတ်ဆက်

http://www.linhtet.com



သည်။ ကပ္ပိတန်က ရှန်ပိန်ပုလင်းကို ဖွင့်ပြီး လှုပ်လိုက်တာ ရှူးခနဲ အသံ မြည်ပြီး ရာနာရဲ့ ခေါင်းပေါ်မှာ အမြှုပ်တွေ တင်နေတော့သည်။ ရာနာက လန့်အော်ပြီး (ရှင်တို့ဟာက ရှန်ပိန်လား၊ ရှန်ပူလား) ရှန်ပိန်လား၊ ခေါင်းလျှော်ရည်လားလို့ မေးလိုက်လို့ ဝါးခနဲ ပွဲကျသွားသည်။

ပျော်ပျော်ပါးပါး သောက်စားကြသည်။ ကပ္ပိတန်က မနေ့က ရန်ဖြစ်တဲ့ ကျော်ဆွေနဲ့ မျိုးသန့်ကို မတ်တတ်ရပ်ခိုင်းသည်။

"မင်းတို့ နှစ်ယောက်ဟာ တစ်လေ့တည်းစီးပြီး တစ်ခရီးတည်း သွားနေကြသူတွေ မဟုတ်လား၊ ဘာကြောင့် ရန်ဖြစ်တာလဲ၊ အချင်းချင်း လက်ဆွဲ နှုတ်ဆက်ပြီး နောင် ရန်မဖြစ်တော့ပါဘူးလို့ ငါ့ကို ကတိပေးပါ"

ကိုကျော်ဆွေနှင့် ကိုမျိုးသန့်တို့ လက်ဆွဲနှုတ်ဆက်ကြပြီး ကတိပေးကြသည်။ အားလုံးက ဝမ်းသာအားရ လက်ခုပ်တီးကြသည်။

## ဟတ်ပီး နယူးယီးယား ဆီးရီးယား

ဒီဇင်ဘာ ၂၆-ရက်နေ့မှာ ကိုအဏ္ဏဝါ အိပ်ရာထ နောက်ကျနေသည်။ မနေ့က ညဥ့်နက်အောင် မအိပ်ဘဲ ပျော်နေမိလို့ ယနေ့ အိပ်ရာထ နောက်ကျနေခြင်း ဖြစ်သည်။ နာရီ ကြည့်လိုက်တော့ ၈-နာရီ ထိုးပြီးနေပြီ ဖြစ်သည်။ သင်္ဘောသည် ကျောက်ချထားရာ အရပ်မှ ဆိပ်ကမ်းမှာ ကပ်ထားတာတွေ့ ရသည်။ ဘယ်အချိန် ကျောက်ဖော်ပြီး ဘယ်အချိန် မောင်းဝင်လာမှန်း မသိလိုက် ဖြစ်သွားသည်။

ဆီးရီးယားနိုင်ငံသည် မူဆလင်နိုင်ငံ ဖြစ်သော်လည်း ဥရောပ အငွေ့အသက်နှင့် လက်လှမ်း မဝေးသည့်အတွက် ခရစ္စမတ် အရှိန်ဖြင့် ကုန်တင်ကုန်ချ မလုပ်သေးဘဲ နေသည်။ သင်္ဘောပေါ် တက်ပြီး ပစ္စည်း မျိုးစုံ ရောင်းသူတွေ ရောက်လာကြသည်။ လက်ပတ်နာရီ မျိုးစုံကို ပီနံအိတ်ကြီးဖြင့် ထုပ်ယူလာပြီး ရောင်းသူလည်း ပါသည်။ ရိုးလက်ခ်စ်၊ အိုမီဂါ၊ စီတီဇင်၊ ဆီကို အမျိုးစုံ ပါသည်။ အားလုံးအတုချည်း ဖြစ်သည်။ တစ်လုံးကို ဒေါ်လာ ၂၀ ဖြင့် ရောင်းသည်။ နာရီလေးတွေ လှလို့ ဝယ်ကြသည်။ ကိုအဏ္ဏဝါ နှစ်လုံးတောင် ဝယ်လိုက်သည်။ အတွေ့အကြုံ

http://www.linhtet.com



များသည့် ကုလား သင်္ဘောသားတွေက ငါးလုံး၊ ခြောက်လုံး ဝယ်ကြသည်။ ဆင်းရဲတဲ့ တိုင်းပြည်တွေ ရောက်သွားလျှင် အမြတ်တင်ပြီး ပြန်ရောင်းလို့ ရသည်ဟု ဆိုသည်။ ကောင်မလေးတွေကို ပေးပြီး တစ်ပတ်ဆယ်ရက် အတူအိပ်လို့ ရသည်ဟု ဆိုသည်။



အလုပ်သင် အင်ဂျင်နီယာ ရဲထွန်း နှင့် ကိုအဏ္ဏဝါ

၂၉-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ အလုပ် အားနေကြသည့် အတွက် လာတာကီးယား မြို့ထဲ လျှောက်လည်ကြသည်။ ရန်ဖြစ်ပြီးမှ ပြန်တည့်နေကြသည့် ကိုကျော်ဆွေ၊ ကိုမျိုးသန့်တို့ ဘာမှမဖြစ်ခဲ့ကြသလို ချစ်ချစ်ခင်ခင်ဖြင့် မြို့ထဲလိုက်လာသည်။ အလုပ်သင် အင်ဂျင်

http://www.linhtet.com



နီယာ ရဲထွန်းကလည်း ကိုအဏ္ဏဝါ သွားလေရာ လိုက်ပါသူ ဖြစ်သည်။ ကုလားအချင်ချင်း ဇာတ်မတူလို့ မြန်မာတွေနှင့် ပေါင်းသည့် လှျပ်စစ် အင်ဂျင်နီယာကလည်း ကိုအဏ္ဏဝါတို့နှင့် အတူ လိုက်ပါလာသည်။ သူက မိတ်ကောင်း ဆွေကောင်းပီပီ ကိုအဏ္ဏဝါကို သတိပေးသည်။

“စပတ်ခ်၊ ကျွန်တော်တို့အုပ်စု လူစု မကွဲစေနဲ့၊ ဒီနိုင်ငံသားတွေ စိတ်မချရဘူး၊ လုယက်တယ်။ တစ်ယောက်တည်း သွားနေရင် ခံရမှာပဲ”

စပတ်ခ်ဆိုတာ ရေဒီယို အော်ပရေတာကို ခေါ်သော သင်္ဘောသား အခေါ် ဖြစ်သည်။ သူက သမ္ဗာရင့် ဝါရင့် သင်္ဘောသား ဖြစ်သည့်အပြင် ဒီနိုင်ငံတွေကို အခေါက်ပေါင်းများစွာ ရောက်ဖူးသူ ဖြစ်သည်။ မြန်မာ သင်္ဘောသားတွေကို အလွန်ခင်သူ ဖြစ်သည်။

ဆီးရီးယားသည်လည်း မူဆလင်နိုင်ငံဆိုပေမဲ့ ဥရောပ ယဉ်ကျေးမှု လောင်းရိပ်အောက်က မလွတ်သဖြင့် အရက်ဆိုင်တွေ၊ နိုက်ကလပ်တွေဖြင့် လွတ်လွတ်လပ်လပ် ဖြစ်နေတာ တွေ့ရသည်။ ဆော်ဒီ၊ အဘူဒါဘီ၊ ဂျူဘိုင်းတို့လို တင်းကျပ်သည့် ဘာသာရေး တားမြစ်မှု မရှိတာ တွေ့ရသည်။ ပိုက်ဆံသာ ရှိလို့ကတော့ ကြိုက်သလောက် လွတ်လွတ်လပ်လပ် ပျော်လို့ ရသည်။ မြေထဲပင်လယ် ကမ်းနဖူးမှာ မေးတင်နေကြသည့် နိုင်ငံတွေ အားလုံးသည် ဥရောပ ယဉ်ကျေးမှု အရိပ်အငွေ့ မကင်းသည့် အတွက် လွတ်လပ်သည်။

၃၀-ရက်နေ့မှာ သင်္ကြားအိတ်တွေ ချသည်။ ကုန်ချတာ နှေးလွန်းလို့ ဆီးရီးယားမှာ ကြာမည့်သဘော ဖြစ်နေသည်။ ဘယ်မှ မသွားဘဲ သင်္ဘောမှာ နေသည်။ လကုန်ရက်ဖြစ်လို့ လချုပ်စာရင်းတွေ လုပ်ရသည်။ ကပ္ပီတန်က ရိက္ခာ လက်ကျန်စာရင်း ကောက်ခိုင်းလို့ လုပ်ပေးလိုက်သည်။ အလုပ်အကိုင် အဆင်ပြေနေသည်။ ကပ္ပီတန်ကလည်း ကိုအဏ္ဏဝါကို သဘောကျနေသည်။

၃၁-ရက်နေ့ ညမှာ မီးရှူးမီးပန်းတွေ ပစ်ဖောက်ပြီး ပျော်ရွှင်စွာ အော်ဟစ်ကခုန်ကြသည်။ ည ၁၂-နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် သင်္ဘောတိုင်းက ဥသြတွေ ဆွဲကြသည်။ ဟတ်ပီးနယူးယီးယားလို့ အော်ကြသည်။ အချင်းချင်း လက်ဆွဲ နှုတ်ဆက်ကြသည်။

http://www.linhtet.com



## တွေ့ကြ ဆုံကြ ခွဲခွာကြသည်

ကိုအဏ္ဏဝါတို့ သင်္ဘောသည် ဆီးရီးယားမှာ နှစ်ကုန်သွားသည်။ ကုန်ချတာ နှေးရသည့်အထဲမှာ ပိတ်ရက်တွေက များနေလို့ ဆီးရီးယားမှာ ကြာနေသည်။ ရာသီဥတုကလည်း ပူသည်။ အေးလွန်းသည့် ပြင်သစ်ကလာပြီး ပူလွန်းသည့် ဆီးရီးယားကို ရောက်လာသောအခါ အသားတွေနေလောင်ပြီး အရေပြားတွေ ကွာကျသည်အထိ ခံကြရသည်။

ဆီးရီးယား ရုပ်မြင်သံကြားကလည်း ဖျော်ဖြေမှု နည်းပြီး သတင်းနှင့် နိုင်ငံရေးကိစ္စတွေ များနေသည်ဟု ထင်သည်။ ဂိုလန်ကုန်းမြင့် ကိစ္စ၊ လက်ဘနွန် ကိစ္စတွေကိုပဲ မြင်နေရသည်။ ပျင်းစရာ အတော်ကောင်းသည်။ ဆီးရီးယားနိုင်ငံက ပြန်ထွက်ချင်လှပြီ ဖြစ်သည်။ ရာသီဥတုကလည်း ပူလွန်းလှသည်။

၈-၁-၁၉၈၆ နေ့ နေ့လယ်မှာ ကုန်ချလို့ ပြီးသွားသည်။ ညနေမှာ သင်္ဘောထွက်မည်ဆို၍ အေသင်က လွှင့်ပေးသည့် မိုးလေဝသ သတင်းကို ယူထားလိုက်သည်။ မြေထဲပင်လယ် ရာသီဥတုသည် စိုးရိမ်စရာမရှိသော ရာသီဥတု ဖြစ်သည်။ နိုင်ငံကြီးတွေ ပတ်လည် ဝိုင်းထားသော ပင်လယ်သေးသေးလေး ဖြစ်လို့ မုန်တိုင်းမိသော်လည်း မသေနိုင်သည့် ပင်လယ်ဖြစ်သည်။

သင်္ဘော ထွက်မည်ဆိုပြီး ညသန်းခေါင် ကျော်သည်အထိ မထွက်သေးလို့ စိတ်တထင့်ထင့်ဖြင့် အိပ်လို့ မပျော် ဖြစ်နေသည်။ ၉-ရက်နေ့ဘက်သို့ ကူးသည့် အရုဏ်တက်ချိန်ကျမှ တက်မစင်က အမိန့်ပေးသံတွေ ကြားနေရသည်။ စက်မကြီး နှိုးသံ၊ ရေယက်ပန်ကာကြီး ရုန်းလိုက်သံတွေကို ကြားနေရသည်။ ကြေးနန်းပို့စရာရှိလျှင်လည်း အိပ်ရာက နိုးတော့မှ ပို့တော့မည်ဆိုပြီး မထဘဲ အိပ်နေလိုက်တော့သည်။

အိပ်ရာက နိုးတော့ ကမ်းမမြင် လမ်းမမြင်သည့် နေရာမှာ သွားနေတာ တွေ့ရသည်။ မြေထဲပင်လယ် အတွင်းမှာ ဖြစ်လို့ ရိုးရိုးမျက်စိဖြင့် ကြည့်လို့ ကမ်းကို မမြင်သော်လည်း ရေဒါဖြင့် ကြည့်ပါက ကမ်းခြေတစ်နေရာရာကို မြင်ရမည်ဖြစ်သည်။ အေသင် ရေဒီယိုကို နားထောင်ကြည့်ရာ ကြေးနန်းရှိနေ၍ ဖမ်းယူလိုက်သည်။ ကိုညွန့်စိန်နှင့် ကိုမျိုးသန့်

http://www.linhtet.com



တို့ သင်္ဘောက ဆင်းခွင့်ရကြောင်း ကြေးနန်း တစ်စောင် ပါသည်။ သင်္ဘောသည် ဂရိကို ရောက်လျှင် လုပ်ရမည့် အလုပ်တွေ အကြောင်းလည်း ပါသည်။ ဒီတော့မှ သင်္ဘောသည် ဆီးရီးယားမှ ဂရိနိုင်ငံကို သွားနေပါလား ဆိုတာ သိရသည်။

၁၁-ရက်နေ့မှာ ဂရိနိုင်ငံ ပီးရေ့စ် (PIRAEUS)မြို့ကို ရောက်သည်။ ပိုသီးတိုးသင်္ဘော ကုမ္ပဏီရုံးစိုက်ရာ မြို့ဖြစ်သည်။ ကုမ္ပဏီက လူကြီးတွေ သင်္ဘောကို လာမည်ဖြစ်လို့ သပ်သပ်ရပ်ရပ် ဝတ်စားထားလိုက်သည်။ ရာထူးတံဆိပ်တွေကို မတပ်သော်လည်း ယူနီဖောင်း အဖြူအတိုကို ဝတ်ထားလိုက်သည်။ ဆိပ်ကမ်း မကပ်ဘဲ ရေလယ်မှာ ကျောက်ချသည်။

မကြာမီပင် သင်္ဘောကြီးဘေးမှာ ဘုတ်တစ်စီး လာကပ်သည်။ မန်နေဂျာ မစ္စတာ ဖူးရှိစ် နှင့် လူကြီး နှစ်ယောက် သင်္ဘောပေါ် တက်လာသည်။ ကပ္ပိတန် အခန်းထဲမှာ အစည်းအဝေး ထိုင်နေကြသည်ဟု စားပွဲထိုး အောင်သိန်းက ပြောပြသည်။ ကိုညွန့်စိန်နှင့် ကိုမျိုးသန့်တို့ လူစားတွေ မလာကြသေးလို့ မျှော်နေကြရသည်။ အိမ်ပြန်မည့်သူတွေကတော့ အထုပ်ပြင်ထားကြပြီး ဖြစ်သည်။

ညနေစောင်းမှာ စိတ်မကောင်းစရာ သတင်းတစ်ခု ထွက်လာသည်။ ကပ္ပိတန်နှင့် အင်ဂျင်နီယာချုပ်တို့ အလုပ်ပြုတ်ကြပြီဟု သိရသည်။ ဘာကြောင့်မှန်း မသိရသော်လည်း အက်ဖ်အိုဆီ (မီးထိုးဆီ) တန် ၃၀ ခန့် လျော့နည်း ပျောက်ဆုံးနေလို့ဆိုလား၊ မသေချာ မရေရာ သည့် သတင်း ကြားသိရသည်။

ကပ္ပိတန်က ကိုအဏ္ဏဝါကို ခေါ်ပြီး စာရွက်တွေကို လက်နှိပ်စက် ရိုက်ခိုင်းသည်။ ကပ္ပိတန် အပြောင်းအလွဲ စာရွက်တွေ ဖြစ်သည်။ စိတ်မကောင်းစွာဖြင့်ပင် လက်နှိပ်စက် ရိုက်ပေးလိုက်ရသည်။

၁၃-ရက်နေ့မှာ အလုပ်ပြုတ်သူတွေနှင့် ရိုးရိုး နှစ်စေ့လို့ ပြန်သူတွေ သင်္ဘောက ဆင်းကြရသည်။ အလုပ်ပြုတ်သူတွေက ကပ္ပိတန် ဖာရာဒို ဂျိုးဇက်မာကင် (FURTADO JOSEPH MARTIN)၊ အင်ဂျင်နီယာချုပ် ဒတ်စ်ဂုပတား (DUS GUPTA) နှင့် ဇနီး ရာနာ (RANA) တို့ ဖြစ်သည်။

http://www.linhtet.com



လုပ်သက်နှစ်စေ့လို့ ပြန်သူတွေက ကုန်းပတ် ပထမ အရာရှိ ဖနန်းဒစ် ရူးပက် ဂျိုးဇက် (FERNANDES RUPERT JOSEPH)၊ ဒုတိယ အရာရှိ ကိုညွန့်စိန်၊ လျှပ်စစ် အင်ဂျင်နီယာ ဒါရ်ဂါဗလ (DURGA BALLA) နှင့် ဖစ်တာ ကိုမျိုးသန့်တို့ ဖြစ်သည်။ ပြုတ်သူတွေနှင့် ပြန်သူတွေကို လက်ဆွဲနှုတ်ဆက်ကြသည်။ သူတို့ရဲ့ ခရီးဆောင်အိတ်တွေ၊ သေတ္တာတွေကို ဝိုင်းကူသယ်ပေးကြသည်။ သူတို့ကို ခေါ်ဆောင်သွားသည့် မော်တော်ဘုတ်ကလေး ထွက်ခွာသွားတော့လည်း သင်္ဘောကြီးပေါ်က လက်ပြ နှုတ်ဆက် ကျန်ခဲ့ကြသည်။ ပင်လယ်သမုဒ္ဒရာကြီးတွေ ရှိနေသရွေ့ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ ပြန်လည် ဆုံတွေ့ကြတာပေါ့၊ တွေ့ကြုံဆုံကွဲဆိုတာ ဖြစ်မြဲ ဓမ္မတာပေပဲ လို့သာ ဖြေသိမ့်လိုက်ရသည်။

## လူသစ်တွေနှင့် ထွက်ခွာသည့် တောင်အမေရိက ခရီး

သင်္ဘောက ဆင်းသွားသည့် ကပ္ပိတန်အစား၊ ပိုသီးတိုး ကုမ္ပဏီက လူဟောင်း ကပ္ပိတန် နီကိုလိုင် ကွန်တိုမော့စ် (CONTOMORSE) ရောက်လာသည်။ ကပ္ပိတန် ကွန်တိုမော့စ်သည် ဒီသင်္ဘောက ဆင်းသွားတာ တစ်နှစ်တောင် မပြည့်သေးတာ တွေ့ရသည်။ ပထမ ကုန်းပတ်အရာရှိ နေရာမှာ မစ္စတာ ကန်ပါးနစ် (KANPANNIS) တက်လာသည်။ မစ္စတာ ကန်ပါးနစ်သည် မာစတာ အောင်ပြီးရုံသာမက တခြားကုမ္ပဏီက သင်္ဘောတစ်စီးမှာ ကပ္ပိတန် လုပ်ခဲ့သူ ဖြစ်သည်။ သင်္ဘောက ဆင်းပြီး အိမ်မှာ ခုနစ်ရက်သာ နားခဲ့ပြီး ဒီသင်္ဘောကို ပထမ ကုန်းပတ်အရာရှိ အဖြစ်ဖြင့် တတ်လာသူ ဖြစ်သည်။ ဂရိသင်္ဘောသားတို့၏ စားဝတ်နေရေး ခက်ခဲကျပ်တည်းပုံကို အကဲခတ်လို့ရသည်။ သင်္ဘောသားတို့၏ နိုင်ငံကူး လက်မှတ်တွေနှင့် သင်္ဘောသား မှတ်တမ်းစာအုပ်(စီဒီစီ)တွေကို ကိုအဏ္ဏဝါက သိမ်းဆည်းရသဖြင့် သူတို့၏ လှုပ်ရှားမှုနှင့် ဘဝ တစ်စိတ်တစ်ပိုင်းကို သိခွင့် ရနေသည်။

http://www.linhtet.com



၁၄-ရက်နေ့မှာ ဂရိနိုင်ငံ ပီးရေ့စ်မှ ထွက်သည်။ ဘယ်ကို သွားနေမှန်းလည်း မသိလို့ မိမိ အလုပ်ခန်းထဲမှာ စာဖတ်ရင်း ထိုင်နေရသည်။ မြေထဲပင်လယ် ထဲက နိုင်ငံတစ်နိုင်ငံကို သွားနေတာ ဖြစ်ရမည်ဟု ထင်သည်။ တစ်နေ့လုံး ထိုင်စောင့်နေသော်လည်း ကပ္ပိတန်က ဘာ ကြေးနန်းမျှ လာမပေးလို့ အလုပ်မရှိ ဖြစ်နေသည်။

ညနေ မိုးချုပ်တော့မှ ဂရိအသံထွက်ကို အင်္ဂလိပ် အက္ခရာတွေဖြင့် ရေးထားသော ကြေးနန်းတစ်စောင်ကို ကပ္ပိတန်က လာပေးသည်။ ဂရိလို ရေးထားသည့်အတွက် ဘာမျှ မသိရဖြစ်နေသည်။ ဘယ်နိုင်ငံကို သွားပြီး ဘာကုန်တွေ တင်ရမယ်၊ ဘယ်နိုင်ငံကို သွား ကုန်ချရမယ် ဆိုတာကို သိချင်နေသည်။

၁၅-ရက်နေ့ နံနက် ဂျူတီဝင်သောအခါ အေသင်ရေဒီယို (SVA)မှာ မိမိအတွက် ကြေးနန်း ရှိနေတာကို သိလိုက်သည်။ ဖမ်းယူရန် ကြိုးစားသော်လည်း အသံ မကြည်လင်၍ ဖမ်းလို့မရ ဖြစ်နေသည်။ ဒီအကြောင်းကို ကပ္ပိတန်ကို ပြောပြလိုက်မိသည်။ အလွန် မှားယွင်းတဲ့ လုပ်ရပ် ဖြစ်တယ်ဆိုတာကို ကြီးမားသည့် သင်ခန်းစာ ရလိုက်သည်။ ကပ္ပိတန်က ဒီကြေးနန်းကို အမြန်ဆုံး ဖတ်ချင်နေလို့ ဖြစ်တဲ့နည်းဖြင့် ရအောင် ဖမ်းပေးပါဟု အမိန့်ပေးသည်။ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်း စွပ်လိုက်မိပြီ ဆိုတာကို သိလိုက်ပါသည်။

အေသင် ရေဒီယိုမှာ ရှိနေသည့် ကြေးနန်းကို ဖမ်းယူ ရရှိနိုင်ရေး အတွက် တစ်နေ့လုံး ကြိုးစားရတော့သည်။ အခက်အခဲ များစွာဖြင့် ဖမ်းယူ ရရှိလိုက်သည်။ ကြေးနန်းက ဂရိအသံထွက် ကြေးနန်း ဖြစ်နေ၍ မှန်းဆရမ်းချလို့ မရ ဖြစ်နေသည်။ တိတိကျကျ မှန်ကန်အောင် အကြိမ်ကြိမ် အထပ်ထပ် စစ်ဆေးပြီးမှ ရရှိပြီ ဖြစ်ကြောင်း အေသင် ရေဒီယိုကို ပြောလိုက်သည်။

ကြေးနန်းက ဘာတွေ ရေးထားမှန်း မသိလို့ ကပ္ပိတန်ကို မေးကြည့်ရသည်။ စပိန်နိုင်ငံ ဆိပ်ကမ်းတစ်ခုမှာ နေလှန်းဆားတွေ တင်ပြီး တောင်အမေရိကတိုက်က နိုင်ငံတစ်နိုင်ငံမှာ သွားချရမည်ဟု ပြောသည်။ ဒါလောက်သိရလျှင် မိမိ သွားရမည့် ခရီးစဉ်အတွက်

http://www.linhtet.com



ပြင်ဆင်လို့ ရပြီဖြစ်သည်။ မိုးလေဝသ သတင်းကို ဘယ်ကယူမည်၊ ရေကြောင်းဆိုင်ရာ သတိပေးချက် သတင်းတွေကို ဘယ်ကယူမည် စသည်ဖြင့် စီစဉ်ရသည်။

သင်္ဘောမှာ တတိယ အရာရှိ မရှိ ဖြစ်နေသည်။ မူလက ရှိသည့် တတိယ အရာရှိ ဖနန်းဒစ်ပီတာက ရာထူးတက်သွားပြီး ကိုညွန့်စိန်၏ နေရာမှာ ဒုတိယ အရာရှိ လုပ်နေသည်။ တတိယ အရာရှိ တာဝန်ကို ကပ္ပိတန် ကိုယ်တိုင် ဂျူတီ ဝင်နေရသည်။ တတိယအရာရှိ တစ်ယောက် မကြာမီ ရောက်လာလိမ့်မည်ဟု မျှော်လင့်နေကြသည်။ လျှပ်စစ် အင်ဂျင်နီယာ လူစားလည်း မလာသေး ဖြစ်နေသည်။



စပိန်နိုင်ငံ (TORREVIEJA) တိုရီဗီဂျာမြို့

၁၉-ရက်နေ့မှာ စပိန်နိုင်ငံ တိုရီဗီဂျာ (TORREVIEJA) ဆိုသော မြို့ကို ရောက်ပြီး ကျောက်ချသည်။ တိုရီဗီဂျာမြို့သည် မြေထဲ ပင်လယ်ဘက် အခြမ်းမှာ ရှိသည်။ စပိန်နိုင်ငံသည် ကမ်းခြေနှစ်ခုရှိသော နိုင်ငံ ဖြစ်သည်။ မြေထဲပင်လယ်မှာ တစ်ခု၊ အတ္တလန္တိတ် သမုဒ္ဒရာမှာ

http://www.linhtet.com



တစ်ခု ရှိသည်။ ယခု ရောက်နေသည့် ဆိပ်ကမ်းမှာ ကုန်တင်ပြီး တောင်အမေရိကကို သွားမည်ဆိုပါက ဂျီဘရော်လ်တာက ထွက်ပြီး အတ္တလန္တိတ် သမုဒ္ဒရာကြီးကို စွေ့စောင်း ဖြတ်သွားရမည် ဖြစ်သည်။

၂၂-ရက်နေ့ကျမှ ဆိပ်ကမ်း ကပ်ခွင့်ရသည်။ ကြေးနန်းတွေ အားလုံးကို ပေါ့တေးရှပ် ရေဒီယို (အင်္ဂလန်)က တစ်ဆင့် ပို့နေသည်။ အေသင် ရေဒီယိုကိုလည်း နားထောင်နေရသည်။ ကုန်မတင်သေးလို့ အလုပ်အားနေကြသည်။ စပိန် ရုပ်မြင်သံကြားကို ထိုင်ကြည့်နေကြ သည်။ ဆီးရီးယားထက် ပိုပြီး ကြည့်ကောင်းတာ တွေ့ရသည်။ ည သန်းခေါင်မှာလာသည့် အီတလီ ရုပ်မြင်သံကြား အစီအစဉ် တစ်ခုကို စောင့်ကြည့်ကြသည်။ လူကြီးကြိုက် ရုပ်ရှင်တွေကို ထုတ်လွှင့်ပြသသည်။ ကလေး မကြည့်ရဟု စာတန်းထိုးသည်။ ကိုအဏ္ဏဝါတို့ လူကြီးတွေ အားရပါးရ ကြည့်ကြသည်။

၂၃-ရက်နေ့ နံနက်မှာ ကုန်စတင်သည်။ နေလှန်းဆားတွေကို ကုန်သယ် ပတ်လည်သားရေပြား ခါးပတ်ကြီးဖြင့် အဆက်မပြတ် မောင်းထည့်နေလို့ ကုန်တင်တာ အရမ်းမြန်သည်။ မကြာမီ သင်္ဘောကြီး တစ်စီးလုံး ပြည့်သွားမည် ဖြစ်သည်။

စပိန်နိုင်ငံကို ရောက်ခိုက်မှာ ကမ်းပေါ်တက်ပြီး တိုရီဗီဂျာမြို့ကို လျှောက်လည်လိုက်သည်။ မြို့က သာယာလှပသည်၊ သန့်ရှင်းသည်။ ကမ္ဘာလှည့် ခရီးသည်တို့၏ အနားယူ အပန်းဖြေရာ ကမ်းခြေမြို့ ဖြစ်လို့ အစွမ်းကုန် လှပအောင် သန့်ရှင်းအောင် ဖန်းတီးထားသည်။ ရှေးခေတ် လက်ရာ အဆောက်အအုံတွေကို အမြတ်တနိုး ထိန်းသိမ်းထားတာ တွေ့ရသည်။ သင်္ဘောက ကုန်တင်တာ မြန်လွန်းလို့ ကုန်ပြည့်သွားလျှင် သင်္ဘောထွက်မည် ဖြစ်သည်။ ဝေးဝေးလံလံ လျှောက်မလည်ရဲလို့ ဆိပ်ကမ်း အနီးအနားလောက်ပဲ လျှောက်လည်ပြီး သင်္ဘောကို ပြန်ခဲ့သည်။

၂၄-ရက်နေ့ နံနက် ၅နာရီမှာ စပိန်နိုင်ငံ တိုရီဗီဂျာမှ သင်္ဘော ထွက်သည်။ တက်မစင်မှ ရေကြောင်းပြ၏ အမိန့်ပေးသံတွေကို ကြားနေရသည်။ လူသစ်တွေဖြင့် တောင်အမေရိက ခရီး စပြီဟု သိလိုက်ပါသည်။

http://www.linhtet.com



## ဥရုင်္ဂွေးမှာ ပျော်စရာ

စပိန်က ထွက်လာသည့် အချိန်ကစပြီး ရာသီဥတု သာယာနေသည်။ မိုးလေဝသ သတင်းကို အင်္ဂလန်က ယူလိုက်သည်။ စပိန်က ထွက်ပြီဆိုသည့် အကြောင်းနှင့် လားစ်ပါးမား (LAS PALMAS) ဆိုသည့် ဆိပ်ကမ်းကို ၂၇- ရက်နေ့မှာ ရောက်မည် ဖြစ်ကြောင်း အကြောင်းကြားသည့် ကြေးနန်းတွေကို အင်္ဂလန်က တစ်ဆင့် ပို့လိုက်သည်။ အေသင် ရေဒီယိုကိုလည်း နားထောင်သည်။

၂၇-ရက်နေ့ နံနက်မှာ စပိန်နိုင်ငံပိုင် အစ္စလန်ကနေရီ (ASLAN CANARIS) ကျွန်းကလေးပေါ်ရှိ လားစ်ပါးမား ဆိပ်ကမ်းကို ရောက်သည်။ အတ္တလန္တိတ် သမုဒ္ဒရာထဲက ကျွန်းကလေး ဖြစ်သည်။ မြေထဲပင်လယ် ဝင်ပေါက် ထွက်ပေါက် ဖြစ်သည့် ဂျီဘရော်လ်တာ အပေါက်ဝ တည့်တည့်လောက်မှာ ရှိသည်။ ကုန်းတင် သင်္ဘောကြီးများ လွန်းကျင်းတင်ရာ၊ ဆီ ရေ ရိက္ခာ ဖြည့်ရာ ကျွန်းကလေးဖြစ်သည်။

ကိုအဏ္ဏဝါတို့ သင်္ဘောကို လောင်စာဆီ ဖြည့်ရန်အတွက် လာ့စ်ပါးမား ဆိပ်ကမ်းကို ရောက်လာခြင်း ဖြစ်သည်။ ဆိပ်ကမ်းနှင့် တိုက်တာ အဆောက်အအုံတွေက သန့်ရှင်းလှပ စိုပြည်နေသည်။ ဆိပ်ကမ်းမှာ ကုန်တင်ကုန်ချ လုပ်နေကြသည့် သင်္ဘောကြီးတွေ ရှိနေသည်။ ဆီ ရေ ရိက္ခာ ဖြည့်နေကြသည့် သင်္ဘောတွေလည်း ရှိသည်။ စူပါတင်ကာလို့ ခေါ်သည့် တန်ချိန် နှစ်သိန်းခန့်ရှိ ဧရာမ ဆီတင်သင်္ဘောကြီးတွေလည်း ရေလယ်မှာ ကျောက်ချထားတာ တွေ့ရသည်။ ပင်လယ်ကွေ့စစ်ပွဲ ဖြစ်နေလို့ ကုန်မတင်ရဘဲ ဘွိုင်လည်နေသည့် သင်္ဘောကြီးတွေဟု သိရသည်။ ကြောက်စရာ ကောင်းလိုက်တာဟု တွေးမိသည်။ ဝင်ငွေ မရှိသော်လည်း တစ်နေ့ကို ကုန်ကျစရိတ် ဒေါ်လာ တစ်ထောင်လောက် ရှိမှာ သေချာသည်။

ဆိပ်ကမ်းမှာ သင်္ဘော ကြိုးချည်ပြီး မကြာမီ တတိယ အင်ဂျင်နီယာ ကုလား အာရပ်အစ္စပီမစ္စရီ (ERUHASPIMISTRY) သင်္ဘောက ဆင်းသည်။ ကုလား တတိယ အင်ဂျင်နီယာ အာရိုး ညျူး (AROL NULE) မြန်မာ လျှပ်စစ် အင်ဂျင်နီယာ ဦးသိန်းသန်းနှင့်

http://www.linhtet.com





ကိုအဏ္ဏဝါ၊ လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းသန်း၊ ကုလားထမင်းချက် အိန်ဂျလို၊ ဒု ထမင်းချက် မောင်ဝင်း

ကုလား ဖစ်တာတို့ သင်္ဘောကို ရောက်လာကြသည်။ ဦးသိန်းသန်းသည် ကိုအဏ္ဏဝါလိုပင် တပ်မတော်(ရေတပ်)က ထွက်တာ ဖြစ်သည်။ ဦးသိန်းသန်းက ကိုအဏ္ဏဝါကို မသိသော်လည်း ကိုအဏ္ဏဝါက ဦးသိန်းသန်းကို သိသည်။ တပ်မတော်မှာတုန်းက ဦးသိန်းသန်းက စီနီယာ၊ ကိုအဏ္ဏဝါက ဗဲရီး ဂျူနီယာဖြစ်လို့ ဦးသိန်းသန်းက ကိုအဏ္ဏဝါကို မသိတာ ဖြစ်သည်။ ဦးသိန်းသန်း ရောက်လာတော့ ကိုအဏ္ဏဝါ ဝမ်းသာ အားတက်သွားသည်။ သင်္ဘောပေါ်မှာ မြန်မာအရာရှိ အင်အား များလာ၍ ဝမ်းသာခြင်း ဖြစ်သည်။

ဒီသင်္ဘောမှာ အံ့သြစရာကောင်းတာက အင်ဂျင်နီယာချုပ်လည်း မရှိ၊ ဒုတိယ အင်ဂျင်နီယာလည်းမရှိဘဲ သင်္ဘောမောင်းနေခြင်း ဖြစ်သည်။ စပိန်နိုင်ငံ ဆိပ်ကမ်းမှ ဂရိလူမျိုး ဒုတိယ အင်ဂျင်နီယာ တက်လာတာကို လားစ်ပါးမား ရောက်မှ ကိုအဏ္ဏဝါ သိသည်။ အင်ဂျင်နီယာချုပ်ကတော့ ယခု အချိန်အထိ မရှိသေးတာ သေချာသည်။

ထမင်းချက် မောင်ဝင်း၊ တက်မကိုင် အေးကို၊ အလုပ်သင် အင်ဂျင်နီယာ ရဲထွန်းတို့နှင့်အတူ လာ့စ်ပါးမားမြို့ထဲ လျှောက်လည်ကြ

http://www.linhtet.com



သည်။ စတိုးဆိုင်ကြီးတွေမှာ ဂျပန်နိုင်ငံလုပ် ပစ္စည်းတွေချည်း ရောင်းချနေကြသည်။ ဈေးရောင်းနေသူတွေကလည်း ကုလားတွေ ဖြစ်နေသည်။ ကိုအဏ္ဏဝါက စပ်စုသည် အိန္ဒိယကလားလို့ မေးတော့ မဟုတ်ဘူးတဲ့၊



ဆီလောင်း ခင်မောင်ဌေး၊ ကုလား သံဂဟော မစ္စရီ၊ ဦးသိန်းဟန်၊ အလုပ်သင် အင်ဂျင်နီယာ ရဲထွန်း၊ ကိုအဏ္ဏဝါ

ပါကစ္စတန်ကဟု ဆိုသည်။ ဒီမှာ အိန္ဒိယကုလား မရှိဟု ဆိုသည်။ အမှတ်တရ ပစ္စည်းလေး တစ်ခု ဝယ်သည်။ စပိန်နိုင်ငံလုပ် သံပတ်ပေးရသည့် ဘိတ်ဘင် နာရီစင်ကလေး ဖြစ်သည်။

မြို့ထဲ လျှောက်သွား နေကြစဉ် ကုလား ဒုတိယ အရာရှိ



အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်သား ကုလားထမင်းချက် အိန်ဂျလို

http://www.linhtet.com



ပီတာတို့ အုပ်စုနဲ့ မြို့တွင်း တစ်နေရာမှာ တွေ့သည်။ သတင်းတစ်ခု ပေးသွား သည်။

"ကိုယ်လူတို့ ဝါသနာပါရင် ဟောဟိုမှာ အတန်းကြီး ဆယ်ဒေါ်လာတဲ့"

"ဟာ များတာပေါ့ ကိုယ့်လူရဲ့၊ အိန္ဒိယမှာဆိုရင် သုံးဒေါ်လာပဲ ပေးရတယ်"

"ဒါအိန္ဒိယ မဟုတ်ဘူး၊ စပိန်လေကွာ"

ကိုအဏ္ဏဝါတို့ လူစုက ဝါသနာတော့ပါသည်။ ဆယ်ဒေါ်လာဆိုတော့ မတတ်နိုင် ဖြစ်နေကြသည်။ ရသေ့စိတ်ဖြေ သဘောမျိုးဖြင့် အတန်းကြီးကို လျှောက်ကြည့်လိုက်ကြသေးသည်။ ရုပ်သန့် သော်လည်း အသက် သုံးဆယ်ကျော်၊ လေးဆယ်နီးပါး အရွယ်တွေ မြင်ခဲ့ရသည်။ ဆန္ဒတွေကို ချိုးနှိမ်ပြီး အတန်းကြီးက လှည့်ပြန်ခဲ့ကြသည်။



၁၂-၂-၈၆၊ ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့

http://www.linhtet.com





မွန်တီဗီဒီမြို့လယ်မှာ
ကိုအဏ္ဏဝါ

ညသန်းခေါင်ယံ အချိန်ဖြစ်သည့် ၂၈-နေ့အကူးတွင် လာ့စ်ပါးမားမှ ထွက်သည်။ သင်္ဘောကြီး ထွက်တာဝင်တာမှာ ကိုအဏ္ဏဝါရဲ့အလုပ်ဘာမျှမရှိလို့ အိပ်ရာက မထဘဲနေသည်။ သင်္ဘောထွက်ပြီ ဆိုတာကိုသာ မှတ်သားထားလိုက်သည်။

၃၁-ရက်နေ့မှာ အတ္တလန္တိတ် သမုဒ္ဒရာထဲက (၁၀-မြောက်နှင့် ၀၂၀-အနောက်)ကို ရောက်နေသည်။ ရာသီဥတု သာယာနေသည်။ နောက်လှိုင်းအိကလေးတွေက တွန်းပေးနေသဖြင့် တစ်နာရီကို ၁၂.၅ မိုင်နှုန်း သွားနေသည်။ အတ္တလန္တိတ် သမုဒ္ဒရာကြီးကို စွေစောင်း ဖြတ် နေသည်။

၁၂-၂-၈၆ မှာ ဥရုဂွေးနိုင်ငံ၏ မြို့တော် မွန်တီဗီဒီ (MONTE-VIDEO) မြို့ကို ရောက်သည်။ ရောက်လျှင်ရောက်ချင်း ဆိပ်ကမ်းကပ်ခွင့်ရသည်။ ရန်ကုန်က ပန်းဆိုးတန်း ဆိပ်ကမ်းလို နေရာမှာ ကပ်ခွင့်

http://www.linhtet.com



ရသဖြင့် မြို့လယ်ကောင်နှင့် နီးသည်။ ဆိပ်ကမ်းဝင်းက ထွက်ပြီး လမ်းကြီးကို ကျော်လိုက်တာနဲ့ မြို့လယ်ကောင်ကို ရောက်သည်။

ဒီနေ့ ကုန်မချသေးလို့ ဦးသိန်းသန်း၊ မောင်ရဲထွန်းတို့နှင့် အတူ ကုန်းပေါ် တက်လည်သည်။ အတော် အဆင်ပြေသောမြို့ ဖြစ်သည်။ ဆိပ်ကမ်းဝင်းကြီးရဲ့ အပြင်ကို ထွက်လိုက်တာနဲ့ မြို့ထဲရောက်သွားသည်။ လမ်းပဲ ဖြတ်ကူးရသည်၊ လမ်းဖြတ်ကူးလိုက်တာနဲ့ နိုက်ကလပ်တွေ၊ အရက်ဆိုင်တွေ၊ ဘီယာဘားတွေနှင့် ပြည့်တန်ဆာတန်းကြီးပါ တွေ့ရတော့သည်။ ဟန်ကျသည်။

ဟန်မကျတာ တစ်ခုတော့ရှိသည်။ စပိန်စကား ပြောသည့် နိုင်ငံဖြစ်လို့ နိုက်ကလပ်တွေနှင့် ဘားဆိုင်တွေက ကောင်မလေးတွေတောင် အင်္ဂလိပ်လို မပြောတတ်လို့ နည်းနည်းအခက်တွေ့ရသည်။ တောင်အမေရိက တိုက်က ကောင်မလေးတွေကလည်း ချစ်စရာ ချောကြတာမို့ စပိန်စကားတော့ သင်မှ ဖြစ်တော့မည်ဟု နားလည်လိုက်သည်။ ဒီနေ့တော့ လေ့လာရေး သက်သက်သဘော ကွင်းဆင်းတာဖြစ်လို့ ဘာမှ မလုပ်ဘဲ သင်္ဘောပြန်နားကြသည်။

## ပျော်လိုက်ကြတာ မွန်တီဗီဒီယိုမှာ

၁၃-ရက်နေ့မှာ ကုန်စချသည်။ နေလှန်ဆားတွေကို ဂရက်ပ် (GRIP) လို့ ခေါ်သည့် ဇရာမ လက်ခုပ်ကြီးနဲ့ ကျုံးယူနေလို့ ကုန်ချတာ မြန်သည်။ ၅-ရက်လောက်ဖြင့် ကုန်ချတာပြီးနိုင်သည်။ ဒီမြို့မှာ ကြာကြာ နေချင်ကြသည်။ တက်မကိုင် အေးကိုက သူ့ရဲ့စာမေးပွဲ အောင်လက်မှတ်စာရွက်ကို ပိုတိုကော်ပီ ဆွဲချင်သည်။ ရန်ကုန်ကို စာထည့်ချင်သည်။ မြို့ထဲကို လိုက်ခဲ့ပါဆိုလို့ ကိုအဏ္ဏဝါ လိုက်သွားသည်။ အဖော် မရှိလို့ အပြင် မထွက်ဘဲနေတာ အခုလို အဖော်ရှိတော့ လိုက်သွားတော့သည်။

မြို့ထဲမှာ ကိစ္စပြီးလို့ သင်္ဘောကို ပြန်လာကြတော့ ဆိတ်ကမ်းဂိတ်ပေါက်ဝမှာ ပန်းစည်းကိုင်ပြီး ရပ်နေသည့် ကောင်မလေးတစ်ယောက်ကို တွေ့သည်။ ကိုအဏ္ဏဝါတို့ကို ဖိလစ်ပိုင်လူမျိုး သင်္ဘောသားတွေလား

http://www.linhtet.com



လို့ အင်္ဂလိပ်လို့ မေးသည်။ အင်္ဂလိပ်စကား ပြောနိုင်သည့် ကောင်မလေး တွေ့လို့ ကိုအဏ္ဏဝါ ရင်ခုန်သွားသည်။ ရုပ်ကလေးကလည်း အသင့် အတင့် ချောလို့ ပတ်သက်ချင်သည့် ကိုအဏ္ဏဝါက ပြန်ဖြေသည်။

"မဟုတ်ပါဘူး ညီမလေးရယ်၊ အစ်ကိုတို့က မြန်မာတွေပါကွယ်"

"သြော် မြန်မာတွေလား၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ဘယ်သူ့ကို လာစောင့် တာလဲဟင်"

"ကျွန်မရဲ့ ယောကျ်ားလေး မိတ်ဆွေ ဖိလစ်ပိုင် သင်္ဘောသားကို လာစောင့် နေတာပါ၊ သူ့ သင်္ဘော ဒီနေ့ ဆိပ်ကမ်းကပ်မယ်လို့ သတင်း ရလို့ပါ"



ဥရုဂွေးနိုင်ငံက ကလေးတွေနှင့် ကိုအဏ္ဏဝါ

http://www.linhtet.com



ကိုအဏ္ဏဝါ ပြုံးလိုက်မိသည်။ မသေချာ မရေရာတဲ့ သူကို လာစောင့်နေမယ့်အစား သေချာတဲ့ ကိုအဏ္ဏဝါကို ပန်းစည်း ဆက်လိုက်လျှင် ပြီးတဲ့ဟာကိုဟု တွေးမိသည်။

"ဖိလစ်ပိုင် သင်္ဘော ကပ်တာ မရှိပါဘူး၊ မြန်မာသင်္ဘောသားတွေကိုရော မကြိုက်ဘူးလား"

ရတာနာပုံ ရုပ်ရှင်ဇာတ်ကားထဲက မင်းသားအေးကြူရဲ့ မျက်နှာမျိုးဖြင့် စပ်ဖြဲဖြဲလုပ်ပြီး မျက်နှာပြောင်တိုက် မေးသည်။ ကိုအဏ္ဏဝါသည် သင်္ဘောသား လုပ်သက် ရင့်လာသောအခါ မျက်နှာပြောင်ချင်လာသည်။ ဒီကိစ္စမျိုးကလည်း မျက်နှာပြောင်မှ အလုပ်ဖြစ်သည်။

"ကြိုက်ပါတယ်၊ ရော့ ဒါ ရှင့်အတွက် ဖြစ်သွားပြီ"

ပြောပြောဆိုဆိုပင် ပန်းစည်းကို ကိုအဏ္ဏဝါကို ကမ်းပေးသည်။ ဆိပ်ကမ်း ဂိတ်စောင့်က သဘောကျလို့ ပြုံးပြီး ကြည့်နေသည်။ ကဲ



မွန်တီဗီဒီယိုမြို့က ကာနီဗယ်ပွဲတော်မှာ ကိုအဏ္ဏဝါ

http://www.linhtet.com



မောင်အေးကိုရေ၊ ငါတော့ သူနဲ့လိုက်သွားပြီး မြို့ထဲ လျှောက်လည်လိုက်ဦးမယ်။ မင်းရော လိုက်ဦးမလားဆိုတော့ မောင်အေးကိုက သူ ဂျူတီဝင်ရဦးမယ်ဟု ပြောသည်။ ည ရှစ်နာရီမှ ပြန်ထွက်လာခဲ့မည်ဟု ပြောသည်။ ဒီနားတစ်ဝိုက်က နိုက်ကလပ်တွေ၊ ဘားဆိုင်တွေမှာ မိမိ ရှိနေမည်ဖြစ်ကြောင်း ပြောလိုက်သည်။

အေးကို ဂိတ်ထဲကိုဝင်ပြီး သင်္ဘောကို ပြန်သွားသည်။ ကိုအဏ္ဏဝါကတော့ ကောင်မလေးနှင့် အတူ လမ်းဖြတ်ကူးပြီး စည်ကားသည့် လမ်းတစ်လျှောက် လျှောက်သွားလေတော့သည်။ ကိုအဏ္ဏဝါ လွှင့်ပစ်ခဲ့သည့် ပန်းစည်းကလေးကလည်း လမ်းဘေးမှာ ကျွမ်းထိုး မှောက်ခုံကျန်နေခဲ့သည်။

"နာမည် ဘယ်လို ခေါ်သလဲ ဟင်"

"မရီနာ"

စပိန် စကားပြောသည့် နိုင်ငံတွေက အမျိုးသမီးတွေရဲ့ နာမည်တွေက ဆင်တူယိုးမှားတွေ များသည်။ မရီနာ၊ မာရီယာ၊ မီရင်ဒါ စသည်ဖြင့် ဖြစ်သည်။ ကိုအဏ္ဏဝါက သူ့နာမည်ကို ပြောပြသည်။ မရီနာက အခေါ်ရခက်သည်ဟု ဆိုသည်။

"နာမည်က အခေါ်ရခက်တယ်၊ မိယာမိုးလို့ပဲ ခေါ်မယ်"

"ခေါ်စေဗျား"

မိယာမိုးဆိုတာ စပိန်လို အချစ်ရေလို့ ခေါ်တာဖြစ်သည်။ ဒါဆိုလျှင် သဘောပေါက်ကြမည် ထင်ပါသည်။ ကိုအဏ္ဏဝါနှင့် မရီနာတို့ မွန်တီဗီဒိုမြို့လယ်က နိုက်ကလပ်တွေမှာ တွဲက ပျော်မြူး နေကြသည်။ ညမိုးချုပ်လာတော့ သင်္ဘောက ဘော်ဒါတွေအားလုံးနီးပါး မြို့လယ်ကောင်ကို ရောက်လာကြသည်။ ဦးသိန်းသန်းနှင့် ဘိုဆင် ဦးမောင်ဟန်တို့ ဦးဆောင်သည့် မြန်မာသင်္ဘောသား အုပ်စုနှင့် ဖနန်းဒစ် ပီတာ ဦးဆောင်သည့် အိန္ဒိယ သင်္ဘောသားအုပ်စု ရောက်လာသောအခါ လမ်းမကြီးပေါ်မှာ စိုပြည် စည်ကားသွားသည်။ ည ၂-နာရီကျော်မှ နိုက်ကလပ်တွေ ပိတ်လို့ သင်္ဘောကို ပြန်ကြသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



၁၅-ရက်နေ့သည် စနေနေ့ ဖြစ်သည်။ မွန်တီဗီဒီယိုမြို့၏ ညနေခင်းသည် ပိုပြီး စည်ကားနေသည်။ တခြား သင်္ဘောတွေလည်း ဆိပ်ကမ်းကပ်လာလို့ နိုင်ငံတကာ သင်္ဘောသားတွေဖြင့် ပိုမို များပြား စည်ကားနေသည်။ နိုက်ကလပ်က လူကြိုက်များသည့် ချောချောကောင်မလေးတွေတောင် ကြေးတက်ကုန်သည်။ ကိုအဏ္ဏဝါရဲ့ မရီနာကတော့ မူရင်းဈေးဖြင့်ပင် အရောင်းအဝယ် ဖြစ်နေသည်။

လမ်းကြီးပေါ်က မြင်နေရသည့် အိမ်တစ်အိမ်ရဲ့ ဧည့်ခန်းမှာ ထိုင်ပြီး ဘီယာ သောက်နေသည့် ဦးမောင်ဟန်ကို မြင်လို့ ကိုအဏ္ဏဝါ ဝင်လိုက်သည်။ ဦးမောင်ဟန်နှင့် အတူ ခန့်ခန့်ချောချော အမျိုးသမီးတစ်ယောက် အတူထိုင်ပြီး စကားပြောနေတာ တွေ့ရသည်။ ဦးမောင်ဟန်က ဘာသာစကား ဆယ်မျိုးလောက် ပြောတတ်သူ ဖြစ်လို့ စပိန်လိုကရားရေလွှတ် ပြောနေတာ တွေ့ရသည်။ ဦးမောင်ဟန်က သူ့ အမျိုးသမီးကို ကိုအဏ္ဏဝါနှင့် မိတ်ဆက်ပေးသည်။ ကိုအဏ္ဏဝါက မြန်မာလိုပြောတာတွေကို ဦးမောင်ဟန်က စပိန်လို ပြန်ပြောခြင်းဖြင့် စကားဝိုင်းဖွဲ့မိကြသည်။



ခင်မောင်ဌေး၊ ကိုကျော်ဆွေ၊ သိန်းလင်းနှင့် ဦးသိန်းသန်းတို့
ကာနီဗယ်ပွဲတော်ဝင်ပျော်နေကြပုံ

http://www.linhtet.com



ဦးမောင်ဟန်က သူသည် ယနေ့ည ဒီအိမ်မှာ အိပ်မည်ဟု ပြောသည်။ ကိုအဏ္ဏဝါလည်း အိပ်ချင်ပါက တစ်ယောက် ခေါ်ပေးမည်ဟု ပြောသည်။ ကိုအဏ္ဏဝါက မအိပ်ဟု ပြောလိုက်သည်။ မိမိတို့ ရောက်ရှိ



ကာနီဗယ်ပွဲတော်မှာ ကိုအဏ္ဏဝါနှင့် ကိုကျော်ဆွေ

နေသည့် နေရာနှင့် မိမိတို့သင်္ဘောသည် ခနစ်ပစ်လောက်သာ ဝေးသည့်အတွက် သင်္ဘောကို ပြန်အိပ်မည်ဟု ပြောလိုက်သည်။ ဦးမောင်ဟန်ကို သတိပေးလိုက်သည်။

"ဘိုဆင် သိပ်မူးသွားလို့ ပိုက်ဆံတွေ အနှိုက် ခံရမယ်နော်၊ ဒေါ်လာ နှစ်ဆယ်လောက်ပဲ ဆောင်ထားပြီး ပိုတာကို ကျွန်တော့်ကို ပေးလိုက်ပါလား"

"ရပါတယ်၊ အာအိုကြီး ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့၊ အာအိုကြီး ပြန်ချင်ရင် ပြန်တော့"

ကိုဏ္ဏဝါသည် ဦးမောင်ဟန် စတည်းချနေသည့် အိမ်ကထွက်လာခဲ့ပြီး ဦးသိန်းသန်းတို့ကို လိုက်ရှာသည်။ ဦးသိန်းသန်း၊ ရဲထွန်းနှင့်

http://www.linhtet.com



ဆီလောင်း ခင်မောင်ဌေးတို့ကို နိုက်ကလပ် တစ်ခုမှာ သွားတွေ့သည်။ အတွဲကိုယ်စီဖြင့် ငြိမ့်နေကြသည်။ ဦးသိန်းသန်းက ဘီယာ၊ အရက် လုံးဝ မသောက်သော်လည်း ရဲထွန်းနှင့် ခင်မောင်ဌေးတို့ အုပ်စုကြီး သောက်ထားသည့် ပုလင်းလွတ်တွေ အတော်များနေတာ တွေ့ရသည်။ များများသောက်လျှင် ကောင်မလေးတွေက ကော်မရှင်ရသည်။ သင်္ဘောသား တစ်ပုလင်း မကုန်မီ သူတို့က နှစ်ပုလင်း ကုန်သည်။

ဦးသိန်းသန်းသည် ရေတပ်သားဘဝတုန်းက အရက်ကို အလွန် အကျွံသောက်ခဲ့သူ ဖြစ်သည်။ အရက်ကြောင့် မှားခဲ့သည့် အမှားတွေကို သိပြီး ရာသက်ပန် ဖြတ်လိုက်သူ ဖြစ်သည်။ ဖြတ်တယ်ဆို တကယ်ကို မသောက်တော့သူ ဖြစ်သည်။ အရက် မသောက်သော်လည်း ကွမ်းသမား ဖြစ်လို့ အတော် ဒုက္ခများနေသေးသည်။ နိုင်ငံခြားသို့ ထွက်တိုင်း အထူး ပြုလုပ်ထားသည့် ကွမ်း၊ ကွမ်းသီးနှင့် ထုံးတွေကို သယ်လာရသူ ဖြစ်သည်။ ကွမ်းရွက်ကို အခြောက်လှန်း၊ အမှုန့်ထောင်း၊ ထုံးကိုလည်း အခြောက်လှန်း၊ အမှုန့်ထောင်း၊ ကွမ်းသီးကို အစိပ်သေးသေးလေးတွေ လုပ်ယူလာရသည်။ သုံးမျိုးစပ်ပြီး ဆေးရွက်ကြီးဖြင့် ဝါးသည်။ တစ်နှစ် စာ လုပ်လာခဲ့သည်ဟု သိရသည်။



ဆီလောင်း ခင်မောင်ဌေး နှင့် ထမင်းချက် မောင်ဝင်း

ဦးသိန်းသန်းတို့ နိုက်ကလပ်နှင့် မျက်နှာချင်းဆိုင်က နိုက်ကလပ်မှာ အေးကို၊ ဝင်းအောင်၊ ဘိုနီ၊ အောင်သိန်းတို့ကို သွားတွေ့သည်။ ချောင်ကျကျ မှောင်ရိပ်မှာ ပီတာတို့ ကုလားအုပ်စု အတွဲ ကိုယ်စီဖြင့် မှိန်းနေကြတာတွေ့ရသည်။ ဒစ္စကို တေးသံနှင့်အတူ ကခုန်နေကြသည့် နိုင်ငံခြားသား မျိုးစုံကိုလည်း တွေ့ရသည်။ ကိုအဏ္ဏဝါ၏ မရီနှာကတော့ ကြေးတက်ပေးသူနှင့် တွေ့သွားဟန်တူသည်။ ကိုအဏ္ဏဝါဆီကို မလာဘဲ ကိုရောင်ပျောက်နေသည်။

## ဥရုဂွေးမှ အာဂျင်တီးနားသို့

မွန်တီဗီဒီို မြို့က မြန်မြန် ထွက်ချင်နေကြပြီ ဖြစ်သည်။ သင်္ဘောနှင့် နိုက်ကလပ်တွေကလည်း ခဲနှစ်ပစ်လောက်သာ ဝေးသည်။ နိုက်ကလပ်တွေက ကောင်မလေးတွေကလည်း ချောသည်။ နိုက်ကလပ်တွေကို မသွားဘဲလည်း မနေနိုင်ကြလို့ ပိုက်ဆံတွေ ကုန်ကြပြီ ဖြစ်သည်။ ကိုအဏ္ဏဝါမှာလည်း ကုန်ပြီ ဖြစ်သည်။ ပိုက်ဆံ မရှိတော့ ဘိန်းစားကျင့် ဘိန်းစားကြံ ကြံသည်။ သင်္ဘောပိုင် နေရှင်နယ် ရေဒီယို အစုတ်ကြီးကို ၁၀-ဒေါ်လာဖြင့် ရောင်းသည်။ ဆီးရီးယားက ဝယ်လာခဲ့သည့် စီတီဇင်နာရီနှစ်လုံးကို ဒေါ်လာ ၆၀-ဖြင့် ပြန်ရောင်းသည်။ ဒေါ်လာ ၇၀ လက်ဝယ်ရှိတယ်ဆိုလျှင်ပဲ သင်္ဘောပေါ်မှာ မနေနိုင်တော့ဘဲ နိုက်ကလပ်တွေကို သွားပြန်သည်။ ကောင်မလေးတွေနှင့် တွဲပြီး သောက် စား ကခုန် ပျော်မြူးပြန်သည်။

အပျော်တွေ လွန်ကြတော့ ပြဿနာတွေ ဖြစ်လာသည်။ ဘိုနီသည် သင်္ဘောကို ပြန်မလာတော့ဘဲ သူနဲ့တွဲနေသည့် ကောင်မလေးနေသည့် အခန်းမှာ အိပ်နေသည်။ နှစ်ရက်တိတိ သင်္ဘောကို ပြန်မလာသောအခါ ကပ္ပိတန်က ဘိုနီကို အလုပ်ဖြုတ်ပစ်ရန် ရည်ရွယ်ကြောင်းပြောသည်။

ကပ္ပိတန်သည် အမျိုးသမီး တစ်ယောက်ကို သင်္ဘောပေါ်ခေါ်တင်ပြီး အတူအိပ်သည်။ အမျိုးသမီးသည် ကပ္ပိတန် အခန်းထဲက

http://www.linhtet.com



မီးခံသေတ္တာကို ဖွင့်ဖို့ကြိုးစားတာကို မိသွားသည်။ ကပ္ပီတန်၏ အရက်ခွက်ထဲမှာ အိပ်ဆေးမှုန့်ထည့်ပြီး တိုက်သည်ဟု သံသယ ဖြစ်ကြသည်။ ကပ္ပီတန်သည် တစ်ညလုံး တစ်ရေးမှ မနိုးဘဲ အိပ်ပျော်သွားခဲ့သည်။ အမျိုးသမီးသည် မီးခံသေတ္တာကို မဖွင့်တတ်ဘဲ ဖွင့်နေလို့ မိသွားခြင်း ဖြစ်သည်။

၁၈-ရက်နေ့မှာ သင်္ဘော ထွက်မည်ဖြစ်လို့ နိုက်ကလပ်တွေမှာ အိပ်နေကြသူတွေ အားလုံး သင်္ဘောကို ပြန်လာကြသည်။ ဘိုဆင် ဦးမောင်ဟန်သည် ဘောင်းဘီဝတ်ပြီး ပြန်ရောက်လာသော်လည်း အင်္ကျီကို ပခုံးမှာ တင်ပြီး ကျောပြောင်ပြောင်ဖြင့် သင်္ဘောကို ပြန်ရောက်လာသည်။ အဖြစ်ကို စုံစမ်းကြည့်တော့ သူ့အဖြစ်ကလည်း အတော်ဆိုးသည်။ အမူးလွန်ပြီး ဧည့်ခန်းက ဆိုဖာပေါ်မှာ တစ်ညလုံး အိပ်ပျော်နေသည်။ သူ့အဖော် အမျိုးသမီးက သူ့အိတ်ထဲက ပိုက်ဆံတွေ အားလုံးကို နိုက်ယူသွားသည်။ သူကလည်း တစ်ညလုံး သေးတွေပေါက်ချပြီး သူ့သေးနဲ့သူ တစ်ကိုယ်လုံး ရွှဲစိုနေလို့ အင်္ကျီကို မဝတ်ဘဲ ပခုံးပေါ်တင်လာခဲ့ရသည်။

ဂရိလူမျိုး ဒုတိယ အင်ဂျင်နီယာသည် အမူးမပြေသေးဘဲ ယိုင်ထိုးယိုင်တိုင်ဖြင့် သင်္ဘောကို ပြန်ရောက်လာသည်။ သင်္ဘောထွက်မည်ဖြစ်၍ လိုအပ်သည့် ပြင်ဆင်မှုတွေ ပြုလုပ်ရန် မူးမူးမောမောဖြင့် စက်ခန်းတွင်း ဆင်းသွားသည်။

သင်္ဘော ထွက်မည်ဖြစ်လို့ လူစစ်သောအခါ ဘိုနီ ပျောက်နေလို့ မြန်မာသင်္ဘောသားတွေ ပျာယာခတ်သွားကြသည်။ ညကတည်းက သင်္ဘောကို ပြန်မလာဟု ပြောကြသည်။ သူနဲ့ တွဲနေသည့် ကောင်မလေးရဲ့ အခန်းမှာ ရှိမလား ဆိုတော့လည်း မရှိနိုင်ဟု ပြောကြသည်။ ပိုက်ဆံမပေးနိုင်တော့လို့ ကောင်မလေးက ဘိုနီကို မောင်းထုတ်လိုက်ပြီဟု ဆိုကြသည်။ ကိုအဏ္ဏဝါနှင့် ဦးသိန်းသန်းတို့ မနေနိုင်တော့လို့ ဘိုနီကို လိုက်ရှာရတော့သည်။ နိုက်ကလပ်တွေ ရှိသည့် လမ်းမကြီးတစ်လျှောက် လိုက်ရှာကြသည်။

ဒီလမ်းမကြီးသည် ညအခါမှာ စည်ကားသော်လည်း နေ့အခါမှာ လူသွားလူလာ မရှိသလောက် ခြောက်ကပ်တိတ်ဆိတ်နေသည်။ တစ်ည

http://www.linhtet.com



လုံး ပျော်မြူးဖို့အတွက် တစ်နေ့လုံး အိပ်နေကြသည်ဟု ယူဆရသည်။ တစ်နေရာ အရောက်မှာ လူတစ်ယောက် သစ်ပင်အောက်မှာ အိပ်နေတာ တွေ့ရသည်။ ပြေးသွားပြီး ကြည့်လိုက်တော့ ထင်သည့်အတိုင်းပင် ဘိုနီ ဖြစ်နေသည်။ ဆွဲထူပြီး သင်္ဘောကို ပြန်ခေါ်လာခဲ့သည်။

နေ့လယ် ၂-နာရီတွင် မွန်တီဗီဒို ဆိပ်ကမ်းမှ သင်္ဘောထွက်သည်။ အာဂျင်တီးနား နိုင်ငံကို သွားနေသည်ဟု သိရသည်။ ဥရုဂွေးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံသည် ပူးကပ်နေသဖြင့် ဒီနေ့ညမှာပင် အာဂျင်တီးနား ကို ရောက်မည်ဟု သိရသည်။

၁၉-ရက်နေ့ နံနက်၊ ကိုအဏ္ဏဝါ အိပ်ရာက နိုးလာသောအခါ သင်္ဘောကြီးသည် ရှည်လျားကျဉ်းမြောင်းသည့် မြစ်ကြီးတစ်လျှောက် မောင်းဝင် နေတာ တွေ့ရသည်။ ဧရာမ တံတားကြီး တစ်စင်းရဲ့ အောက်က ငုံ့ဝင် သွားနေတာ တွေ့ရသည်။ မြစ်ကြီး၏ အမည်က ရီရို ပါရာနာ ဂွါဇူး (RIO PARNA GUAZU) ဟု မြေပုံပေါ်မှာ ရေးထားသည်။ ဥရုဂွေးနှင့် အာဂျင်တီးနားကို နယ်ခြားမျဉ်း သတ်မှတ် သည့် မြစ်ကြီး ဖြစ်သည်။ ဧရာဝတီမြစ်လောက် မကျယ်သော်လည်း နိုင်ငံခြား သင်္ဘောကြီးတွေ ဝင်ထွက် သွားလာ နိုင်လောက်အောင် ရေစူး နစ်တာ တွေ့ရသည်။

ကပ္ပိတန်က ဘိုနီကို အလုပ် ဆင်းမခိုင်းတော့ဘဲ အိပ်ခိုင်း ထားသည်။ သင့်တော်ရာ ဆိပ်ကမ်းမှ ပြန်ပို့မည်ဟု ပြောသည်။ ဘိုနီသည် ကိုအဏ္ဏဝါဆီကို လာပြီး ငိုပြသည်။ ကပ္ပိတန်ကို တောင်းပန်ပေးပါရန် အကူအညီ တောင်းသည်။ ကိုအဏ္ဏဝါသည် ဦးသိန်းသန်းကို တိုင်ပင် သည်။ ဦးသိန်းသန်းက လိမ္မာပါးနပ်သည်။ ဘိုနီသည် နောက်တစ်ခါ ဒါမျိုး လုပ်ပါက ပြန်ပို့ပါလို့ ကပ္ပိတန်ကို ပြောရမည် ဆိုပါက လိုက်ပြော ပေးမည်ဟု ဆိုသည်။ ဘိုနီက နောက်မလုပ်တော့ပါဟု ကတိပေးသည်။

၁၉-ရက်နေ့ ညနေ ၃-နာရီမှာ ရိုဆားရီးရိုး (ROSARIO) ဆိုသည့် မြို့ကြီးကို ရောက်ပြီး ကျောက်ချသည်။ ဘယ်နေ့မှာ ဆိပ်ကမ်း ကပ်ခွင့် ရမည်ဆိုတာ မသိရသေး၊ ဘာကုန်တွေကို တင်ဖို့လာတယ် ဆိုတာကိုလည်း မသိရသေး ဖြစ်နေသည်။ ကျောက်ချပြီး မကြာမီပင်

http://www.linhtet.com





အာဂျင်တီးနားနိုင်ငံ ရိုဆာရီးယိုးမြို့

အမျိုးသမီး ကြီးကြီး နှစ်ယောက် သင်္ဘောပေါ်ကို ရောက်လာသည်။ လက်လှော် လှေကလေးဖြင့် လာကြခြင်းဖြစ်သည်။ သင်္ဘောသားတွေရဲ့ အခန်းတွေကို တံခါးခေါက်ဝင်ပြီး ဆပ်ပြာခဲဖြင့်လည်း လက်ခံသည်။ ခေါက်ဆွဲခြောက်ထုပ်ပေးလည်း ယူသည်။ တချို့ အတော် ဘိုင်ကျနေတဲ့ အကောင်တွေက အိမ်သာသုံး စက္ကူလိပ်ကို ပေးပြီး အရောင်းအဝယ် ဖြစ်သွားကြသည်။

၂၀-ရက်နေ့ တစ်နေ့လုံးလည်း ဆိပ်ကမ်းကပ်ခွင့် မရသေး ဖြစ်နေသည်။ ဘိုနီကို ဘောင်းဘီဝတ်ခိုင်းပြီး ဦးသိန်းသန်းကိုပါ ခေါ်၍ ကပ္ပိတန်၏ အခန်းကို သွားကြသည်။ ကပ္ပိတန်က လူပါး၊ လူနပ်၊ ဘိုနီနှင့် ကိုအဏ္ဏဝါတို့ကို မြင်လိုက်ကတည်းက တောင်းပန်ဖို့ လာတယ် ဆိုတာ သိပြီးဖြစ်သည်။ သူ့ဘက်က ဈေးကိုင်တော့မှာ သေချာသည်။ သူ့ထက် ပါးနပ်မှ ဖြစ်မည်ဟု သတိရလိုက်သည်။

“ကဲ ဆို၊ ဘာကိစ္စလဲ”

http://www.linhtet.com



"ဘိုနီက ဆရာ့ကို တောင်းပန်ချင်လို့တဲ့ ဆရာ၊ သူ အလုပ်ပြန်ဆင်း ပါရစေတဲ့၊ နောက်နောင် ဒီလို မဖြစ်စေရပါဘူးတဲ့"

"ကျွန်တော် သူ့ကို ပြန်ပို့ဖို့ ဆုံးဖြတ်ပြီးပြီ"

"ဆရာ ဆုံးဖြတ်ပြီးပြီဆိုတာ ကျွန်တော်တို့လည်း သိပါတယ်။ သူ့အမှားကို သူသိလို့ လာပြီး တောင်းပန်တာပါ၊ ဆရာရဲ့ ဆုံးဖြတ်ချက်ကို ပြန်လည် ရုပ်သိမ်းပေးဖို့ တောင်းပန်ခိုင်းလို့ပါ"

"နောက်ထပ် ဒီလိုမျိုး သူ မလုပ်တော့ပါဘူးလို့ ခင်ဗျားတို့ တာဝန် ယူမလား"

"ယူပါတယ်ဆရာ၊ နောက်ထပ် လုပ်ရင် ပြန်ပို့လိုက်ပါ"

"ကောင်းပြီး၊ သူ အလုပ် မဆင်းတဲ့ ငါးရက်အတွက် ဒေါ်လာ တစ်ရာ ဖြတ်မယ်"

"ဖြတ်ပါ ဆရာ၊ သူ သဘောတူပါတယ်တဲ့"

ဒီလိုဖြင့် ဘိုနီ အလုပ်ပြန်ဆင်းရသည်။ ကိုယ့်လူကိုလည်း နောက်နောင် လိမ်လိမ်မာမာနေရန် သတိပေးရသည်။ ကုန်းပတ် ပထမ အရာရှိကတော့ သိပ်ပြီး မကျေနပ်၊ ဘိုနီကို ပြန်ပို့စေချင်သည်။ သင်္ဘောသားတစ်ယောက်ကို မကြိုက်လို့ ပြန်ပို့တယ်ဆိုတာ သိပ်ပြီး လွယ်ကူသည့်အလုပ် မဟုတ်။ လမ်းစရိတ် ကုန်သည်၊ ပြန်သူအတွက် ကုန်ရသလိုလာသူအတွက် ကုန်ရဦးမည် ဖြစ်သည်။ ပြန်ပို့သည့် ကပ္ပိတန်တွေကိုသင်္ဘောပိုင်ရှင်က မကြိုက်၊ ငြူစူတတ်သည်။ (ဒီသင်္ဘောသားကို လိမ္မာအောင် မဆုံးမတတ်ဘူးလား) ဟု အမေးခံရလေ့ ရှိသည်။ ဒီအခြေအနေကို သိသော်လည်း ကပ္ပိတန်ကို အောက်ကျို့ခံပြီး ရှိခိုးဦးတင် တောင်းပန်လိုက်သည့်အတွက် ကပ္ပိတန်လည်း သိက္ခာ တက်သွားသည်။

၂၁-ရက်နေ့မှာ ကုန်စတင်သည်။ တီရစ္ဆာန် အစားအစာတွေဟု သိရသည်။ လက်သန်းလုံး အရွယ် နှစ်လက်မလောက်စီ ရှည်သည့် အတောင့်လေးတွေ ဖြစ်သည်။ ငါး၊ ပုစွန် အခွံအရိုးတွေနှင့် ပဲ၊ ပြောင်း၊ နှမ်းဖတ်တွေကို ရောကြိတ်ထားသည့် အတောင့်လေးတွေဟု သိရသည်။ ကျူးဘားနိုင်ငံ မြို့တော် ဟားဗနားမြို့ကို သွားပို့ရမည်ဟု သိရသည်။

http://www.linhtet.com



## ရိုဆာရီးရိုးမှ ပြန်အေရီ မြို့ကြီးဆီသို့

လျှပ်စစ် အင်ဂျင်နီယာ ဦးသိန်းသန်းသည် ကိုအဏ္ဏဝါထက် ငါးနှစ်လောက် ပိုပြီး အသက်ကြီးသည်။ တပ်မတော်မှာတုန်းကလည်း ဦးသိန်းသန်းက ရာထူးကြီးခဲ့သည်။ နိုင်ငံခြား သင်္ဘောသားတွေ ဖြစ်လာကြသောအခါ ဦးသိန်းသန်းက လစာ အမေရိကန် ဒေါ်လာ ၈၀၀/- ရသည်။ ကိုအဏ္ဏဝါက ၈၅၀/-နှင့် စာရွက်စာတမ်းကြေး (PAPER WORKS) အတွက် ၅၀/- ရသည်။ စုစုပေါင်း ဒေါ်လာ ၉၀၀/- ရသဖြင့် မြန်မာ သင်္ဘောသား တွေထဲမှာ ကိုအဏ္ဏဝါက လစာအများဆုံး ရသူ ဖြစ်သည်။



ရိုဆားရီးယိုးမြို့က ဆပ္ပိုင်ဟိုတယ်မှာ
အေးကို၊ ကိုကျော်ဆွေနှင့် ကိုအဏ္ဏဝါ

ကပ္ပိတန်ကလည်း အတော်ပျော်တတ်သူ ဖြစ်သည်။ နိုက်ကလပ်တွေကို သွားမည်ဆိုလျှင် မြန်မာတွေထဲက ကိုအဏ္ဏဝါနှင့် ဦးသိန်းသန်းကို ခေါ်တော့သည်။ ကပ္ပိတန် ခေါ်တာဆိုတော့ မနေရဲလို့ လိုက်ကြရသည်။ ဦးသိန်းသန်း အတော်စိတ်ညစ်သည်။ ဆိပ်ကမ်းတစ်ခု ကပ်ပြီးလို့ ရေမိုးချိုးပြီးချိန်မှာ တယ်လီဖုန်း ခေါ်ပြီဆိုလျှင် ကပ္ပိတန်ဆီက ဖြစ်သည်။ အသင့်ဖြစ်ပြီလားဟု မေးတော့သည်။ သူများတွေက ရေချိုး

http://www.linhtet.com



တုန်း ရှိသေးသည် သူက ရေမွှေးဆွတ်ပြီး ဖြစ်သည်။ အတော် စိတ်ညစ် စရာကောင်းသူ ဖြစ်သည်။ ဦးသိန်းသန်းက ကိုအဏ္ဏဝါကို ပြောသည်။

"စိုးကြီး၊ ဒီကပ္ပိတန်နဲ့ တွဲခုတ် နေလို့ကတော့ မောင်ရင်တို့ ကိုယ်တို့ အိမ်ပြန်ရင် မော်တော်ကား မပြောနဲ့ ဘိုင်စကယ်တောင် ဝယ်နိုင်မှာ မဟုတ်ဘူး"

"ဘယ်လို လုပ်မလဲ အီးအိုကြီးရာ၊ သူ ခေါ်တော့ မလိုက်ဘဲ မနေရဲဘူးဗျ"

ကိုအဏ္ဏဝါကလည်း အတော်သွေးပူသူ ဖြစ်သည်။ ရောက်လေရာ အရပ်မှာ ကမ်းပေါ်မတက်ဘဲ မနေနိုင်သူ ဖြစ်သည်။ ယခု ရိုဆားရီးရိုး ရောက်တော့လည်း မြို့ထဲလျှောက်သွားသည်။ အာဂျင်တီးနားသည် ပစ္စည်းမျိုးစုံ ဈေးကြီးသော နိုင်ငံဖြစ်သည်။ သူတို့ နိုင်ငံသုံး ပိုက်ဆံကို အော်ဆရာလီလို့ ခေါ်သည်။ အမေရိကန်ဒေါ်လာနှင့် တန်းဖိုးချင်း တူနေသည်။ ဘီယာ တစ်ခွက်ကို ၄ အော်စတာလီဖြစ်လို့ ဘီယာ သုံးခွက် သောက်ဖို့ အတွက် ၁၂-ဒေါ်လာလောက် ကုန်မည်ဖြစ်သည်။

၂၆-ရက်နေ့မှာ ဦးသိန်းသန်း၊ ကိုကျော်ဆွေ၊ အေးကိုတို့နှင့် အတူ မြို့ထဲ ထွက်ပြန်သည်။ ရိုဆားရီးရိုး စာတိုက်ကြီးမှ ပို့စ်ကတ် တစ်ခု အိမ်ကို ပို့လိုက်သည်။ မီးဖွားရက် နီးကပ်နေပြီ ဖြစ်သည့် ဇနီး မဖြူတုတ်ကို ကျန်းမာစေကြောင်း ဆုတောင်းစာ ရေးပေးလိုက်သည်။

၂၇-ရက်နေ့သည် ရာသီဥတု သာယာနေလို့ မြို့ထဲလျှောက်ပြန် သည်။ သင်္ဘောမှာ ကုန်တင်နေတာကလည်း နှေးလွန်းသည်။ သင်္ဘော ပေါ်မှာ နေမည့်အစား မြို့ထဲသွားပြီး တွေ့သမျှ မြင်သမျှတွေကို ကြည့် လေ့လာမှတ်သားနေတာက ဗဟုသုတ ရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ရိုဆားရီးရိုးမြို့ဈေးကြီးထဲ လျှောက်သွားနေသည်။ ဈေးတန်းကြီး အပါ အဝင် အဆောက်အအုံတွေသည် စပိန်လက်ရာတွေ ဖြစ်နေတာတွေ့ ရသည်။ စပိန် ကိုလိုနီ ဘဝဖြင့် နှစ်ပေါင်း ဘယ်လောက် ကြာအောင် နေခဲ့ရသည် မသိလို့ တွေးနေမိသည်။

၁-၃-၈၆ နေသည် စနေနေ့ ဖြစ်သည်။ ကုန်တင်တာ နှေးရသည့် အထဲမှာ စနေ နေ့တစ်ဝက်၊ နားသည်။ တနင်္ဂနွေနေ့မှာ တစ်နေ့လုံး

http://www.linhtet.com



နားသည်။ ရိုဆားရီးရိုးမြို့မှာ ကြာမည့်သဘော ဖြစ်သည်။ သင်္ဘောပေါ်မှာ မနေချင်လို့ ဦးသိန်းသန်းနှင့် လုံချည်တွေဝတ်ပြီး မြို့ထဲလျှောက်ကြသည်။ ပုံကျစျေးတန်းကို လျှောက်ကြသည်။ ဘာလူမျိုးတွေမှန်း မသိလို့ ဝိုင်းကြည့် နေကြသည်။



အာဂျင်တီးနားနိုင်ငံ ရိုဆားရီးယိုးမြို့က
ကလေးတွေနှင့် အဖွဲ့ကျနေသော ကိုအဏ္ဏဝါ

၂-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်လို့ သင်္ဘောဂိတ်ရှေ့မှာ ပုံကျစျေးတန်း လာဖွင့်ရောင်းနေတာ တွေ့ရသည်။ ရှေးဟောင်းပစ္စည်းမျိုးစုံနှင့် မသုံးလိုတော့သည့် မိသားစုပိုင် ပစ္စည်းမျိုးစုံ လာရောင်းနေကြတာ တွေ့ရသည်။ အဝတ်အထည်၊ အိုးခွက်ပန်းကန်နှင့် စာအုပ်ဟောင်းတွေပါ တွေ့ရသည်။ တစ်နေရာမှာတော့ ရှေးဟောင်းပန်းချီကားတွေကို ပုံနှိပ်ထားသည့် စာအုပ်တွေကို ရောင်းနေသူ တစ်ယောက်ကို တွေ့ရသည်။ ၁၅/၁၆/၁၇-ရာစုက ဆွဲခဲ့သည့် ကမ္ဘာကျော် ပန်းချီကားတွေကို ပုံနှိပ်ပြီး စာအုပ်ချုပ်ထားသည့် စာအုပ်တွေ ဖြစ်သည်။

http://www.linhtet.com



ပန်းချီစာအုပ်တစ်အုပ်ကို တစ်ဒေါ်လာ ရောင်းသဖြင့် ဆယ်ဒေါ်လာဖိုး ဝယ်လိုက်သည်။ စာအုပ်တွေက လေးလွန်းလို့ နည်းနည်းပဲ ဝယ်သည်။ ဥရောပရှိ ကမ္ဘာကျော် ပြတိုက်ကြီးတွေမှာ ချိတ်ဆွဲ ပြသထားသည့် ပန်းချီကားတွေ ဖြစ်သည်။ စာတွေက စပိန်လို ရေးထားလို့ မဖတ်တတ် ဖြစ်နေသည်။ ဒါပေမဲ့ ပန်းချီဆရာနာမည်၊ ရေးဆွဲသည့် ခုနှစ်၊ ပန်းချီကား၏ အရွယ်အစားတို့ကို ဖတ်ကြည့်လျှင် သိနိုင်သည်။ ပန်းချီကား၏ အမည်နှင့် အကြောင်းအရာ ဖော်ပြချက်ကိုတော့ စပိန်လို ဖတ်တတ်မှ သိမည်။

၄-ရက်နေ့သည် အင်္ဂါနေ့ ဖြစ်သည်။ ကုန်တင်တာ မပြီးနိုင်လို့ သင်္ဘောမှာ မနေဘဲ မြို့ထဲထွက်ပြန်သည်။ ဗဟိုစာတိုက်ကြီး အနီးကို ရောက်သွားသဖြင့် ရန်ကုန်ကို စာထည့်ရန် သတိရလာသည်။ စာတိုက်ကြီးမှာပင် စာတစ်စောင် ရေးနေသည်။ ကိုအဏ္ဏဝ၏ ဘေးမှာလည်း အမျိုးသမီး တစ်ယောက်က စာတစ်စောင် ရေးနေသည်။ အမျိုးသမီးသည် စာရေးနေလျက်မှ ကိုအဏ္ဏဝကို လှမ်း လှမ်းကြည့်နေသည်။ နောက်ဆုံးမှာ မေးတော့သည်။

"ဟလို ကျေးဇူးပြုလို့ရှင်၊ လူကြီးမင်း ရေးနေတာ ဘာစာတွေလဲ သိပါရစေ"

ကိုအဏ္ဏဝ အံ့သြသွားသည် အာဂျင်တီးနားမှာ အင်္ဂလိပ်စကားကို ပီသကျွမ်းကျင်စွာ ပြောနိုင်သည့် မိန်းကလေးကို တွေ့လိုက်ရလို့ အံ့သြသွားခြင်းဖြစ်သည်။

"မြန်မာစာပါ ခင်ဗျာ၊ ကျွန်တော်က မြန်မာလူမျိုးပါ"

မြန်မာလူမျိုး ကိစ္စရှင်းရသည်။ အင်္ဂလိပ်လို ဘားမားလို့ ပြောလျှင် မသိ ဖြစ်ဖြစ်နေသည်။ ကာရေဗီယံ ပင်လယ်ထဲက ဘဟားမား ကျွန်းကလေးနဲ့ မှားနေတတ်ကြသည်။ ကိုအဏ္ဏဝက စပိန်လို မတောက်တခေါက် ပြောနိုင်လို့ ဘူရမားနီးယားလို့ ပြောလိုက်တော့မှ သိသွားသည်။ အမျိုးသမီးက သူသည် တက္ကသိုလ်ကျောင်းသူ ဖြစ်ကြောင်း၊ အမေရိကန်ကို သွားချင်လို့ ကြိုးစားနေသူ ဖြစ်ကြောင်း ပြောသည်။ နာမည်က အလီဂျင်းဒရား (အလဇ္ဇန္ဒား)ဟု ခေါ်ကြောင်း ပြောပြီး မိတ်ဆက်သည်။

http://www.linhtet.com



မြန်မာစာကို သင်လိုကြောင်း ပြောလို့ သင်္ဘောကို လာခဲ့ပါ သင်ပေးပါမည်ဟု ပြောလိုက်သည်။

၅-ရက်နေ့မှာ ကုလား အင်ဂျင်နီယာချုပ် သင်္ဘောကို ရောက်လာသည်။ လူငယ်ပဲ ရှိသေးသည်။ နာမည်က ပါရာဘင် ဗရူးဝါး (PARA BIN BARUA) ဟု ခေါ်သည်။ ရိုးရာ ယဉ်ကျေးမှုအရ မုတ်ဆိတ်ပါးသိုင်းမွေး ထားသော်လည်း ကုလားနဲ့ မတူဘဲ မြန်မာနှင့် တူနေသည်။ အိန္ဒိယပြည် ဘယ်အရပ်ကလဲလို့ မေးကြည့်တော့ အာသံ မဏိပူရဘက်ကဟု ပြောသည်။ ဒါကြောင့် မြန်မာနှင့် တူနေတာကိုးဟု သတိရလိုက်သည်။ အင်ဂျင်နီယာချုပ်သည် သဘောကောင်းသူ ဖြစ်သည်။ ကိုအဏ္ဏဝါကို မြင်လျှင်မြင်ချင်း ခင်သွားသည်။

အင်ဂျင်နီယာချုပ်ကို ကြိုဆိုသည့်အနေဖြင့် လားစ်ဗီဂတ်စ် နိုက်ကလပ်မှာ သွားကဲကြသည်။ ကပ္ပိတန်က ပိုက်ဆံ လိုသလောက် ထုတ်ပေးသည်။ ကပ္ပိတန်သည် သူ့ကောင်မကို ဖက်ပြီး ခေါင်းငိုက်စိုက်ကျအောင် မူးနေသည်။ ကပ္ပိတန် မူးနေတာကို အခွင့်ကောင်း ယူပြီး ကိုအဏ္ဏဝါအပါအဝင် သင်္ဘောသားတွေက ကပ္ပိတန် ဆီမှာ ပိုက်ဆံ ချေးကြသည်။ ကပ္ပိတန်ကလည်း ကောင်မလေးတွေ ရှေ့မှာ ဒေါ်လာတွေ ကို အထပ်လိုက်ကိုင်ပြခွင့်ရလို့ ဂုဏ်ယူနေသည်။ ကိုအဏ္ဏဝါတို့ကလည်း ဒီငနဲကြီးမူးနေတယ်၊ ပိုက်ဆံချေးတာကို မှတ်မိမှာ မဟုတ်ဘူး ထင်ပြီး ချေးယူခဲ့ကြသည်။ (လကုန်တော့ ပိုက်ဆံ ချေးသူတိုင်း၏ လစာမှ တစ်ပြားမကျန် မှန်ကန်တိကျစွာ ဖြတ်ထားတာ တွေ့ရသည်။ ဘယ်တုန်း က ယူလို့လဲလို့ ပြောကြည့်သည်။ ငါမူးနေတုန်းမှာ နင်လာတောင်းလို့ပေးလိုက်ရတယ်လေဟု ပြောသည်။ အမူးပါးကြီး ဖြစ်သည်။)

၇-ရက်နေ့ ညနေမှာ ရှိဆားရီးရိုးမှ ပြန်ထွက်သည်။ လာလမ်းအတိုင်းပင် ရီရိုပါရနာဂွါဖူး မြစ်ကြီးအတိုင်း စုန်ဆင်းနေသည်။ မရီနာတို့နိုင်ငံ ဥရုဂွေးသည် ဝဲဘက်မှာ ရှိနေသည်။ အာဂျင်တီးနား နိုင်ငံကြီးကယာဘက်မှာ ရှိနေသည်။ ဝဲယာ တစ်ဖက်တစ်ချက်မှာ မီးတွေ လင်းနေသည့် မြို့ပြအိမ်ရာတွေကို မြင်နေရသည်။

http://www.linhtet.com



၈-ရက်နေ့ ညနေမှာ အာဂျင်တီးနား နိုင်ငံ၏ မြို့တော် ဗြူနို အေရီးစ်ကို ရောက်သည်။ ဆိပ်ကမ်းကပ်ခွင့် မရသေးလို့ ကျောက်ချ ထားရသည်။ လျှပ်စစ်မီးတွေ ထိန်လင်းနေသည့် မြို့တော်ကြီးကို သင်္ဘောပေါ်က လှမ်းမြင်နေရသည်။

## ဒုစ္စကို အကနင့် မြန်မာကြေးစည်သံ

ဗြူနိုအေရီးစ် (BUENOSAIRES) ကို အာဂျင်တီနားနိုင်ငံ သားတွေက ဘွဲနိုဆာရေ့စ်ဟု အသံထွက်သည်။ ဘွဲနို ဆိုတာက ကောင်းသော၊ ဆာရေ့စ် ဆိုတာက လေဟု အဓိပ္ပာယ်ရသည်။ လေကောင်း လေသန့်ရသော အရပ်ဟု အဓိပ္ပာယ်ရသည်။



အာဂျင်တီးနားနိုင်ငံ ဗြူနိုအေရီမြို့ကြီး

http://www.linhtet.com



၁၀-ရက်နေ့မှာ ဆိပ်ကမ်းကပ်ခွင့် ရသည်။ ကျူးဘားနိုင်ငံကို သယ်ယူသွားမည့် မော်တော်ယာဉ်ပစ္စည်းတွေ တင်ရမည်ဟု သိရသည်။ တနင်္လာနေ့ဖြစ်လို့ ဆိပ်ကမ်းကပ်ပြီး မကြာမီပင် ကုန်စတင်တော့သည်။ မော်တော်ကားတာယာတွေနှင့် သံကြိုးခွေတွေ တင်တာတွေ့ရသည်။ အာဂျင်တီးနားနိုင်ငံသည် စက်မှုလက်မှု ထွန်းကားပြီး၊ ကွန်မြူနစ်နိုင်ငံတွေနှင့် မဖွံ့ဖြိုးသည့် တတိယနိုင်ငံတွေကို ကုန်တင်ပို့နေသော နိုင်ငံဖြစ်ဖွယ်ရှိသည်။



အာဂျင်တီးနားနိုင်ငံ ဗြူနိုအေရီမြို့လယ် တစ်နေရာ

ကိုအဏ္ဏဝါတို့ သင်္ဘောသားတွေကတော့ သူများ နိုင်ငံတွေ ချမ်းသာတာကို စိတ်မဝင်စားနိုင်၊ အခုလို ကမ္ဘာကျော် မြို့ကြီးတွေကို ရောက်ခိုက်မှာ ဘယ်နိုက်ကလပ်ကိုသွားရမလဲ စဉ်းစားနေသည်။ ဝါသနာတူသူတွေ စုပြီး မြို့တွင်းကို ချီတက်ကြသည်။ မြို့လယ်ကောင်က ဒိန်းဂျားရပ်စ်၊ ပိုက်ရှိစ်၊ ကာဆာဘလန်ကာ ဆိုသည့် နိုက်ကလပ်တွေကို ဝင်သောက်ကြသည်။ သင်္ဘောသားတွေ ဝင်လာလျှင် အမဲဖျက်ဖို့ စောင့်နေသည့် ည ကလပ်မယ်တွေက နိုက်ကလပ်ထဲက ပြန်မထွက်နိုင်အောင် ဆွဲဆောင် မြူဆွယ်ထားကြသည်။ ကိုအဏ္ဏဝါတို့က ဒီနေ့တော့ လေ့လာ

http://www.linhtet.com



ရေးသဘော ကွင်းဆင်းလာတာဖြစ်လို့ နိုက်ကလပ်တွေမှာ ကြာကြာ မနေဘဲ ပြန်လှည့်ထွက်ခဲ့ကြသည်။

နောက်နေ့ နံနက်မှာ ကိုအဏ္ဏဝါကို ကပ္ပိတန်က ဖုန်းဆက်ခေါ်လို့ ကပ္ပိတန်၏ အခန်းကို သွားရသည်။ ကပ္ပိတန်၏အခန်းထဲမှာ အမျိုးသမီး သုံးယောက် ရောက်နေသည်။ တစ်ယောက်တစ်မျိုးစီ ချောကြသည်။ ကပ္ပိတန်က ကိုအဏ္ဏဝါကို အမျိုးသမီးတွေနဲ့ မိတ်ဆက်ပေးသည်။ ဒိန်းဂျားရပ်စ် (DANGEROUS) နိုက်ကလပ်က ဧည့်ကြိုအမျိုးသမီး တွေဟု သိရသည်။ သုံးယောက်ထဲက အရပ်အမောင်း ကောင်းကောင်း၊ ဖြောင့်ဖြောင့် တောင့်တောင့် အမျိုးသမီး၏ နာမည်က ဖရန်စီယာ (FRANCIA) တဲ့၊ ရုပ်ချောသလောက် အပြောကောင်းသူ ဖြစ်သည်။ ကိုအဏ္ဏဝါကို ဘာလူမျိုးလဲဟု မေးသည်။ အင်္ဂလိပ်စကားကို အမေရိကန် လေသံဖြင့် ပြောနိုင်သူ ဖြစ်သည်။

"မြန်မာ လူမျိုးပါ ခင်ဗျာ"

"ဟယ် မြန်မာလား၊ ကျွန်မရဲ့ မြန်မာအမျိုးသား မိတ်ဆွေတွေကို ပြရဦးမယ်"

ပေါင်ပေါ်မှာ တင်ထားသည့် စလင်းဘတ် (လွယ်အိတ်) ထဲက ဓာတ်ပုံအယ်လ်ဘမ်ကို ထုတ်ပြသည်။ ကိုအဏ္ဏဝါနှင့်အတူ တပ်မတော် ရေတပ်မှ အတူ အမှုထမ်းခဲ့ကြသည့် သင်္ဘောသားတွေနှင့် သူတို့ နိုက်ကလပ်က ကောင်မလေးတွေ အတူတွဲရိုက်ထားသည့် ဓာတ်ပုံတွေ ဖြစ်သည်။ သူတို့ကို သိပါသလားဟု ကိုအဏ္ဏဝါကိုမေးသည်။ သိပါတယ် ငါ့ သူငယ်ချင်းတွေပါဟု ပြောလိုက်သည်။ ဒီနေ့ညနေမှာ သူတို့ နိုက် ကလပ်က ကားဖြင့် ကြိုမည်ဟု ဆိုသည်။ ကပ္ပိတန်နှင့် ပြောပြီး ဆိုပြီးဖြစ် လို့ ကောင်းပါပြီဟု ခေါင်းညိတ်လိုက်ရသည်။

ဖရန်စီယာက သူသည် မြန်မာကိုချစ်ကြောင်း၊ အူအတက်ပေါက် လို့ ဆေးရုံတင် ကုသထားရသည့် မြန်မာသင်္ဘောသား မျိုးမြင့်အောင် ဆိုသူအား နေ့စဉ် သတင်းသွားမေးကြောင်း၊ အစားအသောက် သွားပို့ ကြောင်း၊ မြန်မာတွေ ရောက်နေတဲ့အကြောင်း မျိုးမြင့်အောင်ကို ပြောလိုက် မည် ဖြစ်ကြောင်း ပြောသည်။

http://www.linhtet.com





အာဂျင်တီးနားနိုင်ငံ ဗြူနိုအေရီမြို့ဈေး

ညနေ ၆-နာရီလောက်မှာ ဖရန်စီယာ ကိုယ်တိုင် မောင်းသည့် မီနီဘတ်စ်ကားဖြင့် သင်္ဘောသားတွေကို လာခေါ်သည်။ တာဝန်ကျနေသူမှ အပ အားလုံးလိုက်ကြရမည် ဆိုသည့် ကပ္ပိတန်၏ အမိန့်ကြောင့် ဂရိ၊ ကုလား၊ မြန်မာ စုစုပေါင်း သင်္ဘောသား ၂၀-ကျော် လိုက်ပါသွားကြသည်။ ဖရန်စီယာက ဗြူနိုအေရီးစ် မြို့လုံးအနှံ့ လိုက်ပြသည်။ အာဂျင်တီးနားနိုင်ငံ လွတ်လပ်ရေး အထိမ်းအမှတ် ကျောက်တိုင်ကြီး တည်ရှိရာ မြို့လယ်ကောင်က နွဲဗေဒီဟိုလိယို (ဇူလိုင်-၉) လို့ ခေါ်သည့် ရင်ပြင်ကြီးကို လိုက်ပို့သည်။ လွတ်လပ်ရေး သူရဲကောင်း ဗိုလ်ချုပ်ကြီး စန်မာတင်၏ ပုံတူ မြင်းစီး ကြေးရုပ်ကြီးကိုလည်း ပြသည်။

ဒိန်းဂျားရပ်စ် နိုက်ကလပ်သည် အမှတ်-၁၂၊ ဒီဖင်ဆာလမ်းတွင် တည်ရှိသည်။ နိုက်ကလပ်၏ နာမည်ကိုက ဒိန်းဂျားရပ်စ်တဲ့ ကြောက်စရာ အတော်ကောင်းသည်။ သင်္ဘောသားတိုင်းကို ကောင်မလေး တစ်ယောက်စီ တွဲခိုင်းသည်။ ဘီယာတစ်ခွက်ကို ၄-အော်စတာလီ (လေးဒေါ်လာ) ပေးရသည်။ ကိုအဏ္ဏဝါ တစ်ခွက်မကုန်မီ ကိုအဏ္ဏဝါ၏ ကောင်မလေး

http://www.linhtet.com



က ကုန်သွားပြီ ဖြစ်သည်။ ကောင်တာသွားပြီး နောက် တစ်ခွက် သွားယူသည်။ ဘီယာ တစ်ခွက်သွားယူတိုင်း ကောင်မလေးရဲ့လက်မှာ ပလတ်စတစ် လက်ကောက် တစ်ကွင်း တိုးတိုးလာတာကို သတိပြုမိ လာသည်။ သူမရဲ့အဖော် သင်္ဘောသားနဲ့ကို များများ ရိတ်ပေး နိုင်လေ သူ့အတွက် ကော်မရှင် များများရလေ ဖြစ်သည်။ ဘီယာတစ်ခွက် ကုန်သွားတိုင်း ကိုယ်အဏ္ဏဝါကို လှမ်းဖက်ပြီး မွေးမွေးပေးသည်။ မေးသည်။

"မီယာမိုး၊ ပေါ်ဆီဗလီ အူနိုမက်စ် ဆာရ်ဗေးဆာ"

ကိုအဏ္ဏဝါကို စပိန်လို မေးလိုက်ခြင်း ဖြစ်သည်။ မီယာမိုး ဆိုတာ အချစ်ရေ၊ ပေါ်ဆီဗလီး ဆိုတာ ဖြစ်မလား၊ ရမလား၊ အူနိုမက်စ် ဆိုတာ နောက်ထပ်တစ်ခွက်၊ ဆာရ်ဗေးဆာ ဆိုတာ ဘီယာ ဖြစ်သည်။ ကိုအဏ္ဏဝါကလည်း မွန်နေတော့ ဘဲထီးကြီး အသံဖြင့် ပြန်ဖြေသည်။

"ဆီး ဆီး၊ ပိုဆေးဗလီး"

"ရတယ်၊ ရတယ် ဖြစ်ပါတယ်ဟု ပြောလိုက်သည်။ ကောင်းမ လေး ပြေးထသွားပြီး နောက်ထပ် ဘီယာတစ်ခွက် သွားယူပြန်သည်။ ကိုအဏ္ဏဝါ သုံးခွက်လောက် သောက်ပြီးသည့်အချိန်မှာ ကောင်မလေးက ဆယ်ခွက်လောက် သောက်ပြီး ဖြစ်သည်။ မူးနေကြပြီး ဖြစ်လို့ ဒစ္စကို တေးသွားအလိုက်ဖြင့် ကကြသည်။ မောလာလျှင် ဆိုဖာပေါ်မှာ အတူ ထိုင်ချပြီး အနားယူသည်။ အနားယူသည့် အချိန်သည် မီးရောင်မှိန်မှိန် အောက်မှာ ရနိုင်သမျှ အခွင့်အရေးကို ယူသည့် အချိန်ဖြစ်သည်။

ည သန်းခေါင် နှစ်နာရီထိုးလို့ နိုက်ကလပ် ပိတ်ချိန်မှာ စာရင်း ရှင်းလိုက်တော့ ကိုအဏ္ဏဝါတို့အတွဲ သောက်တာ အော်စတာလီ ၆၀ (ဒေါ်လာ-၆၀) ဖိုးဟု သိရသည်။ ကိုအဏ္ဏဝါ ကြက်သီးမွေးညင်း ထသွား သည်။ ဘယ်နိုင်ငံမှာမှ ဒေါ်လာ ၂၀ ထက် ပိုပြီး မသုံးခဲ့သော ကိုအဏ္ဏဝါသည် အကြီးအကျယ် တုန်လှုပ်သွားသည်။ လစာရတာက ၈၅၀/-၊ မိသားစု လွှဲငွေ လစဉ်ပို့ရတာက ၄၂၅ ဒေါ်လာ၊ သင်္ဘောပေါ် မှာ ထုတ်ရသည့် လစာကို ကားဝယ်ဖို့ စုရတာ မပြည့်နိုင် ဖြစ်နေသည်။ ဆန်နီစူပါဆလွန်း တစ်စီးကို ၃၈၀၀/- လောက် ပေးမှ ရသည်။

ကိုအဏ္ဏဝါ ငိုချင်စိတ် ပေါက်သွားသည်။ မြန်မာပြည်မှာ ကျန်ခဲ့သည့် ဇနီး မဖြူတုတ်နှင့် သမီးလေးတွေ့ရဲ့ မျက်နှာတွေကို မြင်ယောင်လာသည်။ မဖြူတုတ်ရေ… နင့်လင်ကြီးတော့ ကိုယ့်စိတ်ကိုယ် မနိုင်လို့ ဆန္ဒကို မထိန်းချုပ်နိုင်တာနဲ့ ကုန်ပြန်ပဟဲ့ဟု စိတ်ထဲက အော်ငိုလိုက်မိပါသည်။ လိုလိုမယ်မယ် ထည့်ယူလာသည့် ဒေါ်လာ တစ်ရာထဲက ဒေါ်လာ-၆၀ ကို တုန်တုန်ယင်ယင်ဖြင့် ထုတ်ပေးလိုက်ရပါသည်။

ကောင်မလေးက ဒီည သူနဲ့ လိုက်အိပ်ရန် ခေါ်နေသေးသည်။ ပိုက်ဆံတွေ အများကြီး ကုန်သွားလို့ စိတ်ညစ်နေရတဲ့ အထဲမှာ ဒင်းက လည်း တစ်မျောင့်၊ မအိပ်ဘူးလို့ ပြောတော့ မုန့်ဖိုး တောင်းပြန်သည်။ မုန့်ဖိုးလည်း မပေး၊ ဘာဖိုးမှလည်း မပေးနိုင်ဘူး၊ နင့်ကြောင့် ငါ့မှာ ဒါလောက် ကုန်သွားတာ၊ နင်ကတော့ လက်ကောက်တွေကို ကောင်တာမှာ သွားအပ်လိုက်ရင် ဒေါ်လာ-၂၀ လောက် ရမယ်။ မသာမလေး၊ နင်လည်း ငါ့အပေါ် မကောင်းဘူး၊ ဟိုမသာမကြီး မြွေပွေးကိုက်မကြီး ဖရန့်စီယာ၊ နက်ဖြန်ခါ သင်္ဘောကိုလာရင် ငါနဲ့ တွေ့မယ်ဟု စိတ်ထဲက ကြိမ်းမောင်းခဲ့ပါသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောသားတွေကို ပြန်ပို့တော့ နိုက်ကလပ်က အမျိုးသား တစ်ယောက်က ကားမောင်းပြီး ပြန်ပို့သည်။ ဖရန့်စီယာရဲ့ သဘောက နောက်နေ့မှာ မလာလည်း ရတယ်၊ ဒီနေ့ အပြတ်ရိတ်လိုက်ပြီ ဆိုတဲ့သဘော ဖြစ်မည်။

နောက်နေ့မှာ ကိုမျိုးမြင့်အောင် သင်္ဘောကို ရောက်လာသည်။ ဆေးရုံက မဆင်းရသေးဟု ဆိုသည်။ ဖရန့်စီယာ ပြောပြလို့ ကိုအဏ္ဏဝါတို့ သင်္ဘော ရောက်နေတာ သိရသည်ဟု ဆိုသည်။ ကိုမျိုးမြင့်အောင်သည် ဟန်ရှားတစ် ကုမ္ပဏီက ဘိုဆင်ဟု သိရသည်။ သူ့သင်္ဘောက သူ့ကို ဆေးရုံတင်ထားခဲ့ပြီး ထွက်သွားပြီ ဖြစ်သည်။ ဆေးရုံက ဆင်းလျှင် သင်္ဘော ရောက်နေသည့် နိုင်ငံကို လိုက်သွားရမည် ဖြစ်သည်။

ကိုမျိုးမြင့်အောင် ပြောပြလို့ သိရသည်။ ဒိန်းဂျားရပ်စ်ကလပ်က ဖရန့်စီယာသည် ဂျာမန်သင်္ဘောသား တစ်ယောက်နဲ့ လက်ထပ်ပြီး ဂျာမနီသည်ကို လိုက်သွားသေးသည်ဟု ဆိုသည်။ ဂျာမနီမှာ မနေနိုင်လို့ အာဂျင်တီးနားကို ပြန်လာပြီး ခေါင်းမကြီး လုပ်စားနေတာဟု ဆိုသည်။

http://www.linhtet.com



ကမြင်းမ ဒီနေ့ လာဦးမလားလို့ မျှော်သည်။ မလာတော့ မနေ့က ဆို့ဆို့ပို့ပို့ ရလိုက်လို့ ဖြစ်မည်။

ကိုမျိုးမြင့်အောင်က ကိုအဏ္ဏဝါသည် ရေတပ်ထွက်တာဆိုလျှင် သူတို့ ကုမ္ပဏီမှာ လုပ်နေသည့် ကျော်စိုးကို သိပါသလားဟု မေးသည်။ ရေတပ်ကထွက်ပြီး ပြဇာတ်မင်းသား လုပ်သေးသည်ဟုဆိုသည်။ ဇာတ်ထဲက ထွက်ပြီးမှ သင်္ဘောလိုက်တာဟု ဆိုပြန်သည်။ ကိုအဏ္ဏဝါက သိပါ



ပြုနိုအေရီမြို့ဈေးထဲမှာဦးသိန်းသန်း၊ ကိုအဏ္ဏဝါနှင့် ကိုရွှေထွန်း

သည်ဟု ပြောလိုက်သည်။ ကျော်စိုးသည် ကိုအဏ္ဏဝါတို့ ဆက်သွယ်ရေး တပ်က ထွက်သွားသူ ဖြစ်သည်။ တပ်ကထွက်ပြီး သင်္ဘောမလိုက်မီ ဘာလုပ်ကိုင်စားရမှန်း မသိလို့ ဇာတ်ထဲမှာ ပြဇာတ်မင်းသား ဝင်လုပ်ခဲ့သူ ဖြစ်သည်။ ရွှေမန်းကျော်စိုး ရှိနေသဖြင့် ရန်ကုန်ကျော်စိုးဆိုပြီး ဝင်လုပ်သူ ဖြစ်သည်။ အသောက်အစားတွေ များလွန်းလို့ အမှားအယွင်းတွေ များလာသောအခါ ဂိုဏ်းတစ်ခုကို ဝင်ပြီး ဆေးထိုးလိုက်သဖြင့် အရက်ပြတ်သွားခဲ့သူ ဖြစ်သည်။ ကိုမျိုးမြင့်အောင်သည် မြန်မာသင်္ဘောသားတွေနဲ့ တွေ့ပြီး

http://www.linhtet.com





ဖြူနီအေရီမြို့က အမဲသားကင်ရောင်းသည့်ဆိုင်မှာ
ကိုအဏ္ဏဝါနှင့်ကိုရဲထွန်း

ပျော်နေသဖြင့် ကိုအဏ္ဏဝါတို့ သင်္ဘောမှာ တစ်နေကုန်နေသွားခဲ့သည်။ အဲဒီနေ့သည် ၁၃-၃-၈၆ နေ့ ဖြစ်သည်။ ကိုမျိုးမြင့်အောင် ကျန်းမာပါစေလို့ ဆုတောင်းပေးခဲ့ကြသည်။

ကိုအဏ္ဏဝါသည် ကိလေသာရှုပိုးထိုးနေတာ ငြိမ်သက်ပြီး အာဂျင်တီးနားမှာ အမြီးကုပ်နေသည်။ တော်ပြီ အာဂျင်တီးနားက နိုက်ကလပ်ဆိုလျှင် ဘယ်နိုက်ကလပ်ကိုမှ မသွားတော့ဘူးလို့ စိတ်ကို ဆုံးဖြတ်ပြီး သင်္ဘောမှာပဲ အိပ်ကာစားကာ နေသည်။ ညနေစောင်းလာလျှင် ဘယ်သူတွေ သွားကြလဲ သိလို၍ မယောင်မလည်ဖြင့် လိုက်ကြည့်နေသေးသည်။ ရောဂါ အမြစ်မပြတ်သည့် သဘောဖြစ်သည်။

၁၆-ရက်နေ့ နံနက်မှာ ကိုအဏ္ဏဝါရဲ့ အခန်းကို တယ်လီဖုန်းခေါ်သည်။ တယ်လီဖုန်းခေါ်သံ ကြားလျှင် ရင်ခုန်နေရသည်။ တယ်လီဖုန်း ကောက်ကိုင်လိုက်တော့ ထင်သည့်အတိုင်းပင် ကပ္ပီတန် ဖြစ်နေသည်။

"ဟုတ်ကဲ့ ပြောပါဆရာ"

အဏ္ဏဝါစာပေ

http://www.linhtet.com



"ခင်ဗျား ကျွန်တော့် အခန်းကို လာခဲ့ပါ"

"ဟုတ်"

ကပ္ပိတန်ခေါ်တာဆိုတော့ ဘာကိစ္စလဲ မမေးရဲ၊ ချက်ချင်း သွားရသည်။ ကိုအဏ္ဏဝါ၏ အခန်းမှ အောက်ကို တစ်ထပ် ဆင်းရသည်။ ကပ္ပိတန်၏ အခန်းတံခါး ဖွင့်ထားတာ တွေ့ရသည်။ အမျိုးသမီး ဧည့်သည်နှစ်ယောက် ရောက်နေတာ တွေ့ရသည်။ ရုပ်ရှင် မင်းသမီးကြီး ဒေါ်တင်တင်မုနှင့် သမီးဒေစီကျော်ဝင်းတို့များ ရောက်နေသလားလို့ တောင် ထင်လိုက်မိသည်။ အဲဒီပုံမျိုး လုံးကြီးပေါက်လှကြီးတွေ ဖြစ်သည်။ လှပသည့်အပြုံးများဖြင့် ကိုအဏ္ဏဝါကို ကြိုဆိုနေကြသည်။ ကိုအဏ္ဏဝါက နှုတ်သွက် လျှာသွက် နှုတ်ဆက်လိုက်သည်။

"ဘွဲနိုဒီးယာ မီယာမိုး"

"ဟယ် တူအာပလာ အစ္စပါညော"

"ဟီး ဟီး ပိုကီးတို မီယာမိုး"



ဗြူနိုအေရီးမြို့က ဆံပင်ညှပ်သမား မစ္စတာ ပီနာဒို ဘရုန် နှင့် စကားလက်ဆုံကျနေသော ကိုအဏ္ဏဝါ

http://www.linhtet.com



ငပိနှင့်လောက်၊ ရွှေနှင့်ကျောက်ကဲ့သို့ အစပ်တည့်သွားသည်။ ကိုအဏ္ဏဝါက ကောင်းသော နံနက်ခင်းပါ အချစ်ရယ်ဟု နှုတ်ဆက်လိုက်သည်။ သူတို့က ကိုအဏ္ဏဝါကို တအံ့တသြဖြင့် ဟယ်‥ သူစပိန်စကား တတ်တယ်တော့ဟု ဆိုသည်။ ကိုအဏ္ဏဝါက ဟီး ဟီး နည်းနည်းပါးပါး လို့ ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ ကပ္ပီတန်က မိတ်ဆက်ပေးသည်။

"အာအို ဟော့ဒါ ငါတို့ ဂရိလူမျိုး အမျိုးသမီးတွေပါ။ အေသင်နာ့စ်ဆိုတဲ့ နာမည်နဲ့ နိုက်ကလပ်ဖွင့်ထားတယ်။ ဘီယာတစ်ခွက်ကို နှစ်ဒေါ်လာပဲ ယူတယ်လို့ ပြောတယ်။ အင်္ဂလိပ်စကား ပြောနိုင်တဲ့ ကောင်မလေးတွေလည်း အများကြီးပဲတဲ့၊ ညနေကျရင် သူတို့လာခေါ်မယ်၊ သွားပြီး အားပေးကြရအောင်ကွာ၊ မင်းတို့ မြန်မာတွေအားလုံး ပါအောင်ခေါ်ကွာ"

မြန်မာသင်္ဘောသား အားလုံးကို ကိုအဏ္ဏဝါက ခေါ်ရမည်။ ကုလားသင်္ဘောသားတွေကို သူကခေါ်မည်ဖြစ်သည်။ သူတို့ ဂရိလူမျိုး အချင်းချင်း အားပေးဖို့အတွက် ကိုအဏ္ဏဝါတို့ သင်္ဘောသားတွေက ပိုက်ဆံအကုန်ခံကြဦးမည် ဖြစ်သည်။ လုံးကြီးပေါက်လှကြီး တစ်ယောက်က ကိုအဏ္ဏဝါကို မေးသည်။

"ရှင်က မြန်မာလူမျိုးလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကျွန်မတို့ နိုက်ကလပ်မှာ နိုင်ငံတကာ သီချင်းခွေမျိုးစုံ ရှိတယ်။ မြန်မာသီချင်း မရှိဘူး ဖြစ်နေတယ်။ မြန်မာတွေလာရင် ဖျော်ဖြေဖို့ ရအောင် နိုက်ကလပ်နဲ့ သင့်လျော်မယ့် မြန်မာသီချင်းခွေ တစ်ခွေလောက် ယူလာပေးစမ်းပါနော်"

ကိုအဏ္ဏဝါက ခေါင်းညိတ်ပြီး စိတ်ချပါလို့ ပြောလိုက်သည်။ ကိုအဏ္ဏဝါသည် ခေါင်းညိတ်လိုက်သော်လည်း နိုက်ကလပ်နှင့် သင့်လျော်သည့် သီချင်းကို မသိ၊ ကိုအဏ္ဏဝါသိတာ တွံတေးသိန်းတန်နှင့် ဟသ်ာတ ထွန်းရင်တို့လောက်သာ သိသည်။ ကိုအဏ္ဏဝါ၏ ဘော်ဒါ ထမင်းချက် မောင်ဝင်းသည် နိုက်ကလပ်များဆိုင်ရာ တေးသီချင်းများကို အထူး ကျွမ်းကျင်သူ ဖြစ်သည်။ မောင်ဝင်းကို အကူအညီ တောင်းရတော့သည်။

http://www.linhtet.com



"မောင်ဝင်း လုပ်စမ်းပါဦးကွ"

"ဟာ အာအိုကြီး ဟောဒီမှာ အများကြီးပဲ၊ ကြိုက်တာသာယူ၊ ကျော်ဟိန်းရဲ့ စင်ပေါ်က တေးများ အခွေဟာ သိပ်မိုက်တာပေါ့၊ မိုက်ကယ် ဂျက်ဆင်အတိုင်းပဲ"

"ဟုတ်လား၊ ပေး ပေး အဲဒီအခွေ ပေးစမ်းပါ"

မောင်ဝင်းသည် သူ့စားပွဲ ပေါ်မှာ ပြန့်ကြဲနေသည့် ကက်ဆက်ခွေတွေထဲက ကျော်ဟိန်း ရုပ်ပုံပါသည့် အခွေကို ဆွဲယူပေးသည်။ ရုပ်ရှင်မင်းသား ကျော်ဟိန်း လယ်သာဂျာကင် အနက်ရောင်ဝတ်ပြီး မြူးမြူးသွက်သွက် ဟစ်ကြွေးနေသည့် ဓာတ်ပုံပါသော အခွေဖြစ်သည်။ ကိုအဏ္ဏဝါက မေ့ကျန်ရစ်မှာစိုးလို့ ဘောင်းဘီအိတ်ထဲ အပြီး ထည့်ထားလိုက်သည်။

ညနေကျတော့ လုံးကြီးပေါက်လှ နှစ်ယောက် ဦးဆောင်သည့် ကားကြီးနှစ်စီး ရောက်လာသည်။ ကပ္ပိတန် ဦးဆောင်သည့် ကိုအဏ္ဏဝါတို့ အုပ်စုကြီး တပျော်တပါး လိုက်ပါသွားကြသည်။ လုံးကြီးပေါက်လှ အကြီးမက ကိုအဏ္ဏဝါကို ကက်ဆက်ခွေ ပါသလားဟု မေးသည်။

"သိပ် ပါတာပေါ့ဗျာ၊ ဟော့ဒီမှာ မြန်မာ ရုပ်ရှင်မင်းသား စူပါစတား ကျော်ဟိန်းရဲ့ အခွေ၊ ခင်ဗျားတို့ နိုက်ကလပ်နဲ့တော့ သိပ်လိုက်ပေါ့ဗျာ"

"အိုး မူချာ့ဂရာ့စီယား"

လုံးကြီးပေါက်လှမကြီးက ကျေးဇူးတင်ကြောင်းကို စပိန်လို ပြောသည်။ မနေ့က ဒိန်းဂျားရပ်စ် နိုက်ကလပ်ကို သွားတဲ့ လမ်းအတိုင်းပဲ သွားသည်။ မြို့ထဲတစ်နေရာ အရောက်မှာ လမ်းကြောင်း ပြောင်းသွားပြီး သူတို့၏ အသေင်နှာစ် နိုက်ကလပ်ကို ရောက်သွားတော့သည်။

ညနေမိုးချုပ်လို့ မီးထွန်းချိန် ဖြစ်သည်။ နိုက်ကလပ်တို့ ထုံးစံအတိုင်း မီးဆလိုက်ရောင်စုံ မှိန်မှိန်အောက်မှာ ဒစ္စကို တေးသွားအလိုက်ဖြင့် ကခုန်နေကြသူတွေ ရှိနေပြီ ဖြစ်သည်။ ကိုအဏ္ဏဝါတို့ကို တင်ဆောင်လာသည့် ကားကြီး ဆိုက်လာတယ်ဆိုလျှင် နိုက်ကလပ်ထဲက ပြေးထွက်လာကြပြီး ကြိုဆိုကြသည်။

"ဟေး ဘွဲနိုနောချေ မီယာမိုး"

http://www.linhtet.com



ကောင်းသော ညနေခင်းပါ အချစ်ရယ်ဆိုတဲ့ အသံတွေနှင့်အတူ အချောအလှတွေက အပြုံးကိုယ်စီဖြင့် ကြိုဆိုကြပုံမှာ ပိုက်မှာလာတိုးသည့် ယုန်တွေကို မြင်လိုက်ရသည့် မုဆိုးမယား၏ မျက်နှာမှာသာ မြင်တွေ့နိုင်သည့် အပြုံးများဖြင့် ကြိုဆိုကြသည်။

နိုက်ကလပ်ထဲကို ရောက်သည်နှင့် အတွဲကိုယ်စီ ဖြစ်သွားကြသည်။ လုံးကြီးပေါက်လှမကြီးက နိုက်ကလပ်ထဲက လူတွေကို ကက်ဆက်ခွေ မြှောက်ပြရင်း ပြောပြနေသည်။ ဘူးရမားနီးယား မူဆီကာ လို့ ကြားလိုက်ရသည်။ မြန်မာ သီချင်းခွေလို့ ပြောတာ ဖြစ်သည်။ ကျန်တာတွေကတော့ မြန်မာစူပါစတား မင်းသားကျော်ဟိန်း ကိစ္စဖြစ်သည်။

ဘီယာတစ်ခွက်ကို ၂-အော်စတာလီသာ ယူသည်။ မဆိုးဘူးလို့ တွေးမိသည်၊ မနေ့ကထက် ခေါက်ချိုးသက်သာသည်။ ကောင်မလေးတွေကလည်း ငယ်ငယ်ချောချောတွေ ဖြစ်လို့ တန်သည်။ ကိုအဏ္ဏဝါတို့ကလည်း တန်အောင် ဖက်ထားသည်။ ဒစ္စကို တေးသွားအလိုက် ထကကြသည်။ စပိန်သီချင်းတွေ ဖြစ်သည့် ဝုန်တာနာမေရာနှင့် လန်ဗားဒါး သီချင်းတွေ ပေါ်စဖြစ်လို့ နိုက်ကလပ်တိုင်းမှာ ကြားနေရသည်။ အင်္ဂလိပ်သီချင်း၊ ကုလားသီချင်း၊ တရုတ်သီချင်း၊ ဂျပန်သီချင်း အလှည့်ကျဖွင့်ပေးနေသည်။ သီချင်းတစ်ပုဒ် ဖွင့်တိုင်း ဘာသီချင်း ဖွင့်မယ်ဆိုတာကို စပိန်လို ကြေညာပေးသည်။

ကုလားသီချင်း ဖွင့်တော့မည်ဆိုလျှင် ကုလားတွေက အလျင်ထိုင်ရာမှ ထသည်။ ကျန်သူတွေက နောက်မှလိုက်ထပြီး ကိုယ့်ကောင်မလေးနှင့်အတူ အသင့်ပြင်ထားသည်။ သီချင်းဖွင့်သည်နှင့် ကကြတော့သည်။ ကိုအဏ္ဏဝါကတော့ ကိုယ့်မြန်မာ သီချင်းဖြစ်သည့် ကိုကျော်ဟိန်းရဲ့ စင်ပေါ်ကတေးများ အလှည့်ကို စောင့်နေသည်။ ည ၈-နာရီထိုးပြီးသည်အထိ မြန်မာအလှည့် မကျနိုင်သေး ဖြစ်နေသည်။ ၈-နာရီခွဲပြီးတော့မှ အသံထွက်လာသည်။ ဘူးရမားနီးယားမူဆီကာ...တဲ့၊ ကောင်မလေးက ကိုအဏ္ဏဝါ လက်တို့ပြီး သတိပေးသည်။

"လာပြီ လာပြီ ရှင်တို့ မြန်မာသီချင်း လာပြီ"

http://www.linhtet.com



သီချင်းခွေပိုင်ရှင် ကိုအဏ္ဏဝါတို့ အတွဲက ထိုင်နေရာမှ ကမလို့ ထလိုက်တော့ မြန်မာတွေ အားလုံးနှင့် ကုလားတွေသာမက ဂရိကပ္ပီတန်နှင့် သူ့ကောင်မလေးပါ ကမလို့ ထလိုက်ကြသည်။ ကိုကျော်ဟိန်းရဲ့ ဒစ္စကိုတေးသွား အလိုက်နဲ့ ဆွဲမယ်ဆိုပြီး အသင့်ပြင်ထားလိုက်သည်။ သီချင်းသံက တော်တော်နဲ့ ထွက်မလာနိုင် ဖြစ်နေသည်။ စက္ကန့်သုံးဆယ်လောက်ကြာပြီးတော့မှ ကြေးစည်သံ သုံးချက် ထွက်လာသည်။

"ဒူဝေဝေ…ဒူဝေဝေ…ဒူဝေဝေ…"

ကိုအဏ္ဏဝါ ကြောင်သွားသည်။ ဘာလုပ်ရမှန်း မသိဖြစ်နေသည်။ ကောင်မလေးက ဆွဲရတော့မလားဟု မေးသည်။ နေပါဦး ဘာမှန်းမသိသေးလို့ စောင့်ပါဦးဟု ပြောထားရသည်။ ကမ္ဘာ့အရပ်ရပ်က လာကြသည့် နိုက်ကလပ်ထဲက လူတွေကလည်း ကက်ဆက်ခွေပိုင်ရှင် ဖြစ်သည့် ကိုအဏ္ဏဝါတို့ အတွဲရဲ့ လှုပ်ရှားမှုကို ကြည့်နေကြသည်။ ရော့ခ် အင်ရိုးလား၊ ချာချာချာ့လား၊ ဆလိုးဒန့်စ် တင်ပိုလား စသည်ဖြင့် ကမ္ဘာ့ပေါ်က ဘယ်လို အကမျိုးဖြင့် ကရမည့် တေးဂီတလာမလဲ ဆိုတာကို စောင့်မျှော်နေကြသည်။ ကြေးစည်သံ သုံးချက် ပျောက်သွားသည်နှင့် သီချင်းသံ ပေါ်လာတော့သည်။

"သမ္ဗုဒ္ဓေ··အဌဝီသဥ္စ ဒွါဒသဥ္စ သဟာသကေ··"

ဟိုက် သောက်ကျိုးတော့ နည်းပြီ၊ ကိုအဏ္ဏဝါ ကြားဖူးသည့် အမျိုးသမီး အဆိုတော်ကြီး တစ်ဦး၏အသံ ဖြစ်နေသည်။ ဒီအသံကို ပေဖူးလွှာနှင့် ပုဂံမြို့ဟောင်း တစ်နေရာ သီချင်းများဖြင့်ပင် မှတ်မိနေခဲ့သည်။ နာမည်ကို ဖော်လို့ မရသေးသော်လည်း ကျော်ဟိန်း မဟုတ်တာတော့ သေချာနေပြီ ဖြစ်သည်။ ဒီအတိုင်း ရပ်နေလို့တော့ မဖြစ်တော့သည့်အတွက် ဆလိုး ဒန့်လိုလို ဘရိတ်ဒန့်လိုလို စလုပ်ရတော့သည်။

"ပဥ္စသတ သဟဿာနိ·· နမာမိ သီရသံ မဟံ"

ကြေးစည်သံ လွင်လွင်နှင့်အတူ တယောသံ ငြိမ့်ငြိမ့်လေးသည် လှိုက်ဖို ရှိုက်မောဖွယ် အဖျားသွယ်၍ ပျောက်ကွယ်သွားသည့်နှင့် တစ်ပြိုင်နက် တီးကွက်ရော ဆိုဟန်ပါ ရုတ်တရက် ပြောင်းသွားသည်။

http://www.linhtet.com



"အနန္တာ နိဗ္ဗုဇ်နေ၊ ဂင်္ဂါဝါဋ္ဋု သဲစုမကပေ၊ ကမ္ဘာတွေ သချာ သင်္ချေ၊ နဗ္ဗုမြေစံနေတဲ့ ဘုရားမြတ်ပရမေ ရှင်တော်တွေ၊ မျှော်ကာရည် စူး ဖူးတဲ့ သမ္ဗုဒ္ဓေ…"

မြန်မာသံစစ်စစ်ဖြင့် အတီးသွက်သော စန္ဒရားလက်သံကို ပို၍ မြိုင်သွားစေရန် စည်းနှင့်ဝါးတို့က အားဖြည့်ဝိုင်းကူထားသည်။ ကိုအဏ္ဏဝါ သည် ဆလိုးဒန့်စ် အနေး ကနေရာမှ ကကွက်ကို ရုတ်တရက် အမြန်သို့ ပြောင်းလိုက်ရသည်။ ရောခ့်အင်ရိုးလိုလို ဘာလိုလို ခပ်သွက်သွက် လုပ် လိုက်ရသည်။ အတွဲလိုက် ရင်ချင်းကပ်၊ ခါးဖက်ပြီး ယိမ်းထိုးလှုပ်ရှား နေသူတွေ ဝရုန်းသုံးကား ဖြစ်ကုန်ကြသည်။ သီချင်းကလည်း ပိုသွက် လာပြန်သည်။

"မြန်နယ်ပြေ မယွင်းချွတ်စေ၊ ရွှတ်ဖတ်ကြ သမ္ဗုဒ္ဓေ၊ အန္တရာယ် တွေ ကင်းလွတ်ပလေ ရွှတ်ဖတ်ကြ  သမ္ဗုဒ္ဓေ…"

ဆိုင်းချက်နှင့်အညီ မြူးမြူးသွက်သွက် ခုန်ပေါက်ပြေးလွှားရင်း ဝိုင်းကြီးပတ်ပတ် လုပ်ပြလိုက်ရာ အားလုံး လိုက်လုပ်ကြသည်။ ဂရိ ကပ္ပိတန် ကွန်တိုမော့စ်က သူ့ကောင်မလေးနှင့်အတူ ခုန်ပေါက် ပြေးလွှား နေရင်းက ကိုအဏ္ဏဝါကို လက်မထောင်ပြသည်။ သိပ်ကောင်းတဲ့ သီချင်း လို့ အသိမှတ်ပြု အချက်ပြခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါ အတော်စိတ်ညစ် နေပြီ ဖြစ်သည်။ သီချင်း မြန်မြန်ဆုံးပါစေလို့သာ ဆုတောင်း နေရတော့ သည်။

"စည်းစိမ်ရွှေငွေ ရတနာမိုး ဂါထာတန်းခိုးနဲ့ သွန်းဖြိုးလို့ဝေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်ကြစေ၊ မြန်တိုင်းဌာနေ အေးချမ်းလို့ သာယာဖို့ အခြေ၊ ဂါထာတော်ထူး၊ ကြူးနိုင်ကြစေ၊ သမ္ဗုဒ္ဓေ သမ္ဗုဒ္ဓေ ဘေးအပေါင်း မကောင်းတွေ၊ ဝေးကွာရှောင်းတဲ့ ကောင်းတဲ့ သမ္ဗုဒ္ဓေ…"

သီချင်းသံ ဆုံးသွားသည်နှင့် ဆူညံသည့် သြဘာလက်ခုပ်သံများ ဟိန်းလျှံအောင် ထွက်ပေါ်လာသည်။ ကပ္ပိတန်က ဗဲရီးဂွတ်ဒ်ဟု ဆိုသည်။ နိုက်ကလပ်ပိုင်ရှင် အမျိုးသမီးက မူချိုဘွဲနိုဟု ပြောသည်။ နိုင်ငံကြီးသား တွေဖြစ်လို့ သူတစ်ပါး၏ ယဉ်ကျေးမှုကို မကောင်းဘူးလို့ မပြော၊ ကောင်းတယ်ဟု ပြောကြခြင်း ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် လက်ခုပ်သံများ နှင့်အတူ မြန်မာသီချင်းအလှည့် အောင်မြင်စွာ ပြီးသွားလေသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



ကိုအဏ္ဏဝါသည် ဒီကိစ္စနဲ့ ပတ်သက်ပြီး ကက်ဆက်ခွေ ပေးသည့် မောင်ဝင်းကို လုံးဝ မကျေနပ်ဖြစ်နေသည်။ နိုက်ကလပ်ပိတ်လို့ သင်္ဘောကို ပြန်ကြတော့ ကားပေါ်မှာပင် မေးရတော့သည်။

"မောင်ဝင်း မင်းဟာက ဘာကြီးလဲကွ"

"တင်တင်မြရဲ့ သမ္ဗုဒ္ဓေလေ အစ်ကိုကြီး"

"နေ့ နင်ပြောတော့ ကျော်ဟိန်းဆို"

"ဟာ မပြောချင်ဘူး၊ ဟိုကောင်တွေလေ··အေးကိုတို့ ဝင်းအောင်တို့ စည်းကမ်း မရှိကြဘူး၊ အခွေတွေ ယူနားထောင်ပြီး သူ့အခွေနဲ့ သူ့ကာဗာ မှန်အောင် မထည့်ဘဲ လာပြန်ပို့ထားတာ ကျွန်တော် သတိမထားလိုက်မိဘူး၊ ဖြစ်သွားတယ်"

"သေပါရောကွာ၊ အရှက်ကို ဗျမ်းဗျမ်းကွဲတာပဲ"

သင်္ဘောသား သဘာဝအရ ည ၃-နာရီလောက်မှာ အိပ်ရာဝင်သော်လည်း မနက် ၅-နာရီမှာ ထပြီး အလုပ် လုပ်ကြရဦးမည် ဖြစ်သည်။ အပျော်နှင့် အာရုံခံစားမှုကို သွေးမသတ်နိုင်ကြလို့ ပင်ပန်းကြရတာ ကို တရားသံဝေဂ ရမိပါသည်။

❐

[ ၁၂ ]
# အမေရိကတစ်ခွင် ခရီးနှင်ပြီ

၁၈-ရက်နေ့ နံနက်မှာ စားပွဲထိုး အောင်သိန်းက ကမ်းတက်ခွင့် လက်မှတ်တွေကို လိုက်သိမ်းသည်။ ယနေ့ သင်္ဘောထွက်မည်ဟု သိရသည်။ ဒီနေ့ နိုက်ကလပ်ကို မသွားနိုင်တော့ဘူးဆိုသည့် သဘောဖြစ်သည်။ ယနေ့ ကမ်းပေါ်ထက်ပြီး လည်ခွင့် ရမည်ဆိုလျှင် အေသင်နှာ့စ် နိုက် ကလပ်ကို သွားပြီး ကျော်ဟိန်းပုံ ပါသော သမ္မုဒ္ဒေ သီချင်းခွေနှင့် ဒေါ်တင်တင်မြ ပုံပါသော စင်ပေါ်က တေးသီချင်းများ အခွေကို ပြန်လဲ ယူမည်ဟု ရည်ရွယ်သည်။ အခုတော့ သင်္ဘောထွက်တော့မည် သိရ သည်။ အခွေလဲဖို့ အချိန်မရ၊ အခြေအနေမပေး ဖြစ်သည်။ တောင် အမေရိကရှိ အာဂျင်တီးနား နိုင်ငံ မြို့တော် ဗြူနိုအေရီမြို့က အေသင်နှာ့စ် နိုက်ကလပ်မှာ မြန်မာ ကြေးစည်သံ လွင့်ပျံနေတော့မည် ဖြစ်သည်။

### အာဂျင်တီနားမှ ကျူးဘားသို့

၁၈-ရက်နေ့ ညနေ သုံးနာရီတွင် ဗြူနိုအေရီမှ သင်္ဘောထွက်သည်။ မိုးလေဝသ သတင်းကို ဘယ်က ယူရမှန်း မသိ ဖြစ်နေသည်။

http://www.linhtet.com



ဘာရာဇီးနိုင်ငံက လွှင့်ပေးသည့် မိုးလေဝသ သတင်းသည် စပိန်ဘာသာဖြင့် လွှင့်တာဖြစ်နေသည်။ ကပ္ပိတန်က သူ ဖတ်တတ်သည်ဟု ဆိုသည်။ (ယခုခေတ်လို ပုံဖြင့် လွှင့်ပေးသည့် (FAX) ကို မသုံးနိုင်သေးလို့ အင်္ဂလိပ်လို စာဖြင့် လွှင့်ပေးသည့် မိုးလေဝသ သတင်းတွေကို ရွေးဖမ်းရသည်) ကြေးနန်းများ ပို့စရာ ရှိသလားဆိုပြီး စောင့်သည်။ ဘာကြေးနန်းမှ လာ မပေးလို့ အိပ်ရာဝင်လိုက်သည်။

၁၉-ရက်နေ့ နံနက်မှာတော့ ကပ္ပိတန်က ကြေးနန်းပို့စရာ ရှစ်စောင်တိတိ လာပေးသည်။ ကျူးဘားနိုင်ငံအတွက် ခြောက်စောင်နှင့် ဂရိနိုင်ငံသို့ နှစ်စောင် ဖြစ်သည်။ ကျူးဘားအတွက် ကြေးနန်းတွေကို ဟားဗနားမြို့ (LPD) တိုက်ရိုက်ခေါ်ပြီး ပို့ပစ်လိုက်သည်။ ကွန်မြူနစ်နိုင်ငံဖြစ်လို့ ခက်ခက်ခဲခဲ ခေါ်ရလိမ့်မည်ဟု ထင်ခဲ့မိသည်။ ဒီမိုကရေစီနိုင်ငံ ဖြစ်သည့် အိန္ဒိယထက် များစွာ ပိုကောင်းတာ တွေ့ရသည်။ ရေဒီယိုစတေရှင်သည် နိုးနိုးကြားကြား ရှိတာ တွေ့ရသည်။ ဂရိနိုင်ငံ အတွက် ကြေးနန်းတွေကို အင်္ဂလန် (GKB) မှ တစ်ဆင့်ပို့လိုက်သည်။

အာဂျင်တီးနားမှ ထွက်ပြီး ဥရုဂွေး ဘာရာဇီး ကမ်းခြေကို ချဉ်းကပ်ပြီး မြောက်ဘက်ကို ထောင်တက်ခုတ်မောင်းနေသည်။ ဘာရာဇီး၊ ဂိုင်ယာနာ၊ ဆူရီနန်၊ ဘင်နီဇွဲလား နိုင်ငံတွေက လွှင့်ထုတ်နေသည့် ရုပ်မြင်သံကြား အစီအစဉ်တွေကို ဖမ်းယူကြည့်ရှုရင်း ခရီးနှင်နေသည်။

မတ်လ ၃၁-ရက်နေ့မှာတော့ ကျူးဘားကျွန်းနိုင်ငံကို ရောက်ရန် လေးရက်သာ လိုတော့သည်။ ကျူးဘားနိုင်ငံကို ရောက်လျှင် သင်္ဘောသားတို့၏ ပိုင်ဆိုင်မှုများကို ပြနိုင်ရန် ရေးရသည့်စာရွက်တွေ အတော်များသည်။ အတွင်းခံ ဘောင်းဘီနှင့် ခြေစွပ်ပါ မကျန်အောင် သတိကြီးစွာထားပြီး ရေးဖြည့်ကြရသည်။ စာရင်းထဲမှာ မပါတာ မှန်သမျှကို ပြည်သူပိုင်အဖြစ် သိမ်းယူခြင်း ခံရမည်ဟု သိရသည်။ ကွန်မြူနစ်ဆိုရှယ်လစ် နိုင်ငံတို့ရဲ့ သဘာဝပေပဲကိုးဟုသာ ဖြေရတော့သည်။

၁-၄-၁၉၈၆ မှာ ကာရေဗီယံ ပင်လယ်ထဲကို ဝင်ရောက် ခုတ်မောင်းနေပြီ ဖြစ်သည်။ ဒိုမီနီကန်၊ ကျူးဘားကျွန်းတွေဆီကို ဦးတည်

http://www.linhtet.com



ခုတ်မောင်းနေသည်။ ဧပြီလ ၅-ရက် နေ့ နံနက်မှာ ကျူးဘားနိုင်ငံ ဟားဗနားမြို့ကို ရောက်မည်ဟု ကြေးနန်းပို့ ရသည်။

၅-ရက်နေ့ နံနက် ၃-နာရီမှာ သင်္ဘော ခုတ်မောင်းနေရာမှ ရပ်သွားပြီး ကျောက်ဆူးချသံ ကြားရသည်။ ကိုအဏ္ဏဝါ အိပ်ရာက မထသော်လည်း ကျူးဘားကို ရောက်ပြီဆိုတာ သိလိုက်သည်။ နံနက် မိုးလင်းလို့ အိပ်ရာက နိုးလာသောအခါ ကျောက်ချထားသည့် နေရာမှ ဟားဗနား မြို့ကြီးကို လှမ်းမြင်နေရသည်။

နံနက် ၈-နာရီခွဲလောက်တွင် လူတွေအပြည့်တင်ဆောင်လာသည့် မော်တော်လေးတစ်စီး သင်္ဘောကြီးဘေးမှာ လာကပ်သည်။ သင်္ဘော ပေါ်ကို သူတို့ တက်လာနိုင်ရန် လှေကား ချပေးလိုက်ရသည်။ ဆိပ်ကမ်း အာဏာပိုင်အဖွဲ့ဆိုသည့် တာဝန်ရှိသူ လူ ၂၀ လောက်နှင့် အယ်လ် ဇေးရှင်း ခွေး တစ်ကောင် သင်္ဘောပေါ် ရောက်လာသည်။ လူတွေက အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေး အဖွဲ့ တွေက လူတွေ ဖြစ်သည်။ ခွေးကတော့ မူးယစ်ဆေးဝါး ရှာဖွေမည့် ခွေးဘိန်းစား ဖြစ်သည်။ ဒီခွေးသည် ဘိန်းကျွေးထားလို့ ဘိန်းစွဲနေသော ခွေးဖြစ်သည်။ ဘိန်း ဘယ်နေရာမှာ ရှိတယ်ဆိုတာကို အနံ့ခံပြီး ရှာဖွေ နိုင်သည့် ခွေးဖြစ်သည်။ အလွန် အန္တရာယ် ပေးနိုင်သည့် ခွေးဖြစ်သည်။ ဘိန်းကို သူတို့ဟာ သူတို့ ယူလာပြီး တစ်နေရာမှာ မသိမသာဝှက်ထား၊ ခွေးကို ရှာခိုင်းလို့ တွေ့သွားလျှင် သင်္ဘောပေါ်မှာ ဖမ်းမိပါတယ်ဆိုပြီး လုပ်နိုင်သည်။ ဒီခွေးကိုလည်း ရှိရှိသေသေဖြင့် သင့်အောင်ပေါင်းမှ ဖြစ်မည်ဟု နားလည် လိုက်ပါသည်။

သင်္ဘောပေါ်တက်လာသော တာဝန်ရှိ ပုဂ္ဂိုလ်ဆိုသူတို့ကို မိမိပိုင် ပစ္စည်းစာရင်းကို ပြသည်။ အတွင်းခံဘောင်းဘီ၊ ခြေအိတ်နှင့် ဖိနပ်အစုတ် ပါမကျန် ရေးဖြည့်ထားတာ တွေ့ရသောအခါ ပြုံးကြသည်။ ငါတို့ အကြောင်း သူတို့ သိနေသားပဲဆိုသည့် သဘောဖြစ်သည်။

http://www.linhtet.com



## ဦးမောင်ဟန် ကျူးဘားမှာ ကျန်နေခဲ့ခြင်း

သင်္ဘောကျောက်ချထားရာ အရပ်မှ ဆိပ်ကမ်း အာဏာပိုင် အဖွဲ့ ပြန်ကြသောအခါ ကပ္ပီတန်ပါ လိုက်ပါသွားသည်။ ဟားဗာနား မြို့ထဲမှာ အိပ်သည်။ ကျူးဘားကလည်း စပိန်စကား ပြောသည်။ ကပ္ပီတန်က လည်း စပိန်စကား ပြောတတ်သည်။ နိုက်ကလပ်တစ်ခုကို သွားပြီးကဲမှာ သေချာသည်။ မခေါ်ဘဲထားခဲ့တာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေသည်။

၆-ရက်နေ့ နံနက်မှာ ကပ္ပီတန် သင်္ဘောကို ပြန်ရောက်လာသည်။ စောစောစီးစီး မူးလာသည်။ တက်မစင်ကနေ ကိုအဏ္ဏဝါကို ခေါ်တွေ့ သည်။ သူသည် အလုပ်ကထွက်ပြီး ကျူးဘားမှ ပြန်ရမည်ဖြစ်ကြောင်း ပြောသည်။ ဘာကြောင့်လဲဟု မေးတော့ ဘာမှ မဖြေဘဲ ပခုံးတွန့် ပြသည်။ မသိဘူးဆိုသည့် သဘောဖြစ်သည်။ ကိုအဏ္ဏဝါက စိတ် မကောင်းကြောင်း ပြောပြီး တက်မ စင်က ပြန်ဆင်းခဲ့သည်။ မကြာမီ စက်မကြီး နှုတ်ဆက်သွားရသည်။ သင်္ဘောရွှေ့ပြီး ဆိပ်ကမ်းကပ်တော့မည် ဖြစ်သည်။

သင်္ဘောသည် မြို့ဆိပ်နှင့် ဝေးသည့်နေရာကို မောင်းသွားပြီး ကျောက်ချပြန်သည်။ ညနေ ၃-နာရီမှာ မာရီရယ်ဆိုသော မြို့လေးအနီး က ဆိပ်ကမ်းတစ်ခုမှာ ဝင်ကပ်သည်။ ရန်ကုန်နှင့်အတန်ငယ် လှမ်းသော သီလဝါလို နေရာမျိုးဖြစ်သည်။ ဟားဗနားကို သွားချင်လျှင် ဘတ်စ်ကား စီးပြီး သွားရသည်။ ကြံနှင့် ဆေးရွက်ကြီး စိုက်ခင်းကြီးတွေ တစ်မျှော် တစ်ခေါ် မြင်တွေ့နေရသည်။

၇-ရက်နေ့ ညနေမှာ မောင်ဝင်း၊ မောင်မောင်လွင်တို့နှင့်အတူ ဘတ်စကားစီးပြီး ဟားဗနားမြို့ကို သွားကြသည်။ မြို့လယ်ကောင်က လူစည်ကားရာ ဆူးလေဘုရားလိုနေရာမှာ ကားပေါ်က ဆင်းလျှောက်ကြ သည်။ စပိန်ကိုလိုနီ ဖြစ်ခဲ့သည့် နိုင်ငံဖြစ်လို့ အဆောက်အအုံ ပုံစံတွေက စပိန်လက်ရာတွေ ဖြစ်နေသည်။ တစ်ချိန်တစ်ခါက အတော်အခြေကြီးခဲ့ ဟန် တူသည်။ ဥရောပဆန်သော ခမ်းနားမှု လက်ကျန်တွေကို တွေ့ရ

http://www.linhtet.com



သည်။ ဟားဗနားမြို့ကြီးကို မြင်ရတော့ စပိန်ရယ်၊ အမေရိကန်ရယ်၊ ကျူးဘားနိုင်ငံသားတွေရယ်၊ ခေါင်းဆောင်ကြီး ဖီဒယ်ကစ္စတရိုရယ်ကို သတိရလာသည်။

ကျူးဘားတော်လှန်ရေး သမိုင်းက ရှည်လျားလှသည်။ ၁၄၉၂-ခုနှစ်၊ အောက်တိုဘာလ ၂၈-ရက်နေ့မှာ စပိန်ဘုရင်မ၏ ကိုယ်စားနယ်မြေသစ်ရှာဖွေသူ ခရစ္စတိုဖာ ကိုလံဘတ်သည် ဒီကျွန်းကို ရောက်လာခဲ့သည်။ ကျူးဘား ပြည်သူတို့၏ တော်လှန်ရေးသည် ဒီအချိန်က စခဲ့ပြီလို့တောင် ပြောလို့ရသည်။ ကျူးဘားသည် စပိန်ပိုင် ကျွန်း ဖြစ်ခဲ့ရသည်။ ကျူးဘားပြည်သူများသည် စပိန် လက်အောက်က လွတ်မြောက်ရေးအတွက် နှစ်ပေါင်း ၄၀၀ လောက် တော်လှန်ခဲ့ကြရသည်။ အမေရိကန်သည် သူ၏ အကျိုးစီးပွားအတွက် စပိန်ပြည်သူတွေဘက်က ရပ်တည်ပေးခဲ့သည်။

၁၉၀၁-ခုနှစ်တွင် အမေရိကန် အထောက်အကူပြု ကျူးဘားအစိုးရ ဖွဲ့စည်း နိုင်ခဲ့သော်လည်း အစိုးရအဆက်ဆက်သည် အမေရိကန်နိုင်ငံ၏ ရုပ်သေး အစိုးရတွေသာ ဖြစ်ခဲ့သည်။ အမေရိကန်သည် သူ၏ အကျိုးစီးပွားအတွက် ကျူးဘားနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွတ်ဖက်ရန်အတွက် ချောင်းနေခဲ့တာ ကြာပြီ ဖြစ်သည်။ ၁၈၉၀-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅-ရက်နေ့ ညနေတွင် ဟားဗနားမြို့ ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားသည့် အမေရိကန် စစ်သင်္ဘောတစ်စီး ဖောက်ခွဲ ခံရလို့ နစ်မြုပ်သွားသည့် ကိစ္စမှ စတင်ပါဝင် စွတ်ဖက်လာခဲ့သည်။ စပိန်လက်အောက်မှ ကျူးဘားပြည်သူတွေ လွတ်မြောက်ရေး အကြောင်းတစ်ခုလို့တော့ ပြောနိုင်သည်။ အမေရိကန် ကျောထောက်နောက်ခံပြု ရုပ်သေး အစိုးရ လက်အောက်မှာ နှစ်ပေါင်း ၅၀ လောက် နေခဲ့ရသည့် ကျူးဘား ပြည်သူတို့၏ ဘဝသည် ဘာမျှ ထူးခြား မလာခဲ့။ သယံဇာတတွေ ပေါများသည့် နိုင်ငံပေါ်မှာ ဆင်းရဲမြဲ ဆင်းရဲနေကြရဆဲ ဖြစ်နေကြသည်။ အုပ်ချုပ်သူ လက်တစ်ဆုပ်စာ လူတစ်စုနှင့် အမေရိကန်

http://www.linhtet.com



ကုန်သည်ကြီးတွေသာ ချမ်းသာကြီးပွားနေကြသည်။ ဒီအခြေအနေမှာ အမေရိကန် သတင်းစာကြီး တချို့က (ကျူးဘား လွတ်လပ်ရေး၊ အမေရိကန် နိုင်ငံမှာ လုပ်သည်) ဟု သရော်တော်တော် ရေးခဲ့ကြသည်။

၁၉၅၀-ခုနှစ်တွင် ပေါ်ပေါ်ထင်ထင် ဖြစ်လာသော ဥပဒေဘွဲ့ရ တက္ကသိုလ်ကျောင်းသား ဖီဒယ်ကစ္စထ□ရိုသည် အမေရိကန်၏ ရုပ်သေး အစိုးရ ဖြစ်သည့် ဘာတစ္စတာ အစိုးရကို တရားစွဲဆိုခဲ့သည်။ ဒီအချိန်က စပြီး ကျူးဘားပြည်သူတို့ရဲ့ နှလုံးသားထဲမှာ ဖိဒယ်ကစ္စထရို ဆိုသော လူငယ်တစ်ယောက် ဝင်ရောက် ခိုလှုံနေတော့သည်။ ကစ္စထရို၏ တော်လှန်ရေးသမိုင်းကလည်း ရှည်လျားကြမ်းတမ်းလှသည်။ ဝတ်လုံဘဝဖြင့် အကြိမ်ကြိမ် ထောင်ကျခဲ့သည်။ လက်နက်ကိုင် သူပုန်ဘဝဖြင့် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ရသည်။ ၁၉၅၉-ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှာ ဘာတစ္စတာ အစိုးရ ပြုတ်ကျပြီး ကစ္စထရို၏ တော်လှန်ရေးကြီး အောင်ပွဲခံနိုင်ခဲ့သည်။ ရင်မောစရာ ကောင်းလှပါသည်။

ဟားဗနားမြို့ကြီးကို ကြည့်ပြီး ကိုအဏ္ဏဝါ သက်မကြီးချလိုက်မိသည်။ အမေရိကန် ကျောထောက်နောက်ခံပြု အာဏာရှင် ဘာတစ္စတာ အစိုးရကို ဖြုတ်ချနိုင်ခဲ့သည့် ကစ္စထရို၏ အရင်းရှင် တော်လှန်ရေးကြီး ပြီးဆုံးသွားခဲ့သော်လည်း ကျူးဘားပြည်သူတို့၏ ဆင်းရဲ ကျပ်တည်းမှု လွတ်မြောက်ရေး တိုက်ပွဲက မပြီးသေးပါလားဟု တွေးမိသည်။

ဟားဗားနားမြို့မှ ဘတ်စ်ကားစီးပြီး သင်္ဘောဆိပ်ကို ပြန်ခဲ့ကြသည်။ ကျူးဘားက ဘတ်စ်ကားတွေသည် နိုင်ငံခြားသားတွေကို ပိုက်ဆံမယူဘဲ အခမဲ့ စီးခွင့်ပြုသည်။ ကားမှတ်တိုင်မှ သင်္ဘောကို ရောက်အောင် တစ်မိုင်မျှ လမ်းလျှောက်ရသေးသည်။ သင်္ဘောပေါ်ရောက်တော့ မောမောဖြင့် အိပ်ပျော်သွားသည်။

မောမောနှင့် အိပ်ပျော်သွားသည့် ကိုအဏ္ဏဝါသည် အိပ်မက်ဆိုး တစ်ခုကို မက်သည်။ အိပ်မက်ထဲမှာ ဇနီးမဖြူတုတ်နဲ့ တွေ့သည်။ ကိုအဏ္ဏဝါ ရန်ကုန်က ထွက်လာစဉ်က ကိုယ်ဝန်အရင့်အမာဖြင့် ကျန်နေခဲ့

http://www.linhtet.com



သည့် မဖြူတုတ်သည် ကိုယ်ဝန် မရှိတော့ဘဲ မွေးပြီး ဖြစ်နေတာ တွေ့ရသည်။

"ဟဲ့ ကလေး ဘယ်ရောက်သွားပြီလဲ"

"ကလေး သေသွားလို့ အဘိုးကြီး ကိုယ်တိုင် သွားမြှုပ်ပစ်လိုက်ပြီ"

အဘိုးကြီးဆိုတာ ကိုအဏ္ဏဝါရဲ့ အဖေကို ပြောတာ ဖြစ်သည်။ ကိုအဏ္ဏဝါရဲ့ အဖေသည်လည်း ကွယ်လွန်ခဲ့တာ တစ်နှစ်ရှိပြီ ဖြစ်သည်။ ကိုအဏ္ဏဝါ စိတ်ထိခိုက်လွန်းလို့ အိပ်မက်မှ လန့်နိုးသွားသည်။ ဘုရား ဘုရား လွဲပါစေ၊ ဖယ်ပါစေဟု ဆုတောင်း လိုက်ပါသည်။

နောက်နေ့ညမှာ အိပ်မက်တစ်ခု မက်ပြန်သည်။ ကိုအဏ္ဏဝါ နေခဲ့သည့် သာကေတက အိမ်မှာ အသုဘတစ်ခုအတွက် ဆွမ်းသွတ်နေသည်။ သံဃာတွေ ကြွလာပြီး ပရိတ်ရွတ်ကြသည်။ ကွယ်လွန်ပြီးဖြစ်သည့် ဖခင်ကြီးက ရေစက်ချ အမျှဝေနေသည့် အသံကို ကြားလိုက်ရသည်။ ထူးဆန်းသည့် အိပ်မက်တွေကို နှစ်ရက်ဆက်တိုက် မက်ခဲ့သည်။ စိတ်တွေလေးနေသည်။ မဖြူတုတ်ရဲ့ ဗိုက်ထဲက ကလေးကို မေတ္တာပို့နေမိသည်။ ဇနီး မဖြူတုတ်ရဲ့ ဓာတ်ပုံကိုကြည့်ပြီး မေတ္တာပို့သည်။

ယနေ့သည် ဧပြီလ ၈-ရက်နေ့ဖြစ်သည်။ သင်္ဘောကုမ္ပဏီ ပိုင်ရှင် သူဌေး၏သား လာသည်ဆိုပြီး ကပ္ပိတန် လေဆိပ်မှာ သွားကြိုသည်။ ကပ္ပိတန်နှင့် သူဌေးသားတို့ သင်္ဘောကို ပြန်ရောက်လာသောအခါ ကိုအဏ္ဏဝါအတွက် အိမ်က စာနှစ်စောင် ပါလာသည်။ မဖြူတုတ်၏ စာနှင့် သမီးကြီး သီသီခိုင်ဆီက စာတွေဖြစ်သည်။ မဖြူတုတ်၏ စာက ကလေးမီးဖွားရန် ဆေးရုံမတက်မီ ရေးသည့်စာဖြစ်လို့ ကျန်းမာကြောင်း၊ မီးဖွားရက်နီးပြီဖြစ်ကြောင်း၊ ဖေဖော်ဝါရီလထဲမှာ မွေးမည်ထင်ကြောင်း လောက်သာ ရေးထားသည်။ သမီးကြီး သီသီခိုင်ရဲ့ စာကတော့ သူ့အမေ ဆေးရုံတက်ပြီးလို့ ကလေး မီးဖွားပြီးမှ ရေးသောစာ ဖြစ်သည်။

http://www.linhtet.com



(၂၇-၂-၈၆ ကြာသပတေး)နေ့မှာ မေမေကို ဖိုက်ခွဲပြီး ကလေးမီးဖွား သည်။ ယောက်ျားလေးမွေးသည်ဟု ရေးထားသည်။ ကိုအဏ္ဏဝါ ဝမ်းသာ သွားသည်။ မဖြူတုတ်သည် သမီးချည်း သုံးယောက် ဆက်တိုက်မွေးလို့ ကလေး မယူဘဲနေခဲ့တာ ၁၂ နှစ်ရှိပြီ ဖြစ်သည်။ အခု တစ်ခါ မွေးချင်တာ မွေးစမ်းကွာဆိုပြီး ကလေးယူခဲ့ကြတာ ဖြစ်သည်။ သားလေးတစ်ယောက် ရပြီဖြစ်လို့ ပျော်သွားသည်။ သားကိုမွေးဖွားသည့်နေ့မှာ ကိုအဏ္ဏဝါသည် အာဂျင်တီးနားနိုင်ငံ၊ ရိုဆားရီးရိုးမြို့မှာ ရှိနေခဲ့သည်။ သူဌေးသားသည် သင်္ဘောမှ သူတည်းခိုမည့် ဟိုတယ်ကို ပြန်သွားသည်။

၉-ရက်နေ့မှာ ကိုအဏ္ဏဝါရဲ့ အိပ်ခန်း တံခါးကို ကပ္ပိတန် လာခေါက်ပြီး စာတစ်စောင်ကို လက်နှိပ်စက် ရိုက်ခိုင်းသည်။ သူသည် ကျူးဘားမှာ ကျန်ခဲ့တော့မည်ဟု ပြောသည်။ ကုန်းပတ် ပထမအရာရှိ မစ္စတာကန်ပါးနစ်က ကပ္ပိတန် ဖြစ်မည်ဟု ဆိုသည်။

၁၁-ရက်နေ့မှာ ဘိုဆင်ဦးမောင်ဟန် ဆီးရောဂါကြောင့် ဟားဗားနား ဆေးရုံကို တက်လိုက်ရသည်။ ဆီး မသွားနိုင်လို့ အမေလေး အဘလေး အော်နေရသည်။ မိမိမှာ ဆီးရောဂါရှိတာ သိလျက်နှင့် အရက် ကို မပြတ်သောက်နေခဲ့သည်။ ဘယ်လောက်သောက်သောက် ဘယ် တော့မှ မမူးသည့်အတွက် အရက်သောက်ထားမှန်းတောင် မသိအောင် နေတတ်သူ ဖြစ်သည်။

ဒီနေ့မှာပဲ ကုလား အလုပ်သင် (ကဒက်) နှစ်ယောက်ဖြစ်သည့် ရှရပ်ဘာဆင်နှင့် မစ္စရီတို့ သင်္ဘောက ဆင်းပြီး အိန္ဒိယကို ပြန်ကြသည်။ လူပျိုတွေဖြစ်သော်လည်း သင်္ဘောကပေးသည့် ဆပ်ပြာခဲတွေ၊ ခေါက်ဆွဲ ခြောက်ထုပ်တွေကို တစ်ချီတစ်ပိုး ထမ်းယူသွားကြသည်။

၁၂-ရက်နေ့မှာ သူဌေးသားမစ္စတာ စပီးရိုးစ် သင်္ဘောကို ရောက် လာပြန်သည်။ ကပ္ပိတန် အလွှဲအပြောင်းကိစ္စ ကြီးကြပ်ဆောင်ရွက်ပေး သည်။ စက်ခန်းကို ဆင်းကြည့်သည်။ ကိုအဏ္ဏဝါရဲ့ ရုံးခန်းကိုတော့ ခဏပဲ လာရပ်ကြည့်သွားသည်။ ကိုအဏ္ဏဝါကလည်း အထည်ချုပ်စက်ရုံ ကို ဝန်ကြီးလာစစ်သည့်အခါ အလုပ်သမားက အလုပ် လုပ်ပြနေပုံမျိုး နေပြလိုက်သည်။

http://www.linhtet.com



၁၃-ရက်နေ့မှာ ကပ္ပိတန် ကွန်တိုမော့စ် သင်္ဘောက ဆင်းပြီး သူ့ဇနီးသားနှင့်အတူ ဂရိနိုင်ငံကို ပြန်သွားသည်။ မစ္စတာကန်ပါးနစ် ကပ္ပိတန် ဖြစ်လာသည်။ မစ္စတာကန်ပါးနစ်သည် လုပ်သက်ရင့် ကပ္ပိတန် ဖြစ်သည်။ အခြေအနေအရ ကုန်းပတ် ပထမအရာရှိ လုပ်နေရသူ ဖြစ်သည်။

၁၅-ရက်နေ့မှာ ဦးမောင်ဟန် သင်္ဘောကို ပြန်ရောက်လာသည်။ ကိုအဏ္ဏဝါ၏ အခန်းကို လာပြီးပြောသည်။ သူ၏ ဆီးအိမ်မှာ ကျောက်တည်နေသည့်အတွက် ခွဲစိတ်ကုသမှု ခံယူရမည်ဟုလာပြောသည်။ သူ၏ လစာ လက်ကျန်နှင့် ရပိုင်ခွင့်များကို တွက်ချက်ပေးရန် လာပြောခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါက ချက်ချင်းဆောင်ရွက်ပြီး ကပ္ပိတန်ကို လက်မှတ်ထိုးခိုင်းလိုက်သည်။ လစာငွေကိုလည်း ချက်ချင်း ထုတ်ပေးလိုက်သည်။ ဦးမောင်ဟန် ဆေးရုံကို ပြန်သွားသည်။ သူ့အဝတ်အစားတွေနှင့် စားစရာတွေကို ဆေးရုံကို လာပို့ပေးမည်ဟု ပြောလိုက်သည်။ ဦးမောင်ဟန် သင်္ဘောက အပြီးအပိုင် ဆင်းသွားခြင်းဖြစ်သည်။ ကျူးဘားမှ မြန်မာနိုင်ငံသို့ ပြန်ရမည် ဖြစ်သည်။

## ကျူးဘားမှ အမေရိကန်သို့

၁၆-ရက်နေ့အထိ ကျူးဘားနိုင်ငံ မာရီရယ် (MARIEL) ဆိပ်ကမ်းမှာ ကုန်ချနေဆဲ ဖြစ်သည်။ ကပ္ပိတန်က စပြီး လုပ်ဖော်ကိုင်ဖက်တချို့ သင်္ဘောက ဆင်းသွားကြပြီဖြစ်လို့ စိတ်တွေ လေနေသည်။ လွမ်းလွမ်းဆွေးဆွေးတောင် ဖြစ်နေမိသည်။ သားလေး မွေးလို့ ဝမ်းသာသည့် အထိမ်းအမှတ်အဖြစ် ပါတီပေးရန် ဆုံးဖြတ်လိုက်သည်။ ဘော်ဒါကြီး ထမင်းချက် မောင်ဝင်းကို အမြည်း ကောင်းကောင်း လုပ်ခိုင်းလိုက်သည်။ ဘီယာ တစ်ကေ့စ်နှင့် ဝီစကီ နှစ်လုံးကို စတိုမှ ထုတ်ယူပြီး သောက်စားကြသည်။ သောက်ဝိုင်းမှာ ဘိုနီမူးပြီး ဂျီကျလို့ စိတ်ညစ်လိုက်ရသေးသည်။

၁၇-ရက်နေ့မှာ ဘိုဆင် ဦးမောင်ဟန်ရဲ့ ပစ္စည်းတွေနှင့် စီဒီစီ၊ ပတ်စ်ပို့တွေပါ ယူပြီး ဆေးရုံကို သွားရန် စီစဉ်ရသည်။ ထမင်းချက်

http://www.linhtet.com



မောင်ဝင်းကို စတိုထဲက သကြား၊ နို့ဆီနှင့် ယိုဘူးလို စားစရာတွေ ယူခဲ့ရန် တာဝန်ပေးလိုက်သည်။ မောင်ဝင်းက ပန်းသီးနှင့် လိမ္မော်သီးတွေပါ ထည့်ယူလာသည်။ ပီနံအိတ်ကြီးနဲ့ ထည့်ယူလာသည့် ပစ္စည်းတွေ အတော်များသည်။

"ပစ္စည်းတွေ များလှချည်လား"

"ဦးမောင်ဟန် လိုချင်သလောက် ယူပါစေ၊ ပိုတာကို ကျွန်တော့် မိတ်ဆွေ အိမ်ကို ပေးမလို့ ပိုထည့်လာတာ"

"ခင်ဗျားမှာ ဘယ်ကမိတ်ဆွေ ဒီမှာလာရှိနေတာတုံး"

"ရှိတယ်၊ ရှိတယ် အခုသွားရင် တွေ့ပါလိမ့်မယ်"

ဟားဗားနားဆေးရုံကြီးကို ရောက်သွားကြသည်။ စုံစမ်းရေး ဌာနမှာ မေးလိုက်တော့ လွယ်လွယ်ကူကူပင် တွေ့ရပါသည်။ မောင်ဝင်းက စပိန်လို အတော်ပြောနိုင်သည့်အတွက် အဆင်ပြေသည်။ ဘိုဆင် ဦးမောင်ဟန်ကို ဆေးရုံ ခုတင်ပေါ်မှာ ဆီးပိုက်တန်းလန်းဖြင့် ပက်လက် လှဲနေတာ တွေ့ရသည်။ လန်းလန်းဆန်းဆန်း၊ ပြုံးပြုံးရယ်ရယ်ဖြစ်နေ သည်။ သူနာပြု ဆရာမတွေကလည်း အဖြူတွေကော အမည်းတွေပါ တွေ့ရသည်။ ဦးမောင်ဟန်က စပိန်ဘာသာ စကားကို ကရားရေလွှတ် ပြောနိုင်သူဖြစ်လို့ ဟန်ကျနေသည်။

"ခွင်ကတော့ မိနေပြန်ပြီ အာအိုကြီးရေ့၊ ကျွန်တော့်ကို ဆီးပိုက် ဖြုတ်၊ တပ် လုပ်ပေးနေတဲ့ နပ်စ်မနဲ့ ငြိနေကြပြီ၊ ပိုက်ကြီးတန်းလန်းနဲ့ ဆိုတော့ ဒုက္ခ အတော်များနေတယ်"

"ပိုက်ကို ခဏဖြုတ်ပြီး မြူးပစ်လိုက်ပေါ့"

"ဘယ်ရမလဲ၊ ပိုက်ဖြုတ်တာ ဆရာဝန် အမိန့်ရမှ ဖြုတ်ရတယ်"

"အင်း ဒါဆိုလည်း အောင့်နေလိုက်ဦးပေါ့ဗျာ"

ဦးမောင်ဟန်ကို စားစရာတွေ ပေးသည်။ ဦးမောင်ဟန်က များလွန်းတယ် ပြန်ယူသွားဟု ဆိုသည်။ ပန်းသီး၊ လိမ္မော်သီးနှင့် ယိုတစ်ဘူးသာ ယူထားလိုက်သည်။ ကျန်တာတွေကို ပြန်သယ်လာခဲ့ပြီး မောင်ဝင်း၏ မိတ်ဆွေအိမ်ကို သွားကြသည်။

ဟားဗားနားမြို့လယ်ကောင်က တိုက်အိုကြီးတစ်ခု၏ အပေါ်ထပ်ကို တက်ကြရသည်။ အဆောက်အအုံကြီးသည် ကြီးမားသလောက်

http://www.linhtet.com



ကျယ်ဝန်းပြီး အခန်းပေါင်းများစွာ ပါဝင်ဖွဲ့စည်းထားသည့် ရှေးခေတ်လက်ရာ တိုက်အိုကြီးဖြစ်သည်။ လျှပ်စစ်မီး လုံလောက်စွာ မရသည့်အတွက် အခန်း တော်တော်များများမှာ အမှောင်ကျနေသည်။ လူမနေသည့် အခန်းတွေဟု ယူဆရသည်။ လူနေသည့် အခန်းတွေမှာလည်း မီးမှိန်မှိန်သာ လင်းနေတာ တွေ့ရသည်။ ဌာနကြီး တစ်ခုပိုင် အဆောက်အအုံကြီးဟု ယူဆရသည်။ အလုပ်သမား မိသားစုတွေ စုပေါင်းနေသည့် အဆောင်အအုံကြီး ဖြစ်မည်။ တစ်နေရာ အရောက်မှာ အခန်းတစ်ခု၏ ပိတ်ထားသော တံခါးရွက်ကြီးကို မောင်ဝင်းက ခေါက်လိုက်သည်။ မကြာမီ တံခါးကြီး ပွင့်သွားပြီး အသက်ငါးဆယ်အရွယ် အမျိုးသမီးကြီး တစ်ယောက် တံခါးလာဖွင့်သည်။ အမျိုးသမီးကြီးသည် မောင်ဝင်းကို မြင်တယ်ဆိုလျှင် သားကို မြင်လိုက်သည့် မိခင်ကဲ့သို့ ဝမ်းသာပီတိဖြင့် တအံ့တသြ ဖြစ်နေသည်။

"မာမာ"

"မောင်ဝင်း"

ကိုအဏ္ဏဝါသာ မပါလာလျှင် အမျိုးသမီးကြီးသည် မောင်ဝင်းကို ဖက်ငိုလိမ့်မည်ဟု ထင်ရသည်။ မောင်ဝင်းက အမျိုးသမီးကြီးကို ကိုအဏ္ဏဝါနဲ့ မိတ်ဆက်ပေးသည်။

"မာမာ အိစ်တို့ အမီဂို မီဗာရ်ကို ရာဒီယို အော်ဖိဆာ"

"အို…ဆီး ဆီး မူချို ဖစ္စတီးဗို"

သူတို့အချင်းချင်း စပိန်လို ပြောနေကြသည်။ သူတို့လို မပြောတတ်သော်လည်း ကိုအဏ္ဏဝါ နားလည်နေသည်။ အမေ ဟောဒါဟာ ကျွန်တော့် သင်္ဘောက ရေဒီယို ဆက်သွယ်ရေး အရာရှိပါ။ အို ဟုတ်ကဲ့ ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်လို့ ပြောကြတာ ဖြစ်သည်။ အမျိုးသမီးကြီးက အထဲကို ကြွကြပါလို့ ဖိတ်ခေါ်လို့ အခန်းထဲ ဝင်ထိုင်ကြသည်။

မောင်ဝင်းနှင့် အမျိုးသမီးကြီးတို့ စကားတွေ ပြောနေကြသည်။ ကိုအဏ္ဏဝါ အခန်းတွင်းက ပစ္စည်းတွေနှင့် ပရိဘောဂတွေကို လှေ့လာကြည့်ရှုနေမိသည်။ ရေဒီယိုမရှိ၊ ကက်ဆက်မရှိ၊ ရုပ်မြင်သံကြားဆိုတာ

http://www.linhtet.com



စဉ်းတောင် မစဉ်းစားနိုင်သေး ဖြစ်နေဟန်တူသည်။ ဟောင်းနွမ်းနေကြပြီ ဖြစ်သည့် ပရိဘောဂ အနည်းအကျဉ်းသာ တွေ့ရသည်။ သစ်သစ်လွင်လွင် ဆိုလို့ ပလတ်စတစ်အိတ်စွပ်ပြီး အလှပြထားသည့် စားပွဲတင် ပန်ကာ တစ်လုံးသာ တွေ့ရသည်။

"မာမာ ဒွန်ဒေ မာရီယာ"

"နိုး မာရီယာ၊ ကမီနာ ပါရာ အမေရိကာနို"

"အာကီး ဆိုလို မာမာ"

"ဆီးဆီး အာကီးဆိုလို ပါရာမီး မောင်ဝင်း ဟီး ဟီး အီး အီး"

ကိုအဏ္ဏဝါ လန့်တောင်သွားသည်။ အမျိုးသမီးကြီးသည် စကား ပြောနေရင်းမှ အားရပါရ ငိုချလိုက်သည်။ ဘာဖြစ်တာပါလိမ့်ဟု တွေးမိ သည်။ သူတို့ပြောနေသော စကားတွေကို ပြန်သတိရလာသည်။ အမေ မာရီယာ ဘယ်သွားလဲဟု မေးသည်။ အမျိုးသမီးကြီးက မရှိဘူး၊ အမေရိ ကန်ကို သွားပြီလို့ ပြန်ဖြေသည်။ ဒါဆိုရင် ဒီမှာ အမေ တစ်ယောက် တည်းပဲ ရှိတော့တာပေါ့လို့ မေးလိုက်တော့၊ အမျိုးသမီးကြီးက စိတ် မထိန်းနိုင်တော့ဘဲ ပြောငိုခြင်း ဖြစ်သည်။

"ဟုတ်တယ်၊ ဟုတ်တယ် ဒီမှာ ငါတစ်ယောက်တည်း နေရတယ် မောင်ဝင်းရေ… ဟီး ဟီး"

ဘာဖြစ်ကြတာလဲဟု မောင်ဝင်းကို မေးကြည့်ရသည်။ မောင်ဝင်း က ကိုအဏ္ဏဝါကို ဇာတ်ကြောင်းပြန်ပြောပြသည်။ မာရီယာဆိုတာ အမျိုး သမီးကြီး၏ သမီးပျို ဖြစ်သည်။ မောင်ဝင်းရဲ့ မိန်းကလေး မိတ်ဆွေ (ဂဲဖရင်း) ဖြစ်သည်။ ကျူးဘား တော်လှန်ရေးမှာ မိသားစုလိုက် တက်ကြွ စွာ ပါဝင်လှုပ်ရှားခဲ့ကြသည်။ အိမ်ထောင်ဦးစီး ဖခင်က ဆိပ်ကမ်းလုပ်သား ကြီးဖြစ်သည်။ အမျိုးသမီးကြီးက စာတိုက်နှင့် ကြေးနန်းဌာနက စာရေးမ ဖြစ်သည်။

တော်လှန်ရေးကြီး ပြီးသွားသော်လည်း သူတို့မိသားစု၏ဘဝ ဘာမျှ ထူးခြားမလာသောအခါ မိသားစုလိုက် အမေရိကန်ကို ပြေးကြရန် တိုင်ပင်ကြသည်။ အမျိုးသမီးကြီးသည် ကစ္စထရို အစိုးရ လက်အောက်ခံ အဖွဲ့အစည်းတွေထဲက အမျိုးသမီးရေးရာ အဖွဲ့ဝင် တစ်ဦး ဖြစ်နေသည့်

http://www.linhtet.com



အပြင် ဝန်ထမ်းပင်စင်ကလည်း နီးနေပြီဖြစ်လို့ တွေဝေနေသည်။ တိုင်ပင်လို့မရ ဖြစ်နေသည်။

အမျိုးသမီးကြီးကို တိုင်ပင်လို့ မရသည့်အခါ မာရီယာရဲ့ အဖေနှင့် အစ်ကို နှစ်ယောက်တို့သည် ကျူးဘားမှ လှေငယ်တစ်စီးဖြင့် ထွက်ပြေးခဲ့ကြသည်။ ဖလော်ရီဒါ အငူကို ရောက်ခါနီးမှာ ကီးဝက်စ် ရေတပ်စခန်းအနီးကို ရေကူးသွားခဲ့ကြသည်။ အမေရိကန်ကလည်း ကျူးဘားက ပြေးလာသူတွေကို မသိမသာ လက်ခံပြီး ကျူးဘား အစိုးရ သိက္ခာကျအောင် ဝါဒဖြန့်ချိရေးတွေ လုပ်ခဲ့သည်။

မာရီယာကတော့ သူ့အဖေနှင့် အစ်ကိုတွေလို မစွန့်စားရဲလို့ ကျူးဘားနိုင်ငံက မထွက်နိုင် ဖြစ်နေခဲ့သည်။ နိုက်ကလပ်တွေမှာ ငွေရှာစုဆောင်းနေစဉ် မောင်ဝင်းနဲ့ တွေ့ခဲ့ကြတာ ဖြစ်သည်။ ပလတ်စတစ်အိတ် စွပ်ထားသည့် စားပွဲတင်ပန်ကာ အလှူရှင်က မောင်ဝင်းဟု သိရသည်။ ကိုအဏ္ဏဝါ ဒီသင်္ဘောကို မတက်မီကပင် မောင်ဝင်းသည် ဟားဗားနားမြို့ကို ရောက်ပြီးဖြစ်သည်။ အခုတော့ မာရီယာသည် အမေရိကန်က သူ့အဖေနှင့် အစ်ကိုတွေဆီကို လိုက်သွားနိုင်ရန် ပနားမားနိုင်ငံကို ထွက်ခွာသွားပြီဟု အမျိုးသမီးကြီးက ပြောပြသည်။ ကျူးဘားနိုင်ငံမှ အမေရိကန်ကို တိုက်ရိုက်သွားလို့ မရသည့်အတွက် ပနားမားနိုင်ငံကို သွားတာဖြစ်သည်။ ပနားမားစီတီးက နိုက်ကလပ်တွေမှာ ခန္ဓာကိုယ်ကို ရောင်းပြီး လမ်းစရိတ် ရှာရဦးမည် ဖြစ်သည်။

မောင်ဝင်းက သူ့အမေ (မတော်လိုက်ရသည့် ယောက္ခမ)ကို နို့ဆီ၊ သကြား၊ ယိုဘူးတွေပေးပြီး နှုတ်ဆက်သည်။ ရာသက်ပန် ခွဲခွာခြင်းအဖြစ် နှုတ်ဆက်တယ်ဆိုတာ သိသည့် အမျိုးသမီးကြီးက အော်ငိုသည်။ မောင်ဝင်းနှင့် ကိုအဏ္ဏဝါတို့ အိမ်အိုကြီးမှ ပြန်ခဲ့ကြပါသည်။

၁၈-ရက်နေ့မှာ ကုန်တွေအားလုံး ချပြီးပြီဖြစ်လို့ သင်္ဘောထွက်မည်ဟု သိရသည်။ နံနက်ပိုင်းမှာ ဂရိလူမျိုး ကုန်းပတ် ပထမအရာရှိ ရောက်လာသည်။ အသက်လေးဆယ်မျှ ရှိသည်။ ရုပ်ရည် သန့်သည်။ သဘောကောင်းမည့် ရုပ်လက္ခဏာ တွေ့ရသည်။ ကုန်းပတ် ပထမအရာရှိ ရောက်ပြီး မကြာမီ သင်္ဘောကို ကြိုးဖြုတ်ပြီး ဆိပ်ကမ်းမှ ခွာသည်။

http://www.linhtet.com



ဘယ်ကို သွားရမည် မသိသေးလို့ ဖြည်းဖြည်း မောင်းနေသည်။ ဘယ်ကို သွားပြီး ဘာကုန်တွေတင်ပါ ဆိုသည့် ကြေးနန်းကို စောင့်မျှော်နေရတော့ သည်။ ဒီလိုအခြေအနေမှာ ကိုအဏ္ဏဝါ၏ တာဝန် အလွန်ကြီးလေးသည်။ အင်္ဂလန်နှင့် ဂရိနိုင်ငံက ရေဒီယို စတေရှင်တွေကို အမြဲ နားထောင်နေရ သည်။ ကြေးနန်း ရှိနေတာကို မသိလို့ ရက်တွေကြာသွားလျှင် ကိုအဏ္ဏဝါ ၏ တာဝန် ဖြစ်မည်။

သင်္ဘောမှာ ဘိုဆင် (သင်္ဘောသား အလုပ်သမားခေါင်းဆောင်) မရှိတော့လို့ တက်မကိုင် အေးကိုကို ယာယီ ဘိုဆင်ရာထူး တိုးမြှင့်ပေး လိုက်သည်။ ဆေးရုံတက် ကျန်ရစ်သည့် ဦးမောင်ဟန်၏ ရာထူး ဖြစ် သည်။ ကုန်းပတ် ပထမအရာရှိကလည်း လူသစ်၊ ဘိုဆင်ကလည်း ဆွဲခန့်လူသစ်ဖြစ်လို့ အတော်ရင်လေးစရာ ကောင်းနေသည်။ သင်္ဘောက လည်း ဦးတည်ရာမဲ့ လျှောက်မောင်းနေသည်။ အမေရိကန်ဘက်ကို ဦးတည် မောင်းနေသည်ဟု သိရသည်။

၁၉-ရက်နေ့ နံနက်မှာတော့ ကာရေဗီယံ ပင်လယ်ထဲက ရေတိမ် သည့် တစ်နေရာမှာ ကျောက်ချပြီး ရပ်နား ထားလိုက်တော့သည်။ ကိုအဏ္ဏဝါရဲ့ တာဝန်ကတော့ အင်္ဂလန်က ပေါ့တေးရှပ် ရေဒီယိုနှင့် ဂရိက အေသင်ရေဒီယိုအပြင် ကပ္ပီတန်၏ ညွှန်ကြားချက်အရ အမေရိ ကန်က မိုဘိုင်း ရေဒီယို (WLO)တို့ကို နားထောင်နေသည်။

ညနေမိုးချုပ်တော့မှ အင်္ဂလန် (GKC) နှင့် မိုဘိုင်း (WLO) စတေရှင်တို့မှ ကြေးနန်း တစ်စောင်စီ ရသည်။ အမေရိကန်နိုင်ငံ လူစီ ယားနားပြည်နယ်ထဲက လိပ်ခ်ချာလီ (LAKE CHARLES) ဆိုသည့် မြို့သို့ သွားပါဆိုသည့် ညွှန်ကြားချက် ဖြစ်သည်။

## အမေရိကန်မှ ဒိုမီနီကန်ကျွန်း နိုင်ငံသို့

ကိုအဏ္ဏဝါတို့ သင်္ဘောသည် ကျူးဘားက ထွက်ခွာလာပြီး ဘယ်ကိုသွားရမှန်း မသိလို့ မှန်းရမ်းပြီး သွားနေတာ မက္ကဆီကို ပင်လယ် ကွေ့ထဲ ရောက်နေသည်။ အမေရိကန်နိုင်ငံ လူစီယားနားပြည်နယ်ထဲက

http://www.linhtet.com



လိပ်ခ်ျာလီ (အမေရိကန်တွေက လိပ်ခ်ျားလ်လို့ အသံထွက်သည်။) ကို သွားရမည်ဆိုတော့ အတော် နီးနေပြီ ဖြစ်သည်။

၂၂-ရက်နေ့ညနေ ၄-နာရီမှာ လိပ်ခ်ျားလ်သို့ ရောက်ပြီး ဆိပ်ခံဇောတံတားမှာ ဝင်ကပ်သည်။ ဆိပ်ကမ်းမှာ စက်ရုံလည်း မရှိ၊ ဂိုဒေါင်လည်း မရှိ၊ ဘာကုန်တွေကို တင်ဖို့လာတာပါလိမ့်ဟု တွေးမိသည်။ အမေရိကန် တောင်ပိုင်းက လူစီယားနား ပြည်နယ်အဆုံး ဖြစ်သည့် မက္ကဆီကို ပင်လယ်ကွေ့ ကမ်းစပ်မှာရှိသည့် မြို့ကလေးဖြစ်သည်။ ဆိပ်ခံဇောတံတားနှင့် မြို့ကလေးကလည်း သုံးမိုင်လောက် ဝေးသည်။ ဘတ်စ်ကားလည်း မရှိလို့ မြို့ကလေးကို သွားချင်လျှင် ခြေကျင်လျှောက်ရမည် ဖြစ်သည်။ အမေရိကန်မြောက်ပိုင်းလို မအေးဘဲ ပူအိုက် စွတ်စိုသော အရပ်ဖြစ်လို့ သစ်ပင်တွေ စိမ်းလန်းစိုပြည်နေသည်။

၂၃-ရက်နေ့မှာ ကုန် စ,တင်သည်။ ဆန်အိတ်တွေ ဖြစ်သည်။ လော်ရီကားကြီးတွေပေါ်က ဆန်အိတ်တွေကို သင်္ဘောက ကရိန်းတွေဖြင့် သယ်ယူပြီး ထည့်ခြင်းဖြစ်သည်။ အမေရိကန် ကပ္ပလီတွေ အလုပ်လုပ်တာ အရမ်းမြန်သည်။ ဆယ်ဘီးကားကြီးပေါ်က ဆန်အိတ်တွေကို တင်တာ နာရီဝက်လောက်သာ ကြာသည်။

ပိုသီးတိုး သင်္ဘောကုမ္ပဏီ၏ အမေရိကန် ဌာနေ ကိုယ်စားလှယ် မစ္စတာ မော်ရိုက်တစ်နှင့် သူ့ဇနီးတို့ သူတို့နေထိုင်ရာ နယူးယောက်မှ လိပ်ခ်ျားလ်ကို ရောက်လာကြသည်။ သင်္ဘောသားနှစ်ယောက်ကို လာပို့ရင်း ကုန်တင်တာကို ကြီးကြပ်ပေးရန် ရောက်လာခြင်း ဖြစ်သည်။ သင်္ဘောသား နှစ်ယောက်က ပိုသီးတိုး ကုမ္ပဏီပိုင် အခြားသင်္ဘောတစ်စီး ဖြစ်သည့် (MV.STAVR) ဆိုသော သင်္ဘောက ပြောင်းလာကြသည့် တက်မကိုင် သာထွန်းဇံနှင့် သိန်းလှိုင်တို့ ဖြစ်သည်။ နယူးယောက်မှ မိုင်ငါးရာလောက် ဝေးသည့်ခရီးကို ကိုယ်ပိုင်ကားဖြင့် မောင်းလာခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါတို့ သင်္ဘောမှာ လူအင်အား လျော့နည်း နေသည့် အတွက် အင်အား ဖြည့်သည်အနေဖြင့် လာပို့ခြင်း ဖြစ်သည်။

အဲ့ဒီနေ့ ညစာစားကြတော့ မစ္စတာ မိုရိုက်တစ်တို့ လင်မယားက ကိုအဏ္ဏဝါကို ဘာလူမျိုးလဲဟု မေးသည်။ သူတို့ကတော့ အမေရိကန်

http://www.linhtet.com



နိုင်ငံသား ဖြစ်နေသည့် ဂရိလူမျိုးတွေ ဖြစ်သည်။ ကိုအဏ္ဏဝါ မြန်မာလူမျိုးဆိုတာ သိသွားတော့ သာထွန်းဇံနှင့် သိန်းလှိုင်တို့ အကြောင်းကို ရယ်ရယ်မောမောဖြင့် ပြောကြတော့သည်။

"နယူးယောက်စီတီးကနေ ဒီအထိ တစ်ညနဲ့ တစ်ရက်ကြာအောင် ကားမောင်း လာခဲ့ရတယ်။ ဟိုကောင် နှစ်ကောင်ဟာ အစာလည်း မစား၊ ရေလည်း မသောက်၊ ချေးလည်းမပါ၊ သေးလည်း မပေါက်၊ ကားပေါ်က အောက်ကိုလည်း မဆင်းဘူး"

"ဟုတ်တယ် သိပ်သနားဖို့ ကောင်းတာပဲ၊ ကျွန်မက သနားလို့ ဘာစားကြမလဲ၊ ဗိုက်မဆာကြဘူးလား၊ တစ်ခုခု စားပါလားလို့ ပြောတိုင်း လက်ကာပြကြတယ်။ နောက်က ထိုင်ခုံမှာ နှစ်ယောက်သား တစ်လမ်းလုံး အိပ်လိုက်လာကြတယ်"

သာထွန်းဇံနှင့် သိန်းလှိုင်တို့သည်လည်း ကိုအဏ္ဏဝါလိုပင် ရေတပ်က ထွက်ပြီး သင်္ဘောလိုက်ကြသူတွေ ဖြစ်သည်။ နှစ်ယောက်လုံး သဘောကောင်းပြီး၊ ရိုးသားကြသူတွေ ဖြစ်သည်။ နယူးယောက်ကနေ လိပ်ခ်ချားလ်ကို အလာမှာ ဘာကြောင့် အစာမစား၊ ရေမသောက်၊ ချေးမပါ၊ သေးမပေါက်ကြတာလဲလို့ မေးကြည့်မိသည်။ သူတို့ ဖြေတာက ရှင်းသည်။

"ကျွန်တော်တို့က အင်္ဂလိပ်လို မပြောတတ်ဘူး၊ သူတို့ ပြောတာတွေကိုလည်း နားမလည်ဘူး"

ကိုအဏ္ဏဝါ သဘောပေါက်သွားသည်။ မစားမသောက်ဘဲ နေတာက အကြောင်း မဟုတ်သော်လည်း ချေးမပါ၊ သေးမပေါက်ဘဲ နေနိုင်ခဲ့ကြတာကတော့ အံ့သြစရာကောင်းသည်။ မစ္စတာ မော်ရိုက်တစ်ရဲ့ ဇနီးက ဒါကြောင့် သနားတာ ဖြစ်မည်။

၂၅-ရက်နေ့မှာ အလုပ်သင် အင်ဂျင်နီယာ ရဲထွန်း၊ တက်မကိုင် ရွှေထွန်းနှင့် ကိုအဏ္ဏဝါတို့ မြို့ထဲသို့ သွားကြရန် လျှောက်လာကြသည်။ ဘတ်စ်ကားလည်းမရှိ၊ တိုင်စီလည်းမရှိလို့ ခြေကျင်လျှောက်နေကြသည်။ ရှုခင်းကောင်းသည့် တောတန်းလေး တစ်နေရာမှာ ဓာတ်ပုံ ရိုက်ကြသည်။ နှစ်ယောက်တွဲ ရပ်လိုက် တစ်ယောက်က ရိုက်လိုက်ဖြင့် တစ်လှည့်စီ အရိုက်ခံနေကြသည်။

http://www.linhtet.com





အမေရိကန်နိုင်ငံ တက္ကဆတ်ပြည်နယ်ထဲက လိတ်ခ်ချားလ်မြို့မှာ
လျှောက်သွားနေသော ကိုအဏ္ဏဝါ၊ ကိုရွှေထွန်းနှင့် ရဲထွန်း တို့ကို
အမေရိကန်ရဲက ရိုက်ပေးသောဓာတ်ပုံ

ရဲကားတစ်စီးသည် ကိုအဏ္ဏဝါတို့ကို ဖြတ်ကျော်ပြီး ဂူးခနဲ အရှိန်ဖြင့် မောင်းသွားပြီးခါမှ ကျွီခနဲ ဒစ္စတော့ ရပ်လိုက်ပြီး အရှိန်ဖြင့် နောက်ပြန်ဆုတ်လာသည်။ ကိုအဏ္ဏဝါ လန့်သွားသည်။ ဓာတ်ပုံ မရိုက်ရသည့် နေရာများ ဖြစ်နေလားဟု ထင်လိုက်သည်။ ရဲသားသည် ကားပေါ်က ခုန်ဆင်းလာပြီး ကိုအဏ္ဏဝါရဲ့ လက်ထဲက ကင်မရာကို ဆွဲယူလိုက်သည်။ ခပ်ပြုံးပြုံး မျက်နှာနှင့် ပြောသည်။

“မင်းတို့ သုံးယောက်တွဲလျက်ပုံကို ငါ ရိုက်ပေးမယ်”

ကိုအဏ္ဏဝါ သက်မကြီး ချလိုက်သည်။ တော်ပါသေးရဲ့ဟု စိတ်ထဲက ပြောလိုက်သည်။ ရဲကြီးက သူ့စိတ်ကြိုက် အနေအထားဖြင့် သုံးပုံလောက် ရိုက်ပေးပြီး ကားပေါ်တက် မောင်းသွားတော့သည်။ အမေရိကန်ရဲ ဆိုတာ ဒီလိုပဲလားလို့ ဗဟုသုတ ရလိုက်သည်။

http://www.linhtet.com



ကိုအဏ္ဏဝါတို့ သုံးယောက်၊ တောလမ်းလေး တစ်လျှောက် ဆက်လျှောက်နေကြစဉ် နောက်က ကားတစ်စီး မောင်းလာသံကို ကြားနေရသည်။ ဒေါ့ချ်ပက်ကတ်ကား အနီရောင်ကြီး တစ်စီးသည် အရှိန်ပြင်း၍ အတော် လွန်သွားပြီးခါမှ နောက်ပြန် ဆုတ်လာပြန်သည်။ ကိုအဏ္ဏဝါတို့ အနီးမှာ ရပ်လိုက်သည်။ ကားမောင်းလာတာ အမေရိကန် ကပ္ပလီ တစ်ယောက် ဖြစ်နေသည်။ ကားပေါ်က မဆင်းဘဲ မေးသည်။

"ဟေ့လူတွေ ဘယ်သွားကြမလို့လဲ"

"လိပ်ခ်ချားလ် မြို့လယ်ကောင်ကို"

"အဝေးကြီးကွ"

"ဘာတတ်နိုင်မှာလဲ၊ လျှောက်ရတော့မှာပေါ့"

"ကားပေါ်တက်"

ကားပိုင်ရှင်က ကားပေါ်တက်ဆိုတော့ ကားပေါ် တက်လိုက်ကြသည်။ ရှေ့ကို တစ်ယောက် လာပါဆိုလို့ ကိုအဏ္ဏဝါက ရှေ့ခန်းမှာ ထိုင်လိုက်သည်။ ဒေါ့ချ်ပက်ကတ် အမျိုးအစား ကားကြီးက အသစ်ကြီး ဖြစ်သည်။ အသစ်၏ အနံ့အသက်တွေတောင် ရနေသေးသည်။

"မင်းတို့ ဘာလူမျိုးတွေလဲ"

"ဗမာတွေပါဗျာ"

"ငါက မင်းတို့သင်္ဘောမှာ ကုန်တင်နေတဲ့ အလုပ်သမား ဂိုဏ်းခေါင်းဆောင်၊ မင်းက သင်္ဘောမှာ ဘာရာထူးလဲ"

"ရေဒီယို အော်ပရေတာပါ၊ နောက်က ငါ့သူငယ်ချင်း နှစ်ယောက်က တစ်ယောက်က တက်မကိုင်၊ တစ်ယောက်က အင်ဂျင်နီယာ"

"မင်းတို့ သင်္ဘောဟာ ဂရိသင်္ဘောပဲ၊ မင်းတို့ ဗမာတွေကို လစာဘယ်လောက်ပေးလဲ"

ကိုအဏ္ဏဝါ သတိရှိသည်။ ကိုအဏ္ဏဝါ၏ လစာအမှန်က အမေရိကန်ဒေါ်လာ ၈၅၀ ဖြစ်သည်။ နိုင်ငံတကာမှာ (အထူးသဖြင့် အမေရိကန်မှာ) တစ်စုံတစ်ယောက်က မေးလျှင် လိမ်ပြောဖို့အတွက် သင်္ဘောသားရုံးက ပြောထားသည့် လစာက ၁၆၀၀ ဖြစ်သည်။ ဒီပုဂ္ဂိုလ်သည် ITF ကိုယ်စားလှယ် ဖြစ်နေလျှင် ပြဿနာ တက်နိုင်သည်။ အမှန်အတိုင်း ပြောလို့ မဖြစ်၊ လိမ်ခိုင်းထားသည့်အတိုင်း လိမ်ပြောမှ ဖြစ်မည်။

http://www.linhtet.com



"လစာ နည်းပါတယ်၊ ယူအစ် ဒေါ်လာ ၁၆၀၀ ပဲ ရပါတယ်"

"အလိုဘုရားရေ ၁၆၀၀ စား လောက်ရဲ့လား"

"လောက်ပါတယ်၊ ခင်ဗျားရဲ့ လစာရော ဘယ်လောက်ရသလဲ"

"၃၀၀၀ ရတယ်၊ အချိန်ပို ဆင်းရတဲ့အခါ ပိုရတယ်။ ဒါပေမဲ့ ဟိုဟာဖြတ်၊ ဒါဖြတ်နဲ့ အိမ်ကို ၆၀၀ လောက်ပဲ ပါတယ်။ စားလို့တော့ လောက်ပါတယ်"

"ဘာတွေအတွက် ဒါလောက်တောင် ဖြတ်တာလဲ"

"လူမှုဖူလုံရေး၊ အိုနာစာ၊ ဟော်ဒီ မော်တော်ကားဖိုး၊ အိမ်ဝယ်တဲ့ ကြွေး၊ ရုပ်မြင်သံကြားစက်၊ တယ်လီဖုန်း၊ အသက်အာမခံ၊ ဘဏ်စုငွေတွေ အတွက် ဖြတ်တယ်လေ"




လိတ်ခ်ချားလ်မြို့ကင်းထောက်စခန်းရုံးရှေ့မှာ
ကိုအဏ္ဏဝါ၊ ရဲထွန်းနှင့် ကိုရွှေထွန်း

http://www.linhtet.com



ကိုအဏ္ဏဝါ သဘောကျလို့ ပြုံးလိုက်သည်။ ဒီပုဂ္ဂိုလ် အိုဖို့လည်း မပူရ၊ နာဖို့လည်း မပူရ၊ သေလျှင် သူ့ပိုက်ဆံတွေ ဘဏ်မှာ ကျန်နေဦးမည် ဖြစ်သည်။ အမေရိကန်လူမျိုးဆိုတာ ဒီလိုပါလားလို့ သိလိုက်ပါသည်။ မြို့လယ်ကောင် ရောက်လာလို့ ကျေးဇူးတင်ကြောင်း ပြောပြီး ကားပေါ်က ဆင်းလိုက်ကြသည်။

ကိုအဏ္ဏဝါတို့ သုံးယောက်မြို့ထဲ လျှောက်သွားနေကြစဉ် တစ်နေရာ အရောက်မှာ အဆောက်အအုံ တစ်ခုထဲက အမျိုးသမီး တစ်ယောက် ထွက်လာပြီး ကိုအဏ္ဏဝါတို့ကို လက်ယပ်ခေါ်သည်။ ကိုအဏ္ဏဝါက ရှူးကြောင် မူးကြောင်ဖြင့် အမျိုးသမီးအနီးကို ကပ်သွားလိုက်သည်။ အမျိုးသမီးသည် ကပ္ပလီမ ဖြစ်သည်။ အသက် သုံးဆယ်မျှသာ ရှိဦးမည်။




လိတ်ခ်ချားလ်မြို့ကင်းထောက်အဖွဲ့ဝင် အမျိုးသမီးနှင့် ကိုအဏ္ဏဝါ

http://www.linhtet.com



အသားသိပ်ပြီး မမည်းသည့်အတွက် ကပ္ပလီမတွေထဲမှာတော့ အတော်ချောသည့် အမျိုးသမီးလို့ ပြောလို့ရသည်။

"ရှင့် သူငယ်ချင်းတွေပါ ခေါ်လိုက်လေ၊ အထဲ ဝင်ထိုင်ကြပါဦးလား"

"ဒီ အဆောက်အအုံက ဘာအဆောက်အအုံလဲ"

"ဒါဟာ ကျွန်မတို့ ကင်းထောက် လူငယ်အသင်း အဆောက်အအုံ"

"ခင်ဗျားနဲ့ တွဲပြီး ဓာတ်ပုံရိုက်လို့ ရမလား"

"အို ဘာကြောင့် မရမှာလဲ၊ ရတာပေါ့"

ဓာတ်ပုံတွဲရိုက်ကြသည်။ သူ့ရုံးခန်းထဲကို ခေါ်သွားပြီး အခန်းတွေကို လိုက်ပြသည်။ အခန်း တစ်ခန်းကို အရောက်မှာ အမျိုးသမီးနှင့် ကိုအဏ္ဏဝါတို့ နှစ်ယောက်တည်း ဖြစ်သွားသည်။ ရဲထွန်းနှင့် ကိုရွှေထွန်းတို့က စာကြည့်တိုက်ဘက်ကို လျှောက်ကြည့်နေကြသည်။ အမျိုးသမီးသည် ကိုအဏ္ဏဝါ၏ မျက်နှာကို ကြည့်ပြီး ပြုံးစိစိ လုပ်နေသည်။ နှစ်ယောက်တည်း အခန်းကျဉ်း တစ်ခုတည်းမှာ ရောက်နေလို့ စိတ်လှုပ်ရှားနေသည့် လက္ခဏာ တွေ့ရသည်။ ဆန္ဒတစ်ခုကြောင့် တစ်စုံတစ်ရာကို မျှော်လင့်နေပုံရသည်။ သူများတိုင်းပြည်မှာ ဖြစ်၍ အမှားအယွင်း တစ်ခုခု ဖြစ်ခဲ့လျှင် ကိုယ့်ဘက်က ဘယ်သူမှ ရှိမည်မဟုတ်ဟု တွေးမိပြီး ကြောက်လာသဖြင့် အခန်းတွင်းမှ ပြန်ထွက်ခဲ့ပါသည်။ အမျိုးသမီးသည် ကိုအဏ္ဏဝါရဲ့ နောက်က လိုက်ပါလာသည်။

"ဒီရုံးမှာ ခင်ဗျား တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ ကျွန်မ တစ်ယောက်တည်း ဂျူတီကျနေတယ်"

"ခင်ဗျားက ဒီရုံးမှာ ဘာတာဝန်ယူရလဲ"

http://www.linhtet.com



“ဘာ တာဝန်မှ မရှိဘူး၊ အခုလိုပဲ ဧည့်သည်လာရင် လိုက်ပြတယ်။ ဓာတ်ပုံ တွဲရိုက်တယ်”

“သိပ်ကောင်းတာပေါ့”

အမျိုးသမီးကို နှုတ်ဆက်ပြီး ကင်းထောက် အဆောက်အအုံ ထဲက ထွက်လာခဲ့ကြသည်။ ကိုရွှေထွန်းက ကပ္ပလီမ ရုပ်ရည်သိပ်မဆိုးဘူး လို့ ပြောသည်။

၂၇-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ ရှိမန်ကက်သလစ် ဘုရား ရှိခိုးကျောင်းမှ ကားဖြင့် လာခေါ်သဖြင့် သင်္ဘောသားတွေနှင့် ကိုအဏ္ဏဝါတို့ လိုက်သွားကြရသည်။ မနေ့တစ်နေ့ကမှ နယူးယောက်က



လိတ်ခ်ချားလ်မြို့က ဘုရားကျောင်းဧည့်ခံပွဲမှာ
မြန်မာနိုင်ငံအကြောင်း ပြောပြနေသော ကိုအဏ္ဏဝါ

ရောက်လာသည့် သာထွန်းဇံနှင့် သိန်းလှိုင်တို့ပါ လိုက်ကြသည်။ ဘုရားရှိခိုးကျောင်းမှာ အစားအသောက်တွေဖြင့် ဧည့်ခံသည်။ သီချင်းတွေ

http://www.linhtet.com



ဆိုကြသည်။ ကလေးတွေနှင့်အတူ ပျော်ပျော်ပါးပါး ကစားကြသည်။ ကိုအဏ္ဏဝါ၏ ကျောပေါ်မှာ စီးပါရစေ (ကုန်းပိုးပါ) ဆိုသူလေး၏ အမည်က အမင်ဒါ ဆစ်ဒလော့ခ်ဟု သိရသည်။ အသက် ၁၂-နှစ်



ကလေးချစ်တတ်သည့် ကိုအဏ္ဏဝါနှင့်
လိတ်ခ်ချားဘုရားကျောင်းက ကလေးငယ်များ

ဆိုသော်လည်း အပျိုပေါက်ကလေး ဖြစ်နေသည်။ သူ ကျေနပ်အောင် ကိုအဏ္ဏဝါ ကုန်းပိုးပြီး ကွင်းတစ်ပတ် ပြေးလိုက်ရသည်။ အမင်ဒါက သူ့နေရပ်လိပ်စာကို ရေးပေးသည်။ မြန်မာပြည်ကို ရောက်လျှင် သူ့ကို သတိရပြီး စာရေးပါဟု ပြောလိုက်သေးသည်။ သူ့လိပ်စာကို ဖတ်ကြည့်မိသည်။

AMANDA SEDLOCK
RT3 P.O.BOX-569
LAKE CHARLES LA 70605
U.S.A

http://www.linhtet.com





လိတ်ခ်ျားမြို့က ဘုရားရှိခိုးကျောင်းတိုက်ကို လာကြသော
သမီးပျိုကလေးများနှင့် ကိုအဏ္ဏဝါ၊ သာထွန်းဇံတို့ အဖွဲ့ကျနေကြသည်။



သဘော်ကိုလာလည်ကြသည့် ဘုရားကျောင်းက လူကြီးတွေကို
ဧည့်ခံနေသည့် ကိုအဏ္ဏဝါ

http://www.linhtet.com



ကိုအဏ္ဏဝါက စာရေးပါမည်ဟု ကတိပေးလိုက်ပါသည်။ ဘုရားကျောင်းက လူကြီးတွေရော ကလေးတွေပါ နိုင်ငံခြား သင်္ဘောသားတွေနဲ့ အတူနေရတာ ပျော်နေကြတာ တွေ့ရသည်။ သင်္ဘောသားတွေကို အောက်မေ့လို့ဆိုပြီး ညနေကျတော့ သင်္ဘောကို လာလည်ကြသည်။ သင်္ဘောသားတွေက ညနေစာဖြင့် ဧည့်ခံ ကျွေးမွေးလိုက်ကြသည်။



မြန်မာပြည်ဆိုတာ ဘယ်မှာရှိမှန်းမသိလို့ ရှင်းပြရသည်

၃၀-ရက်နေ့မှာ ဆန်တန်ချိန် တစ်သောင်းကျော်တင်ပြီး လူစီယားနားပြည်နယ် လိပ်ခ်ချားလ်မြို့မှ ပြန်ထွက်ခဲ့ပါသည်။ ဘယ်ကိုသွားပို့ရမှာလဲလို့ မေးကြည့်တော့ ဒိုမီနီကန်ကျွန်း နိုင်ငံက ရီယိုဟိုင်းနား RIO HAINA ဆိုသော ဆိပ်ကမ်းမြို့ကို သွားပို့ရမည်ဟု သိရသည်။ မေလ ၆-ရက် ရောက်မည်ဟု ကြေးနန်းစာတွေမှာ ရေးထားတာ တွေ့ရသည်။

## ဒိုမီနီကန်မှာ ရက်တွေကြာသော်

ဒိုမီနီကန်ကျွန်းသည် ကာရေဗီယန် ပင်လယ်ထဲက ကျူးဘားကျွန်းရဲ့ အောက်နားလောက်မှာ ရှိသည်။ ကျူးဘားကျွန်းလောက် မကြီး၊ ကျူးဘားကျွန်းရဲ့ တစ်ဝက်မျှသာ ကြီးသည်။ ဒီကျွန်းကလေးပေါ်မှာ

http://www.linhtet.com



အမေရိကန် အထောက်အပံ့ခံ ဒီမိုကရေစီ အစိုးရ အုပ်ချုပ်သည့် ဒိုမီနီကန် ရီပတ်ဘလစ်နိုင်ငံနှင့် ကျူးဘားကို ယိမ်းသည့် ဟီတီနိုင်ငံဆိုပြီး နှစ်နိုင်ငံ ရှိသည်။ ရှည်မျောမျော ကျွန်းကလေးကို အလယ်က ပိုင်းပြီး တစ်နိုင်ငံစီ လုပ်ထားကြသည်။ စပိန်လက်အောက်က လွတ်လပ်ရေး ရယူကြစဉ်က သဘောထား ကွဲလွဲခဲ့ကြသည့် သဘော လက္ခဏာ တွေ့ရသည်။

အမေရိကန်က တင်ယူလာသည့် ဆန်တွေကို ဒီမိုကရေစီ နိုင်ငံလေး ဖြစ်သည့် ဒိုမီနီကန် ရီပတ်ဘလစ်သို့ သွားပို့ရမည် ဖြစ်သည်။ မိတ်ဆွေ နိုင်ငံဖြစ်လို့ အလကားပေးတဲ့ ဆန်တွေ ဖြစ်နိုင်သည်။ အမေရိကန်သည် ကမ္ဘာ့ ဒီမိုကရေစီကို သူရဲ့ကြွယ်ဝချမ်းသာမှုနဲ့ အလဲအထပ် လုပ်နေရသည်။

မေလ ၆-ရက်၊ အင်္ဂါနေ့မှာ ရီယိုဟိုင်းနာဆိုသော ဆိပ်ကမ်းမြို့ကို ရောက်သွားသည်။ မြို့တော်ဖြစ်သည့် စန်တိုဒိုမင်းဂိုး (SANTO DOMINGO) နှင့် ငါးမိုင်မျှသာ ဝေးသည်။ သင်္ဘော အဝင်အထွက် နည်းသော ဆိပ်ကမ်းမြို့ဖြစ်သည်။ နိုင်ငံက ဆင်းရဲတော့ နိုင်ငံခြား သင်္ဘောကြီးတွေ အဝင်အထွက် မရှိသလောက် နည်းနေတာ တွေ့ရ သည်။ ပြည်ပ ပို့ကုန်လည်း ရှိဟန်မတူ၊ ပြည်ပက ထောက်ပံ့သည့် ကုန်ပစ္စည်းတွေကို လာပို့သည့် သင်္ဘောတွေကိုသာ တွေ့ရသည်။

သင်္ဘောကြီး ဆိပ်ကမ်းကပ်ပြီး မကြာမီ ဆန်အိတ်တွေ ချတော့ သည်။ အလေအလွင့်များတာ မြင်တွေ့နေရသည်။ အလုပ်သမားတွေက ဆန်အိတ်တွေကို ပေါက်ပြဲအောင် လုပ်သည်။ ထွက်ကျလာသည့် ဆန် တွေကို ကျုံးယူကြသည်။ သင်္ဘောလုံခြုံရေး အစောင့်ရဲကလည်း ဆန် ကျုံးဖို့ပဲ စိတ်ဝင်စားနေသည်။ သင်္ဘောပေါ်ကို အမျိုးသမီး မတက်ရလို့ ညွှန်ကြားထားသော်လည်း စီးကရက် တစ်ဘူးပေးလိုက်လျှင် တက်ခွင့် ပြုသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောကြီးသည် ချောင်းကျဉ်းလေး တစ်ခု အတွင်းမှာ ရပ်ထားခြင်းဖြစ်သည်။ သင်္ဘောကြီး ရပ်ထားသည့်ဘက် ကမ်းမှ ဟိုဘက်ကမ်းကို ခဲတစ်ပစ်စာမျှသာ ဝေးသည်။ ကလေးတွေ

http://www.linhtet.com



တောင် ရေကူးပြီး သွားလာနေကြတာ တွေ့ရသည်။ ဟိုဘက်ကမ်းမှာ အိမ်ရာ အဆောက်အအုံတွေ ဈေးဆိုင်တွေ၊ ဘီယာဘားတွေ၊ နိုက်ကလပ် တွေ ရှိနေသည်။ အဲဒီကို မြေပြင်လမ်းအတိုင်း သွားမည်ဆိုလျှင် တစ်ကွေ့ တစ်ပတ်ကြီး သွားရသည်။ တစ်နေရာရောက်မှ ချောင်းကျဉ်းလေးကို ဖြတ်ထိုးထားသည့် တံတားလေးကို ဖြတ်ပြီး အဲဒီ နိုက်ကလပ်တွေကို ရောက်နိုင်သည်။ သင်္ဘောကြီး ဆိုက်ကပ်ထားရာမှ လက်လှော်ကလေး ဖြင့် ဖြတ်ကူးလိုက်ပါက တစ်လွန်းထိုး အကွာအဝေးသာရှိလို့ လှော်စရာ တောင်မလိုဘဲ ဟိုဘက်ကမ်းကို ရောက်သွားသည်။

သင်္ဘောသားများ အလုပ်သိမ်းချိန်၊ ရေမိုးချိုးပြီး နိုက်ကလပ် သွားချိန်ဆိုလျှင် သင်္ဘောကြီးဘေးကို မော်တော်ဆိုင်ကယ် သုံးလေးစီး လာဆိုက်ထားတော့သည်။ မော်တော်ဆိုင်ကယ် မောင်းသူ၏ ခါးကိုဖတ် ပြီး စီးလိုက်ရသည်။ ဟိုဘက်ကမ်းက နိုက်ကလပ်တွေကို သွားလျှင် တစ် ဒေါ်လာ ပေးရသည်။ မြို့တော် စန်တိုဒိုမင်ဂိုကို သွားချင်လျှင် သုံး ဒေါ်လာလောက်ပေးလျှင် လိုက်ပို့သည်။ မော်တော်ဆိုင်ကယ် မောင်းသူတွေက ကပ္ပလီတွေ ဖြစ်သည်။ သူတို့ခါးကို ဖတ်ရတာ ချွေးစော်၊ ချိုင်းပတ်စော် နံလို့ အသက်မရှူဘဲ အောင့်ပြီးလိုက်ရသည်။

ကိုအဏ္ဏဝါနှင့် ဦးသိန်းသန်း ခေါင်းဆောင်သော မြန်မာသင်္ဘော သား အုပ်စုနှင့် ဒုတိယ အရာရှိပီတာ ဦးဆောင်သော ကုလားအုပ်စု တို့သည် ဟိုဘက်ကမ်းကို ကူးကြသည်။ မော်တော်ဆိုင်ကယ်ဖြင့် လည်းကောင်း၊ လက်လှော်လှေကလေးဖြင့် လည်းကောင်း ကူးကြသည်။ ဟိုဘက်ကမ်း ရောက်တော့ နိုက်ကလပ်ဆိုလို့ သားသားနားနား၊ များများ စားစား မတွေ့ရဘဲ ဘားဆိုင် သေးသေးလေးတွေပဲ တွေ့ရသည်။ တစ်နေရာ အရောက်မှာတော့ မီးရောင်စုံ တလက်လက်ဖြင့် စည်ကား နေသော နိုက်ကလပ် တစ်ခုကို တွေ့ရသည်။ နိုက်ကလပ်ထဲက သီချင်းသံ ပျံလွင့်လာသည်။ မေဆွိရဲ့ ကိုကိုရေ ကွယ်ရာမှာ ခြေမများနဲ့ နော်၊ ကိုကိုနော် ဆိုသည့် သီချင်း ဖြစ်သည်။ မောင်ဝင်းနှင့် အေးကိုတို့ ရောက်နေပြီ ဆိုတာသိလိုက်သည်။ နိုက်ကလပ် နာမည်က ဆီးမင်းဘား (SEAMAN BAR) ဟု ရေးထားသည်။

http://www.linhtet.com



ဆင်းရဲသည့် တိုင်းပြည်လေးက နိုက်ကလပ်ဖြစ်လို့ အာဂျင်တီးနား နိုက်ကလပ်တွေလို မသားနား ဖြစ်နေသည်။ ဒေသထွက် ဘီယာနှင့် အရက်တွေကလည်း ဈေးပေါလှသည်။ ဘီယာ တစ်ပုလင်းကို ပြားငါး ဆယ်သာ ပေးရသည်။ အာဂျင်တီးနားမှာ လေးဒေါ်လာ ပေးရတာကို ပြန်လည် အမှတ်ရလာသည်။ ကောင်မလေးတွေကလည်း တောင်အမေရိက တိုက်၏ အရောင်အသွေးတွေဖြစ်လို့ အဖြူ အညိုနှင့် မဖြူ မညိုတွေ ဖြစ်သည်။ ဆံပင်တွေကတော့ အနက်တွေချည်း ဖြစ်သည်။ မြန်မာဆန် ဆန် ချောသူတွေလည်း ပါသည်။ ဆယ်ဒေါ်လာပေးလျှင် ကောင်မလေး နေသည့် အခန်းကို လိုက်အိပ်လို့ ရသည်။ ဒီနေ့ကတော့ လေ့လာရေး အဖြစ် ကွင်းဆင်းခြင်းသာ ဖြစ်သည်။

ကိုအဏ္ဏဝါတို့ သင်္ဘောက သံဂဟေ ကုလားကို အလုပ်ဖြုတ်မည် ဆိုသည့် သတင်းထွက်လာလို့ စိတ်မကောင်း ဖြစ်မိသည်။ သင်္ဘောက ပြန်သွားသည့် ကိုမျိုးသန့်၏ လူစား ရောက်လာသော ဘုံဘေကုလား ဖြစ်သည်။ လုပ်ငန်း မကျွမ်းကျင်လို့ ရာထူးအဆင့်ချခြင်း ခံရသူ ဖြစ် သည်။ စက်ခန်းမှာ စက်ကိရိယာ တပ်ဆင်သူ သံဂဟေဆော်သူ (ဖစ်တာ ဝဲလ်ဒါ) ဆိုတာ စစ်တပ်မှာဆိုလျှင် အရာခံဗိုလ်အဆင့် ရှိသူ ဖြစ်သည်။ သူ့ကို လုပ်ငန်းမကျွမ်းကျင်လို့ဆိုပြီး ကုလားအင်ဂျင်နီယာချုပ်က ရာထူး ချထားသည်။ ရိုးရိုးသင်္ဘောသား အဆင့် (OS) ဖြစ်နေတာ တစ်လ လောက် ရှိပြီဖြစ်သည်။ အခုတော့ အလုပ်က ဖြုတ်တော့မည်ဟု သိရလို့ စိတ်မကောင်း ဖြစ်မိသည်။

သံဂဟေကုလား၏ အမည် မစ္စထရီ (MISTRY) ဖြစ်သည်။ ဒီသင်္ဘောကို တက်ရရေးအတွက် ဘုံဘေက ဒေသခံ သင်္ဘော ကိုယ်စား လှယ်ကို ပေးကမ်းပြီး အလုပ် ရလာခဲ့သူ ဖြစ်သည်။ ကိုအဏ္ဏဝါကို အတော် ခင်သည်။ သဘောလည်း ကောင်းသည်။ သူ မနေတော့ဘူး ပြန်မည်ဟု ကိုအဏ္ဏဝါကို ပြောဖူးသည်။

မြန်မာသင်္ဘောသား ဆီလောင်း ခင်မောင်ငွေးကလည်း ဂျူတီမှာ အိပ်တာကို ကုလား တတိယအင်ဂျင်နီယာ အာရိုးနူးက တွေ့ပြီး ပြစ်တင် ကြိမ်းမောင်းလို့ ခင်မောင်ငွေးက ကုလားကို ဆွဲထိုးသည်။ ဂျူတီမှာ

http://www.linhtet.com



အိပ်တာလည်း မပြောနဲ့လေ၊ နိုက်ကလပ်မှာ တစ်ညလုံး မအိပ်ဘဲ ကဲနေတော့ အိပ်ချင်ပြီပေါ့။ ကုလား အင်ဂျင်နီယာချုပ်က ခင်မောင်ဌေးကို နောက်ဆုံးအနေဖြင့် သတိပေးသည်။ ကိုအဏ္ဏဝါက စကားပြန် ဝင်လုပ်ပေးရသည်။

မေလ ၁၀-ရက်နေ့မှာ သံဂဟေကုလား မစ္စထရီ သင်္ဘောက ဆင်းသည်။ ဒိုမီနီကန်မှ နယူးယောက်၊ နယူးဒေလီ၊ ဘုံဘေခရီးစဉ်ဖြင့် ပြန်ရမည် ဖြစ်သည်။ ကိုအဏ္ဏဝါကို လာနှုတ်ဆက်သည်။ ဘုံဘေမှထည့်ပေးပါရန် စာတစ်စောင်ကို ကိုအဏ္ဏဝါက ပေးလိုက်သည်။ စိတ်ချပါ ခင်ဗျားအိမ်ကို ရောက်အောင် ပို့ပေးပါမည်ဟု ပြောသွားသည်။

ရီယိုပိုင်းနားမှာ ကုန်ချတာ ကြာနေသည်။ ဆန်တွေချနေရလို့ မိုးရွာလျှင် ကုန်ချတာ ရပ်ထားရသည်။ မိုးကလည်း နှစ်ရက်တစ်ကြိမ် သုံးရက်တစ်ကြိမ် ပုံမှန်ရွာသည်။ မိုးရွာလို့ ရက်တွေကြာရသည့် အထဲမှာ ရွေးကောက်ပွဲ လုပ်လို့ နိုင်ငံအတွင်းမှာ ဆူဆူပူပူ ဖြစ်ပြန်သည်။ ကုန်တင်



ဒိုမီနီကန်ကျွန်းနိုင်ငံ၏မြို့တော် စန်တိုဒိုမင်းဂိုးမြို့ရောက် ကိုအဏ္ဏဝါ

http://www.linhtet.com



ကုန်ချ လုပ်ငန်းတွေ ရပ်ထားရသည်။ နိုင်ငံတော် သမ္မတ ရွေးကောက် တင်မြှောက်ပွဲ ပြုလုပ်နေခြင်း ဖြစ်သည်။

မေလ ၁၆-ရက်နေ့ကစပြီး မဲထည့်ကြရသည်။ ညသန်းခေါင်ယံ အချိန်မှာ မဲတွေ စတင် ရေတွက်သည်။ လက်ရှိ အာဏာရ သမ္မတ ဂျက်ကိုဘို (JACOBO) အရေးနိမ့်နေပြီး စိန်ခေါ်သူ အသက် ၇၉-နှစ်ရှိပြီ ဖြစ်သည့် ဘာလာဂူလီ (BALAGULE) အသာ ရနေသည် ဟု သတင်းတွေ ထွက်နေသည်။ အသာရသည့် အုပ်စုက စန်တိုဒိုမင်ဂို မြို့တော်မှာ အောင်ပွဲခံနေကြသည်။ ရှုံးနိမ့်နေသူတွေနှင့် အောင်ပွဲခံသူတွေ ရန်းရင်းဆန်ခတ်ဖြစ်ပြီး ဆူပူမှုတွေ ဖြစ်နေသည်။ ပစ်ခတ်နှိမ်နင်းမှုတွေ ဖြစ်နေသည်။

၁၉-ရက်နေ့မှာ ရွေးကောက်ပွဲ ကော်မရှင်က ဘာလာဂူလီ အနိုင် ရရှိကြောင်း ကြေညာသည်။ အမေရိကန်က အသိအမှတ် ပြုကြောင်း ကြေညာချက် လက်နှေးနေသည့်အတွက် ရှုံးနိမ့်သွားသည့် ဂျက်ကိုဘိုက ရွေးကောက်ပွဲမှာ မဲခိုးကြောင်း အထောက်အထားတွေ ပြပြီး ကန့်ကွက် သည်။ တိုင်းပြည် မငြိမ်မသက် ဖြစ်နေသည်။ ဆိပ်ကမ်း အလုပ်သမား တွေလည်း ဆန္ဒပြနေကြသည်။

တိုင်းပြည် မငြိမ်မသက်ဖြစ်လို့ ကုန်တင်ကုန်ချတွေ ရပ်ဆိုင်းနေ ပေမဲ့ နိုက်ကလပ်တွေက မပိတ်တော့ ကိုအဏ္ဏဝါတို့ လူစု မအားမလပ် ဖြစ်နေသည်။ အတွဲလေးတွေ ကိုယ်စီနဲ့ ဖြစ်နေကြသည်။ ညကျလျှင် နိုက်ကလပ်မှာ တွဲက၊ အတူသောက်၊ အတူအိပ်၊ နေ့ကျပြန်တော့လည်း သင်္ဘောမှာ အလုပ်မရှိတော့ ကောင်မလေးတွေအိမ်ကို သွားလည်၊ ထမင်းချက် စားကြဖြင့် မအားမလပ်နိုင် ဖြစ်နေကြသည်။

သင်္ဘောမှာ ဘာအလုပ်မှ မရှိတော့ တာဝန်ကျနေသူမှအပ အရာရှိ နှင့် အခြား အဆင့်အားလုံးသည် သင်္ဘောမှာ မနေကြဘဲ မိမိ ကောင်မ လေးရဲ့ အိမ်မှာ သွားနေ၊ နားနေကြသည်။ သင်္ဘောမှာ ကပ္ပီတန်၊ အင်ဂျင်နီယာချုပ်နှင့် ကုန်းပတ် ပထမ အရာရှိတို့ပဲ အမြဲနေသည်။ ကျန်တာတွေက ရပ်ကွက်ထဲက အိမ်တွေမှာ နေကြသည်။

http://www.linhtet.com



ဘိုနီကတော့ သဘော်က သူ့အတွက် ပေးထားသည့် စောင်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာခဲတွေနှင့် ခေါက်ဆွဲထုပ်တွေကို သူ့ကောင်မလေးကို ပေးပစ်လိုက်သည်။ သူ့အတွက် စောင်နှင့် မျက်နှာသုတ်ပဝါ မလိုဟု ဆိုသည်။ အေးတဲ့နိုင်ငံကို ရောက်လျှင် သဘော်က အပူဝတ်စုံ လွှတ်ပေးသည်။ ပူတဲ့နိုင်ငံကို ရောက်လျှင် အဲယားကွန်း လွှတ်ပေးသည်။ မျက်နှာသစ်ပြီးလျှင် လုံချည်ဖြင့် သုတ်လို့ ရသည်ဟု ဆိုပါသည်။

ဆီးမင်းဘား နိုက်ကလပ်မှာ ကိုယ်ဝန် အရင့်အမာဖြင့် ပိုက်ဆံလာရှာနေသော အမျိုးသမီး တစ်ယောက်ကို တွေ့ရသည်။ ကိုယ်ဝန်ကြီးနဲ့ ဆိုတော့ နင့်ကို ဘယ်သူက ခေါ်မှာလဲလို့ မေးကြည့်တော့ ကိုယ်ဝန်နဲ့ အမျိုးသမီးကိုမှ ကြိုက်တဲ့သူလည်း ရှိပါတယ်ဟု ဖြေသည်။

"ကိုယ်ဝန် ရှိနေတုန်းတော့ နားနေသင့်ပါတယ် ဟယ်"

"နားနေလို့ ပိုက်ဆံ မရှိတော့ ဘာနဲ့သွားစားမလဲ"

"ကိုယ်ဝန်က ဘယ်သူနဲ့ ရတာလဲ"

"ဘယ်သိမလဲ၊ လူတကာနဲ့ ဆက်ဆံနေရတာ၊ ကလေးထွက်လာတော့မှပဲ အမေရိကန်လား၊ ဂျပန်လား၊ ဖိလစ်ပိုင်လား သိရတော့မှာပဲ"

"ဒီ အလုပ်လုပ်တဲ့ အမျိုးသမီးဟာ ကလေး မယူသင့်ဘူး"

"ဒီနိုင်ငံက အမျိုးသမီး အတော် များများဟာ လင်ကိုသာ မလိုချင်ကြတာ၊ ကလေး လိုချင်ကြတယ်။ ကလေး တစ်ယောက် ရတိုင်း အစိုးရက ထောက်ပံ့ကြေး ပေးတယ်လေ။ အဖေ မရှိတဲ့ ကလေးတွေ အများကြီးပဲ၊ မြန်မာလေး တစ်ယောက်တောင် ရှိတယ်"

"ဟေ မြန်မာလေး ဟုတ်လား၊ ဘယ်မှာလဲ"

"နက်ဖြန်လာခဲ့၊ လိုက်ပြမယ်"

ကိုအဏ္ဏဝါ အံ့သြသွားသည်။ ကြက်သီးမွေးညင်း ထသွားသည်။ ဘုရား တလိုက်မိသည်။ နိုင်ငံတကာ ကမ္ဘာ အရပ်ရပ်မှာ ငါ့ကလေးတွေများ ရှိနေလေမလား၊ ဘုရား ဘုရား၊ လွဲပါစေ ဖယ်ပါစေ၊ ငါ့သွေး

http://www.linhtet.com



ငါ့သားသမီးတွေကို ငါ့ဇနီးက လွဲလို့ ဘယ်သူမှ မမွေးပါစေနဲ့လို့ ဆုတောင်းလိုက်မိပါသည်။

နောက်နေ့မှာ သူ နေသည့် အခန်းသို့ သွားသည်။ တောင်ကုန်းလေးပေါ်မှာ အစီအစဉ် မကျစွာ ဆောက်လုပ်ထားသည့် တိုက်ခန်း၊ တန်းလျားတွေမှာ သူတို့ နေထိုင်ကြသည်။ သင်္ဘောက ကိုယ့်လူတွေကလည်း အဲဒီတန်းလျားတွေမှာ နေထိုင်ချက်ပြုတ် စားနေကြသည်။ အခန်းတိုင်းလိုလိုမှာ ကိုယ့်လူတွေရှိနေကြသည်။ ဝင်ထိုင်သွားပါဦးလား၊ ထမင်းစားသွားပါဦးလား စသည်ဖြင့် လှမ်းနှုတ်ဆက်ကြသည်။ ကိုယ့်မှာလည်း ကိုယ့်ခွင်နဲ့ကိုယ် ရှိပြီးသားဖြစ်လို့ သူတို့အိမ်မှာ စားစရာ မလို၊ ကိုယ်သွားလိုရာကို ဆက်သွားသည်။

မဗိုက် (ကိုယ်ဝန်ရှိသူအမျိုးသမီး)ရဲ့ အခန်းကို သွားသည်။ မြန်မာလေး ရှိတယ်ဆိုတဲ့ အခန်းကလည်း သိပ်ပြီး အလှမ်း မဝေးတဲ့ နေရာမှာ ရှိနေသည်။ မဗိုက်နှင့် ကိုအဏ္ဏဝါတို့ ရောက်သွားတော့ ကလေးအမေနှင့် ကလေးကို အိမ်မှာ အသင့်တွေ့ရသည်။ ကလေးက ငါးနှစ်သားလောက် ရှိသည်။ ကျောင်းအပ်ရတော့မည့် အရွယ် ဖြစ်သည်။ ရှင်ပြုဖို့ ကိစ္စ ဆိုတာ စဉ်းစားကောင်းသည့် ကိစ္စ မဟုတ်လို့ မစဉ်းစားဘဲ နေလိုက်သည်။

မြန်မာလေး ဟုတ်သလား မဟုတ်ဘူးလား ခွဲခြားရ ခက်သည်။ တောင်အမေရိကနှင့် ကာရေဗီယံ ပင်လယ်ထဲက ပြည်သူတွေသည် မြန်မာနဲ့ အတော်တူသည်။ ယခု တွေ့နေရသည့် ယောက်ျားလေးက လည်း မြန်မာလေးနဲ့ တစ်ထပ်တည်း တူနေသည်။

"ကလေးအဖေရဲ့ နာမည်ကို မှတ်မိသလား"

"မှတ်မိပါတယ်၊ ဘိုဆင်…"

"အလို ဘုရား ရေ"

ကိုအဏ္ဏဝါ ဘုရားတမိသည်၊ သူပြောသည့် နာမည်၊ ဘိုဆင်ရာထူးဖြင့် သင်္ဘော လိုက်နေသည့် သင်္ဘောသားသည် ကိုအဏ္ဏဝါ၏ သူငယ်

http://www.linhtet.com



ချင်း ဖြစ်သည်။ ကိုအဏ္ဏဝါနှင့် အတူ တပ်မတော် ရေတပ်မှာ အမှုထမ်းခဲ့သူ ဖြစ်သည်။ ဒီနာမည် ဒီရာထူးဖြင့် သင်္ဘောလိုက်နေသူ နောက်ထပ် ရှိသေးလား ဆိုတာတော့ မသိ။ ကိုအဏ္ဏဝါကတော့ သူ့ သူငယ်ချင်းရဲ့ မျက်နှာကို ပြေးမြင်လိုက်မိသည်။ ကလေး မုန့်ဖိုး ဒေါ်လာ ၂၀ ပေးခဲ့ပါသည်။ သူတို့ သားအမိ တစ်လလောက် စားလောက်သည်။

(**မှတ်ချက်**။ ။ ၁၉၉၀-ခုနှစ် လောက်မှာ ကလေးအဖေလို့ ယူဆရသူနှင့် ကိုအဏ္ဏဝါတို့ ဗိုလ်အောင်ကျော်လမ်းက သင်္ဘောသားရုံး ရှေ့မှာ တွေ့သည်။ ကိုအဏ္ဏဝါက သူ့ သူငယ်ချင်းကို လက်ကုတ်ခေါ်ပြီး ဒီကိစ္စကို တိုးတိုး ပြောပြလိုက်သည်။ ဟိုကောင်က ကိုအဏ္ဏဝါကို အော်ဟစ် ဆဲဆိုပြီး၊ မင်းပြောတဲ့ နိုင်ငံကို ငါ ရောက်ဖူးဖို့ ဆိုတာတော့ ဝေးရော ဘယ်နားမှာ ရှိမှန်းတောင် ငါ မသိဘူးဟု ပြောသည်။ **ဤကား စကားချပ်**)

## ဒိုမီနီကန်မှ အမေရိကန်နိုင်ငံ နယူးအော်လင်သို့

၂၄-ရက်နေ့မှာ ဒိုမီနီကန်ကျွန်းနိုင်ငံ ရီယိုဟိုင်းနားမြို့ ဆိပ်ကမ်းမှ ပြန်လည် ထွက်ခွာသည်။ ဘယ်ကို သွားပြီး ဘာကုန်တွေ တင်ရမည် ဆိုတာကို သိရအောင် ရေဒီယို စတေရှင် သုံးခုလောက်ကို စောင့်ပြီး နားထောင်နေရသည်။

၂၆-ရက်နေ့မှာတော့ ကျူးဘား ရေပိုင်နက် အနီးအနားကို ရောက်ပြီး ဖြည်းဖြည်းခုတ်မောင်းနေသည်။ ကိုအဏ္ဏဝါရဲ့ အလုပ်ကတော့ ရေဒီယို စတေရှင်တွေကို ဂရုစိုက်ပြီး နားထောင်နေရသည့် အလုပ်ဖြစ်သည်။ ကုန်းပတ် ဒုတိယ အရာရှိ ပီတာ၏ ပြောပြချက်အရ အမေရိကန် နိုင်ငံ၊ နယူးအော်လင်ကို ဦးတည် ခုတ်မောင်းနေကြောင်း သိရသည်။

၂၉-ရက်နေ့မှာ အမေရိကန်နိုင်ငံ၏ မစ္စစ္စပီမြစ်ဝကို ရောက်ပြီး ကျောက်ချ ရပ်နားသည်။ ဘာညွှန်ကြားချက်မှ မရသေးလို့ ကိုအဏ္ဏဝါ၏

http://www.linhtet.com



တာဝန် အတော် ကြီးနေပြီဖြစ်သည်။ တိုမို(၈၅)မှာ တာဝန် ထမ်းဆောင်နေစဉ်က ဒီလိုအဖြစ်မျိုးနဲ့ ကြုံဖူးသည်။ ရေဒီယို စတေရှင်မှာ မိမိအတွက် ကြေးနန်း ရှိနေတာကို မသိလို့ တစ်ရက်တိတိ နောက်ကျပြီးမှ ကြေးနန်းကိုရသည်။ သင်္ဘောသည် ဆိုက်ကပ်ရမည့် ဆိပ်ကမ်းကို လွန်ပြီး ခရီးအတော် ရောက်သွားပြီဖြစ်သည်။ ယခုလည်း ဒီပြဿနာမျိုး ဖြစ်နိုင်လို့ သတိထား နေရသည်။

၃၀-ရက်နေ့ နံနက်မှာ စားပွဲထိုး အောင်သိန်းက ကိုအဏ္ဏဝါ၏ အိပ်ခန်း တံခါးကို လာခေါက်သည်။ ကပ္ပိတန်က ခေါ်ခိုင်းသည်ဟု ပြောသည်။ မျက်နှာသစ်ပြီး သွားတွေ့လိုက်သည်။ မိုဘိုင်းရေဒီယို (WLO) ကို နားထောင်ကြည့်ပါဟု ပြောသည်။ နားထောင်ကြည့်လိုက် တော့ မိမိ အတွက် ကြေးနန်း နှစ်စောင် ရှိနေလို့ ယူလိုက်သည်။ ရရှိ သော ကြေးနန်းစာအရ မစ္စစ္စပီမြစ်တွင်းကို ဝင်ရမည်။ နယူးအော်လင် အနီးမှာ ပဲပိစပ်ဖြင့် လုပ်ထားသည့် တိရစ္ဆာန် အစားအစာ (SOYA BEAN) တင်ရမည်။ ဗင်နီဇွဲလားနိုင်ငံ၊ မာရာကိုင်ဘို (MARA-CAIBO) မြို့ကို သွားပို့ရမည်ဟု သိရသည်။

ဇွန်လ တစ်ရက်နေ့မှာ ကျောက်ချထားရာမှ ထွက်ခွာသည်။ မစ္စစ္စပီမြစ်ထဲကို ဖြည်းဖြည်းမောင်းဝင်သည်။ မြစ်ဝမှာ အမေရိကန် ရေကြောင်းပြ သင်္ဘောပေါ် တက်လာသည်။ တစ်နေ့လုံး မောင်းဝင်နေသည်။ မြစ်ကြီးရဲ့ ဘေးဝဲယာက ရှုခင်းတွေကို ကြည့်ပြီး လိုက်ပါလာခဲ့သည်။ မိမိတို့ နိုင်ငံက ဧရာဝတီမြစ်ကြီးနဲ့ အတော်တူသည်။ မစ္စစ္စပီမြစ်သည် အမေရိကန်နိုင်ငံကို ဖြတ်စီးနေသလို ဧရာဝတီမြစ်သည်လည်း မြန်မာပြည်ကို ဖြတ်စီးဆင်းနေသည်။ မတူတာက ရေကြောင်း ထိန်းသိမ်းထားမှု နည်းပညာနှင့် လုပ်ထားပုံ ဖြစ်သည်။

ရေကြောင်း ထိန်းသိမ်းမှု နည်းပညာနှင့် လုပ်ကိုင် နိုင်မှုသည် ငွေကြေးတတ်နိုင်သမှု အပေါ်တွင် မူတည်သည်။ ကနေဒါနိုင်ငံ ကုန်းမြင့်ဘက်က စီးဆင်းလာသော ရေတွေကို စနစ်တကျ ထိန်းသိမ်းပြီး လမ်း

http://www.linhtet.com



ကြောင်း ဖော်ပေးထားတာ တွေ့ရသည်။ အကွေ့အကောက်တွေကို ဖြောင့်ပေးထားသည်။ မလွဲမရှောင်သာလို့ ရေစွယ် အထိုးခံရမည့် နေရာတွေကို ခံနိုင်ရည် ရှိအောင် ခံတုတ် လုပ်ပေးထားသည်။ ရေစွယ်ထိုးမှု ပြင်းထန်သည့် နေရာတွေကို တိုင်တွေစိုက်ပြီး အားပျော့အောင် လုပ်ထားသည်။ ရေကြီး ရေလျှံမှုကို ကာကွယ်နိုင်ရန် မစ္စစ္စပီ မြစ်ရိုး တစ်လျှောက်၏ ဝဲယာမှာ ကားတစ်စီး မောင်းသွားနိုင် လောက်အောင် ကျယ်သည့် ကွန်ကရစ် အုတ်ရိုး မြင့်မြင့်ကြီး တည်ဆောက်ထားသည်။ သဘာဝကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို လည်စင်း မခံဘဲ အန်တုကာကွယ်ထားသည်။ ကြွယ်ဝ ချမ်းသာမှု၏ သင်္ကေတ ဖြစ်သည်။ ဧရာဝတီ မြစ်ကြီးကို ဒီလို မလုပ်နိုင်သေးသည့်အတွက် လယ်ယာမြေတွေ၊ စေတီ ပုထိုးတွေ၊ မြို့ရွာတွေ ရေထဲ မျောပါခဲ့ကြပြီ ဖြစ်သည်။

မစ္စစ္စပီမြစ်ထဲမှာ ထူးဆန်းတာက ခရီးသည်တင် နှစ်ထပ် သင်္ဘောတွေ၏ ပုံသဏ္ဌာန် ဖြစ်သည်။ စုန်ဆန် ခုတ်မောင်း နေကြသည့် ခရီးသည်တင် သင်္ဘောတွေ၏ ပုံသဏ္ဌာန်တွေသည် ရှေးခေတ် ပုံသဏ္ဌာန်တွေ ဖြစ်သည်။ မန္တလေး ဂေါဝိန်ဆိပ်မှ သီပေါမင်းကို တင်ဆောင်သွားခဲ့သည့် ရေနန်းယာဉ်သာ သင်္ဘောထက် များစွာ ရှေးကျသည့် ပုံသဏ္ဌာန်တွေ ဖြစ်သည်။ ဒလက်ပြားကြီးတွေ တပ်ထားသည့် ရစ်ဘီးကြီးတွေဖြင့် ဘေးနှစ်ဖက် ယက်သည့် သင်္ဘောလည်း ရှိသည်။ မြန်မာပြည်က ပုံတောင်၊ ပုံညာ အညာဆန် သင်္ဘောတွေလို နောက်က ယက်သည့် သင်္ဘောတွေလည်း ရှိသည်။ ရေတိမ်သွား နှစ်ထပ် သင်္ဘောတွေ ဖြစ်သည်။

ရှေးခေတ် ပုံသဏ္ဌာန်ဆိုသော်လည်း ဇိမ်ခံသင်္ဘောတွေ ဖြစ်လို့ ပြောင်လက် သန့်ပြန့်နေသည်။ သင်္ဘောတွေပေါ်မှာ လှုပ်ရှားသွားလာနေကြသည့် သင်္ဘောသားတွေ၊ စားပွဲထိုးတွေ၏ အဝတ်အစားတွေကလည်း ဖြူဖွေး သန့်ပြန့်နေတာ တွေ့ရသည်။

မစ္စစ္စပီမြစ်ကြီးအတိုင်း ဆန်တက်သွားသောအခါ ညနေဘက်မှာ နယူးအော်လင်မြို့ကြီးကို ရောက်သွားသည်။ မြစ်ကိုဖြတ်ထိုးထားသည့်

http://www.linhtet.com



မိုးပျံကြိုးတံတားကြီးများ၊ မြင့်မားသည့် အဆောက်အအုံကြီးများ၊ သန့်ရှင်းလှပသည့် လမ်းမကြီးများကို မြင်ခဲ့ရသည်။

## ပြင်သစ်ရပ်ကွက်ထဲက ဟဟောင်းလမ်းမကြီး

ကိုအဏ္ဏဝါတို့ သင်္ဘောကြီးသည် နယူးအော်လင်မြို့ကြီးကို လွန်ပြီး ဆန်တက်သွားသည်။ မြို့စွန်ကို လွန်ပြီး အတန်ကြာပြီးမှ နိုလာ (NOLA) ဆိုသည့် နေရာမှာ ကျောက်ချ ရပ်နားလိုက်သည်။ စက်ရုံအလုပ်ရုံတွေ ရှိသော နေရာ ဖြစ်သည်။ ရန်ကုန်မှာဆိုလျှင် လှိုင်သာယာလို နေရာမျိုးဖြစ်သည်။ နယူးအော်လင်ကို သွားနေကြသည့် ဘတ်စ်ကားကြီးတွေ ပြေးနေတာ မြင်နေရသည်။

သင်္ဘော ကျောက်ချထားစဉ် လူဝင်မှု ကြီးကြပ်ရေး တက်လာပြီး စစ်ဆေးသည်။ နိုင်ငံကူးလက်မှတ်က ဓာတ်ပုံနှင့် တိုက်ဆိုင် စစ်ဆေးသည့်အတွက် လူတိုင်း တန်းစီးပြကြရသည်။ အမေရိကန်နိုင်ငံမှာ နယူးအော်လင်မြို့သည် ပြင်သစ်နိုင်ငံက မာဆေးမြို့ကဲ့သို့ပင် ဒုစရိုက်မှုပေါများသော မြို့တော်ဖြစ်သည်။ ကိုအဏ္ဏဝါ ကျောင်းသားဘဝက ရန်ကုန်မြို့လယ်ကောင်မှာ ရုံတင်ပြသော ရုပ်ရှင်ကားတစ်ကား ကြည့်ဖူးသည်။ ရုပ်ရှင်ကား အမည်က (NEWORLEAN AFTER DARK) နယူးအော်လင်၏ ညအချိန်ဖြစ်သည်။ ရုပ်ရှင်ထဲမှာ အမှောင်ထုကို အကာအကွယ်ယူပြီး ကျူးလွန်သည့် ဒုစရိုက်ဂိုဏ်းတွေရဲ့ လှုပ်ရှားပုံတွေကို ရိုက်ပြထားသည့် အက်ရှင်ကား ဖြစ်သည်။

တက်မကိုင် ကိုရွှေထွန်းနှင့် စားပွဲထိုး သိန်းလင်းတို့က သူတို့သည် အိမ်ပြန်ဖို့ ပန်ကြားလွှာ တင်ထားတာ ကြာပြီဟု ဆိုသည်။ ဟိုဆိပ်ကမ်း ရောက်လျှင် ပြန်ရမလို၊ ဒီဆိပ်ကမ်း ရောက်လျှင် ပြန်ရမလိုဖြင့် ကပ္ပိတန်က အချိန်ဆွဲနေသည်။ အမေရိကန်ကို ရောက်ခိုက်မှာ ပြန်ချင်သည်ဆိုပြီး ဆန္ဒပြသည်။ ကပ္ပိတန်က ကိုအဏ္ဏဝါကို ခေါ်ပြီး တိုင်ပင်သည်။ ပြန်ချင်သူတွေကို ချော့မော့ထားရန် ပြောသည်။ ကိုရွှေထွန်းသည်

http://www.linhtet.com



ကိုအဏ္ဏဝါနှင့်အတူ တပ်မတော် ရေတပ်မှာ အမှုထမ်းခဲ့ဖူးသူ ဖြစ်လို့ ကိုအဏ္ဏဝါရဲ့ စကားကို နားထောင်သည်။ နှစ်ယောက်လုံးကို ချော့မော့ ပြောလိုက်သည်။

သင်္ဘောသားတွေကို အချိန်ပို လုပ်ခ ဖြတ်သည့်ကိစ္စဖြင့် ကုန်းပတ် ပထမ အရာရှိကို မကျေနပ်ဘူးဆိုပြီး ပြဿနာ ဖြစ်ပြန်သည်။ ယာယီ ဘိုဆင် လုပ်နေသည့် အေးကိုက ဦးဆောင် မတိုက်ဘဲ ခေါင်းရှောင် နေသည်ဆိုပြီး ကိုအဏ္ဏဝါ ဆီကို အမှု ရောက်လာပြန်သည်။ မြန်မာ သင်္ဘောသားတွေနှင့် ပထမ အရာရှိ ကြားမှာ စကားပြန် ဝင်လုပ်ပေးရ သည်။ ကိုယ့်လူတွေကို ချော့ပြီး ပြဿနာကို ပြီးစေရပြန်သည်။

ပထမ ထမင်းချက် ကုလား (CHIEF COOK) နှင့် ဒုထမင်း ချက် မောင်းဝင်းတို့ ရန်ဖြစ်ကြလို့ ကုလားက ကြောက်ပြီး ပထမ အရာရှိကို သွားတိုင်သည်။ မောင်ဝင်းက အင်္ဂလိပ်လို မပြောတတ်လို့ စကားပြန် ကိုအဏ္ဏဝါကို ခေါ်ပြန်သည်။ ပြဿနာမျိုးစုံ ဖြစ်နေတာ ကလည်း အမေရိကန်ဆိပ်ကမ်းမှာ ဖြစ်နေသည်။ ဒီနိုင်ငံမှာ ရုံးရောက် ဂတ်ရောက် ဖြစ်မှာကို ဂရိ ကပ္ပီတန်က အရမ်းစိုးရိမ်နေသည်။ ညောင်မြစ် တူးရာမှာ ပုတ်သင်ဥတွေ ပေါ်ကုန်မှာလည်း ကြောက်ရသည်။

အမေရိကန်ကလည်း တစ်မျိုးဖြစ်သည်။ ဂျပန်ခေတ်မှာ သူကြီး လုပ်ခဲ့သည့် ကိုအဏ္ဏဝါရဲ့ဘကြီး ဦးရွှေဆိုင်လို လူမျိုးဖြစ်သည်။ ဆင်းရဲ တဲ့ သူနှင့် ချမ်းသာသူ ပြဿနာ ဖြစ်လာပြီဆိုလျှင် ဆင်းရဲတဲ့ သူကို အနိုင် ပေးသည်။ နင်က ချမ်းသာတယ်၊ နင် မှားတာပဲ ဖြစ်ရမယ်ဟု ပြောသည်။ ဂရိနှင့် မြန်မာ ပြဿနာ ဖြစ်လို့ကတော့ အမေရိကန်က မြန်မာကို အနိုင်ပေးမှာ သေချာသည်။ ဂရိတွေကလည်း သိနေသည်။

၆-ရက်နေ့မှာ ကပ္ပီတန်က နယူးအော်လင် မြို့ထဲသွားမည် လိုက်မလားဟု မေးသည်။ လိုက်မည်ဟု ပြောလိုက်သည်။ ဒုတိယအရာရှိ ပီတာ၊ တတိယ အင်ဂျင်နီယာ အာရိုးနူး ကုလား နှစ်ယောက်နှင့် ကိုအဏ္ဏဝါတို့ ကပ္ပီတန် ခေါ်တာ လိုက်သွားကြသည်။ ဒီလို ကြုံတုန်းမှာ လိုက်သွားလျှင် ကပ္ပီတန်၏ စရိတ်ဖြင့် သွားမည်ဖြစ်လို့ ကုန်ကျစရိတ် မရှိဘဲ ရောက်ဖူးမည် ဖြစ်သည်။



နယူးအော်လင်းရောက် ကိုအဏ္ဏဝါ၊ ကပ္ပိတန် ကန်ပါးနစ် နှင့် ဒုတိယအရာရှိ ကုလားပီယာ

ကပ္ပိတန်က ဖုန်းဆက် ခေါ်လိုက်လို့ မော်တော်ဘုတ်ကလေး ရောက်လာသည်။ မော်တော်ဘုတ်ကလေးဖြင့် သင်္ဘောမှ ကမ်းကို ကူးသည်။ ဆိပ်ကမ်းမှ တိုင်စီဖြင့် နယူးအော်လင်မြို့တွင်းကို သွားကြသည်။ ကပ္ပိတန်က အလုပ်ကိစ္စဖြင့် တယ်လီဖုန်း ဆက်သည်။ ဂရိနိုင်ငံက သူ့မိသားစု ဆီကို ဖုန်းဆက်သည်။ ကိစ္စတွေပြီးလို့ မြို့ထဲ လျှောက်ပတ်ကြတော့ နယူးအော်လင် မြို့လယ်ကောင်က ပြင်သစ်ရပ်ကွက် (FRENCH QUARTER) ဆိုသည့် နေရာကို ရောက်သွားကြသည်။

အမေရိကန်နိုင်ငံ လွတ်လပ်ရေး မရမီက ပြင်သစ်လူမျိုးတွေ နေသွားခဲ့သည့် ရပ်ကွက်ကြီး ဖြစ်သည်။ ရပ်ကွက်ကြီးရဲ့ အလယ်ကောင် တည့်တည့်က အဓိက လမ်းမကြီးရဲ့ အမည်က ဗာဗောင်း (BOUR BON STREET) ဖြစ်သည်။ ဗာဗောင်းလမ်းမကြီးသည် ကမ္ဘာကျော်

http://www.linhtet.com



လမ်းမကြီး ဖြစ်သည်။ ကမ္ဘာလှည့် ခရီးသည်တွေဖြင့် အမြဲစည်ကားနေသော လမ်းမကြီး ဖြစ်သည်။

နယူးအော်လင်ကို ရောက်ပြီး ပြင်သစ်ရပ်ကွက်ထဲက ဗာဗောင်းလမ်းမကြီးကို မရောက်ခဲ့လျှင် နယူးအော်လင်ကို မရောက်ဟု ဆိုရမည်ဖြစ်သည်။ နယူးအော်လင်ကို ရောက်လာသည့် နိုင်ငံခြားသားတွေ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်မှု အပြည့်ပေးနိုင်သော နေရာဖြစ်သည်။ ဒီရပ်ကွက်ကြီးကို အမေရိကန်နိုင်ငံ လွတ်လပ်ရေး မရမီ လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ရာကျော်က ပုံစံအတိုင်းပင် လက်ရာမပျက် ထိန်းသိမ်းထားသည်။ အဆောက်အအုံ ပိုင်ရှင်တွေကလည်း ရှေးခေတ်ပုံစံအဆောက်အအုံ၊ အဆောင်အယောင်၊ ပရိဘောဂတွေဖြင့် ဂုဏ်ယူနေကြသည်။



အမေရိကန်နိုင်ငံ၊ နယူးအော်လင်းမြို့က ဘာဗောင်းလမ်းမကြီးတစ်နေရာ

http://www.linhtet.com





နယူးအော်လင်းမြို့လယ် တစ်နေရာ

ရပ်ကွက်ကြီးထဲကို ခေတ်ပေါ်ယာဉ်ရထားတွေ ဝင်ခွင့် မပြုဘဲ ရပ်ကွက်ကို ပတ်ဆွဲနေသည့် မြင်းလှည်းတွေကို စီးကြရသည်။ ပတ်တရောင်း (PARK ROUND) လှည့်သည့် ရဲတွေလည်း မြင်းတွေစီးပြီး လှည့်ကြရသည်။ ရပ်ကွက်ထဲက ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေသည်လည်း လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာလောက်က ပုံသဏ္ဌာန်တွေဖြင့် ရောင်းနေကြသည်။

ရပ်ကွက်ထဲက အဓိကလမ်းမကြီး ဖြစ်သည့် ဗာဗောင်းလမ်းမကြီး ဘေးဝဲယာက စားသောက်ဆိုင်တွေ၊ အရက်ဆိုင်တွေနှင့် ပြည့်တန်ဆာတန်းတွေကလည်း လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ရာကျော်က ပုံစံအတိုင်းပင် ဖြစ်သည်။ ဗာဗောင်းလမ်းမကြီးပေါ်မှာ ဘာယာဉ်ရထားမျှ မမောင်းရသည့်အတွက် လူတွေဖြင့် စည်းကားနေသည်။ ဘရိတ်ဒန့်စ် ကနေသူတွေထဲက တချို့ ကပွလီတွေသည် မိုက်ကယ်ဂျက်ဆင်ထက် များစွာသာသည်။

http://www.linhtet.com



မျက်လှည့်ပြနေသူ ရှိသည်။ ပုံတူ ပန်းချီဆွဲနေသူရှိသည်။ သူ့ရှေ့မှာ ထိုင်ပေးရသည်။ ၁၅-မိနစ်၊ မိနစ်-၂၀မျှ ကြာသည်။ ခဲဖြင့် ဆွဲပါက ၁၀-ဒေါ်လာ၊ ခဲရောင်စုံဖြင့် ဆွဲပါက ၁၅-ဒေါ်လာ ပေးရသည်။ ဓာတ်ပုံ ရိုက်နေသူလည်း ရှိသည်။ ဘာဂျာကင်မရာနောက်မှာ အဝတ်နက်ကြီးကို ခြုံပြီး ခလုတ်နှိပ်လိုက်ပါက မီးခိုးလုံးကြီး ဝုန်းခနဲ တောက်သွားသည်။ ကင်မရာ ပေါ်စက ရိုက်ပုံမျိုးဖြင့် ရိုက်ပေးသည်။ ချက်ချင်း ပုံထွက်လာသည်။



နယူးအော်လင်းမြို့လယ်က ဗာဗောင်းလမ်းမကြီးပေါ်မှာ ကိုအဏ္ဏဝါနှင့် ကုလားလူမျိုး တတိယအင်ဂျင်နီယာ အာရိုးနုးလ်

လမ်းဘေးက ဗေဒင်ဆရာကလည်း မြင်သမျှလူကို လက်ယပ်ခေါ်ပြီး ဗေဒင်ဟောသည်။ သူဟောပြီးလျှင် ပေးချင်သလောက် ပေးပါဟု ပြောသည်။ တစ်ကိုယ်လုံးကို ကြေးညိုရောင် ဆေးသုတ်ထားပြီး ကြေးရုပ် သဏ္ဌာန် မလှုပ်မယှက် ငြိမ်နေသူလည်း ရှိသည်။ မျက်တောင်မခတ်၊ အသက်မရှူဘဲ နေနိုင်တာ အံ့သြစရာကောင်းသည်။

http://www.linhtet.com





ကမ္ဘာလှည့် ခရီးသည်တွေဖြင့် အမြဲစည်ကားနေသော
ဗာဗောင်းလမ်းပေါ်မှာ ကိုအဏ္ဏဝါ

ဗာဗောင်း လမ်းမကြီးမှာ လူတွေ ဝိုင်းအုံနေသည့်သူ တစ်ယောက်တွေ့သည်။ လမ်းဘေးက အမှိုက်ပုံးပေါ်တက်ပြီး နိုင်ငံရေးတရား ဟောနေသူ ဖြစ်သည်။ သူသည် ဒီမိုကရက်လည်း မဟုတ်၊ ရီပတ်ပလက်ကင်လည်း မဟုတ်၊ တစ်သီးပုဂ္ဂလဟု ဆိုသည်။ လာမည့် သမ္မတရွေးပွဲ

ပုံ(၈၀) ၃.၂ × ၃.၅ မှ
၂အထိ




ကမ္ဘာကျော်
ဗာဗောင်းလမ်းမကြီးရှိ
ချွတ်ကသည့်နိုက်ကလပ်ရှေ့မှာ
ကိုအဏ္ဏဝါ

http://www.linhtet.com



ဝင်ရောက် အရွေးခံမည်ဟု ဆိုသည်။ လက်ရှိ သမ္မတ ရေဂင်ကို ချိုးနှိမ် ပုတ်ခတ်ပြီး ပြောဆိုနေသည်။ မစ္စတာရေဂင်ဟာ နွားကျောင်းသား ဘဝက သမ္မတ ဖြစ်လာတာဟု ဆိုသည်။ သူလို အလုပ်မရှိ အကိုင်မရှိ သူသာလျှင် သမ္မတအလုပ်ကို အချိန်ပြည့် လုပ်နိုင်မည် ဖြစ်လို့ သူ့ကို မဲပေးကြပါဟု တောင်းဆိုသည်။ သူ့အနီးမှာ ရပ်နေသည့် ရဲက သဘောကျ လို့ လက်ခုပ်တီးသည်။ ပက်ထရောင် လှည့်နေသည့် ရဲကလည်း မြင်း ကျောကုန်းပေါ်က နားထောင်ပြီး သဘောကျနေသည်။



ဗာဗောင်းလမ်းက နိုက်ကလပ်တစ်ခုမှာ ဝင်နွှဲနေကြသော
ကိုအဏ္ဏဝါနှင့် အာရိုးနူးလ်

လမ်းမကြီးဘေးက အရက်ဆိုင်တစ်ဆိုင်ကို ဝင်ပြီး ဘီယာသောက် ကြသည်။ ဆိုင်ရဲ့ ထူးခြားသည့် အပြင်အဆင်က ဆိုင်ရဲ့ မျက်နှာကျက် မှာ အဝတ်စုတ်တွေ ချိတ်ဆွဲထားခြင်း ဖြစ်သည်။ အဝတ်စုတ်တွေထဲမှာ

http://www.linhtet.com



ပစ္စည်းမျိုးစုံပါသည်။ အင်္ကျီစုတ်၊ ဘောင်းဘီစုတ်တွေနှင့် အများစုက အမျိုးသမီးဝတ် အတွင်းခံ အဝတ်တွေနှင့် ချွေးခံတွေ၊ ဘရာစီယာတွေ ဖြစ်သည်။ ဒါတွေက ဘာတွေလဲလို့ ဆိုင်ရှင်ကို မေးကြည့်သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာလောက်က စပြီး ဒီနေ့အထိ ဒီဆိုင်ထဲမှာ ရန်ဖြစ်ပြီး ထိုးကြကြိတ်ကြ၊ ဆွဲဖြဲကြ လုပ်ရာက ကျကျန်ခဲ့တဲ့ အဝတ်စုတ်တွေကို အလှပြချိတ်ဆွဲထားတာပါ"

လွန်ခဲ့သည့် နှစ် နှစ်ရာက အမျိုးသမီး အတွင်းခံ ဘောင်းဘီနှင့် ဘရာစီယာဆိုတော့ ရှေးဟောင်းပစ္စည်းတွေ ဖြစ်သည်။ လေလံတင်ရောင်းချလျှင် ဒေါ်လာသန်းချီပြီး ရနိုင်သည်။ ရေမလျှော်ဘဲ ကောက်ယူချိတ်ဆွဲထားသည့်အတွက် ဈေးကောင်းရနိုင်သည်။

## အမေရိကန်မှ ဗင်နီဇွဲလားသို့

ဇွန်လ ၈-ရက်နေ့မှာ ကျောက်ချထားရာမှ ထွက်ခွာပြီး စက်ရုံကြီး တစ်ခုရဲ့ ဆိပ်ခံတံတားမှာ ကပ်သည်။ ဒီစက်ရုံကြီးက ထုတ်လုပ်သည့် ပြောင်းဆန်တွေကို ဗင်နီဇွဲလားနိုင်ငံကို သွားပို့ရမည်ဟု သိရသည်။ မိုးရွာလို့ ကုန်မတင်နိုင်သေး ဖြစ်နေသည်။ ကုန်တင်တာ မြန်မည့် လက္ခဏာတွေ့ရသည်။ ပြောင်းဖူးစေ့တွေကို လေဖြင့်မှုတ်ပြီး ပြွန်လုံးကြီးတွေမှတစ်ဆင့် သင်္ဘောထဲကို မောင်းထည့်မည့်ပုံ ဖြစ်သည်။

၈-ရက်နေ့မှာပဲ ကုန် စ,တင်သည်။ ထင်သည့်အတိုင်းပင် ဖြစ်သည်။ စက်ရုံက မောင်းတံကြီးတွေနှင့် ဆက်ထားသော ရာဘာပိုက်ပျော့ကြီးတွေသည် သင်္ဘောဝမ်းဗိုက်ထဲကို ဆင်းနှာမောင်းကြီးတွေလို့ ကျလာနေသည်။ အဲဒီ ဆင်နှာမောင်းကြီးတွေမှ ပြောင်းစေ့တွေ အဆက်မပြတ်ကျနေသည်။ မကြာမီ သင်္ဘောကြီး တစ်စီးလုံး ပြည့်သွားတော့မည် ဖြစ်သည်။

http://www.linhtet.com



၁၁-ရက်နေ့မှာ နယူးအော်လင်မှ ပြန်ထွက်သည်။ အလာတုန်းက လမ်းအတိုင်း စုန်ဆင်းလာခဲ့သည့်အတွက် မစ္စစ္စပီမြစ်ထဲက မြင်ကွင်းတွေကို မြင်တွေ့ရပြန်သည်။ တစ်နေ့ကုန် စုန်ဆင်းနေသည့် မြစ်ကြောင်းသည် နှစ်လမ်းမောင်း ဖြစ်လို့ အဆန်တုန်းက လက်ယာဘက် ကမ်းကို ကပ်ပြီး မောင်းသဖြင့် လယ်ယာဘက်က မြင်ကွင်းတွေကို အနီးကပ်မြင်တွေ့ခဲ့ရသည်။ အခု အစုန်မှာ ကျတော့ အဆန်တုန်းက အနီးကပ်မမြင်ခဲ့ရသည့် မြင်ကွင်းတွေကို မြင်ရသည်။

ချမ်းသာသည့် တိုင်းပြည်နှင့် ချမ်းသာသည့် ပြည်သူတွေ၏ လူနေမှုဘဝပုံစံတွေကိုလည်း မြင်တွေ့ရသည်။ မြစ်ကမ်းမပြိုအောင် တုတ်ခတ်ထားသည့် ကွန်ခရစ်ပေါင်ကြီးပေါ်မှာ လမ်းလျှောက်နေကြသည်။ ဘိုင်စကယ် စီးနေကြသည်။ နူးကလီးယား ဓာတ်ပေါင်းဖိုကြီးတွေမှ မီးခိုးငွေ့တွေ တလူလူ ထွက်နေသည်။ ဒီဓာတ်ပေါင်းဖိုကြီးတွေက ပို့လွှတ်သည့် လျှပ်စစ်ဓာတ်အားကို အလျှံပယ် သုံးနေကြသည်။

မစ္စစ္စပီမြစ်ထဲမှာ စုန်ဆင်းသွားနေကြသည့် ရှေးခေတ်ပုံစံ နှစ်ထပ်သင်္ဘောတွေပေါ်မှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသည့် ခရီးသွားပြည်သူတွေသည် မြစ်ကြီး၏ အလှကို အရသာခံကြည့်ရင်း စီးနင်းလိုက်ပါနေကြသည်။

၁၂-ရက်နေ့မှာ မက္ကဆီကို ပင်လယ်ကွေ့ထဲ ရောက်ပြီး စက်ကုန်ဖွင့် မောင်းတော့သည်။ ဗင်နီဇွဲလားနိုင်ငံ၊ မာရာကိုင်ဗို (MARACAIBO) ဆိပ်ကမ်းမြို့ကို ဦးတည် မောင်းနေသည်။ ဗင်နီဇွဲလားနိုင်ငံသည် တောင်အမေရိကတိုက်၏ မြောက်ဘက်ထိပ်မှာ ရှိသည်။ ကာရေဗီယံ ပင်လယ်ကို ဖြတ်ပြီးလျှင် ဗင်နီဇွဲလားနိုင်ငံကို ရောက်ပြီဖြစ်သည်။

၁၇-ရက်နေ့မှာ သင်္ဘောကြီး ခုတ်မောင်းနေရာမှ စက်ရှိန်လျှော့ပြီး ရပ်သွားသည်။ ကိုအဏ္ဏဝါသည် မိမိရုံးခန်း၏ မှန်ပြတင်းမှ အပြင်

http://www.linhtet.com



ကို လှမ်းကြည့်လိုက်သည်။ ရေကြောင်းပြ အရာရှိ စီးလိုက်လာသည့် မော်တော်ဘုတ်ကလေး တစ်စီး ရေလှိုင်း တဖွေးဖွေးဖြင့် ခုတ်မောင်းလာနေတာကို မြင်ရသည်။ နာရီကို ကြည့်လိုက်တော့ နေ့လယ် ၁၂-နာရီ ရှိပြီဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံ ရေပိုင်နက်ကို ရောက်ပြီဖြစ်သည်။ ရန်ကုန်မြစ်ဝက သီလဝါလို နေရာကိုသာ ရောက်သေးလို့ သောင်တွေ ကမ်းတွေကို မမြင်ရသေး ဖြစ်နေသည်။ ရေကြောင်းပြအရာရှိ သင်္ဘောပေါ် ရောက်လာလို့ မော်တော်ဘုတ်ကလေး ပြန်ထွက်သွားသံ၊ စက်ရှိန်လျှော့ အနေးမောင်းရန် အမိန့်ပေးသံတွေကို ကြားနေရသည်။ မကြာမီပင် ဗင်နီဇွဲလားနိုင်ငံ၏ မာရာကိုင်ဗို မြို့ကို ရောက်တော့မည် ဖြစ်သည်။

ညနေ ၄-နာရီတွင် မာရာကိုင်ဗိုမြို့ အဝင်က အလွန် ရှည်လျားသည့် ပင်လယ်ဖြတ်ထိုး တံတားကြီးကို စတင် မြင်တွေ့ရသည်။ ကမ္ဘာ့ အရှည်ဆုံး တံတားတွေထဲမှာ တစ်စင်း အပါအဝင် ဖြစ်သည်။ မြစ်ကို ဖြတ်ထိုးထားတာ မဟုတ်ဘဲ ပစောက်ပုံ ပင်လယ်အော်ကြီးကို ဖြတ်ထိုးထားသည့် တံတားကြီးဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံသည် ရေနံ ကြွယ်ဝသော နိုင်ငံဖြစ်လို့ ချမ်းသာသောနိုင်ငံလို့ ပြောလို့ရသော်လည်း ပြည်သူ အများစု ဆင်းရဲနေကြသည်။ နိုင်ငံရေး မတည်မငြိမ် ဖြစ်နေသည်။ သူ့ထက်ပိုပြီး ဆင်းရဲသည့် ကိုလံဘီယာနိုင်ငံနှင့် ဂိုင်ယာနာနိုင်ငံလေးတို့ ကြားမှာ တည်ရှိနေသည်။ ဘရာဇီးနိုင်ငံကြီးက တောင်ဘက်မှာ နယ်စပ်ချင်း ထိစပ်နေသည်။ ညနေ ၅-နာရီမှာ မာရာကိုင်ဗိုမြို့ကြီးကို လှမ်းမြင်ရသည့်နေရာမှာ ကျောက်ချလိုက်သည်။

## ဗင်နီဇွဲလားမှာ ရက်တွေကြာ

၁၉-ရက်နေ့တွင် ကျောက်ချထားရာမှ ကျောက်ဖော်ထွက်ခွာပြီး မာရာကိုင်ဗိုမြို့ ဆိပ်မှာ ကပ်သည်။ မြို့ဆိပ်သည် မြို့လယ်ကောင်နှင့် သိပ်ပြီး မဝေးဘူးဆိုတာကို သတိပြုမိသည်။ ဗိုလ်တထောင် ဆိပ်ကမ်းလို

နေရာဖြစ်လို့ မြို့လယ်ကောင်ကို ခြေကျင် လျှောက်သွားလို့ရသည်။ ညနေ ရေချိုးပြီးတော့ ဒု-ထမင်းချက် မောင်ဝင်းနှင့်အတူ လေ့လာရေး ကွင်းဆင်းသည်။ မြို့ထဲရောက်အောင် သွားပြီး ကိုယ့်လူတွေကို အစီရင် ခံသည်။



ဗင်နီဇွဲလားနိုင်ငံ မာရာကိုင်ဘိုမြို့

မာရာကိုင်ဗို ဆိပ်ကမ်းသည် ကုန်ချရန်ပြင်ဆင်နေတာနဲ့ပဲ အချိန် ကုန်နေသည်။ ပြောင်းစေ့တွေကို လေစုပ်ပိုက်ပြွန်လုံးကြီးတွေဖြင့် စုပ်ယူ မည်ဖြစ်လို့ ပြင်ရဆင်ရတာ လက်ဝင်နေသည့်ပုံတွေ့ရသည်။ ကုန်ချတာ ကြာမည့် လက္ခဏာ တွေ့ရသည်။ ကုန်တင်တုန်းက လေနဲ့ မှုတ်ချတာ တောင် သုံးရက်လောက်ကြာသည်။ ကုန်ချတဲ့အခါ လေဖြင့် စုပ်ယူရမည် ဖြစ်လို့ ရက်တွေကြာမှာ သေချာသည်။ မိုးရွာလျှင် ကုန်ချတာ ရပ်ထားရ ဦးမည် ဖြစ်သည်။ ကိုအဏ္ဏဝါတို့အဖို့တော့ လေမလာ ကြာတိုင်းကောင်း ဖြစ်နေသည်။

သင်္ဘောဆိပ်နှင့် ခဲနှစ်ပစ်၊ တစ်ပြလောက်အကွာ ရပ်ကွက်တွေ ထဲမှာ အရက်ဆိုင်လေးတွေ၊ နိုက်ကလပ်ကလေးတွေ၊ ဘီယာဘားလေး တွေ ပွစိတက်နေသည်။ သင်္ဘောသားတွေ အားလုံးလောက် နီးပါးက

http://www.linhtet.com



လည်း စပိန်စကား မတောက်တခေါက် တတ်နေကြပြီဆိုတော့ အဆင်ကို ချောနေကြသည်။ အင်္ဂလိပ်စကား ပြောတတ်သည့် ကောင်မလေးတွေကို တောင် ရှောင်ကြသည်။ အင်္ဂလိပ်စကားတောင် ပြောတတ်နေပြီ ဆိုတော့ အတော် ရင့်နေပြီ၊ အတော် လည်နေပြီလို့ တွေးမိပြီး ရှောင်ကြခြင်း ဖြစ်သည်။

တောင်အမေရိက နိုင်ငံတွေကို သွားနေသည့် သင်္ဘောသားတွေ သည် အခြေခံ စပိန်စကားတွေကို တတ်ထားကြသည်။ မီယာမိုး (အချစ်ရေ)၊ မူချိုမီယာမိုး (သိပ်ချစ်တာပဲကွယ်)၊ အမီဂို (သူငယ်ချင်း)၊ ကွမ်းတိုပက်ဆို (ဘယ်လောက်ပေးရမလဲ)၊ ကွမ်းတိုအာညို (အသက် ဘယ်လောက် ရှိပြီလဲ)၊ မုချို (များသည်)၊ ပိုကိတို (နည်းသည်)၊ ဘွဲနို (ကောင်းတယ်)၊ မားလို (မကောင်းဘူး)၊ ဘွဲနိုဒီးယား (ကောင်းသော နံနက်ခင်းပါ)၊ ဘွဲနိုတာရေ့စ် (ကောင်းသော နေ့လယ်ခင်းပါ)၊ ဘွဲနိုနော ချေ (ကောင်းသော ညနေခင်းပါ)၊ ဆာရ်ဗေးဆာ (ဘီယာ)၊ အူးနို၊ ဒို့စ်၊ ထရေ့စ်၊ ကွဒ်ထရို၊ စင်ကို (၁/၂/၃/၄/၅) စသည်ဖြင့် အသုံး များသည့် စကားတွေကို တတ်ထားကြသည်။ ကျကီ ကျကီ ဆိုသည့် စကားကတော့ စပိန်စကား မဟုတ်သော်လည်း တောင်အမေရိက တစ်တိုက်လုံး သာမက တစ်ကမ္ဘာလုံးက နားလည်သော စကားဖြစ် သည်။ အင်တာနေရှင်နယ် လမ်းဝွေ့ချ်လို့တောင် ပြောလို့ရသည်။

၂၁-ရက်နေ့မှာ သင်္ဘောသား တစ်ယောက်ကို ဒေါ်လာ-၁၀၀ စီ ထုတ်ပေးသည်။ ဘီယာ တစ်ပုလင်းကို ပြားငါးဆယ်လောက်သာ ပေးရသော နိုင်ငံဖြစ်လို့ တစ်လလောက် သုံးနိုင်သည်။ ဘိုနီတို့၊ အောင်သိန်းတို့ အစွမ်းကုန် ပျော်ကြတော့သည်။ ကောင်မလေးတွေက လည်း စပိန်စကား မတောက်တခေါက်ပြောသည့် သူတို့ကို အရမ်း သဘောကျသည်။

၂၂-ရက်နေ့ (တနင်္ဂနွေ)နေ့မှာတော့ ဘိုနီသည် ရပ်ကွက်ထဲသွား ပြီး တစ်နေကုန် အရက်သောက် နေရာမှ ညနေ ၅-နာရီလောက်မှာ မူးပြီး သင်္ဘောကို ပြန်ရောက်လာသည်။ အရာရှိ ထမင်းစားခန်းထဲ ဝင်လာပြီး ထမင်းစားနေသည့် ကပ္ပိတန်ကို ချဲပါလေတော့သည်။

http://www.linhtet.com



“ကပ္ပိတန်၊ မနက်ဖြန် ရွှေထွန်း၊ သိန်းလင်းတို့နဲ့အတူ ကျွန်တော့်ကိုပါ ပြန်ပို့ပါ၊ ခင်ဗျားသင်္ဘောမှာ ကျွန်တော်မနေဘူး၊ ခင်ဗျား မတရားဘူး ကျွန်တော့် သူငယ်ချင်း အေးကို ငိုနေပြီ၊ ကျွန်တော် မကျေနပ်ဘူး၊ ကျွန်တော့် စရိတ်နဲ့ ကျွန်တော် ပြန်မယ်”

ဘိုနီ ပြောနေသည့် အင်္ဂလိပ်စကားတွေကို ကပ္ပိတန်က လုံးစေ့ပတ်စေ့ နားမလည်သဖြင့် သူ ဘာတွေ လာပြောနေတာလဲဟု ကိုအဏ္ဏဝါကို မေးသည်။ ဒီကိစ္စသည် အတော်ရှုပ်သည့် ကိစ္စဖြစ်သည်။ ဘိုနီသည် ဗိုက်အငှားဖြင့် စားထိုးခံခြင်း ဖြစ်သည်။

ဒီကိစ္စဟာ ကျူးဘားနိုင်ငံမှာ ဘိုဆင်ဦးမောင်ဟန် ဆေးရုံတက်ပြီး ကျန်နေခဲ့တာက စသည်။ သင်္ဘောမှာ ဘိုဆင် မရှိသောအခါ တက်မကိုင် အေးကိုကို ယာယီရာထူး တိုးမြှင့်ပြီး ဘိုဆင်လုပ်ခိုင်းထားခဲ့သည်။ ရာထူးခန့်စဉ်က ယာယီပါလို့ မပြောခဲ့သည့်အတွက် ယခု ပြဿနာတက်လာပြီ ဖြစ်သည်။ နက်ဖြန်ဆိုလျှင် ဘိုဆင်အသစ်နှင့်အတူ ရွှေထွန်းနှင့် သိန်းလင်းတို့၏ လူစားတွေ ရောက်လာကြတော့မည်ဆိုသည့် သတင်းကို ဘိုနီ သိသွားခြင်း ဖြစ်သည်။ ဒီကိစ္စဟာ ကာယကံရှင် အေးကိုက ပေါက်ကွဲရမည့်ကိစ္စဖြစ်သည်။ အခုတော့ အေးကို၊ ဝင်းအောင်၊ အောင်သိန်း၊ ဘိုနီတို့ အရက် တူသောက်နေကြရာမှ မကျေနပ်ချက်တွေကို ရင်ဖွင့်ကြတာ ဖြစ်မည်။ ဘိုနီက မူးလာရင် ဦးနှောက်ပျက်သွားတတ်သူဖြစ်လို့ ကပ္ပိတန်ကို ငါသွားချဲမယ်ဆိုပြီး လာချဲတာ ဖြစ်မည်။ ဖြစ်စဉ်ကို ပြောပြလိုက်တော့ ကပ္ပိတန်က ခေါင်းတယမ်းယမ်းဖြင့် ရယ်နေသည်။ သူ အခုလာပြောတာတွေကို နက်ဖြန်ကျရင် ဘာမှမှတ်မိမှာ မဟုတ်ဘူးဟု ပြောသည်။ ဘာမျှအရေးမကြီးသလို ထမင်းစားခန်းမှ ထွက်ခွာသွားသည်။

၂၃-ရက်နေ့မှာ ဘိုဆင်မြအောင်၊ တက်မကိုင် နွမ်းလျှံထန်းနှင့် စားပွဲထိုး သီဟတို့ ရောက်လာကြသည်။ တက်မကိုင် ကိုရွှေထွန်းနှင့် စားပွဲထိုး သိန်းလင်းတို့ သင်္ဘောက ဆင်းကြသည်။ ဗင်နီဇွဲလားမှ နယူးယော့က်၊ ဘန်ကောက်၊ ရန်ကုန်ခရီးစဉ်ဖြင့် ပြန်ကြမည်ဟု သိရသည်။

ဘိုဆင်မြအောင်သည် သင်္ဘောသားဟောင်းကြီး ဖြစ်သည်။ အောင်တေဇမြအောင်လို့ လူသိများသည်။ အောင်တေဇသင်္ဘော နစ်မြုပ်

http://www.linhtet.com



စဉ်က ပျဉ်ချပ်ကလေးကို တွယ်ဖက်ပြီး ၇-ရက်လုံးလုံး ရေထဲမှာ မျောနေခဲ့သူ ဖြစ်သည်။ ဘီယာ မသောက်၊ အရက် မသောက်။ စီးကရက်သောက်သည်။ နိုက်ကလပ် မသွား၊ သင်္ဘောပေါ်က အောက်ကို မဆင်း၊ သင်္ဘောက ကျွေးသည့် ထမင်းနှင့် ရေကိုတောင် အလကားရလို့ စားသောက်သည်။ ရန်ကုန်က တရားဝင်လဲလာသည့် ၆၂-ဒေါ်လာသည် သင်္ဘောကဆင်းပြီး ရန်ကုန်ပြန်သည့်အထိ မသုံးဘဲ ပြန်ပါလာအောင် ခြိုးခြံသူ ဖြစ်သည်။

တက်မကိုင် နွမ်းလျံထန်းသည် ချင်းအမျိုးသားဖြစ်သည်။ ဦးပေါ်ခန့်ထန်း၏ ညီဆိုလား၊ တူတော်တယ်ဆိုလား ပြောပြသည်။ အလွန်သဘော ကောင်းပြီး အလုပ် ကြိုးစားသူ ဖြစ်သည်။ အမိန့် နာခံသည်။ အပေါင်းအသင်းတွေကို အဆင်ပြေအောင် ပေါင်းတတ်သူ ဖြစ်သည်။ လူချစ်လူခင် ပေါသူဖြစ်သည်။

စားပွဲထိုး သီဟသည် ဦးဝင်းဟန်၏ သားမက်၏ ညီအရင်းလို့ သိရသည်။ ဦးဝင်းဟန်ဆိုတာ ပိုသီးတိုး သင်္ဘောကုမ္ပဏီ၏ မြန်မာပြည် ဌာနေကိုယ်စားလှယ် လုပ်ခဲ့သူ ဖြစ်သည်။ ကိုအဏ္ဏဝါ သင်္ဘော မတက်မီ တစ်နှစ်လောက် အလိုမှာ ဦးဝင်းဟန် ကွယ်လွန်သွားသည်။ ပိုသီးတိုး ကုမ္ပဏီကို အက်စ်အီးစီဒီက လွှဲပြောင်း ယူပြီးမှ ကိုအဏ္ဏဝါတို့ကို အလုပ်ခန့်တာ ဖြစ်သည်။

စားပွဲထိုး သီဟ၏ ခရီးဆောင် သေတ္တာကြီးက အလျား လေးပေ၊ အနံ သုံးပေ၊ အမြင့် တစ်ပေမျှ ကြီးသည်။ သေတ္တာကြီးထဲမှာ အဝတ်အထည် အစုံပေါင်း များစွာနှင့် အသုံးအဆောင် မျိုးစုံပါသည်။ သွားတိုက်ဆေးဘူး ငါးဘူးလောက် ပါသည်။ အလိပ် ၅၀ စီ စည်းထားသည့် ဆေးပေါ့လိပ် အထုပ်ပေါင်း ၁၀ ထုပ် လောက်ပါသည်။ လစဉ်ထုတ်မဂ္ဂဇင်း အုပ်ရေ ၂၀ လောက် ပါလာသည်။ ဘာကြောင့် ဒီလို ယူလာပါသလဲဟု မေးကြည့်သည်။ သူ့အဖြေက စိတ်ဝင်စားစရာ ကောင်းသည်။

"ယခင် တစ်ခေါက် သင်္ဘောတက်တုန်းက အသုံးအစွဲတွေ များသွားလို့ ဒီတစ်ခေါက်တော့ ဘာမှ မသုံးတော့ဘူး၊ သင်္ဘောက အောက်ကို မဆင်းဘဲ စာပဲ ဖတ်နေတော့မယ်"

http://www.linhtet.com



စံပြ သင်္ဘောသား ရှားပါးပုဂ္ဂိုလ်ပါတကားဟု အံ့သြမိသည်။ စောင့်ကြည့်ရမည့် ပုဂ္ဂိုလ် ဖြစ်သွားပြီ။ သင်္ဘောက ရောင်းသည့် စီးကရက်ကိုတောင် ဝယ်မသောက်တော့ဘဲ ဆေးပေါ့လိပ် အလိပ်ရေ ၅၀၀ ကို ယူဆောင်လာသူ ဖြစ်သည်။ သင်္ဘောက အောက်ကို မဆင်းဘဲ စာအုပ်ပဲ ဖတ်နေတော့မည်ဆိုလို့ နိုင်ငံတကာ နိုက်ကလပ်တွေက ကောင်မလေးတွေအတွက် စိတ်မကောင်း ဖြစ်မိသေးသည်။

ဘိုဆင် ကိုမြအောင် ရောက်လာပြီဖြစ်လို့ အေးကို ရာထူး ကျသွားသည်။ သူ၏ မူလ အလုပ်ဖြစ်သည့် အေဘီအလုပ်ကို ပြန်လုပ်ရသည်။ မိုးရွာလို့ ကုန်ချတာ ရပ်ထားရသည်။ မာရာကိုင်ဗို ဆိပ်ကမ်းမှာ မြန်မာ သင်္ဘောတစ်စီး ဆိုက်လာသည်ဟု သတင်းရသည်။

၂၅-ရက်နေ့မှာ မရိန်နာ ကုမ္ပဏီပိုင် (MV.FALAVIA) သင်္ဘောမှ (R/O) ကိုမြမူ ကိုအဏ္ဏဝါဆီကို လာလည်သည်။ ကိုအဏ္ဏဝါက ဧည့်ခံသည်။ ထမင်း စားသွားပါလားဆိုတော့ မစားဘဲပြန်သွားသည်။ နေ့လယ်စာ စားပြီးတော့ သူတို့ သင်္ဘောကို ကိုအဏ္ဏဝါ သွားလည်သည်။ မမျှော်လင့်ဘဲ အဲဒီ သင်္ဘောမှာ ကိုဖေသိန်းကို သွားတွေ့သည်။ ကိုဖေသိန်းသည် ကိုအဏ္ဏဝါနှင့်အတူ တပ်မတော် ရေတပ် ဆက်သွယ်ရေး တပ်မှာ အမှုထမ်းခဲ့သူ ဖြစ်သည်။ ကိုဖေသိန်းလည်း တပ်ကြပ်၊ ကိုအဏ္ဏဝါလည်း တပ်ကြပ်ဘဝဖြင့် အမှုထမ်းခဲ့ကြသည်။ ကိုအဏ္ဏဝါက (R/O) စာမေးပွဲအောင်ပြီး (R/O) ဖြစ်နေသည်။ ကိုဖေသိန်းက စာမေးပွဲ ဝင်မဖြေလို့ ဘိုဆင် ရာထူးဖြင့် သင်္ဘော လိုက်နေသည်။

၂၉-ရက်နေ့မှာ ကိုအဏ္ဏဝါ အလုပ် လုပ်နေသည့် ပိုသီးတိုး ကုမ္ပဏီပိုင် သင်္ဘောတစ်စီးဖြစ်သည့် (ARAMIS) သင်္ဘော မာရာကိုင်ဗို ဆိပ်ကမ်းကို ဝင်လာသည်။ အဲဒီ သင်္ဘောကို သွားလည်သည်။ (R/O)က လေတပ်ကထွက်သည့် ကိုတင်မြင့် ဖြစ်သည်။ အဲဒီ သင်္ဘောမှာ ညစာ စားပြီး ကမ္ဘာ့ ဘောလုံး ဖိုင်နယ်ပွဲ ကြည့်သည်။ ဂျာမနီနှင့် အာဂျင်တီးနားတို့ ဖိုင်နယ်လုတာ အာဂျင်တီးနား နိုင်သွားလို့ တောင်အမေရိကတိုက် တစ်တိုက်လုံးမှာ ရှိသမျှနိုင်ငံတွေ အားလုံး

http://www.linhtet.com



ပျော်နေ ကြသည်။ မဆီမဆိုင်ပင် ဗင်နီဇွဲလားကလည်း ပျော်လို့ဆိုပြီး တစ်ညလုံး မအိပ်ကြဘဲ ပျော်နေကြသည်။ အာဂျင်တီးနား တစ်နိုင်ငံလုံး ကတော့ ပျော်လွန်းလို့ နှလုံးရောဂါရှိသူတွေ သေကြသည်။ ဘီယာဆိုင် တွေမှာ အခမဲ့ သောက်လို့ရသည်။ နိုက်ကလပ်က ကောင်မလေးတွေကို အခမဲ့ ဖက်နမ်းလို့ရသည်ဟု ကြားသိရသည်။ ကိုအဏ္ဏဝါ တောက်ခေါက် လိုက်သည်။ မေလတုန်းက ကိုအဏ္ဏဝါတို့ သင်္ဘော အာဂျင်တီးနား နိုင်ငံမှာ ရှိနေခဲ့သည်။ ကမ္ဘာ့ ဘောလုံးပွဲကလည်းကွာ မေလတုန်းက ကန်တာ မဟုတ်ဘူးဟု ညည်းညူလိုက်သည်။

ပိုသီးတိုး ကုမ္ပဏီပိုင် သင်္ဘောနှစ်စီးသည် ဆိပ်ကမ်း တစ်ခုတည်း က ခဲတစ်ပစ်လောက် အကွာမှာ ရှေ့နောက်တန်းစီပြီး ဆိုက်ကပ်ထား သည့်အတွက် ကိုအဏ္ဏဝါတို့ သင်္ဘော (EVPOKETTY) က သင်္ဘော သားတွေနှင့် ကပ္ပိတန်တို့က (ARAMIS) ကို သွားလည်သည်။ ထမင်း စားသည်။ အရက်သောက်သည်။ သူတို့သင်္ဘောက ကပ္ပိတန်နှင့် သင်္ဘော သားတွေကလည်း ကိုအဏ္ဏဝါတို့ သင်္ဘောကို လာလည်ကြသည်။ သောက်ကြ၊ စားကြသည်။ ဂရိတွေကလည်း သူတို့ချင်း ပြန်တွေ့ကြလို့ ပျော်နေကြသည်။ မြန်မာတွေကတော့ အများစု ဖြစ်လို့ ပြောစရာမလို ဖြစ်နေသည်။ အဲဒီသင်္ဘောက ဆီလောင်း ကိုကျော်လွင်သည် ကိုအဏ္ဏဝါ ကို အတော်ခင်သည်။ ကြယ်ငါးပွင့်လိုင်းက လာသူဖြစ်သည်။ ကြယ်ငါး ပွင့်လိုင်းပိုင် ကမ်းရိုးတန်းသွား ခရီးသည်တင် သင်္ဘောက အတွေ့အကြုံ တွေကို ပြန်ပြောပြတာ မှတ်သားလောက်ပါပေသည်။

## ဗင်နီဇွဲလားမှ အမေရိကန်သို့

မာရာကိုင်ဗို ဆိပ်ကမ်းမှာ ဇွန်လ ကုန်သွားသည်။ ဇူလိုင်လ တစ်ရက်နေ့မှာ ကုန်ချတာ တစ်ဝက်သာ ကျသေးသည်ဟု သိရသည်။ မိုးရွာလျှင် ရပ်ထားရသည့် ကုန်ပစ္စည်းဖြစ်လို့လည်း ကြာနေတာဖြစ်သည်။ ကိုတင်မြင့်တို့၊ ကိုကျော်လွင်တို့ သင်္ဘောလည်း မထွက်နိုင်သေး ဖြစ်နေ သည်။ မာရာကိုင်ဗို ဆိပ်ကမ်းကို ဆိုက်ကပ်လာသည့် သင်္ဘောတိုင်း

http://www.linhtet.com



လိုလိုပင် နှစ်ပတ် သို့မဟုတ် ရက် ၂၀ လောက် နေသွားရသည်ချည်း ဖြစ်နေသည်။

ဗင်နီဇွဲလားနိုင်ငံမှာ ရက်တွေကြာလာတော့ ပိုက်ဆံ ကုန်လာသည်။ ဘီယာ အရက်တွေကလည်း ဈေးသက်သာသည်။ ကောင်မလေးတွေကလည်း သဘောကောင်းသည်။ ဈေးကလည်း သက်သာသည်။ စပိန်စကားကလည်း မတောက်တခေါက် ပြောတတ်နေကြတော့ အကုန်အကျတွေက အတော်များနေသည်။ အမေရိကန်ဒေါ်လာ ကိုင်သုံးနေကြသည့် သင်္ဘောသားတွေ အတွက်တော့ အလွန်ဈေးသက်သာသည့် နိုင်ငံလို့ ပြောရမည် ဖြစ်သည်။



ဗင်နီဇွဲလားနိုင်ငံမာရာကိုင်ဘိုမြို့ရောက် ကိုအဏ္ဏဝါ

အပန်းဖြေ နားနေသည့် နေရာတွေနှင့် ပန်းခြံတွေမှာ တွေ့သည့် အသက်ကြီးကြီး အမျိုးသမီးတွေဆိုလျှင် မီယာမိုး ကွမ်းတိုပလာတာ (အချစ်ရေ ဘယ်လောက်လဲကွယ်) လို့ မေးလိုက်လျှင် နိုးပရော်ဗလင်မား၊ ပိုကီးတို ဒေါ်လာ (ပြဿနာမရှိဘူး၊ ဒေါ်လာနဲ့ ဆိုရင်နည်းနည်းလေးပါ)

http://www.linhtet.com



ဟု ပြန်ပြောတတ်သည်။ အနည်းဆုံး ငါးဒေါ်လာတော့ ရမှာပဲ ဆိုတာသိ ထားလို့ဖြစ်သည်။

ဇူလိုင်လ ၁၀-ရက်နေ့မှာ မြန်မာသင်္ဘောသား ၁၅-ယောက်ပါ သည့် သင်္ဘောတစ်စီး ကိုအဏ္ဏဝါတို့ သင်္ဘောရှေ့က ကိုက် ၅၀လောက် အကွာမှာ လာကပ်သည်။ သင်္ဘောနာမည်က (SOUTHEN FRIENDSHIP) ဖြစ်သည်။ စုံစမ်းကြည့်လိုက်တော့ ဦးမောင်မောင် ကျော်၏ လိုင်းတစ်ခုဖြစ်သည့် ယူနတီ ကုမ္ပဏီပိုင် သင်္ဘောဖြစ်နေသည်။ (R/O) ဘယ်သူလဲဆိုတာ သိချင်လို့ သွားလည်သည်။ ဘားမား တယ်လီကွန်းက ထွက်သည့် ဆရာဦးမင်းဆွေ ဖြစ်သည်။ ဦးမင်းဆွေ သည် (R/O) သင်တန်းဖွင့်ပြီး စာသင်ပေးခဲ့သေးသည်။ ကိုအဏ္ဏဝါ သည်လည်း သူ့ကျောင်းမှာ ကျောင်းသားအဖြစ်ဖြင့် ကျောင်းတက်ခဲ့သေး သည်။ ဗင်နီဇွဲလား နိုင်ငံမှာ ဆရာတပည့်နှစ်ယောက် ပြန်တွေ့ကြတော့ တွဲပြီး ပျော်လိုက်ကြသေးသည်။

(**မှတ်ချက်**။ ။ ဒီစာကို ရေးနေ့စဉ် ၉-၆-၂၀၀၅ နေ့ထုတ် သတင်းစာမှာ ဦးမင်းဆွေ၊ အသက် (၇၃)နှစ်၊ ၈-၆-၂၀၀၅နေ့မှာ ကွယ်လွန်ကြောင်း နာရေးသတင်း ပါလာသည်။ တိုက်ဆိုင်လိုက်တာ ဆရာရယ်ဟု တွေးလိုက်မိသည်။ မိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါသည်)

၁၂-ရက်နေ့ ညနေမှာ ကိုတင်မြင့်တို့ ကိုကျော်လွင်တို့ သင်္ဘော (MV.ARAMIS (3EYX-2) မာရာကိုင်ဗိုမှ ထွက်ခွာသွားသည်။ အမေရိကန်ကို သွားမည်ဟု သိရသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောကို (VHF) ဖြင့် ခေါ်ပြီး နှုတ်ဆက်သွားသည်။ ကိုတင်မြင့်ကလည်း ၅၀၀ ကီလိုဆိုက်ကယ်မှ ဝါယာလက်ဖြင့် ကိုအဏ္ဏဝါကို နှုတ်ဆက်သွားသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောကတော့ ကုန်ချလို့ မပြီးနိုင်သေးဖြစ်နေ သည်။ မိုးရွာလိုက် နေပူလိုက်ဖြစ်နေလို့ ကုန်ချတာ ရပ်ရပ်ထားရသည်။ စနေနေ့ နေ့တစ်ဝက်နှင့် တနင်္ဂနွေနေ့မှာလည်း အလုပ် နားသည်။ ၁၂-ရက် နေ့သည် စနေနေ့ဖြစ်လို့ ကိုအဏ္ဏဝါနှင့် ရဲထွန်းတို့ မြို့ထဲ လျှောက်လည်ကြသည်။ စတိုးတစ်ဆိုင်ရှေ့က လှေကားမှာ ညောင်းလို့ ထိုင်နေကြသည်။ စတိုးဆိုင်ထဲက ပြန်ထွက်လာကြသည့် မိန်းကလေး နှစ်ယောက်အနက် တစ်ယောက်၏ ဂျင်းဘောင်းဘီ၏ ဇစ်ပြုတ်ပြီး ဟပြဲ

http://www.linhtet.com



ဖြစ်နေတာကို ကိုအဏ္ဏဝါက မြင်သည်။ ကလေးမကို လက်ယပ်ခေါ်ပြီး အနားမှာ လာရပ်စေသည်။ ကလေးမသည် ဘုမသိ ဘမသိဖြင့် ကိုအဏ္ဏဝါရဲ့ ရှေ့မှာ လာရပ်သည်။ ကိုအဏ္ဏဝါက သူ့ဘောင်းဘီ ဇစ်ပြုတ်နေတယ်လို့ စပိန်လို မပြောတတ်လို့ ပြုတ်နေသည့် ဇစ်ကို ကိုယ်တိုင်ဆွဲပိတ်ပေးလိုက်သည်။ ကလေးမနစ်ယောက်သည် တအံ့တသြ ဖြစ်သွားပြီး (မုချဂရာ့ စီးယား) ကျေးဇူးအများကြီး တင်ပါတယ်ဟု ပြောသည်။ ပြောပြီးသော်လည်း သူတို့ သွားမည့်ခရီးကို မသွားကြသေးပဲ ကိုအဏ္ဏဝါနှင့် ရဲထွန်းတို့ အနီးမှာ တဝဲလည်လည် လုပ်နေကြသည်။ ကိုအဏ္ဏဝါတို့ ထပြန်တော့လည်း ကိုအဏ္ဏဝါတို့နောက်က မယောင်မလည်ဖြင့် လိုက်လာကြသည်။ ရဲထွန်းက မှတ်ချက်ချသည်။

"အစ်ကိုကြီး ဒီကောင်မလေးတွေ ကျွန်တော်တို့ကို စိတ်ဝင်စားနေပြီဗျ"

"သိနေတယ်လေ၊ ခေါ်ရင်လိုက်ကြတော့မယ်၊ ဘယ်လို လုပ်ကြမလဲ"

"အဲဒါမှ ဒုက္ခပဲ ကျွန်တော်က ညနေ လေးနာရီမှာ ဂျူတီဝင်ရမယ်။ သင်္ဘောကို ပြန်ရမယ်"

"ဒါဆိုလည်း စိတ်လျှော့လိုက်ပေါ့ကွာ"

"တော်တော် လွယ်တာပဲနော် အစ်ကိုကြီး"

"အဲဒါဟာ ဆင်းရဲမွဲတေမှုနဲ့ ဒီမိုကရေစီတို့ ပေါင်းစပ်ထားတဲ့ သင်္ကေတပဲ"

ကိုအဏ္ဏဝါနှင့် ရဲထွန်းတို့သည် နီးရာစတိုးဆိုင် တစ်ဆိုင်မှ ဘီယာ ၂၄-ဘူး ဝယ်ပြီး သင်္ဘောကို ပြန်ခဲ့ကြသည်။ ကိုအဏ္ဏဝါတို့ တိုင်စီကားပေါ် တက်နေသည်အထိ ကလေးမနစ်ယောက်သည် ကိုအဏ္ဏဝါတို့ကို လိုက်ကြည့်နေကြသေးသည်။

၁၅-ရက်နေ့ နံနက် ၆-နာရီမှာ ဗင်နီဇွဲလား နိုင်ငံ မာရာကိုင်ဗို ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာခဲ့ပါသည်။ ဆရာဦးမင်းဆွေတို့ သင်္ဘောကတော့ ကုန်ချနေဆဲ ကျန်နေခဲ့ပါသည်။ မာရာကိုင်ဗိုမှာ တစ်လ ကြာခဲ့သည်။ အမေရိကန်သို့ ဦးတည်ထွက်ခွာခဲ့ပါသည်။

http://www.linhtet.com



## အမေရိကန်မှ ချီလီနိုင်ငံသို့

ဗင်နီဇွဲလားနိုင်ငံမှ ထွက်လာပြီး မြောက်အရပ်သို့ ဦးတည်၍ ကာရေဗီယံ ပင်လယ်ကို ဖြတ်နေသည်။ မကြာသေးမီက ရောက်ခဲ့သည့် ကျူးဘားနှင့် ဒိုမီနီကန်ကျွန်းနိုင်ငံတွေ အနီးက ဖြတ်သည်။ ဒိုမီနီကန်က သနားစရာကောင်းလောက်အောင် ဆင်းရဲနွမ်းပါးသည့် ကောင်မလေးတွေကို အမှတ်ရလာသည်။ မြန်မာဘိုဆင် တစ်ယောက်၏ သားကလေးလို့ ဆိုသည့် ကလေးကိုလည်း အမှတ်ရ မြင်ယောင်လာပါသည်။

ကျူးဘားကျွန်းအနီးကို ဖြတ်တော့လည်း မမြင်ဖူးသည့် မာရီယာကို သတိရမိပြန်သည်။ မာရီယာသည် ထမင်းချက် မောင်ဝင်း၏ အမျိုးသမီးမိတ်ဆွေ ဖြစ်သည်။ ကျူးဘားနိုင်ငံမှာ မနေချင်လို့ သူ့အဖေနှင့် အစ်ကိုတွေရှိရာ အမေရိကန်ကို လိုက်သွားရန် ပနားမားနိုင်ငံကို ထွက်ခွာသွားပြီးလို့ သူ့အမေက ပြောခဲ့တာကို ပြန်လည်ကြားယောင်မိပါသည်။ မာရီယာရဲ့ အမေကတော့ အစိုးရအမှုထမ်းဖြစ်လို့ ပင်စင်ကို မျှော်ကိုးပြီး ကျူးဘားနိုင်ငံမှာ တစ်ယောက်တည်း နေနေရသည်။

၁၈-ရက်နေ့မှာ တက်မစင်မှာ တာဝန်ကျနေသည့် သင်္ဘောသား က ဖုန်းဆက်ပြီး ကပ္ပိတန်က ခေါ်ခိုင်းသည်ဟု ပြောသည်။ ဘာကိစ္စ ခေါ်ပါလိမ့်ဟု တွေးပြီး တက်မစင်ပေါ် တက်သွားသည်။ ကပ္ပိတန်က ကိုအဏ္ဏဝါ၏ လစာစာရင်းကို လက်မှတ်ထိုးခိုင်းသည်။ ဇွန်လအတွက် လစာစာရင်းဖြစ်သည်။ ဗင်နီဇွဲလားမှာ ထုတ်ငွေ ဒေါ်လာ ၁၀၀ အပြင်၊ စုငွေ ၅၇ ဒေါ်လာ ဖြတ်ထားတာ တွေ့ရသည်။ ဘာကိစ္စ စုငွေဖြတ်ရ တာလဲလို့ မေးကြည့်တော့ သင်္ဘောသား အကျင့်ပျက်လို့၊ စည်းကမ်း မလိုက်နာလို့ မိမိ စရိတ်ဖြင့် ပြန်ပို့ရမည်ဆိုလျှင် လမ်းစရိတ် အတွက် သုံးရန် ကြိုတင် ဖြတ်တောက်ထားသည်ဟု ပြောပါသည်။ ကိုအဏ္ဏဝါ စိတ်ပျက်သွားသည်၊ မသိလို့ ကပ္ပိတန်ကို မေးကြည့်သည်။

"ဒီပိုက်ဆံက ဘယ်တော့ ပြန်ရမလဲ"

"ခင်ဗျားသင်္ဘောက ဆင်းတဲ့နေ့မှာ ပြန်ရမှာပေါ့"

"သေချာတယ်နော် ကပ္ပိတန်"

"သေချာပါတယ်"

http://www.linhtet.com



အဲဒီပိုက်ဆံတွေ ပြန်မရလို့ကတော့ သင်္ဘောက မဆင်းဘဲ နေမည်ဟု စိတ်ကူးထားလိုက်သည်။ လိုအပ်လျှင် (ITF) ကို တိုင်မည်ဟု ဆုံးဖြတ်လိုက်သည်။ ဂရိတွေသည် (ITF) ဆိုတဲ့ အသံကြားလျှင် ကြောက်ကြသည်။ သင်္ဘောသားက တိုင်လို့ရှိလျှင် သင်္ဘောပိုင်ရှင်ကို ထိရောက်ပြင်းထန်စွာ အရေးယူသော အဖွဲ့အစည်း ဖြစ်သည်။

၂၁-ရက်နေ့ ညနေ ၃-နာရီတွင် အမေရိကန်နိုင်ငံကို ရောက်ပြီး မြစ်တစ်ခု အတွင်းကို စတင်ဝင်သည်။ ရေကြောင်းပြ တက်လာသည်။ မြစ်တွင်း ရေကြောင်းလမ်းပြဖြစ်သည်။ မြစ်သည် သိပ်ပြီးမကျယ်သည့် အပြင် ရေတိမ်သည့် နေရာတွေ မကြာခဏ တွေ့ရသဖြင့် ရေကြောင်း မကျွမ်းကျင်ပါက အန္တရာယ်ဖြစ်နိုင်သော ခရီးဖြစ်သည်။

ကိုအဏ္ဏဝါသည် သင်္ဘောကုန်းပတ်ပေါ်မှ မြစ်ကမ်းဘေး ဝဲယာကို ကြည့်ပြီး လိုက်ပါလာသည်။ မြစ်ကမ်းဘေး ဝဲယာမှာ ပေါက်နေသည့် သစ်ပင်တွေသည် ကိုအဏ္ဏဝါတို့ ရခိုင်ဒေသက မြစ်ချောင်းတွေမှာ ပေါက်နေကြသည့် လမုပင်၊ ဗျူးပင်၊ ဗျာပင်၊ ဓနိပင်တွေ မဟုတ်၊ ရာသီအလိုက် အရောင် ပြောင်းနေကြသည့် အပင်ငယ်တွေဖြစ်သည်။ ဇူလိုင်လဖြစ်လို့ အမေရိကမှာ ပူလည်းမပူ၊ အေးလည်းမအေး၊ နေလို့ကောင်းနေသည့် ရာသီဥတု ဖြစ်နေသည်။ မြစ်ကမ်းဘေး ဝဲယာက သစ်ပင်တွေသည် ဆေးရောင်စုံ ပက်ဖျန်းထားသလို အနီ၊ အညို၊ အဝါ၊ အပြာ ရောင်စုံ ရောယှက်နေသည်။ လှလိုက်တဲ့ အမေရိက၊ သူတို့ဒေသကို သူတို့ချစ်ကြမှာပဲဟု တွေးမိသည်။ ကိုအဏ္ဏဝါသည် ရခိုင်ပြည်နယ် ဝမြို့နယ်ထဲက သူ့ကို မွေးဖွားခဲ့ရာ ကျိန္တလီရွာကြီးကို အမှတ်ရ လွမ်းတနေမိသည်။

ည ၇-နာရီမှာ ဗျူးမောင့် (BEAUMONT) (အမေရိကန်တွေက ဗားမောင့်လို့ အသံထွက်ကြသည်။ သူတို့ အသံထွက်သလို ဗားမောင့်လို့ ထွက်လိုက်တာ ကောင်းသည်။) ဆိပ်ကမ်းကိုရောက်သည်နှင့် တိုက်ရိုက် ကပ်ခွင့်ရသည်။ ဗားမောင့်သည် အမေရိကန်ပြည်ထောင်စု တောင်ပိုင်း တက္ကဆပ်ပြည်နယ်ထဲက မြို့ကြီးဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် တက္ကဆပ်ပြည်နယ်သည် ရာသီဥတု သာယာ ကောင်းမွန်သော အရပ်ဖြစ်သည်။ သစ်ပင်ပန်းမန်တွေလည်း စိုပြည် စိမ်းလန်းလှပသည်။

http://www.linhtet.com



ဗားမောင့်ကို ရောက်သည့်ညမှာပင် သင်္ဘောသား ကလပ်က ကားဖြင့်လာခေါ်သည်။ သင်္ဘောသား တချို့ လိုက်သွားကြသည်။ ည ၁၁-နာရီမှာ သင်္ဘောကို ပြန်ပို့ပေးမည်ဟု သိရသည်။ ကိုအဏ္ဏဝါကတော့ မလိုက်တော့ဘဲ သင်္ဘောမှာပဲ အနားယူနေလိုက်သည်။

၂၂-ရက်နေ့မှာ ကုန်စတင်သည်။ သံမဏိတွေ တင်သည်၊ လေးလက်မ ပတ်လည်အရွယ် အလျားပေ ၂၀ စီရှည်သော သံမဏိချောင်း တွေတင်သည်။ ဒီလိုကုန်ပစ္စည်းမျိုးကို သင်္ဘောတင်ရာမှာ ကုန်းပတ်အရာရှိ (ချိဖ်အော်ဖစ်ဆာ) ၏ ပညာကို မြင်တွေ့ရသည်။ ဒီပစ္စည်းမျိုးသည် အလွန်လေးသဖြင့် တစ်နေရာတည်းမှာ စုပြုံထည့်ပါက သင်္ဘောဝမ်းဗိုက်ကွဲကျပြီး နစ်မြုပ်မည်ဟု ဆိုသည်။ ကုန်ထည့်ပေါက်အားလုံးမှာ နည်းနည်းစီ မျှထည့်တာ တွေ့ရသည်။ လှိုင်းလှုပ်လျှင် တစ်ဖက်မှာ စုပုံသွားပြီး သင်္ဘောစောင်း မှောက်နိုင်သည့်အတွက် သတိထားပြီး ကုန်တင်နေတာ တွေ့ရသည်။

ဗားမောင့်မှာ ကုန်တင်နေသည့် ရက်တွေမှာ သင်္ဘောသား ကလပ်က ကား နေ့စဉ် လာခေါ်သည်။ ညနေ ၅-နာရီမှာ လာခေါ်သည်။ ည ၁၁-နာရီမှာ ပြန်ပို့ပေးသည်။ သင်္ဘောသားကလပ် (SEAMAN CLUB) မှာ ဘီယာ၊ အရက်နှင့် အမြည်းမျိုးစုံ ရသည်။ စာအုပ်မျိုးစုံ ဖတ်နိုင်သည်။ လိုချင်သည့် စာအုပ်ကို အခမဲ့ ယူနိုင်သည်။ တယ်လီဖုန်း ဆက်လို့ရသည်။ ရုပ်မြင်သံကြား ကြည့်နိုင်သည်။ ပင်ပေါင် ရိုက်နိုင်သည်။ ဘိလိယက် ထိုးနိုင်သည်။ သင်္ဘောသားကလပ်ကို လာပြီး အဖော်ရှာသူနှင့် အပေးအယူ တည့်သွားလျှင် သူမ နေထိုင်ရာအိမ်ကို လိုက်သွားပြီး အိပ်လို့ရသည်။

၂၆-ရက်နေ့ ည ၅-နာရီမှာ ဗားမောင့်က ပြန်လည် ထွက်ခွာခဲ့ပါသည်။ လာလမ်းအတိုင်း ပြန်ခဲ့ခြင်း ဖြစ်သည်။ တက္ကဆပ်၏ ညနေခင်း နေခြည်အရောင်သည် မြစ်ကမ်းဘေး ဝဲယာက ဆေးရောင်စုံသစ်တောတွေပေါ်မှာ ရွှေရည်ပက်ဖျန်းထားသလို ဝင်းစိုလှပနေသည်။

အမေရိကန်နိုင်ငံ၊ တက္ကဆပ်ပြည်နယ်၊ ဗားမောင့်မြို့မှ ချီလီနိုင်ငံသို့ ဦးတည်ခုတ်မောင်းနေသည်။ ကိုအဏ္ဏဝါပို့ရသည့် ကြေးနန်းတွေအရ

http://www.linhtet.com



၁၇-၈-၈၆ နေ့မှာ ချီလီနိုင်ငံ တောင်ဘက် အစွန်ဆုံးက ပွန်တာရီးနား (PUNTARENAS) ဆိုသည့် ဆိပ်ကမ်းကို ရောက်မည်ဟု ကြေးနန်းတွေမှာ ရေးသားထားသည်။

## ပနားမား တူးမြောင်း

၂၇-ရက်နေ့မှာ မက္ကဆီကို ပင်လယ်ကွေ့ထဲမှာ ခုတ်မောင်းနေသည်။ ပနားမား တူးမြောင်းကို ဦးတည်ခုတ်မောင်းနေသည်။ ပနားမားကို ဘယ်နေ့ရောက်မလဲဟု ဒုတိယအရာရှိကို မေးကြည့်သည်။ ဩဂုတ်လ ၁-ရက်နေ့ ရောက်မည်ဟု ပြောသည်။ သင်္ဘောကြီးတွေဖြင့် ခရီးသွားခြင်းသည် အဝေးပြေးကားတွေဖြင့် ခရီးသွားပုံ မတူတာကို သတိထားမိသည်။ အဝေးပြေး ဘတ်စ်ကားတွေက ဘယ်အချိန် ရောက်မလဲလို့ မေးတာကို မကြိုက်သည့်အတွက် (ရောက်မည့်အချိန် မေးမြန်းခြင်း သည်းခံပါ) ဟု မြင်သာသည့် နေရာမှာ စာရေးပြီး ကပ်ထားသည်။ သင်္ဘောကြီးတွေကတော့ ရောက်မည့်အချိန် (ETA) ကို ကြေးနန်းဖြင့် ကြိုပို့ကြရသည်။ မေးလျှင်လည်း ပြောပါသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောသည် အတ္တလန္တိတ် သမုဒ္ဒရာထဲက မက္ကဆီကို ပင်လယ်ကွေ့ထဲမှာ ခုတ်မောင်းနေသည်။ ချီလီနိုင်ငံကို သွားမည်ဖြစ်လို့ ပနားမားတူးမြောင်းကို ဖြတ်ပြီး ပစိဖိတ် သမုဒ္ဒရာဘက်ကို ကူးရဦးမည် ဖြစ်သည်။ ချီလီနိုင်ငံသည် တောင်အမေရိကတိုက်၏ အနောက်ဘက်ခြမ်းမှာ တောင်နှင့်မြောက် ရှည်မျောမျော တန်းနေသော နိုင်ငံဖြစ်သည်။ ပစိဖိတ် သမုဒ္ဒရာ၏ အရှေ့ဘက် ကမ်းကို အနားသပ်ထားသည်။ ပနားမားတူးမြောင်းသာ မရှိပါက တောင်အမေရိကတိုက်ကြီးကို ပတ်ရမည် ဖြစ်သည်။ အတ္တလန္တိတ် သမုဒ္ဒရာမှ ပစိဖိတ်သမုဒ္ဒရာကို သွားရန် ပနားမားတူးမြောင်းကို ဖြတ်တာ ၁၀-နာရီမျှသာ ကြာမည်။ တောင်အမေရိကတိုက်ကို ပတ်ပါက အနည်းဆုံး နှစ်လခန့်ကြာနိုင်သည်။

ကိုအဏ္ဏဝါသည် ရာသီဥတု သတင်းတွေကို အမေရိကန် ရေဒီယို စတေရှင်တွေက ယူသည်။ ကြေးနန်းတွေကိုလည်း အမေရိကန်

http://www.linhtet.com



ရေဒီယို စတေရှင်တစ်ခုဖြစ်သည့် SLIDELL (WNU) မှ ပို့သည်။ ဖမ်းသည်။ အင်္ဂလန် (GKB) ကိုလည်း နားထောင်သည်။ အေသင် ရေဒီယိုကိုလည်း နားထောင်သည်။ အလုပ်အကိုင်အားလုံး အဆင်ချော နေသည်။ မိုးလေဝသ သတင်းကို သင့်ရာတော်ရာ စတေရှင်တွေက ယူပေးနေသည်။ ကပ္ပိတန်ကလည်း ဂရိလူမျိုးဖြစ်လို့ စပိန်လို ဖမ်းလို့ ရတာကိုတွေကို ဖတ်တတ်သည်။ နားလည်သည်။

ဩဂုတ်လ ၁-ရက်နေ့မှာ ပနားမား တူးမြောင်းကို ရောက်သည်။ တူးမြောင်းကို ဖြတ်ရန် တန်းစီစောင့်ရမည်ဖြစ်လို့ ကျောက်ချ ရပ်နားလိုက်သည်။ တူးမြောင်းဖြတ်ခ ငွေပေးချေပြီးကြောင်း စာရွက်စာတမ်းရပြီးမှသာ ဖြတ်ခွင့်ရမည်ဖြစ်သည်။ သင်္ဘော၏ အရွယ်အစား သင်္ဘောနှင့် ကုန်အလေးချိန် စုစုပေါင်း အလေးချိန်တို့ကို တွက်ချက်ပြီးမှ ပေးချေရမည့် ငွေအရေအတွက် အဖြေထွက်မည် ဖြစ်သည်။ မကြာမီ တူးမြောင်း အာဏာပိုင်အဖွဲ့ တက်လာကြမည်ဖြစ်လို့ စောင့်ရဦးမည် ဖြစ်သည်။ ကျောက်ချပြီး အေးအေးဆေးဆေး နပ်နေကြသည်။

ကိုအဏ္ဏဝါတို့ သင်္ဘော ကျောက်ချနေသော နေရာသည် အတ္တလန္တိတ် သမုဒ္ဒရာ ဘက်မှာဖြစ်လို့ ခရစ္စတိုဘောဟု ခေါ်သည်။ ဟိုမှာဘက်ဖြစ်သည့် ပစိဖိတ်သမုဒ္ဒရာ ဘက်က နေရာကို ဘာဘိုယာဟု ခေါ်သည်။ ဟိုဘက်မှာရော ဒီဘက်မှာပါ တူးမြောင်းဖြတ်ရန် စောင့်ဆိုင်းနေသော သင်္ဘောတွေ အများအပြားရှိနေသည်။ တူးမြောင်းဖြတ်ခ ငွေသွင်းပြီးသည့် သင်္ဘောတွေကို ၄၈-နာရီအတွင်း ဖြတ်နိုင်အောင် ဆောင်ရွက်ပေးသည်။

ကိုအဏ္ဏဝါသည် ကမ္ဘာကျော် ပနားမားတူးမြောင်းကို ပထမဆုံး အကြိမ်အဖြစ် ရောက်ဖူးခြင်း ဖြစ်သည်။ တူးမြောင်းအာဏာပိုင် အဖွဲ့ထံမှ ရသည့် တူးမြောင်းဆိုင်ရာ သိမှတ်စရာ စာရွက်စာတမ်းတွေကို ဖတ်ကြည့်သည်။ စိတ်ဝင်စားစရာ အလွန်ကောင်းတာကို တွေ့ရသည်။

အတ္တလန္တိတ် သမုဒ္ဒရာကြီးနှင့် ပစိဖိတ်သမုဒ္ဒရာကြီးတို့ကို မိုင် ငါးဆယ်မျှသာကျယ်သော ပနားမား တောင်တန်းကြီးက ကာဆီးနေသည်။ ဒီတောင်ကြီး ကာဆီးနေသည့်အတွက် ပင်လယ်ကြီး တစ်ခုမှ

http://www.linhtet.com



တစ်ခုသို့ သွားချင်သော သင်္ဘောတွေသည် တောင်အမေရိကတိုက်ကြီးကို ပတ်ပြီး သုံးလမျှ ကြာအောင် သွားနေကြရသည်။ ဒီတောင်ကြီးကို ဖြိုချနိုင်ပါက ၁၀-နာရီမျှဖြင့် ဖြတ်ကူးသွားလာနိုင်မည် ဖြစ်သည်။

ပနားမားတောင်ပေါ်မှာ ဧရာမ ရေကန်ကြီးတစ်ခု ရှိနေသည်။ ဒီရေကန်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း-၃၁၂ ပေ အမြင့်မှာ ရှိနေသည်။ ပင်လယ်ရေမျက်နှာပြင်နှင့် တောင်ပေါ်က ကန်ရေပြင်ကို ဆက်မိအောင် ဖန်တီးနိုင်လျှင် ဆိုသည့် စိတ်ကူးယဉ် အတွေးမျိုးကို ၁၆-ရာစု လောက်ကပင် တွေးမိခဲ့သည်။

၁၅၃၄-ခုနှစ်တွင် စပိန်ဘုရင် ချားလ် (၁) သည် စိတ်ကူးကို အကောင်အထည် ဖော်ကြည့်ရန် ပဏာမတိုင်းထွာမှု လုပ်ခဲ့သေးသည်။ သို့သော် ငွေကြေး မတက်နိုင်တာရယ်၊ နည်းပညာ အားနည်းတာရယ် ကြောင့် ဘာမျှ အကောင်အထည် မပေါ်ဘဲ ရပ်သွားခဲ့သည်။

၁၈၈၀-ခုနှစ် ကျတော့မှ ပြင်သစ်အင်ဂျင်နီယာတွေက စတင် ဖောက်လုပ်ခဲ့ကြသည်။ သို့သော် လုပ်ငန်းစတင်ပြီး နှစ်ပေါင်း ၂၀ ကြာသည့်တိုင်အောင် ထိရောက်သည့် အကောင်အထည်ပေါ်မှု ဖြစ်မလာဘဲ နှေးကွေးခဲ့သည်။ နောက်ဆုံးတော့ ငွေကြေး အခက်အခဲကြောင့် တိုးလိုးတန်းလန်းဖြင့် လုပ်ငန်းကြီးတစ်ခုလုံး ရပ်ဆိုင်းသွားလေတော့သည်။

၁၉၀၃-ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုနှင့် ပနားမားနိုင်ငံတို့ တူးမြောင်း ဖောက်လုပ်ရေးကိစ္စ သဘောတူ စာချုပ် ချုပ်ဆိုကြပြီး အမေရိကန် ပြည်ထောင်စုသည် ပြင်သစ်ကုမ္ပဏီထံမှ တူးမြောင်းဖောက်လုပ်ရေးလုပ်ငန်းခွင်နှင့် လုပ်ငန်းလက်စ အားလုံးကို ဒေါ်လာသန်း ၄၀ ဖြင့် ဝယ်ယူလိုက်သည်။ ပဏာမအဖြစ် ဒေါ်လာ သုံးကုဋေ စတင်ရင်းနှီးမြှုပ်နှံပြီး ဆက်လက်တူးဖောက်သည်။ အချိန်ကာလ ၁၁-နှစ် အကြာ၊ ငွေကြေး ၃၈၇ သန်း ကုန်သောအခါ လုပ်ငန်းအားလုံး လက်စ သတ်ပြီးမြောက်သွားလေတော့သည်။

http://www.linhtet.com



## သင်္ဘောကြီးတွေကို တောင်ပေါ်တက်ခိုင်းသော တူးမြောင်း

ပနားမား တူးမြောင်း ပြီးသွား၍ ဖွင့်လှစ်လိုက်သောအခါ အတ္တလန္တိတ် သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ ဖြတ်လမ်း ပွင့်သွားတော့သည်။ သုံးလမျှ သွားရမည့်ခရီးကို ၁၀-နာရီမျှဖြင့် ရောက်အောင် သွားနိုင်ပြီ ဖြစ်သည်။ ကုန်ကျစရိတ်နှင့် အချိန်တွေ အများကြီး သက်သာသွားသည်။

ခရစ္စတိုဘော (အတ္တလန္တိတ်) နှင့် ဘာဘိုယာ (ပစိဖိတ်) မည်သည့်ဘက်ကပင် ဖြစ်စေ၊ တူးမြောင်းကို ဖြတ်မည်ဆိုပါက ပင်လယ်ရေမျက်ပြင်နဲ့ တစ်ညီတည်းရှိသည့် ပထမရေလုံးတံခါးထဲကို သင်္ဘောကြီး ဝင်ရသည်။ ဝင်ပြီးသည်နှင့် ရေလုံတံခါးကို ပိတ်လိုက်တော့သည်။ တံခါးရွက်နှစ်ချပ်ကို တည်ဆောက်ထားပုံက သိပ္ပံနည်းကျပြီး ပညာသားပါလှသည်။ သင်္ဘောတွေကို ရေလုံတံခါးထဲသွင်းပြီးသည်နှင့် ရေလုံကန်ကို ရေဖြည့်တော့သည်။ ပထမ ရေလှောင်ကန်ထဲမှာ ရေတွေပြည့်လာပြီး သင်္ဘောကြီး အပေါ်ကို မြောက်တက်လာသည်။ ကန်ထဲမှာ ရေတွေများလာလေ ရေလုံတံခါးက တင်းကြပ်ပြီး ရေလုံလေဖြစ်အောင် တည်ဆောက်ထားသည်။ သင်္ဘောကြီးသည် ပင်လယ်ရေမျက်နှာပြင် အထက် ပေ-၁၀၀ လောက်ရောက်လို့ ဒုတိယ ရေလှောင်ကန်နှင့် ရေမျက်နှာပြင် ညီသွားပြီဆိုလျှင် ဒုတိယ ရေလှောင်ကန်၏ ရေတံခါးကို ဖွင့်ပြီး မောင်းဝင်သွားရသည်။ သင်္ဘောကြီးလျှင် တစ်စီး၊ သေးလျှင် နှစ်စီး ဝင်နိုင်သည်။

ဒုတိယ ရေလှောင်ကန်ထဲကို ရောက်ပြီဆိုတာနဲ့ ရေလုံတံခါးကို ပိတ်လိုက်တော့သည်။ ပိတ်ပြီးပြီဆိုတာနဲ့ ရေဖြည့်တော့သည်။ ဒုတိယ ရေလှောင်ကန်၏ ရေမျက်နှာပြင်နှင့် တတိယရေလှောင်ကန်၏ ရေမျက်နှာပြင် ညီသွားပြီဆိုလျှင် တတိယ ရေလှောင်ကန်၏ တံခါးကို ဖွင့်ပြီး ဝင်သွားတော့သည်။ ဒီအချိန်မှာ သင်္ဘောကြီးသည် ပင်လယ်ရေမျက်နှာပြင် အထက်ပေ-၂၀၀ လောက်ကို ရောက်နေပြီ ဖြစ်သည်။

တတိယ ရေလှောင်ကန်ထဲကို ရောက်ပြီဆိုတာနဲ့ ရေလုံတံခါးကြီး ပိတ်လိုက်ပြီး ရေဖြည့်တော့သည်။ ရေသွင်းရေထုတ်တာကလည်း အရမ်းမြန်သည်။ ရေကန်ထဲမှာ သင်္ဘောကြီး တက်လာတာ၊ ဆင်းသွားတာကို

http://www.linhtet.com



သိသိသာသာ မြင်နေရသည်။ တတိယ ရေလှောင်ကန်၏ ရေမျက်နှာပြင်နှင့် တောင်ပေါ်မှာ ရှိနေသည့် သဘာဝ ရေကန်ကြီး၏ ရေမျက်နှာပြင်တို့ ညီသွားပြီဆိုလျှင် ထွက်ပေါက် ရေတံခါးကို ဖွင့်ပေးလိုက်တော့သည်။

သင်္ဘောကြီးတွေ ရေလှောင်ကန်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းရာတွင် စက်အားကို လိုအပ်မှ သုံးရသည်။ သင်္ဘောကြီးရဲ့ ရှေ့နောက်၊ ဝဲယာမှာ ကြိုးတွေဖြင့် ထိန်းထားပြီး သံလမ်းပေါ်က ရထား ၄ စီးက ထိန်းညှိပေးထားသည်။ လိုအပ်သလို အလျှော့အတင်း လုပ်ပေးပါသည်။ သင်္ဘောကြီးပေါ်မှာ ရေကြောင်းပြအပြင် တူးမြောင်း အင်ဂျင်နီယာ တစ်ယောက်ပါ လိုက်ပါနေသည်။



ပနားမား တူးမြောင်းကို ဖြတ်နေသော သင်္ဘောကြီးများ

သင်္ဘောကြီးသည် သဘာဝရေကန်ကြီးထဲကို ရောက်ပြီဆိုတာနဲ့ ရေကြောင်းပြမှအပ အင်ဂျင်နီယာနှင့် အလုပ်သမားတွေအားလုံး သင်္ဘောက ဆင်းကျန်ရစ်တော့သည်။ သင်္ဘောကြီးသည် သဘာဝ ရေကန်ကြီးထဲမှာ လွတ်လွတ်လပ်လပ် မောင်းနှင်သွားတော့သည်။ ရှမ်းပြည်နယ်က အင်းလေးကန်ကြီးနဲ့ တူသည်။ အင်လေးကန်ထက် ပိုပြီး လှသည်။

http://www.linhtet.com



ကန်ထဲမှာပင် တောင်တွေ၊ ကျွန်းကလေးတွေဖြင့် သာယာလှပနေသည်။ ရေကလည်း စိမ်းပြီး ချိုနေသည်။ နိုင်ငံခြား သင်္ဘောသားတွေ အတော်များများသည် ပနားမားရေကန်ကြီးထဲက ရေကို သောက်ရေအဖြစ် ခိုးထည့်ယူကြသည်။

တောင်ပေါ်က သဘာဝရေကန်ကြီးသည် အတ္တလန္တိတ် သမုဒ္ဒရာနဲ့ ပိုပြီးနီးသည်။ ပစိဖိတ် သမုဒ္ဒရာကို ရောက်ရန်အတွက် သဘာဝရေကန်မှ တူးမြောင်းအရှည် ၉ မိုင် ဖောက်လုပ်ထားသည်။ တချို့နေရာတွေဟာ တောင်ကြား စမ်းချောင်းတွေကို တူးမြောင်းဖြစ်အောင် ပြုလုပ်ထားသည်။ တချို့နေရာတွေမှာ ကျောက်တောင်ကြီးတွေကို ဖြတ်ဖောက်ထားတာတွေ့ရသည်။ အဝင်နှင့် အထွက် သင်္ဘောကြီး နှစ်စီး ပွတ်ကာသီကာ ရှောင်သာရုံသာ ကျယ်သည်။ တူးမြောင်း တစ်လျှောက်မှာ လျှပ်စစ်မီးတွေ လင်းထိန်နေအောင် ထွန်းပေးထားသည်။ တူးမြောင်းဘေးဝဲယာမှာ တောပန်းတောင်ပန်လေးတွေ ပွင့်နေကြသည်။ တောင်ကျရေလေးတွေ တသွင်သွင် စီးဆင်းနေကြသည်။

ကွမ်တန်တောင်ကြားကို ပြင်သစ်အင်ဂျင်နီယာတွေ ဖောက်ခဲ့စဉ်က ဓာတ်ပုံတွေကို မြင်ရတာ အတော်သနားစရာ ကောင်းသည်။ ဂျစ်ကားအရွယ်မျှသာ ကြီးသည့် မြေထိုးစက်ကလေးတွေ ကျောက်မီးသွေးလောင်စာဖြင့် မီးထိုးသည့် ရေနွေးငွေ့ အင်ဂျင်သုံး မြေသယ်စက်ကလေးတွေသည် မြင့်မိုရ်တောင်ကို ပစ်ပေါက်ကြမည့် ဆီးစေ့လေးတွေလို ဖြစ်နေသည်။ ဒါတွေကြောင့်လည်း အားမတန်လို့ မာန်ကို လျှော့ခဲ့ရတာဖြစ်မည်။

တောင်ပေါ်က တူးမြောင်း ဆုံးသည်နှင့် ရေလှေကားထစ်တွေကို တစ်ဆင့်ပြီး တစ်ဆင့် ရေထုတ်ပြီး ဆင်းသွားခြင်းဖြင့် ပစိဖိတ်သမုဒ္ဒရာထဲကို ရောက်သွားတော့သည်။ ခရစ္စတိုဘော (အတ္တလန်တိတ်)မှ ဘာဘိုယာ (ပစိဖိတ်) အထိ ရေကြောင်း မိုင်-၆၁ မိုင်ရှိသည်။ ကျီးကန်းပျံတည့်တည့်အကွာအဝေး ၄၃-မိုင်သာ ရှိသည်။

သင်္ဘောများ တူးမြောင်းဖြတ်သန်းခ နှုန်းကို အလေးချိန်ဖြင့် သတ်မှတ်သည်။ ကုန်မပါလျှင် တစ်တန်ကို ၁.၄၆ ဒေါ်လာဖြင့် လည်း

http://www.linhtet.com



ကောင်း၊ ကုန်ပါလျှင် ၁.၈၃ ဒေါ်လာဖြင့် လည်းကောင်း ဖြတ်သန်းနိုင်သည်။ မီးလောင် ပေါက်ကွဲ ပစ္စည်းတင်လာလျှင် ဈေးနှုန်းတစ်မျိုးဖြစ်သည်။ သင်္ဘောကြီး တစ်စီး၏ ကုန်မပါ အလေးချိန်မှာ ပျမ်းမျှ တန်ချိန်တစ်သောင်း ရှိသည်။ ဖြတ်သန်းခ နှုန်းမှာ တစ်စီးလျှင် ဒေါ်လာ ၂၅၀၀၀/-ခန့် ရှိသည်။ ဖြတ်သန်းခငွေ အပြေ ပေးချေပြီးမှ ဖြတ်သန်းခွင့်ပြုသည်။ တစ်နေ့ကို သင်္ဘောကြီး အစီး ၂၀မှ ၃၀ ခန့် ဖြတ်သန်းနေကြသည်။ ပနားမားနိုင်ငံ၏ ထွက်ကုန်သည် ငှက်ပျောသီး တစ်မျိုးတည်းလို ဖြစ်နေသည်။ တူးမြောင်းကရသည့် ဝင်ငွေဖြင့် ရပ်တည်နေခြင်းဖြစ်သည်။ ၁၉၈၅-ခုနှစ်က ဝင်ငွေသည် ဒေါ်လာသန်းပေါင်း ၃၀၀.၈ သန်း ရှိခဲ့သည်။

၁၉၁၄-ခုနှစ်မှာ တူးမြောင်း ဖွင့်လှစ်ပြီးနောက် ၁၅-၈-၁၉၁၄ နေ့က ပထမဦးဆုံး ဖြတ်သွားသော သင်္ဘောမှာ အမေရိကန် စစ်သင်္ဘော အစ်အစ်အေကွန် ဖြစ်သည်။ ၁၉၈၆-ခုနှစ် လယ်ပိုင်းလောက်အထိ မှတ်တမ်းအရ အရှည်ဆုံး သင်္ဘောမှာ ၉၇၃-ပေ ရှည်သော စန်ဂျုန်း စပက်တာ (ယခု-မာကိုနာပရိစပက်တာ) ဖြစ်သည်။ ဗျက် အကျယ်ဆုံး သင်္ဘောမှာ အမေရိကန် စစ်သင်္ဘောယူ အစ်အစ် နယူးဂျာစီ ဖြစ်သည်။

တစ်ကြိမ်တည်း ဖြတ်သန်းခ အများဆုံး ပေးရသည့် သင်္ဘောမှာ ကွင်းအဲလီဇဘတ်-၂ ဖြစ်သည်။ ဖြတ်သန်းခ ဒေါ်လာ- ၉၉၀၆၅.၂၂ ပေးပြီး ၂၄-၁-၁၉၈၄ နေ့မှာ ဖြတ်သန်းသွားခဲ့သည်။ အချိန်တိုတိုဖြင့် အမြန်ဆုံး ဖြတ်သန်းသွားသော သင်္ဘောကတော့ အမေရိကန်တိုင်းတာရေး သင်္ဘော ပီဂါဆတ့်ဖ် ဖြစ်သည်။ အချိန် ၂-နာရီ ၄၁-မိနစ်ဖြင့် စံချိန်တင် ဖြတ်သန်းသွားခဲ့သည်။

တူးမြောင်းဖြတ်သန်းခကို ဖြတ်သန်းသည့် ရုပ်ဝတ္ထုပစ္စည်း၏ အလေးချိန်ဖြင့် ပေးရသဖြင့် ၁၉၂၈-ခုနှစ်မှာ တူးမြောင်းကို ရေကူးပြီး ဖြတ်သူ ရစ်ချာ့ဒ်ဟာလီတန် ဆိုသူသည် သူ၏ ကိုယ်အလေးချိန်အရ အမေရိကန်ဒေါ်လာ ၀.၃၆ (၃၆ဆင့်) ပေးလိုက်ရသည်။

ပနားမားတူးမြောင်းသည် အမေရိကန်၏ စီးပွားရေးနှင့် စစ်ရေး မဟာဗျူဟာအတွက် အလွန်အရေးပါသည်။ အမေရိကန် ပြည်ထောင်စု

http://www.linhtet.com



၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်း ရေကြောင်းလမ်း ဆက်သွယ်ရေး၏ အသက်သွေးကြော ဖြစ်သည်။ ဒီနေရာကို ကွန်မြူနစ် ရုရှား ဝင်သွားမှာကို အရမ်းစိုးရိမ်သည့် အမေရိကန်သည် ပနားမားနိုင်ငံနှင့် နှစ်ပေါင်း ၇၀-စာချုပ် ချုပ်ဆိုပြီး ထိန်းချုပ်ထားခဲ့သည်။ နှစ်ပေါင်း ၇၀-အတွင်းမှာ ဆိုဗီယက် ပြည်ထောင်စုကြီးနှင့် ကွန်မြူနစ် အုပ်စုတွေ ပြိုကွဲလိမ့်မည်ဟု ထွက်ခဲ့ဟန်တူသည်။

သို့သော် တူးမြောင်းဖွင့်လှစ်သည်မှ နှစ်ပေါင်း ၆၀-ကြာသည့်တိုင်အောင် ဆိုဗီယက် ပြည်ထောင်စုနှင့် ကွန်မြူနစ် နိုင်ငံတွေ မပြိုကွဲသေးသည့်အခါ အမေရိကန်က တူးမြောင်းလုပ်ပိုင်ခွင့် သက်တမ်းကို တိုးချင်လာသည်။ ပနားမားနိုင်ငံ သမ္မတက သက်တမ်းမတိုးချင်တော့ပါဟု ဆိုသည်။ ၁၉၈၄-ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးပါက တူးမြောင်းကို မိမိတို့ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို ရယူလိုပါသည်ဟု ဆိုသည်။ ပနားမား သမ္မတသည် ဒီကိစ္စကို ဆွေးနွေးရန် ဝါရှင်တန်ကို သွားမလို့ သမ္မတအိမ်တော်မှ လေဆိပ်ကို အသွားမှာ ရဟတ်ယာဉ်ပေါက်ကွဲ ပျက်ကျပြီး ကွယ်လွန်သွားလေသည်။

နောက်တက်လာမည့် သမ္မတ နိုရေးဂါးကလည်း စာချုပ်သက်တမ်းတိုးရန် မလိုလားသူပင် ဖြစ်သည်။ နိုရေးဂါးကိုလည်း မူးယစ်ဆေးဝါးမှုဖြင့် အမေရိကန်က ဖမ်းဆီးလိုက်သည်။ ဖလော်ရီဒါက အကျဉ်းထောင်တစ်ခုမှာ ရာသက်ပန် အကျဉ်းသားအဖြစ် ထောင်ကျနေသည်။

အမေရိကန် ပြည်ထောင်စုနှင့် ပနားမားအစိုးရတို့ ညှိနှိုင်းဆွေးနွေးကြပြီး သဘောတူညီမှု ရသွားကြသည်။ ၁၉၇၇-ခုနှစ်၊ စက်တင်ဘာလ ၇-ရက်နေ့တွင် သက်တမ်းတိုးစာချုပ်ကို လက်မှတ်ရေးထိုး လိုက်ကြသည်။ စာချုပ်အရ ပနားမားတူးမြောင်းကို အမေရိကန် ပြည်ထောင်စုက ၁၉၉၉-ခုနှစ်၊ ဒီဇင်ဘာလ ၃၁-ရက်နေ့ ည သန်းခေါင်ယံ ၁၂-နာရီအထိ (၂၀ ရာစုအကုန်အထိ) ဆက်လက်ထိန်းချုပ် လုပ်ပိုင်ခွင့် ရသွားလေသည်။

❐

http://www.linhtet.com

# [ ၃၇ ]

# ပိုသီးတိုးကုမ္ပဏီကို နှုတ်ဆက်နေသော နေ့ရက်များ

ကိုအဏ္ဏဝါတို့ သင်္ဘောသည် အမေရိကန်နိုင်ငံ တက္ကဆက် ပြည်နယ်ထဲက ဗားမောင့်ဆိုသောမြို့မှ ချီလီနိုင်ငံ ပွန်တာရီးနား ဆိုသော မြို့ကို သွားနေခြင်း ဖြစ်သည်။ ပွန်တာရီးနားဆိုသောမြို့ဆိုတာ ဘယ်အနားမှာ ရှိသလဲသိချင်လို့ မြေပုံပေါ်မှာ ကြည့်လိုက်သည်။ အာဂျင်တီးနားနိုင်ငံရဲ့ အောက်ဆုံးက ဖော့ကလင်ကျွန်းတွေ အနီးမှာ ရှိနေသည်။ ကမ္ဘာမြေရဲ့ တောင်ဘက် အစွန်းဆုံးမှာ တည်ရှိသည်။ ပနားမား တူးမြောင်းကို မဖြတ်ဘဲ တောင်အမေရိကတိုက်ကြီးရဲ့ အရှေ့ဘက်ခြမ်းက သွားလျှင် လည်းရသည်။ တူးမြောင်းဖြတ်ခ ဒေါ်လာငါးသောင်းကျော် သက်သာမည်ဟု တွေးမိသည်။

## ပျာယာခတ်သွားသော ကပ္ပိတန်

ဩဂုတ်လ ၃-ရက်နေ့မှာ တူးမြောင်းမှ ထွက်ပြီး ချီလီနိုင်ငံသို့ ဦးတည်ခုတ်မောင်းသည်။ အီကွေဒေါနိုင်ငံနှင့် ပီရူးနိုင်ငံတို့ကို ဖြတ်ကျော်ပြီးမှ ချီလီနိုင်ငံကို ရောက်မည်ဖြစ်သည်။ ချီလီနိုင်ငံသည် တောင်

http://www.linhtet.com



အမေရိကတိုက်၏ အနောက်ဘက်အခြမ်းမှာ ကပ်မြှောင်ပြီး တောင်နှင့် မြောက်တန်းနေသော နိုင်ငံဖြစ်သည်။ အနံ ကျဉ်းသော်လည်း အလျား ရှည်သော နိုင်ငံဖြစ်သည်။ ဘယ်လောက်တောင် ရှည်သနည်း ဆိုလျှင် တောင်ဘက်မှာ ချီလီနိုင်ငံဆုံးပြီဆိုလျှင် ကမ္ဘာ့မြေပြင်ဆုံးပြီ ဖြစ်သည်။ ကိုအဏ္ဏဝါတို့ သွားနေသည့် ပွန်တာရီးနားဆိုသည့် မြို့သည် အဲဒီ ကမ္ဘာ့ မြေပြင် အဆုံးမှာ ရှိနေသည်။

၅-ရက်နေ့မှာ အီကွေဒေါ ရေပြင်က ထွက်ပြီး ပီရူး ရေပြင်ကို စဝင်သည်။ ၁၀-ရက်နေ့မှာ ပီရူး ရေပြင်မှ ထွက်ပြီး ချီလီ ရေပြင်ကို စတင် ဝင်သည်။ ချီလီ ရေပြင်ကို ဝင်သည့် အချိန်မှစပြီး အေးလာတော့သည်။ ကမ္ဘာ့တောင်ဝင်ရိုးစွန်းနဲ့ နီးလာ၍ ဖြစ်သည်။

ကိုအဏ္ဏဝါသည် မိုးလေဝသ သတင်းကြေးနန်းတွေကို အမေရိကန်မှ လည်းကောင်း၊ နီးရာနိုင်ငံတွေက စပိန်ဘာသာဖြင့် လွှင့်တာတွေကို လည်းကောင်း ဖမ်းယူသည်။ ၂-ရက်တစ်ကြိမ် ပို့ပေးရသည့် သင်္ဘောတည်နေရာ (မွန်းတည့်ချိန်မှာ ရောက်ရှိနေသည့် တည်နေရာ) ကို အမေရိကန် ရေဒီယိုစတေရှင်တွေမှ တစ်ဆင့်ပို့သည်။ ချီလီရေဒီယို စတေရှင် (CBV) နှင့်လည်း အဆက်အသွယ် ရနေပြီဖြစ်လို့ ချီလီအတွက် ကြေးနန်းတွေကို တိုက်ရိုက်ပို့သည်။ ချီလီရေပြင်ကို စတင်ဝင်ရောက်သည့် အချိန်ကစပြီး ရာသီဥတု အေးလာသလို လှိုင်းကြီးလာသည်။ ပစိဖိတ် သမုဒ္ဒရာကြီးဘက်က တိုက်ခတ်လာသည့် လေပြင်းသည် ကမ်းခြေက ကျောက်ဆောင်တွေကို တဝုန်းဝုန်း ရိုက်ခတ်နေသည်။ သင်္ဘောကြီးသည် လူးလိမ့်ပြီး ကမ်းခြေက ကျောက်ဆောင်တွေဘက်ကို ပြေးကပ်နေသည်။

ကပ္ပိတန်သည် တက်မစင်ကိုတက်ပြီး ကိုယ်တိုင် ညွှန်ကြားနေသည်။ အဆက်မပြတ် တိုက်ခတ်နေသည့် လေနှင့်အတူ နှင်းမှုန်တွေ၊ မိုးရေစက်တွေ ပါနေသဖြင့် တက်မစင်ရဲ့ မှန်တံခါးတွေကို အလုံပိတ်ထားရသည်။ မြင်ကွင်း မကောင်းသည့်အတွက် ရေဒါ နှစ်လုံးကို တစ်ပြိုင်တည်း ဖွင့်ထားရသည်။ သံမဏိချောင်း တန်ချိန် နှစ်သောင်းမျှ တင်ထားသော သင်္ဘောကြီးသည် ကျောက်ဆောင်တွေရှိရာ ကမ်းခြေ

http://www.linhtet.com



ဘက်ကို ကပ် ကပ် သွားသဖြင့် နာရီဝက် တစ်ကြိမ်လောက် အပြင်ကို ပြန်ထွက်နေရသည်။ ၁-နာရီမျှ သတိလက်လွတ် နေမိပါက ကျောက် ဆောင်နှင့် ဝင်တိုက်မှာ သေချာသည်။ မိမိတို့ သွားနေသည့် ပွန်တာရီးနား ကို ရောက်အောင် နောက်ထပ် ၁၀-ရက်လောက် သွားရဦးမည် ဖြစ် သည်။ ကပ္ပိတန်သည် အရမ်းစိုးရိမ်လာပြီး တက်မစင်ပေါ်မှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ ညဘက်မှာလည်း စိတ်ချလက်ချ မအိပ်နိုင် ဖြစ်နေတော့သည်။

ကပ္ပိတန်သည် ကြံရာမရဖြစ်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာ သောအခါ ချီလီကို ကြေးနန်းပို့သည်။ မိမိ၏သင်္ဘောအတွက် ရေကြောင်း ပြကို တက်နိုင်သည့်နေရာမှ အမြန်ဆုံး တက်နိုင်အောင် စီစဉ်ပေးပါဆို သည့် ကြေးနန်းဖြစ်သည်။ ချီလီကလည်း ဒီလို အကွက်မျိုးကို စောင့်နေ တာ ဖြစ်ဟန်တူသည်။ ချက်ချင်း အကြောင်းပြန်သည်။ ရေကြောင်းပြ တက်မည့်နေရာ အတိအကျကို ပြောသည်။ ရေကြောင်းပြ သည် သင်္ဘော ပေါ်မှာ ၇-ရက်ခန့် ကြာမည်ဖြစ်လို့ ရေကြောင်းပြ နှစ်ယောက်အတွက် အစစ တာဝန်ယူရမည်ဟု အကြောင်းပြန်သည်။ သင်္ဘောကြီး အန္တရာယ် ဖြစ်မှာကို အရမ်း စိုးရိမ်နေသည့် ကပ္ပိတန်က တာဝန်ယူပါသည်ဟု အကြောင်းပြန်လိုက်သည်။

၁၂-ရက်နေ့ နံနက်တွင် ဗာပါရိုက်ဇိုး VALPARAISO ဆို သည့် မြို့အနီးကို ရောက်ပြီး ရေကြောင်းပြ နှစ်ယောက် တက်လာသည်။ လှိုင်းကလည်း တအုန်းအုန်း ဆော်နေသည်။ မြင်ကွင်းကလည်း မကောင်း သည့်အတွက် ရှေ့ဆက်သွားရမှာ ကြောက်နေသည့် ကပ္ပိတန်သည် သင်္ဘောကြီးကို ရေကြောင်းပြတွေလက်ကို အပ်လိုက်တော့သည်။ ဒီတော့မှ အသက်ဝအောင် ရှူနိုင်ပြီး အိပ်ရေး ဝဝ အိပ်ရသည်ဟု ယူဆရသည်။ ရေကြောင်းပြ နှစ်ယောက်ကလည်း အလုပ်ကောင်းရလို့ ပျော်နေကြသည့် လက္ခဏာ တွေ့ရသည်။ ဒီအလုပ် (အော်ဒါ)ကို ရဖို့ အတွက် တာဝန် ရှိသူကို ဘယ်လောက် ပေးကမ်းလာခဲ့ရသည်မသိ။ ရမှာကလည်း အချီ ကြီး ဖြစ်သည်။ တစ်နေ့လျှင် တစ်ယောက်ကို ဒေါ်လာ ၅၀၀ ခန့်စီ ရကြမှာ သေချာသည်။

http://www.linhtet.com



၁၅-ရက်နေ့မှာ သင်္ဘောကြီးသည် ပင်လယ်ကမ်းစပ်မှာ ခုတ်မောင်း နေရာမှ လှိုင်းတွေ တဝုန်းဝုန်း ချနေသည့် ကျောက်ဆောင်တောကြားကို ဝင်တာတွေ့ရသည်။ မကြာမီပင် တောင်ခြေရင်းက မြစ်တွင်း တစ်ခုကို ရောက်ပြီး တောင်တွေကြားမှာ ခုတ်မောင်းနေတော့သည်။ လှိုင်းလေ လုံးဝ မရှိတော့လို့ သင်္ဘောကြီး သွားနေတာမှ ဟုတ်ရဲ့လားဟု ထင်ရ လောက်အောင် ငြိမ်သက်နေသည်။ သေသေချာချာ လှေ့လာကြည့်တော့မှ မြစ်တွင်းမှာ သွားနေတာ မဟုတ်ဘဲ တောင်ကြီးတွေကြားက စမ်းချောင်း ထဲမှာ သွားနေခြင်း ဖြစ်သည်။ ဘေးဝဲယာကို ကြည့်လိုက်လျှင် ရေခဲ ဖုံးနေသည့် တောင်ကြီးတွေ ကျောက်ဆောင်ကြီးတွေကို တွေ့ရသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောကြီး ခုတ်မောင်းနေသည့် တောင်တွေကြားက ရေကြောင်းလမ်းသည် စစ်တွေမြို့မှ သံတွဲမြို့ (လုံးသာ) ကို ပင်လယ်ပြင်ကို မဖြတ်ချင်လို့ အတွင်းလမ်းက သွားသည့်ပုံစံမျိုးဖြစ်သည်။ မတူတာတော့ရှိသည်။ စစ်တွေမှ သံတွဲသို့ သွားသည့်လမ်းက မြစ်တွေချောင်းတွေကို အသုံးပြုပြီး အတွင်းလမ်းက သွားသည့် ရေကြောင်းလမ်း ဖြစ်သည်။ ချီလီနိုင်ငံက အတွင်းလမ်းက တောင်တွေကြားက စမ်းချောင်း ထဲမှာ သွားရသော ရေကြောင်းလမ်း ဖြစ်သည်။ ရေကြောင်းကျဉ်းလွန်းလို့ ဆင်းလာသည့် သင်္ဘောနှင့် တက်လာသည့် သင်္ဘောတို့ ရှောင်စရာ နေရာ မရှိသည့်အတွက် ဟွန်းတီးရသည်။ ဝါယာလက်ဖြင့် အဆက် မပြတ် အသံပေးနေရသည်။ ငါ့သင်္ဘော တက်လာတယ်ဟေ့၊ ဘယ်နေရာ ကို ရောက်နေပြီ။ ငါ့သင်္ဘော ဆင်းလာတယ်ဟေ့၊ ဘယ်အနားကို ရောက်နေပြီ။ နင်ဘယ်နေရာက ကျယ်တဲ့နေရာမှာ ခဏရပ် စောင့်နေပါ စသည်ဖြင့် ဝါယာလက်စက်ဖြင့် အော်ပြောလာရသည်။ ကိုအဏ္ဏဝါလည်း မအိပ်ရဘဲ ၅၀၀ ကီလိုဆိုက်ကယ်မှာ အမြဲမပြတ် နားထောင်နေရသည်။ အန္တရာယ်လည်းများသည်။ ပျော်စရာလည်း ကောင်းသည့် ခရီးဖြစ်သည်။

၁၆-ရက်နေ့မှာ ကိုအဏ္ဏဝါသည် အမေရိကန် ရေဒီယိုစတေရှင်ကို နားထောင်သည်။ မိမိအတွက် ကြေးနန်း တစ်စောင် ရှိနေလို့ ယူလိုက်သည်။ ကြေးနန်းကို ဖမ်းယူ ရရှိသည့်အခါ ဖတ်ကြည့်ပြီး အတော် စိတ်မကောင်း ဖြစ်သွားသည်။ သင်္ဘော ကုမ္ပဏီက ကပ္ပိတန်ကို ဆော်

http://www.linhtet.com



သည့် ကြေးနန်း ဖြစ်နေသည်။ ၃-ရက်စောပြီး ရေကြောင်းပြ တင်သည့် အတွက် အပြစ်တင်သည့် ကြေးနန်းဖြစ်သည်။ အဲဒီ ၃-ရက်အတွက် ရေကြောင်းပြ ငှားရမ်းခ ကုန်ကျစရိတ်ကို ကပ္ပီတန်၏ လစာမှ ဖြတ်တောက်မည်ဆိုသည့် ကြေးနန်း ဖြစ်သည်။ ကိုအဏ္ဏဝါသည် အဲဒီ ကြေးနန်းကို ကပ္ပီတန်ကို သွားပေးရမှာ မျက်နှာပူသလို ဖြစ်နေသည်။ သူ ဒုက္ခရောက်တာကို မိမိက ဝမ်းသာနေသည်လို့ သူမထင်အောင် မျက်နှာအမူအရာ ထားတတ်ဖို့ကလည်း အထူး သတိထားရမည့် ကိစ္စ ဖြစ်သည်။ စိတ်မကောင်းသည့် အမူအရာဖြင့်ပင် တကမ်မစင်ကို တက်သွားပြီး ကုန်းပတ် ပထမအရာရှိ မသိအောင် တိုးတိုးတိတ်တိတ် ပေးလိုက်သည်။ ကပ္ပီတန်ကလည်း ကျေနပ်သွားသည်။

## သင်္ဘောသားဘိုနီ၏ ပြုတ်စော်နံသော နေ့များ

၁၇-ရက် တစ်နေ့လုံး ရေခဲဖုံး တောင်တွေကြားမှာ ခုတ်မောင်းနေသည်။ တချို့ နေရာတွေဟာ ရေကြောင်း ကျဉ်းလွန်းလို့ ကျောက်တုံးကြီးတွေ တောင်ခြေရင်းက သစ်ပင်လေးတွေနဲ့ ပွတ်ကာသီကာ ဖြစ်သွားတာ တွေ့ရသည်။ အအေး ဒီဂရီကလည်း ပိုလာသည်။ အပြင် ရှုခင်းတွေကို ကြည့်ချင်လို့ အခန်းအပြင်ကို ထွက်လျှင် အနွေးထည် အထပ်ထပ်ဝတ်ပြီး ထွက်ရသည်။ တောင်ဝင်ရိုးစွန်းကို ရောက်နေပြီဖြစ်လို့ အစွမ်းကုန်အေးနေပြီ ဖြစ်သည်။ ည ၈-နာရီခွဲတွင် ပွန်တာရီးနား PUNTA ARENAS ကို ရောက်ပြီး ကျောက်ချသည်။

၁၈-ရက်နေ့သည် တနင်္လာနေ့ဖြစ်လို့ သင်္ဘောကို ဆိပ်ခံ ဖောတံတားမှာ ကပ်သည်။ ကုန် စပြီးချသည်။ သံမဏိချောင်းတွေဖြစ်လို့ အလေးချိန်များသော်လည်း အရေအတွက်က နည်းသည်။ ကုန်ချတာ မြန်မည့်သဘော တွေ့ရသည်။ ကုန်းပတ် အရာရှိတွေ ပြောစကားအရ ဆိုလျှင် ၃-ရက်ခန့်သာ ကြာမည်ဟု သိရသည်။ ၃-ရက်ပဲကြာကြာ၊ လေးရက်ပဲကြာကြာ၊ ချီလီနိုင်ငံဆိုတာ ဘာလဲလို့ သိရအောင် ကွင်းဆင်းလေ့လာမှုတော့ ပြုရမည် ဖြစ်သည်။

http://www.linhtet.com



ချီလီနိုင်ငံ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် ရေခဲဖုံးနေသည့် တောင်တွေကို မြင်နေရသည်။ မြေပုံပေါ်က စကေးအရ အလျား ၂၆၆၁ မိုင်ရှည်သည်။ အနံက ၄၆ မိုင်သည် အကျဉ်းဆုံး နေရာဖြစ်သည်။ အကျယ်ဆုံး နေရာသည် မိုင် ၂၅၀ ကျယ်သည်။ ကျောက်မီးသွေးနှင့် သတ္တု အမျိုးမျိုးတွေ ထွက်သည်ဟု သိရသည်။ ပွန်တာရီးနားမှာ ကုန်ချပြီးလျှင် ချီလီနိုင်ငံမှာပဲ သတ္တုမြေမှုန့်တစ်မျိုး တင်မည်ဟု သိရသည်။

ချီလီသမိုင်းကလည်း ရှည်လျားသည် စပိန်ကိုလိုနီ လက်အောက်မှာ နှစ်ပေါင်း ၃၀၀ ခန့် နေခဲ့ရလို့ တစ်နိုင်ငံလုံး စပိန်စကား ပြောနေကြသည်။ ၁၈၁၈-ခုနှစ်ကမှ စပိန် လက်အောက်က လွတ်မြောက်ခဲ့သည်။ စပိန် လက်အောက်က လွတ်မြောက်ခဲ့သော်လည်း နှစ်ပေါင်း တစ်ရာမျှ သက်ဦးဆံပိုင် ပုံစံမျိုးလို ဘာလိုလို ပုံစံဖြင့် အုပ်ချုပ်လာခဲ့သည်။ ၁၉၂၅ ခုနှစ်ကျမှ အခြေခံ ဥပဒေ ရေးဆွဲပြီး ပါလီမန်စနစ်ဖြင့် အုပ်ချုပ်နိုင်ခဲ့သော နိုင်ငံ ဖြစ်သည်။

ကိုအဏ္ဏဝါ ချီလီနိုင်ငံကို ရောက်လာသည့် အချိန်မှာတော့ စစ်တပ်က အာဏာသိမ်းပြီး ဗိုလ်ချုပ်ကြီး ပီနိုချေး အုပ်ချုပ်နေသော အချိန်ဖြစ်သည်။ ချီလီနိုင်ငံကို ဘယ်သူပဲ အုပ်ချုပ် အုပ်ချုပ် ကိုအဏ္ဏဝါတို့ သင်္ဘောသားတွေနဲ့ မဆိုင်။ ကိုအဏ္ဏဝါတို့ အတွက်က အရက်ဆိုင်။ ဘီယာဆိုင်နှင့် နိုက်ကလပ်တွေ ရှိတယ်ဆိုလျှင် ပြီးပြီ ဖြစ်သည်။

နိုက်ကလပ်တွေက ကောင်မလေးတွေကလည်း ဖြူဖြူချောချော လေးတွေဖြစ်သည်။ ဖြူတာလည်း မပြောနဲ့။ ပွန်တာရီးနားမြို့သည် တောင်ဝင်ရိုးစွန်းမှာ ရောက်ရှိနေသည့်အတွက် ချီလီတောင်ပိုင်းသူတွေဟာ ရေခဲတုံးတွေလို ဖွေးနုနေကြသည်။ ဆံပင် အနက်ရောင်တွေ ဖြစ်လို့ မြန်မာ အမျိုးသမီးတွေလို ချောသူတွေကိုလည်း တွေ့သည်။ ဂျပန်နဲ့ တူသူတွေ ကိုလည်း တွေ့သည်။ ချီလီမှာ ဂျပန်လူမျိုးတွေလည်း အများအပြား တွေ့သည်။ ဈေးကွက်ချဲ့ထွင် ရောက်ရှိနေကြခြင်း ဖြစ်သည်။ အံ့သြစရာ ကောင်းတာက တရုတ် ပစ္စည်းတွေကို မတွေ့ရခြင်းပင် ဖြစ်သည်။ နေရာတကာမှာ ဂျပန် ပစ္စည်းတွေချည်း တွေ့ရသည်။ ကိုအဏ္ဏဝါတို့က အမေရိကန်ဒေါ်လာ ကိုင်သုံးသူတွေ ဖြစ်လို့ ဈေး

http://www.linhtet.com



သက်သာသည် ထင်ရသော်လည်း အမှန်တော့ ဈေးကြီးသည်။ သူတို့နိုင်ငံသုံး ငွေကြေးသည် ဖိလစ်ပိုင်လိုပင် ပီဆို ငွေကြေး ဖြစ်သည်။ အမေရိကန် တစ်ဒေါ်လာကို ချီလီပီဆို ၂၀၀ ဖြစ်သည်။ ပီဆို ၁၀၀ သည် ဒင်္ဂါးပြားတစ်ပြား ဖြစ်သည်။ ငွေတန်ဖိုး မြင့်သည်ဟု ဆိုနိုင်သည်။

၂၀-ရက်နေ့မှာ ရာသီဥတု အေးလွန်းလို့ ဘယ်မှမသွားဘဲ သင်္ဘောမှာပဲ ကုပ်နေသည်။ အအေးအမှတ် သုညအောက်ကို ၅- ဒီဂရီလောက်ရောက်နေသည်။ သင်္ဘောပေါ်က သေးပေါက်ချလိုက်လျှင် သေးသည် ပင်လယ်ထဲသို့ မကျမီအေးခဲသွားသဖြင့် ရေခဲတုံးလေးတွေ ဖြစ်ပြီး ပလုံခနဲ ပလုံခနဲ ရေထဲကျသွားသည်။

ကိုအဏ္ဏဝါကို ကပ္ပိတန်က ခေါ်သည်ဆိုလို့ ကပ္ပိတန်၏ အခန်းကိုသွားသည်။ ကပ္ပိတန်က ကိုအဏ္ဏဝါကို ဘတ်ဝိုက်ဇာ ဘီယာဖြင့် ဧည့်ခံသည်။ ဘာကိစ္စ ခေါ်တာပါလဲလို့ မေးကြည့်သည်။ သင်္ဘောသားတွေ လစာ လျှော့သည့် အကြောင်းကို ခေါ်ပြောတာ ဖြစ်နေသည်။ သင်္ဘောသားတွေ တစ်ယောက်ကို ၁၀ ဒေါ်လာစီ လျှော့သွားသည်။ လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းသန်းက ၄၇ ဒေါ်လာ လျှော့သွားသည်။ ကုန်းပတ်သင်္ဘောသား။ ဆီလောင်းနှင့် ကဒက်တွေ အချိန်ပို လုပ်ခ။ တစ်နာရီကိုပြား ၅၀ ရနေကြရာမှ ယနေ့မှစ၍ ပြား ၄၀ သာ ရကြတော့မည်ဖြစ်ကြောင်း ပြောသည်။ လစာလျှော့သည့် အထဲမှာ ကိုအဏ္ဏဝါ မပါဟုသိရသည်။ သို့သော် ပနာမား လိုင်စင်အတွက် ၁၉၃ ဒေါ်လာ ဖြတ်ကြောင်း ပြောသည်။

လစာလျှော့သည့် ကိစ္စပြီးတော့၊ ပြီးရောလား အောက်မေ့သည်။ မပြီးသေး ဖြစ်နေသည်။ ကုန်းပတ်သင်္ဘောသား ဘိုနီသည် အလုပ်ချိန်မှာ အရက်သောက်သည့်အတွက် ကိုအဏ္ဏဝါက ဆုံးမပေးရန် မေတ္တာရပ်ခံသည်။ ဆုံးမလို့ မရပါက သင့်ရာနိုင်ငံမှ ပြန်ပို့မည်ဖြစ်ကြောင်း သတိပေးရန် မှာကြားသည်။

ဘိုနီ၏ အမည်ရင်းမှာ စိန်ကြည်ဖြစ်သည်။ စိန်ကြည်လို့ ဘယ်သူမှ မခေါ်ကြဘဲ ဘိုနီလို့ပဲ ခေါ်နေကြသည်။ သူကလည်း ဒီနာမည်ကိုပဲ သဘောကျ နေသည်။ နိုက်ကလပ်တွေက ကောင်မလေးတွေကလည်း

http://www.linhtet.com



ဘိုနီလို့ခေါ်ရတာ လွယ်တယ်ဆိုပြီး ဗီပီသသခေါ်ကြသည်။ ဘိုနီသည် ဌာနကြီး တစ်ခုက အရာရှိ၏ တစ်ဦးတည်းသောသား ဖြစ်သည်။ အရက်သေစာကို အလွန်ကြိုက်သူဖြစ်သည်။ တိုက်သလောက်လည်း သောက်သည်။ ဒီသင်္ဘောကို တက်ဖို့လာစဉ်ကပင် လေယာဉ်ပေါ်မှာ မူးပြီး အိပ်ပျော်နေလို့ အေသင်လေဆိပ်မှာ မဆင်းဘဲ ဟော်လန်နိုင်ငံ အမ်စတာဒန်ကို စားပွဲထိုး အောင်သိန်းနှင့်အတူ ပါသွားခဲ့သူဖြစ်သည်။

ဒီသင်္ဘောမှာ အလုပ် ရရှိရေးအတွက် သင်္ဘောသားဆိုင်ရာ လူကြီး တစ်ယောက်ကို ခြေဆုပ်လက်နယ် အလုပ်အကျွေး ပြုခဲ့ရသည်ဟု ဆိုသည်။ ဒီသင်္ဘောမှာ အလုပ်သင် အင်ဂျင်နီယာ ရဲထွန်းနှင့် မောင်မောင်လွင်တို့ နှစ်ယောက် ရှိသည်။ ရဲထွန်းက ၁၀ တန်းလောက်သာ အောင်သည်ဟု ယူဆရသည်။ မောင်မောင်လွင်က စက်မှုတက္ကသိုလ်က ဘွဲ့ရပြီးသူဖြစ်သည်။ နှစ်ယောက်လုံးသည် ကမ္ဘာပတ်နေကြပြီ ဖြစ်သော်လည်း လေယာဉ်တစ်ခါမျှ မစီးဘူးသေးသူတွေ ဖြစ်သည်။ ဒီသင်္ဘော ရန်ကုန်ဆိပ်ကမ်းကိုဝင်ပြီး ဆန်တွေတင်စဉ်က ကြည့်မြင့်တိုင် ဆိပ်ကမ်းမှ သင်္ဘောတက်ခဲ့သူတွေ ဖြစ်သည်။

မောင်မောင်လွင်က သူသည် မိမိ၏ ကိုယ်ပိုင် အရည်အချင်းဖြင့် ရပ်တည်နေသူ ဖြစ်ကြောင်း။ သင်္ဘောသား ဖြစ်ရေးအတွက် ဘယ်သူ့ကိုမျှ မဖားခဲ့ကြောင်း။ ဘယ်သူ့ အကူအညီမျှ မယူခဲ့ကြောင်း ထမင်းဝိုင်းမှာ လေသံမြှင့်ပြီး ပြောလေ့ရှိသည်။ တစ်ခါမှာတော့ ဘိုနီနဲ့ ထိပ်တိုက်တိုးပါလေတော့သည်။

"ဟေ့ကောင် မောင်မောင်လွင် မင်းသိပ်ပြီး ဖင်ခေါင်း မကျယ်ပါနဲ့ကွာ။ မင်းသင်္ဘော တက်ခါနီးမှာ ဟိုဆရာကြီးကို မင်းတို့ လင်မယားလက်ဆောင်ပစ္စည်းတွေနဲ့ လာကန်တော့တာ ငါ မြင်ပါတယ်ကွာ။ နင့်မိန်းမက လှည်းဘီးမျက်မှန်ကြီး တပ်လို့လေ"

မောင်မောင်လွင်သည် တအံ့တသြ ဖြစ်သွားလို့ စားလက်စ ထမင်းလုတ်တောင် ပါးစပ်ကိုပို့ဖို့ မေ့နေသလို ဖြစ်သွားသည်။ ဘယ်သူမှ မသိဘူးလို ထင်ထားသည့်ကိစ္စကို ဘိုနီက တိတိကျကျကြီးကို ပြောနေပြီဖြစ်လို့ အံ့သြသွားခြင်း ဖြစ်သည်။ အရှက်ပြေရယ်ပြီး မေးသည်။

http://www.linhtet.com



"ဟီး ဟီး နင်ဘယ်လို လုပ်ပြီး သိတာလဲ"

"သိတာပေါ့ကွ။ ဆရာကြီးကို မင်းတို့ လင်မလား ကန်တော့နေတုန်းမှာ မီးဖိုဆောင်ထဲက ရောဘုံဘိုင်မှာ ဆရာကြီးတို့ မိသားစု စားပြီးသား ပန်းကန်တွေကို ဆေးနေတာ ငါ ပေါ့ကွ မောင်မောင်လွင်ရ"

"ဟီး မအေပေး။ ဒါကြောင့် မင်း ဒီသင်္ဘောကို ရောက်လာတော့ ဒီကောင်ကို ငါ မြင်ဖူးပါတယ်လို့ စဉ်းစားနေတာ"

အခုမှပဲ ဇတ်ပေါင်းမိတော့သည်။ ဘိုနီဆိုတဲ့အကောင်က အဲဒီလို ဘဝစုံသည့်အကောင် ဖြစ်သည်။ အခုတော့ အရက်သောက်လို့ ပြဿနာဖြစ်ပြန်သည်။ ဥရုဂွေးမှာတုန်းကပင် သွားလေသူ ကပ္ပိတန်က ဖြုတ်မလို့ လုပ်တာကို လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းသန်းနှင့် ကိုအဏ္ဏဝါက အာမခံထားခဲ့ရသည်။ အခုတစ်ခါ ဖွဲဖောက်လာပြန်ပြီဖြစ်သည်။

၂၁-ရက်နေ့ နံနက်မှာ ဘိုနီနဲ့ ပတ်သက်တဲ့ သတင်းကို ရပြန်သည်။ ဘိုနီသည် မနေ့က ညနေမှာ ကမ်းပေါ်တက်သွားပြီး နိုက်ကလပ်တစ်ခုမှာ အရက်သောက်နေတာ တွေ့ခဲ့သည်။ ညက သင်္ဘောကို ပြန်မအိပ်။ ယနေ့လည်း ယခုတိုင် သင်္ဘောကို ပြန်မရောက်သေး ဆိုသည့် သတင်းဖြစ်သည်။ နံနက် ၉-နာရီ အထိ ပြန်မရောက်သေးဆိုတော့ အတော်တရား လွန်နေပြီ ဖြစ်သည်။ နံနက် ၈-နာရီဟာ အလုပ်ဝင်ရမည့် အချိန်ဖြစ်သည်။

ဘိုနီသည် တစ်နေ့လုံး သင်္ဘောကို ပြန်မလာလို့ ကိုအဏ္ဏဝါနှင့် ရဲထွန်းတို့ မြို့ထဲလိုက်သွားပြီး အရက်ဆိုင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်ရှာကြသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောက သင်္ဘောသားတွေ သောက်နေကျဆိုင်မှာ ထိုင်နေသည့် ဘိုနီကို တွေ့လို့ ပြန်ခေါ်လာခဲ့သည်။

## ချီလီမှ ကိုစတာရီကာသို့

၂၂-ရက်နေ့မှာ ဘိုနီသည် အလုပ်မဆင်းဘဲ အရက်မူးနေသည် ဆိုသည့် သတင်းကို ကြားရပြန်သည်။ ကိုအဏ္ဏဝါသည် ဘိုနီ၏ အိပ်ခန်းကို သွားကြည့်သည်။ သူ့ အိပ်ရာထဲမှာ မူးပြီး အိပ်ပျော်နေတာ တွေ့ရ

http://www.linhtet.com



သည်။ ဘိုနီသည် မူးနေလျှင် ဦးနှောက်ပျက်သွားသလို ဖြစ်နေသည်။ မနေ့ညက သူဘယ်မှာ အိပ်ခဲ့တယ်ဆိုတာကို မပြောနိုင် ဖြစ်နေသည်။

ကပ္ပီတန်က ဘိုနီကို အလုပ် မဆင်းခိုင်းနဲ့တော့ဟု ပြောသည်။ သူ့ကို သင့်တော်ရာ ဆိပ်ကမ်းမှ ပြန်ပို့တော့မည်ဟု ပြောသည်။ ညနေ ၅-နာရီမှာ ပွန်တာရီနားမှ သင်္ဘောထွက်သည်။

ပွန်တာရီးနားမှ လာလမ်းအတိုင်း ပြန်ထွက်သည့် အတွက် ရေကြောင်းပြ နှစ်ယောက် ခေါ်ရပြန်သည်။

၂၃-ရက်နေ့ နံနက် လှိုင်းလှုပ်သည့် ဒဏ်ကြောင့် အိပ်ရာက နိုးလာသည်။ မနေ့က ပွန်တာရီးနားက ထွက်လာစဉ်က လှိုင်းလေငြိမ် သက် နေခဲ့သော်လည်း ဒီနေ့မနက် မိုးလင်းလာတော့ တောင်ဝင်ရိုးစွန်း ပင်လယ်၏ သဘာဝကို ပြတော့သည်။ ဘယ်ကို ကြည့်လိုက် ကြည့်လိုက် နှင်းမြူတွေနဲ့ ဖြူဖွေးပြီး လေပြင်းက တဝုန်းဝုန်း တိုက်ခတ်နေသည်။ ပင်လယ်ရေပြင်ထဲမှာ သွားနေတယ်လို့ မထင်ရဘဲ ဂွမ်းဆိုင်ဂွမ်းလိပ် ဂွမ်းပုံကြီးတွေကို ဖြတ်မောင်းနေသည်ဟု ထင်ရသည်။ မြင်ကွင်းကလည်း ကိုက်ငါးဆယ်လောက်သာ ရှိသည်။ အေးလိုက်တာကလည်း အခန်းတွင်း မှ အပြင်ကို ထွက်ပြီး မနေနိုင်လောက်အောင် အေးသည်။

ရေကြောင်းပြ နှစ်ယောက်လုံးရော ကပ္ပီတန်ပါ တက်မစင်မှာ နေပြီး သင်္ဘောကို ထိန်းမောင်း နေကြသည်။ မြင်ကွင်း မကောင်းသည့် အတွက် ရေဒါ နှစ်လုံးကို တစ်ပြိုင်တည်း ဖွင့်ထားသည်။ မိမိတို့ရဲ့ လက်ဝဲဘက်မှာ အန္တာတိတ်ကုန်းမြေလို့ ခေါ်သည့် တောင်ဝင်ရိုးစွန်းသာ ရှိတော့လို့ထင်သည် တအားအေးနေသည်။ ဒီလို အရပ်ဒေသမှာ လူလာ မဖြစ်ရတာ ကံကောင်းလေစွလို့တောင် တွေးမိသည်။

ည ၁၀-နာရီလောက်ကျမှ လှိုင်းလေငြိမ်သွားသည်။ သင်္ဘောကြီး သည် ရေကန်ထဲမှာ သွားနေသလို ငြိမ့်နေသဖြင့် အခန်းပြင်ကို ထွက် ကြည့်မိသည်။ အလာတုန်းက ဝင်လာခဲ့သည့် တောင်တွေ ကြားထဲက စမ်းချောင်းထဲကို ရောက်နေပြီဖြစ်သည်။ မှောင်ကြီးမည်းမည်းထဲမှာ သင်္ဘောက အားကောင်းလှတဲ့ မီးမောင်းကြီး ထိုးပြီး သွားနေသည်။ တစ်ညလုံး မောင်းနေမည်ဖြစ်လို့ ကိုအဏ္ဏဝါလည်း မအိပ်ရတော့ဘဲ

http://www.linhtet.com



၅၀၀ ကီလိုဆိုက်ကယ်မှာ အသံပေးပြီး လည်းကောင်း၊ နားထောင်၍ လည်းကောင်း နေရတော့မည် ဖြစ်သည်။

၂၅-ရက်နေ့မှာ ကပ္ပိတန်က ခေါ်တယ်ဆိုလို့ ကိုအဏ္ဏဝါ တက်မစင်ကိုတက်သွားသည်။ ပြဿနာတစ်ခု ဖြစ်နေပြန်သည်။ အရာရှိ စားပွဲထိုး အောင်သိန်းနှင့် သင်္ဘောသား စားပွဲထိုး သီဟတို့ကို ကုန်းပတ်မှာ ဆင်းပြီး အလုပ် လုပ်ခိုင်းတာကို မလုပ်နိုင်လို့ ငြင်းဆိုသည့် ကိစ္စဖြစ်သည်။ ကိုအဏ္ဏဝါ စိတ်ညစ်သွားသည်။ ဒီကိစ္စဟာ မြန်မာနိုင်ငံ နိုင်ငံကူး သင်္ဘောသားများ အစည်းအရုံး (မိုဆာ)နှင့် မြန်မာနိုင်ငံ သင်္ဘောသား အလုပ်အကိုင် ရှာဖွေရေးဌာန (အက်အီးစီဒီ)တို့နဲ့ ဖြေရှင်းရမည့် ကိစ္စဖြစ်သည်။ ကိုအဏ္ဏဝါက မရှင်းလို့ မေးကြည့်သည်။

"သူတို့ နှစ်ယောက်ဟာ စားပွဲထိုးတွေပဲ။ ဘာကြောင့် ကုန်းပတ် အလုပ်တွေကို ခေါ်ခိုင်းတာလဲ"

"အရေးကြုံလာလျှင် သူ့အလုပ် ကိုယ့်အလုပ် မခွဲခြားဘဲ လုပ်ရမယ်လို့ အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီချက်မှာ ရေးထားတယ်"

"အခု ဘာအရေးတွေ ကြုံနေလို့လဲ"

"ချီလီနိုင်ငံ စန်ဗီးဆင့် ဆိပ်ကမ်းမှာ ကုန်ပြန်တင်ရမယ်။ သန်ဘက်ခါ နံနက်မှာ ရောက်မယ်။ ကုန်ထည့်ပေါက်တွေ သန့်ရှင်းရေး လုပ်လို့ မပြီးနိုင် ဖြစ်နေတယ်။ ရှိသမျှလူ အကုန်လုံး ဆင်းလုပ်ကြရမယ်။ လိုအပ်ရင် ခင်ဗျားကိုလည်း ခိုင်းရမှာပဲ"

ကိုအဏ္ဏဝါ ဖျားသွားသည်။ ကုန်းပတ်အလုပ်တွေ ဆင်းပြီး မလုပ်နိုင်။ ကိုယ့်ဘက်ကို မြှားဦး လှည့်မလာမီ ဟိုကောင်နှစ်ကောင်ကို ကျောသပ်ပြီး ချော့ရတော့မှာပဲဟု နားလည်လိုက်သည်။

"သူတို့ကို ခိုင်းတာကတော့ ဟုတ်ပါပြီ။ သူတို့အတွက် ရပိုင်ခွင့်က ဘာလုပ်ပေးနိုင်မလဲ"

"အချိန်ပို လုပ်ခ တစ်နာရီကို ပြား ၄၀ ပေးရမှာပေါ့"

"ကောင်းပါပြီ"

http://www.linhtet.com



ကိုအဏ္ဏဝါ တက်မစင်မှ ပြန်ဆင်းလာခဲ့သည်။ အောင်သိန်းနှင့် သီဟကို အကျိုးအကြောင်း ပြောပြီး ချော့ရတော့သည်။ သင်္ဘော ကုမ္ပဏီနှင့် ကိုယ့်ဆရာကြီးတွေ ချုပ်ဆိုထားသည့် သဘောတူ စာချုပ် အကြောင်းကိုလည်း ပြောပြရသည်။

"မင်းတို့ ငါတို့ဟာ မြန်မာ သင်္ဘောသားတွေ ဆိုတာကို မမေ့နဲ့ ကွ။ အလုပ် လုပ်နေကြရတာကလည်း ဂရိလိုင်း။ မိမိဘဝနဲ့ လိုက်လျော ညီထွေ ဖြစ်မယ့် သည်းခံစိတ် မွေးပြီး ယောနိသော မနသိကာရဖြစ်အောင် နေတတ်ဖို့ လိုတယ်ကွဲ့"

ကိုအဏ္ဏဝါက သူပါ ကုန်းပတ်ပေါ် ဆင်းပြီး အလုပ် လုပ်ရတော့ မှာကို မြင်လို့ ဟိုကောင်နှစ်ကောင်ကို ကြီးကြီးကျယ်ကျယ် စကားတွေ ပြောပြီး နှစ်သိမ့်နေသည်။ ထမင်းချက် မောင်ဝင်းကလည်း စောစောပိုင်း ကတော့ မလုပ်နိုင်ဘူးလို့ ငြင်းသည်။ အချိန်ပို လုပ်ခ ပြား ၄၀ ရမည် ဆိုလို့ လုပ်နေပြီ ဖြစ်သည်။ အောင်သိန်းနှင့် သီဟတို့ကလည်း လုပ်ပါ မည်ဟု ကတိ ပေးကြသည်။ ဒီတော့မှ ကိုအဏ္ဏဝါ စိတ်အေးရတော့သည်။

၂၆-ရက်နေ့မှာ တောင်တွေ စမ်းချောင်းတွေ ကြားက ထွက်ပြီး ပင်လယ်ထဲကို ရောက်သည်။ ပင်လယ်ထဲ ရောက်သည်နှင့် လှိုင်း ဆော် တော့သည်။ ညနေ ၂-နာရီ ၄၅-မိနစ်မှာ ANCUD ဆိုတဲ့ နေရာကို ရောက်ပြီး ရေကြောင်းပြ နှစ်ယောက် ဆင်းသွားသည်။ ဗာပါရိုက်ဇိုး ဆိုသည့် မြို့အထိ မခေါ်ရဲ ဖြစ်သွားသည်။ အလာတုန်းက သုံးရက်စောပြီး ရေကြောင်းပြ တင်လို့ ကုန်ကျစရိတ်ကို ကပ္ပိတန်၏ လစာမှ ဖြတ်ယူမည် ဟု ကြေးနန်း ရထားသည်။

၂၇-ရက်နေ့မှာ လှိုင်းလေ ငြိမ်သက်သွားသည်။ အအေးလည်း ပေါ့သွားသည်။ အားလုံး သက်သောင့်သက်သာ ဖြစ်သွားကြသည်။ ကုန်ထည့်ပေါက်ကြီးတွေရဲ့ သန့်ရှင်းရေးကို ဝိုင်းဝန်းပြီး လက်စသတ် နေကြသည်။ ကိုအဏ္ဏဝါ အလုပ် နားရသဖြင့် နေ့လယ်တစ်ရေး အိပ်ပျော် သွားသည်။ ည ၁၀-နာရီတွင် စန်ဗီးဆင့်မြို့ ဆိပ်ကမ်းသို့ ရောက်သည်။ ရောက်လျှင်ရောက်ချင်း ဆိပ်ကမ်း ကပ်ခွင့် ရသည်။

http://www.linhtet.com



၂၈-ရက်နေ့သည် ကြာသပတေးနေ့ ဖြစ်သည်။ ကုန်စတင်သည်။ သတ္တုပြုလုပ်နိုင်သည့် မြေမှုန့်တွေကို တင်နေသည်။ ကိုစတာရီကာ နိုင်ငံမှာ ချရမည်ဟု သိရသည်။

စန်ဗီးဆင့်မြို့ (SANVICENTE) သည် ဆိပ်ကမ်းမြို့ ဖြစ်ပြီး ပြည်ပပို့ကုန် အမျိုးမျိုး တင်ပို့သော မြို့ဖြစ်သည်။ သတ္တုရိုင်း အမျိုးမျိုးနှင့် ငါးတွေ တင်ပို့သည်ဟု သိရသည်။ အမျိုးသမီး သုံးယောက် သင်္ဘောပေါ်ကို တက်လာသည်။ သင်္ဘောသားတွေရဲ့ စုတ်ပြဲနေသည့် အဝတ်အစားတွေကို ချုပ်ပေးသည်။ ကြယ်သီးတပ်ပေးသည်။ သင်္ဘောသားဆိုတဲ့ လူတန်းစားက အစုတ်ကို ချုပ်ဝတ်သည့် လူတန်းစား မဟုတ်။ သို့သော် အလုပ်အပ်စရာ အော်ဒါ ရှိသည်ဆိုပြီး အခန်းတွေထဲ ခေါ်သွားကြတာ တွေ့ရသည်။ အများ စုကတော့ ဂျင်းဘောင်းဘီ ရှည်နေလို့ ဖြတ်ပြီး အနားလုံးကြတာလို့ ပြောကြတာပဲ။ ဟုတ်သလား မဟုတ်လားဆိုတာ သူတို့ အခန်းထဲအထိ လိုက်မကြည့်လို့ မသိရ ဖြစ်နေသည်။

ကိုအဏ္ဏဝါ၊ ရဲထွန်းနှင့် မောင်ဝင်းတို့ကတော့ မြို့ထဲလျှောက်လည်သည်။ HOTEL KENT လို့ နီယွန် မီးဆိုင်းဘုတ် တင်ထားသည့် နိုက်ကလပ်မှာ သွားကဲကြသည်။ ချီလီသူလေးတွေ ချောလွန်းလို့ စောစောမောင်မပြန်နိုင် ဖြစ်ကုန်ကြသည်။ ကိုအဏ္ဏဝါနှင့် မောင်ဝင်းတို့က စပိန်စကား မတောက်တခေါက် ပြောပြီး လုံးဝ မပြောတတ်သည့် ရဲထွန်းအတွက် စကားပြန် လုပ်ပေးသည်။ အောင်သွယ် လုပ်ပေးသည်။

ကိုအဏ္ဏဝါ၊ အီးအို ဦးသိန်းသန်း၊ ရဲထွန်း၊ မောင်ဝင်းနှင့် သာထွန်းဖေတို့သည် ချီလီနိုင်ငံ စန်ဗီးဆင့်မြို့မှာ နေရာကောင်း ရှိတယ်ဆိုတာ မသိလို့ ဟိုတယ် ကင့်ကိုချည်း သွားနေခဲ့ကြသည်။ ကောင်မလေးတွေ အများကြီး ရှိသည်။ ချောလည်းချောကြပါသည်။ ၂၉-ရက်နှင့် ၃၀-ရက် တွေကို ဟိုတယ် ကင့်မှာ အချိန် ကုန်လွန်သွားခဲ့သည်။

ကပ္ပိတန်က အကောင်းဆုံး နေရာရှိသည် ဒီညနေ လိုက်ခဲ့ဆိုလို့ လိုက်သွားသည်။ ဇိုးဘရား ကပွဲကလပ် ZOBRA DANCING CLUB ဆိုသည့် နေရာကို ရောက်သွားကြသည်။ ဟုတ်ပ၊ အခုမှ တကယ့် နေရာမှန်ကို ရောက်တော့သည်။ နိုင်ငံတကာက ရောက်လာကြ

http://www.linhtet.com



သည့် သင်္ဘောသားတွေ တရုန်းရုန်း တဝုန်းဝုန်းဖြင့် ကခုန် နေကြသည်။ ကောင်မချောချောလေးတွေလည်း အများကြီး ရှိနေသည်။ မိမိ ကြိုက်သည့် ကောင်မလေးကို လက်သွားဆွဲပြီး တွဲကလို့ရသည်။ အဲဒီ ကောင်မလေးနဲ့ အတူသောက် အတူကပြီး အတူအိပ်လို့လည်း ရသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောက ကြီးလေးကြီး တက်ရောက်သည့် ပွဲဖြစ်သည်။ ကြီးလေးကြီး ဆိုတာကို သင်္ဘောသားတွေကတော့ သိကြသည်။ ကြီးလေးကြီးဆိုတာ ကပ္ပိတန်၊ ပထမအရာရှိ၊ အင်ဂျင်နီယာချုပ်၊ ပထမ အင်ဂျင်နီယာတို့ ဖြစ်သည်။ သူတို့ လေးယောက်က ကိုအဏ္ဏဝါတို့ ရှေ့မှာမို့ ဣန္ဒြေရရ သောက်စား နေကြသည်။ ဘယ်သင်္ဘောကမှန်း မသိရ သည့် ကပ္ပိတန် ထိပ်ပြောင်ကြီး တစ်ယောက်ကတော့ အသက်နဲ့ မလိုက် အရွယ်နဲ့ မလိုက် ကောင်မလေးတွေနဲ့ တွဲကလိုက်။ ကျွမ်းထိုးလိုက် လုပ်နေသည်။ ပရိသတ်ကလည်း လက်ခုပ်တီးပြီး အားပေးကြသည်။

ဦးသိန်းသန်း၊ ရဲထွန်း၊ မောင်ဝင်းနှင့် သာထွန်းဇံတို့သည် သူတို့ ကြိုက်သည့် ကောင်မလေးတွေ အသီးသီးနဲ့ တွဲက နေကြသည်။ ကိုအဏ္ဏဝါကလည်း ဂျနဲလ်ဆိုသည့် ကောင်မလေးကို သဘောကျပြီး တွဲကသည်။ ဂျနဲလ် GINEL သည် အရုပ်အမောင်း ကောင်းသည်။ ယောက်ကျားလေးကဲ့သို့ ဆံပင်ကို အတိုလေး ညှပ်ထားသည်။ သူ့မျက်နှာ ချောချောလေးနဲ့ လိုက်ဖက်သည်။

ည ၂-နာရီမှာ နိုက်ကလပ် ပိတ်တော့ ဂျနဲလ်က သူနေသည့် အခန်းကို လိုက်လည်ဖို့ ခေါ်သည်။ ကိုအဏ္ဏဝါကလည်း မကြောက်မရွံ့ လိုက်သွားသည်။ ဂျနဲလ်သည် ဂျပန် သင်္ဘောသား တစ်ယောက်၏ အထောက်အပံ့ခံ မိန်းကလေး ဖြစ်နေသည်။ ဂျနဲလ်၏ အခန်းထဲမှာ မိတ်အင် ဂျပန် ပစ္စည်းမျိုးစုံ ရှိနေသည်။ တီဗွီ၊ ဗီဒီယိုနှင့် ရေခဲသေတ္တာတွေကတော့ ဂျပန် အမိုက်ပိုက ကောက်ယူလာတာတွေ ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် ဂျပန်သင်္ဘောသား၏ အထောက်အပံ့ခံ မိန်းကလေး ဖြစ်သည့်အတွက် ချီလီနိုင်ငံမှာတော့ လူနေမှု အဆင့် အတော်မြင့်နေသည်။

http://www.linhtet.com



စက်တင်ဘာ ၁-ရက်နေ့မှ ကုန်တင်လို့ ပြီးသော်လည်း သင်္ဘော မထွက်ဖြစ်။ ညနေမှာ သင်္ဘောထွက်မည် ထင်ပြီး နိုက်ကလပ်ကို ဘယ်သူမှ မသွားဘဲ နေလိုက်ကြသည်။ ကုန်တင်တာ ပြီးသွားပြီဖြစ်လို့ အချိန်မရွေး သင်္ဘော ထွက်နိုင်သည်။ အားလုံး အသင့် ဖြစ်နေကြသည်။ ကိုအဏ္ဏဝါလည်း ဝါယာလက်စက်ကို စမ်းသပ်ပြီး အသင့် ပြင်ထားသည်။ မိုးလေဝသ သတင်းကိုလည်း ယူထားလိုက်သည်။ ၂-ရက်နေ့မှာတောင် ၁၀-နာရီထိုးမှ ထွက်နိုင်သည်။ ချီလီနိုင်ငံ၏ ကမ်းကို ယောင်ပြီး မြောက်ဘက်ကို ဆန်တက်ခုတ်မောင်းနေသည်။ ကိုစတာရီကာသို့ သွားနေသည်။

## ဘိုနီ အလုပ်ပြုတ်ခြင်း

ချီလီမှ မြောက်ဘက်ကို ထောင်တက်နေတာဖြစ်လို့ အအေး လည်း လျော့လာသည်။ ရာသီဥတုလည်း ကောင်းမွန်လာသည်။ လှိုင်းလေ ငြိမ်သက်လာသည်။ ပီရူး ရေပြင်ထဲ ဝင်လာပြီ ဖြစ်သည်။ ဒီနေရာတစ်ဝိုက်မှာ မိုးလေဝသ သတင်းကို ဘယ်နေရာက ယူရမှန်းမသိ ဖြစ်နေသည်။ နီးရာ ကမ်းခြေ စတေရှင်လေးတွေကလည်း စပိန်ဘာသာ၊ ပေါ်တူဂီဘာသာ၊ ပြင်သစ်ဘာသာတွေဖြင့် လွှင့်နေကြသည်။ ကပ္ပိတန်ကတော့ ပြောသည် ရတာကို ယူပါ။ သူ ဖတ်ကြည့်လျှင် နားလည်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောသည်။

၉-ရက်နေ့မှာ အမေရိကန် ရေဒီယိုစတေရှင် (WLO) မှ အင်ဂျင်နီယာချုပ်အတွက် ဝမ်းသာစရာ ကြေးနန်းတစ်စောင် ရသည်။ သူ့ဇနီးမှာ သမီးဦးလေး မွေးဖွားကြောင်း မိခင်ရော ကလေးပါ ကျန်းမာကြောင်း ကြေးနန်းဖြစ်သည်။

အင်ဂျင်နီယာချုပ် ပါရာဗင်ဘရူးဝါးသည် အာသံပြည်နယ်သားကုလား ဖြစ်သည်။ မြန်မာပြည်နှင့် နယ်စပ်ချင်း ထိစပ်နေလို့ဖြစ်မည်။ မစ္စတာ ဘရူးဝါးသည် မြန်မာနဲ့ အတော်တူသည်။ မုတ်ဆိတ်မွေး ပါးသိုင်းမွေးတွေသာ မထားလျှင် မြန်မာလူမျိုးဆိုလျှင် ယုံနိုင်သည့် ရုပ်ရည်

http://www.linhtet.com



ရှိသူ ဖြစ်သည်။ ကိုအဏ္ဏဝါနှင့် အတော် ခင်မင်သည်။ စားပွဲတင် တင်းနစ် ကစားဖက်။ စစ်ဘုရင်ထိုးဖက် ဖြစ်သည်။ ကိုအဏ္ဏဝါ အမြဲ ရှုံးသည်။ သူ့ကို ဘယ်နေရာမှ ယှဉ်လို့ မရ ဖြစ်ခဲ့သည်။

၂၇-၂-၈၆ နေ့က အာဂျင်တီးနားနိုင်ငံ ရိုဆားရီးရိုးမြို့မှာ ရောက်ရှိနေစဉ် ကိုအဏ္ဏဝါရဲ့ ဇနီးမှာ သားလေး မွေးဖွားတယ်ဆိုတဲ့ သတင်းကို သင်္ဘော တစ်စီးလုံး သိကြပြီးဖြစ်သည်။ ဒီအတွက် ကိုအဏ္ဏဝါ က ပါတီပွဲ တစ်ပွဲ ပေးပြီးဖြစ်သည်။

အခုတော့ အင်ဂျင်နီယာချုပ် မစ္စတာဘရူးဝါးမှာ သမီးလေးမွေး တယ်ဆိုတဲ့ ကြေးနန်းရတော့ ကိုအဏ္ဏဝါ လက်ခမောင်းခတ်လိုက်သည်။ ခင်ဗျား ကျုပ်ကို ယှဉ်နိုင်သေးရဲ့လားဆိုသည့် သဘောဖြစ်သည်။ အင်ဂျင်နီယာချုပ်အတွက် ပုဂ္ဂလိက ကြေးနန်း ဖြစ်သော်လည်း ကပ္ပီတန် ကို အလျင်ပြရရိုး ထုံးစံဖြစ်သည့်အလျောက် ကပ္ပီတန်ကို အလျင်ပြရ သည်။ ကပ္ပီတန်က ကိုအဏ္ဏဝါကို အကြံပေးသည်။

"ခင်ဗျား သူ့ဆီက တစ်ခုခုရအောင် ဘလက်မေးလ် လုပ်ပါလား"

ကပ္ပီတန်ပြောသည့် ဘလက်မေးလ်ဆိုတာ အကြပ်ကိုင်ဖို့၊ တစ်ခုခု ရအောင် ညှစ်ဖို့ အကြံပေးခြင်း ဖြစ်သည်။ ထမင်းစားချိန်မှာ တွေ့ကြတော့ ကိုအဏ္ဏဝါက မစ္စတာ ဘရူးဝါးကို ကမ်းလှမ်းသည်။

"ချိဖ် အင်ဂျင်နီယာ၊ ခင်ဗျားအတွက် ဝမ်းသာစရာ သတင်းတစ်ခု ကို ကပ္ပီတန်ဆီက ကျွန်တော် တောင်းပေးမယ်။ ခင်ဗျား ကျွန်တော့်ကို ဘာပေးမလဲ"

ကပ္ပီတန်က ပြုံးပြီး နားထောင်နေသည်။ မစ္စတာ ဘရူးဝါးက အံ့သြပြီး ပြူးကြည့်နေသည်။ ထူးထူးဆန်းဆန်း ဘာများပါလိမ့်ဆိုသည့် အကြည့်ဖြင့် ကြည့်နေသည်။ ရာထူးတက်သည့် သတင်းတော့ မဖြစ်နိုင်။ သူ့မှာ တက်စရာ ရာထူး မရှိတော့။ ဂိတ်ဆုံးနေသူဖြစ်သည်။ လစာတိုးတာ လည်း မဖြစ်နိုင်။ ဂရိကုမ္ပဏီသည် လက်ရှိ လစာတွေကိုတောင် လျှော့ပစ် နေသည်။ ဒါဆိုလျှင် ကိုအဏ္ဏဝါ ပြောသည့် ဝမ်းသာစရာ သတင်းဆိုတာ ဘာပါလိမ့်ဟု တွေးနေဟန်တူသည်။ လေသံပျော့ဖြင့် ပြန်မေးသည်။

"ဘာလိုချင်သလဲ ပြော"

http://www.linhtet.com



"ဘီယာ တစ်ကေ့စ်လောက်ဆိုရင် တော်ပါပြီ"

"အိုကေ"

ကိုအဏ္ဏဝါက ကပ္ပီတန်ကို လှမ်းကြည့်လိုက်သည်။ ကပ္ပီတန်က သူ့ထမင်းစား ပန်းကန်နားမှာ မှောက်ပြီးချထားသည့် ကြေးနန်းစာရွက်ကို အင်ဂျင်နီယာချုပ်ကို ကမ်းပေးလိုက်သည်။ အင်ဂျင်နီယာချုပ်သည် ကြေးနန်းကို ဖတ်ရင်း ဝမ်းသာပီတိဖြင့် ပြုံးလာပါသည်။ သမီးဦးလေးကို စိတ်ဖြင့်မှန်းပြီး ပုံဖော်ကြည့်လိုက်ဟန်တူသည်။ အကွက်ဆိုက်လာလို့ ကိုအဏ္ဏဝါက ဖမ်းနိမ်ထားလိုက်သည်။

"သမီးလေးမို့ စိတ်မပျက်ပါနဲ့ ကျုပ်က ချွေးမတော်ဖို့ အဆင် သင့်ပါ"

အတော် အောင့်သွားဟန်တူသည်။ မဲ့ပြုံးကြီး ဖြစ်နေသည်။ ဂရိ ပထမအရာရှိက ဝင်ရောက် ကန့်ကွက်သည်။ သူတို့လူမျိုး ကပ္ပီတန် ကို မကျေနပ်လို့ ဖြစ်သည်။

"ရေဒီယို အော်ဖစ်ဆာ။ ဒီကိစ္စမှာ ခင်ဗျား မတရားဘူး။ အင်ဂျင် နီယာချုပ်ရဲ့ ကြေးနန်းကို ဘာကြောင့် ကပ္ပီတန်ကို သွားပေးရတာလဲ"

ပထမအရာရှိသည် လူရိုးလူကောင်းဖြစ်သည်။ စုပရိမ်း အသော် ရတီ အော့ဖ် မာစတာ ဆိုသည့် အမြင့်ဆုံး လုပ်ပိုင်ခွင့် အာဏာ ရှိသူဟာ ကပ္ပီတန် ဖြစ်တယ်ဆိုတာကို မေ့လျော့ပြီး ပြောမိတာဖြစ်သည်။ ကိုအဏ္ဏဝါ ကလည်း ရေဒီယို အော်ပရေတာတို့ လိုက်နာရသည့် ကျင့်ဝတ် (မည်သည့် ကြေးနန်းကိုမဆို ကပ္ပီတန် မသိဘဲ သက်ဆိုင်သူ၏ လက်ထဲ သို့ မပေးရ) ဆိုသည့် ကျောင်းစာကို ရွတ်ပြလိုက်သည်။ ကပ္ပီတန်က ပထမအရာရှိကို ဂရိဘာသာစကားဖြင့် တစ်စုံတစ်ခု တိုးတိုး ပြောလိုက် သည်။ ပထမအရာရှိသည် ကပ္ပီတန် စာမေးပွဲ အောင်ပြီးသူ ဖြစ်သည်။ သူ့လူ သိက္ခာကျမှာ စိုးလို့ သတိပေးလိုက်ခြင်း ဖြစ်သည်။

၁၀-ရက်နေ့သည် လှိုင်းလေ အထူး ငြိမ်သက်နေသည်။ ပီရူး နိုင်ငံ ရေပြင်ထဲမှာပဲ ရှိသေးသည်။ ကပ္ပီတန်၏ အမိန့်ဖြင့် အသက်ကယ် လှေ အသုံးပြုခြင်း လေ့ကျင့်ခန်း လုပ်သည်။ ကိုအဏ္ဏဝါက အသက် ကယ် လှေမှာ သုံးသည့် ရေဒီယိုဆက်သွယ်ရေးစက် အသုံးပြုပုံကို လက်တွေ့ လုပ်ပြရသည်။

http://www.linhtet.com



၁၂-ရက်နေ့မှာ ကိုစတာရီကာနိုင်ငံ ကာဒီယား CALDERA ဆိုသည့် ဆိပ်ကမ်းကို ရောက်သည်။ တိုက်ရိုက် ဝင်ကပ်ခွင့်ရသည်။ သင်္ဘောဆိပ်သည် မြို့လယ်ကောင်နှင့် ဝေးလွန်း၍ ဘယ်လို ဘယ်ကို သွားရမည်မသိ ဖြစ်နေသည်။ ချီလီက တင်လာသည့် ကုန်ကလည်း နည်းသည်။ ကုန်ချတာမြန်မည်ဟု သိရသည်။ ဆိပ်ကမ်းကပ်ပြီး မကြာမီ ကုန်ချသည်။ ကုန်ထည့်ပေါက်တွေ အားလုံးမှ တစ်ပြိုင်တည်းချသည်။

၁၃-ရက်နေ့မှာ ရဲထွန်း၊ မောင်ဝင်းတို့နှင့်အတူ သင်္ဘောဆိပ်နဲ့ သိပ်ပြီး မဝေးလှသည့် ရေချိုးဆိပ်တစ်ခုကို သွားကြသည်။ ယနေ့သည် စနေနေ့ဖြစ်လို့ ရေချိုးဆိပ်မှာ စည်ကားနေသည်။ ဘီယာဆိုင်၊ အရက်ဆိုင်နှင့် မိုတယ်ခေါ် တည်းခိုခန်း အသေးလေးတွေကို တွေ့ရသည်။ ရေချိုးဆိပ် ဆိုသော်လည်း ပင်လယ်ကမ်းခြေ ရေချိုးဆိပ် မဟုတ်။ ပင်လယ်ထဲက ကုန်းတွင်းပိုင်းကို စီးဝင်နေသည့် ချောင်းတစ်ခု၏ ဝဲယာ နှစ်ဖက်မှာ ကြံဖန် ပြုလုပ်ထားသော ပျော်စရာနေရာလေး တစ်ခုသာ ဖြစ်သည်။

ချောင်းကလည်း ကျဉ်းတော့ သစ်သားတံတားတစ်စင်း ဖြတ်ထိုးထားသည်။ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကို ကူးသွားပျော်ပါးနေကြသည်။ ချောင်းကလေးသည် တောင်တွေကြားမှာ ရှိသဖြင့် တောင်ပေါ်က စီးကျလာနေသည့် စမ်းရေတွေက ချောင်းထဲကို စီးဝင်နေကြသည်။ စမ်းရေက ရေချို။ ချောင်းရေက ရေငန် ဖြစ်သည်။ ရေချိုနှင့် ရေငန် ရောနေသည့် ရေကို ချိုးနေကြခြင်း ဖြစ်သည်။ ချောင်းထဲက ပြန်တက်လာသူတွေသည် စမ်းရေချိုကို တဝ ချိုးနိုင်ကြသည်။ ရေဆင်းချိုးလိုက်။ ချောင်းကမ်းဘေး သဲသောင်ပြင် အစပ်မှာ အစီအရီ ရှိနေကြသည့် ဘီယာဆိုင်၊ အရက်ဆိုင်နှင့် စားသောက်ဆိုင်တွေမှာ သောက်လိုက် စားလိုက်ဖြင့် ပျော်စရာ ကောင်းပါသည်။ စားသောက်ဆိုင်နှင့် ရေချိုးဆိပ်တွေမှာ တွေ့သည့် အပျိုချောတွေကို စပိန်လို ပြောတတ်လျှင် ရည်းစားစကား ပြောနိုင်သည်။ အဆင်ပြေလျှင် မိုတယ်လို့ခေါ်သည့် တည်းခိုခန်းလေးတွေကို သွားအိပ်နိုင်သည်။

http://www.linhtet.com



ဒီနေ့ကတော့ ကွင်းဆင်း လေ့လာသည့် သဘောလောက်သာ ဖြစ်လို့ ဘီယာသောက်ပြီး လေ့လာခဲ့ကြသည်။ ညနေမိုးချုပ်လာတော့ ဒီနေရာကို အိပ်တန်းတက်ရန် လာကြသည့် ငှက်မျိုးစုံကို တွေ့ရသည်။ အများစုက ဗျိုင်းတွေနှင့် တင်ကျီးငှက်တွေ ဖြစ်သည်။ တောရိုင်း တိရစ္ဆာန်တို့ဖြင့် အလှဆင်ထားသည့် ဘေးမဲ့နေရာလေး ဖြစ်နေသည်။ တံတားအနီးက သစ်ပင်တစ်ပင်ပေါ်မှာ အိပ်တန်းတက်ရန် နားနေကြ သည့် ဗျိုင်းအုပ်ကြီးဟာ ကျောက်စိမ်းတုံးပေါ်မှာ ပေါက်ပေါက်တွေ ကြဲထားသလို ဖွေးဖွေး လှုပ်နေသည်။ ချောင်းကမ်းဘေးက သစ်ပင်တွေ ပေါ်မှာ အိပ်တန်းတက်ရင်း နေရာ လုကြလို့ ရန်ဖြစ်နေကြသည့် ငှက်မျိုးစုံ တို့၏ အသံတွေဖြင့် ဆူညံ နေသည်။ မီးရောင်စုံတွေ ထိန်လင်းနေသည်။ ကိုအဏ္ဏဝါတို့ လေ့လာရေး အဖွဲ့ပြန်ခဲ့ကြသည်။

၁၄-ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ ရေချိုးဆိပ်မှာ အရမ်း စည်ကားနေမည်ဆိုတာ သိနေသည်။ သင်္ဘောကလည်း ကုန်ချတာ ပြီးတော့မည်ဟု သိရသည်။ ဒီနေ့ ညနေပဲ သင်္ဘော ထွက်မလိုလို သတင်း ကြားနေရသည်။ ကိုအဏ္ဏဝါ သင်္ဘောပေါ်မှာ ရှိနေသော်လည်း စိတ်က ရေချိုးဆိပ်ကို ရောက်နေသည်။ ကုန်ကတော့ ချနေဆဲ တွေ့ရ သည်။ ရေချိုးဆိပ်ကို သွားချင်နေသည်။

ရဲထွန်းကိုခေါ်ပြီး အဖော်စပ်ကြည့်သည်။ ရဲထွန်းသည် ကိုအဏ္ဏဝါ နှင့် ဆိုလျှင် ငရဲကိုလည်း လိုက်ရဲသူ ဖြစ်သည်။

"ဒီနေ့ သင်္ဘောထွက်ဖြစ်မလား မသိဘူး။ ရေချိုးဆိပ်ကို သွားချင် တယ်ကွာ"

"သင်္ဘော ထွက်ဖြစ်မလား မထွက်ဖြစ်လား မသိဘူး။ ကုလား ညီနောင်က သွားကြပြီ"

ကုလားညီနောင်ဆိုတာ ဘုံဘေကုလား နှစ်ယောက်ဖြစ်သည့် ဒုတိယအရာရှိ ဖနန်းဒစ်ပီတာနှင့် တတိယအင်ဂျင်နီယာ အားရိုးညူးတို့ ကို ပြောခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါ စိတ်ထဲက ကျိတ်ဆဲလိုက်သည်။ 'မအေပေး နှစ်ကောင် သွားတာတောင် ငါ့ကို မခေါ်ဘူး' ဟု မကျေမနပ် ဖြစ်သွားသည်။ လာ တို့လည်း သွားမယ်ဆိုပြီး သင်္ဘောက ထွက်လာ ခဲ့ကြသည်။

http://www.linhtet.com



ရေချိုးဆိပ်ကိုရောက်တော့ ထင်သည့်အတိုင်းပင် မနေ့ကထက် ပိုပြီး စည်ကားနေသည်။ အချောအလှတွေကလည်း ပိုများနေတာ တွေ့ရသည်။ အများစုကတော့ ကလေးတွေပါသည့် မိသားစု ပျော်ပွဲစား ထွက်လာ ကြတာတွေ ဖြစ်သည်။ အခိုက်အတန့် ပျော်ဖို့အတွက် အတွဲရှာနေသူ ပျိုဖြူချောတွေကလည်း အများကြီးတွေ့ရသည်။ သူတို့နဲ့ ပျော်ချင်တယ် ဆိုရင် စားစရိတ်။ သောက်စရိတ်နှင့် တည်းခိုခန်း စရိတ်တွေ လိုအပ်လာမည်ဖြစ်သည်။ ဒေါ်လာ ၅၀ လောက် ရှိလျှင်တော့ ကောင်းကောင်း လောက်သည်။ တည်းခိုခန်း ငှားခက ဆယ်ဒေါ်လာ မျှသာ ပေးရသည်။ စားတာ သောက်တာကလည်း နှစ်ဆယ်၊ အစိတ် ဆိုလျှင် လောက်သည်။ ကိုအဏ္ဏဝါတို့မှာ တစ်ယောက်ကို ဒေါ်လာ ၂၀ လောက်သာ ပါကြသည်။ ဒုက္ခ များနေသည်။

ဘီယာဆိုင်တစ်ဆိုင်မှာ အမျိုးသမီးနှစ်ယောက်နှင့် အတူထိုင်ပြီး ဘီယာသောက်နေကြသည့် ကုလားနှစ်ယောက်ကို တွေ့သည်။ ဒုတိယ အရာရှိ ဖနန်းဒစ်က ကိုအဏ္ဏဝါတို့ကို မမြင်ယောင်ဆောင်နေသော်လည်း အားရိုးညှူးက ကိုအဏ္ဏဝါကို ပြုံးပြသည်။ အားရိုးညှူးသည် ကိုအဏ္ဏဝါ ကို နည်းနည်း လန့်နေသည်။ ကိုအဏ္ဏဝါနှင့် စစ်တုဘုရင် ကစားတာမှာ သူရှုံးသည်။ သူရှုံးတော့ ရှက်ပြီး ခင်ဗျား သိပ်ကံကောင်းတယ်လို့ မျက်နှာ ထား တင်းတင်းဖြင့် ပြောသည်။ ကိုအဏ္ဏဝါ ဒေါသ ထွက်သွားသည်။ စားပွဲကို လက်သီးဖြင့်ထုပြီး ပြောလိုက်သည်။

"ငါ ကစားဖို့အတွက် ကစားတာကွ။ နိုင်ချင်လို့ ကစားတာ မဟုတ်ဘူး"

အဲဒီ ကတည်းက ကိုအဏ္ဏဝါကို လန့်သွားတာဖြစ်သည်။ များ သောအားဖြင့် ကုလားတွေဟာ အုပ်စုနဲ့သာ ကျယ်ရဲသည်။ တစ် ယောက်ချင်းဆိုလျှင် ကြောက်တတ်သည်။ ယခုလည်း ကိုအဏ္ဏဝါကို မြင်တော့ ဟိုကောင်လို မမြင်ယောင် မဆောင်ရဲလို့ ကိုအဏ္ဏဝါကို ပြုံး ပြခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါက ဆိုင်ထဲဝင်သွားပြီး အပြစ်တင်သည်။

"ခင်ဗျားတို့ဗျာ အပြင်ကို ထွက်မယ်ဆိုတာ ကျွန်တော့်ကိုတောင် မခေါ်ကြဘူး"

http://www.linhtet.com



"အချိန်မရဘူး ဒီနေ့ ညနေ သင်္ဘောထွက်မယ်"

"ကုန်ချနေတုန်းပဲ"

"ညနေ ၅-နာရီမှာ ပြီးမယ်၊ ၆-နာရီမှာ ထွက်မယ်"

ဒုတိယအရာရှိ ဖနန်းဒစ်က သင်္ဘောထွက်မယ် ဆိုတာကို အတိအကျ သိနေသည်။ သူတို့နှင့် တွဲနေသည့် အမျိုးသမီး နှစ်ယောက်က ကိုအဏ္ဏဝါနှင့် ရဲထွန်းကို ဖော်ရွေသည့် အပြုံးများဖြင့် ကြည့်နေကြသည်။ တောင်အမေရိကတိုက်က အမျိုးသမီးများသည် သူတို့နှင့် ရုပ်ချင်းဆင်သည့် မြန်မာကို ကြိုက်ကြသည်။ ကုလားနှင့် ဥရောပတိုက်သားတွေကို ပိုက်ဆံရလို့သာ လက်ခံကြတာ ဖြစ်သည်။ ရဲထွန်းကလည်း အရပ် ၅ ပေ ၁၀ လက်မလောက် မြင့်သည် ဖြူဖြူချောချောဖြစ်လို့ စိတ်ဝင်စားနေကြတာ ဖြစ်နိုင်သည်။ အဲဒါကို ကုလားနှစ်ကောင်ကလည်း ရိပ်မိသည်။ ရဲထွန်းသည် အလုပ်သင် အင်ဂျင်နီယာဖြစ်လို့ အာရီးညှူး၏ လက်အောက်မှာ အလုပ် လုပ်နေရသူ ဖြစ်သည်။ ဒီကိစ္စဖြင့် အငြိုးထားပြီး လုပ်ငန်းခွင်မှာ ညစ်နိုင်သည်။ ရစ်နိုင်သည်။ အသာ ရှောင်ထွက်လာခဲ့ကြသည်။

ချောင်းကူးတံတားပေါ် ဖြတ်လျှောက်လာကြစဉ် တူရူမှ မျက်နှာချင်းဆိုင် လျှောက်လာကြသော အမျိုးသမီး ချောချော နှစ်ယောက်ကို ရဲထွန်းက သဘောကျပြီး လှတယ်ကွာလို့ ပြောသည်။ ကိုအဏ္ဏဝါ ကြည့်လိုက်တော့လည်း ဟုတ်သည်။ လှပါသည်။ ဘလောက်အင်္ကျီအဖြူနှင့် ဘောင်းဘီတို အဖြူတွေ ဝတ်လာကြသည်။ မြစ်ထဲဆင်းပြီး ရေကူးဖို့ လာကြတာ ဖြစ်မည်။ နှစ်ယောက်လုံး ချောပါသည်။ ကိုအဏ္ဏဝါက စပိန်လို နှုတ်ဆက်လိုက်သည်။

"ဟိုက် မီယာမိုး၊ ဘွဲနိုတာရေ့စ်"

ကိုအဏ္ဏဝါ နှုတ်ဆော့လိုက်ခြင်း ဖြစ်သည်။ ကောင်းသော နေ့လယ်ခင်းပါ အချစ်ရေလို့ နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။ နှစ်ယောက်လုံး တိုင်ပင်ထားသလို တုံ့ခနဲ ရပ်သွားကြသည်။ ကိုအဏ္ဏဝါနှင့် ရဲထွန်းကို ပြုံးပြီး ကြည့်နေကြသည်။ ကိုအဏ္ဏဝါတို့ကလည်း ရပ်လိုက်ကြသည်။ ဘယ်သွားမလို့လဲလို့ မေးတော့ ရေကူးဖို့ သွားကြတာဟု ဆိုသည်။

http://www.linhtet.com



ကျွန်တော်တို့ပါ လိုက်ကူးလို့ ရမလားဆိုတော့ ရတယ်ဟု ဖြေသည်။ ကိုအဏ္ဏဝါက ရဲထွန်းကို ပြောလိုက်သည်။

"ရဲထွန်းရေ အလုပ်တော့ ဖြစ်နေပြီကွ"

"အစ်ကိုကြီး ကျွန်တော်တို့ ဘယ်လို လုပ်ကြမလဲ"

"ဒီညနေ သင်္ဘောထွက်မှာကွ ဘာမှ လုပ်လို့ မရတော့ဘူး"

သူတို့နှင့်အတူ ရေကူး၊ အတူစား၊ မိုတယ်မှာ အတူအိပ်လို့ရနေပြီ ဖြစ်သည်။ တစ်ယောက်ကို ဒေါ်လာ ၅၀ လောက် ကုန်မည် ဖြစ်သည်။ ဒေါ်လာ ၅၀ လည်း မရှိကြ။ ညနေကျလျှင် သင်္ဘောကလည်း ထွက်မည်။ တံတားပေါ်မှာ ရပ်ပြီး မိတ်ဆက်စကားတွေပြော၊ ဓာတ်ပုံ အတူတွဲရိုက် တာလောက်နဲ့ ကျေနပ်ပြီး လူချင်း ခွဲခဲ့ရသည်။ ရဲထွန်းကတော့ တောက် တခေါက်ခေါက် ဖြစ်နေသည်။ စားရတော့မည် သကာခဲ ပါးစပ်ပေါက်နဲ့ လွဲပြီး ရေထဲကျသွားသလို ခံစားနေရဟန်တူသည်။ သင်္ဘောကို ရောက် တော့ ကုန်ချတာပြီးနေသည်။ ည ၉-နာရီမှာ သင်္ဘောထွက်သည်။

၁၆-ရက်နေ့မှာ ပနာမားကို ရောက်သည်။ ပနာမား တူးမြောင်းရဲ့ ပစိဖိတ် သမုဒ္ဒရာဘက် အခြမ်း (ဘာဘိုယာ)မှာ ကျောက်ချသည်။ ပနာမား တူးမြောင်းကို ဖြတ်ရန် စောင့်နေသည့် သင်္ဘောတွေ အတော် များသည်။ ခပေါင်း ဒူးယား ခေါ်ကြည့်တော့ မြန်မာ တစ်ယောက် ပြန်ထူးသည်။ အာအို ကျော်ဇေယျနဲ့ စကား ပြောလိုက်ကြသည်။

ကပ္ပိတန် ခေါ်တယ်ဆိုလို့ ကိုအဏ္ဏဝါ သွားသည်။ ကပ္ပိတန်၏ ရုံးခန်းထဲက မျက်နှာချင်းဆိုင် ဆိုဖာပေါ်မှာ ထိုင်ခိုင်းသည်။ ဘိုနီကို အလုပ်ဖြုတ်ပြီး ပနားမားက ပြန်ပို့ရန် စီစဉ်ထားပြီးပြီဟု ပြောသည်။ ပို့ပေါ့။ ခင်ဗျားက ကပ္ပိတန်ပဲ၊ လုပ်ပိုင်ခွင့် ရှိတာပဲ၊ လုပ်ပေါ့လို့ ပြောလိုက် သည်။ ဒါပေမဲ့ သိချင်တာကို မေးလိုက်သည်။

"သူ့ရဲ့လုပ်အားခ လက်ကျန် လစာတွေကိစ္စ ဘယ်လို စီစဉ်ထား သလဲ"

"သူ့လစာ လက်ကျန် မရှိဘူး၊ သူ့ကို ပြန်ပို့တဲ့ လမ်းစရိတ်ဟာ သူ့လစာ လက်ကျန်ထက် များနေတဲ့အတွက် သူ့ကို ပေးစရာ မလို တော့ဘူး"

http://www.linhtet.com



“သူ ပြန်ချင်လို့ ပြန်တာမှ မဟုတ်ဘဲ။ ကပ္ပိတန် မကြိုက်လို့ ပြန်ပို့တာပဲ၊ ကုမ္ပဏီစရိတ်နဲ့ ပြန်ပို့ရမှာပေါ့”

ကပ္ပိတန်က ခေါင်းခါသည်။ သူတို့ ဂရိကုမ္ပဏီနှင့် မြန်မာနိုင်ငံ သင်္ဘောသား အလုပ်အကိုင် ရှာဖွေရေးဌာနတို့ သဘောတူထားသည့် သဘောတူညီချက် စာရွက်တွေကို ထုတ်ပြဖို့ လုပ်သည်။ ကိုအဏ္ဏဝါက မကြည့်ချင်လို့ လက်ကာ ပြလိုက်သည်။ အကျင့်ပျက်သူ၊ စည်းကမ်း မလိုက်နာသူတွေကို မိမိ စရိတ်ဖြင့် ပြန်ပို့ရမည်ဆိုသည့် စာတွေကို ထုတ်ပြမည် ဖြစ်သည်။

ဘိုနီရဲ့ကိစ္စကြောင့် ကပ္ပိတန်နှင့် မိမိတို့ ပြဿနာဖြစ်နိုင်သည်ကို သတိရလိုက်သည့်အတွက် ဘာမှ ဆက်မပြောတော့ဘဲ ကြိုက်သလိုသာ လုပ်ပါလို့ ပြောလိုက်သည်။ ကပ္ပိတန်၏ အခန်းက ပြန်ထွက်လာခဲ့သည်။ ဦးသိန်းသန်းကို ဖုန်းဆက်လိုက်သည်။ သူ့အခန်းကို လာခဲ့မည်ဟု ပြောလိုက်သည်။

ဘိုနီ၏ ပြဿနာကို ဦးသိန်းသန်းကို ပြောပြလိုက်သည်။ ကပ္ပိတန် မတရား လုပ်တာကိုပါ ထည့်ပြောလိုက်သည်။ ကိုယ့်လူက လည်း မကောင်းဘူးဗျာလို့ ဦးသိန်းသန်းက ပြောသည်။ မကောင်းလို့ မကြိုက်လို့ ပြန်ပို့တာကို ဘာမျှ မပြောလိုပါ။ သင်္ဘောသား တစ်ယောက် တစ်နှစ်နီးပါး လုပ်ထားသည့် လုပ်အားခ လစာကို တစ်ပြားမှ မပေးဘဲ ကိုယ့်စရိတ်ဖြင့် ကိုယ့်တိုင်းပြည်ကို ပြန်ရမည်ဆိုလို့ မတရားဘူးလို့ ထင်ကြောင်း ပြောပြသည်။ ဘိုနီကို ဖုန်းဆက် ခေါ်လိုက်သည်။

ဘိုနီသည် လုံချည်ဖြင့်ပင် ဦးသိန်းသန်း၏ အခန်းကို ရောက်လာသည်။ အလုပ် မလုပ်ဘဲ အိပ်လိုက်စားလိုက်ဖြင့် ခရီးသည်လို သင်္ဘောစီး လိုက်လာတာ ချီလီက ထွက်ကတည်းက ဖြစ်သည်။ အရက်ကလည်း ခေါ်တိုက်မည့်သူ မရှိလို့ မသောက်ရ ဖြစ်နေသည်။ ပြုလုပ်ခဲ့သည့် အမှားတွေအတွက် နောင်တရနေသည့် လက္ခဏာ တွေ့ရသည်။ နောင်တ ရတာ နောက်ကျသွားပြီဖြစ်သည်။

“ကဲဘိုနီ၊ မင်းကို ပနားမားက ပြန်ပို့တော့မယ်။ မင်းလစာ လက်ကျန်တွေကို တစ်ပြားမှ မပေးနိုင်ဘူးလို့ ပြောနေတယ်။ မင်းကို

http://www.linhtet.com



ပြန်ပို့ရတဲ့ စရိတ်ဟာ မင်းရပိုင်ခွင့် ပိုက်ဆံထက် များနေတဲ့အတွက် တစ်ပြားမှ မပေးနိုင်တော့ဘူးတဲ့။ အဲဒါ ဘယ်လို လုပ်မလဲ''

ဘာလုပ်ရမှန်း မသိ ဖြစ်သွားသည်။ မျက်လုံးလေး ပုတ်ခတ် ပုတ်ခတ် လုပ်နေသည်။ လုပ်သမျှ လည်စင်းခံမည့်သဘော တွေ့ရသည်။ သောက်စားမူးရူးနေဖို့သာ တတ်သည်။ ကိုယ်ရေး တစ်စုံတစ်ရာ ကြုံလာလျှင် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိသူဖြစ်သည်။ ဘာအဖြေမှ မပေးနိုင်ဘဲ ကပ္ပိတန် လုပ်သမျှ ခံမည်ဆိုသည့် လက္ခဏာ တွေ့ရသည်။

''မင်း လစာ ထုတ်စရာ ဘယ်လောက်ကျန်သေးလဲ သိလား''

''ဒေါ်လာ ၉၀၀ ကျော်ကျော် ကျန်သေးတယ်''

''ဒေါ်လာ ၉၀၀ကျော် ဆိုတာ နည်းသည့် ပိုက်ဆံ မဟုတ်။ ရန်ကုန်ကို ပြန်ရောက်သွားလျှင် သူ့အတွက် အထိုက်အလျောက် ရှန်းကန် လှုပ်ရှားနိုင်သည့် ပိုက်ဆံဖြစ်သည်။ တစ်နှစ်နီးပါး အလုပ် လုပ်ထားတာ ၁၅၀၀ လောက် ရှိသင့်သည်။ အရက်သောက်လို့ ကုန်သွားတာဖြစ်သည်။ ကျန်သည့် ၉၀၀ ကျော်ကို ရသွားစေချင်သည်။ ကပ္ပိတန်၏ ညာတာမှု ကင်းမဲ့စွာ လုပ်တာကိုလည်း မခံချင် ဖြစ်နေသည်။ ဘိုနီကို အကြံပေးရ တော့သည်။

''မင်း လစာ လက်ကျန် ပိုက်ဆံကို မရရင် သင်္ဘောက မဆင်းဘူး လို့ လေသံ လွှင့်ထားလိုက်၊ မနက်ဖြန် မင်းကို ခေါ်ဖို့ ပနားမားအေးဂျင့် လာတဲ့အခါ ကပ္ပိတန်ရဲ့ အခန်းမှာ ငါ ရှိနေမယ်။ မင်းက အင်္ဂလိပ်လို တစ်ခွန်းမှ မပြောနဲ့။ မင်း အတွက် ငါက စကားပြန် လုပ်ပေးမယ်။ မင်းက ငါ ပြောတာဆိုတာကို နားထောင်ပြီး မီးစင်ကြည့် ကပေတော့။ ငါ ပြောတာ သဘောပေါက်လား''

''ဟုတ်ကဲ့ ပေါက်ပါတယ်''

''ပနားမားအေးဂျင့်က ခေါ်လို့ ကပ္ပိတန်ရဲ့ အခန်းကို လာတဲ့အခါ ခရီးထွက်ဖို့ အသင့်ဖြစ်နေတဲ့ ပုံနဲ့ ဝတ်စုံပြည့် ဝတ်လာခဲ့။ အထုပ်အပိုး လည်း ပြင်ပြီး အသင့်လုပ်ထား။ ငါ ပြောတာတွေကို မှတ်မိလား''

ဘိုနီက အားလုံး မှတ်မိကြောင်း ခေါင်းညိတ်ပြသည်။ စိတ်အား ငယ်သွားသည့် ပုံဖြင့် သူ့အခန်းကို ပြန်သွားသသည်။ အခန်း ပြန်ပြီး ခွေခွေလေး အိပ်နေတော့မည် ဖြစ်သည်။

http://www.linhtet.com



၁၇-ရက်နေ့ နံနက်မှာ ကိုအဏ္ဏဝါ အိပ်ရာက မထသေးမီပင် တယ်လီဖုန်း လာသည်။ စားပွဲထိုး အောင်သိန်းက ဆက်တာဖြစ်သည်။ ကပ္ပိတန်က သူ့အခန်းကို လာရန် ဆက်ခိုင်းသည်ဟု သိရသည်။ နာရီကြည့်လိုက်တော့ ၈-နာရီ ထိုးတော့မည် ဖြစ်သည်။

ကပ္ပိတန်ရဲ့ အခန်းကို ရောက်သွားတော့ ဦးသိန်းသန်းပါ ရောက်နေတာတွေ့ရသည်။ ကပ္ပိတန်ရဲ့ အခန်းမှာ လူစုံနေသည်။ ပနားမားအေးဂျင့်နှင့် အတူ ရဲနှစ်ယောက်ပါ ရောက်နေတာ တွေ့ရသည်။ ဘိုနီက သင်္ဘောက မဆင်းဘူးဆိုလို့ ရဲနဲ့ဆွဲချရန် ကပ္ပိတန်က ရဲကို ဖုန်းဆက်ခေါ်ထားတာ ဖြစ်သည်။

ဦးသိန်းသန်းနှင့် ကိုအဏ္ဏဝါ တို့ကို သက်သေအဖြစ် တင်ပြပြီး ဘိုနီသည် အလုပ်ချိန်မှာ အရက်သောက်ကြောင်း၊ အလုပ် မလုပ်ဘဲ အရက်မူးနေကြောင်း သက်သေခံ ခိုင်းသည်။ ဟုတ်မှန်ကြောင်း လက်မှတ် ထိုးခိုင်းသည်။ ထိုးပေးလိုက်ကြရသည်။ ကပ္ပိတန်က ဘိုနီကို ခေါ်ခိုင်းသည်။

ဘိုနီသည် ကိုအဏ္ဏဝါ ပြောထားသည့်အတိုင်း ဝတ်စုံပြည့်ဖြင့် ရောက်လာသည်။ အင်္ကျီလက်ရှည် အဖြူစင်းကို ဝတ်လာသည်။ ဂျင်းဘောင်းဘီ အသစ်ကို ဝတ်လာသည်။ ဝပ်ကင်းရှူး အသစ်ကို စီးလာသည်။ ရဲနှစ်ယောက်က ပထမတော့ လူဆိုးကို ကြည့်သည့် အကြည့်ဖြင့် ကြည့်သည်။ နောက်တော့ ဘိုနီကို ကြည့်ပြီး သနားသည့် လက္ခဏာတောင် တွေ့ရသည်။ အကွက်ကောင်းပဲလို့ ကိုအဏ္ဏဝါ နားလည်လိုက်သည်။

"ခင်ဗျား သင်္ဘောက မဆင်းဘူးလို့ ပြောတယ် ဆိုတာ ဟုတ်ပါသလား"

ရဲက ဘိုနီကို မေးသည်။ ကိုအဏ္ဏဝါက ပြောထားလို့ ဘိုနီက နားမလည်ချင်ယောင် ဆောင်သည်။ ကိုအဏ္ဏဝါက ဝင်ပြောရသည်။

"သူ အင်္ဂလိပ်လို နားမလည်ပါဘူးခင်ဗျာ၊ ကျွန်တော် မေးပေးပါ့မယ်။ ဘိုနီ မင်းသင်္ဘောက မဆင်းဘူးလို့ ပြောတာ ဟုတ်သလားလို့

http://www.linhtet.com



မေးနေတယ်။ မဟုတ်ပါလို့ ဖြေလိုက်။ လစာ ပိုက်ဆံရမှ ဆင်းမယ်လို့ ပြောလိုက်''

ကိုအဏ္ဏဝါ သင်ပေးသည့်အတိုင်း ဘိုနီက မြန်မာလို ပြောသည်။ ကိုအဏ္ဏဝါက ကပ္ပိတန် မရိပ်မိအောင် မှင်နဲ့မောင်းနဲ့ ပြောပေးလိုက်သည်။

''သင်္ဘောက မဆင်းဘူးလို့ သူ မပြောပါဘူးတဲ့။ သူ့ရဲ့ လုပ်အားခ လစာတွေ မရရင် သင်္ဘောက မဆင်းဘူးလို့ ပြောတာပါတဲ့''

ကိုအဏ္ဏဝါ ဘာသာပြန်တာကို ကြားတော့ ရဲနှစ်ယောက်သည် တအံ့တသြ ဖြစ်သွားကြသည်။ ကပ္ပိတန်ကို လှမ်းကြည့်လိုက်ကြသည်။ ပနားမား ရဲနှစ်ယောက်သည် ကပ္ပလီတွေဖြစ်သည်။ ဥရောပတိုက်သား တွေကို မသိမသာ မုန်းနေသူတွေ ဖြစ်သည်။ ဘယ်လိုလဲဆိုသည့် အကြည့်ဖြင့် ကပ္ပိတန်ကို ကြည့်နေကြသည်။ ကပ္ပိတန်က ပြုံးပြီး ပခုံး တွန့်ပြသည်။ သူ့ရဲ့ မူဝါဒကို ရွတ်ပြသည်။ သူ့စရိတ်နဲ့သူ ပြန်ရတဲ့ အတွက် သူ့လစာတွေကို ထုတ်မပေးနိုင်ကြောင်း ပြောသည်။

ရဲနှစ်ယောက်သာမက အေးဂျင့်ကပါ ကပ္ပိတန်ကို စိတ်ဆိုးကြ တော့သည်။ ဒီကိစ္စဟာ ပနားမားနိုင်ငံမှာရှိတဲ့ ITF ရုံးကို ရောက်သွားလျှင် ကပ္ပိတန် ပိုနာသွားလိမ့်မည်ဟု ပြောသည်။ သူ့လစာကို ရှင်းပေးလိုက် ပါဟု အပြတ်ပြောသည်။ ကပ္ပိတန်က ဘိုနီသည် အလုပ် မလုပ်ဘဲ မူးပြီးအိပ်သည့် ရက်တွေအတွက် လစာ ဖြတ်ရမည်ဟု ပြောသည်။

ဒီကိစ္စအတွက်တော့ သဘောတူ လက်ခံလိုက်ပါလို့ ကိုအဏ္ဏဝါက ဘိုနီကို ပြောလိုက်ရသည်။ နှစ်ဦးနှစ်ဖက် ညှိကြရာ နောက်ဆုံးမှာ ဒေါ်လာ ၇၀၀ ဖြင့် ဈေးတည့်သွားသည်။ ဘိုနီကို ဒေါ်လာ ၇၀၀ ထုတ်ပေးလိုက် သည်။ ဘိုနီက သင်္ဘောရဲ့ အလုပ်ထွက်စာအုပ် SIGN-OFF BOOK မှာ လက်မှတ် ထိုးပေးလိုက်သည်။

ဘိုနီသည် ဒီနေ့ သင်္ဘောက ဆင်းပြီး ပနားမားစီးတီးမြို့တော်က ဟိုတယ်မှာ နေရမည်။ နက်ဖြန် ၁၈-ရက်နေ့မှာ ပနားမားမှ နယူးယောက်၊ ဘုံဘေ၊ ဘန်ကောက်၊ ရန်ကုန် ခရီးစဉ်ဖြင့် ပြန်ရမည်ဟု သိရသည်။ ကပ္ပိတန်သည် ရဲခေါ်ခ အဖြစ် ရဲနှစ်ယောက်အတွက် တစ်ယောက်ကို ဒေါ်လာ ၁၀၀ နှုန်းဖြင့် ဒေါ်လာ ၂၀၀ ပေးလိုက်ရသည်။

http://www.linhtet.com



ရဲတွေနှင့် အေးဂျင့် ပြန်သောအခါ ဘိုနီ ပါသွားလေသည်။ သင်္ဘောသား သူငယ်ချင်းတွေက မော်တော်ဘုတ်ပေါ်အထိ လိုက်ပို့ကြ သည်။ ဘိုနီသည် သင်္ဘောပေါ်က ကြည့်နေသူတွေကို ဘုတ်ပေါ်က လက်ပြသွားသည်။

ဘိုနီရဲ့ အဖြစ်ကို ကြည့်ပြီး ကိုအဏ္ဏဝါ တစ်စုံတစ်ခုကို တွေးမိသည်။ သင်္ဘောသားဆိုတာ မလိမ္မာတဲ့ အကောင်တောင် ဘိုးရိုန်း ၇၄၇ လေယာဉ် ကြီးစီးပြီး နယူးယောက်၊ ဘုံဘေ၊ ဘန်ကောက် ရောက်ဖူးသေးတာပဲလို့ တွေးမိပါသည်။

## ကိုလံဘီယာနိုင်ငံမှာပျော်စရာ

ဘိုနီ သင်္ဘောပေါ်က ဆင်းသွားတော့မှ ဘိုနီအကြောင်းတွေကို ပြောပြီး ရယ်တဲ့အခါ ရယ်လိုက်ကြ၊ စိတ်မကောင်း ဖြစ်တဲ့အခါ ဖြစ်လိုက်ကြဖြင့် ဘိုနီကို သတိရနေကြသည်။ ပနားမားစီးတီး ဟိုတယ်မှာ သောက်တော့မည်ဖြစ်သည်။ နောက်နေ့မှာ ပနားမားကနေ နယူးယောက်ကို အသွားမှာ လေယာဉ်ပေါ်မှာ သောက်တော့မည် ဖြစ်သည်။ နယူးယောက်၊ ဘုံဘေ၊ ဘန်ကောက်၊ ရန်ကုန် ခရီးစဉ် တစ်လျှောက်လုံး သောက်သွားတော့မည် ဖြစ်သည်။ ရန်ကုန်ကို အသက်ရှင်လျက် ရောက်သွားပါစေလို့သာ ဆုတောင်းကြရတော့သည်။

ဘိုနီသည် အရာရှိ တစ်ယောက်၏ တစ်ဦးတည်းသောသား ဖြစ်သည်ဆိုတာလောက်ပဲ သိရသည်။ တစ်ယောက်တည်းပဲ မွေးထားတာလား။ အစ်မတွေကြားမှာ မောင်လေး တစ်ယောက်တည်း ပါတာကို ဆိုလိုတာလား မမေးလိုက်မိ ဖြစ်သွားသည်။ ဘိုနီသည် လူဆိုးမဟုတ်။ လူမိုက်သာဖြစ်သည်။ မခိုးတတ်။ ရန်မလိုတတ်။ ကြောက်တတ်သည်။ ပျော်ပျော်နေတတ်သည်။ အရက်သာ သောက်ရမည်ဆိုလျှင် ဘယ်ကိုမဆို လိုက်သည်။ မည်သည့်အရက်ကို မဆို မူးလျှင်ပြီးရောဆိုပြီး သောက်သည်။ မူးသွားပြီဆိုလျှင် ဘာကိုမျှ သတိမရတော့ဘဲ ထင်ရာ စွတ်လုပ်တော့သည်။ အရက်က သူ့ကို နိုင်သွားပြီ ဖြစ်သည်။

http://www.linhtet.com



ဘိုနီ သင်္ဘောက ဆင်းသွားသည့်နေ့ ညနေမှာ သင်္ဘော ထွက်သည်။ ၁-ရက်ခရီးမျှသာ မောင်းရမည့် ကိုလံဘီယာ နိုင်ငံကို သွားနေခြင်း ဖြစ်သည်။ ကိုလံဘီယာမှာ သကြားတင်ပြီး ဘယ်မှာသွားချရမည်ကို မသိသေး ဖြစ်နေသည်။ အမေရိကန်၊ ဗင်နီဇွဲလား၊ မော်ရိုကို တစ်ခုခု ဖြစ်နိုင်သည်ဟု ပြောနေကြသည်။

၂၀-ရက်နေ့ နံနက်တွင် ကိုလံဘီယာနိုင်ငံ ဘွဲနာဗင် ကျူးရား BUENAVENTURA ဆိုသည့်မြို့ကို ရောက်ပြီး ကျောက်ချသည်။ ၁၀-နာရီတွင် ရေကြောင်းပြ တက်လာပြီး မြို့ဆိပ်နှင့် အနီးဆုံး နေရာမှာ ကျောက်ချပြီး ရေကြောင်းပြ ပြန်ဆင်းသွားသည်။ ရေကြောင်းပြသည် သက်သက်ဝက်ဖန်၊ ဘော်ချက် (ပိုက်ဆံယူ) သွားတာ ဖြစ်သည်။ သင်္ဘောကို ရေဒီယို တယ်လီဖုန်းနဲ့ လှမ်းပြောပြီး ဘယ်နေရာမှာ ကျောက်ချပါလို့ ပြောလျှင်ရသည်။ အဲဒီလို မပြောဘဲ သင်္ဘောပေါ် တက်လာပြီး ကိုယ်တိုင် လုပ်သွားသည်။ အဲဒါအတွက် ဒေါ်လာ ၁၀၀၀ လောက် ပေးရမည်ဖြစ်သည်။ သင်္ဘော ကုမ္ပဏီတွေကို နှိပ်စက်တာမှာ ရေကြောင်းပြတွေလည်း ပါသည်။

ရေကြောင်းပြ ဆင်းသွားပြီး မကြာမီ လက်လှော်လှေကလေးဖြင့် အမျိုးသမီးတွေ ရောက်လာကြသည်။ ကုန်းပတ် ပထမအရာရှိက လှေကား ချမပေးရလို့ အမိန့်ပေးထားလို့ လှေထဲက သင်္ဘောပေါ်ကို တက်ခွင့် မရကြ ဖြစ်နေသည်။ သင်္ဘောပေါ်ကနေ မှန်ပြောင်းဖြင့် လှေထဲကို ငုံ့ကြည့်ကြသည်။ အမှန်အကန်လေးတွေ ပါတယ်ကွလို့ အော်သံကြားလိုက်ရသည်။

ကောင်မလေးတွေ သင်္ဘောပေါ် တက်ခွင့်ရရေး ကိစ္စမှာ ကိုအဏ္ဏဝါ ပယောဂ မပါအောင် လက်ရှောင်နေသည်။ ယခင်က ကပ္ပိတန် အဟောင်း မစ္စတာ ကွန်တိုမော့စ်သာ ဆိုလျှင် ကိုအဏ္ဏဝါ ပြောရဲဆိုရဲသည်။ ဟိုဆရာကလည်း ဝါသနာ ဘရားသားဖြစ်လို့ လှေကားချပေးလိုက်လို့ ပြောမှာ သေချာသည်။ ယခု ကပ္ပိတန် ကန်ပါးနစ်ကတော့ မိန်းမကိစ္စမှာ သိက္ခာကျ မခံဘဲ ခပ်ကင်းကင်း နေတာ တွေ့ရသည်။ ဘိုနီ ကိစ္စမှာ ကိုအဏ္ဏဝါ အခါပေး ဦးပုည လုပ်လို့ ဒေါ်လာ ၇၀၀

http://www.linhtet.com



ပေးလိုက်ရတာလို့ သံသယဖြစ်ပြီး ကိုအဏ္ဏဝါကို ငြိုးမှာ ကြောက်နေရသည်။ ပုလိပ်နှစ်ယောက်ကို ဒေါ်လာ ၂၀၀ ပေးလိုက်ရလို့ နှာတင်းနေသည်။ အထူး သတိထားရမည် ဖြစ်သည်။

လှေပေါ်က ကောင်မလေးတွေက လှေကားချပေးပါလို့ တောင်းဆို နေသည့်အတွက် ဒုတိယအရာရှိ ဖနန်းဒစ်က ချပေးလိုက်သည်။ ကောင်မလေးတွေ သူ့ထက်ငါ ဦးအောင် သင်္ဘောပေါ် ပြေးတက်လာကြသည်။ ဟိုလူခေါ်နိုး သည်လူခေါ်နိုးဖြင့် ထမင်း စားခန်းမှာ စုထိုင်နေကြသည်။ ခေါ်ချင်သူ တချို့ (ကိုအဏ္ဏဝါ အပါအဝင်) ကလည်း သိက္ခာဆည်ပြီး မခေါ်ဘဲ နေကြသည်။ ကောင်မလေးတွေက ဗိုက်ဆာလို့ဆိုပြီး စားဖိုဆောင်ထဲ ဝင်သည်။ ထမင်းချက် မောင်ဝင်းဆီမှာ ထမင်းတောင်း စားကြသည်။ မောင်ဝင်းနဲ့ အပေးအယူ တည့်သွားကြသည်။

၂၃-ရက်နေ့ ကျောက်ချထားရာမှ ကမ်းကပ်ခွင့်ရသည်။ သင်္ဘောပေါ်မှာ ညအိပ်နေကြသည့် ကောင်မလေးတွေကို လှေတစ်စင်းက လာခေါ်လို့ သင်္ဘော ကမ်းမကပ်မီ ဆင်းသွားကြသည်။ သူတို့ ရှိမည့် နိုက်ကလပ် နာမည်ကို ပြောသွားကြသည်။ ပင့်ကူနီ RED SPIDER နိုက်ကလပ်ဟု ပြောသွားသည်။ ကုလားတွေနှင့် မြန်မာသင်္ဘောသား တချို့ရဲ့ အခန်းတွေမှာ အိပ်သွားကြသည်ဟု သိရသည်။

သကြား အညိုတွေ တင်သည်။ အရောင် မချွတ်ရသေးသည့် သကြားတွေဖြစ်သည်။ ကြံသကာအနံ့ထွက်နေသည်။ အရက်ချက်ရာတွင် သုံးသည်ဟု သိရသည်။ အရောင်ချွတ်၊ အချိုဓာတ်လျှော့ပြီး သကြားအဖြူ လုပ်လို့လည်း ရသည်ဟု သိရသည်။ ဒီသကြားတွေကို ဘယ်ကို သွားပို့ရမည် ဆိုတာကို မသိရသေး ဖြစ်နေသည်။

ကိုအဏ္ဏဝါ၊ ရဲထွန်း၊ မောင်မောင်လွင်နှင့် မောင်ဝင်းကို ပင့်ကူနီ နိုက်ကလပ်ကို သွားကြသည်။ သင်္ဘောမှာ ညအိပ်သွားကြသည့် ကောင်မလေးတွေကို တွေ့ရသည်။ ဒစ္စကို မီးရောင်စုံ ဆလိုက် အောက်မှာ တေးသီချင်း အမျိုးမျိုး၊ ကချိုးကကွက် အမျိုးမျိုးဖြင့် တအုန်းအုန်း တရုန်းရုန်း ကနေကြသည်။ စပိန်သီချင်းတွေဖြစ်သည့် လဘန်းဘာနှင့် လန်ဗားဒါး သီချင်းသံတွေကတော့ ကိုလံဘီယာမှာသာမက တောင်အမေရိက တစ်တိုက်လုံးမှာ ညံနေသော ကာလ ဖြစ်သည်။

http://www.linhtet.com



ကိုအဏ္ဏဝါတို့ သင်္ဘောက သင်္ဘောသားတွေ နိုက်ကလပ်ပိတ်မှ အတူ ပြန်ကြသည်။ သင်္ဘောကို ပြန်ရောက်တော့ မိုးလင်းခါနီး ၃နာရီ ထိုးပြီး ဖြစ်သည်။ ခဏလောက် အိပ်လိုက်ကြပြီး နံနက် ၆ နာရီမှာ အိပ်ရာက ထပြီး လုပ်ငန်းခွင် ဝင်ရမည့် သူတွေပါသည်။ မောတော့ မောတာပေါ့၊ ဒါပေမဲ့ မမောကြပါဘူး။ နောက်နေ့မှာလည်း နိုက်ကလပ်ကို သွားကြဦးမည် ဖြစ်သည်။

ဘွဲနာဗင်ကျူးရာ ဆိပ်ကမ်းမှာ ကြာမည့်သဘော ဖြစ်နေသည်။ တင်နေသည့် ကုန်ကလည်း သကြားတွေ ဖြစ်သည်။ မိုးရွာလျှင် ကုန်ထည့် ပေါက်တွေ ပြေးပိတ်ပြီး ကုန်တင်ကာ ရပ်လိုက်ရသည်။ မိုးစဲသွားပြီဆိုလျှင် အလုပ် ပြန်လုပ်ဖို့အတွက် ကုန်ပေါက်တွေ ပြန်ဖွင့် ရတာ ကြာသည်။ အလုပ်သမားတွေကို လိုက်ရှာနေရသည်။ ကိုလံဘီယာ ဆိုတာကလည်း အီကွေတာရာသီဥတု ရှိသည့်အတွက် မိုးတစိမ့်စိမ့် ရွာနေတတ်သည်။ ဒီနိုင်ငံမှာ ကြာဦးမည့်သဘော ဖြစ်သည်။

ဒီနိုင်ငံမှာ ကြာတာက အကြောင်းမဟုတ်။ ဒီနိုင်ငံမှာ ကောင်မလေးတွေကချော ဘီယာအရက်တွေက ဈေးပေါတော့ သင်္ဘောသားတွေ ငွေကုန်ကြေးကျများမည့် နိုင်ငံဖြစ်သည်။ ဘိန်းဖြူနှင့် ကိုကင်းအရောင်းအဝယ်လုပ်သည့် မူးယစ်ဂိုဏ်းကြီးတွေ ခိုအောင်းနေသည့် နိုင်ငံဖြစ်သည်။ ရာဇဝတ်မှု ပေါများသည်။ အလွန် အန္တရာယ်များသော နိုင်ငံဖြစ်သည်။ မူးယစ်ဂိုဏ်း ခေါင်းဆောင်ကို ဖမ်းပေးနိုင်ပါက အမေရိကန် ဒေါ်လာ ၂ သန်း ပေးမည်ဟု ဆုငွေထုတ်ထားသည်။ မူးယစ်ဂိုဏ်း ခေါင်းဆောင်က ပြန်ပြီးကြေညာသည်။ သူ့ကိုဖမ်းပေးနိုင်သူကို ဆုငွေ ၄ သန်း ပေးမည်ဟု ကြေညာထားသည်။ ဖမ်းပေးနိုင်သူသည် ဆုငွေ ဒေါ်လာ ၆ သန်းရမည် ဖြစ်သည်။ ဤမျှ ပွဲကြမ်းနေသော နိုင်ငံမှာ ကိုအဏ္ဏဝါတို့က ညတိုင်း ပျော်နေကြသည်။ နိုက်ကလပ်ပိုင်ရှင်က ပြောသည်။ မူးယစ်ဆေးဝါး အရောင်းအဝယ် မလုပ်နဲ့။ လူမသတ်နဲ့။ ဘဏ်ဓားပြမတိုက်နဲ့ ကျန်တာ လုပ်ချင်တာလုပ်။ သူ တာဝန်ယူသည်ဟု ဆိုသည်။

http://www.linhtet.com



ကိုအဏ္ဏဝါတို့ သင်္ဘောမှာ ရှိသမျှ သင်္ဘောသား အားလုံးနီးပါး နိုက်ကလပ်တွေမှာ သွားပြီး ပျော်နေကြတော့ အောင့်ထားတောင့်ထား သည့် မောင်သီဟလည်း မနေနိုင်ဖြစ်သွားတော့သည်။ မောင်သီဟဆိုတာ ဘိုဆင်မြအောင်၊ အေဘီနွမ်းလျံထန်းတို့နှင့်အတူ သင်္ဘောကို ရောက်လာ သည့် စားပွဲထိုးဖြစ်သည်။ ဒီတစ်ခေါက် မပျော်တော့ဘူး။ မကဲတော့ဘူး။ သင်္ဘောမှာပဲ အိပ်ကာ၊ စားကာ၊ စာဖတ်ကာ နေတော့မယ် ဆိုပြီး အလျားလေးပေ၊ အနံသုံးပေ၊ အမြင့်တစ်ပေခွဲမျှကြီးသော သေတ္တာကြီး ဖြင့် ဆေးပေါ့လိပ် အလိပ် ၅၀၀၊ ပက်ဆိုးဒင့် သွားတိုက်ဆေးဘူး ၅ ဘူး၊ လစဥ်ထုတ် မဂ္ဂဇင်းမျိုးစုံနှင့် အဝတ်အစား တွေကို ထည့်ယူလာခဲ့သူ ဖြစ်သည်။ အခုတော့ အဲဒီ သေတ္တာကြီးကို ဖွင့်တောင် မကြည့်တော့ဘူးဟု သိရသည်။

နိုက်ကလပ်မှာ ကောင်မလေးတွေကချော ဈေးကပေါတော့ နေ့တိုင်း နိုက်ကလပ်ကို သွားကြသည်။ ကိုအဏ္ဏဝါတို့ကတော့ ချောတာ တွေ့လျှင် တစ်နေ့တစ်ယောက် ပြောင်းတွဲသည်။ နေ့စဥ် အသုံးစရိတ်ကို ဒေါ်လာ ၂၀ သတ်မှတ်ထားသည်။ တချို့ကလည်း သစ္စာရှိစွာဖြင့် တစ်ယောက်ဆို တစ်ယောက်၊ ပိတောက်ဆို ပိတောက် ဒီကောင်မလေး ကိုပဲ နေ့စဥ် တွဲသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောက အမည် မဖော်လိုသူ တစ်ယောက်ရဲ့ အကြောင်းကို ပြောရဦးမည်။ သူသည် နိုက်ကလပ်ကိုလာလျှင် သူများ တွေလို လက်ချည်းမလာဘဲ သိုးမွေးပွ အနီရောင် ရှမ်းလွယ်အိတ်ကြီးကို စလွယ်သိုင်း လွယ်လာလေ့ ရှိသည်။ ဒီလွယ်အိတ်ကြီးကို ဘာကြောင့် ယူယူ လာတာလဲလို့ မေးလျှင် တိကျ သေချာသည့် အဖြေ မပေးနိုင်။ ဆေးလိပ်နှင့် မီးခြစ်ထည့်ဖို့ ယူလာတာလို့သာ ပြောနိုင်သည်။ ကိုအဏ္ဏဝါ ကတော့ အတိအကျ သိသည်။ လွယ်အိတ်ကြီးသည် အနီရောင် တောက် တောက် ဖြစ်လို့ လူတွေ စိတ်ဝင်စားသည်။ ဆွဲဆောင်မှု ရှိသည်။ လွယ်အိတ်ကြီးကို မြင်သူတိုင်း သူ့ကိုဂရုစိုက်ကြည့်ကြသည်။ သူကလည်း

http://www.linhtet.com



ဒီအကွက်ကို ဆင်ထားခြင်း ဖြစ်သည်။ လူတွေ သူ့ကို ဂရုစိုက်အောင် အထူးသဖြင့် ကောင်မလေးတွေ သူ့ကို ဂရုစိုက်ပြီး ကြည့်အောင် ယူယူ လာခြင်း ဖြစ်သည်။

သူ့ကို နာမည် မဖော်လိုသည့်အတွက် လွယ်အိတ်ကြီးလို့ပဲ ခေါ်မှ ဖြစ်မည်။ လွယ်အိတ်ကြီးသည် အလှအပကို မြင်တတ်သူ ဖြစ်သည်။ ရွေးတတ်သူဖြစ်သည်။ သူ ရွေးထားသည့် ကောင်မလေးသည် မြန်မာပြည် က အကယ်ဒမီရ နာမည်ကြီး ရုပ်ရှင်မင်းသမီး တစ်ယောက်နဲ့ အတော် တူသည်။ သူကလည်း ဒါကြောင့် ရွေးခေါ်လိုက်တာလို့ ပြောသည်။ သူ အတော် ကျေနပ်နေသည်။ ကောင်မလေးကို တပ်မက်စွာ တစ်ချိန်လုံး ဖက်ထားသည်။ နိုက်ကလပ်မှာ ရှိသည့် အခန်းမှာပင် အတူအိပ်လိုက် ကြသည်။

နောက်နေ့မှာလည်း လွယ်အိတ်ကြီးသည် ဒီကောင်မလေးကိုပဲ ခေါ်ပြီး တစ်ချိန်လုံး ဖက်ထားသည်။ အတူ သောက်ကြသည်။ တွဲက ကြသည်။ ည ၂-နာရီထိုးလို့ နိုက်ကလပ် ပိတ်တော့ ကိုအဏ္ဏဝါတို့ သင်္ဘောသို့ ပြန်သည့်အခါ လွယ်အိတ်ကြီးပါ လိုက်ပြန်မည်ဟု ပြော သည်။ နင့်ကောင်မလေးနဲ့ အတူ မအိပ်ဘူးလားဆိုတော့ ပိုက်ဆံ မရှိလို့ မအိပ်တော့ဘူးလို့ ပြောသည်။ နိုက်ကလပ် အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းလာကြသည်။ လမ်းမပေါ် ရောက်တော့မှ ကောင်မလေးက လွယ်အိတ်ကြီး အနားကို ပြေးလာပြီး တစ်စုံတစ်ခု ပြောသည်။ ကောင်မ လေးက အင်္ဂလိပ်လို မပြောတတ်။ လွယ်အိတ်ကြီးကလည်း စပိန်လို မပြောတတ်။ ဘာကိစ္စ အတွက် ဘာတွေကို ပြောနေကြသည် မသိလို့ ခပ်လှမ်းလှမ်းမှ ရပ်စောင့် နေကြသည်။ တော်လေးကြာတော့ ကောင်မ လေးရဲ့ အသံ ကျယ်လာပြီး လွယ်အိတ်ကြီးကို ပါးရိုက်တာ မြင်လိုက် ရသည်။ လွယ်အိတ်ကြီး ရက်သွားပြီး ပြန်ရိုက်ဖို့ လုပ်သည်။ ကိုအဏ္ဏဝါ ပြေးလိုက်သွားပြီး လွယ်အိတ်ကြီးကို ဆွဲလိုက်ရသည်။

“ဟေ့ကောင် ဟေ့ကောင် မလုပ်နဲ့”

http://www.linhtet.com



လွယ်အိတ်ကြီးသည် ဘော်ဒါတွေ ရှေ့မှာ သူ အလွန်သဘောကျနေသည့် ကောင်မလေးက ပါးရိုက်တာကို ခံလိုက်ရလို့ ရှက်လည်းရှက် ဒေါသလည်း ထွက်သွားဟန် တူသည်။ ကောင်မလေးကို ပြန်ရိုက်ဖို့ တရွယ်ရွယ် လုပ်နေသည်။ လွယ်အိတ်ကြီးကို တိုးတိုး ပြောပြလိုက်ရသည်။

"ဒါ ကိုလံဘီယာနိုင်ငံ ဘာမျှားအောက်မေ့လဲ။ ကောင်မလေး အော်လိုက်ရင် တိုက်ကြိုတိုက်ကြားက မှောင်ရိပ်ခိုနေတဲ့ လူမိုက်တွေ ထွက်လာပြီး မင်းကို ကိုင်ပစ်လိုက်မှာ အလောင်းတောင် ပြန်ရမှာ မဟုတ်ဘူး"

ဘာကြောင့် ရိုက်တာလဲလို့ ကောင်မလေးကို မေးကြည့်သည်။ ကျွန်မကို တစ်ချိန်လုံး ဖက် ကိုင် နမ်း လုပ်နေပြီး အတူ မအိပ်ဘဲ ပြန်တော့မယ်လို့ ပြောတယ်။ သူနဲ့ တွဲနေရတော့ ကျွန်မမှာ တခြား ဖောက်သည်လည်း မရတော့ဘူး။ ကျွန်မကို ညကြေး ဆယ်ဒေါ်လာ လောက် ပေးခဲ့ပါဆိုတော့လည်း ပိုက်ဆံ မရှိလို့ မပေးနိုင်ဘူးတဲ့။ ကျွန်မ ဘာနဲ့ သွားစားရမလဲဟု ပြောသည်။ သူ့ဘက်က ကြည့်တော့လည်း အလွန် နစ်နာပါသည်။

ကိုအဏ္ဏဝါက ကောင်မလေးကို တောင်းပန်ပြီး ကိုယ့်လူ လွယ်အိတ်ကြီးကို ဆွဲခေါ်လာခဲ့သည်။ ကောင်မလေးသည် ကိုအဏ္ဏဝါတို့ နောက်က ပြေးလိုက်လာပြီး လွယ်အိတ်ကြီး လွယ်ထားသည့် လွယ်အိတ်ကြီးကို နောက်က ဆောင့်ဆွဲ လိုက်သည်။ လွယ်အိတ်ကြီး နောက်ကို ပက်လက်လန် လဲကျသွားသည်။ လဲကျသွားသည့် လွယ်အိတ်ကြီးရဲ့ ခေါင်းကို ဒေါက်ဖိနပ်ဖြင့် ပြေးကန်လိုက်သေးသည်။ ကိုအဏ္ဏဝါတောင် ဒေါသ ထွက်သွားပြီး ကောင်မလေးကို ဆွဲထိုးပစ်မလို့ လုပ်လိုက်သေးသည်။ နောက်မှ ဖြစ်လာနိုင်သည့် အန္တရာယ်ကို သတိရပြီး အုပ်စုလိုက် ထွက်ပြေးခဲ့ကြရသည်။

http://www.linhtet.com



နောက်နေ့မှာ သူများတွေ နိုက်ကလပ်သွားတော့ လွယ်အိတ်ကြီး မလိုက်တော့ဘဲ နေသည်။ နိုက်ကလပ်က ပြန်လာသူတွေကို သူ့ ကောင်မလေး ဘယ်သူနဲ့ တွဲသလဲဟု မေးလေ့ရှိသည်။ သုံးရက်တိတိ နိုက်ကလပ် မသွားဘဲ အောင့်နေသည်။ ၄-ရက်မြောက် နေ့မှာတော့ တစ်စုံတစ်ယောက် ဆီက ပိုက်ဆံချေးပြီး နိုက်ကလပ်ကို လိုက်လာပြန် သည်။ သူ့ကို ပါးရိုက်လိုက်သည့် ကောင်မလေးကိုပဲ ပြန်ခေါ်တွဲပြန် သည်။ ဒီကောင်မကို ဘာကြောင့် ပြန်တွဲတာလဲလို့ မေးကြည့်တော့ ကလဲ့စားချေချင်လို့ဟု ပြောသည်။ ဒီကောင်မလေးရဲ့ အလှကွန်ရက်က ရုန်းမထွက်နိုင် ဖြစ်နေပြီ ဆိုတာကို သိနေကြသည်။ ည ၂-နာရီ ထိုးလို့ နိုက်ကလပ် ပိတ်ချိန်မှာ သူများတွေ သင်္ဘောကို ပြန်တော့ မပြန်ဘဲ ကောင်မလေးနဲ့ အတူအိပ်ရန် ကျန်နေခဲ့သည်။

ဒေါ်လာ ၃၀ လောက် ကုန်သွားသည်ဟု သိရသည်။ ကိုအဏ္ဏဝါ ကြားဖူးသည့် ပုံပြင် တစ်ပုဒ်ကို ပြောပြလိုက်သည်။

ဟိုတုန်းက ရွာတစ်ရွာမှာ မြင်းမွေးသူ တစ်ယောက် ရှိသတဲ့။ သူ့မြင်းလေးကို ချစ်လို့ မစီးရက်ဘဲ အလှကြည့်ထားသတဲ့။ မြင်းလေးကို ရွာထိပ်က စားကျက်မှာ လွတ်ကျောင်းနေစဉ် ရွာသူကြီးက သူ့မြင်းကို ယူစီးသတဲ့။ သူကြီးမို့ ကြောက်လို့ မပြောဝံ့တာနဲ့ ဒီအတိုင်း ကြည့်နေရ သတဲ့။ စိတ်ထဲကတော့ လုံးဝ မကျေနပ်ဘူးတဲ့။ အခွင့်သာရင် ကလဲ့စား ချေဖို့ စိတ်ကို ဆုံးဖြတ်လိုက်သတဲ့။

တစ်နေ့တော့ ရွာနောက်က ချောင်းထဲမှာ ချည်ထားတဲ့ သူကြီးရဲ့ လောင်းလှေကို သွားတွေ့တယ်တဲ့။ တွေ့တယ်ဆိုရင်ပဲ လှေပေါ်ခုန်တက် ပြီး ချောင်းရိုးစုန် လှော်တော့တာပဲတဲ့။ မြစ်ဝရောက်တော့ ပြန်လှည့်ပြီး ရေဆန်ကို လှော်ပြန်တာပဲတဲ့။ အစုန်အဆန် လှော်လို့ မောတော့မှ ကဲမှတ်ကရော၊ ငါ့အကြောင်း သိပြီ မဟုတ်လားလို့ ပြောလိုက်သတဲ့။

"လွယ်အိတ်ကြီးရေ မင်းလည်း လှေလှော်တဲ့ မြင်းပိုင်ရှင်လို ဖြစ်နေပြီကွာ"

http://www.linhtet.com



သင်္ဘောသား ထမင်းစားခန်းထဲမှာ ပွဲကျသွားသည်။ လွယ်အိတ်ကြီး ကတော့ ပြုံးနေသည်။ ကလဲ့စားချေခဲ့ရလို့ ကျေနပ်နေဟန်တူသည်။

၂၉-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ ကုန်တင်တာ ပြီးသွားလို့ နက်ဖြန် ၃၀-ရက်နေ့ညမှာ သင်္ဘော ထွက်မလိုလို သတင်းကြားရသည်။ ယနေ့သည် နိုက်ကလပ်ကို သွားကြမည့် နောက်ဆုံးနေ့အဖြစ် သတ်မှတ်ကြသည်။ ဒီနေ့တော့ ကိုအဏ္ဏဝါ၏ အလှည့်ဖြစ်သည်။ ကိုအဏ္ဏဝါ၏ မိတ်ဆွေ ကောင်မလေးသည် ကိုအဏ္ဏဝါဆီက ဒေါ်လာ ၂၀ ယူပြီး အခန်း အပြင်ကို ခဏထွက်သွားတာ ပြန်မလာလို့ ကိုအဏ္ဏဝါ တစ်ယောက်တည်း အခန်းထဲမှာ အိပ်ခဲ့ရသည်။

ကိုအဏ္ဏဝါ၏ မိတ်ဆွေ ကောင်မလေးသည် သင်္ဘော ဘယ်နေ့ ထွက်မလဲဟု ကိုအဏ္ဏဝါကို မေးသည်။ ကိုအဏ္ဏဝါကလည်း ရိုးသားစွာပင် နက်ဖြန် ထွက်မည်ဟု ပြောလိုက်မိသည်။ နက်ဖြန် ပြန်တွေ့စရာ မလိုတော့သည့် ငနဲကို ဘာမျက်နှာမှ ထောက်စရာမလိုဆိုပြီး ပတ်တီးချ သွားခြင်း ဖြစ်သည်။ သင်ခန်းစာတစ်ခု ရလိုက်သည်။ (သင်္ဘော ထွက်မည့်ရက်ကို ဘယ်တော့မှ မပြောနဲ့) ဆိုသည့် သင်ခန်းစာဖြစ်သည်။

## ကိုလံဘီယာမှ ဘာလ်တီမိုးသို့

၃၀-ရက်နေ့ နံနက်မှာ ကိုအဏ္ဏဝါ အိပ်ရာက မထမီ ဘိုဆင် မြအောင် လာနှိုးသည်။ ကပ္ပိတန်က ခေါ်ခိုင်းသည်ဟု ပြောသည်။ ကပ္ပိတန်ကို သွားတွေ့သောအခါ မြန်မာသင်္ဘောသားများကို သတိပေးရန် ကိစ္စ ပြောသည်။ မကြာမီ သင်္ဘောထွက်မည်ဖြစ်၍ ရဲများ လာရောက် စစ်ဆေးမည်ဟု ဆိုသည်။ မူးယစ်ဆေးဝါးများ အခန်းတွင်းမှာ မရှိစေရန်၊ သင်္ဘော တစ်စီးလုံးမှာ စတိုးဝေး (သင်္ဘောဖြင့် ခိုးလိုက်မည့်သူ) ကို သေသေချာချာ ရှာရန် ကိစ္စကို ခေါ်ပြောသည်။ ဒီကိစ္စသည် ကုန်းပတ် ပထမ အရာရှိ၏ အလုပ်ဖြစ်သည်။ ကပ္ပိတန်သည် တစ်ခါတလေ ဘောင်ကျော် စည်းလွတ်ချင်သူဖြစ်သည်။ သူ ကျေနပ်အောင် ခေါင်းညိတ်ပြီး သူ့အခန်းမှ ပြန်ထွက်ခဲ့သည်။

http://www.linhtet.com



ရဲတွေ ရောက်လာပြီး ဝတ်ကျောတန်းကျော ရှာဖွေစစ်ဆေးသည်။ နံနက် ၁၀-နာရီမှာ ကိုလံဘီယာနိုင်ငံ ဘွဲနာဗင်ကျူးရာဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာခဲ့ပါသည်။ ဘယ်ကိုသွားရမယ်ဆိုတာ တိတိကျကျ မသိသေးဘဲ ပနာမားတူးမြောင်းဘက်ကို ထွက်လာခဲ့ခြင်း ဖြစ်သည်။

အောက်တိုဘာ ၁-ရက်နေ့ ည ၂-နာရီမှာ ပနားမားတူးမြောင်းကို ဝင်ရန် တန်းစီသည်။ ပစိဖိတ်သမုဒ္ဒရာဘက်ဖြစ်လို့ ဘာဘိုယာမှာ ရောက်နေသည်။ အိပ်ချင်လှပြီဖြစ်လို့ တူးမြောင်းဝင်တာကို မကြည့်တော့ဘဲ အိပ်လိုက်သည်။

၂-ရက်နေ့ မနက် အိပ်ရာကထတော့ အတ္တလန္တိတ်ဘက်အခြမ်းက ခရစ္စတိုဘောကို ရောက်ပြီး ကျောက်ချထားတာ တွေ့ရသည်။ တင်ယူလာသည့် သကြားတွေကို ဘယ်ကို သွားပို့ရမည်ကို မသိလို့ ကုမ္ပဏီက ဝင်လာမည့် ညွှန်ကြားချက်ကြေးနန်းကို စောင့်နေရသည်။

၅-ရက်နေ့တွင် ကပ္ပိတန်သည် ကိုအဏ္ဏဝါ၏ ရုံးခန်းကိုလာပြီး မခံချင်စရာ မေးခွန်းကို လာမေးသည်။

"စပတ်ခ်၊ ငါတို့ဒီမှာ ဘယ်လောက် ကြာအောင် နေကြရမယ်ဆိုတာကို ငါ ဘယ်လိုသိနိုင်မလဲ"

စပတ်ခ်ဆိုတာ ဆက်သွယ်ရေး အရာရှိလို့ ခေါ်လိုက်သည့် သင်္ဘောသား ဗန်းစကား ဖြစ်သည်။ ကိုအဏ္ဏဝါ အတော် ဒေါသထွက်သွားသည်။ ဒါဟာ ကိုအဏ္ဏဝါအပေါ်မှာ စိတ်မချ၊ အယုံအကြည် နည်းလို့ မေးသော မေးခွန်း ဖြစ်သည်။ ဒီသင်္ဘော ဘယ်ကိုသွားပြီး ကုန်ချရမည်ဆိုသည့် သတင်း ရရှိရေးသည် ကိုအဏ္ဏဝါ၏ ကျွမ်းကျင်မှု အပေါ်မှာ လုံးဝ တည်နေပြီ ဖြစ်သည်။ ကုမ္ပဏီက ပို့ပေးမည့် ညွှန်ကြားချက်ကို ဘယ်လို ရယူရမှန်း မသိလို့ ရက်တွေ ကြာနေပြီလားဆိုသည့် သံသယစိတ် ဝင်လာနေဟန်တူသည်။ ကိုအဏ္ဏဝါ ထိုင်ရာမှထပြီး လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

"ကပ္ပိတန် ဒီမေးခွန်းကို ကျွန်တော့်ကို မမေးဘဲ ကုမ္ပဏီရုံးကို ဖုန်းဆက်ပြီး မေးသင့်တယ်။ မေးမလား ကျွန်တော် ဖုန်းခေါ်လိုက်မယ်"

http://www.linhtet.com



ကိုအဏ္ဏဝါကို လက်ကာပြပြီး ရုံးခန်းအဝမှ လှည့်ပြန်သွားသည်။ ဂရိတွေသည် ကုမ္ပဏီကို စကားပြောရမှာ အလွန် ကြောက်သည်။ ကိုအဏ္ဏဝါရဲ့ လုပ်ရည်ကိုင်ရည်ကို စိတ်မချလို့သာ လာမေးခြင်း ဖြစ်သည်။ ဒီလို အခြေအနေမျိုးဟာ ရေဒီယို ဆက်သွယ်ရေး အရာရှိရဲ့ အစမ်းသပ်ခံ ကာလဆိုတာကို သိသည်။ ကိုအဏ္ဏဝါသည် တစ်ခါသေဖူးလို့ ပျဉ်ဖိုးကို နားလည်သူ ဖြစ်သည်။

ကိုအဏ္ဏဝါ တိုမို ၈၅-သင်္ဘောမှာ အမှုထမ်းစဉ်က ဒီအဖြစ်မျိုးနဲ့ ကြုံခဲ့ဖူးပြီ ဖြစ်သည်။ ၁၃-၉-၁၉၈၃ နေ့မှာ ကြုံခဲ့ရတာ ဖြစ်သည်။ စင်ကာပူ ထွက်ပြီး ဘယ်ကိုသွားရမည် မသိလို့ ဂျပန်ကို ဦးတည် ခုတ်မောင်း နေသည်။ စင်ကာပူ ရေဒီယိုကို တစ်နေ့ကို လေးကြိမ်လောက် နားထောင်သည်။ ၅-ရက်မျှ ကြာသည်အထိ ဘာကြေးနန်းမျှ မရတော့ အနည်းငယ် ပေါ့ဆချင် လာသည်။ ၆-ရက်မြောက်နေ့မှာ စင်ကာပူ ရေဒီယိုကို ညနေပိုင်းမှာ နားမထောင်လိုက်မိ ဖြစ်သွားသည်။ ကိုအဏ္ဏဝါ အိပ်ရာ ဝင်ခဲ့သည်။ နောက်နေ့ နံနက် ၈-နာရီမှာ စက်ဖွင့်ပြီး နားထောင်လိုက်တော့ ကိုအဏ္ဏဝါအတွက် ကြေးနန်း ရှိနေသည်။ ဖမ်းယူလိုက်သည်။ ကိုအဏ္ဏဝါ၏ ခေါင်းကို မိုးကြိုးပစ်သလို ဖြစ်သွားသည်။

ကြေးနန်းစာပါ အကြောင်းအရာက ဖိလစ်ပိုင်နိုင်ငံ ပတန်ဂတ်စ် ဆိပ်ကမ်းကို ဝင်ပြီး ကုန်တင်ပါဆိုသည့် ကြေးနန်း ဖြစ်သည်။ ဒီကြေးနန်းကို ရသည့်အချိန်မှာ သင်္ဘောသည် ဖိလစ်ပိုင်ကို လွန်ပြီး တိုင်ဝမ် ကျွန်း အနီးကို ရောက်နေပြီဖြစ်သည်။ ကြေးနန်းကို သွားပေးသောအခါ ဂျပန် ကပ္ပိတန်အဘိုးကြီး အိုကာမိုတို စိတ်ဆိုးလို့ ထခုန်နေတာကို မြင်ယောင် ပါသေးသည်။ ပထမအရာရှိ ကိုမျိုးကျော်ကတော့ အားပေး စကားပြောသည်။

"အာအိုကြီး ခင်ဗျားတော့ ပြုတ်ပြီ ထင်တာပဲ"

"ကံပေါ့ဗျာ၊ ကျွန်တော် နည်းနည်း ပေါ့လျော့ သွားတယ်"

ကိုအဏ္ဏဝါသည် အကြီးအကျယ် ကြောက်သွားပြီး စင်ကာပူ ရေဒီယိုကို ၂-နာရီ တစ်ကြိမ် နားထောင်တော့သည်။ နောက်တစ်ကြိမ် နားထောင်လိုက်တော့ ကြေးနန်း တစ်စောင် ရှိနေပြန်သည်။ ဖမ်းယူလိုက်

http://www.linhtet.com



တော့ ဒီတစ်ခါ ဝမ်းသာလို့ ထခုန်တာ ကိုအဏ္ဏဝါဖြစ်သည်။ ကြေးနန်း စာပါအကြောင်းအရာက ယခင်ကြေးနန်းကို ပယ်ဖျက်သည်။ ဖိလစ်ပိုင်မှာ ကုန်တင်မည့် အစီအစဉ် ပျက်သွားပြီ။ ဂျပန်ကို ဆက်သွားပါဆိုသည့် ကြေးနန်း ဖြစ်သည်။ သင်္ဘောသည် ဖိလစ်ပိုင်ကို သွားရန် ပြန်လှည့်ပြီးလို့ ငါးမိနစ်ခန့်သာ ကြာသေးလို့ ဂျပန် ကပ္ပိတန်ကြီး သဘောကျသွားသည်။ ကိုအဏ္ဏဝါလည်း ကွင်းလုံးကျွတ် လွတ်သွားသည်။

ဒီလို အတွေ့အကြုံမျိုးတွေ ရှိခဲ့ဖူးပြီဖြစ်လို့ ယခုကိစ္စမှာ ကိုအဏ္ဏဝါဘက်က လုံး၀ ခိုင်လုံမှု ရှိသည်။ တာဝန်ယူရဲသည်။ ကြေးနန်းရှိနိုင်သည် ထင်သည့် ရေဒီယိုစတေရှင်တွေရဲ့ ကြေးနန်းစာရင်း အသံလွှင့်ချက် TRAFFIC LIST တွေကို နားထောင်သည်။ ဘယ်စတေရှင်မှာမှ ကိုအဏ္ဏဝါအတွက် ကြေးနန်း မရှိလို့ အေးဆေးပဲ စိတ်ချလက်ချ နေလိုက်သည်။

အောက်တိုဘာ ၁၅-ရက်နေ့အထိ ဘာသတင်းမှ မထူးသေးသော အခါ ရေချိုကို ရာရှင်စနစ်ဖြင့် အသုံးပြုနေကြရပြီ ဖြစ်သည်။ ဒီကြားထဲမှာ တာဝန်ကျ အလုပ်သင် အင်ဂျင်နီယာ တစ်ယောက်က ရေချိုတွေကို ရှေ့တိုင်ကီမှ အလယ်တိုင်ကီကို ပြောင်းတာမှာ ဘားအဖွင့်အပိတ်မှားလို့ ရေချို တန်သုံးဆယ်လောက် ပျောက်သွားပြန်သည်။ ကပ္ပိတန် အရမ်း စိုးရိမ်နေပြီ ဖြစ်သည်။ ကပ္ပိတန်၏ စိုးရိမ်မှုသည် ကိုအဏ္ဏဝါ အပေါ်မှာ ပိုမို အာရုံစိုက်လာသည်။ ဒီအာအို အလုပ်မှ လုပ်ရဲ့လား။ အလုပ်မှ လုပ်တတ်ရဲ့လား ဆိုတာအထိ တွေးလာပြီဖြစ်သည်။

၁၆-ရက်နေ့မှာတော့ အမေရိကန် စတေရှင်ဖြစ်သည့် မိုဘိုင်း WLO မှ ကြေးနန်း တစ်စောင် ရသည်။ ကုန်ချရမည့် ဆိပ်ကမ်းမြို့သည် အမေရိကန်နိုင်ငံ နယူးယောက် သို့မဟုတ် ဘာလ်တီမိုး BALTI - MORE ဖြစ်မည်။ ဒီကြေးနန်းကို ရလျှင် စတင် ထွက်ခွာပါ ဆိုသည့် ကြေးနန်း ဖြစ်သည်။ ဒီတော့မှ ကပ္ပိတန်ကလည်း သက်မကြီး ချသွားတော့သည်။ ကိုအဏ္ဏဝါကိုလည်း ယုံကြည်မှုရှိသွားသည်။ ၁၁-နာရီခွဲမှာ ကျောက်ချထားရာ ခရစ္စတိုဘောမှ ထွက်လာခဲ့ပါသည်။

၁၉-ရက်နေ့သည် ကိုအဏ္ဏဝါ၏ သင်္ဘောပေါ်မှာ အမှုထမ်းသက် ၁၁လပြည့်သောနေ့ ဖြစ်သည်။ ဒီကုမ္ပဏီမှာ ဆက်မလုပ်ချင်လျှင် တစ်လ

ကြိုတင်ပြီး အသိပေးရမည်ဖြစ်လို့ အလုပ်ထွက်ခွင့် SIGN-OFF REQUEST တစ်စောင် ရေးပြီး လက်နှိပ်စက် ရိုက်ထားလိုက်သည်။

၂၂-ရက်နေ့မှာ နယူးယောက်ကို ရောက်ရန် ၂-ရက်သာ လိုတော့သည်။ နယူးယောက်ကို သွားရမလား။ ဘာလ်တီမိုးကို သွားရမလား အတိအကျ သတင်းမရသေး ဖြစ်နေသည်။ နယူးယောက်နှင့် ဘာလ်တီမိုး ကလည်း သိပ်ပြီး မဝေးသဖြင့် နယူးယောက်ကို ဦးတည်ခုတ်မောင်းနေသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောအတွက် အဝင်အထွက် ကြေးနန်းတွေသည် အမေရိကန်မိုဘိုင်း စတေရှင် WLO မှတစ်ဆင့် ပို့ဖမ်းနေသည်။ အားလုံး အဆင်ပြေနေသည်။



အမေရိကန်နိုင်ငံ နယူးယောက်မြို့

၂၄-ရက်နေ့ နေ့လယ် ၃-နာရီ ၄၅-မိနစ်တွင် နယူးယောက်မြို့ကို ရောက်ပြီး လေဘာတီ ကြေးရုပ်ကြီးနဲ့ မလှမ်းမကမ်းမှာ ကျောက်ချသည်။ နယူးယောက်မြို့ကြီးရဲ့ အထင်ကရ အဆောက်အအုံတွေ ဖြစ်သည့် ကုလသမဂ္ဂ အဆောက်အအုံနှင့် ကမ္ဘာ့ကုန်သွယ်ရေး

http://www.linhtet.com



အဆောက်အအုံ ညီနောင်ကို မြစ်ထဲက မြင်နေရသည်။ တက်မစင်ကို တက်ပြီး ပတ်ဝန်းကျင် တစ်ခုလုံးကို မှန်ပြောင်းဖြင့် ကြည့်သည်။ နယူးယောက် စီးတီး မြို့ကြီးရဲ့ အံ့မခန်း မြင်ကွင်းတွေကို ရင်သပ်ရှုမော မြင်တွေ့ရသည်။ လေဘာတီ ကြေးရုပ်ကြီးရဲ့ အနီးမှာ ကမ္ဘာလှည့် ခရီးသည်တွေဖြင့် ပြည့်နေသည်။



၂၄ – ၁၀ – ၈၆ နေ့မှာ ကိုအဏ္ဏဝါ ရောက်ခဲ့သည့် နယူးယောက်မြို့ဆိပ်ကမ်း

ညနေ ၅–နာရီလောက်မှာ သင်္ဘော ကုမ္ပဏီကိုယ်စားလှယ် မစ္စတာ မော်ရိုက်တစ် သင်္ဘောကို ရောက်လာသည်။ အားကစားခန်းမှာ စားပွဲတင် တင်းနစ် ကစားနေသည့် ကိုအဏ္ဏဝါကို လာနှုတ်ဆက်သည်။ နောက်လ ကုန်လျှင် မြန်မာပြည် ပြန်တော့မည်ဟု ပြောလိုက်သည်။

၂၆–ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ နယူးယောက်စီးတီးမှာ လူစည်ကားမည့်နေ့ဖြစ်သည်။ ကပ္ပိတန်က သူသည် သူ့မိန်းမနဲ့ စကား ပြောရန်ရှိလို့ မြို့ထဲကိုသွားမည်။ ကိုအဏ္ဏဝါကို လိုက်မလားဟု မေးသည်။

http://www.linhtet.com



ရာသီဥတုကတော့ အတော်အေးသည်။ သို့သော် ကိုအဏ္ဏဝါက လိုက်မည်ဟု ပြောလိုက်သည်။ သို့သော် ကပ္ပိတန် ပြောသော စကားကြောင့် စိတ်ပျက်သွားသည်။

"မော်တော်ဘုတ်ခ အသွားအပြန် ဒေါ်လာ ၈၀ ကျမယ်။ ခင်ဗျား ၄၀ ပေးရမယ်"

ကိုအဏ္ဏဝါက မလိုက်တော့ဘူးလို့ ပြောလိုက်သည်။ ကိုယ့်လက်အောက်ငယ်သား အပေါ်မှာ ခွက်ကျလွန်းသည်ဟု တွေးလိုက်မိသည်။ ကိုအဏ္ဏဝါ မလိုက်လျှင်လည်း သူသည် ဒေါ်လာ ၈၀ အကုန်ပြီး သွားမည် ဖြစ်သည်။ သူသွားတာပဲ ကိုအဏ္ဏဝါကို ခေါ်သွားတာ သူမှာ ဘာများ အပန်းကြီးသလဲဟု တွေးမိသည်။ ယခင် ကပ္ပိတန် နီကိုလိုင်ကွန်တိုမော့စ်သာဆိုလျှင် ဒီလိုပြောမည် မဟုတ်ဟု တွေးမိသည်။ ဟိုလူက အနစ်နာ ခံစရာရှိလျှင် သူ အနစ်နာခံသည်။ သင်္ဘောသားတွေ ကို သူငယ်ချင်းပေါင်း ပေါင်းသည်။

ကိုအဏ္ဏဝါကလည်း ကိုအဏ္ဏဝါပင်။ တစ်သက်တစ်ခါ ရောက်ဖူးဖို့ မလွယ်သည့် နယူးယောက်မြို့ကြီးကို သွားလည်ရေးအတွက် ဒေါ်လာ ၄၀ လောက်ကို အကုန် မခံချင်။ မဟုတ်တဲ့ နေရာတွေမှာ ကောင်မလေးတွေ တရှန်းရှန်းနဲ့ ဒေါ်လာ ၁၀၀ မျိုး ၉၀ မျိုးကို မနှမြောပဲ ချောခနဲ ချောခနဲ သုံးခဲ့ဖူးသည်။ ကပ္ပိတန် ခေါ်ထားသည့် မော်တော်ဘုတ်ကလေး ထွက်ခွာသွားတော့မှ လိုက်မသွားတာ မှားလေခြင်းလို့ နောင်တရမိသည်။

ညမိုးချုပ်မှ ကပ္ပိတန် ပြန်ရောက်လာသည်။ မစ္စတာ မော်ရိုက်တစ်ရဲ့ ရုံးကိုလည်း ရောက်ခဲ့သည်ဟု ပြောသည်။ သတင်းတွေ အစုံ ပါလာသည်။ တင်လာသည့် သကြားတွေကို နယူးယောက် ဆိပ်ကမ်းမှာ ချရဖို့ မသေချာဟု ဆိုသည်။ ဘာလ်တီမိုးမှာ ဖြစ်ဖို့များသည်ဟု ဆိုသည်။ ကနေဒါမှာ ကုန်ပြန်တင်ပြီး အယ်လ်ဂျီရီးယားနိုင်ငံကို သွားပို့ရမည် ထင်ကြောင်း ပြောသည်။

၂၈-ရက်နေ့မှာ နယူးယောက်ဆိပ်ကမ်းမှ ပြန်ထွက်သည်။ နယူးယောက်နှင့် ဘာလ်တီမိုးမှာ တစ်ညအိပ် ခရီးသာ ဝေးပါသည်။ နယူးယောက် ပြည်နယ်နှင့် ထိကပ်နေသည့် မေရီလင်း ပြည်နယ်ထဲမှာ

http://www.linhtet.com



ဝါရှင်တန် ဒီစီနှင့် အတူ ရှိနေသည်။ ဝါရှင်တန်ဒီစီမှ မိုင် ၆ဝသာ ဝေးပါသည်။ သူတို့တိုင်းပြည်ရဲ့လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ ပုံအရ ပြောရလျှင် ခဲတစ်ပစ်သာ ကွာသည်ဟု ပြောရမည်ဖြစ်သည်။

၂၉-ရက်နေ့ နံနက်မှာ မြစ်ပြင်ကျယ်သော်လည်း ရေတိမ်သည့် မြစ်တစ်ခု အတွင်းကို မောင်းဝင်နေတာတွေ့ရသည်။ သင်္ဘော၏ အလံ တိုင်ဖျားကို ကြည့်လိုက်တော့ ဟိုတယ် H အလံကို တင်ထားတာ တွေ့သည်။ သင်္ဘောပေါ်မှာ ရေကြောင်းပြ ရှိနေသည် ဆိုသည့် သင်္ကေတ ဖြစ်သည်။ ညက ဘယ်အချိန် တက်လိုက်သည်ကိုပင် မသိလိုက်ပါ။ တက္ကဆပ် ပြည်နယ်ထဲက ဗားမောင့် ဆိပ်ကမ်းကို ဝင်စဉ်က ကဲ့သို့ပင် ဖြစ်သည်။ မြစ်၏ ဝဲယာ တစ်ဖက်တစ်ချက်မှာ ရာသီအလိုက် အရောင် ပြောင်းသည့် သစ်ပင်တွေဖြင့် အရောင်တွေ စုံနေသည်။ ဝါလို့တချို့ ညိုလို့တစ်ဖုံ၊ နီလို့တစ်မျိုး စိမ်းလို့တစ်သွယ် ဆေးရောင်စုံ ခြယ်ထား သလို ဖြစ်နေသည်။ ည ၈-နာရီမှာ ဘာလ်တီမိုး (အမေရိကန် အသံ ထွက်) BALTIMORE သို့ ရောက်သည်။

## ဝါရှင်တန်ဒီစီရောက် သင်္ဘောသားကိုအဏ္ဏဝါ

၃၀-ရက်နေ့မှာလည်း သင်္ဘောကပ်ခွင့် မရသေးလို့ ကျောက်ချ နေရသေးသည်။ ဘာလ်တီမိုးမြို့သည် မေရီလင်းပြည်နယ်လေးထဲက မြို့ကြီးတွေအနက် တစ်မြို့ဖြစ်သည်။ ဝါရှင်တန်ဒီစီမြို့တော်နှင့် မိုင် ၆ဝ သာ ဝေးသည့်အတွက် သမ္မတ ရုံးစိုက်ရာ မြို့တော်၏ အရှိန်ဖြင့် သူလည်း ရောယောင်ပြီး ကြီးကျယ်ထည်ဝါနေသည်။

ထမင်းစားခန်းမှာ ထိုင်ပြီး ရုပ်မြင်သံကြား ကြည့်နေသည့် ကိုအဏ္ဏဝါကို ထမင်းချက်ကုလား အိန္ဒိယလို ANGELO MASC ARENHAS က မဝံ့မရဲ လာမေးသည်။

"ဆရာ ကျွန်တော်နက်ဖြန် ဝါရှင်တန်ကို သွားရမယ်၊ ဆရာ လိုက်မလား"

"ဟေ ဝါရှင်တန်ကို မင်းက ဘာသွားလုပ်မှာလဲ"

http://www.linhtet.com



"ကျွန်တော့်နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရမယ်၊ သံရုံးကို သွားရမယ်"

ကိုအဏ္ဏဝါ ဝမ်းသာသွားသည်။ အဖော်ရှိတုန်း လိုက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ ထမင်းချက် ကုလား အိန်ဂျယ်လိုသည် ကိုအဏ္ဏဝါကို ချစ်ကြောက်ရိုသေသည်။ သူ့တို့လူမျိုးတွေ ဖြစ်သည့် ကုလားအရာရှိတွေကို သေးဖျန်းဖျန်း ထွက်ကျအောင် ကြောက်သည်။ သူက ဂိုအာပြည်နယ်က ဇာတိနိမ့်ကုလားဟု သိရသည်။ သူ့လက်အောက်က ဒုထမင်းချက် မောင်ဝင်းကိုလည်း သေမလောက် ကြောက်သည်။ ကိုအဏ္ဏဝါက မောင်ဝင်းကို တောင်းပန်ထားရသည်။

"ဒီကုလားကို ဖြမခြောက်ပါနဲ့ကွာ။ သူ့ခမျာ ကုလားတွေကိုလည်း ကြောက်ရလို့ ပင်ပန်းနေတယ်။ မယားကို ကြောက်ရလို့ သဘောက မဆင်းရဲ ဖြစ်နေတယ်။ နင့်ကိုပါ ကြောက်နေရတယ်ဆိုတော့ သနားပါတယ်ကွာ"

အဲဒီလို သူ့ဘက်က ရပ်တည်ပေးလို့လည်း ကိုအဏ္ဏဝါကို ခင်နေခြင်း ဖြစ်သည်။ နက်ဖြန် ဝါရှင်တန်ကို သွားလျှင်လိုက်မလားဟု လာမေးခြင်းဖြစ်သည်။ ရောက်လေတဲ့အရပ်ကို လျှောက်လည်တတ်သည့် ကိုအဏ္ဏဝါ၏ အကျင့်ကို သိနေလို့လည်း ဖြစ်သည်။

အမေရိကန်နိုင်ငံကြီးရဲ့ သမ္မတရုံးစိုက်ရာ ဝါရှင်တန် ဒီစီမြို့တော်ကြီးကိုသွားမည် ဖြစ်လို့ စမတ်ကျကျ ဝတ်စားသွားရမည်။ ကိုအဏ္ဏဝါသည် နက္ကတိုင် မစည်းတတ်လို့ တစ်နေ့လုံး လေ့ကျင့်နေသည်။ ကိုအဏ္ဏဝါသည် စင်ကာပူမှာသာ အနေကြာခဲ့သူဖြစ်သည်။ စင်ကာပူမှာတော့ နက္ကတိုင်မလို လုံချည်ခါးတောင်းကျိုက်နဲ့ နေလည်း ရသည်။ ဂျလေဘီ ဒီဇိုင်းဖြင့် နေလို့လည်း ရသည်။

၁၉၈၆ ခု၊ အောက်တိုဘာ ၃၁-ရက်နေ့ နံနက် ကိုအဏ္ဏဝါ အိပ်ရာက မထသေးမီ တစ်စုံတစ်ယောက် အခန်းတံခါးကို လာခေါက်နေသည်။ ကိုအဏ္ဏဝါ တံခါး ထဖွင့်ပေးလိုက်သည်။ ဝတ်စုံပြည့် ဝတ်ထားသည့် ထမင်းချက်ကုလား အိန်ဂျလိုကို တွေ့ရသည်။

"ဂွဒ်မောနင်း ဆာ၊ လက်စ်ဂိုး ဆာ"

http://www.linhtet.com



"ဟဲ့ သင်္ဘော ကမ်းမကပ်သေးဘဲ ဘယ်လိုလုပ် သွားမှာလဲ"

"ကပ်ထားပြီးပါပြီ ဆာ"

အိပ်မောကျနေလို့ သင်္ဘောဘယ်အချိန်က ကပ်မှန်းတောင် မသိလိုက် ဖြစ်သွားသည်။ အခန်းပြင်ကို ထွက်ကြည့်လိုက်တော့ ဒိုမီနိုရှူးဂါး DOMINO SUGAR ဆိုသည့် သကြားစက်ရုံကြီးရဲ့ ဆိပ်ခံတံတားမှာ ကပ်ထားတာ တွေ့ရသည်။

ရေချိုး အဝတ်အစား လဲလိုက်သည်။ မနေ့က တစ်နေကုန် လေ့ကျင့်ထားသည့် နက္ခတိုင် စည်းနည်းအတိုင်း စည်းသည်။ ဒါတောင် စမူဆာပုံ လှလှမရလို့ အိန်ဂျလိုက ပြုပြင်ပေးရသည်။ နံနက်စာ (ဘရိတ်ဖတ်) ကို မြန်မြန် စားလိုက်သည်။ ကပ္ပိတန်ကို အသိပေးပြီး သင်္ဘောက ထွက်လာခဲ့သည်။

သကြားစက်ရုံကြီး ရှေ့ကို ရောက်လာသည့် တိုင်စီဖြင့် စင်ထရယ် စတေရှင် (ဘူတာကြီး) ကို သွားကြသည်။ တိုင်စီခ ၃ဒေါ်လာပေးရသည်။ အိန်ဂျလိုက ပိုက်ဆံထုတ်ပေးသည်။ ကိုအဏ္ဏဝါက အမေရိကန်စနစ်ကို ပြောလိုက်သည်။

"ဒီခရီးစဉ်အတွက် ကုန်ကျစရိတ်အားလုံးကို ခင်ဗျားပဲ ပေးပါ။ ကျွန်တော် မှတ်ထားမယ်။ တစ်ယောက်တစ်ဝက် မျှခံရမယ်"

အိန်ဂျယ်လိုက သဘောတူသည်။ သူက ထမင်းချက် ဆိုသော်လည်း အိန္ဒိယလူမျိုး ဖြစ်သည့်အတွက် ကိုအဏ္ဏဝါ လောက်နီးပါး လစာရသည်။ သင်္ဘောသား လောကမှာ လစာနည်းတာ များတာ စကားပြောစရာ မလိုပါ။ အတူလုပ်တာ မှန်သမျှကို အချိုးကျ ပေးရိုး ထုံးစံ ရှိသည်။

ဘာလ်တီမိုးမှ ဝါရှင်တန်ဒီစီသို့ ရထားခ ၁၁ ဒေါ်လာ ပေးရသည်။ နှစ်ယောက်အတွက် ၂၂ ဒေါ်လာ ကိုလည်း အိန်ဂျလိုကပင် ပေးလိုက်သည်။ ရထားသည် ရိုးရိုးရထား ဖြစ်သည်။ ရိုးရိုးရထားဆိုတာ အမြန်ရထား မဟုတ်တာကို ပြောခြင်းဖြစ်သည်။ သပ်ရပ်သန့်ရှင်းပြီး ကျယ်ဝန်းသည်။ ငြိမ့်ငြိမ့်ကလေးဖြင့် မြန်မြန်ပြေးသည်။ ရထားပေါ်မှာ စားသောက်ဆိုင်ပါသည်။ ယမကာပါ ရသည်။ ကိုအဏ္ဏဝါတို့က ဘာမှ

http://www.linhtet.com



မစားဘဲ လမ်းဘေး ဝဲယာက ရောင်စုံသစ်တောတွေ မြက်ခင်းတွေ စိုက်ခင်းတွေကို ကြည့်ပြီး လိုက်ပါလာခဲ့ကြသည်။ ရထားခုတ်မောင်းချိန် ၁-နာရီကျော် ကြာပြီးသောအခါ နံနက် ၁၀-နာရီခွဲမှာ ဝါရှင်တန်ဒီစီ မြို့တော်ကြီးကို ရောက်ပါသည်။

ယူနီယံစတေရှင်လို့ ခေါ်ကြသည့် ဘူတာကြီးမှ အငှားကား တစ်စီးကို ခေါ်ပြီး အိန္ဒိယလိုရဲ့ ကိစ္စအတွက် အိန္ဒိယ သံရုံးကို သွားကြသည်။ အငှားယာဉ်သည် ဆိတ်ငြိမ်ရပ်ကွက်ကြီး တစ်ခု အတွင်းကို မောင်းဝင်လာသည်။ အဆောက်အအုံတိုင်းလိုလိုမှာ ကမ္ဘာ့နိုင်ငံ အသီးသီး က အလံတွေ လွှင့်ထူထားသဖြင့် ဒါကတော့ဖြင့် ဘယ်နိုင်ငံက သံရုံးလို့ မြင်တာနဲ့ သိနိုင်သည်။ သံရုံးတွေအားလုံးကို တစ်နေရာတည်းမှာ စုထား သလို ဖြစ်နေသည်။

နိုင်ငံတကာ သံရုံးတွေ အများအပြား ရှိသော်လည်း တင်းကျပ် သည့် လုံခြုံရေး ချထားတာ ဘာမျှ မတွေ့ရ။ ကိုအဏ္ဏဝါနှင့် အိန္ဒိယလိုတို့ ဘာအတားအဆီးမျှ မတွေ့ရဘဲ အိန္ဒိယ သံရုံးထဲ ရောက်သွားကြသည်။

သံရုံး အဆောက်အအုံကြီးရဲ့ မြေညီထပ်မှာ ရီဆက်ရှင်လို့ ခေါ်သည့် စုံစမ်းရေးဌာနမှာ ဆာဒီဝတ်အမျိုးသမီး တစ်ယောက် ထိုင် နေသည်။ အသက် အရွယ် ၃၈-နှစ်၊ သို့မဟုတ် ၄၀ ထက်ပိုပြီး ကြီး ဦးမည်ဟု မထင်။ သူတို့ နိုင်ငံသား ကုလားတစ်ယောက်နှင့် ကိုအဏ္ဏဝါ တို့ ဝင်လာတာကို ကြည့်နေသည်။ ကိုအဏ္ဏဝါကို ဖိလစ်ပိုင်လား၊ အင်ဒိုနီးရှားလား၊ မလေးလူမျိုးလား အထင်ဖြင့် ကြည့်နေသည်။ မြန်မာ လူမျိုး တစ်ယောက် ဒီလိုနေရာမျိုးကို ရောက်လာ နိုင်လိမ့်မည် မဟုတ်လို့ ထင်ထားသည့် အတွက် မြန်မာလူမျိုးလို့တော့ ထင်ချင်မှထင်မည်။ ကိုအဏ္ဏဝါ၏ ဝတ်စားထားပုံကြောင့်လည်း အထင် မသေးရဲဘဲ ဘာ ကူညီရမလဲဆိုသည့် အကြည့်ဖြင့် ကြည့်နေခြင်း ဖြစ်သည်။ သူတို့ ကုလားလူမျိုးချည်း လာတာဆိုလျှင်တောင် တစ်မျိုး ဆက်ဆံနိုင်သည်။ ယေဘုယျအားဖြင့် လူတွေဟာ ကိုယ့်လူမျိုး အချင်းချင်းကို အထင် သေးချင်ကြသည်။ ချိုးနှိမ်ပြီး ဆက်ဆံချင်ကြသည်။

ကိုအဏ္ဏဝါရဲ့လူ အိန္ဒိယလိုကလည်း သူများ မနှိမ်မီကပင် သူ့ ကိုယ်သူ နှိမ့်ချထားသည်။ ဧည့်ကြို ကုလားမကို စကား မပြောရဲ

http://www.linhtet.com



ဖြစ်နေသည်။ သူ့ကိစ္စကို ကိုအဏ္ဏဝါကို ပြောခိုင်းသည်။ ကိုအဏ္ဏဝါက တပည့်တစ်ယောက်ရဲ့ ကိစ္စကို လိုက်လံ ဆောင်ရွက်ပေးသည့် ပုံစံမျိုး လုပ်ပေးစေချင်သည့်သဘော တွေ့ရသည်။ ကိုအဏ္ဏဝါကို ရှေ့က သွားခိုင်းပြီး သူ့ နိုင်ငံကူးလက်မှတ်ကို ကမ်းပေးသည်။ ကိုအဏ္ဏဝါက သူ့ကို ပြန်ခိုင်းသည်။

"ခင်ဗျားဟာ ခင်ဗျားပြောပါလား၊ ခင်ဗျားတို့ အချင်းချင်း ကုလားလိုပြောတော့ ပိုပြီး အဆင်ပြေတာပေါ့"

"စကား မတူဘူး ဆရာ"

"စကား မတူရင် အင်္ဂလိပ်လို ပြောပေါ့ကွ"

ကိုအဏ္ဏဝါက ခပ်မာမာ ပြောလိုက်တော့မှ ကောင်တာမှာ ထိုင်နေတဲ့ ကုလားမ အနီးကို ကပ်သွားပြီး သူ့ကိစ္စကို ပြောပြသည်။ ကိုအဏ္ဏဝါကလည်း အနီးမှာရပ်ပြီး နားထောင်နေသည်။ ကုလားမက လိုအပ်သည်များကို ရေးမှတ်ပြီး ဆယ်ဒေါ်လာ တောင်းသည်။ သက်တမ်းတိုးကြေး ပေးသွင်းရမည့်ငွေ ဖြစ်သည်။ ငွေတစ်ဆယ်ကို ပတ်စပို့ စာအုပ်ကြားမှာ ညှပ်ပြီး အိန္ဒိယလိုကို သူ့နောက်က လိုက်ခဲ့ရန် ခေါ်သွားသည်။

မကြာမီ ကုလားမ တစ်ယောက်တည်း ကောင်တာကို ပြန်လာသည်။ အိန္ဒိယလိုကိုတော့ ပတ်စ်ပို့သက်တမ်း တိုးပေးသူ၏ စားပွဲမှာ ထားခဲ့ဟန် တူသည်။ ကုလားမက ကိုအဏ္ဏဝါကို စကား ပြောသည်။

"ရှင်က ဘယ်နိုင်ငံကလဲ"

"မြန်မာနိုင်ငံကပါ"

"သြော်…မြန်မာလား။ ရှင်တို့မြန်မာသံရုံးလည်း ဒီအနားလေးမှာပဲ ရှိတယ်။ မသွားဘူးလား"

"မသွားပါဘူးဗျာ။ ကျွန်တော့်မှာ သံရုံးကို သွားစရာ ကိစ္စ မရှိပါဘူး"

မြန်မာလူမျိုး တစ်ယောက်ဖြစ်လို့ မြန်မာသံရုံးကို သွားချင်တိုင်း သွားလို့ ရတယ်ထင်ပြီး စေတနာနဲ့ ပြောခြင်း ဖြစ်မည်။ ကိုအဏ္ဏဝါ တရုတ်ပြည် ဆင်ကန်မြို့ကို ရောက်စဉ်က အကြောင်းကို သွားပြီး

http://www.linhtet.com



သတိရသည်။ ဒေသခံ ကိုယ်စားလှယ်က မဟာတံတိုင်းကြီးကို လိုက်ပြသည်။ ပီကင်းမြို့တော်ကြီးကို သွားလည်ချင်ပါက လိုက်ပို့ပေးမည်ဟု ဆိုသည်။ တစ်ယောက်ကို ဒေါ်လာ ၂၀ သာ ကျမည်ဟု ဆိုသည်။ ကိုအဏ္ဏဝါက ပြင်းပြင်းထန်ထန် ငြင်းဆန်လိုက်သည်။

အဲဒီတုန်းက ကိုအဏ္ဏဝါတို့ သင်္ဘောမှာ စင်ကာပူ တရုတ်၊ ဟောင်ကောင် တရုတ်နှင့် အင်ဒိုနီးရှား သင်္ဘောသားတွေ ကြားမှာ ကိုအဏ္ဏဝါ တစ်ယောက်တည်း မြန်မာရှိသည်။ တခြား လူမျိုးတွေ ပီကင်းကို သွားလည်လျှင် ဘာမှုဖြစ်မည် မဟုတ်သော်လည်း ကိုအဏ္ဏဝါ သွားလည်ပါက မတော်လျှင် ပီကင်းပြန် အဏ္ဏဝါ ဖြစ်သွားနိုင်သည်။

ယခုလည်း အမေရိကန် နိုင်ငံ၏ မြို့တော် ဝါရှင်တန်ဒီစီရောက် ကိုအဏ္ဏဝါသည် မိမိတို့နိုင်ငံ သံရုံးနှင့် ဝေးဝေးနေတာ ကောင်းမည်ဟု ထင်၍ မသွားချင်ပါဟု ပြောလိုက်ရသည်။ ကုလားမကတော့ ဘာကြောင့်လဲလို့ မမေးပါ။ ကိုအဏ္ဏဝါက အိန္ဒိယနိုင်ငံ၏ ဆိပ်ကမ်းမြို့တွေ ဖြစ်သည့် ဘုံဘေနှင့် ကာလကတ္တားကို ရောက်ဖူးကြောင်း၊ နယူးဒေလီ လေဆိပ်ကို ရောက်ဖူးကြောင်း ပြောပြလိုက်သည်။

မကြာမီ အိန္ဒိယလို ပြန်ရောက်လာသည်။ သူ၏ ပတ်စ်ပို့မှာ နောက်ထပ် ၅-နှစ် သက်တမ်း တိုးပေးလိုက်ကြောင်း ပြောသည်။ သူတို့ကျတော့လည်း လွယ်လိုက်တာဟု တွေးမိသည်။ ကုလားမကို နှုတ်ဆက်ပြီး အိန္ဒိယသံရုံးမှ ပြန်ခဲ့ကြပါသည်။

အိန္ဒိယလို သူ့ကိစ္စ ပြီးပြီဖြစ်လို့ ကိုအဏ္ဏဝါ သွားချင်ရာသွားပါဟု ဆိုသည်။ ကိုအဏ္ဏဝါ ဘယ်ကိုသွားရမှန်း မသိလို့ သံရုံးတွေ ဧရိယာမှ ထွက်သည်အထိ လမ်းလျှောက်ကြသည်။ ခြေညောင်းသည်အထိ ခြေဦးတည့်ရာ လျှောက်သွားကြသည်။ ကမ္ဘာကျော် နေရှင်နယ် ဂျီအိုဂရပ်ဖစ် မဂ္ဂဇင်းကို ထုတ်သည့် အဆောက်အဦကြီးရှေ့ကို ရောက်သွားကြသည်။ အမျိုးသား သိပ္ပံကျောင်းရှေ့ကိုလည်း ရောက်သွားသည်။ ကျောင်းရှေ့က မြက်ခင်းပေါ်မှာ သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်စတိုင်း ခြေပစ်လက်ပစ် ထိုင်နေတာကို တွေ့ခဲ့သည်။

http://www.linhtet.com





ဝါရှင်တန်ဒီစီရောက် ကိုအဏ္ဏဝါ

အိုင်းစတိုင်းရဲ့ ခေါင်းပေါ်မှာ ခိုတစ်ကောင်သာ နားမနေဘူး ဆိုလျှင် တကယ့် အိုင်းစတိုင်း ကိုယ်တိုင် ထိုင်နေတယ်လို့ ထင်လောက် အောင် လက်ရာမြောက်သည့် ကြေးရုပ်တု ဖြစ်သည်။ ဝတ်ထားသည့် သိုးမွေးဆွယ်တာနှင့် ဆံပင်ဖြူတွေ ပွရောင်းထနေပုံကို ထုထားတာ အမွေးအမြင်တွေပါ မြင်နေရသည်ဟု ထင်မိသည်။

ကိုအဏ္ဏဝါနှင့် အိန်ဂျလိုတို့ လမ်းမကြီးတွေပေါ်မှာ လျှောက်နေကြသည်။ ဘယ်နေရာကို ရောက်နေသည်ဆိုတာကို မသိ။ သိစရာလည်း မလိုပါ။ ခြေညောင်းလာလို့ မလျှောက်ချင်တော့သည့်အချိန်မှာ တိုင်စီ ခေါ်ပြီး ဘူတာကြီးကို သွားကြရုံသာရှိသည်။ တစ်နေရာ အရောက်မှာ အဆောက်အဦတစ်ခု၏ ခြေရင်းက လေကားအုတ်ခုံမှာ ထိုင်နေသည့် လူရွယ်တစ်ယောက်နှင့် အမျိုးသမီးငယ်တစ်ယောက်သည် ကိုအဏ္ဏဝါကို

http://www.linhtet.com



လှမ်းနှုတ်ဆက်သည်။ ကိုအဏ္ဏဝါကလည်း ယဉ်ကျေးမှုအရ ပြန်ပြီး နှုတ်ဆက်သည်။ လူရွယ်က ထိုင်ရာမှ ထလာပြီး ကိုအဏ္ဏဝါကို တိုးတိုး ပြောသည်။

"မိတ်ဆွေကြီး ဆန္ဒရှိလျှင် ကျွန်တော့်ရဲ့ မိတ်ဆွေ အမျိုးသမီးနဲ့ ပျော်လို့ ရပါတယ်။ နေရာလည်း ရှိတယ်။ ပိုက်ဆံ တချို့ပေးပါ"

ကိုအဏ္ဏဝါ လန့်သွားသည်။ ဝမ်းနည်းပါတယ်လို့ ပြောပြီး ယဉ်ယဉ်ကျေးကျေး ငြင်းလိုက်သည်။ အိန္ဒိယလူကို လက်ဆွဲခေါ်ပြီး မြန်မြန် လစ်ကြသည်။ ဆေးချချင်လို့ ပိုက်ဆံရှာနေသည့် စုံတွဲဖြစ် မည်ဟု တွေးမိသည်။

ကိုအဏ္ဏဝါတို့ နှစ်ယောက်သည် ဝါရှင်တန် မြို့တော်ရဲ့ ဘယ်လို နေရာမျိုးကို ရောက်နေသည်မသိ ဖြစ်နေသည်။ လမ်းမကြီးတွေပေါ်မှာ လူသွားလူလာ ရှင်းနေသည်။ အဆောက်အအုံကြီးတွေ ပေါ်မှာ လူ တွေမှ ရှိကြရဲ့လားလို့ ထင်ရလောက်အောင် တိတ်ဆိတ် နေကြသည်။ အဆောက်အအုံတွေရဲ့ တံခါးတွေ အားလုံးကလည်း ပိတ်ထားကြသည်။ လမ်းမကြီးတွေ ပေါ်မှာ မောင်းနှင်နေကြသည့် ဘတ်စ်ကားကြီးတွေနှင့် အငှားယာဉ်တွေကလည်း စက်သံ မကြားရ။ ဟွန်းမတီးသည့်အတွက် တိတ်တိတ်ဆိတ်ဆိတ်ပင် လိမ့်သွားနေကြသည်။ လမ်းမကြီးပေါ်မှာ လမ်းလျှောက် နေကြတာ ကိုအဏ္ဏဝါတို့ နှစ်ယောက်တည်းသာ ရှိသလို ဖြစ်နေသည်။

ကိုအဏ္ဏဝါတို့ ရှေ့တည့်တည့် တူရူမှ အမျိုးသမီး တစ်ယောက် အမြန် လျှောက်လာနေသည်။ စလင်းဘက်ကို လွယ်ထားသည်။ လမ်း လျှောက် လာပုံက မူမမှန်ပဲ အနည်းငယ် ယိုင်ထိုးယိုင်တိုင် ဖြစ်လာသည်။ အရက်မူး လာသည်ဟု ယူဆရသည်။ ထိုအမျိုးသမီးသည် ကိုအဏ္ဏဝါရဲ့ အနီးကို ရောက်သည်နှင့် တစ်ပြိုင်နက် သူမ၏ ဘယ်ဘက်လက်ဖြင့် ကိုအဏ္ဏဝါရဲ့ မျက်နှာကို ဖြတ်ရိုက်လိုက်ပြီး ယိုင်ထိုးယိုင်တိုင်ဖြင့် မြန်မြန် ဆက်လျှောက်သွားသည်။ ကိုအဏ္ဏဝါ ဒေါသထွက်သွားပြီး လိုက်ရိုက်မလို့ လုပ်လိုက်သေးသည်။ စိတ်ကိုလျှော့ပြီး ဒေါသကို ချုပ်တည်းလိုက် ပါသည်။

http://www.linhtet.com



‘‘ကဲ သူငယ်ချင်း၊ ငါတို့ ကံမကောင်းဘူးကွာ ပြန်ကြမယ်’

တိုင်စီတစ်စီး တားလိုက်ပါသည်။ ကားမောင်းသူက ကပ္ပလီလူမည်း ဖြစ်နေသည်။ လူမည်းဆိုသော်လည်း စိတ်ကောင်း နှလုံးကောင်း ရှိမည့် ရုပ်လက္ခဏာမျိုး တွေ့ရသည်။ ဘယ်ကို သွားကြမလဲဟု မေးသည်။ ဘူတာကြီး (ယူနီယံစတေရှင်) ကိုလို့ ပြောလိုက်သည်။ ကားဆရာက စပ်စုသည်။

‘‘ခင်ဗျားတို့ ဘာလူမျိုးတွေလဲ’’

‘‘ကျွန်တော်က မြန်မာ၊ ဟောဒီ ကျွန်တော့် သူငယ်ချင်းက အိန္ဒိယလူမျိုး’’

‘‘မင်းတို့ မြန်မာလူမျိုးတွေ အများကြီးရှိတဲ့ တရုတ်တန်းကို သွားမလား’’

‘‘တော်ပါပြီ မိတ်ဆွေရယ်။ ဘူတာရုံကိုသာ ပို့ပါ’’

‘‘ခင်ဗျားတို့ လျှောက်လည်ရင် လူမည်းတွေကို သတိထား’’

‘‘ခင်ဗျားလည်း လူမည်းပဲ’’

‘‘ငါက လူမည်းဆိုပေမဲ့ အမေရိကန်လူမည်း။ ငါပြောတဲ့ လူမည်းတွေက အာဖရိကနိုင်ငံတွေက ခိုးဝင်လာပြီး လုယက်၊ ခိုးနေတဲ့ အကောင်တွေကို ပြောတာ’’

‘‘ကျေးဇူးတင်ပါတယ် မိတ်ဆွေရယ်။ ဘူတာရုံကိုသာ ပို့ပါ’’

‘‘ဘယ်ကို သွားကြမလို့လဲ’’

‘‘ဘာလ်တီမိုး’’

‘‘အိုးမိုင်ဂေါ့ဒ် ရထားအချိန် နီးနေပြီ’’

ကိုအဏ္ဏဝါတို့ နှစ်ယောက် ဘူတာကြီးကို ရောက်တော့ ရထားက ထွက်တော့မလို့ မီးတွေ အချက်ပြ နေသည်။ လက်မှတ် ဝယ်ဖို့ အချိန်မရတော့လို့ ရထားပေါ် ပြေးတက် လိုက်ကြသည်။ ကိုအဏ္ဏဝါတို့ နှစ်ယောက် ရထားပေါ် ရောက်သည်နှင့် တံခါးတွေ ပိတ်သွားပြီး ရထားဘီး စလိမ့်တော့သည်။

လက်မှတ် မပါဘဲ ရထားစီးလာလို့ အိန်ဂျလိုက ကြောက်နေသည်။ အမေရိကန်မှာ ရထားခိုးစီးလို့ကတော့ ထောင်မကျနိုင်ဘူး ဆိုတာ

http://www.linhtet.com



ကို သိနေသည်။ မကြာမီ လက်မှတ်စစ် ရောက်လာသည်။ ဘာလ်တီမိုးကို သွားမည်လို့ ပြောလိုက်တော့ လက်မှတ်ဖိုးက ၁၁ ဒေါ်လာနှင့် ဒဏ်ကြေးက နှစ်ဒေါ်လာ တစ်ယောက်ကို ၁၃ ဒေါ်လာစီ ပေးလိုက်ရသည်။ ဝါရှင်တန်မှာ လျှောက်လည်ကြတာ တစ်ယောက်ကို ဒေါ်လာ ၄၀ လောက်စီ ကျပါသည်။

## ကိုအဏ္ဏဝါ ရှာပြန်တော့မည်

ဘာလ်တီမိုးမှာ ကုန်ချတာ တစ်ပတ်လောက် ကြာမည် ဆိုလို့ ဘာလ်တီမိုး မြို့ထဲ လျှောက်လည်သည်။ အအောဘီသိန်းလှိုင် အလုပ်သင် အင်ဂျင်နီယာရဲထွန်း တို့နှင့်အတူ ခြေဦးတည့်ရာ လျှောက်သွားနေကြသည်။ လိုချင်တာလေးတွေ တွေ့လျှင် ဝယ်သည်။ အရောင်းထိုင်းလို့



ဘော်လ်တီမိုးမြို့တစ်နေရာမှာ ကိုအဏ္ဏဝါ

http://www.linhtet.com



ဈေးလျှော့ ရောင်းသည့် နှုတ်ခမ်းနီဘူးလေးတွေ မိတ်ကပ်ဘူးလေးတွေ ပုံရောင်းနေတာ တွေ့လို့ သမီးလေးအတွက် ဝယ်သည်။ မမြင်ဖူးသေးသည့် သားလေးအတွက် ကစားစရာ အရုပ်ကလေးတွေ ဝယ်သည်။

လျှောက်သွားနေကြရင်း ဟာဘာပလေ့စ် HARBOUR PLACE ဆိုသည့် နေရာကို ရောက်သွားကြသည်။ ရှေးခေတ်က အသုံးပြုခဲ့ကြသည့် ရွက်သင်္ဘောကြီး တစ်စီးကို ရှေးမူလက်ရာမပျက် ထိန်းသိမ်း ပြသထားသည်။ ကမ္ဘာလှည့် ခရီးသည်တွေ ကြည့်နေကြသည်။ ဓာတ်ပုံတွေ ရိုက်ကြသည်။ ရှေးခေတ်က ကုန်တင်သင်္ဘောလား၊ ပင်လယ်ဓားပြတွေရဲ့ သင်္ဘောလား မသိရ ဖြစ်နေသည်။ သင်္ဘောပေါ်မှာ ထန်းလုံးအမြောက်ကြီးတွေ ရှိသည့်အတွက် စစ်သင်္ဘောလည်း ဖြစ်နိုင်သည်။



အမေရိကန်နိုင်ငံ နယူးရျာစီပြည်
BALTIMORE မြို့

နိုဝင်ဘာ ၃-ရက်နေ့မှာ ကုန်းပတ် ပထမအရာရှိ အင်ဂျင်နီယာချုပ်နှင့် တတိယ အင်ဂျင်နီယာတို့ ဆေးခန်းပြမည်ဆိုလို့ ကိုအဏ္ဏဝါပါ လိုက်သွားသည်။ ဟိုလူတွေကတော့ ဘာရောဂါတွေကြောင့် ဆေးခန်းပြ

http://www.linhtet.com



သည်မသိ။ ကိုအဏ္ဏဝါရဲ့ အလှည့်မှာတော့ ဆရာဝန်က ဘာဖြစ်တာလဲ လို့ မေးသည်။

"ဂနိုကျတယ်လို့ ထင်တာပဲ။ လိင်တံက အရည်တွေ စိမ့်ထွက်နေတယ်"

"ခင်ဗျား အဲဒီရောဂါ ဘယ်က ရလာတာလဲ"

"ဒိုမီနီကန်ဆိုတဲ့ ကျွန်းနိုင်ငံကလို့ ထင်တာပဲ"

"အား အဲဒီနိုင်ငံက ဂနိုပိုးဟာ အသက်ပြင်းတယ်။ ဆီး၊ သွေး စစ်ရမယ်"

ဆရာဝန်သည် အမေရိကန်လူမျိုး မဟုတ်။ ဖိလစ်ပိုင် လူမျိုးရုပ် ပေါက်နေသည်။ ကိုအဏ္ဏဝါကလည်း သူ့လို အသားအရောင်မျိုး ရုပ်လက္ခဏာမျိုး ဖြစ်လို့ အရှေ့တိုင်း သံယောဇဉ်ဖြင့် ဂရုတစိုက် ကုသ ပေးချင်ဟန် တူသည်။ ကိုအဏ္ဏဝါကို တစ်နေရာကို ခေါ်သွားသည်။ နပ်စ်မလေး တစ်ယောက်ရဲ့ လက်ကို အပ်ခဲ့သည်။

နပ်စ်မလေးကလည်း ဖိလစ်ပိုင်သူလို့ ယူဆရသည်။ အရှေ့ တိုင်းသူ ဖြစ်နေသည်။ ကိုအဏ္ဏဝါရဲ့ လက်မောင်းက သွေးကို ဖောက်ယူ သည်။ လက်နှစ်လုံးလောက် ဗျက်ကျယ်ပြီး လေးလက်မလောက် ရှည်သည့် မှန်ပြားလေး တစ်ချပ် ပေးသည်။ လိင်တံက ထွက်နေသည် ဆိုသည့် အရည်ကို အဲဒီ မှန်ပြင်လေးပေါ်ကို ညစ်ချပါလို့ ပြောသည်။

ဟိုနေ့တွေက တစိုစို ထွက်နေသည့် အရည်သည် ဒီနေ့ကျမှ ညှစ်ထုတ်လို့တောင် မထွက် ဖြစ်နေသည်။ ဆရာမလေး ရှေ့မှာမို့ ရှက်လို့ မထွက်ဘဲ ပြန်ဝင်ကုန်တာလည်း ဖြစ်နိုင်သည်။ တစ်စက်တောင် မထွက် ဖြစ်နေသည်။

"ဆရာမ ညှစ်လို့မရဘူး။ မထွက်တော့ဘူး"

ဆရာမလေးသည် ဘာမျှမပြောဘဲ မှန်ပြားလေးကို ပြန်သိမ်းလိုက် သည်။ ဆရာဝန်ကို သွားပြောဟန်တူသည်။ အခန်းပြင်ကို ခေတ္တ ထွက် သွားသည်။ ပြန်ဝင်လာသောအခါ ပုလင်းအသေးလေး တစ်လုံး ပါလာ သည်။

"ရော့ အိမ်သာကို သွားပြီး သေးပေါက်ထည့်လာခဲ့"

http://www.linhtet.com



ကိုအဏ္ဏဝါက ပုလင်းလေးထဲကို သေးပေါက်ထည့်ပြီး ဆရာမလေး လက်ကို ပေမည်စိုးလို့ ပုလင်းလေးကို ရေဆေးခဲ့ပါသေးသည်။ ဆရာမလေးကို ပေးလိုက်သောအခါ ဆရာမလေးက လက်အိတ်စွပ်ထားသည့် လက်ဖြင့် ပုလင်းလေးကို ကိုင်သည်။ အပြင်မှာ စောင့်နေပါဟု ပြောသည်။

အခန်းပြင်ရောက်တော့ အင်ဂျင်နီယာချုပ်နှင့် ဟိုဆရာနှစ်ယောက်တို့ သူတို့ ကိစ္စတွေပြီးလို့ ကိုအဏ္ဏဝါကို ထိုင်စောင့်နေကြသည်။ ဆရာဝန်ပေးထားသည့် ဆေးတွေလည်း ရထားပြီး ဖြစ်သည်။ ကိုအဏ္ဏဝါ၏ သွေးနှင့်ဆီး အဖြေရဖို့အတွက် နာရီဝက်လောက် စောင့်နေရသည်။ မကြာမီ ကိုအဏ္ဏဝါကို ဆရာဝန်က ခေါ်သည်။ အခန်းတွင်း ဝင်သွားပြီး ဆရာဝန်ပြောတာကို နားထောင်ရသည်။

"ခင်ဗျား ဂနို ကျနေတာ မဟုတ်ဘူး။ ဆီးရောဂါ ဖြစ်နေတယ်။ ကျွန်တော် ဆေးပေးလိုက်မယ်။ တစ်ခါသောက်တစ်လုံး၊ တစ်နေ့သုံးခါ ၈-နာရီ ခြားပြီးသောက်။ ခုနစ်ရက်တိတိ ဆက်တိုက် သောက်ရမယ်"

သူ ရေးပေးသည့် ဆေးစာရွက်ကို ယူပြီး ဆေးပေးကောင်တာမှာ သွားပြရသည်။ ဆေးပေးကောင်တာသည် ဆေးအမည်၊ လူနာအမည်၊ ဆရာဝန်အမည်တွေကို ကွန်ပျူတာမှာ ထည့်သွင်းပြီးမှ ဆေးပုလင်းကို ပေးပါသည်။ ကက်ပရူး ဆေးတောင့်လေးတွေ ဖြစ်သည်။ ဆေးနာမည်ကို ဖတ်ကြည့်တော့ အမိုဇယ် ၅၀၀ မီလီဂရမ် AMOXIL ၅၀၀ mg လို့ ရေးထားတာ တွေ့ရသည်။

အဲဒီဆေးကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း သောက်လိုက်တာ သုံးလုံးသောက်ပြီးတာနဲ့ ရောဂါပျောက်သွားတော့သည်။ သူပြောသလို ခုနစ်ရက် ပြည့်အောင် တစ်နေ့ကို သုံးလုံးနှုန်းဖြင့် ၂၁လုံး ပြည့်အောင် သောက်လိုက်တာ အမြစ်ပါ ပြတ်သွားသလား မသိ။ ဒီနေ့အထိ ရောဂါ ပြန်မပေါ် ဖြစ်သွားသည်။ ဆရာဝန် မောင်မင်းကြီးသား ဘုန်းကြီးလို့ အသက်ရှည်ပါစေဟု ဆုတောင်းနေရသည်။ မထွက်တာကို ညှစ်ခိုင်းတဲ့ ဆရာမလေးလည်း ဥစ္စာပေါ၊ ရုပ်ချော၊ သဘောကောင်းတဲ့ ယောက်ျားနဲ့ ရပါစေလို့ ဆုတောင်းပါသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



၅-ရက်နေ့မှာ ကိုအဏ္ဏဝါ အိပ်ရာက မထမီ စားပွဲထိုးအောင်သိန်းက လာနှိုးသည်။ ကပ္ပိတန် ခေါ်သည်ဆိုလို့ သွားတွေ့ရပြန်သည်။ ယနေ့ သင်္ဘော ထွက်မည်ဖြစ်လို့ မိုးလေဝသသတင်း ဖမ်းခိုင်းသည်။ ကိုအဏ္ဏဝါသည် ကိုယ့်အလုပ် ကိုယ် သိသူလို့ မိမိကိုယ်မိမိ ယုံကြည်ထားသူ ဖြစ်သည်။ သူများခိုင်းမှ လုပ်သူ မဟုတ်။ မိုးလေဝသ သတင်းသည် တစ်နေ့ကို လေးကြိမ် လွှင့်ပေးနေသည်။ အိပ်ရာက နိုးသည့် အချိန်မှာ ယူလို့ရသည်။

သင်္ဘောက ရေဒါတစ်လုံး ပျက်နေလို့ အမေရိကန် အီလစ်ထရောနစ် အင်ဂျင်နီယာ တစ်ယောက် ပြင်နေသည်။ အဲဒီလူကို စောင့်ကြည့်နေပါဟု အမိန့်ပေးပါသည်။ စောင့်ကြည့်ပြီး ဘာလုပ်ရမည်နည်း။ ကိုအဏ္ဏဝါကလည်း ရေဒါအကြောင်းကို ဘာမျှ နားမလည်။ အဓိပ္ပာယ်မရှိ အချိန်ကုန်ပြီး ကိုယ့်အလုပ်ကိုယ် မလုပ်ရဘဲ စောင့်ကြည့်နေရသည်။

ရေဒါ ပြုပြင်ပြီးတော့ ဒုတိယအရာရှိက စမ်းသပ်ကြည့်ပြီး ကောင်းပါသည်ဟု လက်မှတ်ထိုးပေးလိုက်သည်။ ပြီးသွားပြီဖြစ်သည်။ အဲဒါကို မပြီးနိုင်ဘဲ ကိုအဏ္ဏဝါက ပြီးသွားတာကို သူ့ကို သတင်းမပို့ရကောင်းလားဆိုပြီး ပြစ်တင်ကြိမ်းမောင်းသည်။ စကားများရသည်။ ဘိုနီကိစ္စမှာ ကိုအဏ္ဏဝါ အခါတော်ပေးလို့ ဒေါ်လာ ၇၀၀ ပေးလိုက်ရတယ်ဆိုပြီး ငြိုးချင်နေတာဖြစ်သည်။

နယူးယောက်မြို့မှာ နေသည့် ပိုသီးတိုး သင်္ဘော ကုမ္ပဏီကိုယ်စားလှယ် မစ္စတာမိုရိုက်တစ် သင်္ဘောကို ရောက်လာသည်။ သူတို့ ဂရိ လူမျိုးတွေ အချင်းချင်း ဘာပြဿနာတွေ ရှုပ်နေကြသည် မသိ။ မျက်စိမျက်နှာ ပျက်နေကြသည်။ ပနားမားမှာ ထည့်ခဲ့သည့် မီးထိုးလောင်စာဆီ တန်၂၀ လောက် စာရင်း ကွာနေသလိုလို သတင်းထွက်လာသည်။ ကပ္ပိတန်နှင့် အင်ဂျင်နီယာတွေ နားလည်မှု ယူပြီး ဆီခိုးရောင်းသလိုလို သတင်းစကား ကြားရသည်။ ဒီသတင်းနှင့် ဆက်စပ်နေဖွယ်ရှိသည့် ကိစ္စတစ်ခု ပေါ်လာသည်။

ကိုအဏ္ဏဝါနဲ့ သိပ်ခင်သည့် ဂရိ အင်ဂျင်နီယာ မစ္စတာ ဇိုဗားရပ်ပနာဂီရိုတစ် TZOVARIOS PANAGIOTIS သင်္ဘောက ဆင်းပြီး ဘာလ်တီမိုးမှ အေသင်ကို ပြန်သည်။ သင်္ဘောက မဆင်းမီ ကိုအဏ္ဏဝါကို

http://www.linhtet.com



လာနှုတ်ဆက်သည်။ ဘယ်လိုဖြစ်တာလဲ ကိုယ့်လူရဲ့ ဆိုင်းမဆင့် ဗုံးမဆင့်ဘဲ သွားတော့မလို့လားဆိုတော့ အရေးပေါ် ဖြစ်လာတာလို့ ပြောသည်။ သာမန် ရိုးရိုး နှစ်စေ့လို့ ပြန်တာဆိုလျှင် ဘာလ်တီမိုးကို ရောက်သည့်နေ့က ပြန်ရမည်ဖြစ်သည်။ အခုတော့ သင်္ဘောထွက်မည့်နေ့မှ ကောက်ကာငင်ကာ ဆင်းသွားတာဟာ ပယောဂ မကင်းဘူးဆိုတာ သိသာလှသည်။ မစ္စတာ မိုရီကလည်း နယူးယောက်မှ ဘာလ်တီမိုးကို ရောက်လာတာ ထူးဆန်းနေသည်။ ပနားမားမှာ FO ဆီတန် ၂၀ ပျောက်သည့် ကိစ္စနှင့် ဆက်စပ်ပတ်သက်နေသည်ဟု ယူဆရသည်။

အလွန်ခင်သည့် သောက်ဖော်စားဖက်မိတ်ဆွေ ဒုတိယအင်ဂျင်နီယာ မစ္စတာဖိုးဗားရပ်စ် သင်္ဘောက ဆင်းသွားသည့်အခါ ကိုအဏ္ဏဝါ စိတ်မကောင်းဖြစ် ကျန်ရစ်သည်။ တောင်အမေရိက နိုင်ငံတွေမှာ အတူ တွဲပြီး ပျော်ခဲ့ကြပုံတွေ ပြန်လည် အမှတ်ရလာသည်။ ကိုအဏ္ဏဝါ နိုက်ကလပ်တွေမှာ ကဲလို့ရအောင် စပိန်စကားတွေ သင်ပေးခဲ့သူ ဖြစ်သည်။ မြန်မာ သင်္ဘောသားတွေ အပေါ်မှာ နားလည်မှု အရှိဆုံး ဂရိလူမျိုး ဖြစ်သည်။ ဆီလောင်း ခင်မောင်ငွေးက တာဝန်ကျချိန်မှာ အိပ်နေပြီး လာနှိုးသည့် တတိယ အင်ဂျင်နီယာ ကုလား အာရိုးညူးကို ဆွဲထိုးသည့် ကိစ္စမှာ အထိုးခံရသူက မကျေနပ်လို့ ခင်မောင်ငွေးကို အလုပ် ဖြုတ်ပစ်ရန် တိုင်သည်။ ခင်မောင်ငွေး အလုပ် မပြုတ်အောင် မစ္စတာ ဖိုးဗားရပ်စ်က ဝင်ကယ်ခဲ့တာ ဖြစ်သည်။ အထိုးခံရသည့် ကုလားက ဂရိကို ကြောက်ပြီး ငြိမ်ခံလိုက်ရခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် မြန်မာ သင်္ဘောသားတွေကို သံယောဇဉ်ရှိသူ ဖြစ်သည်။

သင်္ဘောပေါ်မှာ ဖြစ်နေတာတွေရယ် ကိုယ်တိုင် ခံစားရသည့် မကျေနပ်မှုတွေရယ်ကြောင့် ကိုအဏ္ဏဝါသည် ဒီသင်္ဘောမှာ ဆက်လက် အမှုမထမ်းလိုတော့ဘဲ အလုပ်မှ နုတ်ထွက်ခွင့် ပြုပါရန် ပန်ကြားလွှာ တင်လိုက်ပါတော့သည်။ ဒီပန်ကြားလွှာကို မစ္စတာ မိုရီနှင့်ပေးလိုက်ရန် ဖြစ်သည်။

ညနေ ၅-နာရီမှာ ဘာလ်တီမိုးဆိပ်ကမ်းမှ ထွက်ခွာခဲ့ပါသည်။ ကနေဒါနိုင်ငံ အရှေ့ဘက် အခြမ်းကို သွားနေသည်။

❐

# [ ၁၄ ]
# ကိုအဏ္ဏဝါ ရွာပြန်ပြီ

ယနေ့သည် နိုဝင်ဘာလ ၆-ရက်နေ့ဖြစ်သည်။ အိပ်ပျော်နေသည့် ကိုအဏ္ဏဝါ လှိုင်းလှုပ်လို့ အိပ်ရာက နိုးလာသည်။ မြစ်တွင်းမှ ထွက်ပြီး ပင်လယ်ထဲ ရောက်နေပြီ ဖြစ်သည်။ အိပ်ရာက ထသည်နှင့် အလုပ်က ရှိနေသည်။ ကြေးနန်းခြောက်စောင် ပို့စရာ ရှိနေသည်။ ကြေးနန်းစာတွေ အရ ကနေဒါနိုင်ငံ မြစ်သုံးမြွာ THREE RIVERS ဆိုသည့် နေရာ တွင် ကုန်တင်ရမည်ဟု ပါရှိသည်။

## ပြုတ်စော်နံသော ကပ္ပီတန်

၇-ရက်နေ့တွင် နယူးယောက်နှင့် တည့်တည့်လောက်ကို ရောက်နေပြီ ဖြစ်သည်။ မြောက်စူးစူးကို ထောင်တက်နေခြင်း ဖြစ်သည်။ လှိုင်း အနည်းငယ်ရှိ၍ မိုးလေဝသ သတင်းကို ကနေဒါ စတေရှင် HALIFAX(VCS) မှ ယူသည်။ ကြေးနန်း အပို့အဖမ်းကိုမူ မိုဘိုင်း WLO ကမှ ပို့ဖမ်းနေဆဲ ဖြစ်သည်။

http://www.linhtet.com



ကိုအဏ္ဏဝါသည် စာအုပ်ကြီးသမား ဖြစ်သည်။ အာအိုပညာသင် ကျောင်းမှာ သင်ခဲ့ရသည့် သင်ခန်းစာထဲမှာ မိမိထွက်ခွာလာရာ အရပ်၊ မိမိရောက်နေသည့် အရပ်၊ မိမိဦးတည်သွားနေသည့် အရပ်က ရေဒီယို စတေရှင်တွေကို နားထောင်ရမည်ဟု ပါရှိသည်။ မိမိ ဦးတည်သွားနေသည့် အရပ် (ကနေဒါ)က ဟာလီဖစ် (VCS) ကို နားထောင်ကြည့်ရာ မိမိ အတွက် ကြေးနန်း တစ်စောင် ရှိနေတာကို တွေ့လိုက်ရသည်။ ပေါ့ပေါ့ တန်တန် မနေသည့် ကျေးဇူးဖြစ်သည်။ တင်ရမည် ကုန်ပစ္စည်းနှင့် တန်ချိန် မည်မျှ တင်ရမည်။ သွားပို့ရမည့် နိုင်ငံတွေကို ဖော်ပြထားသည်။

၈-ရက်နေ့မှာ ကပ္ပီတန်က ကိုအဏ္ဏဝါကို ခေါ်ပြီး အောက်တိုဘာ လစာ စာရင်းကို လက်မှတ်ထိုးခိုင်းသည်။ စစ်ဆေးကြည့်ပြီး မှန်ကန် သဖြင့် လက်မှတ်ထိုးပေးလိုက်သည်။ မိမိသည် နောက်လမှာ အလုပ်က ထွက်ပြီး မြန်မာပြည်ကို ပြန်တော့မည်ဖြစ်လို့ မိမိ၏ မိသားစု လွဲငွေကို မဖြတ်ဖို့ မေတ္တာရပ်ခံကြည့်သည်။ ခေါင်းခါပြီး မဖြစ်နိုင်ပါဟု ပြောသည်။ ကိုအဏ္ဏဝါကို သိပ်ပြီး မကြည်သည့်သဘော ဖြစ်သည်။

၉-ရက်နေ့မှာ လှိုင်း ပိုကြီးလာသည်။ ကနေဒါ ရေပြင်ထဲကို ရောက်နေပြီ ဖြစ်သည်။ ကပ္ပီတန်က မိုးလေဝသ သတင်းကို တစ်နေ့ လေးကြိမ် ဖမ်းပါဟု တောင်းဆိုလာသည်။ တကယ် လိုအပ်သလား၊ ကိုအဏ္ဏဝါကို နှိပ်စက်ချင်လို့လားဆိုတာ သူကိုယ်တိုင်သာ သိမည် ဖြစ်သည်။ ကိုအဏ္ဏဝါက ဖမ်းပေးပါသည်။

၁၀-ရက်နေ့မှာတော့ စိန့်လော့ရင့် GULF OF ST: LAWRANCES ပင်လယ်ကွေ့ထဲ ရောက်နေသည်။ လေပြင်း တိုက်ခတ်ပြီး လှိုင်းကြီးနေသည်။ သင်္ဘောကို ခက်ခက်ခဲခဲ ထိန်းနေ ရသည်။ သင်္ဘောသည် သွားလိုသည့်ဘက်ကို ဦးတည်လို့မရဘဲ အနီး အနားက ကျွန်းဘက်ကို ရွေ့ပါနေသည်။

တစ်နာရီကို မိုင် ၆၀ နှုန်း တိုက်နေသည့် လေပြင်းနှင့် လှိုင်းလုံး ကြီးများသည် သင်္ဘော၏ ဝဲဘက်မှ ဖိတိုက်နေသဖြင့် ယာဘက်က ကျွန်းဆီကို ရွေ့ပါနေသည်။ တက်မကို ဝဲဘက်သို့ တစ်ဆုံးဆွဲထား သော်လည်း သင်္ဘောက လည်မလာဘဲ မျောပါနေသည်။ သင်္ဘောသား

http://www.linhtet.com



များ အားလုံး အသက်ကယ်အင်္ကျီ ဝတ်ထားကြရန် အသံချဲ့စက်မှ အမိန့်ပေးသံ ထွက်ပေါ်လာသည်။ ကိုအဏ္ဏဝါလည်း အသက်ကယ် အင်္ကျီ ဝတ်ပြီး တက်မ စင်သို့ တက်သွားသည်။

တက်မစင်မှာ ကပ္ပိတန်နှင့်အတူ ပထမအရာရှိနှင့် ဒုတိယအရာရှိ တို့လည်း ရှိနေကြသည်။ တက်မကိုင် နွန်းလျှံထန်းက တက်မကိုင် နေသည်။ တက်မကိုင်သည် ဆိုသော်လည်း ဝဲဘက်ကို တစ်ဆုံး ဆွဲလှည့် ထားခြင်းသာ ဖြစ်သည်။ သင်္ဘောကတော့ လိုက်မလာပါ။ တက်မစင်မှာ ရပ်နေသူတွေ ပြုလဲလွင့်ပါမသွားအောင် မိရာဖမ်းကိုင်ပြီး ရပ်နေကြ ရသည်။

ကိုအဏ္ဏဝါကို မြင်တော့ ကပ္ပိတန်က ရေဒီယို တယ်လီဖုန်းဖြင့် ကမ်းခြေစောင့်ကို ခေါ်ခိုင်းပြီး အကူအညီ တောင်းခိုင်းသည်။ ကိုအဏ္ဏဝါ သည် ရေဒီယို တယ်လီဖုန်းဖြင့် VHF ဖြင့် ကမ်းခြေစောင့်ကို ခေါ်လိုက် သည်။

"ကနေဒါ ကို့စ်ဂတ်၊ ကနေဒါ ကို့စ်ကတ် အက်ပိုကက်တီ ခေါ်တယ် ကြားပါသလား"

"ကြားပါတယ် ပြောပါ"

တစ်ခါပဲ ခေါ်လိုက်ရသည် ချက်ချင်းပြန်ထူးသည်။ ကိုအဏ္ဏဝါက တယ်လီဖုန်းကို ကပ္ပိတန်ကို ပေးလိုက်သည်။ ကပ္ပိတန်က သူ့သင်္ဘော သည် မှန်တိုင်းမိပြီး ထိန်းမနိုင် သိမ်းမနိုင် ဖြစ်နေကြောင်း၊ အရေးပေါ် အကူအညီ လိုကြောင်း အမြန်ဆုံး အကူအညီပေးပါရန် မေတ္တာရပ်ခံ ကြောင်း ပြောသည်။

ကပ္ပိတန်ပြောသည့် စကားထဲမှာ ထိန်းမနိုင် သိမ်းမရ ဖြစ်နေပါပြီ OUT OF CONTROL ဆိုသည့်စကား ပါသွားသည်။ ကမ်းခြေ စောင့်က စိုးရိမ်ပြီး ချက်ချင်း ပြန်မေးသည်။

"ကပ္ပိတန် မေဒေး ခေါ်မလား"

"ဟုတ်တယ် ခေါ်မယ်"

"နိုး နိုး နိုး နိုး"

http://www.linhtet.com



ဒုတိယအရာရှိ ဖနန်းဒစ်က (နိုး နိုး) လို့ အော်ပြီး ကပ္ပိတန် လက်ထဲက တယ်လီဖုန်းကို ဆွဲယူလိုက်ပြီး မေဒေး မခေါ်ဘူးလို့ ပြော လိုက်သည်။ ဖြစ်နိုင်လျှင် ဆွဲသင်္ဘောတစ်စီး အမြန်လွှတ်ပေးပြီး ကူညီ ပါဟု ပြောလိုက်သည်။ အခြေအနေ ရှုတ်ရှတ်သဲသဲ ဖြစ်သွားသည်။

ဒုတိယအရာရှိ အဆင့်မျှသာရှိသူ ကုလားလူမျိုးက ဂရိလူမျိုး ကပ္ပိတန်ရဲ့ လက်ထဲက တယ်လီဖုန်းကို ဆွဲယူပြီး မေဒေး မခေါ်ပါဟု ပြောလိုက်ရတာ အကြောင်းရှိပါသည်။ အတော် အရဲစွန့်ပြီး ဆောင်ရွက် လိုက်ခြင်း ဖြစ်သည်။ ကပ္ပိတန်သည် မျက်ကလဲဆန်ပျာဖြစ်နေသည်။ ခေါင်းမူးပြီး မေဒေးဆိုတာ ဘာမှန်းမသိ အခြေအနေ ဖြစ်နေသည်။

မေဒေး (MAY DAY) ဆိုတာ ဘေးဒုက္ခ အဆင့် အမြင့်ဆုံး ဖြစ်လို့ အကူအညီ တောင်းသည့် အချက်ပေး သင်္ကေတ ဖြစ်သည်။ သင်္ဘော တစ်စီးက မေဒေး ခေါ်ပြီဆိုလျှင် ကြားသမျှ ကမ်းခြေ၊ ရေယာဉ် နှင့် လေယာဉ်တို့က ဝိုင်းအုံ ရောက်ရှိလာကြပြီး လိုအပ်သည့် အကူအညီ တွေကို ပေးကြရမည် ဖြစ်သည်။ ကနေဒါ ရေပိုင်နက် အတွင်းမှာ ဖြစ် နေသည့်အတွက် ကနေဒါ ကမ်းခြေစောင့်ရဲ့ သင်္ဘောတွေနှင့် ရဟတ် ယာဉ်တွေ ရောက်လာကြတော့မည် ဖြစ်သည်။ လိုအပ်သည့် အကူအညီ တွေကို ပေးကြတော့မည် ဖြစ်သည်။ မေဒေး ခေါ်ရမည့် အဆင့် မဟုတ်ဘဲ ခေါ်သည့်အတွက် လာရောက်ကူညီခကို ဒေါ်လာသိန်းနဲ့ချီပြီး ပေးရတော့ မည် ဖြစ်သည်။ ဒုတိယ အရာရှိ ကယ်လိုက်လို့ ကံကောင်းသွားခြင်း ဖြစ်သည်။

မေဒေး မခေါ်ဘူး၊ လိုအပ်လျှင် အကူအညီ ပေးပါဟု ပြောလိုက် သည့်အတွက် ကနေဒါ ကမ်းခြေစောင့်က သူတို့သည် ကိုအဏ္ဏဝါတို့ သင်္ဘောကို ရေဒါဖြင့် စောင့်ကြည့်နေပါသည်ဟု ပြောပြီး တယ်လီဖုန်း ချသွားပါသည်။ ကံအားလျော်စွာပင် ညနေစောင်းမှာ လှိုင်းလေငြိမ်သက် သွားပြီး သင်္ဘောကို ပြန်လည် ထိန်းသိမ်းနိုင်ခဲ့သည်။ မူလလမ်းကြောင်းကို ပြန်ရပြီး ဆိပ်ကမ်းကို ဝင်သွားနိုင်ခဲ့သည်။

၁၃-ရက်နေ့မှာ မြစ်သုံးသွယ် THREE RIVERS ဆိပ်ကမ်း ကို ဝင်ကပ်သည်။ နယူးယောက်မှာ နေသည့် သင်္ဘောကုမ္ပဏီ ကိုယ်စား

လှယ် မစ္စတာစပိုင်ရိုးစ်မိုရိုက်တစ် SPYROS MORAITIS သင်္ဘောကို ရောက်လာသည်။ သင်္ဘောက ပြဿနာမျိုးစုံကို လာရောက်ကြားနာတာ ဖြစ်သည်။ ကပ္ပိတန်၏ အခန်းထဲမှာ တစ်နေကုန်အောင် စာရွက်စာတမ်းတွေကို စစ်ဆေးနေတာ တွေ့ရသည်။

စတုတ္ထ အင်ဂျင်နီယာ ကိုကျော်ဆွေ သင်္ဘောက ဆင်းပြီး မြန်မာပြည် ပြန်သည်။ ဒု-ထမင်းချက် မောင်ဝင်း မပြန်ရလို့ အလုပ် မလုပ်ဘဲ ဆန္ဒပြသည်။ ကိုအဏ္ဏဝါ ကြားဝင် ဖျန်ဖြေညှိနှိုင်း ပေးရပြန်သည်။ ယခု တင်မည့် ကုန်တွေကို ချမည့် အယ်လ်ဂျီးရီးယား ဆိပ်ကမ်းမှ ပြန်ရအောင် စီစဉ်ပေးပါမည်ဟု ကတိပေးလိုက်ရသည်။ ဒေါ်လာ ၃၀၀ ပိုပေးပါမည်ဟု ကတိပေးလိုက်ရသည်။ မောင်ဝင်းကလည်း ထစ်ခနဲ ဆို တုတ်ဆွဲ ဓားဆွဲ လုပ်သည်။ ထမင်းချက်ချုပ် ကုလား အိန္ဒိယလို ကတော့ မောင်ဝင်းကို သေးဖျန်းဖျန်းပါအောင် ကြောက်သည်။

ယနေ့ ဒုတိယ အင်ဂျင်နီယာ (မြန်မာ) ရောက်လာတော့မည် ဆိုလို့ မျှော်နေကြသည်။ ည ၁၀-နာရီ ထိုးခါနီးမှ ရောက်လာသည်။ တိုမို သင်္ဘောသားဟောင်း ကိုညိမ်းမောင် ရောက်လာသည်။ ဂရိနိုင်ငံ အေသင်မြို့က လာသူဖြစ်လို့ ရုံးစာတွေ မပါဘူးလားလို့ ကပ္ပိတန်က မေးသည်။ ကိုညိမ်းမောင်က ဘာမျှ ပြန်မပြောသဖြင့် ဒီအင်ဂျင်နီယာ နားမကြားဘူးလား မသိဘူးဆိုပြီး ထမင်းစားခန်းမှ ထသွားသည်။

## သင်္ဘောပေါ်က အရာရှိရွေးပွဲ

သင်္ဘောက ဆင်းပြီး မြန်မာပြည်ကို ပြန်သွားသည့် စတုတ္ထ အင်ဂျင်နီယာ ကိုကျော်ဆွေရဲ့ နေရာမှာ လူစားထိုးရန်အတွက် အလုပ်သင် အင်ဂျင်နီယာရဲထွန်းနှင့် မောင်မောင်လွင်တို့ နှစ်ယောက် အနက်မှ တစ်ယောက်ကို ရွေးချယ်ခန့်ထားပါဆိုသည့် ကုမ္ပဏီ၏ ညွှန်ကြားချက် ရရှိသည်။

ကပ္ပိတန်က ခေါင်းရှောင်သည့်အနေဖြင့် အင်ဂျင်နီယာချုပ် သဘောဆိုပြီး လက်ရှောင်သွားသည်။ ဒုတိယအင်ဂျင်နီယာ ကိုညိမ်း

http://www.linhtet.com



မောင် ကလည်း ယခုမှ သင်္ဘောပေါ်ကို ရောက်လာသူဖြစ်လို့ အလုပ်သင်နှစ်ယောက်မှာ ဘယ်သူက တော်တယ်ဆိုတာကို မသိနိုင်သေး ဖြစ်နေသည်။ အင်ဂျင်နီယာချုပ်သည် ဒီပြဿနာကို သူ ကိုယ်တိုင် ဆုံးဖြတ်ရမည့် အစား မဆီမဆိုင် ကိုအဏ္ဏဝါကို လာပြီး တိုင်ပင်သည်။

"ခင်ဗျား အင်ဂျင်နီယာချုပ်ပဲ၊ ခင်ဗျားသဘောအတိုင်း လုပ်ပေါ့"

"ခင်ဗျားတို့ မြန်မာအချင်းချင်း ဆိုတော့ ခင်ဗျားရဲ့သဘောထားဆန္ဒကို သိချင်တယ်။ ကျွန်တော်ဘယ်သူ့ကို သဘောကျတယ်ဆိုတာ ခင်ဗျားကို မပြောဘူး။ ခင်ဗျားဘယ်သူ့ကို သဘောကျတယ်ဆိုတာပဲ သိချင်တယ်"

ရဲထွန်းနှင့် မောင်မောင်လွင်တို့၏ အားသာချက်နှင့် အားနည်းချက်တို့ကို စဉ်းစားရတော့သည်။ ရဲထွန်းသည် ဆယ်တန်းတောင် မအောင်ဟု ယူဆရသည်။ အလုပ်တော်သည်ဟု သိရသည်။ အသားဖြူသည်။ အရပ် မြင့်သည်။ ရုပ်ဖြောင့်သည်။ ကိုအဏ္ဏဝါနှင့် တွဲပြီး နိုက်ကလပ် သွားဖော်သွားဖက် ဖြစ်သည်။

မောင်မောင်လွင်သည် စက်မှုတက္ကသိုလ်က ဘွဲ့ရထားသူ ဖြစ်သည်။ အလုပ်အကိုင် သင့်ရုံသာ ရှိသည်။ အသားညိုသည်။ မျက်လုံးပြူးသည်။ မျက်နှာမှာ ကျောက်ပေါက်ရာလေးတွေ ရှိသည်။ ရဲထွန်းနှင့်အတူ ရန်ကုန် ကြည့်မြင့်တိုင်ဆိပ်ကမ်းမှ သင်္ဘောတက်ခဲ့သူ ဖြစ်လို့ လေယာဉ်ပျံ မစီးဖူးသေးသူ ဖြစ်သည်။

"မောင်မောင်လွင်ဟာ စက်မှုတက္ကသိုလ်က ဘွဲ့ရထားတယ်ဆိုတာကို မေ့ထားလို့တော့ မဖြစ်ဘူးနော်"

"ဒီဘွဲ့ကို မေ့ထားလိုက်စမ်းပါ။ ကျွန်တော် ကိုယ်တိုင်လည်း ဆယ်တန်းပဲ အောင်တယ်။ စက်မှုလက်မှု အထက်တန်း ကျောင်းက ဒီပလိုမာ လက်မှတ်ပဲရှိတယ်။ ရဲထွန်းနဲ့ မောင်မောင်လွင် ဘယ်သူ့ကို ထောက်ခံမလဲ ဒါပဲ သိချင်တယ်"

"ရဲထွန်းက ကျွန်တော်နဲ့ တွဲပြီး နိုက်ကလပ်တက်နေတဲ့ ကောင်ဗျ။ ရဲထွန်းကို ထောက်ခံပါတယ်လို့ ပြောလျှင် ဘယ်တရားပါ့မလဲ။ ဘက်လိုက်ရာ ကျမှာပေါ့။ လူတစ်ယောက်ရဲ့ ဘဝတစ်ခုလုံး အတွက် နစ်နာသွားစေမယ့် ကိစ္စမှာ ကျွန်တော့် ပယောဂ မပါစေချင်ဘူးဗျာ"

http://www.linhtet.com



အင်ဂျင်နီယာချုပ် မစ္စတာပါရာဗင်ဘရူးဝါးသည် သူ၏မုတ်ဆိတ်မွေးတွေကို ပွတ်စမ်းရင်း စဉ်းစားနေသည်။ အတန်ကြာမှ (အိုကေ အိုကေ) လို့ ပြောပြီး ကိုအဏ္ဏဝါ၏ အခန်းမှ ပြန်လည် ထွက်ခွာ သွားလေသည်။

၁၄-၁၁-၁၉၈၆၊ သောကြာနေ့မှာ ရဲထွန်းသည် အလုပ်သင်အင်ဂျင်နီယာ (အင်ဂျင်ကဒက်) ဘဝမှ စတုတ္ထအင်ဂျင်နီယာ(အရာရှိ) ဖြစ်ပြီး ကိုကျော်ဆွေ နေသွားခဲ့သည့် အခန်းကို ပြောင်းနေပါသည်။ ရဲထွန်းအတွက် ဝမ်းသာသော်လည်း မောင်မောင်လွင်အတွက် စိတ်မကောင်း ဖြစ်မိပါသည်။

၁၅-ရက်နေ့မှာ ရဲထွန်းက မြို့ထဲ သွားလည်ရအောင်ဟု ခေါ်လို့ နှစ်ယောက်အတူ မြို့ထဲ သွားကြသည်။ မြို့ထဲ လျှောက်လည် ကြသည်။ တစ်မြို့လုံး ဆီးနှင်းတွေ ဖုံးပြီး လမ်းတွေပေါ်မှာ ရေတွေခဲနေလို့ ကြာကြာမလည်နိုင်ကြပဲ သင်္ဘောကို ပြန်ခဲ့ကြသည်။

ဒီနေ့ညနေမှာ ရဲထွန်းက ရာထူးတက်ပါတီပေးလို့ ဝီစကီနှစ်ခွက်သောက်လိုက်သည်။ ပါတီပွဲမှာ မျက်စိမျက်နှာပျက်နေသည့် မောင်မောင်လွင်ကို ကြည့်ပြီး စိတ်မကောင်း ဖြစ်မိသည်။

## ကနေဒါမှ အယ်လ်ဂျီးရီးယားသို့

၁၆-ရက်နေ့မှာ ကုန်တင်တာ ပြီးသွားသည်။ ပြောင်းဆန်တွေ အပြည့် တင်သည်။ တန်ချိန် တစ်သောင်းကျော်သည်ဟု သိရသည်။ ယနေ့ သင်္ဘော ထွက်မည်ဟု သိရလို့ မိုးလေဝသ သတင်းကို ကနေဒါနိုင်ငံ HALIFAX (VCS) ရေဒီယို စတေရှင်မှ ယူထားလိုက်သည်။ ပင်လယ်ပြင်မှာ လေပြင်းတိုက်ခတ်မည်ဟု GALE WARNING သတင်း ပေးထားသည်။

ညနေ ၃-နာရီမှာ မြစ်သုံးသွယ်ဆိပ်ကမ်းမှ ထွက်သည်။ အယ်လ်ဂျီရီးယားနိုင်ငံကို ဦးတည်ခုတ်မောင်းနေပြီ ဖြစ်သည်။ အတ္တလန်တိတ် သမုဒ္ဒရာကြီးကို ကန့်လန့်ဖြတ်ရတော့မည် ဖြစ်သည်။ ဒီဇင်ဘာ ၂-ရက်နေ့မှာ အယ်လ်ဂျီးရီးယားကို ရောက်မည်ဟု ကြေးနန်းပို့လိုက်သည်။

http://www.linhtet.com



အယ်လ်ဂျီရီးယားကို ရောက်လျှင် သင်္ဘောကဆင်းပြီး မိမိနိုင်ငံကို ပြန်ပါရစေလို့ ပန်ကြားလွှာ တင်ကြသည်။ ကိုအဏ္ဏဝါ၊ ဦးသိန်းသန်း၊ အေးကို၊ ဝင်းအောင်၊ သာထွန်းဖေ၊ သိန်းလှိုင်၊ မောင်ဝင်း၊ အောင်သိန်း၊ ခင်မောင်ဌေး၊ မောင်မောင်လွင်၊ ထမင်းချက် ကုလားအိန်ဂျလိုတို့ ပြန်ကြမည်ဟုဆိုသည်။

၁၉-ရက်နေ့သည် ကိုအဏ္ဏဝါ၏ လုပ်သက် သင်္ဘောပေါ်မှာ တစ်နှစ် ပြည့်သောနေ့ ဖြစ်သည်။ သင်္ဘောကြီးသည် အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်နေပြီဖြစ်သည်။ ဟာရီကိန်း မုန်တိုင်း FRANCES ၏ အရှိန်ကြောင့် ရာသီဥတု ဆိုးရွားနေသည်။ အယ်လ်ဂျီးရီးယားကို ရောက်လျှင် အိမ်ကို ပြန်ကြရတော့မည် ဆိုသည့် အတွေးဖြင့် လှိုင်းမူးတာကို အောင့်ခံကြသည်။

၂၀-ရက်နေ့မှာ ရာသီဥတု ပိုဆိုးလာသည်။ မိုးလေဝသ သတင်းကို အဆက်မပြတ် ဖမ်းပေးနေရသည်။ သင်္ဘောကြီး တစ်စီးလုံး ဖြောင်းဆန်နေသည်။ အခန်းတွင်းမှာလည်း ပစ္စည်းမျိုးစုံ ပြန့်ကျဲနေသည်။ လေတိုက်နှုန်းသည် တစ်နာရီကို မိုင် ၆၀ နှုန်းဖြင့် ရှေ့တည့်တည့်က ဖိတိုက်နေသည်။ သင်္ဘောကြီးသည် ပေသုံးရာလောက် နက်သည့် ချောက်ကြီးထဲကို ဦးစိုက် ထိုးဆင်းသွားသည်။ ဧရာမ လှိုင်းလုံးကြီးသည် တက်မစင်ကို အုန်းခနဲ ဝင်ဆောင့်သည်။ သင်္ဘောကြီး သိမ့်သိမ့် တုန်ခါ သွားသည်။ ရေအောက်က ဘွားခနဲ ပေါ်လာပြီး ပေနှစ်ရာလောက် မြင့်သည့် တောင်ကုန်းပေါ်ကို ထိုးတက်သွားပြန်သည်။ မိုးသက် မုန်တိုင်း ကြောင့် မြင်ကွင်းက မည်းမှောင်နေသည်။ သင်္ဘောသား ဘဝသည် အသက်ကို ရင်းပြီး စီးပွားရှာရတဲ့ ဘဝပါလားဟု နားလည်လိုက်ပါသည်။

ဂျီပီအက်စ် GPS က ပြနေသည့် သင်္ဘောတည်နေရာအရဆိုလျှင် နေရာ မရွေ့သလို ဖြစ်နေသည်။ ၁-နာရီကို တစ်မိုင်မျှသာ သွားသလို ဖြစ်နေသည်။ အယ်လ်ဂျီရီးယားလို မြန်မြန် ရောက်ချင်ပါတယ်ဆိုမှ သင်္ဘောသွားနှုန်းက နှေးနေသည်။

၂၃-ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ လှိုင်းလေ ငြိမ်သက်သွားသည်။ ပင်လယ်ပြင်ကြီးသည် လွန်ခဲ့သည့် ၃-ရက်က သူဘာမျှ

http://www.linhtet.com



မဖြစ်ခဲ့သလို သာယာနေသည်။ အိမ်ကို ပြန်ရတော့မည့် ကိုအဏ္ဏဝါကို တက်မကိုင် သာထွန်းဇံက ဆံပင်ညှပ်ပေးသည်။ အပြန်ခရီးအတွက် အားလုံး အဆင်သင့် လုပ်ထားသည့် သင်္ဘောဖြစ်သည်။

၂၉-ရက်နေ့မှာ အတ္တလန္တိတ် သမုဒ္ဒရာကြီးကို ဖြတ်ပြီးဖြစ်လို့ မြေထဲပင်လယ်ကို ဝင်ရန် ဂျီဘရော်လ်တာ ရေလက်ကြားကို ဖြတ်သည်။

၃၀-ရက်နေ့ အယ်ဂျီးရီးယား ရေပြင်ထဲကို ဝင်မိပြီဖြစ်သည်။ အယ်လ်ဂျီးရီးယားနိုင်ငံသည် အာဏာရှင်နိုင်ငံလည်း မဟုတ်။ ဒီမိုကရေစီ နိုင်ငံလည်း မဟုတ်။ ကိုးလို့ကန့်လန့်နိုင်ငံ ဖြစ်သည်။ သင်္ဘောသားတွေကို ရစ်သည်ဟု သိရသည်။ အတော် သတိထားရမည်ဟု ပြောနေကြသည်။ အပြစ်တစ်စုံတစ်ရာ မဖြစ်အောင် နေကြရမည် ဖြစ်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံ စကီးဒါးဆိုသည့် ဆိပ်ကမ်းမြို့ SKIK-DA ကို ရောက်ရန် တစ်ရက်သာ လိုတော့သည်။ မြေထဲပင်လယ်ထဲမှာ သွားနေကြသည့် သင်္ဘောတွေမှာ မြန်မာပါသလား သိချင်လို့ ခပေါင်း ဒူးယား ခေါ်ကြည့်သည်။ အိုးရှင်းသင်္ဘောတစ်စီးမှ ပြန်ထူးသည်။ အာအို ဘယ်သူလဲလို့ မေးကြည့်တော့ ဦးထွန်းအောင်လို့ ဖြေသည်။ ဦးထွန်းအောင်ကို ခေါ်ခိုင်းလိုက်ပြီး စကားပြောလိုက်ရသည်။

ဒီဇင်ဘာ ၂-ရက်နေ့မှာ စကီးဒါး SKIKDA မြို့ကို ရောက်ပြီး ကျောက်ချ ရပ်နားသည်။ ၂၀-ရက်နေ့ နောက်ပိုင်းမှ ကမ်းကပ်ခွင့်ရမည်ဟု သိရသည်။

## ကပ္ပီတန် အလုပ်ပြုတ်သွားခြင်း

ကိုအဏ္ဏဝါတို့ သင်္ဘောသည် ကနေဒါက အထွက်မှာ မုန်တိုင်းမိလာသည့်အတွက် တင်လာသည့် ကုန်တွေ ရေစိုသလား သိချင်လို့ ကုန်ထည့်ပေါက်တွေကို ဖွင့်ပြီး စစ်ဆေးကြသည်။ ကုန်ထည့်ပေါက် တစ်ခု ရေမလုံလို့ ပြောင်းဆန်တွေ ရေစိုပြီး မည်းပုပ်နေတာ တွေ့ရသည်။ ဘယ်လို လုပ်ကြမလဲလို့ တိုင်ပင်ကြသည်။

http://www.linhtet.com



သင်္ဘောသားတွေကို အချိန်ပို လုပ်အားခ ပေးပြီး ညဘက်မှာ ပြောင်းဆန် အပုပ်တွေကို ရေထဲပစ်ချကြရန် သဘောတူကြသည်။ ကပ္ပီတန်၏ ခွင့်ပြုချက်ဖြင့် မီးမှောင်ချပြီး ညဘက်မှာ အလုပ် လုပ်ကြသည်။ ပြောင်းဆန်တွေသည် ပုပ်ပွပြီး မည်းနေသည်။ ကော်တဲ့သူက ကော်၊ ခပ်တဲ့သူကခပ်၊ ရေထဲပစ်ချသူကပစ်ချဖြင့် အတော် ညည့်နက်သည်အထိ အလုပ် လုပ်ကြသည်။ ပုပ်နေသည့် ပြောင်းဆန်တွေကလည်း ခပ်လို့ မကုန်အောင် ဖြစ်နေသည်။

မနက်မိုးလင်းလို့ ကြည့်လိုက်တော့ ရေထဲမှာ ပြောင်းဆန် အပုပ်တွေ မတွေ့ရလို့ စိတ်အေးသွားကြသည်။ ရေထဲကို မြုပ်သွားကြ ပြီလို့ ယုံကြည်လိုက်ကြသည်။ ညဘက်ကျတော့ မီးမှောင်ချပြီး ပြောင်း ဆန်အပုပ်တွေကို ရေထဲ ပစ်ချကြပြန်သည်။ အပုပ်တွေ မကုန်မချင်း ညစဉ် ရေထဲပစ်ချခဲ့တာ ပြောင်းဆန်တန်ချိန် အတော်များသွားသည်။ မနက်ကျတော့လည်း ရေထဲမှာ ပြောင်းဆန်တွေ မတွေ့ရလို့ ရေထဲ မြုပ်သွားပြီ ထင်ပြီး စိတ်အေးသွားကြသည်။

သင်္ဘောသည် မြို့ဆိပ်နှင့် ခဲတစ်ပစ် အကွာမှာ ကျောက်ချထားသော်လည်း ကပ္ပီတန်သည် ကိုအဏ္ဏဝါကို မိုးလေဝသ သတင်း နေ့စဉ် ဖမ်းခိုင်းသည်။ တစ်နေ့ကို နှစ်ကြိမ် ဖမ်းခိုင်းသည်။ ဒါဟာ မလိုအပ်ဘဲ ကိုအဏ္ဏဝါကို နှိပ်စက်ချင်လို့ မတရား ခိုင်းစေနေတာလို့ ထင်သည်။

၈-ရက်နေ့မှာ ကိုအဏ္ဏဝါ အိပ်ရာက နိုးလာတော့ ကိုအဏ္ဏဝါ၏ ရုံးခန်း အဝမှာ ကပ္ပီတန်၏ လက်ရေးဖြင့် စာကပ်ထားတာ တွေ့ရသည်။

(ရေဒီယို အော်ဖစ်ဆာ၊ ကျေးဇူးပြု၍ မိုးလေဝသ သတင်းကို တစ်နေ့ လေးကြိမ် ဖမ်းပေးပါ၊ မာစတာ)

ကိုအဏ္ဏဝါ၏ ဦးခေါင်းကို မြွေပေါက်သလို ခံစားလိုက်ရသည်။ မျက်စိတွေ ပြာဝေသွားသည်။ ဘောင်းဘီတို ကောက်ဝတ်ပြီး ကပ္ပီတန် ရှိရာ တက်မစင်ကို တက်လိုက်သွားသည်။ ကပ္ပီတန် ရေးထားသည့် စာရွက်ကိုလည်း ကိုင်သွားသည်။ ကပ္ပီတန်ကို တွေ့သည့်အခါ ယဉ်ကျေးမှု အရတောင် ကောင်းသော နံနက်ခင်းပါ ဘာညာ နှုတ်မဆက်တော့ဘဲ ချပစ်လိုက်သည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



"ကပ္ပီတန် ဆိပ်ကမ်းမှာ ကျောက်ချထားတဲ့ သင်္ဘောအတွက် မိုးလေဝသ သတင်းကို တစ်နေ့မှာ လေးကြိမ် ဖမ်းပေးဖို့ လိုလို့လား"

"လိုပါတယ်၊ ဒါဟာ မြေထဲပင်လယ်ဖြစ်တယ်။ ရာသီဥတုဟာ မနက်နဲ့ည မတူဘူး၊ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်က ဖမ်းပေးပါဆိုရင် ဖမ်းပေးပေါ့"

"မဖမ်းဘူးဗျာ၊ ခင်ဗျား ဘာလုပ်မလဲ"

"ခင်ဗျား မာစတာရဲ့အမိန့်ကို ငြင်းဆန်တာပဲ"

"ဟုတ်တယ် ၊ ခင်ဗျားရဲ့သောက်ရူး အမိန့်ကို ငြင်းတယ်"

ကိုအဏ္ဏဝါသည် မထူးတော့ဘူးဆိုပြီး အပြတ် ချဲတော့သည်။ ဒီလို ချဲသည့် အတွက် မသကာလျှင် အလုပ်ပြုတ်ရုံပဲ ရှိသည်။ အလုပ်က ထွက်ပါရစေလို့ ပန်ကြားလွှာ တင်ပြီးဖြစ်သည်။ ယခုကပ်မည့် အယ်လ်ဂျီးရီးယားနိုင်ငံ စကီးဒါးဆိပ်ကမ်းမှာ အလုပ်က ထွက်ခွင့်မရလျှင် ဆန္ဒပြဦးမည်ဟု ဆုံးဖြတ်ထားသည်။

ကိုအဏ္ဏဝါသည် ကပ္ပီတန်နှင့် စကားပြောရာမှာ ကပ္ပီတန်၏ မျက်နှာကို လက်ညှိုးထိုးထိုးပြီး ပြောတတ်သဖြင့် ကပ္ပီတန်က ကိုအဏ္ဏဝါရဲ့ လက်ညှိုးကို သူ့လက်ဖြင့် အသာလေးဖိပြီး အောက်ကို နှိမ့်ချပစ်သည်။ ဥရောပ တိုက်သားများသည် သူတို့၏ မျက်နှာကို လက်ညှိုးထိုးပြီး စကား ပြောတာကို မကြိုက်ဘူး ဆိုတာကို သတိရလိုက်သည်။

"ကျွန်တော့် မျက်နှာကို လက်ညှိုးထိုးပြီး စကား မပြောပါနဲ့၊ ဒီအတိုင်း ပြောလည်း ရပါတယ်။ ခင်ဗျားကို အမိန့်ပေးတာ မဟုတ်ပါဘူး။ မေတ္တာရပ်ခံတာပါ။ ကျေးဇူးပြု၍ ဆိုတဲ့ စကားလုံး ပါပါတယ်"

သူပြောမှ ကိုအဏ္ဏဝါ သတိထားလိုက်မိသည်။ သူ ရေးပြီး ကပ်ထားသည့် စာမှာ PLEASE ဆိုတဲ့ စာလုံး ပါသည်။ အင်္ဂလိပ်စာ အရေးအသားရဲ့ သဘောကို အသေအချာ နားမလည်ဘဲ ဘလိုင်းကြီး တက်ချဲလိုက်မိခြင်း ဖြစ်သည်။ ငါ မှားသွားပြီဆိုတာကို သိလိုက်သည်။ မှားမှန်း သိသော်လည်း နောက်မဆုတ်ချင်တော့လို့ ခပ်မာမာ ပြောလိုက်သည်။

http://www.linhtet.com



"ဘာပဲဖြစ်ဖြစ်ဗျာ၊ ဆိပ်ကမ်းမှာ ကျောက်ချထားတဲ့ သင်္ဘော အတွက် မိုးလေဝသ သတင်းကို ဖမ်းပေးစရာ မလိုဘူး"

ကိုအဏ္ဏဝါသည် ပြောပြီးသည်နှင့် တက်မစင်မှ ပြန်ဆင်းလာခဲ့ သည်။ ကပ္ပိတန်ဆိုတာ သင်္ဘောသား၏ ဆရာလည်း ဟုတ်သည်။ မိဘဆိုလည်း မမှား၊ ဒီလိုပုဂ္ဂိုလ်နဲ့ နင်ပဲငါကွ ပြောရဆိုရတာ မကောင်း လို့ စိတ်ညစ်သွားသည်။

၂၁-ရက်နေ့တွင် ဆိပ်ကမ်းကပ်ခွင့် ရသည်။ ဆိပ်ကမ်းကပ် လိုက်သည်နှင့် တစ်ပြိုင်နက် သင်္ဘောပေါ်တက်လာသည့် ဒေသ ကိုယ်စားလှယ်က အသင့်ရေးပြီး ယူလာသည့် စာရွက်ကို ကပ္ပိတန်ကို ဖတ်ခိုင်းပြီး လက်မှတ်ထိုးခိုင်းသည်။ စာကိုဖတ်ပြီးသောအခါ ကပ္ပိတန် သည် ထိုင်နေ လျက်မှ ဦးခေါင်းကို ငုံ့ချလိုက်ပြီး မျက်နှာကို လက်ဝါး နှစ်ဖက်ဖြင့် အုပ်ထားလိုက်သည်။ ရှိုက်ကြီးတငင် ငိုချလိုက်သည် လို့တောင် ထင်လိုက်မိသည်။ လက်နှစ်ဖက်ကို ဖယ်ပြီး ဦးခေါင်း ပြန်မော့ လာသောအခါ မချိသွားဖြဲ ရယ်လိုက်သည်။ ငါ့ကံနယ် ဆိုးလှ ချည်လားဆိုသည့် သဘော ဖြစ်သည်။

"ဟား…ဟား…အိုကေ အိုကေ"

အိုကေလို့ ပြောပြီး စာရွက်ပေါ်မှာ လက်မှတ်ထိုးပေး လိုက်ပါ သည်။ စာရွက်ပေါ်မှာ ရေးထားသည့် အကြောင်းအရာက (ဒီသင်္ဘောက ပစ်ချခဲ့သော ပြောင်းဆန်အပုပ်တွေသည် ရေထဲကို မြုပ်မသွားခဲ့ဘဲ ကမ်းမှာ လာပါး နေကြသည့်အတွက် ဆယ်တင်ထားရပါသည်။ တင်ယူ လာသည့် ကုန်ပစ္စည်းများ ပျက်စီးလျော့နည်းမှု၊ ဆိပ်ကမ်းရေထု ညစ်ညမ်းမှုတို့ဖြင့် ဒဏ်ရိုက်သည်။ လျော်ကြေးပေးပါမည်) ဆိုသည့် အကြောင်း ဖြစ်သည်။

ကပ္ပိတန် ကမ်ပါးနစ် (KAMPANIS) သည် ယခု ပြစ်မှု အပါအဝင်၊ ပနားမားမှာ ထည့်ခဲ့သည့် မီးထိုးဆီ FO တန် ၂၀ လျော့ နည်းမှု၊ ချီလီကို အသွားမှာ သုံးရက်စောပြီး ရေကြောင်းပြ တင်မှု စသည့် ပြစ်မှုတွေကြောင့် အလုပ်ပြုတ် သွားလေတော့သည်။

http://www.linhtet.com



## ရွာအပြန် ဟန်မကျဖြစ်ရသည်

ကပ္ပိတန်သည် သူ အလုပ်ပြုတ်သွားပြီဖြစ်လို့ နောက်လူကို လွှဲပြောင်းရန် စာရွက်စာတမ်းတွေကို ပြုစုနေသည်။ တချို့ ကိစ္စတွေကို ကိုအဏ္ဏဝါက ကူလုပ်ပေးရသည်။ သူ့အတွက် လူစားမလာသေး သော်လည်း သူကတော့ အိမ်ပြန်ရမှာ သေချာသွားပြီ ဖြစ်သည်။ မသေချာတာက ကိုအဏ္ဏဝါတို့ လူစု ဖြစ်သည်။ ဒီဆိပ်ကမ်းက အိမ်ပြန်ရဖို့ မသေချာသလို ဖြစ်နေသည်။ ဒီဆိပ်ကမ်းက မပြန်ရလျှင် ဆန္ဒပြမည်ဟု ကြိမ်းဝါးနေကြသည်။

ကိုအဏ္ဏဝါကို ကပ္ပိတန်က လုပ်ခိုင်းသည့် စာရွက်စာတမ်းတွေထဲမှာ ကနေဒါက အထွက်မှာ မုန်တိုင်းမိလို့ ပြောင်းဆန်တွေ ရေစိုခဲ့ရသည့် အကြောင်း အသိသက်သေအဖြစ် လက်မှတ် ရေးထိုးပေးရသည့် စာရွက်လည်း ပါသည်။

ကပ္ပိတန်က သူ့သောကနှင့်သူ အလုပ်များနေစဉ် ကိုအဏ္ဏဝါကတော့ စကီးဒါးမြို့တွင် လျှောက်လည်နေသည်။ အယ်လ်ဂျီးရီးယားပြည်သူတွေ၏ လူနေမှုဘဝတွေကို လေ့လာသည်။ မူဆလင်ဘာသာကိုးကွယ်သည့် အာရပ်နိုင်ငံဆိုသော်လည်း ဘီယာဆိုင်၊ အရက်ဆိုင်နှင့် ပြည့်တန်ဆာတန်းပါ ရှိနေတာကို တွေ့ရသည်။ ဟန်ကျသည်။ မဆိုးဘူးဟု တွေးမိသည်။

အယ်လ်ဂျီးရီးယားသည် အာဖရိကတိုက်မြောက်ပိုင်း အစွန်ဆုံးက နိုင်ငံကြီး ဖြစ်သည်။ စပိန်ပိုင် ဂျီဘရော်လတား၊ မော်ရိုကို၊ မော်ရီတေးနီးယား၊ မာလီ၊ နိုင်ဂျာ၊ လစ်ဗျား၊ တူနီရှား နိုင်ငံတွေနှင့် နယ်မြေချင်းထိစပ်နေသည်။ အာရပ်နိုင်ငံ ဆိုသော်လည်း မြေထဲပင်လယ် ကမ်းနဖူးက နိုင်ငံဖြစ်လို့ ဥရောပ ယဉ်ကျေးမှုကလည်း လွှမ်းမိုးနေသည်။ ပြင်သစ်ကိုလိုနီ ဘဝဖြင့် နှစ်ပေါင်းများစွာ နေခဲ့ရသည့်အတွက် ပြင်သစ်ယဉ်ကျေးမှုအဓိက လွှမ်းမိုးနေသည်။ ၁၉၆၂ ခုနှစ်ကမှ ပြင်သစ် လက်အောက်က လွတ်မြောက်ပြီး လွတ်လပ်ရေး ရခဲ့သည်။

သူတို့လူမျိုး၏ ဘာသာစကားအပြင် ပြင်သစ်စကားကိုလည်း ပြောနိုင်ကြသည်။ သူတို့နိုင်ငံကို ဝိုင်းပတ်နေသည့် နိုင်ငံ ၇-နိုင်ငံက

http://www.linhtet.com



စကားတွေကိုလည်း ထမင်းစားရေသောက် ပြောနိုင်ကြသည်။ ယဉ်ကျေးမှု မျိုးစုံရှိနေသော နိုင်ငံဖြစ်သည်။ အစွန်းရောက် မူဆလင်နိုင်ငံ မဟုတ်သည့်အတွက် လွတ်လပ်သည်။

၂၅-ရက်နေ့မှာ မိုးရွာပြီး လေပြင်းတိုက်ခတ်သည်။ ဆိပ်ကမ်းမှာ ကပ်ထားသည့် သင်္ဘောကြီးသည် မြင်းခုန်သလို ခုန်နေသည်။ ဆိပ်ကမ်း၏ ပလက်ဖောင်းနှင့် သင်္ဘောဘေး ပွတ်တိုက်နေတာ တဝုန်းဝုန်း ဖြစ်နေသည်။ သင်္ဘော မနာအောင် ကြားခံထားသည့် ဖင်ဒါ FENDER လို့ ခေါ်သည့် ရာဘာဘောလုံးကြီး သံကြိုးပြတ်ပြီး ရေထဲကျသွားသည်။ ရာဘာဘောလုံး ကြီး၏ အရွယ်သည် ရေတွင်းခပ်သေးသေး အရွယ်လောက်ကြီးသည်။ ရာဘာလုံးကြီး ဆိုသော်လည်း ရေထဲကျသည်နှင့် တစ်ပြိုင်နက် မြုပ်သွားသည်။ အဲဒီ ရာဘာတုံးကြီးရဲ့ တန်ဖိုးဟာ အမေရိကန် ဒေါ်လာ ၁၀၀၀ ကျော် တန်သည်ဟု သိရသည်။ သင်္ဘောက အလျော်ပေးမည်ဟု သိရသည်။ ကပ္ပီတန်ကမ်းပါးနစ်ရဲ့ အကုသိုလ်က မပြီးနိုင် ဖြစ်နေသည်။ သင်္ဘောက ဆင်းသွားတော့မှ ပြီးမည်ထင်သည်။ သနားစရာ အတော် ကောင်းနေပြီဖြစ်သည်။ တချို့ သင်္ဘောသားတွေကတော့ သူ့ကို မုန်းလို့ ဝမ်းသာနေကြသည်။

၂၇-ရက်နေ့မှာ ဂရိလူမျိုး ကပ္ပီတန်အသစ်၊ ပထမကုန်းပတ်အရာရှိ အသစ်နှင့် ကုလားအင်ဂျင်နီယာချုပ်အသစ်တို့ ရောက်လာကြသည်။ ကိုအဏ္ဏဝါကတော့ လူသစ်တွေကို ဂရုမစိုက်နိုင်ဘဲ စကီးဒါး မြို့ထဲ လျှောက်လည်နေသည်။ မိမိတို့အတွက် မြန်မာ သင်္ဘောသားတွေကိုပဲ မျှော်နေသည်။ တစ်ပတ်ဆယ်ရက်ရှိပြီး ဘာသတင်းမျှ မထူးသေးလို့ စိတ်တို နေကြသည်။ မောင်ဝင်းက ဆန္ဒပြမည် တကဲကဲ လုပ်နေသည်။

၂၈-ရက်နေ့ တစ်နေ့လုံး လူကြီးတွေ အလွှဲအပြောင်း လုပ်နေကြသည်။ ကိုအဏ္ဏဝါက ကပ္ပီတန် အပြောင်းအလွှဲ ကိစ္စတွေမှာ လိုအပ်သလို ကူညီပေးနေသည်။ ငွေစာရင်းတွေ လွှဲပြောင်းသည့်အခါ သင်္ဘောမှာ

http://www.linhtet.com



ငွေလက်ကျန် အတော် နည်းနေတာကို သတိပြုမိသည်။ ဒီပုံဆိုလျှင် မိမိတို့၏ လစာငွေ လက်ကျန်တွေကို ရှင်းပေးနိုင်ပါတော့မလား ဆိုသည့် စိုးရိမ်စိတ် ဝင်လာသည်။ ဒီဆိပ်ကမ်းက ပြန်မယ်ဆိုပြီး အထုပ်ပြင် ထားသူ ဆယ်ယောက်လောက် ရှိသည်။ ကပ္ပတိန် လက်ထဲမှာ ဒေါ်လာ တစ်သောင်းခွဲ၊ နှစ်သောင်းလောက် ရှိမှသာ မြန်မာ သင်္ဘောသားတွေရဲ့ လစာတွေကို ရှင်းပေးနိုင်မည် ဖြစ်သည်။ လစာသာ မရလို့ကတော့ မောင်ဝင်းတို့ တုတ်ဆွဲ၊ ဓားဆွဲ လုပ်ဦးမည် ဖြစ်သည်။

၂၉-ရက်နေ့မှာ ကပ္ပတိန် ကမ်ပါးနစ် KAMPANIS၊ အင်ဂျင်နီယာချုပ် ပါရာဘင်ဇရူးဝါး၊ ကုန်းပတ် ပထမအရာရှိ ဒါတုဇိုအီမာ ညူရဲလ် DERTUZO EMMERNUIL တို့ သင်္ဘောက ဆင်းသွား ကြသည်။ အားလုံးပင် ကိုအဏ္ဏဝါကို နှုတ်ဆက်သွားကြသည်။ တွေ့ကြုံ ဆုံကွဲ ဖြစ်မြဲ ဓမ္မတာပေပဲလို့ သဘောထားလိုက်ပါသည်။ သူတို့ကတော့ သွားကြပြီ။ ငါတို့က ဘယ်လိုလဲ။ ဘယ်တော့လဲ။ ဘာမှ မသိရသေး ဖြစ်နေသည်။

၃၀-ရက်နေ့သည် အင်္ဂါနေ့ဖြစ်သည်။ ကုန်ချနေလို့ သင်္ဘောသား တွေ အလုပ်လုပ်နေကြရသည်။ မပြန်ရလို့ လူတိုင်း စိတ်တိုနေကြသည်။ အခြေအနေသည် ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးလို ဖြစ်နေသည်။ ကိုအဏ္ဏဝါကတော့ သင်္ဘောမှာ မနေဘဲ မြို့ထဲလျှောက်သွားနေသည်။ ဦးသိန်းသန်းနှင့် ဒုတိယအင်ဂျင်နီယာ ကိုညိမ်းမောင်တို့ပါ မြို့ထဲ လိုက်လာကြသည်။ စကီးဒါးမြို့က အယ်လ်ဂျီးရီးယား လူမျိုးတို့ရဲ့ လူနေမှု ဘဝကို လျှောက်ကြည့်ကြသည်။

၃၁-ရက်နေ့မှာ ကပ္ပတိန်အသစ်က ပါတီပေးသည်။ သင်္ဘော သားတွေကို မိတ်ဆက်သည်။ သောက်ရင်းစားရင်း သိချင်တာတွေကို မေးကြသည်။ မိမိတို့ ပြန်ဖို့ကိစ္စ ဘယ်လို အခြေအနေ ရှိပါသလဲလို့ မေးသောအခါ ကပ္ပတိန်က သူမသိပါဟု ဆိုသည်။ သူသည်ပင် ဒီသင်္ဘော က ပြန်ဆင်းရမလိုလို ဖြစ်နေသည်ဟု ဆိုပါသည်။ ဘာတွေ ဖြစ်နေတာပါ

http://www.linhtet.com



လိမ့်ဟု တွေးကြရတော့သည်။ ည ၁၂-နာရီမှာ နှစ်သစ်ကူးသော အထိမ်းအမှတ်အဖြစ် သင်္ဘောက ဥသြဆွဲသည်။ ဟက်ပီး နယူးရီးယားလို့ အော်ကြပြီး အရက်ခွက်တွေ ကိုင်မြှောက်သောက်ကြသည်။

ကိုအဏ္ဏဝါနှင့် မြန်မာသင်္ဘောသားတွေဟာ နှစ်သစ်မှာ မပျော်နိုင်ဖြစ်နေကြသည်။ အိမ်ပြန်ရဖို့ မသေချာ ဖြစ်နေသည်။ လစာငွေတွေ အကျေအလည် ရသွားဖို့ မသေချာဖြစ်နေသည်။ နှစ်ဆန်း ၁-ရက်နေ့မှာ ပင် အလုပ် မလုပ်ဘဲ ဆန္ဒပြမည် တကဲကဲ လုပ်နေကြသည်။

## အင်္ဂလိပ်လိုရေးသည့် ရည်းစားစာ

၁-၁-၁၉၈၇ ခုနှစ်၊ ကြာသပတေးနေ့ ညမှာ ဂရိလူမျိုး နှစ်ယောက်ဖြစ်သည့် ကပ္ပိတန်အသစ်နှင့် ပထမအရာရှိအသစ်တို့က နှစ်သစ်ကူး အထူးမိတ်ဆက်ပွဲ လုပ်သည်။ ပါတီပေးသည်။ ပေါက်ကွဲကြတော့မည့် မြန်မာ သင်္ဘောသားတွေကို ပျော်ရွှင်သွားအောင် နှစ်သိမ့်တာလည်း ဖြစ်နိုင်သည်။

ကိတ်မုန့်တစ်လုံးထဲမှာ ဆယ်ပြားစေ့ တစ်စေ့ထည့်ပြီး အချပ်ကလေးတွေ လှီးသည်။ တစ်ယောက်တစ်ချပ်စီ ယူစားကြရသည်။ ဆယ်ပြားစေ့ကို ရသူ မောင်ကံကောင်းကို ဒေါ်လာ ၂၀ ဆုချသည်။ စားပွဲထိုး အောင်သိန်းရသွားလို့ ဝမ်းသာကြသည်။ လစာနည်းသူ ရသွားသည့်အတွက် ဝမ်းသာကြခြင်းဖြစ်သည်။

၅-ရက်နေ့မှာ ဘုံဘေကုလား သုံးယောက် ရောက်လာသည်။ ကုန်းပတ် ပထမအရာရှိ၊ ဒုတိယအရာရှိနှင့် ဝဲလ်ဒါ (သံဂဟေ) တို့ ဖြစ်သည်။ မြန်မာ သင်္ဘောသားတွေအတွက် လူစားသော်လည်းကောင်း၊ ဘယ်နေ့မှာ ပြန်ရမည်ဆိုသည့် သတင်းသော်လည်းကောင်း မရသေးလို့ မြန်မာ သင်္ဘောသားတွေ ဆူပူလာကြပြီဖြစ်သည်။ ပူညံပူညံ မလုပ်သည့်

http://www.linhtet.com



ကိုအဏ္ဏဝါကိုတောင် ဂရိဘက်တော်သားလို့ ထင်လာကြသည်။ သင်္ဘော ကုမ္ပဏီရဲ့ လူလို့ ထင်လာကြသည်။ သူတို့ နားလည်အောင် ရှင်းပြရသည်။

“မင်းတို့ လုပ်ချင်တာလုပ်ကြ။ ငါ ကူညီပံ့ပိုးပေးမယ်။ ငါက ခေါင်းဆောင်လို့ မကောင်းဘူး။ ငါက နင်တို့လူ သူတို့ဘက်တော်သား လုပ်မယ်လေကွာ”

သဘော ပေါက်သွားကြသည်။ ကိုအဏ္ဏဝါသည် သူတို့၏ ခေါင်းဆောင်အဖြစ်နဲ့ ရှိနေဖို့ လိုတယ်ဆိုတာ သိနေကြသည်။ အရေးရယ် အကြောင်းရယ်ဆိုလျှင် ဝင်ဆံ့ပေါက်ရောက်သူဟာ ကိုအဏ္ဏဝါသာ ဖြစ်တယ်ဆိုတာကို သိနေကြလို့ ကိုအဏ္ဏဝါကို မချစ်သော်လည်း အောင့်နမ်းနေကြရသည်။ ကိုအဏ္ဏဝါသည် ကိုယ့်လူတွေနှင့် သင်္ဘော ကုမ္ပဏီကြားမှာ အနေရ ခက်နေသည်။

၆-ရက်နေ့မှာ မမျှော်လင့်တာတစ်ခု ဖြစ်လာသည်။ သင်္ဘော ပေါ် ရောက်တာ ၁၀-ရက်တာရှိသေးသည့် ကပ္ပိတန်နှင့် လူဟောင်း ဒုတိယအရာရှိ ဖနန်းဒစ်ပီတာတို့ သင်္ဘောက ဆင်းသွားကြသည်။ ပီတာက နှစ်စေ့လို့ အိန္ဒိယကို ပြန်တာဖြစ်သည်။ မနေ့ တစ်နေ့ကမှ ရောက်သည့် ဂရိ ကပ္ပိတန်က ဘာကိစ္စပြန်သွားသည်ကို မသိရဖြစ်နေ သည်။ ဘာတွေဖြစ် နေကြပြီလဲ။ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်နေသည်။ သူတို့ဟာ သူတို့ မင်းရေးပဲကျယ်ကျယ်၊ ဘာရေး ပဲ ကျယ်ကျယ် ကိုယ့်ပြဿနာ မဟုတ်။ ကိုယ့်ပြဿနာက မထုတ်ရ သေးသည့် လစာတွေ ရရေး၊ မြန်မြန် ပြန်ရရေး ဖြစ်သည်။

၇-ရက်နေ့မှာ မြန်မာ သင်္ဘောသားတွေက မပြန်ရလျှင် အလုပ် ရပ်မည်ဟု ရာဇသံပေးသည်။ ကပ္ပိတန်အသစ် (အခုမှ သင်္ဘောကို ရောက်လာသူ) က ကိုအဏ္ဏဝါကို ခေါ်ပြီး အကြောင်းစုံကို မေးသည်။ ကိုအဏ္ဏဝါက ဇာတ်စုံခင်းပြလိုက်ရသည်။ ကပ္ပိတန်က (လာသွားမယ်။

http://www.linhtet.com



အေသင်ကို ဖုန်းဆက်မယ်) ဆိုပြီး ကိုအဏ္ဏဝါကို ခေါ်သည်။ ကိုအဏ္ဏဝါနှင့် ကပ္ပိတန်အသစ်တို့ သင်္ဘောဆိပ်ရှိ တယ်လီဖုန်းမှ အေသင်ကိုခေါ်ပြီး ကုမ္ပဏီက တာဝန်ရှိ ပုဂ္ဂိုလ်နှင့် စကားပြောကြသည်။ ကပ္ပိတန်က သူ ပြောပြီးသောအခါ ကိုအဏ္ဏဝါကို တယ်လီဖုန်း ကမ်းပေးသည်။ ကိုအဏ္ဏဝါက ဘာသာစကား အခက်အခဲကြောင့် လိုရင်းတိုရှင်းကိုပဲ မေးသည်။

"ကျွန်တော်တို့ ဘယ်တော့ပြန်ရမလဲ။ လစာတွေ ရှင်းပေးပါ"

"ခင်ဗျားတို့ ပြန်ဖို့ကိစ္စ ဆောင်ရွက်နေပါတယ်။ မြန်မာပြည်က လာမည့်သူတွေ ထွက်မလာနိုင်လို့ ကြာနေတာပါ။ လစာကို သင်္ဘောက ရှင်းမပေးလျှင် အေသင်လေဆိပ်မှာ လာရှင်းပေးပါ့မယ်"

"ကောင်းပြီ"

သင်္ဘောကို ပြန်ရောက်တော့ ထမင်းစားခန်းမှာ မြန်မာ သင်္ဘောသားတွေကို စုဝေးပြီး တယ်လီဖုန်း ပြောခဲ့သည့် ကိစ္စကို တင်ပြလိုက်သည်။ ကိုအဏ္ဏဝါ အပေါ်မှာ အမြင် မကြည်လင်သူ တစ်ယောက်က ထမေးသည်။

"အေသင်လေဆိပ်မှာ လာမပေးလျှင် ဘယ်လိုလုပ်မလဲ"

"အဲဒါတော့ ငါလည်း မတတ်နိုင်ဘူးကွာ။ အဲဒီကျတော့မှ ကြည့်လုပ်ကြတာပေါ့"

"ကျွန်တော့် သဘော ပြောရလျှင်တော့ ပိုက်ဆံမရလျှင် သင်္ဘောက မဆင်းချင်ဘူး"

ဦးသိန်းသန်းက ဝင်ပြီး တောင်းပန်လိုက်လို့ ခေတ္တ ငြိမ်သွားကြသည်။ သိပ်ပြီး ကျေကျေနပ်နပ်တော့ မဟုတ်ကြ။ အခြေအနေသည် အချိန်မရွေး ပေါက်ကွဲတော့မည့် အခြေအနေ ဖြစ်နေသည်။ အလုပ်သာ ဆင်း နေကြရသည်။ လယ်ထဲ မဆင်းချင်သည့် နွားပျင်းကြီးတွေလို

http://www.linhtet.com



ဖြစ်နေကြသည်။ အိမ်ပြန်ရေးနှင့် မပတ်သက်သည့် ဘိုဆင်မြအောင်နှင့် စတုတ္ထအင်ဂျင်နီယာ ရဲထွန်းတို့သာ နှုတ်ဆိတ်နေကြသည်။ ကျန်တဲ့ သူတွေ အကုန်လုံး ပူညံပူညံ ဖြစ်နေကြသည်။

ဘိုဆင်မြအောင်က နှစ်မစေ့သေးလို့ ငြိမ်နေခြင်း ဖြစ်သည်။ ရဲထွန်းက ရာထူး တက်ထားလို့ နောက်ထပ် အနည်းဆုံး ခြောက်လ နေပေးရဦးမည်ဖြစ်လို့ ငြိမ်နေခြင်းဖြစ်သည်။ ကိုအဏ္ဏဝါနှင့် အတူ ပြန်ချင်နေသူ ဖြစ်သည်။ မြန်မာသင်္ဘောသားတွေ မပြန်ရလို့ အလုပ် ရပ်ပြီး ဆန္ဒ ပြတော့မည်ဆိုသည့် အကြောင်းကို ကပ္ပိတန်က ကုမ္ပဏီရုံးကို ပြောလိုက် ပြီဖြစ်သည်။ သင်္ဘောမှာ ဖြစ်နေသည့် အခြေအနေကို သင်္ဘော ကုမ္ပဏီက သိသွားပြီဖြစ်သည်။

၈-ရက်နေ့ နံနက်မှာ ဒေသ ကိုယ်စားလှယ်ထံမှ တစ်ဆင့် ကြေးနန်းတစ်စောင် သင်္ဘောကို ရောက်လာသည်။ မြန်မာနိုင်ငံ သင်္ဘော သား အလုပ်အကိုင် ရှာဖွေရေးရုံး SECD က ဒီသင်္ဘောမှာရှိသည့် မြန်မာ သင်္ဘောသား တွေထံ ပေးပို့သော ကြေးနန်းဖြစ်သည်။ ကပ္ပိတန်က ဖတ်ကြည့်ပြီး သူ နားမလည်ဟု ဆိုသည်။ ကိုအဏ္ဏဝါကို ဖတ်ခိုင်းသည်။ ကိုအဏ္ဏဝါ ဖတ်ကြည့်လိုက်သည်။

YE BOW DO ALOAD SET LOAD KYABAR.

AMAINT KO MALIKE NARBARGA, YANGON KO PYANLARYIN HTI YAUK SWAR AYE YOU MYIE. SECD.

(ရဲဘော်တို့ အလုပ် ဆက်လုပ်ကြပါ။ အမိန့်ကို မလိုက်နာပါက ရန်ကုန်ကို ပြန်လာရင် ထိရောက်စွာ အရေးယူမည် အက်စ်အီးစီဒီ) ဖြစ်သည်။

ကပ္ပိတန်က ကိုအဏ္ဏဝါကို နားလည်ပါသလားဟု မေးသည်။ ကိုအဏ္ဏဝါက ခေါင်းညိတ်ပြသည်။ အဓိပ္ပာယ်ကို ပြောပြပါဟု ဆိုသည်။ ကိုအဏ္ဏဝါက ပြောပြလိုက်သည်။

http://www.linhtet.com



"ကျွန်တော်တို့ကို ဒီဆိပ်ကမ်းက ပြန်မပို့လျှင် လုပ်အားခလစာတွေကို အပြည့်အဝ ရှင်းမပေးလျှင် အိုင်တီအက်နဲ့ အိုင်အယ်လ်ကို တိုင်ပါတဲ့။ သင်္ဘောပေါ်မှာ တုတ်ဆွဲ၊ ဓားဆွဲ မလုပ်ကြပါနဲ့တဲ့။ စိုးရိမ်လို့ ပေါ့ဗျာ"

ကပ္ပိတန် လန့်ပြီးဖျားသွားသည်။ သူ့လက်ထဲမှာ ပိုက်ဆံနည်းနည်းသာ ရှိသည့်အတွက် ကိုအဏ္ဏဝါနှင့် ဦးသိန်းသန်းကိုသာ အပြည့်အဝ ရှင်းပေးနိုင်မည်ဟု ဆိုသည်။ ကျန်တဲ့သူတွေကို အပြည့်အဝ မရှင်းနိုင်တော့ပါဟု ဆိုသည်။ ကိုအဏ္ဏဝါက ကမန်းကတန်း ကန့်ကွက်လိုက်ရသည်။

"ဟာ ဆရာ။ အဲဒီလိုတော့ မလုပ်ပါနဲ့။ သင်္ဘောသားတွေ ကျွန်တော့်ကို လမ်းမှာ သတ်လိမ့်မယ်။ လျှော့လျှင် အညီအမျှပဲလျှော့ပါ။ ကျွန်တော်လည်း လျှော့ပြီးယူပါ့မယ်"

ကပ္ပိတန်က ကောင်းပါပြီဟု ဆိုသည်။ လစာကိစ္စက ပြီးသွားသော်လည်း ပြန်ရတော့မည့်ကိစ္စက ဘယ်တော့ဆိုတာ မသိရသေးဖြစ်နေသည်။ ကိုယ့်ဆရာကြီးတွေဆီက လာသည့် ကြေးနန်းကလည်း အားမကိုးရ၊ လဲရာဖိထောင်းမည့် ကြေးနန်း ဖြစ်နေသည်။ ရဲဘော်တို့လို့ အစချီထားသည့် ကြေးနန်းကိုကြည့်ပြီး ကိုအဏ္ဏဝါ ပြုံးလိုက်မိသည်။ သူငယ်ငယ်က ဘုန်းကြီးကျောင်းသားဘဝမှာ ရွာကွမ်းတောင်ကိုင်ကို အင်္ဂလိပ်လို ရေးပြီး ရည်းစားစာ ပေးခဲ့တာကို ပြန်ပြီးသတိရလာသည်။

အဲဒီခေတ်က အင်္ဂလိပ်စာကို မြန်မာအသံထွက်တွေနဲ့ ရေးထားတဲ့ ဘီအီးဒီယူဗီနယားရဲ့ စီနီယာ၊ ဂျူနီယာ အင်္ဂလိပ်စာအုပ်တွေ အားကိုးဖြင့် ရေးသော ရည်းစားစာဖြစ်သည်။

KHINT KO MYIN YA THE NEKA SA PYI, SAR LE THE SEIK, EAIK LE THE SEIK FYET NE BAR THE.

အဏ္ဏဝါစာပေ

(ခင့်ကိုမြင်ရသည့်နေ့ကစပြီး စားလည်းသည်စိတ်၊ အိပ်လည်းသည်စိတ် ဖြစ်နေပါသည်) ဟူ၍ ဖြစ်သည်။

ရှာကွမ်းတောင်ကိုင်ကို ပေးမည့် ရည်းစားစာဖြစ်လို့ အထင်ကြီးခံရအောင် အင်္ဂလိပ်လို ရေးလိုက်တာဖြစ်သည်။ ကွမ်းတောင်ကိုင်က ဖတ်ကြည့်ပြီး နားမလည်ဟု ဆိုကာ အောင်သွယ်မှတစ်ဆင့် ပြန်ပေးသည်။ ကွမ်းတောင်ကိုင်ကလည်း ရုပ်ချောလို့သာ ကွမ်းတောင်ကိုင်ဖြစ်နေတာ ရှစ်တန်းတောင် မအောင်သည့်အတွက် ဖတ်ကြည့်ပြီး နားမလည်တာ ဖြစ်မည်ဟု ထင်ခဲ့သည်။

၉-ရက်နေ့မှာ မြန်မာသင်္ဘောသား ငါးယောက် အလုပ်ရပ်ပြီး ဆန္ဒပြသည်။ ထမင်းချက်မောင်ဝင်း၊ တက်မကိုင်အေးကို၊ ဝင်းအောင်၊ သိန်းလှိုင်၊ သာထွန်းဇံတို့ဖြစ်သည်။ ကပ္ပိတန်ကလည်း အခုမှရောက်လာသည့်လူသစ်၊ ကုန်းပတ်ပထမအရာရှိကလည်း မနေ့တစ်နေ့ကမှ သင်္ဘောပေါ် ရောက်လာသူ ဖြစ်သည်။ အတော် စိတ်ညစ်နေကြသည်။

ညနေဘက်မှာ သတင်းထွက်လာသည်။ ကိုအဏ္ဏဝါတို့ရဲ့ လူစားမြန်မာသင်္ဘောသားတွေ နက်ဖြန် ရန်ကုန်က ထွက်လာကြမည်။ ၁၁ ရက် (တနင်္ဂနွေ) နေ့မှာ သင်္ဘောကို ရောက်လာကြမည်ဆိုသည့် သတင်းဖြစ်သည်။ သတင်း မတိကျ မသေချာသေးသည့်အတွက် ဆန္ဒပြသူတွေက သပိတ်မလှန်သေး ဖြစ်နေသည်။

## လူအကြောင်း မပေါင်းတော့မသိ

၁၀-ရက်နေ့မှာ တိကျသည့် သတင်းရသည်။ သင်္ဘောကို လာနေကြသည့် သင်္ဘောသားတွေ နက်ဖြန်ရောက်မည်ဆိုသည့် သတင်း ဖြစ်သည်။ R/O ကိုတင်စိန် ဦးဆောင်သည့် မြန်မာ သင်္ဘောသား ၁၂-ယောက်နှင့်

http://www.linhtet.com



ဘုံဘေကုလား နှစ်ယောက်တို့၏ နာမည်တွေပါသည့် ကြေးနန်းကို ဒေသကိုယ်စားလှယ်ထံမှ ရသည်။

၁၁-ရက်နေ့မှာ ကိုအဏ္ဏဝါတို့ လူစား မြန်မာသင်္ဘောသားတွေ ရောက်မည်ဖြစ်လို့ ကပ္ပီတန်က လစာလက်ကျန်တွေကို ထုတ်ပေးသည်။ မြန်မာသင်္ဘောသား ၁၀-ယောက်ကို တစ်ယောက်ကို ဒေါ်လာ ၃၀၀စီ ချန်ပြီး ထုတ်ပေးသည်။ သင်္ဘောသား ဆယ်ယောက်အတွက် ဒေါ်လာ ၃၀၀၀ ကို အေသင်လေဆိပ်မှာ လာပေးလိမ့်မည်ဟု ကပ္ပီတန်က ပြောသည်။ ကုလား ထမင်းချက် အိန္ဒိယကိုတော့ လစာ အပြည့်ရှင်းပေးလိုက်သည်။ အေသင်လေဆိပ်မှာ လာမပေးလျှင် ဘယ်လိုလုပ်မလဲ ဆိုသည့် မကျေနပ်ချက်ဖြင့် အထုပ်ပြင်ကြရသည်။

ညနေစောင်းမှ လူသစ်တွေ ရောက်လာကြသည်။ ရောက်တယ် ဆိုလျှင်ပဲ ဆိုင်ရာ ပုဂ္ဂိုလ်တွေကို အလွှဲအပြောင်း လုပ်ကြသည်။ ကိုအဏ္ဏဝါက ကိုတင်စိန်ကို လွှဲသည်။ ဦးသိန်းသန်းက သူ့လူစား ရောက်လာသည့် E/O ဝတုတ်ကြီးကို လွှဲသည်။ ညနေ ၅-နာရီမှာ ကိုအဏ္ဏဝါတို့ လူစုကို ခေါ်ဖို့ ကား ရောက်လာသည်။ ပြန်မည့်သူအားလုံး သင်္ဘောပေါ်က ဆင်းကြသည်။

ကိုအဏ္ဏဝါ၊ အေးကို၊ ဝင်းအောင်၊ သိန်းလှိုင်၊ သာထွန်း၊ မောင်ဝင်း၊ အောင်သိန်း၊ ခင်မောင်ဌေး၊ မောင်မောင်လွင်၊ အိန္ဒိယ စုစုပေါင်း ၁၁-ယောက်အနက် E/O ကြီး ဦးသိန်းသန်း ဆင်းမလာသေးလို့ စောင့်ကြရသည်။ ကိုအဏ္ဏဝါတို့ ကားပေါ်မှာ ထိုင်နေပြီ နာရီဝက်လောက် ကြာမှ ဦးသိန်းသန်း သင်္ဘောပေါ်က ဆင်းလာသည်။ အသစ်ရောက်လာသည့် E/O က မသိတာတွေ မေးနေလို့ ကြာနေသည်ဟု ဆိုသည်။

"မသိတာတွေမေးဖို့ ရေးလာတဲ့ စာရွက်တွေ တစ်ထပ်ကြီးပဲဗျာ၊ အချိန်မရလို့ တစ်ဝက်လောက်ပဲ ဖြေခဲ့နိုင်တယ်"

http://www.linhtet.com



လူစုံပြီဖြစ်လို့ ကားထွက်တော့မည်။ သဘော်ပေါ်က ဘော်ဒါတွေကို လက်ပြနှုတ်ဆက်ကြသည်။ သဘော်သား ၁၁ ယောက်ကို တင်ဆောင် လာသည့် ကားသည် စကီးဒါးမြို့လယ်က SALAM ဟိုတယ်ရှေ့မှာ ရပ်လိုက်သည်။ ဒီဟိုတယ်မှာ တစ်ည အိပ်ကြရမည် ဖြစ်သည်။ ဒီမြို့မှာ လေဆိပ်မရှိဟု ယူဆရသည်။ ဟိုတယ်မှာ ညအိပ်သော်လည်း အိမ်ကို ပြန်ရောက်ချင်သည့်စိတ်၊ မမြင်ဖူးသေးသည့် သားဦးလေးကို မြင်တွေ့ရတော့မည်ဆိုသည့် စိတ်တို့ကြောင့် စိတ်လှုပ်ရှားပြီး အိပ်လို့မပျော်ဖြစ်နေသည်။ မျက်စိတွေ ဖန်စပ်ပြီး ရင်ခုန်နေသည်။

၁၂-ရက်နေ့ နံနက် ၄-နာရီခွဲမှာ ဟိုတယ်က နှိုးလို့ အိပ်ရာကထလိုက်ကြရသည်။ မနေ့ ညနေက သဘော်က ခေါ်လာသည့်ကားပင် အသင့်ရောက်နေတာ တွေ့ရသည်။ ယာဉ်မောင်းဆရာက မြန်မြန်လုပ်ကြပါလို့ ပြောသည်။ လေဆိပ်ရှိရာမြို့ကို အချိန်မီရောက်အောင် သွားရမည်ဟု ပြောသည်။

နံနက် ၄-နာရီခွဲမှာ ဟိုတယ်ဆလမ်းမှ ကားဖြင့်ထွက်ကြသည်။ သုံးနာရီမျှ ကြာအောင် ကားစီးပြီးသောအခါ အင်နာဘာ ANNABA ဆိုသောမြို့ကို ရောက်သည်။ အင်နာဘာလေဆိပ်ကို ပို့ခဲ့ပြီး ကားသမားက လေယာဉ်လက်မှတ် ၁၁ စောင်ပါ ပေးခဲ့သည်။ လေယာဉ်လက်မှတ်က အင်နာဘာမှ မြို့တော် အယ်လ်ဂျာ/ရောမ(အီတလီ)/အေသင်(ဂရိ) အထိသာ ဖြစ်သည်။ အေသင်မှာ လေယာဉ်ပြောင်းစီးရမည်ဖြစ်သည်။

နေ့လယ် ၁၂-နာရီတွင် အင်နာဘာမှ အယ်လ်ဂျီးရီးယားမြို့တော် အယ်လ်ဂျာ ALGER သို့ ထွက်ခွာကြသည်။ နေ့လယ် ၁-နာရီခွဲတွင် အယ်လ်ဂျာမြို့တော်ကို ရောက်သည်။ ညနေ ၃-နာရီခွဲတွင် အယ်လ်ဂျာမှ ထွက်သည်။ ညနေ ၅-နာရီခွဲမှာ အီတလီနိုင်ငံ ရောမမြို့ကို ရောက်သည်။ လေယာဉ်မှူးက သဘောကောင်းသည်။ ရောမလေဆိပ်ကို မဆင်းမီ မြို့ပေါ်မှာ တစ်ပတ်ဝဲပျံပြီး ရောမမြို့ကြီးရဲ့အလှကို ခရီးသည်

http://www.linhtet.com



တွေကို ပြသည်။ ရောမမြို့သည် စက်ဝိုင်းပုံသဏ္ဌာန် တည်ဆောက်ထားသည်။ ရုတ်တရက်ကြည့်လိုက်လျှင် နေကြာပန်းပွင့်ကြီးနဲ့ တူသည်။ အလယ်က ဗာတီကန် နန်းတော်ကြီးလို့ ယူဆရသည့် အဆောက်အအုံကြီးကို ထီးကိုင်း သဏ္ဌာန်လမ်းတွေက လာပြီး ဦးတိုက်နေကြသည်။

ရောမမြို့မှ ညနေ ၇-နာရီ မိနစ် ၂၀ တွင် ထွက်သည်။ ဂရိနိုင်ငံ အေသင်မြို့ကို ည ၉-နာရီခွဲတွင် ရောက်သည်။ အေသင်ကို ရောက်ပြီဖြစ်လို့ မြန်မာ သင်္ဘောသား ဆယ်ယောက်အတွက် ရရန်ရှိသည့် ငွေ ဒေါ်လာ ၃၀၀၀/ ရရှိရေးကိစ္စ အရေးကြီးသည်။ ဘယ်သူလာတွေ့မလဲ မျှော်ကြရတော့သည်။

ည ၁၀-နာရီလောက်မှာ ကိုအဏ္ဏဝါတို့ အုပ်စု ထိုင်နေသည့်နေရာကို ပုဂ္ဂိုလ်တစ်ယောက် ရောက်လာပြီး မြန်မာ သင်္ဘောသားတွေလားဟု မေးသည်။ ဟုတ်သည်ဟု ဖြေပြီးသော်လည်း သူက သေချာအောင် ထပ်မေးသည်။

"ရေဒီယို အော်ဖစ်ဆာ ဦးစိုးမြင့်ပါလား"

"ကျွန်တော်ပဲ"

"အိုကေ"

ထိုပုဂ္ဂိုလ်သည် လေယာဉ်လက်မှတ် ၁၁ စောင် တိတိကို ကိုအဏ္ဏဝါ လက်ကို ကမ်းပေးသည်။ ထိုင်းအဲယားဝေး လေယာဉ်လက်မှတ်တွေ ဖြစ်နေသည်။ နာမည်နှင့် လေယာဉ်လက်မှတ် မှန်ကန်မှုရှိမရှိ စစ်ဆေးပြီး လက်ခံ ယူလိုက်သည်။ ထမင်းချက် ကုလားအိန်ဂျလိုက အေသင်ကနေ နယူးဒေလီ၊ ဘုံဘေသို့ သွားရမည်။ ကိုအဏ္ဏဝါတို့ မြန်မာ ၁၀ ယောက်က အေသင်၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ပါကစ္စတန်၊ ဘန်ကောက်၊ ရန်ကုန် ခရီးစဉ်ဖြင့် ပြန်ကြရမည်ဖြစ်သည်။ အိန်ဂျလိုနှင့် ခွဲကြရတော့မည်ဖြစ်လို့ လက်ဆွဲနှုတ်ဆက်

http://www.linhtet.com



ကြသည်။ အိန်ဂျလိုက သူ့တပည့် ရန်သူကြီး မောင်ဝင်းကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လက်ဆွဲနှုတ်ဆက်သည်။ ငါတို့ တစ်ချိန်တစ်ခါ တစ်နေရာရာမှာ ပြန်လည်ဆုံကြပါစို့လို့ ပြောပြီး သူ့လေယာဉ် ထွက်ခွာမည့်အခန်းဘက်ကို ထွက်ခွာသွားတော့သည်။

လေယာဉ်လက်မှတ်တွေ လာပေးသူကလည်း ကိုအဏ္ဏဝါတို့ အုပ်စုကို နှုတ်ဆက်ပြီး ပြန်တော့မည်ဟု ပြောသည်။ ကိုအဏ္ဏဝါက သူ့လက်ကို ဖမ်းဆွဲပြီး မေးသည်။

"နေပါဦး နေပါဦး ကိုယ့်လူရဲ့ ဒေါ်လာ ၃၀၀၀ ဘယ်မှာလဲ"

ထိုပုဂ္ဂိုလ်သည် ဘာမျှ နားမလည်သည့်ပုံဖြင့် ကိုအဏ္ဏဝါကို ကြောင်ပြီးကြည့်နေသည်။ နားမလည်လို့ ထင်သည် ကိုအဏ္ဏဝါကို ပြန်မေးသည်။

"ခင်ဗျား ဘာပြောတာလဲ"

"ကျွန်တော်တို့ ရစရာ ရှိတဲ့လစာ၊ ဒေါ်လာသုံးထောင် ဘယ်မှာလဲ"

"ကျွန်တော် မသိဘူး။ ကျွန်တော်က ခရီးသွားလုပ်ငန်း အေဂျင်စီကပါ။ ခင်ဗျားတို့ သင်္ဘောကုမ္ပဏီကလူ မဟုတ်ဘူး။ ဝမ်းနည်းပါတယ်"

ကိုအဏ္ဏဝါကလည်း ဆောရီးလို့ တောင်းပန်လိုက်ရသည်။ ဒုက္ခပဲလို့ တွေးပူလာသည်။ ည ၁၁-နာရီထိုးတော့မည် ဖြစ်သည်။ လေယာဉ်က တော့ မနက်ဖြန် နေ့လယ် ၂-နာရီမှ အေသင်က ထွက်မည်ဖြစ်သည်။ မနက်ဖြန်သည် အင်္ဂါနေ့ဖြစ်သည်။ ကုမ္ပဏီရုံးကို သွားမည်ဆိုလျှင် သွားနိုင်သည်။ သို့သော် ထရန်စစ် ခရီးသည် တစ်ယောက်အနေဖြင့် လေဆိပ်အပြင်ကို ထွက်မည်ဆိုလျှင် အဝင်ခက်မည်ဖြစ်သည်။ ဝင်ခွင့်ပြုလျှင်တောင် လေဆိပ်ဝင်ကြေး ပေးရမည်ဖြစ်သည်။ စင်ကာပူကတော့ ဆယ်ဒေါ်လာ ပေးရသည်။ အေသင်က ဘယ်လောက်ပေးရမည် မသိဖြစ်နေသည်။

http://www.linhtet.com



ဘာလုပ်ရမည် မသိသောအခါ ကပ္ပီတန် ကမ်းပါးနစ်ကို အကူအညီ တောင်းရန် သတိရလာသည်။ ကပ္ပီတန် ကမ်းပါးနစ်သည် သင်္ဘောပေါ်မှာ ရှိစဉ်က ကိုအဏ္ဏဝါနဲ့ သိပ်ပြီး အဆင်မပြေ ဖြစ်ခဲ့သည်။ စကားများ ရန်ဖြစ်ဖူးသည်။ ဒုက္ခရောက်တော့မှ ရန်သူကို အကူအညီ တောင်းရမှာ ခက်နေတော့သည်။

ကိုအဏ္ဏဝါသည် မိမိကိုယ်မိမိ အတော် စေ့စပ် သေချာသူလို့ ထင်ထားခဲ့သည်။ အခုလို အရေးကြုံလာသည့်အခါ ကုမ္ပဏီက တာဝန်ရှိသူ တို့ရဲ့ တယ်လီဖုန်း နံပါတ်တွေကို တစ်ခုမျှမသိ ဖြစ်နေသည်။ သို့သော် မိမိနှင့် စကားများ ရန်ဖြစ်ဖူးသည့် ကပ္ပီတန် ကမ်းပါးနစ်၏ အိမ် တယ်လီဖုန်း နံပါတ်ကိုတော့ မှတ်မိနေသည်။ နောက်ဆုံးမှာ ရန်သူကြီးကိုပဲ အကူအညီ တောင်းရတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

တယ်လီဖုန်း ဆက်ရန် အကြွေစေ့လို၍ လေဆိပ်ထဲက ငွေလဲသည့် စက်မှာ လဲလိုက်သည်။ မတ်စေ့တွေ စက်ထဲက ထွက်လာသည်။ ည ၁၁နာရီ ကျော်နေပြီ ဖြစ်သည်။ ကပ္ပီတန် ကမ်းပါးနစ်အိမ်ကို ဖုန်းခေါ်လိုက်သည်။ ရိန်းသုံးခါလောက် မြည်ပြီးမှ ဖုန်းလာကိုင်သည်။ ကပ္ပီတန်၏ အသံသည် အိပ်မှုန်စုံဖွား အသံ မဟုတ်၊ မအိပ်သေးဘဲ စာဖတ်နေတာ၊ တီဗွီကလွှင့်သည့် ဘောလုံးပွဲကြည့်နေတာ ဖြစ်နိုင်သည်။

“ဟလို”

“ဆရာ၊ ကျွန်တော်ပါ၊ အက်ပိုကေတီက အာအိုပါ”

“ဟေး စပတ်၊ ခင်ဗျားဘယ်က ပြောနေတာလဲ”

“ကျွန်တော်တို့ ၁၁-ယောက်၊ သင်္ဘောက ဆင်းလာခဲ့ကြတယ်၊ အေသင်လေဆိပ်ကို ရောက်နေကြတယ်”

“ဟုတ်လား၊ ဘယ်သူတွေပါလဲ”

http://www.linhtet.com



“ကျွန်တော်၊ အီးအို၊ အေးကို၊ ဝင်းအောင်၊ သာထွန်းဇံ၊ သိန်းလှိုင်၊ မောင်ဝင်း၊ အောင်သိန်း၊ ခင်မောင်ဌေး၊ မောင်မောင်လွင်၊ ချိကုတ်ကတော့ ဒီညဖလိုက်နဲ့ အိန္ဒိယကို သွားမယ်၊ ကျွန်တော်တို့ လစာတွေ အပြည့် မရခဲ့ဘူး၊ တစ်ယောက်ကို ဒေါ်လာ သုံးရာစီ ရစရာ ရှိသေးတယ်။ အေသင်လေဆိပ်မှာ လာပေးမယ်ဆိုပြီး ဘယ်သူမှ မလာဘူးဆရာ”

“အိုကေ၊ ခင်ဗျားတို့ ဖလိုက် ဘယ်အချိန်လဲ”

“နက်ဖြန် နေ့လယ် ၂-နာရီမှပါဆရာ”

“ကောင်းပြီ မနက်ဖြန် မနက် ရုံးဖွင့်ချိန်မှာ ကျွန်တော့်ဆီကို ဖုန်းပြန်ဆက်ပါ။ ကျွန်တော်ရုံးကို မေးကြည့်ထားလိုက်မယ်”

“ဟုတ်ကဲ့ပါ ဆရာ”

သူ သင်္ဘောက ဆင်းသွားပြီး နောက်ပိုင်း သင်္ဘောမှာ ဘာတွေ ဆက်ဖြစ်သေးလဲ။ ဘယ်သူတွေ အလုပ်က ထွက်သွားကြသလဲ။ ဘယ်သူ တွေ ရောက်လာသလဲ စသည်ဖြင့် သူသိချင်တာတွေကို တစ်ခုပြီးတစ်ခု မေးတော့သည်။ သင်္ဘောနှင့် သင်္ဘောက လုပ်ဖော်ကိုင်ဖက်တွေကို သံယောဇဉ် မကုန်သည့် သဘော တွေ့ရသည်။ သူ သိချင်တာတွေ ကုန်တော့မှ ကောင်းသောညပါလို့ နှုတ်ဆက်ပြီး ဖုန်းချသွားသည်။

ကိုအဏ္ဏဝါသည် ကပ္ပိတန် ကမ်းပါးနစ်ကို စိတ်ကြီးဝင် ဘဝင်မြင့် နေသည့် လူဆိုးလို့ ထင်ခဲ့မိသည်။ အတူနေခဲ့ကြစဉ်က သူ့အကြောင်းကို မသိခဲ့ ဖြစ်ခဲ့ရသည်။ အခု ကိုယ် ဒုက္ခရောက်လို့ သူ့ကို အကူအညီ တောင်းရတော့မှ သူ့အကြောင်းကို သိရတော့သည်။ တပည့်တွေကို သံယောဇဉ် ရှိသူ၊ တစ်ဖက်သား ဒုက္ခရောက်နေလျှင် ကူညီချင်သူ ဖြစ်သည်။

http://www.linhtet.com



## ကိုအဏ္ဏဝါအိမ်ကို ပြန်ရောက်ပြီ

ကိုအဏ္ဏဝါတို့ လူစုသည် အေသင်လေဆိပ်ထဲက ထရန်စစ် အခန်းထဲမှာပင် ထိုင်သည့်အခါထိုင်၊ လှဲအိပ်သည့်အခါ အိပ်ဖြင့် အချိန် ကုန်စေရတော့သည်။ လေယာဉ်ပေါ်က ချလာခဲ့သည့် မိမိတို့ပစ္စည်းတွေ စုံမစုံ စစ်ဆေးခိုင်းရသည်။ အားလုံးစုံသည်။ ဒီလို အခြေအနေမှာ အုပ်စု ခေါင်းဆောင် လုပ်သူ၏ သတိရှိမှု၊ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်မှု အရေးကြီးသည်။ ကိုအဏ္ဏဝါကို ဘယ်သူကမှ မတင်မြှောက်ဘဲ ခေါင်း ဆောင် ဖြစ်နေသည်။

"ကဲ ဘော်ဒါတို့ ပစ္စည်းတွေကို တစ်နေရာမှ စုပုံထားမယ်။ စီဒီစီ၊ ပတ်စ်ပို့နဲ့ ပိုက်ဆံတွေကို မိမိတို့ အမြဲလွယ်ထားတဲ့ အိတ်ထဲမှာပဲ ထားမယ်။ ကိုယ်နဲ့မကွာ ရှိပါစေ"

ဒီလို ပြောလိုက်တော့မှ ပိုက်ဆံတွေကို သေတ္တာထဲမှာ ထည့်ယူ လာတဲ့သူတွေ ပြန်ထုတ်ကြသည်။ သွားရမည့် ခရီးစဉ်က ရှည်လွန်းလို့ ခရီးဆောင်သေတ္တာ ပျောက်တတ်သည်။ ပိုက်ဆံနှင့် ပတ်စ်ပို့ကို စာမေးပွဲ အောင်လက်မှတ်လို အရေးကြီးသည့် စာရွက်စာတမ်းနှင့် အဖိုးတန် ပစ္စည်းတွေကို ကိုယ်နှင့်တစ်ပါတည်း လွယ်ပွေ့ထားရသည်။

သင်္ဘောသား ဆယ်ယောက်၏ ခရီးဆောင် သေတ္တာတွေဟာ အလုံး နှစ်ဆယ်ကျော်သည်။ ပြည့်တင်းဖောင်းကား နေသည့် အိတ်ကြီး တွေကလည်း ပါသေးသည်။ ခရီးသည် တစ်ယောက်ကို အခမဲ့ သယ် ဆောင်ခွင့် ပြုသည့် အလေးချိန်က ကီလို ၂၀/၃၀ သာ ဖြစ်သည်။ သင်္ဘောသားကို အထူး အခွင့်အရေး ပေးသည့် အနေဖြင့် ကီလို ၄၀ ခွင့်ပြုသည်။ ကိုအဏ္ဏဝါတို့ အုပ်စုမှာ လူတိုင်းပင် ကီလို ၈၀/၁၀၀ ပါကြသည်။ ဒီကိစ္စနဲ့ အခြေအတင် စကားပြောကြရပြီဆိုလျှင် သင်္ဘော သားက ငိုပြသည်။ လေယာဉ်ကုမ္ပဏီက တာဝန်ရှိသူကလည်း တခြား ခရီးသည်တွေဆီက လျှော့နေတဲ့ အလေးချိန်နဲ့ မျှပေးပြီး လေယာဉ်ပေါ်

http://www.linhtet.com



ရောက်အောင် အခမဲ့ တင်ပေးလိုက်ရတော့သည်။ ကိုယ်လူတွေကလည်း ဒီကိစ္စအတွက်သာ အကုန်အကျ မခံချင်တာပါ၊ တခြား ကိစ္စတွေမှာ ကုန်ကုန်ခန်းခန်းဆိုတဲ့ လူမျိုးတွေဖြစ်သည်။

ပစ္စည်းတွေကို မြင်သာသည့် နေရာ ကျယ်ကျယ်ဝန်းဝန်းမှာ စုပုံကြသည့်အခါ မောင်မောင်လွင်က သူ့ပစ္စည်းတွေကို အလယ်မှာ ရောက်အောင် နေရာချထားသည်။ အိပ်ပျော်နေမောဖြစ်လို့ တစ်ယောက်ယောက်က ဆွဲယူသွားလျှင် အနားအစပ်က သူများပစ္စည်းပဲ ပါပေစေ ဆိုသည့် သဘောဖြစ်သည်။ အထာသိသည့် ကိုအဏ္ဏဝါက ဟောက်လိုက်သည်။

"ဟေ့ကောင် မင်းက သိပ်လည်တယ်ပေါ့ ဟုတ်လား"

"ဟီးဟီး မလည်ပါဘူး အစ်ကိုကြီးရဲ့၊ ကျွန်တော်က အလျင်သယ်တော့ သူ့ဟာသူ အလိုအလျောက် အလယ်ကို ရောက်သွားတာပါ"

(အဲဒီတုန်းက မောင်မောင်လွင်သည် အလုပ်သင် အင်ဂျင်နီယာ၊ အင်ဂျင်ကဒက် ဖြစ်သည်။ ယခုအခါ မောင်မောင်လွင်သည် အင်ဂျင်နီယာချုပ်ဖြစ်နေရော့မည်။ လမ်းမှာတွေ့လျှင် ကိုအဏ္ဏဝါက ဆရာခေါ်ရတော့မည်ဖြစ်သည်။ **ဤကား စကားချပ်**)

ပစ္စည်းပုံကြီးကို အလှည့်ကျ စောင့်ရင်း ညစာကို ဖြစ်သလို စားလိုက်ကြသည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာလေဆိပ်ကြီးဖြစ်လို့ ပစ္စည်းမျိုးစုံ အရောင်းဆိုင်တွေနှင့် စားသောက်ဆိုင်တွေရှိသည်။ အမေရိကန် ဒေါ်လာနဲ့ ဝယ်စားလို့ရသည်။ ပိုငွေကို ဂရိပိုက်ဆံဖြင့် ပြန်အမ်းသည်။ ကိုအဏ္ဏဝါကတော့ ဟမ်ဘာဂါနှင့် ကိုကာကိုလာပဲ စားသောက်လိုက်တော့သည်။ အောင်သိန်းတို့ အဖွဲ့ကတော့ အသေးတစ်လုံး ဝယ်နိုပ်နေကြသည်။ ပနားမားက ပြန်သွားသည့် ဘိုနီကို သတိရမိသည်။ အောင်သိန်းနှင့် အတူ လေယာဉ်စီးလာပြီး အေသင်မှာ

http://www.linhtet.com



မဆင်းဘဲ ဟော်လန်နိုင်ငံ အမ်စတာဒမ်အထိ ပါသွားခဲ့သည့် နှစ်ကောင် ဖြစ်သည်။

စားသောက်ပြီးကြတော့ လေဆိပ်က ထရန်စစ် အခန်းထဲမှာပဲ သေတ္တာတွေ အထုပ်တွေကို ခေါင်းအုံးပြီး ကြမ်းခင်းမှာ အိပ်လိုက်ကြသည်။ လေဆိပ် လုံခြုံရေး ရဲတွေ ဖြတ်သွား ဖြတ်လာ ကြည့်ကြည့်သွားကြသည်။ ယူအင်အိပ်ချ်စီအာ UNHCR အထောက်အပံ့ဖြင့် ခရီးသွားနေကြသည့် ရဖြူဂျီ REFUGE တွေလို့ ထင်သွားဟန် တူသည်။ သနားသည့် အမူအရာ ပြပြသွားကြသည်။

၁၃-ရက်နေ့ နံနက် ရုံးချိန်မှာ ကပ္ပိတန် ကမ်းပါးနစ်ကို ဖုန်းခေါ်လိုက်သည်။ ကိုအဏ္ဏဝါ၏ ဖုန်းခေါ်သံကို စောင့်နေသည်ဟု ယူဆရသည်။ ဖုန်းမြည်တာနဲ့ ချက်ချင်း ကောက်ကိုင်သည်။ ဟလိုလို့ နှုတ်ဆက်လိုက်တာနဲ့ ကိုအဏ္ဏဝါကို စပတ်လို့ တန်းခေါ်ပြီး ပြန်ထူးသည်။

"ဆရာ ရုံးနဲ့ အဆက်အသွယ်ရသလား"

"ရတယ် ရတယ်၊ ဒီမှာပေးဖို့ အဆင်မပြေတော့ဘူးတဲ့၊ ရန်ကုန်ကို ပို့ပေးမယ်တဲ့။ ခင်ဗျား ကိုယ်တိုင် ဖုန်းဆက်ပြီး မေးလိုက်ပါလား၊ ဖုန်းနံပါတ် ပေးမယ် လိုက်ရေး"

သူပေးသည့် ဖုန်းနံပါတ်ကို ရေးမှတ်လိုက်သည်။ ကပ္ပိတန် ကမ်းပါးနစ်ကို အပြီး နှုတ်ဆက်လိုက်သည်။

"ကျေးဇူးပဲဆရာ၊ ကျွန်တော် ရုံးကို ဖုန်းဆက်လိုက်ပါ့မယ်၊ ကျွန်တော်တို့ နေ့လယ် ၂-နာရီမှာ အေသင်က ထွက်သွားတော့မယ်။ သင်္ဘောပေါ်မှာ အတူနေခဲ့ကြစဉ်က ပြောမှားဆိုမှား ရှိခဲ့တာတွေအတွက် ကျွန်တော် တောင်းပန်ပါတယ် ဆရာ"

"အိုး နဲဗားမိုင်း စပတ်၊ ဂွဒ်လပ်ခ် ဖော်ယူ အာဖလိုက်၊ ဘိုင့်ဘိုင့်"

ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ပါဘူး၊ မင်းတို့ လေယာဉ်ခရီးစဉ်မှာ ကံကောင်းကြပါစေ၊ နှုတ်ဆက်လိုက်ပါတယ်ဟု ပြောပြီး ဖုန်းချ

http://www.linhtet.com



သွားသည်။ သူဖုန်းချသွားသည်နှင့် ပိုသီးတိုးရုံးကို ဖုန်းခေါ်လိုက်ပါသည်။ တာဝန်ရှိသူ အမျိုးသားတစ်ယောက် ဖုန်းကိုင်သည်။

"ကျွန်တော်ဟာ အက်ပိုကေတီ သင်္ဘောက ဆင်းလာတဲ့ အာအိုပါ"

"ဟိုက် စပတ်။ ခင်ဗျားတို့ ကိစ္စနဲ့ ပတ်သက်ပြီး ကပ္ပီတန် ကမ်းပါးနစ် ဖုန်းဆက်ပြောတယ်။ ခင်ဗျားတို့ကို ပိုက်ဆံပေးစရာ ကျန်တယ် ဆိုတဲ့ ကြေးနန်းကို မနေ့ကမှ ကျွန်တော်တို့ ရတယ်။ ဘဏ်မှာ ပိုက်ဆံထုတ်ဖို့ အချိန် မမီတော့ဘူး။ ဒီနိုင်ငံက ဆိုရှယ်လစ်နိုင်ငံ၊ အမေရိကန် ဒေါ်လာကို ဘဏ်က ထုတ်မယ်ဆိုရင် ၂-ရက်ကြိုတင်ပြီး ပန်ကြားလွှာ တင်ရတယ်။ ဒီနေ့မှ ပန်ကြားလွှာ တင်ရမယ်။ စိတ်ချပါ။ ခင်ဗျားတို့ ပိုက်ဆံတွေကို ရန်ကုန်ကို ပို့ပေးလိုက်ပါ့မယ်။ လေယာဉ် ဘယ် အချိန် ထွက်မလဲ"

"နေ့လယ် ၂-နာရီထွက်မယ်။ ကျွန်တော်တို့ အားလုံးက နှုတ်ဆက်ခဲ့ပါတယ်"

"အိုကေ ကံကောင်းကြပါစေ ဘိုင့်ဘိုင်"

ကဲ ကိစ္စတစ်ခု ပြီးသွားပြီ ဖြစ်သည်။ စိတ်ချလက်ချ ခရီးဆက်ကြရုံသာ ရှိတော့သည်။ ကိုယ့်လူတွေကို နားလည်အောင် ရှင်းပြလိုက်ရတော့သည်။ ဆိုရှယ်လစ် နိုင်ငံတဲ့ ကိုယ့်လူတို့ရေ သည်းခံကြပေတော့ဟု ပြောလိုက်ရသည်။

နေ့လယ် ၂-နာရီ ၄၅-မိနစ်တွင် ထိုင်းအဲယားဝေး လေယာဉ်ဖြင့် ဂရိနိုင်ငံ အေသင်မြို့က ထွက်ကြသည်။ များပြားလှသည့် အထုပ်အပိုးတွေရဲ့ အလေးချိန်ကိစ္စ ဘာပြဿနာမှ မဖြစ်။ ထိုင်းနိုင်ငံ ဘန်ကောက်ကို ရောက်သည်အထိ စိတ်အေးရပြီဖြစ်သည်။

တစ်နေ့လုံး၊ တစ်ညလုံး လေယာဉ်ပေါ်မှာ နေကြရသည်။ ဆော်ဒီအာရေဗျနိုင်ငံ၊ ရီယာ့တ်လေဆိပ်မှာ ခရီးသည် အတင်အချ လုပ်သည်။

http://www.linhtet.com



ဆက်ထွက်သည်။ ယူအေအီ နိုင်ငံ၊ ဘာရိန်း လေဆိပ်ကို ဆင်းသည်။ ခရီးသည် အတင်အချ လုပ်သည်။ ဆက်ထွက်သည်။ ပါကစ္စတန်နိုင်ငံ ကရာချိ လေဆိပ်ကို ရောက်သည်။ ခရီးသည် အတင်အချ လုပ်သည်။ ဆက်ထွက်သည်။ နာရီတွေ အပြောင်းအလဲ မြန်လွန်းလို့ အချိန်ကို မမှတ်နိုင် ဖြစ်နေသည်။

ယခု ဆင်းလာခဲ့သည့် သင်္ဘောကို တက်ဖို့သွားစဉ်က အရှေ့မှ အနောက်ကိုသွားခဲ့ရသဖြင့် နာရီတွေ နောက်ပြန်ဆုတ်ပြီး မိုးမလင်းနိုင် ဖြစ်ခဲ့သည်။ ယခုအပြန်လမ်းမှာတော့ အနောက်မှအရှေ့သို့ သွားနေသည့် အတွက် နာရီလက်တံက ရှေ့သို့ ခုန်ခုန် သွားနေသည်။ နေလုံးကြီး ထိန်လင်းနေရာကနေ မကြာမီ မိုးချုပ်သွားသည်။ ညတာတိုလွန်းသည်။ မကြာမီ မိုးလင်းလာပြန်သည်။ လေယာဉ်မြန်နှုန်းအပေါ် မူတည်ပြီး နာရီလက်တံ ပြေးတာလည်း မြန်နေသည်။ သင်္ဘောသားတွေ၏ သက်တမ်းသည် တိုသွားလိုက်၊ ရှည်သွားလိုက် ဖြစ်နေသည်။ ပစိဖိတ် သမုဒ္ဒရာထဲက နေ့စွဲလိုင်း (ဒိတ်လိုင်း)ကို အရှေ့ဘက်ကနေ အနောက် ဘက်ကို ဖြတ်လျှင် အသက်တစ်ရက်ပိုရှည်သွားသည်။ အနောက်ဘက် ကနေ အရှေ့ဘက်ကို ဖြတ်လျှင် အသက်တစ်ရက် ပိုတိုသွားသည်။ ဗေဒင်မေးဖို့ ခက်သည့် လူတန်းစားဖြစ်သည်။

၁၄-ရက်နေ့၊ နံနက် ၁၀-နာရီမှာ ထိုင်းနိုင်ငံ ဘန်ကောက် လေဆိပ်ကို ရောက်သည်။ လေယာဉ်ပေါ်က ပစ္စည်းတွေအားလုံး ပြန်ထွက်လာသည်။ မြန်မာ့လေကြောင်း (ဘီအေစီ)ကို ပြောင်းစီးရမည် ဖြစ်သည်။

ဘီအေစီ ရုံးခန်းရှိရာကို မေးစမ်းပြီးရှာသည်။ တွေ့ပါသည်။ ရုံးတံခါး ပိတ်ထားသည်။ ရုံးစောင့်လို့ ယူဆရသည့် ထိုင်းလူမျိုး တစ်ယောက်ကို တွေ့သည်။ ထိုလူက ဘီအေစီကို ဘနားနားအဲယား လိုင်းဟု ခေါ်ကြောင်း ပြောသည်။ ဘာကြောင့် ခေါ်သလဲဟု မေးကြည့်

http://www.linhtet.com



တော့ ခရီးသည်တွေကို သီးမွှေးငှက်ပျောသီး တစ်လုံးသာ ကျွေးလို့ဟု ဆိုပါသည်။ ဘာမှမကျွေးလည်း ရသည်။ အိမ်ကို အမြန်ဆုံး ပြန်ရောက်ဖို့ အရေးကြီးသည်။

အခု လောလောဆယ် အရေးကြီးနေတာက ကိုအဏ္ဏဝါတို့ သင်္ဘောသား ဆယ်ယောက်အတွက် ထိုင်းအဲယားဝေးက ထုတ်ပေးသည့် လေယာဉ်လက်မှတ်က ရှစ်စောင်သာ ဖြစ်နေသည်။ အောင်သိန်းနှင့် မောင်ဝင်းအတွက် လက်မှတ်မပါ ဖြစ်နေသည်။ ဒီကိစ္စက ဘယ်လို ဖြစ်တာလဲလို့ ထိုင်းလေကြောင်းက စာရေးမကို မေးကြည့်သည်။ ဘီအေစီ လေယာဉ်မှာ ထိုင်ခုံပြည့်နေပြီဟု ဆိုသည်။ နက်ဖြန် သို့မဟုတ် သန်ဖက်ခါမှ မောင်ဝင်းနှင့် အောင်သိန်းတို့ လေယာဉ် စီးရမည်ဟု ဆိုသည်။

ဒီကိစ္စနှင့် ပတ်သက်ပြီး ကာယကံရှင် နှစ်ယောက်သာမက ကိုအဏ္ဏဝါပါ စိတ်မကောင်း ဖြစ်ရသည်။ မောင်ဝင်းနှင့် အောင်သိန်းသည် ထမင်းချက်နှင့် စားပွဲထိုး ဖြစ်လို့ နှစ်ယောက် ချန်ထားရမည် ဆိုသည့် အခါ ရာထူးနိမ့်သည့် နှစ်ယောက်ကို ချန်လိုက်တာ ဖြစ်မည်ဟု တွေးမိသည်။ ဒီကိစ္စသည် အဖွဲ့ခေါင်းဆောင် ကိုအဏ္ဏဝါ၏ အလုပ် ဖြစ်သွားသည်။

. . .

ညနေ ၇-နာရီမှာ ဆယ်ယောက်လုံး လေယာဉ်စီးကြရတော့မည် ဖြစ်လို့ ပျော်သွားကြသည်။ မောင်ဝင်းကို ခေါ်ပြီး အများရှေ့မှာပင် သူ့ပိုက်ဆံတွေကို ပြန်ပေးလိုက်သည်။ ဒေါ်လာ ၂၀၀၀ နီးပါးဖြစ်သည်။ ကိုအဏ္ဏဝါသာ သိမ်းပေးမထားခဲ့ပါက တစ်ပြားမှ ပါမည် မဟုတ်။ နိုင်ငံတကာက နိုက်ကလပ်တွေမှာ ကုန်ခဲ့မည် ဖြစ်သည်။ မောင်ဝင်းသည် ကိုအဏ္ဏဝါရှေ့မှာ ဒူးတုပ်ထိုင်ချလိုက်ပြီး ကိုအဏ္ဏဝါကို ရှိခိုးဦးချ ကန်တော့သည်။

http://www.linhtet.com



"အာအိုကြီးဟာ ကျွန်တော့်ရဲ့ဆရာလည်း ဟုတ်တယ်။ မိဘဆို လည်း မမှားပါဘူး။ အာအိုကြီး သိမ်းထားပေးလို့ ဒီပိုက်ဆံလေး ကျန်တာပါ။ ကျေးဇူးတင်ပါတယ် အာအိုကြီးရယ်"

အားလုံးက သာဓု ခေါ်ကြသည်။ အစက ဒီလို လိမ္မာလျှင် ဒေါ်လာ ၃၀၀၀ ကျော်လောက် ပါနိုင်သည်။ ရောက်လေတဲ့အရပ်က နိုက်ကလပ်တွေမှာ သူကချည်း ဦးဆောင်ပြီး ကဲခဲ့သည်။ ကောင်မလေး တွေကို တွေ့လျှင် ကြွေသည်။ ပေးသည်။ ကိုယ့်ပစ္စည်းကိုသာမက သူများပိုင် ပစ္စည်းပါ ပေးပစ်ခဲ့တော့သည်။ ကိုလံဘီယာနိုင်ငံမှာ ရဲထွန်းရဲ့ ရွှေရောင် လက်ပတ်နာရီကို ငှားပတ်သွားပြီး နိုက်ကလပ်က ကောင် မလေးကို ပေးပစ်ခဲ့သူဖြစ်သည်။ ရဲထွန်းက စိတ်ဆိုးလို့ ပူညံပူညံ လုပ်တော့ သူကပြန်အော်သည်။

"ငါ စေတနာရှိလို့ ပေးတာ ဘာဖြစ်လဲ။ နင့်နာရီ ငါ ပြန်လျော် ပေးမယ်"

ရဲထွန်းက ကိုအဏ္ဏဝါကို လာတိုင်ပြီး စိတ်မဆိုးနိုင်ဘဲ ရယ်နေ ခဲ့ရသည်။ နာရီက ဟောင်ကောင်က လုပ်သည့် စီတီဇင်အတုဖြစ်သည်။ ဆီးရီးယားမှာ သင်္ဘောပေါ် လာရောင်းလို့ ဒေါ်လာ ၂၀နဲ့ ဝယ်ထားသည့် နာရီဖြစ်သည်။ ဘာပဲဖြစ်ဖြစ်ပေ့ါ သူများပစ္စည်းကို ငှားယူသွားပြီး ကောင်မလေးကို ပေးပစ်ခဲ့သူဖြစ်သည်။

ည ၇-နာရီမှာ ဘီအေစီ လေယာဉ်ဖြင့် ဘန်ကောက်မှ ထွက်ခွာ ခဲ့ကြပါသည်။ ဗိုက်ဆာနေကြ၍ လေယာဉ်မယ်ပေးသည့် အချိုရည် တစ်ခွက်နှင့် ငှက်ပျောသီးတစ်လုံးကို အငမ်းမရ သောက်စားပစ် လိုက်ကြသည်။

ည ၈-နာရီမှာ မင်္ဂလာဒုံလေဆိပ်ကို ရောက်သည်။ ၁-နှစ်ကျော် ကျော် မိသားစုနှင့် ခွဲခွာနေခဲ့ကြသည့် သင်္ဘောသားဆယ်ယောက်တို့၏ မိသားစု ဆယ်စုတို့ လေဆိပ်မှာ စောင့်ကြိုနေကြတာ တွေ့ရသည်။ ဝမ်းသာသွားကြသည်။ ပျော်သွားကြသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



သေတ္တာတွေ၊ အထုပ်တွေ လေယာဉ်ထဲက ထွက်မလာသေးလို့ ထိုင်စောင့်ကြရင်း မိသားစုတွေ ဝိုင်းဖွဲ့ စကားပြောနေကြစဉ် သာထွန်းဇံရဲ့ ဇနီးက သာထွန်းဇံကို ဝမ်းသာအားရ မေးသည်။

"နောက်တစ်ခါ ဘယ်တော့ ပြန်သွားရမလဲ"

သာထွန်းဇံက ရခိုင်လူရိုးသဘောကောင်း ဖြစ်သည်။ သာထွန်းဇံ၏ ဇနီးကလည်း ကရင်မ ရိုးလွန်းသည်။ မေးရမည့် အချိန်အခါ မဟုတ်ဘဲ မေးလိုက်မိသည်။ သာထွန်းဇံသည် ထိုင်နေရာမှ ထရပ်လိုက်သည်။ ထွန်တုံးက ဖြုတ်ပြီးစားကျက်ကို ရောက်ခါနီးမှ ထမ်းပိုးပြန်အတင်ခံလိုက်ရသည့် နွားသိုးကြီးလို ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်သွားသည်။

"ခရီးက ပြန်လာတာ အိမ်ကိုတောင် ပြန်မရောက်သေးဘူး။ နောက်တစ်ခေါက် ဘယ်တော့ ပြန်ထွက်မလဲလို့ မေးတယ်။ ပြန် မထွက်တော့ဘူး"

အားလုံးက ဝိုင်းရယ်လိုက်ကြသဖြင့် ရယ်စရာ မောစရာလို ဖြစ်သွားသည်။ သာထွန်းဇံ ဇနီးကလည်း သူမှားသွားပြီဆိုတာကို သိလိုက်လို့ သူ့ယောက်ျားကို ပြန်ချော့လိုက်တော့မှ အဆင်ပြေသွားသည်။

ကိုအဏ္ဏဝါသည်လည်း သူ့ချစ်ဇနီး မဖြူတုတ်နှင့် သမီးလေးသုံးယောက်ကိုသာမက ယခုမှမြင်ဖူးသည့် တစ်ဦးတည်းသော သားကလေးကို တွေ့ရလို့ ဝမ်းသာ ပျော်ရွှင်နေသည်။ သင်္ဘောသားကြီး ကိုအဏ္ဏဝါ ရွာကိုသာမက အိမ်ကိုပါ ပြန်ရောက်ပါပြီလို့ သတိရလိုက်ပါသည်။

ကိစ္စ ဝိစ္စတွေ အားလုံးပြီးလို့ မိသားစုတွေ အားလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် လေဆိပ်က ထွက်လာကြတော့ ည ၉-နာရီ ကျော်နေပြီ ဖြစ်သည်။

❐

http://www.linhtet.com

[ ၅ ]

# အမောမပြယ်သည့် အဏ္ဏဝါခရီးသည်

အဏ္ဏဝါခရီးမှ မိမိအိမ်ကို ပြန်ရောက်သည့် ကိုအဏ္ဏဝါသည် ဇနီး မဖြူတုတ်နှင့် သားသမီးတွေကို အသားနတက်ပြီး အိမ်ထဲက အိမ်ပြင် မထွက်ဘဲ နေသည်။ ယခုမှရတတ်သည့် တစ်ဦးတည်းသော သားလေးကို လက်ပေါ်ကမချဘဲ ချီပိုးနေသည်။ ဇနီးမဖြူတုတ်သည် သမီးသုံးယောက် ဆက်တိုက်မွေးခဲ့လို့ နောက်ထပ် သမီး မလိုချင်တော့သည့် ကိုအဏ္ဏဝါက ကလေး မယူတော့ဘဲ ၁၃-နှစ်တိတိ နေပစ်လိုက်သည်။ ကိုအဏ္ဏဝါ သင်္ဘောသား ဖြစ်လာလို့ အထိုက်အလျောက် ချောင်ချောင်လည်လည် ဖြစ်လာတော့မှ ရချင်တာရ ယူလိုက်ဦးမယ်ဆိုပြီး ကံစမ်းမဲ ထိုးရာမှ ရလာသော သားလေး ဖြစ်သည်။

## အမေ့သွေးများသော အဏ္ဏဝါမိသားစု

ကိုအဏ္ဏဝါနှင့် ဇနီးမဖြူတုတ် တို့သည် အမေတွေ ဘက်က တော်သည့် မောင်နှမ နှစ်ဝမ်းကွဲ တော်သူတွေ ဖြစ်သည်။ မဖြူတုတ်၏ အမေနှင့် ကိုအဏ္ဏဝါ၏ အမေတို့ ညီအစ်မ တစ်ဝမ်းသာ ကွဲသည်။

http://www.linhtet.com



ရှင်းအောင် ပြောရလျှင် ကိုအဏ္ဏဝါ၏ အမေဘက်က အဘွားနှင့် မဖြူတုတ်၏ အမေဘက်က အဘွားသည် ညီအစ်မအရင်း ခေါက်ခေါက် ဖြစ်သည်။

အဲဒီကိစ္စဟာ ကိုအဏ္ဏဝါ မိသားစုမှာ မိန်းမများရသည့် ပြဿနာ၏ အဓိက အကြောင်းပင် ဖြစ်တော့သည်။ ကိုအဏ္ဏဝါရဲ့ အမေတို့က ညီအစ်မချည်း ငါးယောက်၊ ယောကျ်ားတစ်ယောက်မျှ မပါ၊ မဖြူတုတ်ရဲ့ အမေတို့ကလည်း ညီအစ်မချည်း ငါးယောက်၊ ယောကျ်ားတစ်ယောက်မျှ မပါ။ ကိုအဏ္ဏဝါနှင့် မဖြူတုတ်တို့ရဲ့ အမေတွေဘက်က သွေးသည် မိန်းမများသည် သွေးအုပ်စု ဖြစ်နေသည်။

ထူးဆန်းတာ တစ်ခုတော့ရှိသည်။ ကိုအဏ္ဏဝါရဲ့ အဖေဘက်က ညီအစ်ကိုမောင်နှမတွေမှာ မိန်းမတစ်ယောက်သာ ပါသည်။ မဖြူတုတ်ရဲ့ အဖေဘက်က ညီအစ်ကို မောင်နှမတွေမှာလည်း မိန်းမတစ်ယောက်သာ ပါသည်။ ယောကျ်ားတွေချည်း ဖြစ်သည်။ ဒီလို သွေးအုပ်စု ချိန်ခွင်လျှာ ညီမျှနေပါလျက် ကိုအဏ္ဏဝါနှင့် မဖြူတုတ်တို့ အလှည့်ကျမှ ဘာကြောင့် အမေဘက်ကို အားသာနေရတာပါလိမ့်ဟု စဉ်းစားမရ ဖြစ်နေသည်။

ကိုအဏ္ဏဝါနှင့် မဖြူတုတ်တို့ နောက်ဆုံး ကံစမ်းမဲထိုးပြီးသော အခါ ကိုအဏ္ဏဝါ ခရီးထွက်ရသည်။ ယခု ဆင်းလာခဲ့သည် သင်္ဘော အက်ပိုကေတီကို တက်ရန် ထွက်ခွာသွားသည့်အခါ မဖြူတုတ်မှာ ကိုယ်ဝန် အရင့်အမာဖြင့် ကျန်နေခဲ့သည်။ ကိုအဏ္ဏဝါ ခရီးမထွက်မီ မဖြူတုတ်က သူ့ဗိုက်ထဲကလေးဟာ ဘာလေးလဲဆိုတာ သိသွားချင်လျှင် ဓာတ်မှန်ရိုက်ကြည့်သွားပါလားဟု ပြောသည်။ ကိုအဏ္ဏဝါက ခေါင်းခါခါ လက်ခါခါဖြင့် ငြင်းသည်။

"စိတ်ချမ်းသာ လက်ချမ်းသာ သွားပါရစေကွာ၊ ဒီတစ်ခါလည်း မိန်းမပဲ ဆိုတာ သိသွားလျှင် သင်္ဘောပေါ်မှာ အလုပ်လုပ်ရတာ စိတ်မပါ လက်မပါ ဖြစ်နေပါ့မယ်"

ကိုအဏ္ဏဝါအိမ်က ထွက်လာပြီး လေးလအကြာမှာ မဖြူတုတ် ကလေး မီးဖွားသည်။ ယောကျ်ားလေး ဖြစ်နေသည်။ မဖြူတုတ် ဆေးရုံက ပြန်မဆင်းခင်မှာပင် သမီးတွေက ကိုအဏ္ဏဝါ ဝမ်းသာအောင် ဆိုပြီး

http://www.linhtet.com



စာရေးပြီး အကြောင်းကြားသည်။ မဖြူတုတ် ဆေးရုံက ဆင်းပြီးလို့ နှစ်လခန့် ကြာပြီးမှ အဲဒီစာကို ကျူးဘားနိုင်ငံ ဟားဗနား ဆိပ်ကမ်းမှာ ကိုအဏ္ဏဝါ ရသည်။ သားလေး မွေးတယ်ဆိုတာ သိတဲ့အချိန်ကစပြီး ကိုအဏ္ဏဝါအိမ်ကို ပြန်ချင်နေခဲ့တာ ဖြစ်သည်။ သားလေး အခါလည် (တစ်နှစ်) ပြည့်ခါနီးတော့မှပဲ ကိုအဏ္ဏဝါအိမ်ကို ပြန်ရောက်တော့သည်။ ကိုအဏ္ဏဝါ ပျော်နေသည်။

သင်္ဘောသားဆိုတာ သမုဒ္ဒရာကြီး တစ်ခုရဲ့ အလယ်မှာ ရောက်နေချိန်မှာ အမေ သေလို့လည်း သင်္ဂြိုဟ်ခွင့် မရ။ မယား သေလို့လည်း အလောင်း မမြင်လိုက်ရသည့် လူမျိုးတွေပါလားဟု နားလည်လိုက်ပါသည်။

## အလုပ်တွေ ရှုပ်ပွေများပုံက

ဇန်နဝါရီ ၁၉-ရက်နေ့သည် တနင်္လာနေ့ ဖြစ်သည်။ ကိုအဏ္ဏဝါ မြန်မာပြည်ကို ပြန်ရောက်နေတာ ငါးရက်ရှိပြီ ဖြစ်သည်။ သင်္ဘောသားရုံးကို သတင်းပို့ရန် ကိစ္စ ရှိနေသည်။ တစ်လထက်ပိုပြီး ကိုင်ထားခွင့် မရှိသည့် အမေရိကန် ဒေါ်လာတွေကို နိုင်ငံခြား ကုန်သွယ်မှုဘဏ်မှာ အပ်နှံရမည့် ကိစ္စ ရှိနေသည်။

ဗိုလ်အောင်ကျော်လမ်းရှိ သင်္ဘောသားရုံးကို သွားသည်။ မိမိ ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်း သတင်းပို့သည်။ သတင်းပို့ရာတွင် မိမိ ပြန်ရောက်ပါပြီလို့ ပြောရုံဖြင့် မပြီးဘဲ မှတ်ပုံတင်စာအုပ်ကြီး တစ်အုပ်မှာ ရေးသွင်းရသည်။ အမည်၊ ရာထူး၊ စီဒီစီနံပါတ်၊ ပြန်ရောက်သည့်နေ့၊ နေရပ်လိပ်စာတွေပါ ရေးသွင်းရသည်။ အဲဒီ ရေးသွင်းချက်သည် နောက်လေးလအကြာမှာ ကိုအဏ္ဏဝါကို ဒုက္ခပေးမည် ဖြစ်သည်။

သင်္ဘောသားရုံးကို သတင်းပို့ပြီးသောအခါ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်ကို သွားသည်။ ဒေါ်လာ ၃၅၀၀ ကို ယာယီ အပ်နှံသည်။ ငွေစုစာအုပ်နံပါတ် မထွက်သေးဟု သိရသည်။ ဒေါ်လာတွေကိုတော့ ဘဏ်က လက်ခံယူထားလိုက်သည်။ ဘဏ်မှာ ငွေစာရင်း ဖွင့်ခွင့်

http://www.linhtet.com



ပြုပါရန် လျှောက်လွှာ တင်ရမည်ဟု ဆိုသည်။ ဘဏ်တိုး မရသည့်အပြင် လျှောက်လွှာ မတင်လျှင် ဒီပိုက်ဆံတွေ ဆုံးမည့်သဘော ဖြစ်သည်။

ဇန်နဝါရီလ ကုန်သွားသည့်အထိ သင်္ဘော ကုမ္ပဏီမှာ ရရန် ကျန်ခဲ့သည့် လစာငွေ ဒေါ်လာ-၃၀၀ လည်း ရောက်မလာသေး။ ဘဏ်မှာ ယာယီ အပ်ထားသည့် ဒေါ်လာတွေအတွက်လည်း ငွေစုဘဏ် စာအုပ် မရသေးဖြစ်နေသည်။ ဘဏ်ကိစ္စကို ပွဲစားက တစ်ဆင့် ဆောင်ရွက်နေရသဖြင့် ပွဲစား ပြောသမျှ လက်ခံယုံကြည်ပြီး စောင့်နေရတော့သည်။

ကိုအဏ္ဏဝါတို့ စင်ကာပူမှာ ငွေစု၊ ငွေထုတ်ပုံတွေကို သတိရမိသည်။ စင်ကာပူနိုင်ငံမှာ ရှိသည့် ဘဏ်ပေါင်းများစွာ အနက်က မည်သည့်ဘဏ်မှာမဆို ငွေစုနိုင်ပါသည်။ ခိုးလာလို့ရသည့် ပိုက်ဆံပဲ ဖြစ်ဖြစ် ဓားပြတိုက်လို့ ရလာသည့် ပိုက်ဆံပဲဖြစ်ဖြစ် အစစ်အဆေး အမေးအမြန်း မရှိဘဲ လက်ခံသည်။ ဒေါ်လာ အတုနှင့်အစစ် ဆိုတာကိုတော့ ဘဏ်စာရေးတွေက ကိုင်ကြည့်တာနဲ့တောင် သိပါသည်။

ငွေစုဘဏ်မှာ ငွေစုတာ ဆယ်မိနစ်ခန့်သာ ကြာပါသည်။ ငွေစုစာအုပ် ထွက်လာပါသည်။ ငွေစုသည့် အချိန်ကစပြီး အတိုးတက်နေပါသည်။ ငွေထုတ်တာကတော့ ငါးမိနစ်ခန့်သာ ကြာပါသည်။ ငွေစုစာအုပ်ကို စက်ထဲထည့်ပြီး ကွန်ပျူတာ နှိပ်လိုက်တာနဲ့ ငွေစုစာအုပ်ထဲမှာ ဖြတ်တောက်ပြီး ကိန်းဂဏန်းကို ရိုက်နှိပ်ပေးလိုက်ပါသည်။ မိမိ ထုတ်သည့် ငွေကိုလည်း ချက်ချင်း ရပါသည်။

ဇန်နဝါရီ ၁၉-ရက်နေ့က ငွေစုတာ ဖေဖော်ဝါရီ ၁၁-ရက်နေ့မှာ ငွေစုစာအုပ် ရသည်။ စာအုပ် နံပါတ် M-913 ဖြစ်သည်။ ပွဲခ- ၇၀ဝိ ကုန်သွားသည်။ စီးကရက်၊ မီးခြစ်၊ ဘောပင်လက်ဆောင် ပေးရတာတွေ ပါသေးသည်။ ငွေစာရင်း ထွက်ပြီဖြစ်လို့ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ သွပ်ထုပ်ဝယ်လို့ ရပြီဖြစ်သည်။ ကုမ္ပဏီက ဝင်လာမည့် လစာငွေ ၃၀၀ ကိုလည်း သွင်းနိုင်ပြီ ဖြစ်သည်။ အလုပ်တစ်ခု ပြီးသွားသည်။

ဖေဖော်ဝါရီလ ၁၆-ရက်နေ့မှာ သင်္ဘော ကုမ္ပဏီက ပို့လိုက်သည့် လစာငွေ ဒေါ်လာ-၃၀၀ ရောက်လာပြီလို့ သတင်းရလို့ သင်္ဘောသား

http://www.linhtet.com



ရုံးကို သွားသည်။ ရုံးက တာဝန်ရှိသူက ချက်လက်မှတ် CROSS CHEQUE တစ်စောင် ထုတ်ပေးသည်။ အဲဒီ ချက်လက်မှတ် ပေါ်မှာ ဒေါ်လာ-၃၀၀ ဖြစ်ရမည့်အစား ၂၈၀ ဟု ရိုက်နှိပ်ထားတာ တွေ့ရသည်။ အကြောင်းကို မေးမြန်းကြည့်တော့ ဝန်ဆောင်ခ ဒေါ်လာ-၂၀ ဖြတ်သည်ဟု သိရသည်။

အဲဒီ ချက်လက်မှတ်ကို ယူသွားပြီး ဘဏ်ပွဲစားကို အပ်လိုက်ရသည်။ မိမိ၏ ငွေစာရင်း M-913 မှာ ဒေါ်လာ-၂၈၀ ပေါင်းထည့်ပေးပါရန် ပန်ကြားလွှာ တင်ရသည်။ ပွဲစားက ဆောင်ရွက်ခ ၅၀ဝိ တောင်းလို့ ပေးလိုက်ရသည်။ ကိုယ်က မလုပ်တတ် မကိုင်တတ်တော့ လုပ်တတ် ကိုင်တတ်သူကိုပဲ ပိုက်ဆံပေးပြီး ခိုင်းရတော့သည်။ အားလုံး အဆင်ပြေပါသည်။ မနက်ဖြန်လောက်ဆိုလျှင် ကိုအဏ္ဏဝါ၏ ငွေစုစာအုပ်ထဲကို ဝင်သွားမည်ဟု ဆိုသည်။

## ဇနီးမယားနှင့် သမီးသား ထားခဲ့ပြီး ထွက်စေ

ကိုအဏ္ဏဝါသည် အိမ်ကိုပြန်ရောက်တာ တစ်လကျော်ပြီ ဖြစ်လို့ ပြုဖွယ်ကိစ္စတွေပြီးသလောက် ဖြစ်သွားသည်။ ဖေဖော်ဝါရီလ-၂၇ ရက်နေ့မှာ သားလေး တစ်နှစ်ပြည့် မွေးနေ့ဖြစ်လို့ နာမည်ပေး မင်္ဂလာ ဆွမ်းကျွေး ကျင်းပရန်စီစဉ်သည်။ ရန်ကုန်ရောက် ဆွေမျိုးတွေ အားလုံးနှင့် သင်္ဘောသား သူငယ်ချင်းတွေ အားလုံးကို ဖိတ်ရန် ဖိတ်စာတွေ တော်တော်များများ ရိုက်သည်။ မွေးနေ့လက်ဆောင်ပေးခြင်း သည်းခံပါ ဆိုသည့် စာတစ်ကြောင်း ထည့်ရိုက်သည်။

ဖိတ်ကြားခြင်းခံရသူအားလုံး လာနိုင်ရန် ၁-၃-၈၇ (တနင်္ဂနွေ)နေ့မှာ ကလေးမွေးနေ့နှင့် နာမည်ပေး မင်္ဂလာ ကျင်းပသည်။ ဆွေမျိုးတွေ အကုန်လုံးနှင့် သင်္ဘောသား သူငယ်ချင်းတွေ အားလုံးလောက် နီးပါး လာကြသည်။ ကိုအဏ္ဏဝါ ကျေနပ်သွားသည်။ တစ်ဦးတည်းသော သားကလေးကို ချစ်မဝ ဖြစ်နေသည်။

http://www.linhtet.com



ဘဏ်မှာ အပ်ထားသည့် ပိုက်ဆံလေးဖြင့် ကားတစ်စီး ဝယ်မည်ဆိုသောအခါ ကိုအဏ္ဏဝါ၏ ကျေးဇူးရှင် ဦးစောမိုက်ကယ်ဒီး (ကိုအဏ္ဏဝါကို သင်္ဘောသားဖြစ်အောင် ကူညီခဲ့သူ)က သူ့မိတ်ဆွေ ဦးစောဝီလ်ဆင်သိန်း၏ ကားကုမ္ပဏီမှာ ဝယ်ပါရန် မေတ္တာရပ်ခံသည်။ အမှတ်-၁၂၈၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမှာနေသည့် ဦးစောဝီလ်ဆင်သိန်း၏ အိမ်ကိုသွားပြီး ကားတစ်စီး ဝယ်လိုက်သည်။ ဦးမိုက်ကယ်ဒီးရဲ့ မျက်နှာဖြင့် လျှော့လျှော့ပေါ့ပေါ့ ဈေးဖြင့် ပေးပါသည်။ ၁၉၈၂-ခုနှစ် မော်ဒယ်၊ ဆန်နီပက်ကဒ်ကို ဒေါ်လာ-၂၅၅၀ ဖြင့် ပေးပါသည်။ ဘဏ်ငွေလွှဲစနစ်ဖြင့် ဝယ်ခြင်းဖြစ်သည်။ ကိစ္စတစ်ခု ပြီးသွားပြန်လို့ ကိုအဏ္ဏဝါပျော်သွားသည်။

(မှတ်ချက်။ ။ ကိုအဏ္ဏဝါ နိုင်ငံခြားကို ရောက်နေစဉ် အဲဒီကားမြန်မာပြည်ကို ရောက်လာပြီး နံပါတ် ထွက်သည့်အခါ (ဓ/၂၁၅၄) ဖြစ်သွားသည်။ ဤကား စကားချပ်)။

ကားလည်း ဝယ်ပြီးပြီ၊ ပိုနေသည့် ပိုက်ဆံကိုလည်း ရောင်းစားပြီးသည့်အခါ ကိုအဏ္ဏဝါ အားအားလပ်လပ် ဖြစ်နေသည်။ သင်္ဘောသားရုံးရှေ့သွားပြီး လပ်လျားလပ်လျား လုပ်သည်။ သင်္ဘောသား ရုံးရှေ့က ညောင်ပင်အောက်မှာ ထိုင်သည်။ ဟေးလားဝါးလား လုပ်နေသည်။ အိတ်ထဲမှာ ငွေလေးတွေ ဖောင်းဖောင်းကားကား ဖြစ်နေသေးလို့ သင်္ဘောလိုက်ဖို့ကိစ္စကို စိတ်တောင် မကူးသေး ဖြစ်နေသည်။

သင်္ဘော ပြန်မလိုက်သေးသော်လည်း လိုရမယ်ရ သဘောဖြင့် သက်တမ်းတိုးခိုင်းထားသည့် ပတ်စ်ပို့ကလည်း ပြန်ကျလာပြီဟု လုပ်ခိုင်းထားသူက ပြောသည်။ ချလံသွင်းရန် ပိုက်ဆံ-၂၅ တောင်းလို့ ပေးလိုက်သည်။

မေလ ၁၁-ရက် နေ့မှာ မော်တော်ကား တင်သွင်းခွင့် ပါမစ်ကျပြီ ဖြစ်ကြောင်း သိရသည်။ ကုန်သွယ်ရေး ရုံးကြီး သွားပြီး ကားပါမစ်ထုတ်ယူသည်။ မော်တော်ကား ရောက်လာလျှင် ထုတ်ယူပြီး စီးရုံသာရှိတော့သည်။ ဘဝမှာ အစစ အဆင်ပြေနေသည်လို့တောင် ပြောနိုင်သည်။ မရတတ် ရတတ် ရထားသည့် သားလေးနဲ့အတူ တဝကြီးနေပြီးမှ သင်္ဘော ပြန်လိုက်မည်ဟု ရည်ရွယ်ထားသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



မေလ ၁၅-ရက်နေ့သည် သောကြာနေ့ဖြစ်လို့ သဘော်သား ရုံးရှေ့ကို သွားချင်စိတ် ဖြစ်ပေါ်လာသည်။ သဘော်သားရုံးရှေ့က လက်ဖက်ရည်ဆိုင် ထိုင်ခုံပုပုလေးပေါ်မှာ တစ်နေကုန် ထိုင်ပြီး ဟေးလား ဝါးလား လုပ်နေမည်ဟု ရည်ရွယ်ပြီး အိမ်က ထွက်လာခဲ့သည်။ သဘော်သား ရုံးရှေ့မှာ ဘော်ဒါတွေ လူစုနေတာ တွေ့ရသည်။

ထိုင်ခုံပုပုလေး ပေါ်မှာ ထိုင်ပြီး ရေနွေးကြမ်း သောက်ရင်း စကားတွေ ဖောင်လောက်အောင် ပြောနေစဉ် လက်ခုပ်ရိုက်သံ တစ်ခုကို ကြားလိုက်ရသည်။ လက်ခုပ်သံသည် သဘော်သား ရုံးပေါ်က လာတာ ဖြစ်သည်။ သဘော်သားရုံး အပေါ်ထပ်ကို လှမ်းကြည့်လိုက်တော့ ရုံး စာရေးမ တစ်ယောက်က ကိုအဏ္ဏဝါတို့ အုပ်စုထဲက တစ်ယောက် ယောက်ကို ခေါ်နေတာ တွေ့ရသည်။ ဘယ်သူ့ကို ခေါ်တာလဲလို့ ရင်ဘတ် အသီးသီးကို ပုတ်ပြကြရသည်။ ကိုအဏ္ဏဝါ ရင်ဘတ်ကို ပုတ်ပြလိုက်တော့ ဟုတ်တယ် ရှင့်ကို ခေါ်တာဆိုပြီး ခေါင်းညိတ်ပြသည်။ ကိုအဏ္ဏဝါ ထိုင်ရာမှ ထပြီး ရုံးပေါ်တက်လိုက်သွားသည်။ စာရေးမကို သွားတွေ့သည်။

"ရှင့်ကို ဆရာ ဦးစိုးလွင် ခေါ်နေတယ်၊ အခန်းထဲ ဝင်သွား တွေ့လိုက်"

ကိုအဏ္ဏဝါ ခေါင်းနပန်း ကြီးသွားသည်။ ဆရာဦးစိုးလွင်သည် ညွှန်ကြားရေးမှူး ဖြစ်သည်။ ဘာကိစ္စပါလိမ့်၊ ငါ ဘာပြစ်မှု ကျူးလွန် မိပါလိမ့်ဟု တွေးနေမိသည်။ ကြောက်ကြောက်လန့်လန့်ဖြင့် ညွှန်မှူး အခန်းထဲ ဝင်သွားသည်။ အခန်းတွင်းမှာ ဆရာဦးစိုးလွင်နှင့်အတူ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ခင်နှင့် ဦးစောရွှေသီးတို့ ထိုင်နေကြသည်။ ကိုအဏ္ဏဝါကို သူတို့ရှေ့မှာ ထိုင်ခိုင်းသည်။ ဆရာ ဦးစိုးလွင်က မေးသည်။

"ခင်ဗျား အာအို မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဘယ်နေ့က ပြန်ရောက်သလဲ"

"ဇန်နဝါရီလ ၁၄-ရက်နေ့ကပါ ဆရာ"

http://www.linhtet.com



"ပတ်စ်ပို့ ကျပြီလား"

"ကျပြီဆရာ"

ဆရာဦးစိုးလွင်က သူ မေးချင်တာတွေ မေးပြီးသောအခါ ဦးစောရွှေသီးကို ဘာပြောစရာ ရှိသလဲဆိုသည့် အမူအရာဖြင့် ကြည့်သည်။ ဦးစောရွှေသီးက ကိုအဏ္ဏဝါကို မေးသည်။

"ခင်ဗျား နဗရွန်း ကုမ္ပဏီက သင်္ဘောတစ်စီးကို သွားနိုင်မလား"

ကိုအဏ္ဏဝါ မမျှော်လင့်သော မေးခွန်းဖြစ်လို့ အံ့သြသွားသည်။ သာမန်ကြည့်လျှင်တော့ အလုပ်မရှိသည့် သင်္ဘောသားကို အလုပ်ခေါ်ပေးခြင်းဖြစ်လို့ ဝမ်းသာရမည့် ကိစ္စဖြစ်သည်။ ကိုအဏ္ဏဝါကတော့ ဝမ်းမသာနိုင်ဘဲ လန့်သွားသည်။ မသွားနိုင်ဘူးလို့လည်း မပြောရဲ။ လောလောဆယ်လည်း မသွားချင်သေးလို့ မဝံ့မရဲ မေးကြည့်မိသည်။

"ဘယ်တော့လဲ ဆရာ"

"ဒီလထဲမှာ ဖြစ်မှာပဲ"

ဒီလထဲမှာ နိုင်ငံခြားကို ပြန်ထွက်ရမည်ဆိုတော့ ကိုအဏ္ဏဝါ စဉ်းစားရတော့သည်။ နိုင်ငံခြားက ပြန်ရောက်လာတာ လေးလပဲ ရှိသေးသည်။ မိသားစုနှင့် အတူနေချင်သေးသည်။ သားကလေးကိုလည်း ချစ်လို့မဝသေး။ ဝယ်ထားသည့် ကားကလေးကလည်း ရောက်မလာသေးလို့ ကိုအဏ္ဏဝါ ဦးနှောက်ခြောက်သွားသည်။ မဝံ့မရဲ ပြန်ပြောကြည့်သည်။

"တခြား လူ ရှာကြည့်ပါဦး ဆရာ"

"လူရှာလို့ မရဘူးဗျ။ အဆင်သင့်ဖြစ်နေတာ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်။ ခင်ဗျားကိုပဲ လွှတ်ရမှာပဲ။ နောက်တစ်ယောက်ရှာရဦးမယ်"

ဦးစောရွှေသီးက ဘာမျှ မပြောသော်လည်း ဆရာဦးစိုးလွင်က ခင်ဗျားကို လွှတ်ရမှာပဲ ဆိုသည့်အတွက် ငြင်းရခက်သွားပြီ ဖြစ်သည်။ ညွှန်ကြားရေးမှူး၏ အမိန့်ကို ဖီဆန်ပါက သင်္ဘောသား လောကမှာ သူနှင့် မကင်းနိုင်သည့်အတွက် တစ်ကွေ့မတွေ့ တစ်ကွေ့မှာ တွေ့နိုင်သည်။ မောင်ခေါ်တုန်းက ဗျာ မထူးမိလျှင် အောင်ကျော်ခေါ်မှ ဗျာထူးရတော့မည် ဖြစ်သည်။ မိမိ၏ အကျိုးကို ထိခိုက်နိုင်သည်။

http://www.linhtet.com



ကိုအဏ္ဏဝါသည် ဂရိသင်္ဘောလိုင်းဖြစ်သည့် ပိုသီးတိုးကုမ္ပဏီမှ ပြန်လာတာ လေးလသာ ရှိသေးသည်။ ဂရိသင်္ဘောလိုင်း၏ အရသာကို ကောင်းကောင်း သိလာခဲ့သူ ဖြစ်သည်။ အလုပ်ပင်ပန်းသည်။ လစာနည်းသည်။ သင်္ဘောတွေက နှစ်ကြာ အိုဟောင်းတွေ ဖြစ်သည်။ ယခု သွားရမည်ဆိုသည့် နဗရွန်း ကုမ္ပဏီသည်လည်း ဂရိလိုင်းပင်ဖြစ်လို့ မသွားချင်ဖြစ်နေသည်။

ကိုအဏ္ဏဝါ နိုင်ငံခြားမှ ပြန်ရောက်ကြောင်း သတင်းပို့သည့် ၁၉-၁-၈၇ နေ့က မှတ်တမ်းစာအုပ်ကြီးမှာ ရေးသွင်းခဲ့သည့် ရေးဖြည့်ချက်တွေက ကိုအဏ္ဏဝါကို တုပ်မိနှောင်မိနေပြီ ဖြစ်သည်။ ဂရိလိုင်းအတွေ့အကြုံ ရှိသူအဖြစ် မှတ်တမ်းတင်ပြီးသား ဖြစ်နေသည်။ အဲဒီမှတ်တမ်းစာအုပ်ကြီးထဲမှာ ကိုအဏ္ဏဝါ၏ လိပ်စာအပြည့်အစုံ ရေးဖြည့်ထားသည်။ ပြေးလို့ မလွတ်နိုင်သည့် အခြေအနေ ဖြစ်သည်။ ကိုအဏ္ဏဝါ လေသံပျော့ဖြင့် ပြောရတော့သည်။

"လိုက်မည့်သူ မရှိလျှင်တော့ ကျွန်တော် လိုက်ပါ့မယ် ဆရာ"

ဒီနေ့ကျမှ ကိုအဏ္ဏဝါသည် နေ့တိုင်းနဲ့ မတူဘဲ သင်္ဘောသားရုံးရှေ့ကို အလွန်အမင်း သွားချင်နေခဲ့သည်။ သင်္ဘောသား ရုံးက ရုံးအဖွဲ့ဝင်တွေကလည်း ကိုအဏ္ဏဝါဟာ အာအိုဆိုတာ သိနေကြသည်။ ညွှန်မှူးက ရုံးအဖွဲ့သူ အဖွဲ့သားတွေကို ညွှန်ကြားထားတာ ဖြစ်နိုင်သည်။ သင်္ဘောသားရုံးရှေ့ကို ရောက်လာတဲ့ အာအိုတွေ့ရင် ငါ့ဆီကို လွှတ်ပေးစမ်းလို့ ညွှန်ကြားထားတာ ဖြစ်ရမည်။ ကံဆိုးသည့် ကိုအဏ္ဏဝါ အဲဒီပစ်ကွင်းကို ရောက်သွားတာဖြစ်သည်။ ရုံးပေါ်က ဆင်းလာပြီး လက်ဖက်ရည်ဆိုင်ကို ပြန်သွားသည်။ ဘာဖြစ်တာလဲဆိုတာ သိချင်နေကြသည့် ဘော်ဒါတွေကို အကြောင်းစုံ ရှင်းပြရသည်။

"ဂရိလိုင်းအတွက် ချောဆွဲခံလိုက်ရပြီ ကိုယ့်လူရေ"

"လိုက်သွားလိုက်ပေ့ါဗျာ၊ ခင်ဗျားကို ဂရိလိုင်း အတွေ့အကြုံရှိသူအဖြစ်နဲ့ ထင်ပေါ်လို့ စင်တော်က ကောက်သွားတာပဲ"

ကိုအဏ္ဏဝါနှင့် အတူ လက်ဖက်ရည်ဆိုင် ထိုင်နေသူတွေထဲမှာ ကိုအဏ္ဏဝါလို ရာထူးမျိုး အာအို တစ်ယောက် ပါသည်။ သူ လုပ်ခဲ့သည့်

http://www.linhtet.com



ဟောင်ကောင်လိုင်းက ပြန်ခေါ်မည့် အချိန်ကို စောင့်နေသူ ဖြစ်သည်။ လိုင်းကောင်းသည်။ လစာ ကောင်းသည်။ ဂရိလိုင်း သင်္ဘောတွေကို ဘယ်တော့မှ မလိုက်ဟု ပြောဖူးသူ ဖြစ်သည်။

ကိုအဏ္ဏဝါသည် သင်္ဘောသားရုံးမှ အိမ်ကို ပြန်လာခဲ့သည်။ မကြာမီ သင်္ဘောပြန်လိုက်ရတော့မည့် အကြောင်းကို သူ့ဇနီး မဖြူတုတ်ကို ပြောပြသည်။ မဖြူတုတ်က အားပေးစကား ပြောသည်။

"သင်္ဘောသား ရုံးကသွားခိုင်းတာ သွားလိုက်ပေါ့တော်။ အလုပ်ဆိုတာ ရတုန်း လုပ်ထားရတာ၊ သူများတွေမှာ လိုက်ချင်လို့တောင် လိုက်လို့ရတာ မဟုတ်ဘူး"

ကိုအဏ္ဏဝါဘက်က ခုခံအား အတော်နည်းနေပြီဖြစ်လို့ အထုပ်သာ ပြင်ရတော့သည်။ သင်္ဘောသားရုံးက ခေါ်လျှင် အဆင်သင့် ဖြစ်အောင် အစစ ပြင်ဆင်ထားလိုက်သည်။ သင်္ဘောတက်ရန် နိုင်ငံခြားကို သွားလျှင် အနည်းဆုံး တစ်နှစ်ကြာအောင် နေရမည်ဖြစ်လို့ မိမိအတွက် မရှိမဖြစ် လိုအပ်သည့် ပစ္စည်းတွေကို မကျန်ရစ်အောင် သတိထားပြီး ထည့်သိုသည်။ ကိုအဏ္ဏဝါသည် ဝမ်းချုပ်တတ်သူဖြစ်လို့ မိမိ အမြဲသုံးစွဲနေသည့် ဓာတ်ကြေလေသက် တိုင်းရင်းဆေး ပါအောင် ထည့်သိုရသည်။

၂၂-ရက်နေ့တွင် ကိုအဏ္ဏဝါ၏ အိမ်ရှေ့ဆေးခန်းကို တယ်လီဖုန်း လာသည်။ ကိုအဏ္ဏဝါကို ဆက်သွယ်လိုလျှင် ဆက်သွယ်နိုင်ရန် ပေးထားသည့် တယ်လီဖုန်း ဖြစ်သည်။ ကိုအဏ္ဏဝါနဲ့ စကားပြောချင်သည်ဆိုလို့ သွားပြီး နားထောင်လိုက်သည်။ သင်္ဘောသားရုံးက ဆက်တာ ဖြစ်သည်။ ယခုပင် ရုံးကိုလာပါဆိုလို့ တိုင်စီဖြင့် သွားလိုက်ရသည်။ ဦးစောရွှေသီး စောင့်နေတာ တွေ့ရသည်။ ဦးစောရွှေသီးသည် နဗရွန်း သင်္ဘောကုမ္ပဏီ၏ ဒေသကိုယ်စားလှယ် ဖြစ်သည်။ ဦးစောရွှေသီးက စာရွက်စာတမ်းတွေ ထုတ်ပေးသည်။ ဆေးစစ်ရမည်ဟု ဆိုသည်။ မကြာမီ နိုင်ငံခြားသို့ ထွက်ရမည်ဆိုသည့် သဘော ဖြစ်သည်။

၂၇-ရက်နေ့တွင် နိုင်ငံခြားဘဏ်မှ ၆၂ ဒေါ်လာ ထုတ်သည်။ ၂၈-ရက်နေ့မှာ ထွက်ကြရမည်ဖြစ်လို့ ရုံးကိစ္စတွေ အပြတ် လုပ်ကြရသည်။ အိမ်ကို စောစောပြန်ကြရန် ရုံးက ထွက်လာကြတော့မှ ပြန်ခေါ်ပြီး

http://www.linhtet.com



ပြောသည်။ နက်ဖြန် မသွားဖြစ်သေးဟု ပြောသည်။ ကိုအဏ္ဏဝါကတော့ ကောင်းသည်။ ကြာလေကောင်းလေဟု ပြောလိုက်သည်။ အားလုံးအသင့် ဖြစ်နေသည်။

ဇွန် ၃-ရက်နေ့မှာ အတူသွားရမည့် စတုတ္ထ အင်ဂျင်နီယာ ကိုသိန်းတစ်က ဖုန်းဆက်ပြီးပြောသည်။ နက်ဖြန်သွားကြရမည် ဖြစ်လို့ ယခုပင် ရုံးကိုလာပါဟု ပြောသည်။ ကိုအဏ္ဏဝါ သင်္ဘောသား ရုံးကို ရောက်သွားတော့ အတူသွားရမည့်သူတွေပါ ရောက်နေကြတာ တွေ့ရသည်။

ဂရိနိုင်ငံ ပီရေ့စ် PIRAEUS ရှိ နဗရွန်း NAVARONE ကုမ္ပဏီပိုင် ဆီးဟော့စ် MV.SEAHORSE သင်္ဘောပေါ်မှာ သွားရောက် အမှုထမ်းကြမည့် အရာရှိနှင့် သင်္ဘောသား ငါးယောက်ကို အခြားနိုင်ငံ အသီးသီးသို့ သင်္ဘောတက်ရန် သွားကြမည့် သင်္ဘောသားတွေနှင့်အတူ ညွှန်မှူးက မိန့်ခွန်း ပြောသည်။ သူများနိုင်ငံမှာ သွားရောက်ပြီး အလုပ်လုပ်ကြတဲ့အခါ တိုင်းပြည်နှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေနိုင်သည့် အပြုအမူ၊ အပြောအဆိုတွေကို မပြုလုပ်ကြဖို့၊ မပြောဆိုကြဖို့ သတိပေးသည်။ အလုပ်ကို ကြိုးစားခြင်း၊ စာရိတ္တ ရိုးသားခြင်းတို့ဖြင့် တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ခဲ့ကြပါ။ မိမိနှင့် မိမိ၏ မိသားစုအတွက် မိမိ၏လုပ်အားခ လစာတွေကို အလေအလွင့် မရှိအောင် ခြိုးခြံချွေတာ သုံးစွဲပြီး ပြန်လာခဲ့ကြပါဟု မေတ္တာရပ်ခံသည်။

နဗရွန်း သင်္ဘောကုမ္ပဏီ၏ ဒေသကိုယ်စားလှယ် ဦးစောရွှေသီးကတော့ ကိုအဏ္ဏဝါတို့ ငါးယောက်ကို ကလီးယားရင့်အေးဂျင့် ဦးအာဇန်ဘိုင်၏ လက်သို့ အပ်လိုက်ပါတော့သည်။ ဦးအာဇန်ဘိုင်က လေဆိပ်ဝင်ကြေး အပါအဝင် သူကိုယ်တိုင် လေဆိပ်ကို လာရမည်ဖြစ်၍ ကုန်ကျစရိတ်အဖြစ် တစ်ယောက်ကို ၇၀၀ိ/ စီ ပေးပါဟုတောင်းသည်။ လေဆိပ်ဝင်ကြေးက ၅၀၀ိ/ ဖြစ်မည်။ သူ့အတွက် လမ်းစရိတ်က ၂၀၀ိ/ ဖြစ်မည်။ တစ်ယောက်ကို ၇၀၀ိ/ ဆိုတော့ ငါးယောက်ထံမှ ၃၅၀၀ိ/ ရသွားသည်။ နက်ဖြန်နံနက် ၇-နာရီ လေဆိပ်အရောက် လာကြပါဟု ပြောသည်။ သူကတော့ နံနက်အစောကြီး ထွက်သည့် လိုင်းကားကို တစ်ကျပ် ပေးစီးပြီး လေဆိပ်ကို သွားမှာ သေချာသည်။

http://www.linhtet.com



## ရန်ကုန်၊ ဘန်ကောက်၊ ဒက္ကာ၊ ဘုံဘေ၊ အေသင်

၄-၉-၁၉၈၇ (ကြာသပတေး) နေ့မှာ ကိုအဏ္ဏဝါတို့ မိသားစု အိပ်ရာက စောစောထကြသည်။ ကိုအဏ္ဏဝါသည် သားလေးကို အိပ်ရာက နိုးပြီး ချီထားသည်။ နို့ဘူးတိုက်သည်၊ ၅-နာရီခွဲတွင် အိမ်က ထွက်ကြသည်။ ၆-နာရီ ၄၅-မိနစ်မှာ မင်္ဂလာဒုံလေဆိပ်ကို ရောက်သွားကြသည်။ အတူသွားကြမည့်သူ ငါးယောက်လုံး ရောက်နေကြတာ တွေ့ရသည်။ ဦးအာဇန်ဘိုင်က ကိုအဏ္ဏဝါကို စောင့်နေတာ တွေ့ရသည်။ သူ လုပ်စရာကိစ္စတွေကို ဆက်လုပ်သည်။ ပတ်စ်ပို့၊ လေယာဉ်လက်မှတ်နှင့် ၆၂ ဒေါ်လာက သူ့လက်ထဲမှာပဲ ရှိသေးသည်။

ကိုအဏ္ဏဝါနှင့်အတူ သွားကြရမည့် သူတွေက တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွန့် (ဆရာငွေမောင်း၏သား၊ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ တင်သန်းဦးရဲ့ညီ)၊ စတုတ္ထအင်ဂျင်နီယာ ကိုသိန်းတစ် (သိန်းတစ်နှင့် သိန်းနှစ် ညီအစ်ကို နှစ်ယောက်အနက် သူက အစ်ကိုဟု သိရသည်)၊ တက်မကိုင် ကိုကျော်ဟိန်းခေါ် ကိုကိုအောင် (ဆရာအထောက်တော်လှအောင်၏ဇနီး ဒေါ်ကြည်ကြည်မြင့်၏ သား)၊ ကိုမြင့်သိန်း(ရေတပ်ထွက်)တို့ ဖြစ်ကြသည်။ အားလုံး လူဟောင်းတွေ ဖြစ်သည်။

ဦးအာဇန်ဘိုင်သည် သူဆောင်ရွက်စရာကိစ္စတွေ အားလုံး ပြီးသွားသောအခါ ပတ်စ်ပို့၊ လေယာဉ်လက်မှတ်နှင့် အမေရိကန် ဒေါ်လာ- ၆၂ ဒေါ်လာကို ပိုင်ရှင်အသီးသီး၏ လက်သို့ အပ်သည်။ ကံကောင်းကြပါစေ။ အစစ အဆင်ပြေကြပါစေဟု ဆုတောင်းပေးသည်။

"အဲဗရီးဘော်ဒီ ဂွဒ်လပ်ခ် အင် အောသ်ဘက်စ်"

"သိုင်းကျူး ဆိမ်း တူယူ"

ဦးအာဇန်ဘိုင်က လေယာဉ်ပေါ်တက်ခွင့် ဘိုဒင်ခေါ်တော့မည် ဖြစ်လို့ ဒီပါချာရွမ်းကို ဝင်ကြတော့လို့ ပြောပြီး ပြန်သွားတော့သည်။ ကိုအဏ္ဏဝါရဲ့ မိသားစုတွေ အပါအဝင် လိုက်ပို့ကြသည့် တခြား မိသားစုတွေအားလုံး လေဆိပ် လသာဆောင်ကို တက်ကြတော့မည် ဖြစ်သည်။ လေယာဉ်ကြီး ပျံတက်သွားလျှင် လက်ပြ နှုတ်ဆက်ကြရန်အတွက်

http://www.linhtet.com



ဖြစ်သည်။ ကိုအဏ္ဏဝါသည် သူ့သားလေးကို အားရအောင် ဖက်နမ်းလိုက်သည်။ တစ်နှစ်စာ ဝအောင် နမ်းတာဖြစ်လို့ အတော်ကြာသည်။ သူ့ဇနီး မဖြူတုတ်ကိုလည်း နမ်းချင်သည်။ သမီးတွေရှေ့မှာ ဖြစ်နေသည့်အပြင် လူရှေ့သူရှေ့မှာဆိုတော့ အလုပ်မဖြစ်ဘူးပေါ့နော်။ သဘောၤသားဆိုတာကတော့ ဒီလိုပါပဲ။ မယားသေတာတောင် အလောင်း မမြင်လိုက်ရသူတွေ ရှိသေးတာပဲလို့သာ ဖြေလိုက်ရတော့သည်။

နံနက် ၇-နာရီ ၄၅-မိနစ်တွင် မြန်မာလေကြောင်းပိုင် ဖော်ကာဖရင်းရှစ် F-28 အမျိုးအစား လေယာဉ်ခရီးစဉ်အမှတ်-UB221ဖြင့် မင်္ဂလာဒုံ လေဆိပ်မှ ထွက်ခွာကြသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ (ဒေသ အချိန်) ၉-နာရီ ၁၅-မိနစ်မှာ ရောက်သွားကြသည်။ လေယာဉ်ပြောင်းစီး ကြရမည်ဖြစ်လို့ ခရီးဆောင်အိတ်တွေကို ထုတ်ယူကြသည်။ အင်္ဂလားဒေ့ရှ် လေကြောင်းပိုင် ဘီမန်း လေယာဉ်လတ်မှတ်တွေ ထုတ်ယူကြသည်။

ဘန်ကောက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒက္ကာသို့ ထွက်မည့်လေယာဉ်သည် ညနေ ၄-နာရီမှ ထွက်မည်ဖြစ်လို့ ဒုန်မောင်း နိုင်ငံတကာလေဆိပ်ကြီးထဲမှာ တစ်နေကုန် နေကြရသည်။ နံနက်စာကို ဖြစ်သလိုစားလိုက်ကြသည်။ ရန်ကုန်က ပါလာသည့် ၆၂-ဒေါ်လာထဲက ၂ဒေါ်လာဖိုး စားကြခြင်း ဖြစ်သည်။ စားပြီးတော့ ကိုယ့်အထုပ်ကလေး တွေကိုယ်ခေါင်းအုံးပြီး လဲလျောင်း အနားယူ နေကြသည်။

ကိုအဏ္ဏဝါကတော့ ဘန်ကောက် လေဆိပ်ကြီးရဲ့ ကြီးကျယ်သားနားမှုတွေကို လိုက်ကြည့်နေသည်။ ဒီလေဆိပ်ကြီး စဖွင့်ပြီး မကြာမီ အချိန်မှာ ကိုအဏ္ဏဝါ ပထမအခေါက်အနေဖြင့် ရောက်ခဲ့ပြီး ဖြစ်သည်။ ယခု စတုတ္ထအကြိမ်မြောက် ရောက်ခြင်း ဖြစ်သည်။ ရောက်တိုင်းလည်း ကြည့်မဝ ရှုမဝ ဖြစ်ခဲ့သည်။ ခိုင်ခံ့လှပသည့် ခေတ်မီ ဗိသုကာ လက်ရာဖြင့် ဆောက်လုပ်ထားသည့်၊ ဆန်းသစ် တီထွင်ထားသည့် အပြင်အဆင်တွေဖြင့် ဖွဲ့စည်းထားသည်။ သန့်ပြန့် မွှေးကြိုင်နေသည့် ဝန်ဆောင်မှုဖြင့် ဆွဲဆောင်နေသည်။ အမှတ်တရ ပစ္စည်း အရောင်းဆိုင်ကြီးတွေ အခွန်လွတ် အရောင်းဆိုင်ကြီးတွေနှင့် သန့်ပြန့် ပူနွေးသည့် စားသောက်ဆိုင်တွေကို ကြည့်ပြီး အားကျနေမိပါသည်။

http://www.linhtet.com



မိမိတို့နိုင်ငံက လေဆိပ်ကိုလည်း ဒီလို လေဆိပ်ကြီး ဖြစ်စေချင်သည်။ မိမိတို့နိုင်ငံ လေဆိပ်က အခွန်လွတ် အရောင်းဆိုင်သည် ပါတီကောင်စီခေတ်က ပဒုမ္မာအရောင်းဆိုင် အဆင့်သာ ရှိသေးလို့ အားမရဖြစ်မိပါသည်။

ဒေသအချိန် ညနေ ၄-နာရီ ၁၀-မိနစ် (မြန်မာစံတော်ချိန် ၃-နာရီ မိနစ်-၄၀ အချိန်) တွင် ဘီမန်း BIMAN လေယာဉ်ခရီးစဉ်အမှတ် BG-081 ဖြင့် ဘန်ကောက်မှ ထွက်ခွာကြသည်။ ဘင်္ဂလားဒေ့ချ် လေယာဉ်မယ်တွေ ချောကြပါသည်။ ရိုးရာဝတ်စုံတွေ ဖြစ်သည့် ဆာဒီတွေ ဝတ်ထားကြလို့ ကြည့်ရတာ အဆင်မပြေ ဖြစ်နေသည်။ ကိုအဏ္ဏဝါကတော့ စိတ်စွမ်းအင်ဖြင့် ဆာဒီတွေကို ဖယ်ပြီးကြည့်သည်။ ဒီတော့မှ ရင်ခုန်သွားသည်။ အားလုံး လှကြပါသည်။ လှလို့လည်း လေယာဉ်မယ်ဖြစ်တာပေါ့လို့ တွေးမိသည်။ ဇနီးမဖြူတုတ်နဲ့ ခွဲလာတာ နာရီပိုင်းပဲ ရှိသေးတယ်နော်ဟု မိမိကိုယ်မိမိ သတိပေးလိုက်သည်။

ကိုအဏ္ဏဝါတို့ကို တင်ဆောင်လာသည့် ဘိုရင်း ၇၄၇ လေယာဉ်ကြီးသည် ပေတစ်သောင်းကျော် အမြင့်မှ ပျံသန်းနေပြီ ဖြစ်သည်။ ဘင်္ဂလားဒေ့ချ်နိုင်ငံ မြို့တော်ဒက္ကာကို ရောက်သည်အထိ လေယာဉ်ပျံသန်းချိန် ၂-နာရီနှင့် ၄၅-မိနစ်ကြာမည်ဟု လေယာဉ်မယ်က ကြေညာသည်။ လေယာဉ်ပေါ်မှာ ညစာကျွေးပါသည်။ ထမင်းနှင့် ဆိတ်သားဟင်း၊ ခရမ်းချဉ်သီးနှင့် ဆလပ် ဖြစ်သည်။ ဆန်က ဒေ့မထအုပ်စုဝင် ဇီယာဖြစ်လို့ ထမင်းက မာခလောက်ကြီး ဖြစ်နေသည်။ ဇီယာဆန်ဖြင့် ချက်ထားသည့် ထမင်းကို ဆန္ဒင်း ဆိုးထားလိုက်သေးသည်။ လေယာဉ်မယ်တွေ ချောသလောက် ထမင်းက အရုပ်ဆိုးနေသည်။ ကိုအဏ္ဏဝါက ပေါ်ဆန်းမွှေးရှယ် ထမင်းနှင့် ဝက်သားဟင်းကို စားချင်သည်။ ဘင်္ဂလားဒေ့ချ် လေယာဉ်ပေါ်မှာတော့ ဒါမျိုးက ဘယ်ရနိုင်ပါ့မလဲဟု တွေးမိသည်။

ကိုအဏ္ဏဝါတို့ရဲ့ ထိုင်ခုံရှေ့တည်တည့်က အလျား ၄-ပေ၊ အနံ ၃-ပေမျှ ကြီးသော တီဗွီမှန်သားပြင်မှာ ကမ္ဘာ့မြေပုံကြီး ပေါ်နေသည်။ ကိုအဏ္ဏဝါတို့ စီးလာသည့် လေယာဉ်ပျံကြီး မြေပုံပေါ်မှာ တရွေ့ရွေ့သွားနေပုံကို မြင်နေရသည်။ မြန်မာစံတော်ချိန် ၄-နာရီ ၄၀-မိနစ် အချိန်မှာ

http://www.linhtet.com



မြန်မာနိုင်ငံ ရန်ကုန်မြို့ပေါ်ကို ဖြတ်ကျော် ပျံသန်းသည်။ မဖြူတုတ်ရေ… နင့်လင်ကြီး ရှာဖို့ဖွေဖို့ သွားပြန်ပြီကွဲ့လို့ စိတ်ထဲက လက်ပြ နှုတ်ဆက်လိုက်ပါသည်။

ညနေ ၅-နာရီ ၄၅-မိနစ်မှာ ဘင်္ဂလားဒေ့ချ်နိုင်ငံ မြို့တော် ဒက္ကာလေဆိပ်ကို ရောက်သည်။ ဥရောပကိုသွားမည့် လေယာဉ် ပြောင်းစီး ရဦးမည်ဖြစ်သည်။ ၁၉၈၅-ခုနှစ် ပိုသီးတိုးကုမ္ပဏီကို သွားရန် ပြင်သစ် နိုင်ငံသို့ သွားခဲ့စဉ်ကလည်း ဒီခရီးစဉ်အတိုင်းပင် ဖြစ်သည်။ အဲဒီတုန်းက ဒက္ကာလေဆိပ်က အမျိုးသမီး ပြောသည့် အင်္ဂလိပ် စကားတွေကို နားမလည်လို့ ဘိုဆင်ဦးမောင်ဟန်၏ အကူအညီဖြင့် ကိစ္စပြီးခဲ့သည်။ ဦးမောင်ဟန်က စာသာ မဘက်သော်လည်း ဘာသာစကား ဆယ်မျိုး လောက်ကို ပြောနိုင်သူဖြစ်သည်။ ကုလားလူမျိုးဖြစ်လို့ ကုလားစကား ချည်း သုံးမျိုးလောက် တတ်သည်။ အင်္ဂလိပ်စကား ပြောလျှင် လူကိုသာ မမြင်ရလို့ကတော့ ချားလ်မင်းသားကိုယ်တိုင် ပြောနေသလားဟု ထင်ရ လောက်အောင် လေယူလေသိမ်း ကောင်းသူဖြစ်သည်။

အဲဒီတုန်းက အတွေ့အကြုံအရ ဒက္ကာမှ ဥရောပကို သွားမည့် လေယာဉ်ကို ပြောင်းစီးရမည်။ အိန္ဒိယနိုင်ငံ ဘုံဘေလေဆိပ်ကို ခဏဆင်း မည်။ ခရီးသည် အတင်အချ လုပ်မည်။ လေယာဉ်ပေါ်ကနေ ဆင်းပြီး လေဆိပ်ထဲမှာ ဝယ်ချင်တာ ဝယ်နိုင်သည်။ စားချင်တာ ဝယ်စားနိုင် သည်။ နာရီဝက်ခန့် အချိန်ရမည် ဖြစ်သည်။ ဘုံဘေမှ ဆက်ထွက်မည်။ ဂရိနိုင်ငံ အေသင်မြို့ကိုရောက်မှ ခရီးဆောင်အိတ်တွေကို ထုတ်ယူရ မည်ဖြစ်သည်။ လေဆိပ်က စာရေးမ ပြောမည့်စကားတွေက ဒါတွေပဲ ဖြစ်မည်။ သူပြောသည့် အင်္ဂလိပ်စကားတွေကို နားမလည် သော်လည်း ကိစ္စမရှိ။ ရမ်းကြိတ်လို့ရသည်။ အင်္ဂလိပ်စကားကို အထိုက်အလျောက် နားလည်မည့် အင်ဂျင်နီယာ ကိုခင်မောင်ညွန့်ကိုပါ ခေါ်သွားပြီး ကောင် တာမှာ လေယာဉ်လက်မှတ် သွားထုတ်ကြသည်။

ကိုအဏ္ဏဝါ ထင်ထားသည့်အတိုင်းပင် ဖြစ်သည်။ ဘင်္ဂါလီကုလား သံဖြင့်ပြောသည့် စာရေးမ၏ အင်္ဂလိပ်စကားတွေကို ကိုအဏ္ဏဝါ နားလည် တယ် ဆိုပြီး ကိုခင်မောင်ညွန့်က ကိုအဏ္ဏဝါကို အထင်ကြီးသွားသည်။

http://www.linhtet.com



ကိုအဏ္ဏဝါကလည်း အထင်ကြီးခံချင်လို့ ရင်ကော့ပြီး လမ်းလျှောက်ပြလိုက်သည်။

ည ၉-နာရီ ၄၅-မိနစ် (မြန်မာအချိန် ၁၀-နာရီ ၁၅-မိနစ်)မှာ ဘိုးရင်း-၇၄၇ လေယာဉ်ကြီးဖြင့်ပင် ဒက္ကာမှ ထွက်ခွာကြသည်။ ဥရောပ ခရီးစဉ်ဖြစ်လို့ ခရီးသည်ပိုများသည်။ ဆာဒီဝတ် လေယာဉ်မယ်တွေလည်း ပိုများသည်။ ဗီယာဆန်ထမင်းဖြင့် ညစာ ကျွေးပြန်သည်။ အမဲသား မစားသူအတွက် ပုစွန် ကျွေးသော်လည်း လေယာဉ်မယ်က အမဲသား စားပါသလားလို့ မေးတာကို နားမလည်ဘဲ ယက်စ်လို့ ပြောလိုက်မိသည့်အတွက် အမဲသား စားလိုက်ရသည်။ ဝက်သား စားချင်ပါတယ်ဆိုမှ အဆင်ကိုမပြေ ဖြစ်နေသည်။ စားကောင်း သောက်ကောင်းအဖြစ် အရက်ပြင်းကို မပေးဘဲ ဝိုင်နှင့်ဘီယာတွေသာ ပေးသည်။ အရက်ပြင်း သောက်သူ၊ အထာသိသူတွေကတော့ လေယာဉ်မယ်ကို ခလုတ်နှိပ်ခေါ်ယူပြီး တောင်းသောက်ကြသည်။ ကိုအဏ္ဏဝါတို့ကတော့ မပြောတတ် မဆိုတတ်လို့ ပေးတာကိုပဲ နှိပ်လိုက်တော့သည်။

လေယာဉ်ကြီးသည် ပေနှစ်သောင်းကျော် အမြင့်က တအိအိ ပျံသန်းနေသည်။ အရှေ့မှ အနောက်ကို သွားနေတာဖြစ်လို့ အမှောင်ထုထဲကို တိုးဝင်သလို ဖြစ်နေသည်။ နာရီတွေ နောက်ပြန်ဆုတ်နေသည်။ ကိုအဏ္ဏဝါကတော့ လက်ကနာရီကို မတိုက်တော့ဘဲ မြန်မာစံတော်ချိန်အတိုင်းပဲ ထားသည်။ လေယာဉ်ပျံသန်းချိန် ၂-နာရီ တိတိ ကြာပြီးသော အခါ အိန္ဒိယနိုင်ငံ ဘုံဘေလေဆိပ်ကို ဆင်းသည်။ ကိုအဏ္ဏဝါ၏ ဘေးနားက ကုလားမကြီး ဘုံဘေမှာ ဆင်းသည်။ အပျင်းပြေ သဘောဖြင့် ကိုအဏ္ဏဝါတို့ပါ လိုက်ဆင်းကြပြီး လေဆိပ်ကြီးကို လျှောက်ကြည့်ကြသည်။ အပြင်ကို ထွက်ခွင့် မရှိလို့ အနီးအနားက ဆိုင်တွေမှာပဲ လိုချင်တာ ဝယ်ကြသည်။ စားချင်တာ ဝယ်စားကြသည်။ နာရီဝက်ခန့် အကြာမှာ အခြားခရီးသည်တွေနှင့်အတူ လေယာဉ်ပေါ် ပြန်တက်ခဲ့ကြသည်။

လေယာဉ်ပေါ်ရောက်ပြီး နာရီဝက်လောက်အကြာမှာ ဘုံဘေမှ ထွက်သည်။ ဘေးနားက ထိုင်ခုံမှာ ခရီးသည်မရှိလို့ ထိုင်ခုံလက်တန်း

http://www.linhtet.com



ကို ခေါက်ပြီး လှဲအိပ်ချလိုက်သည်။ တစ်ညလုံး မောင်းနေတော့သည်။ နာရီတွေ နောက်ပြန် ဆုတ်နေလို့ မိုးမလင်းနိုင် ဖြစ်နေသည်။ လေယာဉ် ထိုင်ခုံ နှစ်လုံးပေါ်မှာ ခွေပြီး အိပ်လိုက်ရာ နှစ်နှစ်ခြိုက်ခြိုက် တစ်ရေး အိပ်ပျော်သွားသည်။ အိပ်ရာက နိုးလာတော့လည်း မိုးမလင်းသေး ဖြစ်နေသည်။ ပြန်အိပ်တော့လည်း အိပ်မပျော်တော့လို့ ထိုင်နေလိုက်တော့သည်။

မိမိထိုင်ခုံ ရှေ့တည့်တည့်က ပေ ၂၀-လောက်အကွာမှာ ရှိသည့် ရုပ်မြင်သံကြား မှန်သားပြင်ကြီးပေါ်က ကမ္ဘာ့မြေပုံကြီးပေါ်မှာ တရွေ့ရွေ့ သွားနေသည့် မိမိတို့ စီးလိုက်လာသည့် လေယာဉ်ပုံလေးသည် မြေထဲ ပင်လယ်ကို ဖြတ်ကျော်ပျံသန်းနေတာ တွေ့ရသည်။ မကြာမီအချိန် အတွင်းမှာ ဂရိနိုင်ငံ အေသင်မြို့ လေဆိပ်ကို ဆင်းသက်တော့မည် ဆိုတာကို သိနိုင်သည်။

ဒေသအချိန် ဇွန်လ ၅-ရက်နေ့ နံနက် အရုဏ်တက် ၄-နာရီ အချိန်မှာ ဂရိနိုင်ငံ အေသင်မြို့ လေဆိပ်ကို ရောက်ပြီး လေယာဉ်ကြီး ဆင်းသက်လိုက်ပါသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောသား ငါးယောက်နှင့် အတူ ခရီးသည် တချို့ လေယာဉ်ပေါ်က ဆင်းကြပါသည်။

❐

http://www.linhtet.com

[ ၅၆ ]

# ဒုတိယမွိ ဂရိလိုင်း သင်္ဘောသား အဏ္ဏဝါ

လေယာဉ်ပေါ်မှာတုန်းကတော့ အပူအအေးကို မျှတအောင် ချိန်ပေး ထားလို့ ပူမှန်းမသိ အေးမှန်းလည်း မသိဘဲ ထိုင်လိုက်လာခဲ့သည်။ လေယာဉ်ပေါ်က ဆင်းလိုက်တော့မှ အေသင်မြို့က စိမ့်ခနဲ အေးသွား အောင် ကြိုဆိုလိုက်သည်။ အအေး ဒီဂရီက တဖြည်းဖြည်း တက်လာ သည်။ ခိုက်ခိုက်တုန်လာလို့ လေဆိပ်ထဲကို ပြေးဝင်လိုက်တော့မှ နွေး သွားသည်။

## နပဗရှန်းကုမ္ပဏီ

ကိုအဏ္ဏဝါတို့ ငါးယောက်သည် လူဝင်မှု ကြီးကြပ်ရေးနှင့် အကောက်ခွန်တွေကို ဖြတ်သန်းကြသည်။ နပဗရှန်း သင်္ဘောကုမ္ပဏီက သင်္ဘောသား ငါးယောက် ပါလာမည်ဆိုသည့် အကြောင်းကို သင်္ဘော ကုမ္ပဏီက အကြောင်းကြားစာ ပို့ထားတာဖြစ်မည်။ အစစ်အမေး မရှိဘဲ ပြည်ဝင်ခွင့်ပြုလိုက်သည်။ သင်္ဘောကုမ္ပဏီက လာခေါ်မည့်သူ မရှိသေး လို့ ခရီးသည်များ နားနေခန်း ARRIVAL မှာပင် ထိုင်နေကြရသည်။

http://www.linhtet.com



နံနက် ၆-နာရီထိုးတော့မည် ဖြစ်လို့ အလင်းရောင် ပေါ်လာပြီ ဖြစ်သည်။ သင်္ဘောကုမ္ပဏီက လာခေါ်မည့်သူက ရောက်မလာသေး ဖြစ်နေသည်။ ကိုအဏ္ဏဝါသည် ပိုသီးတိုး ကုမ္ပဏီပိုင် အက်ပိုကေတီ သင်္ဘောမှာ အတူလုပ်ခဲ့ဖူးသည့် သူဆရာ ကပ္ပိတန် ကန်ပါးနစ်ကို သတိရလာသည်။ ဖုန်းဆက်ပြီး နှုတ်ဆက်ဂါရဝပြုရန်အတွက် ဂရိပိုက်ဆံ အကြွေစေ့လဲလိုက်သည်။ ကပ္ပိတန်ကန်ပါးနစ်၏ ဖုန်းကို ခေါ်လိုက်သည်။ အင်္ဂလိပ် စကား မပြောတတ်သည့် ကလေးတစ်ယောက်က ဖုန်းလာ ကိုင်သည်။

"ဟိုးလား"

"ဟလို…ကပ္ပိတန်နဲ့ ပြောပါရစေ"

တယ်လီဖုန်း ကိုင်ထားသည့် ကလေးသည် အင်္ဂလိပ်စကားကို နားမလည်လို့ သူ့မိခင်ကို လှမ်းခေါ်နေသည့်အသံကို (မာမာ၊ မာမာ) လို့ ကြားနေရသည်။ မကြာမီ သူ့မိခင် ဖုန်းလာကိုင်သည်။ သူ့မိခင်သည် လည်း အင်္ဂလိပ်စကားကို ကောင်းစွာ မပြောနိုင် ဖြစ်နေသည်။ ကိုအဏ္ဏဝါ က အင်ပိုကေတီသင်္ဘောမှာ အတူလုပ်ခဲ့ကြသည့် ရေဒီယို အော်ပရေတာ ဖြစ်ကြောင်း ပြောပြသည်။ ကပ္ပိတန် ရှိပါသလားဟု မေးသည်။ အမျိုး သမီးက အင်္ဂလိပ်လို No ဟု ပြောသည်။ ကပ္ပိတန် သင်္ဘောထွက်သွားပြီ CAPTAIN SAILING ဟု အင်္ဂလိပ်လို ကြိုးစားပြီး ပြောသည်။ ဘယ်ကုမ္ပဏီပိုင်၊ ဘယ်သင်္ဘောကို ဘယ်တုန်းက တက်သွားပါသလဲဟု မေးလိုပါသော်လည်း နားလည်မည်မထင်လို့ နှုတ်ဆက်ပြီး ဖုန်း ချလိုက် ပါသည်။

နံနက် ၇-နာရီတွင် သင်္ဘောကုမ္ပဏီက ခေါ်မည့်သူ ရောက်လာပါ သည်။ သူ့မှာပါလာသည့် စာရွက်ပေါ်က နာမည်တွေနှင့် ကိုအဏ္ဏဝါတို့ နာမည်တွေ တူသလား စစ်ဆေးပြီးမှ သူ့နောက်က လိုက်ခဲ့ရန် ခေါ်သွား ပါသည်။ လေဆိပ်အပြင်မှာ ရပ်ထားသည့် သူ့ကားပေါ်တက်ခိုင်းပြီး မောင်း ထွက်ခဲ့ပါသည်။

အေသင်မြို့ အပြင်ကို ရောက်လာသည်။ ကားလမ်းသည် ကွေ့ ကောက်နေသည့်အတွက် မြေထဲပင်လယ်သည် ပေါ်လာလိုက်၊ ပျောက်

http://www.linhtet.com



သွားလိုက် ဖြစ်နေသည်။ အေသင်မြို့မှ သင်္ဘောကုမ္ပဏီရုံးရှိရာ ပီရေ့စ်မြို့ကို သွားနေခြင်း ဖြစ်မည်ဟု တွေးမိသည်။ မကြာမီပင် ပီရေ့စ်မြို့ PIRAEUS ကို ရောက်သည်။ မြို့တော် အေသင်နှင့် ပီရေ့စ်မြို့သည် ရန်ကုန်မြို့နှင့် သန်လျင်လို အကွာအဝေး ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်။

ကိုအဏ္ဏဝါတို့ကို တင်ဆောင်လာသည့်ကားသည် ဟိုတယ်တစ်ခု၏ ရှေ့မှာ ရပ်လိုက်သည်။ ဟိုတယ်နာမည်ကို ဖတ်ကြည့်လိုက်သည်။ အိုင်ဒယ်လ်ဟိုတယ် IDEAL ဟု ရေးထားတာ တွေ့ရသည်။ ကိုအဏ္ဏဝါ ကိုခင်မောင်ညွန့်နှင့် ကိုသိန်းတစ်တို့ကို တစ်ယောက် တစ်ခန်းစီ နေရာချထားပေးသည်။ ကိုကျော်ဟိန်းနှင့် ကိုမြင့်သိန်းတို့ နှစ်ယောက်ကို တစ်ခန်းတည်းမှာ အတူနေစေသည်။ သင်္ဘောကုမ္ပဏီက ပုဂ္ဂိုလ်က ကိုအဏ္ဏဝါနှင့် ကိုခင်မောင်ညွန့်တို့ကို မှာကြားသည်။

“နံနက်စာ၊ နေ့လယ်စာနှင့် ညစာကို ဟိုတယ်မှာ စားပါ။ ဘီယာ၊ အရက်သောက်လျှင် ကိုယ့်ပိုက်ဆံနဲ့ ဝယ်သောက်ပါ။ နားလည်ပါသလား”

ကိုအဏ္ဏဝါတို့က နားလည်ကြောင်း ခေါင်းညိတ်ပြလိုက်ပါသည်။ ထိုပုဂ္ဂိုလ်သည် ကိုအဏ္ဏဝါတို့ကို ဟိုတယ်မှာထားခဲ့ပြီး ထွက်ခွာသွားပါသည်။ ခရီး ပန်းလာကြသည့်အပြင် အိပ်ရေးပျက်လာကြသဖြင့် အိပ်ပျော်သွားကြသည်။ နေ့လယ် ၁၂-နာရီကျော်မှာ ထမင်း ဆာနေကြသည့် ကိုကျော်ဟိန်းနှင့် ကိုမြင့်သိန်းတို့က ကိုအဏ္ဏဝါတို့ အခန်း တံခါးတွေကို လိုက်ခေါက်ပြီး နှိုးလို့ ထလိုက်ကြရသည်။

ရေချိုး အဝတ်အစားလဲပြီး ဟိုတယ်စားသောက်ခန်းကို သွားကြသည်။ ငါးဒေါ်လာတန် ဂရိ ဝီစကီတစ်လုံး ဝယ်ပြီး သောက်ကြသည်။ တစ်ယောက်ကို တစ်ဒေါ်လာ ပေးကြရမည်ဟု ပြောလိုက်သည်။ အရက်သောက်ကြပြီးမှ ထမင်းစားကြသည်။

ထမင်းစားပြီးလို့ အနားယူမည် လုပ်နေစဉ် သင်္ဘောကုမ္ပဏီက ပုဂ္ဂိုလ် တစ်ကျော့ ပြန်ရောက်လာသည်။ ကိုအဏ္ဏဝါနှင့် ကိုခင်မောင်ညွန့်တို့ကို ကုမ္ပဏီမန်နေဂျာက တွေ့လိုကြောင်း လာပြောသည်။ သူနဲ့ တစ်ပါတည်း လိုက်ခဲ့ရန် ခေါ်သည်။ ကိုအဏ္ဏဝါသည် အိပ်ခန်းကို ခဏပြန်ပြီး လိုအပ်မည်ထင်သည့် စာရွက်စာတမ်းတွေကို အတာချီကျေ့စ် ထဲထည့်ပြီး ယူဆောင်သည်။ ထိုပုဂ္ဂိုလ်နောက်ကို လိုက်သွားကြသည်။

http://www.linhtet.com



နဗရွန်း NAVARONE သင်္ဘောကုမ္ပဏီ တည်ရှိရာ အမှတ် ၆, LOUDOVIKOU SQ, GR 18531 ကို ရောက်သောအခါ လာခေါ်သည့် ပုဂ္ဂိုလ်က ဦးဆောင်ပြီး မန်နေဂျာ၏ အခန်းကို သွားကြသည်။ မန်နေဂျာက ကိုအဏ္ဏဝါတို့ နှစ်ယောက်ကို လက်ဆွဲ နှုတ်ဆက်ပါသည်။ သူ့စားပွဲရှေ့က ကုလားထိုင်တွေမှာ ထိုင်ခိုင်းပါသည်။

"ကြိုဆိုပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ဘယ်လိုလဲ၊ လေယာဉ်အကြာကြီးစီးလာကြတော့ ပင်ပန်းကြမှာပေါ့"

"သိပ်ပြီး မပင်ပန်းပါဘူးခင်ဗျာ၊ မနက်က နည်းနည်း အိပ်လိုက်ရပါသေးတယ်"

"ရေမြင်းဟာ ပိုလန်နိုင်ငံက ထွက်ခွာလာနေပါပြီ။ ၇-ရက်နေ့ဆိုတော့ သန်ဘက်ခါပေါ့၊ ဒီဆိပ်ကမ်းကို ရောက်မယ်၊ နက်ဖြန် ၁-ရက် ဟိုတယ်မှာ နားလိုက်ကြပါဦး၊ သန်ဘက်ခါ မနက်ကျမှ သင်္ဘောကို သွားကြမယ်။ ကျွန်တော် လာခေါ်မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သူပြောသည့် စကားထဲက ရေမြင်းဆိုတာ သင်္ဘောနာမည် MV.SEAHORSE ကို ပြောခြင်း ဖြစ်သည်။

ကိုအဏ္ဏဝါသည် မန်နေဂျာကို နာမည် မသိသော်လည်း ရုပ်လက္ခဏာကို အကဲခတ်ကြည့်သည်။ ဂရိလူမျိုးဖြစ်လို့ ရုပ်သန့်သန့် ထောင်ထောင်မောင်းမောင်း ရိုးကြီး ခေါင်းပွ ဖြစ်သည်။ စကားပြောတာ ချိုသာ ရည်မွန်သည်။ အောင်မြင်သည့် စီးပွားရေးသမားတို့၏ စရိုက်လက္ခဏာကို သူ၏ ကိုယ်အမူအရာ နှုတ်အမူအရာတွေမှာ တွေ့ရသည်။

မန်နေဂျာက မြန်မာ သင်္ဘောသားတွေကို သဘောကျကြောင်း ပြောပြီးတော့မှ ကိုအဏ္ဏဝါတို့ကို အလုပ်ကြိုးစားလုပ်ကြပါရန် မေတ္တာရပ်ခံသည်။ ကိုအဏ္ဏဝါတို့ကလည်း အရှင့် အမှုတော်ကို ဦးဆံဆွေးမြည့် ထမ်းဆောင်ပါမည်ဟု ကတိ ပေးလိုက်ကြပါသည်။ အမှန်တော့ မန်နေဂျာသည် ကိုအဏ္ဏဝါတို့ နှစ်ယောက်ဟာ ခိုင်းကောင်းမည့် ရုပ်တွေ ဟုတ်

http://www.linhtet.com



မဟုတ် ခေါ်ကြည့်ခြင်းသာ ဖြစ်သည်။ မန်နေဂျာကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။ မောက်မောက်မာမာ မဆက်ဆံသည့်အတွက် ဝမ်းသာကြသည်။



၅-၆-၈၇ နေ့ နံနက်မှာ သဘော်ပိုင်ရှင်က တွေ့ချင်သည်ဆိုလို့
ကိုခင်မောင်ညွှန့်နှင့် ကိုအဏ္ဏဝါတို့ သွားကြရသည်။

ဟိုတယ်က ကျွေးသည့် ညစာ စားပြီးကြသောအခါ မြို့ထဲ လျှောက်လည်ကြသည်။ လူစည်ကားရာ မြို့လယ်ကောင် တစ်နေရာက ရုပ်ရှင်ရုံ တစ်ရုံမှာ အပျင်းပြေ ဝင်ကြည့်ကြသည်။ ရုပ်ရှင်ကြည့် ပရိသတ်ထဲမှာ အမျိုးသမီးတွေလည်း တွေ့ရသည်။ အတော် ညည့်နက်မှ ဟိုတယ်ကို ပြန်ရောက်ကြသည်။

## အက္ကရိုပိုလစ် ကုန်းမြင့်ပေါ်က ပါသီနွန် နတ်ဘုရားကျောင်း

၆-ရက်နေ့မှာ ကိုအဏ္ဏဝါတို့ ငါးယောက်သည် ဗဟုသုတ အလို့ငှာ လျှောက်လည်ကြသည်။ ပီရေ့စ်မြို့မှ မဝေးလှသည့် အေသင် မြို့တော်သို့ ရထားစီးပြီး သွားကြသည်။ အမြန်ရထားတွေ နာရီဝက်

http://www.linhtet.com



တစ်စီး ခုတ်မောင်းနေသည်။ အေသင်ဘူတာကြီးမှ အငှားယာဉ်ဖြင့် ပါသီနွန် နတ်ဘုရားကျောင်းရှိရာ အက္ခရိုပိုလစ် တောင်ကုန်းသို့ သွားကြသည်။ တောင်ခြေမှာ ကားရပ်ပေးပါသည်။



ဂရိနိုင်ငံ၊ အေသင်မြို့အက္ခရိုပိုလစ် တောင်ကုန်းပေါ်က ရှေးဟောင်း အဆောက်အဦများ

ပါသီနွန် ဘုရားကျောင်း တည်ရှိရာ တောင်ကုန်းသည် သိပ်ပြီး မမြင့်သည့် ကုန်းပြေပြေဖြစ်လို့ ခြေကျင်လျှောက် တက်ကြရသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ခန့်က ရှေးဟောင်း အဆောက်အဦတွေ ရှိသည့် နေရာဖြစ်လို့ မော်တော်ယာဉ်တွေကြောင့် ဖြစ်ပေါ်နိုင်သည့် တုန်ခါမှုနှင့် ကာဘွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေသည် ရှေးဟောင်း အဆောက်အဦတွေကို ပျက်စီးစေနိုင်သည့်အတွက် မည်သည့် ယာဉ် ရထားမျှ တောင်ကုန်းပေါ်ကို တက်ခွင့်မပြုဟု သိရသည်။

ယာဉ်ရထားစီးပြီး တက်ခွင့်မပြုဆိုတော့လည်း ကမ္ဘာလှည့်ခရီးသည်တွေနှင့်အတူ ကိုအဏ္ဏဝါတို့ ငါးယောက်ပါ ခြေကျင် လျှောက်ပြီး

http://www.linhtet.com



တက်ကြပါသည်။ ကိုအဏ္ဏဝါကတော့ ခြေကျင်လျှောက်ပြီး တက်ရတာကို ပိုပြီးသဘောကျသည်။ အညောင်းလည်းပြေသည်။ လမ်းတစ်လျှောက် ဘေးဝဲယာမှာရှိသည့် ရှုခင်းမြင်ကွင်းတွေကို ကြည့်သွားလို့ရသည်။

လက်ယာဘက် အနိမ့်ပိုင်းမှာ လူသတ်ကွင်း ပွဲကြည့်စင်ဟောင်းကြီးကို တွေ့ရသည်။ ဒီသတ်ကွင်းကြီးထဲမှာ လူအချင်းချင်း ထိုးခုတ်သတ်ခဲ့ကြသည်။ လူနှင့် တိရစ္ဆာန်တို့ သူနိုင်ကိုယ်နိုင် သတ်ခဲ့ကြသည်။ ရောမခေတ်ကတော့ ဒီလူသတ်ကွင်းကို အရီးနား ARENA လို့ ခေါ်သည်။ ဂရိမှာတော့ ဘယ်လို ခေါ်သည် မသိ။ သတ်ကွင်းကြီး၏ ပုံသဏ္ဍာန်သည် မိုးဗြဲဒယ်ကြီးကို အလယ်တည့်တည့်က တစ်ခြမ်း ခွဲထားသည့်ပုံ တွေ့ရသည်။ မိုးဗြဲဒယ်ကြီးရဲ့ နှုတ်ခမ်းပေါ်မှာ ကျောက်သားထိုင်ခုံတွေက မြင့်ရာမှ နိမ့်ရာသို့ အဆင့်ဆင့် အစီအရီ တည်ရှိနေသည်။ သာမန် ပြည်သူတွေ အတွက် ပွဲကြည့်စင် ဖြစ်မည်။



၆-၆-၈၇ နေ့မှာ အေသင်မြို့က ပါသီနွန် နတ်ဘုရားကျောင်း
တောင်ကုန်းပေါ်ကို သွားလည်ကြသည်

အဏ္ဏဝါစာပေ

http://www.linhtet.com



မိုးဗြဲဒယ်ကြီး သဏ္ဍာန်ရဲ့ အလယ်တည့်တည့်၏ တစ်ဖက်ခြမ်းမှာတော့ အထူးတန်း ပွဲကြည့်စင်ရှိသည်။ ဘုရင်၊ မိဖုရား၊ သားတော်သမီးတော်များနှင့် ဆွေတော်မျိုးတော်များ၊ မင်းစိုးရာဇာများ ပွဲကြည့်နေရာဖြစ်မည်။ ကျောက်သားဖြင့် အခိုင်အမာ အလှအပ တည်ဆောက် ထားသော ပွဲကြည့်စင် အဆောက်အဦ ဖြစ်သည်။ ပွဲကြည့်စင်၏ အောက်မှာ သံတံခါးကြီးများဖြင့် အခိုင်အမာ တည်ဆောက်ထားသည့် အခန်းတွေ ရှိသည်။ သေဒဏ် ချမှတ်ထားသည့် အကျဉ်းသားတွေနှင့် ကျား၊ ခြင်္သေ့စသည့် သားရိုင်း တိရစ္ဆာန်တွေကို ခေတ္တ ချုပ်နှောင်ထားသည့် အခန်းတွေ ဖြစ်မည်။ ပွဲကြည့်စင်ကို ဘုရင်မင်းမြတ် ကြွရောက်လာတော့မှ အဲဒီအခန်းတွေထဲက လူတွေ၊ တိရစ္ဆာန်တွေကို ထုတ်ယူပြီး အချင်းချင်း သတ်ခိုင်းတာ ဖြစ်မည်။ နိုင်သူကို သေဒဏ်က လွတ်ငြိမ်း ချမ်းသာခွင့် ပေးမည့်အပြင် ဆုတော် လာဘ်တော်တွေ ရဦးမည်ဖြစ်လို့ သူသေကိုယ်သေ တိုက်ကြမည့် ပွဲကြီးပွဲကောင်းတွေ ကျင်းပခဲ့သည့် နေရာ ဖြစ်သည်။



ကိုအဏ္ဏဝါ၊ ကိုကျော်ဟိန်း၊ ကိုသိန်းတစ်၊ ကိုခင်မောင်ညွှန့်၊ ကိုမြင့်သိန်းတို့ ပါသီနွန် နတ်ကွန်းကို သွားလည်ကြသည်

http://www.linhtet.com



ကုန်းပေါ်ကို ရောက်လာတယ်ဆိုလျှင်ပဲ ရှေးဟောင်း အဆောက် အဦ ပျက်တွေကို စတင် တွေ့မြင်ရတော့သည်။ အဆောက်အဦတွေ အားလုံးမှာ အမိုးတွေ မရှိတော့ဘဲ ဘေးနံရံတွေသာ ရှိတော့သည်။ တချို့ အဆောက်အဦတွေမှာ တိုင်လုံးတွေသာ ကျန်တော့သည်။ ရောမ ခေတ်၊ ခေါမခေတ် လက်ရာ တိုင်လုံးတွေဖြစ်လို့ မတ်တတ် အလျား လိုက် မျော့ကြောင်းဖော် တိုင်လုံးတွေ ဖြစ်သည်။ ကျောက်ဖြူသားဖြင့်



အေသင်မြို့က အကွရိုပိုလစ်တောင်ကုန်းပေါ်မှာ အမှတ်တရ

တည်ဆောက်ထားသည့် ကာယာတိုက် CARYATIDE အဆောက် အဦက အမျိုးသမီး ခြောက်ယောက် ရွက်ထားသည့် လသာဆောင် (ပေါ်တီကိုကြီး) ပြိုကျတော့မလို ဖြစ်နေလို့ သံမဏိပိုက်လုံး သုံးချောင်း ဖြင့် ထောက်ကူ မပေးထားရသည်။

ကုလသမဂ္ဂ (ယူနစ္စကို)၏ ထိန်းသိမ်းစောင့်ရှောက်ခံ ရှေးဟောင်း အဆောက်အဦတွေဖြစ်လို့ မူရင်း လက်ရာမပျက် ထားရှိတာ တွေ့ရ သည်။ ရှေးဟောင်း အဆောက်အဦတွေကို အရှိအတိုင်းပဲ ထိန်းသိမ်း ထားသည်။ ကျိုးပဲ့နေသည့် နေရာတွေကတော့ဖြင့် ဒီပုံမျိုး ဖြစ်မှာပဲ

http://www.linhtet.com



ဆိုပြီး စိတ်အထင်ဖြင့် ဖြည့်စွက် အစားထိုး ပြုပြင်တာမျိုးကို ယူနစ္စကိုက လက်မခံဟု သိရသည်။ မူရင်း အခြေအနေမှ ပြိုကျပျက်စီး မသွားအောင်သာ ဖေးကူထောက်မ ထိန်းချုပ်ထားတာ တွေ့ရသည်။



ကာယာတိုက်လို့ ခေါ်သည့် ရှေးဟောင်း အဆောက်အဦ

ပါသီနွန် ဘုရားကျောင်းကြီးမှာလည်း အမိုးမရှိတော့ပါ။ အမိုးကို ထောက်မထားသည့် တိုင်လုံးကြီး ၄၆ လုံးသာ ကျန်ပါတော့သည်။ တိုင်လုံးကြီးတွေကို ယိုင်လဲကျမသွားအောင် အပေါ်က ထိန်းချုပ်ထားသည့် ချုပ်တန်းကြီးကျန်နေသေးသည်။ အဆောက်အဦရဲ့ အလယ်မှာ ပါသီနွန် နတ်ဘုရား သီတင်းသုံးရာ ဗိမာန် အပျက်အစီးတွေကို တွေ့ရသည်။

ပါသီနွန် ဘုရားကျောင်း ပတ်ဝန်းကျင်မှာ အဆောက်အဦ မျိုးစုံထံမှ ပြိုကျပြန့်ကျဲနေသည့် ကျောက်တုံး ကျောက်သား အပိုင်းအစ

http://www.linhtet.com



တွေကိုလည်း ဒီအတိုင်းပဲ မူရင်းလက်ရာမပျက် ထားသည်။ အမြင် မတော်လို့ဆိုပြီး တစ်နေရာမှာ စုပုံထားတာမျိုး မလုပ်ဘဲထားသည်။ အဲဒီလို မူရင်း လက်ရာမပျက်ပြန့်ကျဲနေတာကိုက ကမ္ဘာလှည့် ခရီး သည်တွေကို စိတ်ဝင်စားစေပါသည်။

ကိုအဏ္ဏဝါသည် အကွ္ခရိုပိုလစ် တောင်ကုန်းပေါ်ကနေပြီး အေသင်မြို့ကြီးကို အပေါ်စီးက ကြည့်နေမိသည်။ ဂရိ တိုင်းပြည်နှင့် ဂရိ လူမျိုးတွေအကြောင်း စဉ်းစားနေမိသည်။ လွန်ခဲ့သည့်နှစ်ပေါင်း သုံးထောင်လောက်ကပင် ယဉ်ကျေးမှု ထိပ်တန်း ရောက်နေသည့် တိုင်းပြည်နှင့်လူမျိုးတွေ ဖြစ်သည်။ စာပေ၊ ပန်းချီ၊ ပန်းပုနှင့် ဗိသုကာ ပညာ အဆင့်မြင့်နေခဲ့ပြီဆိုတာ အကွ္ခရိုပိုလစ် ကုန်းပေါ်က အဆောက်အဦတွေက သက်သေခံနေပြီ ဖြစ်သည်။



အကွ္ခရိုပိုလစ်တောင်ကုန်းပေါ်က ပါသီနွန်နတ်ဘုရားကျောင်း

ဂရိနိုင်ငံသည် ဥရောပတိုက် တောင်ပိုင်းက မြေထဲပင်လယ် ကမ်းနဖူးမှာ တည်ရှိသောတိုင်းပြည် ဖြစ်သည်။ ၁၉၆၁-ခုနှစ်အထိ လူဦးရေ ရှစ်သန်းကျော်သာရှိသည်။ ၁၅ ရာစုအစပိုင်းလောက်မှာ တူရကီ

http://www.linhtet.com



လက်အောက်သို့ ကျရောက်သွားခဲ့ပြီး ၁၈၃၀-ခုနှစ်ကျမှ လွတ်မြောက်ခဲ့သည်။ လွတ်လပ်ရေး ရပြီးသော်လည်း ဆိုက်ပရပ်ကျွန်းကိစ္စ အငြင်းပွားနေကြဆဲပင် ရှိသေးသည်။ မြေဆီမြေသြဇာ ညံ့ဖျင်းသည်။ တစ်နိုင်ငံလုံးရဲ့ ၁၅ ရာခိုင်နှုန်းလောက်သာ စိုက်ပျိုးနိုင်သည်။ ဆန်စပါးနှင့် ဂျုံစသည့် စားသုံးသီးနှံတွေကို ပြည်ပမှ တင်သွင်းနေရသည်။ ပြည်ပပို့ကုန်အဖြစ် ဆေးရွက်ကြီး၊ သံလွင်ဆီ၊ သပျက်သီးခြောက် တို့လောက်သာ အဓိက ပို့နေရသည်။ သင်္ဘောလုပ်ငန်းသည် ဂရိနိုင်ငံ၏ အဓိကလုပ်ငန်း ဖြစ်သည်။

ကုန်းမြင့်ပေါ်မှ ပင်လယ်ကမ်းစပ်ကို လှမ်းကြည့်လိုက်တော့ ပိုဆီဒွန်နတ်ဘုရားကျောင်းကို လှမ်းမြင်ရသည်။ ပိုဆီဒွန် ဘုရားကျောင်းသည်လည်း အမိုးမရှိတော့ဘဲ တိုင်တွေကို ချုပ်ထားသည့် အပေါ်တန်းကြီးနှင့် တိုင်တွေသာ ကျန်တော့သည်။ ပိုဆီဒွန်နတ်သည် ပင်လယ်ကို စောင့်ရှောက်သော နတ်ဖြစ်လို့ ပင်လယ်ကမ်းစပ်မှာ နတ်ဘုရား



ပိုဆိုက်ဒွန် ရေနတ်ဘုရားကျောင်း

http://www.linhtet.com



ကျောင်းတည်ဆောက်ထားတာ ဖြစ်မည်။ မိမိတို့သည် သင်္ဘောသားတွေ ဖြစ်လို့ နတ်ဘုရားကျောင်းကို သွားကြည့်ကြမည်ဆိုပြီး ကုန်းမြင့်ပေါ်က ပြန်ဆင်းခဲ့ကြသည်။

မြေပြန့်ကို ရောက်လာသောအခါ လမ်းဘေးတွေမှာ ကမူလေးတွေ ပေါ်မှာ၊ ဟိုနေရာ ဒီနေရာတွေမှာ၊ နတ်ဘုရားကျောင်း (နတ်ကွန်း) ဘုစုခရုတွေ တွေ့သေးသည်။ အားလုံးသည် နှစ်ပေါင်းနှစ်ထောင်ကျော်က တည်ဆောက်ခဲ့တာတွေချည်း ဖြစ်သည်။

ပင်လယ်ကမ်းနဖူးပေါ်က ပိုဆီဒွန်ဘုရားကျောင်းသည် အလျားပေတစ်ရာ၊ အနံ ပေငါးဆယ်ခန့် ကျယ်သည်ဟု ထင်မိသည်။ အမိုးမရှိတော့သော်လည်း ကြမ်းခင်း အုတ်ခုံ ရှိနေသေးသည်။ ထိုးထိုးထောင်ထောင် မိုးတိုးမတ်တတ် ကျန်နေသေးသည့်တိုင်လုံးကြီး ၁၈ လုံး ရှိနေသေးသည်။ တိုင်လုံးကြီးတွေသည် ပါသီနွန် ကျောင်းတော်က တိုင်လုံးကြီး တွေကဲ့သို့ပင် ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသည်။ တိုင်လုံးတွေသည် ကျောက်သားတစ်ဆက်တည်း မဟုတ်ဘဲ အရွယ်တူ ကျောက်တိုင် အတိုပိုင်းတွေကို ဆက်ထားခြင်းဖြစ်သည်။ တစ်ဖြောင့်တည်း ညီနေအောင် လုပ်နိုင်သည့် ကျောက်ဆစ်ပညာက အံ့သြစရာ ကောင်းလှပါသည်။ ပိုဆီဒွန် ဘုရားကျောင်းရဲ့ တိုင်တွေမှာ ခရုခွံ၊ ကဏန်းခွံလေးတွေ ကျောက် ဖြစ်နေတာ တွေ့ရသဖြင့် ပိုဆီဒွန်ဘုရားကျောင်းသည် ရေအောက်ကို နှစ်ပေါင်းများစွာ ရောက်နေခဲ့သေးသည်ဟု ယူဆရပါသည်။

အက္ခရိုပိုလစ်မှ အေသင်ကို ပြန်ခဲ့ကြပါသည်။ အေသင် ဘူတာကြီးမှ ရထားစီးပြီး ပီးရေ့စ်မြို့က အိုင်ဒယ်လ် ဟိုတယ်ကို ပြန်ခဲ့ကြပါသည်။ ပင်ပန်းသွားကြသဖြင့် ညစာစားပြီးတာနဲ့ စောစော အိပ်လိုက်ကြပါသည်။

## MV.SEAHORSE/ELFK9

၇-ရက်နေ့ နံနက်မှာ သင်္ဘောကုမ္ပဏီက မန်နေဂျာ ဟိုတယ်ကို ရောက်လာသည်။ ကိုအဏ္ဏဝါတို့ကို လာခေါ်ခြင်းဖြစ်သည်။ မန်နေဂျာက

http://www.linhtet.com



ရေမြင်း SEAHORSE ရောက်နေပြီဟု ပြောသည်။ ခရီးဆောင်အိတ်တွေ သယ်ယူပြီး မန်နေဂျာခေါ်ရာ နောက်ကို လိုက်ခဲ့ကြသည်။

ဆိပ်ကမ်းမှာ အသင့်တွေ့ရသော မော်တော်ဘုတ်ကလေးပေါ် တက်လိုက်ကြပြီး ဆိပ်ကမ်းမှ ထွက်သည်။ ဆိပ်ကမ်းမှ ကြည့်လိုက်လျှင် ခပ်ဝေးဝေးမှာ ကျောက်ချ ရပ်နားထားသည့် သင်္ဘောကြီးတွေဆီကို ဦးတည်သွားနေသည်။ အဲဒီ သင်္ဘောကြီးတွေထဲက ရေမြင်းလို့ အမည်ပေးထားတဲ့ သင်္ဘောကြီးဆီကို သွားနေခြင်းဖြစ်သည်။

ကျောက်ချထားသည့် သင်္ဘောကြီးတွေနဲ့ နီးသည်ထက် နီးလာသောအခါ မော်တော်ဘုတ်ကလေး ဦးတည် ခုတ်မောင်းနေသည့် သင်္ဘောကြီး၏ အမည်စာလုံးကို ထင်ထင်ရှားရှား မြင်ရပြီ ဖြစ်သည်။ MV.SEAHORSE ဖြစ်သည်။ တန်ချိန် နှစ်သောင်းခန့် ရှိမည်ဟု ခန့်မှန်းရသည်။ မွန်ရိုးဗီးယားဖလက် (လိုက်ဗေးရီးယားအလံ) တင်ထားတာ တွေ့ရသည်။



ကိုအဏ္ဏဝါတို့ အမှုထမ်းရမည့် သင်္ဘောကြီး ရေမြင်း (နဗ်ဉ္စန) ကို အဝေးမှလှမ်းမြင်ရပုံ

ကိုအဏ္ဏဝါတို့ လိုက်ပါလာသည့် မော်တော်လေး သင်္ဘောကြီးဘေးနားကို ကပ်သွားသောအခါ သင်္ဘောကြီးပေါ်က လှေကားကြီး

တအီအီ ကျလာသည်။ သင်္ဘောကြီး၏ ကုန်းပတ်ပေါ်ကလည်း ကြိုဆိုနေသူတွေက ရပ်ကြည့်နေကြသည်။ လူသစ်တွေ လာပြီဟေ့လို့ မြန်မာလို အော်ပြောသံကိုလည်း ကြားလိုက်ရသည်။




ဆိပ်ကမ်းမှာကပ်ထားသည့် သင်္ဘောကြီး ရေမြင်း (နဝ်ဗျွန)

မန်နေဂျာနှင့် ကိုအဏ္ဏဝါတို့ ငါးယောက် မော်တော်ဘုတ်ကလေးပေါ်ကနေ သင်္ဘောကြီးက ချပေးသည့် လှေကားကြီးပေါ်ကို လှမ်းတက်လိုက်ကြသည်။ ခရီးဆောင်သေတ္တာ၊ အိတ်တွေကို ဆွဲပြီး လှေကားပေါ်ကို တစ်လှမ်းချင်း တက်သွားကြသည်။ ကိုအဏ္ဏဝါရဲ့ ရင်ထဲမှာ တစ်မျိုးကြီး ခံစားရသည်။ ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို ဖြစ်နေသည်။

ငါသည် အမေရိကန် ဒေါ်လာ ၉၀၀ မျှ လစာရသည့် အလုပ်ကို လုပ်ရန် နိုင်ငံခြား သင်္ဘောကြီးတစ်စီးပေါ်ကို တက်လာရပြန်ပြီဆိုသည့် အသိဖြင့် ဝမ်းသာသလိုလို ဖြစ်မိသော်လည်း တစ်စုံတစ်ခုကို တွေးမိပြီး ဝမ်းနည်းသလိုလို ဖြစ်သွားသည်။

http://www.linhtet.com



မိမိတိုင်းပြည်မှာ အိုးမကွာ အိမ်မကွာ ဂုဏ်သိက္ခာရှိသည့် စီးပွားရေးလုပ်ငန်းကိုလုပ်ပြီး အန္တရာယ်ကင်း ဘေးကင်း နေချင်သည်။ စာရေး၊ စာဖတ်၊ မရောက်ဖူးသေးတဲ့ အရပ်တွေကို လျှောက်သွား တရားထိုင် ဥပုသ်သီတင်း ဆောက်တည်ပြီး ဘဝရဲ့ လက်ကျန်ကာလကို ကုန်လွန်ချင်သည်။ အဲဒီလို နေနိုင်ဖို့ဆိုတာက စားဝတ်နေရေး ပြည့်စုံမှ ဖြစ်မည်။ စားဝတ်နေရေး ပြည့်စုံဖို့အတွက် ဘာလုပ်ရမလဲ။ ငါ့ ဘဝကတော့ သင်္ဘောပဲ လိုက်ရမှာပေါ့လေလို့ နားလည်လိုက်ပါသည်။

သင်္ဘောပေါ် ရောက်တယ်ဆိုလျှင်ပဲ ကပ္ပိတန်၏ အခန်းကို သွားပြီး ရောက်ပြီဖြစ်ကြောင်း သတင်းပို့လိုက်ပါသည်။ ကပ္ပိတန်သည် အရပ်ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်း အလိုရမ္မက်ကြီး မည့် ရုပ်မျိုး ဖြစ်သည်ဆိုတာကို သတိထားလိုက်မိသည်။ ကပ္ပိတန်ဆီက ထူးဆန်းသည့် စကားကို ကြားလိုက်ရသည်။

"သင်္ဘောပေါ်မှာ ရှိနေတဲ့ အာအိုဟာ သူ ပြန်ရမယ်ဆိုတာ မသိသေးဘူး။ အလွှဲအပြောင်း မြန်မြန်လုပ် မန်နေဂျာ ပြန်ရင် သူပါ တစ်ပါတည်း လိုက်သွားရမယ်"

ကိုအဏ္ဏဝါ အံ့သြသွားသည်။ စိတ်မကောင်းလည်း ဖြစ်သွား သည်။ မိမိသည် ဒီသင်္ဘောကို တက်လာတာ ကောင်းသောလာခြင်း မဟုတ်ဘဲ လက်ရှိ အာအိုကို အလုပ်ဖြုတ်ဖို့ လာတာပါလား ဆိုတာကို သင်္ဘောပေါ် ရောက်မှ သိရသည်။ ကပ္ပိတန်၏ အခန်းမှ လှည့်ပြန်ခဲ့ပြီး အပေါ်ထပ်ကို တက်ရသေးသည်။ အာအို၏ အခန်းကို သွားသည်။ လက်ရှိ အာအို စောသောင်းငွေကို ဘာမျှ မသိသေးသည် ပုံစံဖြင့် တွေ့လိုက်ရလို့ ပိုပြီး စိတ်ထိခိုက်သွားသည်။

စောသောင်းငွေသည် ကရင် လူမျိုးဖြစ်လို့ အသားဖြူသည်။ အရပ်အမောင်း ကောင်းသည်။ ရုပ်သန့်သည်။ သဘောကောင်းမည့် ရုပ်လက္ခဏာ တွေ့ရသည်။ ကိုအဏ္ဏဝါ သူ့အခန်းရှေ့မှာ လာရပ်တော့ သူ့အခန်းကို လာလည်သည့် မြန်မာ သင်္ဘောသား လူသစ်တစ်ယောက် လို့ ထင်သွားဟန် တူသည်။ ပြန်ရမည်ဆိုတာ မသိသေးလို့ ဘာမှ အဆင်သင့် လုပ်မထားတာ တွေ့ရသည်။ ကိုအဏ္ဏဝါက သူ့အတွက်

http://www.linhtet.com



ဦးစောမိုက်ကယ်ဒီးနှင့် စောထရူးမင်းတို့ ပေးလိုက်သည့်စာကို အိတ်ထဲက ထုတ်ပြီး ပေးလိုက်သည်။ မိမိသည် သူ့ကိုလာလဲသည့် လူစား ဖြစ်ကြောင်းကိုလည်း ပြောလိုက်သည်။

“ကိုစောသောင်းငွေ ကျွန်တော်ဟာ ခင်ဗျားကို လာလဲတဲ့ ဦးစိုးမြင့်ပါ။ ကျွန်တော် စိတ်မကောင်းဘူးဗျာ၊ ကျွန်တော်က ခင်ဗျား သိတယ်လို့ ထင်နေတာ။ အခုပဲ ကပ္ပိတန် ပြောမှ ခင်ဗျား မသိသေးဘူးဆိုတာ သိရတယ်”

ကိုစောသောင်းငွေသည် အတော် အံ့သြသွားသည်။ သူ့ နားကို တောင် သူ မယုံသလို ဖြစ်သွားဟန် တူသည်။ ဦးစောမိုက်ကယ်ဒီးနှင့် စောထရူးမင်းတို့ ပေးလိုက်သည့်စာကို ကမန်းကတန်း ဖောက်ဖတ်သည်။ စာက တိုတိုပဲဖြစ်သည်။ မြန်မာပြည်ကို မပြန်ဘဲ ဘန်ကောက်မှ စင်ကာပူကို ဆက်သွားပြီး အလုပ်ရှာရန် ရေးထားသည်ဟု ဆိုသည်။

အဲဒီစာကို ဇွန်လ ၃-ရက်နေ့ ညနေမှာ ကိုအဏ္ဏဝါရဲ့ အိမ်ကို လာပေးသွားတာ ဖြစ်သည်။ ကိုအဏ္ဏဝါကလည်း သိပ်ပြီး အလေးအနက် မထားဘဲ ယူလာခဲ့သည်။ ကိုစောသောင်းငွေ၏ အာအိုစာမေးပွဲ အောင် လတ်မှတ်သည် ဒီသင်္ဘောအတွက် အဆင့်နိမ့်သည့်အတွက် ကိုအဏ္ဏဝါ က အစား လာရောက်ရတာလို့သာ သိထားခဲ့သည်။ ကိုစောသောင်းငွေ ကိုယ်တိုင် သိပြီး ကျေကျေနပ်နပ်ဖြင့် အိမ်ပြန်တာ ဖြစ်သည်ဟု ထင်ထား ခဲ့သည်။ သင်္ဘောပေါ်ကျမှ ကိုစောသောင်းငွေကို အသိမပေးဘဲ ထား တယ်ဆိုတာ သိရသည်။ စိတ်မကောင်း ဖြစ်ရသည်။ ကိုစောသောင်းငွေ သက်မကြီး ချပြီး ပြောသည်။

“အင်း…ဘာတတ်နိုင်မှာလဲဗျာ၊ ပြန်ဆိုလည်း ပြန်ရတော့မှာပေါ့။ ကျွန်တော်ကို ဖွင့်ပြောသင့်တယ်ဗျာ။ ကျွန်တော် ထင်တော့ ထင်တယ်ဗျ။ ကပ္ပိတန်ရဲ့ မျက်စိ မျက်နှာပျက်နေတာ ကြာပြီ။ သူလည်း ကျွန်တော်နဲ့ ပတ်သက်ပြီး စိတ်မကောင်း ဖြစ်နေပုံရတယ်။ ဘာပဲဖြစ်ဖြစ် ပွင့်ပွင့် လင်းလင်း ပြောသင့်တာပေါ့ဗျာ”

ကိုစောသောင်းငွေသည် ကိုအဏ္ဏဝါကို ကမန်းကတန်း အလွှဲ အပြောင်း လုပ်သည်။ စက်ကိုင်တွယ်ပုံ ကိုင်တွယ်နည်း ပြသသည်။

http://www.linhtet.com



စိတ်ကောင်း စေတနာထားပြီး သိသင့် သိထိုက်တာတွေကို ပြောသည်။ မှာကြားသည်။ ဂရိကပ္ပိတန်၏ စရိုက်နှင့် အထာတွေကိုပါ ပြောပြသည်။ အထုပ်အပိုး ပြင်ရဆင်ရဦးမည်ဖြစ်လို့ အလွှဲအပြောင်းကို လက်စသတ်ပြီး လက်မှတ် ထိုးပေးလိုက်ပါသည်။

ရေမြင်း သင်္ဘောကြီးသည် မနှစ်က ကိုအဏ္ဏဝါ စီးခဲ့သည့် အက်ပိုကေတီ သင်္ဘောအရွယ်လောက် ကြီးသည်။ တန်ချိန် နှစ်သောင်းခန့်ရှိသည်။ ကုန်ထည့်ပေါက် ငါးပေါက်ပါသည်။ ဝါယာလစ် စက်က ဂျပန်လုပ် ဂျေအာစီ အမျိုးအစားပင် ဖြစ်သည်။ အသံလွှင့်အား တစ်ကီလိုဝပ် ရှိသည်။ သင်္ဘော၏ ရေဒီယို အခေါ်သညာ ELFK9 ဖြစ်သည်။ လိုက်ဗေးရီးယား (မွန်ဂိုးဗီးယား) အသံလွှင့် တင်ထားသည့် ဂရိလိုင်း သင်္ဘော ဖြစ်သည်။

## ဂရိနိုင်ငံမှ ဂါနာနိုင်ငံသို့

နေ့လယ် ၂-နာရီလောက်မှာ ကုမ္ပဏီ မန်နေဂျာနှင့် အတူ ကိုစောသောင်းငွေ သင်္ဘောက ဆင်းသွားသည်။ ကိုစောသောင်းငွေ ရှင်းပြခဲ့တာတွေကို အကြမ်း မှတ်ထားရာမှ အချော ကူးရေးပြီး စက်ကိုင်တွယ်နည်း ကိုယ်တိုင် စမ်းသပ် တွေ့ရှိချက်တွေကိုပါ ရေးမှတ်သည်။

နက်ဖြန်မှ သင်္ဘောထွက်မည် ဖြစ်သော်လည်း အေသင် ရေဒီယို စတေရှင်က လွှင့်ပေးသည့် မိုးလေဝသ သတင်းကို ဖမ်းယူထားလိုက်သည်။ ကပ္ပိတန်က အာအိုလူသစ် ကိုအဏ္ဏဝါကို စမ်းသပ်ချင်တာလား။ တကယ်ပဲ လိုအပ်လို့လားမသိ။ အေသင်ကို ကြေးနန်းအတို တစ်စောင် ပို့ခိုင်းသည်။ ရေဒီယို ဆက်သွယ်ရေး စကားဖြင့် ပြောရလျှင် သင်္ဘော ကျောက်ချထားသည့် နေရာနှင့် အေသင် ခဲတစ်ပစ်သာ ဝေးသဖြင့် MF မှ ပို့ပစ်လိုက်သည်။ အားလုံး အဆင်ပြေသည်။ ပို့ပြီးကြောင်း ကပ္ပိတန်ကို ဖုန်းဆက်ပြောလိုက်သည်။

၇-၆-၈၇ တနင်္ဂနွေနေ့သည် ကိုအဏ္ဏဝါ ရေမြင်း သင်္ဘောကြီးပေါ်မှာ အိပ်သော ပထမည ဖြစ်သည်။ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး

http://www.linhtet.com



မြန်မာပြည်မှာ ကျန်ခဲ့သည့် မိသားစုနှင့် စိတ်အာရုံမှာ ပေါ်လာသမျှ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပြီးမှ အိပ်လိုက်ပါသည်။

၈-ရက်နေ့ တစ်နေ့လုံးလည်း သင်္ဘောမထွက်သေးဘဲ ကျောက်ချနေဆဲ ဖြစ်သည်။ သင်္ဘောပေါ်မှာလည်း ပိုလန်နိုင်ငံမှ တင်ယူလာသည့် ဘိလပ်မြေအိတ်တွေ အပြည့် ရှိနေသည်။ ဘာကြောင့် သင်္ဘောမထွက်သေးတာလဲဆိုတာကို ကိုကပ္ပီတန်ကို မမေးဘဲ နေသည်။ ကပ္ပီတန်နှင့် မရင်းနှီးသေးတာကြောင့် တစ်ကြောင်း၊ နေရာတကာမှာ သိချင်သည်၊ စပ်စုချင်သည်လို့ အထင်ခံရမှာ စိုးတာ တစ်ကြောင်းကြောင့် မမေးဘဲနေသည်။ သူ့အလုပ် သူလုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်တာ ကောင်းသည်။ ဂရိ ကပ္ပီတန်နှင့် သိပ်ရင်းနှီးအောင် မနေတာ ကောင်းမည်ဟု တွက်ထားသည်။ ဂရိလူမျိုး သင်္ဘောသားတွေသည် မြန်မာလူမျိုး သင်္ဘောသားတွေကို မနှာလို မရှုဆိတ်ဖြစ်နေသည်ဟု ယုံကြည်နေသည်။ ဂရိ သင်္ဘောပိုင်ရှင် စီးပွားရေး သမားတွေက သူတို့နေရာမှာ လစာနည်းနည်းသာ ပေးရသည့် မြန်မာ သင်္ဘောသားတွေနဲ့ အစားထိုးနေသည့် အတွက် မဆီမဆိုင် မြန်မာ သင်္ဘောသားတွေကို မျက်မုန်းကျိုးနေသည်ဟု ထင်သည်။

အဲဒီတော့ ထိပ်တိုက်တွေ့ရမည့် အကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဘာသံယောဇဉ်ကိုမှ ထောက်ညှာစရာမလိုဘဲ ရင်ဆိုင်နိုင်အောင် ရင်းနှီးမှု မယူဘဲ ခပ်စိမ်းစိမ်းနေတာ ကောင်းတယ်ဟု တွေးမိသည်။

တစ်ခုတော့ ရှိသည် တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားနေကြသူတွေ ဖြစ်လို့ ညီရင်းအစ်ကိုတွေပမာ တရင်းတနှီး ချစ်ချစ်ခင်ခင် နေသင့်ကြသည်။ သေဘေးကဲ့သို့ အရေးတစ်စုံကြုံလာခဲ့သည် ရှိသော် အချင်းချင်း ကူညီကယ်ဆယ်ရမည် ဖြစ်သည်။ ပူးပေါင်းလက်တွဲ ရန်းကန်ဖြေရှင်း ကြရမည် ဖြစ်သည်။ ဒါကြောင့် ချစ်ချစ်ခင်ခင် နေသင့်သည်။ သို့သော် ဂရိတွေက မြန်မာ သင်္ဘောသားတွေကို မချစ်သည့်အတွက် မြန်မာတွေကလည်း ခပ်တည်တည် နေကြခြင်း ဖြစ်သည်။

၉-ရက်နေ့မှာ ကိုအဏ္ဏဝါ အိပ်ရာနိုးလာတော့ သင်္ဘောကြီး ခုတ်မောင်းနေတာ တွေ့ရသည်။ ညက ဘယ်အချိန် သင်္ဘောထွက်သည်

http://www.linhtet.com



ကို မသိလိုက် ဖြစ်သွားသည်။ တက်မစင်ကိုတက်ပြီး မြေပုံကို ကြည့်လိုက်တော့ အီတလီနိုင်ငံပိုင် စစ္စလီ ချန်နယ်ကို ဖြတ်ကျော်နေတာ တွေ့ရသည်။ မြေထဲပင်လယ်မှ ထွက်ရန် ဂျီဗရော်လ်တာ အပေါက်ဝကို သွားနေခြင်း ဖြစ်သည်။

အလုပ်အကိုင်အားလုံး အဆင်ပြေနေပြီ ဖြစ်သည်။ ကြေးနန်းတွေကို အေသင် ရေဒီယို (SVB) သို့ ပို့သည်။ အင်္ဂလန်က ပေါ့တေးရှပ် ရေဒီယို (GKB) ကိုလည်း နားထောင်သည်။ ဘယ်ကပဲလာလာ မလွတ်အောင် စောင့်ကြည့်နေခြင်း ဖြစ်သည်။ မိုးလေဝသ သတင်းကို အင်္ဂလန်က လွှင့်ပေးတာကိုလည်း ယူသည်။ စပိန် (EAB) က လွှင့်ပေးတာကိုလည်း ဖမ်းယူသည်။

၁၃-ရက်နေ့သည် စနေနေ့ ဖြစ်သည်။ ဂျီဗရော်လ်တာက ထွက်ပြီး မော်ရိုကို ရေပြင်ထဲရောက်နေပြီ ဖြစ်သည်။ ညနေဘက်မှာ စားပွဲထိုး ကိုသာဒင်က ကိုအဏ္ဏဝါ၊ ကိုခင်မောင်ညွန့် နှင့် ကိုသိန်းတစ် တို့ကို သူ့အခန်းသို့ ဖိတ်ပြီး ဧည့်ခံသည်။ သင်္ဘောပေါ်မှာ ဖြစ်ပျက်နေသည့် အခြေအနေတွေကို တင်ပြသည်။ ကိုအဏ္ဏဝါ အတော်စိတ်ပျက်သွားသည်။ အတော် သတိထားပြီး နေရမည့် သင်္ဘောပါလားလို့ သိလိုက်သည်။ စားပွဲထိုး ကိုသာဒင်ကလည်း ဒီသင်္ဘောမှာ သူနဲ့ မတည့်သည့် အရာရှိတွေ ရှိနေလို့ အသစ်ရောက်လာသည့် ကိုအဏ္ဏဝါတို့ကို စည်းရုံးလိုက်ခြင်း ဖြစ်သည်။

ဒီသင်္ဘောမှာ မြန်မာ သင်္ဘောသား ၁၇ ယောက်ရှိသည်။ ဒုတိယ အရာရှိ ကိုကျော်မြင့်၊ တတိယ အရာရှိ ကိုဟန်မြင့်၊ ကိုအဏ္ဏဝါ၊ တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွန့်၊ စတုတ္ထ အင်ဂျင်နီယာ ကိုသိန်းတစ်၊ ဘိုဆင်ဦးမောင်စိန်၊ တက်မကိုင် ဦးအေး၊ ကိုစိုးပိုင်၊ ကိုကျော်ဟိန်း၊ ကိုမြင့်သိန်း၊ ကိုအောင်မြင့်၊ ဝမ်ရှိန်၊ ဆီလောင်း စိုးသန်း၊ မင်းဟန်၊ သိန်းဟန်၊ ထမင်းချက် ကျော်စိန်၊ စားပွဲထိုးကိုသာဒင် တို့ဖြစ်သည်။

ဂရိလူမျိုး သင်္ဘောသား ခြောက်ယောက်ရှိသည်။ ကပ္ပိတန်၊ ပထမအရာရှိ၊ အင်ဂျင်နီယာချုပ်၊ ဒုတိယ အင်ဂျင်နီယာ၊ လျှပ်စစ် အင်ဂျင်နီယာ၊ စားပွဲထိုးချုပ်တို့ ဖြစ်သည်။ စုစုပေါင်း ၂၃ ယောက်သာ

http://www.linhtet.com



ရှိလို့ သင်္ဘောကြီး၏ အရွယ်အစားနဲ့ဆိုလျှင် လူအင်အား အတော်နည်းနေသော သင်္ဘောဖြစ်သည်။ စီးပွားရေးအရ တွက်ခြေကိုက်အောင် လူအင်အားကို လျှော့ပြီး အလုပ်ကို များများ ဖိခိုင်းနေသော သင်္ဘောဖြစ်သည်ဆိုတာကို ရိပ်စားမိလာသည်။

၁၄-ရက်နေ့မှာ စပိန်ပိုင် လာ့စ်ပါးမား LAS PALMAS ကျွန်းကလေး အနီးက ဖြတ်သည်။ ဒီကျွန်းကလေးကို မြင်တော့ မနှစ်က ဒီကျွန်းကလေးကို ရောက်ခဲ့ပုံ၊ ဒီကျွန်းကလေးမှာ လာပြီး သင်္ဘောတက်သည့် ဦးသိန်းသန်းနှင့် လုပ်ဖော်ကိုင်ဖက်တွေကို သတိရလာသည်။

၁၆-ရက်နေ့မှာ ဆီနီဂေါနိုင်ငံ ရေပြင်ကို ရောက်သည်။ မိုးလေဝသ သတင်းကို မရလို့ ဆီနီဂေါနိုင်ငံက ပြင်သစ်ဘာသာနဲ့ လွှင့်ပေးသည့် မိုးလေဝသ သတင်းကို ဖမ်းပေးလိုက်သည်။ ကပ္ပိတန်က သူ နားလည်သည်ဟု ပြောသည်။ အေသင် ရေဒီယိုကို နားထောင်ကြည့်ရာ မိမိအတွက် ကြေးနန်း ရှိနေလို့ ၁၂ မီဂါဟတ်က တက်ပြီး ဆက်သွယ်ဖမ်းယူလိုက်သည်။ ကပ္ပိတန်နှင့် ပထမအရာရှိတို့က သူတို့မိသားစုနဲ့ စကား ပြောချင်သည်ဆိုလို့ လေလှိုင်းမြင့် HF တယ်လီဖုန်းဖြင့် အေသင်ကို ခေါ်ပြီး စကားပြောခိုင်းလိုက်သည်။ ကိုအဏ္ဏဝါ၏ အရည် အချင်းကို စမ်းသပ်နေကြသလို ဖြစ်နေသည်။ ကိုအဏ္ဏဝါ၏ အလုပ်တွေ အားလုံး အဆင်ချောနေသည်။

၁၉-ရက်နေ့တွင် ဂီနီယာနိုင်ငံ ရေပြင်ကို ရောက်နေပြီ ဖြစ်သည်။ ဂါနာကို ရောက်ရန် နှစ်ရက်သာ လိုတော့သည်။ ကိုအဏ္ဏဝါသည် တက်မစင်ပေါ် တက်သွားပြီး တတိယအရာရှိ ဟန်မြင့်နှင့် စကားပြောသည်။ အပျင်းပြေ သဘောဖြင့် ပင်လယ်ပြင်ကြီးကို မှန်ပြောင်းဖြင့် လှည့်ပတ် ကြည့်သည်။ မိုးကုတ်စက်ဝန်း တစ်နေရာမှာ သင်္ဘောတစ်စီးကို သွားတွေ့သည်။ သာမန် မျက်စိဖြင့် ကြည့်လို့ မမြင်ရသော နေရာက သင်္ဘောကို မှန်ပြောင်းထဲမှာ မြင်တွေ့ရခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါသည် VHF တယ်လီဖုန်းဖြင့် ခပေါင်းဒူးယား ခေါ်လိုက်သည်။

"ခပေါင်း ဒူးယားရှိလား၊ ရေခဲရေ ကွမ်းယာရမယ်"

"ခပေါင်း ဒူးယားရှိပါတယ်"

http://www.linhtet.com



“ခပေါင်း ဒူးယား ဘယ်သွားမလဲ”

“၆၉”

ဒီစကားတွေက သင်္ဘောသားချင်းသာ နားလည်နိုင်သော စကားတွေ ဖြစ်သည်။ ခပေါင်း ဒူးယားရှိသလားလို့ ပြောတာက မြန်မာပါ သလား ဟေ့လို့ မေးလိုက်တာ ဖြစ်သည်။ တစ်ဖက်က သင်္ဘောက တာဝန်ကျ အရာရှိကလည်း ကြားပြီး ပြန်ထူးတာဖြစ်သည်။ ဘယ်သွား မလဲ ဆိုတာက ဗွီအိပ်ချ်အက်ဖ် လေလှိုင်း ၁၆ ပေါ်မှာ မေးထူး ခေါ်ပြောပဲ လုပ်ခွင့်ရှိသည်။ စကားကြာကြာ ပြောချင်တယ်ဆိုလျှင် လေလှိုင်းပြောင်း ပြီး ပြောရသည်။ ဒါကြောင့် ဘယ်ကို သွားမလဲဟု မေးခြင်း ဖြစ်သည်။ ၆၉ ဆိုတာက လေလှိုင်း ၆၉ ကို ပြောင်းပြီး စကားပြောကြမယ်လို့ ပြောခြင်း ဖြစ်သည်။

အဲဒီ သင်္ဘောက တတိယအရာရှိ ညီညီနိုင်နှင့် စကားပြော ကြသည်။ ဘယ်သူတွေ ပါသေးလဲလို့ မေးကြည့်သည်။ မြန်မာ သင်္ဘော သားတွေရဲ့ နာမည်တွေကို ပြောသည်။

“ခင်ဗျားတို့ သင်္ဘောမှာ အနိုပ်သည် ဘယ်သူလဲဗျ”

“ဦးအေးမင်းပါ”

“မီးရထားရုံပိုင်ကြီးလား”

“ဟုတ်ပါတယ် ခင်ဗျာ”

“ကိုအေးမင်းကို ကျွန်တော် နှုတ်ဆက်သွားတယ်လို့ ပြော လိုက်ပါ။ ရေတပ်က ထွက်တဲ့ ထိပ်ပြောင် စိုးမြင့်ကြီးလို့ ပြောရင် သူ သိပါတယ်”

“ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်”

“ဓာတ်ကြိုးက ဘယ်သူလဲဗျ”

“ဓာတ်ကြိုးက ကိုတိုက်ဦးပါ”

“ကိုတိုက်ဦးကိုလည်း ကျွန်တော် နှုတ်ဆက်သွားတယ်လို့ ပြော လိုက်ပါဗျာ၊ စင်ကာပူက ပွဲစားအိမ်မှာ အတူတူနေခဲ့တဲ့ ဦးစိုးမြင့်လို့ ပြောရင် သူသိပါတယ်”

“ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်”

http://www.linhtet.com



အချင်းချင်း နှုတ်ဆက်ပြီး စကားဖြတ်လိုက်ကြသည်။ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါလားလို့တောင် တွေးလိုက်မိသည်။ အသိတွေနဲ့ လာတွေ့နေခြင်း ဖြစ်သည်။ အနှိပ်သည်ဆိုတာ အာအိုကို ခေါ်ခြင်းဖြစ်သည်။ ကြေးနန်းပို့ ကိရိယာမော့စ်ကီး ခေါက်တံလေးရဲ့ ဖုလေးကို နှိပ်နှိပ်ပြီး ကြေးနန်းပို့သူဖြစ်လို့ အနှိပ်သည် ဆိုလျှင် အာအိုကို ခေါ်တယ်ဆိုတာ သင်္ဘောသားတိုင်း သိကြသည်။

မီးရထား ရုံပိုင်ကြီးဆိုတာက ကိုအေးမင်းသည် သင်္ဘောသားမဖြစ်မီက မီးရထားရုံပိုင် လုပ်ခဲ့ဖူးသူ ဖြစ်သည်။ ကိုအဏ္ဏဝါတို့နှင့် အတူ အာအိုစာမေးပွဲ ဝင်ဖြေပြီး အောင်သွားလို့ သင်္ဘောသား ဝင်လုပ်ခဲ့သူဖြစ်သည်။

ဓာတ်ကြိုးဆိုတာ လျှပ်စစ်အင်ဂျင်နီယာကို ခေါ်တာဖြစ်သည်။ ကိုတိုက်ဦးသည် စင်ကာပူက ပွဲစားအိမ်မှာ ကိုအဏ္ဏဝါတို့နှင့် အတူအလုပ်ရှာနေခဲ့သူ ဖြစ်သည်။ မတွေ့ကြတာ ၅-နှစ်ခန့်ရှိပြီ ဖြစ်သည်။

ဂါနာနိုင်ငံကို ရောက်ရန် တစ်ရက်သာလိုတော့သည့် အချိန်အထိ ဂါနာနိုင်ငံက ရေဒီယို စတေရှင်ကို ခေါ်လို့ မရသေး ဖြစ်နေသည်။ ဂါနာနိုင်ငံကို ပို့စရာရှိသည့် ကြေးနန်းတွေကို အင်္ဂလန်က တစ်ဆင့် ပို့နေရသည်။ ခေါ်မကြား အော်မကြားသည့် နိုင်ငံဖြစ်လို့ သိပ်တော့ မနိပ်ဘူးဆိုတာ သိလိုက်သည်။

၂၁-ရက်နေ့ နံနက် ၉-နာရီမှာ အာဖရိကတိုက်ရှိ ဂါနာနိုင်ငံ တီးမား TEMA မြို့ ဆိပ်ကမ်းကို ရောက်သွားပါသည်။ ၁၀-နာရီမှာ ရေကြောင်းပြ တက်လာပြီး ဆိပ်ကမ်းကို ဝင်ကပ်သည်။ တနင်္ဂနွေနေ့ ဖြစ်လို့ထင်သည် လူဝင်မှု ကြီးကြပ်ရေးနှင့် အကောက်ခွန် အဖွဲ့တွေ ရောက်လာတာ မတွေ့ရ ဖြစ်နေသည်။

## ဂါနာမှာ ကိုအဏ္ဏဝါ နားရင်းအုပ် ခံရခြင်း

တီးမားမြို့ ဆိပ်ကမ်းကို ကပ်ပြီး ညနေ မိုးချုပ်ခါနီးမှ လူဝင်မှု ကြီးကြပ်ရေး အဖွဲ့နှင့် အကောက်ခွန်အဖွဲ့ ရောက်လာပြီး တော်ယိ လျော်ယိ

http://www.linhtet.com



စစ်ဆေးသည်။ ဘီယာ၊ စီးကရက်နှင့် အရက်ပုလင်းတွေ ပေးလိုက်သောအခါ အားလုံး အဆင်ပြေသွားသည်။ လက်မှတ် ထိုးပေးသွားသည်။ ကလေးကစပြီး လူတိုင်းလောက်နီးပါး အင်္ဂလိပ်စကား ပြောနိုင်ကြတာ တွေ့ရသည်။

ဂါနာနိုင်ငံသည် အာဖရိကတိုက် အနောက်ဘက်တွင် ရှိသည်။ ဧရိယာ စတုရန်းမိုင် ၉၂၁၀ ကျယ်ဝန်းသည်။ ၁၉၆၃-ခုနှစ်အထိ လူဦးရေ ခုနစ်သန်းကျော်သာ ရှိခဲ့သည်။ မြို့တော် အက္ကရာ ဖြစ်သည်။ ဗြိတိသျှကိုလိုနီနိုင်ငံ ဘဝဖြင့် နှစ်ပေါင်းတစ်ရာကျော် နေခဲ့ရသည်။ ၁၉၆၀-ခုနှစ် ကျမှ လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် ကြေညာပြီး ဗြိတိသျှ ဓနသဟာရနိုင်ငံ ဖြစ်လာခဲ့သည်။

၁၉၆၆-ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းပြီး ဗိုလ်မှူးကြီး တစ်ယောက်က သမ္မတဆက်လုပ်ပြီး အုပ်ချုပ်နေတာ ယနေ့ (၂၂-၆-၁၉၈၇) အထိ ဖြစ်သည်။ မြို့တော် အက္ကရာက ထုတ်လွှင့်နေသည့် ရုပ်မြင်သံကြားမှာ အဲဒီ ဗိုလ်မှူးကြီးပုံကို နေ့စဉ် တွေ့ရသည်။ ပြည်သူ့အကျိုးပြု လုပ်ငန်းတွေကို လိုက်လံ စစ်ဆေးနေပုံ၊ ဇရာမ မြစ်ကူး တံတားကြီး တစ်ခုကို ဖွင့်လှစ် ပေးနေပုံတွေကို တွေ့နေရသည်။

ပထမအရာရှိက မြန်မာ သင်္ဘောသား တစ်ယေက်ကို ဂါနာ ပိုက်ဆံ ၁၀၀၀/ စီ ပေးသည်။ အမေရိကန် ဒေါ်လာ ခြောက်ဒေါ်လာနဲ့ ညီမျှသည်ဟု ပြောသည်။ ပိုက်ဆံ ရတယ်ဆိုလျှင်ပဲ ကိုအဏ္ဏဝါ၊ ဘိုဆင် ဦးမောင်စိန်၊ တက်မကိုင် ကိုကျော်ဟိန်း၊ ဆီလောင်း ကိုသောင်းဟန်တို့ တီးမားမြို့ထဲ လျှောက်လည်ကြသည်။ လူမည်းတိုင်းပြည်ဖြစ်လို့ အမျိုးသမီးတွေလည်း အမည်းတွေဖြစ်သည်။ ကိုအဏ္ဏဝါတို့ ရောက်သွား သည့် ဘားဆိုင်တစ်ခုမှာတော့ ဘားဂဲလ်ခေါ် အကိုင်အတွယ်ခံသည့် စားပွဲထိုးမတွေက ကိုလံဘီယာနှင့် ဗင်နီဇွဲလားက ကောင်မလေးတွေ ဖြစ်နေသည်။ အင်္ဂလိပ်လိုရော စပိန်လိုပါ ပြောနိုင်ကြသည်။

ဘားဆိုင်ပိုင်ရှင် အမျိုးသမီးက ကိုအဏ္ဏဝါတို့ကို (လူဖြူတွေ၊ လူဖြူတွေ) ဟု စကားပြောလျှင် ထည့်ထည့် ပြောသည်။ သူတို့က လူဖြူတွေလို့ ခေါ်ကြသည့် အမေရိကနှင့် ဥရောပတိုက်သားတွေကို

http://www.linhtet.com



ကြောက်လည်းကြောက်၊ မုန်းလည်းမုန်းသည့် လက္ခဏာ တွေ့ရသည်။ ဒီကိစ္စသည် အလွန် သိမ်မွေ့သော စိတ်ပိုင်းဆိုင်ရာ ပြဿနာ ဖြစ်သည်။ ကိုအဏ္ဏဝါဆိုလျှင် အင်္ဂလိပ်တွေ၊ အမေရိကန်တွေကို အထင်မကြီးချင်ယောင် ဆောင်နေသော်လည်း မသိစိတ်က အထင်ကြီး နေမိသည်။ အာဖရိက လူမည်းတွေသည်လည်း သူတို့ ခေါ်သည့် အဖြူတွေကို မုန်းသော်လည်း မသိစိတ်က အထင်ကြီးသည်၊ ကြောက်သည်ဟု ထင်ရသည်။

ကိုအဏ္ဏဝါတို့က မိမိတို့သည် အဖြူကောင်တွေ မဟုတ်၊ အရှေ့တိုင်းသား အညိုတွေဖြစ်ကြောင်း၊ အသားအရေကို သေသေချာချာ ပြပြီး ရှင်းပြတော့မှ နားလည်သွားကြပြီး သံယောဇဉ်တွေ ဖြစ်သွားသည်။ ဒီဘားဆိုင်သည် သန့်ပြန့် ကျယ်ဝန်းသည့်အပြင် သင်္ဘောဆိပ်နှင့်လည်း နီးသည့်အတွက် နေ့စဉ် လာကြရမည့် နေရာ ဖြစ်သွားသည်။

ဒီဆိပ်ကမ်းမှာ ကုန်ချပြီးလျှင် ဂါနာနှင့် နိုင်ငံချင်း ကပ်လျက်မှာ တည်ရှိသည့် တိုဂိုနိုင်ငံမှာ ကုန်တင်ပြီး အမေရိကန်ကို သွားမည်ဆိုသည့် သတင်း ထွက်လာသည်။ ကိုအဏ္ဏဝါတို့ အဖို့ကတော့ ဘယ်နိုင်ငံက ကုန်ကိုပဲ တင်တင်၊ ဘယ်နိုင်ငံကိုပဲ သွားချချ၊ အကြောင်းမဟုတ်၊ နှစ်စေ့လျှင် အိမ်ကို ပြန်ရဖို့သာ အရေးကြီးသည်။

၂၇-ရက်နေ့သည် စနေနေ့ ဖြစ်သည်။ နေ့တစ်ဝက်သာ ကုန်ချသည့် အလုပ်ကို လုပ်ကြသည်။ နက်ဖြန် တနင်္ဂနွေနေ့မှာလည်း တစ်နေ့လုံး နားကြဦးမည် ဖြစ်သည်။ ကိုအဏ္ဏဝါ၊ ကိုသိန်းတစ်၊ ဘိုဆင် ဦးမောင်စိန်နှင့် ကိုကျော်ဟိန်းတို့သည် သင်္ဘောဆိပ်နားက ဘားဆိုင်ကို သွားကြပြန်သည်။ သောက်ကြ စားကြပြီး စားပွဲထိုး ကောင်မလေးတွေနဲ့ အဖွဲ့ ကျနေကြသည်။ ကိုအဏ္ဏဝါက လူကြီးဆိုတော့ ဘားဆိုင်ပိုင်ရှင် အမျိုးသမီးနှင့် တွဲပြီး စကားလက်ဆုံ ကျနေသည်။ ဘားဆိုင်ပိုင်ရှင် အမျိုးသမီးက စကားတစ်ခု ပြောသည်။

"နက်ဖြန် တနင်္ဂနွေနေ့မှာ ရှင်တို့ လေးယောက် မြို့တော် အက္ခရာကို သွားလည်ကြပါလား"

"တီးမားနဲ့ အက္ခရာ ဘယ်လောက်ဝေးလဲ"

http://www.linhtet.com



“နီးပါတယ်၊ ခုနစ်မိုင်ပဲ ဝေးပါတယ်၊ ကျွန်မကားနဲ့ ဒရိုင်ဘာကို ခေါ်သွား”

ကိုအဏ္ဏဝါ အရမ်း စိတ်ဝင်စားသွားသည်။ မိမိရောက်ဖူးသည့် နိုင်ငံ၏ မြို့တော်ကို ရောက်ဖူးချင်သည်။ ကိုအဏ္ဏဝါသည် အမေရိကန် နိုင်ငံ ဘာလ်တီးမိုးမြို့ကို ရောက်တော့ မိုင် ၆၀ ဝေးသည့် ဝါရှင်တန်ဒီစီကို ရထားဖြင့် သွားလည်ခဲ့သူ ဖြစ်သည်။ အခုလည်း ဂါနာနိုင်ငံ၏ မြို့တော် အက္ကရာကို သွားလည်ရန် ဆုံးဖြတ်လိုက်သည်။

“သွားလည်မယ်၊ နက်ဖြန်မနက် သွားမယ်၊ ငါတို့ လေးယောက်လုံး သွားမယ်”

“သွားမယ်ဆိုရင် သင်္ဘောကို မပြန်နဲ့တော့၊ ဒီည ဒီမှာပဲ အိပ်လိုက်ကြတော့”

ကိုအဏ္ဏဝါတို့ကလည်း သဘောတူကြသည်။ ဘားဆိုင် ပိုင်ရှင် အမျိုးသမီး၏ ရည်ရွယ်ချက်က တစ်ချက်ခုတ် နှစ်ချက်ပြတ် ရည်ရွယ်ချက် ဖြစ်သည်။ ကိုအဏ္ဏဝါတို့သည် သူ့ဆိုင်မှာ တစ်ညလုံး အရက်သောက်နေလျှင် အရက်ရောင်းရလို့ ပိုက်ဆံရမည်။ သူ့ကားကို သုံးလျှင် ကားခ ပိုက်ဆံ ရမည် ဆိုသည့် ရည်ရွယ်ချက် ဖြစ်သည်။ ကိစ္စမရှိ သူများကားကို သုံးလျှင်လည်း ပိုက်ဆံ ပေးရမည် ဖြစ်သည်။

ည ၁၂-နာရီထိုးလို့ ဆိုင်ပိတ်တော့ ကိုအဏ္ဏဝါနှင့် ကိုသိန်းတစ်တို့က ဆိုင်ရှင်အမျိုးသမီးရဲ့ အိမ်မှာ အိပ်ကြသည်။ ဆိုင်ရှင် အမျိုးသမီး၏ အိမ်သည် ဆိုင်၏ အနောက်မှာ ဆောက်ထားသည့် တိုက်ပုလေး ဖြစ်သည်။ ဦးမောင်စိန်နှင့် ကိုကျော်ဟိန်းတို့က စားပွဲထိုး ကောင်မလေးတွေရဲ့ အိမ်တွေမှာ လိုက်အိပ်ကြသည်။ ကိုယ့်သင်္ဘောကို ပြန်ပြီး အိပ်လို့ရလျက်နဲ့ လော်မာပြီး သူများ အိမ်တွေမှာ လိုက်အိပ်သည်။ သူများ နိုင်ငံမှာ ဖြစ်သည်။ တွေးကြည့်လျှင် ကြောက်စရာ ကောင်းသည်။ အလွန် အန္တရာယ်များသည့် လုပ်ရပ်ဖြစ်သည်။ မူးနေကြသည့်အပြင် အဖော်ကောင်းလျှင် ထင်ရာစွပ်လုပ်တတ်သည့် ကိုအဏ္ဏဝါ၏ အကျင့် ဖြစ်သည်။

၂၈-၆-၁၉၈၇၊ တနင်္ဂနွေနေ့ကတော့ ကိုအဏ္ဏဝါရဲ့ ဘဝမှာ မမေ့နိုင်စရာ ဖြစ်ရပ်နဲ့ ကြုံတွေ့ခဲ့ရလို့ ပြန်လည်သတိရတိုင်း ကြက်သီး

http://www.linhtet.com



ထမိသည်။ တစ်ခါတလေ အိပ်မက်ထဲမှာ အဲဒီအကြောင်း ပါလာလို့ လန့်အော်ပြီး အိပ်ရာက နိုးထခဲ့ရသည်။

မနေ့က သောက်တာများသွားလို့ အိပ်ရာက မထနိုင်ကြသည့် ကိုအဏ္ဏဝါနှင့် ကိုသိန်းတစ်ကို အိမ်ရှင်အမျိုးသမီးက နှိုးသည်။ မြို့တော်အကွရာကို သွားဖို့ အချိန်တန်ပြီဟု ပြောသည်။ ကိုအဏ္ဏဝါတို့ မျက်နှာသစ်လိုက်ကြသည်။ အမျိုးသမီးက အသင့်ပြုလုပ်ထားသည့် ကော်ဖီနှင့် ပေါင်မုန့်ကို ကျွေးသည်။ အခုမှ အမျိုးသမီးကို သေသေချာချာ ကြည့်မိသည်။ ကပ္ပလီမဖြစ်လို့ ဆံပင်တွေ ခွေလိပ်ကွေးကောက် နေသည်။ နှုတ်ခမ်းထူထူ နှစ်ခုကြားက သွားတွေက ဖြူဖွေးနေသည်။ အသား မည်းပြီး ပိန်ပိန်ရှည်ရှည် ဖြစ်လို့ သစ်ကနစ်သားကို ထုလုပ်ထားသည့် မော်ဒန်ပန်းပုရုပ်နဲ့ တူသည်။

အမျိုးသမီးသည် လင်မရှိသည့်အပြင် သူမ၏ ချမ်းသာကြွယ်ဝမှုကို ပြချင်လို့ သူပိုင် အာဖရိက စိန်တွေကို ထုတ်ပြသည်။ အမေရိကန်ဒေါ်လာဖြင့် ရောင်းမည်ဟု ပြောသည်။ ကိုအဏ္ဏဝါသည် စိန်၊ ကျောက်ဖြူနှင့် ပုလင်းကွဲကို ခွဲခြားပြီး သိသူမဟုတ်လို့ မဝယ်လိုပါဟု ပြောလိုက်သည်။

စားသောက်ပြီးကြသောအခါ သူမပိုင် ဂျစ်ကားနှင့် ယာဉ်မောင်းသူတို့ အသင့်ဖြစ်နေပြီမို့ ကိုအဏ္ဏဝါ ဦးထုပ် ဆောင်းလိုက်သည်။ လက်သုံးသစ်မျှသာ ကြီးပြီး ခြောက်လက်မမျှသာ ရှည်သည့် နေရှင်နယ်အမျိုးအစား ကင်မရာလေးကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်သည်။ ဂျစ်ကားရဲ့ ရှေ့ခန်းကထိုင်ပြီး ဦးမောင်စိန်နှင့် ကိုကျော်ဟိန်းတို့ အိပ်နေသည့် အိမ်ကို သွားကြသည်။

ကိုယ့်လူနှစ်ယောက်က ကောင်မလေးတွေအခန်းမှာ ငြိမ့်နေကြသည်။ နံနက် ၈-နာရီထိုးနေပြီ။ အိပ်ရာက မထကြသေးလို့ နှိုးယူ ရသည်။ ၈-နာရီခွဲလောက်မှ တီးမားမြို့က ထွက်နိုင်ကြသည်။ ၇-မိုင်ဝေးသည့်ခရီးကို သွားမည်ဖြစ်သည့် အပြင် မြို့တော်ကြီးကို သွားကြမည်ဖြစ်လို့ လမ်းပြ လူငယ်တစ်ယောက်နှင့် ခရစ်ယာန် တရားဟောဆရာတစ်ယောက်တို့ပါ လိုက်ပါလာကြသည်။

http://www.linhtet.com



ကတ္တရာ ခင်းထားသည့် အဝေးပြေး လမ်းဘေးဝဲယာမှ တောရွာလေးတွေကို ဖြတ်သွားရသည်။ ဂါနာပြည်သူ အများစုက ဆင်းရဲကြသည်။ အထူးသဖြင့် တောရွာနေ လူတန်းစားများသည် အလုပ်အကိုင်မရှိခြင်း၊ ဝင်ငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုး မွေးမြူ အလုပ်ကလေးများဖြင့် အသက်ရှင်နေကြတာ မြင်တွေ့ခဲ့ရသည်။

နံနက် ၁၀-နာရီလောက်မှာ ဂါနာနိုင်ငံ၏ မြို့တော် အက္ခရာကို ရောက်သွားကြသည်။ လိုက်ပို့သူတွေကလည်း မြို့လည်ကောင်ကို မပို့ကြသေးဘဲ စေတနာထားပြီး ထင်ရှားသည့် နေရာကို အလျင် လိုက်ပြသည်။ ပင်လယ်ကမ်းစပ် တစ်နေရာ ဖြစ်သည်။ သောင်ပြင်သဲစပ်မှာ ပင်လယ်ပြင်ကို ကျောပေးပြီး အက္ခရာမြို့ကြီးကို အပေါ်စီးက ကြည့်နေသည့်အလား ထီးထီးမားမား ရှိနေသည့် ကုန်းမြင့်တစ်ခု ရှိသည်။ ကုန်းမြင့်သည် ပင်လယ်ဘက် အခြမ်းက ကျောက်တောင်ကြီး ဖြစ်သော်လည်း မြို့ဘက်က မြေသား နိမ့်လျောဖြစ်ပြီး မြို့ဘက်ကို ပြေပြေလေး လျောဆင်းနေသည်။

ပင်လယ်ကမ်းစပ်က ကုန်းကမူထိပ်မှာ ထုထည်ကြီးမားစွာ အခိုင်အမာ တည်ဆောက်ထားသည့် ဥရောပလက်ရာ ရဲတိုက်ကြီးက ပင်လယ်ပြင်ကို ကျောပေးပြီး ထီးထီးမားမား ရပ်တည်နေသည်။ ရဲတိုက်ကြီးသည်လည်း အက္ခရာမြို့ကြီးကို အပေါ်စီးက ကြည့်နေသည်လို့ ထင်ရသည်။ အင်္ဂလိပ် လက်အောက်ခံ ကိုလိုနီနိုင်ငံ ဘဝဖြင့် နေခဲ့ရစဉ်က အင်္ဂလိပ်ဘုရင်ခံ အဆက်ဆက်တို့ နေထိုင်သွားခဲ့ကြသည့် ရဲတိုက်ကြီး ဖြစ်လိမ့်မည်ဟု တွေးမိသည်။ ရဲတိုက်ကြီး၏ ပတ်ပတ်လည်နှင့် ကုန်းမြေ ဆင်ခြေလျော တစ်လျှောက်မှာ အရောင်အသွေးစုံသည့် ရွက်လှ၊ ပန်းအလှတို့ ဖူးပွင့်ဝေဆာ နေကြသည်။ အမှတ်တရ အဖြစ် အလှအပ ထိန်းသိမ်းထားသည့် သမိုင်းဝင် ရှေးဟောင်း အဆောက်အဦကြီး ဖြစ်လိမ့်မည်ဟု ထင်မိသည်။

ကိုအဏ္ဏဝါတို့ လူစုသည် ရဲတိုက်ကြီး နောက်ခံဖြင့် ဓာတ်ပုံတွေ ရိုက်ကြသည်။ တစ်ယောက် တစ်လှည့်စီ ရိုက်သည်။ လေးယောက်တွဲပြီး အရိုက်ခံသည်။ ခရစ်ယာန်တရားဟော ဆရာနှင့် လမ်းပြလူငယ်

http://www.linhtet.com



တို့နှင့်လည်း တွဲရိုက်ကြသည်။ ရဲတိုက်ကြီးကိုလည်း ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံ ရိုက်ကြသည်။

ပင်လယ်ကမ်းစပ်မှာ ရေချိုးနေကြသည့် ကလေးအုပ်စုထဲက တစ်ယောက်သည် ကိုအဏ္ဏဝါတို့ ရှိရာကို ပြေးလာပြီး ဓာတ်ပုံ မရိုက်ရန် ပြောသည်။ ဒီနေရာသည် ဓာတ်ပုံ မရိုက်ရသော နေရာဖြစ်သည်ဟု ပြောသည်။ ကလေးစကားဖြစ်လို့ အလေးမထားသည့်အပြင် ပြဿနာ မဖြစ်လောက်ဘူး ထင်ပြီး ပင်လယ်ကမ်းစပ်က ထွက်ခွာ ကြသည်။ ဂျစ်ကားကို မြို့လယ် ဈေးကြီးက စောင့်နေရန် ပြောလိုက်လို့ မောင်းထွက် သွားသည်။ ကိုအဏ္ဏဝါတို့က ရောက်ဖူးတယ်ရှိအောင် လမ်းလျှောက် သွားကြသည်။

ကိုအဏ္ဏဝါတို့ လမ်းလျှောက်သွားနေတာ ဆယ်မိနစ်လောက် အကြာမှာ ကိုအဏ္ဏဝါတို့ရဲ့ နောက်က ဘောင်းဘီတို ဝတ်ထားသည့် အင်္ကျီ ကိုယ်ကျပ်ဖြင့် ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်း လူတစ်ယောက် ပြေးလိုက်လာသည်။ ကိုအဏ္ဏဝါတို့ကို ဒီနေရာမှာ ဓာတ်ပုံ မရိုက်ရလို့ လာပြောသည့် ကောင်လေးပါ ပြေးလိုက်လာတာ တွေ့ရ သည်။ ဘောင်းဘီတို ဝတ်ထားသူသည် ကိုအဏ္ဏဝါတို့ကို ရှေ့က ပိတ်ရပ် လိုက်သည်။ မှန်ပြောင်းကို လည်ပင်းမှာ ချိတ်ဆွဲထားသည်။ ပစ္စတို သေနတ်ကို လက်မှာကိုင်ထားသည်။

"ခင်ဗျားတို့ ဓာတ်ပုံရိုက်တယ်ဆို"

"ဟုတ်ပါတယ်"

"ကင်မရာ ပေးပါ"

ကိုအဏ္ဏဝါသည် ဘောင်းဘီအိတ်ထဲမှာ ထည့်ထားသည့် ကင် မရာလေးကို ထုတ်ပေးလိုက်ပါသည်။ ပစ္စတို သေနတ်ကိုင် တစ်ယောက် နှင့် နိုင်ငံခြားသားတစ်စု လမ်းပေါ်မှာ ရတ်ရတ်သဲသဲ ဖြစ်နေတာကို ဝိုင်းကြည့်နေကြသည့် လူအုပ်ကြီးများသည် များသည်ထက် များလာ သည်။ လူအုပ်ကြီးအနီးကို လင်ရိုဗာကားတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်က လူတစ်ယောက် ခုန်ဆင်းလာပြီး ကိုအဏ္ဏဝါရှေ့မှာ လာ ရပ်သည်။

http://www.linhtet.com



"ဓာတ်ပုံရိုက်တယ်ဆိုတာ မင်းတို့လားကွ"

"ဟုတ်ပါတယ် ခင်ဗျာ"

ဟုတ်ပါတယ်လို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီ လူသည် ကိုအဏ္ဏဝါကို နာရင်း ပိတ်တီးပါလေတော့သည်။ ကိုအဏ္ဏဝါ ဆောင်းထားသည့် ဦးထုပ် လွင့်ကျသွားသည်။ ကိုအဏ္ဏဝါက ကျွန်တော်တို့ နိုင်ငံခြားသားတွေပါလို့ ပြောသည်။ ဘာ နိုင်ငံခြားသားလဲ၊ နင့်မေလွှား နိုင်ငံခြားသားလားဆိုပြီး ထပ်တီးပြန်သည်။ အနီးမှာ ရပ်နေသည့် ကိုကျော်ဟိန်းကိုလည်း ဆော်ပြန်သည်။ ဦးမောင်စိန်ကိုပါ တီးပြန်သည်။ လူစုံအောင် လိုက်ရိုက်သည်။ နောက်မှ အရိုက်ခံရသူတွေက လက်ဖြင့် ကာလိုက်သည့်အတွက် သက်သာကြသည်။ ကိုအဏ္ဏဝါကတော့ မသက်သာသည့်အပြင် နှစ်ချက် အတီးခံလိုက်ရသည်။ ကိုယ့် ဦးထုပ်ကို လိုက်ကောက်ပြီး ပြန်ဆောင်းရသည်။ ခရစ်ယာန် တရားဟော ဆရာကိုတော့ ကြိမ်းမောင်းရုံသာ ကြိမ်းမောင်းသော်လည်း လမ်းပြကောင်လေးကိုတော့ နားရင်းပိတ်တီးရုံသာမက ရင်ဘတ်ကို ဆောင့်ကန်လိုက်လို့ လမ်းပေါ်မှာ လဲကျသွားသည်။ လဲကျနေတာကို လိုမ့်ကန်ပြန်သည်။

ကားပေါ်က ဆင်းလာပြီး ရိုက်သူသည်။ လူဗလံလေးသာ ဖြစ်သည်။ ပစ္စတို သေနတ်ကိုင်ထားသူ အင်္ကျီကိုယ်ကျွတ် ဆရာလို ဗလ မကောင်း၊ သို့သော် ဗလကြီးထက် ရာထူးကြီးသူ ဖြစ်မည်။ တပ်ကြပ် သို့မဟုတ် အရာရှိ ဖြစ်ကောင်းဖြစ်မည်။ လက်ထဲမှာ သားရေအိတ် သေးသေး တစ်လုံးကို ပိုက်ထားသည်။ သားရေအိတ်ထဲမှာ ပစ္စတို သေနတ်ပါသည်ဟု ယူဆရသည်။ နိုင်ငံခြားသားတွေကို လမ်းပေါ်မှာပင် ရိုက်နိုင်တယ်ဆိုတာ ပြချင်လို့ ဝိုင်းကြည့်နေသူတွေရှေ့မှာ ပိုပြီး လက်စွမ်း ပြနေခြင်း ဖြစ်သည်။

ကိုအဏ္ဏဝါတို့ကို ကားပေါ်တက်ခိုင်းပြီး မောင်းထွက်သွားသည်။ ဘယ်ကို ခေါ်သွားမလဲ မသိ။ တစ်လမ်းလုံး သမ္ဘုဒ္ဓေရွတ်ပြီး လိုက်သွားကြရတော့သည်။ ကိုအဏ္ဏဝါတို့ကို နားရင်းအုပ်သူက ကားရှေ့ခန်းမှာ ထိုင်သည်။ အင်္ကျီကိုယ်ကျွတ် ဗလကြီးက ကိုအဏ္ဏဝါတို့နှင့်အတူ နောက်ခန်းမှာ ထိုင်သည်။ ဓာတ်ပုံ ရိုက်ပါတယ်လို့ သွားတို့သည် ကလေးကတော့ လမ်းပေါ်မှာ ကျန်နေခဲ့သည်။

http://www.linhtet.com



ကိုအဏ္ဏဝါတို့ကို တင်ခေါ်လာသည့် လင့်ရိဗာ ကားကလေးသည် ရဲတိုက်ကြီးရှိရာ တောင်ကုန်းပေါ်ကို မောင်းတက်လာခဲ့သည်။ တောင်ခြေက ဂိတ်တစ်ခုကို ဖြတ်ရာတွင် ဂိတ်စောင့်က တံခါးသာ ဖွင့်ပေးသော်လည်း အလေးမပြုသည့်အတွက် ကိုအဏ္ဏဝါတို့ကို နားရင်းပိတ်တီး သူသည် အရာရှိမဟုတ်ဟု ယူဆရသည်။ ထိုပုဂ္ဂိုလ်က မျက်နှာကိုတော့ တင်းထားသည်။

ကားလေးသည် ရဲတိုက်ကြီးနဲ့ နီးသည်ထက် နီးလာသည်။ ရဲတိုက်ကြီးသည် ထင်တာထက် ပိုပြီး ကြီးမား ခန့်ထည်တာကို တွေ့ရသည်။ ရဲတိုက်ကြီးကို မရောက်မီ ကိုက်တစ်ရာလောက် အကွာက လမ်းခုလပ်မှာ ရှိသည့် လုံခြုံရေးရုံးထဲကို မောင်းဝင်လိုက်သည်။

ရုံးထဲရောက်သောအခါ တရားဟောဆရာနှင့် ကိုအဏ္ဏဝါတို့ကို ခုန်တန်းလျားမှာ ထိုင်ခိုင်းထားသည်။ လမ်းပြကောင်လေးကိုတော့ ကိုအဏ္ဏဝါတို့ ရှေ့မှာပင် သေလုမြောပါးဖြစ်အောင် ထိုးရိုက်လုပ်တော့သည်။ ရိုက်သူလက်နာမှာစိုးလို့ ကောင်လေးရဲ့ ဦးခေါင်းကို သေနတ်ဒင်ဖြင့် ရိုက်လိုက်ရာ ခေါင်းပေါက်သွားပြီ သွေးတွေ စီးဆင်းလာသည်။ ကောင်လေးက ဒူးထောက်ထိုင်ချပြီး ရှိခိုးတောင်းပန်သည်။ အဲဒါကို ခြေဖြင့် ဆောင့်ကန်လိုက်သေးသည်။ လဲကျနေတာကို လိမ့်ကန်ပြန်သည်။ တရားဟောဆရာနှင့် ကိုအဏ္ဏဝါတို့က တော်ပါတော့ဗျာလို့ တောင်းပန်တော့ သေနတ်ဖြင့် ချိန်ပြီး ခင်ဗျားတို့ ပါးစပ်တွေ ပိတ်ထားဟု အော်သည်။ ဒီလို လက်သံပြောင်သည့်အတွက် ဒီလို နေရာမှာ ဒီလို ရာထူးမျိုးကို ရထားသူ ဖြစ်မည်ဟု တွေးမိသည်။

ရုံးရှေ့ကို ကားတစ်စီး ရောက်လာသံ ကြားရသည်။ ကားတံခါးပိတ်သံ ကြားရသည်။ မကြာမီ အသက်ငါးဆယ်ခန့် အရွယ် အရပ်ဝတ်ဝတ်ထားသည့် ထိပ်ပြောင်ကြီး တစ်ယောက် အခန်းတွင်း ဝင်လာသည်။ အခန်းတွင်းမှာ သွေးသံရဲရဲဖြင့် ထိတ်ထိတ်ပျာပျာ ဖြစ်နေကြသည့် ကိုအဏ္ဏဝါတို့ လူစုကို ခါးလက်ထောက်ပြီး ကြည့်သည်။ ကွယ်လွန်သူ အီဂျစ် သမ္မတ အဏ္ဏဝါဆာဒတ်နဲ့ ရုပ်ချင်းတူတာကို သတိထားလိုက်မိသည်။

http://www.linhtet.com



"ခင်ဗျားတို့ ဘယ်ကလဲ၊ ဘာကောင်တွေလဲ"

"မြန်မာပြည်က သင်္ဘောသားတွေပါ ခင်ဗျာ"

"အမေရိကန်က စီအိုင်အေတွေ မဟုတ်ဘူးလား"

"စီအိုင်အေဆိုတာ ဘာလဲ ကျွန်တော်တို့ မသိပါဘူး ခင်ဗျာ"

"ခင်ဗျားတို့ ဘယ်နိုင်ငံက လာကြတာလဲ"

"ပိုလန်နိုင်ငံကပါ ခင်ဗျာ"

"ဘာလာလုပ်တာလဲ"

"ပိုလန်နိုင်ငံက တင်လာတဲ့ ဘိလပ်မြေအိတ်တွေကို တီးမားမြို့ ဆိပ်ကမ်းမှာ ချနေပါတယ် ခင်ဗျာ၊ မြို့တော် အက္ခရာကို မရောက်ဖူးလို့ လျှောက်လည်နေကြတာပါ"

ဒီနေရာမှာ တရားဟောဆရာကလည်း ဝင်ပြောသည်။ သူတို့ ဂါနာဘာသာစကားဖြင့် ပြောသော်လည်း ဒီလူတွေဟာ ရိုးရိုးသားသား တွေပါ။ မရောက်ဖူးလို့ ဗဟုသုတအလို့ငှာ လာရောက် လည်ပတ်သူတွေ ပါဟု ပြောနေတာ ဖြစ်မည်။ တရားဟော ဆရာသည် အသက် ခြောက်ဆယ်ခန့် ရှိပြီဖြစ်သည်။ သူတို့ လူမျိုးထဲမှာတော့ လူကြီး လူကောင်းရုပ် ပေါက်သူ ဖြစ်သည်။ သူ၏ သက်သေခံ ကတ်ပြားကို လည်း ခါးလက်ထောက်ထားသည့် ဆရာကြီးကို ထုတ်ပြသည်။

"ဒီနေရာဟာ ဘာလဲဆိုတာ သိလား"

"မသိပါဘူးခင်ဗျာ"

"ကောင်းတယ်၊ မသိတာကောင်းတယ်၊ ကင်မရာက ဘယ်သူ့ ဟာလဲ"

"ကျွန်တော့် ကင်မရာပါ ခင်ဗျာ"

"ဖလင်လိပ်ထုတ်လိုက်"

ခါးလက်ထောက်ပြီး ဟောက်မေး မေးနေသည့် ဆရာကြီးအနီးမှာ သတိအနေအထားဖြင့် ရပ်နေသည့် အင်္ကျီကိုယ်ကျပ် ဗလကြီး ကမ်းပေး သည့် ကင်မရာလေးထဲက ဖလင်လိပ်ကို ထုတ်ယူပြီး ဆရာကြီးကို ပေးလိုက်သည်။ စောစောက လက်သံပြောင်ခဲ့သည့် ကိုဗလံလေးကတော့ ဘယ်ရောက်သွားသလဲ မသိ။ အရိပ်အရောင်တောင် မတွေ့ရ ဖြစ်နေ သည်။ သူ့အလုပ်က နှိပ်စက် ညှဉ်းပန်းရေး သက်သက် ဖြစ်မည်။

http://www.linhtet.com



"ကျွန်တော့်လူတွေက ခင်ဗျားတို့ကို ရိုက်နှက်ထိုးကြိတ် သေးလား"

"အား…ဆော်တာပေါ့ဆရာရယ်၊ ဆရာ အချိန်မီ ရောက်လာပေလို့ပဲ"

"ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျားတို့ သွားလိုရာ သွားလို့ရပါပြီ"

ကိုအဏ္ဏဝါတို့ သွားလိုရာနေရာအထိ လိုက်ပို့ပေးလိုက်ပါဟု အမိန့်ပေးသည်။ လုံခြုံရေးစခန်းရှိရာ နေရာမှ လင့်ရိုဗာကားဖြင့်ပင် တောင်ကုန်းပေါ်က ပြန်ဆင်းခဲ့ကြသည်။ ကိုအဏ္ဏဝါတို့ကို စောင့်နေသည့် ဂျစ်ကား ရှိရာ မြို့လယ်ဈေးကြီးအထိ လိုက်ပို့ပေးသည်။ ဘယ်ကိုမှ သွားလိုစိတ် မရှိတော့လို့ တီးမားမြို့ကိုပဲ ပြန်မယ်ဆိုပြီး ပြန်လာခဲ့ကြသည်။ စိတ်မကောင်း ဖြစ်လာကြသည့်အတွက် ကြောက်စိတ်ဖြင့် ကားပေါ်မှာ စကား မပြောနိုင် ဖြစ်လာကြသည်။

## ရယကရုံးရောက် ကိုအဏ္ဏဝါ

တီးမားမြို့က သောက်နေကျဘားဆိုင်ကို ညနေ ၃-နာရီလောက်မှာ ပြန်ရောက်ကြသည်။ ဘားဆိုင်ပိုင်ရှင် အမျိုးသမီးနှင့် စားပွဲထိုးကောင်မလေးတွေက အစောကြီး ပြန်လာကြလို့ အံ့သြနေကြသည်။ လမ်းပြကောင်လေးမှာလည်း သွေးသံရဲရဲ ဖြစ်လာလို့ ဘာဖြစ်လာကြတာ လဲလို့ မေးကြသည်။ ကြောက်စိတ် မပြေသေးသည့် ကိုအဏ္ဏဝါက နှစ်ပက်လောက် မြန်မြန် ထည့်ပေးစမ်းပါလို့ တောင်းသည်။ နှစ်ပက်ကို ဂွပ်ခနဲ မော့ချလိုက်ပြီးမှ ဖြစ်ကြောင်းကုန်စင်ကို အစမှအဆုံး ပြောပြလိုက်သည်။ ဝိုင်းပြီး နားထောင်နေကြသည့် အမျိုးသမီးတွေ အံ့သြလွန်းလို့ ရင်ဘတ်ကို လက်ဖြင့် ဖိထားကြသည်။

"ရှင်တို့ကို အဲဒီ ရဲတိုက်ကြီးအထိ ခေါ်သွားတယ် ဟုတ်လား"

"ဟုတ်ပါ့၊ လုံခြုံရေးစခန်းရုံးထဲမှာ ပိတ်ပြီး အတီးခံခဲ့ရတာ"

"ဟယ်…တကယ့် မဟာကံထူးရှင်တွေပါလား၊ အဲဒီ ရဲတိုက်ကြီးထဲကို ခေါ်သွား ခံရသူတိုင်းဟာ အသက်ရှင်ပြီး ပြန်ထွက် လာတယ်ဆိုတာ တစ်ယောက်မှ မရှိသေးဘူး"

http://www.linhtet.com



"ဟာ အဲဒီရဲတိုက်ကြီးက ဘာကြီးလဲ"

"အဲဒါ သမ္မတအိမ်တော်၊ အဲဒါကြီးကိုသွားပြီး ဓာတ်ပုံရိုက်တယ် ဆိုတော့ အောင်မယ်လေး"

"အောင်မယ်လေးဗျ၊ ထည့်ပါဦး နောက်ထပ် လေးပက်လောက်၊ ပေးပေး ပုလင်းလိုက်သာ ပေးပါတော့"

ရဲတိုက်ကြီးမှာ ဖြစ်ပျက် ကြုံတွေ့ခဲ့ရပုံတွေကို တစ်ယောက်တစ်ပေါက် ပြန်ပြောကြသည်။ ကောင်မလေးတွေက ဝိုင်းပြီးနားထောင်နေကြသည်။ ခါးလက်ထောက်ပြီး စစ်မေးသည့် ထိပ်ပြောင်ကြီးသာ အချိန်မီ ရောက်မလာလျှင် သေလုမျောပါး ခံကြရမည် ဖြစ်သည်။ ထိပ်ပြောင်ကြီးသည် တွေးခေါ် မြော်မြင်တတ်သူ ဖြစ်သည်။ စီအိုင်အေ ဆိုလျှင် ရဲတိုက်ကြီးကို ဓာတ်ပုံရိုက်တာ ဒီလိုပေါ်တင်ကြီး ဘယ်ရိုက်လိမ့်မလဲ၊ ဘာမှန်းညာမှန်း မသိတဲ့ သင်္ဘောသား ရူးကြောင် မူးကြောင် အကောင်တွေ ဆိုတာကို ချက်ချင်း သိသွားသည်။ ထိပ်ပြောင်သူတွေဟာ အမြော်အမြင် ရှိသည့် လူကြီးလူကောင်းတွေ ဖြစ်သည်ဟု ပြောကြသော အခါ ကိုအဏ္ဏဝါက သူ့ထိပ်ပြောင်ကြီးကို ပွတ်ကြည့်လိုက်သည်။ ငါဟာ ခေသူ မဟုတ်ပါလားလို့ တွေးမိလိုက်သည်။ အခုပဲသေဖို့ ကြုံခဲ့တာက လွတ်လာသည်။ ဘဝင်သွေးက နားထင်ဘေးကို ရောက်နေသေးသည်။

(ကြောက်ကြောက်နဲ့ သောက်လိုက်ကြတာ ဂါနာပိုက်ဆံ ၇၀၀၀ (အမေရိကန် ဒေါ်လာ ၄၀ ခန့်) ကုန်သွားသည်။ ဂါနာပိုက်ဆံ ၇၀၀၀ ဆိုတာ သူတို့နိုင်ငံသားတွေ အတွက်တော့ အတော်များသည့် ပိုက်ဆံ ဖြစ်သည်။ ဒါကလည်း သွေးလန့်နေသည့် နိုင်ငံခြားသားတွေဆီက မတရား ရိတ်လိုက်လို့ ဒါလောက် များသွားခြင်းဖြစ်သည်။ သူတို့ လူမျိုးတွေ စားသောက်လျှင် ဒါလောက်ကျမည် မဟုတ်တာ သေချာ သည်။ ညက အတော်ညဉ့်နက်မှ အဲဒီဆိုင်က ပြန်ခဲ့ကြသည်။

ကိုအဏ္ဏဝါတို့သည် ကြောက်သွားပြီး သင်္ဘောပေါ်မှာပဲ နေသည်။ ကုန်ချတာကလည်း ကြာနေသည်။ ကိုအဏ္ဏဝါသည် ဖြစ်နိုင်လျှင် ဒီနိုင်ငံက အမြန်ဆုံး ပြန်ထွက်သွားချင်ဖြစ်သည်။ သင်္ဘောပေါ် တက်ပြီး ပစ္စည်းဝယ်သူ၊ ဒေါ်လာဝယ်သူ သင်္ဘောသားဟောင်း တစ်ယောက်ကို

http://www.linhtet.com



အဖြစ်အပျက် ပြောပြလိုက်သည်။ သင်္ဘောသားဟောင်းက ပခုံး တွန့်ပြသည်။ နိုင်ငံခြားသား တစ်ယောက်ကို လမ်းပေါ်က လူရှေ့သူရှေ့မှာ ရိုက်နှက် ကန်ကျောက် လုပ်တာဟာ တရားဥပဒေနဲ့ ညီညွတ်ပါရဲ့လားလို့ မေးကြည့်သည်။ သူ ပြန်ဖြေတာက ပြည့်စုံသည်။

"ဥပဒေစကားတွေ လာပြောမနေနဲ့ မိတ်ဆွေကြီး၊ ရှေ့နေတွေ တရားသူကြီးတွေ ထောင်ထဲမှာ အများကြီးပဲ"

ကိုအဏ္ဏဝါ ပါးစပ်ပိတ်သွားသည်။ သင်္ဘောမှာပဲ နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သင်္ဘောမှာနေတော့မှ အမှုက သင်္ဘောပေါ် တက်လာသည်။ အထိုးအကြိတ်ခံခဲ့ရတဲ့ ကောင်လေးက နစ်နာကြေး ဒေါ်လာ ၅၀၀ ပေးရန် တောင်းဆိုသည်။ မင်းကို ငါတို့က ခေါ်တာ မဟုတ်၊ မင်းဟာမင်း ပျော်လို့ဆိုပြီး ငါတို့နှင့်အတူ စားဖို့သောက်ဖို့ လိုက်လာတာ ဖြစ်လို့ မပေးနိုင်ပါဟု ပြောလိုက်သည်။ သနားလို့ ဂါနာပိုက်ဆံ တစ်ထောင် ပေးလိုက်သည်။ ကောင်လေးသည် မကျေမနပ်ဖြင့် ပြန်သွားသည်။

၃၀-ရက်နေ့မှာတော့ ရဲနှစ်ယောက် သင်္ဘောပေါ် တက်လာပြီး ကပ္ပိတန်ကို စာတစ်စောင် သွားပေးသည်။ ကပ္ပိတန်က ကိုအဏ္ဏဝါကို ဖုန်းဆက်ခေါ်ပြီး အဲဒီစာကို ပြသည်။ ကိုအဏ္ဏဝါ ဖတ်ကြည့်လိုက်သည်။

ဒီသင်္ဘောက ဆက်သွယ်ရေး အရာရှိနှင့် အပေါင်းပါ သုံးယောက်တို့သည် ဘားဆိုင်မှ အရက်တွေကို အကြွေးသောက်ကြပြီး အကြွေးလာမဆပ်သည့်အတွက် ဘားဆိုင်ပိုင်ရှင် အမျိုးသမီးက ရပ်ကွက် ပြည်သူ့ကောင်စီ တရားရုံးကို ဦးတိုက် လျှောက်ထားလာပါသည်။ အရက်ကြွေး ဂါနာပိုက်ဆံ ၅၀၀၀ ကို လာမဆပ်ပါက တရားဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။ (ပုံ-ဥက္ကဋ္ဌ၊ ရပ်ကွက် ပြည်သူ့ကောင်စီ) ဟူ၍ ဖြစ်သည်။

ကပ္ပိတန်က ဒီအတိုင်းမှန်ပါသလားဟု မေးသည်။ ကိုအဏ္ဏဝါက မဟုတ်မှန်ကြောင်း ပူးပေါင်း လုပ်ကြံမှုသာ ဖြစ်ကြောင်း ရှင်းပြသည်။ ဘားဆိုင်ပိုင်ရှင် အမျိုးသမီးသည် ကိုအဏ္ဏဝါတို့ သူ့ဆိုင်ကို မလာတော့သည့်အပြင် ကားခ မရလိုက်သည့်အတွက် မကျေနပ်ဖြစ်ပြီး လုပ်ကြံ

http://www.linhtet.com



လည်ဆယ် တိုင်ခြင်း ဖြစ်ပါသည်ဟု ရှင်းပြလိုက်သည်။ ဂရိကပ္ပိတန်သည် အလွန် လူရည်လည်သူ ဖြစ်ကြောင်း ဒီကိစ္စမှာ တွေ့ရသည်။ ရဲနှစ်ယောက်ကို ပြုံးပြီး စိုက်ကြည့်လိုက်သည်။ ရဲတွေသည် ဥရောပတိုက်သား လူဖြူတစ်ယောက်ရဲ့ ဒီလို ကြည့်တာကို မခံနိုင်ဘဲ ကြောက်လန့်ပြီး ထရမလို ထိုင်နေရမလို ဖြစ်သွားသည်။ ကပ္ပိတန် ပြောလိုက်သည့် စကားကြောင့် ပိုဆိုးသွားသည်။

"ကောင်းပြီ ကျုပ်သင်္ဘောက အရာရှိရဲ့ ပြဿနာကို ကျုပ်ကိုယ်တိုင် တရားရုံးကို လိုက်ပြီးရှင်းမယ်။ ခင်ဗျားကို မေးစရာတစ်ခုရှိတယ်။ ဒီသင်္ဘောဟာ ဂရိသင်္ဘော၊ တစ်နည်း ပြောရလျှင် ဂရိနိုင်ငံပဲ၊ ဆိပ်ကမ်းအာဏာပိုင် အဖွဲ့အစည်းရဲ့ ခွင့်ပြုချက် အမိန့်မပါလျှင် ဘယ်သူမှ သင်္ဘောပေါ်ကို တက်ခွင့် မရှိဘူး၊ ခင်ဗျားတို့မှာ ခွင့်ပြုမိန့် ပါသလား။ မပါရင် ခင်ဗျားတို့ နှစ်ယောက်ကို အပြည်ပြည်ဆိုင်ရာ ဥပဒေအရ တရားစွဲရလိမ့်မယ်"

အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုတာကြီးနဲ့ ကိုင်ပေါက်လိုက်တော့ နဂိုကမှ မျက်နှာဖြူမို့ ကြောက်နေသည့် ရဲနှစ်ယောက်သည် ထပြေးတော့မလို့ ဖြစ်သွားကြသည်။ ဒီတော့မှ ကပ္ပိတန်က ပြန်ထိုင်ခိုင်းသည်။ တရားရုံးကို လိုက်ခဲ့ပါ့မည်ဟု ပြောသည်။ ကိုအဏ္ဏဝါကို ဧည့်ခန်းမှ သူ့အိပ်ခန်းဘက်ကို ခဏလာရန် ခေါ်သည်။ တိုးတိုးပြောသည်။

"အဝတ်အစား စမတ်ကျကျဝတ်၊ နက္ကတိုင်တွေ ဘာတွေစည်း၊ ဒီလူမျိုးတွေရှေ့မှာ ဟိတ်နဲ့ဟန်နဲ့ နေပြနိုင်မှ သူတို့ အထင်ကြီးတယ်။ လေးစားတယ်"

ကိုအဏ္ဏဝါ သဘောကျသွားသည်။ သူတို ဂရိလူမျိုးတွေ အပါအဝင် ဥရောပတိုက်သားတွေဟာ ငါတို့ အာရှတိုက်နဲ့ အာဖရိကတိုက်က နိုင်ငံတွေကို ကိုလိုနီနိုင်ငံတွေဖြစ်အောင် လုပ်ခဲ့ကြတာဟာ ဟိတ်နဲ့ဟန်နဲ့ နေပြပြီး အထင်ကြီး ခံရအောင် လုပ်သွားကြတာပါလားဟု သဘော ပေါက်လိုက်ပါသည်။

ကိုအဏ္ဏဝါသည် အမေရိကန်လုပ် အဲရိုးရှပ်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည် အပြာနုရောင်ကို ဝတ်သည်။ အင်္ကျီမှာ စင်းကြောင်း

http://www.linhtet.com



လေးတွေ ပါသည့်အတွက် ကန့်လန့်ဖြတ် စင်းကြောင်းလေးတွေ ပါသည့် နက္ကတိုင်ကို စည်းလိုက်သည်။ ကပ္ပိတန်သည် အင်္ကျီအဖြူ လက်တိုနှင့် ဘောင်းဘီရှည်အဖြူ၊ ဖိနပ်အဖြူကို စီးထားတော့ အင်္ဂလိပ် ရေတပ် ဗိုလ်ချုပ်ကြီးနဲ့ တူနေသည်။

တရားရုံးကို ရောက်သွားသောအခါ တရားရုံးထဲမှာ တရားလို အမျိုးသမီးနှင့်အတူ တရားလိုပြ သက်သေတွေဖြစ်သည့် စားပွဲထိုး ကောင်မလေးတွေနှင့် အထိုးအရိုက်ခံရသည့် ကောင်လေးတို့ ရောက်နေတာ တွေ့ရသည်။ တရားသူကြီးက စွဲချက်ကို ဖတ်ပြသည်။ အရက်ဖိုး ဂါနာငွေ ၅၀၀၀ကို မပေးဆောင်ပါက တရားဥပဒေ အရ အရေးယူမည် ဆိုသည့် စွဲချက်ဖြစ်သည်။ တရားခံ ဘာပြောလိုပါသလဲဟု မေးသည်။ ဒါဟာ မတရားလုပ်ကြံမှုသာ ဖြစ်ကြောင်း တင်ပြ လျှောက်လဲရန် ကိုအဏ္ဏဝါ ထိုင်ရာမှ ထရပ်မလို့ လုပ်သည်။ ကပ္ပိတန်က ကိုအဏ္ဏဝါ၏ ပခုံးကို ဖိထားပြီး ပြန်ထိုင်ခိုင်းသည်။ ဝန်ခံလိုက်ပါဟု ပြောသည်။ ကိုအဏ္ဏဝါက ပြစ်မှုကျူးလွန်မိပါသည်။ ဘာမှ ပြောစရာ မရှိပါဟု ပြောလိုက်ရတော့သည်။

"ယက်စ် အိုင်ဒူး၊ အိုင်ဟက်ဖ် နတ်သိမ်းတူဆေး"

အမှုပြီးသွားသည်။ ဂါနာ ၅၀၀၀ နှင့် ညီမျှသည့် အမေရိကန် ဒေါ်လာ ၃၀ ကို ကပ္ပိတန်က ထုတ်ပေးလိုက်သည်။ တရားသူကြီးနှင့် ရဲကိုပါ ခွဲဝေပေးရမည် ဖြစ်လို့ တရားလိုအမျိုးသမီးသည် ၁၀ ဒေါ်လာ လောက်တော့ ရနိုင်သည်ဟု တွေးမိသည်။

ကပ္ပိတန်က အပြန်လမ်းမှာ ကိုအဏ္ဏဝါကို ပြောသည်။ ဒီလို တရားရုံးမျိုးမှာ ဝန်ခံလိုက်တာ အကောင်းဆုံးဟု ပြောသည်။ ငြင်းလျှင် နစ်နာဆုံးရှုံးမှုက အဆမတန် ဖြစ်သွားမည်ဟု ဆိုသည်။ ရုံးချိန်းရက် ရွှေ့မည်။ သင်္ဘောက ကုန်ချပြီးလျှင် ထွက်ခွာသွားရမည်။ ကိုအဏ္ဏဝါကို အလုပ်က ဖြုတ်ပြီးထားခဲ့ရမည်။ အာမခံရလျှင် ဟိုတယ်မှာ နေရမည်။ မရလျှင် အချုပ်ထဲမှာ နေရမည်။ ကိုအဏ္ဏဝါနဲ့ ပတ်သက်သည့် စရိတ် စက၊ ဟိုတယ်ခအပါအဝင်၊ နိုင်ငံရင်းကို ပြန်ပို့သည့် လေယာဉ် စရိတ်က အစ သင်္ဘောကုမ္ပဏီက ကျခံရတော့မည် ဖြစ်သည်။ ဝန်ခံ လိုက်ခြင်းဖြင့်

http://www.linhtet.com



ဒေါ်လာ ၃၀ သာ ကျသည်။ ခင်ဗျားတို့ လေးယောက် မျှခံလိုက်ရင် တစ်ယောက်ကို ရှစ်ဒေါ်လာတောင် မကျဟု ဆိုသည်။ အသက်နဲ့မလိုက် အရွယ်နဲ့မလိုက် ကမြင်းကြောထတာကိုလည်း လျှော့တော့ဟု သတိပေးသည်။

❐

[ ၅ ]

# ရေမြင်းပေါ်က တိုက်ပွဲအစ

ကိုအဏ္ဏဝါတို့ သင်္ဘောကြီး ရေမြင်း SEAHORSE ပေါ်က မြန်မာ သင်္ဘောသားတွေနှင့် ဂရိ ကပ္ပိတန်တို့ ပြဿနာအကြီးအကျယ် ဖြစ်ဖို့ အကြောင်းပေါ်လာသည်။ ပြဿနာ ဖြစ်ဖို့ အကြောင်း မပေါ်မီက ပင် ဂရိ ကပ္ပိတန်နှင့် ဂရိအရာရှိတွေသည် မြန်မာ သင်္ဘောသားတွေ အပေါ်မှာ မနာလို မရှုဆိတ် ဖြစ်နေကြသည်။ သူတို့ ဂရိလူမျိုး သင်္ဘောသားတွေ နေရာမှာ မြန်မာလူမျိုး သင်္ဘောသားတွေက အစားဝင် နေရာယူလာ ကြသည့်အတွက် မလိုမုန်းထား ဖြစ်နေကြသည်။ လစာ အမေရိကန် ဒေါ်လာ ၁၈၀၀/- ရသော ဂရိလူမျိုး အာအိုဓ၏ နေရာမှာ မြန်မာလူမျိုး အာအိုက ၈၅၀ ဖြင့် ဝင်လုပ်သည့်အတွက် အမြင်ကတ် နေခြင်း ဖြစ်သည်။ မကြာတော့သည့် ကာလမှာ ကပ္ပိတန် ရာထူးကိုပင် မြန်မာဖြင့် အစား ထိုးတော့မှာကို တွေးကြောက်နေခြင်း ဖြစ်သည်။

## ဂါနာမှ ဗိုင်ယာသို့

ဇူလိုင်လ ၃-ရက်နေ့တွင် ကုန်ချလို့ ပြီးသွားသည်။ ကုန်ချလို့ ပြီးသော်လည်း ကုန်အလျှော့အပေါ့ အပျက်အစီး တွက်ချက်ညှိနှိုင်းကြရ

http://www.linhtet.com



သဖြင့် ဒီနေ့သင်္ဘောမထွက်နိုင် ဖြစ်နေသည်။ သင်္ဘောမထွက်သေးဘူး ဆိုတော့ နိုက်ကလပ်တွေက ကပွလီမတွေနှင့် သံယောဇဉ်ဖြစ်နေသူတွေ မြို့ထဲ သွားကြပြန်သည်။ ဒီနေ့ဟာ ဂါနာနိုင်ငံမှာ နောက်ဆုံးနေ့ ဖြစ်နိုင်သည့်အတွက် နှုတ်ဆက်ပွဲ နွဲကြရန် သွားကြခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါကတော့ သမ္မတ အိမ်တော်ဝင်းထဲမှာ နာရင်းအုပ် ခံခဲ့ရသည့်အပြင် ရပ်ကွက်ကောင်စီရုံးမှာ အမှုရင်ဆိုင်ခဲ့ရသည်ဖြစ်လို့ အပြင်ထွက်ရမှာ ကြောက်နေသည်။ အေးဆေးပဲ သင်္ဘောမှာပဲ နေလိုက်တော့သည်။

၄-ရက်နေ့ နံနက်မှာ သင်္ဘောထွက်မည်ဆိုလို့ အစစ ပြင်ဆင်သည်။ မိုးလေဝသ သတင်းကို ဘယ်က ယူရမှန်းမသိ ဖြစ်နေသည်။ ရာသီဥတုကတော့ သာယာနေသည်။ အသံလွှင့်စက်၊ အသံဖမ်းစက်တွေကိုသာ စမ်းသပ်ပြီး အသင့် အနေအထားဖြင့် နေသည်။

နံနက် ၉-နာရီတွင် ရေကြောင်းပြ တက်လာသည်။ ၉-နာရီခွဲတွင် တီးမားမြို့ဆိပ်ကမ်းမှ ထွက်သည်။ ဇိုင်ယာနိုင်ငံ ZAIRE ဘနားနား BANANA ဆိုသည့် ဆိပ်ကမ်းသို့ ထွက်ခွာသည်။ ၄-ရက်ခရီးဟု သိရသည်။ ကပ္ပိတန်က ကြေးနန်း သုံးစောင်ပို့ရန် လာပေးသည်။ ဇိုင်ယာနိုင်ငံအတွက် တစ်စောင်၊ အမေရိကန်အတွက် တစ်စောင်နှင့် ဂရိနိုင်ငံ အတွက် တစ်စောင် ဖြစ်သည်။ ဇိုင်ယာအတွက် ကြေးနန်းကို ဇိုင်ယာ 9PA သို့ တိုက်ရိုက် ပို့လိုက်သည်။ အမေရိကန်နှင့် ဂရိအတွက် ကြေးနန်း တွေကို အင်္ဂလန် GKB မှ တစ်ဆင့် ပို့ပစ်လိုက်သည်။

ညမိုးချုပ်တော့မှ ထိတ်လန့်စရာ သတင်းတစ်ခု ထွက်လာသည်။ သင်္ဘော၏ အမြင့်ဆုံးကြမ်းခင်း SUNDECK ပေါ်မှာ ကပွလီ ခြေရာကြီးတွေ တွေ့ရသည့်အပြင် ကြီးမားရှည်လျားသည့် ရာဘာ ဖိနပ်ကြီး တစ်ရန်ကို ဟိုနေရာမှာ တစ်ဖက်၊ ဒီနေရာမှာ တစ်ဖက် တွေ့ကြရသဖြင့် အထိတ်တလန့် ဖြစ်သွားကြရသည်။ သင်္ဘောပေါ်မှာ နိုင်ငံရင်းကို စွန့်ခွာပြီး ခိုးလိုက်လာသူ စတိုးဝေး STORE AWAY ပါလာပြီလားမသိ ဆိုပြီး စိုးရိမ်သွားကြခြင်း ဖြစ်သည်။ ညမိုးချုပ်နေပြီ ဖြစ်လို့ ဖြစ်နိုင်ခြေ ရှိသည့် နေရာတွေနှင့် ပုန်းအောင်းနေနိုင်သည့် နေရာတွေကို မီးထိုးပြီး ရှာကြသည်။ မတွေ့လို့ စိတ်အေးသွားကြသည်။

http://www.linhtet.com



## ပျော်စရာလေး စတိုးဝေး

၅-ရက်နေ့ နံနက်မှာ ဆူညံစွာ ထွက်ပေါ်လာသည့် အရေးပေါ် အချက်ပေး ခေါင်းလောင်းသံကြောင့် ကိုအဏ္ဏဝါ အိပ်ရာမှ ကမန်းကတန်း ထလိုက်သည်။ သင်္ဘောသားတိုင်း၏ အခန်းတွေမှာ တပ်ဆင်ထားသည့် စပီကာမှလည်း အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် နှိုးဆော်ချက် ထွက်ပေါ် လာသည်။

"အားလုံးသတိ၊ သင်္ဘောပေါ်မှာ ခိုးလိုက်လာသူတွေ ပါလာတယ်၊ သင်္ဘောသားတိုင်း လက်နက်ကိုယ်စီ ကိုင်ဆောင်ပြီး ထွက်လာကြပါ"

ကိုအဏ္ဏဝါသည် မျက်နှာတောင် မသစ်နိုင်ဘဲ ဘောင်းဘီတို ကောက်ဝတ်သည်။ သံတုတ်ကိုင်ပြီး အခန်းတွင်းမှ ပြေးထွက်လိုက်သည်။ စကားပြောသံတွေ ကြားနေရသည့် ကုန်းပတ်ပေါ်ကို ပြေးဆင်းသွား လိုက်သည်။ ကုန်းပတ်ပေါ်က စတိုခန်း တစ်ခုရဲ့ရှေ့မှာ တုတ်ဓား လက်နက်မျိုးစုံ ကိုင်ထားကြသည့် သင်္ဘောသားတွေက ကပ္ပလီ နှစ် ယောက်ကို ဝိုင်းထားတာ တွေ့လိုက်ရသည်။

ကပ္ပလီ နှစ်ယောက်အနက် တစ်ယောက်က ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းကြီး ဖြစ်သည်။ နောက်တစ်ယောက်ကတော့ ပုပုဝဝ၊ ဗိုက်ပူဖြစ်သည်။ နှစ်ယောက်လုံး အင်္ကျီမဝတ်ဘဲ ဘောင်းဘီတို ဝတ်ထားကြသည်။ နှစ်ယောက်လုံးက အန္တရာယ် မပြုပါဘူး ဆိုသည့် သဘောဖြင့် လက်မြှောက်ထားကြသော်လည်း ကြောက်နေသည့် အမူ အရာ မတွေ့ရ ဖြစ်နေသည်။ ကပ္ပိတန်သည် ကပ္ပလီ နှစ်ယောက်ကို လာကြည့်ပြီး ဂရိ ပထမအရာရှိကို တစ်စုံတစ်ခု အမိန့်ပေးသည်။ အမိန့် ပေးပြီးသည်နှင့် တက်မစင်ပေါ်ကို ပြန်တက်သွားသည်။ ဂရိ ပထမ အရာရှိ က ကပ္ပလီတွေကို စစ်မေးသည်။

"မင်းတို့အားလုံး ဘယ်နှယောက်လဲ"

"ဒီနှစ်ယောက်ထဲပါပဲ"

ဂရိ ပထမအရာရှိသည် ကပ္ပလီ နှစ်ယောက်တို့၏ ဘောင်းဘီကို နှိုက်စမ်း ရှာဖွေသည်။ လက်နက်တစ်စုံတစ်ရာ ဝှက်သိုလာသလား သိလို၍ ရှာဖွေခြင်း ဖြစ်သည်။ ခိုးလိုက်လာသူ နှစ်ယောက်ကို ဆေးရုံခန်း အတွင်း

http://www.linhtet.com



ပိတ်လှောင်ထားလိုက်သည်။ သင်္ဘောတစ်စီးလုံး ချောင်ကြို ချောင်ကြား မကျန် ရှာဖွေကြသော်လည်း နောက်ထပ် မတွေ့တော့လို့ နှစ်ယောက်တည်း ပါလာတာ သေချာသည်။

ကပ္ပိတန်သည် ကိုအဏ္ဏဝါကို ခေါ်ပြီး ဂရိနိုင်ငံရှိ ကုမ္ပဏီရုံးကို ဖုန်းခေါ်ခိုင်းသည်။ သင်္ဘောကိုလည်း ဂါနာနိုင်ငံသို့ ပြန်လှည့်စေသည်။ ရုံးကို ဖုန်းခေါ်လို့ ရသောအခါ ကပ္ပိတန် စကားပြောသည်။ ဂရိဘာသာ စကားဖြင့် ပြောနေ၍ ဘာတွေ ပြောနေကြသည်ကို မသိရ ဖြစ်နေသည်။ စကားပြောတာ နာရီဝက်လောက် ကြာသည်။ သင်္ဘောကို မူလလမ်း ကြောင်းဖြစ်သည့် ဇိုင်ယာနိုင်ငံသို့ ပြန်လှည့်မောင်းစေသည်။ ကုမ္ပဏီ ရုံးက အမိန့်အရ ဆက်သွားခိုင်းတာ ဖြစ်သည်။

သင်္ဘောသည် နိုက်ဂျီးရီးယားနိုင်ငံနဲ့ တည့်တည့်ကို ရောက်နေပြီ ဖြစ်သည်။ ဇိုင်ယာနိုင်ငံကို ရောက်ရန် နှစ်ရက်ခန့်သာ လိုတော့သည်။ ကပ္ပိတန်က ကိုအဏ္ဏဝါကို ခါးလက်ထောက်ပြီး ခပ်တင်းတင်း စကား ပြောသည်။

"မင်းတို့ မြန်မာ သင်္ဘောသားတွေထဲက တစ်ယောက်ယောက် ဟာ ကပ္ပလီနှစ်ယောက်ဆီက ပိုက်ဆံယူပြီး ခေါ်တင်လာတာလို့ ကုမ္ပဏီ က ယုံကြည်နေတယ်"

ကိုအဏ္ဏဝါ အတော် အံ့သြသွားသည်။ ကုမ္ပဏီက ယုံကြည်တာ မဟုတ်ဘဲ သူ ယုံကြည်တာ ဖြစ်မည်ဟု တွေးမိသည်။။ မယုံကြည်ပေမဲ့ သူ့အပေါ်ကျနေပြီဖြစ်သည့် ပြဿနာကြီးကို မြန်မာ သင်္ဘောသားတွေ အပေါ် ပုံချဖို့အတွက် အကွက်ဆင်တာ ဖြစ်မည်။ ကိုအဏ္ဏဝါ ခပ်မာမာ ပြန်ပြောလိုက်သည်။

"ကျွန်တော် မယုံကြည်ဘူး၊ မြန်မာ သင်္ဘောသားတွေ ဒီအလုပ်မျိုး ကို ဘယ်သူမှ မလုပ်ဘူး"

တက်မစင်ပေါ်မှာ ကိုအဏ္ဏဝါ၏ အလုပ်တာဝန် ပြီးပြီဖြစ်လို့ အောက်ကို ပြန်ဆင်းလာခဲ့သည်။ ကပ္ပိတန် ပြောသည့် စကားကို တက်မ စင်မှာ တာဝန်ကျနေသည့် တတိယအရာရှိ ဟန်မြင့်လည်း ကြားသည်။ ကိုအဏ္ဏဝါက ကပ္ပိတန်ကို ပြန်ပြောတာကိုလည်း ကြားသည်။ ဒီကိစ္စဟာ

http://www.linhtet.com



ပေါ့သေးသေး မဟုတ်သည့်အတွက် မြန်မာ သင်္ဘောသား အားလုံးကို အသိပေး ပြောကြားရတော့မည် ဖြစ်သည်။

သင်္ဘောသား ထမင်းစားခန်းမှာ လူစုံနေသည်။ ကပ္ပလီ နှစ်ယောက်ကို တက်မကိုင် ကိုစိုးပိုင်က တွေ့တာဟု သိရသည်။ စတိုထဲမှာ ပစ္စည်းတစ်ခု ယူမလို့ ဝင်သွားတာ ကပ္ပလီ နှစ်ကောင် ထိုင်နေကြတာတွေ့လို့ လန့်အော်ပြီး ပြန်ပြေး ထွက်လာခဲ့ရတာဟု သိရသည်။ ပထမအရာရှိကို သတင်းပို့ပြီး ဝိုင်းဖမ်းကြတာဟု ပြောပြီး ရယ်နေကြ သည်။ ကိုအဏ္ဏဝါက အားလုံးကို နားထောင်ခိုင်းသည်။

"ကဲ ကိုယ်လူတို့ ကပ္ပိတန်ကတော့ ပြောနေလေရဲ့။ ခင်ဗျားတို့ ကျွန်တော်တို့ မြန်မာတွေထဲက တစ်ယောက်ယောက်က ပိုက်ဆံယူပြီး ဒီကပ္ပလီ နှစ်ယောက်ကို တင်ခေါ်လာတာတဲ့"

"ဟာ သွားစမ်းပါ အာအိုကြီးရာ၊ အဲဒီကောင်တွေက အခုပဲ ပြောနေတယ်။ သူတို့ကို ချိအော်ဖစ်ဆာက ခေါ်လာလို့ လိုက်လာတာပါတဲ့။ သင်္ဘောပေါ်မှာ အလုပ်လုပ်ရမယ်။ ထမင်းကျွေးမယ် ပိုက်ဆံလည်း နည်းနည်းပါးပါး ပေးမယ်ပြောလို့ လိုက်လာတာပါလို့ အစစ်ဆေး ခံတယ်"

ချိအော်ဖစ်ဆာဆိုတာ ဂရိလူမျိုး ကုန်းပတ် ပထမအရာရှိကို ပြောခြင်း ဖြစ်သည်။ ဒီစကားသည်လည်း အခုလောက်ဆိုလျှင် ကပ္ပိတန်၏ အနားကို ရောက်သွားလောက်ပြီ ဖြစ်သည်။ ပါးစပ် ပိတ်သွားလောက်ပြီဟု ယူဆရသည်။ ကာယကံရှင် ကပ္ပလီ နှစ်ယောက်၏ ထွက်ဆိုချက်ကသာ အတည်ဖြစ်သည်။ ဘယ်သူကမျှ မယုံတာကတော့ သေချာ သည်။ ပထမအရာရှိကလည်း မခေါ်တာ သေချာသည်။ ဒီကပ္ပလီ နှစ်ယောက် လုပ်ကြံပြောဆိုတာ လူတိုင်း သိသည်။

ကပ္ပိတန်သည် မိုးကြိုးပစ် ထန်းလက်ကာ ဆိုတာလို သူ့ ခေါင်းပေါ်ကို ကျလာတော့မည့် ပြဿနာကြီးကို မြန်မာ သင်္ဘောသားတွေ အပေါ် ပုံချဖို့ ကြိုးစားခဲ့ခြင်းဖြစ်သည်။ တီးမား ဆိပ်ကမ်းက မထွက်မီ တစ်ရက် ကြိုတင်ပြီး သင်္ဘောတစ်စီးလုံးကို ပိုက်စိတ်တိုက် ရှာဖွေခဲ့ကြသည်။ ဘာမျှ မတွေ့လို့ ဆိပ်ကမ်းက ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

http://www.linhtet.com



နောက်တစ်နေ့ နံနက်ကျမှ ခိုးလိုက်လာသူ နှစ်ယောက်ကို သင်္ဘောပေါ်မှာ တွေ့ခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကပ္ပီတန်မှာ တာဝန်ရှိသွားပြီ ဖြစ်သည်။

ဖိုင်ယာနိုင်ငံကို ရောက်လျှင် ဒီကပ္ပလီ နှစ်ယောက်ကို ဂါနာနိုင်ငံသို့ ပြန်ပို့ရတော့မည် ဖြစ်သည်။ ခိုးလိုက်လာသည့် ဂါနာနိုင်ငံသား နှစ်ယောက် သင်္ဘောပေါ်မှာ ပါလာကြောင်း ဖိုင်ယာနိုင်ငံကို အကြောင်းကြားပြီး ဖြစ်သည်။ ဖိုင်ယာနိုင်ငံကို ရောက်လျှင် ကြုံတွေ့ရမည့် ပြဿနာတွေအတွက် ကုန်ကျစရိတ်တွေကို သင်္ဘော ကုမ္ပဏီက ပေးရတော့မည် ဖြစ်သည်။ ရဲအစောင့်ခေါ်ခ၊ လေယာဉ်လက်မှတ်ခ၊ လေယာဉ်လက်မှတ် အဆင်မပြေသေးပါက ဟိုတယ်မှာထားခ၊ စားစရိတ် ဆိုတာတွေကို သင်္ဘောကုမ္ပဏီက ပေးရတော့မည် ဖြစ်သည်။ ဒီကုန်ကျစရိတ်တွေအတွက် ကပ္ပီတန်ကို ငြိုငြင်တော့မည် ဖြစ်သည်။ ကံမကောင်းလျှင် ကပ္ပီတန်၏ လစာကပင် ဖြတ်တောက်ယူနိုင်သည်။ ကပ္ပီတန် အလုပ်ပြုတ်နိုင်သည်။ ဒီအမှုကြီးကို ကုစား ကာကွယ်ရန်အတွက် မြန်မာ သင်္ဘောသားတွေကို တရားခံလုပ်ဖို့ အကွက်ဆင်ခြင်း ဖြစ်သည်။

၇-ရက်နေ့မှာ ရာသီဥတု သာယာနေသည်။ ဖိုင်ယာနိုင်ငံကို ရောက်ရန် တစ်ရက်သာ လိုတော့သည်။ ဆေးရုံအခန်းထဲမှာ ထောင်ချထားသည့် ကပ္ပလီ နှစ်ယောက်သည် ထမင်းလာကျွေးသည့် သင်္ဘောသားကို အန္တရာယ်မပေးဘဲ ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံသည်ဟု သိရလို့ ကိုအဏ္ဏဝါ လိုက်သွားသည်။ လျှော့မတွက်ဘဲ အစောင့် သင်္ဘောသား သုံးယောက်နှင့်အတူ သွားကြည့်ခြင်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေအရ သင်္ဘောပေါ်မှာ ခိုးလိုက်လာသူများကို လုံခြုံရေးအရ ချုပ်နှောင် ထားနိုင်သော်လည်း မနှိပ်စက်ရ၊ မသတ်ရ၊ အစားအစာ ဝအောင် ကျွေးရမည်။ လိုအပ်လျှင် ဆေးဝါးကုသပေးရမည်။ ရောက်ရှိ ဆိုက်ကပ်မည့် ဆိပ်ကမ်း အာဏာပိုင် အဖွဲ့၏ လက်သို့ လွှဲအပ်ပေးပြီး ဥပဒေအရသာ အရေးယူရမည် ဖြစ်သည်။

ကိုအဏ္ဏဝါက ဆေးရုံအခန်းတံခါးကို ခေါက်ပြီး ဖွင့်လိုက်သည်။ သင်္ဘောသားတွေ မဝတ်ချင်လို့ ပေးထားသည့် အဝတ်အစားတွေကို

http://www.linhtet.com



ဝတ်ထားကြသည့် ကပ္ပလီ နှစ်ယောက်သည် ကြမ်းခင်းပေါ်မှာ ထိုင်ပြီး ထမင်း မျှော်နေကြသည်။ ထမင်းတစ်ပုံ ဟင်းတစ်ပုံ ပုံထည့်လာသည့် ဇလုံ နှစ်လုံးကို ကိုင်ပြီး ကိုအဏ္ဏဝါ အခန်းတွင်း ဝင်ထိုင်သည်။ ကိုကျော်ဟိန်း ဦးဆောင်သည့် လက်နက်ကိုင်အစောင့် သင်္ဘောသား သုံးယောက်က အခန်းဝမှ စောင့်ကြည့် နေကြသည်။

ကပ္ပလီ နှစ်ယောက်အနက် ဗလကောင်းကောင်း ထောင်ထောင် မောင်းမောင်းကို အရှည်ကြီး၊ ပုပုဝဝကို ဗိုက်ပူဟု သင်္ဘောသားတွေက နာမည် ပေးထားသည်။ အရှည်ကြီးက ကိုအဏ္ဏဝါကို တလေးတစား နှုတ်ဆက်သည်။ ပြုံးပြုံးရွှင်ရွှင် ကြိုဆိုသည်။

"ကောင်းသော နံနက်ခင်းပါ ဆရာ၊ ကျွန်တော်တို့ကို မစိုးရိမ်ပါနဲ့၊ အန္တရာယ် မလုပ်ပါဘူး"

"ကောင်းပြီ၊ ခင်ဗျားတို့ ဘာရည်ရွယ်ချက်နဲ့ ခိုးလိုက်လာကြတာလဲ"

"ကျွန်တော်တို့ နိုင်ငံမှာ မနေချင်လို့ပါ"

"ဘယ်နိုင်ငံကို သွားချင်ကြတာလဲ"

"အမေရိကန်ကိုပါ"

"ဒီသင်္ဘောဟာ အမေရိကန်ကိုမှ မသွားဘဲ၊ မင်းတို့ကို ဘယ်သူက ပြောလဲ"

"အေးဂျင့်က ပြောတယ်"

"မှားပါတယ် ကိုယ့်လူရယ်။ ဗိုင်ယာကို သွားနေတာ။ ခင်ဗျားတို့ကို ဗိုင်ယာနိုင်ငံက ပြန်ပို့မှာ"

အရှည်ကြီးနှင့် ဗိုက်ပူတို့ တစ်ယောက်နှင့် မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ဒါပေမဲ့ အမူအရာတွေကတော့ ခပ်အေးအေးပဲ။ သူတို့အတွက် ဘာမျှ မထူးသလို ပုံစံ ပြနေသည်။ ကိုအဏ္ဏဝါ လာကျွေးသည့် ထမင်းကို အားရပါးရ စားနေကြသည်။ ဒီသင်္ဘော အမေရိကန်ကို သွားမည်ဆိုသည့် သတင်းကို ရဖို့အတွက် ဒေသကိုယ်စားလှယ် (အေးဂျင့်) ကို လာဘ်ထိုးခဲ့ရသည်ဟု ဆိုသည်။ သတင်းများကို ရောင်းစားလိုက်ခြင်း ဖြစ်သည်။

http://www.linhtet.com



ကိုအဏ္ဏဝါက အရှည်ကြီးနှင့် ဗိုက်ပူတို့အတွက် စိတ်မကောင်း ဖြစ်နေသော်လည်း သူတို့နှစ်ယောက်ကတော့ အေးဆေးပဲ၊ ကိုအဏ္ဏဝါကို တောင် အားပေးစကား ပြောလိုက်သေးသည်။

"ကျွန်တော်တို့အတွက် စိတ်မကောင်း ဖြစ်မနေပါနဲ့ ဆရာ၊ ဆရာတို့က ကျွန်တော်တို့ နှစ်ယောက်ကို ရေထဲကနေမချတာကိုဘဲ ဝမ်းသာလှပါပြီ၊ ကျွန်တော်တို့ ဒါမျိုးလုပ်စားနေတာ ကြာပါပြီ၊ ဒါဟာ တတိယ အကြိမ်ပါ၊ အောင်မြင်သွားရင် အမြတ်ပဲ၊ မအောင်မြင်လို့ အခုလို မိသွားရင် အခုလိုပဲ ထမင်း ဝအောင် စားရတယ်၊ တစ်ခြား နိုင်ငံတွေကို အခမဲ့ ရောက်ဖူးတယ်၊ ဟိုတယ်မှာ နေရတယ်၊ လေယာဉ် စီးရတယ်၊ ကျွန်တော်တို့ နိုင်ငံပြန်ရောက်လျှင် ထောင်ကျမယ်၊ ထောင်ထဲ မှာ ထမင်း ကျွေးတယ်၊ ကျွန်တော်တို့အတွက် ဘာမှပူစရာ မလိုဘူး၊ ပျော်စရာတောင် ကောင်းသေးတယ်"

ကိုအဏ္ဏဝါ သဘောပေါက်သွားသည်။ သင်္ဘောသားတွေ မဝတ် ချင်လို့ ပေးထားသည့် အဝတ်အစားတွေနှင့် ဖိနပ်မျိုးစုံကို အဝတ်ဖြင့် ထုပ်ထားတာ တွေ့ရသည်။ သင်္ဘောက ဆင်းသည့်နေ့မှာ ယူသွားရန် အသင့် ပြုလုပ်ထားကြခြင်း ဖြစ်သည်။

## အရှည်ကြီးနှင့် ဗိုက်ပူတို့၏ အပြန်ခရီး

၇-ရက်နေ့ညနေမှာပင် ဒုတိယအရာရှိ ကိုကျော်မြင့်၏ အခန်းမှာ မြန်မာ သင်္ဘောသားတွေ စုရုံးပြီး အစည်းအဝေးကို ပြုလုပ်သည်။ ခိုး လိုက်လာသူတွေ ကိစ္စနှင့် ပတ်သက်ပြီး မြန်မာ သင်္ဘောသားတွေကို စွပ်စွဲလာပါက ကပ္ပီတန်ကို ပြုတ်သွားသည်အထိ ဆန္ဒပြကြရန် သဘော တူ ဆုံးဖြတ်ကြသည်။ ဂရိတွေဘက်ကလည်း ထိုနည်းနှင့် စွပ်စွဲမှုတွေ အားပျော့ လာကြောင်း သိသမျှ တင်ပြ ဆွေးနွေးကြသည်။

၈-ရက်နေ့မှာ ဗိုင်ယာနိုင်ငံ ဘနားနားမြစ်ဝကို ရောက်ပြီး ကျောက်ချ ရပ်နားသည်။ ဗိုင်ယာနိုင်ငံအပါအဝင် အမေရိကန်၊ အင်္ဂလန် နှင့် ဂရိနိုင်ငံက ရေဒီယို စတေရှင်တွေကို နားထောင်သည်။ ဘာ

http://www.linhtet.com



သတင်းမျှ မထူး၍ ကျောက်ချထားသည့် အတိုင်းပင် စောင့်နေရသည်။ သင်္ဘောပေါ်က ဆေးရုံခန်းထဲမှာလည်း ခိုးလိုက်လာသူ လူမည်းနှစ်ယောက်က အိပ်ကာ စားကာဖြင့် ဇိမ်ကျနေကြဆဲ ဖြစ်သည်။ ဆေးရုံခန်းဖြစ်လို့ အိမ်သာနှင့် ရေချိုးခန်း ပါရှိနေသည်။ ဟိုတယ်မှာ နေရသလို ဖြစ်နေကြသည်။

၁၁-ရက်နေ့မှာတော့ ကျောက်ချထားရာ အရပ်မှ ထွက်ခွာပြီး သင်္ဘောကြီးတစ်စီး၏ ဘေးမှာ သွားကပ်သည်။ ကုန်အပြည့် တင်ထားသော အမေရိကန် သင်္ဘောကြီး ဖြစ်သည်။ သင်္ဘောကြီးက ကြီးသော်လည်း သင်္ဘော ပုံစံကြီးက အညာဆန် နှစ်ထပ် သင်္ဘောကြီးနဲ့ တူနေသည်။ ဖိုင်ယာနိုင်ငံ၏ မြစ်တွင်းကို ဝင်လို့မရသည့်အတွက် အဲဒီ သင်္ဘောကြီးပေါ်က ကုန်တွေကို ကယ့်ယူရမည်ဟု သိရသည်။ အမေရိကန် သင်္ဘောကြီး အမည်က ချာဘလစ်ချ် CHABLISH ဟု ရေးထားတာ တွေ့ရသည်။

ချာဘလစ်ချ် သင်္ဘောကြီးပေါ်က အဝါရောင် အမှုန့်တွေကို လေဖြင့် စုပ်ယူပြီး ကိုအဏ္ဏဝါတို့ သင်္ဘော ဝမ်းဗိုက်ထဲကို မှုတ်ထည့်သည်။ လေမှုတ်ပိုက်ကြီး ၅-ခုဖြင့် တစ်ပြိုင်တည်း မှုတ်ထည့်နေသည်။ ဘယ်လိုနေရာမှာသုံးသည့် ဘာအမှုန့်တွေဆိုတာ မသိ၊ မသိချင်လို့ မေးလည်း မကြည့်ဘဲ နေလိုက်တော့သည်။

၁၃-ရက်နေ့သည် တနင်္လာနေ့ ဖြစ်သည်။ ကိုအဏ္ဏဝါ အိပ်ရာမထမီမှာပင် ကပ္ပီတန်သည် ကိုအဏ္ဏဝါ၏ အိပ်ခန်း တံခါးကို လက်သီးဖြင့် ထုပြီး ကိုအဏ္ဏဝါကို အော်နိုးသည်။ ကိုအဏ္ဏဝါက ကမန်းကတန်း ကုန်းထလိုက်ရသည်။ တံခါးဖွင့်ပြီး ကပ္ပီတန်ကို ရင်ဆိုင်လိုက်သည်။

"စပတ် ကုမ္ပဏီရုံးကို တယ်လီဖုန်း ခေါ်ပေးပါ။ ကျွန်တော် စကား ပြောမယ်"

ကိုအဏ္ဏဝါ၏ စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်သွားသည်။ ဒီကိစ္စအတွက်ဖြင့် အိပ်ခန်းတံခါးကို လာထုပြီး အော်ဟစ်ခေါ်စရာ မလိုဟု ထင်သည်။ သူ့အခန်းမှ တယ်လီဖုန်းဆက်ပြီး အေးအေးဆေးဆေး ပြောလျှင် ဖြစ်ပါသည်။ ကပ္ပီတန်သည် ကပ္ပလီ နှစ်ယောက် ကိစ္စဖြင့်

http://www.linhtet.com



စိတ်တွေ ရှုပ်ထွေးနေဟန် တူသည်။ လုပ်သင့်မလုပ်သင့် မစဉ်းစားနိုင်တော့ဘဲ ဒေါသထွက်နေဟန် တူသည်။

ကိုအဏ္ဏဝါသည် ဝါယာလစ်စက်ကို ဖွင့်ပြီး ၁၆ မီဂါဟတ်မှ အသေင်ကို ခေါ်ပြီး ကုမ္ပဏီရုံးကို ဖုန်း ခေါ်ပေးလိုက်သည်။ ကုမ္ပဏီရုံးနှင့် ကပ္ပိတန်တို့ နာရီဝက်လောက်ကြာအောင် စကားပြောကြသည်။ ဂရိလို ပြောကြသည့်အတွက် ဘာတွေပြောသည်ကို မသိရဖြစ်နေသည်။ သူတို့ ပြဿနာနဲ့ သူတို့ကိစ္စကို မသိချင်တာကြောင့် နားမထောင်ဘဲ ခပ်ဝေးဝေးမှာ သွားရပ်နေလိုက်သည်။

၁၅-ရက်နေ့မှာ ကုန်တင်လို့ ပြီးသွားသည်။ ချာဘလစ်ချ် သင်္ဘောကြီးပေါ်က ကုန်တွေ တစ်ဝက်လောက် လျော့သွားဟန်တူသည်။ သင်္ဘောကြီး ရေပေါ်ကို တက်လာတာ တွေ့ရသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောသည် ချာဘလစ်ချ် သင်္ဘောကြီးဘေးမှ ခွာပြီး မောင်းထွက်သည်။

ဖိုင်ယာနိုင်ငံနှင့် ကွန်ဂိုနိုင်ငံကို ပိုင်းခြားထားသည့် ကွန်ဂိုမြစ်တွင်းကို ဝင်ရမည်ဖြစ်သည်။ မြစ်သည် ကျဉ်းသည့် အပြင် အကွေ့အကောက်တွေများလွန်းလို့ ရေကြောင်းပြလိုသည်။ ရေကြောင်းပြတွေ ဒီအနီး အနားမှာ ရှိလျှင် လာကြဆိုသည့် သင်္ကေတအဖြစ် အသံရှည် ဥသြ သုံးချက်ဆွဲလိုက်သည်။ မြစ်ကမ်းဘေးမှာ ရပ်ကြည့်နေသူတွေထဲက ယောကျ်ားတွေသည် လက်လှော်လှေကို အပြေးလှော်လာကြသူ ရှိသည်။ ရေကူးပြီး လာသူလည်း ရှိသည်။ သင်္ဘောကြီးဘေးကို ရောက်လာကြသည့်အခါ ပစ်ချပေးလိုက်သည့် ကြိုးလှေကားဖြင့် သင်္ဘောကြီးပေါ်ကို အလုအယက် တက်လာကြသည်။ စုစုပေါင်း ခုနစ်ယောက် သင်္ဘောပေါ်ကို ရောက်လာသည်။

ရေကြောင်းပြ အလုပ်လျှောက်ထားလာသူ ခုနစ်ယောက်အနက် လေးယောက်က ရေကူးပြီး လာခဲ့ရသူတွေ ဖြစ်လို့ အင်္ကျီမပါသည့် ဘောင်းဘီတိုဝတ် ပုဂ္ဂိုလ်တွေ ဖြစ်နေသည်။ လက်လှော်လှေဖြင့် ရောက်လာလို့ အင်္ကျီဝတ်လာနိုင်သူ သုံးယောက်ကလည်း ဘောင်းဘီတိုတွေပဲ ဝတ်ထားကြသည်။ ခြေထောက်တွေမှာလည်း ရွှံ့တွေက ခြေသလုံးအထိ တက်ပေနေကြသည်။

http://www.linhtet.com



ဂရိကပ္ပိတန်က ခုနစ်ယောက်လုံးကို တက်မစင်ဘေးမှာ တန်းစီပြီး ရပ်နေစေသည်။ လူရွေးတော့မည် ဖြစ်သည်။ ခုနစ်ယောက်ထဲက တစ်ယောက်ကိုပဲ ရွေးချယ်မည် ဖြစ်သည်။ အားလုံးက ကပ္ပလီလူမည်းတွေချည်းဖြစ်သည်။ လူဖြူဖြစ်သည့် ဂရိကပ္ပိတန်ကို မြင်ကတည်းက တုန်တုန်ယင်ယင် ဖြစ်နေကြသည်။ ဂရိကပ္ပိတန်ကလည်း ခါးလက်ထောက်ပြီး အားလုံးကို ကြည့်သည်။ ပန်းတနော် နွားရောင်းပွဲက နွားဝယ်မည့် ကုန်သည်လို သွားဖြဲကြည့်၊ ခွာလှန်ကြည့် လုပ်တော့မည် ဖြစ်သည်။ အရွေးခံရသူသည် ရေကြောင်းပြခအဖြစ် စီးကရက် တစ်တောင့်သာ ရမည်ဖြစ်သည်။ ဖိုင်ယာနိုင်ငံမှာတော့ တန်ဖိုးမနည်းဟု ယူဆရသည်။

အင်္ကျီ ဝတ်ထားသူတွေထဲက ထောင်ထောင်မောင်းမောင်း ဗလ ကောင်းကောင်း ပုဂ္ဂိုလ်ကို ရွေးလိုက်သည်။ အရွေး မခံရသူတွေက ညှိုးငယ်သည့် မျက်နှာတွေဖြင့် တက်မစင်မှ ပြန်ဆင်းသွားကြရသည်။ လက်လှော်လှေဖြင့် လာသူတွေက လှေဖြင့် ပြန်ကြသော်လည်း ရေကူးပြီး လာခဲ့သူတွေကတော့ သင်္ဘောပေါ်ကနေ ရေထဲကို ဒိုင်ဗင်ထိုးချပြီး ကမ်းကို ပြန်ကူးသွားကြသည်။

ကွန်ဂို မြစ်တွင်းကို မောင်းဝင်သည်။ မြစ်က အတော်ကျဉ်းပါသည်။ လက်ဝဲဘက်မှာ ကွန်ဂိုနိုင်ငံ၊ လက်ယာဘက်မှာ ဖိုင်ယာနိုင်ငံ ဖြစ်သည်။ အကွေ့အကောက်တွေကလည်း များသည်။ ကပ္ပလီ ရေကြောင်းပြသည် အတော်ကျွမ်းသူဖြစ်သည်။ သူကိုယ်တိုင် တက်မကိုင်ပြီး စက်ရှိန်မလျှော့ဘဲ မောင်းဝင်လာခဲ့သည်။ တက်မကို ဝဲဘက်လှည့်လိုက်၊ ယာဘက်လှည့်လိုက် လုပ်နေပုံမှာ ပြိုင်ကား မောင်းနေသူလို ဖြစ်နေသည်။ ကုန်အပြည့် တင်ထားသည့် တန်ချိန် ၂၀၀၀၀-ကျော် သင်္ဘောကြီးကို မောင်းနေပုံဟာ လမ်းကျယ်ကြီးပေါ်မှာ မာဇဒါ လေးဘီး ကားကလေးကို မောင်းနေသလို အေးဆေးပဲဆိုတဲ့ အမူအရာ တွေ့ရသည်။

တစ်နေ့လုံး မောင်းဝင်လာခဲ့သည်။ မြစ်ညာကို ရောက်လေ မြစ်ကျဉ်းလာလေ၊ ရေတိမ်လာလေ ဖြစ်နေသည်။ ညနေ ၄-နာရီတွင်

http://www.linhtet.com



ဇိုင်ယာနိုင်ငံ မတားဒီ MATADI ဆိုသည့် မြို့ကို ရောက်ပြီး ဆိပ်ကမ်း ကပ်သည်။ ရေကြောင်းပြက သူ့ဘောင်းဘီတိုရဲ့ နောက်အိတ်ထဲမှာ ထည့်ယူလာသော ရေကြောင်းပြ လိုင်စင်စာအုပ်မှာ ကပ္ပိတန်ကို လက်မှတ် ရေးထိုးခိုင်းသည်။ ကပ္ပိတန်က လက်မှတ်ထိုးပေးလိုက်သည်။ မာဘိုရို စီးကရက် တစ်တောင့်ကိုလည်း ပေးလိုက်သည်။ ဆပ်ပြာခဲ၊ အချိုရည်ဘူး စသည့် နည်းနည်းပါးပါး ပေးပါဦးဟု တောင်းသည်။ ဆိပ်ကမ်းက အထွက်မှာ ဂိတ်ကြေးပေးရဦးမည်ဟု ဆိုသည်။ သူတောင်း တာထက် ပိုပြီး ခေါက်ဆွဲထုပ်ပါ ပေးလိုက်ပါသည်။

ဆိပ်ကမ်းကပ်ပြီး မကြာမီပင် ဆိပ်ကမ်း အာဏာပိုင် အဖွဲ့ဝင်တွေ နှင့်အတူ ရဲတွေပါ ရောက်လာပြီး အရှည်ကြီးနှင့် ဗိုက်ပူတို့ကို လွှဲပြောင်း လက်ခံယူသည်။ အချုပ်ထဲမှာ ထားပြီး ၁၇-ရက်နေ့ လေယာဉ်ဖြင့် ဂါနာနိုင်ငံကို ပြန်ပို့မည်ဟု သိရသည်။ အရှည်ကြီးနှင့် ဗိုက်ပူတို့က ကိုအဏ္ဏဝါကို အလေးပြု နှုတ်ဆက်သွားသည်။ သူတို့နိုင်ငံကို ပြန် မရောက်မချင်း သင်္ဘောကုမ္ပဏီ စရိတ်ဖြင့် နေ့စဉ် ထမင်းစားနေရလို့ ပျော်နေသည့် လက္ခဏာ တွေ့ရသည်။

## ဇိုင်ယာမှတိုဂိုသို့

ချဘလစ်ချ် သင်္ဘောကြီးမှ တင်ယူလာသော အမှုန့်တွေကို လေစုပ် ပိုက်တွေဖြင့် စုပ်ယူချနေသည်။ ဓာတ်ပြုရာတွင် ရောစပ်ပြီး အသုံးပြုသည့် ဓာတုဗေဒ အမှုန့်တွေ ဖြစ်ဖွယ်ရှိသည်။ အမှုန့်တွေ လေထဲမှာ လွင့်နေသော်လည်း ဇိုင်ယာနိုင်ငံက ဆိပ်ကမ်း အလုပ် သမားတွေကတော့ နှာခေါင်းအုပ် မပါဘဲ အလုပ် လုပ်နေကြတာ တွေ့ရ သည်။

ဇိုင်ယာနိုင်ငံကို ဇိုင်ရီလို့လည်း အသံထွက်ကြသည်။ အာဖရိက တိုက်မှာ အတော်ကြီးသော နိုင်ငံဖြစ်သည်။ မြို့တော်က ကင်ရှာဆာ ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေသော နိုင်ငံဖြစ်သည်။ ပြည်သူ တွေ ဆင်းရဲကြသည်။ အလုပ်လက်မဲ့တွေ ပေါများနေသည်။ ကြုံရာ ကျပန်း လုပ်ကိုင် စားနေကြရသည်။

http://www.linhtet.com



ဗိုင်ယာနိုင်ငံ၏ ပုံသဏ္ဌာန်သည် ပူဖောင်းကို လေတင်းအောင် မမှုတ်ဘဲ လျော့ရဲရဲ မှုတ်ထားသလို ပုံစံမျိုး မြေပုံထဲမှာ မြင်ရသည်။ အတ္တလန္တိတ် သမုဒ္ဒရာဘက်ကို ထွက်သည့် အပေါက်ကလေးက ကျဉ်းနေသည်။ ပူဖောင်းကို လေမှုတ်သည့် အပေါက်လို ဖြစ်နေသည်။ ထွက်ပေါက် ကျဉ်းကျဉ်းလေးရဲ့ ဟိုဘက်နှင့် ဒီဘက်မှာ ကွန်ဂိုနိုင်ငံနှင့် အင်ဂိုလာနိုင်ငံတွေက ညှပ်ထားသည်။

သင်္ဘောကြီး ကုန်ချနေစဉ် မတားဒီမြို့တွင်း လျှောက်လည်သည်။ ကိုအဏ္ဏဝါ တစ်ယောက်တည်း မသွားရဲလို့ စတုတ္ထ အင်ဂျင်နီယာ ကိုသိန်းတစ်၊ တက်မကိုင် ကိုမြင့်သိန်းတို့နှင့် အတူလျှောက်လည်ကြသည်။ ဘီယာဆိုင်၊ အရက်ဆိုင်တွေ ရှိသည့် နေရာတွေကို လျှောက်သွားကြသည်။ ဘီယာနှင့်အရက် အတော် ဈေးပေါတာ တွေ့ရသည်။ ဘီယာပုလင်းကြီး တစ်လုံးကို အမေရိကန် ဒေါ်လာ ပြားငါးဆယ်မျှသာ ကျသည်။ ငွေလဲနှုန်းက အမေရိကန် တစ်ဒေါ်လာကို ဗိုင်ယာပိုက်ဆံ ၁၁၈.၅၀ ဖြစ်သည်။ ဘားဆိုင်မှာတွေ့သည့် အမျိုးသမီးကို မိတ်ဖွဲ့ပြီး သူ့အိမ်ကို လိုက်သွားလို့ရသည်။ အတူနေလို့ရသည်။ အနည်းအကျဉ်း အကုန်အကျရှိမည်။ အန္တရာယ်လည်း ရှိနိုင်သည်။

အတော်အတန် စည်ကားသားနားသည့် ဘီယာဆိုင်တစ်ဆိုင်မှာ အမျိုးသမီး တစ်ယောက်နှင့် အတူထိုင်ပြီး ဘီယာသောက်နေသော ကိုကျော်စိန်ကို တွေ့လိုက်ရသည်။ ကိုကျော်စိန်သည် ကိုအဏ္ဏဝါတို့ သင်္ဘောက ထမင်းချက် ဖြစ်သည်။ ရခိုင်အမျိုးသားဖြစ်လို့ မြန်မာစကားကိုတောင် လိပ်ပတ် လည်အောင် ပြောတတ်သူ မဟုတ်သော်လည်း နိုင်ငံခြားသူတွေနှင့် ဆက်ဆံရာတွင် အလွန် အဆင်ပြေသူ ဖြစ်သည်။ ဘယ်လိုဘာသာ စကားတွေကို ပြောပြီး ဆက်သွယ်သည်ကို မသိရဖြစ်နေသည်။ ရောက်လေရာ နိုင်ငံမှာ တစ်ယောက်တည်း လှုပ်ရှားသူဖြစ်သည်။ အဝတ်အစားကို အကောင်းစား အပုံစားတွေကို ဝတ်လေ့ရှိသည်။ ဝင်းဂလား တံဆိပ် ဘောင်းဘီ၊ အဲရိုးရှပ်အင်္ကျီ၊ အီတလီ ခါးပတ်နှင့် ရှူးဖိနပ်ကို စီးပြီး မြို့ပတ်သူဖြစ်သည်။ အင်္ကျီအိတ်မှာ ထိုးထားသည့် ဘောပင်ကလည်း ပတ်ကားသို့မဟုတ် ခရက်စ်ဖြစ်နိုင်သည်။ အကောင်းစားတွေကိုချည်း သုံးသူဖြစ်သည်။

http://www.linhtet.com



ကိုအဏ္ဏဝါက ကိုကျော်စိန်ကို (ကိုချေ)လို့ ချစ်စနိုး ခေါ်သည်။ ရခိုင်အမျိုးသား အချင်းချင်းဖြစ်လို့ ရခိုင်လို (အစ်ကိုလေး) လို့ ခေါ်ခြင်းဖြစ်သည်။ ကပ္ပလီမနှင့် တွဲထိုင်နေသည့် ကိုချေကို သတိပေးစကား ပြောခဲ့ရသေးသည်။

"ကိုချေ ဒီနိုင်ငံဟာ နည်းနည်းကြမ်းတယ်နော်၊ သိပ်ပြီး မယုံလိုက်နဲ့၊ စောစောပြန်ခဲ့ဖို့လည်း မမေ့နဲ့"

"အား တစ်ခုလည်း မစိုးရိမ်နဲ့ အာအိုကြီး စိတ်ချသွားပါ"

သူက မစိုးရိမ်နဲ့ စိတ်ချသွားပါဆိုတော့ ကိုအဏ္ဏဝါတို့ စောစောပြန်ခဲ့ကြသည်။ ကိုချေကတော့ သူ့မိတ်ဆွေ ကပ္ပလီမနှင့် ဘီယာဆိုင်မှာ ငြိမ့်ကျန်ရစ်သည်။

နောက်နေ့ (၁၈-၇-၈၇) နံနက်မှာ သတင်းကြားရသည်။ မနေ့ညက ကိုချေသည် အတွင်းခံ ဘောင်းဘီဖြင့် သင်္ဘောကို ပြန်ရောက်လာသည်ဟု ဆိုသည်။ လမ်းသရဲတစ်စုက သူ့အမျိုးသမီးနှင့် ပေါင်းပြီး ပိုက်ဆံ၊ လက်ပတ်နာရီကိုသာမက အဝတ်အစားတွေနှင့် ဖိနပ်ပါ ချွတ်ယူထားလိုက်သည်ဟု သိရသည်။

၂၁-ရက်နေ့ညမှာလည်း ဆီလောင်း ကိုသောင်းဟန်ကို လူတစ်စုက အမျိုးသမီးနှင့် မျှားခေါ်ပြီး ဝိုင်းလုကြသည်။ ဇိုင်ယာနိုင်ငံသုံး ပိုက်ဆံ ၈၀၀ ပါသွားသည်ဟု သိရသည်။ မြို့ထဲသွားလျှင် တစ်ယောက်တည်း မသွားကြရန် သတိပေးထားရသည်။

၂၄-ရက်နေ့ ညနေ ၃-နာရီခွဲတွင် မတားဒီ ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသည်။ အပြန်လမ်းအတွက် ရေကြောင်းပြကို ဆိပ်ကမ်း အာဏာပိုင်အဖွဲ့က စီစဉ်ပေးသည့်အတွက် ဝတ်စုံပြည့် ဝတ်ထားသူ ရေကြောင်းပြက ပင်လယ်ထဲ ရောက်အောင် သင်္ဘောကြီးကို မောင်းယူပေးပါသည်။ မြစ်တွင်းက မထွက်နိုင်မီ မိုးချုပ်သွားလို့ ကွန်ဂိုမြစ်ကမ်းဘေးက ဘိုမာမြို့ BOMA အနီးမှာ ကျောက်ချ အိပ်လိုက်ရသည်။

၂၅-ရက်နေ့ နံနက်မှာ ဘိုမာမှ ထွက်ခွာသည်။ ကွန်ဂိုမြစ်ဝမှ မြောက်ဘက်ကို ထောင်တက် မောင်းနှင်သည်။ ၃-ရက်ခရီးကြာမည့် တိုဂိုနိုင်ငံကို သွားနေခြင်း ဖြစ်သည်။ တိုဂိုမှာ ကုန်တင်ပြီး ပြင်သစ်နိုင်ငံကို သွားဖို့ရမည်ဟု သိထားသည်။

http://www.linhtet.com



## တိုဂိုမှ ပြင်သစ်သို့

ရာသီဥတု သာယာနေသော်လည်း မိုးလေဝသသတင်း ရယူရန် ကြိုးစားသည်။ ဘယ်နိုင်ငံက ယူရမှန်းမသိ ဖြစ်နေသည်။ အာဖရိက အနောက်ခြမ်း နိုင်ငံတွေသည် ဆင်းရဲ နွမ်းပါးသော မဖွံ့ဖြိုးသည့် နိုင်ငံတွေ ဖြစ်သည့်အလျောက် မိုးလေဝသသတင်းတွေ ဘာတွေ လွှင့်ပေးနိုင်သည့် အခြေအနေပင် မရှိ ဖြစ်နေကြသည်။ ဟိုနိုင်ငံ ဒီနိုင်ငံက ဒေသဆိုင်ရာ ဘာသာ (အများအားဖြင့် ပြင်သစ်ဘာသာ) ဖြင့်လွှင့်ပေးသည့် မိုးလေဝသ သတင်းတွေကို ဖမ်းယူနေရသည်။ ကပ္ပိတန်ကလည်း သူဖတ်ပြီး နားလည်သည်ဟု ပြောသည်။

ကိုအဏ္ဏဝါ၏ ကျန်းမာရေး သိပ်မကောင်း ဖြစ်နေသည်။ ခေါင်းမူးသည်။ ဇက်ကြောထိုးသည်။ အမြဲတမ်းလို ခေါင်းမရှင်း ဖြစ်နေသည်။ သွေးတိုးနေသည်ဟု ထင်လို့ သွေးကျဆေး စားသော်လည်း မထူးခြားဖြစ်နေသည်။ ခြေသလုံးနှင့် ခြေဖမိုးမှာ အနီရောင်၊ အညိုရောင် အကွက်ကလေးတွေ ပေါ်လာသည်။ တစ်ခါတစ်ရံ ယားသည်။ ပြင်သစ်နိုင်ငံလို အဆင့်မြင့်သည့် နိုင်ငံကိုရောက်လျှင် ဆေးခန်းပြမည်ဟု ဆုံးဖြတ်ထားသည်။

အလုပ်အကိုင်အားလုံး အဆင်ပြေနေသည်။ ကြေးနန်းတွေကို အင်္ဂလန်နှင့် ဂရိနိုင်ငံမှတစ်ဆင့် ပို့ဖမ်း လုပ်နေသည်။ ကပ္ပိတန်ကလည်း ဘာမှ မပြောတော့ပါ။ စောစောပိုင်းကတော့ ကိုအဏ္ဏဝါရဲ့ အရည်အချင်းကို စမ်းသပ်လို၍ ထင်သည်။ ဟိုနိုင်ငံကတစ်ဆင့် ပို့ပါ။ ဒီနိုင်ငံက တစ်ဆင့် ပို့ပါ စသည်ဖြင့် ပြောခဲ့သည်။ သူ အမိန့်ပေးသည့် အတိုင်း လုပ်ပြနိုင်ခဲ့လို့ နောက်တော့ ဘာမှမပြောတော့ဘဲ ငြိမ်သွားတော့သည်။ သူ့အလုပ်ကို သူနားလည်တယ်လို့ ယုံကြည်သွားဟန် တူသည်။

၂၀-ရက်နေ့တွင် တိုဂိုနိုင်ငံလုံမီးမြို့ LONME ဆိပ်ကမ်းကို ရောက်ပြီး ကမ်းကပ်ခွင့်ရသည်။ နံနက် ၉-နာရီတွင် ကမ်းကပ်ပြီး ကုန်တင်ရန် အသင့် ဖြစ်နေသည်။ နံနက် ၁၁-နာရီမှာ ကုန်စတင်သည်။ ဖော့စဖိတ် အမှုန့်တွေကို စက်ဖြင့် မှုတ်တင်သည်။ ကုန်တင်တာ မြန်သည်။ ညသန်းခေါင်လောက်မှာ ကုန်တင်ပြီးနိုင်သည်။ ကုန်တင်ပြီးတာနဲ့

http://www.linhtet.com



သင်္ဘောထွက်မည်ဟု ပြောသံကြားနေရသည်။ ဘယ်သူမှ ကမ်းပေါ်တက်မလည်ကြဘဲ သင်္ဘောမှာပဲ နေကြသည်။ သင်္ဘောဆိပ်နှင့် မြို့ကလည်း အတော်ဝေးသည်ဟု သိရသည်။

တိုဂိုနိုင်ငံသည် အာဖရိကတိုက် အနောက်ဘက်ခြမ်းက အသေးဆုံး နိုင်ငံတွေထဲက တစ်နိုင်ငံ ဖြစ်သည်။ ဧရိယာ စတုရန်းမိုင်ပေါင်း ၃၆၀၀၀ မျှသာ ကျယ်သည်။ လူဦးရေကလည်း နှစ်သန်းလောက်သာ ရှိသည်။ အာဖရိကတိုက်ကြီးကို အင်္ဂလိပ်နှင့် ပြင်သစ်တို့ စားကျက်လုကြရာမှ အစိပ်စိပ် အမွှာမွှာ ခွဲစိတ်ခံရသည့်အထဲမှာ တိုဂိုနိုင်ငံလည်း ပါသည်။ ဂါနာနိုင်ငံနှင့် နိုက်ဂျီးရီးယား နိုင်ငံကြားက မြေကွက်ကလေးကို တိုဂိုနှင့် ဘီနင်ဆိုပြီး နှစ်နိုင်ငံဖြစ်အောင် ခွဲပြီး လွတ်လပ်ရေး ပေးခဲ့သည်။

အာဖရိကတိုက်ကြီး ညီညွတ်သွေးစည်းပြီး တစ်နိုင်ငံတည်း ဖြစ်သွားမှာကို အင်္ဂလိပ်၊ ပြင်သစ်နှင့် ဥရောပနိုင်ငံတွေ အရမ်း စိုးရိမ်သည်။ အာဖရိကနိုင်ငံတွေကလည်း သွေးခွဲလို့ အလွန်လွယ်ကူသည်။ အာဖရိ ကတိုက်ကြီးရဲ့ မြောက်ပိုင်းက အဖြူ၊ အလယ်ပိုင်းက အညို၊ တောင်ပိုင်း က အမည်း၊ ဘာသာစကားနှင့် ကိုးကွယ်သည့် ဘာသာတွေ မတူကြသည့်အတွက် စည်းလုံးညီညွတ်ဖို့ မလွယ်ဖြစ်ခဲ့သည်။ ဒါကို အခွင့်ကောင်းယူပြီး နိုင်ငံပေါင်း လေးငါးဆယ်ဖြစ်အောင် ခွဲစိတ် ပစ်နိုင်ခဲ့တော့သည်။

တိုဂိုနိုင်ငံသည် ၁၉၆၀ ခုနှစ်၊ ဧပြီလ ၂၇-ရက်နေ့ကမှ ပြင်သစ်ထံမှ လွတ်လပ်ရေး ရခဲ့သည်။ အများစုက ပြင်သစ်စကား ပြောကြသည်။ အမေရိကန် ဒေါ်လာထက် ပြင်သစ်ဖရန့်ကို ပိုကြိုက်တာ တွေ့ရသည်။ ကိုကိုး၊ ကော်ဖီ၊ ဝါဂွမ်း၊ ဘောက်ဆိုက်နှင့် ဖော့စဖိတ်တို့ ထွက်သည်။ ပြင်သစ်နိုင်ငံကို အဓိက တင်ပို့သည်။

၂၉-ရက်နေ့မှာ ကုန်တင်ပြီး သွားလို့ တိုဂိုနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့သည်။ ပြင်သစ်နိုင်ငံ ရှိအင် ROUEN ဆိုသည့် မြို့သို့သွားရမည်ဟု သိရသည်။ ဩဂုတ်လ ၁၁-ရက်နေ့တွင် ရောက်မည်ဟု ကြေးနန်း ပို့လိုက်ရသည်။

http://www.linhtet.com



## နွားကွဲ ကျားဆွဲ ဖြစ်ရခြင်း

ကိုအဏ္ဏဝါ၏ ခြေထောက်ခြေဖမိုးမှာ ပေါ်လာသည့် အညိုရောင် အကွက်ကလေးတွေသည် အပေါ်ခွံမာပြီး ခြောက်လာသည်။ ကုဋ္ဌနာနု ကွက်တွေလို ဖြစ်လာလို့ စိုးရိမ်လာသည်။ ဒီသင်္ဘောမှာ ဆေးနှင့် ဆေး ပစ္စည်းကို ဂရိ ပထမအရာရှိက ကိုင်တွယ် ဖြန့်ဖြူးသည်။ အရေပြား လိမ်းဆေး သွားတောင်းရာ ဂရိ ပထမအရာရှိက ကိုအဏ္ဏဝါ၏ ခြေ ထောက်က အနာတို့ကို စစ်ဆေး ကြည့်ရှု ပါသည်။ အရေးမကြီးဟု ပြောသည်။ လက်ညှိုး အရွယ်မျှသာကြီးသော အရေပြား လိမ်းဆေး တောင့်ကို ညှစ်ပြီး အိမ်သာသုံး စက္ကူပေါ် ညှစ်ချပေးပါသည်။ သိပ် ဈေးကြီးသည်လို့ပါ ပြောလိုက်သေးသည်။ ကိုအဏ္ဏဝါက မိမိသည် ပြင်သစ်နိုင်ငံကို ရောက်လျှင် ဆေးခန်း ပြမည်ဖြစ်ကြောင်း ပြောလိုက်ပါ သည်။

"ဆေးခန်းပြချင်လျှင် ကပ္ပိတန်ဆီက ခွင့်ပြုချက်တောင်းပါ"

ကိုအဏ္ဏဝါက ပခုံးတစ်ချက်တွန့်ပြပြီး ဆေးရုံးခန်းက ပြန်ထွက် လာခဲ့သည်။ သူ့ဆရာ ကပ္ပိတန်ကို ပြန်ပြောတော့မှာ သေချာသည်။ ဂရိ အရာရှိတွေနှင့် မြန်မာ သင်္ဘောသားတွေ အစာမကျေဖြစ်ပြီး မသိ မသာ တင်းမာနေကြသည်။ သင်္ဘောပေါ်မှာ ခိုးလိုက်လာသည့် ကပ္ပလီ နှစ်ယောက်ကိစ္စမှာ ကတည်းက မြန်မာ သင်္ဘောသားတွေက ဂရိ အရာရှိ တွေကို မကျေမနပ်ဖြစ်နေကြသည်။ တခြား အသေးအဖွဲ ကိစ္စလေးတွေ ကြောင့်လည်း တစ်ဦးအပေါ်တစ်ဦး မေတ္တာ မထားနိုင် ဖြစ်နေကြသည်။

မြန်မာ သင်္ဘောသားတွေအတွက် စားစရိတ်သည် တစ်နေ့ကို လေးဒေါ်လာသာ ခွင့်ပြုထားသည်။ ဂရိလူမျိုးအတွက် ခုနစ်ဒေါ်လာ ခွင့်ပြုထားသည်။ မြန်မာ သင်္ဘောသား ၁၇ ယောက်အတွက် ကြက်ဥ ခြောက်လုံးနှင့် ပေါင်မုန့်တစ်ပိုင်းသာ ထုတ်ပေးသည်။ ဂရိ အရာရှိတွေ အတွက် ရေခဲသေတ္တာထဲမှာတော့ စားစရာ ပစ္စည်းမျိုးစုံ အပြည့်အတင်း ရှိသည်။ မြန်မာ သင်္ဘောသားတွေအတွက် ရေခဲသေတ္တာထဲမှာ ရေပုလင်း သုံးလုံးသာရှိသည်။ ကိုအဏ္ဏဝါ အပါအဝင် မြန်မာ သင်္ဘောသား အရာရှိ တွေကို အရာရှိ စားသောက်ခန်း မဝင်ရဟု ဂရိစားပွဲထိုးက အမိန့် ထုတ် ထားသည်။ ကိုအဏ္ဏဝါ အတော် ခံပြင်းနေပြီ ဖြစ်သည်။

http://www.linhtet.com



မြန်မာ သင်္ဘောသားတွေကို ဂရိတွေက နှိမ်သည်။ မြန်မာ သင်္ဘောသား အချင်းချင်းမတည့်အောင် သွေးထိုးရန် တိုက်ပေးသည်။ သွေးခွဲ အုပ်ချုပ်သည်။ မြန်မာ သင်္ဘောသား တချို့ကလည်း ဒီကုမ္ပဏီမှာ အမြဲလုပ်ချင်လို့ ဂရိတွေ အလိုကျ နေပြသည်။ ဒီကုမ္ပဏီရဲ့ မြန်မာပြည် ကိုယ်စားလှယ် လုပ်ချင်သူကလည်း ရှိသေးသည်။ သူ့လူ ကိုယ်ဘက်သား လုပ်နေသူလည်း ရှိသည်။

၂၉-၇-၈၇ နေ့မှာ တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွန့်နှင့် သူ့လက်အောက်က ဆီလောင်း ကိုသောင်းဟန်တို့ အလုပ်ကိစ္စဖြင့် စကားများကြသည်။ ထိုးမယ်ကြိတ်မယ် ဖြစ်ကြသည်။ ဒီသတင်းကလည်း ဂရိအရာရှိတွေဆီကို မြန်မာ သင်္ဘောသားတွေ ပို့ပေးလို့ ရောက်သွားသည်။

၃-၈-၈၇ နေ့ညမှာ ဒုတိယအရာရှိ ကိုကျော်မြင့်က သူ့အခန်းမှာ အစည်းအဝေး ရှိသည်ဆိုလို့ ကိုအဏ္ဏဝါ၊ ကိုခင်မောင်ညွန့်၊ ကိုသိန်းတစ်၊ ကိုဟန်မြင့် (မြန်မာအရာရှိ အားလုံး) တက်ရောက်ကြသည်။ အစည်းအဝေးပြုလုပ်ရခြင်း၏ အကြောင်းရင်း (အာဂျင်တာ)က စားပွဲထိုး ကိုသာဒင်ကို အလုပ်ဖြုတ်ပစ်ရေး ဖြစ်သည်။ စားပွဲထိုး ကိုသာဒင်သည် အရာရှိတွေကို မလေးစားခြင်း၊ စားပွဲထိုးရာတွင် စေတနာ မပါဘဲ ဝတ်ကျေတန်းကျေ လုပ်ခြင်း၊ အရာရှိတွေရဲ့ အိပ်ခန်းတွေကို သန့်ရှင်းရေး လုပ်ရာတွင် (အထူးသဖြင့် ကိုကျော်မြင့်၏ အခန်းကို သန့်ရှင်းရေး လုပ်ရာတွင်) တော်ရိလျော်ရိသာ လုပ်ခြင်း စသည့် အကြောင်းတွေ ကြောင့် အလုပ်ဖြုတ်ပစ်ရန် အဆိုကို ကိုကျော်မြင့်က တင်သွင်းသည်။ အစည်းအဝေး တက်ရောက်သူအားလုံးကပင် (သူများ ထမင်းအိုးကို ရိုက်ခွဲရန် ဆန္ဒမရှိပါ ဆိုသည့် အကြောင်းပြချက်ဖြင့်) တညီတညွတ်တည်း ပယ်ချလိုက်ကြသည်။ ဒီကိစ္စသည် ဒုတိယ အရာရှိ ကိုကျော်မြင့်နှင့် စားပွဲထိုး ကိုသာဒင်တို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြဿနာသာ ဖြစ်သည် ဟု အားလုံးက နားလည်ကြသည်။

ကိုအဏ္ဏဝါ ဒီသင်္ဘောပေါ်ရောက်ပြီး ၇-ရက်မြောက်နေ့ (၁၃-၆-၈၇) မှာ ကိုသာဒင်က ကိုအဏ္ဏဝါ၊ ကိုခင်မောင်ညွန့်နှင့် ကိုသိန်းတစ် တို့ကို သူ့အခန်းသို့ ဖိတ်ပြီး သင်္ဘောပေါ်က အခြေအနေတွေကို ပြောပြ

http://www.linhtet.com



သည်။ အထူးသဖြင့် ကိုကျော်မြင့်အကြောင်းကို ပြောသည်။ အဲဒီ ကတည်းက ကိုကျော်မြင့်နှင့် ကိုသာဒင်တို့ အဆင်မပြေဘူး ဆိုတာကို ရိပ်မိခဲ့သည်။

သြဂုတ်လ ၁၀-ရက်နေ့ နေ့လယ်စာ စားချိန်မှာ ကိုကျော်မြင့်နှင့် ကိုသာဒင်တို့ စကားများ ရန်ဖြစ်ကြပြန်သည်။ ဒီသတင်းကလည်း ချက်ချင်းပင် ဂရိတွေဆီ ရောက်သွားသည်။ မြန်မာ သင်္ဘောသားတွေ အချင်းချင်း မသင့်မြတ်လေ ဂရိတွေက ကြိုက်လေဖြစ်နေသည်။

## ပြင်သစ်မှ အမေရိကန်သို့

၁၁-ရက်နေ့မှာ ပြင်သစ်နိုင်ငံကို ရောက်သည်။ နံနက် ၁၁-နာရီမှာ ရေကြောင်းပြ တက်လာပြီး သင်္ဘောကြီးကို မြစ်တွင်းသို့ မောင်းသွင်းသည်။ မြစ်ကြောင်းတစ်လျှောက် မိုင် ၅၀ ကျော် ဝင်သည့်အတွက် ၇-နာရီ ကြာအောင် မောင်းဝင်ရသည်။

ညနေ ၆-နာရီခွဲတွင် ရိုအင် ROUEN ဆိုသည့် မြို့ကို ရောက်ပြီး ဓာတုဗေဒ စက်ရုံကြီး အနီးတွင် ဆိုက်ကပ်သည်။ တိုဂိုနိုင်ငံက တင်ယူလာသည့် ဓာတုဗေဒ အမှုန့်တွေကို လေစုပ်ပိုက်ကြီးတွေနဲ့ စုပ်ယူတင်မည် ဖြစ်သည်။ ဒေသကိုယ်စားလှယ် သင်္ဘောပေါ် တက်လာသည်။ မြန်မာ သင်္ဘောသားတွေအတွက် မိသားစုထံမှ ပေးပို့လိုက် သည့်စာတွေ ပါလာသည်။ ကိုအဏ္ဏဝါအတွက် စာတစ်စောင်မျှ မပါလို့ စိတ်ပျက်သွားသည်။ ကိုအဏ္ဏဝါ၏ဇနီး မဖြူတုတ်သည် စာရေးရန် အလွန်ပျင်းသည်။ ကိုအဏ္ဏဝါကို ရည်းစားစာ တစ်စောင်မျှ မရေးရဘဲ သိမ်းပိုက်ခဲ့သူ ဖြစ်သည်။ ရန်ကုန်မှာ ကျောင်းလာတက်ရင်း ကိုအဏ္ဏဝါနှင့် တစ်အိမ်တည်း အတူနေရာမှ နီးစပ်ပြီး ညားခဲ့ကြလို့ ရည်းစားစာ ရေးစရာ မလိုဖြစ်သွားသည်။

၁၂-ရက်နေ့ နံနက်မှာ ဂရိလူမျိုး လျှပ်စစ်အရာရှိနှင့် စားပွဲထိုးချုပ် အသစ်တို့ ရောက်လာကြသည်။ စိတ်မဝင်စားလို့ နာမည်တွေကို ဖတ်တောင် မကြည့်မိ ဖြစ်နေသည်။ ဂရိအရာရှိဆိုလျှင် အတော်စိတ်နာနေသည်။ ပေါက်ကွဲလု အခြေအနေ ဖြစ်နေသည်။ သင်္ဘောက ပြန်ဆင်း

http://www.linhtet.com



သွားသည့် စားပွဲထိုးချုပ် အဟောင်းကတော့ သင်္ဘောပိုင် ပစ္စည်းတွေ အတော်များများ ခိုးယူသွားသည်ဟု သိရသည်။ သင်္ဘောပေါ်က အောက်ကို ထမ်းချပေးရသူ စားပွဲထိုး ကိုသာဒင် ပြောပြလို့ သိရသည်။ ပန်းကန်ခွက်ယောက်နှင့် ဇွန်းခက်ရင်းအပြင် ပေါင်မုန့်လှီးတဲ့ ဓားတွေပါ ယူသွားသည်ဟု သိရသည်။ သင်္ဘောပေါ်ကို တက်လာခဲ့စဉ်က ခရီးဆောင် အိတ်ကလေး တစ်လုံးတည်းဖြင့် တက်လာခဲ့သူ ဖြစ်သည်။

သင်္ဘောပေါ်က ပြန်ဆင်းသွားသည့်အခါမှာတော့ စက္ကူပုံးကြီး ရှစ်လုံး အပြည့်ထည့်ထားသည့် ပစ္စည်းမျိုးစုံကို သယ်ယူသွားသည်။ ဂရိနိုင်ငံကို ပြင်သစ်မှ ဘတ်စ်ကားဖြင့် ပြန်မည်ဖြစ်လို့ သယ်ချင် သလောက် သယ်ယူသွားခြင်း ဖြစ်သည်။ လေယာဉ်ဖြင့် ပြန်ရမည် ဆိုပါက အလေးချိန်များလွန်းလို့ ပေါင်ပိုခဖြင့်ပင် မွဲသွားနိုင်သည်။

ဂရိစားပွဲထိုးချုပ်၏ လစာသည် အမေရိကန် ဒေါ်လာ ၁၈၀၀ မျှ ရသည်။ ကိုအဏ္ဏဝါ၏ လစာသည် ၈၀၀ မျှသာ ရသည်။ ကိုအဏ္ဏဝါသည် သင်္ဘောပိုင် ပစ္စည်းကို ခိုးစရာ မလိုအောင် လောက်ငသည်။ ဂရိတွေသည် သင်္ဘောက ဆင်းသွားပြီးလျှင် အိမ်မှာ တစ်လလောက်ပဲ နားနေနိုင်သည်။ သင်္ဘော ပြန်လိုက်မှ ထမင်းနပ်မှန်အောင် စားရသူတွေ ဖြစ်သည်။ အဲဒီအကြောင်းတွေကို သိထားသည့် ကိုအဏ္ဏဝါကို ဂရိအရာရှိတွေက ချိုးနှိမ်ပြီး ဆက်ဆံတာ ခံရပြီဆိုလျှင် မခံချင်လို့ ပေါက်ကွဲလုနီးနီး ဖြစ်သွားသည်။

ကိုအဏ္ဏဝါမှာ သွေးတိုးသည့် လက္ခဏာပြလာသည်။ ခေါင်းမူးသည်။ ဇက်ကြောတက်သည်။ ခြေခုံနှင့် ခြေသလုံးမှာလည်း နီညိုရောင် အကွက်ကလေးတွေ ပေါ်လာသည်။ စောစောပိုင်းက ပေါ်ခဲ့သည့် အကွက်ကလေးတွေရဲ့ အရေခွံတွေ တင်းမာလာသည်။ အနာကြီး ရောဂါသည်တွေမှာ တွေ့ရလေ့ရှိသည့် အကွက်မျိုးလို ဖြစ်နေသည်။ ပြင်သစ်နိုင်ငံလို ဆေးသိပ္ပံ အဆင့်အတန်း မြင့်သည့်နိုင်ငံမှာ ဆေးခန်း ပြချင်လို့ ကပ္ပိတန်ကို တင်ပြ မေတ္တာရပ်ခံသည်။ ကပ္ပိတန် ပြန်ပြောသည့် စကားကြောင့် အကြီးအကျယ် ဒေါသထွက်ရတော့သည်။

"ခင်ဗျား ဒီသင်္ဘောမှာ အလုပ် လုပ်ဖို့အတွက် ခင်ဗျားနိုင်ငံက ထွက်လာစဉ်က ကျန်းမာရေး ကောင်းပါတယ်ဆိုတဲ့ ထောက်ခံချက်နဲ့

http://www.linhtet.com



ထွက်လာခဲ့တာ မဟုတ်လား။ ခင်ဗျား သင်္ဘောပေါ်ကို ရောက်တာ နှစ်လပဲ ရှိသေးတယ်၊ အခု နေမကောင်းတော့ဘူးဆိုတာ မဖြစ်နိုင်ဘူး၊ ခင်ဗျားတို့ မြန်မာတွေ သင်္ဘောပေါ်ရောက်ပြီး ခြောက်လကျော်မှ ဆေးခန်းပြခွင့် ရမယ်"

ကိုအဏ္ဏဝါသည် ဘာမျှ ပြန်မပြောဘဲ အံကြိတ်ပြီး ကပ္ပိတန်ကို ခပ်တည်တည် ကြည့်ပစ်လိုက်သည်။ တွေ့ကြသေးတာပေါ့ကွာ ဆိုသည့် အမူအရာ ပြလိုက်သည်။ ထမင်းစားခန်းကို ဆင်းလာခဲ့သည်။ ထမင်းစား ခန်းမှာလည်း လက်ဖက်ရည်သောက်ချိန် ဖြစ်လို့ လူစုံနေသည်။ ဂရိ သတင်းပေး မြန်မာ သင်္ဘောသား သူ့လူ ကိုယ့်ဘက်သားတွေလည်း ရှိနေသည်။

"ဒီသင်္ဘောမှာ မြန်မာတွေ ခြောက်လပြည့်ပြီးမှ ဆေးခန်းပြခွင့် ရှိတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်တယ်၊ ကျွန်တော်တို့လည်း ခြောက်လကျော်မှ ဆေးခန်း ပြခွင့်ရတယ်"

"လူတစ်ယောက်ဟာ ဒီနေ့ ကျန်းမာပေမဲ့ နက်ဖြန်နေမကောင်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ၊ အဲဒါကို ခြောက်လပြည့်အောင် စောင့်ပြီးမှ ဆေးကုသခွင့် ရမယ်ဆိုတော့ တရားနည်းလမ်းကျပါ့မလား"

"တရားနည်းလမ်း ကျမကျတော့ မသိဘူး၊ ကျွန်တော်တို့တော့ ခံခဲ့ရတာပဲ"

"မတရားမှန်းသိလျက်နဲ့ မင်းတို့က ငြိမ်ခံနေကြတာကိုးကွ"

"ကျွန်တော်တို့က မပြောရဲ မဆိုရဲတာလည်း ပါတယ်၊ မပြော တတ် မဆိုတတ်တာလည်း ပါတယ်၊ ပေးသလောက်ကို ယူ၊ ကျွေး သလောက်ကို စား၊ မသေမပျောက်ဘဲ အိမ်ကိုပြန်ရောက်လျှင် တော်ပြီဆို တဲ့ စိတ်နဲ့ ကြိတ်မှိတ်ပြီး ခံနေကြတာပဲ အာအိုကြီးရေ..."

ကိုအဏ္ဏဝါ သက်ပြင်းချလိုက်သည်။ ဒီလို စိတ်ဓာတ်မျိုးတွေ ကြောင့် မြန်မာတွေ ကျွန်ဖြစ်ခဲ့ရတာ ဖြစ်မည်ဟု တွေးမိသည်။ မြန်မာ ပြည်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့လို လူမျိုးတွေသာ မပေါ်ပေါက်ခဲ့လျှင် အခုအထိ လွတ်လပ်ရေး ရဦးမည် မဟုတ်လို့တောင် တွေးမိသည်။

http://www.linhtet.com



“ဟင်း တွေ့ကြသေးတာပေါ့ကွာ၊ ဒီကပြီးလျှင် အမေရိကန်ကို သွားမယ်လို့ သတင်းရထားတယ်၊ အမေရိကန်ကိုရောက်ရင် အိုင်တီ အက်ဖ်ကို ဖုန်းဆက်ခေါ်လိုက်မယ်၊ အဲဒီ အာဏာရှင် ငနဲ အလုပ်ပြုတ် ပြီသာ အောင့်မေ့ အထုပ်ပြင်ထားလို့ ပြောလိုက်”

ITF ဆိုတာ သင်္ဘောသားရေးရာ ပြဿနာမျိုးစုံကို သင်္ဘောသား တွေဘက်က လိုက်လံ ကူညီ ဆောင်ရွက်ပေးနေသော အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ သင်္ဘောသားတွေကို မတရားလုပ်သည့် သင်္ဘောပိုင်ရှင်တွေနှင့် ကပ္ပီတန်တွေ သေးဖျန်းဖျန်း ပါအောင် ကြောက်ရ သည့် အဖွဲ့အစည်း ဖြစ်သည်။ အမေရိကန်က အိုင်တီအက်ဖ်ကို ပို ကြောက်ကြသည်။ ဒါကြောင့်လည်း အမေရိကန်ကို ရောက်မှ တိုင်မည်ဟု ပြောလိုက်ခြင်း ဖြစ်သည်။ ဒီလို ပြောလိုက်လျှင် ဒီစကားသည် ဒီနေ့ပင် ဂရိ ကပ္ပီတန်၏ နားကို ပေါက်ကြားသွားမည် ဆိုတာကိုလည်း သိလို့ တမင် ပြောလိုက်ခြင်း ဖြစ်သည်။

၁၃-ရက်နေ့မှာတော့ ကိုအဏ္ဏဝါသည် ကိုယ့်ဆေးကိုယ်ဖော်မည် ဆိုသည့် သဘောဖြင့် ဆေးဖော်သည်။ ထမင်းချက် ကျော်စိန် (ကိုချေ) ဆီက ကြက်သွန်ဖြူ ဥတစ်လုံးတွေကို တောင်းသည်။ ကြက်သွန်ဖြူ ကို ပျားရည်ဖြင့် စိမ်ထားပြီး နေ့စဉ်စားလျှင် သွေးတိုးကျမည်ဟု ယုံကြည် ၍ ဖြစ်သည်။ အမေရိကန်ကို ရောက်လို့ အိုင်တီအက်ဖ် အရာရှိ သင်္ဘော ပေါ်ကို ရောက်လာလျှင် ဆေးခန်းပြခွင့်လည်း မရ။ သင်္ဘောကလည်း ဆေးမပေးလို့ မိမိတို့ရိုးရာ တိုင်းရင်းဆေးကို ဖော်စပ် သုံးစွဲနေရပါသည်ဟု သက်သေပြရန်လည်း ရည်ရွယ်သည်။

ကိုအဏ္ဏဝါသည် ကြက်သွန်ဖြူ ဥလေးတွေကို အခွံနွှာနေစဉ် ထမင်းစားခန်းက တယ်လီဖုန်း မြည်လာသည်။ တယ်လီဖုန်း ကိုင်သူက အာအိုကြီးအတွက် ဖုန်း၊ ကပ္ပီတန်ခေါ်တာဟု ပြောသည်။ ဘာကိစ္စပါလိမ့် ဟု တွေးမိသည်။ သင်္ဘောက ဆိပ်ကမ်းမှာ ကပ်ထားပြီး ကုန်ချနေသည်။ ကြေးနန်းပို့စရာ ဖမ်းစရာ ကိစ္စလည်း မရှိပါပဲလျက် မည်သည့် အတွက် မိမိကို ခေါ်ပါသနည်းဟု တွေးမိပြီ တယ်လီဖုန်းကို ခပ်ဆောင့်ဆောင့် ကိုင်လိုက်သည်။

http://www.linhtet.com



"ဟလို"

"အာအို ခင်ဗျား ဆေးခန်းပြဖို့ အသင့်လုပ်ထား၊ အခု တော်လေး ကြာလျှင် အေးဂျင့် ရောက်လာလိမ့်မယ်၊ ခင်ဗျား သူနဲ့ လိုက်သွားပြီး ဆေးခန်း ပြပါ"

ကိုအဏ္ဏဝါ အံ့သြသွားသည်။ အမေရိကန်ကို ရောက်လျှင် အိုင်တီ အက်ဖ်ကိုတိုင်မည် ဆိုသည့်သတင်းကို ရသွားပြီဟု သိလိုက်သည်။ နည်းနည်း ကလိလိုက်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် သင်္ဘောပေါ်ရောက်တာ ခြောက်လ မပြည့်သေးဘူး၊ မဖြစ်နိုင်ဘူး ထင်တယ်"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ဆေးခန်း သွားပြပါ"

"မပြတော့ဘူးဗျာ၊ ကျွန်တော်တို့ ရိုးရာ တိုင်းရင်းဆေးပဲ စားနေပါ့မယ်"

"ခင်ဗျား ဆေးခန်း သွားပြရမယ်၊ ခင်ဗျားကို ကျွန်တော် အမိန့် ပေးနေတာ"

ဂရိ ကပ္ပိတန်သည် အလွန်လည်သူ ဖြစ်သည်။ သူ တယ်လီဖုန်း ပြောနေတာ သူ့ အိပ်ခန်းထဲကလား၊ တက်မစင်ကလား မသိရသော် လည်း သူ့အနားမှာ မြန်မာ သို့မဟုတ် ဂရိ သက်သေတစ်ယောက် ရှိမှာ သေချာသည်။ သူက ဆေးခန်းသွားခွင့်ပြုပါလျက်နဲ့ ကိုအဏ္ဏဝါက မိမိဆန္ဒအလျောက် မသွားခြင်းသာ ဖြစ်တယ်ဆိုတာကို သက်သေ အထောက်အထားဖြင့် ထုချေနိုင်အောင် ပြုလုပ်ခြင်း ဖြစ်သည်။ သူက အမိန့်ပေးတာ ဖြစ်သည့်အတွက် ကိုအဏ္ဏဝါက မလိုက်နာလျှင် အမိန့် မနာခံမှုဖြင့် သူကတောင် ပြန်ပြီး အရေးယူနိုင်သေးသည်။ ကိုအဏ္ဏဝါက ကောင်းပါပြီလို့ ပြောလိုက်ရတော့သည်။

ကိုအဏ္ဏဝါ ဆေးခန်းပြရန် သွားမည်ဆိုတော့ စတုတ္ထ အင်ဂျင်နီယာ ကိုသိန်းတစ်က သူလည်း မြို့ထဲ ရောက်ဖူးတယ်ရှိအောင် လိုက်ခဲ့မည်ဟု ပြောသည်။ မြို့လယ်ကောင် တစ်နေရာက ပုဂ္ဂလိက ဆေးခန်း တစ်ခုမှာ ပြသည်။ ဆေးခန်းက အတော် အဆင့်မြင့်သည်။ ကြေးကြီးမှာ သေချာသည်။ အေးဂျင့်ဆိုသည့် လူမျိုးကလည်း ဒီအကွက်မျိုးကို စောင့် နေခြင်း ဖြစ်သည်။ အကွက်ဆိုက် လာလျှင် အချိုကြီး ကိုင်မည်ဆိုပြီး

http://www.linhtet.com



မောင်းတင်ထားသူ ဖြစ်သည်။ ကိုအဏ္ဏဝါအတွက် ဆေးဖိုးက သိပ်ပြီး မများသော်လည်း သူ၏ဝါးခက ပိုများမှာ သေချာသည်။ ဒီအကြောင်း ကိုလည်း အိမ်နီးချင်း နိုင်ငံသား ဖြစ်သည့် ဂရိကပ္ပီတန်က သိနေသည်။ ဒါကြောင့်လည်း ကိုအဏ္ဏဝါကို ပြင်သစ်နိုင်ငံမှာ ဆေးခန်း မပြစေချင်တာ ဖြစ်သည်။ ဆရာဝန်က အင်္ဂလိပ်လို မပြောသည့်အတွက် အေးဂျင့် ပြောသမျှကိုပဲ နားထောင် ခေါင်းညိတ်ရသည်။

အပေါ်သွေး ၁၇၀၊ အောက်သွေး ၉၀ ဖြစ်နေသည့်အတွက် သွေးကျဆေး တစ်လစာပေးသည်။ ခြေထောက်က နီညိုကွက်တွေ အတွက် လက်မလောက်ကြီးပြီး လေးလက်မလောက် ရှည်သည့် လိမ်း ဆေးတောင့် နှစ်တောင့်ပေးသည်။ စမ်းသပ်ခနှင့် ဆေးဖိုး ဒေါ်လာ ၁၀၀ လောက်ကျမှာ သေချာသည်။ ဒီကြားထဲမှာ အေးဂျင့်က သူ့အတွက် လိုက်လံ ဆောင်ရွက်ခ ထည့်ပေါင်းဦးမည် ဖြစ်သည်။

ဆေးခန်းမှာပင် ဆေးတစ်ခွက် သောက်လိုက်သည်။ ခေါင်းရှင်း သွားသည်။ အေးဂျင့်က သင်္ဘောကို ပြန်ပို့ပေးမည်ဟု ပြောသည်။ ကိုအဏ္ဏဝါက လက်ကာ ပြလိုက်သည်။ မိမိတို့သည် မရောက်ဖူးလို့



ပြင်သစ်နိုင်ငံရှိအင်မြို့ရောက် ကိုအဏ္ဏဝါ

အဏ္ဏဝါစာပေ

http://www.linhtet.com



မြို့ထဲကို လျှောက်လည်ဦးမည်ဟု ပြောလိုက်သည်။ အေးဂျင့်က သဘော်ဆိပ်နှင့် ဒီနေရာ အတော်ဝေးသည်ဟု ပြောသည်။ ဝေးစမ်းပါစေ မိုင်ပေါင်းကုဋေလို့ ပြောလိုက်သည်။

ကိုသိန်းတစ်နှင့် နှစ်ယောက်အတူ မြို့တွင်း လျှောက်လည်ကြသည်။ ပြင်သစ်နိုင်ငံ၏ မြို့တော်ပါရီကို မရောက်ဖူးသေးသော်လည်း မာဆေး၊ ဒန်းကတ်ဆိုသည့် မြို့တွေကို ရောက်ဖူးခဲ့ပြီဖြစ်သည်။ ယခု ရောက်နေသည့် ရိုအင်မြို့ကြီးသည်လည်း ကြီးမား ကျယ်ဝန်းသည်။ ကမ္ဘာ့သမိုင်းမှာ ထည်ဝါခဲ့ညားခဲ့ဖူးသည့် နိုင်ငံကြီး တစ်နိုင်ငံ၏ ရုပ်ပိုင်းဆိုင်ရာ အဆင့်မြင့် လက္ခဏာတွေကို နေရာတကာမှာ တွေ့နေရသည်။ စိတ်ပိုင်း ဆိုင်ရာလို့ ဆိုရမည့် ပြည်သူတွေရဲ့ စရိုက်တွေကတော့ အုပ်ချုပ်တဲ့ အစိုးရရဲ့ မူဝါဒအပေါ်မှာ မူတည်ပြီး အပြောင်းအလဲတွေ ဖြစ်ကုန်သည်။ နိုင်ငံကြီးသား ပီသခဲ့သည့် ဂုဏ်တွေ၊ သိက္ခာတွေ၊ စရိုက်လက္ခဏာတွေ မှေးမှိန်ပြီး အမြီးကျက်လျှင် အမြီးစားမည်။ ခေါင်းကျက်လျှင် ခေါင်းစားမည်။ ငါရဖို့ အရေးကြီးသည်။ ပိုက်ဆံသာ ရမည်ဆိုလျှင် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ လုပ်မည်ဆိုသည့် ပုံမျိုးတွေ တွေ့နေရသည်။

မြို့တွင်း လျှောက်သွားနေကြစဉ် မြို့လယ်ကောင်က လူစည်ကားရာ နေရာတစ်ခုကို ရောက်သွားကြသည်။ အဲဒီမှာ ရုပ်ရှင်ရုံတစ်ရုံ သွားတွေ့သည်။ ရုပ်ရှင်ရုံရဲ့ နဖူးစည်း ပိုစတာက မင်းသမီးပုံတွေ အတော်ချောတာကို သတိထားမိသည်။ အင်္ဂလိပ်အက္ခရာ အိက်စ်သုံးလုံး XXX ကိုလည်း ပိုစတာပေါ်မှာ မြင်သာအောင် ရေးထားသည်။ အသက် ၁၈ နှစ်အောက် မကြည့်ရဆိုသည့် စာတန်းကိုလည်း အင်္ဂလိပ်လိုရော ပြင်သစ်လိုပါ ရေးထားသည်။ ကလေး မကြည့်ရဆိုလို့ သရဲကားလို့ ထင်လျှင် မှားသွားမည် ဖြစ်သည်။ အပြာကားကို ရုံတင်ပြသနေခြင်း ဖြစ်သည်။

ကိုအဏ္ဏဝါနှင့် ကိုသိန်းတစ်တို့သည် တိုင်ပင်ထားသည့်အလား နှစ်ဦးသဘောတူကာ ရုပ်ရှင် ဝင်ကြည့်ကြသည်။ ဝင်ကြေး ဖရန့် ၂၀

http://www.linhtet.com



(သုံးဒေါ်လာခန့်) ပေးရသည်။ ရုံထဲ ရောက်သွားတော့ ရုပ်ရှင်က ပြနေပြီ ဖြစ်သည်။

□သူတို့ဆီက ရုပ်ရှင်ပြစနစ်က ရောင်းနပ်ရှိး ROUND UP SHOW လို့ ခေါ်သည့် အဆက်မပြတ် ထပ်တလဲလဲပြသည့် စနစ် ဖြစ်သည်။ ၂၄-နာရီလုံး ကြိုက်သည့်အချိန် ဝင်ကြည့်ပြီး ပြန်ထွက် ချင်သည့် အချိန်မှ ထွက်စနစ် ဖြစ်သည်။ ရုံထဲ ရောက်ပြီးလျှင် နှစ်ပွဲ သုံးပွဲဆက်ပြီး ကြည့်လို့လည်း ရသည်။ ကိုအဏ္ဏဝါနှင့် ကိုသိန်းတစ်တို့ သည် ရှုံ့ရှုံ့နဲ့ပဲ နှစ်ပွဲ ဆက်ကြည့်ခဲ့ပါသည်။

ရုပ်ရှင်ရုံထဲက ပြန်ထွက်လာတော့ သွေးလည်း မတိုးတော့ဘဲ ခေါင်းရှင်းသွားသည်။ သွေးတိုးတာဟာ အစားများလို့ မဖြစ်နိုင်။ မိသားစု နှင့် ခွဲနေရလို့ များလားလို့တောင် တွေးမိသည်။ ရုပ်ရှင်ရုံရှိရာ မြို့လယ် ကောင်မှ သင်္ဘောဆိပ်ရှိရာ နေရာသို့ လေးမိုင်မျှသော ခရီးကို ကုန်း ကြောင်း လျှောက်ပြီး ပြန်ခဲ့ကြသည်။ နေမကောင်းဘူးလို့ ပြောတာကို ဂရိ ကပ္ပိတန်က မယုံဘူးဆိုတာ အပြစ်မဆိုသာဟု ထင်သည်။

၁၄-ရက်နေ့ နံနက်အိပ်ရာက ထတော့ တစ်ကိုယ်လုံး နာကျင် ကိုက်ခဲ နေသည်။ မနေ့က လေးမိုင်မျှသော ခရီးကို လမ်းလျှောက်ခဲ့ရလို့ ကိုယ်လက်တွေ နာနေခြင်း ဖြစ်သည်။ ကိုခင်မောင်ညွှန့်တို့ မြို့ထဲသွားကြ မည် လိုက်ဦးမလားဟု လာမေးသည်။ မလိုက်တော့ဘူးလို့ ပြောလိုက် သည်။

ကိုခင်မောင်ညွှန့်တို့လည်း ညနေ ၃-ရီလောက်မှာ ပြန်ရောက် လာကြသည်။ ညနေ ၆-နာရီမှာ ရိုအင် ROUEN မြို့ ဆိပ်ကမ်းမှ ပြန်လည် ထွက်ခွာခဲ့ပါသည်။ မြစ်တွင်းလမ်း ခရီးဖြင့် မိုင်ပေါင်း ၅၀ မျှ မောင်းထွက်ရမည် ဖြစ်လို့ သင်္ဘောပေါ်မှာ ရေကြောင်းပြ ပါလာသည်။ ည သန်းခေါင်ကျော်မှ မြစ်ဝကို ရောက်ပြီး ကျောက်ချမည်။

၁၅-ရက်နေ့မှာ ကိုအဏ္ဏဝါ အိပ်ရာက နိုးလာတော့ သင်္ဘောကြီး ခုတ်မောင်းနေတာ တွေ့ရသည်။ ကိုအဏ္ဏဝါသည် အလုပ်ရှိရာ ဆက် သွယ်ရေး ရုံးခန်းကို ဝင်သည်။ မှတ်တမ်း LOG ရေးသည်။ စက်ကို

http://www.linhtet.com



စမ်းသပ်သည်။ မိုးလေဝသသတင်း ဖမ်းယူရန် အချိန် စောသေးသည့်အတွက် တက်မစင်ကို တက်သွားလိုက်သည်။ တက်မစင်မှာ တာဝန်ကျနေသည့် တတိယအရာရှိ ဟန်မြင့်ကို မေးကြည့်ရသည်။

“ဘယ်ကိုသွားနေတာလဲ”

“အမေရိကကိုလို့ ပြောတာပဲ၊ ဘယ်ဆိပ်ကမ်းဆိုတာ မသိရသေးဘူး”

အမေရိကန်က ဘယ်မြို့ ဆိပ်ကမ်းကိုမှန်း မသိဘဲ အတ္တလန္တိတ်သမုဒ္ဒရာကြီးကို ဖြတ်မောင်းနေခြင်း ဖြစ်သည်။ အမေရိကန်ကမြို့ တစ်မြို့မှာ ကုန်ရနိုင်သည်ဆိုသည့် အထင်ဖြင့် ကုန်မပါဘဲ ပေါလောကြီး ခါလီ မောင်းနေခြင်းဖြစ်သည်။

❐

[ ၁၈ ]

# သူပုန်မထမီ နေ့ရက်များ

ကိုအဏ္ဏဝါသည် သဘော်ာ ထွက်ပြီဆိုသည့် အကြောင်း ကုမ္ပဏီကို အကြောင်းကြားသည့် ကြေးနန်းကို ဂရိနိုင်ငံ SVA သို့ တိုက်ရိုက် မပို့ဘဲ အင်္ဂလန် GKB သို့ ပို့လိုက်သည့်အတွက် ကပ္ပီတန်က မကျေနပ် ဖြစ်သွားသည်။ သူ၏ ညွှန်ကြားချက်ကို မစောင့်ဘဲ လက်သင့်ရာ ရေဒီယို စတေရှင်က တစ်ဆင့် ကြေးနန်းပို့လိုက်လို့ မကျေနပ်ခြင်း ဖြစ်သည်။ ကုမ္ပဏီက ညွှန်ကြားချက်ဆိုသည့် စာရွက် တစ်ရွက်ကို လာပြသည်။ ကြေးနန်းတွေကို ဆွစ္စလန် ရေဒီယို HEB က တစ်ဆင့် ပို့ပါဆိုသည့် ညွှန်ကြားချက် စာရွက် ဖြစ်သည်။ ဒီညွှန်ကြားချက်ကို စောစောတည်းက ပေးထားသင့်သည်ဟု ပြန်ပြောလိုက်သည်။

## ဘယ်ဆီကိုမှန်း လမ်းဘယ်မမြင်

အမေရိကန်ကို သွားနေသည်လို့သာ ပြောသည်။ ဘယ်ကိုသွားနေမှန်းမသိပဲ တအိအိ ခုတ်မောင်းနေသည်။ ဆွစ္စလန်ရေဒီယို စတေရှင်ကို နားထောင်သည်။ အေသင်ရေဒီယိုနှင့် အင်္ဂလန်ကိုလည်း လွှတ်မထား

http://www.linhtet.com



ဘဲ နားထောင်သည်။ ကြေးနန်း ပို့စရာရှိတာတွေကိုတော့ ဆွစ္စလန်က တစ်ဆင့်ပဲ ပို့သည်။ ဆွစ္စလန် ရေဒီယိုစတေရှင်သည် အဆင့်အတန်း ရှိသော နိုင်ငံဖြစ်လို့ အလုပ်လုပ်လို့ အလွန်ကောင်းတာ တွေ့ရသည်။ မိုးလေဝသသတင်းနှင့် ရေကြောင်း သွားလာရေး သတိပေးချက်များကို အင်္ဂလန်က ယူသည်။

၁၇-ရက်နေ့ နံနက်မှာ ဂရိလူမျိုး စားပွဲထိုးချုပ် (လူသစ်)သည် ရေဒီယိုခန်း အတွင်းကို ရုတ်တရက် ဝင်လာပြီး ရေဒီယို အသံလွှင့်စက် ကို ဖွင့်သည်။ ၁၂ မီဂါဟတ်ဖြင့် ဂရိနိုင်ငံကို တယ်လီဖုန်း ခေါ်သည်။ ကိုအဏ္ဏဝါ အတော်အံ့သြသွားသည်။ သင်္ဘောပေါ်က ဝါယာလစ်စက်ဖြင့် ရေဒီယို တယ်လီဖုန်း ခေါ်တတ်သူသည် ခေသူတော့ မဟုတ်လို့ တွေးမိ သည်။ ဒီကုမ္ပဏီက သင်္ဘောတွေမှာ အတွေ့အကြုံ ရှိခဲ့ဖူးဟန် တူသည်။ ဒါပေမဲ့ တာဝန်ရှိသူ ကိုအဏ္ဏဝါဆီမှာ ခွင့်တောင်းရမည် ဖြစ်သည်။ မြန်မာ လူမျိုးဖြစ်လို့ ဂရုစိုက်စရာမလို ဆိုသည့် အမူအရာ တွေ့ရသည်။ မြန်မာ ကပ္ပိတန် သို့မဟုတ် အင်္ဂလိပ် ကပ္ပိတန်နဲ့သာဆိုလျှင် ဒီကိစ္စသည် ကြီးလေးသော ပြစ်မှုကို ကျူးလွန်တယ်ဆိုပြီး ဒီကောင့်ကို အလုပ် ဖြုတ်ပစ်မှာ သေချာသည်။ အခုတော့ သူတို့ရွာမှာ သူတို့ လူမျိုး သူကြီး အုပ်ချုပ်နေတာဆိုတော့ ကိုအဏ္ဏဝါ အောင့်သက်သက်ဖြင့် လက်ပိုက် ကြည့်နေရတော့သည်။

သင်္ဘောသွားရမည့် ဆိပ်ကမ်းနှင့် ပတ်သက်ပြီး ထင်ကြေးတွေ အမျိုးမျိုး ပြောနေကြသည်။ အမေရိကန်နိုင်ငံရှိ ဖလော်ရီဒါဘင့်က တင်ပါ TAMPA ဆိပ်ကမ်းကိုပဲ သွားရမလိုလို နောက်တော့ မဟုတ်တော့ပြန် ဘူး။ နယူးယောက်ကို သွားရမည်ဟု သိရပြန်သည်။ ဘယ်ကိုပဲသွားသွား သွားချင်တဲ့ နိုင်ငံကိုသာသွား။ သင်္ဘောမောင်းတဲ့ကိစ္စသည် ကိုအဏ္ဏဝါနဲ့ မဆိုင်၊ ကြေးနန်းပို့ခြင်း၊ ဖမ်းခြင်းသည်သာ ကိုအဏ္ဏဝါ၏ အလုပ် ဖြစ်သည်။ လုပ်ရင်းကိုင်ရင်း သင်္ဘောပေါ်မှာ တစ်နှစ်ပြည့်သွားဖို့ အရေး ကြီးသည်။ ကံထရိုက် စာချုပ်သက်တမ်း တစ်နှစ်မပြည့်မီ မြန်မာပြည် ကို ပြန်သွားလျှင် နှစ်မစေ့ဘဲ ပြန်လာသည့် ပြစ်မှုဖြင့် အရေးယူ ခံရမည် ဖြစ်သည်။

http://www.linhtet.com



၂၄-ရက်နေ့မှာ ကနေဒါနိုင်ငံ ရေပြင်ထဲက နယူးဖောင်လန်ကျွန်း အနီးမှာ စက်ရပ်ပြီး မျောထားသည်။ ဘယ်ကိုသွားပြီး ဘာကုန်ကို တင်ရမလဲဆိုသည့် အကြောင်းကြားချက်ကို စောင့်နေခြင်း ဖြစ်သည်။ ဒီနေရာကို ရောက်ပြီး မျောနေတာ နှစ်ရက် ရှိပြီဖြစ်သည်။ ဘာသတင်းမျှ မရသေး ဖြစ်နေသည်။ ဒီအခြေအနေမှာ ကိုအဏ္ဏဝါ၏ တာဝန်ဟာ အလွန်ကြီးနေပြီ ဖြစ်သည်။ ဒါမျိုးကို တိုမို သင်္ဘောမှာတုန်းက တစ်ခါ၊ ပိုသီးတိုး သင်္ဘောမှာတုန်းကတစ်ခါ ကြုံခဲ့ဖူးပြီဖြစ်လို့ ကိုအဏ္ဏဝါ အထူး သတိထားနေသည်။ ၂-နာရီ တစ်ကြိမ် ရေဒီယိုတွေကို နားထောင်သည်။ ဂရိ၊ အင်္ဂလန်၊ အမေရိကန် စတေရှင်တွေကို နားထောင်သည်။ ခေတ္တ နားသည့် အချိန်မှာ တက်မစင်ကို တက်သွားပြီး တာဝန်ကျ အရာရှိနဲ့ စကားစမြည် ပြောနေလေ့ ရှိသည်။

၂၄-ရက်နေ့ နံနက် ၈-နာရီလောက်မှာ ကနေဒါ နိုင်ငံက ကမ်းခြေစောင့် လေယာဉ် တစ်စီးသည် ကိုအဏ္ဏဝါတို့ သင်္ဘောပေါ်က ဖြတ်ပြီး နိမ့်နိမ့်လေး ပျံသန်းသွားသည်။ တော်တော်ဝေးဝေး ရောက်သွားသောအခါ တစ်ပတ် ပြန်ဝဲလာပြန်သည်။ သင်္ဘောပဲ့ပိုင်းမှ ဦးပိုင်းကို စုန်ပြီး ပျံသန်းသည်။ သင်္ဘောကို ပတ်ပြီး ပျံသန်းကြည့်သည်။ လေယာဉ်၏ ဝမ်းဗိုက်မှာ ကနေဒါ ကမ်းခြေစောင့်လို့ အဓိပ္ပာယ်ရသည့် (ကနေဒီယန် ကို့စ်ဂတ်) ဆိုသည့် စာလုံးကြီး ရေးထားသည်။ မကြာမီ သင်္ဘောပေါ်က ရေဒီယိုတယ်လီဖုန်း VHF က အသံ ထွက်လာသည်။

"ရေမြင်း ရေမြင်း ကနေဒါ ကမ်းခြေစောင့် ခေါ်တယ်၊ ကြားသလား"

(ရေမြင်းဆိုတာ ကိုအဏ္ဏဝါတို့ သင်္ဘောနာမည် SEA HORSE ကို စာရေးသူက မြန်မာမှု ပြုထားတာ ဖြစ်ပါသည်။ မြန်မာစာတွေကြား မှာ အင်္ဂလိပ် စကားတွေကို အင်္ဂလိပ် အက္ခရာတွေဖြင့် ရေးရတာ အခက်အခဲရှိလို့ သိစေချင်တာတွေကို မြန်မာလိုပဲရေးနေခြင်းဖြစ်သည်။)

တက်မစင်မှာ တာဝန်ကျနေသည့် တတိယအရာရှိ ဟန်မြင့်သည် ရေဒီယိုတယ်လီဖုန်းကို ပြေးကိုင်ပြီး ချက်ချင်း ပြန်ဖြေသည်။

http://www.linhtet.com



"ကနေဒါ ကမ်းခြေစောင့် ခေါ်တာကို ရေမြင်းက ကြားပါတယ်၊ ပြောပါ"

"ခင်ဗျားတို့ သင်္ဘော ဒီနေရာမှာ ရပ်နေတာ နှစ်ရက်ရှိပြီ၊ ဘာလုပ်နေတာလဲ"

တာဝန်ကျ အရာရှိ ဟန်မြင့်သည် ဘာပြန်ပြောရမှန်း မသိလို့ ကိုအဏ္ဏဝါကို အကူအညီ တောင်းသည့်အနေဖြင့် ကြည့်သည်။ ဘာပြန်ပြောလိုက်ရမလဲလို့ မေးသည်။ သင်္ဘော ရပ်နေသည့် အကြောင်းကို သိတာ ကပ္ပီတန်နှင့် ကိုအဏ္ဏဝါ နှစ်ယောက်သာ ရှိသည်။ သို့သော် ဒီကိစ္စသည် အများအယွင်း မခံသော ကိစ္စဖြစ်သည်။ တာဝန် အရှိဆုံး ဖြစ်သည့် ကပ္ပီတန်ကသာ ဖြေဆိုရမည့် မေးခွန်း ဖြစ်သည်။ ကိုအဏ္ဏဝါက ဟန်မြင့်ကို လက်ကာပြလိုက်ပြီး ကပ္ပီတန်ကို တက်မစင်သို့ တက်လာရန် ဖုန်းဆက် ခေါ်ခိုင်းလိုက်သည်။ ရေဒီယိုတယ်လီဖုန်းကို ဟန်မြင့်ထံမှ ဆွဲယူလိုက်ပြီး ဖြေကြားလိုက်သည်။

"ကနေဒါ ကမ်းခြေစောင့်၊ ရေမြင်း ဖြေပါတယ်၊ ကျွန်တော်က တက်မစင်မှာ တာဝန်ကျနေတဲ့ ရိုးရိုး သင်္ဘောသားပါ၊ ကျွန်တော့် အရာရှိကို ခေါ်ပေးပါ့မယ်"

"ကောင်းပြီ၊ ခင်ဗျားရဲ့ ကပ္ပီတန်ကို ခေါ်လိုက်ပါ"

ဟန်မြင့်က ဖုန်းဆက်ခေါ်လိုက်လို့ တက်မစင်ကို ကပ္ပီတန် ပြေးတက်လာသည်။ ကိုအဏ္ဏဝါက တယ်လီဖုန်းကို ကမ်းပေးလိုက်သည်။ လေယာဉ်နှင့် ကပ္ပီတန်တို့ စကားပြောကြသည်။ ဘာကြောင့် ဒီနေရာမှာ နှစ်ရက်လုံးလုံး ရပ်နေတာလဲဆိုသည့် မေးခွန်းကို ကပ္ပီတန်က စက်မကြီး (မိန်းအင်ဂျင်) ပျက်သွားလို့ ပြုပြင်နေတာပါဟု ဖြေသည်။ အမှန်တော့ ဘယ်ကိုသွားရမှန်း မသိသေးလို့ ရပ်ထားခြင်းဖြစ်သည်။ လူလည်ကြီးလို့ ကိုအဏ္ဏဝါ၏ စိတ်ထဲက ပြောလိုက်သည်။

လေယာဉ်ပိုင်းလော့က သင်္ဘောက ရေဒါအမျိုးအစားနှင့် ဖမ်းယူနိုင်သည့် အကွာအဝေးကို မေးသည်။ လိုအပ်လျှင် သင်္ဘောကို လာစစ်မည်ဟု ပြောပြီး ပျောက်ကွယ်သွားသည်။

http://www.linhtet.com



## နယူးဖောင်လန်မှ နယူးအော်လင်းသို့

ကနေဒါ ကမ်းခြေစောင့် လေယာဉ် ပျောက်ကွယ်သွားတော့မှ ကပ္ပိတန်သည် တက်မစင်က ပြန်ဆင်းသွားသည်။ မဆင်းမီ တာဝန်ကျ အရာရှိကို မှာကြားသွားသည်။

"နောက်ဘယ်သူပဲ မေးမေး စက်ပျက်လို့ မျောနေတယ်လို့ပြော"

ပင်လယ်ရေကြောင်း သွားလာရေးမှာ ဂရိလူမျိုးတွေဟာ တော်လည်း တော်သည်။ လူလည်လည်း ကျသည်။ ရေကြောင်း သွားလာရေး ဥပဒေတွေကိုလည်း ချိုးဖောက်ရဲသည်။ စက်သုံးဆီဟောင်း အပါအဝင် အညစ်အကြေးတွေကို ပင်လယ်ထဲ ပစ်ချရဲသည်။ ပနားမား ကန်ထဲက ရေချိုတွေကို ခိုးယူပြီး သင်္ဘောထဲ ထည့်သည်။ သင်္ဘောပေါ်မှာ ခိုးလိုက်လာသူတွေကို ပင်လယ်ထဲ ကန်ချရဲသူတွေ ဖြစ်သည်။ ဂါနာနိုင်ငံက လိုက်ပါလာခဲ့ကြသည် ဗိုက်ပူနှင့် အရှည်ကြီးတို့သည် ကိုအဏ္ဏဝါတို့ မြန်မာ သင်္ဘောသားတွေ ရှိနေလို့သာ ကံကောင်းသွားကြခြင်း ဖြစ်သည်။

ယခု ကိစ္စမှာလည်း ကုန်မရလို့၊ ဘယ်နိုင်ငံကို သွားရမှန်း မသိလို့ ကနေဒါ ရေပိုင်နက်ထဲမှာ မျောနေတာကို စက်ပျက်လို့ မျောနေတာပါလို့ လိမ်သည်။ ကနေဒါ ကမ်းခြေစောင့်က ရေဒါဖြင့် စောင့်ကြည့်နေတာ ဖြစ်မည်။ သုံးလေးရက် ကြာလာတော့ မသင်္ကာလို့ လိုက်လာတာ ဖြစ်သည်။ သေသေချာချာ ဂရုစိုက်ပြီး စောင့်ကြည့်နေတော့မှာ သေချာသည်။ ပလတ်စတစ်လို အမှိုက်တို့ စက်သုံးဆီကို ရေထဲချတာ တွေ့လို့ကတော့ ချက်ချင်းလိုက်လာမှာ သေချာသည်။

ဩဂုတ် ၂၅-ရက်နေ့မှာ အင်္ဂလန်က တစ်ဆင့်ပို့သော ကြေးနန်း တစ်စောင် ဖမ်းယူရရှိသည်။ အဆိုပါ ကြေးနန်းအရ နယူးဖောင်လန်ကျွန်း အနီးမှ အမေရိကန်နိုင်ငံ ကီးဝစ် KEY WEST သို့ ဦးတည်သွားပါ။ အသေးစိတ်ကို ထပ်မံ အကြောင်းကြားမည်ဟု ကြေးနန်းမှာ ပါရှိသည်။ အမေရိကန်နိုင်ငံ ကီးဝစ်ကို သွားရမည်ဖြစ်လို့ မြောက်မှ တောင်သို့ စတင် ခုတ်မောင်းသည်။

၂၈-ရက်နေ့မှာ ကပ္ပိတန်က တယ်လီဖုန်း ပြောချင်သည် ဆိုလို့ ဂရိနိုင်ငံက ကုမ္ပဏီရုံးကို တယ်လီဖုန်း ခေါ်ပေးလိုက်သည်။ သူတို့လူမျိုး

http://www.linhtet.com



ဘာသာစကားဖြင့် ပြောနေကြလို့ ဘာတွေပြောသည်ကို မသိရ ဖြစ်နေသည်။ တယ်လီဖုန်း ပြောတာ နာရီဝက်လောက် ကြာသည်။

တယ်လီဖုန်း ပြောပြီးတော့ ကပ္ပိတန်က ကိုအဏ္ဏဝါကို အမိန့်ပေးသည်။ ဆွစ်စလန် ရေဒီယို HEB တစ်ခုတည်းကိုသာ နားထောင်ရန် အမိန့် ပေးသည်။ ကိုအဏ္ဏဝါအတွက် ကောင်းသွားသည်။ ကုန်ရမည့်နေရာသည် ကီးဝစ် မဖြစ်နိုင်တော့ဘဲ လူစီယားနား ပြည်နယ်ထဲက နယူးအော်လန် အနီးအနား တစ်ဝိုက်မှာ ဖြစ်နိုင်သည်ဟု ကပ္ပိတန်က ပြောသည်။

၃၁-ရက်နေ့ ဩဂုတ်လတောင် ကုန်သွားပြီဖြစ်သည်။ ကိုအဏ္ဏဝါ သင်္ဘောပေါ် ရောက်နေတာ သုံးလပြည့်သွားပြီ ဖြစ်သည်။ အိပ်ရာက နိုးလာတော့ ရာသီဥတု သာယာနေသည်။ နံနက်ခင်း နေရောင်ဖြင့် လက်ယာဘက်က ကမ်းခြေကို လှမ်းမြင် နေရသည်။ တက်မစင်ကို တက်သွားပြီး မှန်ပြောင်းဖြင့် ကမ်းခြေကို ကြည့်သည်။ ဖလော်ရီဒါ ကမ်းခြေက ကမ္ဘာကျော် မီယာမီ ရေချိုးဆိပ်ကို အနီးကပ် လှမ်းမြင်နေရသည်။

ကမ္ဘာမှာ နာမည် အကြီးဆုံး၊ အလှဆုံး၊ အရှည်လျားဆုံး၊ လာရောက် အပန်းဖြေသူ အများဆုံး မီယာမီကမ်းခြေ၊ ဘာတွေ လှသလဲလို့ ကြည့်မိသည်။ ကိုအဏ္ဏဝါရဲ့ အမြင်မှာတော့ မြန်မာနိုင်ငံက ပင်လယ်ကမ်းခြေတွေလောက် မလှဟု ထင်သည်။ ကမ္ဘာမှာ အချမ်းသာဆုံးနိုင်ငံကြီးရဲ့ ပင်လယ်ကမ်းခြေဖြစ်လို့ သဘာဝ မဟုတ်သည့် ဖန်တီးမှု ရုပ်ဝတ္ထုပစ္စည်းတွေဖြင့် လှနေခြင်း ဖြစ်သည်ဟု ထင်သည်။ ရေတိမ် ကမ်းပြန့်ရှိသည့် နေရာကြီးဖြစ်လို့ ကမ္ဘာကျော် ရေချိုးဆိပ်ကြီး ဖြစ်အောင် လုပ်ထားခြင်း ဖြစ်သည်။ အရောင်စုံသည့် ရောင်စုံထီးကြီးတွေ၊ မိုတယ်တွေ၊ ဟိုတယ်တွေ ဖြစ်ဟန်တူသည့် ရောင်စုံ အဆောက်အဦ နိမ့်နိမ့်တွေ၊ ရေကူးဝတ်စုံ အရောင်အမျိုးမျိုးကို ဝတ်ပြီး သွားနေသူ၊ နားနေသူ၊ ရေကူး နေကြသူတွေကို မြင်နေရသည်။ အပန်းဖြေ ရေကူးသူတွေကို ငါးမန်း မကိုက်နိုင်အောင် ရှည်လျားလှသည့် ရေချိုးဆိပ်ကြီ တစ်လျှောက် သံဆန်ခါ အရှည်ကြီး ကာထားသည်ဟု သိရသည်။ ချမ်းသာတာကိုး၊ လုပ်နိုင်မှာပေါ့ဟု တွေးမိသည်။

http://www.linhtet.com



ကိုအဏ္ဏဝါ စဉ်းစားသည်။ ငါတို့ နိုင်ငံသာ သူတို့လို ချမ်းသာလို့ကတော့ ငပလီ၊ ကမ်းသာယာ၊ ချောင်းသာ၊ မောင်းမကန် ဆိုတဲ့နေရာတွေကို အသာအေးချိတ်ထားလိုက်၊ ကိုအဏ္ဏဝါရဲ့ရွာ ရမ္မာကမ်းခြေလေးက သဘာဝအလှတွေကပင် မီယာမီထက် များစွာ သာလွန်လှပသည်ဟု ထင်ပါသည်။ ချမ်းသာလို့ ရုပ်ဝတ္ထုပစ္စည်း ရောင်စုံတို့ဖြင့် အလှဆင်ထားသော နေရာများသည် သဘာဝ အလှများရှိရာ ဒေသတွေလောက် မလှဟု ထင်ပါသည်။

သဘာဝ အလှအပတွေရှိရာ နေရာတွေက အေးမြသည်။ ရုပ်ဝတ္ထုပစ္စည်း အလှတို့ဖြင့် ပြုလုပ်ဖန်တီးထားသည့် နေရာတွေက ပူလောင်နေသလို ခံစားရသည်။ မြန်မာပြည်က ငပလီ၊ မလေးရှားက လန်ကာဝီ၊ ဖိလစ်ပိုင်က ပါလဝန်၊ ထိုင်းနိုင်ငံက ဖူးကစ်တို့ဟာ အေးမြ နေသည်။ အမေရိကန်က တောင်ကုန်းတွေပေါ်မှာ တည်ဆောက်ထားသည့် ဟောလီဝုဒ်နှင့် သဲကန္တာရကြီးထဲမှာ တည်ဆောက်ထားသည့် လာ့စ်ဗီးဂတ်စ်လောင်းကစား မြို့ကြီးတွေကို မြင်တွေ့ရတာ စိတ်ထဲမှာ ပူလောင်နေသလို ခံစားရသည်။

စက်တင်ဘာ ၂-ရက်နေ့မှာ မစ္စစ္စပီမြစ်ဝကို ရောက်ပြီး ရေကြောင်းပြတက်သည်။ မစ္စစ္စပီမြစ်ထဲကို မောင်းဝင် ဆန်တက်သွားသည်။ ရောက်ပြန်ပြီ နောက်တစ်ခေါက် မစ္စစ္စပီမြစ်ကြီးနှင့် နယူးအော်လင်း မြို့ကြီးရေဟု စိတ်ထဲက ပြောလိုက်မိသည်။

## အမေရိကန်မှ မော်ရိကိုသို့

စက်တင်ဘာ ၃-ရက်နေ့မှာ နယူးအော်လင်း မြို့ကြီးရဲ့ မျက်နှာချင်းဆိုင် တစ်ဖက်ကမ်းမှာရှိသည့် ဝက်စ်ဝီဂို WEST WEGO ဆိုသည့် နေရာက စက်ရုံကြီးတစ်ရုံရဲ့ ဆိပ်ခံတံတားမှာ ဆိုက်ကပ်ထားတာ တွေ့ရသည်။ ဒီဘက်ကမ်းမှ ဟိုကမ်းမှာရှိသည့် နယူးအော်လင်း မြို့ကြီးကို သွားနိုင်အောင် ကြိုးတံတား မြင့်မြင့်ကြီး တစ်စင်းက ကြီးမားရှည်လျားစွာ ရှိနေတာ တွေ့ရသည်။ ခေါင်းပေါင်းတကျွတ် မော့ကြည့်ရလောက်အောင်

http://www.linhtet.com



မြင့်သည့် တံတားကြီးပေါ်မှာ ကားကြီးကားငယ်တွေ သွားနေကြသည်။ ပြန်လာနေကြသည်။ ကားလေးတွေဖြင့် ဈေးဝယ် အလည်အပတ် သွားနေကြသည်။ ကားလတ်တွေဖြင့် အလုပ်ကိစ္စတွေအတွက် မောင်း သွားနေကြသည်။ ဆယ်ဘီး ကားကြီးတွေနှင့် ကွန်တိန်နာ ကုန်သေတ္တာတင် ကားကြီးတွေက ဒေသရဲ့ ကုန်စည် စီးဆင်းမှုတွေအတွက် မောင်းနှင်နေကြသည်။ ချမ်းသာသည့် နိုင်ငံကြီးရဲ့ နေ့စဉ် မြင်တွေ့ရမည့် မြင်ကွင်းပါလားဟု တွေးနေမိသည်။



နယူးအော်လင်းကို ဝင်လာသည့် ကိုအဏ္ဏဝါတို့ သင်္ဘော

သင်္ဘော ဆိုက်ကပ်ထားသည့် စက်ရုံကြီးမှ ဂျုံစေ့တွေ (ဂျုံစေ့လား၊ ပြောင်းဖူးစေ့လား၊ မမှတ်မိ ဖြစ်နေသည်။ ဂျုံစေ့တွေလို့ ထင်နေသည်) ကို သင်္ဘောထဲသို့ စက်ဖြင့်မှုတ်ပြီး တင်နေသည်။ ကုန်တင်တာ အရမ်း

http://www.linhtet.com



မြန်သည်။ ဒီနေ့ညနေပင် ကုန်တင်လို့ ပြီးမည်ဟု သိရသည်။ ကုန်တန်ချိန် နှစ်သောင်းမျှကို နေ့ချင်းပြီး တင်နိုင်သော စက်ရုံကြီးဖြစ်သည်။ အမေရိကန် လယ်သမားတွေ စိုက်နိုင်သမျှ စပါး၊ ဂျုံ၊ ပဲ၊ ပြောင်း တွေကို ဈေးကောင်းပေး ဝယ်ယူပြီး ကမ္ဘာ့နိုင်ငံ အသီးသီးသို့ တင်ပို့ ရောင်းချနေသော စက်ရုံကြီး ဖြစ်သည်။ စိုက်ပျိုးသူတွေကလည်း မိမိစိုက်ချင်ရာကို လွတ်လပ်စွာ စိုက်ပျိုးသည်။ ကြိုက်ဈေးဖြင့် ရောင်းသည်။ ဝယ်ယူသူက လည်း ကမ္ဘာ့နိုင်ငံ အသီးသီးသို့ လွတ်လပ်စွာ တင်ပို့ ရောင်းချသည်။ အဲဒီတော့ ဒီနိုင်ငံမျိုးဟာ ချမ်းသာပြီပေါ့လို့ တွေးမိသည်။ ဒီမှာ တင်နေတဲ့ ဂျုံတွေကို မော်ရိုကိုနိုင်ငံကို သွားပို့ရမည်ဟု သိရသည်။

ဒီနေ့ပင် သင်္ဘော ထွက်မလိုလို ကြားနေလို့ ကိုအဏ္ဏဝါသည် ကပ္ပိတန် နံနက်စာ (ဘရိတ်ဖတ်) စားနေစဉ် မိမိ၏ လစာ ထုတ်လို ကြောင်း သွားပြောသည်။ အမေရိကန်နိုင်ငံမှာ ရောက်ရှိနေခိုက် ဖြစ်လို့ လစာ ထုတ်မပေးနိုင်ကြောင်း ပြောရဲမှာ မဟုတ်ဘူး ဆိုတာကို သိသည့် ကိုအဏ္ဏဝါက တမင် သွားတောင်းခြင်း ဖြစ်သည်။ လစာ မပေးလျှင် တောင်တိုင်၊ မြောက်တိုင် တိုင်ပြောမှာကို ဂရိ ကပ္ပိတန် ကြောက်သည်။ ပြင်သစ်မှာတုန်းက ဆေးခန်းမပြရဘူးလို့ ပြောမိသည့်အတွက် ကိုအဏ္ဏဝါ ငြိုးထားတယ်ဆိုတာကို သိနေသည်။ အမေရိကန်ကို ရောက်လျှင် ကိုအဏ္ဏဝါဘက်က တက်ထောင်ပြီး အောင်နိုင်သူ ဖြစ်ကြောင်း ပြလိမ့်မည် ဆိုတာကိုလည်း သိနေသည်။ ဂရိ ကပ္ပိတန် ဆိုတာကလည်း အမေရိကန် အာဏာပိုင်အဖွဲ့ကို ချေးတုန်အောင် ကြောက်သည်။ အမေရိကန်ကလည်း ဘာကြောင့်မှန်းမသိ မြန်မာ သင်္ဘောသားဆိုလျှင် ကူညီချင်သည်။ မျက်နှာသာ ပေးသည်။

ကပ္ပိတန်က သူ စားသောက်နေစဉ် အလိုက်ကန်းဆိုး မသိ လာပြောရမလား ဆိုပြီး စိတ်ဆိုးသည်။ ကိုအဏ္ဏဝါကို မျက်ခွံလှန်ကြည့်ပြီး ခပ်မာမာ ပြောသည်။

"ဒီမှာ ငါ စားသောက်နေတယ်ကွ"

"သိပါတယ်၊ ဒီနေ့ သင်္ဘောထွက်မယ် ပြောလို့ အချိန် သိပ်မရှိတော့ဘူး။ နယူးအော်လင်းကို သွားပြီး လိုချင်တာ ဝယ်မလို့ပါ"

http://www.linhtet.com



"ပိုက်ဆံ ဘယ်လောက်ယူမလဲ"

"ဒေါ်လာ တစ်ထောင်"

"မဖြစ်နိုင်ဘူး၊ ခင်ဗျားလစာ လက်ကျန်ကို စစ်ဆေးရဦးမယ်"

"ကျွန်တော့်လစာ လက်ကျန် ဘယ်လောက် ရှိတယ်ဆိုတာ ကျွန်တော် သိတယ်၊ တစ်ထောင် မရလို့ကတော့ မဖြစ်ဘူး"

ကိုအဏ္ဏဝါ ပန်းမဝင်မီကပင် တက်ထောင်နေပြီဆိုတာကို သိသည့် ကပ္ပိတန်သည် ဘာမျှမပြောတော့ဘဲ သူတို့ ဂရိအရာရှိ အချင်းချင်း ဂရိလို ပြောနေတော့သည်။ ဒီကောင် အမေရိကန်ကို ရောက်နေလို့ လူပါးဝနေတာလို့ ပြောနေတာဖြစ်မည်။ ကိုအဏ္ဏဝါ၏ လစာ လက်ကျန် ဒေါ်လာ တစ်ထောင်ကျော် ရှိနေတယ်ဆိုတာ ကိုအဏ္ဏဝါ သိနေသည်။

နံနက် ၉-နာရီတွင် ကပ္ပိတန်ထံမှ မိမိ၏ လစာ အမေရိကန် ဒေါ်လာ ၁၀၀၀ ထုတ်ယူသည်။ နံနက်စာကို သင်္ဘောမှာ မစားတော့ဘဲ ကိုခင်မောင်ညွန့်၊ ကိုဟန်မြင့်တို့နှင့်အတူ သင်္ဘောမှ ထွက်လာခဲ့ကြသည်။ ဝက်စ်ဝီဂိုမြို့ထဲကို အလျင်သွားကြသည်။ ဆိပ်ကမ်းဂိတ်ကနေ တိုင်စီ ကုမ္ပဏီကို ဖုန်းဆက်လိုက်သည်။ ၅-မိနစ်အတွင်းမှာ တိုင်စီတစ်စီး ရောက်လာသည်။ ဘယ်ကိုသွားကြမလဲဟု ကားဆရာက မေးသည်။

"ကျွန်တော်တို့ သွားမည့် ခရီးက ဦးတည်ချက် မရှိပါဘူး။ ဝက်စ်ဝီဂိုမြို့လယ်ကောင်ကို သွားမယ်။ မြို့ထဲ ပတ်ပြီးတာနဲ့ ဟောဒီ တံတားကြီးကို ဖြတ်ပြီး နယူးအော်လင်းကို သွားမယ်။ နယူးအော်လင်းကို ရောက်လျှင် ဆင်းချင်းတဲ့နေရာမှာ ဆင်းမယ်"

အမေရိကန် တိုင်စီ မောင်းသမားက ရွှီးခနဲ အသံမြည်သွားအောင် လေပူ မှုတ်လိုက်သည်။ ခရီးစဉ်က အတော်ရှည်တယ်ပါလားလို့ တွေးမိဟန်တူသည်။ ခေတ်မီ တိုးတက်သည့် နိုင်ငံတွေမှာ တိုင်စီခ ဘယ်လောက် ပေးရမလဲလို့ မေးစရာမလို၊ မီတာဖြင့် မောင်းခြင်းဖြစ်လို့ ကျသလောက် ပေးရမည် ဖြစ်သည်။ တိုင်စီခ ဒေါ်လာ ၂၀ ထက် မပိုလို့ ကိုအဏ္ဏဝါ တွက်ထားပြီးသား ဖြစ်သည်။ ကုန်ကျစရိတ် အားလုံးကို သုံးယောက်မျှ ခံကြမည် ဖြစ်သည်။

ကိုအဏ္ဏဝါတို့ သုံးယောက်ကို တင်ဆောင် မောင်းနှင်သည့် အငှား ယာဉ်မောင်းသည် စိတ်ကောင်းနှလုံးကောင်းရှိသူ ဖြစ်သည်။ ကိုအဏ္ဏဝါ

http://www.linhtet.com



တို့ လူစု ဘာလုပ်ချင်တယ်ဆိုတာကို သိသူဖြစ်သည်။ ဝက်စ်ဝီဂိုမြို့လယ်ကောင်ကို မောင်းသွားပြီး စည်ကားသည့် နေရာတွေကို ပြသည်။ ကိုအဏ္ဏဝါတို့ ကျေနပ်လောက်ပြီ ဆိုတော့မှ မစ္စစ္စပီ မြစ်ဖြတ် တံတားကြီးပေါ်ကို မောင်းတက် သွားတော့သည်။ နယူးအော်လင်းမြို့ကို သွားနေပြီ ဖြစ်သည်။

နယူးအော်လင်းဆိုတာက ကိုအဏ္ဏဝါ အခေါက်ခေါက် အခါခါ ရောက်ဖူးသည့်မြို့ ဖြစ်သည်။ ကမ္ဘာလှည့် ခရီးသည်တွေ အများဆုံးသွားတတ်သည့် ဖရင့်ချ်ကွာတာ (ပြင်သစ်ရပ်ကွက်) ထဲက ဗာဗောင်း လမ်းမကြီး တစ်နေရာမှာ ဆင်းလိုက်ကြသည်။ တိုင်စီခ ၁၅ ဒေါ်လာမျှသာကျသည်။



နယူးအော်လင်းကို ရောက်ပြန်ပြီဖြစ်သည့် ကိုအဏ္ဏဝါ

ဖရင့်ချ်ကွာတာ ရပ်ကွက်ထဲက ဗာဗောင်း လမ်းမကြီးပေါ်မှာ ကမ္ဘာလှည့် ခရီးသည်တွေနှင့်အတူ လျှောက်နေကြသည်။ ချွတ်ကနေသည့် ကလပ်တွေကို ကြည့်ကြသည်။ လမ်းလယ်ကောင်မှာ အုပ်စုလိုက်

http://www.linhtet.com



ဘရိတ်ဒန့် ကနေသူတွေကို ရပ်ကြည့်ကြသည်။ လမ်းဘေး ပလက်ဖောင်းပေါ်မှာ ရပ်ပြီး နိုင်ငံရေးတရား ဟောနေသူ၏ စကားတွေကို နားထောင်သည်။ သူ့ကို အလုပ်ရှာမပေးနိုင်သည့် သမ္မတကို ပြစ်တင် ကြိမ်းမောင်းနေသည်။ သူ ပြောနေတာတွေကို လက်ပိုက်ပြီး နားထောင်နေသည့် ရဲကြီးကလည်း သဘောကျလို့ တဝါးဝါး တဟားဟား ရယ်နေသည်။ ဗားဖောင်း လမ်းမကြီးသည် လွန်ခဲ့သည့် တစ်နှစ်ကျော်က ပိုသီးတိုး သင်္ဘောဖြင့် ကိုအဏ္ဏဝါ ရောက်ခဲ့စဉ်က အတိုင်းပင် စည်ကားနေပါသည်။

၄-၉-၈၇၊ သောကြာနေ့ ကိုအဏ္ဏဝါ အိပ်ရာက နိုးလာတော့ သင်္ဘော သွားနေသည်။ စက်မကြီး ခုတ်မောင်းသံ တဂျုံးဂျုံးကို ကြားနေရသည်။ သင်္ဘော ဘယ်အချိန်က ထွက်သည်ကိုပင် မသိလိုက် ဖြစ်သွားသည်။ မနေ့က နယူးအော်လင်းက အပြန်မှာ ခရီးပန်းလာလို့ မောမောဖြင့် အိပ်ပျော်သွားခြင်း ဖြစ်သည်။

နာရီကြည့်လိုက်တော့ နံနက် ၈-နာရီ ထိုးတော့မည်ဖြစ်သည်။ ကိုအဏ္ဏဝါ အိပ်ရာက ထလိုက်သည်။ ဒီနေ့ဟာ ကိုအဏ္ဏဝါ အိမ်က ထွက်လာတာ သုံးလပြည့်သော နေ့ဖြစ်သည်။ တစ်နှစ် ကန်ထရိုက်ပြည့်အောင် နောက်ထပ် ကိုးလတိတိ သင်္ဘောပေါ်မှာ နေရဦးမည်ဖြစ်သည်။ မျက်နှာသစ်၊ အဝတ်အစားလဲပြီး ရုံးခန်းအတွင်း ဝင်သည်။ အလုပ်နှင့် ပတ်သက်သည့် နေ့စဉ် မှတ်တမ်းစာအုပ် LOG BOOK မှာ ရေးမှတ်စရာ ရှိတာတွေ ရေးမှတ်သည်။ ၅၀၀ ကီလိုဆိုက်ကယ်မှာ ဂျူတီဝင်ကြောင်း ရေးမှတ်သည်။ အလိုအလျောက် ဘေးအန္တရာယ်အချက်ပေးစနစ် ကောင်းမကောင်း စစ်သည်။

တက်မစင်ကို တက်သွားသည်။ တာဝန်ကျနေသည့် တတိယအရာရှိ ဟန်မြင့်နှင့် တက်မကိုင် အောင်မြင့်တို့ကိုသာ တွေ့ရသည်။ သင်္ဘော ဘယ်ကို ရောက်နေပြီလဲလို့ မေးတော့ မက္ကဆီကို ပင်လယ်ကွေ့ထဲ ရောက်နေပြီဟု ဆိုသည်။ ဝက်စ်ဝီဂိုက ဘယ်အချိန် ထွက်လို့ ရေကြောင်းပြ ဘယ်အချိန် ဆင်းသွားမှန်းတောင် မသိလိုက် ဖြစ်သွားသည်။ မော်ရိုကိုနိုင်ငံကို သွားနေပြီဟု သိရသည်။

## မော်ရိုကို က မြေမျိုသွားသောမြို့

၅-ရက်နေ့သည် စနေနေ့ ဖြစ်သည်။ ရာသီဥတု သာယာနေ သည်။ ဖလော်ရီဒါအငူကို ပတ်ပြီးဖြစ်လို့ ဗာမြူဒါ တြိဂံရေပြင်ကို စတင် ဖြတ်နေပြီ ဖြစ်သည်။ ဒီရေပြင်သည် ရာသီဥတု သာယာနေသည့် ကြား က သင်္ဘောတွေ ရုတ်တရက် ပျောက်ခြင်းမလှ ပျောက်သွားတတ်သော နေရာဟု ကြားဖူးသည်။ ကိုအဏ္ဏဝါသည် ဒီနေရာကို အခေါက်ခေါက် အခါခါ ဖြတ်ဖူးပြီဖြစ်သည်။ ဘာမှမဖြစ်ဘဲ ဘေးအန္တရာယ် ကင်းစွာ ဖြတ်သွားခဲ့သည်ချည်း ဖြစ်သည်။ ယခုလည်း ဖြတ်နေပြန်ပြီ ဖြစ်သည်။

ညနေ ၆-နာရီတွင် လွှင့်ထုတ်သည့် ဗွီအိုအေ မြန်မာပိုင်း အစီအစဉ်ကို နားထောင်သည်။ မြန်မာနိုင်ငံသတင်း တစ်ပုဒ် ထုတ်လွှင့် သည်။ မြန်မာနိုင်ငံတွင် လက်ရှိသုံးစွဲနေသည့် ၇၅/၃၅/၂၅/တန်တွေကို ဖျက်သိမ်းကြောင်း သတင်းရရှိသည်ဟု ကြေညာသွားသည်။ ဒီသတင်း သာ အမှန်ဆိုလျှင်တော့ သွားပြန်ပြီဟေ့လို့ တွေးလိုက်မိသည်။

ကိုအဏ္ဏဝါ မြန်မာပြည်က ထွက်မလာမီက ဝယ်ယူ တင်သွင်းခဲ့ သည့် မော်တော်ကား ရောက်လာလျှင် ရွေးရန် စုဆောင်းထားခဲ့သည့် ပိုက်ဆံတွေထဲမှာ ဖျက်သိမ်းသည်ဆိုသည့် ပိုက်ဆံတွေ ပါနေတာကို မှတ်မိနေသည်။ ဗာမူဒါတြိဂံ ရေပြင်ကို ဖြတ်နေသည့် ကိုအဏ္ဏဝါ ဘာမျှ မဖြစ်သော်လည်း သဃ်န်းကျွန်းအိမ်က သေတ္တာထဲမှာ ထားခဲ့သည့် ချွေးနဲ့စာလေး တချို့ သွားပြန်ပြီ၊ စုပ်စုပ်မြုပ်ပြန်ပြီလို့ တွေးနေမိသည်။

၇-ရက်နေ့သည် တနင်္လာနေ့ ဖြစ်သည်။ အတ္တလန္တိတ် သမုဒ္ဒရာ ကြီးကို ဖြတ်ကျော်နေသည်။ ရာသီဥတု သာယာ ကောင်းမွန်နေသည်။ တက်မကိုင် ကိုမြင့်သိန်းထံမှ မြန်မာသီချင်းတွေကို ကူးယူပြီး နားထောင် သည်။ ညနေကျတော့ ပြည်ပနိုင်ငံ အသီးသီးက မြန်မာလို လွှင့်ထုတ် နေသည့် သတင်းတွေကို နားထောင်သည်။ မြန်မာနိုင်ငံမှာ တက္ကသိုလ်နှင့် ကောလိပ်တွေ အားလုံး ဒီနေ့ကစပြီး ပိတ်လိုက်ပြီ ဖြစ်ကြောင်း ကြေညာ သည်။ ဘာတွေဖြစ်ကုန်ပြီ မသိလို့ တွေးနေမိသည်။

ကိုယ့်တိုင်းပြည်က အခြေအနေတွေကို ကြားသိရလို့ စိတ် မကောင်း ဖြစ်နေရသည့် အထဲမှာ သင်္ဘောပေါ်က ဂရိ လူမျိုးတွေရဲ့

http://www.linhtet.com



နှိပ်ကွပ်မှုတွေကိုလည်း ခံနေရသည်။ မြန်မာ သင်္ဘောသား အရာရှိတွေကို အရာရှိ စားသောက်ခန်းမှာ ထမင်းစားခွင့် မပြု။ အရာရှိ စားသောက်ခန်း ထဲက ရေခဲ သေတ္တာထဲမှာရှိသည့် အစားအသောက်တွေကို မြန်မာ သင်္ဘောသား အရာရှိတွေ မထိရ၊ မကိုင်ရဟု ဂရိ စားပွဲထိုးချုပ်က အမိန့်ထုတ်သည်။ မြန်မာ အရာရှိတွေအတွက် သတ်မှတ် ပေးထားသည့် ရေခဲ သေတ္တာထဲမှာ ရေပုလင်း သုံးလုံးပဲ ရှိသည်။

ဘွန်းစတိုထဲမှာ ဘီယာနှင့်ဝီစကီ အရက်တွေ ရှိသော်လည်း မြန်မာ သင်္ဘောသားတွေကို အချိုရည်နှင့် စီးကရက်ကိုသာ ရောင်းချပေး သည်။ မြန်မာ သင်္ဘောသားတွေ ဘီယာ၊ အရက် သောက်ခွင့် မရှိသည့် ပုံစံမျိုး လုပ်သည်။ သူတို့ ဂရိတွေကတော့ နေ့တိုင်း သောက်နေကြသည်။ ကိုအဏ္ဏဝါသည် ဘီယာနှင့် အရက်ပြင်းကို မသောက်ချင်လို့ မသောက် ဘဲ နေသည်။ ဝယ်သောက်ရမည်ဖြစ်လို့ ပိုက်ဆံကုန်မှာကိုလည်း ကြောက် သည်။ သွေးကလည်း တိုးသည်။ အရက်မူးသည့်ဒဏ်ကို မခံနိုင်လို့ မသောက်ဘဲ နေသည်။ သို့သော် မြန်မာ သင်္ဘောသားတွေကို ဘီယာ အရက် သောက်ခွင့် မပြု။ ရောင်းချ မပေးသည့်အတွက် မကျေမနပ် ဖြစ်နေသည်။ ဂရိတွေရဲ့ မျက်နှာ အမူအရာကလည်း ဒေသကိုလိုက်ပြီး အပြောင်းအလဲ ရှိသည်။ အမေရိကန်ကို ရောက်နေစဉ်က အမြီးကုပ် နေခဲ့သော ဂရိကပ္ပိတန်သည် ခေါင်းထောင်လာသည်။ မျက်နှာကြော တင်းလာသည်။ ကိုအဏ္ဏဝါကို စကားပြောလျှင် လေသံမာမာဖြင့် ပြော သည်။

စက်တင်ဘာ ၁၀-ရက်နေ့သည် တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွန့်၏ မွေးနေ့ဖြစ်သည်။ ကိုခင်မောင်ညွန့်သည် စာရေး ဆရာ ငွေမောင်း၏သား စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ တင်သန်းဦးရဲ့ ညီ ဖြစ်သည်။ မိသားစု အစဉ်အလာအရ မွေးနေ့ပွဲ ပြုလုပ်လိုသည်။ ဘီယာ၊ အရက်နှင့် အချိုရည် ဝယ်ယူခွင့်ပြုပါရန် ဂရိ အင်ဂျင်နီယာချုပ်မှ တစ်ဆင့် ခွင့်တောင်းရာ ဝယ်ယူခွင့်ရသည်။ ဘီယာနှင့် အရက်ရတယ် ဆိုလျှင်ပဲ မြန်မာ သင်္ဘောသားတွေ နွားငတ်ရေရချ သောက်ကြတော့သည်။

သောက်တယ်ဆိုလျှင်ပဲ မူးကြတော့သည်။ မူးတယ်ဆိုလျှင်ပဲ အချင်းချင်း ရန်ဖြစ်ကြတော့သည်။ တက်မကိုင် ကိုအေးနှင့် ထမင်းချက်

http://www.linhtet.com



ကျော်စိန်တို့ ငိုကြသည်။ စကားများကြသည်။ တတိယအရာရှိ ဟန်မြင့်နှင့် တက်မကိုင် အောင်မြင့်(ဖိုးလုံး)ကို ရိုကြသည်။ ငိုကြသည်။ ထထိုးမှာ စိုးလို့ ထိန်းပေးနေရသည်။ မွေးနေ့အလှူရှင် အတော် စိတ်ညစ်သွားသည်။ မွေးနေ့လုပ်ရမှာ ကြောက်သွားပြီဟု ဆိုသည်။ ကိုအဏ္ဏဝါတို့လို မွေးနေ့ကို သတိတောင် မရတာ အကောင်းဆုံး ဖြစ်သည်။ မြန်မာသင်္ဘောသားတွေ အချင်းချင်း မသင့်မတင့် ဖြစ်နေတာကို ဂရိတွေက သိပ်သဘောကျသည်။ မသင့်မတင့် ဖြစ်နေတယ်ဆိုတဲ့ သတင်းကလည်း ညမကူးမီ ဂရိတွေ သိသွားသည်။ ပုဆိန်ရိုး သတင်းပေးကလည်း ရှိသည်။

၂၀-ရက်နေ့မှာ မော်ရိုကို ရေပြင်ကို ဝင်သည်။ အာရင်ကီး ARENKEY ကုမ္ပဏီပိုင် သင်္ဘော တစ်စီးနှင့် အဆက်အသွယ်ရသည်။ R/O က ရေတပ်ကထွက်သည့် ဟာရန်ရူး ဖြစ်သည်။ ဟာရန်ရူးသည် ချင်းအမျိုးသား ဖြစ်သည်။ ကိုအဏ္ဏဝါနှင့်အတူ တပ်မတော်ရေတပ်မှာ အမှုထမ်းခဲ့ဖူးသည်။ သူ့ဆီက မြန်မာပြည်သတင်း တချို့ကြားရသည်။

ဓာတ်ဆီ တစ်ဂါလန်ကို ၂၀ိ/ဖြစ်သွားပြီဟု ဆိုသည်။ ၂၅/၃၅/၇၅/တန်တွေ ဖျက်သိမ်းတဲ့သတင်း မှန်ကန်ကြောင်း၊ ယနေ့ ၄၅/တန်နှင့် ၉၀/တန် ထွက်မည်ဟု သိခဲ့ရကြောင်းပြောသည်။ သူသည် ရန်ကုန်က ထွက်လာတာ ရက်ပိုင်းပဲ ရှိသေးသည်ဟု သိရသည်။ ကိုအဏ္ဏဝါနဲ့ မမျှော်လင့်ဘဲ တွေ့ရလို့ ဝမ်းသာကြောင်း ပြောသွားသည်။

ည ၉-နာရီမှာ မော်ရိုကိုနိုင်ငံ အဂါဒီးရ် AGADIR မြို့ကို ရောက်ပြီး ကျောက်ချသည်။ ၂၁-ရက်နေ့ နံနက် ၁၀-နာရီမှာ ရေ ကြောင်းပြတက်သည်။ အဂါဒီးရ်မြို့ဆိပ်ကို ကပ်ခွင့်ရသည်။ မော်ရိုကို နိုင်ငံသည် အာရပ်နိုင်ငံဖြစ်သည်။ မူဆလင်ဘာသာကို ကိုးကွယ်သည်။ အတ္တလန္တိတ်သမုဒ္ဒရာမှ မြေထဲပင်လယ်ကို ဝင်သည့် ဂျီဘရော်လ်တာ ပါးစပ်ပေါက်ဝမှာ ရှိသည်။ မြို့တော်က ကဆာဘလန်ကာ ဖြစ်သည်။

ပါလီမန်စနစ်နှင့် ဝန်ကြီးအဖွဲ့ရှိသော်လည်း နိုင်ငံတော် အကြီးအကဲသည် ဘုရင်နှင့်မိဖုရား ဖြစ်သည်။ ထိုင်းနိုင်ငံနဲ့ အတော်တူသည်။ ဘုရင်ကြီးနှင့် မိဖုရားချောချောလေးတို့ ပုံကို ရုပ်မြင်သံကြားမှာ ပေါ်ပေါ်

http://www.linhtet.com



လာတာတွေ့ရသည်။ အာရပ်နိုင်ငံ ဆိုသော်လည်း ဥရောပ ယဉ်ကျေးမှုနှင့် နီးစပ်လွန်းသည့်အတွက် အစုံရသောနိုင်ငံ ဖြစ်သည်။ ပျော်စရာကောင်းသော နိုင်ငံဖြစ်သည်။ လွတ်လပ်သည်။ ပင်လယ်ကမ်းခြေ ရေချိုးဆိပ်တွေမှာ ကိုယ်လုံးတီးနီးပါး ချွတ်ပြီး ရေချိုးနေကြသည့် အမျိုးသမီးတွေကို တွေ့ရသည်။ တောင်ပိုင်းက အာရပ်နိုင်ငံတွေလို လမ်းတွေပေါ်မှာ ကြည့်စရာ အမျိုးသမီး မရှိလို့ လမ်းပေါ် လျှောက်သွားနေရင်း အီးပါချနေတဲ့ ကုလားအုတ်မကို လိုက်ကြည့်နေစရာမလို၊ တစ်ကိုယ်လုံးနီးပါး ဖော်ပြီး ရေကူးနေကြသည့် ဥရောပသူတွေ အဂါဒီးရ်ပင်လယ် ရေချိုးဆိပ်မှာ အများကြီးတွေ့ရသည်။

၂၄-ရက်နေ့မှာ မော်ရိုကိုမှ ရန်ကုန်ကို တယ်လီဖုန်း ခေါ်ပြီး



မော်ရိုကိုနိုင်ငံ အဂါဒီးရ်မြို့ရောက် ကိုအဏ္ဏဝါ

ဇနီးမဖြူတုတ်နှင့် စကားပြောသည်။ မော်တော်ဆိုင်ကယ် ရောက်လို့ ရောင်းလိုက်ပြီ၊ ဟွန်ဒါ C- 90 ဆီးရောင်ဟု ဆိုသည်။ အမြင့်ဆုံးဈေး တစ်သောင်းနှစ်ထောင် ရသည်ဟု သိရသည်။

ဝယ်ထားသည့် မော်တော်ကားလည်း ရန်ကုန်ဆိပ်ကမ်းမှာ ရောက်နေပြီဟု သိရသည်။ နီစန်းဆန်နီပက်ကဒ် အမျိုးအစား ၈၂ ခုနှစ်

http://www.linhtet.com



မော်ဒယ် အပြာနုရောင်ဟု သိရသည်။ နှစ်သိမ်း ဝန်းကျင်သာ ရနိုင်မည်ဟု ဆိုသည်။ မရောင်းဘဲ ထားမည်။ ကိုအဏ္ဏဝါ ပြန်ရောက်တော့မှ ရတဲ့ဈေးဖြင့် ရောင်းပါဟု စာမှာ ဖော်ပြထားသည်။

၂၅-ရက်နေ့သည် သောကြာနေ့ ဖြစ်သည်။ ကိုအဏ္ဏဝါသည် မော်ရိုကိုနိုင်ငံ၏ သမိုင်းဝင် ထင်ရှားသည် နေရာတစ်ခုကို သွားရန် ဘောင်းဘီတို အဖြူကိုဝတ်သည်။ ဦးထုတ်အဖြူကို ဆောင်းသည်။ စပို့ရှပ် အဖြူနှင့် အပြာနု ရောထားသော အင်္ကျီကို ဝတ်သည်။ ဝပ်ကင်း ရှူး စီးပြီး တစ်ယောက်တည်း သင်္ဘောက ထွက်လာခဲ့သည်။

မော်ရိုကိုနိုင်ငံ၏ လက်ရှိ အဂါဒီးရ်မြို့သည် မြို့သစ် ဖြစ်သည်။ မြို့ဟောင်းက ၁၉၆၀ ခုနှစ်က ငလျင်လှုပ်ပြီး မြေမျိုသွားခဲ့ပြီဖြစ်သည်။ ၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလရဲ့ ည သန်းခေါင်ယံအချိန် မြို့သူမြို့သားတွေ အိပ်မောကျနေစဉ်မှာ အင်အားပြင်းထန်သည့် ငလျင်ကြီး လှုပ်လို့ မြို့ကြီး တစ်မြို့လုံး မြေမျိုသွားခဲ့သည်။ မြေမမျိုနိုင်ဘဲ ကျန်နေသည့် တောင်ကုန်း တစ်ခု ရှိသည်။ အဲဒီတောင်ကုန်းပေါ်ကို ခြေကျင်လျှောက် တက်ခဲ့သည်။ ကိုအဏ္ဏဝါလိုပင် ခြေကျင်လျှောက် တက်နေကြသည့် အဖော်တွေ ရှိနေသည်။

နာရီဝက်မျှ ကြာအောင် ဖြည်းဖြည်း လျှောက်တက်သောအခါ တောင်ကုန်းပေါ်ကို ရောက်သွားပါသည်။ တောင်ပေါ်ကို ရောက်လာသည့် နိုင်ငံခြားသားတွေကို ရှင်းပြပြောကြားပေးမည့် ခရီး လမ်းညွှန် (တိုးဂိုက်) ကလေးတွေ အပြေးအလွှား ရောက်လာကြသည်။ သူ့ကို ခေါ်ပါ၊ ငါ့ကိုခေါ်ပါဖြင့် လုနေကြသည်။ ခရီးလမ်းညွှန်တို့သည် ယောကျ်ားလေးတွေချည်း ဖြစ်သည်။ အသက် ဆယ်နှစ်မှ ဆယ့်သုံးနှစ် အရွယ်တွေ ဖြစ်သည်။ ပုဂံက ခရီးလမ်းညွှန် ကလေးတွေလိုမျိုး ဖြစ်သည်။ သူ့ကို ငွေးချင်အောင် ၁၉၆၀ ခုနှစ်က လှုပ်သွားခဲ့သည့် ငလျင်ကြီး အကြောင်းကို အမြည်းသဘော ပြောပြလိုက်သေးသည်။ ပုဂံက ဂိုက်ကလေးတွေ အတိုင်းပင် ဖြစ်သည်။ အလွတ်ကျက်ထားသည့် ဘုရား သမိုင်းကို ရွတ်ပြနိုင်သည်။ နိုင်ငံခြားသားက သိချင်တာရှိလို့ ကြား ဖြတ်မေးလျှင် ဖြေမည် မဟုတ်။ သူ အလွတ်ကျက်ထားတာကိုသာ ဆုံးအောင် ရွတ်မည် ဖြစ်သည်။

http://www.linhtet.com



ဘုရားသမိုင်းကို ရွတ်ပြနေစဉ် လမ်းမှာ မေ့နေလို့ ရပ်သွားလျှင် အစက ပြန်ရွတ်ရသည်။ ကိုအဏ္ဏဝါတို့ ရွာက တောထွက်ဦးဇင်းကြီး အသုဘမှာ ရေစက်ချပုံနဲ့ အတော်တူသည်။ ပေလံကာလက်တာနံ ဘဝတစ်ပါးသို့ ပြောင်းသွားသော ဒကာကြီးဆိုတဲ့နေရာ ရောက်ခါမှ သေသူ ဒကာကြီးရဲ့အမည်ကို မေ့ရာမှ ရေစက်ချ၏ အဆုံးပိုင်းကိုပါ မေ့သွားတော့သည်။ အဲဒီတော့ အစကပြန်ပြီး ဘန္တေအရှင်ဘုရားက ပြန်စရတော့သည်။ ပုဂံက တိုးဂိုက်ကလေးတွေသည်လည်း အလွတ်ကျက်ထားသည့် ဘုရားသမိုင်းဖြင့် လုပ်စားနေကြခြင်း ဖြစ်သည်။ ရွှေစည်းခုံ ဘုရားက တိုးဂိုက်ကို အာနန္ဒာဘုရားကို ခေါ်သွားလို့ မရ၊ သူကျက်ထားသော အာနန္ဒာဘုရားအကြောင်း မဟုတ်လို့ ဖြစ်သည်။

ပုံ(



မြေမျှသွားသည့် မြို့ဟောင်းရှိရာ အဂါဒီးရ်တောင်ကုန်းကို
သင်္ဘောပေါ်မှ မြင်ရပုံ

http://www.linhtet.com



မော်ရိုကိုက မြေမျိုသွားသည့် အဂါဒီးရ်မြို့အကြောင်းကို ရှင်းပြနေသည့် တိုးဂိုက်ကလေးသည်လည်း သူအလွတ်ကျက်ထားသည့် ငလျင်ကြီးသမိုင်းကို အလွတ်ရွတ်ပြနေသည်။ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလရဲ့ ညတစ်ညသန်းခေါင်ယံအချိန်မှာ ငလျင်ကြီးလှုပ်ခဲ့တာဟု ဆိုသည်။ ငလျင်ကြီးမလှုပ်မီ တစ်နာရီလောက်စောပြီး ထူးခြားသည့် ပုဗ္ဗနိမိတ်တွေ ပြခဲ့သည်ဟု ဆိုသည်။

အဂါဒီးရ်တစ်မြို့လုံးမှာရှိသည့် မြေကြွက်ကြီးတွေ တွင်းတွေထဲက ထွက်လာကြပြီး သစ်ပင်တွေပေါ် တက်ပြေးနေကြသည်ဟု ဆိုသည်။ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တွေ အလန့်တကြား အော်ဟစ် ပြေးလွှားနေကြသည်ဟု ဆိုသည်။ ကြိုးချည်ထားလို့ မပြေးနိုင်သည့် တိရစ္ဆာန်တွေက ငယ်သံပါအောင် အော်ပြီး ရုန်းနေကြသည်ဟု ဆိုသည်။ အကြောင်းမသိသည့် တိရစ္ဆာန်ပိုင်ရှင်တွေက အော်ငိုနေသည့် မိမိတို့၏ တိရစ္ဆာန်တွေကို ရိုက်နှက် နေကြသေးသည်ဟု ဆိုပါသည်။

ည ၂-နာရီလောက်မှာတော့ ကြောက်စရာတော်လဲသံကြီး မြည်လာပြီး တစ်မြို့လုံး တုန်ခါလာတော့သည်ဟု ဆိုပါသည်။ မကြာမီပင် မြေပြင်မှာ မြေလှိုင်းလုံးကြီးတွေ တလိပ်လိပ် တက်လာပြီး မြို့ကြီးတစ်မြို့လုံး မြေမျိုခံလိုက်ရသည်ဟု ဆိုပါသည်။ အိမ်ရာ အဆောက်အဦတွေနှင့် သစ်ပင်တွေပါမကျန် မြေထဲကို ကျွံဝင် ပြိုကျသွားခဲ့သည်ဟု ဆိုပါသည်။

ယခု ကိုအဏ္ဏဝါ ရောက်ရှိနေသည့် တောင်ကုန်းပေါ်က အိမ်ရာ အဆောက်အဦတွေသည်လည်း မြေပြန့်က အဆောက်အဦတွေကဲ့သို့ မြေထဲကို ကျွံဝင် နစ်မြုပ်ကုန်သည်။ သို့သော် တောင်ကုန်းပေါ်မှာ ဖြစ်ပေါ်နေသည့် ကျင်းကြီးတွေရဲ့ အောက်ကို ငုံ့ကြည့်လိုက်လျှင် အဆောက်အဦ တစ်ခု၏ ပြတင်းပေါက်၊ လှေကား စသည်တို့ကို မြင်နေရသည်။

သရက်၊ ပိန္နဲ၊ မရန်းကဲ့သို့သော သစ်ပင်ကြီးတွေသည်လည်း မြေမျိုခံရလို့ ထိပ်ဖျား အကိုင်းတွေသာ မြေပေါ်မှာ ပေါ်နေပြီး ဆက်လက်

http://www.linhtet.com



ရှင်သန်နေတာ တွေ့ခဲ့ရသည်။ ကိုအဏ္ဏဝါ၏ တိုးဂိုက် (ခရီးလမ်းညွှန်) သည် ပုဂံလမ်းညွှန်ကဲ့သို့ သိချင်တာကို မေးမရသည့်အတွက် အမှတ်တရ ပစ္စည်း အရောင်းဆိုင်မှ ငလျင်အကြောင်း ရေးထားသည့် စာအုပ်ငယ် တစ်အုပ်ကို ဝယ်ယူ ဖတ်ရှုရသည်။



၁၉၆၀ – ခုနှစ် ဖေဖော်ဝါရီလက ငလျင်လှုပ်လို့ မြေမြှုပ်သွားသော အဂါဒီးရ်မြို့ဟောင်းက သစ်ပင်ထိပ်ဖျားများ

ငလျင်လှုပ်သည့်ညက အဂါဒီးရ်မြို့ကြီး တစ်မြို့လုံးသည် လယ်ထွန်စက်ကြီးဖြင့် အမွှေခံလိုက်ရသော လယ်ကွက်ထဲက ခြအိမ်တွေ၊ ပုစွန်လုံးတွင်းတွေကို ထက်အောက် ပြောင်းပြန်ဖြစ်ပြီး အဆောက်အဦတွေ လူတွေနှင့်ကျွဲ၊ နွား တိရစ္ဆာန်တွေ အကုန်လုံး မြေမြှုပ်ပြီး သေခဲ့ကြသည်ဟု ရေးထားသည်။ ညသန်းခေါင်ယံ အချိန်ဖြစ်လို့ အိပ်မောကျနေသူတွေသည် မနိုးသော အိပ်ခြင်းဖြင့် ဆက်လက် အိပ်ပျော်ခဲ့ကြရသည်။

http://www.linhtet.com



## မော်ရိုကိုမှ ပြင်သစ်သို့

တောင်ကုန်းပေါ်က လှမ်းကြည့်လိုက်လျှင် အဂါဒီးရ်မြို့သစ်ကို အပေါ်က စီးပြီး မြင်နေရသည်။ မြို့သစ်သည် ယခင် မြို့ဟောင်းနေရာ အနီးမှာပင် ပြန်လည် တည်ဆောက်ထားသည်။ တချို့ အစိတ်အပိုင်း တွေသည် မြို့ဟောင်း၏ အပေါ်မှာ ကျရောက်နေတာ ဖြစ်နိုင်သည်။ မြို့သစ်သည် ပင်လယ်ကမ်းခြေ ရေချိုးဆိပ်နှင့် ကပ်လျက် တည်ဆောက်ထားသည်။

ကမ္ဘာလှည့် ခရီးသည် တချို့သည် တောင်အောက်ကို ပြန်ဆင်းရာတွင် ခြေကျင်လျှောက်ပြီး မဆင်းဘဲ တောင်ပေါ်မှ ပင်လယ်ကမ်းခြေ ရေချိုးဆိပ်အထိကို လေဟုန်စီးပြီး ဆင်းသွားကြသည်။ လူတစ်ယောက်ကို သယ်ဆောင်နိုင်သည့် ရောင်စုံစွန်ကြီး စီးပြီး ဆင်းသွားခြင်းဖြစ်သည်။ လေစွန်စီးသူသည် လေစွန်ကို ကျွမ်းကျင်စွာ ထိန်းတတ်ဖို့လိုသည်။ ထိန်းတတ်မှသာ အပေါ်ကို တက်နိုင်သည်။ အောက်ကို ဆင်းနိုင်သည်။ လေထဲမှာ အကြာကြီး ဝဲပျံနေနိုင်သည်။ မိမိ ဆင်းချင်သည့်အချိန်မှာ မိမိ ဆင်းလိုသည့် နေရာကို ချောမောစွာ ဆင်းသက်နိုင်သည်ဟု သိရသည်။

ကျွမ်းကျင်စွာ မစီးတတ်ပါက တစ်နည်းပြောရလျှင် စွန်ထိန်းကြိုးကို လိုသလို မထိန်းတတ်ပါက စွန်ကြီး လန်သွားပြီး အတုံးလိုက်၊ အထုပ်လိုက် ပြုတ်ကျပြီး သေနိုင်သည်ဟု သိရသည်။ ကိုအဏ္ဏဝါသည် လေဟုန်စီးပြီး တောင်အောက်ကို ဆင်းမည့် အစီအစဉ်ကို မစဉ်းစားရဲဖြစ်သွားသည်။ ခြေကျင်လျှောက်ပြီး ဖြည်းဖြည်း ပြန်ဆင်းရန် ဆုံးဖြတ်လိုက်ပါသည်။ ခရီး လမ်းညွှန်ခအဖြစ် ကလေးကို တစ်ကျပ် (တစ်ဒေါ်လာ) ပေးလိုက်သည်။ ခရီးလမ်းညွှန်က ကျေးဇူးတင်ပါတယ်ကိုတောင် အင်္ဂလိပ်လို မပြောတတ်လို့ စပိန်ဘာသာစကားဖြင့် (မုချ ဂရာ့စီယာ့ဆီညော) ဟု ပြောပါသည်။

စက်တင်ဘာလသည် သူ့ အစဉ်အလာအတိုင်း ၃၀-ရက်နေ့မှာ ကုန်သွားသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောကတော့ မော်ရိုကိုနိုင်ငံက ပြန်မထွက်နိုင်သေး ဖြစ်နေသည်။ ကုန်ချလို့ မပြီးသေး ဖြစ်နေသည်။

http://www.linhtet.com



မော်ရိုကိုမှာ ကုန်ချပြီးလျှင် ဘယ်နိုင်ငံကို သွားရမည် ဆိုတာလည်း မသိသေး ဖြစ်နေသည်။

ဂရိ ကပ္ပီတန်သည် ကိုအဏ္ဏဝါကို သူ့အခန်းသို့ ခေါ်ယူပြီး ဘီယာဖြင့် ဧည့်ခံသည်။ သူ ပြောချင်တာ တစ်ခု ရှိနေလို့ ခေါ်ခြင်း ဖြစ်သည်။ ဒုတိယ ကုန်းပတ်အရာရှိ ကိုကျော်မြင့်နှင့် စားပွဲထိုး ကိုသာဒင် တို့ ရန်ဖြစ်သည့် အကြောင်းကို ပြောသည်။ ဒီကိစ္စသည် ကိုအဏ္ဏဝါနှင့် ဘာမျှ မဆိုင်သည့် ကိစ္စ ဖြစ်သည်။ ရန်ဖြစ်သူများကို လိုအပ်သလို အရေးယူရမည့် ကပ္ပီတန်၏ ကိစ္စသာ ဖြစ်သည်။ ကိုအဏ္ဏဝါကို ခေါ်ယူပြီး ပြောဆိုတာ အကြောင်းရှိသည်။ နင်တို့ မြန်မာတွေ အချင်းချင်း မတည့်ကြဘူးနော်၊ စည်းလုံးညီညွတ်မှု မရှိကြဘူးနော်၊ နင်လည်း သိပ်ပြီး ခေါင်းမမာနဲ့၊ အဖွဲ့ခံရမယ်လို့ ယဉ်ယဉ်ကျေးကျေး သတိပေးတာ ဖြစ်သည်။

ကိုအဏ္ဏဝါက အုပ်စုဖြင့် မိုက်သူမဟုတ်၊ တစ်ပွေတည်း လှုပ်ရှားသူဖြစ်သည်။ သူများကိုလည်း မဟုတ်တာ မလုပ်၊ မိမိနှင့် မိမိ၏လူမျိုးကို မဟုတ်တာ လုပ်တယ်လို့ထင်လျှင် မခံချင်လို့ တစ်ကိုယ်တော် ပုန်ကန် ထကြွမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ဂရိလူမျိုး စားပွဲထိုး၏ မိမိတို့ အပေါ် ဆက်ဆံပုံကို မကျေနပ်ကြောင်း ပြောပြလိုက်သည်။

"အရာရှိ စားသောက်ခန်းအတွင်းကို မြန်မာအရာရှိတွေ မဝင်ရလို့ တားမြစ်ပါတယ်၊ အရာရှိ စားသောက်ခန်းအတွင်းရှိ ရေခဲ သေတ္တာကို မြန်မာ အရာရှိတွေ မဖွင့်နိုင်အောင် ညနေ ၆-နာရီမှာ သော့ခတ် ပါ တယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် မကျေနပ်ဘူး"

"ဝင်ရပါတယ်၊ ဝင်ပါ၊ ရေခဲသေတ္တာထဲက အစားအသောက် တွေကို ယူစားလို့ ရပါတယ်၊ စားပါ၊ စားပွဲထိုးချုပ်ကို ငါပြောလိုက်ပ့ါမယ်"

ကိုအဏ္ဏဝါက ကျေးဇူးတင်ကြောင်း ပြောပြီး သူ့ အခန်းထဲက ပြန်ထွက်ခဲ့ပါသည်။ ဘီယာတစ်ခွက် ခေါ်တိုက်ပြီး မြန်မာတွေ စည်းလုံး ညီညွတ်မှု မရှိ ဖြစ်နေကြောင်း ခေါ်ပြောခြင်းသာ ဖြစ်သည်ဟု နားလည် လိုက်ပါသည်။

အောက်တိုဘာလဆန်းအထိ ကုန်ချလို့ မပြီးသေး ဖြစ်နေသည်။ မော်ရိုကိုနှင့် ဂရိနိုင်ငံသည် ကျီးတစ်ပျံ ခဲတစ်ပစ်မျှသာ ဝေးသဖြင့်

http://www.linhtet.com



ကပ္ပိတန်သည် ကုမ္ပဏီရုံးကို နေ့စဉ် တယ်လီဖုန်း ဆက်သည်။ မော်ရိုကို မှာ ကုန်ချပြီးလျှင် ဘယ်နိုင်ငံကို သွားရမလဲဟု မေးနေတာ ဖြစ်မည်။

အောက်တိုဘာလ ၄-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ ကုန်းပတ် ဒုတိယအရာရှိ ကိုကျော်မြင့်က ပင်လယ်ကမ်းခြေမှာ ဘောလုံးကန်ရင်း ဝတ်လစ်စားလစ် ရေကူးနေကြသည့် အဖြူမတွေကို သွားကြည့်မည်ဟု ခေါ်သည်။ ကိုအဏ္ဏဝါသည် မျက်စိတွေ ဖန်စပ်ပြီး အိပ်ရေးမဝ ဖြစ်နေသည်။ ဒီနေ့ တစ်နေ့လုံး ဘယ်မှမသွားဘဲ အိပ်ရေးဝအောင် အိပ်တော့မည်ဟု စိတ်ကူးထားခဲ့သည်။

ညက စောစောမအိပ်ဘဲ ရုပ်မြင်သံကြား ကြည့်နေခဲ့မိသည်။ မော်ရိုကို နိုင်ငံမြို့တော် ကာဆာဘလန်ကာက လွှင့်ထုတ်သည့် ရုပ်မြင်သံကြား ကြည့်နေခဲ့မိသည်။ ညသန်းခေါင်ယံ ၂-နာရီကျော်မှ အိပ်သော်လည်း အိပ်လို့ မပျော် ဖြစ်နေတော့သည်။ တလူးလူး တလိမ့်လိမ့်ဖြင့် မိုးလင်းခဲ့သည်။ မိုးလင်းလို့ နံနက်စာ (ဘရိတ်ဖတ်) စားပြီးမှ အိပ်ချင်လာတော့သည်။ အိပ်မည်လို့လည်း စိတ်ကူးထားသည်။



ပုံ

အဂါဒီးရ်မြို့သစ် ပင်လယ်ကမ်းခြေမှာ ကိုအဏ္ဏဝါ

http://www.linhtet.com



အခုတော့ ကိုကျော်မြင့်က ပင်လယ်ကမ်းခြေမှာ ဝတ်လစ်စားလစ် ရေကူးနေကြတဲ့ ပေါင်ဖြူဖြူမတွေကို သွားကြည့်ကြမည် ဆိုသည့်အခါ အိပ်ချင်စိတ် ပျောက်သွားသည်။ မျက်စိကျိန်းစပ်စပ်ကြီးဖြင့်ပင် လိုက်သွားလိုက်သည်။

ပင်လယ်ကမ်းခြေက သဲသောင်ပြင်မှာ ဘောလုံး ကန်ချင်ယောင် ဆောင်ပြီး အမျိုးသမီး ကိုယ်လုံးတီးတွေကို ကြည့်ကြသည်။ အောက်ပိုင်းက အရှက်လုံတယ် ဆိုရုံလေး၊ လက်တစ်ဝါးစာလောက်သာ ရေကူးဘောင်းဘီလေးဝတ်ပြီး အပေါ်ပိုင်း ဗလာဖြင့် ရေချိုးနေကြသည့် ဥရောပသူတွေ ဖြစ်သည်။ မိသားစုလိုက် ရေကူးနေကြလို့ အဖေကြီးပါ ရေကူးနေတာ တွေ့ရသည်။ အရွယ်ရောက်နေပြီ ဖြစ်တဲ့ သမီးပျိုလေးရဲ့ တင်းတင်းရင်းရင်း မို့မို့မောက်မောက်တွေကို ကြည့်ပြီး အဖေကြီးနှင့် အမေကြီးတို့က ပီတိတွေ ဖြစ်နေကြသည်။



အဂါဒီးရ်ပင်လယ်ထဲမှာ ဥရောပတိုက်သားတွေနှင့်အတူ ရေကူးနေသော ကိုအဏ္ဏဝါ

ကိုအဏ္ဏဝါတို့လည်း ရေကူးကြသည်။ ပင်လယ်ထဲက တက်ပြီး ဥရောပ တိုက်သားတွေနဲ့အတူ သဲသောင်ပြင်မှာ အိပ်ချသည်။ အနားယူချင်ယောင် ဆောင်ပြီး ဖြူဖြူချောချော မို့မို့ဖောင်းဖောင်းတွေကို မသိမသာ ခိုးကြည့်သည်။ ဂေါ်ရင်ဂျီ မျက်လုံးဖြင့် ပေါ်တင်ကြီး ကြည့်လျှင် ရိုင်းရာကျမည်စိုးလို့ ခိုးကြည့်ခြင်း ဖြစ်သည်။

http://www.linhtet.com



ကုလားအုတ် စီးကြဦးမလားဟု လိုက်မေးနေသူသည် သူ့ကုလားအုတ်ကြီးကို ဆွဲပြီး ပင်လယ်ကမ်းစပ်က နိုင်ငံခြားသားတွေကို လိုက်မေးနေသည်။ သူလည်း ကုလားအုတ် စီးကြဦးမလားဟု မေးရင်း ကိုယ်လုံးတီးတွေကို လိုက်ငမ်းနေသည့် အာရပ်လူမျိုး ဖြစ်သည်။ ကိုအဏ္ဏဝါက တစ်ခါစီး ဘယ်လောက်လဲလို့ မေးတော့။ ဆယ်ဒေါ်လာဟု ဆိုသည်။ ငါးဒေါ်လာ ရမလားလို့ ဈေးဆစ်တော့ ရပါတယ်ဆိုတာနဲ့ ကုလားအုတ် စီးလိုက်ရသည်။

ကုလားအုတ်က ဝပ်ပေးသည်။ ကိုအဏ္ဏဝါက ကုလားအုတ် ကျောပေါ်ကို ခွတက်သည်။ ကုလားအုတ် ကျောပေါ်မှာ ကော်ဇော ခင်းထားသည်။ ကိုအဏ္ဏဝါ ကုလားအုတ် ကျောပေါ် ရောက်သည်နှင့်



အဂါဒီး၏မြို့သစ် ပင်လယ်ကမ်းခြေမှာ ကိုအဏ္ဏဝါ

http://www.linhtet.com



အာရပ်က တစ်စုံတစ်ရာ အမိန့်ပေးလိုက်ရာ ကုလားအုတ်သည် ဝပ်နေရာမှ ကုန်းထပြီး ခပ်သွက်သွက် ပြေးသည်။ အာရပ်ကလည်း ကုလားအုတ်နဖားကြိုးကိုကိုင်ပြီး ပြေးလိုက်နေသည်။ ကိုအဏ္ဏဝါက နဖားကြိုးကို ကိုယ်တိုင် ကိုင်ပြီး မြင်းစီးသလို စီးချင်လို့ ကြိုးကို တောင်းရာ အာရပ်က မပေး၊ သူ့ ကုလားအုတ်သည် အာရပ်ဘာသာစကား တစ်မျိုးကိုသာ နားလည်သည့်အတွက် ရပ်သည့်အခါ၊ ဝပ်ခိုင်းသည့်အခါ ပြဿနာဖြစ်လိမ့်မည်ဟု ဆိုသည်။ ကိုအဏ္ဏဝါကတော့ မကြောက်၊ နဖားကြိုးကို ကိုယ်တိုင်ကိုင်ပြီး မြင်းစီးသလို အသားကျ ဒုန်းစိုင်းပြီး စီးလိုသည်။ ရပ်လို့မရလျှင် ပင်လယ်ထဲ မောင်းချပြီး ရေထဲ ခုန်ဆင်းမည်ဟု ရည်ရွယ်သည်။ အာရပ်လူမျိုးက နဖားကြိုးကို မပေးဘဲ ပြေးလိုက်နေသည်။

သဲသောင်ပြင်မှာ အားရအောင် ဆော့ပြီးကြသောအခါ သဲသောင်အစပ်က ပင်လယ် ထင်ရှူးပင်တွေ၊ ကဗွီးပင်တွေရဲ့ အရိပ်တွေအောက်မှာ အစီအရီ ဆောက်ထားကြသည့် ယမကာ ဆိုင်တွေထဲက အိုအေစစ်ဆိုင်မှာ ဘီယာ သောက်ကြသည်။

အိုဘယ့် မော်ရိုကို အာဖရိကတိုက်ကြီးရဲ့ မြောက်ပိုင်းက အာရပ်မူဆလင်နိုင်ငံ ဆိုသော်လည်း ဥရောပနိုင်ငံ တစ်နိုင်ငံကို ရောက်နေသလိုပါပဲလားလို့ ကိုအဏ္ဏဝါ တွေးလိုက်မိပါသည်။ ပြည်သူတွေက ကြည်ညိုလေးစားသည့် ဘုရင်မင်းမြတ်ရယ်၊ မိဖုရား ချောချောလေးရယ် ရုပ်မြင်သံကြားမှာ နေ့စဉ် မြင်တွေ့ရသည်။ ပြည်သူတွေ လွတ်လပ်စွာ ဝတ်စားဆင်ယင်ခွင့်၊ နေထိုင်ခွင့်၊ စားသောက်ခွင့် ပေးထားသည်။ အာရပ်မူဆလင်နိုင်ငံဖြစ်လို့ အရက်ကို ပုန်းပြီး သောက်စရာမလို၊ မိန်းမကိုကြည့်ချင်လို့ ကုလားအုတ်မကို လိုက်ကြည့်ရန်မလိုသည့် နိုင်ငံပါတကား၊ ယဉ်ကျေးမှု အဆင့်အတန်း ခေတ်မီ တိုးတက်နေသည့် နိုင်ငံပါတကား၊ ဩော်…ကောင်းလေစွ မော်ရိုကိုဟု တွေးနေမိပါသည်။

၆-ရက်နေ့မှာ ကုန်ချပြီးလို့ အဂါဒီးရ် ဆိပ်ကမ်းမှာ ခွာပေးရသည်။ ရေလယ်မှာ ကျောက်ချပြီး သတင်းစောင့်သည်။ ကပ္ပီတန်သည်လည်း ဂရိနိုင်ငံရှိ သင်္ဘော ကုမ္ပဏီရုံးကို ဖုန်းဆက်တာ တွေ့ရသည်။ ဘာ သတင်းမှ မရသေးဟု ပြောသည်။ ဘယ်ကိုသွားရမည် မသိသေးလို့ ရေလယ်မှာပဲ ကျောက်ချပြီး စောင့်နေရဆဲ ဖြစ်သည်။

http://www.linhtet.com



၇-ရက်နေ့သည် ကုန်းပတ် တတိယအရာရှိ ဟန်မြင့်၏ မွေးနေ့ ဖြစ်သည်။ မွေးနေ့ပါတီ လုပ်မည်ဆိုပြီး ကပ္ပိတန်ကို အကြောင်းကြား လိုက်သည်။ ဂရိ စားပွဲထိုးချုပ်ကို ဘီယာ၊ ဝီစကီနှင့် အချိုရည် ရောင်းချ ပေးရန် အမိန့် ပေးလိုက်သည်။ ဘီယာနှင့်အရက် ဝယ်သောက်ခွင့် ပြုလိုက်သည့်သဘော ဖြစ်သည်။ ဒီကိစ္စမှာလည်း ဂရိ ကပ္ပိတန်၏ စေတနာသည် သူဖန်တီးချင်သည့် ပြဿနာနှင့် ချိတ်ဆက်ထားတယ် ဆိုတာကို မကြာမီ နာရီပိုင်း အတွင်းမှာပင် သိရတော့သည်။

မြန်မာ သင်္ဘောသားတွေကို ဘီယာ၊ အရက် မရောင်းဘဲထား သည့် ဂရိသင်္ဘောမှာ အရက်သောက်ခွင့် ရတယ်ဆိုလျှင်ပဲ ကျွဲငတ်ရေချ သောက်ကြတော့သည်။ မူးကြတော့သည်။ သောက်တဲ့သူနဲ့ မသောက်တဲ့ သူနဲ့ငြိ၊ သောက်သူအချင်းချင်း စကားများ၊ ဆွဲရလွဲရဖြစ်၊ မွေးနေ့ အလှူရှင် စိတ်ညစ်သွားသည်။ တော်ပါပြီ၊ နောင်များတော့ သင်္ဘော ပေါ်မှာ မွေးနေ့ပါတီ ဘယ်တော့မှ မလုပ်တော့ပါဘူးလို့ ဆုံးဖြတ်လိုက်ရ သည့် အခြေအနေ ဖြစ်သွားသည်။

မြန်မာ သင်္ဘောသားတွေ အတော် မူးနေပြီ၊ အထူးသဖြင့် တက်မ ကိုင်တွေ မူးနေပြီဆိုသည့် သတင်းကို ကြားသည့် ကပ္ပိတန်က သင်္ဘော ထွက်မည်ဆိုပြီး လုပ်တော့သည်။ ည ၁၀-နာရီထိုးနေပြီ ဖြစ်သည်။ သူသည် ကုမ္ပဏီရုံးကို ဖုန်းဆက်ပြီး မကြာခဏ မေးနေသူ ဖြစ်သည်။ ကုမ္ပဏီရုံးက တစ်စုံတစ်ခု ပြောလိုက်တာ ဖြစ်မည်။ နက်ဖြန် နံနက်မှ သင်္ဘောထွက်လျှင် ရပါလျက်နဲ့ မြန်မာ သင်္ဘောသား တက်မကိုင်တွေ မူးနေတဲ့အချိန်ကို အခွင့်ကောင်းယူပြီး သင်္ဘောထွက်မယ် လုပ်ခြင်း ဖြစ်သည်။

သင်္ဘော ထွက်သည့်အခါ တက်မကိုင်ရန် တာဝန်ကျသူမှာ အတော် မူးနေသည့် ဦးထွေး(ကိုထွေး) ဖြစ်သည်။ ကိုအေးသည် တက်မ စင်ကို လေးဖက်ထောက်ပြီး တက်လာသည်။ တက်မစင်မှာ ရပ်လို့မရဲ ဖြစ်နေသည်။ ဂရိကပ္ပိတန် လိုချင်တာကလည်း ဒီ အခြေအနေပဲ ဖြစ်သည်။ တာဝန်ကျ အရာရှိက မွေးနေ့အလှူရှင် ကိုဟန်မြင့် ဖြစ်သည်။ ကပ္ပိတန်က ဟန်မြင့်ကို သက်သေထားပြီး ကိုထွေး မူးပြီး အလုပ် မလုပ်နိုင်ပုံကို မှတ်တမ်း တင်လိုက်ခြင်း ဖြစ်သည်။

http://www.linhtet.com



"မွန်ထွေး ယူဒရန့်ခ်၊ ဂိုးဘက်အင်ဆလိ"

ကပ္ပိတန်က (မောင်ထွေး နင်မူးနေတယ် ပြန်သွားအိပ်တော့)ဟု ပြောသည်။ ဒါဟာ ကပ္ပိတန်တစ်ယောက်က မိမိရဲ့သားတပည့်အပေါ်မှာ အင်မတန် သက်ညှာတဲ့အမိန့်လို့ ထင်ရသော်လည်း ကိုထွေးအတွက် တော့ သေဒဏ်ကျခံစေလို့ အမိန့်ပေးတာ ခံရသလို ဖြစ်သွားသည်။ မောင်ထွေးသည် အရက်မူးပြီး အလုပ် မလုပ်နိုင်ပါဆိုသည့် စွဲချက်ကို တတိယအရာရှိ ဟန်မြင့်က သက်သေ ဖြစ်နေသည်။ ကိုထွေးကလည်း မူးနေပေမဲ့ ဒီခွင်ရိုက်ချက်ကို သိသည်။ မသွားဘူး၊ သူ့တာဝန်ကို သူယူမည်ဟု ပြန်ပြောသည်။

"နိုး အိုင်အမ်နွတ်ဒရန့်ခ်၊ အိုင်ဝီလ်တိတ်ခ် မိုင်ဂျူတီ"

ကိုထွေးကလည်း ရပ်လို့သာ မမြဲပေမဲ့ (ကျုပ် မမူးဘူး၊ ကျုပ်ရဲ့ တာဝန်ချိန်ကို ကျုပ်ယူမယ်) လို့ ပြောသည်။ အမူးသမား ဆိုတာ (ငါ မူးနေတယ်) လို့ ဘယ်တော့မှ မပြော၊ ကိုထွေးကလည်း သူမမူးဘူးဆိုပြီး တက်မကိုင်ဖို့ လုပ်သည်။ ကပ္ပိတန်က မကိုင်နဲ့ သွားအိပ်လို့ ပြောသည်။ ကိုထွေးက မသွားဘူး ကိုင်မယ်လို့ပြောပြီး အတင်း ဝင်ကိုင်သည်။

ကပ္ပိတန်သည် ကိုထွေး၏ ရင်ဘတ်ကို ဆောင့်တွန်းလိုက်ရာ ကိုထွေး ပက်လက်လန် လဲကျသွားသည်။ နဂိုကမှ ရပ်မမြဲလို့ လဲကျချင်သူ ဖြစ်နေသည်။ အရှိန်ဖြင့် လဲကျသဖြင့် ရေဒါခုံနဲ့ ခေါင်းနဲ့ ဆောင့်မိပြီး ခေါင်းပေါက် သွားလေတော့သည်။ ဒဏ်ရာက သိပ်ပြီး မကြီးသော်လည်း သွေးပူသွေးဆူ နေသူဖြစ်လို့ သွေးထွက် များသွားသည်။ ဝတ်ထားသည့် အင်္ကျီအဖြူ တစ်ထည်လုံး ရဲရဲ နီသွားသည်။

ဒီကိစ္စမှာ ဘယ်သူမှားတယ်၊ ဘယ်သူ မှန်တယ်ဆိုတာ အသာ ထားလို့ ကပ္ပိတန်ကြောင့် သင်္ဘောသားတစ်ယောက် သွေးထွက် သံယို ဖြစ်ရပြီ ဖြစ်သည်။ ဒီထက်ပိုပြီး လေးနက်အောင် ပြောရလျှင် ဂရိလူမျိုး ကပ္ပိတန် နှိပ်စက်လို့ မြန်မာ သင်္ဘောသားတစ်ယောက် ထိပ်ပေါက် ခေါင်းကွဲ ဖြစ်သွားသည်ဆိုသည့် ပြဿနာ စတင်လာတော့သည်။ နောင် ဖြစ်မည့် ပြဿနာကြီးတွေအတွက် အခြေခံ အုတ်မြစ် ဖြစ်သည်။

http://www.linhtet.com



၈-ရက်နေ့ မိုးလင်းလာတော့လည်း ဒီအကြောင်းတွေကို ပြောနေကြသည်။ ဒီကိစ္စ ဘာလုပ်ကြမလဲ၊ ဒီအတိုင်းပဲ နေလိုက်ကြမလား၊ ဂရိလူမျိုးနှင့် မြန်မာလူမျိုး ပဋိပက္ခလား၊ ကပ္ပီတန်နှင့် သာမန် သင်္ဘောသား၏ ပြဿနာလား၊ ဝေဝေဝါးဝါး၊ မပြတ်မသား ဖြစ်နေကြသည်။ ကိုယ့်လူကလည်း တက်မစင်ပေါ်မှာ တက်မ ကိုင်နိုင်လောက်အောင် အလုပ်ခိုင်းဖို့ မသင့်တော်လောက်အောင် မူးနေသည်။ အာဏာပိုင် အဖွဲ့အစည်းကို တိုင်လျှင်လည်း ကိုယ့်ဘက်က အားနည်းချက် ရှိနေသည်။ ကိုထွေးသည် ဒီနေ့ လုံးဝ အလုပ်မဆင်းနိုင်တော့ဘဲ သူ့ အခန်းတွင်းမှာ အိပ်နေသည်။ သူ့ကို မိခင်နိုင်ငံ မြန်မာပြည်သို့ ပြန်ပို့ရန် ပြောနေသည်။ သင်္ဘောကြီးကတော့ ပြင်သစ်နိုင်ငံကို ဦးတည် သွားနေပါသည်။

## ပြင်သစ်မှ အာဖရိကတိုက်သို့

၁၀-ရက်နေ့သည် စနေနေ့ ဖြစ်သည်။ ကိုအဏ္ဏဝါသည် ဘာကြောင့်မှန်းမသိ စနေကို အလိုလိုနေရင်း ကြောက်နေသည်။ စနေနေ့ကို ရောက်လျှင် ပြဿနာတစ်ခုခု ဖြစ်မှာစိုးလို့ အပြောအဆို အနေအထိုင် အသွားအလာ ဆင်ခြင်သည်။ ကိုအဏ္ဏဝါ မွေးထားသည့် သားသမီးတွေထဲမှာ စနေ တစ်ယောက်မှ မပါလို့ တော်ပါသေးသည်လို့တောင် ပြောခဲ့ဖူးသည်။

သင်္ဘောကြီးကလည်း စနေနေ့မှာ ဘစ္စကေးပင်လယ် BAY OF BISCAY ကို ဖြတ်နေသည်။ ဘစ္စကေး ပင်လယ်သည် အင်္ဂလန်ကျွန်း၏အောက်မှာ ရှိသည်။ စပိန်နှင့် ပြင်သစ်နိုင်ငံတို့၏ ပစောက်ပုံ ချိုင့်ခွက်နေသော နယ်စပ် ပင်လယ်ကွေ့ကြီး ဖြစ်သည်။ ဆယ့်နှစ်ရာသီလုံး လှိုင်းကြီး လေထန်နေသော ပင်လယ်ဖြစ်သည်။ ကိုအဏ္ဏဝါ လှိုင်းမူးနေသည်။

လှိုင်းမူးသည့် ဒဏ်ကိုခံရင်း အလုပ် လုပ်နေသည်။ ရေဒီယို ဆက်သွယ်ရေး ရုံးခန်းထဲမှာ လက်နှိပ်စက် ရိုက်နေသည်။ ပြင်သစ်နိုင်ငံ

http://www.linhtet.com



ကို ရောက်လျှင် ပေးပို့ရမည့် စက်တင်ဘာလအတွက် လချုပ် စာရင်းတွေကို ရိုက်နေခြင်း ဖြစ်သည်။ လက်နှိပ်စက် ရိုက်နေသံကို ကြားသည့် ဂရိလူမျိုး ကုန်းပတ် ပထမအရာရှိသည် ကိုအဏ္ဏဝါ၏ ရုံးခန်းထဲကို ခွင့်မတောင်းဘဲ စွပ်ခနဲ ဝင်လာသည်။ ကိုအဏ္ဏဝါ လက်နှိပ်စက် ရိုက်နေသည့် စာတွေကို သေသေချာချာ ငုံ့ဖတ်သည်။ ပြီးတော့ အိုကေလို့ ပြောပြီး နှုတ်တောင်မဆက်ခဲ့ဘဲ ပြန်ထွက်သွားသည်။

ကိုအဏ္ဏဝါသည် လုပ်လက်စ အလုပ်ကို ရပ်ထားပြီး စဉ်းစားသည်။ ဒါဟာ စူးစမ်းမှုပဲ၊ မခန့်လေးစား လုပ်မှုပဲ၊ မထီမဲ့မြင်လုပ်မှုပဲ၊ ဗုဒ္ဓဟူးနေ့ ညကဖြစ်ခဲ့သည့် ကိုထွေးကိစ္စကို မိမိက မကျေနပ်လို့ ပြင်သစ် ဆိပ်ကမ်း အာဏာပိုင်အဖွဲ့ကို တိုင်ရန် အစီရင်ခံစာ ရိုက်နေသည်၊ တိုင်စာ ရေးနေသည်ထင်လို့ လာကြည့်တာပဲဆိုတာ သဘောပေါက်လိုက်သည်။ ကြည့်ပုံကြည့်နည်းက ခိုးကြောင် ခိုးဝှက်မဟုတ်ဘဲ ခပ်တည်တည်ပဲ မထီမဲ့မြင် ပုံစံဖြင့် ခွင့်မတောင်းဘဲ ဝင်ကြည့်သည်။ ဂရုစိုက်စရာ မလိုဘူး၊ မှုစရာ မလိုဘူးဆိုသည့် သဘော ဖြစ်သည်။

ကိုအဏ္ဏဝါ၏ ဒေါသသည် ရင်ထဲက တစ်ဆင့် ငယ်ထိပ်ကို ရောက်လာသည်။ အံကြိတ်ပြီး အသက်ရှူ မြန်နေသည်။ ထိုင်နေရာမှ ထရပ် လိုက်သည်။ အိပ်ခန်းအတွင်းမှာ ဝှက်ပြီး ဆောင်ထားသည့် သံပိုက်လုံးကို ယူလိုက်သည်။ သံပိုက်လုံးက ကိုင်လို့ ကောင်းသည့် အရွယ်၊ ရိုက်တန်ကောင်းသည့် အရွယ်၊ သုံးပေခန့် ရှည်သည်။ ဂရိလူမျိုး ကုန်းပတ် ပထမအရာရှိ တာဝန်ကျနေသည့် တက်မစင်ကို တက်လိုက် သွားလိုက်သည်။ အပြတ်မေးမည်။ လုပ်တယ် ဘာဖြစ်လဲဆိုတဲ့ ပုံစံနဲ့ နင်ပဲငဆ ဖြစ်လာလျှင် အသေရိုက်သတ်မည် ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် တက်လိုက်သွားသည်။ တက်မစင်၏ အဝင်တံခါးပေါက် အဝမှာ သံတုတ်ကို ထောင်ထားခဲ့သည်။ တက်မစင်ထဲကို ဝင်လိုက်သည်။

ကိုအဏ္ဏဝါ ဝင်လာတာကို မမြင်ယောင်ဆောင်ပြီး တစ်ဖက်လှည့်သွားသည်။ မှန်ပြောင်းဖြင့် တစ်နေရာကို လှမ်းကြည့်နေသည်။ တက်မကိုင်နေသည့် ကိုစိုးပိုင်က ကိုအဏ္ဏဝါ၏ ထူးခြားသည့် အမူအရာကို ကြည့်ပြီး တအံ့တသြ ဖြစ်နေသည်။ ကိုအဏ္ဏဝါသည် ဂရိအရာရှိတွေ တာဝန်ကျ

http://www.linhtet.com



နေသည့် အချိန်မှာ တက်မစင်သို့ တက်လာလေ့ မရှိသောကြောင့် ကိစ္စ တစ်ခုခုတော့ ရှိနေပြီလို့ နားလည်လိုက်သည်။ ကိုအဏ္ဏဝါသည် ဂရိ ပထမအရာရှိကို လေသံပြတ်ဖြင့် ခေါ်လိုက်သည်။

“ရှိဖ်”

ရှိဖ် CHIEF ဆိုတာ ကုန်းပတ် ပထမအရာရှိလို့ ခေါ်လိုက်တာ ဖြစ်သည်။ ကိုအဏ္ဏဝါ ခေါ်လိုက်သည့် လေသံသည် မာကြောနေသည့် အပြင် အသံပြတ်ကြီး ဖြစ်နေသဖြင့် မှန်ပြောင်းဖြင့် ပင်လယ်ပြင် တစ်နေရာကို ကြည့်ဟန်ဆောင်နေသည့် ဂရိအရာရှိသည် ကိုအဏ္ဏဝါကို လှည့်ကြည့်သည်။ ကိုအဏ္ဏဝါက မျက်နှာကြော တင်းတင်းဖြင့် ခါး လက်ထောက်နေတာ မြင်လိုက်တော့ အနည်းငယ် လန့်သွားဟန်တူ သည်။ မျက်နှာပျက်သွားတာကို သတိထားလိုက်မိသည်။

“ခင်ဗျား ကျွန်တော့် ရုံးခန်းထဲကို ခွင့်မတောင်းဘဲ ဝင်လာတယ်၊ ကျွန်တော် ရေးနေတဲ့စာကို ခွင့်ပြုချက် မရဘဲ ဖတ်တယ်၊ ကျွန်တော့်ကို နှုတ်တောင် မဆက်ဘဲ ပြန်လှည့်ထွက်သွားတယ်၊ ဒါဟာ ဘာသဘော လဲ”

“ဘာသဘောမှ မဟုတ်ပါဘူး၊ ခင်ဗျား ရုံးခန်းထဲကို ခွင့်မတောင်း ဘဲ ဝင်မိတဲ့အတွက် တောင်းပန်ပါတယ်”

“ကျေးဇူးပြုပြီး ခင်ဗျား ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ တိုင်စာ ရေးနေတယ်ထင်လို့ လာကြည့်တာ မဟုတ်လား”

“မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ငါ တောင်းပန်ပါတယ်”

ငါ တောင်းပန်ပါတယ် (အိုင် အပိုလိုဂျိုက်) ဆိုတဲ့ စကားကို ထပ်တလဲလဲ ပြောနေသည်။ သူတို့ ဥရောပ ယဉ်ကျေးမှုအရ ဆိုလျှင် တော့ ကိစ္စပြီးလို့ လက်ဆွဲ နှုတ်ဆက်ကြရမည် ဖြစ်သည်။ မြန်မာလူမျိုး ဖြစ်သည့် ကိုအဏ္ဏဝါကတော့ မကျေနပ်နိုင်သေးဘဲ တရှုးရှုး တရှဲရှဲ ဖြစ်နေသေးသည်။ မျက်နှာကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။

“ခင်ဗျား မြဲမြဲမှတ်ထား၊ ကျုပ်ဟာ မြန်မာလူမျိုးဗျ၊ ပါးနပ်တယ်၊ လိမ္မာတယ်၊ လျှို့ဝှက်ရမည့်စာကို ရုံးတံခါးကြီး ဖွင့်ပြီး ပေါ်တင်ကြီး မရေးဘူး၊ ရုံးတံခါးပိတ်၊ အတွင်းက ချက်ချပြီးမှ ရေးမှာ ငတုံး မဟုတ်ဘူး၊ ခင်ဗျား နားလည်ထားပါ”

http://www.linhtet.com



"အိုကေ အိုကေ"

ကိုအဏ္ဏဝါသည် သူ့လိုပဲ နှုတ်တောင်မဆက်၊ လက်ဆွဲနှုတ်ဆက်ဖို့ဆိုတာ ဝေးရော၊ ပြန်လှည့် ထွက်ခဲ့သည်။ မသုံးလိုက်ရသည့် သံတုတ်ကို ပြန်ယူလာခဲ့ပြီး သူ့နေရာမှာ ပြန်ဝှက် ထားလိုက်သည်။ ဒေါသတွေ ပြေလျော့သွားလို့ အခုမှ နေသာထိုင်သာ ဖြစ်သွားသည်။ ဒီကောင် ဘာကြောင့် ဒါလောက်တောင် အောက်ကျို့ခံပြီး တောင်းပန်သနည်း။ အပိုလိုဂျိုက် အပိုလိုဂျိုက်နဲ့ ဘာကြောင့် တဂျိုက်တည်း ဂျိုက်နေခဲ့ သနည်း၊ စဉ်းစားသည်။

နိုင်ငံခြား သင်္ဘောမှာ သင်္ဘောသားချင်း ရန်ဖြစ်လျှင် ဘယ်သူပဲ မှားမှားမှန်မှန် နှစ်ယောက်လုံး အလုပ်ပြုတ်သည်။ ဒီကောင် အလုပ်ပြုတ်မှာကို သိပ်ကြောက်သည်။ သူတို့ နိုင်ငံမှာ အလုပ်မရှိ၊ ဝင်ငွေ မရှိလျှင် တစ်လမပြောနဲ့ ၇-ရက်တောင် မရပ်တည်နိုင်သော တိုင်းပြည် ဖြစ်သည်။ ပြဿနာ ဖြစ်မှာကို ကြောက်သည်။ အလုပ်ပြုတ်မှာကို ကြောက်သည်။ ကြောက်ကြောက်ကြီးဖြင့် မြန်မာတွေကို ဖြဲခြောက်နေကြခြင်း ဖြစ်သည်။

ပြဿနာဖြစ်မှာ အလုပ် ပြုတ်မှာကိုတော့ ကိုအဏ္ဏဝါလည်း ကြောက်ပါသည်။ နိုင်ငံခြားမှာ ပြဿနာဖြစ်ပြီး အလုပ် ပြုတ်ပြီး ပြန်လာလျှင် သင်္ဘောသားရုံးမှာ ရင်ဆိုင်ရမည့် ပြဿနာအတွက် တွေးပြီး ကြောက်တာ အမှန်ဖြစ်သည်။ ဂရိလူမျိုး အရာရှိကို သံတုတ်နဲ့ ရိုက်လို့ ရာဇဝတ်မှု ဖြစ်ပြီး ပြင်သစ်မှာ ထောင်ကျလျှင် တော်သေးသည်။ ပြင်သစ် အစိုးရက ကိုအဏ္ဏဝါကို သနားလို့ ရာဇဝတ် အကျဉ်းသား အဖြစ်နဲ့ပဲ မြန်မာနိုင်ငံကထောင်ကို လွှဲပြောင်း ပို့လိုက်မည် ဆိုလျှင်တော့ ဟဲ ဟဲ ဝမ်းသာစရာပဲ၊ တွေးကြည့်တာပါ၊ တကယ်ဖြစ်မလာလို့ တော်သေးသည် ဟု တွေးနေမိသည်။

အောက်တိုဘာလ ၁၃-ရက်နေ့မှာ ပြင်သစ်နိုင်ငံ လီဟာ့ဗ် LE-HAVRE မြို့ကို ရောက်သည်။ နံနက် ၁၁-နာရီမှာ ဆိပ်ကမ်း ကပ်ခွင့်ရသည်။ ပြင်သစ်ကလုပ်သည့် သံပြားလိပ်၊ သံချောင်းခွေတွေကို အာဖရိက နိုင်ငံကို ပို့ပေးရမည်ဟု သိရသည်။

http://www.linhtet.com



ကိုအဏ္ဏဝါတို့ သင်္ဘောရဲ့နောက်က ဂိုက် တစ်ရာလောက် အကွာမှာ ရပ်ထားသည့် ဖလားဗီးယား-၁ FALAVIA-1 သင်္ဘောသည် မရိမ်နာ ကုမ္ပဏီပိုင် သင်္ဘောဖြစ်လို့ မြန်မာ သင်္ဘောသားတွေ ရှိတယ်ဆိုပြီး သွားလည်ပတ်ကြသည်။ ထင်သည့်အတိုင်းပင် မြန်မာ သင်္ဘောသားတွေကို တွေ့ရသည်။ R/O ဘယ်သူလဲလို့ မေးလိုက်တော့ ကိုအဏ္ဏဝါရဲ့ သူငယ်ချင်း ကိုမြင့် ဖြစ်နေသည်။ ကိုမြင့်သည် ကိုအဏ္ဏဝါနှင့်အတူ တပ်မတော်ရေတပ်မှာ အတူ အမှုထမ်းခဲ့သည့်သူ ဖြစ်သည်။ ပိုပြီး ကံကောင်းတာက ကိုအဏ္ဏဝါရဲ့ ငယ်သူချင်း ဖစ်တာ (စက်ကိရိယာ တပ်ဆင်သူ) တင်ဖေနှင့် အဲဒီသင်္ဘောမှာ တွေ့ရခြင်း ဖြစ်သည်။ အရမ်း ဝမ်းသာသွားသည်။ သူတို့ သင်္ဘောရဲ့ ကြီးလေးကြီး (ကပ္ပိတန်၊ ပထမ အရာရှိ၊ အင်ဂျင်နီယာချုပ်၊ ပထမ အင်ဂျင်နီယာ) ဟာ ဂျာမန်လူမျိုးတွေ ဖြစ်နေသည်။ ဂရိလူမျိုးလောက် မဆိုးဘူးဟု သိရသည်။

ကိုအဏ္ဏဝါသည် သူငယ်ချင်း ကိုမြင့်နှင့် တင်ဖေတို့ ရှိရာ သင်္ဘောကို နေ့စဉ် သွားလည်ပတ်သည်။ မိမိတို့သည် ဂရိသင်္ဘောမှာ ငတ်ပြတ်နေကြောင်း၊ နှိပ်ကွပ် ခံနေရကြောင်း ပြောပြီး ငိုပြသည်။ သူတို့ သင်္ဘောက မစားချင်လို့ ပိုလျှံနေသော ခေါက်ဆွဲထုပ်တွေကို တောင်းယူသည်။ ရုပ်ရှင်ကားကောင်းတွေကို နေ့စဉ် သွားကြည့်သည်။

အောက်တိုဘာလ ၁၆-ရက်နေ့မှာ ကပ္ပိတန်၏ ဇနီးသည် ဂရိနိုင်ငံမှ ပြင်သစ်သို့ ရောက်လာသည်။ ဂရိမှ ပြင်သစ်နိုင်ငံသို့ နေ့စဉ် ပြေးဆွဲနေသော လိုင်းကားစီးပြီး ရောက်လာခြင်း ဖြစ်သည်။ သူ့ယောက်ျားနှင့်အတူ သင်္ဘောမှာ နေတော့မည် ဖြစ်သည်။ သင်္ဘောသားတို့၏ စားစရိတ်မှ ဖဲ့ယူပြီး သူ့မယားကို ကျွေးတော့မည် ဖြစ်သည်။ သူ့မယား မရောက်ဖူးသေးသည့်နိုင်ငံ အနှံ့အပြားကိုလည်း ခေါ်သွားတော့မည် ဖြစ်သည်။

အောက်တိုဘာလ ၁၇-ရက်နေ့သည် စနေနေ့ ဖြစ်သည်။ အင်ဂျင်ခန်းမှာ တာဝန်ကျနေကြသည့် မြန်မာ သင်္ဘောသားတွေဆီက သတင်းတစ်ခု ထွက်ပေါ်လာသည်။ ဂရိလူမျိုး လျှပ်စစ်အရာရှိ (နာမည်တောင် မသိလိုက်ရသူ) သည် ဒီသင်္ဘောမှာ မနေချင်တော့လို့ ဆိုပြီး သင်္ဘောက ဆင်းပြေးသွားပြီဆိုသည့် သတင်း ဖြစ်သည်။ သူတို့ ဂရိ

http://www.linhtet.com



လူမျိုး အချင်းချင်းလည်း မတည့်ဆိုသည့် သတင်းကို ကြားနေခဲ့သည်။ သင်္ဘောသည် ပြင်သစ်မှာ ကုန်တင်ပြီးလျှင် အာဖရိကနိုင်ငံ တစ်ခု ဖြစ်သည့် အိုင်ဗရီကို့စ်နိုင်ငံကို သွားမည်ဟု သိရသည်။

ဂရိလူမျိုး လျှပ်စစ်အရာရှိသည် အာဖရိကကို မလိုက်ချင်တော့လို့ ပြေးတာ ဖြစ်နိုင်သည်။ လုပ်ဖော်ကိုင်ဖက် ဂရိတွေနဲ့ အစည်းမကပ်လို့ ဆက်မနေချင်တော့တာနဲ့ ဆင်းပြေးတာလည်း ဖြစ်နိုင်သည်။ ဝတ္ထုဆန်ဆန် ဇာတ်လမ်းဆင်ပြီး ကြံဖန် ပြောတတ်သူတို့ကတော့ တစ်မျိုး ပြောကြသည်။

"တစ်နေ့က သင်္ဘောပေါ်ကို ရောက်လာတဲ့ ကပ္ပိတန် ကတော်နဲ့ သူနဲ့က ငယ်ရည်းစားကွ၊ ဒီမှာ မမျှော်လင့်ဘဲ ပြန်လည်တွေ့ကြတော့ မျက်နှာ ငယ်ရသူက မေ့ချစ်ဦး ဖြစ်သွားတယ်၊ အဲဒီတော့ မေနဲ့ဝေးရာ ကမ္ဘာမြေတလွှား မောင်ပြေးသွားပြီပေါ့"

ကြံကြံဖန်ဖန် ပြောလည်း ပြောတတ်ကြသည်၊ ကပ္ပိတန် ကတော်ကလည်း အတော်ချောသည်ဟု ပြောကြသည်။ ကိုအဏ္ဏဝါကတော့ အရောလည်းမဝင်၊ သိက္ခာ ကျမည်စိုးလို့ လှည့်ကို မကြည့်ဘဲ နေသည်။ သူတို့ လင်မယား အခန်းနှင့် ကိုအဏ္ဏဝါ၏ အခန်းက ကပ်လျက်မှာ တည်ရှိသည်။ သူတို့လင်မယားသည် ကိုအဏ္ဏဝါ၏ အခန်းက ကပ်လျက်မှာ တည်ရှိသည်။ သူတို့ လင်မယားသည် ကိုအဏ္ဏဝါရဲ့ အခန်းရှေ့က ဖြတ်သွားဖြတ်လာ လုပ်နေကြသော်လည်း ကိုအဏ္ဏဝါက လှည့်ကို မကြည့်ဘဲ နောက်ခိုင်း ထိုင်တော့ အောင့်သက်သက်ဖြင့် ခံပြင်းနေမည် ဖြစ်သည်။ မိန်းမ သဘာဝအရ ယောကျ်ားတစ်ယောက်က သူကို အရေးမစိုက်၊ လှည့်တောင် ကြည့်ဖော်မရဘူးဆိုလျှင် ထိုယောကျ်ားကို မကျေနပ်သည့် စိတ်ဖြင့် အမြဲ သတိရပြီး စိတ်ဝင်စားနေတော့မည် ဖြစ်သည်။

အောက်တိုဘာလ ၁၈-ရက်၊ တနင်္ဂနွေနေ့မှာ ပြင်သစ်နိုင်ငံ လီဟာ့ဗ်မြို့ ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာပါသည်။ အာဖရိကတိုက်ရှိ အိုင်ဗရီကို့စ်နိုင်ငံကို ဦးတည် ခုတ်မောင်းနေပြီ ဖြစ်သည်။

❐

[ ၃၉ ]

# သူပုန်ထကြပြီ

၁၉-ရက်နေ့မှာ ဘစ္စကေး ပင်လယ်ကို ဖြတ်ကျော်နေသည်။ ဘစ္စကေး ပင်လယ်၏ ထုံးစံအတိုင်း လှိုင်းလေ ပြင်းထန်နေသည်။ ကိုအဏ္ဏဝါသည် မိမိ၏ အလုပ်ဖြစ်သည့် ရေဒီယိုအခန်းမှာ တာဝန် စောင့်ခြင်း၊ မိုးလေဝသ သတင်းများ ဖမ်းယူခြင်း အလုပ်တွေကို လုပ်သည်။ မိမိနှင့် ဆက်သွယ်နေသည့် ရေဒီယို စတေရှင်တွေကို နားထောင်ခြင်း လုပ်သည်။ ကြေးနန်းပို့စရာ ဖမ်းစရာမရှိလို့ နေ့လယ် တစ်ရေး အိပ်သည်။ အိပ်ပျော်နေစဉ် ကပ္ပီတန်သည် ကိုအဏ္ဏဝါ၏ အိပ်ခန်းတံခါးကို ခပ်ပြင်းပြင်း ခေါက်ပြီး အော်နိုးသည်။ ကိုအဏ္ဏဝါ လန့်နိုးပြီး ကမန်းကတန်း တံခါး ထဖွင့်လိုက်ရသည်။ ကြေးနန်းတစ်စောင် ပို့စရာရှိသည်လို့ ပြောသည်။ တယ်လီဖုန်းဆက်ပြီး အေးအေးဆေးဆေး ပြောလျှင် ရလျက်နှင့် အိပ်နေတာကို အော်ဟစ်ပြီး နှိုးတာဟာ မကြည်တဲ့သဘော၊ မကြိုက်တဲ့ သဘော၊ မကျေနပ်တဲ့ သဘော ဖြစ်သည်။ ကြီးမားတဲ့ တိုက်ပွဲကြီး စဖို့ အချက်ပြလာသည့် သင်္ကေတတွေပင် ဖြစ်သည်။

http://www.linhtet.com



## အိုင်ဗရီကို့စ်ဆိုသော အာဖရိကနိုင်ငံ

ကိုအဏ္ဏဝါသည် အာဖရိက နိုင်ငံတွေကို ရောက်ဖူးခဲ့ပြီ ဖြစ်သည်။ ယခုလည်း အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အိုင်ဗရီကို့စ် နိုင်ငံကို ရောက်တော့မည် ဖြစ်သည်။ အာဖရိကတိုက်သည် နောက်စေ့ ချွန်ထွက်နေသော လူကြီးတစ်ယောက်၏ ဦးခေါင်းနဲ့တူသည်။ အိုင်ဗရီကို့စ် နိုင်ငံသည် အဲဒီ ဦးခေါင်းကြီးရဲ့ နောက်စေ့အောက် တည့်တည့်မှာ ရှိသည်။

အာဖရိက တိုက်ရဲ့ အနောက်ဘက် ကမ်းခြေမှာ အတ္တလန္တိတ် သမုဒ္ဒရာကို မေးတင်ပြီး တည်ရှိသည်။ လိုက်ဘေးရီးယားနှင့် ဂါနာနိုင်ငံ တို့က အထက်အောက် ညှပ်ထားသည်။ ဧရိယာ စတုရန်းမိုင်- ၁၈၉၀၀၀ ကျော် ရှိသည်။ ၁၉၆၄-ခုနှစ် စာရင်းအရ လူဦးရေ ၃၈-သန်းမျှသာ ရှိသည်။ ၁၈၄၂-ခုနှစ်မှာ ပြင်သစ် လက်အောက်ကို ကျရောက်သွားခဲ့သည်။ ၁၉၆၀-ခုနှစ် ဩဂုတ်လ ၇-ရက်နေ့တွင်မှ လွတ်လပ်ရေး ရခဲ့သည်။ ပြင်သစ်၏ အဓိက ကုန်သွယ်ဖက်နိုင်ငံ ဖြစ်သည်။ အဓိက ထွက်ကုန်များမှာ စိုက်ပျိုးသီးနှံ မျိုးစုံနှင့် သစ်မာတို့ ဖြစ်သည်။ အများစုက ဆင်းရဲကြသည်။

အောက်တိုဘာ ၃၀-ရက်နေ့မှာ အိုင်ဗရီကို့စ် နိုင်ငံ၏ ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်သည့် စန်ပီဒရို့ SAN PEDRO မြို့ကို ရောက်သည်။ သင်္ဘောပေါ် တက်လာသူတွေက ဘာရောင်းစရာ ရှိသလဲဟု မေးသည်။ ရောင်းတာ အကုန်ဝယ်မည်ဟု ဆိုသည်။ မဖွံ့ဖြိုး မတိုးတက်သည့် နိုင်ငံ၏ လက္ခဏာ ဖြစ်သည်။ မှောင်ခို အရောင်းအဝယ် ရှိနေသည် ဆိုကတည်းက ဒီနိုင်ငံ၏ စီးပွားရေးကို အကဲခတ်လို့ ရနိုင်သည်။ ကိုအဏ္ဏဝါက သင်္ဘောကပေးသည့် ကိုယ်တိုက် ဆပ်ပြာတွေနှင့် ဆပ်ပြာမှုန့်တွေကို ရောင်းလိုက်သည်။ အိုင်ဗရီကို့စ်သုံး ပိုက်ဆံ ဖရန့်-၁၅၀၀ ရသည်။ ပြင်သစ်နိုင်ငံကလည်း ဖရန့် ငွေကြေးကို သုံးသည်။ ပြင်သစ် ကိုလိုနီဘဝနဲ့ နှစ်ပေါင်း တစ်ရာကျော် နေခဲ့ရသည့်အတွက် ငွေကြေး မပြောင်းနိုင်သေး ဖြစ်နေသည်။ ငွေတန်ဖိုးချင်းကတော့ ကွာသည်။ ပြင်သစ် တစ်ဖရန့်သည် အိုင်ဗရီကို့စ် ဖရန့် ၅၀ ဖြစ်သည်။ အမေရိကန်

http://www.linhtet.com



တစ်ဒေါ်လာကို ပြင်သစ် ၆ ဖရန့် ဖြစ်လို့ အိုင်ဗရီကို့စ် ဖရန့် ၃၀၀ ဖြစ်မည်။ ၁၉၈၇-နှစ်ကုန်ပိုင်း ပေါက်ဈေး ဖြစ်သည်။

အောက်တိုဘာ ၃၁-ရက်နေ့မှာ ကုန်စပြီး ချသည်။ ကုန်ချတာ နှေးလွန်းသည်။ ဒီဆိပ်ကမ်းမှာ ကြာဦးမည့် လက္ခဏာ တွေ့ရသည်။ ဒီဆိပ်ကမ်းမှာ ကုန်တစ်ဝက်ချပြီး အကျန်တစ်ဝက်ကို ဒီနိုင်ငံရဲ့ မြို့တော် အဘီဂျန် ABIDJAN ဆိပ်ကမ်းမှာ ချမည်ဟု သိရသည်။ ဒီနေ့ညနေ မှာပဲ ဒုတိယ အရာရှိ ကိုကျော်မြင့်နှင့် ဆီလောင်း ကိုသောင်းဟန်တို့ ထမင်းစားခန်းထဲမှာ ရန်ဖြစ်ကြပြန်သည်။ ထိုးကြ၊ ကြိတ်ကြမယ် လုပ်ကြ လို့ ဆွဲရလွဲရ ပြန်သည်။ ဒီသတင်းကလည်း နာရီဝက်အတွင်းမှာပင် ဂရိ ကပ္ပိတန်ဆီကို ရောက်သွားသည်။ မြန်မာ သင်္ဘောသားတွေ အချင်း ချင်း မတည့်ဖြစ်နေပြီ ဆိုတာကို အမြဲ သတင်းပို့နေသူ ပုဆိန်ရိုးကလည်း ရှိနေသည်။ ဂရိ ကပ္ပိတန်ကတော့ ကြက်တွေ အချင်းချင်း ခွပ်နေတာကို စောင့်ကြည့်နေသည့် လယ်သမားလို ကြက်တွေ အမောကို စောင့်နေပြီ ဖြစ်သည်။

## ဝိတိုရီယ ပြောပြသည့် အဖြူအမည်း ဇာတ်လမ်း

နိုဝင်ဘာ ၁-ရက်နေ့သည် စန်ပီဒရိုမှာ ကုန်ချနေဆဲ ဖြစ်သည်။ ကပ္ပလီမ ငယ်ငယ်၊ ကြည့်ပျော် ရှုပျော်တွေ သင်္ဘောပေါ် တက်လာကြ သည်။ အသားမည်းသည့်အတွက် ကျွဲပေါက်မတွေလို ပြောင်ပြီး ချောနေ သည်။ အနံ့ကလည်း ကျွဲမအနံ့ ထွက်နေသည်။ အဲဒီလို ကျွဲနံ့ ထွက် နေတာကိုပဲ ကြိုက်သူလည်း ရှိသည်။ အသားက မည်းသော်လည်း ချောပြီး နုညက်နေသည့်အတွက် အသားချင်း ထိလိုက်သောအခါ ကြက် သီး ဖြန်းခနဲ ထသွားသည်။ ဇာတ်တော်ထဲက ပဋ္ဌပါဝီကို ညအမှောင်ထဲမှာ အသားချင်း ထိမိလို့ စွဲငြိသွားသည့် ဗာရာဏသီမင်းလို ဖြစ်သွားသည်။

အာဖရိကနိုင်ငံ အများစုသည် ဆင်းရဲသည့်အတွက် ရောဂါဘယ ထူပြောသည်။ လိင်ဆက်ဆံမှုမှ ရရှိသည့် ရောဂါတွေကလည်း အာဖရိက နိုင်ငံတွေ အနှံ့အပြားမှာ ရှိနေသည်။ အသားချင်း ထိလိုက်လျှင်

http://www.linhtet.com



ကြက်သီးတွေ ဖြန်းခနဲ ထသွားအောင် ဆွဲဆောင်မှုရှိသည့် ကျွဲမလေးရဲ့ ကျွဲနံ့လေးကိုပဲ ရှူရှိုက်လိုက်ပါသည်။ ကုမရသည့် ရောဂါတွေ ဖြစ်မှာ ကြောက်လို့ ကန်တော့ပါသေးရဲ့လို့ ပြောလိုက်ပါသည်။

ကျွဲမလေးတွေကို ကိုအဏ္ဏဝါက ကန်တော့ဆွမ်း လောင်းလိုက်သော်လည်း ပင့်ဖိတ်သူတွေ ရှိဟန်တူသည်။ သင်္ဘောပေါ်မှာ ညအိပ်သွားကြသည်။ ကိုအဏ္ဏဝါနှင့် ကိုကျော်မြင့်တို့က သိက္ခာ စောင့်သည့် အနေဖြင့် ကျွဲမလေးတွေနဲ့ ကင်းကင်းရှင်းရှင်း နေပြလိုက်သည်။ သင်္ဘောမှာ မနေဘဲ လမ်းထွက်လျှောက်ကြသည်။ ပင်လယ်ကမ်းစပ်က အုန်းခြံတွေထဲမှာ ဆိုင်ဖွင့် ရောင်းနေကြသည့် ဘီယာဆိုင်တွေကို သွားသောက်သည်။ ပင်လယ်ထဲမှာ ရေကူးနေကြသည့် ဥရောပ သူ အဖြူမတွေကို အနီးကပ် ကြည့်ချင်လို့ အကွက်ဆင်လိုက်ခြင်း ဖြစ်သည်။

အိုင်ဗရီကို့စ် နိုင်ငံသည် ပြင်သစ်လူမျိုးတွေ တော်တော် များများ နေထိုင်သော နိုင်ငံဖြစ်သည်။ ပင်လယ်ထဲမှာ ရေကူးနေတာတွေလည်း ပြင်သစ် ပျိုဖြူတွေ ဖြစ်ဖွယ်ရှိသည်။ အပျိုတွေရော အအိုတွေပါ ယောက်ျား မိန်းမအားလုံးဟာ အပေါ်ပိုင်း ဗလာဖြင့် ရေကူး နေကြသည်။ ရေထဲက တက်လာပြီး သဲသောင်ပြင်ပေါ်မှာ လှဲအိပ် ချသည်။ နေပူဆာ လှုံကြသည်။ ကိုအဏ္ဏဝါတို့က ဘီယာသောက်ရင်း ဖြူဖြူဖွေးဖွေးတွေကို အရသာခံကြည့်ကြသည်။

ကိုအဏ္ဏဝါနှင့် ကိုကျော်မြင့်တို့ အုန်းပင်ခြေရင်းက သဲသောင်ပြင်မှာ ထိုင်ပြီး ဘီယာသောက်နေသည့် အနားကို ဘီယာဆိုင်ပိုင်ရှင် အမျိုးသမီးဆိုသူ ရောက်လာသည်။ အသက် ၃၈-နှစ် သို့မဟုတ် ၄၀-မျှ သာ ရှိပေဦးမည်။ ကိုအဏ္ဏဝါတို့ နှစ်ယောက်ကို ကြည့်ပြီး တအံ့တသြ ပြောသည်။

"အို ကျွန်မချစ်တဲ့ လူကြီးလူကောင်းတွေ ဘာကြောင့် ဖုန်တွေ သဲတွေပေါ်မှာ ထိုင်နေကြတာလဲ၊ ကုလားထိုင်တွေ စားပွဲတွေ ချပေးမှာပေါ့"

"ရပါတယ်ဗျာ၊ အခုလို ထိုင်နေရတာ ထိုင်လို့ ကောင်းလို့ပါ"

http://www.linhtet.com



ပြောပြောဆိုဆိုပင် သူတို့ဘာသာ စကားဖြင့် ဆိုင်ဘက်ကို လှမ်းအော်ပြောလိုက်သည်။ ကုလားထိုင်တွေနဲ့ စားပွဲခုံတစ်လုံး ယူခဲ့စမ်းလို့ ပြောလိုက်တာ ဖြစ်မည်။ အမျိုးသမီးသည် ကိုယ်လုံး ကိုယ်ပေါက် ဖြောင့်စင်း တောင့်တင်းသည်။ အရပ်အမောင်း ကောင်းသည် အင်္ဂလိပ် စကားကို သွက်လက်ပြုံးရွှင်စွာ ပြောတတ်သည်။ မိုင်ဒီးယား ဂျင်တဲလ်မင်းလို့ အခေါ်ခံလိုက်ရကတည်းက ကိုအဏ္ဏဝါရဲ့ အရှိက်ကို ထိသွားပြီး ဖြစ်သည်။ ကပ္ပလီမ ဆိုသော်လည်း ကျွဲမလို မမည်းဘဲ ညိုတယ်ဆိုရုံသာ မည်းသည့်အတွက် ဆွဲဆောင်မှု ရှိသည်။

ဆိုင်ဝန်ထမ်း အမျိုးသမီးနှစ်ယောက်က ကုလားထိုင် သုံးလုံးနှင့် စားပွဲ နိမ့်နိမ့် ရှည်ရှည် တစ်လုံး လာချသည်။ ကိုအဏ္ဏဝါနှင့် ကိုကျော်မြင့်တို့ နှစ်ယောက်အတွက် ကုလားထိုင် သုံးလုံး လာချပေးသည့်အတွက် သူပါ ကိုအဏ္ဏဝါတို့နှင့်အတူ ထိုင်မည်ဆိုသည့် သဘောဖြစ်သည်။ သမဝါယမ စနစ်ဖြင့် မျှမျှတတဖြစ်အောင် သူ့ကို အလယ်မှာထားပြီး ကိုအဏ္ဏဝါတို့ နှစ်ယောက်က ဘေးက ညှပ်ထိုင်ကြသည်။

ကိုအဏ္ဏဝါ မမှာဘဲ ဘီယာနဲ့ မြည်းရန် မြေပဲကြော်တွေ လာချသည်။ သူမသည် ဒီဆိုင်၏ ပိုင်ရှင်ဟု ဆိုသည်။ မြေပဲကြော်က သူက ဧည့်ခံတာပါဟု ဆိုသည်။ ဘယ်နိုင်ငံက ဘာလူမျိုးတွေလဲဟု မေးသည်။ ဖြေသည်။ စကားတွေ ပြောကြသည်။ ကိုအဏ္ဏဝါက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဒီအဖြူမတွေ ဒီလိုလာပြီး ပြနေကြတော့ ဒီနိုင်ငံက ယောကျ်ားတွေ လာမကြည့်ကြဘူးလား၊ ရိုးသွားလို့ မကြည့်ချင်ကြတော့ဘူးနဲ့ တူတယ်"

"မရိုးပါဘူး၊ ကြည့်ကြတာပဲ၊ တစ်ခါက ဒီမှာ ပြဿနာကြီး တစ်ခု ဖြစ်သွားပါရောလား"

"ဘာ ဘာဖြစ်သွားလဲဟင်၊ ပြောပြပါဦး"

သူမက ရယ်ရယ်ပြုံးပြုံးဖြင့် ပြောပြသည်။ အဖြူမ အပျိုတစ်ယောက်ကို လူမည်းလူပျို တစ်ယောက်က ဘောင်းဘီဇစ်ကို ဖြုတ်ပြီး မဖွယ်မရာ လုပ်ပြသည်ဟု ဆိုပါသည်။ အဖြူမက စိတ်ဆိုးပြီး တရားစွဲ

http://www.linhtet.com



သည်။ အလွန်ကြီးလေးသော ပြစ်မှုဖြစ်သည်။ လူဖြူအပျိုနှင့် လူမည်း ယောကျာ်းတို့ ဖြစ်ကြသည့် ကာလကန္တေပျက်အောင် စော်ကားမှုကြီး ဖြစ်သည်။ အနည်းဆုံး အလုပ်ကြမ်းဖြင့် ထောင်သုံးနှစ်အထိ ကျနိုင်သော ရာဇဝတ်မှုဖြစ်သည်။ စီရင်ချက်ချမည့်နေရာမှာ တရားခံကို တရားသူကြီး က မေးသည်။

"မောင်မင်း ဘာကြောင့် ဒီလို လုပ်ရတာလဲ"

"သူ့ရဲ့အလှကို မြင်ရတော့ ကျွန်တော်မျိုး ရူးသလို ဖြစ်သွား ပါတယ်။ ဘာလုပ်လို့ လုပ်မိမှန်း မသိပါဘူး၊ မုဒိမ်းမှု မဖြစ်ခဲ့တဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်နေပါတယ်"

"အပြစ်ရှိပါသလား"

"ရှိပါတယ်"

တရားခံက အပြစ်ရှိတယ်ဆိုလို့ စီရင် ချတော့မည့် အချိန်မှာ တရားလို အမျိုးသမီးက ထိုင်ရာကထပြီး အမှုကို ပြန်လည် ရုပ်သိမ်း ကြောင်း ကြေညာလိုက်သည်ဟု ဆိုပါသည်။

"အဲဒီ ပြင်သစ်မနဲ့ အဲဒီအကောင် ညားသွားတယ်တော့"

သူမ ပြောပြသည့် အဖြူအမည်း ဇာတ်လမ်းကို ယုံရခက်၊ မယုံ ရခက် ဖြစ်နေကြစဉ်မှာပင် ပင်လယ်ကမ်းခြေကို မိသားစု တစ်စု ရောက် လာသည်။ ယောကျာ်းက လူမည်း၊ အမျိုးသမီးက အဖြူမ ဖြစ်သည်။ ကလေးနှစ်ယောက်က အဖြူနှင့်အမည်း စပ်ထားလို့ ကြေးညိုရောင်လေး တွေ ဖြစ်နေကြသည်။ ဆိုင်ရှင်အမျိုးသမီးနဲ့ သိနေကြလို့ ပြုံးပြ နှုတ်ဆက် ကြတာ တွေ့ရသည်။

"အဲဒီ အဖြူမလည်း ပြင်သစ်သူမပဲ၊ သူ့ယောကျာ်းက ရှေ့နေလေ၊ ဥပဒေသွဲ့ကို ပဲရစ်က ယူလာတာ၊ ဒီမှာ လူမည်းတွေနဲ့ ညားနေတဲ့ အဖြူမတွေ အများကြီးပါပဲ"

သူများအကြောင်းတွေ ကြားရပြီး စိတ်ထဲ မရိုးမရွ ဖြစ်လာကြ သည့် ကိုအဏ္ဏဝါနှင့် ကိုကျော်မြင့်တို့ မနေနိုင် မထိုင်နိုင် ဖြစ်လာကြလို့ ပြန်ရန် ပြင်ဆင်ကြသည်။ ဘီယာဖိုး ရှင်းကြသည်။ ဒေါ်လာ ၂၀-

http://www.linhtet.com



လောက် ကုန်သွားသည်။ တစ်ယောက်ကို တစ်ဆယ်စီ ကုန်သွားပြီ ဖြစ်သည်။

"ကဲ ပြန်လိုက်ပါဦးမယ်၊ နာမည်လေး ပြောပါဦး"

"ကျွန်မနာမည် ဗစ်တိုရီးယားပါ။ သင်္ဘော မထွက်သေးရင် လာခဲ့ဦးနော်"

"စိတ်ချ နက်ဖြန် သင်္ဘော မထွက်သေးရင် လာခဲ့ပါဦးမယ်"

ကိုအဏ္ဏဝါနှင့် ကိုကျော်မြင့်တို့ နှစ်ယောက်မှာ စိတ်ဒုက္ခတွေ ရောက်ပြီး လမ်းလျှောက် ပြန်ခဲ့ကြသည်။ ဗစ်တိုရီးယားဆိုတော့ မြန်မာ ဆန်ဆန် ဝိတိုရိယလို့ စိတ်ထဲက မှတ်ထား လိုက်ကြသည်။ ဝိတိုရိယ ပြောပြသော အဖြူနှင့်အမည်း ဇာတ်လမ်းက နားထဲကမထွက် ဖြစ်နေ သည်။

နောက်နေ့ဖြစ်သည့် နိဝင်ဘာလ ၂-ရက်နေ့မှာ ဝိတိုရိယ၏ ဘီယာဆိုင်ကိုသွားရန် ကိုကျော်မြင့်ကို ခေါ်သည်။ ကိုကျော်မြင့်က သူ ဂျူတီ ဝင်ရမည်ဖြစ်လို့ မလိုက်တော့ဘူးဟု ဆိုသည်။ ဝိတိုရိယ၏ အညှီနံ့ပါသည့် စကားတွေကို ကြားချင်နေသည့် ကိုအဏ္ဏဝါ တစ်ယောက် တည်း လမ်းလျှောက်ပြီး ပင်လယ်ကမ်းခြေကို သွားသည်။ ဝိတိုရိယကို ဆိုင်မှာ အသင့်တွေ့ရသည်။ မနေ့က နေရာမှာပင် စားပွဲနှင့် ကုလားထိုင် ချပြီး ဝိတိုရိယနှင့် ဘေးချင်းယှဉ်၍ ပူးကပ်ထိုင်ကြသည်။

ယနေ့သည် တနင်္လာနေ့ဖြစ်လို့ ပင်လယ်ထဲမှာ ရေချိုးသူ မရှိ ဖြစ်နေသည်။ ကိုအဏ္ဏဝါနှင့် ဝိတိုရိယတို့ ပူးပူးကပ်ကပ် ထိုင်ပြီး အညှီ အဟောက် စကားတွေကို လွတ်လွတ်လပ်လပ် ပြောနိုင်အောင်၊ ဆန္ဒ ရှိတာကို လွတ်လွတ်လပ်လပ် လုပ်နိုင်အောင်၊ အခြေအနေနှင့် နေရာ ဒေသက အကူအညီ ပေးသလို ဖြစ်နေသည်။

ကိုယ်အဏ္ဏဝါတို့နှစ်ယောက် ထိုင်နေကြသည့် အုန်းပင်ရိပ်သည် ဘီယာဆိုင်နှင့်လည်း ကိုက် ၅၀-လောက် ဝေးသည့်အပြင် အုန်းပင် ကလည်း ကွယ်နေသည်။ ကိုအဏ္ဏဝါတို့ မျက်နှာ မူထားသည့်ဘက်မှာ တော့ ပင်လယ်ပြင်ကြီးသာ ရှိသည်။

http://www.linhtet.com



ဝိတိုရိယကလည်း အတွေ့အကြုံ အတော်ရှိသူ ဖြစ်သည်။ ကိုအဏ္ဏဝါကို ဘီယာ ငှဲ့ထည့်ပေးရုံသာမက အမြည်းကိုပါ ခွဲ့ကျွေးပေးသည်။ ပါးစပ်နှင့် နှုတ်ခမ်းမှာ ပေကျံသွားတာတွေကို တစ်ရှူးဖြင့် အသာအယာ သုတ်ပေးသည်။

''ဝိတိုရိယရဲ့ အမျိုးသား မတွေ့ပါလား၊ သူက ဘာ အလုပ်လုပ်သလဲ''

လူလည်ကြီး ကိုအဏ္ဏဝါ၏ အောက်တန်းကျသည့် မလိမ့်တပတ်မေးခွန်း ဖြစ်သည်။ ခင်ဗျားမှာ လင်ရှိလားလို့ မေးလျှင် ရလျက်သားနဲ့ ယဉ်ကျေးချင်ယောင်ဆောင်ပြီး ရှည်ရှည်ဝေးဝေး မေးခွန်း ထုတ်လိုက်သည်။ ဒါကိုလည်း ဝိတိုရိယက သိလိုက်သည်၊ သူ ဖြေတာက ရှင်းသည်။

''လင်မရှိဘူး၊ လင်ရှိလျှင် ကျွန်မ အခုလို နေလို့ ဘယ်ရမလဲ၊ လင်ဆိုတာ ကျွန်မ အတွက်တော့ အနှောင့်အယှက်ပဲ ကျွန်မ လွတ်လွတ်လပ်လပ် နေချင်တယ်''

ကြိုက်သွားပြီ၊ ကိုအဏ္ဏဝါ လိုချင်တာကလည်း ဒီအဖြေမျိုးပဲ ဖြစ်သည်။ ဒါမှလည်း မြန်မာ့ ယဉ်ကျေးမှု ဒုသနသောနဲ့လည်း လွတ်မည်ဖြစ်သည်။ ဒီလိုကြားလိုက်ရတော့မှ ကိုအဏ္ဏဝါရဲ့ ခန္ဓာကိုယ်ထဲက ပိုးမျိုး ရှစ်ဆယ် ဆူပူထကြွလာပြီး သွေးပူလာတော့သည်။ ဝိတိုရိယကို ဆွဲဖက်ပူးကပ် လိုက်သည်။ ဝိတိုရိယကလည်း နမ်းချင်တာကို နမ်း၊ ကိုင်ချင်တာကို ကိုင်ဆိုပြီး ခွင့်ပြုတော့သည်။ ကိုအဏ္ဏဝါက တစ်စုံတစ်ခုအတွက် တိုးတောင်းဆိုသည် ဝိတိုရိယက ငြင်းသည်။

''ဒီမှာမဖြစ်ဘူး၊ ဆိုင်ဝန်ထမ်းတွေသိရင် ကျွန်မကို အရှိအသေ တန်သွားလိမ့်မယ်၊ မနက်ဖြန် သင်္ဘောထွက်ပြီး မြို့တော် အဘီဂျန်ကို သွားမယ်ဆို''

''ဟုတ်တယ်''

''ကျွန်မ အဘီဂျန်ကို လိုက်ခဲ့မယ်၊ နီးနီးလေးပဲ၊ အဲဒီမှာ တွေ့ကြတာပေါ့နော်''

ဒီအပြောကြောင့် ကိုအဏ္ဏဝါ ကျေနပ်လိုက်ရသည်။ နှစ်ယောက်သောက်ကြသည့် ဘီယာနှင့် စားကြသည့် အမြည်းဖိုး ၂၅-ဒေါ်လာ

http://www.linhtet.com



ကျသည်ဟု ဆိုပါသည်။ မနေ့က ဒေါ်လာ-၂၀ကို ကိုကျော်မြင့်နှင့် နှစ်ယောက် မျှပေးလိုက်ရသည်။ ဒီနေ့ ကုန်သွားသည့် ၂၅ ဒေါ်လာကို တစ်ဦးတည်း ကျခံလိုက်ရတော့သည်။

၃-ရက်နေ့ နံနက်တွင် စန်ပီဒရိုမှ ထွက်သည်။ ဒီနေ့ ညနေမှာပင် မြို့တော် အဘီဂျန်ဆိပ်ကမ်းကို ရောက်မည်ဟု သိရသည်။ ကိုအဏ္ဏဝါသည် အားမွေးသည့် အနေဖြင့် နေ့လယ် တစ်ရေးအိပ်သည်။ အားကစား လေ့ကျင့် လိုက်သေးသည်။ အားရှိမည့် အစားအစာတွေကိုလည်း စားထားလိုက်သေးသည်။ ဝိတိုရိယနှင့်တွေ့လျှင် မိမိဘက်က အားကောင်း မောင်းသန် ဖြစ်နေဖို့ လိုအပ်သည်။

ည ၁၀-နာရီတွင် မြို့တော် အဘီဂျန်ကို ရောက်ပြီး တိုက်ရိုက် ကပ်ခွင့် ရသည်။ သင်္ဘော၏ အတက်အဆင်း လှေကား (ဂင်ဝေး) မှာ တာဝန်ကျသော အစောင့်သင်္ဘောသား (ကွာတာမာစတာ) ကို မှာထားသည်။

"ဒီမှာကိုယ့်လူ၊ ဗစ်တိုးရီးယားဆိုတဲ့ နာမည်နဲ့ အမျိုးသမီး တစ်ယောက် လာလိမ့်မယ်၊ ကျွန်တော့် အခန်းကို လိုက်ပို့ပေးလိုက်ပါ"

"ကောင်းပါပြီ အာအိုကြီး စိတ်ချပါ၊ ကျွန်တော့် ဂျူတီမှာ မလာရင် နောက် ဂျူတီသမားကို မှာထားခဲ့ပါမယ်"

ကိုအဏ္ဏဝါတို့ သင်္ဘောသည် အိုင်ဗရီကို့စ်နိုင်ငံ အဘီဂျန်ဆိပ်ကမ်းမှာ ၈-ရက် ကြာခဲ့သည်။ ကိုအဏ္ဏဝါဆီကို အမျိုးသမီး ဧည့်သည် ဝိတိုရိယလည်းမလာ၊ အယ်လီဇဘက်လည်း မလာ၊ ဒိုင်ယာနာလည်း မလာတော့မှ ကာမနဲ့ မြူဆွယ်ပြီး မတန်တဆဈေးဖြင့် ဘီယာ ညာရောင်း လိုက်တာကို သိလိုက်ရသည်။

## အိုင်ဗရီကို့စ်မှ ကွန်ဂိုသို့

ကိုအဏ္ဏဝါတို့ သင်္ဘောသည် အဘီဂျန်မှာ ကုန်ချ နေစဉ် ကိုအဏ္ဏဝါအတွက် စာတစ်စောင် ရသည်။ စင်ကာပူရှိ အေရှအိတ်စပရက် (ASIA EXPRESS) အထွေထွေ ရောင်းဝယ်ရေး ကုမ္ပဏီမှ ပို့လိုက်

သော စာဖြစ်သည်။ စာပါ အကြောင်းအရာက သူတို့ကုမ္ပဏီမှ ကိုအဏ္ဏဝါ ဝယ်ယူသည့် သွပ်တစ်ထုပ်ဖိုး ပေးချေငွေမှာ အမေရိကန် ဒေါ်လာ ၅၀ လိုသေးကြောင်း လိုငွေကို ပို့ပေးလိမ့်မည်ဟု ယုံကြည်ကြောင်း လူကြီးမင်းကို ယုံကြည်သည့်အတွက် ၂၂-၁၀-၈၇ နေ့က သင်္ဘော တင်လိုက်ပြီ ဖြစ်ကြောင်း လိုငွေကို ပို့ပေးပါရန် မေတ္တာ ရပ်ခံကြောင်း စာဖြစ်သည်။

ကိုအဏ္ဏဝါ ပြင်သစ်နိုင်ငံ လီဟာ့ဗ် (LEHAVRE) မြို့သို့ ရောက်စဉ် ၁၄-၁၀-၈၇ နေ့က ပြင်သစ်မှ စင်ကာပူသို့ အမေရိကန် ဒေါ်လာ ၆၀၀ ပို့လိုက်ခြင်း ဖြစ်သည်။ အချပ် ၁၀၀ ပါ သွပ်တစ်ထုပ်ဖိုး ၆၀၀ တင်ပို့လိုက်ခြင်း ဖြစ်သည်။ ဒေါ်လာ ၅၀ လိုပါသေးသည်ဟု အကြောင်းကြားသောစာ ဖြစ်သည်။ သွပ်တစ်ထုပ်၏ တန်ဖိုး ၆၅၀ ဖြစ်သွားသည်။ ရန်ကုန်ကို ရောက်လို့ ပြန်ရောင်းလျှင် သိပ်မဆိုးဘူးလို့ပဲ တွက်လိုက်ရတော့သည်။

နိုဝင်ဘာလ ၆-ရက်နေ့နံနက် ရုံးတွေဖွင့်ချိန်မှာ ကိုအဏ္ဏဝါနှင့် ကိုကျော်မြင့်တို့ သင်္ဘောဆိပ်မှ ထွက်ပြီး မြို့ထဲလျှောက်သည်။ ကိုအဏ္ဏဝါ က စင်ကာပူ ကုမ္ပဏီကို စာပြန်ရန် စာတိုက် လိုက်ရှာကြခြင်း ဖြစ်သည်။ သင်္ဘောဆိပ်နှင့် သိပ်ပြီး မဝေးလှသည့် နေရာမှာ စာတိုက်ကို တွေ့ပါ သည်။ စာထည့်ပြီးလို့ သင်္ဘောကို ပြန်ကြတော့မည်ဆိုတော့ လမ်းမကြီး အတိုင်း သွားနေလျှင် ဝေးမည်။ လမ်းလျှောက်ရတာ ကြာမည်ဆိုပြီး ဖြတ်လမ်းဟု ယူဆရသည့် နေရာက ပြန်ခဲ့ကြသည်။ သင်္ဘောဆိပ်ဘက်ကို သွားသည့် ရထားလမ်းအတိုင်း လျှောက်နေကြစဉ် ကပ္ပလီ သုံးယောက် သည် ကိုအဏ္ဏဝါတို့ နောက်က ခပ်သုတ်သုတ် လိုက်လာကြပြီး ကိုအဏ္ဏဝါတို့ဆီက လက်ပတ်နာရီကို ဆွဲဖြုတ်လုဖို့ ကြိုးစားကြသည်။

သူတို့က အားကောင်းမောင်းသန် သုံးယောက်၊ မိမိတို့က နှစ်ယောက်၊ တကယ် ယှဉ်ထိုးကြမည်ဆိုလျှင် ကိုအဏ္ဏဝါတို့ နှစ်ယောက် ရှုံးမှာ သေချာသည်။ ကိုအဏ္ဏဝါက အကြံတစ်ခုရပြီး ကာရာတေးလိုလို ဂျူဒိုလိုလို၊ သိုင်းလိုလို ကိုယ့်ဟာကိုယ် ဘာပညာမှန်း မသိသည့် မာရှယ်

http://www.linhtet.com



အတ်တစ်မျိုးကို ထုတ်သုံးတော့မည့် ဟန်ဖြင့် နေရာယူလိုက်သည်။ လက်နှစ်ချောင်းကို ရှေ့ဆန့်ထုတ်လိုက်၊ ကွေးကောက်လိုက် လုပ်ပြီး ကီသွင်း ပြလိုက်ရာ ကပွလီ သုံးယောက် လန့်ပြီး နောက်ပြန် ပြေးသွားကြတော့သည်။ အလွန် အန္တရာယ်များသည့် အရှေ့တိုင်း ကိုယ်ခံပညာဖြင့် ခုခံ တိုက်ခိုက်တော့မည်ဟု ထင်သွားဟန် တူသည်။

လက်ပတ်နာရီ အလုခံရသော်လည်း ကပွလီတွေ လက်ထဲကို လက်ပတ်နာရီ ပါမသွားသည့်အတွက် ကိုအဏ္ဏဝါ အတော် ဝမ်းသာနေသည်။ လက်ပတ်နာရီကို ဟိုကောင်တွေ ရသွားလျှင် ကိုအဏ္ဏဝါ အတော် သိက္ခာကျမည့် ကိစ္စဖြစ်သည်။ လက်ပတ်နာရီက ဘယ်နိုင်ငံက လုပ်မှန်း မသိသည့် အပေါစား ပလတ်စတစ် လက်ပတ်နာရီ ဖြစ်သည်။ ပြင်သစ်နိုင်ငံကို ရောက်စဉ်က သင်္ဘောပေါ်ကို တက်ပြီး အပေါစား ရေမွှေးတွေကို လာရောင်းသည့် ပါကစ္စတန်ကုလားက ရေမွှေး ဒေါ်လာ တစ်ဆယ်ဖိုး ဝယ်ယူသူတိုင်းကို လက်ပတ်နာရီ အပေါစား တစ်လုံးစီ လက်ဆောင်ပေးလို့ ရထားသည့် နာရီ ဖြစ်သည်။ ကိုအဏ္ဏဝါတို့ နှစ်ယောက်ကို ဂျပန်လူမျိုးတွေလို့ ထင်ပြီး ပတ်ထားသည့် နာရီတွေကလည်း အကောင်းစားတွေ ဖြစ်မှာပဲဆိုသည့် အထင်ဖြင့် လုတာဖြစ်မည်။ ကိုအဏ္ဏဝါတို့ကလည်း ဒီနိုင်ငံမှာ နိုင်ငံခြားသားတွေ အလုခံရတတ်သည်ဆိုတာကို သိထားလို့ အပေါစားတွေကို ဝတ်ဆင်ပြီး အပြင်ထွက်ကြသည်။

နိုဝင်ဘာလ ၈-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွန့်၊ တက်မကိုင် ကိုထွေး၊ ကိုစိုးပိုင်တို့နှင့် အတူ လမ်းထွက်လျှောက်ကြသည်။ ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားသည့် ပီအိုင်အယ်လ် (PIL) ကုမ္ပဏီပိုင် သင်္ဘောတစ်စီးကို တွေ့လို့ မြန်မာ သင်္ဘောသားတွေ ရှိမှာပဲ ဆိုပြီး သွားလည်ကြသည်။ မြန်မာ သင်္ဘောသား လေးယောက်ရှိတာ တွေ့ရသည်။ တစ်ယောက်က ကိုအဏ္ဏဝါနဲ့ အလွန် ရင်းနှီးသည့် ရေတပ်ထွက် ကိုစိုးလွင် ဖြစ်နေသည်။ ကိုစိုးလွင်သည် ရေတပ် စက်မှုလက်မှုတပ်က ဖြစ်သည်။ စားပွဲတင်နစ်ကစားသူ ဖြစ်လို့ ကိုအဏ္ဏဝါတို့ ဆက်သွယ်ရေးတပ်ကို နေ့စဉ် လာကစားရသူ ဖြစ်သည်။ ကိုအဏ္ဏဝါတို့ရဲ့ တပ်မှူးဗိုလ်မှူးကြီး လင်းသိန်းမောင်က စားပွဲတင်

တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဖြစ်သည်။ ကိုစိုးလွင်က ကိုအဏ္ဏဝါကို တွေ့တော့ တအံ့တသြဖြင့် ဝမ်းသာသွားသည်။ သူတို့ သင်္ဘောက မြန်မာ သင်္ဘောသား လေးယောက်ကို ကိုအဏ္ဏဝါတို့ သင်္ဘောသို့ ခေါ်လာပြီး ထမင်းတစ်နပ် ကျွေးလိုက်သည်။ ကိုစိုးလွင်သည် ရေတပ်မှ တပ်ကြပ်ကြီး အဆင့်ဖြင့် အငြိမ်းစား ယူခဲ့သည်ဟု ဆိုသည်။ ယခု စတုတ္ထ အင်ဂျင်နီယာ ရာထူးဖြင့် သင်္ဘောလိုက်နေသည်ဟု သိရသည်။

၉-ရက်နေ့ နံနက်မှာ သတင်းတစ်ခု ထွက်လာသည်။ ကပ္ပီတန်နှင့် သူ့ဇနီးအပါအဝင် ဂရိအရာရှိတွေသည် အဘီဂျန်မြို့ထဲ သွားပြီး ကာဆီနို ကစားတာ ဒေါ်လာ ၈၀၀၀ လောက်နိုင်လာလို ပျော်ပြီး အောင်ပွဲခံနေကြသည် ဆိုတဲ့သတင်း ဖြစ်သည်။ ကိုအဏ္ဏဝါကတော့ ဝမ်းလည်းမသာ၊ မနာလိုလည်း မဖြစ်၊ မကြားယောင် မသိယောင် ဆောင်နေလိုက်သည်။

ညနေစောင်းတွင် ဟန်ရှားတစ် (HANSEATIC) ကုမ္ပဏီပိုင် သင်္ဘောတစ်စီးမှ သင်္ဘောသားတွေ ကိုအဏ္ဏဝါတို့ သင်္ဘော လာလည်ကြသည်။ (R/O) ကြွယ်စိန်ပါလာသည်။ ကြွယ်စိန်က သူ့သင်္ဘောမှာ တဲ့လ်တစ် (TELEX) တပ်ဆင်ထားသည်ဆိုလို့ စိတ်ဝင်စားသွားသည်။ လိုက်ပြီး လေ့လာပါရစေလို့ မေတ္တာရပ်ခံလိုက်သည်။ သူတို့ဆီက မြန်မာနိုင်ငံ သတင်းတွေ အတော် စုံအောင် ကြားသိရသည်။

၁၀-ရက်နေ့ နံနက်မှာ သတင်းတစ်ခု ကြားရသည်။ ကပ္ပီတန်သည် ကာဆီနို ကစားတာ ဒေါ်လာ ၁၀၀၀၀ လောက် ရှုံးသွားသည် ဆိုသည့် သတင်းဖြစ်သည်။ ဒီသတင်းကို ကြားတယ်ဆိုလျှင်ပဲ မြန်မာ သင်္ဘောသားတွေ ဝမ်းသာလို့ စုရုံးစုရုံးဖြင့် ပြောဆိုနေကြသည်။ တစ်နေ့က ဒေါ်လာ ၈၀၀၀ နိုင်လာခဲ့တယ်ဆိုတဲ့ သတင်း ကြားရတုန်းက မသိယောင်ဆောင်၊ မကြားယောင် ဆောင်နေခဲ့သည့် ကိုအဏ္ဏဝါတောင် မြန်မာ သင်္ဘောသားတွေ စုရုံးနေကြရာ သင်္ဘောသား ထမင်းစားခန်းကို သွားပြီး သတင်းစကားကို နားထောင်သည်။

"ဟိုဘဲကြီး ညက ဒေါ်လာ တစ်သောင်း ကွဲသွားတဲ့အကြောင်း ကြားပြီးပလား"

"ကြားတယ်၊ ကောင်းတယ်၊ ဝမ်းသာတယ်"

http://www.linhtet.com



"ဝမ်းမသာနဲ့ ရှူးထားတဲ့ပိုက်ဆံတွေ ပြန်ရအောင် ငါတို့ စားစရိတ် ထဲက ခိုးတော့မှာ"

သင်္ဘောသား ထမင်းစားခန်းထဲမှာ တစ်ယောက်တစ်ပေါက် ပြော နေကြတာတွေကို ဝင်နားထောင်ပြီး ကိုအဏ္ဏဝါပါ ရောယောင်ပြီး ပီတိ ဖြစ်နေသည်။ မုဒိတာ ပွားနေသည်။

၁၁-ရက်နေ့မှာ ကုန်ချလို့ ပြီးသွားသည်။ ဆိပ်ကမ်း အာဏာပိုင် အဖွဲ့နဲ့ စာရင်းရှင်းတာ ကြာနေလို့ ညနေ ၆-နာရီကျော်မှ အဘီဂျန် ဆိပ်ကမ်းမှ ထွက်ခွာနိုင်သည်။ အိုင်ဗရီကို့စ်နိုင်ငံမှ အောက်ဘက်ကို ၃-ရက်ခရီးမျှ သွားရမည့် ကွန်ဂိုနိုင်ငံသို့ ဦးတည်သွားနေသည်။

## ကွန်ဂိုမှ ပြင်သစ်သို့

အာဖရိကတိုက်က ကွန်ဂိုနိုင်ငံကို သွားရတော့မည်ဆိုတော့ ကွန်ဂို နိုင်ငံနှင့် ပတ်သက်သည့် သိကောင်း စရာတွေကို သတိရလာသည်။ ကွန်ဂိုကလည်း ဘယ်လ်ဂျီယံ ကိုလိုနီ ဖြစ်ခဲ့ဖူးသည့် ကွန်ဂိုနှင့် ပြင်သစ် ကိုလိုနီ ဖြစ်ခဲ့ဖူးသည့် ကွန်ကိုဆိုပြီး ကွန်ဂိုနှစ်နိုင်ငံ ရှိသည်ဟု ကြားဖူး သည်။ ယခုကို အဏ္ဏဝါတို့ သင်္ဘော ဦးတည်သွားနေသည့် ကွန်ဂိုသည် မည်သည့် ကွန်ဂိုဖြစ်သည်ကို အတိအကျ မသိရ ဖြစ်နေသည်။

ကိုအဏ္ဏဝါ သိထားသည့် ကွန်ဂိုနိုင်ငံကတော့ ၁၉၆၀-ခုနှစ်က ပြည်တွင်းစစ် အကြီးအကျယ် ဖြစ်လို့ ကုလသမဂ္ဂ တပ်တွေကို ပို့လွှတ် ခဲ့ရသည့် ကွန်ဂိုအကြောင်းကို သိထားသည် ဇိုင်ယာနိုင်ငံနှင့် ဂါဘွန်း နိုင်ငံတို့ ကြားမှာ တည်ရှိသည်။ ကင်မရွမ်း နိုင်ငံနှင့် အလယ်အာဖရိက နိုင်ငံတို့နှင့်လည်း နယ်စပ်ချင်း ထိနေသည်။ ဧရိယာ စတုရန်းမိုင်ပေါင်း ကိုးသိန်းကျော် ကျယ်ဝန်းသည်။ လူဦးရေ ၁၄-သန်းကျော်သာ ရှိသော် လည်း ဘာသာစကားနှင့် ယဉ်ကျေးမှု မတူသည့် လူမျိုးစုပေါင်း ၁၀၀ ကျော် ရှိနေလို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားနည်းသော နိုင်ငံဖြစ်သည်။ လွတ်လပ်ရေးရပြီး မကြာမီပင် သယံဇာတ ပေါကြွယ်ဝ သည့် ကတန်ဂါ ဆိုသည့် ပြည်နယ်က ခွဲထွက်ပြီး သီးခြား လွတ်လပ်ရေး ကြေညာလို့ ပြည်တွင်းစစ်ဖြစ်ခဲ့ရတာ ဖြစ်သည်။

http://www.linhtet.com



ကိုအဏ္ဏဝါ လူပျိုပေါက်အရွယ်မှာ ကွန်ဂို၊ ကတန်ဂါ၊ ကုလသမဂ္ဂ ဆိုသည့် စကားလုံးတွေ နေ့စဉ် ကြားခဲ့ရသည်။ နေ့စဉ်ထုတ် သတင်းစာ တွေမှာ အမြဲ တွေ့နေရသည်။ ကွန်ဂိုနှင့်တွဲလျက် ပက်ထရက် လူမွန်ဘား ဆိုသည့် နာမည်ကိုလည်း မှတ်မိနေသည်။ ကွန်ဂိုနိုင်ငံ၏ ခေါင်းဆောင် ဖြစ်မည်။

ဒီနေရာမှာ သင်္ဘောသားများ စိတ်ဝင်စားမည့် အလုပ်ကိစ္စ အနည်းငယ် ထည့်ပြောမှ ဖြစ်မည်။ သင်္ဘောနှင့် သင်္ဘောပိုင်ရှင်၏ ရုံး အကြား အဆက်အသွယ် ဘယ်လို လုပ်နေသလဲလို့ သိချင်ကြမည် ဖြစ်သည်။ သင်္ဘော ကုမ္ပဏီရုံးက ညွှန်ကြားစာ ကိုအဏ္ဏဝါဆီမှာ ရထား သည်။ ကြေးနန်းအဝင် အထွက် အဆက်အသွယ် လုပ်ရမည့် ရေဒီယို စတေရှင်ကို အမြဲ နားထောင်နေသည်။ ကြေးနန်းရှိလျှင် တောင်းယူလိုက် သည်။ ပို့စရာရှိလျှင်လည်း အဲဒီကိုပဲ ပို့လိုက်သည်။ အခက်အခဲ မရှိပါ ပိုလို့တောင် လွယ်ကူသေးသည်။

ဒါပေမဲ့ ကိုအဏ္ဏဝါက သတိရှိသည်။ ဝီရိယရှိသည်။ ဖြစ်နိုင်ခြေ ရှိသည့် ရေဒီယို စတေရှင်တွေကိုလည်း တစ်နေ့ကို အနည်းဆုံး တစ်ကြိမ် နားထောင်သည်။ အင်္ဂလန်က ပေါ့တေးရှပ် ရေဒီယို၊ ဂရိနိုင်ငံက အေသင် ရေဒီယိုနှင့် မိမိ ဦးတည်သွားနေသည့် နိုင်ငံ၏ ရေဒီယို စတေရှင်တွေကို နားထောင်သည်။ တစ်စုံတစ်ရာ နှောင့်နှေး ကြန့်ကြာမှုမှာ မိမိ ပယောဂ မပါအောင် အပြစ် မဖြစ်အောင် သတိ၊ ဝီရိယဖြင့် အလုပ် လုပ်နေသည်။ ကွန်ဂိုနိုင်ငံ၏ ရေဒီယို စတေရှင်ကို နားထောင်ကြည့်သည်။ ဘာသံမျှ မကြားရ၊ ခေါ်ကြည့်သည် ပြန်မထူး၊ မဖွံ့ဖြိုး မတိုးတက်သည့် နိုင်ငံတို့၏ ပုံစံ လက္ခဏာပေပဲဟု တွေးမိသည်။

နိုဝင်ဘာ ၁၅-ရက်နေ့ နံနက် ၁၀-နာရီမှာ ကွန်ဂိုနိုင်ငံ ပွန်တီ နွိုရီ (POINTE NOIRE) မြို့ ဆိပ်ကမ်းကို ရောက်သည်။ ရေကြောင်း ပြ တက်ပြီး တိုက်ရိုက် ကပ်ခွင့်ရသည်။ ဒီဆိပ်ကမ်းမှာ တင်ရမည့် ကုန်ပစ္စည်း အမျိုးအစားကြောင့် မြို့နှင့် အဝေးကြီး ဖြစ်နေရသည်ဟု သိရသည်။ ဒီဆိပ်ကမ်းသည် ဖော့စ်ဖိတ်လို့ခေါ်သည့် ဓာတုဗေဒပစ္စည်း အမှုန့် အဝါရောင်တွေကို တင်ရသည်။ ဤဓာတုပစ္စည်းတွေရဲ့ အန္တရာယ်

http://www.linhtet.com



ကြောင့် လူနေအရပ်နဲ့ ဝေးတဲ့နေရာမှာ ဆိပ်ကမ်း လုပ်ထားခြင်း ဖြစ်မည်။ လူဝင်မှု ကြီးကြပ်ရေးနှင့် အကောက်ခွန် အရာရှိတွေတောင် မြို့နဲ့ ဝေးလွန်းလို့ထင်သည် သင်္ဘောပေါ်ကို တစ်ယောက်မှ ရောက်လာတာ မတွေ့ရ ဖြစ်နေသည်။

ကိုအဏ္ဏဝါကတော့ အာဖရိကနိုင်ငံရဲ့ ကွန်ဂိုမြေကို နင်းဖူးတယ် ရှိအောင်ဆိုပြီး တက်မကိုင် ကိုမြင့်သိန်းနှင့်အတူ သင်္ဘောပေါ်က အောက်ကိုဆင်းပြီး လမ်းလျှောက်ကြသည်။ ပင်လယ်ကမ်းစပ်ကို ဆင်းပြီး လေညင်း ခံကြသည်။ ကိုမြင့်သိန်းသည်လည်း ကိုအဏ္ဏဝါလိုပဲ ရေတပ်က ထွက်သူဖြစ်လို့ ရေတပ်အကြောင်း ရှေးဟောင်း နှောင်းဖြစ်တွေ ပြောရင်း လမ်းလျှောက်ခဲ့ကြသည်။ ကိုအဏ္ဏဝါတို့ လမ်းလျှောက်ပြီး ပြန်လာကြစဉ် ကိုအဏ္ဏဝါတို့ သင်္ဘောက သင်္ဘောသား အုပ်စုတစ်စု လမ်းလျှောက် ထွက်လာကြပြန်သဖြင့် အတူပူးပေါင်းလိုက်ကြပြီး ပင်လယ်ကမ်းစပ် မှာ လမ်းလျှောက်ရင်း စကားပြောကြသည်။ ဂရိအရာရှိတွေရဲ့ နှိပ်စက် ညှဥ်းပန်းမှုတွေကို ခံရလို့ မကျေမနပ်တဲ့ အကြောင်းတွေ ပြောဖြစ်ကြ သည်။ အခြေအနေသည် ပေါက်ကွဲတော့မည့် အခြေအနေ ဖြစ်သည်။

၁၆-ရက်နေ့ နံနက်မှာ ကိုအဏ္ဏဝါ အိပ်ရာက မထမီ သင်္ဘော သား ကိုဝမ်ရှိန်က နှိုးသည်။ ကိုဝမ်ရှိန်က သူ နေမကောင်းလို့ ဆရာဝန်နဲ့ ပြချင်သည်။ မိမိ စရိတ်ဖြင့်ပင် ဆေးခန်းကို သွားမည် အင်္ဂလိပ်စကား မပြောတတ်လို့ စကားပြန်အဖြစ် လိုက်ခဲ့ပါဟု ကိုအဏ္ဏဝါကို ခေါ်သည်။ ကိုအဏ္ဏဝါ ဝမ်းသာသွားသည်။ ကိုဝမ်ရှိန်၏ စရိတ်ဖြင့် ပွင့်တီနွိုရီ မြို့ထဲကို ရောက်ဖူးတော့မည်ဖြစ်လို့ ဝမ်းသာသွားခြင်း ဖြစ်သည်။

ကိုဝမ်ရှိန်သည်လည်း ကိုအဏ္ဏဝါလိုပင် ရေတပ်ထွက်သူ ဖြစ် သည်။ အလွန် သဘောကောင်းသူ ဖြစ်သည်။ လူတစ်ဖက်သားကို အလွန် အားနာတတ်သူ ဖြစ်သည်။ တစ်ဖက်က မတရား လုပ်တယ်လို့ ထင်လျှင်တော့ တရုတ်သွေး ပါသူပီပီ ရှူးရှူးရှဲရှဲ တုတ်ဆွဲ၊ ဓားဆွဲ လုပ်တော့သည်။ ကိုအဏ္ဏဝါကိုတော့ အလွန်ခင်သည်။ သူ နေမကောင်း လို့ ဆရာဝန်နဲ့ ပြချင်တာကို ဂရိအရာရှိတွေကို မပြောချင်လို့ ကိုယ့်စရိတ် ဖြင့်ကိုယ် ဆေးခန်းပြရန် စီစဉ်ခြင်း ဖြစ်သည်။

http://www.linhtet.com



ဆိပ်ကမ်းဂိတ်က ဂိတ်စောင့်ကို တိုင်စီတစ်စီး ခေါ်ပေးရန် မေတ္တာရပ်ခံလိုက်သည်။ မကြာမီ တိုင်စီ ရောက်လာသည်။ တိုင်စီပေါ် တက်ထိုင် လိုက်ကြသည်။

"ပုဂ္ဂလိက ဆေးခန်း တစ်ခုကို မောင်းဗျာ"

"အိုကေ၊ အကောင်းဆုံး ဆေးခန်းက အတော်ဆုံး ဆရာဝန်ဆီကို သွားမယ်"

"အကုန်အကျ သိပ်များနေပေါ့မယ် ကိုယ့်လူရယ်"

"နိုး နိုး၊ စမ်းသပ်ခ လုံးဝ မယူဘူး၊ ဆေးဖိုးပဲ ယူတယ်"

"အိုကေ"

ပွန်တီနိုရီမြို့လယ်ကောင်လို့ ယူဆရသည့် နေရာက ဆေးခန်းတစ်ခုကို လိုက်ပို့သည်။ တိုင်စီဆရာက သူ စောင့်နေပါမည်။ သင်္ဘောဆိပ်ကို ပြန်ပို့ ပေးမည်ဟု ဆိုသည်။ ဆရာဝန်သည် ကိုဝမ်ရှိန်ကို စမ်းသပ်ကြည့်ပြီး မစိုးရိမ်ရန် ပြောသည်။ ဆေးပေးသည်။ ဒေါ်လာ-၂၀ မျှသာကျသည်။ ဒီဆေးတွေကို စားလျှင် ကိုဝမ်ရှိန်မှာ ဖြစ်နေသည့် ခေါင်းမူး၊ ဗိုက်အောင့် ရောဂါတွေ အားလုံး ပျောက်သွားမည်ဟု ပြောသည်။ တိုင်စီဆရာက သင်္ဘောဆိပ်အရောက် ပြန်ပို့ပေးသည်။ တိုင်စီခ ၁၀-ဒေါ်လာပဲယူသည်။ ကိုဝမ်ရှိန်က အရမ်း သက်သာတယ်ဆိုပြီး ကျေနပ်နေသည်။ ကိုအဏ္ဏဝါကလည်း သူများစရိတ်ဖြင့် မြို့ထဲကို ရောက်ဖူးလို့ ဝမ်းသာနေသည်။

(ကိုဝမ်ရှိန်သည် စိတ်ဖိစီးမှု ခံစားနေရသူ ဖြစ်သည်။ ဦးနှောက်ကင်ဆာ ဖြစ်တော့မလိုလို အစာအိမ် ကင်ဆာ ဖြစ်တော့မလိုလို၊ စိုးရိမ်ကြောက်လန့်နေသူ ဖြစ်သည်။ ၂၀၀၅-ခုနှစ်အထိ မသေသေးဘဲ ကျောင်းကြို ကျောင်းပို့ ကားတစ်စီးကို မောင်းနေတာ တွေ့ရသည်။ ဤကား စကားချပ်)

၁၇-ရက်နေ့ နေ့လယ် တစ်နာရီခွဲမှာ ကွန်ဂိုနိုင်ငံက ပွန်တီနိုရီဆိပ်ကမ်းမှ ထွက်ခွာသည်။ ပြင်သစ်နိုင်ငံ ဆိပ်ကမ်း တစ်ခုသို့ ဦးတည်ခုတ်မောင်း နေသည်။

http://www.linhtet.com



## သင်္ဘောပေါ်က တိုက်ပွဲ

သင်္ဘောသား ဘဝဖြင့် ကိုအဏ္ဏဝါ ရောက်ခဲ့ဖူးတဲ့ နိုင်ငံတွေထဲမှာ ပျော်စရာ မကောင်းဆုံး ပျင်းစရာ အကောင်းဆုံး ဖြစ်သည့် ကွန်ဂိုနိုင်ငံမှ ပြန်လည် ထွက်ခွာလာသည့် အချိန်ကစပြီး လှိုင်းထန်နေသည်။ လေပြင်းတိုက်ခတ်နေသည်။ သင်္ဘောပေါ်မှာ မကြာမီ တစ်စုံတစ်ခု ဖြစ်တော့မည် ဆိုသည့် နိမိတ် များလားဟုတောင် ထင်ရသည်။

ကိုအဏ္ဏဝါ ကျန်းမာရေး အခြေအနေကလည်း ဆေးလိပ်မသောက် အရက်မသောက်သည့်ကြားက သွေးတိုးသည်၊ ခြေခုံနှင့် ခြေသလုံးတွေမှာ နီညိုကွက်တွေ ပေါ်လာသည်။ ပိုပြီး စိုးရိမ်စရာ ဖြစ်လာတာက ဆီးသွားတိုင်း ကျဉ်သည်။ ဆီးကျန်သည်။ ဆီး တစိုစို တစိမ့်စိမ့် ထွက်နေခြင်း ဖြစ်သည်။ ပိုသီးတိုး ကုမ္ပဏီမှာ လုပ်စဉ်က ဆီးရောဂါဖြစ်လို့ အမေရိကန် ဆရာဝန်နဲ့ ပြဖူးသည်။ ယခု ဆီးရောဂါ ပြန်ဖြစ်လာသည်ဟု ထင်သည်။ ကမ္ဘာပတ်ပြီး ပျော်ထားခဲ့သည့် ကိစ္စ တွေကလည်း ရှိနေတော့ ကုမရတဲ့ ရောဂါတွေ စတင်ပေါ်လာပြီလား မသိလို့ တွေးကြောက်လာသည်။ ပြင်သစ်ကို ရောက်လျှင် ဆရာဝန်နဲ့ ပြချင်သည်ဟု ကပ္ပိတန်ကို ပြောလိုက်သည်။

"ကပ္ပိတန်၊ ပြင်သစ်ကို ရောက်လျှင် ကျွန်တော် ဆရာဝန်နဲ့ ပြချင်တယ်"

"အိုကေ ငါ့ကို သတိပေးပါ"

ကပ္ပိတန်သည် ကိုအဏ္ဏဝါ တောင်းဆိုလျှင် မငြင်းဘဲ ခွင့်ပြုလေ့ရှိသည်။ ငြင်းလျှင် တောင်တိုင် မြောက်တိုင် လုပ်မှာကို ကြောက်ဟန်တူသည်။ အထူးသဖြင့် အမေရိကန်ကို ရောက်နေလျှင် ပိုကြောက်သည်။

ပိုက်ဆံပေးပြီး လုပ်ချင်တာလုပ်သည့် လူမျိုးတွေ ဖြစ်သည်။ သင်္ဘောကို တစ်နှစ် တစ်ကြိမ် လွှန်းတင် ပြင်ဆင်မှု မလုပ်ဘဲ လိုင်စင် သက်တမ်းကို တိုးလို့ ရအောင် ပိုက်ဆံပေးပြီး တိုးသူတွေ ဖြစ်သည်။ သင်္ဘောသားတွေ အတွက်တော့ အလွန် အန္တရာယ် များသည့်ကိစ္စ ဖြစ်သည်။

http://www.linhtet.com



ကွန်ဂိုနိုင်ငံမှ ပြင်သစ်နိုင်ငံသို့ သွားသည့်ခရီးတွင် ကိုအဏ္ဏဝါ၏ ဘဝမှာ အမှတ်တရ ဖြစ်သည့် အလုပ်တစ်ခု စတင်ခဲ့သည်။ ကိုအဏ္ဏဝါ သည် သဘော်သား မဖြစ်မီကပင် ဝတ္ထုတိုတွေ ရေးနေခဲ့သည်။ ဝတ္ထုရှည် (လုံးချင်းဝတ္ထု) တစ်ပုဒ်မျှ မရေးနိုင် ဖြစ်နေသည်။ ဝတ္ထုရှည် ရေးရမှာ ကိုလည်း အလွန် ပျင်းသည်။ ရေးချင်သည့် စိတ်မရှိလို့ မရေးဘဲနေခဲ့ သည်။

ဒီခရီးကို သွားနေစဉ်(၂၂-၁၁-၈၇) နေ့မှာ ကိုအဏ္ဏဝါ၏ ပထမ ဦးဆုံး လုံးချင်း ဝတ္ထုဖြစ်သည့် *"ပန်းပန်မှ နန်းဆန်တော့သည်"* ဝတ္ထုရှည် ကို စပြီး ရေးသည်။

ဇာတ်လမ်းရှိပြီးသား ဇာတ်အိမ် တည်ဆောက်ပြီးသား ဖြစ်လို့ စပြီး ရေးတယ်ဆိုတာနဲ့ တစ်နေ့တည်း ရေးတာ စာမျက်နှာ ၂၀ လောက် ပြီးသွားသည်။ ဒီဝတ္ထု၏ ဇာတ်အိမ်၊ ဇာတ်လမ်းသည် အခန်းတွေ ခွဲပြီး တည်ရှိနေခဲ့သည်။ ရေးရမှာ ပျင်းလို့ မရေးဘဲနေခဲ့တာ ဖြစ်သည်။ တကယ် ချရေးတဲ့အခါကျတော့ အလိုက်သင့် ခွေထားသည့် ကြိုးတစ်ခွေ ကို ကြိုးစက ဆွဲယူလိုက်သလို အကွင်းလိုက် အကွက်လိုက် ပါလာတော့ သည်။

ဇာတ်လမ်းက တောသားက သဝဘော်သားဖြစ်လာသူ လူပျိုကြီး ရွာပြန်သွားတော့ ကျောင်းနေဖက် ငယ်သူငယ်ချင်း မအေးနု ရူးနေတာ ကိုတွေ့လို့ လက်ထပ်ယူလိုက်ပြီး ဆေးကုဖို့ ရန်ကုန်ကို ခေါ်လာသည့် ဇာတ်လမ်း ဖြစ်သည်။ ကိုအဏ္ဏဝါ ရေးပြီးသည့် စာမူကြမ်းကို အခန်း သန့်ရှင်းရေး လာလုပ်သည့် စားပွဲထိုး ချာလီ (မြင့်သိန်း) က ဆွဲယူ ဖတ်ကြည့်သည်။ ကောင်းတယ်ဆိုပြီး နောက်နေ့တွေမှာလည်း ပြီး သလောက်ကို လာယူပြီး ဆက်ဆက်ဖတ်သည်။ သူက ကောင်းတဲ့ အကြောင်းကို အလုပ်သင် ကဒက် မောင်ကျော်သူရကို ပြောပြသည်။ ကျော်သူရက တောင်းဖတ်သည်။ ဝတ္ထု တစ်ဝက်လောက် ပြီးသွားသည့် အခါမှာတော့ ချာလီနှင့် ကျော်သူရတို့ စာမူကြမ်းကို လုကြတော့သည်။

http://www.linhtet.com



ဒီဇင်ဘာ တစ်ရက်နေ့မှာတော့ အင်္ဂလိပ် ရေလက်ကြားကို ဖြတ်နေသည်။ ပြင်သစ်ကို ရောက်တော့မည် ဖြစ်သည်။ ဘိုလုန်း (BOU LOGNE) ဆိုသည့် မြို့ဆိပ်ကို ကပ်ရမည်ဟု သိရသည်။

၂-ရက်နေ့မှာ ဘိုလုန်းမြို့ အနီးကို ရောက်ပြီး ကျောက်ချသည်။ ဒီနေရာသည် မြန်မာ သင်္ဘောသားတွေအတွက် ရေခံမြေခံ မကောင်းသည့် နေရာ ဖြစ်သည်ဆိုတာကို အတိတ်နိမိတ် ပြသည်။ လှိုင်းလေ ထန်နေသည်။ မြင်ကွင်းက မှုန်ဝါးနေသည်။ ဆောင်းနှင်းမှုန်တွေ မိုးရွာချနေသလို ကျဆင်းနေသည်။ အခန်းပြင်ကို ထွက်လိုက်လျှင် အသည်းခိုက်အောင် အေးသည်။ သင်္ဘောပေါ်မှာ ကြီးမားသည့် ပြဿနာကြီး တစ်ခု ဖြစ်တော့မည်ကို နိမိတ်ပြသလို ဖြစ်နေသည်။

ဒုတိယအရာရှိ ကိုကျော်မြင့် အပြင်း ဖျားနေသည်။ ဂျူတီမဝင်နိုင်လို့ တတိယအရာရှိ ဟန်မြင့်က သူ့ကိုယ်စား ဝင်ပေးနေရသည်။ တက်မကိုင် ကိုစိုးပိုင် အသည်းအသန် ဖျားနေသည်။ ခံတွင်း ပျက်နေလို့ ထမင်းမစားနိုင်တာကို ဂရိပထမအရာရှိက အတင်း အဓမ္မ စားခိုင်းသည်။ အစာမစားလို့ နေမကောင်း ဖြစ်နေတာဟု ပြောသည်။ အလုပ် ပြန်ဆင်းခိုင်းသည်။ ကိုစိုးပိုင်က နေမကောင်းလို့ အလုပ် မလုပ်နိုင်ပါ၊ သင်္ဘောမှာ မထားလိုက မြန်မာပြည်ကို ပြန်ပို့ပါဟု ပြောသည်။ အခြေအနေသည် မကောင်းသည့် အခြေအနေ ဖြစ်သည်။

ဆိပ်ကမ်းကပ်ခွင့် မရဘဲ ဘယ်လောက်ကြာအောင် နေရဦးမည် မသိ ဖြစ်နေသည်။ ဆိပ်ကမ်း မအား၍ ကုန်ချမည့် သင်္ဘောကို ကပ်ခွင့် မပေးဘဲ ထားတာဖြစ်မည်။ ကျောက်ချထားသည့် နေရာသည် ကမ်းနဲ့ ဘယ်လောက်ဝေးသည် ဆိုတာကို မသိနိုင် ဖြစ်နေသည်။ နှင်းမှုန်တွေ ကျနေလို့ အုံ့ဆိုင်း မှုန်မှိုင်းနေသည်။ ပတ်ဝန်းကျင် မြင်ကွင်းက ကိုက်တစ်ရာမျှသာ ရှိသည်။ အအေး ဒီဂရီက ၅-ဒီဂရီ မျှလောက်ထိ ဆင်းပြီး အေးသည်။

ဒီဇင်ဘာ ၆-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ ရာသီဥတု အေးလွန်းလို့ဆိုပြီး မြန်မာ သင်္ဘောသားတွေကို စတိုထဲက အရက်တွေ ထုတ်ရောင်းသည်။ သောက်တတ်သူများက တစ်ယောက် တစ်ပုလင်း

http://www.linhtet.com



ထုတ်ကြသည်။ တစ်ယောက်ကို တစ်ပုလင်းသာ ဝယ်ယူခွင့် ပြုသည့်အတွက် သောက်တတ်သူတွေက မသောက်တတ်သူတွေကို ပိုက်ဆံပေးပြီး ဝယ်ခိုင်းသည်။ အခန်းတိုင်း အခန်းတိုင်းမှာ အရက်ဝိုင်းတွေ ဖွဲ့သောက် ကြတော့သည်။ ဒီသင်္ဘောမှာ မြန်မာ သင်္ဘောသားကို အရက်မရောင်း၊ ဘီယာပဲ ရောင်းသည်။ ဒီနေ့တော့ အထူး အခွင့်အရေး ပေးသည့်အနေဖြင့် ရောင်းချပေးခြင်း ဖြစ်သည်။

ညနေစာကိုပင် မစားဘဲ သောက်ကြတော့သည်။ တတိယအရာရှိ ဟန်မြင့်၏ အခန်းမှာ တတိယအင်ဂျင်နီယာ ကိုခင်မောင်ညွှန့်ပါ ရောက်ရှိနေပြီး အတူ အရက် သောက်နေကြသည် ဆိုသည့်သတင်းကို ကြားလို့ ကိုအဏ္ဏဝါ သွားကြည့်သည်။ ဟုတ်သည် ဟန်မြင့်၏ အခန်းမှာ ကိုခင်မောင်ညွှန့် ရောက်နေသည်။ ပြုံးပြုံးရွှင်ရွှင်၊ ပျော်ပျော်ပါးပါး အတူသောက်နေကြသည်။ ဟန်မြင့်နှင့် ကိုခင်မောင်ညွှန့်သည် စကားများငြိထားကြလို့ နှုတ်မဆက် စကားမပြောဘဲနေတာ တစ်လကျော်ပြီ ဖြစ်သည်။ အခု ပြန်လည်သင့်မြတ်သည့် အထိမ်းအမှတ်ဖြင့် အတူ သောက်နေကြခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါ ဝမ်းသာသွားသည်။ မြန်မာတွေ အချင်းချင်း အသင့်မတင့် ဖြစ်နေလျှင် ဂရိတွေရဲ့ နှိပ်စက်မှုကို ပိုပြီး ခံရမည် ဖြစ်သည်။

အဲဒီညက ကိုအဏ္ဏဝါသည် အိပ်မပျော်သည့်အပြင်၊ ပြင်သစ်က လွှင့်သည့် ရုပ်မြင်သံကြားကို ကြည့်နေခြင်း ဖြစ်သည်။ ညသန်းခေါင်အချိန် တစ်နာရီလောက်မှာ တက်မကိုင် အောင်မြင့်သည် တက်မစင်မှာ တာဝန်ကျနေရာမှ သင်္ဘောသား ထမင်းစားခန်းထဲသို့ ရေးကြီးသုတ်ပျာဖြင့် ပြေးဆင်းလာသည်။ တစ်စုံတစ်ခုကို သုတ်ရန် အဝတ်စုတ် လာရှာခြင်း ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ ကြောက်ရွံ့ တုန်လှုပ်နေသည့် လက္ခဏာ တွေ့ရသည်။

"အာအိုကြီး ဟန်မြင့် မှောက်နေပြီ တက်မစင်မှာ လဲကျနေပြီ"

"ဟင် ဘာဖြစ်လို့လဲ"

"နောက်မှ၊ နောက်မှ"

အခု မပြောသေးဘူး၊ နောက်မှ ပြောပြမည်ဆိုသည့် သဘောဖြစ်သည်။ ဟန်မြင့်သည် တစ်ညနေလုံး အရက် သောက်ထားသူ

http://www.linhtet.com



ဖြစ်သည်။ မှူးပြီးလဲကျတာလား စဉ်းစားရတော့သည်။ ဟန်မြင့်သည် တတိယ အရာရှိဖြစ်လို့ သူ့ ဂျူတီသည် ည ၈-နာရီမှ ၁၂-နာရီအထိသာ ဖြစ်သည်။ အခု ညသန်းကောင် ၁-နာရီ ထိုးနေပြီဖြစ်သည်။ ဒုတိယ အရာရှိ ကိုကျော်မြင့် ဖျားနေလို့ နှစ်ယောက်စာ ဂျူတီဝင်နေရတာ ဖြစ်သည်။ ဘာကြောင့် လဲကျပါလိမ့်ဆိုပြီး တက်မစင်ကို ပြေးတက်သွားကြည့်သည်။

တက်မစင်ပေါ်မှာ ကပ္ပီတန်က လမ်းလျှောက်နေသည်။ ဟန်မြင့်ကို တက်မကိုင် အောင်မြင့်က ပွေ့ထူထားသည်။ ဟန်မြင့်သည် ခြေပစ်လက်ပစ် ထိုင်လျက်ကြီး သတိလစ်နေသည်။ ကိုအဏ္ဏဝါက အံ့သြလွန်းလို့ ဘာဖြစ်တာလဲဟု မေးသည်။ ဟန်မြင့်၏ ပါးစပ်က စီးကျနေသည့် သွေးတွေသည် ဟန်မြင့်၏ တစ်ကိုယ်လုံးနှင့် ကြမ်းခင်းမှာ ရွှဲနေသည်။ ကိုအဏ္ဏဝါ၏ အမေးကို အောင်မြင့်က မဖြေ၊ ဟန်မြင့်က သတိလစ်နေလို့ မဖြေနိုင် ဖြစ်နေသည်။ ကပ္ပီတန်ကိုပါ တက်မစင်မှာ တွေ့နေရလို့ ဒီကိစ္စဟာ ကပ္ပီတန်ရဲ့ လက်ချက်ပဲလို့ သိလိုက်သည်။ တက်မစင်သို့ တက်သည့် လှေကားမှ ကိုကျော်မြင့် ပြေးတက်လာသည်။ လက်ထဲမှာ တစ်စုံတစ်ခု ပါလာသည်။ လက်ဝါးနှစ်ခုကို ပွတ်ပြီး သတိလစ်နေသည့် ဟန်မြင့်၏ နှာခေါင်းဝကို တေ့လိုက်ရာ ဟန်မြင့်သည် နှာချေသလို ပွင့်သွားပြီး သတိပြန်ရသွားသည်။ သတိရသည်နှင့် ကိုအဏ္ဏဝါကို အော်ခေါ်တော့သည်။

"အာအိုကြီး၊ အာအိုကြီးကို ခေါ်ပေးပါ"

"ဟန်မြင့် ငါ ရှိတယ်၊ နင့်အနားမှာ ငါ ရှိတယ်၊ မင်း ဘာဖြစ်တာလဲ ပြောစမ်း"

"အာအိုကြီး ကျွန်တော့်ကို ဟိုကောင်ကြီး နှိပ်လိုက်တာ"

ဟန်မြင့်သည် ပြောပြီး သတိ လစ်သွားပြန်သည်။ ဟိုကောင်ကြီးဆိုတာ ကပ္ပီတန်ကို ပြောခြင်း ဖြစ်သည်။ ကိုကျော်မြင့်သည် ဟန်မြင့်ကို သတိရလာအောင် ယခင် လုပ်သည့်အတိုင်း လုပ်ပြန်ရာ နှာချေသလို ချေပြီး သတိ ပြန်ရလာပြန်သည်။ ကိုကျော်မြင့်က လျှက်ဆားနှင့် ထုံးကို ရောပြီး လက်ဖြင့်ပွတ်၍ ရှူခိုင်းခြင်း ဖြစ်သည်ဟု သိရသည်။ သတိရလာသည်နှင့် ပြောပြသည်။

http://www.linhtet.com



"အာအိုကြီး ကျွန်တော့်ကို ကပ္ပိတန် ကိုင်ပေါက်လိုက်တာ အာအိုကြီး ကူညီပါ"

ဟန်မြင့်ကို ကပ္ပိတန် ကိုင်ပေါက်လို့ ပါးစပ်က သွေးတွေ ဒလဟော ကျနေသည်။ ကိုကျော်မြင့်နှင့် တက်မကိုင် အောင်မြင့်သည် ကိုအဏ္ဏဝါကို ဘာမျှ မပြောတာ ဘာသဘောလဲ၊ နေမကောင်းပါဘူးဆိုပြီး အိပ်ရာထဲက မထနိုင်သည့် ကိုကျော်မြင့်က ဘာကြောင့် ရောက်လာရတာလဲ၊ ဘယ်သူကခေါ်လို့ တက်မစင်ကို ပြေးတက်လာရတာလဲ၊ ကိုအဏ္ဏဝါ၏ ဒေါသသည် အရာရာကို ရင်ဆိုင်ဖို့ အသင့် ဖြစ်သွားသည်။ ထိုင်နေရာမှ ထပြီး ကပ္ပိတန်ကို ရင်ဆိုင်လိုက်သည်။ ကပ္ပိတန်သည် အရပ် ၆ ပေ လောက် မြင့်သည်။ ကိုအဏ္ဏဝါထက် ဗလကောင်းသည်။ ဒါပေမဲ့ ကိုအဏ္ဏဝါ သွေးပူနေပြီ၊ သူသေကိုယ်သေ ဖြစ်ချင်ရာဖြစ် ဆိုပြီး မျက်နှာချင်း ဆိုင်လိုက်သည်။

"ကပ္ပိတန် ဒါ ဘာဖြစ်တာလဲ"

"ငါ မသိဘူး၊ သူ့ဟာသူ အရှိန်နဲ့ လဲကျတာ"

"မဟုတ်ဘူး၊ ခင်ဗျား ကိုင်ပေါက်တာလို့ သူပြောနေတယ်"

"ငါ လုပ်တာ မဟုတ်ဘူး"

ဒီအခြေနေမှာ ကိုကျော်မြင့်နှင့် အောင်မြင့်တို့ရဲ့ ရပ်တည်ချက်ဟာမူ မမှန်သလို ဖြစ်နေသည်။ သူ့လူ ကိုယ့်ဘက်သားလို ဖြစ်နေသည်။ ကိုကျော်မြင့်က ရန်ကုန်မှာ ရှိတဲ့ ဦးစောရွှေထီးရဲ့ လက်ထဲက ဒီကုမ္ပဏီကိုယ်စားလှယ်ရာထူးကို ယူဖို့ ချိန်နေသည်ဟု ကြားသိထားပြီး ဖြစ်သည်။ အောင်မြင့်ကလည်း တက်မကိုင် ဘ၀ကနေ သင်္ဘောသား ခေါင်းဆောင် (ဘိုဆင်) ရာထူးကို မျှော်နေသူဟု သိထားသည်။ သံသယ ဖြစ်စရာ ဖြစ်နေသည်။

"ဘာပဲဖြစ်ဖြစ် ဟန်မြင့်ကို ဆေးရုံ တင်ရမယ်၊ ကွာရန်တိုင်းကို ခေါ်ပေးပါ"

ကပ္ပိတန်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ကွာရန်တိုင်း (QUARANTING) ဆိုတာကို သင်္ဘောသားနှင့် ပတ်သက်သည့် ကျန်းမာရေးဌာန ဖြစ်သည်။ သင်္ဘောသားတို့၏ ကျန်းမာရေးနှင့် ပတ်သက်လာလျှင် အတော် အာဏာရှိသော အဖွဲ့အစည်း ဖြစ်သည်။

http://www.linhtet.com



“ခေါ်စရာမလိုဘူး၊ သင်္ဘောက ဆေးတွေနဲ့ ကုသလို့ ရတယ်”

“မလိုချင်ဘူး၊ ကျေးဇူးပြုပြီး ခေါ်ပေးပါ။ ခင်ဗျား မခေါ်ရင် ကျွန်တော် ခေါ်ရလိမ့်မယ်”

ကိုအဏ္ဏဝါက ပြောပြောဆိုဆိုပင် ရေဒီယို တယ်လီဖုန်းခွက်ကို လှမ်းကြည့်လိုက်သည်။ တကယ် လုပ်တော့မည် ဆိုတာကို သိတော့မှ ကပ္ပီတန်သည် ရေဒီယို တယ်လီဖုန်း (VHF) ကို ဖြုတ်ကိုင်ပြီး ပြင်သစ် ကွာရန်တိုင်းကို လှမ်းခေါ်သည်။ ကိုအဏ္ဏဝါ ကိုယ်တိုင်ခေါ်လျှင် သင်္ဘောပေါ်မှာ တိုက်ခိုက်မှု ဖြစ်တယ်၊ ရာဇဝတ်မှု ဖြစ်တယ်၊ ရဲပါ ခေါ်လာခဲ့ပါလို့ ပြောမှာ ကြောက်ပြီး သူကိုယ်တိုင် ခေါ်ပေးခြင်း ဖြစ်သည်။

ပြင်သစ် ကွာရန်တိုင်းက သူတို့ အခု လာခဲ့ပါမည်ဟု ပြောသည်။ ဟန်မြင့်သည် သတိပြန်ရလာပြီး ကိုအဏ္ဏဝါကိုသာ တကြော်ကြော် ခေါ်နေသည်။

“အာအိုကြီး ကျွန်တော့်ကို ဆေးရုံ တင်နိုင်အောင် လုပ်ပေးပါ”

“လုပ်ပေးမယ်၊ လုပ်ပေးမယ်၊ ကွာရန်တိုင်းကို ခေါ်ထားပြီးပြီ”

နာရီဝက်လောက် အကြာမှာ မီးထိုးပြီး လာနေသည့် မော်တော်တစ်စင်းကို တွေ့ရသည်။ နာရီကို ကြည့်လိုက်တော့ ည သန်းခေါင် ၂-နာရီ ခွဲနေပြီ ဖြစ်သည်။ ကိုအဏ္ဏဝါသည် ကိုခင်မောင်ညွန့်ကို ဖုန်းဆက်ခေါ်လိုက်သည်။ တက်မစင်မှာ ဖြစ်နေသည့် ကိစ္စကိုလည်း ပြောပြလိုက်သည်။ ကိုခင်မောင်ညွန့်သည် အိပ်မှုန် စုံမွှားဖြင့် တက်မစင်ကို ရောက်လာသည်။

## သူပုန်ထကြခြင်း

ပြင်သစ် ကွာရန်တိုင်း အဖွဲ့ဝင် သုံးယောက်သည် အဝါရောင် ဝတ်စုံတွေကို ဝတ်ထားကြပြီး လိမ္မော်ရောင် အသက်ကယ် ရေကူးဖော့ပြားတွေကို ဂျာကင်အင်္ကျီ လက်ပြတ်ဝတ်သလို ဝတ်လာကြသည်။ ပြင်သစ် ကျန်းမာရေးအဖွဲ့က ဘာဖြစ်တာလဲဟု မေးသည်။ ကိုအဏ္ဏဝါကို ဖြေခွင့်မပေးဘဲ ကပ္ပီတန်က ပြင်သစ်ဘာသာ စကားဖြင့် ဖြေလိုက်သည်။

http://www.linhtet.com



ပြင်သစ် လူမျိုးတွေကလည်း အင်္ဂလိပ်စကားကို မပြောတတ်၊ မပြောချင် သူတွေ ဖြစ်သည်။ ကပ္ပီတန်နဲ့သာ စကား ပြောတော့သည်။

ကပ္ပီတန်သည် ဟန်မြင့်ကို ဆေးရုံမတင်ဘဲ သင်္ဘောမှာ ရှိသည့် ဆေးတွေဖြင့်သာ ကုသလို့ရအောင် ပြောနေသည်ဟု ယူဆရသည်။ ပြင်သစ် ဆရာဝန်က ဟန်မြင့်ရဲ့ အခြေအနေကို စစ်ဆေး ကြည့်ရှုပြီး ခေါင်းခါသည်။ ဆေးရုံကို တင်ရမည်ဟု ပြောသည်။

ဟန်မြင့်ကို ဆေးရုံတင်ရမည်ဆိုတော့ ကိုအဏ္ဏဝါက ဆေးရုံကို လိုက်သွားရန် ပြင်သည်။ ကပ္ပီတန်က ခွင့်မပြု၊ ကိုကျော်မြင့်ကိုသာ လိုက်သွားရန် အမိန့်ပေးသည်။ ကိုကျော်မြင့်သည် နေမကောင်းလို့ ဂျူတီတောင် မဝင်နိုင်သူ ဖြစ်သည်။ သူ့ ဂျူတီကို ဟန်မြင့်က ယူပေး နေစဉ် အခုလို ဖြစ်ခြင်းဖြစ်သည်။ ဒါပေမဲ့ ကိုကျော်မြင့်က ဆေးရုံကို သူပဲ လိုက်သွားမည်ဟု ပြောသည်။ ဒါသည်ပင်လျှင် နောင်ဖြစ်လာမည့် ကြီးမားသည့် ပြဿနာကို ကြိုတင် ကာကွယ်နိုင်ရေးအတွက် ကိုကျော်မြင့် ကို အတင်း တွန်းထည့်လိုက်ခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါ၏ ဒေါသသည် အထွတ်အထိပ်သို့ ရောက်လာပြီ ဖြစ်သည်။

"ကိုကျော်မြင့်၊ ဒါဟာ ရာဇဝတ်မှုနော်၊ ခင်ဗျား ဘာလုပ်ရမယ် ဆိုတာ သိတယ် မဟုတ်လား၊ ဒီကိစ္စဟာ မပြီးဘူးနော်"

"စိတ်ချပါဗျာ၊ ကျွန်တော်လည်း မြန်မာလူမျိုးပါ"

ဒီအချိန်မှာတော့ သင်္ဘောပေါ်မှာ ရှိသူ အားလုံး နိုးကုန်ကြပြီ ဖြစ်သည်။ ဟန်မြင့်ကို လူနာကပ်ပေါ်တင်ပြီး ကရိန်းဖြင့် မော်တော်ပေါ် ကို ချသည်။ ရာသီဥတု အတော် ဆိုးရွားနေသည်။ နှင်းတွေ အဆုပ်လိုက် အဆုပ်လိုက် ကျနေသည်။ လေ တဟူးဟူး တိုက်ခတ်နေသည်။ ပြင်သစ် ဆောင်းရာသီရဲ့ အအေးဒဏ်ကို ဟန်မြင့်သည် သတိရတစ်ချက် မရ တစ်ချက်ဖြင့် ခံစားရင်း မော်တော်ဖြင့် လိုက်ပါသွားသည်။

ကိုအဏ္ဏဝါနှင့် ကိုခင်မောင်ညွန့်တို့သည် သင်္ဘောသား ထမင်းစား ခန်းထဲမှာ သွားထိုင်ကြသည်။ မိုးလင်းခါနီးနေပြီဖြစ်လို့ မြန်မာ သင်္ဘော သား အားလုံးကို တယ်လီဖုန်းဆက်ပြီး နှိုးလိုက်သည်။ အားလုံး လာ ရောက်ပြီး ထမင်းစားခန်းမှာ စုရုံးကြရန် ပြောလိုက်သည်။ တက်မစင်မှာ

http://www.linhtet.com



တာဝန်ကျနေသည့် ဖိုးလုံးခေါ် အောင်မြင့်ကို လှမ်းခေါ်လိုက်သည်။ မေးတော့ စစ်တော့မည်ဆိုတာ သိလို့ အောင်မြင့်က မလာချင်၊ ဂျူတီ ဝင်နေရပါသည်ဟု ပြန်ပြောသည်။ ကိုမြင့်သိန်းကို လူစား ဝင်ခိုင်းလိုက်တော့မှ အောင်မြင့် ရောက်လာပြီး အစစ်ခံသည်။

"ကဲ ခင်ဗျားက မျက်မြင် သက်သေဆိုတော့ ဘာဖြစ်တာလဲ ပြောပါဦး"

"စံပေါ မှားတာ အာအိုကြီး"

"ဘယ်သူ မှားတယ်၊ မှန်တယ်ဆိုတာ အသာထား၊ ဘာဖြစ်တာလဲ"

စံပေါဆိုတာ အောင်မြင့် (ဖိုးလုံး)က ဟန်မြင့်ကို ချစ်စနိုး ခေါ်သော နာမည်ဖြစ်သည်။ ဟန်မြင့်က မူးနေသည်။ ဂရိတွေကို မကျေ နပ်သည့် စိတ်က မူးလာသည့်အခါ ပေါက်ကွဲချင်လာသည်။ ကိုကျော်မြင့် နေမကောင်းလို့ဆိုပြီး ကိုကျော်မြင့်ရဲ့ ဂျူတီကို သူ့ကို ယူခိုင်းသည်။ ကိုကျော်မြင့်ရဲ့ ဂျူတီကို သူက ယူရမည်ဆိုလျှင် သူ့ဂျူတီ ဖြစ်သည့် ည-၈ နာရီမှ မိုးလင်းခါနီး ၄-နာရီ အထိ ဟန်မြင့်ကိုပဲ ကပ္ပီတန်က ယူခိုင်းသည်။ ဒါကိုလည်း မကျေနပ် ဖြစ်နေသည်။ ဂရိ အရာရှိတွေကို မကျေနပ်သည့် အကြောင်းတွေကို အောင်မြင့်နှင့် ပြောနေကြရင်းက စိတ်မထိန်းနိုင် ဖြစ်လာပြီး သင်္ဘောနံရံကို လက်သီးဖြင့် ထိုးသည်။ ခြေဖြင့် ကန်သည်။ ဗုန်းဒိုင်း မြည်သွားသည်။ သူကန်နေသည့် တက်မစင် သည် ကပ္ပီတန်တို့လင်မယား အိပ်သည့် အခန်းနှင့် ကိုအဏ္ဏဝါရဲ့ အိပ်ခန်း အပေါ် တည့်တည့်မှာရှိသည်။ ကိုအဏ္ဏဝါက ထမင်းစားခန်းထဲမှာ ရုပ်မြင် သံကြား ကြည့်နေလို့ ဟန်မြင့် ပိတ်ကန်နေသည့် ဗုန်း ဒိုင်း အသံကို မကြားလိုက်သော်လည်း ကပ္ပီတန်တို့ လင်မယားက ကြားပြီး အိပ်ရာက လန့်နိုးသွားကြသည်။

ကပ္ပီတန်သည် စိတ်ဆိုးမာန်ဆိုးဖြင့် တက်မစင်ကို တက်လာ သည်။ ညအိပ် ဝတ်စုံမဟုတ်ဘဲ ဂျင်းဘောင်းဘီနှင့် စပို့ရှပ်ကို ဝတ်လာ သည့်အတွက် လိုအပ်လျှင် တိုက်ခိုက်ဖို့ အသင့် ပြင်လာတာ ဖြစ်နိုင် သည်။ ဟန်မြင့်ကို ခါးလက်ထောက် ကြည့်ပြီး မေးသည်။

http://www.linhtet.com



"မင်း ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ဘူး"

"ဘာမှ မဖြစ်ဘူးဆိုတော့ ဗုန်းဒိုင်းလုပ်တာ ဘယ်သူလဲ"

"မသိဘူး၊ ကျွန်တော်တို့ ဘာမှ မလုပ်ဘူး"

ကပ္ပိတန်သည် ဟန်မြင့်ကို မျက်စောင်းထိုးကြည့်ပြီး မဲ့ပြုံး ပြုံးလိုက်သည်။ ရှုံ့ခနဲ တစ်ချက် အသံထွက်အောင် နှာမှုတ်လိုက်သည်။ ခါးလက်ထောက်ပြီး တက်မစင်မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ဘာပြောရလျှင် ကောင်းမလဲဟု စဉ်းစားနေဟန် တူသည်။ ဟန်မြင့်ကလည်း မခန့်လေးစားဟန်ဖြင့် မတ်တတ်ရပ်ပြီး စီးကရက်ဖွာနေသည်။ ကပ္ပိတန်သည် ဟန်မြင့်ကို စေ့စေ့ကြည့်ပြီး ပြောသည်။

"မင်းတို့ မြန်မာတွေကို ရေပဲ တိုက်ထားဖို့ ကောင်းတယ်"

"ဒါပေါ့၊ ကျွန်တော်တို့ကို ရေပဲတိုက်ပြီး ကျွန်တော်တို့အတွက် စားစရိတ်တွေကို ခင်ဗျား အိတ်ထဲချည်း ထည့်ပေါ့"

ကပ္ပိတန်သည် မမျှော်လင့်သော စကားကို ကြားလိုက်ရသည့်အပြင် အောင်မြင့်ရဲ့ရှေ့မှာ အပြော ခံလိုက်ရသည့်အတွက် အကြီး အကျယ် ရှက်သွားသည်။ ဟန်မြင့်ရှိရာကို ပြေးလာပြီး ဟန်မြင့်၏ အင်္ကျီဂုတ်ကို ဘယ်လက်ဖြင့် ဆုပ်ကိုင်သည်။ ယာလက်ဖြင့် ဟန်မြင့် ဝတ်ထားသည့် ဂျင်းဘောင်ဘီ ခါးပတ်ကို ကိုင်မြှောက်ပြီး ကြမ်းပြင်ပေါ် ပေါက်ချလိုက်တော့သည်။ ဟန်မြင့်သည် တစ်ချက်တည်း သေသွားသည့် အလား မလှုပ်မယှက်ဖြင့် မှောက်လျက် သတိလစ်နေတော့သည်။

ပါးစပ်က စီးကျလာသည့် သွေးတွေကို သဲလွန်စ ဖျောက်ရန် ရရာ အဝတ်ဖြင့် အောင်မြင့်က သုတ်သေးသည်။ များသည်ထက် များလာသောအခါ အဝတ်စုတ် ရှာရန်အတွက် အောက်ကို ပြေးဆင်းလာစဉ် ထမင်းစားခန်းထဲမှာ ထိုင်ပြီး ရုပ်မြင်သံကြား ကြည့်နေသည့် ကိုအဏ္ဏဝါနဲ့ တွေ့သွားခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါနဲ့သာ မတွေ့ပါက ဒီအမှုဟာ အသေးအဖွဲ့ ဖြစ်သွားနိုင်သည်။

ကဲ တို့မြန်မာတွေ ဘာလုပ်ကြမလဲ တိုင်ပင်ကြရတော့သည်။ နိုပ်စက်မှုနှင့် ရက်စက်မှုကတော့ ကမ်းကုန်သွားပြီ ဖြစ်သည်။ ဒီကိစ္စကြီး

http://www.linhtet.com



မျိုးကို ငြိမ်ခံလိုက်လျှင် ဒါမျိုးတွေ နောက်ထပ် ဆက်တိုက် လုပ်လာတော့မည် ဖြစ်သည်။

မြန်မာ သင်္ဘောသားတွေ အပေါ်မှာ တပည့်သားမြေးလို သဘောမထားနိုင်ဘဲ ရက်စက် ကြမ်းကြုတ်သည့် ကပ္ပိတန်၊ ပထမအရာရှိတို့နှင့် အတူ မလုပ်တော့ဖို့ ဆုံးဖြတ်ကြသည်။ သူတို့ နှစ်ယောက်ကို အလုပ်ဖြုတ်မလား၊ မြန်မာ သင်္ဘောသား ၁၇-ယောက်ကို ဖြုတ်မလား အကြောင်းပြန်ပါလို့ သင်္ဘောကုမ္ပဏီကို ကြေးနန်းပို့ရန် ဆုံးဖြတ်ကြသည်။ ကြေးနန်းကို ကိုအဏ္ဏဝါက ရေးရန် တာဝန်ယူလိုက်သည်။

ကိုအဏ္ဏဝါသည် ၈-၁၂-၈၇ နေ့စွဲဖြင့် ကြေးနန်း တစ်စောင်ကို အင်္ဂလိပ်လို ရေးသည်။ မြန်မာ သင်္ဘောသား ၁၇-ယောက်ကို လက်မှတ်ထိုးနိုင်ရန် နာမည်နှင့် ရာထူး အဆင့်တွေပါ ထည့်သည်။ ကြေးနန်း၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(အောက်တွင် လက်မှတ်ရေးထိုးထားသော မြန်မာ သင်္ဘောသားများသည် ရက်စက်သော၊ ကြင်နာမှု ကင်းမဲ့သော၊ နိုင်ထက်စီးနင်း ပြုလုပ်တတ်သော ကပ္ပိတန် ကွန်စတာဒီနိုမီပေးနှင့် ပထမအရာရှိ ကိုလီမင်ဇိုသိယိုပါးနစ်တို့နှင့် အတူတကွ အလုပ် မလုပ်နိုင်တော့ပါ၊ သူတို့နှစ်ယောက်ကို သော်လည်းကောင်း၊ ကျွန်ုပ်တို့ မြန်မာ သင်္ဘောသားတွေကို သော်လည်းကောင်း၊ အလုပ်ဖြုတ်ပစ်တာကို လိုလားပါသည်။ သို့မဟုတ်ပါက နောင်ဖြစ်လာမည့် ပြဿနာတွေအတွက် ကျွန်ုပ်တို့မှာ တာဝန် ရှိလိမ့်မည် မဟုတ်ပါ။)

မည်သို့ပင်ဖြစ်စေ ဘိုလုန်း ဆိပ်ကမ်းကို သင်္ဘော ဆိုက်ကပ်ပြီးပါက ကပ္ပိတန်နှင့် ပထမအရာရှိတို့ သင်္ဘောက မဆင်းမချင်း ကျွန်ုပ်တို့ အလုပ် မလုပ်ဘဲ နေကြမည် ဖြစ်သည်။

| | အမည် | အဆင့် | လက်မှတ် |
|---|---|---|---|
| ၁။ | ကျော်မြင့် | ဒုတိယ အရာရှိ | |
| ၂။ | ဟန်မြင့် | တတိယ အရာရှိ<br>(ကပ္ပိတန်ရိုက်လို့ ဆေးရုံတင်ထားရသည်။) | |

http://www.linhtet.com



| | | |
|---|---|---|
| ၃။ | စိုးမြင့် | ဆက်သွယ်ရေးအရာရှိ |
| ၄။ | ခင်မောင်ညွန့် | တတိယ အင်ဂျင်နီယာ |
| ၅။ | သိန်းတစ် | စတုတ္ထ အင်ဂျင်နီယာ |
| ၆။ | စိုးသန်း | ဆီလောင်း |
| ၇။ | သောင်းဟန် | ဆီလောင်း |
| ၈။ | မင်းဟန် | ။ |
| ၉။ | ဦးစိန် | ဘိုဆင် |
| ၁၀။ | စိုးပိုင် | အေဘီ |
| ၁၁။ | ဦးထွေး | ။ |
| ၁၂။ | ကျော်ဟိန်း | ။ |
| ၁၃။ | မြင့်သိန်း | ။ |
| ၁၄။ | ဝမ်ရှိန် | ။ |
| ၁၅။ | အောင်မြင့် | ။ |
| ၁၆။ | ကျော်စိန် | ထမင်းချက် |
| ၁၇။ | သာဒင် | စားပွဲထိုး |

၈-ရက်နေ့ နံနက်တွင် အထက်ပါ စာရွက်ကို လက်မှတ်ထိုးကြသည်။ ဒီသတင်းသည် ကပ္ပိတန်ဆီကို ချက်ချင်း ရောက်သွားသည်။ နံနက် ၁၀-နာရီတွင် ကိုအဏ္ဏဝါကို ကပ္ပိတန်က ဖုန်းဆက်ခေါ်သည်။ ကိုအဏ္ဏဝါက သတိဖြင့် တက်သွားလိုက်သည်။ သူ့အခန်းထဲကို မဝင်မိအောင် သတိထားသည်။ အခန်းပြင်က စကားပြောသည်။

"အာအို ငါ တယ်လီဖုန်းခေါ်ထားတဲ့ ဖုန်းခေါ်ခတွေ တွက်ပေးပါ"

ကိုအဏ္ဏဝါက အိုကေလို့ပြောပြီး လှည့်ထွက်လာခဲ့သည်။ လဆန်း ၈-ရက်ပဲ ရှိသေးသည်။ သူ့စာရင်းကို ပိတ်ခိုင်းသည်ဆိုတော့ ဒီငနဲကြီး ပြန်တော့မည်ဟု နားလည်လိုက်သည်။ အိပ်ရေး ပျက်သော်လည်း ဒေါသထွက်နေလို့ မအိပ်နိုင် ဖြစ်နေသည်။ ဒေသကိုယ်စားလှယ် သင်္ဘောပေါ်တက်လာလျှင် လက်မှတ်ထိုးထားသည့် စာရွက်ကို ပေးရန် စိတ်စောနေသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com





MV. [illegible]
(Liberia)
8th December, 1987.
BOULOGNE, FRANCE.

TO WHOM IT MAY CONCERN.

We, undersigned Burmese crew, unable to carry on service together with the cruel, mercyless and tyrannical Captain [illegible] MIHAIL and Chief Officer [illegible]. We want either both of them or us(Burmese crew) must be signedoff. Otherwise we will not responsible for the later problems.

Nevertheless, we will stop all daily works after vessel alongside at port BOULOGNE until they(Captain and Chief Officer) leaving the vessel.

| Name. | Rank. | Signature. |
| --- | --- | --- |
| 1. KYAW MYINT | 2nd Officer | |
| 2. HAN MYINT | 3rd Officer ( Hospitalised by Captain's fight) | |
| 3. SOE MYINT | Radio Officer | |
| 4. KHIN MG MYINT | 3rd Engineer | |
| 5. THEIN TUT | 4th Engineer | |
| 6. SOE THAN | Oiler | |
| 7. THAUNG HAN | " | |
| 8. MAN HAN | " | |
| 9. U SHIN | Bosun | |
| 10. SOE PAING | A/B | |
| 11. U AIK | " | |
| 12. KYAW HEIN | " | |
| 13. MYINT THEIN | " | |
| 14. HAN SHEIN | " | |
| 15. AUNG MYINT | " | |
| 16. KYAW SHIN | Cook | |
| 17. THA ZIN | Messman | |

ညနေ ၄-နာရီမှာ သင်္ဘော ဆိပ်ကမ်းကပ်သည်။ သင်္ဘောပေါ် တက်လာသည့် ဒေသကိုယ်စားလှယ်နှင့်အတူ ဆေးရုံကို လိုက်သွားသည့် ကိုကျော်မြင့် ပြန်လာသည်။ သူပါ ဆေးရုံတက်ပြီး နှပ်နေခဲ့တာ ဖြစ်သည်။ ဆေးရုံက ပေးလိုက်သည့် အားဆေးတွေ တစ်ထွေ့တစ်ပိုက် ပါလာသည်။

ဟန်မြင့်၏ အပေါ်သွားသုံးချောင်း ကျိုးသွားသည်ဟု သိရသည်။ ဒီကိစ္စအတွက် ဘာတွေ ဆောင်ရွက်ခဲ့သလဲလို့ မေးကြည့်သည်။ ဆိပ်ကမ်း အာဏာပိုင် အဖွဲ့ကိုလည်း တိုင်ခဲ့သည်။ ရဲကိုလည်း တိုင်ခဲ့သည်ဟု ပြောသည်။ စကားပြောပုံကို အားမရလို့ နည်းနည်း ဒေါသ ထွက်မိသည်။

http://www.linhtet.com



ရေးထားသည့် ကြေးနန်းစာရွက်မှာ လက်မှတ် ထိုးခိုင်းလိုက်သည်။ ကိုကျော်မြင့်၏ အခန်းက ပြန်အထွက်မှာ ဂရိ ပထမအရာရှိနှင့် မျက်နှာချင်းဆိုင် တိုးကြသည်။ သူကလည်း သူ့အခန်းက အထွက်၊ ကိုအဏ္ဏဝါကလည်း ကိုကျော်မြင့် အခန်းက အထွက်မှာ ဆုံကြခြင်း ဖြစ်သည်။ ဂရိအရာရှိသည် ကိုအဏ္ဏဝါကို လေသံမာမာဖြင့် မေးသည်။

"ဒုတိယ အရာရှိ သူ့အခန်းထဲမှာ ရှိသလား"

"ငါ မသိဘူး၊ မင်းဟာမင်း သွားကြည့်"

ကိုအဏ္ဏဝါသည် ပြောပြီး သူ့ရင်ဘက်ကို ဆောင့်တွန်းလိုက်တာ ပက်လက်လန် လဲကျသွားသည်။ ပြန်ထလာပြီး ဘာလုပ်မလဲလို့ ရပ်ကြည့်နေသေးသည်။ ဘာမှ ပြန်မလုပ်သည့်အတွက် ကိုအဏ္ဏဝါ လှည့်ထွက်လာခဲ့သည်။ ကိုအဏ္ဏဝါသည် သင်္ဘောကပေးသည့် အနွေးထည် ဂျာကင်ပွပွကြီးကို ဝတ်ထားသည်။ နောက်ကျောက ဘောင်းဘီကြားမှာ အသွား ရှစ်လက်မလောက်ရှိသည့် ဓားမြောင် တစ်ချောင်း အမြဲ ထိုးထားပြီး ဖြစ်သည်။ သူများကိစ္စမှာ မခံမရပ်နိုင်လို့ တစ်ယောက်တည်း ဆောက်တည်ရာမရ ဖြစ်နေသည်။ တိုင်းပြည်နှင့် လူမျိုးကို ထိပါး စော်ကား ခံနေရပြီလို့ ခံစားနေရလို့ မခံမရပ်နိုင် ဖြစ်နေသည်။ မြန်မာ သင်္ဘောသား ၁၆-ယောက်အနက် ၁၅-ယောက်က အေးအေးဆေးဆေး ပဲ၊ ကိုအဏ္ဏဝါ တစ်ယောက်တည်း ဆောက်တည်ရာမရ ဖြစ်နေသည်။ ငါ မှားများ နေပြီလားလို့ တွေးမိသေးသည်။ နောက်ဆုတ်ချင်စိတ် မရှိတော့သဖြင့် ရှေ့ဆက်တိုးရန် ဆုံးဖြတ်လိုက်သည်။

၉-ရက်နေ့မှာ ကိုခင်မောင်ညွှန့်က ကိုအဏ္ဏဝါ၏ အခန်းကို ဖုန်းဆက်သည်။ လက်မှတ် ထိုးထားသည့် စာရွက်ကို ကိုကျော်မြင့်က လိုချင်၍ လာတောင်းသည်ဟု ဆိုပါသည်။ ဖုန်းချလိုက်သည်နှင့် ကိုအဏ္ဏဝါ၏ အခန်းတံခါးကို ကိုကျော်မြင့် လာခေါက်သည်။ သင်္ဘောသား ၁၆-ယောက် လက်မှတ်ထိုးထားသည့် စာရွက်ကို လာတောင်းသည်။ သူကိုယ်တိုင် ဒေသကိုယ်စားလှယ်ကို သွားပေးမည်ဆိုလို့ ပေးလိုက်မိသည်။

ကိုကျော်မြင့်သည် ရွှေပြည်အေးသမား ဖြစ်သည်။ ပြဿနာကြီးထွားတော့မည် ဆိုတာကို သိသည်။ ဒီစာသည် ကုမ္ပဏီရုံးကို ရောက်

http://www.linhtet.com



သွားပြီဆိုလျှင် ပြဿနာ ကြီးထွားတော့မည် ဆိုတာကို သူသိသည်။ ဒီစာကို မပို့ဘဲ ဖျောက်ဖို့ ကြိုးစားသည်။ ကိုအဏ္ဏဝါက သူ့ကို စိတ်မချတော့လို့ အုပ်မိအောင် ပြန်လိုက်ဖမ်းရတော့သည်။ သူ့ အခန်းမှာပင် မိသည်။

"ကဲ ကိုကျော်မြင့် ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်အတူ ဒေသကိုယ်စားလှယ်ရုံးကို သွားမယ်၊ အဲဒီစာ ကျွန်တော်ကို ပြန်ပေး"

ကိုအဏ္ဏဝါကို မလွန်ဆန်နိုင်တော့လို့ ဒေသ ကိုယ်စားလှယ်ရုံးကို အတူသွားကြသည်။ ဒေသကိုယ်စားလှယ်ရုံးကလည်း ဆိပ်ကမ်းဝင်းထဲမှာပင် ရှိသည်။ ရုံးပေါ်ကို နှစ်ယောက်အတူ တက်သွားကြသည်။ လက်ထဲက စာရွက်ကို ကမ်းပေးရင်း ခပ်တင်းတင်း ပြောလိုက်သည်။

"ကျွန်တော်တို့က ဆီးဟော့စ် သင်္ဘောက အာအိုနဲ့ ဒုတိယအရာရှိတွေပါ၊ အခု အချိန်ကစပြီး ကျွန်တော့်ကို မြန်မာ သင်္ဘောသားတွေ ဆန္ဒ ပြနေပါပြီ၊ အလုပ် ရပ်လိုက်ပါပြီ၊ ဒီကြေးနန်းကို သင်္ဘော ကုမ္ပဏီရုံးကို ပို့ပေးပါ"

ဒေသကိုယ်စားလှယ်သည် အလွန် အံ့သြသည့် အမူအရာဖြင့် ကိုအဏ္ဏဝါတို့ကို ကြည့်နေသည်။ ကြေးနန်းကို ဖတ်ကြည့်သည်။ အလန့်တကြား ပခုံးတွန့်သည်။ ကိုအဏ္ဏဝါကို ပြုံးပြသည်။

"အိုကေ"

သင်္ဘောကို ပြန်ရောက်တော့ ကိုအဏ္ဏဝါက သင်္ဘောသား ထမင်းစားခန်းကို သွားထိုင်သည်။ မြန်မာ သင်္ဘောသားတွေ အားလုံး သပိတ်မှောက်လိုက်ပြီ ဖြစ်ကြောင်း ကြေညာလိုက်သည်။ ထမင်းစားခန်းအတွင်းက သင်ပုန်းမှာ မြန်မာ သင်္ဘောသားတွေ အားလုံး ဆန္ဒပြနေသည်။ (ALL BURMESE CREW ON STRIKE) ဟု စာလုံးကြီးကြီးဖြင့် ရေးထားလိုက်သည်။

❒

# [ ၉ ]
# မုန်တိုင်းစဲသော နေ့ရက်များ

သင်္ဘောပေါ်ရှိ မြန်မာသင်္ဘောသား ၁၆ ဦး မျက်နှာစုံညီ အစည်းအဝေး ပြုလုပ်ရန် လူစုနေတာ တစ်ဝက်လောက် ရောက်ရှိလာပြီ ဖြစ်သည်။ အင်ဂျင်ခန်းမှာ တာဝန်ကျနေသူတွေနှင့် အခန်းတွင်းက ထွက်မလာ ကြသေးသူတွေကို စောင့်နေကြသည်။ ဒီနေ့က စပြီး အလုပ် မလုပ် တော့ဘူးလို့ ကြေညာသော်လည်း ကုန်းပတ် သင်္ဘောသားတွေသာ အလုပ် မလုပ်ကြတာ ဖြစ်သည်။ ကုန်ထည့်ပေါက်တွေ မဖွင့်လို့ ပြင်သစ်ဆိပ်ကမ်း အလုပ်သမားတွေ အလုပ် မလုပ်နိုင် ဖြစ်နေသည်။ အင်ဂျင်ခန်းမှာ တာဝန်ကျနေသည့် ဆီလောင်း သင်္ဘောသားတွေကတော့ မီးစက်တွေကို မောင်းပေးနေရဆဲဖြစ်သည်။

## စားကိုဆွဲလို့ ရှေ့ကတက်ခဲ့သည်

မြန်မာ သင်္ဘောသားတွေ လူမစုံသေးလို့ မျက်နှာစုံညီ အစည်းဝေး ကျင်းပရန် စောင့်ဆိုင်းနေကြစဉ် ဂရိစားပွဲထိုးချုပ်သည် မထီလေးစား အမူအရာဖြင့် ထမင်းစားခန်း အဝမှာ လာရပ်နေသည်။ သူ ရပ်နေသည့်

http://www.linhtet.com



နေရာသည် ဂယ်လီလို့ခေါ်သည့် စားဖိုခန်းဘက် ဖြစ်သည့်အတွက် သူ့ နေရာလို့တော့ ပြောလို့ရသည်။

သို့သော် ဒီကောင်သည် တစ်ခါမျှ ဒီနေရာမှာ ရပ်လေ့ မရှိသူဖြစ်သည်။ ဒီနေ့ကျမှ ဒီနေရာမှာ ရပ်ပြီး မြန်မာတွေကို ကြည့်နေသည်။ မထီလေးစားသည့် အကြည့်လည်း ပါသည်။ ဘာလုပ်ကြမလဲ ဆိုတာကို ကြည့်နေသည့် သဘောလည်း ပါသည်ဟု ထင်မိသည်။ ဒီကောင်သည် ကိုအဏ္ဏဝါ အပါအဝင် မြန်မာအရာရှိတွေကို အရာရှိ စားသောက်ခန်းသို့ ဝင်ခွင့် မပြုသူ ဖြစ်သည်။ မြန်မာ သင်္ဘောသားတွေကို မငတ်ရုံ ရိက္ခာ ထုတ်ပေးနေသူ ဖြစ်သည်။ ကိုအဏ္ဏဝါသည် ဒီကောင့်ကို နှုတ်ဆက်စကား ပြောလည်း မလုပ်၊ အရေးလည်း မစိုက်ဘဲ နေခဲ့သည်။

ဒီနေ့တော့ ဒီကောင့်ကို ဒီလိုပုံစံနဲ့ မြင်လိုက်ရတယ် ဆိုလျှင်ပဲ ဒေါသ ထွက်လာသည်။ ထိုင်နေရာမှ ထရပ်ပြီး ဂရိ စားပွဲထိုးချုပ်ကို ထွက်သွားရန် မောင်းထုတ်လိုက်သည်။

"ဟေ့ကောင်၊ မင်း အခုထွက်သွား၊ ငါတို့ အစည်းအဝေး လုပ် မလို့"

"ဟာ မင်းတို့ဟာ မင်းတို့လုပ်ပေါ့၊ မင်းတို့ မြန်မာလို ပြောတာ ငါ ဘယ်လိုလုပ်ပြီး နားလည်နိုင်မှာလဲ"

"မလိုချင်ဘူး မင်း ဒီနေရာမှာ ရပ်ကြည့်နေတာကို မတွေ့ချင်ဘူး"

"မသွားဘူး၊ ငါ့ဟာငါနေတာပဲ"

"မင်း အမေ... ငါလာပြီ"

ကိုအဏ္ဏဝါသည် နောက်ကျောမှဝှက်ပြီး ထိုးထားသော ဓားမြှောင်ကို ဆွဲထုတ်ပြီး ထိုးရန် လိုက်တော့မှ ထွက်ပြေးတော့သည်။ ကိုအဏ္ဏဝါမှာ သွေးတွေ တအားတိုးပြီး မျက်နှာနှင့် နားရွက်တွေ နီရဲနေသည်။ ရင်တွေ တစ်အား ခုန်နေသည်။ အသားတွေ တုန်နေသည်။

ထွက်ပြေးသွားသည့် စားပွဲထိုးချုပ်သည် ကပ္ပိတန်၏ အခန်းကို ရောက်အောင်ပြေးပြီး ကပ္ပိတန်နှင့်အတူ သင်္ဘောသား ထမင်းစားခန်းကို ပြန်ရောက် လာသည်။ ဒီအချိန်မှာ မြန်မာ သင်္ဘောသားတွေ လူစုံ သလောက် ဖြစ်နေပြီ ဖြစ်သည်။ ကပ္ပိတန်သည် ကိုအဏ္ဏဝါကို ကြည့်ပြီး ခါးလက်ထောက် မေးသည်။

http://www.linhtet.com



“အာအို မင်း ဘာဖြစ်နေလဲ၊ မနက်ကလည်း ပထမအရာရှိကို ဆွဲထိုးတယ်၊ အခုလည်း စားပွဲထိုးချုပ်ကို ဓားနဲ့ထိုးဖို့ လိုက်တယ်၊ မင်း သင်္ဘောမှာ မနေချင်တော့ဘူးလား”

“မနေချင်ဘူး၊ မင်း ငါ့ကို အခုချက်ချင်း ပြန်ပို့”

“အေး ပို့မယ်၊ မင်းကို ရဲခေါ်ပြီး အချုပ်နဲ့ ပြန်ပို့မယ်”

“သွားခေါ်လိုက်၊ နင့်အဖေ ရဲကို၊...ဂရုမစိုက်ဘူး၊ ငါ ပြန်ဖို့ အသင့် ပြင်ထားပြီးပြီ”

ကပ္ပီတန် ချာခနဲ လှည့်ပြန်သွားသည်။ သူနှင့် ပထမ အရာရှိကို ဖြုတ်ပစ်ရန် မြန်မာ သင်္ဘောသားတွေက ကြေးနန်းပို့ထားတာကို မသိသေး ဖြစ်နေသည်။ ကိုအဏ္ဏဝါကို ရဲဖြင့် သင်္ဘောပေါ်က ဆွဲချရန်အတွက် ဒေသကိုယ်စားလှယ်ရုံးကို သွားသည်။ ဒေသကိုယ်စားလှယ်ကို တိုင်တန်း အကူအညီတောင်းသည်။ ဒေသ ကိုယ်စားလှယ်က အာအိုကို ရဲနဲ့ ဆွဲချဖို့ ကိစ္စကို အသာထားဦး၊ ခင်ဗျားကို ဖြုတ်ပစ်ဖို့ တောင်းဆိုတဲ့ စာကို ဒီနေ့ မနက်ကပဲ လာပေးထားတယ်၊ ရော့ ဟောဒီမှာ ဖတ်ကြည့်လို့ ပြောလိုက်ဟန်တူသည်။ မျက်ကလဲဆန်ပျာဖြစ်ပြီး သင်္ဘောကို ပြန်ပြေး လာသည်။

## ဖျာလိပ်သွားရသော ဆရာနှင့်တပည့်

ဒေသ ကိုယ်စားလှယ်က ပို့လိုက်သော ကြေးနန်းကလည်း ကုမ္ပဏီရုံးကို ရောက်သွားပြီ ဖြစ်သည်။ ဂရိနိုင်ငံရှိ သင်္ဘော ကုမ္ပဏီရုံးမှာ ပွက်လောရိုက်နေလောက်ပြီ ဖြစ်သည်။ ဒီကိစ္စကို မည်ကဲ့သို့ ဖြေရှင်းရ မည်ကို စဉ်းစား နေကြရော့မည်။ ဒီအခြေအနေမှာ ကိုအဏ္ဏဝါကို သင်္ဘော ပေါ်ကနေ ရဲအစောင့်အရှောက်ဖြင့် ဆွဲချမည့်ကိစ္စဟာ ဘယ်လိုမှ မဖြစ်နိုင် ဖြစ်သွားတော့သည်။

ကိုအဏ္ဏဝါတို့ ပေးလိုက်သည့် ရာဇသံကလည်း ရှင်းသည်။ ပြင်းသည်။ ဒီနှစ်ယောက်ကို ဖြုတ်မလား၊ ကျွန်ုပ်တို့ မြန်မာ ၁၇ ယောက် ကို ဖြုတ်မလားဟု မေးလိုက်ခြင်း ဖြစ်သည်။ သင်္ဘော ပိုင်ရှင်သည်

http://www.linhtet.com



စီးပွားရေးသမား ဖြစ်သည်။ ပြင်သစ်နှင့် ဂရိနိုင်ငံဟာ ခဲတစ်ပစ်သာ ဝေးသည်။ နှစ်ယောက်ကို ပြန်ခေါ်ရမည့် လမ်းစရိတ်နှင့် ၁၇ ယောက်ကို ပြင်သစ်မှ မြန်မာနိုင်ငံအထိ ပြန်ပို့ရမည့် လမ်းစရိတ်ကို တွက်နေပေလိမ့်မည်။ ဂရိနှစ်ကောင် ပြုတ်ဖို့က ရာခိုင်နှုန်း ၉၉.၉ သေချာနေပြီ ဖြစ်သည်။

ကိုအဏ္ဏဝါသည် ကပ္ပိတန်နှင့် ပြဿနာ ကြီးမားစွာ ဖြစ်နေသည့်ကြားက နေမကောင်းလို့ ဆရာဝန်နဲ့ ပြလိုကြောင်း ကပ္ပိတန်ကို သွားပြောသည်။ ကပ္ပိတန်သည် ဒေသကိုယ်စားလှယ်ကို ဖုန်းဆက်ခေါ်ပြီး ကိုအဏ္ဏဝါကို ဆေးခန်းပြရေး ကိစ္စကို ဆောင်ရွက်ပေးသည်။ ဒီကိစ္စကို ဆောင်ရွက် မပေးပါက သင်္ဘောသားတွေကို နှိပ်စက်သည့် စွဲချက်နောက်တစ်ခု ထပ်တိုးသွားမည်ကို သိလို့ဖြစ်သည်။ ကိုအဏ္ဏဝါ ဆေးခန်းပြခွင့်ရသည်။ ဆရာဝန်က ဆီးဆေး၊ ဖူလ်စင် FULCINE ပေးလိုက်သည်။

ဆေးရုံ တင်ထားရသည့် ဟန်မြင့်ကို သတင်းသွားမေးသည်။ ဘိုလုန်းမြို့ အထွေထွေက ဆေးရုံကြီး၏ ပထမထပ်မှာ တွေ့ရသည်။ မျက်နှာတစ်ခုလုံး ရောင်ကိုင်းနေသည်။ သွားသုံးချောင်းကို နုတ်ပစ်လိုက်ပြီဖြစ်သည်။ အပေါ်ရှေ့သွား သုံးချောင်းသည် အပေါ်ကိုတက်ပြီး သွားဖုံးထဲ မြုပ်ဝင် သွားခဲ့သည်။ မေးစေ့နှင့် ကြမ်းခင်း ထိလိုက်သောအခါ အရှိန်ပြင်းလွန်း၍ အောက်သွားတွေက အပေါ်ကို တွန်းတင်လိုက်တာ ဖြစ်သည်။ ဟန်မြင့်ကို သွားကျိုး ဟောင်းလောင်းဖြင့် မြင်ရလို့ စိတ်မကောင်း ဖြစ်မိသည်။ သူ့အမေက မွေးပေးထားတာ လှလှပပ ဖြစ်သည်။ အခုတော့ ပျက်စီးခဲ့ရပြီ ဖြစ်သည်။

၁၀ ရက်နေ့ တစ်နေ့လုံး ကျိုးလန့်အစာစား ဖြစ်နေကြသည်။ ရဲတွေပဲ တက်လာမလား၊ ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ကပဲ လာမလား၊ ဘာတွေ ဖြစ်ကြဦးမလဲ၊ ပြင်သစ်က မထွက်မီ သင်္ဘောပေါ်မှာ ဖြစ်ပျက်ခဲ့သည့် ရာဇဝတ်မှုကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က စစ်ဆေး အရေးယူရမည် ဖြစ်သည်။ နောက်တစ်နိုင်ငံကို ရောက်သွားလျှင် တိုင်ရတောရ မလွယ်ကူတော့ဘူး ဖြစ်သွားမည်၊ ဒီဆိပ်ကမ်းမှာ ကိစ္စကို ဖြတ်ရမည် ဖြစ်သည်။

http://www.linhtet.com



ဒီနေ့ သင်္ဘော ထွက်မည်ဆိုပြီး သတင်းထွက်လာသည်။ ကုမ္ပဏီရုံးက တယ်လီဖုန်းလာသည်။ ဒုတိယအရာရှိ ကိုကျော်မြင့်ကို နာမည်တပ်ပြီး ခေါ်သည်ဆိုလို့ ကိုကျော်မြင့် တယ်လီဖုန်း သွားကိုင်သည်။ ဘာတွေ မေးသည်၊ ပြောသည်ကို မသိရ ဖြစ်နေသည်။ ကိုကျော်မြင့် ပြန်ပြောသမျှကို ယုံကြည်ရသည်။

"ကဲ အားလုံးပဲ နားထောင်ကြပါ။ ကုမ္ပဏီရုံးက ပြောတယ်၊ ဒီကပ္ပိတန်နဲ့ ပထမအရာရှိကို အင်္ဂလန်ကို ရောက်ရင် ဖြုတ်ပေးပါ့မယ်တဲ့၊ အလုပ် ဆက်လုပ်ကြပါတဲ့၊ အခုလောလောဆယ် လူစားရှာရဦးမှာ ဖြစ်တဲ့ အတွက် အချိန် ပေးပါတဲ့၊ အဲဒီတော့ ကျွန်တော်တို့ ဘက်ကလည်း အလုပ် ပြန်လုပ်ပါ့မယ်လို့ ကတိ ပေးခဲ့ပြီးပြီ၊ နက်ဖြန် သင်္ဘောထွက်နိုင်ဖို့ အတွက် ဒီနေ့ ကုန်ချမှ ဖြစ်မယ်"

တချို့က ကိုကျော်မြင့်ရဲ့ စကားကို မယုံ ဖြစ်နေကြသည်။ ကပ္ပိတန်က အကွက်ဆင်ခိုင်းတာလို့ ထင်နေကြသည်။ ကိုကျော်မြင့်ရဲ့ စကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် အလုပ်ပြန်ဝင်ကြသည်။ ညနေ သုံးနာရီလောက်တွင် ကိုအဏ္ဏဝါ၊ ကိုခင်မောင်ညွန့်နှင့် တက်မကိုင် ဦးထွေးတို့ကို ရုံးခန်းသို့လာရန် အသံချဲ့စက်မှ ခေါ်သည်။ သင်္ဘောသား ထမင်းစားခန်းနှင့် တွဲလျက်ရှိသည့် ရုံးခန်းသို့ ရောက်သွားသောအခါ သူ့ကိုယ်သူ ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝင် ဆိုသူတစ်ယောက် ရောက်နေတာကို တွေ့ရသည်။

"ဒီသင်္ဘောမှာ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ သိချင်တယ် ပြောပြပါ"

ကိုအဏ္ဏဝါသည် ဒီလူကို ကြည့်ပြီး မသင်္ကာ ဖြစ်နေသည်။ နက္ကတိုင်နဲ့ ကုတ်အင်္ကျီ ဝတ်ထားသည်၊ အတာချီကျေ့စ်ခေါ် ဂျိမ်းစ်းဘွန်း အိတ်ကို ဆွဲလာသည်။ ရေးစရာ မှတ်စရာ ဘာမျှ မပါသည့်အပြင် အမူအရာက ပေါ့ပျက်ပျက် ဖြစ်နေသည်။ ဆိပ်ကမ်း အာဏာပိုင်အဖွဲ့ ဆိုလျှင် သူ၏ သက်သေခံ ကတ်ပြားကို ပြရမည်။ ဤမျှ သားသားနားနား ဝတ်လာစရာ မလို၊ ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝတ်စုံ(ဘွိုင်လာဆု) လောက်ဖြင့် လုံလောက်သည်။ ဒီလူ၏ အမူအရာသည် ပေါ့တန်လွန်းသည်။ သင်္ဘောသားထဲက အဓိက ဇာတ်ကောင် ကိုကျော်မြင့်ကို မစစ် မမေးတာလည်း ထူးဆန်းနေသည်။

http://www.linhtet.com



"ဒီသင်္ဘောမှာ ဖြစ်နေတာတွေကတော့ အများကြီးပဲဗျ"

ကိုအဏ္ဏဝါ စကားပလ္လင် ခံလိုက်ပြီး ဒီသင်္ဘောမှာ မြန်မာ သင်္ဘော သားတွေ အနှိမ် ခံနေရပုံ၊ မဝရေစာ စားနေရပုံ၊ အချိန်ပို လုပ်ခတွေ အပြည့်အဝ မရပုံနှင့် ကိုယ်ထိလက်ရောက် နှိပ်စက် ခံရပုံတွေကို ပြောပြ လိုက်သည်။ ဦးအေးကို သက်သေတည်ပြီး ပြောလိုက်သည်။

"ဟောဒီ ကျွန်တော့် သူငယ်ချင်းဟာ ၇–၁၀–၈၇ နေ့ညမှာ တက်မစင်မှာ တာဝန်ကျစဉ် ကပ္ပိတန်က ဆောင့်တွန်းလိုက်လို့ ခေါင်းကွဲ သွားခဲ့ပါတယ်"

ဦးအေး အသင့်ယူဆောင်လာသော သွေးစွန်းနေသည့် အင်္ကျီ အဖြူကို ထုတ်ပြသည်။ သူ့ကို ကပ္ပိတန်က မည်ကဲ့သို့ တွန်းလိုက်ပုံကို ပြောပြသည်။ နားထောင်နေသူသည် လက်ပိုက်ပြီး ဝတ်ကျေတန်းကျေ နားထောင်နေသည်။ ကိုအဏ္ဏဝါက ၆–ရက်နေ့ညက ဖြစ်ခဲ့သည့် ဟန်မြင့် ကိစ္စကို ဆက်ပြောသည်။ ဟန်မြင့်ကို ဆေးရုံတင်ထားရကြောင်း ပြောပြ လိုက်သည်။

ဆိပ်ကမ်း အာဏာပိုင်ဆိုသူက သူသည် ဒီကိစ္စတွေကို မှတ်သား ထားပြီး ဖြစ်ကြောင်း၊ အဖွဲ့ကို တင်ပြမည်ဖြစ်ကြောင်း ပြောပြီး ထပြန်သွား သည်။ ကပ္ပိတန် အခန်းကို သွားသည်ဟု သိရသည်။ ညနေမိုးချုပ်တော့မှ သတင်းထွက်လာသည်။ ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝင် ဆိုသူသည် ကပ္ပိတန်က ငှားထားသည့် အရာရှိအတု၊ လမ်းဘေးက ကလေကချေ အကောင်ဟု သိရသည်။ ဒီတော့မှ တစ်ပတ်ရိုက်တာ ခံလိုက်ရပြန်ပြီဟု သိလိုက်သည်။ ဒီ အစီအစဉ်ကို အကြံပေးသူဟာ ကိုကျော်မြင့် ဖြစ်ရ မည်ဟု သံသယ ဖြစ်ကြသည်။

သင်္ဘောသား တစ်ယောက် ပြောပြဖူးတဲ့ ကိစ္စကို သွားသတိရ သည်။ သူသည် ဆယ်တန်းကျောင်းသား ဘဝမှာ ကျောင်းပြေးသည်။ လပတ်စာမေးပွဲကို မဖြေဘဲနေခဲ့သည်။ စည်းကမ်းပျက် ကျောင်းသားဖြစ် လို့ ကျောင်းထုတ် ခံရတော့မည် ဖြစ်သည်။ မိဘအုပ်ထိန်းသူက အာမခံ မှသာလျှင် ကျောင်းဆက်နေခွင့် ရမည်ဖြစ်သည်။ အုပ်ထိန်းသူ မိဘ ခေါ်လာရမည်ဟု ကျောင်းအုပ်ဆရာမကြီးက အမိန့်ထုတ်သည်။ သူတို့

http://www.linhtet.com



လမ်းထိပ်ရှိ ဆိုက်ကားဂိတ်က ဆိုက်ကားသမား တစ်ယောက်ကို တိုက်ပုံအင်္ကျီ ဝတ်ခိုင်းပြီး ခေါ်သွားသည်။ ဆိုက်ကားသမားလည်း ဘုမသိဘမသိဖြင့် လိုက်သွားသည်။ ကျောင်းအုပ်ဆရာမကြီးရဲ့ ရုံးခန်းထဲရောက် တော့ ဆရာမကြီးက ဆိုက်ကားသမားကို နှုတ်ဆက်သည်။

"ဟဲ့ မောင်လှအေး၊ တိုက်ပုံတွေ ဘာတွေနဲ့ပါလား၊ ဘယ်အလှူက ပြန်လာတာလဲ"

"ဟီး ဟီး၊ ဒီကောင်ခေါ်လို့ လိုက်လာတာပါ"

ဆိုက်ကားသမား လှအေးသည် ဆရာမကြီးကို ကားဂိတ်ကနေ အိမ်အထိ နေ့စဉ် လိုက်ပို့ပေးနေရသူ ဖြစ်သည်။ ယခုလည်း ကိုအဏ္ဏဝါတို့ကိစ္စမှာ ဘယ်က ဆိုက်ကားသမားကို ခေါ်လာသည် မသိလို့ တွေးမိသည်။

ကုန်ချတာ အလွန်မြန်သည်။ ဖော့စ်ဖိတ် အမှုန့်တွေကို လေပိုက်ဖြင့် စုပ်ယူနေလို့ ခဏလေးဖြင့် ကျသွားသည်။ နက်ဖြန် သင်္ဘောထွက်မည်ဟု သိရသည်။ ပြင်သစ်ကနေ ဟိုဘက်ကမ်းကို ကူးပြီး အင်္ဂလန်မှာ ကုန်တင်မည်ဟု သိရသည်။ အင်္ဂလန်ကနေ စင်ကာပူ၊ မလေးရှားနှင့် ဟောင်ကောင်တို့ကို သွားမည်ဟု သိရသည်။

ကပ္ပိတန်သည် ဒီခရီးစဉ်ကို ကြိုတင် သိထားခဲ့ဟန် တူသည်။ သူ့ဇနီးကို ခေါ်ယူခဲ့သည်။ စင်ကာပူ၊ မလေးရှားနှင့် ဟောင်ကောင်တို့ကို သင်္ဘောသားတိုင်း ရောက်ဖူး ချင်ကြသည်။ သူ့ဇနီးကိုပါ ရောက်ဖူးစေချင်လို့ ကြိုတင်ပြီး သင်္ဘောပေါ် ခေါ်တင်ထားခဲ့တာ ဖြစ်မည်။ ကိုအဏ္ဏဝါ၏ သူငယ်ချင်း သင်္ဘောသား တချို့သည် သင်္ဘောသားလုပ်သက် ဆယ်နှစ်မျှ ရှိပြီ ဖြစ်သော်လည်း စင်ကာပူနှင့် ဟောင်ကောင်ကို မရောက်ဖူးသေးလို့ ရောက်ဖူးချင်ကြသည်။

၁၁-ရက်နေ့မှာ သင်္ဘောထွက်မည်ဆို၍ မိုးလေဝသသတင်း ဖမ်းယူသည်။ ကပ္ပိတန်ကို သွားပေးရင်း စကားနည်းနည်း ပြောလိုက်သည်။

"ကပ္ပိတန်၊ ပြဿနာတွေကတော့ ဖြစ်ခဲ့ကြပြီပေါ့ဗျာ၊ ကျွန်တော်လည်း ကိုယ့်လူမျိုးကို ထိပါးလာတဲ့အခါ မခံချင်တဲ့စိတ်နဲ့ ဒေါသဖြစ်ခဲ့

http://www.linhtet.com



မိတယ်၊ တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားနေကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေ အချင်းချင်း စိတ်ဝမ်း ကွဲခဲ့ကြတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်၊ ဖြစ်ပြီးခဲ့တာ အားလုံးအတွက် ကျွန်တော် ဝမ်းနည်းပါတယ်၊ တောင်းပန်ပါတယ်၊ ကပ္ပိတန် ကံကောင်းပါစေ"

"ငါ့ စိတ်ထဲမှာ မထားပါဘူး အာအို၊ မင်း အခုလို ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကပ္ပိတန်သည် ကိုအဏ္ဏဝါကို လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်သည်။ သူတို့ ဥရောပတိုက်သားတို့၏ စရိုက်သည် တစ်မျိုး ချစ်စရာကောင်းသည်။ အငြိုးအတေး မထားဘဲ ပြီးပြီးပျောက်ပျောက် သဘောတွေ့ရသည်။ ပိုသီးတိုးသင်္ဘောက ကပ္ပိတန် ကမ်းပါးနစ်နဲ့ ကိုအဏ္ဏဝါ ရန်ဖြစ်တုန်းကလည်း ဒီလိုပဲ ကြုံခဲ့ရသည်။ ကိုအဏ္ဏဝါတို့ လူစု သင်္ဘောက ဆင်းလာပြီး အေသင်လေဆိပ်မှာ ဒုက္ခ ရောက်နေသည့်အခါ ကပ္ပိတန် ကမ်းပါးနစ်ကို တယ်လီဖုန်းဆက်ပြီး အကူအညီ တောင်းခဲ့ရသည်။ စိတ်ပါ လက်ပါ ကူညီပေးသည်။ ဥရောပတိုက်သားတို့၏ စရိုက်ဖြစ်မည်။ ကိုအဏ္ဏဝါတို့ကတော့ ဖြစ်ပြီးပြီဆိုလျှင် မကျေနိုင်မချမ်းနိုင် ဖြစ်နေတော့သည်။

နေ့လယ် ၁၂ နာရီတွင် သင်္ဘောထွက်သည်။ အင်္ဂလန် နိုင်ငံကို သွားနေပြီ ဖြစ်သည်။ ကြေးနန်း နှစ်စောင် ကိုပို့ရန် ကပ္ပိတန်က လာပေးသည်။ တစ်စောင်က အင်္ဂလန်အတွက် ဖြစ်လို့ ပိုတေးရှပ်ရေဒီယို GNF ကို ပို့လိုက်သည်။ အေသင်အတွက်ကို ရုံးက ညွှန်ကြားထားသည့်အတိုင်း ဆွစ်ဇလန် ရေဒီယိုကို ပို့မလို့ ခေါ်လိုက်ရာ မိမိအတွက် ကြေးနန်းတစ်စောင် ရှိနေလို့ ယူလိုက်သည်။ ကြေးနန်းက အင်္ဂလိပ်လို ရေးထားသည်။ ပုံမှန်အတိုင်းဆိုလျှင် ဂရိအသံထွက်တွေကို အင်္ဂလိပ် အက္ခရာတွေဖြင့် ရေးပို့လေ့ ရှိသည်။ ယခုတော့ အင်္ဂလိပ်လို ရေးထားသည်။

ကြေးနန်းစာပါ အကြောင်းအရာက မနက်ဖြန် ၁၂–ရက်နေ့မှာ ပထမအရာရှိ အသစ် သင်္ဘောကို ရောက်မည်။ ၁၄–ရက်နေ့မှာ ကပ္ပိတန် အသစ် ရောက်လာမည်ဆိုသည့် ကြေးနန်းဖြစ်သည်။ ဒီကြေးနန်းကို ဂရိအသံထွက်ကို အင်္ဂလိပ်အက္ခရာဖြင့် မရေးဘဲ အင်္ဂလိပ်လို ရေးထား

http://www.linhtet.com



သည့်အပြင် မဆီမဆိုင် မလိုအပ်ဘဲ ရေးထားသည့် စာတစ်ကြောင်း ပါလာသည်။ (မူလကပင် အပြောင်းအလဲ လုပ်ရန် စီစဉ်ထားသည့်အတိုင်း ACCORDING TO FURTHER PREVIOUS EX-CHANGE ) ဟု ရေးထားသည်။ ကိုအဏ္ဏဝါ ပြုံးလိုက်မိသည်။ ကပ္ပိတန်နှင့် ပထမအရာရှိတို့ကို အပြောင်းအလဲ လုပ်တာဟာ နင်တို့ကို ကြောက်လို့ လိုက်လျောတာ မဟုတ်ဘူး၊ ငါတို့မှာ မူလကပင် အစီအစဉ် ရှိပြီး ဖြစ်သည်ဟု ကိုအဏ္ဏဝါ ကို အသိပေးလိုက်ခြင်း ဖြစ်သည်။

၁၂–ရက်နေ့ နံနက် ၈–နာရီခွဲတွင် အင်္ဂလန်နိုင်ငံ တီးစ် TEES ဆိပ်ကမ်းကို ရောက်ပြီး ဝင်ကပ်သည်။ မက်ဒယ်လ်ဘရော့ဒ် MIDDLE BROUGH မြို့နှင့် ကပ်လျက်မှာ ဆိုက်ကပ်သည်။ ကိုအဏ္ဏဝါသည် အင်္ဂလန်နိုင်ငံကို ပထမဦးဆုံး အကြိမ်အဖြစ် ရောက်ဖူးခြင်းဖြစ်သည်။ ငါ့ နိုင်ငံကို နှစ်ပေါင်း တစ်ရာကျော်အောင် ကိုလိုနီ နိုင်ငံအဖြစ်ဖြင့် ကျွန်ပြု အုပ်ချုပ်ခဲ့သော ဂရိတ်ဗြိတိန်နိုင်ငံကို ငါရောက်ပြီကွလို့ စိတ်ထဲက ကြွေးကြော်လိုက်သည်။ ဘီလပ်ပြန် ကိုအဏ္ဏဝါ ဖြစ်သွားပြီလို့ ရင်ကော့ လိုက်သေးသည်။

ကိုအဏ္ဏဝါသည် မိမိ၏အခန်းမှ အောက်ထပ်တွေကို ဆင်းလာစဉ် ဂရိလူမျိုး အင်ဂျင်နီယာချုပ်၏ အခန်းတံခါး ပွင့်နေသည့်အပြင် အင်ဂျင်နီယာချုပ်သည် အခန်းတွင်းမှာ ထိုင်နေတာ တွေ့ရလို့ နှုတ်ဆက်လိုက်သည်။ ဝင်ခွင့်တောင်းပြီး ခေတ္တ ဝင်ထိုင်လိုက်သည်။ ဖြစ်ခဲ့သည့်ကိစ္စတွေ အတွက် စိတ်မကောင်း ဖြစ်မိကြောင်း ပြောပြလိုက်သည်။

"ကျွန်တော်တို့ဟာ ဂရိလူမျိုးကို မုန်းတာ မဟုတ်ဘူးနော်၊ လူသား အချင်းချင်း နှိမ်ပြီး ဆက်ဆံတတ်သူကို မုန်းတာပါ၊ ကြီးနိုင်ငယ်ညှဉ်း လုပ်သူကို မုန်းတာပါ"

"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်ဟာ သဘော်သား လူမျိုးပေါင်းစုံနဲ့ တွဲပြီး အလုပ် လုပ်ဖူးပါတယ်၊ မြန်မာသဘော်သား တွေဟာ သိပ်ကောင်းပါတယ်"

ကိုအဏ္ဏဝါက မိမိတို့ အပေါ်မှာ နားလည် ပေးတဲ့အတွက် ကျေးဇူး တင်ကြောင်း ပြောပြီး အင်ဂျင်နီယာချုပ်၏ အခန်းမှ ပြန်ထွက်လာခဲ့သည်။

http://www.linhtet.com



ကိုခင်မောင်ညွန့်၊ ကိုစိုးသန်းတို့နှင့်အတူ မက်ဒယ်လ်ဘရော့ဒ် မြို့ထဲ လျှောက်လည်ကြသည်။ ဓာတ်ပုံတွေ ရိုက်ကြသည်။ ဘိလပ်ရောက် ကိုအဏ္ဏဝါ အမှတ်တရ ဓာတ်ပုံရိုက်ခြင်း ဖြစ်သည်။ အင်္ဂလန်၏ မြို့ပြ မြင်ကွင်းတွေကို တစ်ဝကြီး လှည့်ပတ် ကြည့်သည်။ ရန်ကုန်မှာ အလွန် လူကြိုက်များသည့် ထရိုင်ဖယ်အနွေးထည် တစ်ထည်ကို ၁၁ ပေါင်နှုန်းဖြင့် ရောင်စုံ ငါးထည် ဝယ်ခဲ့သည်။ တောသူမ ဇနီး မဖြူတုတ် ကြွားနိုင်အောင် နွေ ခေါင်ခေါင်မှာလည်း ဝတ်လို့ရအောင် ဝယ်လိုက်ခြင်း ဖြစ်သည်။

သင်္ဘောကို ပြန်ရောက်တော့ ပထမအရာရှိ အသစ် သင်္ဘောကို ရောက်နေတာ တွေ့လိုက်ရသည်။ သင်္ဘော ကုန်းပတ်ပေါ်မှာ လူဟောင်း နှင့်အတူ လျှောက်နေကြသည်။ ဆိုင်ရာပစ္စည်းတွေနှင့် စတိုတွေကို လိုက် ပြပြီး လွှဲပြောင်း ပေးနေတာ ဖြစ်မည်။

ကိုကျော်မြင့်ကလည်း ကပ္ပိတန်နှင့် အတူတွဲပြီး လမ်းလျှောက်နေ တာ တွေ့ရသည်။ ကပ္ပိတန်ကို ဖြုတ်ပစ်ရန် တောင်းဆိုကြသည့် စာရွက် မှာ သူပါဝင် လက်မှတ်ရေးထိုး ခဲ့ရသည့် အခြေအနေကို နားလည်ပေးပါ ရန် တောင်းပန်နေတာ ဖြစ်နိုင်သည်။

၁၃–ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ အင်္ဂလန်က ဆိပ်ကမ်း လုပ်သားများသည် နားရက်မယူဘဲ နေ့တစ်ဝက် အလုပ် လာလုပ်ကြ သည်။ သံမဏိ ပိုက်လုံးကြီးတွေကို တင်နေကြသည်။ ကုန်းပတ်ပေါ်မှာ အလုပ် လုပ်ရင်းဖြင့် ပထမအရာရှိ အဟောင်းထံမှ တာဝန်တွေကို လွှဲ ပြောင်း လက်ခံ ယူနေသော ပထမအရာရှိ လူသစ်က ကုန်းပတ်ပေါ်မှာ မျက်နှာချင်းဆိုင် ပက်ပင်းတိုးသော ကိုအဏ္ဏဝါကို ပြုံးပြပြီး လက်ဆွဲ နှုတ်ဆက်သည်။ ကိုအဏ္ဏဝါကလည်း ပြုံးပြလိုက်ပါသည်။

"သင့်ကို ကြိုဆိုပါတယ် ရှိဗ်"

"ကျေးဇူးတင်ပါတယ်၊ ဘာမဆို လိုတာရှိလျှင် မကျေနပ်တာ ရှိလျှင် ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း တင်ပြပါ အာအို"

"လိုအပ်တာတွေ မကျေနပ်တာတွေကို ပွင့်ပွင့်လင်းလင်း တင်ပြ ခဲ့ပေမဲ့ လက်မခံခဲ့လို့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပါ"

"အဲဒါတွေ ပြီးသွားပြီ၊ အခုအချိန်က စပြီး နောက်နောင်အတွက် ပြောတာ"

http://www.linhtet.com



"ကောင်းပါပြီ"

ကိုအဏ္ဏဝါက ပြုံးပြနှုတ်ဆက်ပြီး လှည့်ထွက်လာခဲ့သည်။ လူမျိုးကြီးစိတ် ဝင်နေသည့် ဂရိတွေကို လုံးဝ အယုံအကြည် မရှိလို့ သတိဖြင့်နေသည်။ ခါးကြားမှာ ဓားမြှောင်ကို အမြဲ ထိုးထားသည်။ အနွေးထည် ဂျာကင်အင်္ကျီ ဝတ်ပြီး ဖုံးကွယ်ထားသည်။

၁၄–ရက်နေ့မှာ ပထမအရာရှိ အဟောင်း သင်္ဘောက ဆင်းသည်။ ၉–နာရီခွဲတွင် တွေ့သမျှ မြန်မာ သင်္ဘောသားတွေကို လက်ဆွဲနှုတ်ဆက်ပြီး ဆင်းသွားသည်ဟု သိရသည်။ ဘိုဆင် ဦးမောင်စိန်က သေတ္တာကို ထမ်းပို့သည်ဟု သိရသည်။ မြန်မာလူမျိုးတို့ရဲ့ ရိုးသားမှုနှင့် သဘောထားကြီးမြတ်မှုကို နောက်ဆုံးအချိန်ကျမှ သိသွားသည်။ နောက်ကျသွားပြီ ဖြစ်သည်။

နေ့လယ်စာ စားချိန်တွင် ကပ္ပိတန်အသစ် ရောက်နေပြီဆိုသည့် သတင်းကို ကြားသိလိုက်ရသည်။ ဘယ်အချိန်က ရောက်မှန်းတောင် မသိလိုက် ဖြစ်သွားသည်။ တစ်နေ့လုံးလည်း မမြင်မတွေ့ရ၊ မြင်အောင် တွေ့အောင်လည်း မကြိုးစားဘဲ ဘာသိဘာသာ နေလိုက်သည်။

သံမဏိ ပိုက်လုံးကြီးတွေ တင်နေသည်။ ရေနံတူးဖော်ရေး၊ သယ်ယူ ပို့ဆောင်ရေးမှာ သုံးသည့် ပိုက်လုံးကြီးတွေ ဖြစ်သည်။ မလေးရှားနိုင်ငံ အတွက်ဟု သိရသည်။ ကိုအဏ္ဏဝါကတော့ သင်္ဘောမှာ မနေဘဲ ဆိပ်ကမ်း ဝင်းထဲမှာပင်ရှိသည့် သင်္ဘောသားကလပ်ကို သွားပြီး ဘီယာ သောက်ရင်း ရုပ်မြင်သံကြား ကြည့်နေသည်။

၁၅–ရက်နေ့အထိ ကပ္ပိတန် အဟောင်းနှင့် သူ့ဇနီးတို့ သင်္ဘောပေါ်က မဆင်းသေးတာ တွေ့ရသည်။ အလွှဲအပြောင်း မပြီးသေးလို့ ယူဆရသည်။ အင်္ဂလန်မှာ ကုန်တင်ပြီးလျှင် ဘယ်လ်ဂျီယံနိုင်ငံမှာ ကုန်ဆက်တင်မည်။ ပြီးလျှင် စင်ကာပူ၊ မလေးရှားနှင့် ဟောင်ကောင်ကို ပို့ ပေးရမည် သိရသည်။ ဒီခရီးစဉ်ကို လင်စုံမယားဖက် သွားချင်လို့ အချိန် ယူပြီး အကွက်ဆင်ထားခဲ့တာ ဖြစ်သည်။ အခုတော့ ခွင်ပျက်သွားပြီ ဖြစ်သည်။

http://www.linhtet.com



## သူပုန်ခေါင်းဆောင် ရွေးပွဲ

၁၆–ရက်နေ့၊ နံနက် ၉–နာရီတွင် ကပ္ပိတန် အဟောင်းနှင့် သူ့ ဇနီးတို့ သင်္ဘောမှ ဆင်းကြသည်။ ကိုအဏ္ဏဝါက နှုတ်ဆက်ရမှာစိုးလို့ ရှောင်နေသည်။ အထူးသဖြင့် သူ့ဇနီးကို မတွေ့ချင်၊ မမြင်ချင်လို့ တမင် မတွေ့အောင် ရှောင်နေလိုက်ခြင်း ဖြစ်သည်။

အမျိုးသမီး တစ်ယောက်ကို ဘာကြောင့် မတွေ့ချင် မမြင်ချင် တာလဲလို့ မေးလျှင် အဖြေက စိတ်ပညာ ဆန်နေသည်။ ကပ္ပိတန်၏ ဇနီးကို အနီးကပ် မြင်တွေ့နေရသည့် စားပွဲထိုး ကိုသာဒင် ပြောပြလို့ သိရတာက အတော်ချောသည်ဟု သိထားသည်။ မိမိနှင့် သိပ်ပြီး အဆင် မပြေသည့် ကပ္ပိတန်၏ ဇနီး (သူများမယား) ချောတယ်လို့ သိရသည့် အခါ စိတ်ဖြင့် မှန်းကြည့်ပြီး ရင်ခုန်သွားလိုက်သေးသည်။ ကြည့်မိ မြင်မိလို့ တကယ် ချောနေလျှင် သူ့အလှကို စွဲမက်နေလျှင် အကုသိုလ် များနေမည် ဖြစ်သည်။ ကပ္ပိတန်ကလည်း ကိုအဏ္ဏဝါသည် သူ့မိန်းမကို ကြိုက်နေလို့ မသိမသာ ပိုးပန်းနေတယ်လို့ အထင် မခံနိုင်သည့်အတွက် အဲဒီ အမျိုးသမီးကို မြင်ဖူးတယ်ရှိအောင်တောင် မကြည့်ဘဲ အောင့်နေ ခဲ့သည်။

ကိုအဏ္ဏဝါသည် ဒီအမျိုးသမီးကို ဖြူသလား၊ မည်းသလား၊ ပုသလား၊ မြင့်သလားဆိုတာ မကြည့်လို့ မမြင်၊ မမြင်လို့ မသိ လိုက်သော်လည်း မြင်ဖူးလိုက်သူတွေနှင့် အနီးကပ် ကျွေးမွေးခဲ့ရသူ ကိုသာဒင် ပြောပြလို့ ချောတယ်ဆိုတာကို သိနေသည်။ ချောတယ် ဆို တာကို သိလို့လည်း မကြည့်မိအောင် နေခဲ့တာ ဖြစ်သည်။ သူတို့ လင်မယား အိပ်ခန်းနှင့် ကိုအဏ္ဏဝါ၏ အိပ်ခန်းသည် ကပ်လျက် တည်ရှိသည်။ ကိုအဏ္ဏဝါကတော့ သူတို့ အခန်းရှေ့ကို လုံးဝမသွား၊ သူ့မယားကို မသိမသာ လာပိုးသည်လို့ ထင်မှာစိုးသည်။ သူတို့ လင်မယားကတော့ ထမင်းစားရန် အောက်ထပ်ကို ဆင်းတိုင်း ကိုအဏ္ဏဝါ၏ အခန်းရှေ့က ဖြတ်လျှောက် ကြရသည်။ ဒီအချိန်မှာ ကိုအဏ္ဏဝါသည် အိပ်ခန်းတံခါးကို ဖွင့်ထားပြီး နောက်ခိုင်း၍ စာရေး နေသည်။ စာဖတ်နေသည်။

http://www.linhtet.com



ကိုအဏ္ဏဝါ နောက်ခိုင်းပြီး ထိုင်နေတာကို သူတို့ လင်မယားက မြင်သွားသည်။ လှည့်ကြည့်စေချင်လို့ လေသံမြင့်ပြီး စကားပြောသွားကြသည်။ ကိုအဏ္ဏဝါက လှည့်မကြည့်။ မကြည့်ချင်လို့ မကြည့်ဘဲနေသည်။ မကြည့်ချင်လျှင် တံခါး ပိတ်ထားပါတော့လား။ အခုတော့ ဖွင့်ထားသည်။ ဒါကိုက ကိုအဏ္ဏဝါဘက်က မရိုးသားတာ ဖြစ်သည်။ သူ မကြည့်ဘူး ဆိုတာကို ဟိုလင်မယား (အထူးသဖြင့်) ဟို အမျိုးသမီးကို သိစေချင်သည်။ ဟိုအမျိုးသမီးသည် ပါးနပ်သူ၊ စိတ်ပညာကျွမ်းကျင်သူ ဆိုလျှင် ကိုအဏ္ဏဝါသည် သူ့ကို ကြည့်ချင်ပါလျက်နှင့် အောင့်ထားပြီး မကြည့်ချင်ယောင် ဆောင်နေတာကို သိမည်ဖြစ်သည်။ ပါးနပ်မှု မရှိလျှင်တော့။ သူ့လို ချောလှသည့် အမျိုးသမီးကို ကိုအဏ္ဏဝါလို ဗိုက်ပူ၊ ထိပ်ပြောင်၊ အူကြောင်ကြောင်ကောင်က လှည့်တောင် ကြည့်ဖော်မရသည့်အတွက် အတော် ခံရခက်ပေလိမ့်မည်။

သူတို့ လင်မယား ဆင်းသွားပြီးမှ သတင်းတစ်ခု ထွက်လာသည်။ ကပ္ပိတန်က ကိုအဏ္ဏဝါကို လက်ဆွဲ နှုတ်ဆက်ချင်လို့ လိုက်ရှာသေးသည် ဆိုသည့် သတင်း ဖြစ်သည်။ တွေ့သမျှ မြန်မာ သင်္ဘောသားတွေကို လက်ဆွဲ နှုတ်ဆက်သွားသည်ဟု သိရသည်။ ကိုအဏ္ဏဝါကိုတော့ နှုတ်ဆက်ချင်တာ ဖြစ်နိုင်သလို သူ့မယားရဲ့ အလှကို ပြသွားချင်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် ဒီပွဲမှာ ကိုအဏ္ဏဝါတို့ မြန်မာ သင်္ဘောသားတွေ အနိုင်ရလိုက်ပြီ ဖြစ်သည်။

နေ့လယ်စာ စားချိန်မှာလည်း ကပ္ပိတန်အသစ်နဲ့ လွဲသွားလို့ မတွေ့လိုက်ရ ဖြစ်သွားသည်။ ကပ္ပိတန် အသစ်ကို မမြင်ဖူးသေး ဖြစ်နေသည်။ အကြောင်းမရှိဘဲ မတွေ့ချင်လို့ အခန်းအောင်း နေလိုက်သည်။ တကယ်ဆိုလျှင် ဖြစ်သင့်တာက ကိုအဏ္ဏဝါသည် ဆရာသမား အသစ်ကို သွားရောက်တွေ့ဆုံပြီး နှုတ်ဆက် ကြိုဆိုရမည် ဖြစ်သည်။ အခုတော့ ဒေါသအရှိန်ကလည်း မပြေသေးလို့ ပိုနေမြဲ ကျားနေမြဲ နေလိုက်တော့သည်။ အလုပ်ကိစ္စဖြင့် မလွှဲမရှောင်သာ တွေ့ကြသည့် အခါမှသာ ယဉ်ကျေးပျူငှာ နှုတ်ခွန်း ဆက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

http://www.linhtet.com



"မြန်မာ သင်္ဘောသား အရာရှိနှင့် သင်္ဘောသားများ အားလုံးကို ကပ္ပိတန် အသစ်က စကားပြောမည်။ သင်္ဘောသား ထမင်းစားခန်းကို လာကြပါ"

သင်္ဘောသားတိုင်း၏ အိပ်ခန်းတွေမှာ တပ်ဆင်ထားသော စပီကာမှ ကိုကျော်မြင့်၏ အသံ ထွက်ပေါ်လာသည်။ ကိုအဏ္ဏဝါသည် ဘောင်းဘီ ကောက်ဝတ်ပြီး ထမင်းစားခန်းကို ဆင်းလာခဲ့သည်။

ထမင်းစားခန်းထဲကို ကိုအဏ္ဏဝါ ရောက်သွားသည့် အချိန်မှာ အတော် လူစုံနေပြီဖြစ်သည်။ စကားပြောမည်ဆိုသည့် ကပ္ပိတန် အသစ် ကတော့ ရောက်မလာသေးပါ၊ ကိုအဏ္ဏဝါသည် ပေါ်ပေါ်ထင်ထင် နေချင် သူ မဟုတ်၊ နေရာယူချင်သူ မဟုတ်လို့ ကပ္ပိတန် ထိုင်မည့်နေရာနှင့် ဝေးသည့် နောက်တန်းမှာ နံရံကိုမှီပြီး ထိုင်နေသည်။ ကိုအဏ္ဏဝါ ထိုင်ပြီး ချိန်မှာပဲ မြန်မာ သင်္ဘောသား အားလုံး စုံသွားပြီ ဖြစ်သည်။ ပြင်သစ်နိုင်ငံ မှာ ဆေးရုံ တင်ထားခဲ့ရသည့် ဟန်မြင့်က လွဲလို့ ကျန်သူ အားလုံး တက်ရောက်ကြသဖြင့် စုစုပေါင်း ၁၆ ယောက် ဖြစ်သည်။

လူစုံပြီ ဆိုသောအခါ ကိုကျော်မြင့်နှင့်အတူ ကပ္ပိတန် အသစ်သည် ဖိုင်တွဲတစ်ခုကို ပိုက်ပြီး ထမင်းစားခန်း ထဲကို ဝင်လာသည်။ သူ့အတွက် သတ်မှတ်ထားသည့် ကုလားထိုင်မှာ ထိုင်မလို လုပ်ပြီးမှ မထိုင်ဘဲ မတ်တတ်ရပ်လျက် မြန်မာ သင်္ဘောသားတိုင်း၏ မျက်နှာတွေကို လိုက် ကြည့်နေသည်။

ကပ္ပိတန် အသစ်သည် အရပ်အမောင်း မနိမ့်မမြင့်ဖြင့် သင့်ရုံ အနေအထား ရှိသည်။ မျက်နှာပြည့်ပြည့် လေးထောင့်သဏ္ဍာန် ရှိသည်။ မျက်လုံးမျက်ဖန် ကျယ်သည်။ မျက်ခုံးမွေး ထူသည်။ ဆံပင်ကလည်း အားကောင်း သန်စွမ်းသည်။ အသက်အရွယ် ၅၀ မျှသာ ရှိဦးမည်ဟု ခန့်မှန်းရသည်။ ရုတ်တရက် ကြည့်လိုက်လျှင် ဟောလီဝုဒ်က အီဂျစ် လူမျိုး မင်းသား အိုမာရှရစ်နဲ့ တူသည်။ အကြမ်း ခန့်မှန်းရတာကတော့ သဘောကောင်းမည့် လက္ခဏာ တွေ့ရသည်။ ပင်ကိုအားဖြင့် ပြုံးပြုံး ရွှင်ရွှင် နေတတ်သူ ဖြစ်မည်ဟု ထင်သည်။

မြန်မာ သင်္ဘောသားတို့၏ မျက်နှာတွေကို လိုက်ကြည့်နေသည့် ကပ္ပိတန် အသစ်၏ မျက်လုံးတွေသည် ကိုအဏ္ဏဝါ၏ မျက်နှာအလှည့်ကို

http://www.linhtet.com



ရောက်သည့်အခါ အထိတ်တလန့်ဖြင့် ရပ်သွားသည်။ ဟာ...တွေ့ပြီ ဆိုသည့် သဘောလည်း ဖြစ်နိုင်သည်။ ကိုအဏ္ဏဝါ၏ ပုံသဏ္ဍာန်ကို သွားလေသူက ပြောထားခဲ့တာ ဖြစ်မည်။ ကိုအဏ္ဏဝါ၏ ပုံကလည်း မှားနိုင်စရာ မရှိသည့်ပုံ ဖြစ်သည်။ တစ်ခါ မြင်ရုံဖြင့် မှတ်မိနိုင်သည့်ပုံ ဖြစ်သည်။

ကပ္ပိတန်သည် မတ်တတ်ရပ်ပြီး စားပွဲရှည်ကြီးကို လက်နှစ်ဖက်ဖြင့် ထောက်ကြည့်နေရာမှ ခါးဆန့်ပြီး မတ်မတ် ရပ်လိုက်သည်။ ခါးကို လက်နှစ်ဖက်ဖြင့် ထောက်လိုက်သည်။ ထမင်းစားခန်း တစ်ခုလုံး အသက် ရှူသံကိုပင် ကြားရလောက်အောင် တိတ်ဆိတ်နေသည်။ ကပ္ပိတန် ပြော လာမည့် စကားကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"ဒီအထဲမှာ သူပုန်ခေါင်းဆောင် ဘယ်ကောင်လဲကွ"

ကိုအဏ္ဏဝါ အပါအဝင် နားထောင်နေကြသူ အားလုံးပင် တအံ့ တသြ ဖြစ်သွားကြသည်။ ငြိမ်းချမ်းရေးတရား ဟောမည်ထင်လို့ မျှော်လင့် ချက် ကြီးစွာဖြင့် နားထောင်နေကြခြင်း ဖြစ်သည်။ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက် ကဲတော့မည် ထင်သည်ဟု တွေးလိုက်ကြသည်။ ဒါဟာ မြန်မာ သင်္ဘောသား အားလုံးကို သို့မဟုတ် ကိုအဏ္ဏဝါကို ချဲလင့် ခေါ်တာပဲလို့ ခံယူလိုက်မိသည်။

"ကျွန်တော်ပဲ၊ အာအို စိုးမြင့်ပါ"

ကပ္ပိတန်က ငါးခူပြုံး ပြုံးပြီး ကိုအဏ္ဏဝါကို ကြည့်နေသည်။ ကိုအဏ္ဏဝါကလည်း ပြန်မထိုင်ဘဲ ခပ်တည်တည် မျက်နှာဖြင့် ရပ်နေသည်။ ကပ္ပိတန်ကို မခန့်လေးစား အမူအရာ မဖြစ်ရအောင် အထူး သတိထားပြီး မျက်နှာကို အနည်းငယ် ငုံ့ထားသည်။ ကပ္ပိတန်က မေးလို့ တာဝန်အရ ဖြေရသည့် သဘော ဖြစ်အောင် အမူအရာ ပြထားလိုက်သည်။ ဒီအချိန်မှာပဲ တက်မကိုင် ကိုကျော်ဟိန်းက ထရပ်သည်။

"အာအိုကြီး တစ်ယောက်တည်း မဟုတ်ပါဘူး၊ ကျွန်တော်တို့ လည်း ပါပါတယ်"

ကိုကျော်ဟိန်းက ထပြီး အဲဒီလိုပြောတော့ ဦးအေးကလည်း ထပြီး သူပုန်ခေါင်းဆောင်ဟာ ကျွန်တော်ပါလို့ ပြောသည်။ ဆီလောင်း

http://www.linhtet.com



ကိုသောင်းဟန်က ထပြန်သည်။ ကိုခင်မောင်ညွှန့်ကလည်း ထရပ်သည်။ တစ်ယောက်ပြီး တစ်ယောက် ထရပ်ပြကြတော့၊ ကပ္ပိတန်က သဘောပေါက်သွားသည်။ အားလုံးကို ပြန်ထိုင်ခိုင်းသည်။ သူက မထိုင်ဘဲ ရပ်ပြီး စကားပြောသည်။

"ပြီးခဲ့တဲ့ ကိစ္စတွေမှာ ဘယ်သူ မှားတယ်၊ ဘယ်သူ မှန်တယ်ဆိုတာ ကျွန်တော် မသိဘူး၊ စိတ်မဝင်စားဘူး၊ ဒီနေ့က စပြီး ဘာပြဿနာမှ မဖြစ်တော့ဘူးလို့ ယုံကြည်တယ်၊ အခက်အခဲရှိလျှင် မကျေနပ်တာရှိလျှင် ပထမ အရာရှိကို ပြောပါ၊ ပြေလည်အောင် ဖြေရှင်းမပေးလျှင် ကျွန်တော့်ကို တိုက်ရိုက် လာပြောနိုင်ပါတယ်၊ အလုပ်ကို ကြိုးစားလုပ်ပါ၊ ဒီနေ့က စပြီး ပျော်ပျော် နေပါ။ ဘာပြဿနာမှ မရှိတော့ဘူးလို့ သဘောထားပါ။ ဘာပြော စရာရှိပါသလဲ"

ကပ္ပိတန်က ဘာပြောစရာ ရှိပါသလဲလို့ မေးတာကို ဘယ်သူမှ မဖြေဘဲ နေကြသည်။ တချို့က လေသံ တိုးတိုးဖြင့် ဘာမျှ ပြောစရာ မရှိပါဘူးလို့ အချင်းချင်း ပြောသလိုလိုဖြင့် ပြောကြသည်။ ကိုအဏ္ဏဝါ ထိုင်ရာက ထသည်။

"ဒီသင်္ဘောမှာရှိတဲ့ မြန်မာ သင်္ဘောသား ၁၇ ယောက်ကို စားပွဲထိုးချုပ်က ပေါင်မုန့်တစ်ဝိုင်းနဲ့ ကြက်ဥခြောက်လုံးပဲ နေ့စဉ် ပေးပါတယ်၊ အစားအသောက်ကို မသေရုံ ကျွေးထားပါတယ်၊ မြန်မာ အရာရှိတွေကို အရာရှိ စားသောက်ခန်းထဲ ဝင်ခွင့် မပေးပါဘူး၊ ကျွန်တော် အပါအဝင် မြန်မာ အရာရှိတွေဟာ ရိုးရိုးသင်္ဘောသား စားသောက်ခန်းမှာ ထမင်းစားကြရပါတယ်၊ ဂရိအရာရှိတွေ အတွက်ထားတဲ့ ရေခဲသေတ္တာထဲမှာ စားစရာတွေ အပြည့်ရှိပေမဲ့ ကျွန်တော်တို့ မြန်မာတွေအတွက် ထားပေးတဲ့ ဟောဒီ ရေခဲသေတ္တာထဲမှာ ထောပတ် တစ်ခွက်နဲ့ ရေပုလင်း တစ်လုံးပဲ ရှိပါတယ်။ မယုံရင် ကပ္ပိတန် လာကြည့်ပါ"

ကိုအဏ္ဏဝါ၏ စကား မဆုံးခင်မှာပင် ကပ္ပိတန်က လက်ကာပြပြီး ရပ်ခိုင်းသည်။ ကိုအဏ္ဏဝါက အနီးအနားမှာ ရှိသည့် ရေခဲသေတ္တာကြီးကို လက်ညှိုး ထိုးပြပြီး ကပ္ပိတန် ကိုယ်တိုင် အခု လာကြည့်ရန် ခေါ်သည်။ ကပ္ပိတန်က လက်ကာပြသည်။ စကား ဆက်မပြောရန် တားသည်။

http://www.linhtet.com



“ပြီးခဲ့တာတွေကို ဘာမှ မပြောပါနဲ့၊ ဒီနေ့က စပြီး အားလုံး အဆင်ပြေရပါစေမယ်၊ တခြား ဘာပြောစရာ ရှိသလဲ”

ဒီနေ့ကစပြီး အားလုံး အဆင်ပြေရပါစေမယ်ဆိုတဲ့အတွက် ဘာမှ ပြောစရာ မရှိတော့ပါဘူးလို့ ပြောလိုက်ကြရတော့သည်။ ဘာမှ ပြောစရာ မရှိတော့ပါဘူးဆိုတော့ မျက်နှာစုံညီ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်း လိုက်ကြပါသည်။

## သူရဲကောင်း အိမ်အပြန် ဘယ်လ်ဂျီယံ

ကိုအဏ္ဏဝါတို့ သင်္ဘော ဆိုက်ကပ်ထားသည့် နေရာကို တီးစ် TEES လို့ ခေါ်သည်။ မြစ်နာမည်ကို အစွဲပြုပြီး ခေါ်တာ ဖြစ်နိုင်သည်။ မြစ်နာမည်က တီးစ်မြစ် RIVER TEES ဖြစ်သည်။ မက်ဒယ်လ် ဘရော့ဒ်မြို့၏ ဆိပ်ကမ်းဟု ယူဆရသည်။ ရန်ကုန် ဆိပ်ကမ်းလို့ မခေါ် ဘဲ၊ ထီးတန်း ဆိပ်ကမ်းလို့ ခေါ်တာမျိုး ဖြစ်နိုင်သည်။

ကိုအဏ္ဏဝါသည် အင်္ဂလန်မှာ ရောက်ရှိနေသည့် ရက်တွေမှာ သင်္ဘောမှာ မနေဘဲ မြို့ထဲ လျှောက်သွားနေလေ့ ရှိသည်။ ကိုအဏ္ဏဝါ ရောက်ရှိနေသည့် ဆိပ်ကမ်းသည် မြို့တော် လန်ဒန်နှင့် မိုင် ၂၀၀ ခန့် သာ ဝေးသည်ဟု သိရသည်။ အမြန်ရထားဖြင့် သွားပါက နေ့ချင်းပြန် တောင် သွားလို့ရသည်ဟု ပြောကြသည်။ အင်္ဂလန်မှာ ဘယ်လောက် ကြာကြာ နေရမည်ကို မသိလို့ မသွားရဲ ဖြစ်နေသည်။ ကပ္ပိတန်နဲ့ ရင်း ရင်းနှီးနှီး ပြေပြေလည်လည် ဆိုပါက အသိပေးပြီး ကိုယ့်စရိတ်ဖြင့်ကိုယ် လန်ဒန်ကို ရောက်ဖူးတယ်ရှိအောင် သွားဖြစ်ဦးမည် ဖြစ်သည်။ အခုတော့ ကိုယ့်ဘက်က အမှား တစ်စုံတစ်ရာ မလုပ်မိအောင် အထူး သတိထား နေရသည့် အချိန်ဖြစ်လို့ အသွားအလာ၊ အနေအထိုင် ဆင်ခြင်နေရသည်။

မက်ဒယ်လ်ဘရော့ဒ် မြို့ထဲ လျှောက်လည်ပြီးလျှင် ဆိပ်ကမ်း ဝင်းထဲရှိ သင်္ဘောသား ကလပ်မှာ ဘီယာသောက်သည်။ တီဗွီ ကြည့် သည်။ တီဗွီက လာသည့် သတင်းတွေ၊ သတင်း ဆောင်းပါးတွေကလည်း ဆက်တိုက် ဆက်တိုက် ကြည့်ချင်အောင် ဆွဲဆောင်မှု ကောင်းသည်။

http://www.linhtet.com



ဝန်ကြီးချုပ် မာဂရက်သက်ချာကို ကျောက်မီးသွေးတွင်း အလုပ်သမားတွေက ဝိုင်းဝန်း လှောင်ပြောင်နေကြတာ ကြည့်ကောင်းလှသည်။ လုပ်အားခနည်းလို့ ဆန္ဒပြ နေကြသည့် ကျောက်မီးသွေးတွင်း အလုပ်သမားတွေကို ဝန်ကြီးချုပ်က ရွှေပြည်အေး တရား ဟောပြီး အလုပ် ပြန်ဆင်းကြရန် မေတ္တာ ရပ်ခံသည်။ အလုပ်သမားတွေရဲ့ တောင်းဆိုမှုတွေကို လိုက်လျောပါမည်ဆိုသည့် စကား တစ်လုံးမျှ မပါလို့ ဟေး ဟားနဲ့ ဝိုင်းဝန်းလှောင်ပြောင် နေကြခြင်း ဖြစ်သည်။ ဝန်ကြီးချုပ်ကလည်း ပြုံးပြုံးရွှင်ရွှင်ရယ်ရယ်မောမောပင် တုံ့ပြန်သည်။ နိုင်ငံတော်က ခွင့်ပြု လိုက်လျောနိုင်သည်အထိ ခွင့်ပြု လိုက်လျောပါမည်ဟု ကတိပေးပြီး ပြန်လှည့်သွားရသည်။ အလုပ်သမားတွေ သံပုံးတီးပြီး မောင်းပို့လိုက်ကြသည်။ ဝန်ကြီးချုပ်က ရဟတ်ယာဉ်ပေါ် တက်ခါနီးမှာ အလုပ်သမားတွေကို လက်ပြ နှုတ်ဆက်သွားပါသည်။ အလုပ်သမားတို့၏ တောင်းဆိုချက်တွေကို ပါလီမန်မှာ တင်ပြပြီး အကြောင်းပြန်ပါမည်ဟု ပြောသွားသည်။

(အာရှတိုက်က မဒေါနား) ဆိုသည့် ခေါင်းစဉ်ဖြင့် သတင်းဆောင်းပါး တစ်ပုဒ် ကြည့်ရပြန်သည်။ ဖိလစ်ပိုင် သမ္မတ ကော်ရီဇွန် အကီနို (ကိုရီ)၏ ပုံကြီး ပေါ်လာသည်။ ရုပ်မြင်သံကြား ကြည့်နေသူတွေ ဝါးခနဲရယ်လိုက်ကြသည်။ ကြံကြံဖန်ဖန် ပြောတတ်၊ ရေးတတ် သူတွေလို့ တွေးလိုက်မိသည်။ သမ္မတ အကီနိုကလည်း အရမ်း လှနေသည်။ သိန်းနဲ့ ချီပြီး ရှိမည်ဟု ထင်ရသည့် လူထုပရိသတ်ကြီးကို မိန့်ခွန်း ပြောသည်။ ဖိလစ်ပိုင် လူမျိုးတွေကို အင်္ဂလိပ်လို ပြောနေခြင်း ဖြစ်သည်။ သွားလေသူမားကို့စ်တို့ ဇနီးမောင်နှံကို ပုတ်ခတ် ပြောဆိုနေသည်။ လူထု ပရိသတ်ကြီးက သြဘာ လက်ခုပ်သံများ ဘဝဂ်လျှံအောင် တီးကြသည်။

အမျိုးသမီး သမ္မတ ချောချောလှလှ စကား ပြောနေစဉ်မှာပင် ခင်ပွန်းသည် အကီနို၏ ဖြစ်ရပ်တွေကို ဖော်ပြပေးနေသည်။ အာဏာရှင်မားကို့စ်၏ အကျဉ်းသားဘဝ၊ ပြည်နှင်ဒဏ်ခံ ပြည်ပြေးဘဝ၊ ပြည်တော်အပြန်မှာ အသတ်ခံရပုံတွေကို ပြသသည်။ လေယာဉ်ပေါ်က အဆင်းမှာနောက်က ပစ်လိုက်သော ကျည်ဆန်တစ်တောင့်က ပြည်တော်ဝင်

http://www.linhtet.com



အင်္ကီနို၏ ဦးနှောက်ထဲကို ဝင်ရောက် ဖောက်ထွက်သွားပုံတွေကို ပြသည်။ ဖိလစ်ပိုင် ပြည်သူတွေက တောက်ခေါက်ကြသည်။ အင်္ကီနိုရဲ့ မိခင်ကြီးက သူ့သား အလောင်းကို ဖက်ပြီး (အမေ မယုံနိုင်ပါလား သားရယ်)လို့ ပြောပြီး ငိုတော့ နားထောင်နေကြသည့် ဖိလစ်ပိုင် ပြည်သူတွေ အံကြိတ်ပြီး မျက်ရည် သုတ်ကြသည်။ ချောချောလှလှ အင်္ကီနို စကား ပြောနေတာကို ပြပြန်သည်။ လူထုပရိတ်သတ်ကြီးက အုန်းအုန်းထအောင် ထောက်ခံကြသည်။ အာရုတိုက်က မဒေါ်နားလို့ နာမည် ပေးလိုက်တာလည်း မမှားလို့ တွေးမိသည်။

၁၉–ရက်နေ့သည် စနေနေ့ ဖြစ်သည်။ ကပ္ပိတန် အသစ်က သင်္ဘောပေါ် ရောက်နေတာ ၆–ရက်မြောက်နေ့ ဖြစ်သည်။ ၁၆–ရက်နေ့က တစ်ခါ တွေ့ပြီးကတည်းက နောက်ထပ် တစ်ခါမျှ မျက်နှာချင်း မဆိုင်မိ ဖြစ်နေသည်။ ဒီနေ့တော့ ကိုအဏ္ဏဝါ တစ်ယောက်တည်း မိမိ ရုံးခန်းထဲမှာ အလုပ် လုပ်နေစဉ် ကပ္ပိတန်အသစ် ဝင်လာသည်။ ကိုအဏ္ဏဝါက ထိုင် နေရာမှ ထရပ်ပြီး အရိုအသေ ပေးလိုက်သည်။

"စပတ်၊ ခင်ဗျားမှာ မိုက္ကရိုဖုန်း အပို ရှိသလား"

"ရှိပါတယ် ခင်ဗျာ၊ အပို နှစ်လုံးတောင် ရှိပါတယ်"

စပတ်ဆိုတာ ရေဒီယို အော်ပရေတာကို ခေါ်သော သင်္ဘောသား စကား ဖြစ်သည်။ မိုက္ကရိုဖုန်း (တယ်လီဖုန်း စကားပြောခွက်) စပယ်ယာ အပို ရှိသလားဟု တကူးတက လာမေးတာဟာ ကိုအဏ္ဏဝါကို တွေ့ချင်လို့ စကား ပြောကြည့်ချင်လို့ ဖြစ်မည် ထင်လိုက်သည်။ ဒီကိစ္စအတွက် လောက်ဖြင့်တော့ သူကိုယ်တိုင် ကိုအဏ္ဏဝါ၏ ရုံးခန်းထဲအထိ လာစရာ မလိုပါ၊ သင်္ဘောသား တစ်ယောက်ကို မေးခိုင်းလိုက်လို့ ရပါသည်။ သူ ကိုယ်တိုင် ကိုအဏ္ဏဝါကိုတွေ့ပြီး စကား ပြောချင်နေဟန် တူသည်။ ကိုအဏ္ဏဝါကလည်း မိမိ၏ အကြီးအကဲကို ရိုရိုသေသေ ကြိုဆို လိုက်သည့်အပြင် ကျိုးနွံသည့် အမူအရာ ပြလိုက်သည့်အတွက် ကျေနပ် သွားဟန် တူသည်။

"ဒီစက်က ခရစ္စတယ်လား၊ စင်သဖိုက်ဇာလား"

http://www.linhtet.com



ကိုအဏ္ဏဝါ၏ ဝါယာလက်စက်ကို လက်ညှိုးထိုးပြီး မေးပါသည်။ ဒါကတော့ ကိုအဏ္ဏဝါ၏ အရည်အချင်းကို အကဲခတ်လို၍ မေးသော မေးခွန်းဖြစ်သည်။ ကိုအဏ္ဏဝါ၏ ဝါယာလက်စက်သည် ဂျေအာစီ JRC အမျိုးအစား ဖြစ်သည်။ ဂျပန် ရေဒီယိုကုမ္ပဏီက လုပ်သည့် စက် ဖြစ်သည်။ စင်သဖိုက်ဇာဆိုတာ ဘာကိုခေါ်မှန်း မသိသော်လည်း ခရစ္စတယ် (ဖရီကွင်စီ အသေ) မဟုတ်တာကတော့ သေချာသည်။ ကိုအဏ္ဏဝါက အဆင်ပြေအောင် ကြည့်ဖြေလိုက်သည်။

"အော်တို ဒက်ဂျက်တယ် စက်ပါဆရာ"

"ဗဲရီးဂွဒ်"

ကိုအဏ္ဏဝါ ရမ်းကျူးထည့်လိုက်တာ ကံကောင်းမြောင်းတည့်ပြီး မှန်သွားဟန် တူသည်။ သိပ်ကောင်းတယ်လို့ ပြောပြီး လှည့်ထွက်သွားလေတော့သည်။ ကပ္ပိတန် အသစ်နှင့် ကိုအဏ္ဏဝါ တို့၏ ဆက်ဆံရေး ကောင်းမည့် ပဏာမ လက္ခဏာ ဖြစ်သည်။

၂၁-ရက်နေ့မှာ ကုန်တင်နေတာကို ဗွီဒီယို လာရိုက်နေတာ တွေ့ရ သည်။ ဗွီဒီယို ရိုက်ပုံက ဆန်းသစ်နေသည်။ သင်္ဘောထဲကို ထည့်တော့မည့် ကုန်တစ်ထုပ်ကို အမှတ်တရ ရိုက်ဖို့ ပြင်ဆင်နေသည်။ ဆွဲတင်တော့မည့် ကုန်ထုပ်မှာလည်း တစ်သန်း (1,000,000) ဆိုသည့် ဂဏန်းကို ရေးထားသည်။ သံမဏိစက်ရုံ အလုပ်သမားတွေက ကုန်ထုပ်ကို ဝန်းရံပြီး ဗွီဒီယို အရိုက်ခံကြသည်။ အားလုံး အသင့်ဖြစ်တော့မှ ကုန်ထုပ်ကို ကရိန်းဖြင့် ဖြည်းဖြည်းဆွဲမပြီး သင်္ဘောပေါ် တင်သည်။ စက်ရုံ အလုပ်သမားတွေက လက်ခုပ် တီးကြသည်။ ဗွီဒီယို ကင်မရာမင်းကလည်း အသေးစိတ် ရိုက်သည်။ သင်္ဘော နာမည်ကိုလည်း ရိုက်သည်။ သင်္ဘောပေါ်က ကြည့်နေကြသည့် ကိုအဏ္ဏဝါတို့ သင်္ဘောသားတွေကိုလည်း ရိုက်သည်။ အဲဒါ ဘာလုပ်တာလဲလို့ မေးကြည့်တော့ သူတို့ စက်ရုံက ထုတ်လုပ်ပြီး နိုင်ငံခြားကို တင်ပို့သည့် ကုန်တန်ချိန် တစ်သန်းမြောက် ကုန်ထုပ်နှင့် တင်ယူသွားသည့် သင်္ဘောကို မှတ်တမ်းတင်တာဟု သိရ သည်။ အဲဒီ သင်္ဘောက သင်္ဘောသား ကိုအဏ္ဏဝါပါ မှတ်တမ်းဝင်သွား သည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



၂၂–ရက်နေ့မှာ သင်္ဘောထွက်မလိုလို သတင်းကြားပြီး မထွက်ဖြစ်သေးလို့ ဆိပ်ကမ်းဝင်းထဲက သင်္ဘောသားကလပ်မှာ သွားထိုင်နေသည်။ ဘီယာ သောက်ရင်း တီဗွီ ကြည့်သည်။ မနေ့ကတော့ (အာရှတိုက်က မဒေါနား) အကြောင်း ပြခဲ့သည်။ ဒီနေ့တော့ (ဖိလစ်ပိုင်က ကလီယိုပါထရာ) အကြောင်း ကြည့်ရသည်။ သမ္မတဟောင်း ဖာဒီနန် မားကို့စ်ရဲ့ ဇနီး အီမယ်ဒါမားကို့စ် အကြောင်း ပြနေသည်။ သူကလည်း တစ်မျိုး လှသည်။ မြန်မာပြည်က ရုပ်ရှင်မင်းသမီး ချိုပြုံး ချောပုံမျိုး ချောသည်။ အီမယ်လ်ဒါ၏ ချမ်းသာ ကြွယ်ဝမှုတွေကို ပြသည်။ အဝတ်အစား မျိုးစုံကို အခန်းကြီးထဲမှာ ချိတ်ထားတာဟာ စူပါ မာကက်ကြီး တစ်ခုရဲ့ အရောင်း ပြခန်းကြီးလို့ ထင်ရသည်။

အီမယ်ဒါ၏ လက်ကိုင်အိတ်ပေါင်း တစ်ထောင်လောက် ရှိမည်ဟု ထင်ရသည်။ ဖိနပ်မျိုးစုံ အရံပေါင်း သုံးထောင်လောက် ရှိသည်။ ညအခါ လမ်းလျှောက်သွားတိုင်း မီးလုံးလေးတွေ လင်းသည့် ဖိနပ်တစ်ရန်ကို ပြထားသည်။

မားကို့စ် မိသားစုပိုင် ငွေစာရင်းတွေကိုလည်း ပြသည်။ ဆွစ်ဇလန် ဘဏ်မှာ အပ်နှံထားသည့် ငွေစာရင်းတွေကို ထုတ်ပြနေသည်။ မျက်နှာကို မပြသည့် လူတစ်ယောက် ဘဏ်ထဲကို ဝင်လာသည်။ ငွေသွင်းသည်။ ငွေထုတ်သည်။ လက်မှတ်ထိုးပုံကို အနီးကပ်ပြသည်။ အဲဒီလူသည် သမ္မတ မားကို့စ်၏ ကိုယ်စားလှယ် ဖြစ်သည်ဟု ဆိုသည်။ တီဗွီ ကြည့်ရတာ ကြည့်မဝ ဖြစ်နေသည်။ ကိုအဏ္ဏဝါ မထနိုင် ဖြစ်နေသည်။

၂၃–ရက်နေ့တွင် အိပ်ရာက မထချင်လို့ အိပ်နေသည်။ တံခါးလာခေါက်သံကြားလို့ ထလိုက်ရသည်။ ကိုကျော်မြင့် ဖြစ်နေသည်။ ကိုအဏ္ဏဝါသည် ကိုကျော်မြင့် အပေါ်တွင် အမြင် မကြည်လင်လို့ ခပ်တည်တည် ဆက်ဆံနေသည်။ ကိုကျော်မြင့်က ကိုအဏ္ဏဝါကို လိုက်ချော့ပေါင်းသည်။ ကိုအဏ္ဏဝါကလည်း လူကြီးဆန်ဆန်ဖြင့် သဘောထားကြီးစွာ တုံ့ပြန် ဆက်ဆံနေသည်။

"အာအိုကြီး ကပ္ပီတန် ခေါ်နေတယ်"

http://www.linhtet.com



ကိုအဏ္ဏဝါ နာရီကို ကြည့်လိုက်သည်။ ၈–နာရီ ၁၅–မိနစ်ရှိပြီ ဖြစ်သည်။ သင်္ဘောသား တစ်ယောက်သည် ၇–နာရီမှာ အိပ်ရာက ထရသည်။ ကိုအဏ္ဏဝါ ဘောင်းဘီ ကောက်ဝတ်ပြီး ကပ္ပိတန်ကို သွားတွေ့သည်။ ကပ္ပိတန်က တက်မစင်ပေါ်ကို ရောက်နေသည်။

"ဂွတ်မောနင်း ဆာ"

"မောနင်း၊ ဒီနေ့ သင်္ဘောထွက်မယ်၊ ဘယ်လ်ဂျီယံ နိုင်ငံကို သွားမယ်၊ အင်္ဂလိပ် ရေလက်ကြား မိုးလေဝသသတင်း ဖမ်းပေးပါ"

"ယက်ဆား"

ကိုအဏ္ဏဝါ တက်မစင်က ပြန်ဆင်းပြီး ရေဒီယိုခန်းကို ဝင်သည်။ ၉–နာရီခွဲမှာ လွှင့်ပေးသည့် နယ်သာလင် (PCH) က မိုးလေဝသ သတင်းကို ဖမ်းပေးလိုက်သည်။ အင်္ဂလန် ရေလက်ကြားအတွက် အကောင်းဆုံး မိုးလေဝသသတင်း ဖြစ်သည်။

သင်္ဘောထွက်မည်ဆိုပြီး ည ၉–နာရီ ထိုးသည်အထိ မထွက်နိုင်သေး ဖြစ်နေသည်။ မလေးရှားနိုင်ငံကို တင်ပို့မည့် သံရည်ကျိုစက် အဟောင်းကြီး တစ်ခုကို လှိုင်းလှုပ်လျှင် မရွေ့နိုင်အောင် LATCHING လုပ်တာ ကြာနေသည်။ လှိုင်းလှုပ်လို့ အဲဒါကြီး ရွေ့သွားလျှင် သင်္ဘော စောင်းသွားမည် ဖြစ်သည်။ ပထမအရာရှိက လက်မခံမချင်း လုပ်ပေး နေရတာ ဖြစ်သည်။

ည ၁၀–နာရီခွဲမှ အင်္ဂလန်နိုင်ငံ တီးစ်ဆိပ်ကမ်းမှ ထွက်ခွာနိုင်သည်။ ဘယ်လ်ဂျီယံနိုင်ငံ အင်းဒွပ် ANTWERP မြို့ ဆိပ်ကမ်းကို ဦးတည် ခုတ်မောင်းနေပြီ ဖြစ်သည်။

ည ၁၂–နာရီကျော်မှ ကပ္ပိတန်က ကြေးနန်း လေးစောင် ပို့ရန် လာပေးသည်။ ဘယ်လ်ဂျီယံအတွက် နှစ်စောင်ကို ဘယ်လ်ဂျီယံနိုင်ငံ အော်စတင်ဒီ OST သို့ တိုက်ရိုက် ခေါ်ပို့လိုက်သည်။ ဂရိနိုင်ငံအတွက် နှစ်စောင်ကို ဆွစ္စလန် HEB သို့ ပို့လိုက်သည်။ ကပ္ပိတန် အသစ်၏ အစမ်းသပ်ခံ နေရသော ကိုအဏ္ဏဝါသည် မညည်းညူ ပြနေရသည်။

၂၅–ရက်နေ့မှာ ဘယ်လ်ဂျီယံနိုင်ငံ အင်းဒွပ်မြို့ ဆိပ်ကမ်းကို ရောက်သည်။ ခရစ္စမတ်နေ့ဖြစ်လို့ အလုပ် မလုပ်ဟု သိရသည်။ တစ်မြို့ လုံး တိတ်ဆိတ်နေသည်။ ဘုရားကျောင်းတွေကို သွားပြီး ဝတ်ပြု

http://www.linhtet.com



ဆုတောင်းနေကြတာ ဖြစ်မည်။ ညနေစောင်းတွင် ပြင်သစ်နိုင်ငံမှာ ဆေးရုံ တက်နေခဲ့သော ဟန်မြင့် သင်္ဘောကို ပြန်ရောက်လာသည်။

ဟန်မြင့်ကို စစ်မြေပြင်မှ ပြန်လာသော သူရဲကောင်း တစ်ယောက်လို ကြိုဆိုကြသည်။ အားပေးစကား ပြောကြသည်။ ဟန်မြင့်မှာတော့ မြန်မာ သင်္ဘောသားတွေအတွက် အပေါ်သွား လေးချောင်းနှင့် အောက်သွား နှစ်ချောင်း စွန့်လွှတ် ပေးလှူခဲ့ရသည်။ သွားကျိုးလေးကို လက်ဖြင့်ကွယ်ပြီး ရယ်ရယ်မောမော စကားပြောတာကို ဝိုင်းဝန်း နားထောင်ကြသည်။

## ဥရောပမှ အာရှသို့

၂၆–ရက်နေ့မှာ အင်းဒွပ်မြို့ထဲ လျှောက်လည်သည်။ လိုချင်တာလေးတွေ ဝယ်သည်။ ဥရောပလက်ရာ အဆောက်အဦ ကြီးများဖြင့် ထည်ဝါ ခမ်းနားသော ဘယ်လ်ဂျီယံနိုင်ငံကို ငေးမောကြည့်နေမိသည်။




ကမ္ဘာကျော် ပန်းချီဆရာကြီး ဗင်းဆင့်ဗင်ဂိုး နေသွားခဲ့သည့်
ဘယ်လ်ဂျီယံနိုင်ငံ အင်းဒွပ်မြို့

http://www.linhtet.com



သမိုင်း အစဉ်အလာ ကြီးမားသော နိုင်ငံကြီး ဖြစ်သည်။ နိုင်ငံအရွယ် အစား မကြီးမားသော်လည်း သမိုင်းမှာ ပါဝင်ခဲ့မှု အခန်းကဏ္ဍက ကြီးမား သည်။ ၁၈၁၄ ခုနှစ်မှာ ဂျာမနီက ဝင်တိုက်ခဲ့လို့ အင်္ဂလန်က ဂျာမဏီကို စစ်ကြေညာပြီး ပထမ ကမ္ဘာစစ်ကြီး ဖြစ်ခဲ့ရသည်။

ဥရောပလက်ရာ အဆောက်အဦကြီးတွေရဲ့ နောက်ခံဖြင့် ဓာတ်ပုံတွေ ရိုက်သည်။ ဘယ်လ်ဂျီယံ ငွေကြေးသည် ငွေမာ ဖြစ်သည်။ အမေရိကန် ဒေါ်လာနှင့် လဲနှုန်းမှာ အမေရိကန် တစ်ဒေါ်လာကို ဘယ်လ်ဂျီယံ ဖရန့် ၃၂ ခန့် ဈေးပေါက်နေသည်။ ဆယ်နှစ်မျှ အပြောင်းအလဲ မရှိဘဲ တည်ငြိမ်နေသည်ဟု သိရသည်။



ဘယ်လ်ဂျီယံနိုင်ငံ အင်းဒွပ်မြို့ရောက် ကိုအဏ္ဏဝါ

၃၀–ရက်နေ့မှာ တက်မကိုင် ဝမ်ရှိန် နေမကောင်းလို့ ဆေးခန်းပြ ရပြန်သည်။ အလုပ် မရှိသည့် ကိုအဏ္ဏဝါကို စကားပြန်အဖြစ် လိုက်သွား ရန် ကပ္ပိတန်က တာဝန် ပေးပြန်သည်။ ကိုအဏ္ဏဝါကလည်း နိုင်ငံ တကာကို အခမဲ့ လည်ပတ်ရမည်ဆိုလျှင် လိုက်ချင်တာနဲ့ အတော်ပဲ ဖြစ်သွားသည်။ ဒေသကိုယ်စားလှယ်ရုံးက တိုင်စီတစ်စီး လွှတ်ပေးသည်။ အသွားအပြန် တိုင်စီဖြင့် သွားကြရသည်။ ကပ္ပိတန် အသစ်သည် သဘော်

http://www.linhtet.com



သားတို့၏ စားသောက်ရေး၊ ကျန်းမာရေးကို ဂရုစိုက်တာ သတိထားမိသည်။ ကပ္ပိတန် အသစ်၏ နာမည် နီကိုလပ်စ်လူးဇစ်ဟု သိရသည်။



ဘယ်လ်ဂျီယံနိုင်ငံ အင်းဒွပ်မြို့ထဲမှာ ကိုအဏ္ဏဝါ

၃၁-ရက်နေ့အထိ ဘယ်လ်ဂျီယံက မထွက်နိုင်သေး ဖြစ်နေသည်။ နေ့လယ်တွင် တက်မကိုင် ကိုမြင့်သိန်းနှင့်အတူ ဆီးမင်းမစ်ရှင် (သင်္ဘောသား မစ်ရှင်) ကို သွားပြီး မြန်မာပြည်ကို စာထည့်သည်။ ရုပ်ရှင် ကြည့်သည်။ ဂျိမ်းဘွန်းဇာတ်ကား A VIEW TO A KILL ကြည့်ကြသည်။

ည ၁၁-နာရီတွင် ကပ္ပိတန်က ခေါ်လို့ အရာရှိ စားသောက်ခန်းကို သွားရသည်။ ကပ္ပိတန်က သင်္ဘောသားတွေကို စားသောက်ပွဲဖြင့် တည်ခင်းသည်။ ဘီယာ အရက်နှင့် မြည်းစရာ အစားအသောက်တွေ တည်ခင်းထားသော်လည်း ကိုအဏ္ဏဝါက ဘီယာ အရက် မသောက်ဘဲ အချိုရည်ကိုသာ သောက်သဖြင့် ကပ္ပိတန် အသစ်ဆီမှာ အမှတ် တက်သွားပြန်သည်။ ပြီးခဲ့သည့် ပြဿနာတွေဟာ ကိုအဏ္ဏဝါတို့ ဆိုးလို့ မဖြစ်နိုင်ဟု တွေးနေမည် ဖြစ်သည်။ ငါတို့ ဂရိလူမျိုးကြီး ဝါဒကြောင့်သာ ဖြစ်ရမည်ဟု တွေးနေပေလိမ့်မည်။

http://www.linhtet.com



ည ၁၂–နာရီတိတိမှာ သင်္ဘောက ဥသြကို ရှည်လျားစွာ ဆွဲသည်။ အခန်းတွင်းက မီးတွေကို မှိန်ထားရာမှ လင်းထိန်သွားအောင် ဖွင့်လိုက်သည်။ ကပ္ပိတန်က အားလုံးကို လက်ဆွဲနှုတ်ဆက်သည်။

“ဟက်ပီးနယူးယီးယား အဲဗရီး ဘော်ဒီ”

“ဆိမ်းတူယူ ကပ္ပိတန်”

အပြန်အလှန် လက်ဆွဲ နှုတ်ဆက်ကြသည်။ ဒီနေ့ ဒီအချိန်က စပြီ အတူတကွ ပျော်ရွှင်စွာ လက်တွဲ ချီတက်ကြပါစို့ ဆိုသည့်သဘော ဖြစ်သည်။ အားလုံး ပျော်ရွှင်နေကြသည်။ ၁၉၈၇ ခုနှစ်သည် ဘယ်လ်ဂျီယံ နိုင်ငံ အင်းဒွပ်မြို့တွင် ကုန်လွန်ခဲ့ပါသည်။

၁–၁–၁၉၈၈ နေ့သည် သောကြာနေ့ ဖြစ်သည်။ နှစ်ဆန်းတစ်ရက်နေ့ဖြစ်လို့ ဘယ်လ်ဂျီယံနိုင်ငံမှာ အလုပ်ရပ်နားထားသည်။ ကိုအဏ္ဏဝါလည်း ဘယ်ကိုမှ မသွားဘဲ သင်္ဘောမှာပဲ စာရေးစာဖတ် လုပ်နေသည်။ ဒီဇင်ဘာလအတွက် လစာ စာရင်းကို လက်မှတ် ထိုးကြရသည်။ ကိုအဏ္ဏဝါ၏ လစာငွေ လက်ကျန်သည် အမေရိကန် ဒေါ်လာ ၁၃၀၁.၆၅ ဖြစ်သည်။ သင်္ဘောပေါ်ရောက်တာ ခြောက်လရှိပြီ သွပ် တစ်ထုပ်နှင့် အမေရိကန် ဒေါ်လာ ၁၃၀၀ သာ ရသေးသည်။

၂–ရက်နေ့မှာ ဘယ်လ်ဂျီယံနိုင်ငံ အင်းဒွပ်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာ ခဲ့ပါသည်။ အရှေ့တိုင်းနိုင်ငံ မလေးရှားသို့ သွားနေပြီဟု သိရသည်။

## ဘယ်လ်ဂျီယံမှ မလေးရှားသို့

ဘယ်လ်ဂျီယံက ထွက်လာပြီး နောက်နေ့ ဖြစ်သည်။ ဇန်နဝါရီလ ၃–ရက်နေ့မှာ အင်္ဂလိပ် ရေလက်ကြားမှာပဲ ရှိသေးသည်။ ဟော်လန်နိုင်ငံ အနီးမှာ မုန်တိုင်းတစ်ခု ဖြစ်ပေါ်နေလို့ လှိုင်းကြီး လေထန်နေသည်။ ဒီအတိုင်းသာဆိုလျှင် ဘစ္စကေး ပင်လယ်ကို ဖြတ်လျှင် ပိုဆိုးတော့မည် ဖြစ်သည်။

၄–ရက်နေ့မှာ သင်္ဘောသချိုင်းလို့ ခေါ်သည့် ဘစ္စကေး ပင်လယ်ကို စတင် ဝင်သည်။ ဝင်သည့် အချိန်ကစပြီး လှိုင်းကြီး လေထန်လို့

http://www.linhtet.com



ပြောင်းဆန် နေတော့သည်။ အိပ်လို့လည်း မရ၊ ထမင်းစားလို့လည်း မရ၊ အလုပ် လုပ်ရတာလည်း အဆင်မပြေ ဖြစ်နေသည်။ ဆီးဖြူသီးကို ဆန်ကောထဲ ထည့်လှိမ့်သလို ဖြစ်နေသည်။

၅–ရက်၊ ၆–ရက်နေ့ဆိုလျှင် ဘစ္စကေး ပင်လယ်မှ ထွက်ပြီး ဖြစ်ရမည်။ သို့သော် မထွက်နိုင် ဖြစ်နေသည်။ သင်္ဘောသည် ရှေ့သို့ မသွားဘဲ နောက်ပြန် ရွေ့နေသည်။ ခရီးမတွင် ဖြစ်နေသည်။ ဒီကြားထဲမှာ ကုမ္ပဏီက ဝင်လာသည့် ကြေးနန်းတွေကလည်း စိတ်ပျက်စရာ ကောင်းသည်။ ဥရောပမှ အာရှတိုက်ကို သွားရာမှာ စူးအက် တူးမြောင်းကို မဖြတ်တော့ဘဲ အာဖရိကကို ပတ်ပြီး သွားမည်ဟု ဆိုလာသည်။ ရက်ပေါင်း ဘယ်လောက် ကြာမည်ကို တွက်ပေးပါ။ လောင်စာဆီ တန်ဘယ်လောက် ကုန်မည်ကို တွက်ပြပါ စသည်ဖြင့် မေးလာသည်။ တူးမြောင်းဖြတ်ခ မပေးချင်လို့ ပေခေါက်ဖို့ စဉ်းစားခြင်း ဖြစ်သည်။

၈–ရက်နေ့မှာတော့ စူးအက်တူးမြောင်းကို ဖြတ်မည်ဆိုသည့် ကြေးနန်း ရသည်။ မြေထဲပင်လယ်ထဲကို စတင် ဝင်ရောက်သည်။ ကိုအဏ္ဏဝါသည် ကြေးနန်းတွေကို ပုံမှန် ဝင်အောင် ထွက်အောင် သတိ ကြီးစွာ ထားပြီး အလုပ် လုပ်သည်။ အင်္ဂလန်၊ ဆွစ္စလန်၊ ဂရိနိုင်ငံတွေက ရေဒီယို စတေရှင်တွေကို နားထောင်သည်။ အီတလီက မိုးလေဝသကို ဖမ်းပေးသည်။ ကပ္ပိတန်သည် ကိုအဏ္ဏဝါ၏ လုပ်ရည်ကိုင်ရည်ကို လုံးဝ ယုံကြည်နေပြီ ဖြစ်သည်။

၁၄–ရက်နေ့ ည ၁၀–နာရီတွင် စူးအက် တူးမြောင်း အဝကို ရောက်ပြီး ကျောက်ချသည်။ အီဂျစ်နိုင်ငံ၏ မြို့တစ်မြို့က လျှပ်စစ်မီးရောင်တွေကို မြင်နေရသည်။ စူးအက်မြို့လား၊ အလက္ဇန္ဒြီယား မြို့လား မသိ မီးတွေကတော့ ထိန်လင်းနေသည်။

၁၅–ရက်နေ့မှာ ရေကြောင်းပြ တက်သည်။ စူးအက် တူးမြောင်းကို ဝင်သည်။ စူးအက် တူးမြောင်းသည် မြေထဲပင်လယ်နှင့် ပင်လယ်နီကို ဆက်မိအောင် သဲကန္တာရကြီးကို ဖြတ်ဖောက်ထားသော တူးမြောင်း ဖြစ်သည်။ ပင်လယ်နီ၏ ထိပ်မှာ ရှိနေသည့် အီဂျစ်ပိုင် ဆိုင်းနိုင်း ကျွန်းစွယ်ကို ဖြတ်ပြီး မြေထဲပင်လယ်သို့ ဖောက်ထွက်နိုင်အောင် ဖောက်ခဲ့သော တူးမြောင်း ဖြစ်သည်။

http://www.linhtet.com





ကမ္ဘာကျော် စူးအက်တူးမြောင်း

ပြင်သစ် ဗိသုကာ ဖာဒီနန် ဒီလစ်ဆစ်ဆိုသူက ၁၈၅၉ မှ ၁၈၆၉ ခုနှစ်အထိ ၁၀ နှစ်တိုင်အောင် ဖောက်လုပ်ခဲ့ရသော တူးမြောင်းဖြစ်သည်။ အလျား ၁၀၇ မိုင်၊ အကျယ် ၁၉၇ ပေ၊ အနက် ၄၂ ပေရှိသည်။ တူးမြောင်း ဖောက်လုပ်ရာတွင် ကုန်ကျစရိတ် များလွန်း၍ အစုရှယ်ယာများ ခေါ်ယူခဲ့ရာ နိုင်ငံတကာမှ အစုရှယ်ယာပေါင်း ရှစ်သိန်း ပါဝင်ခဲ့ကြသည်။ အင်္ဂလန်ကချည်း ရှယ်ယာ ၃၅၄၀၀၀ ကျော် ပါဝင်ခဲ့သဖြင့် စူးအက် တူးမြောင်းအုပ်ချုပ်ရေးကို အင်္ဂလန်က ကြိုးကိုင် ထားခဲ့သည်။

စူးအက် တူးမြောင်း၏ သမိုင်းသည် နိုင်ငံရေးနှင့် အတော် ပတ်သက်ခဲ့သည်။ စူးအက် တူးမြောင်း၏ မြေထဲပင်လယ်ဘက် အဝင်ဝမှာ မီးပြနေသည့်သဏ္ဌာန် ထုလုပ် စိုက်ထူထားမည့် အမျိုးသမီး ရုပ်တုကြီးသည် လေဘာတီ ရုပ်တုကြီး အဖြစ်ဖြင့် အမေရိကန်နိုင်ငံကို ရောက်သွားတာလည်း နိုင်ငံရေးပင် ဖြစ်သည်။ စူးအက်တူးမြောင်း အဝင်ဝကို မီးပြနေရမည့် အမျိုးသမီးကြီးသည် နယူးယောက်က ကျွန်းကလေးပေါ်ကို ရောက်သွားခဲ့ရသည်။

တူးမြောင်း၏ ဝဲယာမှာ မြို့ပြတိုက်တာ အဆောက်အဦတွေ တွေ့ရသည်။ အတော်လေး ဝင်မိတော့မှ ဝဲယာ တစ်ဖက်တစ်ချက်မှာ သဲကန္တာရကြီးတွေကို မြင်တွေ့ရသည်။ အီဂျစ်နှင့် အစ္စရေး စစ်ပွဲတုန်းက အစ္စရေးတပ်တွေ တူးမြောင်းကို ဖြတ်ကူးခဲ့ကြသည့် ဖောင်လေးတွေ

http://www.linhtet.com



သံပြင် ကမ်းစပ်မှာ ပြန့်ကျဲနေဆဲ တွေ့နေရသည်။ အစွရေး စစ်တပ်သည် သူတို့၏ တင့်ကားတွေ တူးမြောင်းကို အလျင်အမြန် ဖြတ်ကူး သွားနိုင်အောင် ဤဖောင်ကလေးတွေ (သံဖြင့် ပြုလုပ်ထားသည့် ဘော်ယာပွန်တူးလေးတွေ) ကို သူတို့နိုင်ငံကနေ ဒီနေရာအထိ ဘယ်လို သယ်ယူခဲ့တာပါလိမ့်ဟု စဉ်းစားနေမိသည်။

၁၆-ရက်နေ့သည် စနေနေ့ ဖြစ်သည်။ သင်္ဘောသည် တူးမြောင်းမှ ထွက်ပြီး ပင်လယ်နီထဲမှာ သွားနေပြီ ဖြစ်သည်။ ညနေ ၆-နာရီမှာ ကပ္ပိတန်က သင်္ဘောသားများ ထမင်းစားခန်းမှာ စကား ပြောမည်ဆို၍ မြန်မာ သင်္ဘောသားတွေ စုရုန်း ကြရပြန်သည်။ မိန့်ခွန်းကို ကြားနာမည့်သူကလည်း များများစားစား မရှိ ဖြစ်နေသည်။ မူလ ရှိတာကမှ စုစုပေါင်း ၁၇ ယောက်သာ ရှိသည်။ သင်္ဘော သွားနေစဉ်ဖြစ်လို့ တက်မစင်မှာ တာဝန်ကျနေသူ၊ စက်ခန်းမှာ တာဝန်ကျနေသူတွေ နုတ်လိုက်လျှင် ၁၀ ယောက်လောက်သာ ရှိသည်။ ဘယ်သူရှိရှိ မရှိရှိ၊ ကိုအဏ္ဏဝါ ရှိနေလျှင် ပြည့်စုံပြီဆိုပြီး မိန့်ခွန်း စတင် ပြောသည်။

“ကျွန်တော် ဒီသင်္ဘောကို ရောက်လာပြီးနောက် ဒီသင်္ဘောက မြန်မာ သင်္ဘောတွေကို လေ့လာကြည့်ပါတယ်၊ အားလုံး ကောင်းကြပါ



စူးအက်တူးမြောင်း အဝင်က အလဇ္ဇန္ဒြီးယားမြို့ကို ဖြတ်နေစဉ်

http://www.linhtet.com



တယ်၊ ဆိုးတဲ့သူ တစ်ယောက်မှ မတွေ့ရဘူး၊ ကျွန်တော် စိတ်ချမ်းသာသွားပါပြီ''

ကပ္ပိတန်သည် ဝန်ကြီးချုပ်ဟောင်း ဦးနုရေးသည့် မိတ္တဗလဋ္ဌိကာကို အရည်ကျို သောက်ထားဟန် တူသည်။ တစ်ဖက်လူကို ချီးကျူးပြောဆိုပြီး သူ့ဘက်ကို ပါအောင် စည်းရုံးလိုက်ခြင်း ဖြစ်သည်။ သူ စိတ်ချမ်းသာ သလို သူ့စကားကို ကြားရလို့ မြန်မာ သင်္ဘောသားတွေလည်း စိတ်ချမ်း သာ သွားကြသည်။ ဒီသင်္ဘောမှာ ဖြစ်ပျက်ခဲ့သည့် ကိစ္စတွေကို မေ့ပစ် လိုက်ဖို့ ရှေ့ဆက်ကြရမည့် ခရီးမှာ ပျော်ပျော်ပါးပါး လက်တွဲ လုပ်ကိုင် သွားကြဖို့ ပြောသည်။ ဒီကိစ္စက သူရောက်သည့်နေ့ကပင် ပြောပြီးဖြစ် သည်။

''ပြီးခဲ့တဲ့ အရေးအခင်းမှာ ကပ္ပိတန်နဲ့ ပထမအရာရှိကို ဖြုတ်ပစ်ဖို့ ကုမ္ပဏီကို စာရေးတာ ဘယ်သူလဲ''

ဒီနေ့ မျက်နှာစုံညီ အစည်းအဝေးမှာ သူ အဓိက သိချင်တာ ဒါပဲ ဆိုတာ သိလိုက်သည်။ ကိုအဏ္ဏဝါ ထိုင်ရာမှ ထလိုက်သည်။ ဒေါသမပါသည့် မျက်နှာ၊ ကပ္ပိတန်ကို လေးစားသည့် အမူအရာဖြင့် အေးအေး ဆေးဆေး ပြောလိုက်သည်။

''စာစီစာရေး တာကတော့ ကျွန်တော်ပါ၊ အားနေတဲ့လူ၊ ရေးတတ်တဲ့လူက ရေးရတဲ့ သဘောပါပဲ၊ ဆရာသိတဲ့ အတိုင်းပါပဲ၊ စာတစ်စောင်မှာ အားလုံး လက်မှတ် ရေးထိုးတားတယ်ဆိုလျှင် ဘယ်သူရေးတယ်ဆိုတဲ့ ကိစ္စဟာ အဓိက မဟုတ်တော့ပါဘူး၊ ဒီစာကို အားလုံးက ဝိုင်းရေးထားတယ်လို့ နားလည်ရမှာပါ''

ကပ္ပိတန်က သူ မျှော်လင့်ထားသည့် အတိုင်းပင် သူပုန်ခေါင်းဆောင် ကိုအဏ္ဏဝါ၏ လက်ရာ ဟုတ်မဟုတ် ဆိုတာကို သေချာအောင် မေးခြင်းသာ ဖြစ်သည်။

''ကောင်းပါပြီ၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကြောင့် သင်္ဘော ကုမ္ပဏီဟာ စိတ်အနှောင့်အယှက် ဖြစ်သွားတယ်၊ ခင်ဗျားတို့ တောင်းဆိုတာကို သူတို့ ဘက်က လိုက်လျော ဆောင်ရွက်ပေးပြီးပြီပဲ၊ ခင်ဗျားတို့ဘက်က တောင်းပန်စာ ရေးဖို့ ကျွန်တော် အကြံပြုချင်ပါတယ်''

http://www.linhtet.com



ကိုအဏ္ဏဝါ အပါအဝင် ဘယ်သူကမျှ ဘာစကားမျှ မပြောဘဲ နေကြသည်။ မိမိတို့က ခံလည်း ခံရသေးသည်။ လုပ်မိတာ မှားပါတယ်လို့ တောင်းပန်ရဦးမည် ဆိုတော့ သိပ်ပြီး မတရားဘူးလို့ ထင်မိကြသည်။ ဒါပေမဲ့ ဘာမျှ ထုတ်ဖော် မပြောဘဲ နေကြသည်။ ဒုတိယ အရာရှိ ကိုကျော်မြင့်က ကပ္ပိတန်ကို ခေါင်းညိတ် ပြလိုက်သဖြင့် တောင်းပန်စာ ရေးပါမည်ဆိုတဲ့ သဘော ဖြစ်သွားသည်။ ဒီအကြံဥာဏ်ဟာ ကိုကျော်မြင့် ဆီက လာတာလို့ အများက ယုံကြည်သွားကြသည်။

ကပ္ပိတန်က သူကိုင်ဆောင်လာသည့် ဖိုင်တွဲထဲမှ စာတစ်စောင်ကို ဆွဲထုတ်ပြီး ကိုကျော်မြင့်ကို ကမ်းပေးသည်။ ကိုကျော်မြင့်က စာကို ကြည့်ရုံသာ ကြည့်ပြီး ကိုအဏ္ဏဝါကို လှမ်းပေးသည်။ ကိုအဏ္ဏဝါက ခင်ဗျားပဲ ဖတ်ကြည့်ပါလို့ ပြောတော့ သူ ဖတ်ပြီးပြီဟု ပြောသည်။ အခုမှ ကပ္ပိတန်က ထုတ်ပေးသည့်စာကို သူ ဖတ်ပြီးပြီ ဆိုသည့်အတွက် ကိုကျော်မြင့်နှင့် ကပ္ပိတန် အဟောင်း၊ အသစ်တို့၏ ထိတွေ့ ဆက်ဆံနေမှု အပေါ်မှာ မသင်္ကာစရာ သံသယ ဖြစ်စရာတွေ တွေ့နေရသည်။

ကုမ္ပဏီကို တောင်းပန်စာ ရေးပါမည်ဆိုသည့် ကတိ ရသဖြင့် အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။ ကိုအဏ္ဏဝါသည် ကိုကျော်မြင့် ကမ်းပေးသည့်စာကို ယူကြည့်လိုက်သည်။ နဗရွန်း ကုမ္ပဏီ တံဆိပ်ပါသော စာရွက်ပေါ်မှာ အင်္ဂလိပ်လို ရေးထားသည်။ သင်္ဘော ကုမ္ပဏီက ပြင်သစ်နိုင်ငံ ဘိုလုန်းမြို့က ဒေသကိုယ်စားလှယ်ဆီကို ပို့သည် အီးမေး ဖြစ်သည်။ (ဒီစာကို ရေမြင်းသင်္ဘောက ဒုတိယအရာရှိ မစ္စတာ ကျော်မြင့်ကို ပေးပါ) ဆိုသည့် စာတစ်ကြောင်း ပါသည်။ အောက်ကမှ (သင်္ဘောပေါ်ရှိ မြန်မာ သင်္ဘောသား အားလုံးသို့) ဆိုသည့် စာတစ်ကြောင်းကို စာလုံးကြီးကြီး ဖြင့် ရေးထားသည်။

ကိုအဏ္ဏဝါသည် စိတ်မပါ လက်မပါဖြင့် ရမ်းသရမ်း ဖတ်ကြည့်လိုက်သည်။ ပြစ်တင် ကြိမ်းမောင်းသည့်စာပဲ ဖြစ်မှာပဲဆိုတာ သိနေသည်။ ဂရိလူမျိုး ရေးသည့် အင်္ဂလိပ်စာ အရေးအသားက အင်္ဂလန်က ကျော့ဘုရင် ရေးသည့် အင်္ဂလိပ်စာ အရေးအသားမျိုး ဖြစ်နေသည်။ ကိုအဏ္ဏဝါ ဖတ်ကြည့်ပြီး နည်းနည်းသာ နားလည်သည်။ ကိုအဏ္ဏဝါတို့ကလည်း

အင်္ဂလိပ်စာဆိုလျှင် ဒေါက်တာထင်အောင် ရေးသလို လွယ်လွယ် ရေးပြမှ ဖတ်တတ်သည်။ စကားဆိုလျှင်လည်း နန်းတော်သုံးစကား ROYAL ENGLISH ဖြင့် ပြောလျှင် နားမလည်၊ နိုက်ကလပ်စကား၊ ပြည့်တန် ဆာတန်းသုံး စကားဖြင့် ပြောမှ နားလည်သူ ဖြစ်သည်။ ကိုအဏ္ဏဝါ ပြောနေသည့် အင်္ဂလိပ် စကားသည် သင်္ဘောသားသုံး အင်္ဂလိပ် စကား SEAMAN ENGLISH ဖြစ်သည်။


NAVARONE S.A.

FAX TRANSMISSION

From Fax No. : Piraeus 4179548
To Fax No. : Boulogne 303137
Adressee : Rory - THTE
Attn of : Mr. Lejeune
Date : 9th December 1987
No of pages including this one : 3

Re: M/T "SEABORNE"

Pls pass following to 2nd Officer Mr. NYAN MYINT onboard subject vessel and copy to Master.

Quote

TO ALL BURMESE CREW NOW SERVING ONBOARD THE M/V SEABORNE.

We have received today your "TO WHOM IT MAY CONCERN" letter dated Boulogne 8 Dec. 1987, and were extremely surprised not only for the fact that you have bluntly accused and offended your Master and Chief Officer but more importantly you have committed a severe disciplinary breach by stating that you were going to stop all daily works unless the Master and Chief Officer were to leave the vessel, thus implying that there would be "NO OTHER SOLUTION" to your alleged problem except the one you have dictated.

In this respect [illegible] ... manner to present your complaints, irrespective of whether such complaints were valid or not. We refer you to paragraph 8 items (1) and (2) of your Contract which clearly explains the way that complaints and grievances are to be represented. In addition to that and more importantly you are definitely not entitled to threaten the Company or anyone else with action as done in the present case. The Company should always be given time to hear your complaints, if any, and take appropriate corrective measures where necessary. If thereafter you do not become satisfied it is to the discretion of your Authority i.e. the SBCD of Rangoon to decide what has to be done to remedy the situation.

We draw your attention to the foregoing and advise that:

1) This is the last time that we can accept defaults of the sort. In case of repetition in the future, defaulters will not be tolerated anymore and will be considered in accordance with the provisions of the law and the terms of the Employment Contract which SBCD will be requested to strictly enforce.

2) As you know, our Company employs a substantial number of Burmese Crews which each operates to your own benefit and also to the benefit of your country. We hope that you will appreciate this and that in future you will behave in a manner that will enable the continuation of employment of Burmese Crews onboard our vessels.

Now coming to the gist of your complaints, we find it hard to believe that the Master and Chief Officer have been cruel, merciless and



သင်္ဘောကုမ္ပဏီမှစာ မူရင်း

စာပါ အကြောင်းအရာကို အကြမ်းဖျင်း နားလည်သည်။ (ဒီစာမျိုး ရေးပြီး ကုမ္ပဏီကို ခြိမ်းခြောက်တာကို အံ့သြမိကြောင်း၊ ရန်ကုန်ရှိ မြန်မာနိုင်ငံ သင်္ဘောသား အလုပ်အကိုင် ရှာဖွေရေးရုံးနှင့် သဘောတူ

http://www.linhtet.com



ချုပ်ဆိုထားသည့် စာချုပ်ပါ အကြောင်းအရာ အပိုဒ် (င)၊ အပိုဒ်ခွဲ (၁) နှင့် (၂) အရ ရှင်းလင်းစွာ ဖော်ပြထားကြောင်း၊ ကုမ္ပဏီသည် ပြဿနာများ ကို တင်ပြရန် ဖွင့်ပေးထားကြောင်း၊ ဒီလို ခြိမ်းခြောက်တာမျိုးကို လက်မခံ နိုင်ကြောင်း။

ဒါမျိုး ခြိမ်းခြောက်တာဟာ နောက်ဆုံးအကြိမ် ဖြစ်စေလိုကြောင်း၊ နောင် အလားတူ လုပ်ပါက မြန်မာ သင်္ဘောသားရုံးနှင့် သဘောတူချုပ်ဆို ထားသည့် ကံထရိုက်စာချုပ်ပါ ဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း။

သင်တို့ နားလည်ထားရမှာက ငါတို့ ကုမ္ပဏီသည် သင်နှင့် သင့်နိုင်ငံအတွက် အကျိုးအမြတ် ရှိစေသည့် အလုပ်အကိုင်တွေကို ခန့်ပေးနေသည်။ ကျွန်ုပ်တို့ ကုမ္ပဏီပိုင် သင်္ဘောတွေမှာ မြန်မာ သင်္ဘောသားတွေ အလုပ် ဆက်လက် ရရှိနေရေးအတွက် သင်တို့ ကျေနပ်လိမ့်မည်ဟု မျှော်လင့်သည်။

သင်တို့ ပြောသလို ကပ္ပိတန်နှင့် ပထမအရာရှိတို့ဟာ အကြင်နာ ကင်းမဲ့တယ်၊ ရက်စက်တယ်ဆိုတာ ငါတို့ ယုံရခက်တယ်၊ ကပ္ပိတန်ဟာ ဒီကုမ္ပဏီမှာ အလုပ် လုပ်နေတာ ဆယ်နှစ်ကျော်ပြီ၊ ဒါမျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ နိဂုံးချုပ် အနေနဲ့ ပြောချင်တာကတော့ ကပ္ပိတန်နှင့် ပထမ အရာရှိတို့ကို သူတို့၏ မေတ္တာရပ်ခံချက်အရ နောက်ရောက်မည့် ဆိပ်ကမ်းမှာ လဲပေးမည်ဖြစ်သည်။ သင်တို့၏ ဖိအားပေးမှုကြောင့် မဟုတ်ဘဲ သူတို့ ကိုယ်တိုင်၏ မေတ္တာရပ်ခံချက်ကြောင့် ကြိုတင် စီစဉ် ထားသည့် အစီအစဉ်သာ ဖြစ်သည် စသည်ဖြင့် အရှက်ပြေ လျှောက်ရေး ထားသည်။ ကိုအဏ္ဏဝါသည် သူတို့ ရေးထားသည့် အင်္ဂလိပ်စာတွေကို ဖတ်ပြီး အားလုံးကို နားမလည်သော်လည်း ဆိုလိုရင်း သဘောကို သိသွား သည်။

ခင်ဗျားတို့ဟာ ခင်ဗျားတို့ ကြိုတင် စီစဉ်တာပဲ ဖြစ်ဖြစ်၊ ဘာပဲ ဖြစ်ဖြစ်၊ အဲဒီလူ နှစ်ယောက် သင်္ဘောက ဆင်းသွားလျှင် ကိစ္စပြီးပြီ ဖြစ်သည်လို့ စိတ်ထဲက ပြောလိုက်သည်။ ဒီပွဲမှာ မြန်မာ သင်္ဘောသားတွေ အောင်ပွဲ ရလိုက်ခြင်း ဖြစ်သည်။

၁၇–ရက်နေ့မှာ ကိုကျော်မြင့်က တောင်းပန်စာကို သူကိုယ်တိုင် ရေးသည်။ ကိုအဏ္ဏဝါရဲ့ ရုံးခန်းက လက်နှိပ်စက်ကို လာယူသွားပြီး

http://www.linhtet.com



သူ့ အခန်းထဲမှာ ရိုက်သည်။ လက်နှိပ်စက် ပြန်လာပို့သည်။ သူ ရေးထား သည့် တောင်းပန်စာကို ပြပြီး ကိုအဏ္ဏဝါကို လက်မှတ်ထိုးခိုင်းသည်။ ကိုအဏ္ဏဝါက မထိုးဘူးလို့ ပြောလိုက်သည်။ လိုအပ်ပါက မိမိတစ်ဦးတည်း သီးသန့်ရေးပြီး တောင်းပန်မည်ဟု ပြောလိုက်သည်။

ကိုအဏ္ဏဝါက ကိုကျော်မြင့် ရေးသည့်စာကို လက်မှတ် မထိုး ဆိုသည့် သတင်းကို ကြားကြသောအခါ ဘယ်သူမှ မထိုးကြတော့လို့ ကိုကျော်မြင့်က သူရေးသည့် စာရွက်ကို ခေါက်ထားလိုက်ရတော့သည်။

၁၈–ရက်နေ့မှာ ကိုအဏ္ဏဝါသည် ပုဂ္ဂလိက တောင်းပန်စာ တစ်စောင်ကို အသင့် ရေးထားလိုက်သည်။ ကပ္ပိတန်က မေးလာလျှင်

MV.SEAHORSE/ELFK9
LIBERIA.
Dated-15th Jan, 1988.

To
Owners,
NAVAHORSE S.A.
PIRAEUS, GREECE.

C/o
Master,
MV.SEAHORSE/ELFK9.

Subject: APOLOGIZING FOR AN EXCUSE.

Reference: The Letter TO WHOM IT MAY CONCERN( Dated 8th December, 87).

Sir,

I; Undersigned U Soe Myint(R/O) has to apologise you for an excuse to my careless signature on the reference letter.

Because of the incident which was happend onboard on 7th December, 1987, the Burmese crew including me sent the above reference letter to your office through your Agent BOULOGNE, FRANCE.

I believe that you may angry with the last paragraph of that letter is unnecessary writting. Afterward we remembered that you are not concern with the problem and we don't like to make you trouble with ship's delay. So we worked continuously although the both men were onboard till port TEES, ENGLAND.

However, I respectly apologise you for an excuse to my carelessly signed on that letter. I give you promise that I will not sign such as writting in next times.

I let you know that now I am working peacefully and happyly under the new Master Capt: LOUKIS NIKOLAOS's justified command.

Yours obediently,

U Soe Myint.
Radio Officer,
MV.SEAHORSE/ELFK9.

Copy to- 1. Master,
MV.SEAHORSE.
2. Seamen Employment Control Division(S.E.C.D)
RANGOON, BURMA.

http://www.linhtet.com



ရေးပြီးကြောင်း ပြနိုင်အောင် ရည်ရွယ်တာ ဖြစ်သည်။ စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

အမ်ဗွီဆီးဟော့စ်
(လိုက်ဘေးရီးယား)
နေ့စွဲ-၁၈ ဇန်နဝါရီလ၊ ၁၉၈၈

သို့

သင်္ဘောပိုင်ရှင်
နဗရွန်းသင်္ဘောကုမ္ပဏီ
ပီးရေ့စ်မြို့၊ ဂရိနိုင်ငံ။

မှတစ်ဆင့်

မာစတာ
အမ်ဗွီဆီးဟော့စ်

အကြောင်းအရာ။ ။ ဖြစ်ပျက်ခဲ့သည့် ကိစ္စအတွက် တောင်းပန်ခြင်း။

ရည်ညွှန်းချက် ။ ။ ၈-၁၂-၈၇ နေ့စွဲပါ သက်ဆိုင်ရာသို့ ပေးပို့သည့်စာ။

လူကြီးမင်း ခင်ဗျား

ဖြစ်ပျက်ခဲ့သည့် ကိစ္စနှင့် ပတ်သက်လို့ ရည်ညွှန်းပါ စာတွင် မဆင်မခြင် လက်မှတ် ရေးထိုးမိခဲ့သူ ကျွန်ုပ် အာအို ဦးစိုးမြင့်က တောင်းပန်ပါသည်။

၁၉၈၇ ခု၊ ဒီဇင်ဘာလ ၇-ရက်နေ့က သင်္ဘောပေါ်မှာ ဖြစ်ပျက်ခဲ့သည့် ကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော် အပါအဝင် မြန်မာသင်္ဘောသားများက ရည်ညွှန်းပါ စာကို လက်မှတ် ရေးထိုးကြပြီး ပြင်သစ်နိုင်ငံ၊ ဘိုလုန်းမြို့ အေးဂျင့်မှ တစ်ဆင့် လူကြီးမင်း၏ ရုံးသို့ ပေးပို့ခဲ့ပါသည်။

http://www.linhtet.com



အဲဒီစာရဲ့ အောက်ဆုံး အပိုဒ်က မလိုလားအပ်တဲ့ စာ အရေး အသားကြောင့် လူကြီးမင်းတို့ စိတ်ဆိုးလိမ့်မည်ဟု ယုံကြည်ပါသည်။ ဒီပြဿနာဟာ လူကြီးမင်းနှင့် ဘာမျှ မသက်ဆိုင်ဘူး ဆိုတာကို နောက်ကျမှ ကျွန်တော်တို့ သတိရလာပါသည်။ သင်္ဘော၏ ကုန်တင် ကုန်ချ နှောင့်နှေး ကြန့်ကြာမှုကို ကျွန်တော်တို့ မလိုလားပါ။ သို့ဖြစ်ပါ၍ ဒီလူ နှစ်ယောက်လုံး သင်္ဘောပေါ်မှာ ရှိနေသော်လည်း အင်္ဂလန်နိုင်ငံ တီးစ် ဆိပ်ကမ်းကို ရောက်သည့် တိုင်အောင် ကျွန်တော်တို့ အလုပ် ဆက်လုပ် နေခဲ့ကြပါသည်။

အဲဒီ စာရွက်ပေါ်မှာ အဆင်ခြင် ကင်းမဲ့စွာ လက်မှတ် ထိုးခဲ့မိသည့် အတွက် ခွင့်လွှတ်ပါရန် ရိုသေ လေးစားစွာ တောင်းပန်ပါသည်။ နောက် နောင် ဒါမျိုး မဖြစ်ရန်လည်း ကတိပေးပါသည်။

ယခုအခါမှာ ကျွန်တော်သည် တရားသဖြင့် အုပ်ချုပ်သည့် ကပ္ပိတန် နီကိုလိုင်လူးဇစ်၏ အုပ်ချုပ်မှုအောက်မှာ ပျော်ရွှင်စွာ အလုပ် လုပ်ကိုင်လျက် ရှိကြောင်း အသိပေးအပ်ပါသည်။

သင်၏ နာခံတော်
ဦးစိုးမြင့်
ရေဒီယို ဆက်သွယ်ရေးအရာရှိ
အမ်ဗွီဆီးဟော့စ်

မိတ္တူကို
၁။ မာစတာ၊ အမ်ဗွီဆီးဟော့စ်
၂။ အစ်အီးစီဒီ၊ ရန်ကုန်

ကိုအဏ္ဏဝါသည် ဒီစာကို ရေးထားသော်လည်း မလွှဲမရှောင်သာမှ ပေးပို့မည်ဟု ဆုံးဖြတ်ထားသည်။ မိမိရေးထားသည့် အင်္ဂလိပ်စာကလည်း သိပ်ပြီး အဆင့်အတန်း မရှိ၊ မှားမှန်း မှန်မှန်းလည်း မသိလို့ ဖြစ်နိုင်လျှင် ကုမ္ပဏီကို မပို့ဘဲ ထားချင်သည်။ ကပ္ပိတန်က ရေးပြီးပြီလားလို့ မေးလျှင် ရေးပြီးပါပြီ ဆိုပြီး ပြနိုင်အောင် ရေးထားခြင်းသာ ဖြစ်သည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွန့်ကလည်း သူ၏ ပုဂ္ဂလိက တောင်းပန်စာကို ရေးထားသည်။ ကိုအဏ္ဏဝါကို လာပြသည်။ သူလည်း ကိုအဏ္ဏဝါလိုပင် ရည်ရွယ်သည်ဟု ပြောသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောကြီးသည် ခရီးစဉ်အရ ပင်လယ်နီက ထွက်သည်။ အာရေဗီယံ ပင်လယ်ကို ဖြတ်သည်။ အိန္ဒိယတိုက်နှင့် သီရိလင်္ကာကျွန်းကို ပတ်သည်။ ဘင်္ဂလား ပင်လယ်ကို ဖြတ်သည်။ မလက္ကာ ရေလက်ကြားကို ဝင်သည်။ တစ်လတိတိ ကြာပြီးသောအခါ ဇန်နဝါရီလ ၃၁–ရက်နေ့မှာ မလေးရှားနိုင်ငံ ဆိပ်ကမ်းမြို့ ဖြစ်သည့် ပို့ကလင် PORT KELANG ကို ရောက်သွားတော့သည်။ တိုက်ရိုက် ဝင်ကပ်ခွင့် ရသည်။ သင်္ဘောသားကြီး ကိုအဏ္ဏဝါ ဥရောပမှ အာရှသို့ ရောက်ရပြန်သည်။

❐

[ ၂ ]

# ကမ္ဘာပတ်သည့် အဏ္ဏဝါခရီးသည်

စင်ကာပူနှင့် မလေးရှားဆိုတာက ကိုအဏ္ဏဝါ၏ ကျွမ်းကျင်ရာ အရပ်လို့ ပြောလို့ ရသည်။ ကိုအဏ္ဏဝါသည် ဒီနှစ်နိုင်ငံကို ရောက်လျှင် ကိုယ့်အိမ်ကို ပြန်ရောက်သလို ပျော်သွားလေ့ ရှိသည်။ ကိုအဏ္ဏဝါ ပြောတတ်သည့် အင်္ဂလိပ် စကားတွေသည် ဒီနေရာတွေသာ အသုံးတည့်သော စကားတွေ ဖြစ်သည်။ ချိုကျိုးနှင့် နားရွက်ပဲ့၊ အိုးရှဲ့နှင့် စလောင်းရှဲ့ အစပ်တည့် ကြသည်။ မလေးရှားကို ရောက်တယ်ဆိုလျှင် ပျော်ပျော်ရွှင်ရွှင် ရဲရဲ တင်းတင်းပင် သင်္ဘောပေါ်က ဆင်းပြီး ပို့ကလင် မြို့တွင်း လျှောက်လည် သည်။

## မလေးရှားမှာ ရောက်နေသည့် ရွှေများ

ကိုအဏ္ဏဝါသည် မြန်မာနိုင်ငံ သင်္ဘောသား အလုပ်အကိုင် ရှာဖွေ ရေးရုံးကို ပေးပို့မည့် စာတစ်စောင် ရေးသည်။ ပြင်သစ်နိုင်ငံမှာ ဖြစ်ပျက် ခဲ့သည့် ကိစ္စကို အစီရင်ခံသည့် စာ ဖြစ်သည်။ မြန်မာလို ရေးသည့် စာ ဖြစ်လို့ လက်ဖြင့် ရေးရသည်။ ရေးပြီးသောအခါ ကိုခင်မောင်ညွန့်ကို

http://www.linhtet.com



ပေးဖတ်သည်။ ကောင်းတယ်ဟု ပြောသဖြင့် အချော ကူးရေးသည်။ ကိုခင်မောင်ညွန့် လက်မှတ် ထိုးသည်။ စတုတ္ထအင်ဂျင်နီယာ ကိုသိန်းတစ်၊ တက်မကိုင် ဦးအေး၊ ဆီလောင်း စိုးသန်း၊ သောင်းဟန်၊ မင်းဟန်၊ ထမင်းချက် ကျော်စိန်၊ စားပွဲထိုး ကိုသာဒင်တို့ လက်မှတ် ထိုးကြသည်။ ကိုအဏ္ဏဝါ အပါအဝင် စုစုပေါင်း ကိုးယောက် ထိုးကြသည်။ မလေးရှားမှ စာထည့်ရန် အသင့် ပြုလုပ်ထားလိုက်သည်။



မလေးရှားနိုင်ငံ ပို့ကလင်မြို့ရောက် ကိုအဏ္ဏဝါ

၁–၂–၈၈ နေ့သည် တနင်္လာနေ့ ဖြစ်သည်။ ကိုအဏ္ဏဝါ တစ်ယောက်တည်း ပို့ကလင်မြို့ထဲကို ထွက်လာခဲ့သည်။ မြို့လယ်ခေါင် တစ်နေရာက ပလက်ဖောင်းပေါ် လျှောက်နေစဉ် ရှေ့တည့်တည့်မှ ဘောင်းဘီတို အဖြူ၊ အင်္ကျီလက်တို အဖြူကို ဝတ်ပြီး လျှောက်လာသူ လူတစ်ယောက်ကို မြင်ဖူးပါတယ်ဆိုပြီး ကြည့်နေမိသည်။ နဖူး ပြောင်ပြောင်ကို မြင်တော့မှ ကိုအောင်မြင့်ပဲဆိုတာ မှတ်မိတော့သည်။ ကိုအောင်မြင့်သည် ကုန်သွယ်ရေး ဝန်ထမ်းဘဝဖြင့် အာအို စာမေးပွဲ ဝင်ဖြေပြီး အောင်လို့ သင်္ဘော လိုက်နေသူ ဖြစ်သည်။ သူကလည်း ကိုအဏ္ဏဝါနဲ့

http://www.linhtet.com



မမျှော်လင့်ဘဲ တွေ့ရတော့ ဝမ်းသာအားရ ဖြစ်သွားသည်။ စင်ကာပူမှာ အလုပ် ရှာနေစဉ် စတေးကုန်လို့ မလေးရှားကို စတေး ရှောင်နေတာဟု ပြောသည်။

သူနေသည့် အိမ်မှာ ရွှေတွေ (မြန်မာတွေ) ရှိသည်ဆိုလို့ သူ နေသည့် အိမ်ကို လိုက်သွားသည်။ အာအို ကိုအောင်စိုး၊ အာအို ကိုလှဝင်း တို့နှင့် တွေ့ပြန်သည်။ ကိုလှဝင်းသည် ကိုအဏ္ဏဝါနှင့်အတူ မြန်မာ့ ရေနံ ကော်ပိုရေးရှင်းမှာ အတူ လုပ်ခဲ့သူ ဖြစ်သည်။ ကိုအဏ္ဏဝါသည် ရေတပ်က ထွက်ပြီး သင်္ဘော မလိုက်မီ မြန်မာ့ရေနံမှာ ယာယီ နေ့စား ဝါယာလစ် အော်ပရေတာ ဝင်လုပ်ခဲ့သေးသည်။ လုပ်ဖော်ကိုင်ဖက်တွေ ပြန်တွေ့ကြတော့ ပျော်သွားကြသည်။ သူတို့နေသည့် အိမ်မှ အတော် မိုးချုပ်မှ သင်္ဘောကို ပြန်လာခဲ့သည်။

၂-ရက်နေ့မှာလည်း မြို့ထဲ သွားပြန်သည်။ ကိုအောင်မြင့်၊ ကိုလှဝင်းတို့ နေသည့် အိမ်ကို ဘတ်စ်ကားစီးပြီး သွားသည်။ အမေရိကန် ဒေါ်လာ ၅၀ ကို မလေးရှား ဒေါ်လာနှင့် လဲသည်။ အလုပ်လက်မဲ့ ရွှေ (မြန်မာ)တွေ တွေ့လျှင် ကျွေးမွေးပြုစုရန် ရည်ရွယ်သည်။ သူတို့ နေတဲ့ အိမ်ကို ရောက်သွားတော့ ကိုအောင်မြင့်၊ ကိုလှဝင်းတို့နှင့်အတူ ကိုလွန်းရွှေ ကိုပါ တွေ့ရသည်။ ကိုလွန်းရွှေသည် ကိုအဏ္ဏဝါနှင့်အတူ ရေတပ်မှာ အမှုထမ်းခဲ့သူ ဖြစ်သည်။ ကိုအဏ္ဏဝါက ဝါယာလစ် အော်ပရေတာ၊ ကိုလွန်းရွှေက မစ်ကင်းနစ် (ရေဒီယို ပြင်သူ) ဖြစ်သည်။ ကိုလွန်းရွှေသည် ကိုအဏ္ဏဝါတို့ ရှေ့က အများကြီးစောပြီး နိုင်ငံခြားကို ထွက်သွားခဲ့သူ ဖြစ်သည်။ ဥရောပနှင့် အမေရိကသွား သင်္ဘောတွေကို မလိုက်ဘဲ စင်ကာပူနှင့် မလေးရှား တစ်ဝိုက်မှာသာ လုပ်စားနေသူဖြစ်လို့ မလေးရှား စကား၊ အင်ဒိုနီးရှား စကားကို ကရားရေလွှတ် ပြောနိုင်သူ ဖြစ်သည်။

သူတို့နေသည့် အိမ်အပေါ်ထပ် တစ်ထပ်လုံးကို သူတို့ အပြတ် ငှားထားတာဟု သိရသည်။ ရေတပ်ထွက် အင်ဂျင်နီယာ ဆရာကြီး တစ်ယောက်က တာဝန်ယူပြီး ငှားထားတာ ဖြစ်သည်။ အောက်ထပ်က အိမ်ရှင်၏ သမီး အပျိုမကလည်း အကြောင်းမရှိ အကြောင်းရှာပြီး အပေါ်ထပ်ကို တက်လာသည်။ ရုပ်ကလည်း သိပ်ပြီးမဆိုး ကုလားဆင်

http://www.linhtet.com



လေး ချောတော့ မြန်မာတွေနဲ့ မငြိဘူးလားလို့ မေးကြည့်သည်။ မြန်မာ အာအို တစ်ယောက်နဲ့ ယူကြတော့မလို့ စီစဉ်ထားပြီးပြီဟု ဆိုသည်။ သတို့သားက သင်္ဘော ထွက်သွားလို့ စောင့်နေရတာဟု ဆိုကြသည်။ ကိုအဏ္ဏဝါက သဘောကျလို့ ပြုံးလိုက်မိသည်။

ကိုအောင်မြင့်က ကိုအဏ္ဏဝါရဲ့ သင်္ဘောက ဝါယာလစ်စက်ကို လေ့လာချင်သည်ဆိုလို့ သင်္ဘောကို ခေါ်လာခဲ့သည်။ သူသိချင်တာတွေကို ရှင်းပြ ပေးလိုက်သည်။ ကိုအောင်မြင့်ကို မြို့ထဲ ပြန်ပို့ရန် ထွက်လာစဉ် ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားသော တိုမို(၉၈) သင်္ဘောကို တွေ့ရလို့ သွားလည်သည်။ ကိုအဏ္ဏဝါသည် တိုမိုကုမ္ပဏီမှာ လုပ်ခဲ့သူ ဖြစ်လို့ သံယောဇဉ် မကုန်သည့်အတွက် သွားလည်ခြင်း ဖြစ်သည်။

ကံအားလျော်စွာပင် ကိုချို၊ မိုးကျော်ဝေနှင့် ကိုအုန်းမြင့်တို့ကို သွားတွေ့သည်။ ကိုချိုက အာအို ဖြစ်သည်။ ညည်းတတ်လွန်းလို့ ခိုချိုလို့ ချစ်စနိုး ခေါ်ကြသည်။ မိုးကျော်ဝေနှင့် ကိုအုန်းမြင့်တို့က ကိုအဏ္ဏဝါနှင့် အတူ တိုမို(၈၅)မှာ အတူ အမှုထမ်းခဲ့ကြသူတွေ ဖြစ်သည်။ အဲဒီတုန်းက မိုးကျော်ဝေက အလုပ်သင် ကဒက်၊ အခုတော့ ဒုတိယအရာရှိ ဖြစ်နေ သည်။ ကိုအုန်းမြင့်က ဒု-ထမင်းချက်၊ အခုတော့ ထမင်းချက် (ရှိကုတ်) ဖြစ်နေပြီဟု သိရသည်။

ကိုအောင်မြင့်နှင့်အတူ သူတို့အိမ်ကို လိုက်သွားပြန်သည်။ အာအို တစ်ယောက်နဲ့ ယူတော့မည်ဆိုသည့် ဆတ်စလူး အပျိုမကို ပိုးချင်လို့ လိုက်သွားတာ ဖြစ်သည်။ အဲဒီအိမ်မှာပဲ ညစာစားပြီး ညမိုးချုပ်မှ ပြန်လာ ခဲ့သည်။

၃-ရက်နေ့မှာလည်း မြို့ထဲကို သွားပြန်သည်။ မိမိ၏ သင်္ဘောကို လာလည်သည့် ကိုအုန်းမြင့်နှင့် မိုးကျော်ဝေတို့ကို လမ်းမှာ တွေ့သည်။ သင်္ဘောပေါ် ပြန်တက်ပြီး သူတို့နှစ်ယောက်ကို ဧည့်ခံ လိုက်ရသေးသည်။ နံနက် ၁၀-နာရီကျော်မှ သူတို့နှစ်ယောက်နှင့်အတူ သင်္ဘောပေါ်က ဆင်းလာခဲ့သည်။ နက်ဖြန် သင်္ဘော ထွက်မည်ဟု သတင်းကြားလို့ ကိုအောင်မြင့်နှင့် ကိုလှဝင်းတို့ နေသည့် အိမ်က ကလေးမကို သွားကြည့် ရန် မြို့ထဲ ထွက်လာခဲ့သည်။

http://www.linhtet.com



ကိုအောင်မြင့်တို့ အိမ်မှာ နေ့လယ်စာ စားသည်။ ညွှန့်သည်ရောက်နေတယ်ဆိုလို့ အိမ်ရှင်အပျိုမက အိမ်အပေါ်ထပ်ကို တက်လာပြန်သည်။ ညွှန့်သည်ကလည်း သူတက်လာလျှင် သဘောကျသည်။ သူကို တွေ့ချင်လို့ လာတာ ဖြစ်သည်။ အဲဒီအိမ်မှာ နေ့လယ် တစ်ရေး အိပ်သည်။

ညနေ ၄–နာရီလောက်မှာ အဲဒီအိမ်က ပြန်လာခဲ့သည်။ ကိုအောင်မြင့်နှင့် ကိုလှဝင်းတို့က လိုက်ပို့ကြသည်။ မြို့လယ်ကောင်က လူစည်ကားရာ စားသောက်ဆိုင်တန်းတွေရှေ့ ရောက်တော့ ကျေးဇူးရှင်နှင့် တွေ့ တော့သည်။ စားသောက်ဆိုင်တန်းတွေ ရှေ့မှာ လျှောက်နေသည့် ကိုကံညွှန့်နဲ့ မျက်နှာချင်းဆိုင် တိုးတော့သည်။ ကိုကံညွှန့်သည် ကိုအဏ္ဏဝါလိုပဲ အာအို ဖြစ်သည်။ စစ်တပ်(လေတပ်)က ထွက်တာ ဖြစ်သည်။ ရခိုင် ဖြစ်သည်။ ကိုအဏ္ဏဝါကို ညီအစ်ကိုလို ခင်သည်။ ကိုအဏ္ဏဝါနှင့်သူ ဘဝချင်း တူလို့ ခင်တာ ဖြစ်သည်။ အရည်အချင်းမှာ ကိုအဏ္ဏဝါထက် များစွာ သာသည်။ သတ္တိရှိသည်။ သူ့သင်္ဘော၏ ဝါယာလစ်စက်က ခရစ္စတယ်တွေကို ဖြုတ်ပြီး ကိုအဏ္ဏဝါကို ပေးဖူးသည်။ အဲဒီ ပစ္စည်းတွေ ရသည့်အတွက် ကိုအဏ္ဏဝါမှာ ကြုံတွေ့နေရသော အလုပ် အခက်အခဲတွေ ပြေလည် သွားခဲ့သည်။

“ဟေး ကိုစိုးမြင့်”

ကိုအဏ္ဏဝါ၏ အမည်ကို လှမ်းခေါ်ပြီး ဝမ်းသာအားရ ဖြစ်သွားသည်။ ဘိုးတော်သိကြားမင်းကို တွေ့လို့ ဝမ်းသာသွားသည့် သုဝဏ္ဏသာမရဲ့ မျက်နှာမျိုး ဖြစ်သွားသည်။

“ခင်ဗျားက ဘာကိစ္စနဲ့ မလေးရှားကို ရောက်နေတာလဲ”

“စင်ကာပူက မောင်းထုတ်လို့ စတေး ရှောင်လာတာ၊ အလုပ်ရှာဖို့ အတွက် စင်ကာပူကို ပြန်သွားရမယ်။ ခင်ဗျားက ဘယ်က လာလို့ ဘယ်ကို သွားမှာလဲ”

“ဘယ်လ်ဂျီယံက လာတာ၊ ဒီကနေ စင်ကာပူ၊ ပြီးလျှင် ဟောင်ကောင်ကို သွားမယ်”

“ခင်ဗျားက လက်ရှိ အလုပ်နဲ့ အကိုင်နဲ့ ဆိုတော့ ကျွန်တော့်ကို ဘီယာတိုက်ဗျာ”

http://www.linhtet.com



သူက အလုပ်မရှိ၊ ကိုယ်က အလုပ်နဲ့ အကိုင်နဲ့ဆိုတော့ ဒကာ လုပ်ရတော့သည်။ ကိုကံညွန့်သည် ကပ်စေးနဲသူ မဟုတ်၊ ပိုက်ဆံ နမြောတတ်သူ မဟုတ်။ အလွန် လက်ဖွာသူ ဖြစ်သည်။ ဒုက္ခရောက်သူကို ကူညီတတ်သူ ဖြစ်သည်။ အခုတော့ အတော် ခန်းခြောက်နေဟန် တူသည်။ သူဆွဲသွင်းသည့် စားသောက်ဆိုင်ထဲကို ဝင်ထိုင်ပြီး သူ့ကို ဒကာ ခံရတော့သည်။ ကိုအောင်မြင့်နှင့် ကိုလှဝင်းတို့ပါ ဒကာ ခံရတော့ သည်။

"ခင်ဗျား လစာ ဘယ်လောက်ရသလဲ"

"ဂရိလိုင်းပဲဗျာ၊ လစာ မကောင်းဘူး။ ၈၅၀ ပဲ ရတယ်"

"အခုဆင်းလိုက်၊ ကျွန်တော်နဲ့ စင်ကာပူကို လိုက်ခဲ့။ လစာ ၁၅၀၀ ရတဲ့ အလုပ် ရှာပေးမယ်၊ ခြောက်ပြားတစ်ပဲနဲ့ ကျွန်ခံ မနေနဲ့"

စိတ်မခိုင်သူ၊ မဆင်မခြင် မစဉ်းစားသူဆိုလျှင် ခေါ်ရာကို ပါသွားမိ မည် ဖြစ်သည်။ သူကိုယ်တိုင်တောင် အလုပ်မရှိလို့ မလေးရှားမှာ စတေး လာရှောင်ရင်း ကိုအဏ္ဏဝါ တိုက်သည့် ဘီယာကို သောက်နေရသည်။ တစ်လကို အမေရိကန် ဒေါ်လာ ၈၅၀ ရနေသည့် သင်္ဘောက ဆင်းပြေး ပြီး အလုပ်မရှိသူ နောက်ကို လိုက်ရမည်ဆိုသည်မှာ အတော် ရူးမိုက်ရာ ကျသည့် ကိစ္စ ဖြစ်သည်။

ကိုကံညွန့်သည် အတော် မူးနေပြီဖြစ်လို့ သူ တည်းခိုနေသည့် နေရာကို ပြန်တော့လို့ မေတ္တာရပ်ခံ လိုက်ရသည်။ ကိုအောင်မြင့်နှင့် ကိုလှဝင်းတို့ကိုလည်း အပြီးအပိုင် နှုတ်ဆက်လိုက်ပါသည်။ နက်ဖြန် ဆိုလျှင် မလေးရှားမှ စင်ကာပူသို့ သွားတော့မည် ဖြစ်ကြောင်း ပြောလိုက် သည်။

## လူသစ်နှင့်လူဟောင်း အပြောင်းအလဲ

ဖေဖော်ဝါရီလ ၄–ရက် တစ်နေ့လုံး ကုန်ချနေဆဲ ဖြစ်သည်။ အင်္ဂလန်က တင်ယူလာခဲ့သည့် သံရည်ကျိုစက် အဟောင်းကြီးကို မလေး ရှားမှာ ချသည်။ သံပိုက်လုံးတွေလည်း ချသည်။ ရေနံတွင်းတွေမှာ

http://www.linhtet.com



သုံးသည့် သံမဏိ ပိုက်လုံးကြီးတွေ ဖြစ်သည်။ ကုန်ချပြီးတာနဲ့ သင်္ဘော ထွက်မည်ဆိုလို့ ဘယ်ကိုမှ မသွားဘဲ နေရသည်။ ကိုလှဝင်းတို့ နေတဲ့ အိမ်က မလေး အပျိုမကို သတိရနေသည်။

ညသန်းခေါင်အထိ သင်္ဘော မထွက်နိုင်သေးလို့ မလေးရှားနှင့် စင်ကာပူက လွှင့်သည့် ရုပ်မြင်သံကြား အစီအစဉ်တွေကို ကြည့်နေသည်။ ညသန်းခေါင် ၁–နာရီ ထိုးတော့မှ အိပ်ချင်လာလို့ အခန်း ပြန်ပြီး အိပ်သည်။

၅–ရက်နေ့ နံနက်မှာ ကိုကျော်မြင့် လာနှိုးပြီး ကြေးနန်း ပို့ခိုင်းသည်။ သင်္ဘော သွားနေတာ တွေ့ရသည်။ မလေးရှားက ဘယ်အချိန် ထွက်မှန်း မသိလိုက် ဖြစ်သွားသည်။ စင်ကာပူနှင့် မလေးရှားသည် ရေကူးပြီး သွားလို့ရသည့် အကွာအဝေးသာ ရှိသည်။ မကြာမီ ရောက်မည် ဖြစ်သည်။

ကြေးနန်းတွေကို စင်ကာပူ ရေဒီယို 9VG မှ တစ်ဆင့် ပို့ဖမ်းနေပြီ ဖြစ်သည်။ ဒီအရပ်ကတော့ ကိုအဏ္ဏဝါ၏ အရပ် ဖြစ်သည်။ စားပွဲထိုး ကိုသာဒင်က သူ့မိသားစုနှင့် စကားပြောချင်သည်ဆိုလို့ သင်္ဘောပေါ်က စကားပြောလို့ရအောင် ဆက်သွယ်ပေးလိုက်သည်။ စင်ကာပူကို ပြန် ရောက်လာပြီဆိုတော့ ကိုယ့်အိမ်ကို ပြန်ရောက်လာသလို ခံစားရသည်။ ည ၈–နာရီ ထိုးခါနီးမှ စင်ကာပူ အရှေ့ဘက် ကျောက်ချရပ်ကို ရောက်ပြီး ကျောက်ချသည်။ မီးထိုး ဆီဖြည့်သည်။

၆–ရက်နေ့မှာ စင်ကာပူ ဆိပ်ကမ်း ဝင်ကပ်သည်။ ကပ္ပိတန်က ပိုက်ဆံ ဘယ်လောက်ယူမလဲဟု မေးသည်။ ဒေါ်လာ ၁၅၀၀ ယူမည်ဟု ပြောလိုက်သည်။ ရန်ကုန်က လာသည့် သင်္ဘောသား လူသစ်တွေ ရောက် လာကြသည်။ တက်မကိုင် သက်ဦး (ဒီကုမ္ပဏီက လူဟောင်း)၊ ထမင်း ချက် စိုးတင့်၊ ကဒက် ကျော်သူ၊ ဆီလောင်း ဝင်းထိန်၊ စောစတာလင်၊ စားပွဲထိုး ချာလီ (ခေါ်) မြင့်သိန်းတို့ ရောက်လာကြသည်။

သင်္ဘောက ဆင်းသူတွေက တက်မကိုင် အောင်မြင့်၊ ဝမ်ရှိန်၊ ဆီလောင်း သောင်းဟန်၊ မင်းဟန်၊ ထမင်းချက် ကျော်စိန်၊ စားပွဲထိုး သာဒင်တို့ ဖြစ်သည်။ သင်္ဘောက ဆင်းမည့်သူတွေသည် ၇–ရက်နေ့ တနင်္ဂနွေနေ့မှာမှ လေယာဉ် စီးကြရမည်ဟု သိရသည်။

http://www.linhtet.com



ကိုအဏ္ဏဝါသည် ဒေါ်လာ ၁၅၀၀ ရသည်နှင့် တစ်ပြိုင်နက် စင်ကာပူမြို့ထဲ ထွက်လာခဲ့သည်။ လိုချင်တာတွေ လျှောက်ဝယ်သည်။ ပီးပဲလ်ပတ်ခ်ကို သွားသည်။ မိတ်ဟောင်း ဆွေဟောင်းတွေကို သွားရှာသည်။ ကင်မရာ တစ်လုံးကို စင်ကာပူ ဒေါ်လာ ၂၅၀ ဖြင့် ဝယ်သည်။ ကိုတင့်လွင် ဆိုင်ကိုသွားသည်။ တိုရှီဘာအမျိုးအစား ၂၈ လက်မ တီဗွီ တစ်လုံးကို အမေရိကန် ဒေါ်လာ ၈၅၀ ဖြင့် ဝယ်သည်။ ရန်ကုန် အရောက် ဈေးနှုန်းဖြစ်သည်။ သူတို့စရိတ်ဖြင့် ပို့ပေးရမည်ဖြစ်လို့ တီဗွီ စက္ကူပုံးကြီးထဲမှာ ပါတိတ်ထဘီတွေ၊ ကီမိုနိုထဘီတွေ ဆံ့သလောက် ထိုးသိပ်ထည့် ပေးလိုက်သည်။ ကိုအဏ္ဏဝါ၏ဇနီး မဖြူတုတ်သည် တီဗွီကြီးကို သိပ်ပြီး စိတ်ဝင်စားမည် မဟုတ်။ ကီမိုနိုထဘီတွေနှင့် ပါတိတ်ထဘီတွေကိုသာ စိတ်ဝင်စားမှာ သေချာသည်။ တိုတိုထွာထွာ ဝယ်ချမ်းလာတာတွေကို သေတ္တာကြီး တစ်လုံးဖြင့် ထည့်ပြီး တိုင်စီဖြင့် ပြန်လာခဲ့သည်။ ည ၁၂–နာရီ ကျော်မှ သင်္ဘောကို ပြန်ရောက်သည်။

၇–ရက်နေ့မှာ ပြန်ကြမည့် သူတွေက ကျန်သူတွေကို လိုက်လံနှုတ်ဆက်သည်။ ဝမ်ရှိန်က ကိုအဏ္ဏဝါကို လာနှုတ်ဆက်သည်။ ပေးချင်တာရှိလျှင် ပေးလိုက်ပါဆိုလို့ ကလေးအင်္ကျီတွေ ပေးလိုက်သည်။ တီဗွီထုတ်ရာမှာ လိုအပ်မည့် လစာစာရင်းပါ ပေးလိုက်သည်။ စာတစ်စောင် ကမန်းကတန်း ရေးပြီး ပေးလိုက်သည်။

၈–ရက်နေ့မှာလည်း စင်ကာပူမြို့ထဲ သွားပြန်သည်။ ကိုအဏ္ဏဝါသည် စင်ကာပူကို မိမိ၏အိမ်လို သဘောထားသည်။ ဘတ်စ် နံပါတ် (၁၆၄)ကို စီးလိုက်လျှင် ပီးပဲလ်ပတ်ခ် အနီးကို ရောက်သွားသည်။ ပါးလ်စင်တာ ဝင်သည်။ ကိုတင့်လွင်ဆိုင်ကို ဝင်ပြီး လိုချင်တာလေးတွေ ဝယ်ပြန်သည်။ မိမိဝယ်ထားသည့် ၂၈ လက်မ တီဗွီကြီးကို သင်္ဘောတင်ရန် ထုပ်ပိုးနေတာ မြင်ခဲ့ရသည်။

သွားစရာ မရှိလို့ တဲလွတ်အာရေလမ်းရှိ ပွဲစား ရှီးယား၏ ရုံးအောက်က တရုတ်ကလေး၏ လက်ဖက်ရည်ဆိုင်ကို သွားသည်။ မြန်မာ သင်္ဘောသား လူသစ်တွေနဲ့သာ တွေ့သည်။ ကိုအဏ္ဏဝါတို့ ခေတ်က သင်္ဘောသား ဟောင်းကြီးတွေကို မတွေ့ရတော့ပါ။ အဟောင်းတွေ

http://www.linhtet.com



နေရာမှာ အသစ်တွေ အစားထိုး ဝင်ရောက်နေကြတာ တွေ့ရသည်။ လူဟောင်းထဲက ရှားရှားပါးပါး အာအဲ့ ကိုဘသိန်း တစ်ယောက်ကိုသာ တွေ့လို့ စကားပြောပြီး လူချင်း ခွဲလိုက်သည်။

စင်ကာပူသည် ကိုအဏ္ဏဝါတို့ ခေတ်ကလို စည်စည်ကားကား မရှိလှဘဲ ပျော်စရာ မကောင်းဘူးလို့တောင် ထင်မိသည်။ သင်္ဘောထွက်မည် ထင်၍ မြို့ထဲက စောစောကပင် သင်္ဘောသို့ ပြန်ခဲ့ပါသည်။

## စင်ကာပူမှ ဟောင်ကောင်သို့

စင်ကာပူမှာလည်း အင်္ဂလန်နှင့် ဘယ်လ်ဂျီယံမှ တင်လာခဲ့သည့် သံမဏိ ပိုက်လုံးကြီးတွေနှင့် သံဟင်ဂလန်ချောင်းတွေကို ချသည်။ ၈-ရက်နေ့ ညမှာ ကုန်ချလို့ ပြီးသွားသည်။ စင်ကာပူ၏ ဆောက်လုပ်ရေး လုပ်ငန်းတွေအတွက် လိုအပ်သည့် သံထည်တွေကို တရုတ်နှင့် အိန္ဒိယက လုပ်သည့် အညံ့စား သံတွေကို မဝယ်ဘဲ အင်္ဂလန်နှင့် ဘယ်လ်ဂျီယံက သံ အကောင်းစားတွေကို ဝယ်သုံးတယ်ပါလား ဆိုတာကို သိလိုက်ပါသည်။ ချမ်းသာတဲ့ နိုင်ငံတွေဆိုတော့ အကောင်းစားတွေကို ဝယ်ယူသုံးစွဲ နိုင်ကြသည်။

၉-ရက်နေ့မှာ စင်ကာပူက ထွက်သည်။ ဟောင်ကောင်သို့ ဦးတည် ခုတ်မောင်းနေပြီ ဖြစ်သည်။ ပို့စရာရှိသည့် ကြေးနန်းတွေကို ဟောင်ကောင်ကို လှမ်းခေါ်ပြီး ပို့ပစ်လိုက်သည်။ ဟောင်ကောင် ရေဒီယို VPS ဆိုတာက ကိုအဏ္ဏဝါရဲ့ သင်္ဘောသား ဘဝသမိုင်းမှာ တစ်စိတ် တစ်ပိုင်း ပါဝင်ခဲ့သည့် စတေရှင်ဖြစ်လို့ ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သည်။ ကပ္ပိတန်ကတော့ ကိုအဏ္ဏဝါကို လုပ်ငန်း ကျွမ်းကျင်သူအဖြစ် အတော် အထင်ကြီး လေးစားနေပြီ ဖြစ်သည်။

ကပ္ပိတန်နှင့် ပထမအရာရှိတို့သည် စင်ကာပူအတွေ့အကြုံတွေကို တက်မစင်မှာ အားရပါးရ ပြောနေကြသည်။ ကပ္ပိတန်သည် ဆိုနီ အမျိုး အစား ရုပ်မြင်သံကြား စက်ကြီးတစ်လုံးကို ဝယ်ယူလာတာ တွေ့ရသည်။ သူတို့ အချင်းချင်း ဂရိလို ပြောနေကြသော်လည်း စင်ကာပူဟာ လှပ

http://www.linhtet.com



ကြောင်း၊ ဈေးသက်သာကြောင်း ပြောနေကြတာဖြစ်မည်ဟု ထင်မိသည်။ သူတို့ ဥရောပတိုက်သား သင်္ဘောသားတွေအဖို့ စင်ကာပူနှင့် ဟောင်ကောင်ကို ရောက်ဖူးတာဟာ မဟာကံထူးရှင် ဖြစ်သည်။ ကိုအဏ္ဏဝါတို့ မောင်းချလိုက်လို့ အင်္ဂလန်မှာ ဆင်းကျန်ခဲ့ရသည့် ကပ္ပိတန်လင်မယားနှင့် ပထမအရာရှိတို့သည် ကံဆိုးသူတွေ ဖြစ်သွားကြသည်။

ရန်ကုန်က ရောက်လာသည့် လူသစ်တွေ ပြောပြချက်အရ သိရတာက ကိုအဏ္ဏဝါနှင့် စတုတ⬇ အင်ဂျင်နီယာ ကိုသိန်းတစ်တို့ကို စင်ကာပူမှာ ဆွဲချမယ်ဆိုပြီး လူရွေးပြီးမှ ဘာကြောင့်မှန်း မသိဘဲ ရွေးထားသူတွေကို ပယ်ဖျက်လိုက်သည်ဟု ပြောပြကြသည်။ ပြီးခဲ့သည့် ပြင်သစ် တော်လှန်ရေးမှာ သူပုန်ခေါင်းဆောင်သည် ကိုအဏ္ဏဝါ ဆိုသည့် အတွက် ကိုအဏ္ဏဝါကို ဖြုတ်ပစ်ဖို့ ရည်ရွယ်တာဖြစ်မည်။ နောက်တော့မှ သူပုန်ခေါင်းဆောင်ဟာ ကိုအဏ္ဏဝါ တစ်ယောက်တည်း မဟုတ်ဘဲ မြန်မာ သင်္ဘောသား အားလုံးလို့ သိသွားသည့်အတွက် အစီအစဉ်ကို ဖျက်လိုက် တာ ဖြစ်မည်ဟု တွေးမိသည်။

တောင်တရုတ် ပင်လယ်ကို ဖြတ်ကျော်နေသည်။ တောင်တရုတ် ပင်လယ်၏ သဘာဝအရ လှိုင်းလှုပ်နေသည်။ အနည်းငယ် မူးနောက် နောက် ဖြစ်နေသည်။ ကိုအဏ္ဏဝါ၏ သင်္ဘောသား ဘဝကို တောင်တရုတ် ပင်လယ်က စခဲ့သည်။ လွမ်းမိပါသည်။ ကိုအဏ္ဏဝါ၏ ဆရာ စင်ကာပူ တရုတ် ကပ္ပိတန်တန် အာလစ်၊ ပထမ အရာရှိတွေ ဖြစ်ကြသည့် အင်ဒိုနီး ရှားလူမျိုး မစ္စတာ ရူဒီနှင့် မစ္စတာ လူနာဒီ၊ ဒုတိယ အရာရှိ ဖရယ်ဒီ၊ အင်ဒိုနီးရှား သင်္ဘောသား သူငယ်ချင်းတွေ အခုတော့ ဘယ်တွေ ရောက် နေကြပြီ မသိ၊ သူတို့လည်း သူတို့ဘဝနဲ့ သူတို့၊ ကိုယ်လည်း ကိုယ့်ဘဝနဲ့ ကိုယ်မို့ ကွဲကွာနေခဲ့ကြပြီ ဖြစ်သည်။ သမုဒ္ဒရာကြီး ကျယ်သရွေ့ တစ်နေ့ နေ့ တစ်ချိန်တစ်ခါ တစ်နေရာရာမှာ ပြန်လည်တွေ့ဆုံနိုင် ကောင်းရဲ့လို့ တွေးမိပါသည်။

၁၄–ရက်နေ့၊ နံနက် ၈–နာရီမှာ ဟောင်ကောင်ကို ရောက်သည်။ ဘွိုင်အမှတ် A38 မှာချည်သည်။ တနင်္ဂနွေနေ့ ဖြစ်သော်လည်း အိမ်ဘုတ်၊ အိမ်စီဘီကြီးတွေ သင်္ဘောဘေးမှာ လာကပ်ပြီး ကုန်သယ်ကြသည်။

http://www.linhtet.com



အိမ်ဘုတ်၊ အိမ်စီဘီ ဆိုတာကို ရှင်းပြမှ ဖြစ်မည်။ ကုန်သယ်ဖို့ လာသည့် ဘုတ်ကြီးတွေ၊ စီဘီကြီးတွေရဲ့ ပဲ့ပိုင်းမှာ အိမ်လေးတစ်ဆောင် ပြုလုပ်ထားသည်။ အဲဒီ အိမ်လေးမှာ စီဘီပဲ့နင်း၊ ဘုတ်ပဲ့နင်း၏ မိသားစု နေထိုင်သည်။ မိသားစု အားလုံး လှေပေါ်မှာပင် နေကြသည်။ ပဲ့နင်း၏ ဇနီးနှင့် သားသမီးတွေ အားလုံး ဘုတ်ပေါ်မှာ စီဘီကြီးပေါ်မှာ နေကြသည်။ ဒီ လှေပေါ်မှာပဲအိပ်၊ ဒီ လှေပေါ်မှာ ချက်ပြုတ်စား၊ ဒီလှေပေါ်မှာပဲ ကလေးတွေကို မွေးဖွားသည်။ နည်းနည်းကြီးသည့် ကလေးတွေက ရေပေါ်နိုင်သည့် အသက်ကယ်ဘော အင်္ကျီတွေ ဝတ်ထားကြသည်။ ဒူးသွား အရွယ်လေးတွေကိုတော့ မွေးထားသည့် ခွေးနှင့်အတူ ကြိုးဖြင့် ချည်ထားတာ တွေ့ရသည်။ ပုဂ္ဂလိကပိုင် လှေကြီးတွေ၊ စီဘီကြီးတွေ ဖြစ်လို့ အစိုးရ ရုံးပိတ်ရက်မှာတောင် နားရက်မယူဘဲ ကုန်လာသယ် နေကြသည်။



ကိုအဏ္ဏဝါ၏ သင်္ဘောသားဘဝ စခဲ့သည့်နေရ ဟောင်ကောင်

၁၅–ရက်နေ့သည် တနင်္လာနေ့ ဖြစ်သည်။ ဟောင်ကောင်ကို ရောက်တယ်ဆိုလျှင်ပဲ ကိုအဏ္ဏဝါ ရွှစ်ရွှစ် ဖြစ်နေသည်။ ကမ်းပေါ် တက်ချင်နေသည်။ မိမိဘဝမှာ ပထမဦးဆုံး သင်္ဘောသား လုပ်ခဲ့သည့် ကုမ္ပဏီကို သွားလည်ချင်သည်။ သူဌေးကို သွားတွေ့ နှုတ်ဆက်ချင်သည်။

http://www.linhtet.com



ကိုလုံးဘက် ကမ်းကိုသွားပြီး ဈေးဝယ်ချင်သည်။ ကိုအောင်ဝင်းတို့ဆိုင်ကို သွားချင်သည်။ ကိုအောင်ဝင်းရဲ့မိခင်ကြီး ဒေါ်ရင်ကျန်းမာသေးရဲ့လား သတင်း မေးချင်သည်။ ဒါပေမဲ့ ဖယ်ရီဘုတ်မလာလို့ မသွားလိုက်ရ ဖြစ်သွားသည်။

ည ၉–နာရီမှာ ကုန်တင်ပြီး ပြန်လည် ထွက်ခွာသွားသည့် လှေကြီး တွေ၊ စီဘီကြီးတွေက ပြောသွားသည်။ တရုတ် နှစ်သစ်ကူးစပြီဖြစ်လို့ အလုပ် မလုပ်ဘဲ ၄–ရက် နားမည်ဟုဆိုသည်။ ၂၀–ရက်နေ့မှ အလုပ် ပြန်လုပ်ကြမည်ဟု ပြောသည်။ ဟောင်ကောင်မှာကြာဦးမည့် သဘော ဖြစ်သည်။ ကိုအဏ္ဏဝါကတော့ ဝမ်းသာနေသည်။ ကြာလေ ကောင်းလေ ဖြစ်သည်။ ကမ်းပေါ် တက်လည်ချင်နေသည်။

၁၆–ရက်နေ့မှာ ကိုအဏ္ဏဝါ ဆုတောင်း ပြည့်သည်။ ကံကောင်းသည်။ ကမ်းပေါ် တက်လည်ချင်သည့် ကိုအဏ္ဏဝါအတွက် အခွင့်အရေးတစ်ခု ပေါ်လာသည်။ တက်မကိုင် ကိုမြင့်သိန်း သွားကိုက်လို့ ဆေးခန်းကိုသွားပြီး သွားနုတ်ရမည့် အခြေအနေ ဖြစ်လာသည်။ ကိုအဏ္ဏဝါကိုလိုက်သွားရန် လိုအပ်ပါက စကားပြန် လုပ်ပေးရန် ကပ္ပိတန်က တာဝန်ပေးသည်။ လင်လိုချင်နေတုန်းမှာ လှည်းတင်ပြီး ခိုးပြေးခြင်း ခံရသည့်တောသူ အပျိုမလို ဝမ်းသာသွားသည်။

## ဟောင်ကောင်မှ ကနေဒါသို့

နံနက် ၁၁–နာရီမှာ မော်တော်ဘုတ်ကလေး ရောက်လာသည်။ သွားကိုက်လို့ အော်ညည်းနေရသည့် ကိုမြင့်သိန်းနှင့်အတူ ကမ်းပေါ်ကိုလိုက်သွားသည်။ အလုပ် နားရက်ရသည့် ကိုအေးပါ လိုက်လာသည်။ ဆိပ်ကမ်းကို ရောက်သောအခါ အေးဂျင့်ရုံးက ပုဂ္ဂိုလ်တစ်ယောက်က လာစောင့်ကြိုနေသည်။ သူ့ကားဖြင့် သွားဆရာဝန်ဆီကို သွားကြသည်။ ကိုမြင့်သိန်း၏ ကိုက်နေသော သွားကို နုတ်ပစ်လိုက်သည်။ သွားကိုက်နေတာ ယူပစ်လိုက်သလို ပျောက်သွားသည်။ သဘော်ကို ဘယ်အချိန်ပြန်ချင်သလဲဟု အေးဂျင့်ရုံးက ပုဂ္ဂိုလ်က မေးသည်။ ညနေ ၅–

http://www.linhtet.com



နာရီဟု ပြောလိုက်သည်။ မော်တော်ဘုတ် စီစဉ်ထားမည်ဟု ပြောသည်။ ဘုတ်ဆိပ်ကို လာခဲ့ပါမည်ဟု ပြောလိုက်သည်။ ကိုအဏ္ဏဝါတို့ သုံးယောက်ကို ထားခဲ့ပြီး ထိုပုဂ္ဂိုလ် ပြန်သွားတော့သည်။

တရုတ် နှစ်သစ်ကူး စနေပြီဖြစ်လို့ ရုံးတွေ ပိတ်ထားသော်လည်း ဈေးတွေအားလုံး ဖွင့်ရောင်းနေကြသည်။ လျှော့ဈေး ချရောင်းနေကြသည်။ ဈေးဝယ်လို့ ကောင်းသည်။ ကိုအဏ္ဏဝါမှာ ပါလာသည့် အမေရိကန် ဒေါ်လာ ၂၀–တန်၊ ၁၀–တန်၊ ၅–ဒေါ်လာတန်နှင့် တစ်ဒေါ်လာတန် စုစုပေါင်း ၁၁၁–ဒေါ်လာကို လဲတာ၊ ဟောင်ကောင် ဒေါ်လာ–၇၈၀ ရသည်။ အမေရိကန် တစ်ဒေါ်လာကို ဟောင်ကောင် ဒေါ်လာ ၇ ဖြစ်နေတာ တွေ့ရသည်။ ၆ နှစ်အတွင်းမှာ နှစ်ဒေါ်လာလောက် အတက်အကျ ဖြစ်သွားသည်။

၁၉၈၂–ခုနှစ်က ကိုအဏ္ဏဝါ၏ လစာ၊ ဟောင်ကောင် ဒေါ်လာ ၅၀၀၀/ ရခဲ့သည်။ အမေရိကန် ဒေါ်လာ ၉၅၀ ဖြစ်သည်။ ငွေလဲနှုန်းက အမေရိကန် တစ်ဒေါ်လာကို ဟောင်ကောင် ဒေါ်လာ ၅–ဒေါ်လာ၊ ၂၅–ဆင့် ဖြစ်သည်။ အခုတော့ ၇–ဒေါ်လာ ဖြစ်နေပြီ၊ အမေရိကန် ဒေါ်လာဈေး တက်တာ မဟုတ်။ ဟောင်ကောင် ဒေါ်လာဈေး ကျလာတာ ဖြစ်သည်။ ၁၉၉၇–ခုနှစ်မှာ ဟောင်ကောင်သည် တရုတ်ပြည် လက်ထဲကို ပြန်ရောက်တော့မည်ဖြစ်လို့ ဟောင်ကောင် ငွေကြေးတန်ဖိုး ကျလာတာ ဖြစ်နိုင်သည်။

ကိုလုန်းဘက် အခြမ်းက တရုတ်ဈေးတန်းကြီး လျှောက်ကြသည်။ လိုချင်တာလေးတွေ ဝယ်သည်။ ဈေးတန်းကြီး လျှောက်သွားနေစဉ် မြန်မာ သင်္ဘောသား အုပ်စုတစ်စုနှင့် သွားတွေ့သည်။ ကိုအဏ္ဏဝါ၏ ဘော်ဒါကြီး ဘိုဆင် ကိုမောင်ဟန် ဦးဆောင်သည့်အဖွဲ့ ဖြစ်သည်။ ဂူးအင်ဟိုး ကုမ္ပဏီပိုင် သင်္ဘောတစ်စီးကို တက်ဖို့လာကြတာဟု ပြောသည်။ ကိုမောင်ဟန်သည် ကိုအဏ္ဏဝါနှင့်အတူ ပိုသီးတိုး သင်္ဘောအက်ပိုကေတီမှာ အတူ အမှုထမ်းခဲ့ကြသည်။ သင်္ဘောတက်ဖို့ သွားကြစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒက္ကာလေဆိပ်မှာ ကိုအဏ္ဏဝါ အင်္ဂလိပ်စကား နားမလည်လို့ ဘင်္ဂါလီ ဘာသာဖြင့် ဝင်ကူပေးခဲ့သော ဘိုဆင် ဖြစ်သည်။

http://www.linhtet.com



အဲဒီကစပြီး ဥရောပ ခရီးစဉ် တစ်လျှောက်လုံးအတွက် သူ့ကိုပဲ ခရီးသွားခေါင်းဆောင် ခန့်လိုက်သည်။ သင်္ဘောပေါ်ရောက်ပြီး ငါးလအကြာ၊ ၁၁–၄–၈၆ နေ့မှာ ကျူးဘားနိုင်ငံ မြို့တော် ဟားဗားနား ဆေးရုံကို တင်လိုက်ရသည်။ ဆီးကျောက်တည်သည့် ရောဂါကို ခွဲစိတ် ကုသရမည်ဖြစ်လို့ ဟားဗားနား ဆေးရုံမှာ ထားပစ်ခဲ့ရသည်။ အခုမှ ပြန်တွေ့ခြင်းဖြစ်သည်။

"အာအိုကြီး ဘယ်လိုင်းမှာ လိုက်နေလဲ"

"လူက ခပ်ညံ့ညံ့ဆိုတော့ တန်ရာတန်ရာ ဂရိလိုင်းပေါ့ဗျာ၊ နဗဂ္ဂရှန်းမှာ"

"ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ"

"ကမ္ဘာပတ်လာတယ်၊ ဘယ်လ်ဂျီယံက လာတာ၊ စူးအက်တူးမြောင်းကို ဖြတ်ပြီး ဒီကို ရောက်လာတာပဲ။ ပစိဖိတ် သမုဒ္ဒရာကြီးကို ဖြတ်ဦးမယ်။ ဘယ်ကိုသွားမယ်ဆိုတာ မသိသေးဘူး၊ အမေရိက လိုလို၊ ကနေဒါ လိုလို သတင်းကြားတာပဲ"

ကိုမောင်ဟန်က သူတို့တည်းခိုနေသည့် ဟိုတယ်၏ ဖုန်းနံပါတ်ကို ပေးသွားသည်။ သင်္ဘော မထွက်သေးလျှင် လာလည်ပါဦးဟု ပြောပြီး လူချင်း ခွဲသွားသည်။

ကိုအဏ္ဏဝါတို့ သုံးယောက် စားသောက်ဆိုင် တစ်ဆိုင် ဝင်ပြီး ဘီယာ သောက်ကြသည်။ ဟောင်ကောင်မှာ ဘဲကင်ရောင်းသောဆိုင် ရှာမတွေ့လို့ ညောင်းလာတာနဲ့ နီးရာဆိုင် ဝင်ထိုင်ကြရတော့သည်။ ညနေ ၅–နာရီမှ ကိုလုန်းဘက်ကမ်းမှ ပြန်ခဲ့ကြသည်။

ကိုအဏ္ဏဝါနှင့် ကပ္ပိတန်အသစ် ဆက်ဆံရေး ကောင်းမွန်နေသည်။ ကိုအဏ္ဏဝါ ညည ချောင်းဆိုးသံ ကြားတယ်ဆိုပြီး သတင်းလာမေးသည်။ သွေးပါသလားဟု မေးသည်။ ဆေးခန်း သွားချင်ပါသလားဟု ဂရုတစိုက် မေးသည်။ ကိုအဏ္ဏဝါကို မေတ္တာ စေတနာရှိလို့လား။ တီဘီရောဂါ ဖြစ်နေတယ်ထင်ပြီး သူ့ကို ကူးမှာကြောက်လို့လား မပြောတတ်။ ကိုအဏ္ဏဝါက ရာသီပြောင်း ဥတုပြောင်းကြောင့် ဖြစ်သော ချောင်းဆိုး (ထရော်ပီကယ် ကော့ဖင်း) ပါဟု ပြောလိုက်ရသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



၂၃–ရက်နေ့ နေ့လယ် ၁–နာရီခန့်တွင် ဟောင်ကောင်မှ ထွက်သည်။ ဘယ်ကိုသွားရမည် မသိသေးလို့ အထက်ကို ဆန်တက်ပြီး ဂျပန်ဘက်ကို ဖြည်းဖြည်း မောင်းနေသည်။ ဂျပန်ဘက်မှာ ကုန်ရမည်ထင်ပြီး မောင်းနေတာ ဖြစ်မည်။

၂၉–ရက်နေ့ ဖော်ဖော်ဝါရီလ ကုန်သွားပြီဖြစ်သည်။ ကိုအဏ္ဏဝါ မြန်မာပြည်က ထွက်ခွာခဲ့တာ ရှစ်လ ပြည့်တော့မည် ဖြစ်သည်။ ကန်ထရိုက်စာချုပ် ပြည့်အောင် နောက်ထပ် လေးလ လုပ်ရဦးမည် ဖြစ်သည်။ ကပ္ပိတန်နှင့် အဆင်ပြေနေသည့်အတွက် ဘယ်လောက်နေရ နေရ၊ အရေးမကြီးဟု တွေးမိသည်။ ကြာကြာနေမှ အာသာပြေမည်။ လိမ္မာမှ အိမ်ပါမည်ဟု ခံယူထားသည်။

၁–၃–၈၈ နေ့မှာ ကြေးနန်းတစ်စောင် ဖမ်းယူရရှိသည်။ ကနေဒါနိုင်ငံ ဗင်ကူးဗားကို သွားပါဆိုသည့် ကြေးနန်းဖြစ်သည်။ အသေးစိတ်ကို ထပ်မံ အကြောင်းကြားမည်ဟု ဆိုသည်။

## ကနေဒါမှ ဗင်နီဇွဲလားသို့

ဂျပန်နိုင်ငံမှာ ကုန်ရမလားဆိုပြီး ဂျပန်ကျွန်း အနီးမှာ မျောနေရာမှ စက်ကုန်ဖွင့်ပြီး ပစိဖိတ် သမုဒ္ဒရာကြီးကို ဖြတ်တော့မည်။ မိုင်ပေါင်း ၂၀၀၀ ကျော် သွားရမည်ဖြစ်လို့ ရက်ပေါင်း ၂၀ လောက် သွားရဦးမည် ဖြစ်သည်။ ကနေဒါနိုင်ငံမှာ မတ်လကုန် သွားနိုင်သည်။

၁၀–၃–၈၈ နေ့တွင် အပြည်ပြည်ဆိုင်ရာ နေ့ရွှဲ မျဉ်းကို ဖြတ်သည်။ ဦးတည် လမ်းကြောင်းအရ အနောက်အရပ်မှ အရှေ့အရပ် (အရှေ့ တိုင်း နိုင်ငံမှ အနောက်တိုင်း နိုင်ငံ) သို့ သွားနေသည့်အတွက် တစ်ရက် ပိုလာသည်။ နောက်နေ့ ၁၁–ရက်နေ့သည်လည်း ၁၀–ရက်နေ့ပင် ဖြစ် သည်။ ကိုအဏ္ဏဝါ၏ အသက်သည် အမှန်ထက် တစ်ရက် လျော့သွားပြီ ဖြစ်သည်။ သင်္ဘောသား ဘဝဟာ ဇာဒင်မေးလျှင် အလွဲလွဲ အမှားမှား ဖြစ်မည့် ဘဝဖြစ်သည်။

ကိုအဏ္ဏဝါသည် ကြေးနန်းတွေကို ဟောင်ကောင် VPS နှင့် ဆန်ဖရန်စစ္စကို KFS ရေဒီယို စတေရှင်တွေကို ဆက်သွယ်ပြီး ပို့ဖမ်း

http://www.linhtet.com



လုပ်သည်။ အားလုံး အဆင်ပြေနေသည်။ ကပ္ပီတန်သည် ကိုအဏ္ဏဝါ၏ အရည်အချင်းကို ယုံကြည်စိတ်ချနေပြီဖြစ်သည်။

၁၈–ရက်နေ့မှာ ဆန်ဖရန်စစ္စကို ရေဒီယိုမှ ကြေးနန်းတစ်စောင် ဖမ်းယူရရှိသည်။ ကနေဒါနိုင်ငံ ဗင်ကူးဗားမှာ ဂျုံစေ့တင်ပြီး ဗင်နီဇွဲလား နိုင်ငံ ပိုတိုကပ်ပဲလိုးမြို့ ဆိပ်ကမ်းကို သွားပို့ရမည်ဆိုသည့် ကြေးနန်း ဖြစ်သည်။

၂၀–ရက်နေ့မှာ ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့ရဲ့ အပြင်ဘက်ကို ရောက်ပြီး ကျောက်ချလိုက်သည်။ ရေကြောင်းပြ တက်မည့် အချိန်ကို စောင့်နေသည်။ ဘယ်နေ့မှာ ဆိပ်ကမ်းကို ကပ်ရမည်ဆိုတာ အတိအကျ မသိရသေး ဖြစ်နေသည်။ အရှေ့တိုင်းမှ လာသော ကိုအဏ္ဏဝါသည် အနောက်နိုင်ငံကို ရောက်သောအခါ နေ့နဲ့ည ပြောင်းပြန်လို ဖြစ်နေသည်။ ညတစ်ညလုံး အိပ်လို့မပျော်ဘဲ နေ့လယ်ဆိုလျှင် အိပ်ချင်နေသည်။ တစ်နေ့လုံး အိပ်ပြီး တစ်ညလုံး မအိပ်ဘဲနေသည်။

ကုန်တင်မည့် အခန်းကြီး HATCH တွေ သိပ်ပြီး မသန့်လို့ သန့်ရှင်းရေး အထူး လုပ်ကြရသည်။ ကနေဒါနိုင်ငံသည် ကုန်ထည့်ခန်း တွေ သန့်ရှင်းမှု ရှိမရှိကို အထူး ဂရုစိုက် စစ်ဆေးသော နိုင်ငံဖြစ်သည်။ အထူးသဖြင့် ဂျုံလို စားသောက်ကုန် တင်မည်ဆိုလျှင် အထူး စစ်ဆေးခြင်း ခံရမည် ဖြစ်သည်။ သူတို့စစ်ဆေးတာ မအောင်လျှင် ကုန်တင်ခွင့် မရဘဲ သူတို့ စိတ်ကြိုက်ရအောင် သန့်ရှင်းရေး လုပ်ပေးရသည်။ ကိုအဏ္ဏဝါ က လွဲလို့ သင်္ဘောတစ်စီးလုံး ရှိသမျှ အရာရှိ ပေါက်စနနှင့် သင်္ဘောသား တွေ အားလုံး ကုန်ထည့်ပေါက်တွေထဲ ဆင်းပြီး သန့်ရှင်းရေး လုပ်ကြ ရသည်။

၂၃–ရက်နေ့မှာ ရဟတ်ယာဉ်တစ်စီး ဝဲပျံနေသည့် အသံကို ကျယ် ကျယ်လောင်လောင် ကြားရလို့ အခန်းတွင်းမှ ထွက်ကြည့်သည်။ ရဟတ် ယာဉ်သည် ကုန်ထည့်ပေါက်ကြီးတစ်ခု၏ အဖုံးပေါ်မှာ ဆင်းသက်နေတာ တွေ့ရသည်။ ရဟတ်ယာဉ် အနီရောင်သေးသေး၊ ချစ်စရာလေး ဖြစ်သည်။ ရဟတ်ယာဉ်ပေါ်က ရေကြောင်းပြ ဆင်း လာသည်။ ရေကြောင်းပြ ဆင်း လာပြီးသည်နှင့် ရဟတ်ယာဉ်ကလေး ပျံတက်သွားတော့သည်။ ချမ်းသာ

http://www.linhtet.com



သည့် နိုင်ငံ၏ သင်္ကေတပေပဲလို့ သတိထားလိုက် မိပါသည်။ ဆင်းရဲသည့် နိုင်ငံတွေမှာတော့ ရေကြောင်းပြတွေသည် မော်တော်ဘုတ် အစုတ်ကလေးကို စီးပြီး ရောက်လာကြရသည်။ အသက်ကယ် အင်္ကျီတောင် မဝတ်နိုင်ကြသည့် ရေကြောင်းပြ အရာရှိတွေကို တွေ့ဖူးသည်။ အာဖရိက နိုင်ငံတွေမှာတော့ ခါးတောင်းကျိုက်ဖြင့် ရေကူးပြီး ရောက်လာသော ရေကြောင်းပြကိုတောင် တွေ့ဖူးပြီပဲလေဟု ဖြေသိမ့်ရတော့သည်။

ညနေ ၅–နာရီလောက်တွင် ဆိပ်ကမ်း ကပ်ခွင့်ရသည်။ ဆိပ်ကမ်းကပ်တော့မှ သတင်းတစ်ခု ရသည်။ ဒုတိယအရာရှိ ကိုကျော်မြင့် သင်္ဘော က ဆင်းရမည်ဆိုသည့် သတင်း ဖြစ်သည်။ ၂၆–ရက်နေ့မှာ လေယာဉ် စီးရမည်ဟု သိရသည်။ ဒီကိစ္စသည် ပြင်သစ် တော်လှန်ရေး၏ နောက် ဆက်တွဲ ဂယက်ဖြစ်မည်ဟု ထင်ကြေး ပေးကြသည်။

ပြင်သစ် တော်လှန်ရေးမှာ ကိုကျော်မြင့်သည် ရပ်တည်ချက် မမှန် သူ အဖြစ် မြန်မာ သင်္ဘောသားတွေက စွဲချက် တင်ခဲ့ကြသည်။ သူ့လူ ကိုယ့်ဘက်သားလုပ်ပြီး ဂရိ ကပ္ပိတန်ကို ရာဇဝတ်မှု မဖြစ်အောင် အကာ အကွယ် ပေးခဲ့သည်ဟု ယုံကြည်နေခဲ့ကြသည်။ ဒီ အရေးအခင်းမှာ သူ ဦးဆောင်ပါဝင်ခဲ့သော်လည်း သင်္ဘော ကုမ္ပဏီကို တိတ်တဆိတ် ဆက်သွယ်ပြီး သူ့အပေါ်မှာ နားလည်ပေးပါရန် တောင်းပန်ခဲ့သည်ဟု သံသယ ရှိနေကြသည်။ သူသည် မြန်မာ သင်္ဘောသား အများစု၏ ဆန္ဒကို မလွန်ဆန်နိုင်လို့ ကပ္ပိတန်ကို မောင်းချသည့်စာမှာ ဆန္ဒမပါဘဲ လက်မှတ် ထိုးခဲ့ရတာဖြစ်ကြောင်း အစီရင်ခံခဲ့သည်ဟု ယုံကြည် နေကြ သည်။ မြန်မာနိုင်ငံရှိ သင်္ဘောသားရုံးသို့ သူနှင့် ကိုအဏ္ဏဝါတို့အုပ်စု သီးခြားစီ ခွဲပြီး အစီရင်ခံစာ ရေးခဲ့ကြသည်။

မြန်မာနိုင်ငံ သင်္ဘောသားရုံးသည် သူ့စာကို ရသွားသည့်အချိန်မှာ ကိုအဏ္ဏဝါကို သင်္ဘောက ဆွဲချရန် စီစဉ်ခဲ့ပြီး ကိုအဏ္ဏဝါတို့၏ အစီရင်ခံစာကို ရသွားသည့်အချိန်မှာ သူ့ကို ဆွဲချလိုက်တာ ဖြစ်နိုင်မည်ဟု ကောက်ချက်ချကြသည်။ အကြောင်းရင်းအမှန်ကို ဘယ်သူမှ မသိကြသေး ဖြစ်နေသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com





http://www.linhtet.com



၂၆–ရက်နေ့ နံနက် ၉–နာရီ ၄၅–မိနစ်မှာ ကိုကျော်မြင့် သင်္ဘောက ဆင်းသွားသည်။ ကိုအဏ္ဏဝါကို လာပြီးနှုတ်ဆက်သည်။ ပေးချင်တာရှိလျှင် ပေးလိုက်ပါ။ ယူသွားပေးပါမည်ဟု ပြောသည်။ ကိုအဏ္ဏဝါက ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ စာတစ်စောင်တောင် မပေးလိုက်လို့ သူ့ကို မယုံကြည်လို့ ထင်သွားမှာ သေချာသည်။

ကိုကျော်မြင့်သည် မွန်လူမျိုး ဘွဲ့ရပညာတတ် ဖြစ်သည်။ သဘောကောင်းသည်။ သဘောကောင်းလွန်းသည့်အတွက် တိုင်းတစ်ပါး သားတွေ၏ စော်ကားမှုကို ရှေ့ပြည်အေးစိတ်ဖြင့် ခေါင်းငုံ့ လည်စင်းခံချင်သူ ဖြစ်သည်။ မိမိ၏ အကျိုးစီးပွားကို အထိခိုက်ခံပြီး တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ် ဆိုတာကို မမွေးသင့်လို့ လက်ခံထားသလို ဖြစ်နေသည်။ သူ၏ သိက္ခာကျမှုကို ကိုအဏ္ဏဝါ အရမ်း နှမြောမိသည်။ ယောနိသော မနသိကာရ စိတ်ဖြင့် လိုက်လျောညီထွေ နေတတ်မည်ဆိုလျှင် အလွန်ချစ်စရာ ကောင်းမည့်သူ ဖြစ်သည်။

၂၇–ရက်နေ့မှာ တတိယအင်ဂျင်နီယာ ကိုခင်မောင်ညွန့်၊ ဘိုဆင် ဦးမောင်စိန်၊ ဒုထမင်းချက် စိုးတင့်တို့နှင့်အတူ မြို့ထဲ လျှောက်လည်ကြသည်။ လမ်းလျှောက်ရင်း ကိုကျော်မြင့်အကြောင်းကို ပြောဖြစ်ကြသည်။ ထမင်းချက် စိုးတင့်က စင်ကာပူက တက်လာသည့် လူသစ်ဖြစ်သည်။ ရန်ကုန်က သင်္ဘောသားရုံးကို ရောက်လာသည့် ပြင်သစ်ပြည် တော်လှန်ရေး သတင်းတွေကို သူသိသလောက် ပြန်ပြောပြသည်။ ဒီသတင်းတွေ ရန်ကုန်ကို ရောက်လာသည့်အခါ သူပုန်ခေါင်းဆောင် ကိုအဏ္ဏဝါကို အလုပ်ဖြုတ်ပစ်ရန် ဆုံးဖြတ်ခဲ့ကြသည်ဟု ဆိုသည်။ ဟန်မြင့်ကို ကပ္ပိတန်က ကိုင်ပေါက်လို့ သွား ငါးချောင်းကျိုးသွားသည်။ ဆေးရုံတင်လိုက်ရသည် ဆိုသည့် သတင်းကိုရတော့မှ ကိုအဏ္ဏဝါကို ဖြုတ်ရေး အစီအစဉ် ပျက်သွားသည်ဟု ဆိုသည်။

ကိုအဏ္ဏဝါ သတိသံဝေဂ တစ်ခု ရမိသည်။ သူများကိစ္စမှာ မိမိက မခံမရပ်နိုင်လို့ ပေါက်ကွဲမိသည်။ ကာယကံရှင်က အလုပ် မပြုတ်ဘဲ မိမိက ပြုတ်တော့မလို ဖြစ်ခဲ့ရသည်။ နောင် ဆင်ခြင်စရာ ဖြစ်တော့သည်။ မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ဆိုတာ ကိုယ်ကျိုး စွန့်နိုင်သူတွေမှာသာ ရှိသင့်တယ်ပါလား ဆိုတာကို သိနားလည်လိုက်ပါသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com





## ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့က ဆိတ်ငြိမ်ရပ်ကွက်

ကိုအဏ္ဏဝါတို့ လေးယောက် လမ်းလျှောက်လာကြရာ နိုက်ကလပ် တစ်ခုကို ဝင်ကြည့်ဖြစ်ကြသည်။ ဝင်ကြေး တစ်ယောက်ကို ကနေဒါဒေါ်လာ လေးဒေါ်လာ ပေးရသည်။ ကနေဒါ ဒေါ်လာ လေးဒေါ်လာသည် အမေရိကန် ဒေါ်လာ လေးဒေါ်လာနှင့် ညီမျှသည်။ ဘီယာတစ်ခွက် အခမဲ့ တိုက်သည်။ စတိတ်ခုံပေါ်မှာ ကနေသည့် အမျိုးသမီး ချောသည်။ အသားက ဖွေးဥ နုညက် နေသည်။ အရပ်အမောင်းကလည်း ၅–ပေ ၁၀–လက်မခန့် မြင့်သည်။ အမျိုးသမီးက သူ့အလှည့်ပြီးလို့ အကရပ်သည့်အခါ ပရိသတ်ကို လက်ပြ နှုတ်ဆက်ပြီး စကားပြောသည်။

“ဟလို အားလုံးကို ချစ်ပါတယ်ရှင်၊ ပြက္ခဒိန်ဆိုက် ကျွန်မရဲ့ ပုံကြီးကို ဝယ်ယူ အားပေးချင်တယ်ဆိုရင် စတိတ်ခုံ နောက်ကို ကြွရောက်ပြီး ဝယ်ယူနိုင်ပါတယ်ရှင့်”

http://www.linhtet.com



အရေးထဲမှာ ပွဲကောင်းတုန်း ကြော်ငြာက ဝင်လိုက်သေးသည်။ သူမ၏ နှုတ်ခမ်းအစုံကို လက်ချောင်း ဖြူဖြူလေးတွေဖြင့် ရွရွလေး ဖိပြီး ကစ်ပေးသည့်သဏ္ဌာန် လုပ်ပြသည်။ ပရိသတ်ကို ဦးညွှတ် အလေး ပြုပြီး လှည့်ဝင်သွားသည်။

"အာအိုကြီး အဲဒီ အမျိုးသမီးရဲ့ပုံကို ဝယ်ချင်တယ်"

"ဟာ…ဘာလုပ်မှာလဲ"

"ကျွန်တော် တဘောကျတယ်၊ လှတယ်ဗျာ"

ဦးမောင်စိန်သည် သူကြိုက်ပြီဆိုလျှင် ထင်ရာ စွပ်လုပ်တတ်သူ ဖြစ်သည်။ လှည်းဘီးခပ်သေးသေး အရွယ်မျှကြီးသည့် နံရံကပ် နာရီကြီး တစ်လုံးကို ဟောင်ကောင်က ဝယ်ယူလာသည်။ သဘော်တက်မကိုင် သည့် ဗိုးပုံကြီး ဖြစ်သည်။ အောက်ကချိန်သီးက ကျောက်ဆူးပုံကြီး ဖြစ်သည်။ သဘော်ကဆင်းလို့ ရန်ကုန်ပြန်လျှင် ဘယ်လို သယ်ယူမလဲ ဆိုတာ စောင့်ကြည့်ရဦးမည် ဖြစ်သည်။ အခုလည်း အမျိုးသမီး၏ ပုံကို ဝယ်မည်ဟု ပြောသည်။ သဘောကျတယ်ဆိုတာကို ပီအောင် မပြောတတ်လို့ တဘောကျတယ်လို့ ပြောသူ ဖြစ်သည်။

"ကဲ သိပ်သဘောကျနေရင်လည်း သွားဝယ်လေဗျာ"

"အာအိုကြီး လိုက်ခဲ့ပါ"

ဇာတ်ခုံနောက်ကို သွားရမည်ဆိုတော့ ကိုအဏ္ဏဝါကလည်း လိုက်ချင်သည်။ ဇာတ်ခုံနောက်ဘက်ကို ဝင်သည့် အပေါက်ဝမှာ ဇလ ကောင်းသည့် လူမိုက်တစ်ယောက်က ပိတ်ပြီး ရပ်နေသည်။ ပြက္ခဒိန် ဝယ်မည်ဆိုတော့မှ လမ်းဖယ်ပေးပါသည်။

အထဲမှာ အချောအလှ ဆယ်ယောက်လောက် ရှိနေသည်။ အလှည့်ကျ ထွက်ကနေကြသည်။ သူတို့မှာလည်း ပုံကြီးတွေ အသီးသီး ရှိကြသည်။ ရောင်းနေသည်။ ကြိုက်သူကို ဝယ်နိုင်သည်။ ဦးစိန်က သူကြိုက်သည့် အမျိုးသမီး၏ ပုံကို ဈေးမေးသည်။

http://www.linhtet.com



"တစ်ပုံ ဘယ်လောက်လဲ"

"ကြမ်းခင်းဈေး တစ်ဆယ်ပါ၊ စေတနာ ရှိသလောက် ပိုပေးနိုင်ပါတယ်"

ကြမ်းခင်းဈေးဖြင့်ပင် ဝယ်လိုက်သည်။ ကိုအဏ္ဏဝါကတော့ ဓာတ်ပုံကြီးကို စိတ်မဝင်စား လူကိုပဲ စိတ်ဝင်စားသည်။ အကယ်၍များ အကုန်အကျခံပြီး ခေါ်လျှင် လိုက်မလားဟု မေးကြည့်သည်။ လိုက်မည်ဟု ပြောသည်။ ဈေးစကား ပြောကြည့်သည်။

"ဈေးစကားလေး ပြောပါဦးကွယ်"

"ညမအိပ်ဘူး၊ ခဏပဲ၊ ဒေါ်လာ တစ်ရာယူပါတယ်"

ကိုအဏ္ဏဝါ ခေါင်းနပန်း ကြီးသွားသည်။ အခန်းခပါ ထည့်ပေါင်းလိုက်လျှင် ဒေါ်လာ ၁၅၀ လောက် ဖြစ်သွားမည်ဖြစ်သည်။ လက်လျှော့လိုက်သည်။

"အင်း စိတ်လျှော့လိုက်ပါပြီ ညီမရယ်၊ ဒေါ်လာ ၁၀၀ ဆိုတာ အစ်ကိုတို့ မိသားစုအတွက် တစ်နှစ်လောက် စားလို့ရတယ်ကွယ်"

"ဟယ် တကယ်"

"အဟုတ်"

ဒေါ်လာ ၁၀၀ ကို မိသားစု တစ်နှစ်လောက် စားလို့ရသည် ဆိုသည့်အတွက် အံ့သြသွားဟန် တူသည်။ ဘယ်လိုနိုင်ငံမျိုးက လူတွေပါလိမ့်ဟု တွေးနေတာ ဖြစ်မည်။ အကုန်အကျ အလွန် သက်သာသည့် ကျောက်ဂူနေ လူသားတွေလို့ ထင်သွားတာ ဖြစ်မည်။

၂၈-ရက်နေ့ နံနက်စောစောပင် ဗင်ကူးဗားမှ ထွက်သည်။ နံနက် ၁၀-နာရီတွင် ပင်လယ်ထဲ ရောက်ပြီး သင်္ဘောကြီး ရပ်သွားသည်။ မကြာမီပင် ရဟတ်ယာဉ် အနီလေး ရောက်လာပြီး သင်္ဘောကြီး၏ ကုန်ထည့်ပေါက် အဖုံးပေါ်မှာ ဆင်းသည်။ ရေကြောင်းပြကို တင်ခေါ်ပြီး ရဟတ်ယာဉ်ကလေး ပျံတက်သွားတော့သည်။

သြော်…ချမ်းသာသည့် နိုင်ငံတွေက ဝန်ထမ်းတွေရဲ့ လုပ်ငန်းခွင် ဘဝ အဆင့်မြင့် လှပါကလားဟု တွေးမိသည်။ ကိုအဏ္ဏဝါတို့ နိုင်ငံနှင့် အတူ အင်္ဂလိပ်ထံမှ လွပ်လပ်ရေး ရခဲ့သည့် အိန္ဒိယနိုင်ငံက ရေကြောင်းပြ

http://www.linhtet.com



တွေသည် မော်တော်ဘုတ်ကလေးဖြင့် လာပြီး သင်္ဘောကြီးပေါ်ကို ထန်းခေါက်ဖာ ထမ်းတက်လာသည်။ ထန်းခေါက်ဖာထဲမှာ မုန့်ပြောင်း၊ မြေပုံ၊ ရေပုံ တွေပါသည်။ ယူနီဖောင်း အပြည့်အစုံ ဝတ်ထားသည့် အလုပ်သင်တပည့်တစ်ယောက် ပါသေးသည်။ အင်္ဂလိပ်က သင်တန်း ပေးခဲ့သည့်အတိုင်း ခေါက်ရိုးကျိုးပြီး ဆက်လုပ်နေခြင်း ဖြစ်သည်။

ရန်ကုန်မြို့ကို သင်္ဘောဖြင့် ဝင်ဖူးသူတွေက ပြောပြသည်။ ရေကြောင်းပြ တက်ပုံဟာ အိန္ဒိယနဲ့ တစ်ပုံစံတည်း ဖြစ်နေသည်။ ခေါက်ရိုးကျိုး အလေ့အထ ဖြစ်ဖွယ်ရှိသည်။

ရေကြောင်းပြ ဆင်းသွားသည်နှင့် သင်္ဘောကြီးကို စက်ကုန်ဖွင့်ပြီး မောင်းတော့သည်။ မြောက်မှတောင်သို့ စုန်ဆင်းသည်။ ပနားမား တူးမြောင်းကို ဖြတ်လိမ့်မည်။ ကာရေဗီယံ ပင်လယ်ထဲက ဗင်နီဇွဲလားနိုင်ငံကို သွားနေပြီ ဖြစ်သည်။ ဧပြီလ ၁၈-ရက်နေ့ ရောက်မည်ဟု သိရသည်။

## ဗင်နီဇွဲလားနိုင်ငံမှ ပြဿနာ

၂၉-ရက်နေ့မှာ ရာသီဥတု သာယာ ကောင်းမွန်နေသည်။ သင်္ဘောကြီးက အရှိန်အဟုန်ဖြင့် ခုတ်မောင်းနေသည်။ ကိုအဏ္ဏဝါ၏ ဘဝမှာ ပထမဦးဆုံး ရေးသည့် လုံးချင်းဝတ္ထု *'ပန်းပန်မှ နန်းဆန်တော့သည်'* ကို အပြီးသတ် ရေးပြီးသွားသည်။ ရေးပြီးသည့်အချိန်မှာ နံရံပေါ်က နာရီကို ကြည့်လိုက်သည်။ ညနေ ၆-နာရီတိတိ ဖြစ်သည်။ မြန်မာပြည်မှာတော့ ၃၀-၃-၈၈၊ ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီခွဲ ဖြစ်သည်။

ဒီဝတ္ထု ထွက်လာလျှင် သင်္ဘောသားလောကမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားနိုင်သည်ဟု တွေးမိသည်။ ဇာတ်လမ်းက သင်္ဘောသား အရာရှိ လူပျိုကြီးနှင့် ကျောင်းနေဖက် ငယ်သူငယ်ချင်း အရှုးမ ညားကြသည့် ဇာတ်လမ်း ဖြစ်သည်။ သင်္ဘောသား ဈေးကောင်းနေသည့် ခေတ်မှာ ကျောင်းဆရာမ၊ ဆရာဝန်မ၊ ရုပ်ရှင်မင်းသမီး၊ အဆိုတော်မကို မယူဘဲ ရှာပြန်ပြီး အရူးမကိုယူသည့် သင်္ဘောသား အရာရှိအကြောင်း ဖြစ်လို့

http://www.linhtet.com



ကိုအဏ္ဏဝါကို သင်္ဘောသားတွေက ဝိုင်းဆဲနိုင်သည်လို့တောင် တွေးမိသည်။

ဧပြီလ ၁၀–ရက်နေ့မှာ ပနားမား တူးမြောင်းထိပ်ကို ရောက်သည်။ ကျောက်ချသည်။ ည ၁၀–နာရီမှာ ရေတံခါးထဲကို ဝင်ရမည်ဟု သိရသည်။ တူးမြောင်းကို ညတစ်ညလုံး ဖြတ်မည် ဖြစ်သည်။ ပစိဖိတ် သမုဒ္ဒရာဘက် အခြမ်း (ဘာဘိုယာ) မှ အတ္တလန္တိတ် သမုဒ္ဒရာဘက်အခြမ်း (ခရစ္စတိုဘော) သို့ သွားမည်ဖြစ်သည်။

၁၁–ရက်နေ့မှာ တူးမြောင်းကို ဖြတ်နေသည်။ အနောက်မှ အရှေ့သို့ ဖြတ်နေခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါ အိပ်ပျော်နေလို့ ရေတံခါးထဲဝင်တာ၊ ထွက်တာတွေကို မသိလိုက် ဖြစ်သွားသည်။ ပစိဖိတ် သမုဒ္ဒရာမှ ရေလှေကားထစ်တွေကို အသုံးပြုပြီး တောင်ပေါ်ကို တက်လာခဲ့ပြီး ဖြစ်သည်။ ကိုအဏ္ဏဝါ အိပ်ရာက နိုးလာသည့်အခါ ကွမ်တန်ကက် တူးမြောင်းအတွင်း ဖြတ်နေပြီ ဖြစ်သည်။

ကိုအဏ္ဏဝါသည် ဒီခရီးကို ၁၉၈၆–ခုနှစ်က အခုလို မဟုတ်ဘဲ ပြောင်းပြန် ဖြတ်ခဲ့ဖူးသည်။ ၁–၈–၈၆ နေ့မှာ အတ္တလန္တိတ် သမုဒ္ဒရာမှ ပစိဖိတ် သမုဒ္ဒရာသို့ ဖြတ်သွားခဲ့တာ ဖြစ်သည်။ အဲဒီတုန်းက ပိုသီးတိုး ကုမ္ပဏီပိုင်သင်္ဘော အက်ပိုကေတီဖြင့် ဖြတ်သွားခဲ့တာ ဖြစ်သည်။

၁၂–ရက်နေ့ နံနက်မှာ ပနားမား တူးမြောင်းက ထွက်ပြီး ဗင်နီဇွဲလားနိုင်ငံကို ဦးတည်သွားနေပြီ ဖြစ်သည်။ ယနေ့သည် မြန်မာပြည်မှာတော့ ၁၉၈၈–ခုနှစ်၏ သင်္ကြန် အကြိုနေ့ ဖြစ်သည်။ နက်ဖြန် သင်္ကြန်ကျမည် ဖြစ်သည်။ သင်္ဘောသားဘဝမှာ လပြည့် လကွယ်၊ ဥပုသ်၊ အဖိတ်ဆိုတာ သိရခက်သည်။ သင်္ကြန်ဆိုတာလည်း ပင်လယ်ထဲမှာ ကျကြရသည်။

တက်မကိုင် ဦးထွေးက သင်္ကြန် ပျော်ပွဲရွှင်ပွဲအတွက် ဘီယာနှင့် အရက် လိုချင်ကြောင်း၊ ကပ္ပီတန်ကို ပြောပေးပါရန် လာပြောသည်။ သင်္ကြန်အကြောင်းကို ဂရိကပ္ပီတန် နားလည်အောင် ဘယ်လို ပြောရပါ့ဟု တွေးနေမိသည်။ အရှေ့တိုင်း ယဉ်ကျေးမှုကို ရှင်းပြပြီး လိုချင်တာကို ရအောင် တောင်းပေးရတော့မည် ဖြစ်သည်။ မြန်မာ သင်္ဘောသားတွေကို အရက် မရောင်းရဆိုသည့် ဥပဒေက တည်ဆဲ ဖြစ်နေသေးသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



၁၃-၄-၈၈၊ ဗုဒ္ဓဟူးနေ့သည် မြန်မာပြည်မှာ သင်္ကြန်ကျသည့် နေ့ဖြစ်သည်။ ကိုအဏ္ဏဝါက ကပ္ပိတန် နားလည်အောင် ရှင်းပြလို့ အရက် လည်း ရောင်းချပေးသည့်အပြင် သင်္ကြန် လက်ဆောင်အဖြစ် ဘီယာ တစ်ယောက် နှစ်ဘူးစီ လက်ဆောင်ပေးသည်။ သင်္ဘောက ကိုလံဘီယာ ကမ်းခြေတစ်လျှောက် မောင်းနေသည်။ သင်္ကြန်ကို အကြောင်းပြပြီး အရက်ကြိုက်သူတွေ အရက်ဝိုင်းဖွဲ့ကြတော့သည်။

အရက်မူးလာကြတော့ လုပ်ငန်းခွင်မှာ အဆင် မပြေကြတာတွေ ကို အကြောင်းပြုပြီး ကုန်းပတ်အုပ်စုနှင့် အင်ဂျင်ခန်းအုပ်စုတို့ စိတ်ဝမ်း ကွဲကြတော့သည်။ ကုန်းပတ် တတိယ အရာရှိ ဟန်မြင့်နှင့် တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွန့်တို့ ဟန်ဆောင်ပန်ဆောင် ချစ်ကြည် နေကြရာမှ တစ်ကြော့ပြန် ငြိကြပြန်သည်။ ပြဿနာထဲမှာ ရောမပါ အောင် ရှောင်နေလိုက်ရသည်။

၁၄-ရက်နေ့သည် အကြ်ာန် အတက်နေ့ ဖြစ်သည်။ အရက်နာ ကျနေသူတွေ နားရက် ရကြသည်။ ဟန်ကျသည်။ သင်္ကြန် ရက်တွေမှာ အလုပ် လုပ်ရလျှင် လုပ်အားခ နှစ်ဆပေးရမည်ဟု ကန်ထရိုက် စာချုပ် မှာ ရေးထားသည်။

၁၅-ရက်နေ့သည် သင်္ကြန် အတက်နေ့ ရုံးပိတ်ရက်ဖြစ်သော် လည်း ဗင်နီဇွဲလားနိုင်ငံ ပိုတိုကာဗဲလိုး PUERTO CABELLO ကို ရောက်သည့်အတွက် အလုပ်နားခွင့် မရဘဲ အလုပ်လုပ်ကြရသည်။ သင်္ဘော ကျောက်ချပြီး မကြာမီ ဒေသကိုယ်စားလှယ်နှင့်အတူ □ဒုတိယ အရာရှိ လူသစ် ရောက်လာသည်။ ကုမ္ပဏီရုံးက စာပါလာသည်။ ကိုအဏ္ဏဝါအတွက် ရုံးစာတစ်စောင်နှင့် ဇနီးမဖြူတုတ်ထံမှ စာနှစ်စောင် ပါလာသည်။ ရုံးစာက လိုက်ဖေးရီးယန်း လက်မှတ်မှာ စိုးမြင့်အစား မြင့်စိုး ဖြစ်နေသည့်ကိစ္စ ဖြစ်သည်။ မဖြူတုတ်၏ စာကတော့ စင်ကာပူ က ပို့လိုက်သည့် ၂၈ လက်မ တီဗွီကြီး ရောက်ကြောင်း၊ တီဗွီအဟောင်း ကို ပြန်ရောင်းတာ ၄၁၀၀၀ ကျပ် ရကြောင်း၊ ချယ်ရီမဂ္ဂဇင်းက ဝတ္ထု တိုတွေကို ရွေးထားကြောင်း ရေးထားသည်။

စင်ကာပူက ပြန်သွားသည့် ဆီလောင်း မင်းဟန်က ကိုခင်မောင် ညွန့်ဆီကို ရေးသည့်စာမှာ ဒုတိယအရာရှိ ကိုကျော်မြင့် အကြောင်း

http://www.linhtet.com



ပါလာသည်။ ကိုကျော်မြင့်ကို သင်္ဘောသားရုံးက ခေါ်ယူ ကြိမ်းမောင်း နေကြောင်း ရေးထားသည်။ ကိုအဏ္ဏဝါ ရေးပို့လိုက်သည့် အစီရင်ခံစာ ကလည်း သင်္ဘောသားရုံးကို ရောက်နေပြီ ဖြစ်သည်ဟု သိရသည်။

ကိုကျော်မြင့်၏ နေရာကို ရောက်လာသည့် လူသစ် ဒုတိယ အရာရှိသည်□ဒီကုမ္ပဏီပိုင် တစ်ခြား သင်္ဘောတစ်စီးက လာတာဟု သိရ သည်။ အသားညိုညို၊ အရပ်မြင့်မြင့် သဘောကောင်းမည့် ရုပ် လက္ခဏာ တွေ့ရသည်။ နာမည်က ဘိုဆန်ဆန် ဖြစ်သည်။ ရောဘတ် အောင်ဇော်ဟု သိရသည်။ (ယခုအခါ အိစ်ဝင်းကုမ္ပဏီမှာ ကုန်းပတ် ပထမ အရာရှိ အဖြစ် အမှုထမ်းနေသည်။)

သင်္ဘောသည် ကျောက်ချထားဆဲ ဖြစ်သည်။ ဆိပ်ကမ်းကို ဘယ် နေ့ ဝင်ကပ်ရမည်ဆိုတာ မသိရသေး ဖြစ်နေသည်။ ၁၆-ရက် နေ့မှာ နဗရွန်းကုမ္ပဏီပိုင် သင်္ဘောတစ်စီး ဖြစ်သည့် အမ်ဗွီထရန်စ် ပလင်း MV. TRANSPALIN ဆိပ်ကမ်းကို ဝင်သွားသည်။ အဲဒီ သင်္ဘောမှာ ဒီသင်္ဘောက ဆင်းပြေးသွားရသည့် ပထမအရာရှိ မစ္စတာ ကိုလီမင်ဖိုသီ ယိုပါးနစ် ပါလာသည်ဟု ကပ္ပိတန်က ပြောသည်။ ဆိပ်ကမ်းကပ်သွား လို့ တွေ့ကြလျှင် ကိုယ်ကတော့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံမည်။ မထီလေးစား လာလုပ်လို့ကတော့ ဆွဲထိုးပစ်မည်ဟု စိတ်ကူးထားသည်။

၂၁-ရက်နေ့မှာ ပိုတိုကာပဲလိုး ဆိပ်ကမ်းကို ဝင်ကပ်သည်။ ကုန်မချသေးပဲ စောင့်ဆိုင်းနေရဆဲ ဖြစ်သည်။ သူများတွေ မြို့ထဲ သွားလည်ကြသည်။ သူတို့ပြန်လာမှ မြို့ရဲ့ အခြေအနေကို မေးမြန်းပြီး သွားလည်ပတ်မည်ဟု ရည်ရွယ်ပြီး သင်္ဘောမှာပင်နေသည်။ ကိုအဏ္ဏဝါ သည် ဗင်နီဇွဲလားနိုင်ငံ၏ ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်သည့် မာရာကိုင်ဗို မြို့ကို ၁၉-၆-၁၉၈၆ နေ့မှာ ပိုသီးတိုး ကုမ္ပဏီပိုင် အက်ပိုကေတီ သင်္ဘောဖြင့် ရောက်ဖူးခဲ့ပြီ ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသည် ကမ်းလွန် ရေနံထွက်သည့်အတွက် အစိုးရ ချမ်းသာသော်လည်း ပြည်သူတွေ ဆင်းရဲနေသည်။ ပြည့်တန်ဆာ လုပ် ငန်းကို တရားဝင် ခွင့်ပြုထားသည်။ နိုင်ငံခြားသားတွေကို လုယက်သည့် အမှုတွေ ဖြစ်သည်။ အသွားအလာ ဆင်ခြင်ရသော နိုင်ငံဖြစ်သည်။

http://www.linhtet.com



သူများတွေ သွားပြီးလို့ သတင်းသနာ စုံစမ်းပြီးမှ သွားသင့်လျှင် သွားမည်ဟု ရည်ရွယ်ပြီး သင်္ဘောမှာပဲ နေသည်။

၂၂-ရက်နေ့သည် သောကြာနေ့ ဖြစ်သည်။ ကုန်ချနေပြီဖြစ်လို့ သင်္ဘောသားတွေ အားလုံး အလုပ် များနေကြသည်။ ကိုအဏ္ဏဝါ တစ်ယောက်သာ အလုပ် အားနေသည်။ မြို့ထဲကို သွားလည်သူတွေ၏ ပြောပြချက်အရ အခြေအနေ ကောင်းသည်ဟု သိရသည်။ အေးအေး ဆေးဆေးပဲဟု ဆိုသည်။ သင်္ဘော ဆိုက်ကပ်ထားသည့် နေရာနှင့် မြို့လယ်ကောင်နဲ့ သုံးမိုင်လောက် ဝေးသည်ဟု သိရသည်။ ဘာယာဉ် ရထားမှ မရှိလို့ ကုန်းကြောင်း လျှောက်သွားကြရသည်ဟု ဆိုသည်။

ကိုအဏ္ဏဝါသည် စာထည့်ရန် မြို့ထဲကို သွားမည်ဆိုသောအခါ စာထည့်ချင်သူတွေက စာတွေ ပေးလိုက်ကြသည်။ ကိုခင်မောင်ညွန့်၊ ဆီလောင်း ဝင်းထိန်၊ စောစတာလင်၊ ဘိုဆင် ဦးစိန်နှင့် ကဒက်ကျော်သူရ တို့က စာတွေ ပေးကြသည်။

ကဒက် ကျော်သူရက စာအိတ် မရှိလို့ဆိုပြီး ရေးထားသည့်စာ နှစ်စောင်ကို လာပေးသည်။ စာအိတ်ဝယ်ပြီး ထည့်လိုက်ပါဟု မှာသည်။ တံဆိပ်ခေါင်းခအပြင် စာအိတ်ဖိုးပါ ပေးပါသည်။ စာတွေကို ကြည့်လိုက်တော့ သူ့အမေအတွက်စာနှင့် သူ့ချစ်သူအတွက် စာဖြစ်နေသည်။

သူ့ချစ်သူ မခင်ညိုရဲ့ စာကိစ္စဆိုတော့ လုပ်ပေးရမည့် တာဝန်ရှိနေသည်။ မခင်ညိုသည် ခြောက်ထပ်ရုံးရှိ သင်္ဘောသားရေးရာ ဌာနမှ ဌာနခွဲ အရာရှိဖြစ်သည်။ ကိုအဏ္ဏဝါနှင့်လည်း ခင်သည်။ ကျော်သူရသည် သင်္ဘောသား မဖြစ်မီက သင်္ဘောသားရေးရာ ဌာနမှာ လုပ်အားပေးအဖြစ် ဝင်လုပ်ခဲ့သည်။ မခင်ညို၏ ဌာနကိုရောက်သွားပြီး ထမင်းချိုင့်ကို အတူစားခဲ့ကြရာမှ မမနှင့်မောင်လေး နီးစပ်ခဲ့ကြသည်။ တရားဝင် ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ ကိုအဏ္ဏဝါကလည်း မခင်ညိုအတွက် မုဒိတာ ပွားခဲ့ပါသည်။

မြို့ထဲက စာတိုက်ကို ရောက်သွားသောအခါ စာတွေကို ထည့်သည်။ ကျော်သူရ၏ စာတွေအတွက် စာအိတ်နှစ်အိတ် ဝယ်သည်။ သူ ပေးလိုက်သည့် လိပ်စာတွေကို စာအိတ်တွေပေါ်မှာ ရေးသည်။

http://www.linhtet.com



စာတွေကို စာအိတ်ထဲ ထည့်သည်။ တံဆိပ်ခေါင်း ကပ်သည်။ စာတိုက်ပုံး ထဲကို ထည့်လိုက်သည်။

စာတိုက်က ထွက်လာပြီးလို့ မြို့ထဲ လျှောက်သွားနေတော့မှ ကျော်သူရရဲ့ စာတွေကိစ္စကို သံသယ ဝင်လာသည်။ သူ့ အမေလိပ်စာ ရေးထားသည့် စာအိတ်ထဲကို သူ့ချစ်သူ မခင်ညို၏ စာကို ထည့်ပြီး မခင်ညို၏ လိပ်စာရေးထားသည့် စာအိတ်ထဲကို သူ့ အမေအတွက် ရေးထားသည့် စာကို ထည့်ခဲ့လေသလားဟု သံသယ ဝင်လာတော့သည်။ ဒီကိစ္စသည် ပေါ့သေးသေး မဟုတ်၊ အဲဒီလိုသာ မှားသွားလို့ကတော့ သူတို့ မိသားစုအတွင်းမှာ ပြဿနာ ဖြစ်တော့မည်။ ကိုအဏ္ဏဝါမှာ တာဝန်မကင်း ဖြစ်တော့မည်။ မဖြစ်ဖူး စာတိုက်ကိုပြန်သွားပြီး အကျိုးအကြောင်းကို ပြောပြရတော့မည် ဖြစ်သည်။

ကိုအဏ္ဏဝါ ရောက်ရှိနေသည့် နေရာနှင့် အတော် ဝေးကျန်ခဲ့ပြီ ဖြစ်သည့် စာတိုက်ကို ပြေးလုနီးပါး လျှောက်သွားလိုက်သည်။ စာတိုက်ကို မောကြီးပန်းကြီး ရောက်သွားသည်။ စာတိုက်က စာရေးမကို လက်ဟန် ခြေဟန်ဖြင့် စာတွေပြန်ယူလိုကြောင်း ပြောသည်။ ဗင်နီဇွဲလား နိုင်ငံသည် စပိန်စကားပြောသည့် နိုင်ငံဖြစ်လို့ အင်္ဂလိပ်လို ပြောလို့ မရ ဖြစ်နေသည်။ စာရေးမက ဘာဖြစ်လို့လဲဟု စပိန်လို (ကေ့ ပရော် ဗလင်) ဟု မေးသည်။ ကိုအဏ္ဏဝါက မတောက်တခေါက် စပိန်စကားဖြင့် စာတိုက်က စာရေးမတွေ နားလည်အောင် ပြောရတော့သည်။

"အိုး…မုချို ပရော်ဗလင်၊ ဂရန်းဒေ ပရော်ဗလင် မား"

အိုး…ပြဿနာ၊ ပြဿနာ၊ ပြဿနာ၊ ပြဿနာက သေးသေး ကွေးကွေး မဟုတ်ဘူးလို့ ကိုအဏ္ဏဝါက စပိန်လိုပြောလိုက်တော့ စာတိုက်က စာရေးမတွေ ပြုံးတုံးပြုံတဲဖြင့် မျက်ကလဲဆန်ပျာ ဖြစ်ကုန်ကြသည်။ စာတိုက်ပုံးကို ဖွင့်ပြီး ကိုအဏ္ဏဝါ ထည့်ခဲ့သည့် စာတွေကို ပြန်ယူခိုင်းပါသည်။ ကျော်သူရ ထည့်ခိုင်းသည့် စာနှစ်စောင်ကိုပဲ ယူလိုက်သည်။ ကျန်တဲ့စာတွေက (နိုး ပရော်ဗလင် မား) ပြဿနာ မရှိဘူးလို့ ပြောလိုက်သည်။

စာနှစ်စောင်ကို သူတို့ရှေ့မှာပဲ ဖောက်ပြီး ကြည့်လိုက်တော့ ထင်သည့်အတိုင်းပင် ဖြစ်နေသည်။ အမေအတွက် စာက ရည်းစား

http://www.linhtet.com



အတွက် စာအိတ်ထဲ ရောက်နေသည်။ ရည်းစားအတွက်စာက အမေ့အတွက် စာအိတ်ထဲရောက်နေသည်။ သူတို့ရှေ့မှာပဲ စာနှစ်စောင်ကို စာအိတ်မှန်အောင် ထည့်ပြီး သူတို့ နားလည်အောင် စပိန်လို ဖျစ်ညှစ်ပြောရတော့သည်။

"အိစ်တို လီထရာ ပါရာ မာမာ အိစ်တို လီထရာ ပါရာ မီယာမိုး"

ဒီစာက အမေ့အတွက်၊ ဒီစာက ချစ်ချစ်အတွက်လို့ ပြောလိုက်တော့ စာတိုက်က စာရေးမတွေ သဘောပေါက်သွားလို့ ရယ်လိုက်ကြတာ သောသောညံ သွားသည်။ ကိုအဏ္ဏဝါက ရည်းစားကို စပိန်လိုမသိလို့ မီယာမိုး (ချစ်ချစ်) လို့ ပြောတာကို သူတို့ နားလည်သွားကြသည်။ သဘောကျလို့ ရယ်ကြသည်။

အမေနှင့် ရည်းစား (မာမာနှင့် မီယာမိုး) ပြဿနာ ပြီးသွားတော့ ကိုအဏ္ဏဝါ မြို့ထဲ လျှောက်လည်။ ဘဏ်တွေ တန်းစီနေသည့် နေရာကို ရောက်သွားသည်။ အမေရိကန် ဒေါ်လာ ၂၀ ကို ဒေသသုံး ပိုက်ဆံဖြင့် လဲရန် ဘဏ်တွေက ငွေလဲနှုန်းတွေကို လိုက်ကြည့်သည်။ ဘဏ်တစ်ခုနှင့် တစ်ခု မတူတာတွေကို တွေ့ရသည်။ အမေရိကန် တစ်ဒေါ်လာကို ၂၀ ဘိုလီဘာနှင့် ၂၈ ဘိုလီဘာကြား ဈေးပေါက်နေသည်။ ၂၀ ပေးသည့် ဘဏ်မှာ မလဲသေးဘဲ ပိုပေးသည့်ဘဏ်ကို သွားသည်။ ၂၅ ပေးသည့် ဘဏ်မှာလည်း မလဲသေးဘဲ ပြန်ထွက်လာတော့ ဘယ်လောက်လိုချင်လဲ ဟု လိုက်မေးသည်။ လက်ကာပြခဲ့သည်။ အမြင့်ဆုံး ဈေးဖြစ်သည့် ၂၈ ဘိုလီဘာ ပေးသည့် ဘဏ်မှာလဲသည်။ ၂၈ ဒေါ်လာလဲတာ ၇၇၀ ဘိုလီဘာ ရသည်။ ဒီမိုကရေစီရှိသည့် နိုင်ငံ၏ လွတ်လပ်စွာ ပြိုင်ဆိုင်ခွင့် ရှိသည့် ဈေးကွက် စီးပွားရေးစနစ်၏ သရုပ်သကန်ပင် ဖြစ်သည်။

ကိုအဏ္ဏဝါသည် မိုးချုပ်အောင် မနေဘဲ သင်္ဘောကို စောစောပြန်ခဲ့သည်။ ညနေကျတော့ သင်္ဘောသားတွေ အလုပ် နားချိန်မှာ နိုင်ငံခြား အတွေ့အကြုံ မရှိသေးသည့် ကျော်သူရကို နိုင်ငံခြား အတွေ့ အကြုံ အနည်းအပါးရှိသူ စားပွဲထိုး မြင့်သိန်းက ဦးဆောင်ပြီး မြို့ထဲကို ခေါ်သွားသည်။ နိုက်ကလပ်တွေ၊ ပြည့်တန်ဆာတန်းတွေကို လျှောက်ကြည့်ကြတော့မည် ဖြစ်သည်။

http://www.linhtet.com



၂၃-၄-၈၈ နေ့နံနက်မှာ ကိုအဏ္ဏဝါ အိပ်ရာက နိုးလာတော့ သတင်းဆိုးကို ကြားရတော့သည်။ မနေ့က ညနေစောင်းမှာ မြို့ထဲကို ထွက်သွားကြသည့် ကျော်သူရနှင့် မြင့်သိန်းတို့ နှစ်ယောက်သည် သေလု မြောပါး အရိုက်အနက် ခံရသည်။ အလုခံရသည် ဆိုသည့် သတင်း ဖြစ်သည်။

သူတို့ အိပ်ခန်းတွေကို သတင်းသွားမေးတော့ မြင့်သိန်းရဲ့ အခြေ အနေ အတော်ဆိုးလို့ အော်ဟစ် ညည်းညူနေသည်။ ကျော်သူရ ကတော့ ရရှိသည့် □ဒဏ်ရာတွေကြောင့် မလှုပ်နိုင်တော့ဘဲ အိပ်ရာထဲမှာ လဲနေ သည်။ မြင့်သိန်းကို ဆေးရုံ တင်လိုက်ရသည်။

ဘယ်လို ဖြစ်ကြတာလဲလို့ မေးကြည့်တော့ သူတို့ အဖြစ်က အတော် ဆိုးသည်။ ညနေပိုင်းမှာ လိုချင်တာလေးတွေ လျှောက်ဝယ်ကြ သည်ဟု ဆိုသည်။ မိတ်ကပ်၊ ပေါင်ဒါ၊ ရေမွှေး၊ နှုတ်ခမ်းနီ၊ လက်သည်းနီ ဆိုးဆေးလို ဟာမျိုးလေးတွေ ဖြစ်သည်။ ဈေးပေါတယ်ဆိုပြီး တိုတို ထွာထွာ လိုချင်တာ တွေ့တိုင်း ဝယ်ယူခဲ့ကြသည်။ မိုးချုပ်လာတော့ နိုက်ကလပ်ကို ဝင်ကြသည်။ နိုက်ကလပ်မှာတွေ့သည့် ကောင်မလေးနဲ့ ငြိပြီး ကောင်မလေးတွေရဲ့ အခန်းကို လိုက်အိပ်ကြသည်။

မြင့်သိန်းနဲ့အတူ အိပ်တဲ့ ကောင်မလေးက မြင့်သိန်း ဝယ်လာတဲ့ ရေမွှေး၊ မိတ်ကပ်တွေကို သူ့ကို ပေးရန် တောင်းသည်။ မြင့်သိန်းက မပေးတော့ တစ်နေရာကို ဖုန်းဆက်ပြီး အသိ ပေးထားလိုက်သည်။ ဒီ အကောင် နှစ်ယောက် အိမ်က ပြန်အထွက်မှာ လုမည့် သူတွေကို အကြောင်း ကြားလိုက်ခြင်း ဖြစ်သည်။ သူတို့ နှစ်ယောက်သည် ကောင်မ လေး နှစ်ယောက်ရဲ့ အခန်းမှာ တစ်ညလုံး နေကြသည်။ မနက် နံနက် အရုဏ်တက် ၄-နာရီမှာ ကောင်မလေးတွေအိမ်က ပြန်ခဲ့ကြသည်။ မြင့်သိန်းက စားပွဲထိုးဖြစ်လို့ အရာရှိတွေ အိပ်ရာက မထမီ သင်္ဘောကို အရောက် ပြန်ရမည် ဖြစ်သည့်အတွက် အစောကြီး ထပြန်ခဲ့ကြရတာ ဖြစ်သည်။ ကျော်သူရက အင်္ဂလိပ်စကား မပြောတတ်လို့ မြင့်သိန်းကို အားကိုးနေရသူ ဖြစ်သည်။ မြင့်သိန်းကလည်း သူ့ထက်ညံ့တဲ့ ကျော်သူရ နဲ့ပဲ ပေါင်းသည်။

သူတို့နှစ်ယောက် အိမ်ပေါ်က ဆင်းလာပြီး မကြာမီပင် မှောင်ရိပ်မှာ စောင့်နေသည့် ကပ္ပလီသုံးယောက်က ဝိုင်းထိုးပြီး ပါသမျှကို လုယူလိုက်တာ ဖြစ်သည်။ သေလုမြောပါး အထိုးအရိုက် ခံလိုက်ရလို့ သင်္ဘောကို ရောက်အောင် အားတင်းပြီး ပြန်ခဲ့ကြရသည်။ သင်္ဘောဆိပ် ဂိတ်ကို ရောက်တော့ စိတ်အား လျှော့လိုက်ကြသည့်အတွက် သင်္ဘောက သွားကူတွဲခဲ့ရသည်။

## ပင်နီဇွဲလားမှ ကိုရာဆောင်းကျွန်းသို့

ဧပြီလ ၂၄-ရက်နေ့မှာ ဂရိလူမျိုး အင်ဂျင်နီယာချုပ် အသစ်ရောက်လာသည်။ စက်ခန်းမှာ ပြဿနာ ရှိပုံရသည်။ ဧပြီလ ၂၅-ရက်နေ့မှာ ဂရိ အင်ဂျင်နီယာချုပ် အဟောင်း သင်္ဘောက ဆင်းသွားသည်။ ဂရိ အင်ဂျင်နီယာချုပ် အဟောင်းသည် အသက်ကြီးပြီ ဖြစ်သည်။ သင်္ဘောတစ်စီးမှာ ခြောက်လလောက်ပဲ လုပ်သည်ဟု ပြောဖူးသည်။ ထမင်းမငတ်ရုံလေး အလုပ် လုပ်နေသည့် သဘော တွေ့ရသည်။ ဒီသင်္ဘောကိုလည်း သိပ်ပြီး သဘောမကျဟု ယူဆရသည်။ စက်ခန်းမှာ ချို့ယွင်းမှု ပြဿနာ တစ်ခုခု ရှိပုံရသည်။

ဗင်နီဇွဲလားမှာ ကုန်ချတာ ရက်ကြာမည့် လက္ခဏာ တွေ့ရသည်။ ကိုအဏ္ဏဝါသည် နေ့လယ်နေ့ခင်းမှာ အလုပ်မရှိလို့ မြို့ထဲသွားသည်။ တစ်ယောက်တည်း မသွားရဲလို့ တက်မကိုင် ကိုမြင့်သိန်းနှင့် ကဒက်ကျော်သူရတို့ကို တစ်လှည့်စီ အဖော် ခေါ်သွားလေ့ရှိသည်။ ကျော်သူရကတော့ အထိုးအကြိတ်ခံပြီးကတည်းက သူ့ဆရာ စားပွဲထိုး မြင့်သိန်းကို ဆလံ တိုက်သွားသည်။

ဧပြီလသည် ဗင်နီဇွဲလားနိုင်ငံ ပိုတိုကာပဲလိုး ဆိပ်ကမ်းမှာပဲ ကုန်သွားသည်။ ကုန်ချဆဲ ဖြစ်သည်။ ကိုအဏ္ဏဝါကတော့ မြို့ထဲထွက်လည်သည်။ လိုချင်တာ ဝယ်သည်။ ရုံတင်ပြနေသည့် အပြာ ရုပ်ရှင်ကားတွေ ဝင်ကြည့်သည်။ ဧပြီလကုန် လစာစာရင်း ထွက်လာသည်။ ကိုအဏ္ဏဝါ၏ လစာငွေ လက်ကျန်သည် အမေရိကန် ဒေါ်လာ ၈၁၁.၁၅

http://www.linhtet.com



ဟု ဖော်ပြထားသည်။ မိမိလက်ဝယ်ရှိ ငွေ ၇၀၀ နှင့်ပေါင်းလျှင် ၁၅၁၁.၁၅ မျှသာ ရှိသေးသည်။ ကားတစ်စီး ဝယ်နိုင်အောင် နောက်ထပ် ခြောက်လ လောက် သင်္ဘောပေါ်မှာ နေရဦးမည် ဖြစ်သည်။

၁-၅-၈၈ နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ ကုန်မချဘဲ ရပ်ထားသည်။ သင်္ဘောသားတွေ အလုပ် အားနေကြလို့ မြို့ထဲ သွားကြသည်။ ပင်လယ်ကမ်းခြေမှာ ရေသွားကူးသူ ကူးကြသည်။ ကိုအဏ္ဏဝါ ကတော့ ဘယ်မှမသွားဘဲ သင်္ဘောမှာပဲ စာရေး စာဖတ် လုပ်နေသည်။

ညနေစောင်းမှာ မကောင်းသတင်း တစ်ခု ကြားရပြန်သည်။ ပင်လယ် ကမ်းခြေကို ရေ သွားကူးကြသူတွေထဲက ဒုတိယအရာရှိ (လူသစ်) ရောဘတ် အောင်ဇော်နှင့် တက်မကိုင် ကိုစိုးပိုင်တို့ အလု ခံရသည်ဆိုသည့် သတင်းဖြစ်သည်။ ရောဘတ်က ပါသမျှကို ချောချော ချူချူ ထုတ်ပေးလိုက်လို့ အထိုးအကြိတ် မခံခဲ့ရဟု သိရသည်။

ဗင်နီဇွဲလား နိုင်ငံမှာ ဒေသခံ လူမည်းတွေနှင့် တောင်အမေရိက တိုက် ဒေသအနှံ့အပြားက ရောက်လာကြသည့် လူဝါတွေ စုပေါင်း နေထိုင်ကြသော နိုင်ငံဖြစ်သည်။ လူမည်းတွေသည် အများစုက ဆင်းရဲ ကြသည်။ ခိုးသည်၊ လုယက်သည်။ မူးယစ်ဆေး ရောင်းဝယ်သည်။ သုံးစွဲသည်။ ဟိုနေ့က ကျော်သူရနှင့် မြင့်သိန်းတို့ကို သေလုမြောပါး ထိုးကြိတ်လိုက်ကြတာလည်း လူမည်းတွေပင် ဖြစ်သည်။ သူတို့ တောင်း တာကို ပေးလိုက်လျှင် ဘာမှမလုပ်။ မပေးလျှင် ထိုးကြိတ်တော့သည်။ အဲဒီနေ့က မြင့်သိန်းက ပေးဖို့ ငြင်းဆန်သည့်အတွက် အထိုးအကြိတ် ခံခဲ့ရတာ ဖြစ်သည်။

၆-ရက်နေ့မှာ ကိုအဏ္ဏဝါ ဘယ်ကိုမှ မသွားဘဲ စာဖတ်နေသည်။ ဒီနှစ် မတ်လထုတ် စာပန်းခင်း မဂ္ဂဇင်းမှာ ရုပ်ရှင်မင်းသမီး ချိုပြုံး ရေးသည့် (မမတင်ကို လွမ်းတယ်) ဆောင်းပါးကို ဖတ်မိသည်။ ကိုအဏ္ဏဝါ၏ ဆရာ ဒုဗိုလ်မှူးကြီး လင်းသိန်းမောင်၏ ဇနီး ဒေါ်တင်တင် (မမတင်) ၂၆-၁၂-၇၈ နေ့က ကွယ်လွန်သွားကြောင်း ရေးထားသည်။ သြော်...မမတင် ကွယ်လွန် သွားရှာပြီကိုးဟု စိတ်မကောင်း ဖြစ်လိုက်မိ ပါသည်။

အဏ္ဏဝါစာပေ

http://www.linhtet.com



မေလ ၉-ရက်နေ့မှာ ဗင်နီဇွဲလားနိုင်ငံ ပိုတိုကာပဲလိုး ဆိပ်ကမ်းမှ ပြန်လည် ထွက်ခွာခဲ့ပါသည်။ ကာရေဗီယံ ပင်လယ်ထဲက ကိုရာဆောင်း ဆိုသည့်ကျွန်းကို ဦးတည် ခုတ်မောင်းနေသည်။ အဲဒီ ကျွန်းကလေးမှာ သဘော်ကို လွန်းကျင်းတင် ပြင်ဆင်ရမည်ဟု သိရသည်။ ပန်ကာ လည်သည့် နေရာက ချောဆီတွေ စိမ့်ထွက်နေလို့ ပြင်ဆင်ရမည်ဟု သိရသည်။

## ကိုရာဆောင်းဆိုသော ကျွန်းကလေး

ဗင်နီဇွဲလားက ထွက်လာပြီး နောက်နေ့ဖြစ်သည့် မေလ ၁၀-ရက်နေ့ နံနက် ၇-နာရီမှာ ကိုရာဆောင်းဆိုသည့် ကျွန်းကလေးသို့ ရောက်တော့သည်။ ကိုရာဆောင်း ကျွန်းကလေးသည် ကာရေဗီယံ ပင်လယ်ထဲမှာ ရှိသည့် ကျွန်းကလေးတွေထဲက ဒတ်ချ်ပိုင် ကျွန်းကလေး ဖြစ်သည်။ ဒေသခံ ပြည်သူတွေက လူမည်းတွေ ဖြစ်သည်။ အုပ်ချုပ်သူ လူတန်းစားလို့ ပြောရမည့်သူတွေက လူဖြူတွေ ဖြစ်သည်။ အုပ်ချုပ်သူ လူဖြူတွေက ဒေသခံပြည်သူ လူမည်းတွေကို ဖိနှိပ် ချိုးနှိမ်ပြီး ဆက်ဆံ အုပ်ချုပ်နေသည် မဟုတ်၊ တန်းတူရည်တူ နေထိုင် ဆက်ဆံနေကြတာ တွေ့ရသည်။



ဒတ်ချ်ပိုင် ကိုရာဆောင်းဆိုသော ကျွန်းကလေး

http://www.linhtet.com



ကျွန်းကလေးပေါ်ရှိ တိုက်တာအိမ်ရာ အဆောက်အဦတွေသည် ဥရောပ သို့မဟုတ် စကင်ဒီနေးဗီးယန်း ဒေသက လက်ရာတွေ ဖြစ်နေသည်။ ဒေသခံ ပြည်သူတွေကလည်း လူမည်းတွေ ဖြစ်ပေမဲ့ စိုစိုပြည်ပြည်၊ သစ်သစ်လွင်လွင်၊ အဆင့်မြင့်မြင့် နေထိုင်နေကြတာ တွေ့ရသည်။ လူမည်းချင်းတူသော်လည်း အာဖရိကတိုက် တချို့ နိုင်ငံတွေက လူမည်းတွေလို လူနေမှုအဆင့် မနိမ့်တာ တွေ့ရသည်။ ဒတ်ချ် ကိုလိုနီ ဘဝဖြင့် ယနေ့တိုင် နေထိုင်နေကြရသည့် အတွက် အဆင့်မြင့်နေကြခြင်း ဖြစ်သည်။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး ဆိုသော ဆိုရိုး စကားလည်း ရှိသည်။ ရွှေပင်နားတော့ ရွှေကျီး၊ သစ်ခေါက် နားတော့ လင်းတ၊ ရသေ့တွေနေတဲ့ ကျောင်းသင်္ခမ်းကို ရောက်သွားသည့် ကျေးသားက ယဉ်ကျေးပျူငှာ စကားကို ဆိုတတ်သည်။ ခိုးသားတွေဆီ ရောက်သွားသည့် ကျေးသားက ဆဲရေးတိုင်းထွာ ခက်ထန်မာကြောသည့် စကားတွေကို ဆိုတတ်သည်ဆိုတဲ့ ဥပမာလို ဖြစ်မည်ထင်သည်။

ကိုအဏ္ဏဝါ စကားပြောမိသည့် သင်္ဘောကျင်းလုပ်သား လူမည်းတစ်ဦးက သူတို့သည် ဒတ်ချ် ကိုလိုနီဘဝနဲ့ နေရတာကို ကျေနပ်နေသည်ဟု ဆိုသည်။ လွတ်လပ်ရေးကို မလိုချင်ဟု ဆိုသည်။ ဒတ်ချ်က သူတို့ လူမျိုးတွေကို ဆက်လက်ပြီး မအုပ်ချုပ်လိုတော့သည့်အတွက် လွတ်လပ်ရေး ပေးသည်။ သူတို့က လွတ်လပ်ရေး မယူလိုပါ၊ ဒတ်ချ် နိုင်ငံပိုင် အဖြစ်နဲ့ပဲ ကမ္ဘာတည်သရွေ့ နေသွားတော့မည်ဟု ပြောလိုက်သည်ဟု ဆိုပါသည်။ သူတို့၏ ကျွန်းကလေးသည် သယံဇာတလည်း ဘာမျှမထွက်၊ သင်္ဘောကျင်း လုပ်ငန်းဖြင့် အသက် မွေးကြရသည်။ သူတို့ ကျွန်းကလေးသည် ဒတ်ချ်နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးလို ဖြစ်နေသည်။

ကျွန်းကလေး၏ နာမည်သည် CURACAO ဖြစ်သည်။ ကျူရာကာအိုလို့ အသံထွက်ရမည် ထင်သည်။ ဒေသခံ ပြည်သူတွေက ကျူရာဆာအုလို့ အသံထွက်သည်။ စကား ပြောသည့်အခါမှာတော့ အမြန် ပြောသည့်အတွက် ကိုရာဆောင်းလို့သာ ကြားနေရသည်။ ကာရေဘီယံ ပင်လယ်ထဲမှာ ရှိကြသည့် ကျူးဘား၊ ဒိုမီနီကင်၊ ပျူတိုရီကို၊

http://www.linhtet.com



ဗာမြူဒါကျွန်းတွေနှင့်အတူ ပြန့်ကြဲနေကြသည့် ကျွန်းတွေထဲက တစ်ကျွန်း ဖြစ်သည်။ ၁၅-ရာစုအကုန်၊ ၁၆-ရာစု အစပိုင်းမှာ နယ်ပယ် သစ် ရှာဖွေကြသည့် စပိန်၊ ပေါ်တူဂီနှင့် ဒတ်ချ်တို့ ဦးရာလူ စနစ်ဖြင့် သိမ်းယူခဲ့ကြသည့် အထဲမှာ ပါသွားသည့် ကျွန်းတွေထဲက တစ်ကျွန်း ဖြစ်သည်။ အခုတော့ ဒတ်ချ်နိုင်ငံရဲ့ အဖြစ်က အရှုးမကို မုဒိမ်း ကျင့်မိသူလို ဖြစ်နေသည်။ အရှုးမမှာ ကိုယ်ဝန် ရှိနေပြီဖြစ်လို့ တရားဝင် လက်ထပ် ယူနေရတော့သည်။ ကွာပစ်ချင်သော်လည်း မရတော့ဘူးဖြစ် နေသည်။ နိုင်ငံတကာ တရားဥပဒေကြီးက လုပ်ချင်တိုင်း လုပ်လို့မရ ဖြစ်နေသည်။

ကိုအဏ္ဏဝါသည် လွှန်းတင်ထားသည့် သင်္ဘောမှာ ဘာအလုပ်မှ မရှိသဖြင့် မြို့ထဲ လျှောက်လည်သည်။ ဥရောပလက်ရာ အဆောက်အဦ တွေဖြင့် သပ်ရပ် လှပသော မြို့ဖြစ်သည်။ စတိုးဆိုင်ကြီးတွေနှင့် စူပါမား ကက်ကြီးတွေမှာ တင်ရောင်းနေသည့် ပစ္စည်းတွေသည် အကောင်းစား တွေချည်း ဖြစ်သည်။ ဂျပန်နိုင်ငံလုပ် ပစ္စည်းမျိုးစုံနှင့် အမေရိကန် ဂျင်းဘောင်းဘီ၊ စီးကရက်၊ စကော့ ဝီစကီလို အဆင့်အတန်း မြင့်သည့် ပစ္စည်းတွေကိုချည်း ရောင်းနေကြတာ တွေ့ရသည်။

၁၀-ရက်နေ့မှာ လွှန်းကျင်းကို ဝင်လာသည့် ဂျိုးဇက်ရှေ့သင် သင်္ဘောတစ်စီးကို တွေ့ရသည်။ မြန်မာ သင်္ဘောသားတွေ ပါမှာပဲ ဆိုပြီး အဲဒီသင်္ဘောကို သွားလည်သည်။ R/O ဦးစောဖိုးနီနဲ့ တွေ့သည်။ ကိုအဏ္ဏဝါရဲ့ သင်္ဘောမှာ ဆီလောင်း စောစတာလင် ရှိသည်လို့ ပြော တော့ တွေ့ချင်တယ်ဆိုပြီး ကိုအဏ္ဏဝါရဲ့ သင်္ဘောကို လိုက်လည်သည်။ ပတ်ကညောချင်း တွေ့ကြသည်။

၁၁-ရက်နေ့မှာ ဂရိလူမျိုး စားပွဲထိုးချုပ် အသစ် ရောက်လာ သည်။ ဒီကုမ္ပဏီမှာ စားပဲထိုးချုပ်သည် ကုမ္ပဏီ၏ လူယုံတော် ဖြစ်သည်။ ရိက္ခာစတိုနှင့် ငွေစာရင်း ကိုင်ရသည်။ ကပ္ပီတန်တောင် လုပ်ချင်တိုင်း လုပ်လို့ မရအောင် စောင့်ကြည့် ထိန်းသိမ်းနေသူ ဖြစ်သည်။ ကိုအဏ္ဏဝါနဲ့ ဘယ်လိုမှ မပတ်သက်သည့်အတွက် စိတ်မဝင်စားနိုင် ဖြစ်နေသည်။

http://www.linhtet.com



၁၂-ရက်နေ့မှာ စားပွဲထိုးချုပ် အဟောင်း သင်္ဘောက ဆင်းသွားသည်။ ပြင်သစ် အရေးတော်ပုံတုန်းက ကိုအဏ္ဏဝါ ဓားနဲ့ ထိုးလိုက်လို့ ထွက်ပြေးပြီး ကပ္ပိတန်ကို သွားတိုင်ခဲ့သည့် အကောင် ဖြစ်သည်။ မြန်မာ အရာရှိတွေကို အရာရှိ စားသောက်ခန်း မဝင်ရလို့ အမိန့် ထုတ်ခဲ့သူ ဖြစ်သည်။ လက်ရှိ ကပ္ပိတန် နီကိုလိုင်လူးဇစ် လက်ထက်မှာ အမြီးကုပ် သွားသူ ဖြစ်သည်။ ကပ္ပိတန် အသစ်က မြန်မာတွေကို အရေးပေး ဆက်ဆံ သည့်အတွက် နေလို့မရတော့လို့ သင်္ဘောက ဆင်းတာ ဖြစ်သည်။

ကိုအဏ္ဏဝါသည် မျက်နှာ တန်းမိပြီး ရင်းနှီးနေပြီ ဖြစ်သည့် သင်္ဘောကျင်း လုပ်သား (လူမည်း) တစ်ယောက်ကို မေးကြည့်သည်။

"ဒီကျွန်းမှာ ဘာညာ ဘာညာတွေ ဆန္ဒရှိလျှင် ဘယ်ကို သွားရလဲ"

"ရှိတယ်လေ၊ သွားချင်လို့လား"

"ဟီး ဟီး ဇဟုသုတပေါ့"

"ရတယ်လေ၊ ဘောပင်နဲ့ စာရွက်ပေး"

လိပ်စာတစ်ခုကို ရေးပေးသည်။ အငှား ယာဉ်မောင်းကို ဒီလိပ်စာ ပြလိုက်တာနဲ့ လိုက်ပို့ပေးလိမ့်မည်ဟု ဆိုသည်။ မြို့အပြင်မှာ ခြံဝင်းကြီး ခတ်ပြီး သီးသန့်ထားသည်ဟု ဆိုသည်။

"ကျန်းမာရေးနဲ့ လုံခြုံရေးအတွက် သူတို့ကို သီးသန့်ထားတယ်"

"အမည်းမ တွေပဲလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ တို့လူမျိုးတွေ ဒါမျိုး လုပ်မစားဘူး၊ အဖြူမတွေ ချောတယ်၊ ချီလီ၊ ကိုလံဘီယာ၊ ဗင်နီဇွဲလားနိုင်ငံတွေက လာပြီး လုပ်စားနေကြတာ၊ ကျန်းမာရေး ဆေးစစ်ခနဲ့ အဆောင်ခကို ကျွန်း အာဏာပိုင် အဖွဲ့ကို ပေးရတယ်၊ ရောဂါကင်းတယ်၊ သန့်တယ်"

သူ့ ပြောစကားနဲ့ပင် ကိုအဏ္ဏဝါက သွားကြည့်ချင်လှပြီ ဖြစ်သည်။ အဖော် လိုက်စပ်တာ နှစ်ယောက်ရသည်။ စတုတ္ထ အင်ဂျင်နီယာ ကိုသိန်းတစ်နှင့် ထမင်းချက် စိုးတင့်တို့က လိုက်မည်ဟု ပြောသည်။ ကျန်သူတွေက ကိုအဏ္ဏဝါတို့ ရှေ့ပြေးအဖွဲ့ ပြန်လာမှ သတင်းနားထောင်ပြီး ဆက်လက် လှုပ်ရှားမည်ဟု ပြောသည်။ သူရဲကောင်း သုံးယောက် ရှေ့က တက်သည်။

http://www.linhtet.com



၁၇-ရက်နေ့ နေ့လယ်ပိုင်းမှာ ကိုအဏ္ဏဝါတို့ သုံးယောက် ချီတက်သွားကြသည်။ အငှား ယာဉ်မောင်းကလည်း လူမည်းပင် ဖြစ်သည်။ အင်္ဂလိပ်စကားကို သွက်လက်စွာ ပြောနိုင်သည်။ မြို့အပြင်ကို ထွက်လိုက်သည်နှင့် အင်းစိန်ထောင်လို အုတ်နံရံကြီး လေးဖက် လေးတန် ကာရံထားသည့် ရပ်ကွက်ကြီးကို ရောက်သွားသည်။

ရပ်ကွက်ကြီး အတွင်းသို့ အဝင်အထွက် လုပ်နိုင်သည့် ဂိတ်ပေါက်ကြီး တစ်ပေါက်သာ ရှိသည်။ ရဲအစောင့် ချထားသည်။ ဂိတ်အဝင်မှာ ပတ်စ်ပို့တွေ အပ်နှံကြရသည်။ ပတ်စ်ပို့ သို့မဟုတ် သက်သေခံ လက်မှတ်တစ်စုံတစ်ရာ မပါသူကို လုံးဝ ဝင်ခွင့်မပြု၊ ကိုယ်ခန္ဓာ အနံ့နှင့် အိတ်ပါလာလျှင် ရှာဖွေ စစ်ဆေးခြင်း ခံကြရသည်။ ဝင်ခွင့်ပြုလိုက်ပြီ ဆိုလျှင်တော့ လုံခြုံမှု အပြည့်ရှိပြီး အေးချမ်းသွားပြီ ဖြစ်သည်။ ရပ်ကွက်ကြီးထဲက ပုံစံတူ ဆောက်လုပ်ထားသည့် တန်းလျားတွေကို လျှောက်ကြည့်ရန်သာ လိုတော့သည်။ တစ်ဆောင်မှာ ငါးခန်းစီရှိသည့် တန်းလျားတွေ ဖြစ်သည်။

ရပ်ကွက်ကြီးရဲ့ အလယ်ကောင် တည့်တည့်မှာ သူတို့အခေါ် ကင်တင်းလို့ ခေါ်ကြသည့် စားသောက်ဆိုင်ကြီး ရှိသည်။ အစားအသောက် မျိုးစုံနှင့် အဖျော်ယမကာ၊ ဘီယာ၊ အရက်မျိုးစုံ ရသည်။ စားသောက်ဆိုင်ကြီးကို ဝိုင်းပတ်ထားသည့် လူနေဆောင်တန်းလျားတွေမှာ ကောင်မလေးတွေ တစ်ယောက် တစ်ခန်းစီ နေကြသည်။ ကောင်မလေးတွေဆီကို လာကြသည့် ဧည့်သည်တွေက တန်းလျားကြီးတွေကို တစ်ခန်းဝင် တစ်ခန်းထွက် ကြိုက်သူ မတွေ့မချင်း လိုက်ရှာနိုင်သည်။ ဈေးမေးနိုင်သည်။ အပေးအယူ တည့်သွားလျှင် အဲဒီအခန်းမှာ ကြိုက်သလောက် နေလို့ရပြီ ဖြစ်သည်။ အိမ်သာနှင့် ရေချိုးခန်း ရှိသည်။ လျှပ်စစ်မီးလုံးတွေ လိုအပ်သည့်နေရာတွေမှာ တပ်ဆင်ထွန်းခွင့် ပြုသော်လည်း အခန်းတွေထဲမှာ ထမင်းဟင်း ချက်ပြုတ်စားသောက်ခြင်း လုံးဝ မပြုရဟု တင်းကျပ်စွာ တားမြစ်ထားသည်။ စားသောက်ဆိုင်ကြီးမှာပဲ သွားစားကြရသည်။ ၂၄-နာရီ ဖွင့်ထားပေးသည်။

http://www.linhtet.com



ကိုလံဘီယာနိုင်ငံသူလေးတွေနှင့် ဗင်းနီဇွဲလားသူတွေ အများဆုံး တွေ့ခဲ့ရသည်။ တစ်ညလုံး အတူနေမှ ၁၀ ဒေါ်လာပဲ ပေးရသည်။ ကောင်မလေး စားတာသောက်တာကို ဧည့်သည်က ပေးရသည်။ အခန်းမှာ အတူ အိပ်လိုက်ကြ၊ စားသောက်ဆိုင်ကို သွားပြီး အတူ စားလိုက်ကြဖြင့် ပျော်စရာ အတော်ကောင်းသည်။

ကောင်မလေးတွေ အားလုံး ခြောက်လတစ်ကြိမ် ဆေးစစ်ခံကြရသည်။ ရောဂါ တွေ့သူ အလုပ်ဆက်လုပ်ခွင့် မရှိဘဲ ဆေးကုသမှု ခံယူရသည်။ ဆေးစစ်လက်မှတ် သက်တမ်း မတိုးပါက အလုပ် လုပ်ခွင့် ပိတ်ပင်ခံရသည်။ မိမိနိုင်ငံကို ပြန်လိုပါက အပ်နှံထားသည့် ပတ်စ်ပို့ကို ပြန်ယူပြီး ပြန်နိုင်သည်။ အတော် သန့်ပြန့်ပြီး စည်းကမ်းကောင်းတာ တွေ့ရသည်။ ဧည့်သည်တွေသည်လည်း သင်္ဘောကို ပြန်တော့မည် လဆိုပါက အပ်နှံထားသည့် ပတ်စ်ပို့ကို ပြန်ယူပြီး ပြန်နိုင်သည်။ ဂိတ်က တိုင်စီ ခေါ်ပေးပါသည်။

❐

# ၂၂ ။
# မမေ့နိုင်သည့် အတွေ့အကြုံ

ကိုအဏ္ဏဝါ သင်္ဘောက အခြားသူတွေက အလုပ်ရှိကြလို့ ညအိပ် မနက် ပြန်၊ ညနေတစ်ခေါက်လာ လုပ်ကြသည်။ အလုပ် မရှိသည့် ကိုအဏ္ဏဝါက တော့ အဲဒီ ဝင်းကြီးထဲက ကိုလံဘီယာ သူကလေးရဲ့ အခန်းမှာ ၄၈-နာရီ ကြာအောင် နေခဲ့ပါသည်။ ကလေးမက သူသည် မကြာမီ ရက်ပိုင်း အတွင်းမှာ ကိုလံဘီယာနိုင်ငံကို ပြန်မည်။ စုဆောင်းလို့ရသည့် ပိုက်ဆံ တွေကို အဖေ၊ အမေနှင့် မောင်လေး ညီမလေးတွေ စားသောက်ဖို့ ကျောင်းစရိတ် ထောက်ဖို့ ခေတ္တ ပြန်မည်ဟု ပြောသည်။ သူ့မိဘတွေရဲ့ စားသောက်ရေးနှင့် မောင်လေး ညီမလေးတွေရဲ့ ပညာရေးမှာ ကိုအဏ္ဏဝါ လည်း သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်ခွင့် ရသည်အတွက် အမှျဝေပါသည်။ သာဓု ခေါ်ကြရန် မေတ္တာရပ်ခံပါသည်။

### ကိုရာဆောင်းမှ ကျူးဘားသို့

သင်္ဘော ကုမ္ပဏီက လူကြီးတစ်ယောက် သင်္ဘောပေါ်ကို ရောက် နေတာ တွေ့ရသည်။ ဆူပရီတင်းဒင့် အင်ဂျင်နီယာဟု သိရသည်။

http://www.linhtet.com



ဘယ်နေ့က ရောက်နေမှန်းတောင် မသိလိုက် ဖြစ်သွားသည်။ မသိလိုက်တာလည်း မပြောနဲ့ သင်္ဘောမှာ မနေဘဲ မြို့အပြင်က ခြံဝင်းကြီးထဲကို နှစ်ရက်လုံးလုံး ရောက်နေခဲ့သည်။

သင်္ဘောကြီးရဲ့ ပန်ကာကြီးကို ဖြုတ်ချထားသည်။ ပန်ကာ ဝင်ရိုးကြီးက ချောဆီထိန်း ရာဘာကွင်းကြီး လဲတာ တွေ့ရသည်။ သင်္ဘောကြီးကို လွန်းကျင်းပေါ် တင်ထားတော့ မြေပြင်ကနေ မော့ကြည့်တာ ခေါင်းပေါင်း တကျွတ် မြင့်နေသည်။ ကိုအဏ္ဏဝါသည် သင်္ဘောကြီးပေါ်ကို လှေကားဖြင့် မတတ်နိုင်လို့ တာဝန်ကျ သင်္ဘောသားက ကရိန်းမှာ ချိတ်ထားသည့် သံပုခက်ကြီးဖြင့် ဆွဲတင်ယူရသည်။ သင်္ဘောပေါ် ရောက်ပြီး အမြီးကုပ် နေလိုက်တော့သည်။

၂၁-၅-၈၈ နေ့သည် စနေနေ့ ဖြစ်သည်။ သင်္ဘောကျင်း လုပ်သားများ နေ့တစ်ဝက်သာ အလုပ် လုပ်ကြမည်ဖြစ်သည်။ ရေလုံ သင်္ဘောကျင်းကြီးထဲကို ရေဖြည့်ပြီး ဖြစ်သည်။ သင်္ဘောကျင်းမှ ဒီနေ့ ထွက်မည်ဖြစ်သည်။ လွန်းတင်ပြင်ဆင် ကုန်ကျစရိတ်တွေကို တွက်ချက် ရှင်းလင်းပေးချေနေကြတာ တစ်နေ ကုန်သည်။ ညနေ ၃-နာရီမှ လွန်းကျင်း ရေလုံတံခါးကြီးကို ဖွင့်ပြီး ထွက်လာခဲ့သည်။

ပင်လယ်ပြင်ကို ထွက်ပြီး ထရိုင်ရန်းလို့ ခေါ်သည့် စမ်းသပ်ခုတ်မောင်းခြင်း ပြုလုပ်သည်။ အနေး မောင်းသည်။ အမြန် မောင်းသည်။ အစတန်းကျူလို့ ခေါ်သည့် ပန်ကာနှင့် ဝင်ရိုးဆက်သည့် နေရာမှ ချောဆီတွေလည်း မထွက်၊ ပန်ကာဝင်ရိုး၏ အလိုင်းမင်းလည်း မှန်နေပြီ ဖြစ်လို့ စမ်းသပ်မှုကို ရပ်လိုက်သည်။

ညနေ ၇-နာရီမှာ မော်တော်ဘုတ်ကလေး တစ်စီး သင်္ဘောကြီးဘေးမှာ လာကပ်သည်။ ကုမ္ပဏီက ဆူပရီတင်းဒင့်နှင့် သင်္ဘောကျင်းက အင်ဂျင်နီယာ သုံးယောက်တို့ကို လာခေါ်သော မော်တော်ဘုတ်ကလေး ဖြစ်သည်။ သူတို့ လေးယောက် သင်္ဘောကြီးပေါ်က ဆင်းသွားကြသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောသည်လည်း စက်ကုန်ဖွင့်ပြီး မောင်းလာခဲ့ပါသည်။ ကျူးဘားနိုင်ငံသို့ ဦးတည် ခုတ်မောင်းနေပြီ ဖြစ်သည်။

http://www.linhtet.com



## ကျူးဘားနိုင်ငံမှာ ပြဿနာ

ကျူးဘားနိုင်ငံသည် သိပ်ပြီး မဝေးသည့် ခရီးဖြစ်သည်။ အများဆုံး နှစ်ရက် ခရီးမျှသာ ဖြစ်သည်။ သင်္ဘောထွက်ပြီ ဆိုတာနဲ့ ကပ္ပိတန်ကလည်း အတော် ပင်ပန်းနေပြီ ဖြစ်သည်။ စိတ်မောလူမော ဖြစ်နေပုံရသည်။ ည ၁၂-နာရီကျော်မှ ကိုအဏ္ဏဝါရဲ့ အခန်းကိုတံခါး လာခေါက်ပြီး ကြေးနန်း ခုနစ်စောင်ကို ပို့ခိုင်းသည်။ ကျူးဘားအတွက်ချည်း ငါးစောင် ပါသည်။ ကျန်တဲ့ နှစ်စောင်က သင်္ဘော ကုမ္ပဏီရှိရာ ဂရိနိုင်ငံကို ပို့ရမည် ဖြစ်သည်။ ဒီကြေးနန်းတွေကို အမှားအယွင်း ကင်းအောင် ရေးရသည်။ တာဝန်ရှိသူတွေနှင့် ညှိနှိုင်း ဆွေးနွေးရသည်။ အိပ်ဖို့ အချိန်ပင် မရ ဖြစ်နေသည်။

ကပ္ပိတန်၏ အလုပ်ပြီးတော့ ကိုအဏ္ဏဝါ၏ အလုပ်ဖြစ်သည်။ ဒီကြေးနန်း ခုနစ်စောင်ကို ထွက်အောင် ပို့ရတော့မည် ဖြစ်သည်။ အဆင်မပြေလျှင် မိုးလင်းသွားနိုင်သည်။ ဂရိနိုင်ငံအတွက် ကြေးနန်း နှစ်စောင်က အရေး မကြီးသော်လည်း ကွန်မြူနစ်နိုင်ငံကို ပို့မည့် ငါးစောင်က ဘယ်လို ပြဿနာမျိုးနဲ့ ရင်ဆိုင်ရဦးမလဲ မသိလို့ တွေးပူ နေရသည်။

ဂရိနိုင်ငံအတွက် ကြေးနန်းတွေကို ဆန်ဖရန်စစ္စကိုမှ တစ်ဆင့် ပို့လိုက်သည်။ ကျူးဘားနိုင်ငံအတွက် ကြေးနန်းတွေကို ၂၂-ရက်နေ့သို့ ကူးသည့် မိုးလင်းခါနီးမှ ဟားဗားနား ရေဒီယိုကို ခေါ်ပြီး ပို့လိုက်နိုင်သည်။ ကျူးဘားနိုင်ငံ ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်သည့် စီယင်ဖွဲဂိုး (CIENFUEGOS) ဆိုသည် မြို့ကို ၂၄-ရက်နေ့ ညနေ ရောက်မည်ဟု ကြေးနန်းမှာ ပါရှိသည်။

၂၄-ရက်နေ့ ညနေ ၄-နာရီမှာ စီယင်ဖွဲဂိုးမြို့ကို ရောက်ပြီး ကပ်သည်။ လောင်စာဆီ ဖြည့်သည်။ ဆီဖြည့်ပြီးသောအခါ ဆိပ်ကမ်းမှ ခွာပြီး ရေလယ်မှာ ကျောက်ချသည်။

၂၅-ရက်နေ့မှာ အကောက်ခွန် လူဝင်မှု ကျန်းမာရေး အဖွဲ့တွေ ရောက်လာကြပြီး သင်္ဘော တစ်စီးလုံးကို ပိုက်စိတ်တိုက် ရှာကြတော့သည်။ အမဲဖျက်သလို ဖျက်ကြတော့သည်။ ကာစတန် အဖွဲ့ကလည်း ခုတင် အောက်ပါ မကျန်အောင် လှန်ရှာသည်။ သင်္ဘောသား တင်ပြထား

http://www.linhtet.com



သည့် ပိုင်ဆိုင်မှု ပစ္စည်းစာရင်း (ဒီကလဲယာရေးရှင်း)မှာ မပါသည့် ပစ္စည်းမှန်သမျှ ခြေစွပ်နှင့် အတွင်းခံ ဘောင်းဘီပါမကျန် သိမ်းဆည်း သည်။ ကျန်းမာရေး အဖွဲ့ကလည်း စားဖိုဆောင်နှင့် သောက်ရေသန့် မသန့် စစ်ဆေးရုံသာမက အမှိုက်ပုံးကိုပါ လှန်ကြည့်ပြီး ရစ်တော့သည်။ စီးကရက် ၁၀-တောင့်၊ ဝီစကီ ၅-ပုလင်း၊ ဘီယာ ၃-ကေ့စ် လောက် ပေးလိုက်တော့ အားလုံးကောင်းပါသည် ဖြစ်သွားသည်။ တင်ပြသည့် စာရွက်စာတမ်းတွေကို ပြုံးပြုံးရွှင်ရွှင် လက်မှတ် ထိုးပေးပါသည်။

ကိုအဏ္ဏဝါကတော့ ကျူးဘားနိုင်ငံ အတွေ့အကြုံများစွာ ရှိသူ ဖြစ်လို့ လွတ်လွတ်ကင်းကင်း ဖြစ်သွားသည်။ ကိုခင်မောင်ညွန့်၊ ကိုသိန်း တစ်၊ တက်မကိုင် ကိုစိုးပိုင်၊ ကိုမြင့်သိန်း၊ ဆီလောင်း ဝင်းထိန်တို့ ငါးယောက်ကို ဒဏ်ငွေ ဒေါ်လာ ၂၀၀ ရိုက်သည်။ တစ်ယောက်ကို ဒေါ်လာ ၄၀ စီ ပေးလိုက်ရသည်။ ပိုင်ရှင်မဲ့ စီးကရက် နှစ်တောင့် မိလို့ သဘော်ကို ဒေါ်လာ ၁၅၀ ဒဏ်ရိုက်သည်။ ကပ္ပီတန်က စိတ်ဆိုး ပြီး အားလုံး စုခံရမည်ဟု အမိန့်ထုတ်သည်။

## ကျူးဘားနိုင်ငံက သကြားအညို ပြဿနာ

မေလ ၂၈-ရက်နေ့မှာ ကျောက်ချထားရာမှ ဆိပ်ကမ်း ကပ်ခွင့် ရသည်။ စနေနေ့ ဖြစ်လို့ ကုန်မတင်နိုင်သေးဟု သိရသည်။ နက်ဖြန်သည် လည်း တနင်္ဂနွေ ဖြစ်လို့ အလုပ်မလုပ်ဟု သိရသည်။ အလုပ် မလုပ်သည့် နှစ်ရက် အတွက်ကိုလည်း သဘော်ကြီး ဆိပ်ကမ်း ကပ်ထားခ သဘော် ကုမ္ပဏီက ပေးရမည်ဖြစ်သည်။ ကုန်တင်မည့် နေကျမှ ကပ်ပါတော့လား၊ မဟုတ်ပေါင်ဗျာ၊ ဆိပ်ကမ်းအားတာနဲ့ သဘော်ကို ကပ်ခိုင်းပြီး ရေကြောင်း ပြခနှင့် ဆိပ်ကမ်းကပ်ထားခ ယူတော့သည်။

မေလ ၂၉-ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်လို့ အလုပ် မလုပ်၊ သဘော်ကြီးကတော့ ဆိပ်ကမ်းမှာ ကပ်ထားလို့ ဆိပ်ကမ်း ကပ်ထားခ

http://www.linhtet.com



ပေးနေရပြီ ဖြစ်သည်။ သင်္ဘောပိုင်ရှင်၏ ကုန်ကျစရိတ်ဟာ ကြောက်စရာ ပါလားဟု တွေးမိသည်။ သင်္ဘောပိုင်ရှင် မဖြစ်ရပါလို၏ဟု ဆုတောင်းမိသည်။

မေလ ၃၀-ရက်နေ့မှာ မိုးရွာ ချနေသည့်အတွက် အလုပ် မလုပ်ဘဲ နေကြရသည်။ အလုပ်သမားကြီးတွေ အရမ်း သဘောကျ နေကြသည်။ ဆုပေး ဒဏ်ပေးစနစ် ကျင့်သုံးသည်။ ဆုက သိပ်ပြီး မသေချာသော်လည်း ဒဏ်က သေချာသည်။ ဆိပ်ကမ်း လုပ်သားကြီးတွေသည် ဆုမရနိုင်ဘူးဆိုတာကို သိနေကြသော်လည်း ဒဏ်ကိုလည်း သိပ်ပြီး မကြောက်ကြတာ တွေ့ရသည်။ မိုးရွာပြီဟေ့ ဆိုတာနဲ့ သင်္ဘောပေါ်က ချောင်ကောင်းကောင်းကို ရှာပြီး အိပ်ကြတော့သည်။ မိုးစဲသွားလို့ အလုပ်ပြန်စကြမယ်ဆိုလျှင် အလုပ်သမား ခေါင်းဆောင် လိုက်ရှာလို့ မရနိုင်သည့် ချောင်ကြို ချောင်ကြားတွေမှာ သွားအိပ် နေကြသည်။ ရှာလို့ တွေ့လို့ နှိုးယူလာသူကလည်း ပျင်းတိ ပျင်းတွဲစွာ လိုက်ပါလာသည်။ လုပ်ငန်းခွင်ကို ဝင်သည့် ခြေလှမ်းတွေက နှေးလွန်းသည်။ လုပ်ငန်းခွင်ကို ပြန်အရောက် နောက်ကျလို့ မိုးတစ်ကျော့ ပြန်ရွာလာသောအခါ အိပ်ဖို့ ပြန်ပြေးသည့် ခြေလှမ်းတွေကတော့ အရမ်း မြန်သည်။

မေလ ၃၁-ရက်နေ့သည်လည်း မိုးနေ့ပင် ဖြစ်သည်။ ဇွန်လ ၁-ရက်နေ့မှာတော့ မိုးသည်းထန်ရုံသာမက လျှပ်စီးတွေ လက်၊ မိုးကြိုးတွေ ပစ်ပြီး သဲသဲမဲမဲ ရွာသည်။ ရာသီဥတုကိုက လုပ်သားကြီးတွေဘက်မှာ ရှိနေသည်။

၂-ရက်နေ့မှာ မိုးမရွာလို့ ကုန်တင်မည်ဆိုပြီး ပြင်ကြ ဆင်ကြတာ တွေ့ရသည်။ နေ့လယ်အထိ ကုန်မတင်ဖြစ်သေးလို့ မေးကြည့်တော့ ကုန်တင်တဲ့ ပတ်လည်စက်ကြီး ပျက်နေသည်ဟု သိရသည်။ ဆိုရှယ်လစ်စနစ် ကျင့်သုံးသည့် နိုင်ငံဖြစ်လို့ စက်ကြီးရဲ့ ဝက်အူလေး တစ်လုံး

http://www.linhtet.com



ပျောက်နေတာကို ဝယ်ထည့်ဖို့အတွက် နိုင်ငံတော် ကောင်စီအထိ အမိန့် တောင်းခံ နေရတာ ဖြစ်မည်။

ကုန်မတင်ရဘဲ ဆိပ်ကမ်းမှာ ကပ်ထားရတာ ကြာနေပြီဖြစ်လို့ ကပ္ပိတန်က စိုးရိမ်လာသည်။ ဆိပ်ကမ်းခတွေချည်း ပေးနေရသည့်အပြင် ရက်တွေ ကြာနေသည့်အတွက် အထွေထွေ ကုန်ကျစရိတ်တွေကလည်း ရှိနေသည်။ ကပ္ပိတန်သည် အေးဂျင့် (ဒေသကိုယ်စားလှယ်)နှင့် ဆိပ်ကမ်း အာဏာပိုင် အဖွဲ့ကိုခေါ်ပြီး စကားပြောသည်။ ချိပ်ပိတ်ထား သည့် ဝါယာလစ်စက်ကို ချိပ်ခွာခိုင်းသည်။ ဂရိနိုင်ငံကို တယ်လီဖုန်း ခေါ်ခိုင်းလို့ ကိုအဏ္ဏဝါက ခေါ်ပေးလိုက်သည်။ ကပ္ပိတန်နှင့် သင်္ဘော ပိုင်ရှင်တို့ နာရီဝက်လောက်ကြာအောင် စကား ပြောကြသည်။ ဂရိဘာသာ ဖြင့် ပြောကြလို့ ဘာတွေပြောမှန်း မသိရ ဖြစ်နေသည်။ ဆိပ်ကမ်း ကပ်ထားခ ပြဿနာ ဖြစ်မည်။

၆-၆-၈၈ နေ့သည် ဒီသင်္ဘောပေါ်ကို ရောက်နေတာ တစ်နှစ် ပြည့်သောနေ့ ဖြစ်သည်။ ကန်ထရိုက်စာချုပ် သက်တမ်းပြည့်ပြီ ဖြစ်သည်။ ကိုအဏ္ဏဝါ အိမ်ပြန်ချင်သည်။ ဒီသင်္ဘောကို မကြိုက်၊ ဒီသင်္ဘောမှာ နေရတာ မပျော် ဖြစ်နေသည်။ မိမိ၏ လုပ်သက် တစ်နှစ် ပြည့်ပြီဖြစ်လို့ အဆင်ပြေသည့် ဆိပ်ကမ်းမှ မိမိတို့ အိမ်ပြန်ခွင့်ပြုပါရန် ကပ္ပိတန်ကို ပြောထားလိုက်သည်။

ကုန်တင်သည့် စက်က ပျက်သည်။ မိုးက ရွာသည်။ ဒီမြို့မှာ နောက်ထပ် ရက်အကန့်အသတ်မရှိ နေရဦးမည့် လက္ခဏာ တွေ့ရသည်။ အတော် စိတ်ပျက်နေပြီ ဖြစ်သည်။ ကျူးဘားနိုင်ငံဆိုတာကို ရောက်ဖူး ပြီးဖြစ်လို့ အထာတွေ သိနေသည်။ ပျင်းရိ ငြီးငွေ့စရာ ကောင်းသည့် နိုင်ငံ ဖြစ်သည်။ နိုင်ငံရေးနှင့် ပတ်သက်လို့ ပြောမှား ဆိုမှား ရှိလျှင်လည်း အလွန် ကြောက်စရာ ကောင်းသည့် နိုင်ငံဖြစ်သည်။ ဘယ်ကိုမှ မသွားဘဲ သင်္ဘောပေါ်မှာပဲ နေသည်။

၈-ရက်နေ့မှာ ကုန်စတင်သည်။ ဘရောင်းရှူးဂါးလို့ ခေါ်သည့် သကြားအညိုတွေကို ပတ်လည် စက်ကြီးဖြင့် စတင်သည်။ သကြားတွေ က သကြားအနံ့ မထွက်ဘဲ ကြံသကာနံ့ ထွက်နေလို့ ကြာကြာနံတော့

http://www.linhtet.com



အန်ချင်လာသည်။ သကြားနဲ့ မတူဘဲ ကြံသကာတွေကို ရေဖျော်ချသလို ဖြစ်နေသည်။ သင်္ဘော ဝမ်းခေါင်းထဲကို ကျလာသည့် သကြားအညိုတွေ ဟာ လွင့်ပြီးကျမလာဘဲ ဒူလာဝမ်းပျက်နေတဲ့ ကျွဲထီးကြီးတွေ အီးပါ ချသလို ဗတ်ဗတ်ဗတ် အသံမြည်ပြီး ကျလာနေကြသည်။ ကုန်းပတ် ပထမ အရာရှိက ကပ္ပိတန်ကို သတင်းပို့သည်။ ဒီကုန်မျိုးကို လက်ခံယူ သွားပြီး ဆိပ်ကမ်းမှာ ချသည့်အခါ သကြားညိုတွေ မဟုတ်တော့ဘဲ သကာရည်တွေ ဖြစ်နေတော့မည် ဖြစ်သည်။ အဲဒီအခါ ကုန်လက်ခံသူက လက်မခံတော့ဘဲ ဒေါ်လာ သန်းပေါင်းထောင်ချီပြီး လျော်ရမည် ဖြစ် သည်။

ကပ္ပိတန် ချက်ချင်းလိုက်လာပြီး ကုန်တင်နေတာကို လာကြည့် သည်။ ချက်ချင်း ကန့်ကွက်သည်။ ဒီကုန်ကို သကြားအဖြစ် လက်မခံနိုင် ပါ။ လက်မှတ် မထိုးနိုင်ပါဟု ငြင်းဆိုတော့သည်။ ကုန်တင်တာကိုလည်း ချက်ချင်း ရပ်ခိုင်းလိုက်သည်။

## ကိုအဏ္ဏဝါ၏ ရဲဘော်စိတ်

ကပ္ပိတန်က ကုန် ဆက်တင်ရန် ငြင်းဆန်သည့် ကိစ္စနဲ့ ပတ်သက် ပြီး ပြဿနာ ကြီးထွားသွားသည်။ ဆိပ်ကမ်းအာဏာပိုင် အဖွဲ့နဲ့သာ မပြီးဘဲ ကုန်သွယ်ရေးဌာနအထိ ရောက်သွားဟန် တူသည်။ တာဝန်ရှိသူ တွေ သင်္ဘောကို ရောက်လာပြီး ခပ်တင်းတင်း ပြောသည်။

"တရုတ်ပြည်နဲ့ ကျုပ်တို့ ကျူးဘား နှစ်နိုင်ငံ သဘောထားတဲ့ ကုန်ပစ္စည်း အရည်အသွေးဟာ ဒါပဲ၊ အရက်ချက်ဖို့ ဝယ်တာဖြစ်တယ်၊ ခင်ဗျားတို့ လက်မခံဘူးဆိုလျှင် ဆိပ်ကမ်းက ပြန်လည်ထွက်ခွာ သွားပါ၊ ဆိပ်ကမ်း ကပ်ခတွေနဲ့ ကုန်တင်ချခတွေကိုလည်း ခင်ဗျားကပဲ ပေးရ မယ်"

ကပ္ပိတန် အကြီးအကျယ် ဘေးကျပ်နံကျပ် ဖြစ်သွားသည်။ ကုန် ဆက်တင်ရမှလည်း ခက်၊ ဆက်မတင်ပြန်လျှင်လည်း ရင်ဆိုင်ရမည့် ပြဿနာက မသေး၊ သင်္ဘောပိုင်ရှင်က ဆူပူကြိမ်းမောင်း လုပ်ဦးမည်။

http://www.linhtet.com



ဒီပြဿနာလေးကိုတောင် ပြေလည်အောင် မဖြေရှင်းနိုင်ဘူးလား ဆိုပြီး အလုပ်တောင် ပြုတ်သွားနိုင်သည်။ ကပ္ပီတန်က သကြား (ဂရင်းညျူး ရှူးဂါး) အဖြစ် မသတ်မှတ်ဘဲ သကာရည် (လီကွစ်ရှူးဂါး) အဖြစ်သာ လက်ခံမည်ဟု ပြောတာကိုလည်း တာဝန်ရှိသူတွေက လက်မခံ သကြား အညိုအဖြစ်သာ လက်ခံရမည်ဟု ပြောနေသည်။ သူတို့မှာလည်း သူတို့ အခက်အခဲနဲ့ သူတို့ ရှိနေသည်။ ဒီကိစ္စကြီးမျိုးကျတော့ နိုင်ငံတော် ကောင်စီနဲ့တင် ပြီးမှာ မဟုတ်၊ သမ္မတကြီး ကစ္စထရိုထံအထိ တင်ပြရမည့် ကိစ္စ ဖြစ်ဟန် တူသည်။ နောက်ထပ် ခြောက်လလောက် ကြာသွားနိုင် သည်။

ကပ္ပီတန်သည် အရဲစွန့်ပြီး ကုန်ကို လက်ခံလိုက်ရတော့သည်။ ပထမ အရာရှိကို သေသေချာချာ မှတ်တမ်း ရေးထားရန် ညွှန်ကြားသည်။ ကိုအဏ္ဏဝါကိုလည်း မျက်မြင်ကြားသိ သက်သေအဖြစ် အမှုတွဲမှာ ပါဝင် ရန် မေတ္တာရပ်ခံသည်။ ကိုအဏ္ဏဝါက ကပ္ပီတန်ကို သနားသွားသည်။ ပညာတတ်လျှင်တောင် ကပ္ပီတန် အလုပ်ကို မလုပ်ဟု ဆုံးဖြတ်လိုက် သည်။ ဒီလို စိတ်ဖိစီးမှုမျိုးကို မခံနိုင်လို့ ကိုယ့်ဘဝနဲ့ကိုယ် တန်ရာတန်ရာ အာအိုပဲ လုပ်စားနေတာ စိတ်ချမ်းသာသည်။

ကုန်တင်ပြန်တော့လည်း ကုန်၏ အရည်အသွေး ညံ့ဖျင်းလွန်း၍ ကပ္ပီတန်နှင့် ပထမအရာရှိတို့ အရမ်း စိုးရိမ်နေကြပြီ ဖြစ်သည်။ သကြား အညိုတွေပါဆိုပြီး တင်နေသည့် ကုန်တွေသည် သင်္ဘောကြီး ဝမ်းဗိုက် အတွင်းမှာ အရည်ပျော်ပြီး ဗွက်ပေါက်နေသည်။ ဒီကုန်တွေကို ဘယ်နိုင်ငံ ကမှ သကြားတွေပါလို့ လက်ခံမည်မဟုတ်။ ကပ္ပီတန်က ကုန်တင်တာကို ရပ်ခိုင်းလိုက်သည်။

အမှုက ကိုအဏ္ဏဝါကိုပါ ဒုက္ခ ပေးလာသည်။ ကပ္ပီတန်က သင်္ဘောပိုင်ရှင်နှင့် စကားပြောလိုပါသည်ဆိုပြီး ည သန်းခေါင်လောက် မှာ ဂရိနိုင်ငံကို တယ်လီဖုန်း ခေါ်ခိုင်းသည်။ ကိုအဏ္ဏဝါက အိပ်မှုန်စုံ မွှားနဲ့ ထပြီး တယ်လီဖုန်း ခေါ်ပေးသည်။ ကျူးဘားနိုင်ငံမှာ ညသန်းခေါင် ဖြစ်သော်လည်း သူတို့ ဂရိနိုင်ငံမှာ ရုံးချိန် ဖြစ်နေဟန် တူသည်။ ခေါ်လိုက် တာနဲ့ ချက်ချင်း စကားပြောလို့ရသည်။ သင်္ဘော ပိုင်ရှင်ကလည်း

http://www.linhtet.com



ဝိနည်းရှောင်သည့် အနေဖြင့် အဆင်ပြေအောင် ကြည့်လုပ်ဟု ပြောဟန်တူသည်။ ကပ္ပိတန်သည် စိတ်ဖိစီးမှုဒဏ်ကြောင့် မအိပ်နိုင် မစားနိုင် ဖြစ်နေသည်။

ဆိပ်ကမ်း အာဏာပိုင် အဖွဲ့ကလည်း ကုန်မတင်လျှင် ဆိပ်ကမ်းက ခွာပေးရမည်ဟု ပြောလာသည်။ ဆိပ်ကမ်းမှ ခွာပေးလိုက်ရသည်။ ကပ္ပိတန်သည် သင်္ဘောပိုင်ရှင်နှင့် နေ့စဉ် စကား ပြောသည့်အတွက် ကိုအဏ္ဏဝါလည်း ပင်ပန်းနေတော့သည်။ ကိုယ့်ဘက်က အမှားအယွင်း တစ်စုံတစ်ရာ မရှိရအောင် သတိဖြင့် နေရသည်။

ဇွန်လ ၁၂-ရက်နေ့တွင် ဘယ်လို သဘောတူညီချက်တွေ ရသည် မသိ ကုန်တင်ရန် ဆိပ်ကမ်းကို ပြန်ကပ်သည်။ သင်္ဘောကပ်ပြီးသည့် အချိန်မှာ ညနေ ၅-နာရီ ထိုးနေပြီ ဖြစ်လို့ အလုပ် မလုပ်တော့ဘဲ ဆိပ်ကမ်း ကပ်ထားခ တစ်ရက်စာ ပေးလိုက်ရပြန်သည်။

ညစာ စားပြီးကြသောအခါ မြန်မာ သင်္ဘောသား အုပ်စု အတော်များများက စင်ဖြူဂိုး မြို့ထဲ သွားကြမည်ဆို၍ လိုက်သွားသည်။ သင်္ဘောဆိပ်အနီးမှ ထွက်သည့် လိုင်းဘတ်စ်ကားကို စီးပြီး သွားကြသည်။ မြို့လယ်ကောင်မှာ ဆင်းကြသည်။ အုပ်စုလိုက်ကြီး မြို့ထဲ လျှောက်လည်ကြသည်။ တတိယအရာရှိ ဟန်မြင့်၊ တက်မကိုင် ကိုထွေး၊ ကိုကျော်ဟိန်း ကိုမြင့်သိန်း၊ ကိုစိုးပိုင်တို့ ပါသည်။ ကိုအဏ္ဏဝါက ဦးဆောင်ပြီး မြို့ထဲ လျှောက်ကြည့် နေကြသည်။ အတော်ကြီးသော မြို့ဖြစ်သည်း။ မြို့ကြီး၏ အမည် (CIENFUEGO) ကို ဒေသခံ ကျူးဘား ပြည်သူတွေက စီရင်ဖွဲ့ဂိုးဟု အသံထွက်ကြသည်။

တစ်နေရာ အရောက်မှာ ဟိုတယ်အာဝါ (HOTEL HOUR) လို့ ဆိုင်းဘုတ် ချိတ်ထားသည့် ဟိုတယ်ကြီး တစ်ခုကို ရောက်သွားကြသည်။ ဆိုင်းသံ ဗုံသံ တညံညံဖြင့် ကခုန်နေကြတာ တွေ့လို့ ဝင်လိုက်ကြသည်။ ဆိုင်းသံ ဗုံသံကြားလျှင် မနေနိုင်ကြသူတွေချည်း ဖြစ်လို့ ဝင်လိုက်ကြခြင်း ဖြစ်သည်။

သူတို့နိုင်ငံမှာ အလွန် ဈေးကြီးပါသည်ဆိုတဲ့ ဘီယာ တစ်ပုလင်းကို တစ်ပီဆိုပဲ ပေးရသည်။ ကျူးဘား လူမျိုးတွေ ဈေးကြီးလွန်းလို့

http://www.linhtet.com



မသောက်နိုင်သည့် ဘီယာ ဖြစ်သည်။ အမေရိကန် တစ်ဒေါ်လာကို ဘဏ်မှာ တရားဝင်လဲလျှင် တစ်ပီဆိုတောင် မရ၊ ပြား ၈၀ သာ ရသည်။ အပြင်က မှောင်ခိုမှာ လဲလျှင် ၅ ပီဆို ရသည်။ အမေရိကန် တစ်ဒေါ်လာကို ဘီယာ အကောင်းစား ၅ ပုလင်း ရသည့် နိုင်ငံ ဖြစ်သည်။ ကိုအဏ္ဏဝါတို့လူစု အကြီးအကျယ် ကဲကြလေတော့သည်။

ကိုအဏ္ဏဝါတို့ ဝိုင်းမှာ ဘီယာ ပုလင်းခွံတွေ တစ်ပုံတစ်ပင် ဖြစ်နေသည်။ ဟိုတယ်က ဒစ္စကိုကလပ် ကပွဲကို လာကြသည့် ကောင်မလေးတွေကလည်း ကိုအဏ္ဏဝါတို့ အုပ်စုကိုပဲ စိတ်ဝင်စားပြီး လာကပ်ကြသည်။ စပိန်စကား မတောက်တစ်ခေါက် တတ်ထားသည့် ကိုအဏ္ဏဝါနဲ့ အတွဲမိပြီး ဟန်ကျနေတော့သည်။ အတူ သောက်လိုက်ကြ၊ တွဲကလိုက်ကြဖြင့် ပျော်လိုက်ကြတာ ည သန်းခေါင်အထိ ဖြစ်သွားသည်။

ဟိုတယ်ပိတ်လို့ ပြန်ကြတော့မယ်ဆိုတော့ တက်မကိုင် ကိုထွေး မူးလွန်းလို့ လမ်းမလျှောက်နိုင် ဖြစ်နေသည်။ ကိုထွေးသည် ရောက်လေရာ အရပ်မှာ ဒီလိုဖြစ်တတ်လွန်းလို့ အပေါင်းအသင်းတွေက ကိုထွေးကို မကူချင် မတွဲချင် ဖြစ်နေကြသည်။ မမြင်နိုင် မကြည့်ရက် မထားရက်သည့် ကိုအဏ္ဏဝါက ကိုထွေးကို တွဲထူယူပြီး တိုင်စီဖြင့် ပြန်ခဲ့ရသည် တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားနေသည့် ငါ့ရဲဘော်ဆိုသည့် အသိစိတ်ဖြင့် တွဲယူခဲ့ပါသည်။

သင်္ဘော၏ ကုန်တင်ကုန်ချ ကိစ္စသည် ပြဿနာ မျိုးစုံဖြစ်နေသည်။ ဆိပ်ကမ်း အာဏာပိုင်အဖွဲ့နှင့် သင်္ဘောက တာဝန်ရှိသူ အရာရှိနှင့် စကားများရသည်။ သင်္ဘောပိုင်ရှင်သည် ဂရိနိုင်ငံမှ ကျူးဘားနိုင်ငံ အစိုးရကို ကြေးနန်းရိုက်ပြီး အဖြစ်အပျက် အကြောင်းအရာကို တင်ပြ တိုင်ကြားခဲ့ဟန် တူသည်။ သင်္ဘောပေါ်မှာ တင်ထားပြီး ဖြစ်သည့် အရည်ပျော်နေသည့် သကာရည်တွေကို ခပ်ယူပြီး သင်္ဘောပေါ်က ပြန်ချသည်။ နည်းနည်းပါးပါး ခြောက်သွေ့တာတွေကို ပြန်တင်သည်။ ကျူးဘားနိုင်ငံ ဆိပ်ကမ်းမှာ မကြာသင့်ဘဲ ရက်တွေ ကြာနေသည်။

ဇွန်လ ၂၀-ရက်နေ့မှာ ကိုအဏ္ဏဝါတို့ လူစု မြို့ထဲသွားကြပြီး ဟိုတယ် အာဝါမှာ သောက်ကြ ပျော်မြူးကြ ပြန်သည်။ ကကြ ခုန်ကြ

http://www.linhtet.com



သည်။ ကောင်မလေးတွေထဲက ကြိုက်တဲ့ ကောင်မလေးကို ခေါ်လို့ ရလျှင် ခေါ်ပြီး အိပ်မည်ဆိုပြီး မြူးပျော်နေကြသည်။ ကပ္ပီတန်နှင့် ကုန်းပတ် ပထမအရာရှိတို့ပါ ရောက်လာကြပြီး အစွမ်းကုန် ပျော်ကြ တော့သည်။ ကပ္ပီတန်သည် တစ်လနီးပါး စိတ်ညစ်နေတာတွေကို စိတ် ဆေးကြောရန် ရောက်လာဟန် တူသည်။ သူတို့ ဂရိလူမျိုး အုပ်စုဖြင့် သီးသန့် တစ်ဝိုင်းထိုင်ပြီး သောက်နေကြသည်။ သူတို့နှင့်အတူ ထိုင်သည့် ကောင်မလေးတွေကို ခါးဖက်ထားတာ တွေ့ရသည်။ သူတို့က စပိန် စကားကို ကရားရေလွှတ် ပြောနိုင်ကြလို့ ဟန်ကျနေဟန် တူသည်။ ကိုအဏ္ဏဝါတို့ လူစုလည်း မတောက်တစ်ခေါက်ဖြင့် အလုပ် ဖြစ်နေ ကြသည်။ ကောင်မလေးတွေက ပြည့်တန်ဆာမှုဖြင့် ရဲက ဖမ်းမှာစိုးလို့ သိပ်ပြီး မကဲဝံ့ ဖြစ်နေကြသည်။

ည ၂-နာရီမှာ ဟိုတယ်၏ ဒစ္စကိုခန်းမ ပိတ်လို့ ပြန်ကြတော့မည် ဆိုသည့်အခါ ထုံးစံအတိုင်း ကိုထွေး မူးလဲပြန်တော့သည်။ ကိုထွေး၏ အကျင့်ကို မကြိုက်လို့ ဘယ်သူကမှ မကူမတွဲဘဲ ထားပစ်ခဲ့ကြသည်။ ကိုထွေးသည် အသေကောင်ကြီးလို ဟိုတယ် ကြမ်းခင်းမှာ ပတ်လက်ကြီး လှဲအိပ်ချနေသည်။ မြို့ထဲမှ သင်္ဘောဆိပ်ကိုသွားမည့် နောက်ဆုံး ဘတ်စ် ကားကြီးက ဟိုတယ်ရှေ့မှာ ရပ်ပြီး စောင့်ပေးနေသည်။ သွားတော့ မယ်ဆိုပြီး ဟွန်းသံ အရှည် ပေးနေသည်။ ကိုအဏ္ဏဝါ မနေနိုင်တော့လို့ ဘော်ဒါတွေကို လှမ်းအော်ခေါ်သည်။

"ဟေ့လူတွေ ကိုထွေးကို ဒီလိုပဲ ထားခဲ့ကြတော့မလား"

"ထားပစ်ခဲ့ အာအိုကြီး၊ ဒီလူ ရောက်လေရာနိုင်ငံမှာ ဒါမျိုးချည်း လုပ်တယ်၊ ထားပစ်ခဲ့၊ ဒါမှ မှတ်သွားမယ်၊ အာအိုကြီး ထမ်းယူလာလျှင် နောက်ထပ် ဒါမျိုး လုပ်ဦးမှာပဲ"

ကိုထွေးသည် ဒါမျိုးကို ဘယ်နိုင်ငံမှာ လုပ်ခဲ့လို့ ဟိုကောင်တွေ ခံခဲ့ရပြီလဲ မသိ၊ ကိုအဏ္ဏဝါကတော့ ဒါဟာ ဒုတိယအကြိမ် ကြုံရတာ ဖြစ်သည်။ ကား ဆရာက ဟွန်းတီးပြန်သည်။ ကိုအဏ္ဏဝါ မနေနိုင်တော့ လို့ ကားဆရာဆီကို ပြေးပြောရသည်။

http://www.linhtet.com



“ပါရမီဆို ဆီညှော်၊ မီအမီဂို မုချိုဘီဘာ၊ ဥနိမတ်စ် အမီဂို၊ မိုမင့်တို”

ကိုအဏ္ဏဝါက ယာဉ်မောင်းဆရာကို စပိန်ဘာသာ စကားဖြင့် (ကျေးဇူးပြု၍ လူကြီးမင်းခင်ဗျာ၊ ကျွန်တော့် သူငယ်ချင်း အတော်မူးနေပါတယ်၊ တစ်ယောက် ကျန်နေလို့ပါ၊ ခဏလေးပါ) ကိုအဏ္ဏဝါသည် ပြောပြောဆိုဆို လုပ်ပြီး ဟိုတယ်ခန်းမထဲ ပြန်ဝင်သည်။ ဟိုတယ်လုပ်သားတွေ၏ အကူအညီဖြင့် ကိုထွေးကို ပခုံးဖြင့် ထမ်းယူလာခဲ့သည်။ ဘတ်စ်ကားပေါ် ပစ်တင်လိုက်သည်။ ကိုထွေးသည် ဘတ်စ်ကားကြမ်းခင်းပေါ်မှာ ပက်လက်ကြီး လိုက်ပါလာသည်။ ဘတ်စ်ကားကြီး လိမ့်ထွက်ပြီး တအိအိ မောင်းထွက်လာသည်။ နာရေး ကူညီမှု အသင်းပိုင် နိဗ္ဗာန်ယာဉ်ကြီးပေါ်က အသုဘ လိုက်ပို့သူတွေနဲ့ တူနေသည်။

ကျူးဘား ဘတ်စ်ကားတွေသည် နိုင်ငံခြားသားတွေဆီက ကားခမယူဘဲ အခမဲ့ ပို့ပေးသည့်အတွက် နာရေး ကူညီသည့်ကားနဲ့ ပိုတူသွား



ကိုအဏ္ဏဝါကို အလွန်ခင်သလောက် ဒုက္ခပေးခဲ့သည့် ကိုထွေးနှင့်

http://www.linhtet.com



သည်။ သင်္ဘောဆိပ်ကို ရောက်တော့မှ ကိုအဏ္ဏဝါ၏ တာဝန်က ပိုမို ကြီးမားသွားသည်။ ဘတ်စ်ကား ရပ်သည့်နေရာနှင့် သင်္ဘော ကြိုးချည် ထားသည့် နေရာသည် လေးဖာလုံ (မိုင်ဝက်ခန့်) ဝေးသည်။ သင်္ဘောက ဘော်ဒါတွေကတော့ တကယ်ပဲ ကိုထွေးကို တစ်ယောက်တလေမျှ မတွဲမကူဘဲ ထားပစ်ခဲ့ကြသည်။ ကိုအဏ္ဏဝါကသာ ကားပေါ်က တွဲချ၊ လမ်းပေါ်မှာ ခေတ္တလှဲထား အမောဖြေပြီး စဉ်းစားသည်။

တစ်လှေတည်းစီးပြီး တစ်ခရီးတည်း အတူသွားနေသည့် လုပ်ဖော် ကိုင်ဖက် မိတ်ဆွေ၊ အမိမြန်မာနိုင်ငံ၏ သားချင်း ညီအစ်ကို၊ ဂရိ ကပ္ပိတန်ကို ပြုတ်သွားသည့်အထိ အတူ လက်တွဲပြီး တိုက်ပွဲ ဝင်ခဲ့သည့် ရဲဘော် ပါလားဆိုသည့် ရဲဘော်စိတ်ဖြင့် အားမွေး ကီသွင်းပြီး ကိုထွေး၏ ဘော်ဒီကို ကောက်ထမ်းလိုက်ပါသည်။ ကား မှတ်တိုင်မှ သင်္ဘောဘေးကို ရောက်အောင် သုံးခါလောက် နားပြီး ထမ်းခဲ့ရသည်။ သင်္ဘောက တာဝန်ကျ သင်္ဘောသား၏ အကူအညီဖြင့် ကိုထွေးကို သူ့ခန်းတွင်း ရောက်အောင် ပို့နိုင်ခဲ့ပါသည်။

## ဟားဟားနားမှာ ဆီ ရေ ရိက္ခာ ဝယ်ခြင်း

သင်္ဘောပိုင်ရှင်သည် ကျူးဘားအစိုးရကို ကြေးနန်းရိုက်ပြီး အကျိုး အကြောင်းကို တင်ပြတိုင်ကြားဟန် တူသည်။ သင်္ဘောပေါ်ကို ရောက်နေသည့် ကြံသကာရည်တွေကို ခပ်ထုတ်ပြီး ပြန်ချသည်။ ဒီဆိပ် ကမ်းမှာ ရက်တွေ မကြာသင့်ဘဲ ကြာနေသည်။ သင်္ဘောပိုင်ရှင်ရမည့် သယ်ဆောင်ခသည် ဆိပ်ကမ်းကပ်ခ ပေးရတာနဲ့တင် ကုန်တော့မည် ဖြစ်သည်။

ကုန်တင်ပြီးခါမှ ကုန်တန်ချိန် တွက်ကြရာတွင် ကုန်တန်ချိန် ၃၀၀ စာရင်း ကွာနေသည်။ ကုန်တင်သည့် ဘက်က ပိုပြလာသည်။ သင်္ဘောက တွက်တာက လျော့နေသည်။ သင်္ဘောက လက်မခံနိုင်လို့ စကားများကြရပြန်သည်။ သင်္ဘောကို ဆိပ်ကမ်းမှ မောင်းထုတ် ပြန်သည်။

http://www.linhtet.com



သူတို့ချင်း ပြဿနာ ဖြစ်တိုင်း ကိုအဏ္ဏဝါ အလုပ်ရှုပ်သည်။ ဂရိနိုင်ငံကို တယ်လီဖုန်း ခေါ်ပေးရသည်။ နေ့မအိပ်ရ ညမအိပ်ရ ဖြစ်နေသည်။ ကပ္ပီတန်ကလည်း မအိပ်ရလို့ စိတ်ဖြေပြီး အောင့်ခံနေရတော့သည်။ အရေးကြီးလျှင် ကြီးသလို တစ်နေ့ကို သုံးလေးကြိမ် တယ်လီဖုန်း ခေါ်ပေးရသည်။

၂၅-ရက်နေ့တွင် ကမ်းကို ပြန်ကပ်ပြီး ကုန်တန်ချိန် ၃၂၀ ထပ်တင်သည်။ ဆိပ်ကမ်း အာဏာပိုင်တွေဘက်က လျော့ပေးသည့် လက္ခဏာတွေ့ရသည်။ သင်္ဘော အရာရှိတွေသည် သင်္ဘောပေါ်ကို ရောက်နေသည့် ကုန်တန်ချိန် မည်ရွေ့မည်မျှ ရှိသည်ကို တိတိကျကျ သိနိုင်သည့် တွက်ချက်နည်းတွေဖြင့် တွက်ချက်ပြီး လက်ခံကြသည်။ ဒီအပေါ်မှာ အငြင်းပွားလာပါက လုံးဝ လိုက်လျောလက်ခံမည် မဟုတ်။ လက်ခံ လိုက်လျောလိုက်ပါက ကုန်ချသည့်အခါ ကုန်တန်ချိန် လျော့နည်းနေမည် ဖြစ်သည်။ ဒေါ်လာ သန်းနဲ့ချီပြီး လျော်ရမည် ဖြစ်သည်။

၂၆- ရက်နေ့မှာမှ ကုန်တင်သည့် ဆိပ်ကမ်း စီယင်ဖွဲဂိုးမြို့မှ ထွက်ခွာနိုင်ခဲ့သည်။ ဆီ ရေ ရိက္ခာ ဖြည့်တင်းရန် မြို့တော် ဟားဗားနား ဆိပ်ကမ်းသို့ ထွက်ခွာခဲ့ပါသည်။

## သင်္ဘောအောက်က ကြောက်စရာ အသံကြီး

၂၇-၆-၈၈ နေ့မှာ ရာသီဥတု သာယာနေသည်။ ကျူးဘား ကမ်းခြေကို ယောင်ပြီး မောင်းနေသည်။ သာယာသည့် ကျွန်း၊ လှပသည့် ကျွန်း၊ သယံဇာတ ပေါကြွယ်ဝသည့် ကျွန်း၊ ကြံ၊ သကြား၊ မုန်လာ၊ ဆေးရွက်ကြီး၊ ဆန်စပါးနှင့် သီးနှံ အမျိုးမျိုး စိုက်ပျိုး အောင်မြင်သည်။ သံ၊ အလူမီနီယံ၊ ကြေးနီ၊ ဘောက်ဆိုဒ်တွေ အလျှံပယ် ထွက်သည်။ အမေရိကန် စီးပွားရေးသမားတွေက နှစ်ပေါင်းများစွာ ချုပ်ကိုင် တူးဖော်စားသောက် နေခဲ့ကြသည်။

ကျူးဘား တော်လှန်ရေးကြီး ပြီးသွားတော့ ခေါင်းဆောင်ကြီး ကစ္စထရို၏ အုပ်ချုပ်မှုအောက်မှာ နိုင်ငံပိုင် သယံဇာတတွေကို ကျူးဘား

http://www.linhtet.com



လူမျိုးတွေ ကိုယ်တိုင် လုပ်ကိုင်နေကြပြီ ဖြစ်သည်။ ကျူးဘား ပြည်သူ အများစုကတော့ ဆင်းရဲနေကြဆဲ ဖြစ်သည်။ အမေရိကန် ကိုလိုနီဘ၀နဲ့ နေခဲ့ရစဉ်က အတိုင်ပင် ရှိသေးသည်။ တော်လှန်ရေး မပြီးသေးသည့် သဘော ဖြစ်မည်။

၂၇-ရက်နေ့ ည ၁၂-နာရီမှာ ဟာဗားနား ဆိပ်ကမ်းကို ကပ်ပြီး ဆီ ရေ ရိက္ခာ ဖြည့်သည်။ ညကြီးသန်းခေါင်မှာ ခဏလေး လာကပ်သည့် နိုင်ငံခြား သင်္ဘောကို လူဝင်မှုကြီးကြပ်ရေး အရာရှိတွေနှင့် အကောက်ခွန် အရာရှိတွေ ရောက်လာကြပြန်သည်။ သင်္ဘော တစ်စီးလုံးကို ရှာဖွေ ကြပြန်သည်။ ဘာမျှ မတွေ့သောအခါ လိုချင်တာတွေကို တောင်းကြပြန် သည်။ ဘာမျှ အဖိုးမတန်သည့် ဆပ်ပြာခဲနှင့် ကက်ဆက်ခွေကအစ တောင်းသည်။ မပေးလျှင် ပြဿနာ ရှာမည်စိုးလို့ တောင်းသမျှ ပေးကြရ သည်။

၂၈-ရက်နေ့ ညနေမှာ ကျူးဘားနိုင်ငံ မြို့တော် ဟားဗားနားမှ ထွက်သည်။ ပနားမား တူးမြောင်းကို ဖြတ်ပြီး တရုတ်ပြည်သို့ သွားတော့ မည် ဖြစ်သည်။ ကိုအဏ္ဏဝါသည် ဒီသင်္ဘောမှာ တစ်နှစ် ပြည့်နေပြီဖြစ်လို့ သင်္ဘောမှ ဆင်းခွင့်ပြုပါရန် ပန်ကြားလွှာ တစ်စောင် ရေးသည်။ တတိယ အရာရှိ ဟန်မြင့်၊ တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွန့်၊ စတုတ္ထ အင်ဂျင်နီယာ ကိုသိန်းတစ်၊ တက်မကိုင် ကိုစိုးပိုင်၊ ကိုမြင့်သိန်းတို့လည်း သင်္ဘောက ဆင်းကြတော့မည် ဖြစ်လို့ ပန်ကြားလွှာတွေ ရေးပေးလိုက်ရ သည်။ လက်မှတ် ထိုးခိုင်းလိုက်သည်။ အဆင်ပြေတဲ့နေ့မှာ ကပ္ပီတန်ကို တင်ရန် အသင့် ပြင်ထားသည်။

၃၀-ရက်နေ့မှာ ပန်ကြားလွှာတွေကို ကပ္ပီတန်ထံ တင်လိုက် သည်။ နက်ဖြန်ဆိုလျှင် ပနားမားတူးမြောင်းကို ရောက်တော့မည် ဖြစ်သည်။ ပနားမားနိုင်ငံမှ တစ်ဆင့် ဒီပန်ကြားလွှာတွေကို ပို့စေလို၍ တင်လိုက်ခြင်း ဖြစ်သည်။ ကပ္ပီတန် မျက်လုံး ပြူးသွားသည်။ သူနှင့်အတူ အလုပ် လုပ်ရတာ အဆင်မပြေလို့လားဟု မေးသည်။ ကိုအဏ္ဏဝါက အဆင်ပြေပါသည်။ အချိန်တန်လို့ အိမ်ပြန်တာပါဟု ဖြေလိုက်သည်။

http://www.linhtet.com



၁-၇-၈၈ နေ့ ညနေတွင် ပနားမားကို ရောက်သည်။ ၂-ရက်နေ့မှာ ပနားမား တူးမြောင်းကို ဖြတ်သည်။ ၃-ရက်နေ့မှာတော့ တူးမြောင်းကို ဖြတ်ပြီးလို့ ပစိဖိတ် သမုဒ္ဒရာကြီးအတွင်း စတင် ဝင်သည်။ ဝင်တယ်ဆိုလျှင်ပဲ လှိုင်းနဲ့ တွေ့တော့သည်။ သင်္ဘောကြီးသည် ကုန်တန်ချိန် ၂၅၀၀၀ ကျော် တင်ထားလို့ ရေထဲ မြုပ်နေသည်။ လှိုင်းကြီးတွေကို တွန်းလှန် အန်တုပြီး ကုန်းရုန်းနေသည့် ရေယက် ပန်ကာကြီးမှ ကြောက်စရာ အသံကြီး မြည်လာတာကို ကြားရတော့သည်။ ကျွိကျွိ ကျွမ်ကျွမ် ဆိုသည့် အသံကြီးသည် ကျယ်သည်ထက် ကျယ်လာလို့ ကြောက်စရာကြီး ဖြစ်နေသည်။

ဒီအသံကြီး ဘယ်နေရာက မြည်သလဲ၊ ဘာကြောင့် မြည်သလဲဆိုတာကို အင်ဂျင်နီယာတွေ လေ့လာ ရှာဖွေကြသည်။ ပန်ကာကြီး အနီးက မြည်နေတယ်ဆိုတာ သိရသည်။ ဘာကြောင့် မြည်တာလဲ ဆိုတာ မသိနိုင် ဖြစ်နေကြသည်။ သင်္ဘောကြီးသည် ကုန်အပြည့်တင်ထားလို့ ပန်ကာကြီးသည် ရေအောက်ပေ-၄၀ လောက်မှာ ရောက်နေသည်။ ပြုပြင်ရန် မဖြစ်နိုင်သည့် နေရာ ဖြစ်သည်။

အစတန်းကျုလို့ ခေါ်သည့် နေရာက ချောဆီထိန်းကွင်းမှ ချောဆီတွေ ယိုလို့ ကိုရာဆောင်းကျွန်းမှာ လွန်းတင် ပြင်ဆင်ခဲ့ရသည်။ ချောဆီ ထိန်းကွင်းကြီး (ဝိုင်းဆီး ရာဘာကွင်းကြီး) အသစ်လဲ ခဲ့သည်။ အဲဒီနေရာက အထိုင်မကျလို့ အသံမြည်လာတာ ဖြစ်မည်ဟု ယူဆရသည်။ သင်္ဘောကြီးသည် ကုန်မတင်မီက ဘာသံမှ မမြည်သော်လည်း ကုန်တန်ချိန် ၂၅၀၀၀ ကျော်တင်ပြီး စက်ကုန်ဖွင့် မောင်းတော့မှ ကြောက်စရာ အသံကြီး မြည်လာတာ ဖြစ်မည်။

## ညံ့ တော်ကြီး အဏ္ဏဝါ

အသံကြီးက ကျယ်လောင်သည့်အပြင် ပျောက်သွားလိုက် ပေါ်လာလိုက် ဖြစ်နေသည်။ ပျောက်သွားတာတော့ မဟုတ်၊ အသံ တိုးသွားတာက လှိုင်းလုံးကြီးတွေကြောင့် သင်္ဘောကြီး ဖင်ထိုင် နစ်မြုပ်သွားသည့်

http://www.linhtet.com



အခါ အသံ တိုးသွားသည်။ အသံကျယ်လာတာက သင်္ဘောကြီး ခေါင်းစိုက်သွားလို့ ဖင်ထောင်လာသည့်အခါ အသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အသံကြီးကြောင့် နားတွေအူသည်။ သွားတွေ ကျိန်းကုန်ကြသည်။ အိပ်ခန်းတံခါးတွေ အလုံပိတ်ထားကြရသည်။ ဒီတော့မှ နားညည်းသက်သာ တော့သည်။

၅-၇-၈၈ နေ့၊ ကိုအဏ္ဏဝါ အိပ်ရာက မထသေးမီ အိပ်ခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက်နေသည်။ နာရီကို ကြည့်လိုက်တော့ နံနက် ၇-နာရီမျှသာ ရှိသေးသည်။ ကိုအဏ္ဏဝါ၏ ပုံမှန် အိပ်ရာထချိန်သည် နံနက် ၈-နာရီ ဖြစ်သည်။ တံခါး ဖွင့်ကြည့်လိုက်သည်။ ကပ္ပိတန်နှင့် အင်ဂျင်နီယာချုပ်တို့ ဖြစ်နေသည်။

"ဂွတ်မောနင်း ဆာ"

"မောနင်း စပတ်၊ ကျေးဇူးပြုပြီး သင်္ဘောပိုင်ရှင်ကို တယ်လီဖုန်းခေါ်ပေးပါ"

"ယက်ဆာ"

ကိုအဏ္ဏဝါသည် ကမန်းကတန်း မျက်နှာသစ်သည်။ ရေဒီယိုခန်းထဲကို ဝင်လိုက်သည်။ အသံလွှင့် စက်ခလုတ်ဖွင့်လိုက်သည်။ ငါးမိနစ်ခန့် အပူ ပေးထားလိုက်သည်။ ကပ္ပိတန်နှင့် အင်ဂျင်နီယာချုပ်တို့သည် သင်္ဘောပိုင်ရှင်နှင့် အဆက်အသွယ်ရလျှင် ပြောရမည့်စကားတွေကို တိုင်ပင်ရင်း ထိုင်စောင့်နေကြသည်။

အသံလွှင့်စက် ပူလာပြီဖြစ်လို့ ဂရိနိုင်ငံ အေသင်မြို့ကို ခေါ်ရန် လေလှိုင်းမြင့် (HF) ခလုတ်ကို တင်လိုက်သည်။ မနေ့က ညအထိ ကောင်းနေခဲ့သော ဝါယာလစ်စက်သည် အခုတော့ ပျက်နေတော့သည်။ ပျက်တာမှ လုံးဝ သုံးလို့မရအောင် ပျက်နေသည်။ လေလှိုင်းမြင့် ခလုတ်ကို ကြာကြာဖွင့်ထားလျှင် မီးထလောင်တော့မည် ဖြစ်သည်။ စက်ကို ပြန်ပိတ်လိုက်ရတော့သည်။

"ဆောရီး ဆရာ စက်ပျက်နေပြီ၊ မနေ့က ညအထိ ကောင်းနေသေးတယ်"

"သိပ်အရေးကြီးတယ်၊ ဘယ်လိုနည်းနဲ့ အဆက်အသွယ် ရနိုင်မလဲ"

http://www.linhtet.com



ကပ္ပိတန်သည် ကိုအဏ္ဏဝါကို အားကိုးတကြီး မေးသည်။ ဒီအခြေအနေမှာ အဆင်ပြေအောင် လုပ်ပေးနိုင်လျှင် ကိုအဏ္ဏဝါ၏ အရည်အချင်းကို အထင်ကြီး လေးစားသွားမည် ဖြစ်သည်။ ဘာမျှ မလုပ်တတ်ဘူးဆိုလျှင် အားမကိုးလောက်ဘူးဆိုပြီး အထင်သေးသွားမည် ဖြစ်သည်။ ကိုအဏ္ဏဝါသည် ဘာမျှ မကြံတတ်လို့ အဖြစ်နိုင်ဆုံး တစ်ခုကို အကြံပြုလိုက်သည်။

"နီးရာ ကမ်းခြေ စတေရှင်တစ်ခုကနေ ဗွီအိပ်ချ်အက်ဖ်နဲ့ ခေါ်ပြီး တယ်လီဖုန်း ဆက်ခိုင်းမယ် ဆရာ"

(VHF ) ဆိုတာ မိုင်းငါးဆယ်ခန့် အကွာအဝေးကိုသာ ဆက်သွယ်လို့ရသော ရေဒီယို တယ်လီဖုန်း ဖြစ်သည်။ တက်မစင်မှာ တပ်ဆင်ထားသည်။ ပစိဖိတ် သမုဒ္ဒရာကြီးကို ဖြတ်နေပြီဖြစ်လို့ အနီးဆုံး ဖြစ်အောင် ချဉ်းကပ်သွားလို့ရသော ကမ်းခြေသည် ဟာဝိုင်ရီ ကျွန်းသာ ရှိသည်။ ဟာဝိုင်ရီကျွန်းမှ တစ်ဆင့် မိုင်ပေါင်း သုံးထောင်လောက်ဝေးသော ဂရိနိုင်ငံကို တယ်လီဖုန်း ဆက်မည်ဆိုလျှင် ကမ်းခြေနှင့် မိုင် ၅၀-သို့မဟုတ် ၇၀-လောက်နီးအောင် ချဉ်းကပ်သွားရမည် ဖြစ် သည်။ ဒါမှ (VHF) ဖြင့် ကမ်းခြေ စတေရှင်ကို လှမ်းခေါ်လို့ ရမည် ဖြစ်သည်။

ကိုအဏ္ဏဝါ၏ အကြံပေးချက်အရ ကပ္ပိတန်သည် သင်္ဘောသွားနေသည့် ဦးတည် လမ်းကြောင်းကို မူလ လမ်းကြောင်းမှ ဟာဝိုင်ရီကျွန်း ဟိုနိုလူလူသို့ ဦးတည် ခုတ်မောင်းစေလိုက်ပါသည်။ ပစိဖိတ် သမုဒ္ဒရာကြီးကို ဖြတ်သည့် သင်္ဘောကြီးတွေသည် ဂရိတ်ဆာကယ်ဟု ခေါ်သော အပေါ်ဘက်ကို ခုံးသည့် မျဉ်းကွေးလမ်းကြောင်း အတိုင်းသာ သွားကြလေ့ရှိသည်။ ဟာဝိုင်ရီကျွန်းသည် ကမ္ဘာ့မြေပုံ၏ အောက်ဘက်တွင် ရှိနေ၍ ယခုသွားမည့် လမ်းကြောင်းသည် အောက်ဘက်ကို ပစောက်ပုံ ချိုင့်ခွက်ပြီး ဟိုနိုလူလူကို ဦးတည် မောင်းနေပြီ ဖြစ်သည်။ ဤ လမ်း ကြောင်းသည် ကုန်တင်သင်္ဘောများ သွားလာလေ့ မရှိသော လမ်း ကြောင်း ဖြစ်သည်။

ကိုအဏ္ဏဝါသည် မိမိ၏ ကြေးနန်းတွေကို ပို့ရန် တွေ့သမျှ သင်္ဘောတွေကို ဗွီအိပ်ချ်အက်ဖ်ဖြင့် အကူအညီတောင်းပြီး ပို့ခဲ့ရသည်။

http://www.linhtet.com



ရွက်လှေကို တွေ့လျှင်လည်း ရွက်လှေကို အကူအညီတောင်းပြီး ကြေးနန်းတွေ ထွက်အောင် ပို့ခဲ့ရသည်။

၁၈-၇-၈၈ နေ့ နံနက်မှာ ဟာဝိုင်ရီကျွန်းကို သဲသဲကွဲကွဲ မြင်ရသည်။ မိုးမလင်းမီကပင် ရေဒါထဲမှာ တွေ့နေခဲ့ရသည်ဟု သိရသည်။ ဟိုနိုလူလူကို မြင်တွေ့နေပြီ ဆိုသောအခါ ကိုအဏ္ဏဝါသည် တက်မစင်ကို တက်သွားလိုက်သည်။ တက်မစင်မှာရှိသည့် ရေဒီယို တယ်လီဖုန်း (VHF) ဖြင့် ဟိုနိုလူလူကို ဘိုသံပါပါဖြင့် လှမ်းခေါ်လိုက်သည်။

"ဟိုနိုလူလူ ကမ်းခြေစောင့် ရေမြင်းခေါ်တယ် ကြားပါသလား"

ဟိုနိုလူလူတွင် ပတ်ပလက် ကော်ရစ်ပွန်းဒင့်ခေါ် အများပြည်သူအတွက် (နိုင်ငံခြား သင်္ဘောတွေအတွက်) အခကြေးငွေယူပြီး ကမ္ဘာအရပ်ရပ်သို့ ဆက်သွယ်ပေးသည့် ဆက်သွယ်ရေးဌာန မရှိသဖြင့် ကမ်းခြေစောင့် (ကို့စ်ဂတ်)ကို ခေါ်လိုက်ရခြင်း ဖြစ်သည်။ ရေမြင်း ဆိုတာ ကိုအဏ္ဏဝါ၏ သင်္ဘောအမည် (SEA HORSE) ကို မြန်မာလို ရေးပြခြင်း ဖြစ်သည်။

"ကြားပါတယ်၊ ပြောပါ"

"ကျွန်တော် ခင်ဗျားရဲ့ အကူအညီ လိုအပ်နေပါတယ်။ ကျေးဇူးပြု၍ ကူညီပါ"

"ပြောပါ"

"ဂရိနိုင်ငံ အေသင်မြို့ကို တယ်လီဖုန်း ခေါ်ချင်ပါတယ်။ ကျေးဇူးပြု၍ ကူညီပါ"

"အဲဒီကိစ္စကို အသာထားပြီး မင်းသင်္ဘောရဲ့ တည်နေရာကို ပြောပါ"

ကိုအဏ္ဏဝါရဲ့ အနီးမှာ ရပ်ပြီး နားထောင်နေကြသည့် ကပ္ပိတန်နှင့် အင်ဂျင်နီယာချုပ်တို့က သင်္ဘောတည်နေရာကို လတ္တီတွဒ်၊ လောင်ဂျီတွဒ် ဒီဂရီဖြင့် အတိအကျ ရေးပေး၍ ကိုအဏ္ဏဝါက ဖတ်ပြလိုက်သည်။ ကမ်းခြေနဲ့ ပိုနီးအောင် ကပ်လာရဦးမလားဟု မေးလိုက်သည်။

"အိုကေလား သူငယ်ချင်း၊ ခင်ဗျားနဲ့ ပိုနီးအောင် ကပ်လာရဦးမလား"

http://www.linhtet.com



"မလာပါနဲ့ မလာပါနဲ့ မင်းကို ငါ စောင့်ကြည့်နေတာ နှစ်ရက်ရှိပြီ မင်းသင်္ဘောက ဘယ်ကလာလို ဘယ်ကိုသွားမှာလဲ၊ ဘာကိစ္စနဲ့ ဒီကျွန်း အနီးကို ကပ်လာရတာလဲ"

"ကျူးဘားက လာတာ၊ တရုတ်ပြည်ကို သွားမလို့ ပြဿနာ တစ်ခု ဖြစ်လာလို့ပါ"

"ဟိုက် အချစ်ရေ နေလို့မှ ကောင်းရဲ့လား၊ ဒါဟာ အမေရိကန် ပိုင်တဲ့ ကျွန်းလေ၊ ကျူးဘားက လာပြီး တရုတ်ပြည်ကို သွားနေစဉ်မှာ အမေရိကန်ပိုင် ကျွန်းကို ဝင်လာတယ်ဆိုတော့ ဘာကုန်တွေများ သယ်ယူ လာခဲ့လို့တုန်း ကိုယ့်လူရဲ့ အနုမြူဗုံးတွေလား၊ ဒုံးပျံတွေလား"

ဟာ ကိုယ်ကျိုးရော သောက်ကျိုးပါ နည်းပြီလို့ သတိရလိုက်ကြ ပါသည်။ ဒီတော့မှ ကပ္ပိတန်ပါ မျက်လုံး ပြူးနေတော့သည်။ ဒုက္ခတော့ ရောက်ကြပြီလို့ သိလိုက်ကြသည်။

"သ သ သ သကြားတွေပါဗျာ၊ တခြား ဘာမှ မပါပါဘူး၊ ဒုတ် ဒုတ် ဒုက္ခရောက်လာလို့ပါ"

ကိုအဏ္ဏဝါ ကြောက်စိတ်ဖြင့် အသံတွေ တုန်နေသည်။ ဟာဝိုင်ရီ ကျွန်းဟာ အမေရိကန်ပိုင် ပါလားဆိုတာ သတိရပြီး ကပ္ပိတန်လည်း တုန်တုန်ယင်ယင်ဖြင့် ဆောက်တည်ရာ မရ ဖြစ်နေသည်။ သက်ဆိုင်ရာ နိုင်ငံ၏ ခွင့်ပြုချက် မယူဘဲ ရေမိုင် ၂၀၀ အတွင်းသို့ ဝင်လာရုံသာမက ကျူးဘားက လာပြီး တရုတ်ပြည်ကို သွားနေစဉ် ရန်သူကြီး ဖြစ်သည့် အမေရိကန်နိုင်ငံကို ဝင်လာမိသည်။ နိုင်ငံတကာ ရေကြောင်း ဥပဒေ အရ အရေးယူလျှင် ခံရတော့မည် ဖြစ်သည်။ အမေရိကန် အော်ပရေတာ ၏ လေသံကလည်း မာလာသည်။

"ဘာမှ ပြောမနေနဲ့၊ မင်း ပါးစပ်ကို ပိတ်ထား၊ ဒါပေမဲ့ မင်းတို့ သင်္ဘောရဲ့ ကုန်ထည့်ပေါက်တွေ အားလုံး ဖွင့်ထား ငါ အခုလာကြည့်မယ်"

"ဟုတ် ဟုတ်"

အမေရိကန် အော်ပရေတာသည် စကားကို တိခနဲ ဖြတ်ပြီး တယ်လီဖုန်း ချသွားသည်။ ကပ္ပိတန်နှင့် အင်ဂျင်နီယာချုပ်တို့သည် ပျားတုတ်ခံရသူတွေလို လူပ်လူပ်ရွရွ ဖြစ်ကုန်ကြသည်။ ကုန်းပတ် ပထမ

http://www.linhtet.com



အရာရှိကို ချက်ချင်း ခေါ်ပြီး ကုန်ထည့်ပေါက် အဖုံးတွေကို ဖွင့်ခိုင်းလိုက်ရတော့သည်။ ရာသီဥတု သာယာနေလို့သာ တော်ပေတော့သည်။

မကြာမီ ဂျက်တိုက် လေယာဉ်တစ်စီးသည် ကြောက်စရာ အသံကြီးဖြင့် သင်္ဘောပေါ်က ဖြတ်ပြီး ဝေါခနဲ ပျံသန်းသွားသည်။ အသံပျောက်သွားသည့်နောက် တစ်နေရာ အရောက်မှာ လှည့်ပြန်လာပြီး သင်္ဘော၏ ပဲ့မှ လည်းကောင်း၊ ဦးမှ လည်းကောင်း၊ ဝေါခနဲ ဖြတ်ပျံကြည့်သည်။ လေယာဉ်ပျံရဲ့ ဝမ်းဗိုက်က (F-16) ဆိုတဲ့ စာလုံးကြီးကိုသာမက အတောင်အောက် တစ်ဖက်တစ်ချက်မှာ တပ်ဆင်ထားသည့် ဒုံးကျည်နှစ်ခုကို မြင်နေရသည်။ ကြက်သီးထပြီး ကျောချမ်းသွားသည်။

"ဆီးဟော့စ် ကို့စ်ဂတ် ခေါ်တယ် ကြားလား"

"ကြားပါတယ် ခင်ဗျား၊ ကြားပါတယ် ခင်ဗျား၊ ပြောပါ ခင်ဗျာ"

ဒီတစ်ခါ ကိုအဏ္ဏဝါတို့ သင်္ဘော ဆီးဟော့စ်(ရေမြင်း)ကို ခေါ်တာ ကမ်းခြေက မဟုတ်ဘဲ ဂျက်တိုက်လေယာဉ်က ဖြစ်သည်။ အရမ်းကြောက်နေသည့် ကိုအဏ္ဏဝါ ပြန်ဖြေတာ အသံတွေ တုန်နေသည်။

"မင်းရဲ့ ကုန်ထည့်ပေါက်တွေ ပိတ်လိုက်တော့ ရပြီ၊ ဘာကူညီရမလဲပြော"

"ကျွန်တော့် သင်္ဘောက အသံလွှင့်စက် ပျက်သွားတော့ အဝေးပြော တယ်လီဖုန်း ခေါ်မရ ဖြစ်နေပါတယ်။ အရေးကြီး ကိစ္စရှိလို့ ဂရိနိုင်ငံ အေသင်မြို့က သင်္ဘောပိုင်ရှင်နဲ့ စကား ပြောချင်ပါတယ်"

"အိုကေ၊ တယ်လီဖုန်းနံပါတ် ပြောပါ"

ကပ္ပိတန် ရေးပေးသည့် တယ်လီဖုန်း နံပါတ်ကို ပြောလိုက်ပါသည်။ ဂျက်တိုက်လေယာဉ်သည် မြင်ကွင်းမှ ပျောက်ကွယ်သွားပြီ ဖြစ်သော်လည်း လေသူရဲ၏ အသံကို အကျယ်ကြီး ကြားနေရသေးသည်။ မကြာမီ (ဟိုးလား) ဆိုသည့် ဂရိလို (ဟလို) ဆိုသည့် အသံကြားလိုက်ရတော့သည်။

သင်္ဘောပိုင်ရှင်သူဌေး၏ အသံဆိုတာကို သိသည့် ကပ္ပိတန်က ကိုအဏ္ဏဝါ၏ လက်ထဲက တယ်လီဖုန်း စကားပြောခွက်ကို လှမ်းယူပြီး စကားပြောသည်။ ဂရိဘာသာ စကားဖြင့် ပြောနေကြလို့ ဘာတွေပြောနေ

http://www.linhtet.com





ကိုအဏ္ဏဝါကို ခင်မင်သွားသော ဂရိကပ္ပိတန်အသစ် နီကိုလိုင်လူးဇစ်

ကြမ္မန်း မသိသော်လည်း ပန်ကာမှ အသံမြည်နေတဲ့ အကြောင်းကို ပြောတာ ဖြစ်ရမည်။

ကပ္ပိတန် စကားပြောတာ မိနစ် ၃၀ လောက်ကြာသည်။ တယ်လီဖုန်း စကားပြောခ ဒေါ်လာ ၃၀၀ လောက် ကျနိုင်သည်။ စကားပြောပြီးသောအခါ ကပ္ပိတန်၏ မျက်နှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေလို့ အခြေအနေ ကောင်းသည်ဟု ယူဆရသည်။ လွန်းကျင်းတင်ရာမှ ပေါ်ချောင်ကောင်း လုပ်ပြီး ကုန်ကျစရိတ်တွေ အများကြီး ပြထားတာကို သင်္ဘောပိုင်ရှင် မသင်္ကာဖြစ်ပြီး အကြိမ်းအမောင်း ခံရတော့မည်ဟု တွက်ထားခဲ့ကြဟန် တူသည်။ ကိုအဏ္ဏဝါက ဟိုနိုလူလူကို ခေါ်လိုက်သည်။

“ဟိုနိုလူလူ ကမ်းခြေစောင့်၊ ရေမြင်း ခေါ်တယ် ကြားပါသလား”

“ကြားပါတယ် ပြောပါ”

“ကူညီတဲ့အတွက် ကျေးဇူး အများကြီး တင်ပါတယ်၊ တယ်လီဖုန်း ခေါ်ခ ဘယ်လောက် ကျပါသလဲ ခင်ဗျာ”

http://www.linhtet.com



"အိုကေ ပိုက်ဆံ ပေးစရာ မလိုပါဘူး၊ အခမဲ့ ကူညီတာပါ"

"ကျေးဇူး ကမ္ဘာပါ ခင်ဗျား"

"ဟိုင်း ဗွန်ဗိုင်းရ်ချ်၊ ဂွဒ်လပ်ခ်"

"သိုင်းကျူး သိုင်းကျူး၊ ဆိမ်းတူယူ"

ကိုအဏ္ဏဝါ ဝမ်းသာလွန်းလို့ လက်ဖဝါးနှစ်ဖက်ကို ပွတ်နေမိသည်။ အမေရိကန် အော်ပရေတာသည် ဂရိလူမျိုး နှစ်ယောက် စကားပြောနေတာကို မော်နီတာမှ နားထောင်နေမှာ သေချာသည်။ ဘာသာစကား မျိုးစုံကို နားလည်သည့် ထောက်လှမ်းရေးတွေ ဖြစ်လို့ ဂရိစကားကိုလည်း နားလည်မှာ သေချာသည်။ တကယ် အရေးကြီးတဲ့ သင်္ဘောရေးရာ ကိစ္စတွေကို ပြောနေတယ်ဆိုတာကို သိလို့ ဒုက္ခ မပေးသည့်အပြင် အခမဲ့ ကူညီလိုက်တာ ဖြစ်မည်။

အလုပ်အကိုင်နှင့် ပတ်သက်လာလျှင် အလွန် ညံ့ဖျင်းခဲ့သည့် သင်္ဘောသားကြီး ကိုအဏ္ဏဝါကို ဂရိကပ္ပိတန် နီကိုလိုင် လုံးဇစ်က ကျောသပ်ပြီး (ကိုယ့်လူ သိပ်တော်တယ်) ဟု ပြောရသည်အထိ တော်ခဲ့ပါသည်။ အမှန်တော့ နှစ်ယောက်စလုံး ထောင်ကျပြီလို့ ထင်ခဲ့မိသည့် ဒီအဖြစ်အပျက်ကို ဘဝတစ်သက်လုံး မမေ့နိုင်သည့် အတွေ့အကြုံ အဖြစ်သတိရနေပါသည်။

❐

http://www.linhtet.com

[ ၃၇ ]

# ပြည်တွင်း အရေးအခင်းနှင့် ပြည်ပက သပိတ်

ကပ္ပီတန်သည် သူ့တပည့် ကိုအဏ္ဏဝါကို သဘောကျသွားသောအခါ အလုပ်မထွက်ပါနဲ့ဦး၊ သူ ဒီသင်္ဘောကဆင်းမှ အတူထွက်ပါဟု ပြော သည်။ ကိုအဏ္ဏဝါက စဉ်းစားပါမည်ဟု ပြောလိုက်သည်။ သင်္ဘောသား တစ်ယောက်ကို ကပ္ပီတန်က သဘောကျလို့ အဲဒီလို ပြောလေ့ မရှိသည့် ကိစ္စဖြစ်သည်။ ကိုအဏ္ဏဝါကလည်း အလုပ်က ထွက်ပါရစေ ဆိုသည့် ပန်ကြားလွှာကို ဇွန်လ ၃၀-ရက်နေ့က တင်လိုက်ပြီ ဖြစ်သည်။

## တရုတ်ပြည်မှာ ရက်တွေကြာ

ကိုအဏ္ဏဝါတို့ သင်္ဘောသည် ကြံ့တောင့်ကြံ့ခဲ ကံကောင်းမြောင်း တည့်ပြီး ဟာဝိုင်ရီကျွန်းကို ရောက်ခွင့်ရသည့်အခိုက်မှာ အနီးကပ် မြင်ဖူး တယ်ရှိအောင် ကြည့်ကြမည်ဆိုပြီး ဖြည်းဖြည်း မောင်းကြည့်ကြသည်။ ကမ်းခြေစောင့် တပ်ကလည်း ရေဒါနဲ့ စောင့်ကြည့်နေတာ သေချာသည်။ ကိုအဏ္ဏဝါတို့ သင်္ဘောဆိုတာကိုလည်း သိနေသည်။ ဘာအန္တရာယ်မှ မရှိသည့် သကြားအညိုတွေကို တင်လာသည့် သင်္ဘောဆိုတာကိုလည်း သိနေသည်။ အန္တရာယ် မရှိတာ သေချာသည်။

http://www.linhtet.com





ဟိုနိုလူလူကို သင်္ဘောပေါ်ကမြင်ရပုံ

သင်္ဘောပေါ်ကနေပြီး အားကောင်းသည့် မှန်ပြောင်းတွေနဲ့ ဟိုနိုလူလူမြို့ကို ကြည့်ကြသည်။ လှလိုက်တဲ့မြို့၊ သာယာလိုက်တဲ့ ကမ်းခြေ၊ မြင့်လိုက်တဲ့ လူနေမှု အဆင့်၊ လွတ်လပ်လိုက်တဲ့ လူ့ဘောင် အဖွဲ့အစည်းကို မှန်ပြောင်းထဲမှာ တွေ့ရသည်။

၂၀-၇-၈၈ နေ့မှာ ဟာဝိုင်ရီကျွန်း ဧရိယာမှ စက်ကုန်ဖွင့်မောင်းပြီး တရုတ်ပြည်ကို ဦးတည်လိုက်ပါသည်။ သင်္ဘောက ဝါယာလက်စက်ပျက်နေပြီဆိုတာကို သင်္ဘောပိုင်ရှင် သိသွားပြီဖြစ်လို့ ကိုအဏ္ဏဝါသည် ဘာအလုပ်မှ လုပ်စရာ မလိုတော့သည့် အပျော်စီး ခရီးသည် ဖြစ်သွားသည်။ ပြည်ပ ရေဒီယိုတွေကို နေ့စဉ် နားထောင်သည်။

ကိုအဏ္ဏဝါ အိမ် ပြန်ချင်သည်။ အိမ်ပြန်ချင်ပါတယ်ဆိုမှ မုန်တိုင်းမိလို့ သင်္ဘောက မရွေ့နိုင် ဖြစ်နေသည်။ ရှေ့ကို မရွေ့နိုင်သည့်အပြင် နောက်ပြန် မောင်းပြေးနေရသည်။

၁-၈-၈၈ နေ့သည် ပင်လယ်ထဲမှာ လှိုင်းဒဏ်ကို လူးလိမ့်ခံနေရသော နေ့ဖြစ်သည်။ တက်မစင်ပေါ်တက်ပြီး သင်္ဘောတည်နေရာကို မြေပုံပေါ်မှာ ကြည့်သည်။ ဂျပန်ကျွန်းတွေနှင့် မိုင် ၆၀၀ မျှ ဝေးသော

http://www.linhtet.com



နေရာမှာ ရောက်နေသည်။ ရာသီဥတု ဆိုးရွားလွန်း၍ ပြည်ပ ရေဒီယို အသံလွှင့်ချက်တွေကို ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေသည်။

၃-ရက်နေ့တွင် ဂျပန်ကျွန်းတွေအနီး၊ ကိုရီးယားကျွန်းဆွယ် အောက်နားမှာ ရောက်နေသည်။ လှိုင်းလေ ငြိမ်သက်နေသည်။

၅-ရက်နေ့မှာ တရုတ်ပြည်၏ အရှေ့မြောက်ရှိ ဘိုဟိုင်း ပင်လယ်အော် (BOHAI SEA) အတွင်း ရောက်နေပြီ ဖြစ်သည်။ ကုန်ချမည့် ချင်ဝှာတောင် (CHINWANGTAO) မြို့ဆိပ်ကို နက်ဖြန် ၆-ရက်နေ့ ရောက်မည်ဟု သိရသည်။ တရုတ်ပြည်ကိုရောက်လျှင် ကိုအဏ္ဏဝါ အိမ်ပြန်ချင်သည်။ ကပ္ပိတန်က နေပါဦးဆိုလျှင်လည်း မနေလိုတော့ပါဟု ပြောမည်။

၆-ရက်နေ့မှာ ကုန်ချမည့် ဆိပ်ကမ်းမြို့ ချင်ဝှာတောင်ကို ရောက်ပြီး ကျောက်ချသည်။ ဆိပ်ကမ်းကပ်ခွင့် ဘယ်တော့ရမည်ဆိုတာ မသိသေးဟု ဆိုသည်။ ဆိပ်ကမ်းကို မြန်မြန်ကပ်၊ မြန်မြန်အိမ်ပြန်ချင် သည်။ ချင်ဝှာတောင်မြို့သည် ဘီယာ အရက် အများအပြား ထုတ်သော မြို့ဖြစ်သည်။ တရုတ်နိုင်ငံလုပ် ချင်တောင်း ဘီယာ ထုတ်လုပ်သော မြို့ဖြစ်သည်။ ကိုအဏ္ဏဝါတို့ တင်ယူလာသော သကြားညိုတွေကို အရက်ချက်တော့မည် ဖြစ်သည်။

၈-၈-၈၈ နေ့။ သင်္ဘောသည် ကျောက်ချထားဆဲ ဖြစ်သည်။ ဘယ်နေ့မှာ ဆိပ်ကမ်း ကပ်ရမည်ကို မသိသေးဖြစ်နေသည်။

၉-ရက်နေ့မှာ ကပ္ပိတန်နှင့် အင်ဂျင်နီယာချုပ်တို့ မော်တော်ဖြင့် ကမ်းပေါ် တက်သွားကြသည်။ သင်္ဘောပိုင်ရှင်နှင့် စကား သွားပြောကြသည်ဟု သိရသည်။ သူတို့အပြန်မှာ မြန်မာ သင်္ဘောသားတွေအတွက် စာတွေ ပါလာသည်။ ကိုအဏ္ဏဝါအတွက် စာနှစ်စောင် ပါလာသည်။ ကိုအဏ္ဏဝါရဲ့ အိမ်က စာတွေမှာ နိုင်ငံရေး တစ်လုံးမျှ မပါ၊ သမီးကြီး စာမေးပွဲ ကျကြောင်း၊ သမီးလတ် အောင်ကြောင်း၊ သမီးအငယ် သချာ်ဂုဏ်ထူးဖြင့် အောင်ကြောင်းတွေသာ ပါသည်။

http://www.linhtet.com



ကိုအဏ္ဏဝါ အရမ်း အိမ်ပြန်ချင်နေပြီ ဖြစ်သည်။ အိမ်ပြန်ချင်ပါတယ်ဆိုမှ တရုတ်ပြည်မှာ ရက်တွေ ကြာနေ တော့သည်။

## မဟာတံတိုင်းကြီးပေါ်က မြင်ရသော မြန်မာပြည်

၂၁-ရက်နေ့မှာ ကျောက်ချထားရာမှ ဆိပ်ကမ်းကို ဝင်ကပ်သည်။ တနင်္ဂနွေနေ့ ဖြစ်လို့ ကုန်မချဟု သိရသည်။ သင်္ဘောကြီး ဆိပ်ကမ်းသို့ ကပ်ပြီဖြစ်လို့ မြန်မာ သင်္ဘောသားတချို့ အလုပ်က ထွက်ပြီး အိမ်ပြန်ဖို့ ကိစ္စ စကား ပြောရတော့မည် ဖြစ်သည်။ ကိုအဏ္ဏဝါနှင့် တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွှန့် ဦးဆောင်သည့် မြန်မာ သင်္ဘောသား တချို့နှင့် ကပ္ပိတန်တို့ ထိပ်တိုက် တွေ့ကြရတော့မည် ဖြစ်သည်။ ကိုအဏ္ဏဝါသည် ကပ္ပိတန်ကိုတော့ ခင်ပါသည်။ လေးစားပါသည်။ မိမိနိုင်ငံ၏ အခြေအနေအရ မိမိသည် အမြန်ဆုံး အိမ်ကို ပြန်မှဖြစ်မည်ဟု ပြောရတော့မည် ဖြစ်သည်။

သင်္ဘောဆိပ်ကမ်း ကပ်သည့် နေ့မှာပင် ကိုအဏ္ဏဝါသည် သင်္ဘောသား ကလပ်ကို သွားသည်။ မြန်မာပြည်ကို တယ်လီဖုန်း ခေါ်သည်။ လုံးဝ ခေါ်လို့မရ ဖြစ်နေသည်။ ပို၍ စိုးရိမ်လာသည်။ သင်္ဘောသား ကလပ်မှာ ထိုင်မှိုင်နေမိသည်။ စိတ်ညစ်လာသဖြင့် ဆင်တောင် ဘီယာနှင့် ပီကင်း ဘဲကင် ဝယ်စားနေသည်။ သင်္ဘောသားကလပ်မှ လှမ်းမျှော်ကြည့်လိုက်လျှင် မဟာတံတိုင်းကြီးကို လှမ်းမြင်နေရသည်။ ဇရာမ မြွေကြီးတစ်ကောင် တောင်ပေါ် တက်နေတာနဲ့ တူသည်။

ကိုအဏ္ဏဝါ ဘီယာ သောက်နေစဉ် ဒုတိယအရာရှိ ရောဘတ်အောင်ဇော်၊ တက်မကိုင် သက်ဦး၊ ဆီလောင်း စောစတာလင်နှင့် ထမင်းချက် စိုးတင်တို့ ရောက်လာကြသည်။ သူတို့က ဒီသင်္ဘောကို ရောက်တာ မကြာသေးလို့ အိမ်ပြန်ရေး ပြောခွင့် မရှိသူတွေ ဖြစ်သည်။ ဘီယာအတူ သောက်ကြသည်။ သင်္ဘောသား ကလပ်က လှမ်းကြည့်လို့ မြင်နေရသည့် တရုတ်ပြည်၏ မဟာတံတိုင်းကြီးကို သွားချင်သည်ဟု ပြောလာကြသည်။ ကိုအဏ္ဏဝါက ခေါင်းဆောင်လုပ်ပြီး စီစဉ်သည်။

http://www.linhtet.com



သဘော်သား ကလပ်ကို ဒေါ်လာ ၂၀-ပေးပြီး လိုက်ပို့ ခိုင်းသည်။ တစ်ယောက်ကို လေးဒေါ်လာသာ ကျသည်။ အမြင် နီးသော်လည်း ခရီး အတော်ဝေးတာကို သွားကြည့်တော့မှ သိတော့သည်။ မဟာ တံတိုင်းကြီး၏ ဂိတ်ပေါက်ကြီး တစ်နေရာကို ရောက်သွားကြသည်။ နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်တွေ အများဆုံးလာသည့် နေရာ ဖြစ်မည်။ အနောက်နိုင်ငံသား ဧည့်သည်တွေကို တွေ့ရသည်။ မဟာ တံတိုင်းကြီးသည် ဘယ်နေရာကစပြီး ဘယ်နေရာမှာ ဆုံးသည်ကို မသိ နိုင် ဖြစ်နေသည်။



တရုတ်ပြည်က မဟာတံတိုင်းကြီး

မြန်မာနိုင်ငံက မိသားစုအရေးကို စိတ်မအေးသည့် သောက ကြောင့် မဟာတံတိုင်းကြီးကို သေသေချာချာ မလှေ့လာနိုင်ဘဲ ရောက်ဖူး တယ်ရှိရုံ လှေကားထစ်ပေါင်း တစ်ရာကျော်လောက် တက်ပြီး ပြန်ဆင်း လာခဲ့ပါသည်။

အဏ္ဏဝါစာပေ

၂၄-ရက်နေ့မှာ တရုတ်ရေဒီယို တက္ကနစ်ရှင် (ရေဒီယို ပြုပြင်သူ) ရောက်လာပြီး ပျက်နေသည့် ဝါယာလစ်စက်ကို ပြုပြင်သည်။ ပီအေ မီးလုံးအောက်က ခံထားသည့် အင်ဆူလေတာ ပလတ်စတစ်ပြား မီး လောင်ကျွမ်းသွားလို့ မီးလုံးနဲ့ ချစ်စီ (ဘော်ဒီအထိုင်) ထိပြီး ရှော့ဖြစ်နေ တာဟု သိရသည်။ ဒီလိုမှန်း သိလျှင် ကိုယ့်ဟာကိုယ် လုပ်ပါတယ်၊ အခုတော့ တက္ကနစ်ရှင်ခေါ်ခ ဒေါ်လာ ၅၀၀ လောက် ကုန်သွားပြီ ဖြစ်သည်။ ဒီလို အပြစ်ကို ရှာတွေ့နိုင်တာကိုက သူရဲ့ ပညာပဲလေလို့သာ ဖြေလိုက်ရတော့သည်။



မဟာတံတိုင်းကြီးရောက် ကိုအဏ္ဏဝါနှင့် မြန်မာသင်္ဘောသားများ

၂၇-ရက်နေ့မှာ သင်္ဘောသား ကလပ်က ကားဖြင့် လာခေါ် သည်။ မဟာတံတိုင်ကြီးကို လိုက်ပို့မည်ဟု ဆိုသည်။ မဟာတံတိုင်းကြီး ကို မရောက်ဖူးသူတွေက သွားကြမည်ဆိုသောအခါ ကိုအဏ္ဏဝါပါ ရော လိုက်သွားပြန်သည်။ တတိယ အင်ဂျင်နီယာ ကိုခင်မောင်ညွှန့်၊ တတိယ အရာရှိ ဟန်မြင့်၊ သင်္ဘောသားခေါင်း ဘိုဆင် ဦးမောင်စိန်၊ တက်မကိုင်

http://www.linhtet.com



ကိုကျော်ဟိန်း၊ ကိုမြင့်သိန်း၊ ကဒက် ကျော်သူရတို့နှင့် အတူ လိုက်ပါသွားသည်။



ကိုအဏ္ဏဝါ၊ တက်မကိုင်သက်ဦး၊ ထမင်းချက်စိုးတင့်၊
တက်မကိုင်ကျော်ဟိန်းတို့ မဟာတံတိုင်းမှာ အမှတ်တရ

ဒီတစ်ခါမှာတော့ တရုတ်ပြည်၏ ကမ္ဘာကျော် မဟာတံတိုင်းကြီးကို တော်တော်ဝေးဝေး ရောက်အောင် လျှောက်သည်။ တော်တော် မြင့်မြင့် ရောက်အောင် တက်ပစ်လိုက်သည်။ ထုထည်ကြီးမားသည့် ကျောက်သားအတုံးကြီးတွေဖြင့် အခိုင်အမာ တည်ဆောက်ထားသော ဧရာမ ခြံစည်းရိုးကြီး ဖြစ်သည်။ မဟာတံတိုင်းကြီးကို သူ့ရဲခို၊ သူရဲပြေး၊ ကင်းစောင့် မျှော်စင်တွေဖြင့် မြင့်မြင့်ကြီး တည်ဆောက်ထားခြင်း ဖြစ်သည်။

ကိုအဏ္ဏဝါသည် ဘယ်ကစလို့ ဘယ်မှာဆုံးမှန်း မသိသည့် မဟာတံတိုင်းကြီးကို မျှော်ကြည့်နေမိသည်။ တံတိုင်းကြီးသည် ဧရာမ နဂါးကြီးတစ်ကောင် တောင်ပေါ်က လျှောဆင်းလာသလို အနားမှာကြီးပြီး အဝေး

http://www.linhtet.com





တရုတ်
ရှေးခေတ်ဝတ်စုံနှင့်
ကိုအဏ္ဏဝါ

မှာ အမြီးဖျားသွယ်၍ ပျောက်ကွယ်သွားသည်။ တချို့နေရာတွေမှာ တောင်ပေါ်ကို မတ်မတ်ထောင်တက်နေသည်။ တချို့နေရာတွေမှာ ကွေ့ဝိုက်ရစ်ခွေပြီး အဆက်မပြတ် နိမ့်လိုက် မြင့်လိုက် ဖြစ်နေသည်။

ကိုအဏ္ဏဝါသည် ဘီစီ ၂၄၆-၂၁၀ အတွင်းမှာ ဒီမဟာတံတိုင်းကြီးကို တည်ဆောက်ခဲ့သည့် ဘုရင်ဧကရာဇ် ရှီဟွမ်တီ၏ သာမန် ပြည်သူတစ်ယောက် ဖြစ်သွားသည်။ ဘုရင့် အမိန့်ဖြင့် လုပ်အားပေး ခေါ်သည့်အတွက် ကိုယ်ရိက္ခာထုပ်ကလေး ကိုယ်လွယ်ပြီး သေလုမြောပါး အလုပ်လုပ်ခဲ့ရသည်။ အခကြေးငွေ တစ်ပြားတစ်ချပ်မှ မရဘဲ အခမဲ့ လုပ်အားပေးခဲ့ရသည်။ မောလို့ နားနေလျှင် ဘုရင့် တပ်မတော်သား မြင်းစီးစစ်သားက ကြာပွတ်ဖြင့် လှမ်းရိုက်လို့ မိမိရဲ့ ကိုယ်အလေးချိန်ထက် ပိုလေးသည့် ကျောက်တုံးကြီးကို ထမ်းခဲ့ကြရသည်။

http://www.linhtet.com





မဟာတံတိုင်းရောက်
ကိုအဏ္ဏဝါ

ဘုရင်မင်းမြတ်သည် ဘာအတွက် ဒီတံတိုင်းကြီးကို တည်ဆောက်နေမှန်းလည်း မသိခဲ့ရ၊ အခမဲ့ လုပ်အားပေးတွေ အချင်းချင်း ပြောနေကြတာကတော့ မြောက်ပိုင်းက မွန်ဂိုစစ်သားတွေ လာတိုက်မှာ ကြောက်လို့ဆိုလားပဲ၊ မိမိအကျိုးစီးပွား တစ်ပြားမှ မပါသည့်အပြင် ဘာအတွက် လုပ်နေရမှန်း မသိရသည့် အလုပ်ကြမ်းကို ပြည်သူပေါင်း များစွာ ပါဝင်လုပ်အား ပေးခဲ့ရသည်။ လုပ်အားပေးနေစဉ် ဝဝလင်လင် မစားရ၊ ဆေးဝါးကုသမှု မခံရသည့်အတွက် လုပ်အားပေးသူ ထောင်ပေါင်းများစွာ သေခဲ့ကြရသည်။

ဧကရာဇ် ရှီဝှမ်တီသည် ယဉ်ကျေးမှုကို တစ်က ပြန်စမယ်ဆိုပြီး ရှေးဟောင်း စာပေတွေနှင့် ယဉ်ကျေးမှု အနုပညာ အမွေအနှစ်တွေကို မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။ စိတ်ကြီးဝင် ဘဝင်မြင့်ပြီး ထင်ရာစိုင်း လုပ်တတ်

http://www.linhtet.com



သည့် အာဏာရှင်တွေ လူ့သမိုင်းမှာ နောက်ထပ် မပေါ်ပါစေနဲ့လို့ ဆုတောင်း လိုက်မိပါသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောသည် တရုတ်ပြည်မှာ ကုန်ချတာ ကြာနေသည်။ မြန်မာပြည်၏ နိုင်ငံရေး အခြေအနေကြောင့် သင်္ဘောသားတွေ ကိုယ့်တိုင်းပြည်ကို ပြန်ချင်နေကြသည်။ ဒီဆိပ်ကမ်းမှ ပြန်မပို့လျှင် ဆန္ဒပြကြမည်ဟု ဆုံးဖြတ်ကြသည်။

ဩဂုတ်လ ကုန်သွားပြီဖြစ်သည်။

## အင်္ဂလိပ်လို ရေးထားသော မြန်မာရာဇသံ

၂-၉-၈၈ နေ့မှာ ကိုအဏ္ဏဝါ ဦးဆောင်သည့် အိမ်ပြန်ချင်သူ ရှစ်ယောက်တို့သည် စာတစ်စောင်ကို လက်မှတ်ထိုးကြပြီး ကပ္ပီတန်ကို ပေးအပ် လိုက်ကြသည်။ စာပါ အကြောင်းအရာက မိမိတို့သည် လုပ်သက် တစ်နှစ်ပြည့်ပြီးလို့ အိမ်ကို ပြန်ချင်သူများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ ဖြစ်နေသည့် နိုင်ငံရေး အခြေအနေအရ မိသားစု၏ လုံခြုံရေးကို စိတ်မချကြောင်း ဒီဆိပ်ကမ်းမှ မိမိတို့ကို ပြန်ပို့ပေးပါ။ မပို့ပါက အလုပ် မလုပ်ဘဲ ဆန္ဒပြကြမည် ဖြစ်ကြောင်း ရေးထားသည့် စာဖြစ်သည်။

အင်္ဂလိပ်စာကို ဘုန်းကြီးကျောင်းထွက် ကိုအဏ္ဏဝါက ရေးသည်။ အမှားအမှန်ကို အာအိုင်တီဘွဲ့ရ ကိုခင်မောင်ညွန့်က တည်းဖြတ်သည်။ အင်္ဂလိပ်စာကို မဖတ်တတ်သည့် သင်္ဘောသား ခြောက်ယောက်က မျက်စိမှိတ်ပြီး လက်မှတ် ထိုးသည်။ ရာဇသံကို ဖတ်ကြည့်ပြီး ကပ္ပီတန်က ပခုံး တွန့်သည်။ မျက်နှာတော့ နည်းနည်း ပျက်သွားသည်။ လေသံ အေးအေးဖြင့် ပြောသည်။

"အိုကေ ဒီအကြောင်း သင်္ဘောပိုင်ရှင်ကို ဖုန်းဆက်ပြောလိုက်မယ်၊ ဒီစာကိုလည်း ပို့ပေးလိုက်ပါမယ်"

"ကျွန်တော်တို့ နိုင်ငံမှာ ဖြစ်နေတဲ့ နိုင်ငံရေး အခြေအနေအရ ကျွန်တော်တို့ ပြန်ချင်တယ်၊ မိသားစုတွေအတွက် စိုးရိမ်နေပါတယ်၊ ကျွန်တော်တို့ကို နားလည်ပေးပါ"

http://www.linhtet.com



"ကျွန်တော် နားလည်တယ်၊ သင်္ဘော ကုမ္ပဏီကို ဖုန်းဆက်လိုက်ပါမယ်"

ကပ္ပိတန်သည် ဒီကိစ္စကို အလေးထားပြီး ဆောင်ရွက်သည်။ သင်္ဘော ပိုင်ရှင်ဆီကို ဖုန်းဆက် အကြောင်းကြားသည့်ဟု သိရသည်။ ကိုအဏ္ဏဝါတို့၏ ရာဇသံကိုလည်း ပုံပို့စက် (ဖတ်စ်) ဖြင့် ပို့လိုက်သည်ဟု ယူဆရသည်။ ကိုအဏ္ဏဝါတို့ကတော့ ရလျှင်ရ၊ မရလျှင် ဆန္ဒပြမည်ဟု မောင်းတင် ထားကြသည်။

၄-ရက်နေ့၊ တစ်နေ့လုံး အိမ်ပြန်ရန် အထုပ်အပိုး ပြင်သည်။ သင်္ဘောသား တစ်ယောက်ကို လေယာဉ်ဖြင့် သယ်ယူခွင့်ပြုသည့် အလေးချိန်သည် ကီလို ၄၀-သာ ဖြစ်သည်။ ကိုအဏ္ဏဝါမှာ တရုတ်ပြည်ရောက်ပြီးမှ ဈေးပေါပေါဖြင့် ဝယ်ထားသည့် ပိုးဖဲ ကတ္တီပါပိတ်စတွေ များနေလို့ ကီလို ၁၀၀ ကျော်နေသည်။ ကီလို ၆၀ ကို လွယ်ယူသွားနိုင်ရန် ထည့်သို ပြင်ဆင်နေရသည်။

ညနေဘက်ကျတော့ ဒုတိယအရာရှိ ရောဘတ်အောင်ဇော်နှင့် အပြင်ထွက်ရန် လုပ်နေစဉ် သင်္ဘောသား ကလပ်က ကား ရောက်လာပြန်သည်။ မဟာတံတိုင်းကြီးကို သွားမည် လိုက်ချင်သူတွေ ရှိသေးသလားဟု မေးသည်။ ကပ္ပိတန်၊ အင်ဂျင်နီယာချုပ်၊ ကုန်းပတ် ပထမအရာရှိ၊ ဂရိ စားပွဲထိုးချုပ်တို့က သွားကြမည်ဆိုလို့ လိုက်ပါသွားပြန်သည်။ ကိုအဏ္ဏဝါသည် တရုတ်ပြည်မက မဟာတံတိုင်းကြီးကို သုံးခေါက်ရောက်ဖူးခဲ့ပါသည်။

ကပ္ပိတန်က မြန်မာနိုင်ငံ သင်္ဘောသားရုံးက လာသည်ဆိုသော ကြေးနန်း တစ်စောင်ကို ထုတ်ပေးသည်။ အင်္ဂလိပ်လို ရေးထားသော်လည်း သူမဖတ်တတ်လို့ ကိုအဏ္ဏဝါကို ဖတ်ခိုင်းသည်။ ကြေးနန်းစာက အောက်ပါအတိုင်း ဖြစ်သည်။

(YE BAW DO AYE CHAN SWA ALOAT SET LOAT KYA BAR. MYANMAR NAING GAN TWIN

http://www.linhtet.com



FYET NE THAW ACHE ANE THE SOE YEIN ZAYAR MALOBAR. ALOAT SET MALOAT PARGA SIKAN AYA HTI YOUK SWA AYE YOU MYI FYET KYAYNG THI SE ART THE. SECD.)

အဓိပ္ပာယ်က။ ။ (ရဲဘော်တို့ အေးချမ်းစွာ အလုပ်ဆက်လုပ်ကြပါ။ မြန်မာနိုင်ငံတွင် ဖြစ်နေသော အခြေအနေသည် စိုးရိမ်စရာမလိုပါ။ အလုပ် ဆက်မလုပ်ပါက စည်းကမ်းအရ ထိရောက်စွာ အရေးယူမည် ဖြစ်ကြောင်း သိစေအပ်သည်။ အက်စ်အီးစီဒီ) ဟူ၍ ဖြစ်သည်။

အင်္ဂလိပ်လို ရေးထားသည့် မြန်မာကြေးနန်း၏ အဓိပ္ပာယ်ကို သိချင်နေသည့် ကပ္ပီတန်က ကိုအဏ္ဏဝါကို မေးသည်။

"ဘာတွေရေးထားတယ် ဆိုတာ ကျွန်တော်ကို ပြောပါ"

"ကျွန်တော်တို့ဘက်က မှန်တယ်ထင်လျှင် ဆက်လက် တိုက်ပွဲဝင်ပါတဲ့၊ ကိုယ်လိုချင်တာကို ရလျှင်ရ မရလျှင် ချပါတဲ့ နင်တို့နောက်မှာ ငါတို့ ရှိတယ်တဲ့၊ မြန်မာ့ သတ္တိကို ပြခဲ့ကြပါတဲ့"

ကိုအဏ္ဏဝါက လေသံမာမာနဲ့ ပြောပြလိုက်တော့ ဂရိကပ္ပီတန်၏ မျက်နှာသည် သနားစရာ ကောင်းလောက်အောင် ညှိုးငယ်သွားပါသည်။ ကမ္ဘာမှာ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ အာဏာရဲ့ တန်ခိုး အရှိန်အဝါ ဘယ်လောက် ကြီးမားတယ်ဆိုတာကို ကိုအဏ္ဏဝါ သိခွင့်ရလိုက်သည်။

## ရာဇသံအပေါ် တုံ့ပြန်ချက်

ကိုအဏ္ဏဝါတို့ မြန်မာ သင်္ဘောသားတွေနှင့် ဂရိသင်္ဘော ကုမ္ပဏီတို့ အခြေအနေ တင်းမာနေစဉ်မှာပင် မြန်မာ ပြည်တွင်းသတင်းတွေက လည်း တစ်နေ့တစ်မျိုး ထူးနေသည်။ ကိုအဏ္ဏဝါမှာ အိမ်ကိုပြန်ခွင့် ရရှိရေး တိုက်ပွဲဝင်ရင်း ပြည်တွင်းက သတင်းတွေကိုလည်း နားထောင်နေ ရသည်။

http://www.linhtet.com



စတုတ္ထ အင်ဂျင်နီယာ ကိုသိန်းတစ်နှင့် ဂရိလူမျိုး လျှပ်စစ် အင်ဂျင်နီယာတို့ နေမကောင်းလို့ ဆေးရုံ တင်လိုက်ရသည်။ ကိုသိန်းတစ်၏ အခြေအနေသည် ဆေးရုံမှာ ကြာကြာ နေရမည်ဖြစ်လို့ သင်္ဘောက အပြီးအပိုင် ဆင်းမှဖြစ်မည်ဟု ဆိုသည်။ စက်တင်ဘာ ၁၀-ရက်နေ့မှာ ကိုသိန်းတစ်ကို သင်္ဘောက အပြီးအပိုင် ဆင်းခွင့် ပြုလိုက်သည်။ ကျန်းမာရေး ချို့တဲ့လာသည့် လုပ်ဖော်ကိုင်ဖက် ရဲဘော်ကြီးကို အားပေးသည့် အနေဖြင့် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ် ပြုလိုက်ပါသည်။

ကိုအဏ္ဏဝါတို့ကလည်း မြန်မာ သင်္ဘောသားများ အစည်းအဝေးကို ခေါ်ယူလိုက်သည်။ လုပ်သက် နှစ်စေ့နေသူများကို ဒီဆိပ်ကမ်းမှ အမြန်ဆုံး ပြန်ပို့ရန် ကပ္ပိတန်ကို တောင်းဆိုမည်။ ပြန်မပို့ပါက အလုပ် မလုပ်ဘဲ နေကြမည်။ ဒေသ အာဏာပိုင် အဖွဲ့အစည်း (ITF) လိုဟာမျိုးကို တိုင်ဖို့အထိ စဉ်းစားကြသည်။ သို့သော် တရုတ် အိုင်တီအက်ဖ်သည် မြန်မာပြည်က အက်စ်အီးစီဒီလို ဖြစ်နေလျှင်ဆိုပြီး မတိုင်ဘဲနေဖို့ ဆုံးဖြတ်ကြသည်။

၁၅-ရက်နေ့မှာ ဆေးရုံတက်နေသည့် ကိုသိန်းတစ်ကို ဆေးရုံက ဆင်းခိုင်းပြီး ရန်ကုန်ကို ပြန်ပို့လိုက်သည်။ ကိုအဏ္ဏဝါတို့ သင်္ဘောကိုလည်း ဘာကြောင့်မှန်း မသိရဘဲ ကမ်းမှ ခွာစေ၍ ရေလယ်မှာ ကျောက်ချခိုင်းသည်။ သင်္ဘောပေါ်မှာလည်း ချစရာကုန်တွေက ကျန်နေသေးသည်။ သကြား အညိုတွေသည် ကြံသကာအတုံးကြီး ဖြစ်နေလို့ ပေါက်ချွန်း ပေါက်ပြားတွေဖြင့် တူးဖြိုနေရသည်။ တရုတ်ပြည်မှာ ရက်တွေ ကြာဦးမည့် သဘောရှိသည်။ ကိုအဏ္ဏဝါတို့ လူစုသည် မခံနိုင် ဖြစ်လာသည်။ အတော် တင်းနေပြီ ဖြစ်သည်။ ပေါက်ကွဲတော့မည့် အခြေအနေ ဖြစ်နေသည်။

တရုတ်အေးဂျင့်မှ တစ်ဆင့် သင်္ဘောကုမ္ပဏီက ပေးပို့သည့် စာတွေ၊ ကြေးနန်းတွေ ဝင်နေတာကို သိနေသော်လည်း ကပ္ပိတန်က ဘာမျှ မပြောလို့ ဘာအကြောင်းတွေဆိုတာကို မသိရ ဖြစ်နေသည်။

၂၀-ရက်နေ့မှာတော့ ကျောက်ချထားရာမှ ဆိပ်ကမ်းကို ပြန်ကပ်ပြီး ကုန်ဆက်ချသည်။ ကိုအဏ္ဏဝါနှင့် ကိုခင်မောင်ညွန့်က ဦးဆောင်ပြီး

http://www.linhtet.com



နှစ်စေ့လို့ အိမ်ပြန်ချင်သူ မြန်မာ သင်္ဘောသားတွေ ကပ္ပိတန်ကို ဆန္ဒပြ အရေးဆိုကြသည်။ ဒီတော့မှ ကပ္ပိတန်က ရုံးကလာထားသည့် ကြေးနန်းတွေကို ထုတ်ပြသည်။

ဒီသင်္ဘောသည် ရောင်းထားပြီးဖြစ်လို့ ဂျပန်နိုင်ငံ မိုဂျီးမြို့အထိ လိုက်ပို့ပေးရမည်။ ဂျပန်နိုင်ငံကို ရောက်မှ ပြန်ပါရန် မေတ္တာရပ်ခံသည်။ ဒီလို ဖြစ်နေပြီဆိုတော့ ကိုအဏ္ဏဝါတို့ဘက်က ရှေ့တစ်လှမ်း တိုးရန် အတွက် နောက်တစ်လှမ်း ဆုတ်လိုက်ရသည်။

"ကောင်းပါပြီ ကပ္ပိတန်၊ ဒါဆိုလျှင် ဂျပန်အထိ ကျွန်တော်တို့ လိုက်ခဲ့ပါမယ်။ ကျွန်တော်တို့ကို နှစ်နာကြေး လခ တစ်လစာ ပိုပေးပါ"

"အိုကေ ပေးမယ်"

ကိုအဏ္ဏဝါက ကွန်ပင်ဖေးရှင်း အလောင်းဝင့် (COMPEN-SATION ALLOWANCE ) ကို အရဲစွန့်ပြီး တောင်းလိုက်ရာ ကပ္ပိတန်က ရှောရှောရှူရှူ လိုက်လျော ခွင့်ပြုလိုက်၍ ဝမ်းသာသွား သည်။ ကိုအဏ္ဏဝါက လစာရင်း အမေရိကန် ဒေါ်လာ-၈၀၀ နှင့် အပို ဆောင်းငွေ ၅၀၊ စုစုပေါင်း ဒေါ်လာ ၈၅၀ ပိုရမည် ဖြစ်သည်။ အဲဒီပုံစံဖြင့် ကိုအဏ္ဏဝါတို့ရဲ့ ပြည်ပက သပိတ် တိုက်ပွဲ ပြီးဆုံးသွားပါသည်။ ဂျပန်ကို ရောက်မှ အိမ်ပြန်ကြရတော့မည် ဖြစ်သည်။

## တရုတ်ပြည်မှ ဂျပန်သို့

စက်တင်ဘာ ၂၁-ရက်နေ့မှာ ကပ္ပိတန်က ကြေးနန်းတစ်စောင် လာပြသည်။ ကိုအဏ္ဏဝါတို့ တောင်းဆိုထားသည့် နှစ်နာကြေး ငွေ တစ်လစာ ပိုပေးရန် သင်္ဘောကုမ္ပဏီရုံးက သဘောတူသည် ဆိုသည့် ကြေးနန်းစာ ဖြစ်သည်။ မြန်မာနိုင်ငံ သင်္ဘောသားရုံးကလည်း (YE BAW DO) အစချီပြီး ကြေးနန်းတစ်စောင် ဝင်လာပြန်သည်။ ကြေးနန်း စာပါ အကြောင်းအရာက ဒီသင်္ဘောသည် ရောင်းပြီးဖြစ်လို့ ဂျပန်နိုင်ငံကို ရောက်လျှင် ပြန်ကြရမည် ဖြစ်ကြောင်း၊ အေးချမ်းစွာ အလုပ်လုပ်ကြရန် မေတ္တာရပ်ခံကြောင်း မလိုက်နာသူများကို ရန်ကုန် ပြန်ရောက်ပါက

http://www.linhtet.com



စည်းကမ်းအရ အရေးယူမည် ဖြစ်ကြောင်း အကြောင်း ကြားသည့် ကြေးနန်း ဖြစ်သည်။ ကပ္ပိတန်က ဘာအကြောင်း ရေးထားတာလဲလို့ မမေးပုံထောက်တော့ မြန်မာနိုင်ငံက သင်္ဘောသားရုံးကို ကြောက်သွားပုံ ရသည်။

၂၈-ရက်နေ့မှာ ကုန်ချပြီးပြီ ဖြစ်လို့ သင်္ဘော ထွက်တော့မည်ဟု သိရသည်။ မိုးလေဝသ သတင်းကို ဟောင်ကောင်နှင့် ဂျပန်တို့မှ ယူပေးလိုက်သည်။ ဘိုဟိုင်းပင်လယ်မှ ထွက်ပြီး ကိုရီးယားကျွန်းဆွယ်အောက်က ဖြတ်ရမည်။ ဂျပန်ကိုရောက်အောင် နှစ်ရက်ခန့်သာ သွားရမည်။ နေလက်စနဲ့ အောင့်နေလိုက်ဦးဟု ကိုယ့်ကိုယ်ကိုယ် အားပေးရသည်။

ညနေ ၃-နာရီမှာ တရုတ်နိုင်ငံ ရှင်ဟွာတောင် ဆိပ်ကမ်းမှ ထွက်သည်။ ဝန်ပေါ့ ဖြစ်၍လားမသိ၊ ပန်ကာက မြည်သည့် အသံကြီး မကြားရတော့တာကို သတိပြုမိသည်။ ဂျပန်နိုင်ငံ မိုဂျီမြို့သို့ ဦးတည် ခုတ်မောင်းနေပြီ ဖြစ်သည်။

၁-၁၀-၈၈ နေ့မှာ အိပ်ရာက နိုးလာသောအခါ ဂျပန်ကျွန်းတွေထဲကို ရောက်နေတာ တွေ့ရသည်။ မကြာမီ ရေကြောင်းပြ တက်သည်၊ ကျွန်းတွေကြားက ရှင်မိုနိုစီကီ ရေကြောင်းလမ်းကျဉ်းထဲမှာ တစ်နေကုန် လျှောက်မောင်းနေတာ တွေ့ရသည်။ မိုဂျီ (MOJI) ကို ဖြတ်သောအခါ တောင်ကုန်းပေါ်မှာ ရွှေရောင် တဝင်းဝင်းဖြင့် သပ္ပာယ်နေသော မြန်မာလက်ရာ စေတီငယ်တစ်ဆူကို တွေ့ရလို့ လက်အုပ် ချီလိုက်ပါသည်။ ကမ္ဘာအေး စေတီဟု သိရသည်။

ညနေ ၆-နာရီတွင် သင်္ဘော လွန်းကျင်းတင် ပြင်ဆင်ရမည့် တိုကူယားမား (TOKUYAMA) မြို့ကို ရောက်ပြီး ကျောက်ချလိုက်ပါသည်။

❐

http://www.linhtet.com

# [ ၄ ]
# ကိုအဏ္ဏဝါတို့ ရှာပြန်ပြီ

၂-ရက်နေ့ နံနက် အိပ်ရာက မထမီကပင် စက်မကြီး နှိုးသံ၊ ကျောက်ဆူးဖော် အမိန့်ပေးသံ၊ ရေကြောင်းပြ သင်္ဘောပေါ် ရောက်လာကြောင်း သိသာသည့် လှုပ်ရှားသံတွေကို ကြားနေရသည်။ အိပ်ရာက ထတော့ လွန်းကျင်းကြီး တစ်ခု အနီးကို ချဉ်းကပ်နေတာ တွေ့ရသည်။

## တရုတ်သင်္ဘောသားများလက်သို့ လွှဲပြောင်းပေးခြင်း

နံနက် ၁၀-နာရီတွင် သင်္ဘော လွန်းကျင်းထဲ ဝင်ပြီးဖြစ်လို့ သင်္ဘောကြီးရဲ့ နောက်က ရေလုံတံခါးကြီးကို ပိတ်လိုက်သည်။ ရေလုံတံခါးကြီးကို ပိတ်လိုက်သောအခါ သင်္ဘောကြီးသည် စက္ကူဘူးကြီးထဲမှာ ထည့်ထားသော ဖိနပ်ကြီးလို ဖြစ်နေသည်။ အလွန်အားကောင်းသည့် ရေစုပ်စက်ကြီးများဖြင့် ရေလုံကန်ထဲက ရေတွေကို စုပ်ထုတ်ပစ်လိုက်သောအခါ သင်္ဘောကြီးသည် ကုန်းပေါ်ကို ရောက်နေပြီး သောင်တင်နေသော ဝေလငါးကြီးလို ဖြစ်နေတော့သည်။

http://www.linhtet.com



လွှန်းကျင်း နာမည်က ကဆားဒို (KASADO DOCK) လွှန်းကျင်းလို့ ရေးထားတာ တွေ့ရသည်။ သင်္ဘော ဝယ်သူသည် သင်္ဘော ၏ အောက်ပိုင်းကို ကြည့်လို၍ သူ့စရိတ်ဖြင့် လွှန်းတင်ခြင်း ဖြစ်သည်။ ပေါက်ပြဲနေတာတွေ တွေ့လို့ ပြုပြင် ဖာထေးရတာတွေကို မူလ သင်္ဘော ပိုင်ရှင်က ကုန်ကျစရိတ် ကျခံမည် ဖြစ်သည်။

သင်္ဘောကြီးဘေးမှာ ဂျပန်စျေးရောင်း ကားကြီးတစ်စီး ရောက်လာပြီး ပစ္စည်းမျိုးစုံ ရောင်းသည်။ ကိုအဏ္ဏဝါက လျှပ်စစ်မီးပူ တစ်လုံးဝယ်သည်။ မီးပူမှာ ရေထည့်ရန် ခွက်ကလေးပါသည်။ အဝတ်ကို အလို အလျောက် ရေဆွတ်ပေးသော မီးပူ ဖြစ်သည်။ ဒေါ်လာ ၂၀-ပေးရသည်။ ဟီတာရှီ အမျိုးအစားဖြစ်လို့ စျေးကြီးသည်။ လွှန်းကျင်းနှင့် အနီးဆုံးဖြစ်သည့် တိုကူယားမားမြို့မှာ သွားဝယ်လျှင် ဒီစျေးနဲ့ မရတာ သေချာသည်။ ဂျပန် ယန်းစျေးတက်လို့ ဒေါ်လာဖြင့် ဝယ်ရသည့် သင်္ဘောသားတွေ အတော် အထိနာသည်။

တက်မကိုင် ကိုထွေးက နေရှင်နယ် ရုပ်မြင်သံကြားစက် ဝယ်ချင်သည်ဆို၍ ကိုအဏ္ဏဝါက ဒေါ်လာ ၃၆၀ ခေတ္တ ချေးလိုက်ရသည်။ သူ့လစာ ထုတ်ပြီးမှ ပြန်ဆပ်မည်ဟု ပြောသည်။ ကိုထွေးနှင့် ပတ်သတ်လျှင် ကိုအဏ္ဏဝါသည် ရဲဘော်စိတ်ဖြင့် အတော် အနစ်နာခံသည်။ ကျူးဘားနိုင်ငံမှာ မူးပြီး လဲနေတာကို ကိုအဏ္ဏဝါက ထမ်းယူလာခဲ့ဖူးသည်။

၁၁-ရက်နေ့မှာ သင်္ဘောမှ ဆင်းကြရမည်ဆိုလို့ အားလုံး အဆင်သင့် လုပ်ထားကြသည်။ သင်္ဘောကို လွှဲပြောင်း လက်ခံယူမည့် သင်္ဘောသားတွေဟာ တရုတ်တွေဟု သိရသည်။ တရုတ်တွေဆိုလျှင် တရုတ်ပြည်မှာတုန်းက ဘာကြောင့် အလွှဲအပြောင်း မလုပ်လဲဟု လေ့လာကြည့်မိသည်။ သင်္ဘောဝယ်သူက အမေရိကန်လူမျိုး ဖြစ်နေသည်။ စျေးပေါသည့် တရုတ် သင်္ဘောသားတွေကို သုံးမည်ဖြစ်သည်။ ဂျပန်မှာ သင်္ဘောကုမ္ပဏီရုံး ရှိသည်။ ဂရိ ကပ္ပိတန်ကို သုံးလျှင် လစာ ဒေါ်လာ-၃၀၀၀ လောက် ပေးရသည်။ တရုတ် ကပ္ပိတန်ကို သုံးလျှင် ၁၅၀၀ လောက်သာ

http://www.linhtet.com



ပေးရသည်။ ကိုအဏ္ဏဝါ၏ ရာထူးမျိုးအတွက် တရုတ်ဆိုလျှင် ၃၀၀ လောက်ဖြင့် ရနိုင်သည်ဟု သိရသည်။

ည ၁၀-နာရီကျော်မှ တရုတ် သင်္ဘောသားတွေ ရောက်လာကြသည်။ ထမင်း မစားခဲ့ရသေးလို့ အူလိမ်နေကြသည်။ အလွှဲအပြောင်း မပြီးသေးလို့ သင်္ဘောပေါ်ကို မတက်ရ အမိန့် ထုတ်ထားသည်။ ကိုအဏ္ဏဝါကို လွှဲပြောင်းယူမည့် တရုတ် အာအိုသည် အင်္ဂလိပ်စကား နားမလည်၊ မပြောတတ်လို့ အခက်တွေ့တော့သည်။ ဝါယာလက်စက်ကိုင်တွယ်ပုံကို ရှင်းပြသော်လည်း ဘာမျှနားမလည် ဖြစ်နေသည်။ တရုတ်စကား ပြောတတ်သည့် ဘိုဆင် ဦးမောင်စိန်၏ အကူအညီဖြင့် အာပူတိုက်ပြီး လွှဲရတော့သည်။

## တိုကူယားမားမှ ဖူကူယိုးကားသို့

အရာရှိတွေ အချင်းချင်း တာဝန်လွှဲပြောင်းတာ၊ ပစ္စည်း လွှဲအပ်တာ ညသန်းခေါင် တိုင်သွားသည်။ သင်္ဘောပေါ်တက်ခွင့် မရသည့် တရုတ် သင်္ဘောသားတွေ ဗိုက်ဆာလို့ လိမ်ပိန်မဲ့ရွဲ့ နေကြသည်။ တရုတ် အာအိုကိုတော့ ကိုအဏ္ဏဝါက ကြံဖန် ကျွေးမွေးထားလို့ နေသာ ထိုင်သာ ဖြစ်နေသည်။ တရုတ် အာအိုသည် အလုပ်နှင့် ပတ်သက်ပြီး စိုးရိမ်သောက ဖြစ်နေသည့်အတွက် ဗိုက်ထဲကို အစာသွင်းတာ အရသာခံပြီး မသွင်းနိုင် ဖြစ်နေသည်။ ကိုအဏ္ဏဝါ ရှင်းပြတာတွေကို ဘာမျှ နားမလည်ဘဲ အလွှဲအပြောင်း စာရွက်မှာ လက်မှတ် ထိုးပေးလိုက်ပါသည်။ အတော် သနားစရာ ကောင်းသော အာအို ဖြစ်သည်။

၁၂-ရက်နေ့ကို ကူးနေပြီ ဖြစ်သည်။ တစ်ရေးမှလည်း မအိပ်ရသေး ဖြစ်နေသည်။ ကိုအဏ္ဏဝါ အရမ်း အလုပ်များနေသည်။ သင်္ဘောသားတို့၏ လစာတွေ ထုတ်ပေး၊ လက်မှတ် ထိုးခိုင်း လုပ်ရသည်။ သင်္ဘောသားတွေ၏ စီဒီစီတွေနှင့် ပတ်စ်ပို့တွေကို ကပ္ပိတန်ထံမှ ယူပြီး သင်္ဘောသားတွေ တစ်ယောက်ချင်းကို အမှားအယွင်း အပျောက်အရှ မရှိအောင် လိုက်ပေးရသည်။ မိမိတို့၏ ပိုက်ဆံတွေနှင့် အရေးကြီး

http://www.linhtet.com



စာရွက်စာတမ်းတွေကို မိမိနှင့် တစ်ပါတည်း သယ်ဆောင်ရန် သတိပေးရသည်။ ပစ္စည်း မေ့မကျန်ဖို့ သတိပေးရသည်။ မအိပ်ရသည့် အပြင် အလုပ် ပင်ပန်းလွန်းလို့ စိတ်မောလူမော ဖြစ်နေသည်။

ည သန်းခေါင်ယံ ၂-နာရီခွဲမှာ သင်္ဘောပေါ်က အပြီးအပိုင် ဆင်းလိုက်ကြသည်။ ကီလို-၁၀၀ မျှ လေးသည့် သေတ္တာတွေ၊ ခရီးဆောင် အိတ်တွေကို ကိုယ့်ဟာကိုယ် သယ်ချကြရသည်။ တစ်ယောက်ကို တစ်ယောက် မကူနိုင် ဖြစ်နေကြသည်။ ဘိုဆင် ဦးမောင်စိန်မှာ ကနေဒါက ဝယ်လာခဲ့သည့် ခုတ်ပုံနှင့် ဟောင်ကောင်က ဝယ်ခဲ့သည့် မော်တော်ကားဘီး အရွယ်လောက်ရှိသည့် နံရံကပ် နာရီကြီးတို့က အတော် ကသီလင်တ ဖြစ်နေတာ မြင်ရသည်။

ဂျပန် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီတစ်ခုပိုင် မီနီဘတ်စ်ကား တစ်စီး အသင့်ရောက်နေသည်။ မြန်မာ ၁၆-ယောက်နှင့် ဂရိ ၆-ယောက်တို့ ကိုယ့်ရွာ ကိုယ်ပြန်ကြဖို့ ကားပေါ်တက်ကြသည်။ မီနီဘတ်စ် ကား၏ နောက်ပိုင်းတစ်ဝက်သည် သင်္ဘောသား ၂၂-ယောက်တို့၏ သေတ္တာတွေ ခရီးဆောင် အိတ်တွေဖြင့် ပြည့်နေသည်။ ကား၏ ရှေ့ပိုင်း အကျဆုံး နေရာမှာ ကပ္ပိတန် နီကိုလိုင်လူးဇစ်နှင့် ကုန်းပတ် ပထမ အရာရှိတို့ နေရာယူကြသည်။ ရှေ့ပိုင်း ကျကျထိုင်ခုံတွေမှာ အရာရှိတွေ က နေရယူကြသည်။ သင်္ဘောသားတွေက အလယ်ထိုင်ခုံတွေမှာ ထိုင်ပြီး လို့ လူစုံပြီဆိုတာနဲ့ ကာဆားဒိုး လွန်းကျင်းမှ မော်တော်ယာဉ် ထွက်ခွာပါသည်။ ကိုအဏ္ဏဝါ နာရီကို ကြည့်လိုက်သည်။ ည သန်းခေါင်ယံ ၂-နာရီခွဲတိတိ ရှိပြီ ဖြစ်သည်။

## ကိုအဏ္ဏဝါ၏ ကျန်းမာရေးနှင့် အဝေးပြေးကား

ကိုအဏ္ဏဝါ၏ ကျန်းမာရေးသည် အဝေးပြေး ကားစီးပြီး ခရီးသွားရန် မသင့်သော အကျင့်ပျက် ကျန်းမာရေး ဖြစ်သည်။ အလွန်ဝမ်းချုပ်တတ်သည့် ကိုအဏ္ဏဝါသည် အဝေးပြေး ကားစီးပြီး ခရီးသွားပြီ

http://www.linhtet.com



ဆိုလျှင် အီးပါချင်ပြီ ဖြစ်သည်။ အဝေးပြေး ကားစီးပြီး ခရီးသွားနေပြီ ဖြစ်လို့ ဘယ်နေရာမှာ အီးပါချင်မလဲ တွေးပြီး စိုးရိမ်နေရပြီ ဖြစ်သည်။

ကိုအဏ္ဏဝါတို့ ထွက်ခွာလာခဲ့ရာ တိုကူယားမားမြို့မှ ဖူကူယိုးကား မြို့ကြီးသို့ ရောက်အောင် ၄-နာရီမျှ ကားစီး သွားကြရမည်ဟု သိရသည်။ ဂျပန် ယာဉ်မောင်းဆရာကလည်း အင်္ဂလိပ်စကားကို ယက်စ်နှင့် နိုး လောက်ကိုတောင် မပြောတတ်သူလို့ ယူဆရသည်။ နိုင်ငံခြားသား သဘော်သားတွေနှင့် စကားပြောရမှာ ကြောက်လို့ မျက်နှာကို မပြုံးမရယ်ဘဲ ခပ်တည်တည်နေတာ တွေ့ရသည်။

ပြည်တွင်းမှာ နေစဉ်က ကိုအဏ္ဏဝါသည် သူ့အရပ်ဒေသ ရခိုင်သို့ အဝေးပြေးကားကြီး စီးပြီးသွားလေ့ ရှိသည်။ လမ်းတစ်လျှောက်မှာ အတူစီးလာကြသည့် ခရီးသည်တွေဟာ ကိုအဏ္ဏဝါကြောင့် စိတ် အနှောင့်အယှက် ဖြစ်ကြရသည်။ ကိုအဏ္ဏဝါက တစ်နာရီ တစ်ကြိမ် လောက် ကားရပ်ခိုင်းပြီး အီးပါ၊ ရှူးရှူးပေါက် လုပ်လွန်းလို့ ယာဉ်မောင်း ပါ စိတ်ညစ်ရသည်။

ကိုအဏ္ဏဝါတို့ကို တင်ဆောင်လာသည့် ဘတ်စ်ကားသည် မြို့က ထွက်ပြီးသည်နှင့် တောလမ်းကို စတင် ဝင်တော့သည်။ တောလမ်းလို့ ပြောရတာက လူနေအိမ်တွေကို မတွေ့ရဘဲ သစ်တောတွေ ဝါးရုံတော တွေကိုသာ တွေ့ရလို့ ဖြစ်သည်။ တောထဲတောင်ထဲ ဆိုပေမဲ့ လမ်းတစ် လျှောက်မှာ မာကျူရီ လျှပ်စစ်မီးတွေ ထိန်နေအောင် ထွန်းထားသည်။ မြို့လယ်ကောင်မှာ သွားနေရသလို လင်းထိန်နေသည်။ မော်တော်ယာဉ် များသည် မီးကြီးထိုးပြီး မောင်းစရာမလိုဘဲ မီးသေးဖွင့်ပြီး မောင်းနေကြ တာ တွေ့ရသည်။ ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာတင် ယာဉ်ကြီး များ၊ ခရီးသည်တင် ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ၊ အမြန်နှုန်းဖြင့် မောင်းနှင်နေကြသည်။ အဝေးပြေး လမ်းမကြီး (ဟိုက်ဝေး) ဖြစ်လို့ လူနေ မြို့ပြ ရပ်ရွာတွေနဲ့ဝေးသည့် တောထဲက ဖြတ်မောင်းနေခြင်း ဖြစ်သည်။ ချမ်းသာသည့် နိုင်ငံတို့၏ အန္တရာယ် ကင်းအောင် စီမံထား သော အဆင့်မြင့် အစီအစဉ် ဖြစ်သည်။

http://www.linhtet.com



ဂျပန် ယာဉ်မောင်းဆရာသည် တောတွင်းတစ်နေရာက မီးတွေ ထိန်လင်းနေသည့် အဆောက်အဦ တစ်ခုဆီကို ကွေ့ဝင်လိုက်သည်။ တောတွင်းရှိ ခေါက်ဆွဲ၊ ဒီဇယ် အရောင်းဆိုင် ဖြစ်နေသည်။ အဆောက် အဦသည် သိပ်ပြီးမကြီးသော အဆောက်အဦ ဖြစ်သည်။ အဆောက် အဦရှေ့မှာ ခေါက်ဆွဲပန့်နှင့် ဒီဇယ်ပန့် နှစ်ခုရှိသည်။ အဆောက်အဦ ထဲမှာ ပါဝါဆွဲ၊ ဘရိတ်ဆွဲ၊ ချောဆီမျိုးစုံ ရောင်းသော ဆိုင်ရှိသည်။ ဆိုင်ရဲ့ နောက်နားကျကျလောက်မှာ အိမ်သာနှင့် ရေချိုးခန်း ရှိသည်။ အံ့ဩစရာ ကောင်းတာက ဒီအရောင်းဆိုင် အဆောက်အဦမှာ ရောင်းသူ တစ်ယောက်မျှ မရှိခြင်းပင် ဖြစ်သည်။

ယာဉ်မောင်းဆရာက သူ့ကားကို ဆီဖြည့်ရန် ပိုက်ဆံ ယန္တရား တစ်ထောင်တန်တွေကို စက်ထဲ ထိုးထည့်သည်။ ပြီးတော့ ဆီပန့်ကို ဖြုတ်ယူပြီး ကိုယ်တိုင် ဆီဖြည့်သည်။ မိမိထည့်လိုက်သည့် ပိုက်ဆံဖြင့် ဝယ်လို့ရနိုင်သည့် ဂါလံ အတိအကျသာ ဆီပန့်က ထွက်ကျမည်ဟု သိရသည်။ ဆက်ညှစ်ထားလို့ကတော့ လက်ညောင်းရုံသာ ရှိမည်။ အပို တစ်စက်မျှ မကျဟု သိရသည်။

ဘရိတ်ဆီနှင့် ချောဆီ အမျိုးမျိုးတို့ကိုလည်း မှန်ပုံးတွေထဲမှာ ထည့်ထားတာ မြင်နေရသည်။ ဘူးတွေ ပုံးတွေရဲ့ တန်ဖိုး အသီးသီးကို လည်း ရေးထားသည်။ မိမိလိုချင်သည့် ပစ္စည်းတန်ဖိုးကို စက်ထဲသို့ ထိုးထည့်ရသည်။ ပြီးလျှင် မိမိလိုချင်သည့် ပစ္စည်း၊ ရုပ်ပုံပါသည့် ခလုတ် ကို နှိပ်လိုက်ရသည်။ ဘရိတ်ဆီဘူး၊ ပါဝါဆီဘူး၊ အင်ဂျင်ဝိုင်ပုံးတို့က ဒုန်းခနဲ မြည်ပြီး ထွက်ကျလာသည်။ ကောက်ယူလိုက်ရုံသာ ရှိသည်။ ဟန်ကျသည်။ အရောင်းစာရေး မလိုသည့် တောကြီးမျက်မည်းထဲက လောင်စာဆီ အရောင်းဆိုင် ဖြစ်သည်။

ဂရိလူမျိုး အရာရှိတွေနှင့် သင်္ဘောသားတချို့ ကားပေါ်က ဆင်း ပြီး အလေးအပေါ့ သွားကြသည်။ ကိုအဏ္ဏဝါလည်း ကားပေါ်က ဆင်းပြီး အပေါ့သွားသည်။ အီးညှစ် ပါကြည့်သည် မထွက်ဖြစ်နေသည်။ အဲဒီလိုပဲ ကိုအဏ္ဏဝါရဲ့ဝမ်း အကျင့်မကောင်း၊ ဒီလို ကြုံတောင့် ကြုံခဲ အခွင့်သာခိုက်မှာ အိမ်သာတက်လျှင် အီးမထွက် ဖြစ်နေတတ်သည်။

ယာဉ်မောင်းဆရာ ကားပေါ်မှာ ပြန်ထိုင်ပြီး စက်နိုးနေပြီ ဖြစ်လို့ အားလုံးပင် ကားပေါ်တက်ကြသည်။ ဓာတ်ဆီဆိုင်မှ ထွက်ပြီး ခရီးဆက်ကြပြန်သည်။ တောတွေကို ဖြတ်သည်။ တောင်တွေကို ပတ်သည်။ အထဲမှာ မီးတွေထိန်လင်းနေသည့် လိုဏ်ခေါင်းတွေကို ဖြတ်သည်။ လိုဏ်ခေါင်းကြီး ရှည်ပါက အောက်ဆီဂျင် ပြတ်ပြီး အသက်ရှူ မရပ်အောင် အပြင်ကလေကို စုပ်ယူ သွင်းပေးနေသည့် ဇရာမ ပန်ကာကြီးတွေကို တွေ့ခဲ့သည်။ ဓာတ်တိုင် တစ်တိုင်ခန့်မှာ တယ်လီဖုန်း တစ်လုံးစီ တပ်ဆင်ထားတာကိုလည်း တွေ့ရသည်။

တောင်ကြီးတစ်လုံးကို ဖြတ်ဖောက်ထားဟန် တူသည့် လိုဏ်ခေါင်းကြီးက အတော်ရှည်သည်။ နာရီဝက်လောက် ကြာအောင် မောင်းနေရသည်။ ဓာတ်ဆီဆိုင်မှာ ညစ်လို့ မထွက်ခဲ့သည့် ကိုအဏ္ဏဝါ၏ အကျင့်ပျက် ဝမ်းသည် အခုမှ ဗိုက်နာလာတော့သည်။ ဒုက္ခပဲလို့ တွေးလိုက်မိသည်။ သင့်တော်ရာ တစ်နေရာမှာ ကားရပ်ပေးပါရန် ကားဆရာကို ပြောရတော့မည် ဖြစ်သည်။ ယာဉ်မောင်း ဆရာကလည်း အင်္ဂလိပ်လို တစ်လုံးမှ မတတ်သည့် ပုဂ္ဂိုလ်ဖြစ်လို့ ဘယ်လိုပြောရလျှင် ကောင်းမလဲ စဉ်းစားရတော့သည်။ ဗိုက်ကို နှိပ်ပြမည်။ ဘောင်းဘီကို ချွတ်ပြပြီး အီးပါချင်ပုံကို ပြမည်ဟု ဆုံးဖြတ်လိုက်သည်။

ဒီလို လုပ်ပြတော့မည် ဆိုတော့မှ ဂျပန်ခေတ်က ကိုအဏ္ဏဝါရဲ့ ဘကြီး ဦးကြာခိုင်ကို ဂျပန်စစ်သားက ပါးရိုက်တာ အမှတ်ရလာသည်။ ဂျပန်စစ်သားသည် ဘကြီး ဦးကြာခိုင်ကို အမူအရာ တစ်ခု လုပ်ပြသည်။ ကြက်အတောင်ပံ ခတ်သလို ခတ်ပြသည်။ သူ့တင်ပါးကို ပုတ်ပြသည်။ ဘောင်းဘီကို ချွတ်ပြပြီး ထိုင်ချသည်။ မျက်နှာကို ရှုံ့မဲ့ပြီး ညစ်ချပြသည်။ သူ့ကိုကူညီပါဟု ဂျပန်လို ပြောသည်။

"ဒိုးဇို ဘိရ မာဂျင်"

"ဟိုက် ယောရောရှိ မာစတာစန်"

ကိုအဏ္ဏဝါရဲ့ ဘကြီးကလည်း ဂျပန်စကား တစ်လုံး နှစ်လုံး တတ်နေသည်။ ဒီဂျပန် အီးပါချင်လို့ အသည်းအသန် ဖြစ်ပြီး အကူအညီ တောင်းနေသည်ဟု ထင်လိုက်သည်။ ကောင်းပါပြီ မာစတာလို့ ပြောပြီး

http://www.linhtet.com



ဂျပန်စစ်သားကို လက်တွဲခေါ်ယူသွားသည်။ သူ့အိမ်ခြံထဲက အိမ်သာကို ဆွဲခေါ်ပြီး အီးပုံကြီးကို လက်ညှိုးထိုးပြလိုက်သည်။ ဂျပန်စစ်သားသည် ကိုအဏ္ဏဝါရဲ့ ဘကြီးကို ပစ်ပစ်နှစ်နှစ်ဆဲပြီး ပါးကို တအား လွှဲရိုက်လိုက်တော့သည်။

"ခူးရာရိုး ဘတ်ကဲရိုး"

ဂျပန်စစ်သားနှင့် ဘကြီးဦးကြာခိုင်တို့ ရုတ်ရုတ်သဲသဲ ဆွဲလားရမ်းလား ဖြစ်နေကြပြီဆိုတော့ သူကြီး ဦးရွှေဆိုင် ရောက်လာသည်။ ဒီတော့မှ အဖြစ်မှန်ကို သိကြရသည်။ ဂျပန်စစ်သားက ကြက်ဥစားချင်လို့ ဘကြီး ဦးကြာခိုင်ကို အကူအညီ တောင်းတာဟု သိရသည်။ ကိုအဏ္ဏဝါရဲ့ ဘကြီးက ဘာသာပြန်မှားပြီး ဂျပန် အီးပါချင်တယ်လို့ ထင်သွားခဲ့တာ ဖြစ်သည်။ အခု ကိုအဏ္ဏဝါ အီးပါချင်သည့် ကိစ္စမှာလည်း ဂျပန် ဘာသာပြန်တာ လွဲမှားမှာ ကြောက်ရသေးသည်။

ကိုအဏ္ဏဝါက မအောင့်နိုင်တော့လို့ ဂျပန်ယာဉ်မောင်း ဆရာကို သွားပြောသည်။ အီးပါချင်ကြောင်း၊ ဗိုက်ကို နှိပ်ပြသည်။ ခါးပတ်ကို ဖြေပြသည်။ ဂျပန် ယာဉ်မောင်းဆရာက နားလည်သွားသည်။ တစ်စုံတစ်ခု ပြန်ပြောသည်။ သူပြောသည့် ဂျပန်စကားကို နားမလည်သော်လည်း သူ ဘာကိုဆိုလိုတယ် ဆိုတာကို နားလည်လိုက်သည်။ လိုဏ်ခေါင်းက ထွက်မှ အိမ်သာကို ပို့ပေးမယ်လို့ ပြောတာဖြစ်သည်။

## ခွဲခွာနှုတ်ဆက် လွမ်းရေးခက်သည်

တောင်ကို ဖြတ်ဖောက်ထားသည့် လိုဏ်ခေါင်းရှည်ကြီးကို ဖြတ်မောင်းနေတာ နာရီဝက်မျှမက ကြာပြီးမှ လိုဏ်ခေါင်းကြီးထဲက ထွက်သည်။ လိုဏ်ခေါင်းက ထွက်ပြီး မကြာမီ လမ်းဘေးရှိ တောတွင်း တစ်နေရာက မီးတွေ ထိန်လင်းနေသည့် အဆောက်အဦလေး တစ်ခုမှာ ကားရပ်ပေးသည်။ အဆောက်အဦလေးက သပ်ရပ် သန့်ရှင်းသည်။ အိမ်သာနှင့် ရေချိုးခန်းတွေရှိသည့် အဆောက်အဦလေး ဖြစ်သည်။ ကိုအဏ္ဏဝါက မအောင့်နိုင်တော့လို့ အိမ်သာကို တန်းဝင်လိုက်ရသည်။

http://www.linhtet.com



အိမ်သာက ထွက်လာတော့မှ အဆောက်အဦလေးကို လှေ့လာ ကြည့်မိသည်။ အရောင်းဈေးသည် မရှိသည့် တိုလီမိုလီ ဆိုင်လေး ဖြစ်သည်။ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်ဓား၊ စနိုးတာဝါ၊ ရေမွှေး စသည့် သန့်စင်ပစ္စည်းတွေ ရနိုင်သည်။ ဆင်းဒွက်ချ်၊ အသားညှပ်ပေါင်မုန့်၊ အအေးဘူး၊ စီးကရက်၊ ခေါက်ဆွဲခြောက် အထုပ် တွေ ရနိုင်သည်။ အသင့်ဖျော်သောက်လို့ရသည့် ကော်ဖီဘူးလည်း ရသည်။ ကြွက်ကြွက်ဆူနေသည့် ရေနွေးလည်း ရသည်။ ပိုက်ဆံထည့် ပြီး ကိုယ်တိုင် ယူသုံးရသည့် ဆိုင်ကလေးဖြစ်သည်။

ဗိုက်ဆာနေသူတွေက ခေါက်ဆွဲပြုတ် စားကြသည်။ ကော်ဖီ သောက်ကြသည်။ ယန်း ၁၀၀/၂၀၀ စသည်ဖြင့် ဈေးနှုန်းရေးထားသည့် ခလုတ်ကို နှိပ်လိုက်ရသည်။ မိမိလိုချင်သည့် ပစ္စည်း ပုံလေးကို နှိပ်လိုက် ရသည်။ ပစ္စည်း ထွက်ကျလာသည်။ ပိုက်ဆံ ပိုထည့်ပါက ပိုငွေကို ပြန်အမ်းပါသည်။ အရောင်းဈေးသည် မရှိသည့် ဆိုင်ကလေးက ဟန်ကျ သည်။ ဝန်ထမ်းလစာ ပေးစရာမလိုသည့် စနစ် ဖြစ်သည်။ တိုးတက်ပြီး ယဉ်ကျေးမှု အဆင့်မြင့်သည့် နိုင်ငံမှာသာ ဖြစ်နိုင်မည့် စနစ်ဖြစ်သည်။

၁၂-၁၀-၈၈ နေ့ နံနက် ၆-နာရီခွဲတွင် ဖူကူယိုးကား (FU-KUOKA) ဆိုသော မြို့ကြီး၏ လေဆိပ်ကိုရောက်သည်။ ဂရိလူမျိုးတွေ နှင့် ကုလားတွေက ဒီနေ့ပင် သူ့တို့နိုင်ငံတွေ အသီးသီးကို ဒီလေဆိပ် ကြီးမှ ပြန်ကြမည်ဟု သိရသည်။ ဂရိ ကပ္ပိတန်က ကားပေါ်က ဆင်းခါနီး မှာ သူ့တပည့် သင်္ဘောသားတွေကို လက်ဆွဲ နှုတ်ဆက်သည်။

“ပင်လယ်ရေတွေ မခန်းသေးသရွေ့ တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ပြန်ဆုံကြသေးတာပေ့ါ၊ အားလုံး ကံကောင်း ကြပါစေ”

“ဟုတ်ကဲ့ ပြန်လည်ဆုံတွေ့ချင်ပါသေးတယ်၊ ဆရာလည်း ကံ ကောင်းကြပါစေ”

အပြန်အလှန် လက်ဆွဲ နှုတ်ဆက်ကြသည်။ ရက်ပေါင်း အတော် ကြာကြာ၊ လအနည်းငယ်ခန့် တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားခဲ့ ကြသူတွေ ဖြစ်လို့ သံယောဇဉ်တွေ ဖြစ်နေကြသည်။ သားအဖ၊ ညီအစ်

http://www.linhtet.com



ကိုအရင်းတွေလည်း မဟုတ်၊ သမီးရည်းစားလည်း မဟုတ်သည့် အတွက် လွမ်းရေး ခက်နေတော့သည်။

## ဖူကူယိုးကား၊ တိုကျို၊ မနီလာ

ဂရိလူမျိုး သင်္ဘောသားတွေနှင့် ကုလားတွေ ဖူကူယိုးကား လေဆိပ်ကြီးထဲ ဝင်သွားတော့ ကိုအဏ္ဏဝါတို့ စီးလာသည့် အဝေးပြေးကားသည် ကိုအဏ္ဏဝါတို့ မြန်မာ ၁၆-ယောက်ကို တင်ဆောင်ပြီး ဖူကူယိုးကား မြို့ထဲကို ပြန်မောင်းလာခဲ့သည်။ မြို့ထဲက ဟိုတယ် စတေရှင် ပလာဇာ (HOTEL STATION PALAZA) ဆိုသော ကြယ်ငါးပွင့် ဟိုတယ်ကြီးကို ပို့ထားခဲ့ပြီး ဂျပန် ယာဉ်မောင်းဆရာ ပြန်သွားလေတော့သည်။

၁၃-ရက်နေ့ နံနက် ၆-နာရီမှာ အိပ်ရာက ထကြသည်။ ကိုအဏ္ဏဝါမှာ ပစ္စည်းတွေ များလွန်းလို့ လေယာဉ်စီးရန် အလေးချိန် အတော် များနေသည်။ ဂျပန်လေယာဉ်သည် သင်္ဘောသား တစ်ဦးကို အခမဲ့ သယ်ဆောင်ခွင့် အလေးချိန် ကီလို ၄၀ သာ ခွင့်ပြုသည်။ ကိုအဏ္ဏဝါမှာ ကီလို ၁၀၀ လောက် ဖြစ်နေသည်။ သင်္ဘောရောင်းလိုက်သည့် အတွက် အလကားရလို့ သင်္ဘောက ဖြုတ်ယူလာသော ပစ္စည်းတချို့ ကလည်း အတော်လေးနေသည်၊ ကိုအဏ္ဏဝါ သေတ္တာတွေ ဖွင့်ပြီး အလေးချိန် (ဝိတ်) လျှော့ရတော့သည်။

သင်္ဘောက လစဉ်ပေးလို့ စုထားသည့် လပ်ခ်ဆပ်ပြာအခဲ-၂၀ ကို လျှော့သည်။ ကာဗွန်ခံရေးလို့ တစ်စောင်စီ ပိုနေသည့် ဝတ္ထုစာမူတွေကို လျှော့သည်။ ဒေါ်လာ-၂၀ ခန့်စီ ပေးရသည့် လီးဗိုက်စ် ဂျင်းဘောင်းဘီ နှစ်ထည် ကိုလျှော့ရမှာ နှမြောလွန်းလို့ မျက်ရည်သုတ်ပြီး လျှော့လိုက်ရသည်။ အတော် ပေါ့သွားပြီး ဖြစ်သည်။ ကီလို-၄၀ က ပိုတာကို လက်ဆွဲလုပ်မည်ဟု စီစဉ်လိုက်သည်။

http://www.linhtet.com



ကိုအဏ္ဏဝါတို့ ဟိုတယ်က မထွက်မီမှာပင် ဟိုတယ်အခန်း သန့်ရှင်းရေး အမျိုးသမီးကြီး အခန်းတွင်း ဝင်လာပြီး သန့်ရှင်းရေးလုပ်သည်။ သန့်ရှင်းရေး ဂျပန် အမျိုးသမီးသည် ဘောင်းဘီရှည် ဝတ်ထားသည်။ လည်ရှည်ဖိနပ် စီးထားသည်။ မိုးရေကာ ဝတ်စုံကို ဝတ်ထားသည်။ လက်အိတ် စွပ်ထားသည်။ နှာခေါင်းကို အုပ်ထားသည်။ ဆံပင်ကို ပဝါဖြူဖြင့် အုပ်စည်းထားသည်။

ကိုအဏ္ဏဝါက လပ်ခ်ဆပ်ပြာခဲကြီးတွေနှင့် ဂျင်းဘောင်းဘီ အသစ်တွေကို လိုချင်ယူလိုက်တော့ ဆိုသည့်ပုံ အမူအရာ ပြလိုက်သည်။ ဂျပန်သန့်ရှင်းရေး အလုပ်သမကြီးက "ဟိုက်" လို့ အသံပြုပြီး ဆပ်ပြာခဲကြီးတွေကို အမှိုက်ပုံးထဲ ပစ်ထည့်လိုက်သည်။ ဘောင်းဘီ နှစ်ထည်ကို သံညှပ်ဖြင့် အဝေးက လှမ်းကိုင်ပြီး လက်တွန်း အမှိုက်လှည်းအတွင်း ပစ်ထည့်တာ မြင်လိုက်ရသည်။

လေဆိပ်ကို သွားမည့် ကား လာခေါ်ပြီဆိုလို့ ဟိုတယ်က ထွက်လိုက်ကြသည်။ နံနက် ၇-နာရီမှာ ဖူကူယိုးကား လေဆိပ်ကို ရောက်သွားကြသည်။ ကိုအဏ္ဏဝါ အပါအဝင် မြန်မာသင်္ဘောသား ၁၆-ယောက်လုံးမှာ ပေါင်ပိုတွေ (အလေးချိန်တွေ) များနေသည်။ လေဆိပ်က တာဝန်ရှိသူက မြန်မာ သင်္ဘောသားတွေ ဆိုတာ သိသွားတော့ ဘာမှ မပြောတော့ဘဲ ခွင့်ပြုလိုက်သည်။ ဘာကြောင့်မှန်းမသိ ဂျပန်သည် မြန်မာတွေကို အတော်အရေးပေးသည်။

နံနက် ၇-နာရီခွဲတွင် ဖူကူယိုးကား လေဆိပ်မှ တိုကျိုသို့ ထွက်ခွာကြသည်။ တိုကျိုလေဆိပ် အဟောင်းမှာ ဆင်းသက်သည်။ တိုကျိုလေဆိပ်မှ နာရီးဒါး (NARIDA) နိုင်ငံတကာ လေဆိပ်ကို ကားဖြင့် သွားကြသည်။

နာရီဒါး လေဆိပ်မှ ဖိလစ်ပိုင် လေကြောင်းဖြင့် ထွက်ခွာကြသည်။ ဖိလစ်ပိုင်နိုင်ငံ စီဘူး (CEBU) လေဆိပ်ကို ရောက်သွားကြသည်။ ည

http://www.linhtet.com





ပစ္စည်းတွေ များလွန်းလို့ ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီးတား လေဆိပ်မှာ
ဒုက္ခများနေသော ကိုအဏ္ဏဝါ




ဖိလစ်ပိုင်နိုင်ငံ မနီလာလေဆိပ်မှာ ကိုအဏ္ဏဝါ

အဏ္ဏဝါစာပေ

http://www.linhtet.com



မိုးချုပ်နေပြီ ဖြစ်သည်။ သင်္ဘောသားတွေ အားလုံး ခရီး ပန်းနေကြပြီ ဖြစ်လို့ လေယာဉ် ဘယ်အချိန် ထွက်တယ်၊ ဘယ်အချိန် ရောက်တယ် ဆိုတာကိုတောင် သတိမထားနိုင်ကြအောင် ဖြစ်နေကြသည်။

စီဘူးမြို့ လေဆိပ်မှ ည ၈-နာရီခန့်တွင် လေယာဉ် ဆက်ထွက်သည်။ အညာသား လေသံဖြင့် ပြောရလျှင် ဖိလစ်ပိုင် လေယာဉ်မယ်တွေရဲ့ လှချက်ကတော့ ကမ်းကုန်သယ်၊ ပင်ပန်းလွန်းတဲ့ ကြားက လေယာဉ်မယ် ချောချောတွေကို ကြည့်ပြီး အကုသိုလ် စိတ်တွေ ဖြစ်လာသေးသည်။

ည ၁၀-နာရီကျော်မှ မနီလာ လေဆိပ်ကို ရောက်ပြီး လေယာဉ်ပေါ်က ဆင်းကြသည်။ နက်ဖြန်မှ ဘန်ကောက်ကို ခရီးဆက်ကြရမည် ဖြစ်လို့ လေဆိပ်ထဲမှာပင် နေကြရသည်။ လေဆိပ်ထဲက ကြမ်းခင်းမှာ ပစ္စည်းတွေ စုပုံထားသည်။ ပစ္စည်းတွေကို စောင့်ရင်း ထိုင်ခုံတွေပေါ်မှာ ထိုင်သူထိုင်၊ အိပ်သူအိပ်၊ ငိုက်သူငိုက်ဖြင့် တစ်ညလုံး နေလိုက်ကြရသည်။

❐

[ ၂ ]

# ခေတ္တနားမည် အဏ္ဏဝါခရီးသည်

ဖိလစ်ပိုင်နိုင်ငံမြို့တော်၊ မနီလာ နိုင်ငံတကာ လေဆိပ်ကြီးထဲမှာ တစ်ရေးမှ မအိပ်လိုက်ရဘဲ မိုးလင်းခဲ့သည်။ မိုးလင်းတော့ အောက်တိုဘာ ၁၄-ရက်၊ သောကြာနေ့ ဖြစ်သည်။ ယနေ့ပင် ဖိလစ်ပိုင် နိုင်ငံမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ခရီးဆက်မည် ဖြစ်သည်။

မနေ့ညက မနီလာ လေဆိပ်ကို ရောက်လာသောအခါ လေဆိပ်အကောက်ခွန် ဝန်ထမ်းတွေနှင့် ဆက်ဆံခဲ့ရပုံတွေကို ပြန်လည် အမှတ်ရမိသည်။ သင်္ဘောသားတွေ ဂျပန်က ဝယ်ယူလာသည့် လျှပ်စစ် ပစ္စည်းတွေနှင့် ပတ်သက်ပြီး စကားပြောခဲ့ရသည်။ အကောက်ခွန်မဲ့ တင်သွင်းလာပါတယ်ဆိုတဲ့ ပုဒ်မဖြင့် ပစ္စည်းသိမ်းရန် လုပ်သည်။ အနူးအညွတ် တောင်းပန်ပြီး စီးကရက် တစ်တောင့် ပေးလိုက်တော့မှ ကိစ္စပြီးသွားတော့သည်။

## မနီလာ၊ ဘန်ကောက်၊ ရန်ကုန်

တစ်ရေးမှ မအိပ်လိုက်ရဘဲ လေဆိပ်က ထိုင်ခုံတွေပေါ်မှာ မိုးလင်းခဲ့ကြသည်။ မနီလာ နိုင်ငံတကာ လေဆိပ်သည် အရှေ့တောင် အာရှမှာ

http://www.linhtet.com



တတိယမြောက် လေယာဉ် အတက်အဆင်း များသော လေယာဉ်ကွင်းလို့ ယူဆရသည်။ အရှေ့တောင် အာရှမှာ လေယာဉ် အတက်အဆင်း အများဆုံး လေယာဉ်ကွင်းသည် စင်ကာပူ ရှန်ဂီး လေဆိပ်ဖြစ်သည်။ နေ့ရောညပါ ၅-မိနစ်လျှင် လေယာဉ် တစ်စီးနှုန်း အတက်အဆင်း လုပ်နေတာ တွေ့ရသည်။



ပင်ပန်းလွန်းလို့ လေယာဉ်ထိုင်ခုံတွေပေါ်မှာ
အိပ်ပျော်နေသော ကိုအဏ္ဏဝါ

ဒုတိယလိုက်တာက ဘန်ကောက်က ဒွန်မောင်းလေဆိပ် ဖြစ်ဖွယ်ရှိသည်။ နာရီဝက် တစ်ကြိမ်လောက် လေယာဉ်ကြီးတွေ အတက်အဆင်း လုပ်ကြတာ တွေ့ရသည်။ မနီလာလေဆိပ်သည်လည်း ညဘက် မှာ လေယာဉ်ကြီးတွေ ဆင်းတာ၊ တက်တာ ကြားနေရသည်။ ကော်ရီဇုန်

http://www.linhtet.com



အကီနို အုပ်ချုပ်နေသည့် ကာလဖြစ်လို့ နိုင်ငံစီးပွားရေး အခြေအနေ အရ သင်္ဘောကြီးတွေနှင့် လေယာဉ်တွေ အဝင်အထွက် နည်းသွားသည်ဟု သိရသည်။ မာကို့စ်လက်ထက်က ရေယာဉ်နှင့် လေယာဉ် အဝင်အထွက်တွေ များခဲ့သည်ဟု သိရသည်။

နံနက် ၇-နာရီတွင် အသင့် ပြင်ကြသည်။ ပစ္စည်းတွေ ချိန်တွယ်ရာမှာ အလေးချိန်များသည့် ပြဿနာအတွက် ရင်တမမ ဖြစ်နေရသေး သည်။ ဂျပန်နိုင်ငံက လာခဲ့သည့် ခရီးသည်တွေဖြစ်လို့ သေသေချာချာ တောင် မချိန်တော့ဘဲ လေယာဉ်ပေါ် တင်လိုက်တော့သည်။ တော်ပါသေး ရဲ့ဟု သက်မကြီး ချလိုက်ကြသည်။

နံနက် ၉-နာရီတွင် ဖိလစ်ပိုင် အဲယားလိုင်း ဘိုးရင်း-၇၄၇ လေယာဉ်ကြီးဖြင့် မနီလာလေဆိပ်က ထွက်ခွာကြသည်။ ထိုင်းနိုင်ငံ ဘန်ကောက် လေဆိပ်သို့ ဒေသအချိန် နေ့လယ် ၁-နာရီမှာ ရောက် သည်။ ယနေ့ မြန်မာပြည်ကို သွားမည့် လေယာဉ် မရှိဘူးဆိုလို့ မြို့ထဲ သွားကြရတော့မည် ဖြစ်သည်။ ဘန်ကောက် လေဆိပ်သည် ခရီးသည် တွေအတွက် အစစ အဆင်ပြေအောင် စီစဉ်ထားသည်။ ဧည့်ခံ ကြိုဆိုရေး ကုမ္ပဏီက ကလေးမလေးက ဘာအကူအညီ လိုပါသလဲဟု လာမေး သည်။

"ဘာကူညီရမလဲရှင်"

"ကျွန်တော်တို့ ဒီည တစ်ည ဘန်ကောက်မှာ အိပ်ရမယ်ဆိုတော့ ဒီပစ္စည်းတွေကို လေဆိပ်မှာ အပ်ထားခဲ့ချင်ပါတယ်၊ မြို့ထဲက သင့်တော် ရာ ဟိုတယ်တစ်ခုမှာ တည်းခိုချင်ပါတယ်"

"ရပါတယ်၊ လုပ်ပေးပါမယ်၊ ပစ္စည်းတွေ ထိန်းသိမ်း စောင့် ရှောက်ခ တစ်ယောက်ကို နှစ်ဒေါ်လာ ကျပါမယ်၊ မြို့ထဲကို ပို့ပေးပါမယ်၊ အလွန်စျေးသက်တာတဲ့ ဟိုတယ်မှာ တည်းခိုနိုင်အောင်လည်း စီစဉ်ပေး ပါမယ်"

"ကျေးဇူးတင်လိုက်တာ သမီးရယ်"

ကြိုဆိုဧည့်ခံရေး ကုမ္ပဏီက ကလေးမသည် သင်္ဘောသား ၁၆-ယောက်တို့၏ ခရီးဆောင် သေတ္တာတွေကို စာရင်းနှင့် တကွ လက်ခံယူ

http://www.linhtet.com



သည်။ အရေးကြီး စာရွက်စာတမ်းတွေနှင့် ပိုက်ဆံတွေကို မထားခဲ့ဘဲ မိမိနှင့် အတူ တစ်ပါတည်း ယူဆောင်သွားကြရန်ကိုလည်း သတိပေးပါသည်။ အတော်စေ့စပ် သေချာသည့် ဝန်ဆောင်မှု ဖြစ်သည်။

ကလေးမလေးသည် ကိုအဏ္ဏဝါတို့ လူစုကို မီနီဘတ်စ်ကား တစ်စီးဖြင့် တင်ဆောင်ပြီး လေဆိပ်မှ မောင်းထွက်ခဲ့ပါသည်။ ဒွန်မောင်း နိုင်ငံတကာ လေဆိပ်ကြီးနှင့် ဘန်ကောက်မြို့သည် မိုင် ၂၀ လောက် တောင် ဝေးသည်ဟု ကြားဖူးသည်။ ဖြောင့်ဖြူးနေသည့် အဝေးပြေးလမ်း ကြီး တစ်လျှောက် အတော်ကြာအောင် မောင်းနေရသည်။

ကားပေါ်မှာ ပါလာကြသည့် မြန်မာသင်္ဘော ၁၆-ယောက်တို့ သည် နက်ဖြန်ဆိုလျှင် မိသားစုနှင့် ပြန်တွေ့ရတော့မည် ဆိုသည့် အတွေး ကိုယ်စီဖြင့် ပျော်လာကြသည်။

(၁) ကိုအဏ္ဏဝါ၊ (၂) ဒုတိယ အရာရှိ ရောဘတ်အောင်ဇော်၊ (၃) တတိယအရာရှိ ဟန်မြင့်၊ (၄) တတိယ အင်ဂျင်နီယာ ခင်မောင်ညွန့်၊ (၅) ဆီလောင် စိုးသန်း၊ (၆) ဝင်းထိန်၊ (၇) စောစတာလင်၊ (၈) ဘိုဆင် ဦးမောင်စိန်၊ (၉) တက်မကိုင် စိုးပိုင်၊ (၁၀) ကိုထွေး၊ (၁၁) ကျော်ဟိန်း၊ (၁၂) မြင့်သိန်း၊ (၁၃) သက်ဦး၊ (၁၄) အလုပ်သင် ကဒက် ကျော်သူရ၊ (၁၅) ထမင်းချက် စိုးတင့်၊ (၁၆) စားပွဲထိုး ချာလီ ခေါ် မြင့်သိန်းတို့ ကားပေါ်မှာ ပါလာကြသည်။ အားလုံးပင် တက်ကြွ ပျော်ရွှင်နေကြသည်။ အမိနိုင်ငံကို ပြန်ရောက်ကြတော့မည် မိသားစုတွေနဲ့ ပြန်တွေ့ကြရတော့မည် ဆိုသည့် အတွေးကိုယ်စီဖြင့် ဘဝအမောတွေကို မေ့ပြီး ပျော်နေကြသည်။

လေဆိပ်က ဧည့်ကြိုကလေးမသည် သူတို့လုပ်ငန်းနှင့် အချိတ် အဆက်ရှိဟန် တူသည့် ဟိုတယ်တစ်ခုကို ပို့ပေးသည်။ ဟိုတယ်နာမည် က မာရာကို (MARAKO) ဟု ရေးထားတာ တွေ့ရသည်။ ဈေးသင့် ပါသည်။ ၂၄-နာရီ တည်းခိုခအတွက် ၁၄-ဒေါ်လာမျှသာ ပေးရပါသည်။ ကလေးမလေးက နက်ဖြန် အစီအစဉ်ကို ပြောပြသည်။

"နက်ဖြန် နံနက် ၈-နာရီမှာ ကျွန်မ လာခေါ်မယ်၊ ဘန်ကောက် မြို့တွင်း လျှောက်ပြမယ်၊ မြဘုရားဖူးမယ်၊ ကျောက်မျက်ရတနာ

http://www.linhtet.com



အရောင်းဆိုင်ဝင်မယ်၊ မိကျောင်းကန် သွားမယ်။ ရေပေါ်ဈေးကို လျှောက်လည်မယ်၊ ပြီးလျှင် လေဆိပ်ကို တန်းဆင်းရမယ် ဘာမေးစရာ ရှိလဲ"

"မရှိပါဘူး"

ကလေးမသည် ကိုအဏ္ဏဝါတို့ကို ဟိုတယ်မှာ ထားပစ်ခဲ့ပြီး ပြန်သွားသည်။ နက်ဖြန် နံနက်မှ ပြန်လာမည်ဟု ဆိုသည်။ သူမ၏ ဝန်ဆောင်ခအတွက် တစ်ယောက်ကို ဒေါ်လာ ၂၀-စီ ပေးကြရသည်။ အလွန်တန်သော ကြေးဖြစ်သည်။ မိမိ အစီအစဉ်ဖြင့် လှုပ်ရှားကြမည် ဆိုပါက တစ်ယောက်ကို ဒေါ်လာ တစ်ရာလောက်စီ ကုန်သွားနိုင်သည်။

## ကိုအဏ္ဏဝါ ရွာပြန်ရောက်ပြီ

ကိုအဏ္ဏဝါနှင့် ဒုတိယအရာရှိ ရောဘတ်အောင်ဇော်တို့ ဟိုတယ်မှ ထွက်ပြီး မြို့ထဲ လျှောက်လည်ကြသည်။ တီဗွီ အပေါ်စက် အောက်စက် တွေ ရောင်းသည့် ဆိုင်ကြီး တစ်ဆိုင်ကို ရောက်သွားကြသည်။ တိုရှီဘာ အမျိုးအစား V-87 အောက်စက် တစ်လုံးကို ကြိုက်ပြီး အမေရိကန် ဒေါ်လာ ၆၇၀ ဖြင့် ဝယ်လိုက်မိသည်။ ဝယ်ပြီးမှ နှမြောနေတော့သည်။ စင်ကာပူမှာ ဝယ်လျှင် ဒေါ်လာ ၄၀၀ ခန့်သာ ပေးရမည် ဖြစ်သည်။

နက်ဖြန်ညနေ အိမ်ကိုရောက်မည် ဖြစ်ကြောင်း အသိပေးလိုသည့်အတွက် ရန်ကုန်ကို တယ်လီဖုန်းခေါ်သည်။ လုံးဝ ခေါ်လို့မရ ဖြစ်နေသည်။

ညစာ မစားမီ မာရာကို ဟိုတယ် မြေညီထပ်မှာ ရှိသည့် ဘားဆိုင်မှာ ထိုင်ကြသည်။ ယမကာ နည်းနည်းစီ မှီဝဲကြသည်။ ဘီယာ အရက် မသောက်သူတွေက အချိုရည် သောက်ကြသည်။ ဘားဆိုင်သည်ပင် ဒစ္စကို နိုက်ကလပ် ဖြစ်နေလို့ ဒစ္စကို တေးသွားအလိုက်ဖြင့် နည်းနည်း ပါးပါး ဒိုးဒိုး ဒန့်ဒန့် ဝင်လုပ်လိုက်ကြသေးသည်။ သဘော်သား စရိုက် သဘာဝအရ ဆိုင်းသံ ဗုံသံကြားလျှင် မနေနိုင်ကြလို့ အယားပြေ ဝင်နွှဲ

http://www.linhtet.com



လိုက်ကြသေးသည်။ နက်ဖြန်ဆိုလျှင် အိမ်ကို ပြန်ရောက်တော့မည် ဆိုသည့် အသိကြောင့် သွေးသတ်ပြီး ပွဲသိမ်း လိုက်ကြသည်။

၁၅-၁၀-၁၉၈၈ နေ့သည် စနေနေ့ ဖြစ်သည်။ ရန်ကုန်ကို ပြန်ရောက်ပြီး မိသားစုနှင့် ပြန်တွေ့ကြရတော့မည့် နေ့ ဖြစ်လို့ ရေချိုးသည်။ အဝတ်အစား သန့်သန့်ပြန့်ပြန့် ဝတ်ဆင်ကြသည်။ နံနက် ၇-နာရီတွင် လေဆိပ်က ကလေးမ ရောက်လာပြန်သည်။ အားလုံး အသင့်ပဲလားဟု မေးသည်။ အသင့်ပါပဲဟု ပြောလိုက်သည်။

"ဟိုတယ်က အပြီးထွက်ရမှာဖြစ်လို့ ပစ္စည်း မေ့ကျန်တာမျိုး မဖြစ်အောင် ကိုယ့်ပစ္စည်း ကိုယ် စစ်ကြပါ၊ မြို့ထဲ လျှောက်လည်ပြီးလျှင် လေဆိပ်ကို တန်းဆင်းကြရမယ်၊ ဘီအေစီ မြန်မာ လေယာဉ်က ညနေ ၃-နာရီမှာ ထွက်မယ်"

ကလေးမသည် စေ့စပ်သေချာရုံသာမက မြန်မာ သင်္ဘောသား တွေ အပေါ်မှာ စေတနာထားတာကို သတိထားမိသည်။ ကုမ္ပဏီ ဝတ်စုံ လေးဖြင့် ကြည့်ကောင်းသည်။ မီးခိုးရောင် ကုတ်အင်္ကျီလေး ဝတ်ထား သည်။ အပြာရင့်ရောင် စကတ်အတိုလေးဝတ်ပြီး ဟပ်ရှူးဖိနပ် အနက် ရောင်ကို စီးထားသည်။ အင်္ဂလိပ်စကားကို အမေရိကန် လေသံဖြင့် ပြောတာ ချစ်စရာကောင်းလှသည်။ မျက်နှာလေးက ဝိုင်းပြီး ဖြူဝင်း မွတ်ညက် နေသည်။ ရယ်လိုက် ပြုံးလိုက်လျှင် ရင်ခုန်ရသည်။ နံနက် ၇-နာရီခွဲတွင် ဟိုတယ်မှ အပြီး ထွက်ခွာခဲ့ကြသည်။ နံနက်ပိုင်း ဈေးစည် ချိန်ဖြစ်လို့ ရေပေါ်ဈေးကို အလျင်သွားကြသည်။ ပွဲထောင်လှေကို စီးပြီး ရေပေါ်ဈေးကို သွားရသည်။ ခနိုပင်တွေ ဝဲယာမှာ ပေါက်နေသည့် ချောင်းကျဉ်း တစ်ခုအတွင်း ဝင်သွားရခြင်း ဖြစ်သည်။ ရေပေါ်ဈေးကို ရောက်ဖူးပြီ ဖြစ်သော်လည်း ရောက်တိုင်းပင် အသစ်အဆန်း ဖြစ်နေ သည်။ ချောင်းကမ်းနဖူးက ခနိုပင်တွေကြားမှာ ဆောက်ထားသည့် စတိုး ဆိုင်တွေက ပစ္စည်းတွေကို လှေပေါ်က ဝယ်ကြရသည်။ ကမ္ဘာ့ အရပ် ရပ်က လာကြသည့် ကမ္ဘာလှည့် ခရီးသည်တွေဖြင့် စည်ကားနေပါသည်။

နေမြင့်လာပြီ ဖြစ်လို့ မြဘုရားကို သွားဖူးကြသည်။ မြဘုရား သည် နန်းတော်ဟောင်း ဝင်းထဲမှာ တည်ထား၍ နန်းတော်ကြီးထဲကို

http://www.linhtet.com





ရန်ကုန်ကို ပြန်ရောက်မည့်နေ့ ဘန်ကောက်မှာ မြဘုရားနှင့်
နန်းတော်ဟောင်းကို သွားလည်ကြသည်

ဝင်ကြေး ဘတ် ၅၀ စီ ပေးပြီး ဝင်ကြရသည်။ မြဘုရားဖူးတာ ကြာသွားလို့ မိကျောင်းကန်ကို မသွားလိုတော့ပါဟု ပြောလိုက်သည်။ ကလေးမ ကျောက်မျက်ရတနာ အရောင်းပြခန်းကိုတော့ ပို့ဖြစ်အောင် ပို့လိုက်သေးသည်။

နိုင်ငံခြားသားတွေက ကျောက်မျက် ရတနာဝယ်လျှင် တန်ဖိုးအပေါ်မှာ သူက ရာခိုင်နှုန်းဖြင့် ကော်မရှင် စားရမည်ဖြစ်လို့ အတင်းလိုက်ပို့ခြင်း ဖြစ်သည်။ ကိုအဏ္ဏဝါတို့ကလည်း ရတနာနှင့် ပတ်သက်လျှင် နီလာနှင့် ပတ္တမြားကို ခွဲခြားပြီးမသိ၊ စိန်၊ ကျောက်ဖြူနှင့် ပုလင်းကွဲကိုလည်း ခွဲခြားပြီး မသိလို့ ဘာမျှ မဝယ်သောအခါ ကလေးမ စိတ်ပျက်သွားသည်။

ဘန်ကောက်မြို့ထဲမှာ ဘာမျှ လုပ်စရာ မရှိတော့သောအခါ လေဆိပ်ကို ဆင်းကြသည်။ နေ့လယ် ၂-နာရီ လေဆိပ်ကို ရောက်သွား

ကြသည်။ ဘီအေစီ လေယာဉ်ဖြင့် ပြန်ကြရမည်ဖြစ်လို့ ခရီးဆောင် သေတ္တာတွေ၊ လက်ဆွဲအိတ်တွေကို အလေးချိန် ပြန်ချိန်ကြရသည်။ အလေးချိန်တွေ အလွန်များနေကြသဖြင့် ပေါင်ပိုကြေးတွေ ဆောင်ကြရသည်။ ကိုအဏ္ဏဝါ တစ်ယောက်တည်းက ၅၂-ဒေါ်လာ ဆောင်လိုက်ရသည်။

ညနေ ၄-နာရီတွင် ဘီအေစီ လေယာဉ် ဖော်ကာဖရင်းရှက် (အက်ဖ်-၂၈) ဖြင့် ဘန်ကောက်မှ ထွက်ခွာကြသည်။ လေယာဉ်မယ်တွေက ခရီးသည်တွေကို သီးမွှေး ငှက်ပျောသီး တစ်လုံးစီနှင့် အချိုရည်ခွက် သေးသေးလေး တစ်ခွက်စီ လိုက်ကမ်းသည်။ နိုင်ငံခြားသားတွေက ခေါင်းခါ ငြင်းပယ်ကြသော်လည်း ကိုအဏ္ဏဝါတို့ လူစုက ကိုယ့်လေကြောင်းလိုင်းကို အားပေးသည့် အနေဖြင့် လာပေးတာကိုယူ စားသောက်ကြပါသည်။

## အဏ္ဏဝါခရီး မပြီးဆုံးသေးပါ

ကိုအဏ္ဏဝါ၏ ဘော်ဒါကြီး တက်မကိုင် ကိုထွေးသည် ကိုအဏ္ဏဝါကို လေယာဉ်ပေါ်မှာပင် နှိပ်စက်တော့သည်။ ဘန်ကောက် လေဆိပ်မှာ ပစ္စည်းအပ်ရာတွင် သူ သယ်ယူပေးသည့် ကိုအဏ္ဏဝါ၏ အိတ်ကလေး တစ်လုံး အတွက်၂-ဒေါ်လာ ကျတာကို ကိုအဏ္ဏဝါက အကြွေ မရှိလို့ ဆယ်ဒေါ်လာတန် ပေးလိုက်မိသည်။ ပိုသည့် ရှစ်ဒေါ်လာကို မပေးဘဲ အရက် သောက်ပစ်လိုက်သည်။

ကိုထွေးသည် နိုင်ငံတော် အစိုးရသို့ ပေးသွင်းရမည့် မိသားစု လွှဲငွေ မပြည့်ဘဲ ၁၁-ဒေါ်လာ လိုနေသည်။ အဲဒီ လိုငွေ ၁၁-ဒေါ်လာကိုလည်း ကိုအဏ္ဏဝါက ဘော်ဒါစိတ်ဖြင့် ဖြည့်စွတ်ပေးထားပြီး ဖြစ်သည်။ တစ်လှေတည်း စီးပြီး တစ်ခရီးတည်း အတူသွားခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက် ဖြစ်သည့်အပြင် ရက်စက်ယုတ်မာသည့် ဂရိ ကပ္ပိတန်နှင့် ဖြစ်ခဲ့သည့် တိုက်ပွဲမှာ ကိုအဏ္ဏဝါနှင့် အတူ လက်တွဲပြီး တိုက်ပွဲဝင်ခဲ့သည့် ရဲဘော်ဆိုတဲ့ ဘော်ဒါစိတ်နဲ့ အနစ်နာ ခံခဲ့ခြင်း ဖြစ်သည်။

http://www.linhtet.com



ကိုထွေးသည် အသက်ကြီးနေပြီ ဖြစ်လို့ သင်္ဘောသား အိုပယ်စာရင်း ဝင်နေသူဖြစ်သည်။ ဒီအခေါက်သည် ကိုထွေးအတွက် နောက်ဆုံးအခေါက် ဖြစ်နိုင်သည်။ ဒါကို သတိ မရှိဘဲ သောက်သောက်စားစား၊ ပျော်ပျော်ပါးပါး နေခဲ့သည်။ သင်္ဘောပေါ်က ဖဲဝိုင်းမှာ ကိုထွေး အမြဲပါသည်။ သင်္ဘော ရောင်းပြီဆိုတော့ ကိုထွေးမှာ ဖဲရှုံးလို့ ငွေလက်ကျန်မရှိဟု သိရတော့သည်။ ဂျပန် ဆိပ်ကမ်းမှာ မော်တော်ကားဖြင့် လာရောင်းသည့် လက်မ ၂၀ ရုပ်မြင်သံကြားစက် ဝယ်ဖို့ ပိုက်ဆံကိုတောင်ကိုအဏ္ဏဝါက ထုတ်ပေးလိုက်ရသည်။ နောက်ဆုံးလစာ ထုတ်ပြီးမှ ပြန်ပေးပါသည်။ ကြွေးတွေ ဆပ်ပြီးသောအခါ ကိုထွေးမှာ ပိုက်ဆံတစ်ပြားမှ မကျန်တော့ဟု သိရသည်။ သူ့ မိသားစုအတွက် စိတ်မကောင်း ဖြစ်မိပါသည်။

ညနေ ၄-နာရီတွင် ရန်ကုန် မင်္ဂလာဒုံ လေဆိပ်ကို ရောက်ကြသည်။ မိသားစုတွေ လာကြိုနေကြသည်။ အားလုံး ဝမ်းသာအားရဖြစ်နေကြသည်။ ကိုထွေးကတော့ လေယာဉ်ပေါ်မှာ သောက်လာခဲ့သောအရက်အရှိန် မပြေသေးလို့ အနည်းငယ် ယိုင်ထိုးယိုင်တိုင် ဖြစ်နေသည်။ ဝတ်ကောင်း စားလှတွေဖြင့် အဖေကြီးကို လာကြိုနေသည့် သားသမီးလေးတွေက ရှက်ကြရှာမည် ဖြစ်သည်။ ကိုထွေးသည် သင်္ဘောသားလုပ်သက် အနှစ် ၂၀ ကျော် ရှိပြီဖြစ်သော်လည်း အိမ်ပိုင် ရာပိုင်မရှိသေးဟု သိရသည်။

ရန်ကုန်ကို ပြန်ရောက်ပြီ ဖြစ်လို့ ကိုထွေးကို အပ်နှံထားသည့်ကိုအဏ္ဏဝါ၏ အိတ်တစ်လုံးကို ပေးပါရန် ပြန်တောင်းသောအခါ ကိုထွေးက နောက်နေ့မှ သူ လာပေးပါမည်ဟု ကိုအဏ္ဏဝါကို တိုးတိုး ကပ်ပြောသည်။ သူ့ ပစ္စည်းထင်ပြီး သူ့သားသမီးလေးတွေက တယုတယ ပွေ့ပိုက်ထားပြီဖြစ်လို့ ဆွဲယူပြီး ကိုအဏ္ဏဝါကို လွှဲပြောင်းပေးရမှာ ခက်နေဟန်တူသည်။ ကိုအဏ္ဏဝါက ခပ်မာမာ တောင်းတော့မှ စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်ပေးပါသည်။

ကိုအဏ္ဏဝါ အတော် စိတ်မကောင်း ဖြစ်မိသည်။ ကိုထွေး၏မိသားစု အတွက်လည်း စိတ်မကောင်း ဖြစ်မိပါသည်။ ကျူးဘားနိုင်ငံ

http://www.linhtet.com



စီရင်ဖွဲ့ဂိုးမြို့က နိုက်ကလပ်ထဲမှာ မူးလဲနေတာကို လုပ်ဖော်ကိုင်ဖက် သင်္ဘောသားတွေက ထားပစ်ခဲ့လို့ ကိုအဏ္ဏဝါက ထမ်းယူခဲ့တဲ့ ကျေးဇူး ကိုတောင် မထောက်တော့ပါလား ကိုထွေးရယ်ဟု တွေးလိုက်မိပါသည်။

လေဆိပ်က ထွက်လာကြတော့ ည မိုးချုပ်နေပြီ ဖြစ်သည်။ ကမ္ဘာအေးဘုရားလမ်းမှာ မီးတွေ လင်းနေပြီ ဖြစ်သည်။

အသက်ကြီးမှ သင်္ဘောလိုက်သည့် အဏ္ဏဝါခရီးသည်ကြီး ကိုအဏ္ဏဝါ၏ အဏ္ဏဝါခရီးက မပြီးဆုံးသေးပါ။ ရှာရဖွေရဦးမည် ဖြစ်သည်။ သင်္ဘော ဆက်လိုက်ရဦးမည် ဖြစ်သည်။ ဘယ်သင်္ဘော ကုမ္ပဏီက ဘယ်သင်္ဘောတွေမှာ ဘယ်သူတွေနှင့်အတူ အမှုထမ်းပြီး ဘယ်နိုင်ငံတွေကို ရောက်ခဲ့တယ်ဆိုတာကို နောက်ထွက်မည့် စာအုပ် ***'အိုပယ်ကြီး၏ နောက်ဆုံးနေ့များ'*** တွင် ဆက်လက် ဖတ်ရှုပါဟု မေတ္တာ ရပ်ခံ ပန်ကြားအပ်ပါသည်။

❑ ❑ ❑

၁၂-၁-၂၀၀၆
ည ၉-နာရီ ၂၈-မိနစ်မှာ ပြီးသည်။

**ကျေးဇူးတင်ပါသည်**

*သင်္ဘောသားတွေကိုချစ်၍*
*စာဖတ်သူတွေကို လေးစားသော*
**အဏ္ဏဝါစိုးမိုး**

http://www.linhtet.com

